The Great Doctrines of The Bible
English & Myanmar

Christian Discipleship

(Rogma) International Bible Couse

Lesson 1-36

William S.H. Piper, D.D

အသင်းတော်အတွင်းကန့်သတ်

The Great Doctrines of The Bible

Christian Discipleship
(Rogma) International Bible Couse

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်သူ - ဦးခင်မောင်မြင့် (မြင့်ပုံနှိပ်တိုက်) အလုံ၊ ရန်ကုန်။
စီစဉ်သူ - Rev. Dr. Cho Ma Na Ling
ဒုတိယအကြိမ် - (၃၀၀)အုပ်

၂၀၁၉ အောက်တိုဘာလ
ထုတ်ဝေသူ - Rev. Dr. Cho Ma Na Ling
chomanaling@gmail.com

LESSONS FROM ROGMA INTERNATIONAL FREE BIBLE CORRESPONDENCE SCHOOL
Preared by William S. H. Priper, D.D

မြန်မာဘာသာဖြင့် (CDI) ကျမ်းစာ စာပေးစာယူတာဝန်ခံ

Rev. Dr. Cho Ma Na Ling - B.A., M Th., D.D, D.Min

November 18, 2014

Rev. Ma Na Ling
Church of Singapore
145 Marine Parade Road
Singapore 449274
Singapore

Dear Rev. Ling,

Greetings from all of us at the ROGMA Headquarters in Easley, SC. I am happy to inform you that your approval as a director for ROGMA was finalized. You are now fully authorized to start a correspondence school using the ROGMA lesson material. I trust God will bless you as you add the ROGMA ministry to yours.
Enclosed you will find forms that can be used to get started with a correspondence school ministry.

The copyright statement is also included. This gives you permission as an authorized director to copy any and all lesson and administrative material. The permission is valid as long as you are a director for ROGMA. The Student Application Form should have the director's name and address typed on it before you reproduce it.
The cost of reproduction and mailing is always a major factor. We want these lessons to be free of charge to anyone who would like to study the Word; however, in order to defray expenses you may do one of the following:

1. Ask the student to send a small donation now and then to defray the cost of printing and mailing.
2. Ask the student to send a self-addressed stamped envelope along with the answer sheet. **Send your home address and e-mail address, with two passport size photos for Grace Bible Training Office record.**
3. Charge a small enrollment fee to cover some of the cost of getting the student started.

If you have questions, feel free to contact me by letter or e-mail and I will help you in any way I can.

We would appreciate a picture or prayer card for display in our office.

Sincerely yours in Christ,

Paul H. Miller
President

အမှာစာ

ရှေးဦးစွာ အဖဘုရားသခင်၏ကျေးဇူးတော်မြတ်ကို ချီးမွမ်းရင်း စာရှုသူ ဓမ္မမိတ်ဆွေများ၊ ယုံကြည်သူတပည့်တော်များ၊ လုပ်ဖေါ်ဆောင်ဖက် ဓမ္မအမှုတော်ဆောင်များနှင့် ကျမ်းတတ်ပုဂ္ဂိုလ်များအတွက် အခြေခံဖြစ်သော၊ အနှစ်သာရဖြစ်သော "ကြီးမြတ်တော်မူသော သမ္မာကျမ်းစာသြဝါဒများ" "The Great Doctrines Of The Bible" နှင့် မိတ်ဆက်လိုက်ရပါသည်။

အကြောင်းမှာ "လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍သမ္မာတရားကိုသိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိ၏" (1 Thessalonians 2:4)။ သမ္မာတရားတည်းဟူသောယရှုခရစ်တော်ဘုရား၏မေတ္တာ၊ ကျေးဇူးကရုဏာတော်နှင့် ကယ်တင်ခြင်းကျေးဇူးတော်ကို ရရှိခံစားပြီးဖြစ်ပါကၜင်း၊ ရရှိပြီးသူ၏ဘဝအသက်တာ၌ ဟောင်းသော အရာတို့ (အကျင့်ဟောင်း) သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ် (ဇောင်းသောအကျင့်) ဖြစ်ကြပြီ။ထိုသို့ဖြစ်သော် ဘုရားသခင် ၏တန်ခိုးတော်ကြောင့်ဖြစ်၏ (2 Corinthians 5:17-18)။ မိမိတို့၏ ယုံကြည်ခြင်းကို အကျင့်အားဖြင့် သက်သေပြသူများဖြစ်သည်။ ထိုအကျင့်တို့သည် ဘုရားသခင်၏ပညတ်တော်များကို လိုက်နာ ကျင့်ဆောင်သူများ (John 14:15; 13:35)၊ ဘုရားဝတ်၌မွေ့လျော်သူများ၊ နေ့စဉ်အသက်တာ၌ မိမိ ဇာတိပကတိ ကိုငြင်းပယ်ပြီး၊ လက်ဝါးကပ်တိုင်ကိုထမ်း၍ နောက်တော်လိုက်သော တပည့်တော်များ၊ အသီးသီးသော တပည့်တော်များ၊ မိမိတို့၏ ကိုယ်စိတ်ဝိညာဉ်၌ ဘုရားသခင်၏ ဘုန်းကို ထင်ရှားစေကြသူများ ဖြစ်လာမည်ဟု အကြွင်းမဲ့ယုံကြည်ပါသည်။ လူမျိုးအပေါင်းတို့ကို ချစ်တတ်လာခြင်း (John 3:16-18) အရင်း၊ ဇဝံဂေလိတရားကိုဝေမျှသူများ (ယေရှုဆလင်မြို့မှသည် မြေကြီးစွန်းတိုင်အောင်) (Matthew 28:18-20) သက်သေခံသူများဖြစ်လာမည်ဖြစ်သည်။ အသင်းတော်တိုင်း၊ ခရစ်ယာန်တပည့်တော်တိုင်း၊ သမ္မာကျမ်းစာ (2 Timothy 3:16-17) အရလိုက်နာကျင့်သုံး အသက်ရှင်ခြင်းအားဖြင့် မိမိတို့အသက်တာ၊ အိမ်ထောင်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့များနှင့် မိမိတိုင်းပြည်နှင့်အခြားနိုင်ငံများတိုင်အောင် အလင်းလင်းသူ၊ ဆားကဲ့သို့ ငန်သောအရသာပေးသောသူများ ဖြစ်လာကြမည်မှာ ဇကန်မလွဲပေ (Matthew 5:14-16)။

ဤသမ္မာကျမ်းစာသြဝါဒများကို ပိုင်းခြားနားလည်ခြင်းအားဖြင့် အသက်တာ၊ အသင်းတော်နှင့် ဇဝံဂေလိသာသနာတော်၌ ကောင်းကြီးမင်္ဂလာကို ကြွယ်ဝစွာရရှိခံစားလာရမည်ဖြစ်ကြောင်း ဝေမျှလိုပါသည်။ဤ "Rogma International Free Bible Correspondance Course (Christian Discipleship International) " ပထမအကြိမ်ထုတ်ဝေခြင်းတွင်၊ သင်ခန်းစာ များစုစည်းရိုက်နှိပ်ခြင်း၊ ကျမ်းကိုးများကိုစိစစ်ပေးခြင်း၊ ပုံနှိပ်ထုတ်ဝေနိုင်ရန် ပေးလှူကြသော ကာယလုပ်အား၊ ညာဏ လုပ်အား စိုက်ထုတ်ကာ အားသွန်ခွန်စိုက် ဆက်ကပ်ပေးကြသော ဆရာဦးစောအောင်နိုင်၊ ဆရာဦးဇော်အောင်၊ Rev. ဦးစောစံအောင်တို့ကိုၜင်း၊ ဤဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းတွင် ထပ်မံ၍တည်းဖြတ်ဘာသာပြန်ပေးသော ဆရာ Daniel ဦးအေးဖေ၊ ဆရာမဆူဇန် နှင့်ဆရာဦးထိန်ဝင်းအိတို့ကိုၜင်း၊ အမည်မဖေါ်ပြသော်လည်း အဖက်ဖက်မှ ပိုင်းဝန်းကူညီ ပေးကြသော ညီအကို မောင်နှမအားလုံးကိုၜင်း၊ ယေရှုခရစ်တော်ဘုရား၏ မေတ္တာကျေးဇူးတော်မြတ်၌ အထူးကျေးဇူး ဥပကာယတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဤစာအုပ်တွင် သင်ခန်းစာပေါင်း ၃၆-ခုပါရှိပြီး၊ စံနစ်တကျသင်ယူမည်ဆိုလျှင် တနှစ်ခွဲခန့်ကြာမြင့်မည်ဖြစ်ပါသည်။ စာပေး စာယူနည်းဖြင့်သင်ကြားပါက ၃-နှစ်ခန့်ကြာမည်ဟု "Rogma International Free Bible Correspondance Course" ကပြောပါသည်။ ဤစာအုပ်တွင်အသုံးပြုထားသော ကျမ်းပိုဒ်အခန်းငယ် (verse) များကို KJV Bible ကျမ်းစာအုပ်မှအသုံးပြု ပြီး၊ ဆရာကြီးယုဒသန် ဘာသာပြန်ထားသော သမ္မာကျမ်းစာမှ ကျမ်းပိုဒ်အခန်းငယ်များ(verse) နှင့် အထက်-အောက် ကျမ်းပိုဒ်အခန်းငယ်နံပါတ် အနည်းငယ်ကွာခြားနိုင်သဖြင့် KJV Bible နှင့် တိုက်ဆိုင်လေ့လာရန် တိုက်တွန်းအပ်ပါသည်။ *(ဥပမာ-သင်ခန်းစာ ၁၉-မှ မေးခွန်းနံပါတ် ၉-တွင်ပါသော ကျမ်းပိုဒ်နှင့်စာကြောင်းယှဉ်တွဲပြပါဆိုရာ၌ အင်္ဂလိပ်လို Isaiah 32:17 ဟုဖေါ်ပြထားသော်လည်း၊ မြန်မာကျမ်းစာတွင် ဟေရာယ ၃၂း၁၆-၁၇ ကိုကြည့်မှသာ အဖြေမှန် ရနိုင်သည်။)* ဤစာအုပ်ရှိ သင်ခန်းစာများသည် သခင်ယေရှုခရစ်တော်ဘုရား၏ဇာတိတော်မှ ဒုတိယအကြိမ်ကြွ လာခြင်း တိုင်အောင် အသေးစိတ် လေ့လာစေသော ဆရာကြီး William S.H Piper (D.D) နှင့် သူ၏လုပ်ဖေါ် ကိုင်ဖက်များ အားလုံးကိုလည်း အထူးကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ မြန်မာပြည်၏ Coordinator ဖြစ်သော ဆရာကြီး Rev. Dr. Go Za Kahn ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

အမှုတော်မြတ်၌
Rev. Cho Ma Na Ling
(B.A; M.Th; D.D; D.Min (Union University Candidate, USA.)

ကျွန်ုပ်တို့ ကို ဘုရားသခင်နှုံးဆော်တော်မူသည်မှာ -

(1 John 2:24-29)
၂၄ထိုကြောင့်၊ သင်တို့သည် ရှေဦးစွာကပင် ကြားရသောဒေသနာကို သင် တို့တည်စေကြလော့။ထိုဒေသနာသည်
သင်တို့၌တည်လျှင်၊သင်တို့သည်သားတော် ၌ငှင်း၊ ခမည်းတော်၌ငှင်း၊ တည်ရကြလိမ့်မည်။
၂၅ငါတို့အား ပေးတော်မူသော ဂတိ တော်မူကား၊ထာဝရအသက်ကိုဝန်ခံတော်မူသောဂတိတော်ပေတည်း။
၂၆သင်တို့ကို လှည့်ဖြားသောသူတို့၏အကြောင်းကိုဤသို့သင်တို့အားငါရေးခဲ့ပေးလိုက်၏။
၂၇သို့ သော်လည်းသန့်ရှင်းတော်မူသောဘုရား၏လက်မှသင်တို့ခံရသော ဘိသိက်ကျေးဇူး တော်သည်
သင်တို့၌ရှိသည်ဖြစ်၍၊ အဘယ်သူမျှ သင်တို့ကို ဆုံးမဩဝါဒပေးစရာ အ ကြောင်းမရှိ။ ထိုဘိသိက်ကျေးဇူးတော်သည်
ဖြစ်ယောင်ဆောင် သည်မဟုတ်၊ အမှန် ဖြစ်လျက် ခပ်သိမ်းသောအရာတို့ကို သင်တို့အား သွန်သင်တော်မူသည်
အတိုင်း၊ သင်တို့သည် သားတော်၌ တည်နေကြလော့။
၂၈ချစ်သားတို့၊ သားတော်သည် ထင် ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် အထံတော်သို့ရောက်လျှင်
ရဲရင့်သောအ ခွင့်ရှိ၍၊ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်းသားတော်၌ တည်နေကြ လော့။
၂၉ဘုရားသခင်သည် ဖြောင့်မတ်တော်မူသည်ကို သင်တို့သည်သိလျှင်၊ ဖြောင့်
မတ်ခြင်းတရားကိုကျင့်သောသူမည်သည်ကား၊ဘုရားသခင်ဖြစ်ဘွားစေတော်မူသော သူဖြစ်သည်ကိုသိရကြ၏။

(2 Timothy 3:1-17)
၁နောင်ကာလသည် ခဲယဉ်းသော ကာလဖြစ်မည်ဟု သိမှတ်လော့။ အဘယ်သို့ နည်းဟူမူကား၊
၂လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ဝါ ကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊
သူအသရေ ကိုရှုတ်ချသောသူ၊ မိဘ စကားကိုနားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ၊
၃ပက တိကြင် နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ်ကျွန်ဖြေကို
မချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကိုမုန်း သောသူ၊
၄သစ္စာကိုဖျက်တတ်သောသူ၊ သတိ ပေးခြင်းကိုမခံသောသူ၊ မာန်မာနနှင့် ယစ်မူးသောသူ၊ ဘုရားသခင်ကို
နှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်း ကိုသာ၍ နှစ်သက်သောသူ၊ ဘုရား၀တ်၌မွေ့လျော်ယောင်ဆောင်၍၊
၅မွေ့လျော်ခြင်း တန်ခိုးကို ငြင်းပယ်သောသူ ဖြစ်ကြလိမ့်မည်။ ထိုသူတို့ကိုရှောင်လော့။
၆ဒုစရိုက်အပြစ်ဝန်ကို ထမ်းရွက်၍၊
၇ အထူးထူး အပြားပြားသော လောဘကိလေသာသွေး ဆောင်ရာသို့ လိုက်၍၊ အစဉ်သင်သော်လည်း၊ သမ္မာတရားကို
လေ့ကျက်ခြင်းသို့ အလျှင်းမရောက် နိုင်သောမိန်းမမိုက်တို့ကို၊ အိမ်ထဲသို့ဝင်၍ ဘမ်းသွားသောသူတို့သည်
ထိုသူတို့အဝင် ဖြစ်ကြ၏။
၈ယေန္နေနှင့်ယံဗြေသည် မောရှေကိုဆီးတားသကဲ့သို့၊ ထိုသူတို့သည် သမ္မာ တရားကို ဆီးတားကြ၏။
စိတ်နလုံးယိုယွင်း၍ ယုံကြည်ယောင် ဆောင်သောသူ ဖြစ် ကြ၏။
၉ထိုသူနှစ်ယောက်တို့၏ မိုက်မဲခြင်းသည် လူအပေါင်းတို့ရှေ့မှာ ထင်ရှားသကဲ့ သို့၊ ဤသူတို့၏
မိုက်မဲခြင်းသည်လည်းထင်ရှားလိမ့်မည်။ သို့ဖြစ်၍ သူတို့သည် တိုး၍ မလွန်မသွားရကြ။
၁၀ ငါဆုံးမဩဝါဒပေးခြင်း၊ အကျင့်ကျင့်ခြင်း၊ ကြံစည်ခြင်း၊
၁၁ သစ္စာစောင့်ခြင်း၊ စိတ် ရှည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်းတို့ကိုငှင်း၊ အန္တိအုတ်မြို့၊ ဣကောနိမြို့၊ လုတ္တရမြို့ တို့၌
ငါခံရသကဲ့သို့၊ အရပ်ရပ်တို့၌ခံရသောညှဉ်းဆဲခြင်း၊ ဆင်းရဲခြင်းတို့ကိုငှင်း၊ သင်သည် ရှာဖွေနားလည်ရပြီ။ထိုသို့သော
အမှုတို့ကိုငါတွေ့ရသော်လည်း၊ တွေ့သမျှတို့မှ သခင် ဘုရားသည် ငါ့ကိုကယ်နှုတ်တော်မူပြီ။
၁၂ယေရှုခရစ်၏တရားတော်နှင့်အညီ၊ ဘုရား ဝတ်၌ မွေ့လျော်၍နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည်
ညှဉ်းဆဲခြင်းကိုခံရ ကြ လိမ့်မည်။
၁၃ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား၊ သူတပါးကိုငှင်း၊ ကိုယ် ကိုငှင်း လှည့်ဖြား၍ဆိုးညစ်ခြင်း၌တရွေ့ရွေ့
တိုးပွါးကြလိမ့်မည်။
၁၄ သင်သည် အ ဘယ်သူထံ၌နည်းခံခဲ့ပြီးသည်ကိုငှင်း၊
၁၅ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်ကယ်တင် ခြင်း အလိုငှါ ပညာကိုပေးနိုင်သောမမ္မကျမ်းစာကို
ငယ်သောအရွယ်မှစ၍ လေ့ကျက် သည်ကိုငှင်း သိမှတ်သည်နှင့်၊ အထက်ကသင်၍ နလုံးသွင်းမိသောအယူဝါဒ၌ တည်
နေလော့။

၁၆ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့် ဖြစ်၍၊
၁၇ဘုရားသခင်၏လူသည်စုံလင်သောသူ၊ကောင်းသော အမှုအမျိုးမျိုး တို့ကို
ပြုစုခြင်းအလို့ငှါပြင်ဆင်သောသူဖြစ်မည်အကြောင်း၊သြဝါဒပေးခြင်း၊အပြစ်ကိုဘော် ပြခြင်း၊ဖြောင့်မတ်စွာပြုပြင်ခြင်း၊
တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏။

မာတိကာ

1. The Deity of Jesus Christ (ယေရှုခရစ်တော်၏ဘုရားဇာတိတော်) Page 002
2. Way of Salvation (ကယ်တင်ခြင်းနည်းလမ်း) Page 011
3. Our Triune God (သုံးပါးတစ်ဆူ) Page 025
4. The Resurrection of Jesus Christ (ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း) Page 032
5. Satan (စာတန် မာရ်နတ်) Page 041
6. The Verbal Inspiration of the Bible (မှုတ်သွင်းထားသောနှုတ်ကပတ်တော်) Page 053
7. The Holy Spirit: Part 1 (သန့် ရှင်းသောဝိညာဉ်တော်- အပိုင်း-၁) Page 071
8. The Holy Spirit: Part 2 (သန့် ရှင်းသောဝိညာဉ်တော်- အပိုင်း-၂) Page 086
9. The Rapture of the Church (အသင်းတော်ချီဆောင်ခြင်း) Page 101
10. The Doctrine of Regeneration (အသစ်မွေးဖွါးခြင်း သြဝါဒ) Page 113
11. The Virgin Birth of Christ (ခရစ်တော်၏အပျိုကညာမှမွေးဖွါးခြင်း) Page 126
12. Repentance (အပြစ်နောင်တရခြင်း) Page 137
13. Redemption (ရွေးနှုတ်ကယ်တင်ခြင်း) Page 149
14. The Believer's Two Natures (ယုံကြည်သူ၏ ဇာတိနှစ်မျိုး) Page 159
15. Heaven (ကောင်းကင်ဘုံ) Page 171
16. Hell (ငရဲ) Page 186
17. Prayer (ဆုတောင်းခြင်း) Page 199
18. Baptism (ဗတ္တိဇံခံခြင်း) Page 213
19. Blessed Assurance (မင်္ဂလာရှိသော စိတ်ချရမှု) Page 228
20. Sin – Its Origin,Characteristics,Results, and Remedy (အပြစ်တရား) Page 242
21. The Church (အသင်းတော်ဆိုင်ရာ သြဝါဒ) Page 256
22. Justification and Sanctification (ဖြောင့်မတ်ခြင်းနှင့်သန့် ရှင်းခြင်း) Page 274
23. Typology in the Old Testament (ဓမ္မဟောင်းကျမ်းတွင်ရှိသောပုံဆောင်ချက်) Page 286
24. Our Blessed Hope (ကျွန်ုပ်တို့ ၏မင်္ဂလာရှိသောမျှော်လင့်ချက်) Page 306
25. Bible Separation (သမ္မာကျမ်းစာနှင့်အညီ အသီးအခြားနေခြင်း) Page 321
26. The Power of the Blood of Jesus (ယေရှုဘုရား၏အသွေးတော်တန်ခိုး) Page 338
27. Law and Grace – Faith and Works (ပညတ်တရားနှင့်ကျေးဇူးတရား) Page 354
28. Dispensationalism Understood (သမ္မာကျမ်းစာ ခေတ်ကာလအပိုင်းအခြား) Page 371
29. Demonology (နတ်ဆိုးဝိညာဉ်ဆိုးဆိုင်ရာ သြဝါဒ) Page 385
30. The Cross of Christ (ခရစ်တော်၏လက်ဝါးကပ်တိုင်တရား) Page 399
31. Salvation and Rewards (ကယ်တင်ခြင်းနှင့်ဆုလာဒ်သရဖူများ) Page 411
32. The Believer's Standing and State (ယုံကြည်သူတို့ ၏ရပ်တည်ချက်) Page 425
33. God's Plan for the Ages – Part 1 (ဘုရားရှင်၏ အစီအစဉ် အပိုင်း-၁) Page 436
34. God's Plan for the Ages – Part 2 (ဘုရားရှင်၏ အစီအစဉ် အပိုင်း-၂) Page 452
35. The Times of the Gentiles (တပါးအမျိုးသားများ၏ကာလ) Page 466
36. The Second Coming of Christ (ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း) Page 478

သင်ခန်းစာ (၁)
ယေရှုခရစ်တော်ဘုရား၏ဘုရားဇာတိတော်နှင့်သြဝါဒ- The Deity of Jesus Christ

နိဒါန်း - Introduction

"ခရစ်ယာန်ဘာသာ" (Christianity)ဆိုသည်မှာ "ယေရှုခရစ်" သည် ဘုရားသခင်၏သားဖြစ်တော်မူ၍၊ ဘုရားနှင့်စပ်ဆိုင်သော ဂုဏ် အဂါရုပ်များနှင့် စီရင်ခွင့် ရှိသမျှတို့ကို ပိုင်သတော်မူသော အနန္တ တန်ခိုးရှင် ဖြစ်သည်ဟူသော ခိုင်မာသည့် အဆိုတစ်ရပ် အပေါ်၌ အခြေပြုရပ်တည်လျက်ရှိသည်။

ဤသင်ခန်းစာ၏ အရေးကြီးပုံ - Importance of this Lesson

ခရစ်ယာန်ဘာသာသည်၊ အကျင့်စာရိတ္တနှင့်ဆိုင်သော လောကနီတိကျမ်းများဖြင့်ဖွဲ့တည်ထားသော စံနစ် (system of ethics)၊ နည်းဥပဒေများဖြင့် စီရင်ထုံးဖွဲ့ ထားသော ကျင့်ထုံး တစ်ရပ်လည်း (code of laws) မဟုတ်ပေ။ "အသက်ရှင်ခြင်း - LIFE"နှင့်ဆိုင်သော အကြောင်းတရားပင်ဖြစ်သည်။ "ယေရှုခရစ်အား" မိမိတို့၏ကယ်တင် ပိုင်ရှင် နှင့် အရှင်သခင်အဖြစ် ယုံကြည်ကိုးစားသောသူ အပေါင်း တို့၏ အသက်တာ၌ ပိုင်ဆိုင်ထားသော (possessed)၊ ဝမ်းမြောက်ခံစားနေသော (enjoyed)၊ အသက် ရှင်ထင်ရှားလျက်ရှိသော (manifested) ယေရှု ခရစ်တော်၏ အသက်ရှင်ခြင်း(life of the Lord Jesus Christ)ပင်ဖြစ်သည်။

ဗုဒ္ဓဘာသာ(Buddhism)မှ ဗုဒ္ဓ၏နာမ (name of Buddha) ကိုဖယ်လိုက်လျှင်၊ ကွန်ဖြူးရှပ်ဘာသာ (Confucianism) မှ ကွန်ဖြူးရှပ်နာမ(Confucius) ကိုဖယ်လိုက်လျှင်၊သို့တည်းမဟုတ် အစ္စလာမ် ဘာသာ (Islam) မှ မိုဟာမက်နာမ (Mohammed)ကိုဖယ်လိုက်လျှင် ထိုဘာသာတရားများ၏ အယူဝါဒ များ ရှိမြဲရှိဦးမည်ဖြစ်သည်။ ထိုသူတို့ ယုံကြည်သည့်ဘာသာတရားများတွင်ရှိသော လက်တွေ့ တန်ဖိုး များ (practical value)လည်း လျော့နည်းသွားလိမ့်မည်မဟုတ်ပေ။ သို့သော် - ခရစ်ယာန် ဘာသာ (Christianity) မှ ယေရှုခရစ်တော်၏နာမ (Jesus Christ) ကိုဖယ်လိုက်လျှင်မူ ဘာမျှအဓိပ္ပါယ် ရှိတော့ မည် မဟုတ်ပေ။

အကယ်၍ယေရှုခရစ်တော်သည် အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားတည်ကြည်ဖြောင့်မတ်သော အံ့ဖွယ်ပြုသော ပုဂ္ဂိုလ် (miracle worker)၊ ထူးခြားပြောင်မြောက်လှသော ဆရာတစ်ပါး (master teacher)၊ အများတကာကို လိမ်လည်ဖြားယောင်းနေသော စိတ်မမှန်သူ၊ မှားယွင်းစေသောအယောင် ဆောင်ပုဂ္ဂိုလ် တစ်ဦး (deluded maniac or imposter) မျှသာဖြစ်ခဲ့လျှင် ခရစ်ယာန်ဘာသာ အခြေခံ အုတ်မြစ်တစ်ခုလုံး (entire foundation of Christianity) သည်တစစီဖြစ်ကာ၊ အသင်းတော်သည် လည်း ပြိုကွဲပျက်စီးသွားမည်ဖြစ်သည်။ အကယ်၍ ခရစ်တော်ဘုရားသာ ဘုန်းတန်ခိုးနှင့် ပြည့်စုံတော် မူသော ဘုရားစင်စစ်မဟုတ်ခဲ့လျှင်၊သူသည် မစင်ကြယ်သော အမျိုးသမီး (impure woman) တစ်ဦးမှ မွေးဖွား လာသော (တရားဝင်မဟုတ်) တိတ်တိတ်ပုန်းရသောကလေး (illegitimate child) မျှသာ ပင်ဖြစ်ပေလိမ့် မည်။ ခရစ္စမတ်ရာသီတွင် သီဆိုကြသောသီချင်းများ (Christmas carols)သည် လည်း ဒဏ္ဍာရီပုံပြင် ထဲမှသားချော့တေးသီချင်း (mythological lullabies) များသာဖြစ်ပေ လိမ့်မည်။

အကယ်၍ ခရစ်တော်သည် ဘုရားနှင့် မစပ်ဆိုင်ပါက၊ သူပြုခဲ့သမျှသော အံ့သြဖွယ်ရာများသည်၊ ရွေးဟောင်းပုံပြင်များ သာဖြစ်ပေလိမ့်မည်။ သူ၏နတ်ထွက်စကားများသည် မှားယွင်းချွတ်ချော်နေလျှင်၊ စကြံဝဠာ

တစ်ခုလုံးနှင့် ဆိုင်သော လူသားများအား၊ ၎င်းတို့၏ အပြစ်မှရွေးနှုတ်ကယ်တင်ခြင်း အကြောင်း ကို မည်ကဲ့သို့ ဖြေရှင်းနိုင်မည်နည်း။ အကယ်၍ ခရစ်တော်သာ ဘုရားမဟုတ်ခဲ့လျှင် သူလုပ်ဆောင်ခဲ့သမျှ သော အံ့ဖွယ်နိမိတ်လက္ခဏာများ (miracles) ယုံတမ်းစကားများ(legends) ဖြစ်ပေလိမ့်မည်။ သူပြောခဲ့ သော စကား များလည်း အမှားများသာဖြစ်ပေမည်။ တလောကလုံး၏ ပြဿနာ (universal problem) ဖြစ်သော လူသားများကို အပြစ်ဝရဲ့ မှရွေးနှုတ်ကယ်တင်ခြင်းလုပ်ငန်း သည်လည်း မဖြေရှင်းနိုင်ဘဲ ရှိနေ ပေလိမ့်မည်။

အကယ်၍ ခရစ်တော်သာ ဘုရားသခင်၏သားတော်မဟုတ်ခဲ့လျှင် လစ်လပ်နေသော ဂူသချိုင်းတွင်းမှ ထွန်းတောက် လျက်ရှိသော ဘုန်းတော်ရောင်ခြည်များလည်း ထွက်ပေါ်လာမည်မဟုတ်ပေ။ အပြစ်တရား (Sin)၊ သေခြင်းတရား (death)နှင့် ငရဲ (hell)ကိုလည်း အောင်မြင်ကျော်လွှားနိုင်မည် မဟုတ်ပေ။ သူ့ကိုယုံကြည် သောသူတို့ မျှော်လင့် တောင့်တ လျက်ရှိသော ဘုန်းတော်ဝင်စားရမည့် အနာဂတ်ကာလ (glorious future)မှာလည်း၊ ပြိုကွဲပျက်စီးရလိမ့်မည်။ ယုံကြည်သူတိုင်းသည် အပြစ်နှံထဲ၌ နစ်မြုပ်နေလျက်၊ စိတ်ပျက်စရာ အကောင်းဆုံးသူ (most miserable)များ ဖြစ်ကြပေလိမ့်မည်။ အသက်ထက်ဆုံး အရေးကြီး သော သတင်းစကားဖြစ်သည့် မျှော်လင့်ခြင်းနှင့်ငြိမ်သက်ခြင်း (hope and peace) သည်လွင့်စင် ကွယ်ပျောက်လျက်၊ ကြောက်ဝမ်းနည်းမှုနှင့် ကြုံတွေ့ရပေမည်။(၁ကော ၁၅း၁-၂၆)

ဤသင်ခန်းစာကို အရင်ဦးဆုံးသင်ခန်းစာအဖြစ်ရွေးချယ်ရခြင်းမှာ ဤသမ္မာတရား (truth) ကို ကျွန်ုပ်တို့ ၏ အခြေခံယုံကြည်ချက်အဖြစ်ထားရှိနားလည်စေလိုသောကြောင့်ဖြစ်သည်။ ယုံကြည်သူတိုင်း ဤ အချက်ကို ခံယူ ဆုတ်ကိုင် ထားသင့် ပါသည်။

သင်ခန်းစာ - THE LESSON

ဘုရားဖြစ်ခြင်းကို ထင်ရှားစေသော ခရစ်တော်ဘုရား၏သက်သေပြချက်များ - PROOFS OF CHRIST'S DEITY

I. သူ၏သက်သေခံချက်များအားဖြင့်- BY HIS CLAIMS

A. ဓမ္မဟောင်းကျမ်းများက ယေရှုခရစ်အား - မေရှိယ(Messiah) အဖြစ် သက်သေခံထားခြင်း (ယော ၅း၃၉)

B. ယေရှုက ငါသည် "အာဗြဟံ"မတိုင်မီရှိတော်မူ၍ "ငါဖြစ်သည်" I AM အတိုင်း ငါဖြစ်၏ဟု မိန့်တော်မူခဲ့သည်။ (ထွက် ၃း၁၃-၁၄၊ ၆း၃) "ငါဖြစ်သည်"ဟူသော အမည်မှာ "ယေဟောဝါဘုရား Jehovah" ကိုဆိုလိုပြီး ဘုရား သခင်၏ ပင်ကိုယ် သဘောအားဖြင့် အလို အလျောက်တည်ရှိနေခြင်းကို ဆိုလိုသည်။ (ယော ၈း၅၇-၅၉)

C. ယေရှုက ငါသည် အသက်မုန့်ဖြစ်၏"ဟု (ယော ၆း၃၅၊ ၄၈)တွင် မြွက်ကြားခဲ့ပြီး၊ သူ့ကို ယုံကြည်သောသူအပေါင်းတို့သည် ဆာလောင်မွတ်သိပ်ခြင်းနှင့်သေဆုံးခြင်းမှအစဉ်ကင်းလွတ်ရမည်ဟု မှာကြား ခဲ့သည်။

D. ယေရှုက "ငါသည် ဤလောက၏အလင်းဖြစ်၏"ဟူ၍ မိန့်တော်မူခဲ့သည်။ (ယော ၈း၁၂၊ ၉း၅)

E. ယေရှုက "ငါသည်၊ သိုးဝင်သော တံခါးဝဖြစ်၏"ဟု (ယော ၁၀း၇)တွင် မိန့်ဆိုခဲ့ပြီး၊ ထိုတံခါးဝမှ ဝင်သော သူတို့ သည် ကယ်တင်ခြင်းကိုရလိမ့်မည်။ (ယော ၁၀း၉)

F. ယေရှုက "ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏"ဟု မိန့်တော် မူခဲ့ပြီး၊ သူ့ကို အမှီမပြုလျှင်အဘယ်သူမှ ခမည်းတော်ထံသို့မရောက်နိုင်ဟု မြွက်ကြားခဲ့သည်။ (ယော ၁၄း၆)

G. ယေရှုက "ငါသည်ထမြောက်ခြင်းအကြောင်းဖြစ်၏" ဦးကိုယုံကြည်သောသူအပေါင်းတို့သည် သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်၍ သေလွန်သော်လည်း၊ ရှင်လိမ့်မည်"ဟု သက်သေခံထားကြောင်း တွေ့ရသည်။ (ယော ၁၁း၂၅)

H. ယေရှုက "ငါသည် ဦးခမည်းတော်နှင့် တလုံးတဝတည်းဖြစ်သည်"(equality with God) ဟု မိန့်တော်မူ၏။ (ယော ၁၀း၃၀- ၃၃၊ ၁၄း၈-၉)

I. ယေရှုက " ငါသည် ဤကမ္ဘာမတည်ရှိမီ - ရှိနေကြောင်း "အခိုင်အမာပြောဆိုခဲ့သည်။ (ယော ၁၇း၅)

II. သူ၏လုပ်ဆောင်ချက်များအားဖြင့်- BY HIS DEEDS

A. ယေရှုဘုရားသည် လူတို့အပြစ်ကိုလွှတ်ခဲ့သည်။ (မဿဲ ၉း၂-၆) (မာကု ၂း၅-၇) (လု ၇း၄၇-၅၀) ဤသည်ကို ကျမ်းပြုဆရာ အချို့က"ယေရှု"အား ဘုရား၏နာမကိုရှုံ့ချသည် (blasphemy) ဟု ပြောဆိုသည်ဟု စွပ်စွဲကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်မှတစ်ပါး အဘယ်သူမျှ အပြစ်ကိုမလွှတ်နိုင်ကြောင်း နားလည်ထားကြသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ "ခရစ်တော်" သည် ဘုရားသခင် သို့တည်းမဟုတ် ဘုရားသခင်၏နာမကို ရှုံ့ချပြောဆိုသူဖြစ်ပေမည်။

B. ယေရှုသည် ဘုရားသခင်မှတစ်ပါးအဘယ်သူမျှ မပြုနိုင်သော အံ့ဘွယ်ရာများ (miracles) ကို ပြုခဲ့သည်။

1. သေသောသူကို၊ ရှင်ပြန်ထမြောက်စေသည့် (လူ ၇း၁၂-၁၅) (လု ၈း၅၃-၅၅) (ယော ၁၁း၄၁-၄၄)
2. မျက်စိကန်းသောသူကိုမြင်စေသည်။ (ယော ၉း၁-၇)
3. ရေမှုစပျစ်ရေသို့ အသွင်ပြောင်းခဲ့သည်။ (ယော ၂း၇-၁၁)
4. မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်(five loaves and two fish) ဖြင့် လူ (၅၀၀၀)အားကျွေးခဲ့သည်။ (မဿဲ ၁၄း၁၅-၂၁)
5. ရောဂါအမျိုးမျိုးကို ကင်းငြိမ်းစေခဲ့သည်။ (မ ၂း၁၀-၁၁) (လု ၆း၁၇-၁၉)
6. ပင်လယ်နှင့် လှိုင်းတံပိုးတို့ကို ငြိမ်သက်စေခဲ့သည်။ (လု ၈း၂၂-၂၄) (မ ၈း၂၃-၂၇)

III. သူ၏ဂုဏ်တော်များအားဖြင့်- BY HIS ATTRIBUTES

A. အဓိပ္ပါယ်ရှင်းလင်းချက်" ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာ (attributes of God)များမှာ သုံးပါး တစ်ဆူ (Triune God)ဖြစ်တော်မူသော ဘုရားသခင်၏ မပြောင်းလဲသော ဂုဏ်သတ္တိများ (unchanging characteristics) နှင့် စီရင်ပိုင်ခွင့်တန်ခိုး အာဏာစက်တို့ပင်ဖြစ်သည်။

B. ဂုဏ်အင်္ဂါရုပ်များကို နှစ်မျိုးနှစ်စားပိုင်းခြားထားသည်။

1. သဘာဝဂုဏ်အင်္ဂါရုပ်များ- NATURAL
   – ၎င်းတို့မှာ အလိုတော် (WILL)နှင့် မသက်ဆိုင်ဘဲ အကြွင်းမဲ့ (absolute) ရပ်တည်လျက်ရှိသော လက္ခဏာများ ပင်ဖြစ်သည်။
2. ကိုယ်ကျင့်သိက္ခာဂုဏ်အင်္ဂါရုပ်များ- MORAL
   – ဘုရားသခင်၏ ဖန်ဆင်းလက်ရာဖြစ်သော သတ္တဝါ အပေါင်းတို့ အား ထင်ရှားစွာ ပြတော်မူသော ဂုဏ်အင်္ဂါလက္ခဏာများဖြစ်သည်။

C. သဘာဝဂုဏ်အင်္ဂါရုပ် (၉) မျိုးနှင့် ကိုယ်ကျင့်သိက္ခာ ဂုဏ်အင်္ဂါ (၉) မျိုးရှိပါသည်။

1. သဘာဝဂုဏ်အင်္ဂါရုပ် (၉) မျိုးမှာ အောက်ပါအချက်များဖြစ်သည်။
   a) ဘုရားသခင်သက်တော်စဉ် The LIFE of God: အသက်တာ (Life) ဝိညာဉ်ရေးရာ (Spirituality) ကိုယ်ပိုင်စရိုက်လက္ခဏာ (Personality)
   b) ပုဂ္ဂိုလ်ဖြစ်တော်မူသောဘုရား The PERSON of God: တလုံးတဝတည်းဖြစ်ခြင်း (Unity) ထာဝရ

ဖြစ်ခြင်း (Eternity) မပြောင်းလဲခြင်း (Immutability)

c) ဘုရားသခင်၏အခွင့်တန်ခိုး The POWER of God: အရာခပ်သိမ်းကိုသိတော်မူခြင်း (Omniscience) အရာခပ်သိမ်းကိုတတ်နိုင်တော်မူခြင်း (Omnipotence) အရာခပ်သိမ်း၌ တည်ရှိတော် မူခြင်း (Omnipresence)

2. ဘုရားသခင်၏ဂုဏ်တော်များမှာအောက်ပါအတိုင်းဖြစ်သည်။

a) ဘုရားသခင်၏ ဇာတိတော် The NATURE of God: ချစ်ခြင်းမေတ္တာ (Love) ကျေးဇူးတရား (Grace) ဂရုဏာတော် (Mercy)

b) ဘုရားသခင်၏ဂုဏ်တော် လက္ခဏာ The CHARACTER of God: သန့်ရှင်းခြင်း (Holiness) ဖြောင့် မတ်ခြင်း (Righteousness) သစ္စာရှိခြင်း (Faithfulness)

c) ဘုရားသခင်၏အုပ်စိုးခြင်း The GOVERNMENT of God: ဉာဏ်ပညာ (Wisdom) သမ္မာတရား (Truth) အချုပ်အခြာအာဏာစက် (Sovereignty)

♦ ရှေ့သင်ခန်းစာများတွင် ဤဂုဏ်အင်္ဂါရုပ်များနှင့် ပတ်သက်သော အချက်အလက်များကို သုံးပါး တစ်ဆူ(TRINITY) ဖြစ်တော်မူသော ဘုရားအကြောင်းကို လေ့လာရာ၌၊ အသေးစိတ် ဖော်ပြတင်ပြ သွား ပါမည်။ ဤသင်ခန်းစာ၌မူ "ယေရှုခရစ်"သည်၊ ဘုရားဖြစ်တော်မူ၍ ထာဝရဘုရားသခင် (Godhead)၏ ဂုဏ်အင်္ဂါရုပ် (၁၈)ပါးတို့နှင့် ပြည့်စုံကြောင်း ဝမ်းမြောက်စွာဖြင့် ဖော်ပြလိုပေသည်။

D. ဥပမာများ - Some Illustrations

1. ခရစ်တော်သည်ထာဝရဖြစ်တော်မူ၏ Christ is ETERNAL (ယော ၁း၁-၃) (ကောလော ၁း၁၇)၊ (ဟေဗြဲ ၁း၁၀-၁၂) (ဗျာ ၁၁း၈၊၁၈)

2. ခရစ်တော်သည် ပြောင်းလဲခြင်းရှိတော်မမူ Christ is IMMUTABLE (ဟေဗြဲ ၁း၁၁-၁၂) (ဟေဗြဲ ၁၃း၈)

3. ခရစ်တော်သည် ခပ်သိမ်းသောအရာတို့ကိုသိသော ဉာဏ်ပညာနှင့် ပြည့်စုံတော်မူ၏ Christ is OMNISCIENT

a) (မ ၉း၄) "သူတို့၏ စိတ်ကိုသိမြင်တော်မူသည်။

b) (ယော ၆း၆၄) မည်သူက သူ့ကိုယုံကြည်လက်ခံ၍၊ မည်သူက သစ္စာဖောက်မည် (betray)ကို သိတော်မူ၏။

c) (ယော ၅း၂၂) တရားစီရင်ခြင်းအခွင့်ရှိသမျှသည် သူ၌ အပ်ထားတော်မူ၏။

d) (ဗျာ ၂၀း၁၁-၁၃) အပြစ်သားအားလုံးကို တရားဆုံးဖြတ်မည်။

e) (၁ကော ၄း၅) စိတ်နှလုံး အကြံအစည်များကို သိတော်မူ၏။

f) (ကောလော ၂း၃) နက်နဲသောအရာ၌ ပညာဘဏ္ဍာ(wisdom)၊ ဉာဏ်ဘဏ္ဍာ(knowledge)ရှိသမျှကို ဝှက်ထားတော်မူ၏။

4. ခရစ်တော်သည် ခပ်သိမ်းသောအရာတို့ ကို တတ်နိုင်တော်မူ၏။ Christ is OMNIPOTENT

a) (ကောလော ၁း၁၆-၁၇) "ခပ်သိမ်းသောသူတို့ကို ဖန်ဆင်းတော်မူ၍၊ တန်ခိုးတော်အားဖြင့်

တည်ကြ၏။

b) (မ ၁၄း၁၉-၂၁) "ဖန်ဆင်းခြင်းတန်ခိုးအာနိသင်နှင့် ပြည့်စုံ၏။

c) (လု ၈း၂၄) (မ၁၄း၂၆) "သဘာဝတရားတို့အပေါ်၌ လွှမ်းမိုးအုပ်စိုးနိုင်၏။

5. ခရစ်တော်သည် ခပ်သိမ်းသောအရပ်တို့၌ရှိတော်မူ၏။ Christ is OMNIPRESENT

a) (မ ၁၈း၂၀) "အကြင်အရပ်၌ လူနှစ်ဦးသုံးဦးစည်းဝေးလျက် ထိုအရပ်၌ ရှိ၏။

b) (မ၂၈း၁၉-၂၀) "ကပ်ကမ္ဘာကုန်သည့်တိုင်အောင် ကျွန်ုပ်တို့နှင့်အစဉ် မပြတ်ရှိမည်။

c) (ယော ၃း၁၃) "မြေကြီးပေါ်မှာ အကျွန်ုပ်တို့နှင့်အတူ ရှိသက့်သို့ ကောင်းကင်ဘုံ၌ရှိတော်မူ၏။

6. ခရစ်တော်သည် ခပ်သိမ်းသောအရာတို့ကို အစိုးရတော်မူ၏။ Christ is SOVEREIGN

a) (ယော ၅း၂၁-၂၂) "အလိုရှိသမျှသောသူတို့ကို အသက်ရှင်စေ၏။

b) (မသဲ ၂၈း၁၈) "စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှကို ပိုင်ဆိုင်၏။

c) (ဖိ ၂း၁၀၊ ၁၁) "ယေရှုဘွဲ့နာမတော်ကိုခပ်သိမ်းသော သတ္တဝါအပေါင်း တို့သည်၊ ဒူးထောက် (bow)ရ၏။

IV. သူ၏ရှင်ပြန်ထမြောက်ခြင်းအားဖြင့်- BY HIS RESURRECTION

(ရောမ ၁း၄) ကိုအထူးမှတ်သားပါ။ ဤအကြောင်းအရာသည်အလွန်လေးနက်ကျယ်ပြန့်သဖြင့်၊ ရှေ့ဆက်လက် သင်ကြားပို့ချရမည့် သင်ခန်းစာတစ်ခုတွင် သီးခြားအကျယ်အဝန်းရှင်းပြပါမည်။ ယခုသင်ခန်းစာတွင် "ယေရှုခရစ်" ၏ ဘုရားဇာတိ (DEITY of Christ) သည်၊ ခရစ်ယာန်ယုံကြည်ခြင်း။ အခြေခံ အုတ်မြစ် (foundation of the Christian faith) ဖြစ်၍။ ရှင်ပြန်ထမြောက်တော်မူခြင်း (RESURRECTION of Christ) သည် ဝမ်းမြောက် ဘွယ်ရာ သတင်းစကား၏ ထောင့်အမြစ်ကျောက်(foundation of the Gospel) ဖြစ်ကြောင်းသိရန် လုံလောက် ပေသည်။

V. ကိုးကွယ်ခြင်းကိုလက်ခံသောအားဖြင့်- BY THE FACT THAT HE ACCEPTED WORSHIP

စစ်မှန်သောကိုးကွယ်ခြင်းမည်သည် "ဘုရားသခင်" တစ်ဦးတည်းအတွက် သီးသန့်သတ်မှတ်ထားသော အရာဖြစ်၍ ခရစ်တော် အနေဖြင့် ဤကဲ့သို့ ပြတ်ဝပ်ကိုးကွယ်ခြင်းကို လက်ခံခြင်း၊ အမိန့်ပေးခြင်းအားဖြင့် "ဘုရား" ကဲ့သို့ဖြစ်စေသည် (သို့တည်းမဟုတ်) ကိုယ့်ကိုကိုယ် အထူးသိဒ္ဓိတင်ခြင်းနှင့် မာနထောင်လွှားခြင်းတည်း ဟူသော ကြီးမားသော အပြစ်ကျူးလွန်မှု (guilty of gross arrogance and pride)ကို သက်ရောက်စေသည်။

A. (မ ၁၄း၃၃) "လေ့သားတို့သည်"ယေရှု"ထံပါးသို့ချဉ်းကပ်၍ညွှန်ပြလျက်ကိုးကွယ်ကြသည်။

B. (မ ၂၈း၉) "ထိုမိန်းမတို့သည်"ယေရှု"ထံပါးသို့ချဉ်းကပ်၍ညွှန်ပြလျက်ကိုးကွယ်ကြသည်။

C. (ယော ၂၀း၂၈) "သောမကလည်း အကျွန်ုပ်၏အရှင် အကျွန်ုပ်၏ဘုရား သခင်ပါတကားဟု လျှောက်၍ "ယေရှု" အား ကိုးကွယ်လေ၏။

D. (ဖိ ၂း၁၀-၁၁) ခပ်သိမ်းသော လူသတ္တဝါအပေါင်းတို့သည်"ယေရှု"၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ကိုးကွယ်ကြလိမ့်မည်။

နိဂုံး - Conclusion:

ဤသင်ခန်းစာတွင် အခြားသော အကြောင်းအရာများကို ထပ်ဆင့်ထည့်သွင်းဖော်ပြနိုင်သော်လည်း ကြည်ညိုသော စိတ်နလုံးဖြင့် သမ္မာတရားကိုစေ့စေ့ စပ်စပ်ရှာဖွေသူတို့အတွက် ဤမျှလောက်ဖြင့် လုံလောက်မှု ရှိကြောင်း အခိုင်အမာ တင်ပြလိုပါ သည်။ ကျမ်းပိုဒ်များကို လေ့ကျင့်မှတ်သားပြီး ယေရှု ၏ ဘုရားဇာတိ အကြောင်းကို လက်ဆင့်ကမ်း ဝေငှ သက်သေခံပါ။

ယေရှုခရစ်၏ဘုရားဇာတိတော်- သင်ခန်းစာ(၁) မေးခွန်းများ

1. ခရစ်ယာန်ဘာသာ၏အခြေခံအုတ်မြစ်(foundation of Christianity) မှာ.....: (၆မှတ်)
   a. ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် - the resurrection of Christ.
   b. ခရစ်တော်သည် ဘုရားဖြစ်ပြီး၊ ယခုလည်းဘုရားဖြစ်သည် - that Jesus Christ was God and He is God today.
   c. ခရစ်တော်၏အသေခံခြင်းဖြစ်သည် - the crucifixion of Christ.

2. ခရစ်ယာန်ဘာသာ(Christianity) ဆိုသည်မှာ .....: (၆မှတ်)
   a. ပညတ်တရားကိုအခြေခံသောစံနစ် ဖြစ်သည် - a system of laws.
   b. မိမိကိုယ်ကို စောင့်ထိန်းအသက်ရှင်ခြင်းဖြစ်သည် - a way of behaving yourself.
   c. ထာဝရအသက်ကိုရပြီး ရှင်သန်ခြင်းဖြစ်သည် - a Life.

3. အကယ်၍ ခရစ်တော်၏နာမနှင့် သူ၏လုပ်ဆောင်ခဲ့ချက်များအား ခရစ်ယာန်ဘာသာမှ ဖယ်ရှား လိုက်လျှင်----- (၆မှတ်)
   a. ခရစ်ယာန်ဘာသာသည် ပြိုလဲသွားမည်။ Christianity would fall apart.
   b. ခရစ်ယာန်ဘာသာသည် အလွန်ထင်ရှားသောဘာသာဖြစ်လာခဲ့လိမ့်မည်။ Christianity would still have become a great religion.
   c. တမန်တော်များသည် ခရစ်ယာန်ဘာသာကို စတင်ထူထောင်ခဲ့ကြလိမ့်မည်။ the apostles would have started Christianity.

4. ယော ၈း၅၈ အရ ယေရှုခရစ်တော်၏ အသက်တော် (Jesus' life) သည် ---------(၆မှတ်)
   a. လောကတွင်မွေးဖွါးအသက်ရှင်သည့်နေ့ မှ အစပြုခဲ့သည်။ began at the time He was born on this earth.
   b. ကမ္ဘာကိုဖန်ဆင်းကတည်းကပင် အစပြုခဲ့သည်။ began at the time the world was created.
   c. အစပြုခဲ့ခြင်းမရှိပါ။ was without beginning.

5. ယောဟန် ၁း၅ တွင် ဖေါ်ပြထားသောခရစ်တော်ဆိုသည်မှာ----------(၆မှတ်)
   a. ဘုရားဖြစ်သည် - God.

b. ကယ်တင်ရှင်ဖြစ်သည် - the Savior.
c. ကမ္ဘာကိုဖန်ဆင်းသူဖြစ်သည် - the creator of the world.

6. ယေရှုဘုရားက အပြစ်ကိုခွင့်လွှတ်ပေးသည် ဆိုသည်မှာ-------- (၆မှတ်)

a. သူသည် လူကောင်းတဦးဖြစ်သောကြောင့်ဖြစ်သည်။ - He was a good man
b. သူသည် လူသားများကိုချစ်သောကြောင့်ဖြစ်သည်။ - He loved people
c. သူသည် ဘုရားဖြစ်သောကြောင့်ဖြစ်သည်။ - He is God

7. ယေရှုဘုရားက မျက်စိမမြင်သူများကို မြင်စေနိုင်ခြင်းမှာ---------- (၆မှတ်)

a. သူသည် သမားကောင်းတယောက်ဖြစ်သောကြောင့်ပင်။ - He was a good medical doctor.
b. သူသည် တန်ခိုးရှင်ဘုရားဖြစ်သောကြောင့်ပင်။ - He is God.
c. သူသည် လူတိုင်းကိုမျက်စိမြင်စေချင်သောကြောင့်ပင်။ - He wanted everybody to be able to see.

8. ဘုရားရှင်၏ဂုဏ်တော်များက ကျွန်ုပ်တို့ ကို---------- (၆မှတ်)

a. ဘုရားရှင်အသက်ရှင်ကြောင်းသိစေသည်။ - that God is alive.
b. မည်ကဲ့သို့ သော ဘုရားမျိုးဖြစ်ကြောင်းသိစေသည်။ - what God is like.
c. ဘုရားရှင်အား ဝိညာဉ်မျက်စိဖြင့်မြင်နိုင်ကြောင်း သိစေသည်။ - that we can see God with spiritual eyes.

9. အောက်ပါတို့ မှ ဘုရားရှင်၏ဂုဏ်တော် ၂-မျိုးကိုဖေါ်ပြသော အချက်နှစ်ချက်ကို ရွေးချယ်ပေးပါ။ (၁၄မှတ်)

a. ယေရှုခရစ်တော်ထဲ၌ဘုရားရှင်ကိုယ်တိုင်ရှိသည်။ - God Himself in Jesus Christ.
b. ဘုရားရှင်သည် သူဖြစ်သည့်အတိုင်းဖြစ်သည်။ - what God is like in Himself.
c. ဘုရားရှင်၏ပြီးပြည့်စုံခြင်းကိုဖေါ်ပြသည်။ - His perfection.
d. ဘုရားရှင်၏တရားတော်မူခြင်းကိုဖေါ်ပြသည်။ -His justice.
e. ဘုရားရှင်မှ သူမည်သူဖြစ်ကြောင်း လူသားများကိုဖေါ်ပြသည်။ - how God presents Himself to people.

10. ယေရှုဘုရား၏ သီးသန့် ဂုဏ်တော် ၅-မျိုးကို ဖေါ်ပြပါ။ (၂၀မှတ်)

a._____
b. _____
c. _____
d. _____
e. _____

11. ယောဟန် ၁း၁-၂ တွင် ခရစ်တော်က ယခုလိုပြောထားသည်။---------- (၆မှတ်)

    a. သူသည် မည်သည့်အခါမျှမပြောင်းလဲ။ - never changes.
    b. သူသည် တန်ခိုးတော်နှင့်ပြည့်စုံသည်။ - is omnipotent.
    c. သူသည် ထာဝရတည်ရှိသည်။ - is eternal.

12. ဧဝံဂေလိသတင်းကောင်း၏အခြေခံအုတ်မြစ်မှာ (foundation of the Gospel)---------- (၆မှတ်)

    a. ခရစ်တော်သည် ဘုရားဖြစ်တော်မူသည်။ - Christ is God.
    b. သမ္မာကျမ်းစာသည် ဘုရားရှင်၏နှုတ်ထွက်စကြစ်သည်။ - the Bible is the true Word of God.
    c. သေခြင်းမှထမြောက်သောခရစ်တော်သည်သေခြင်းမစ္စုမာရ်ကိုအောင်တော်မူသောဘုရားဖြစ်သည်။ Christ rose from the dead never to die again.

13. (ဖိ ၂း၁၀-၁၁) တွင် ခရစ်တော်သည် ဘုရားဖြစ်ကြောင်း ဖေါ်ပြထားချက်မှာ------- (၆မှတ်)

    a. လူတိုင်း ခရစ်တော်ကို ချစ်ကြသည်။ - everybody loves Christ
    b. လူတိုင်း တနေ ့တွင် ခရစ်တော်ကို ကိုးကွယ်ပြီး၊ ဘုရားအဖြစ်အသိအမှတ်ပြုကြလိမ့်မည်။ - everybody will someday worship Christ and acknowledge him as God.
    c. လူတိုင်း နောက်ဆုံးသောတရားစီရင်ခြင်းအချိန်တွင် ကောင်းကင်ဘုံသို့ သွားကြမည်။ - in the end everyone will go to heaven.

သန်ခန်းစာ (၂)
ကယ်တင်ခြင်းနှင့်ဆိုင်သောသြဝါဒ - The Way of Salvation

နိဒါန်း - Introduction

ဤလောကကြီးတွင် ကယ်တင်ခြင်းနည်းလမ်းအကြောင်းကို နားလည်သဘောပေါက်အောင် စေ့စပ်သေချာစွာ လေ့လာခြင်းသည် (အထူးသဖြင့် ကျမ်းစာလေ့လာသည့် သင်တန်းသားများ Bible student အတွက်) အလွန်အရေးကြီးပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

ဤကမ္ဘာတွင်စစ်မှန်သော သမ္မာတရားနှင့် ကယ်တင်ခြင်းနည်းလမ်းတို့ကို သိကျွမ်းပိုင်ဆိုင် ထားလျှက်ရှိကြောင်း အတိအလင်းကြေငြာထားသည့် အသင်းတော်များနှင့် ဘာသာရေးဂိုဏ်းဂနများ (church denominations and religions) ရာထောင်မက ရှိနေသည်။

ဤဘာသာရပ်နှင့် စပ်လျဉ်း၍ သမ္မာကျမ်းစာထက် ပိုမိုရှင်းလင်းလွယ်ကူစွာ တင်ပြနိုင်သော စာပေကျမ်းဂန်များလည်းမရှိပေ။ သို့ဖြစ်စေကာမူ စာတန် မာနတ်သည် ဧဝံဂေလိတရား၏အလင်းကိုဖုံးကွယ်ရန်အစွမ်းကုန်ကြိုးစားအား ထုတ်လျှက်ရှိ၏။ (၂ကော ၄း၄) သို့ဖြစ်၍ ဤသင်ခန်းစာနှင့်ပတ်သက်၍ ရှုပ်ထွေးမှုများ ဖြစ်နေသည်။ သို့ဖြစ်၍ ဤသင်ခန်းစာနှင့် ဆိုင်သောအကြောင်းအရာများကို တိကျမှန်ကန်စွာပိုင်းခြား၍ အကြွင်းမဲ့နားလည်သဘောပေါက်ရန်မှာ ဤသင်ခန်းစာ၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။

ကယ်တင်ခြင်းနည်းလမ်း (WAY OF SALVATION) ကို သိနားလည်ရန်မှာ ကောင်းချီးမင်္ဂလာဖြစ်စေသော ထိုကယ်တင်ခြင်း၏ စိတ်ချရမှုကို ဝမ်းမြောက်စွာ ခံစားရန်နှင့် ကျွန်ုပ်တို့ နေလုံးသားထဲတွင် ကောင်းကင်ရွှေပြည်ချမ်းသာခြင်းကိုခံစားရမည့် အကြောင်းကို မျှော်လင့်ခြင်းပင်ဖြစ်၏။ ယုံကြည်ခြင်းအားဖြင့် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို ခံစားရမည့် အကြောင်း၊ ဤသင်ခန်းစာကို လေ့လာမှတ်သားရာတွင် ကျေညက်ပိုင်နိုင်စွာ ခံယူနားလည်စေရန် ဘုရားသခင်၏ မစ ကူညီခြင်းကိုခံစားကြပါစေသော။

သင်ခန်းစာ - THE LESSON

ကယ်တင်ခြင်းနည်းလမ်း(THE WAY OF SALVATION) တွင် ထင်ရှားသည့် အဆင့် (၆) ဆင့်ရှိသည်။

I. ကယ်တင်ခြင်းနည်းလမ်း၏ပထမအဆင့်သည်အသိအမှတ်ပြုခြင်းဖြစ်သည်။ - RECOGNITION

A. ကယ်တင်ခြင်းနည်းလမ်း (WAY OF SALVATION) သည် အသိအမှတ်ပြုခြင်း (RECOGNIZING) ဖြင့် အစပြုသည်။ တနည်းအားဖြင့် ကျွန်ုပ်တို့၏ ပကတိအခြေအနေကို ဘုရားသခင်၏ရှုဒ့ထောင့်မှမြင်သည့် အတိုင်း ရှုမြင်သုံးသပ်ရန်ဖြစ်သည်။.

B. အသိအမှတ်ပြုခြင်း (RECOGNIZING) မရှိသေးသ၍ ကောင်းကင်နိုင်ငံတော်တွင် ဘုန်းတော်ဝင်စား ရမည့် အကြောင်း နှင့် ထာဝရအသက်ကို ပိုင်ဆိုင် ရရှိကြမည့်အကြောင်း မျော်လင့်ချက်မရှိပါ။

ဥပမာ.....:

1. မိမိ၏အသက်ဝိညာဉ်ပျောက်ဆုံးနေကြောင်းကိုကိုယ်တိုင်သိမှတ်ခြင်း (recognizes) မပြုသေးသ၍၊ မည်သူကမျှ ကယ်တင်ခြင်းရရှိဖို့ အတွက်ဂရုစိုက်နိုင်မည်မဟုတ်ပါ။ (No one cares to be found, until he recognizes he is lost.)

2. အပြစ်နှင့်ညစ်ညူးနေသော မိမိကိုယ်ကို မမြင်သေးသ၍၊ မည်သူမျှ ထိုအပြစ်အား ဆေးကြောပေးခြင်းကို ခံလိုမည်မဟုတ်ပါ။ No one wishes to be washed, until he sees himself unclean.

C. ဘုရားရှင်ရှုမြင်သလို မိမိကိုယ်ကို (ထာဝရအသက်ပျောက်ဆုံးနေသူအဖြစ်) မမြင်လိုကြသော သူများက အောက်ပါအတိုင်း ပြောတတ်ကြပါသည်။

1. ငါလည်း သူ့ လိုဘဲလူးကောင်းတစ်ဦးပါဘဲ။ I'm as good as the next fellow.
2. ငါ့ လက်ရှိအနေအထားက ငါ့အတွက်လုံလောက်ပါတယ်။ I'm good enough as I am.
3. ငါအဆင်ပြေတယ်။ ဒါကြောင့် တစ်ခြားဘာမှမလိုအပ်ဘူး။ I'm doing all right. I don't need anything.
4. ငါအကောင်းဆုံးလုပ်နေတာဘဲ။ ဒါဆိုရင်လုံလောက်ပါပြီ။ I do the best I can, and that's good enough for me.
5. ငါ့ထက်ဆိုးတဲ့သူတွေ တစ်ပုံတစ်ပင်ကြီးရှိနေတာငါသိတယ်။ I know people who are much worse than I am.
6. ငါ့အခြေအနေက ကျမ်းစာကပြောသလောက် မဆိုးသေးပါဘူး။ I'm just not as bad as the Bible says I am.

D. သို့ သော်- ဘုရားရှင်က မည်သို့ ပြောထားသနည်း။ But, what does God say?

1. ကျွန်ုပ်တို့အားလုံးသည် သန့်ရှင်းစင်ကြယ်ခြင်း မရှိဘဲ၊ ပြုသမျှကုသိုလ်အားလုံးသည် ညစ်သော အဝတ် (unclean thing) နှင့်တူသည်။ (ဟေရှာယ ၆၄း၆)
2. ကျွန်ုပ်တို့ စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။အလွန်ယိုယွင်းသော သဘော ရှိ၏။ (ယေရမိ ၁၇း၉)
3. ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ ကောင်းသောအကျင့်ကိုကျင့်သော သူမရှိ၊ လူ အပေါင်းတို့ သည် လမ်းလွဲကြ၍ တညီတညွတ်အသုံးမရသောသူ ဖြစ်ကြပြီး။ (ရော ၃း၁၀-၁၂)
4. လူအားလုံးသည်ပျောက်သောသူများဖြစ်ကြ၏။ (လု ၁၉း၁၀); အပြစ်စီရင်ခြင်းကိုခံရသူများဖြစ်၏။" (ယော၊ ၃း၁၈); ဘုရားသခင်နှင့်ကင်းကွာလျက် ရှိကြ၏။ (ဧဖက် ၄း၁၈)
5. လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍၊ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။ (ရောမ ၃း၂၃)

E. ထို့ပြင်သမ္မာကျမ်းစာသူရဲကောင်းများ (Bible heroes) က သူတို့ကိုယ်သူတို့ မည်သို့ရှုမြင်ကြသနည်း။

1. ဒါဝိဒ်မင်းကြီး – အကျွန်ုပ်သည် မွေးစကပင် အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်း အထဲမှာအဋ္ဌသန္ဓေ ယူစဉ်ကပင် အပြစ်စွဲပါ၏။ (ဆာလံ ၅၁း၅)
2. ပုရောဖက် ဟေရှာယ – ငါသည်ညစ်ညူးသော နှုတ်ခမ်းရှိလျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိ သောလူမျိုး တွင်နေလျက်။ (ဟေရှာ၊ ၆း၅)
3. ပုရောဖက် ယေရမိ – စိတ်နလုံးသည် ခပ်သိမ်းသောအရာတို့ထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်း သော သဘောရှိ၏။ (ယေ၊ ၁၇း၉)
4. ရှင်ပေါလု – ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ ကိုကယ်တင်ရန်လောကသို့ ကြွလာရာတွင် ငါသည် အပြစ် အကြီးဆုံးသောသူဖြစ်သည်။ (၁တိ ၁း၁၅) ငါ့အထဲမှာ ငါ့ဇာတိပကတိ၌ ကောင်းသော အရာတစ်စုံတစ်ခုမျှ မတည်သည်ကိုငါသိ၏။ (ရော ၇း၁၈)
5. ရှင်ပေတရ – အကျွန်ုပ်သည် အပြစ်များသောသူ ဖြစ်ပါ၏။ အကျွန်ုပ်ထံမှကြွသွားတော်မူပါ။ (လု ၅း၈)

F. သို့ဖြစ်၍ ကယ်တင်ခြင်းနည်းလမ်း (THE WAY OF SALVATION) သည် အသိအမှတ်ပြုခြင်း (RECOGNITION) မှ အစပြုသဖြင့် ဘုရားသခင်၏ သဘောကိုနားလည်၍၊ သမ္မာကျမ်းစာ၏ သွန်သင်ဖော်ပြခြင်းတို့ကို၊ ယုံကြည် လက်ခံမှသာလျှင် သခင်ဘုရားနှင့် ကယ်တင်ခြင်းတရားကို နားလည် နိုင်ပေလိမ့်မည်။ သမ္မာကျမ်းစာမှ ယုံကြည်ခြင်း သူရဲကောင်းများ (heroes of the Bible) ပင်လျှင်၊ မိမိကိုယ်မိမိ အပြစ်သားများ ဟုဝန်ခံအသိ အမှတ်ပြုကြလျှင် ကျွန်ုပ်တို့လည်း စိတ်နလုံးကို နှိမ့်ချလျက် ထိုသူတော်စင်များ နည်းတူဝန်ခံကြရန် လိုအပ် ပေသည်။

II. ကယ်တင်ခြင်းနည်းလမ်း၏ဒုတိယအဆင့်သည် ကိုယ်အပြစ်ကိုနောင်တရခြင်း ဖြစ်သည်။ - REPENTANCE

A. အပြစ်နောင်တရခြင်းအနက်အဓိပ္ပါယ်ဖွင့်ဆိုချက် - The MEANING of Repentance:

1. ၎င်းသည် ဂရိဝေါဟာရ (ကြိယာ) METANOEO ကိုဘာသာပြန်ထားခြင်းဖြစ်ပြီး၊ နောက်ပြန်ကြည့်သည် (see afterward)။ စိတ်ပြောင်းလဲသည် (change one's mind or purpose) ဟူ၍ အဓိပ္ပါယ်ရ သည်။
2. ဂရိဘာသာစကား (နာမ်) METANOIA သည် နောက်ကြောင်းပြန်တွေးတောခြင်း (after-thought) သို့ မဟုတ် စိတ်ပြောင်းလဲခြင်း (change of mind) ဟူ၍အဓိပ္ပါယ်ရသည်။
3. မည်သို့ပင်ဖြစ်စေကာမူ အဓိပ္ပါယ်ဖွင့်ဆိုခြင်း (၂)မျိုးစလုံး၌ ကွာဟမှု မရှိသလောက်ဖြစ်၍၊ ကောင်းသော အခြေအနေသို့ ကူးပြောင်းခြင်း(Change for the better) တနည်းအားဖြင့် အပြစ် ဒုစရိုက်မှ ရှောင်ကျဉ်ခြင်း (a turning away from sin and evil) ဟူ၍ ဓမ္မသစ်ကျမ်း၌ အမြဲတမ်း အသုံးပြုသည်။

B. သို့ဖြစ်၍၊ ယုတ္တိကျကျဆင်ခြင်သုံးသပ်မည်ဆိုလျှင် နောင်တရခြင်းသည် ကယ်တင်ခြင်းနည်း လမ်း၏ ဒုတိယအဆင့် (ဝါ) ဒုတိယခြေလှမ်းပင်ဖြစ်သည်။ ပထမခြေလှမ်းအနေဖြင့် ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ ဘုရားသခင်၏ အမြင်အတိုင်း သုံးသပ်တတ်ဘို့လိုသည်။ ဒုတိယခြေလှမ်းအရ ထိုပကတိ အခြေအနေ

တို့ကိုဝန်ခံအသိအမှတ်ပြုလျှက် ထိုအနေအထား မှ ကျောခိုင်းရှောင်ကျဉ်ရန်ပင်ဖြစ်သည်။.

C. ဘုရားသခင်သည် ကျွန်ုပ်တို့အား အပြစ်နောင်တရရန် (REPENT) အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။

1. သင်တို့ရှိသမျှလည်း၊ နောင်တမရလျှင်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည် (လု ၁၃း၃)
2. လူအပေါင်းတို့အား ကိုယ့်အပြစ်ကိုယ်မြင်၍၊ နောင်တရကြလော့ဟု ပညတ်တော်မူ၏။ (တမန် ၁၇း၃၀)
3. သို့ဖြစ်၍နောင်တရခြင်း(Repentance) သည် အလေးမမူဂရုမစိုက်၊ လစ်လျူရှုလျက်ပြစ်ပါယ် ရှောင်ရှား ၍မရသော အချက်ပင်ဖြစ်ပြီး၊ နောင်တမရလျှင် အပြစ်နွံထဲ၌၊ နစ်မွန်းလျက်ပျက်စီးခြင်း သို့ကောန်ရောက်ကြ လိမ့် မည်ဖြစ်သည်။

D. ဘုရားရှင်က လူသားအားလုံး အပြစ်နောင်တရရန်မိန့် တော်မူခဲ့သည်။

1. လူအချို့တို့သည် အခြားသူတို့ထက် ကိုယ်ကျင့်တရားနှင့်သိက္ခာသမာဓိတို့ တွင် ပိုမိုဖြောင့်မတ်သောကြောင့် နောင်တ ရရန်(Repentance) မလိုအပ်ဟု ယုံကြည်လက်ခံထားကြသည်။
2. သို့ သော် ဘုရားရှင်က အောက်ပါအတိုင်းမိန့် တော်မူပါသည်။

a) သင်တို့ရှိသမျှလည်းနောင်တမရလျှင်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်။ (လု ၁၃း၃)

b) ယခုမှာကိုယ်အပြစ်ကိုမြင်၍၊ နောင်တရကြလော့ဟု ခပ်သိမ်းသော အရပ်တို့၌ ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏ (တမန် ၁၇း၃၀).

c) ငါတို့တွင် အဘယ်သူမှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော်ရှိ၍.... (၂ ပေ ၃း၉)

E. နောင်တရခြင်း(REPENTANCE) နှင့် ယုံကြည်ခြင်း(FAITH) ၂-ခုစလုံးလိုအပ်သည်။

နောင်တရခြင်း (repentance) တစ်ခုတည်းဖြင့် ကယ်တင်ခြင်း မရနိုင်သလို၊ နောင်တရယုံ သက်သက်ဖြင့်လည်း အပြစ်လွှတ်ခြင်း(forgiveness) မရနိုင်သေးပါ။ အပြစ်နောင်တရသည့်အပြင် ယုံကြည်ခြင်း (faith) ရှိဖို့ လည်းလိုအပ်ကြောင်း အောက်ပါကျမ်းပိုဒ်များအရသိနိုင်သည်။

1. နောင်တရကြ၍နှုတ်ကပတ်တော်ကိုနှလုံးသွင်းလျက် လက်ခံယုံကြည်သောအားဖြင့် ကယ်တင်ခြင်းကို ရကြ၏။ (တ ၂း၄၁)
2. နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်စေ၏။(တ ၃း၁၉)
3. တမန်တော်ရှင်ပေါလုသည် ဘုရားသခင်ရှေ့တော်၌ နောင်တရခြင်းတရားကိုငှင်း၊ သခင်ယေရှု ခရစ်ကို ယုံကြည်ခြင်း တရားကိုငှင်း ဟောပြောသက်သေခံခဲ့သည်။ (တ ၂၀း၂၁)

F. စစ်မှန်သော နောင်တ(True repentance) တွင် စိတ်သဘောအကြံအစည် (Mind) ၊ခံစားချက် (Emotion) နှင့် အလိုဆန္ဒ (Will) စသည် တို့ပါဝင်နေသည်။

1. စိတ်သဘောအကြံအစည်အကြောင်း သရုပ်ဖော်ရှင်းလင်းချက်-Illustrations of the mind or intellect:

တမန်တော်ရှင်ပေတရု (တ ၂း၁၄-၄၀)တွင် ယုဒလူမျိုးတို့ကို နောင်တရကြရန်တိုက်တွန်းသွေးဆောင်သော အခါတွင် ခရစ်တော်အပေါ်၌ထားသောငှင်းတို့၏ စိတ်သဘောထားများကို ပြောင်းလဲကြရန် နှိုးဆော်ခြင်း

ဖြစ်သည်။ ယုဒလူမျိုးတို့သည် ခရစ်တော်အား ထာဝရဘုရားကို လွန်ကျူးစွာပြောဆိုသူ (blasphemer) အယောင်ဆောင်ပုဂ္ဂိုလ် (impostor) တစ်ဦးအဖြစ် သဘောထားကြသည်။ သို့ဖြစ်၍ ရှင်ပေတရုက မိမိတို့ အပြစ်အတွက်နောင်တရကြလျက် ခရစ်တော်အား ကယ်တင်ရှင်မေရှိယဘုရား အဖြစ်လက်ခံကြရန် တိုက်တွန်းနှိုးဆော်ခြင်း ဖြစ်သည်။

2. ခံစားချက် အကြောင်း သရုပ်ဖော်ရှင်းလင်းချက်-Illustrations of the emotional involvement:

   a) (၂ကော ဂုဇ-၁၁) - ကောရိန္သအသင်းသားများသည် သူတို့လျှို့ဝှက်ထားသော အပြစ်ကြောင့် "နောင်တရ" ၍ စိတ်ပြောင်းလဲကြပြီး၊ အလွန်ဝမ်းနည်းကြသည်။
   b) (မ ၁၁း၂၀-၂၁) လျော်တေအဝတ်နှင့်ပြာ(sack-cloth and ashes) တို့သည်နောင်တရသည့် ပြင်းပြ သော စိတ်နှလုံးမှ ဖြစ်ပေါ်လာသော ခံစားချက်သာဖြစ်သည်။

3. အလိုဆန္ဒ အကြောင်း သရုပ်ဖော်ရှင်းလင်းချက် (Illustrations of the will):

   a) (၁သက် ၁း၉)-ရုပ်တုဆင်းတုတို့ကို ပစ်ပယ်၍ ဘုရားရှင်ထံဦးလှည့်ခြင်းသည် အသက်ရှင်သော စစ်မှန်သည့် ဘုရား အမှုတော်ကို ထမ်းဆောင်ခြင်းအလိုဆန္ဒ(act of the will) ဖြစ်သည်။
   b) (တ ၂ဒီး၁၈)- မှောင်မိုက်မှအလင်းသို့ကူးမြောက်၍၊ စာတန်၏အာဏာထဲမှ ဘုရားသခင်ထံ တော်သို့ ပြောင်းလဲခြင်းသည် စစ်မှန်သော အလိုဆန္ဒ(an act of the will) ဖြစ်သည်။

4. (လု ၁၅း၁၇-၂၀)- ပျောက်သောသား(prodigal son) ကိုပုံဆောင်သောသာဓကတွင် "နောင်တ ရခြင်း"၏ လက္ခဏာရပ် (၃)မျိုးစလုံးကိုပီပြင်စွာ သရုပ်ဖော်ဆောင်ထားကြောင်းတွေ့ရမည်။

   a) ထိုအခါသတိရလျှင် (စိတ်ကူးစိတ်သန်း) – the INTELLECT.
   b) ငါမူကား၊ ကျိပြည်၌ သေအောင်အငတ်ခံရ၏ (ခံစားချက်) – the EMOTIONS.
   c) ငါထ၍ အဘထံသွားမည် (လိုအင်ဆန္ဒ) – the WILL.
   ♦ နောင်တရခြင်း (Repentance) သည် အပြစ်အတွက်- (FOR sin) စိတ်နှလုံးကြေကွဲရခြင်းမျိုး မဟုတ် ဘဲ၊ အပြစ်မှလွတ်မြောက်ရန်အတွက် (FROM sin) ကျိုးပဲ့သော စိတ်နှလုံးနှင့်နောင်တ စိတ်ကိုဆိုလိုသည်။

G. နောင်တရခြင်း-Repentance သည် ကျွန်ုပ်တို့အထဲတွင် နည်းအမျိုးမျိုးဖြင့် ဖြစ်ပေါ်သည်။

   1. ဘုရားရှင်၏ကောင်းမြတ်ခြင်း -The goodness of God (ရော ၂း၄).
   2. ဧဝံဂေလိတရားဟောခြင်း - Gospel preaching (တမန် ၂း၃၇-၄၁).
   3. ဘုရားရှင်၏ကျေးဇူးတော် - The grace of God (တမန် ၁၁း၁၈).
   4. ဘုရားရှင်၏ သီးခံစိတ်ရှည်တော်မူခြင်း - The long-suffering of God (၂ပေ ၃း၉).
   5. ဘုရားသခင်၏ အပြစ်ကိုစစ်ဆေးခြင်းနှင့်ဆုံးမခြင်း-The rebuke and chastening of God (ဗျာ ၃း၁၉).

III. ကယ်တင်ခြင်းနည်းလမ်း၏တတိယအဆင့်သည် အမြင်မှန်ရခြင်း ဖြစ်သည်။ - REALIZATION

A. ကျွန်တို့သည် မိမိကိုယ်မိမိ ဘုရားသခင်၏သဘောကို နာခံလျှက် ကျွန်ုပ်တို့မည်သူဖြစ်ကြောင်း အသိအမှတ်ပြု (RECOGNIZED) ၍၊ ပြုခဲ့သမျှအပြစ်များအတွက် အမှန်တကယ် နောင်တရ (REPENTED) ပြီး ဘုရားရှင်ထံသို့ဦးလှည့်သည့်အခါ အောက်ဖော်ပြပါအချက်ကြီး (၂)ချက်ကို သိမြင်နားလည် (REALIZE) ဖို့လိုသည်။

1. လူသည် အပြစ်သားသက်သက်ဖြစ်သည်သာမက မိမိကိုယ်မိမိ မကယ်တင်နိုင်သော အပြစ်သားဖြစ်သည်။ အပြစ်တရားမှ လွတ်မြောက်နိုင်ရန် လုံးဝမတတ်စွမ်းသောသူပင်ဖြစ်သည်။
2. ခရစ်တော်တစ်ပါးတည်းသာကျွန်ုပ်တို့ကို အပြစ်တရားမှ ကယ်တင်နိုင်တော်မူသောအရှင်သခင်ဖြစ်သည်။

B. အသိအမှတ်ပြုခြင်း(RECOGNIZE) နှင့် အမှန်တကယ်သိမြင်ခံစားရခြင်း(REALIZING) တို့ အကြား၌ အလွန်ကြီးမားသော ကွာခြားမှုများရှိပေသည်။

1. ရှင်းလင်းချက်-၁: လူတယောက်သည် သူ၏ရောဂါလက္ခဏာ (symptoms) အချို့ကို သတိပြု (RECOGNIZE) နိုင်သော်လည်း၊ ထိုရောဂါပိုးများသည် သူ၏ ခန္ဓာကိုယ်ထဲ၌ အဘယ်မျှ ကူးစက်ပျံ့ နှံ့ နေသည်ကို အသေအချာ မသိနိုင်ပါ(REALIZING)။
2. ရှင်းလင်းချက်-၂: လူတယောက်သည် အစာမကျွေးဘဲ ပစ်ထားသောကလေးငယ်တဦးကို သတိပြုမိနိုင်သည်။ (RECOGNIZE)။ သို့သော် ထိုကလေးငယ်၏ အိမ်တွင်းစီးပွါးရေး နောက်ခံအခြေအနေများကိုမူ အသေးစိတ် မသိနိုင်ပေ။ (REALIZING)
3. ထိုနည်းတူ - လူသည် မိမိကိုယ်မိမိ အပြစ်သားတစ်ဦး ဖြစ်ကြောင်း အသိအမှတ်ပြု (RECOGNIZE) နိုင်သော်ငြားလည်း မိမိကိုယ်မိမိ မကယ်နိုင်သောအချက်ကို အမှန်ပင် သိမည်မဟုတ်။ (REALIZING)

C. သို့ဖြစ်၍ ကယ်တင်ခြင်းနည်းလမ်း(THE WAY OF SALVATION) ၏ တတိယအဆင့်ဖြစ်သော အမှန်တကယ် ဖြစ်ခြင်း (သို့) အမှန်တကယ်သိမြင်ခံစားရခြင်း ဆိုသည်မှာ အောက်ဖော်ပြပါ အကြောင်းအရာများနှင့် ပတ်သက်၍၊ လက်တွေ့ခံစားရပြီး နားလည်သဘောပေါက်ခြင်းကိုဆိုလိုသည်။

1. လူသည် မိမိကိုယ်မိမိကယ်တင်နိုင်ရန် တတ်နိုင်စွမ်းမရှိသည့်အပြင်၊ မိမိ၏ ကယ်တင်ခြင်းနှင့် ပတ်သက်၍ ဘုရားသခင်၏ ကျေးဇူးတော်(grace of God) အပေါ်တွင် လုံးဝမူတည်ကြောင်း သိရှိနားလည် ရမည်။

   a) ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းကိုရောက်ရ၏။ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ (ဧဖက် ၂း၈၊ ၉)
   b) ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့်ကယ်တင်ခြင်းသို့မရောက်။(တိတု ၃း ၅- ၆)
   c) အကျင့်မရှိသောသူ၏ ယုံကြည်ခြင်းသည်၊ ဖြောင့်မတ်ရာသို့ရောက်စေ၏။(ရောမ ၄း၅)

2. ခရစ်တော်တစ်ပါးတည်းသာ ကယ်တင်နိုင်သော၊ လုံးဝကယ်တင်တော်မူသောအရှင်သခင်ဖြစ်သည်။

   a) ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် သုတ်သင်ပါယ်ရှင်းပြီးလျှင်" (ဟေဗြဲ ၁း၃)

b) တစ်ခါတည်းကိုယ့်ကိုပူဇော်သောအားဖြင့်အပြစ်များကိုသုတ်သင်ပယ်ရှင်းခြင်းငှာပေါ်ထွန်းတော်မူ၏။ (ဟေဗြဲ ၉း၂၆)

c) ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသော သူဖြစ်စေတော်မူ၏။ (၂ကော ၅း၂၁)

d) ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏ အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။ (ဟေရာယ ၅၃း၆)

♦ ခရစ်ယာန်ဘာသာအပါအဝင် ဘာသာတရားအားလုံးသည် လူသားတို့၏ လိုအပ်မှုကိုဝန်ခံသိမှတ်ခြင်းဖြင့်- (admitting man's need) ဖြင့်အစပြုသည်။ သို့သော် အခြားဘာသာတရားများက ``ငါလုပ်တာ ငါယူလာတယ်´´ ဟုပြောကြသည်။ ခရစ်ယာန်ဘာသာကမူ ``ငှါလက်ထဲမှာ ဘာမှမယူလာဘူး´´ ဟုပြောသည်။ ဘာသာတရားက လုပ်ခိုင်းခြင်းဖြစ် ပြီး၊(Do) ခရစ်ယာန်တရားကမူ လုပ်ပြီးသားကို (Done) လက်ခံယူခိုင်းခြင်း ဖြစ်သည်။(မှတ်ချက်.....ငါလုပ်တာက မပြည့်စုံ၊ ဘုရားလုပ်ပေးတာကသာ ပြည့်စုံတယ်၊ မိတ်ဆွေ ဘယ်အရာကို ရွေးမည်နည်း၊)

IV. ကယ်တင်ခြင်းနည်းလမ်း၏စတုတ္ထအဆင့်သည်ဖွင့်ပြခြင်း ဖြစ်သည်။ - REVELATION

ကယ်တင်ခြင်းနည်းလမ်း (the way of salvation) ကို နားလည်သဘောပေါက်ပြီး ကယ်တင်ခြင်းရရှိသော သူအပေါင်းတို့သည် ခရစ်တော်နှင့်စပ်ဆိုင်သောဖွင့်ပြခြင်း(REVELATION) ကိုခံရသည်။ ထိုဖွင့်ပြခြင်း (REVELATION) ကားအဘယ်နည်း။ "ခရစ်တော်"သည် ဘုန်းတော် အနန္တနှင့် ပြည့်စုံတော်မူသော အရှင်သခင်ဖြစ်၍၊ အသက်ရှင်တော်မူသော ဘုရားသခင်၏ တစ်ပါးတည်းသော သားတော် ဖြစ်တော်မူကြောင်းပေတည်း။

A. ရှင်ပေတရု၏သက်သေခံချက်(Peter's Confession) –ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူ သော ဘုရားသခင်၏ သားတော်ဖြစ်သည်။ (မဿဲ ၁၆း၁၆)
ခရစ်တော်၏တုန့်ပြန်စကား(Christ's reply) – အသွေးအသားသည် ဤအကြောင်းအရာကို သင့်အား ဖော်ပြသည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငှါခမည်းတော်သည် ဖော်ပြတော်မူသတည်း။ (မဿဲ ၁၆း၁၇)

B. ပြောင်းလဲခြင်းအကြောင်းသရုပ်ဖော်ရှင်းလင်းချက် - Illustrations of Bible Conversions:

1. တာရှိမြို့မှ ရောလုပြောင်းလဲခြင်း -Saul of Tarsus – ရောလုက " သခင်ကိုယ်တော်သည် အဘယ်သူပါနည်း" ဟု မေးလျှောက်၏။ "သခင်ဘုရားကလည်း၊ ငါကားသင်ညှင်းဆဲသော ယေရှုဖြစ်သတည်း"(တ ၉း၅) အလွန်အံ့သြဖွယ်ကောင်းသော ဖော်ပြခြင်း(REVELATION) ပေတည်း။ ရောလုသည်၊ ယုဒလူမျိုးစစ်စစ်ဖြစ်၍၊ ဘာသာရေးဓလေ့ထုံးစံစဉ်လာများနှင့် တရားဘက်ဆိုင်ရာ ကိစ္စများတွင် ဖာရိရှဲတစ်ဦးဖြစ်သည်။ ထူးခြားပြောင်မြောက်လှသော ပုဂ္ဂိုလ်ဖြစ်သည့် ရောလုအား ခရစ်တော်သည် အံ့သြဖွယ်ကောင်းသော ဗျာဒိတ်ရူပါရုံအားဖြင့် ဖွင့်ပြခြင်းကိုပေးပြီး၊ သူညှင်းပန်းနှိပ်စက်၍ အလွန်မုန်းတီးသော ယေရှုသည် သူ၏အရှင်သခင် ကယ်တင်ရှင်မေရှိယ ဖြစ်ကြောင်း ဖော်ပြလေသည်။

2. ကားတိုင်ပေါ်မှသေလုဆဲဓါးပြကြီးပြောင်းလဲခြင်း - The dying thief on the cross: (မ ၂၇း၄၄) အစကနဦး၌၊ ထိုလူဆိုးကြီးကလည်း ခရစ်တော်ကို လွန်ကျူးစွာပြောဆိုခဲ့သောသူ ဖြစ်၏။ သို့ရာတွင် သေလုမျှောပါးဖြစ်နေသည့်အခါတွင် လူဆိုးကြီးသည် ဘုရားသခင်၏ဖွင့်ပြခြင်းကို ခံရပြီး၊ အသက်တာပြောင်းလဲ၍ နောက်ဆုံးအချိန်၌ ကယ်တင်ခြင်း ကိုရရှိလိုက်သည်။ လူဆိုးကြီး၏ ``အကျွန်ုပ် ကို အောက်မေ့တော်မူပါ ´´ဟူသောအော်ဟစ် သံကိုသတိပြုပါ။ (လု ၂၃း၄၂)

3. ယာကုပ်ရေတွင်း၌တွေ့ရသော ရှမာရိအမျိုးသမီးပြောင်းလဲခြင်း-The woman at the well (ယော ၄း၁၀,၂၅-၂၆) ယေရှုကလည်း၊ သင်နှင့်စကားပြောသောငါသည် မေရှိယပင်ဖြစ်သည်ဟု မိန့်တော်မူသည်။" (a tremendous revelation).

4. ဇက္ခဲ Zaccheus ပြောင်းလဲခြင်း– (လု ၁၉း၁-၁၀), ဇက္ခဲသည် ယေရှုကို အဘယ်သို့သော သူဖြစ်သည်ကို သိလို၍၊ အရပ်နိမ့်သော သူပင်ဖြစ်လင့်ကစား မလျော့သောလုံ့လဝီရိယဖြင့် သဒ္ဒေါသဖန်းပင်ပေါ် တက်ပြီးမှကြည့်ရှုလေ၏။ ထိုအခါ "ကယ်တင်ရှင်"ကိုမြင်ရသောကြောင့် "ဖွင့်ပြခြင်း" ကိုခံရပြီး "ကယ် တင်ခြင်း"ကို ရရှိလေသည်။

C. လူတို့ ကယ်တင်ရှင်လိုအပ်ကြောင်း သမ္မာကျမ်းစာအထောက်အထား -

1. ယော ၂၀း၃၁ – "ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို၊ သင်တို့ ယုံ မည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျှက်ရှိ သတည်း။"
2. တမန် ၁၆း၃၁ – "...သခင်ယေရှုခရစ်ကို၊ ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏ အိမ်သူအိမ်သား တို့သည် ကယ်တင်ခြင်း၊ သို့ရောက်ကြလိမ့်မည်။...."
3. (ရော ၁၀း၉-၁၀) – "သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည်၊ သူ့ကိုသေခြင်းမှ ထမြောက် စေ တော်မူပြီဟု စိတ်နလုံးထဲ၌ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်မည်။"

V. ကယ်တင်ခြင်းနည်းလမ်း၏ပဉ္စမအဆင့်သည်လက်ခံခြင်း ဖြစ်သည်။- RECEPTION

A. ကယ်တင်ခြင်းသည် ဘုရားသခင့်ထံမှ လက်ဆောင် (GIFT) သက်သက်ဖြစ်သည်။ လက်ဆောင် တစ်ခုမည်သည် ကြိုးစားအားထုတ်ခြင်း၊ ငွေနှင့်ဝယ်ယူခြင်း၊ မိမိနှင့်ထိုက်တန်ခြင်း (deserved) ဟူ၍ မရနိုင်သောအရာ တစ်ခုဖြစ်၍ လက်ခံ ရယူခြင်း(RECEIVE) မှတစ်ပါး၊ အခြားသောလမ်းမရှိပါ။ (ရော ၆း၂၃; ယော ၁၀း၂၈).

B. ကယ်တင်ခြင်းရရှိရန်အတွက် ကျွန်ုပ်တို့အသက်တာ၌ လက်ခံရယူရန်(RECEIVE) အချက် (၂) ချက်ရှိသည်။

1. သမ္မာကျမ်းစာမှခရစ်တော်နှင့် စပ်ဆိုင်သော ဝမ်းမြောက်ဖွယ်ရာဧဝံဂေလိသတင်းစကား။

a) ဧဝံဂေလိတရားတော်ကို ဟောပြောသောအခါ၊ (၁ကော ၁၅း၂၁) (တ ၂း၄၁)

b) ကြားနာခြင်းအားဖြင့်ယုံကြည်ခြင်း။ (မ ၄း၂၀) (ရော ၁၀း၁၇)

♦ ကျွန်ုပ်တို့သည်နှုတ်ကပတ်တော်အားဖြင့်ဒုတိယမွေးခြင်းကိုခံကြရ၏။(၁ပေ ၁း၂၂-၂၃) ကျွန်ုပ်တို့သည် နှုတ်ကပတ် တော်ကို ကြားနာယုံကြည်ခြင်းအားဖြင့် ထာဝရအသက်ကိုရသည်။ (ယော ၅း၂၄)

2. အသက်ရှင်တော်မူသော နှုတ်ကပတ်တော်သည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်၏။ (ယော ၁း၁၊ ၁၂)

C. ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် နှုတ်ကပတ်တော်ကို လက်ခံသောအခါ၊ အသက်ရှင်သော နှုတ်ကပတ်တော် တည်းဟူသော "ခရစ်တော်" သည် ကျွန်ုပ်တို့နလုံးသားအတွင်း ဝင်ရောက်ကိန်းအောင်းတော်မူလိမ့်မည်။ "ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံ (နှုတ်ကပတ်တော်) ကိုကြား၍ တံခါးကိုဖွင့်အံ (လက်ခံခြင်း) ထိုသူရှိရာသို့၊ ငါဝင်၍ (အသက်ရှင်မူ သော နှုတ်ကပတ်တော်)နှင့် အတူစားသောက်မည်။ သူသည်လည်း ငါနှင့် အတူ စားသောက်ရလိမ့်မည်။(ဗျာဒိတ် ၃း၂၀)

VI. ကယ်တင်ခြင်းနည်းလမ်း၏ဆဋ္ဌမအဆင့်သည်မှီခိုကိုးစားခြင်းဖြစ်သည်။ RELIANCE

A. သင်ကိုးကွယ်သော ဘာသာတရားက သင်ကိုးစားမှီခိုအားထားမှု (RELIANCE) ထက်သာ၍ မကြီးဘူးဆိုပါစို့။ ထိုသို့ ဆိုလျှင် ကောင်းကင်နိုင်ငံရောက်ဖို့ သင်ဘာကို ကိုးစားမည်နည်း။

B. အချို့သောသူများသည် ဗတ္တိဇံခံခြင်း(baptism)၊ ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း(good works)၊ အသင်းတော် တစ်ပါးပါး၌ အသင်းသားအဖြစ်ပါဝင်ခြင်း(church membership)၊ ကိုယ်ကျင့်တရား ကောင်းမွန်ရန်ကြိုးစားခြင်း (morality)၊ ဖြောင့်မတ်တည်ကြည်ခြင်း(sincerity)အစရှိသည်တို့အပေါ် ကိုးစား မှီခိုနေတတ်ကြသော်လည်း၊ ဤလုပ်ဆောင်ချက်များ ကျွန်ုပ်တို့ကို ကယ်တင်ခြင်းပေနိုင်သည်ဟူ၍ ကျမ်းစာ၏ မည်သည့်နေရာတွင်မျှ ဖေါ်ပြမထားပါ။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့လုပ်ဆောင်ခြင်းကြောင့် မဟုတ်ဘဲ၊ ခရစ်တော် လုပ်ဆောင်ခဲ့သော အရာကြောင့်သာဖြစ်သည်။ (ကယ်တင်ခြင်းရပြီးပါက မိမိ၏ ယုံကြည်ခြင်းကို အကျင့်အားဖြင့် ဖေါ်ပြအသက်ရှင်ရမည်ဖြစ်သည်၊ ကောင်းသောအကျင့်တို့၌ ကျင်လည်ရမည်ဖြစ်သည်။ (မ ၅း၁၆၊ ဇ ၂း၁၀)

C. ကယ်တင်ခြင်းစိတ်ချမှုအတွက် ကျွန်ုပ်တို့သည် သမ္မာတရား၏ အဓိကမဏ္ဍိုင် (၂)ရပ် အပေါ်ကိုးစား ဘို့ရန် လိုပေသည်။ ကျွန်ုပ်တို့မတ်တပ်ရပ်နိုင်ရန် ဘုရားသခင်သည် ခိုင်ခန့်သော မဏ္ဍိုင်ကြီး (၂)ခု အပေါ်ကိုးစား ရပ်တည်နိုင်ရန် ပြင်ဆင်ပေးခဲ့သည်။

1. သမ္မာကျမ်းစာ၏အဆုံးအဖြတ်- The Finality of the Bible!!!

သမ္မာကျမ်းစာထဲတွင် ဘုရားသခင်၏ ကတိတော်ပေါင်း မြောက်များစွာရှိပေသည်။ ဘုရားသခင်၏ နှုတ်ထွက် စကားများဖြစ်၍၊ ခိုင်လုံတည်ကြည်သဖြင့် ကျွန်ုပ်တို့သည် ထိုကတိတော်များကို အရှိအရှိ အတိုင်း ယုံကြည်လက်ခံ၍ ကိုးစားနားထောင်ဘို့လိုသည်။ ဘုရားရှင်၏ နှုတ်ကပတ်တော်များဖြစ်၍၊ သံသယဖြစ်စရာမလို၊ စောဒကတက်စရာ အကြောင်းမရှိဘဲ၊ ပကတိအတိုင်း ချွင်းချက်မရှိ လက်ခံ

ရမည်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အစဉ်အဆက် တည်ကြည်မှုရှိ သည်။

"ယေရှုကိုယုံဖို့ အလွန်ကောင်းသည်။
သူ့ စကားကိုသာ ယုံလိုက်ပါ။
သူ့ ကတိတော်ကိုသာ ရပ်တည်ပါ။
ဒါဟာ ဘုရားရှင်အမှာစကား။

Tis so sweet to trust in Jesus
Just to take Him at His Word,
Just to REST upon His promise,
Just to KNOW, thus saith the Lord."

2. **အမှုပြီးပြီဟုကြွေးကြော်ခဲ့သောခရစ်တော်ဘုရား၏လုပ်ဆောင်ချက်(လက်ဝါးကပ်တိုင်၌)- The Finished Work of Christ.**

(ယော ၁၉း၃၀) တွင် ယေရှုက အမှုပြီးပြီ (IT IS FINISHED) ဟုကြွေးကြော်ခဲ့သည်။ မိန့်တော်မူခဲ့သော ပညတ်တရားအလုံးစုံကို စောင့်ထိန်းလျက် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေခဲ့သည်။ စာတန်မာရိန်တ်၏ တန်ခိုးကိုလည်း ချေမှုန်းနိုင်ခဲ့ပြီ။ အပြစ်၏အခကိုလည်း ပေးဆပ်နိုင်ခဲ့ပြီ။ (sin was paid) ဘုရားရှင်၏ တရားတော်မူခြင်း (God's justice) တွင်လည်း အားရနှစ်သက်တော်မူခဲ့ပြီ။ (satisfied) ဘုရားရှင်၏ သန့်ရှင်းခြင်း (His holiness) သည်လည်း သက်သေထင်ရှားစေခဲ့ပြီ။ (vindicated) ရွေးနှုတ်ကယ်တင်ခြင်း လုပ်ငန်းလည်း ပြီးပြည့်စုံခဲ့ပြီဖြစ်သည်။ (မဿဲ ၁၁း၂၈)

"ငါ့ မျှော်လင့်ခြင်းက ယေရှုမှာ
ယေရှုအသွေးတော်နှင့်ဖြောင့်မတ်ခြင်းသာ။

My hope is built on NOTHING LESS Than Jesus'
Blood and Righteousness."

နိဂုံး - Conclusion:

ကယ်တင်ခြင်းနည်းလမ်း(WAY OF SALVATION) သည် သန့်ရှင်းတော်မူသော ဘုရားသခင်၏ ရှုမြင်ပုံနှင့် မိမိကိုယ်မိမိ ကြည့်မြင်ပြီး၊ အပြစ်အတွက်စစ်မှန်သော နောင်တ(repent)ဖြင့် ဘုရားသခင်ထံ တော် ဦးလှည့်ကာ၊ မိမိကိုယ်မိမိ မကယ်တင်နိုင်ကြောင်း သိမြင်သဘောပေါက်လျက် (realize)၊ ခရစ်တော် တပါးတည်းသာ ကယ်တင်နိုင်ကြောင်း၊ ခရစ်တော်သည် ဘုရားရှင်ဖြစ်ကြောင်းကို သန့်ရှင်းသော ဝိညာဉ်တော်မှ ဖွင့်ပြ (reveal) စေခြင်း၊ နှုတ်ကပတ်တော်အားဖြင့် ယေရှုခရစ်ကိုသိခြင်း၊ ခရစ်တော်ကို ကျွန်ုပ်တို့၏ ကယ်တင်ရှင်အဖြစ် နလုံးသားထဲသို့ ခေါ်ဖိတ်လက်ခံ အသိအမှတ်ပြုခြင်း၊ ဘုရားသခင်၏ ကတိတော်များကို အကြွင်းမဲ့ယုံကြည်ပြီး ကျွန်ုပ်တို့ကိုယ်စား ခရစ်တော် လုပ်ဆောင်ခဲ့သောအမှုတော်မြတ်၌ လုံးဝရပ်တည်ကိုးစားရန် ဖြစ်သည်။ အကယ်၍၊ သင်သည် ကယ်တင်ခြင်းကို မရရှိသေးပါက ယခုအချိန်သည် အကောင်းဆုံး အချိန်ဖြစ်၍ ခရစ်တော်ဘုရားအား

မိမိ၏ ကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ် ယုံကြည်လက်ခံခေါ်ဖိတ် နိုင်ပါကြောင်း ဝေငှလိုက်ရပါသည်။
(ဗျာ ၃း၂၀ "ယေရှုက ငါသည် တံခါးရှေ့ မှာရပ်လျက် ခေါက်လျက်နေ၏၊ အကြင်သူသည် ငါ၏အသံကို ကြား၍ တံခါးကို ဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ ထိုသူနှင့်အတူစားသောက်မည်၊ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။")

ကယ်တင်ခြင်းနည်းလမ်း - သင်ခန်းစာ(၂) မေးခွန်းများ

1. လူများစွာကို ဝိညာဉ်ရေးရာအမြင်မပွင့်လင်းစေရန် မည်သူကကာဆီးပိတ်ပင်ထားသနည်း။ (၃-မှတ်)
   a. ထာဝရဘုရား
   b. မိစ္ဆာဝါဒီဆရာများ - (false teachers.)
   c. စာတန်

2. အပြစ်နောင်တရခြင်း- repentance နှင့်သက်ဆိုင်သော ကျွန်ုပ်တို့ ကိုယ်အစိတ်အပိုင်း ၃-ခုမှာ--: (၃-မှတ်)
   a. စိတ်၊ ခံစားမှု၊ လိုအင်ဆန္ဒ (minds, emotions and will)
   b. ကြားနာမှု၊ စိတ်၊ အမြင် (hearing, minds and eyes.)
   c. လိုအင်ဆန္ဒ၊ ခံစားမှု၊ အကြား (will, emotions and hearing.)

3. သင်ခန်းစာလေ့လာချက်အရ မိမိကိုယ်ကိုအပြစ်သားဖြစ်ကြောင်းမြင်ခဲ့ကြသည့် ဓမ္မဟောင်းကျမ်းမှ လူ၃-ဦး အမည် ကိုရွေးချယ်ပါ။ (၉-မှတ်)
   a. ဒါဝိဒ်
   b. အာဗြဟံ
   c. ဟေရှာယ
   d. အာမုတ်
   e. ဟေဇကိ
   f. ယေရမိ

4. မိမိကိုယ်ကို ကောင်းအောင်လုပ်ခြင်းဖြင့် ကယ်တင်ခြင်းရရှိရန်ကျိုးစားသည်ဟုဆိုရာတွင် အောက်ပါအနက် အဓိပ္ပါယ် ကိုဖော်ဆောင်ခြင်းဖြစ်သည်။ (၃-မှတ်)
   a. ကယ်တင်ခြင်းရသည်။
   b. ကယ်တင်ခြင်းရလုနီးပါးဖြစ်သည်။
   c. ကယ်တင်ခြင်းမရရှိပါ။

5. ကျမ်းစာ (God's Word)တွင် ဖေါ်ပြထားသော လူတို့ ၏စိတ်နလုံးသည်--------: (၃-မှတ်)
   a. စိတ်ကောင်းပြီးလေးစားချင်စဘွယ်ဖြစ်သည်။.

b. စိတ်ထားပုတ်ပြီး အလွန်ကောက်ကျစ်ယုတ်မာသည်။
c. ဘုရားရှင်ကို အစဉ်အမြဲဝတ်ပြုလိုစိတ်ရှိသည်။

6. အပြစ်နောင်တရသင့်သောသူများမှာ----------: (၃-မှတ်)

a. ယေရှုအသက်ရှင်စဉ်ကာလက ရှိခဲ့သော ဂျူးလူမျိုးများသာဖြစ်သည်။
b. ဓမ္မဟောင်းကာလတုံးက အသက်ရှင်ခဲ့သောသူများသာဖြစ်သည်။
c. ဇဝံဂေလိတရားစကားကို ကြားရသောလူအားလုံးဖြစ်သည်။

7. စစ်မှန်သောနောင်တရခြင်းသည်----------: (၃-မှတ်)

a. လူတယောက် က ဘုရားကျောင်းတွင် ရှိုက်ကြီးတငင်ငိုယိုသည့်အခါ သိသာထင်ရှားသည်။
b. လူတယောက် က ဘယ်တော့မှအပြစ်မလုပ်တော့ကြောင်းပြောသည့်အခါ သိသာထင်ရှားလာသည်။
c. Aလူတယောက်က သူ့ အပြစ်နှင့်ပတ်သက်၍စိတ်ထားပြောင်းလာပြီး၊ အပြစ်အတွက်နောင်တရကာ၊ အပြစ်လုပ်ချင်စိတ်နည်းလာခြင်းများ သိသာထင်ရှားလာသည်။

8. သက်သာလောနိမ့်မြို့သားများသည် သူတို့ နောင်တရခြင်းအကြောင်းကို----------: (၃-မှတ်)

a. ရုတ္ထုဆောင်းတုကိုးကွယ်ခြင်းကိုစွန့် လွှတ်ပြီး အသက်ရှင်သောဘုရားကိုကိုးကွယ်ခြင်းဖြင့်ပြကြသည်။
b. မြို့ တွင်းရှိဘုရားကျောင်းများ(temples)အားလုံးကို ဖျက်ဆီးခြင်းဖြင့်ပြကြသည်။
c. ဘာသာမဲ့သီချင်းများ (heathen songs)မဆိုတော့ဘဲ၊ ခရစ်ယာန်သီချင်းများသာ သီဆိုခြင်းဖြင့်ပြကြသည်။

9. လူတဦးအပေါ် baptism ၏အကျိုးသက်ရောက်မှုမှာ---------- (၃-မှတ်)

a. Baptism လုပ်ခြင်းဖြင့် ထိုသူကို ကယ်တင်ခြင်းပေးသည်။
b. Baptism သည် ထိုသူကို ကယ်တင်ခြင်းမပေးနိုင်ပါ။
c. Baptism လုပ်ခြင်းကို ကျော်ဒန်မြစ်တွင်ပြုလုပ်မှသာ ထိုသူကို ကယ်တင်ခြင်းပေးသည်။

10. ပေတရုက ခရစ်တော်သည် အသက်ရှင်သောဘုရား၏သားတော်ဖြစ်ကြောင်းဝန်ခံခဲ့ခြင်းမှာ----- (၃-မှတ်)

a. တမန်တော်များက ထိုကဲ့သို့ ဝန်ခံခိုင်းသောကြောင့်ဖြစ်သည်။
b. ယေရှုပြုခဲ့သော နိမိတ်လက္ခဏာများစွာကိုမြင်တွေ့ ခဲ့ဘူးသောကြောင့်ဖြစ်သည်။
c. ယေရှုသည် မည်သူဖြစ်ကြောင်း သူ့ ကို ဘုရားရှင်ကိုယ်တိုင်ဖွင့်ပြခဲ့သောကြောင့်ဖြစ်သည်။

11. အပြစ်သားများကို ကယ်တင်ရှင်ယေရှုအကြောင်းဖွင့်ပြဖို့ သန့်ရှင်းသောဝိညာဉ်တော်က မည်သည်ကို အသုံးပြုသနည်း။ (၃-မှတ်)

a. သမ္မာကျမ်းစာ
b. ပွဲဒီယိုဇာတ်ကားကောင်းများ
c. မယုံကြည်သူများ

12. ယနေ့ ကာလတွင် ယုံကြည်သူများအခြေပြုရမည့်ပင်မဒေါက်တိုင်ကြီး ၂-ခုမှာ-------: (၆-မှတ်)

a. လက်ဝါးကပ်တိုင်တွင် ယေရှုဘုရားပြုခဲ့သောအမှုတော်
b. ခရစ်တော်ပြုခဲ့သော နိမိတ်လက္ခဏာများ- miracles
c. သမ္မာကျမ်းစာ
d. သမ္မာကျမ်းစာအကြောင်းရေးထားသော စာအုပ်ကောင်းများ

13. ခရစ်တော်ကိုရထားသောသူတဦးက သူကယ်တင်ခြင်းရကြောင်းသိနေရခြင်းမှာ----------: (၃-မှတ်)

a. သူ့ ကိုယ်သူအားရကျေနပ်နေသောကြောင့်ဖြစ်သည်။
b. ကျမ်းစာက ယောဟန် ၁း၁၂-၁၃ တွင်ပြောထားသောကြောင့်ဖြစ်သည်။
c. သူ့ ဘဝကိုကျေနပ်နေသောကြောင့်ဖြစ်သည်။

14. လူတယောက် ကယ်တင်ခြင်းရဖို့ အတွက် လိုအပ်သော အချက် ၂-ချက်မှာ----------: (၃-မှတ်)

a. အပြစ်ကိုနောင်တရ၍ ခရစ်တော်ကို မိမိ၏ ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခြင်း
b. ခရစ်တော်၏ ကယ်တင်ခြင်းတရားနှင့် ခရစ်တော်ကို ယုံကြည်ခြင်း
c. အလွန်ဝမ်းနည်းကြေကွဲခြင်းနှင့် ငိုကြွေးခြင်း

15. Bible က လူသားအားလုံးသည်------: (၃-မှတ်)

a. အပြစ်စီရင်ခြင်းခံရသောအပြစ်သားများဖြစ်ကြောင်းပြောထားသည်။
b. သူတို့ အထဲတွင် ဘုရားကိုကိုးကွယ်လိုစိတ်အငွေ့ အသက် (spark of divinity)များရှိကြောင်းပြောထားသည်။
c. သူတို့ သည် ဘုရားရှင်၏မိတ်ဆွေကောင်းများဖြစ်ကြောင်းပြောထားသည်။

16. ရှင်ပေတရုမှ ဂျူးလူမျိုးများအား စိတ်ပြောင်းလဲပြီးယရှုကိုကိုးကွယ်ဖို့ တိုက်တွန်းသည့်အခါ သူတို့ ၏ -------- (၃-မှတ်)

a. အသိစိတ် ကိုပြောင်းလဲကြဖို့ ပြောဆိုသည်- Intellect
b. ခံစားချက် ကိုပြောင်းလဲကြဖို့ ပြောဆိုသည်- emotion
c. လိုအင်ဆန္ဒ ကိုပြောင်းလဲကြဖို့ ပြောဆိုသည် -will.

17. အပြစ်သားထဲတွင်အောက်ပါအချက်များအရ အပြစ်မှ နောင်တရခြင်း (Repentance)သည် ဖြစ်ပေါ်သည်။ (၃-မှတ်)

a. ဘုရားရှင်၏ကောင်းမြတ်ခြင်းအားဖြင့် - God's goodness.
b. ဘုရားရှင်၏ကျေးဇူးတော်အားဖြင့် - God's grace.
c. ဧဝံဂေလိသတင်းကောင်းဝေငှခြင်းအားဖြင့် - gospel preaching.
d. အထက်ပါအချက်အားလုံးအားဖြင့် - all of the above.

18. သင်သည် စစ်မှန်သောခရစ်ယာန်တဦး ဖြစ်လိုပါက အောက်ပါအချက်တခုခုကို လုပ်ဆောင်ရမည်။ (၃-မှတ်)

a. ခရစ်တော်ကို ယုံကြည်ကိုးစားရမည်။ trust Christ.
b. ရေနှစ်ခြင်းခံရမည်။ be baptized.
c. အသင်းတော်တခုတွင်ပါဝင်ရမည်။ join the church.

အောက်ပါကွက်လပ်များကိုဖြည့်ပါ။

19. အပြစ်မှနောင်တရခြင်းဟူသောစကား၏ အနက်အဓိပ္ပါယ်မှာ( )ဖြစ်သည်။(၅-မှတ်)

20. လူတဦးအနေဖြင့် ကယ်တင်ခြင်းမရမှီ သူသည် ( ) ဖြစ်ကြောင်းသိနားလည်ရမည်ဖြစ်ပြီး၊ သူကယ်တင်ခြင်းရရှိခြင်းမှာ ဘုရားရှင်၏ ( ) ကြောင့်သာဖြစ်သည်။ (၆-မှတ်)

21. ကယ်တင်ခြင်းသည် ( ) ကိုယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏ ( ) ကြောင့်ရရှိသည်။ (၆-မှတ်)

22. ကယ်တင်ခြင်းနည်းလမ်းအတွက် ခြေလှမ်း၆-ချက်ကိုဖေါ်ပြပါ။ (၁၈-မှတ်)

a. _____

b. _____

c. _____

d. _____

e. _____

f. _____

သင်ခန်းစာ (၃)
ကျွန်ုပ်တို့ ၏သုံးပါးတစ်ဆူဘုရား - Our Triune God
သန့် ရှင်းမြင့်မြတ်တော်မူသော သုံးပါးတစ်ဆူ သြဝါဒ - The Doctrine of the Holy Trinity

နိဒါန်း - Introduction

သမ္မာကျမ်းစာ၌ ထာဝရဘုရားသည် တပါးတည်းသောဘုရား (one God) ဖြစ်သော်လည်း ပုဂ္ဂိုလ်သုံးပါး-ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့အဖြစ်ဖေါ်ပြထားပါသည်။ ပုဂ္ဂိုလ်သုံးပါး (trinity) အနေဖြင့် ဖော်ပြထားသော်လည်း substance (ပုဂ္ဂိုလ်)အားဖြင့် တပါးတည်းသာဖြစ်ပါသည်။ ခရစ်ယာန် များအနေဖြင့် သမ္မာကျမ်းစာကို နားလည်သဘောပေါက်ရန် ၊ မိမိယုံကြည်ချက်ကို ခုခံနိုင်ရန် (to defend the faith) နှင့် ဝမ်းမြောက်ဖွယ်ဧဝံဂေလိ သတင်းစကားကို ထိထိရောက်ရောက် ဟောပြောတတ်စေရန် အတွက် ဤနက်နဲသော အရာဖြစ်သည့် သုံးပါးတဆူ အယူဝါဒအကြောင်းကို သေချာစွာနားလည် သဘောပေါက်သည်အထိ လေ့လာ ဆည်းပူးရပါမည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

ယနေ့ကမ္ဘာတွင် ဘုရားသခင်တစ်ဆူတည်းရှိသည်ဟု ယုံကြည်သော အယူဝါဒ(monotheistic) ၃- မျိုးရှိပါသည်။ ၎င်းတို့မှာ ယုဒဘာသာ (Judaism)၊ မဟာမေဒင်ဘာသာ (Islam) နှင့် ခရစ်ယာန်ဘာသာ (Christianity) တို့ဖြစ်သည်။ ဘုရားသခင်၏ ဝမ်းမြောက်ဖွယ်ရာ သတင်းစကား (GOSPEL OF GOD) ကို ဤလောကသို့ ဟောပြောဖြန့်ဝေရာတွင် အခြားသောဘာသာများနှင့် မတူသော ခရစ်ယာန်ဘာသာ၏ တမူထူးခြားချက်ကို နားလည် ထားရမည်ဖြစ်သည်။

ခရစ်ယာန်တို့သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဘုရား သုံးပါး (TRI-THEISM) ကို ကိုးကွယ်သူများဖြစ်သည်ဟူသော စွပ်စွဲချက်များနှင့် ပတ်သက်၍ ပြန်လည်ခုခံချေပ ရှင်းလင်း နိုင်ရန်တွက် ကျွန်ုပ်တို့ပြင်ဆင် ထားရပေမည်။

သမ္မာကျမ်းစာတွင်ဖေါ်ပြထားသည့် တစ်ဆူ (Holy Trinity)ဟူသောအချက်မှာ တဆူတည်းသောဘုရား (one great Divine Being)ကိုသာရည်ညွှန်း ဖော်ပြထားခြင်းဖြစ်ပြီး၊ အခြားသောဘာသာတရားကဲ့သို့ ဘုရားပေါင်း မြောက်များစွာ (polytheism) ယုံကြည်သည့် အယူဝါဒနှင့် ဆန့်ကျင်ခြားနား နေကြောင်း သိရှိထားရမည်။

သခင်ယေရှုသည် ဘုရားစစ်စစ်ဖြစ်ခြင်း (deity of Jesus) နှင့် သန့်ရှင်းသောဝိညာဉ်တော် (Holy Spirit) တို့ ၏ ခြားနား သောသဘောသဘာဝရှိနေမှု (separate personality)ကို ငြင်းပယ်နေကြသော ဘုရား တဆူဝါဒီ (Unitarian) များအား ဖြေကြားနိုင်ရန် ပြင်ဆင်ထားရမည်။

သမ္မာကျမ်းစာ၌ ဖော်ပြထားသော ဘုရားသခင် (God of the Bible)ကို သိရှိနိုင်ရန် ကျွန်ုပ်တို့သည် "ဘုရားသခင်ရှေ့တော်၌ နောင်တရရမည်" (တ ၂၀း၂၁) ၊ သခင်ယေရှုကိုကယ်တင်ရှင်အဖြစ်လက်ခံရမည်။ (ယော ၁း၁၂)၊ "ဝိညာဉ်တော်အားဖြင့် တဖန် မွေးဖွားခြင်းခံရမည်။ (ယော ၃း၅)

ဤသင်ခန်းစာ၏ အဓိကအရေးကြီးသောအချက်မှာ အကယ်၍ သင်သည် သမ္မာကျမ်းစာ၌ ဖော်ပြထားသော ဘုရားသခင်၏အကြောင်း (God of the Bible) ကို သက်သေခံလိုပါက ထိုပုဂ္ဂိုလ်သုံးပါး စလုံး၏ဖွင့်ပြချက်များ (three manifestations) ကို သိရှိခံစား (experience) ယုံသာမက၊ ထိုပုဂ္ဂိုလ်သုံးပါး တို့သည် ဘုန်တန်ခိုးတော်ရှိခြင်း (Glorious)၊ ထာဝရတည်ရှိခြင်း (Eternal)၊ အရာခပ်သိမ်း တပ်စွမ်း နိုင်ခြင်း (Omnipotent)၊ အရာခပ်သိမ်းကို သိတော်မူခြင်း (Omniscient) နှင့်ပြည့်စုံလျက် ချစ်ခြင်းမေတ္တာရှင်ဘုရား ဖြစ်တော်မူခြင်းတို့တွင် တလုံးတဝတည်း ဖြစ်ကြောင်းကို နားလည်ထားရပါမည်။

သင်ခန်းစာ - THE LESSON

I. ကျမ်းစာက တစ်ဆူတည်းသော ဘုရားဖြစ်ကြောင်း ဖော်ပြသည်။THE BIBLE ASSERTS THE UNITY GOD

A. (ဟေရှာ ၄၅း၂၂) - ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါးအခြားသောဘုရားမရှိ။

B. (ဟေရှား ၄၅း၅) - ငါတပါးတည်းသာ ထာဝရဘုရားဖြစ်၏။ ငါမှတပါး အခြားသော ဘုရားသခင်မရှိ။

C. (ဟေရှာ ၄၄း၆) - ငါသည်အဦးဆုံးသောသူဖြစ်၏။ နောက်ဆုံးသောသူဖြစ်၏။ ငါမှတပါးအခြားသော ဘုရားသခင်မရှိ။

D. (၁ တိ ၂း၅)- ဘုရားသခင်တဆူတည်းရှိတော်မူ၏။

E. (၁ ကော ၈း၄) - တဆူတည်းသော ဘုရားသခင်မှတပါး အဘယ်ဘုရားသခင်မျှမရှိ။

F. (တရား ၆း၄) - အိုဣသရေလအမျိုး နားထောင်လော့။ ငါတို့၏ ဘုရားသခင်သည်တဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။

- တဆူတည်းဖြစ်ခြင်း(Unity)သည် ဘုရားသခင်၏ ဂုဏ်အင်္ဂါရုပ်တပါးဖြစ်ပါသည်။ တစ်ဆူတည်းဟူ သော စကား၏ အဓိပ္ပါယ်မှာ ခွဲခြားမရခြင်း(indivisible)၊ ပြည့်စုံခြင်း(perfect being)၊ တာဝရတည်မြဲခြင်း (eternally existing) တို့ကို ခမည်းတော်၊ သားတော်၊ သန့်ရှင်း သော ဝိညာဉ်တော်ပုဂ္ဂိုလ်သုံးပါးဖြင့် ဖော်ပြ တော်မူခြင်း (manifesting) ဖြစ်ပါသည်။
- ကျွန်ုပ်တို့ ၏အဓိကတာဝန်မှာ သုံးပါးတဆူဖြစ်တော်မူသောဘုရားရှင်ကို ကိုးကွယ်ခြင်းအပေါ် အခြေခံ ထား ရန်ဖြစ်သည်။ ငါတို့ဘုရားသခင်တာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။ "သင ၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ (တရား ၆း၄-၅)

II. ကျမ်းစာက တစုတစည်းတည်း ဖြစ်ကြောင်းကို များစွာပြောထားသည်။ THE BIBLE SPEAKS OF MANY MULTIPLE THINGS AS BEING ONE

A. (က ၂း၂၄)- ထိုသူတို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်။

B. (က ၁၁း၆)- ကြည့်ရှုလော့၊ လူတို့ သည်တမျိုးတည်းဖြစ်သတည်း။

C. (၁ ကော ၃း၆-၈) - စိုက်ပျိုးသောသူနှင့် ရေလောင်းသောသူသည် တလုံးတဝတည်းဖြစ်၏။

D. (၁ ကော ၁၂း၁၃) -ငါတို့ရှိသမျှသည် ဝိညာဉ်တော်တပါးတည်းအားဖြင့် တကိုယ်တည်းထဲသို့ ဗတ္တိဇံကိုခံကြ၏။

E. (ယော ၁၇း၂၂)- ထိုသူအပေါင်းတို့သည် ငါတို့ကဲ့သို့ သင်တို့အပေါင်းသည် တလုံးတဝတည်း ဖြစ်ကြ၏။

F. (ဂလာ ၃း၂၈) - သင်တို့ အားလုံးသည် ယေရှုခရစ်၌တလုံးတဝတည်းဖြစ်ကြသည်။

III. ထို့နည်းတူပင် ဘုရားသခင်သည် ပုဂ္ဂိုလ်သုံးပါးအနေဖြင့် မိမိကိုယ်မိမိဖော်ပြသော်လည်း တလုံးတဝတည်းဖြစ်လျက် တစ်ဆူတည်းဖြစ်သည်။ THUS SIMILARLY, GODHIMSELF, WHILE REPRESENTED AS BEING THREE IN MANIFESTATION, IS NEVERTHELESS ONE GOD

♦ အထက်ပါကျမ်းပိုဒ်များတွင် တလုံးတဝတည်း (ONE) ဟူသော စကားလုံးသည် စုပေါင်းညီညွတ်မှုကို ဖော်ပြရာတွင် အသုံးပြုထားသည်။ တညီတညွတ်တည်းဖြစ်ခြင်း (UNITY) သည် တစိတ်တသဘောတည်းဖြစ်ခြင်း (compound unity) ကို ရည်ညွှန်းသည်။ ဥပမာ - သင်တို့သည် တစိတ်တသဘော တည်းဖြစ်၍ .....သူတို့ အားလုံးသည် တစည်းတလုံး တည်းရပ်ကြသည်.....စသည်ဖြင့် ဖော်ပြထားပါသည်။

♦ ဟေဗြဲဘာသာအားဖြင့် (Yasheed) ဟူသော စကားသည် တခုတည်း (THE ONLY ONE)ဟု အဓိပ္ပါယ်ရှိပြီး၊ သုံးပါးတဆူဘုရားသခင် (unity of the Godhead)နှင့်ပတ်သက်၍ မည်သည့်အခါမျှ သုံးလေ့မရှိပါ။ အထက်ပါကျမ်းပိုဒ်များတွင် တွေ့ရသည့်အတိုင်း တစုတစည်းတည်းရှိခြင်း (compound unity) ကိုရည်ညွှန်းရာတွင်သာ သုံးလေ့ရှိသည်။

A. ဘုရားသခင်၏ နာမတော် (Divine name for God)သည် အများကိန်း (plural word)ဖြစ်ပါသည်။
(ကမ္ဘာ ၁း၁) -" အစဦး၌ ဘုရားသခင် (Elohim) သည်" ဟုဆိုရာ၌ Elohim သည် ဗဟုဝုစ်ကိန်း(plural noun)ဖြစ်လျက် သုံးပါးတဆူဘုရား (Trinity)ဖြစ်ခြင်းကိုသက်သေအထောက်အထား (prove) မပြနိုင်သော်ငြားလည်း၊ ပုဂ္ဂိုလ်တပါးထက်မက ပါဝင်နေသည်ဟုယူဆနိုင်သည်။ ၎င်းသည် ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏ နာမတော်အဖြစ် အများဆုံး အသုံးပြုထားသည်ကိုတွေ့ ရသည်။

B. ဘုရားသခင်သည် မိမိကိုယ်ရည်ညွှန်းပြောဆိုရာတွင် ဗဟုဝုစ်ကိန်း နာမ်စား (plural pronouns) ကိုအသုံးပြုထား သည်။

1. (က ၁း၂၆)- ငါတို့ပုံသဏ္ဌာန်နှင့် တညီတည်း လူကိုဖန်ဆင်းကြစို့။
2. (က ၃း၂၂)- လူသည် ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍....."
3. (ဟေရာ ၆း၈) - ငါသည် အဘယ်သူကို လွှတ်ရမည်နည်း။ ငါတို့အဘို့ အဘယ်သူသွားမည်နည်း။....."

♦ (က ၁း၂၆) တွင် ဖေါ်ပြထားသောငါတို့ (US)ဟူသော စကားသည် ဘုရားသခင်က ကောင်းကင်

တမန်များ(angels) နှင့် တိုင်ပင်ခြင်း မဟုတ်ပါ။ (ဟေရှာ ၄၀း၁၄) တွင် ဘုရားသခင် "အဘယ်သူနှင့်မျှ မတိုင်ပင်" ဟု ဖော်ပြထားပါသည်။ ဘုရားရှင်သည် လူကို ဖန်ဆင်းသည့်အခါ ကောင်းကင်တမန်၏ ပုံသဏ္ဌာန်နှင့်တူအောင် ဖန်ဆင်းခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်တူအောင် ဖန်ဆင်းတော်မူခြင်း ဖြစ်ပါသည်။

IV. ဘုရားသခင်သည် သုံးပါးတဆူ (တလုံးတဝတည်း) ဖြစ်တော်မူကြောင်းကို ဓမ္မဟောင်း၊ ဓမ္မသစ် နှစ်စောင်လုံးတွင် သွန်သင် ထားသည်။ THAT THE GOD OF THE BIBLE IS A TRIUNE GOD IS TAUGHT IN BOTH THE OLD AND THE NEW TESTAMENTS

A. ဓမ္မဟောင်းကျမ်း - In the Old Testament:

1. ဘုရားသခင်၏ မိမိကိုယ်ကို ပုံသဏ္ဌာန်များစွာဖြင့်ထင်ရှားပြသခြင်း (many theophanies)- ဘုရား သခင်မှ ကောင်းကင်တမန်အဖြစ် ထင်ရှားဖေါ်ပြခြင်း။

   ဥပမာ - ဟာဂရနှင့်တွေ့ဆုံခြင်း (က ၁၆း၇-၁၃); အာဗြဟံနှင့်တွေ့ဆုံခြင်း (က ၁၈); မောရှေနှင့် တွေ့ဆုံခြင်း (ထွက် ၃း၂); ဂိဒေါင်နှင့်တွေ့ဆုံခြင်း (တရားသူကြီး ၆း၁၁) ; ဒါဝိဒ်နှင့် တွေ့ဆုံခြင်း(၂ရာ ၂၄း၁၆)

♦ ဤထင်ရှားဖော်ပြခြင်း (appearances) များသည် ကိုယ်တော်တိုင် လူတို့ ကိုလာရောက်တွေ့ ဆုံခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။

- (က ၃၁း၁၁-၁၃) - "ငါကား ဗေသလအရပ်၏ ဘုရားဖြစ်၏။
- (ထွ ၃း၂-၆) - ငါသည်သင့်အဘ၏ ဘုရားဖြစ်သည်။
- (က ၁၈း၁၃) - ထာဝရဘုရားကလည်း အာဗြဟံကိုပြောသည်။

2. သန့်ရှင်းသောဝိညာဉ်တော်၏ မဟာအမှုတော် - The great ministry of the Holy Spirit
(က ၁း၂၊ ၆း၃၊ က ၄၁း၃၈; ထွက် ၂၈း၃၊ ထွက် ၃၁း၃; တော ၁၁း၁၇၊၂၅)

3. ဘုရားသခင်၏ ဗဟုဝုစ်ကိန်းပါနာမတော်များ - The PLURAL names used for God like ELOHIM.

4. မိမိကိုယ်ကို ညွှန်ရာတွင် ဘုရားသခင်အသုံးပြုခဲ့သော ဗဟုဝုစ်ကိန်းပါနာမ်စားများ(PLURAL pronouns) "ငါတို့ပုံသဏ္ဌာန် နှင့်အညီ တည်း လူကိုဖန်ဆင်းကြစို့ ....."

B. ဓမ္မသစ်ကျမ်း - In the New Testament:

♦ ဓမ္မသစ်ကျမ်းတွင် အပေါ်ယံသက်သက်၊သွယ်ဝိုက်ပြောဆိုခြင်းသက်သက် (intimated or alluded) မဟုတ်တော့ဘဲ သေချာစွာ သွန်သင်ခြင်းဖြစ်ပါသည်။

1. ခရစ်တော်ဗတ္တိဇံခံစဉ်စဉ်တွင် (မ ၃း၁၆-၁၇) - သားတော်ဗတ္တိဇံ (SON is baptized)ခံစဉ်၊ ကောင်းကင်မှ ခမည်းတော်စကားပြောပြီး(FATHER speaks from heaven) ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ဆင်းသက်သည် (SPIRIT descends like a dove) ။

2. အသင်းတော်အား မဟာအမှုတော် (Great Commission)အပ်နှင်းစဉ်(မ ၂၈း၁၉-၂၀) - ဗတ္တိဇံ မင်္ဂလာ

ပေးရာတွင် ခမည်းတော်(FATHER)၊ သားတော်(SON)၊ သန့်ရှင်းသောဝိညာဉ်တော်(HOLY SPIRIT)၏ နာမတော်၌ ပေးရပါသည်။

3. တမန်တော်ရှင်ပေါ်လု ကောင်ကြီးပေးခြင်း (Paul's benediction) (၂ ကော ၁၃း၁၄) - ရာဇ် သခင်ယေရှုခရစ်၏ ကျေးဇူတော် (The grace of the LORD JESUS CHRIST) ၄င်း၊ ဘု ရားသခင်၏ မေတ္တာတော် (the love of GOD the Father) ၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိသဟာရတော် (the COMMUNION OF THE HOLY GHOST) ၄င်း၊ သင်တို့အပေါ်၌ ရှိစေသတည်း။

4. (၁ ပေ ၁း၂) - ခမည်းတော်ဘုရားသခင်၏ ရွေးကောက်ခြင်း(GOD the FATHER elects)၊ သားတော်ယေရှု ခရစ်၏ အသွေးတော် အားဖြင့် ဆေးကြောခြင်း(CHRIST cleanses through His blood)၊ သန့်ရှင်းသော ဝိညာဉ်တော်၏ သန့်ရှင်းရာသို့ ရောက်စေခြင်း(the SPIRIT sanctifies)

5. (ယော ၁၄း၁၆) - ငါ(သားတော်ဘုရား- God the Son) သည် ခမည်းတော် (ခမည်းတော်ဘုရား- God the Father) ကိုတောင်း၍ ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော် (သန့်ရှင်း သောဝိညာဉ်တော် ဘုရား- God the Holy Spirit) တည်းဟူသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့် အတူ အစဉ်မပြတ်တည်နေ စေ ခြင်းငှာ သင်တို့အားပေးတော်မူမည်။.

6. သုံးပါးတစ်ဆူဘုရားကို ကျမ်းတတ်ဆရာ (theologian Boardman) က ယခုလိုသရုပ်ဖော်ခဲ့သည်။ အဖဘုရား ကိုမမြင်နိုင်(Father is the invisible) (ယော ၁း၁၈)၊ သားတော်ကိုမြင်နိုင်သည်(the Son is visible) (ယော ၁း၁၄-၁၈)၊ (ကောလော ၂း၉)၊ သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့ ချက်ချင်းခံစား သိရှိနိုင်သည်။(Holy Spirit is the fullness of the Godhead acting immediately upon us) (၁ကော ၂း၉-၁၀;ဇဖက် ၅း၁၈)

V. သုံးပါးတစ်ဆူဘုရားအကြောင်း သရုပ်ဖော်ရှင်းလင်းချက် - ILLUSTRATIONS OF THE TRINITY

♦ အံ့သြဖွယ်ဘုန်းတန်ခိုးရှိတော်မူသော သုံးပါးတစ်ဆူဘုရား (TRIUNE God)အကြောင်းကို ပြည့်စုံအောင်၊ မည်သူမျှ ရှင်းမပြနိုင်သော်လည်း အောက်ပါသရုပ်ဖော်ချက်များက တနည်းတလမ်း အထောက် အကူပြုပါမည်။



တြိဂံ = အနားသုံးဖက်ရှိသော်လည်း တြိဂံမှာတစ်ခုသာဖြစ်ပါသည်။



သုံးဖက်ချွန်ရွက်(Three Leaf Clover) = အရွက်သုံးရွက်မြင်ရသော်လည်း သစ်ရွက်တစ်ရွက် သာဖြစ်သည်။



ရေဖန်ခွက်သုံးလုံး=အရာသုံးခုဖွင့်ပြထား (manifestation)သော်လည်း၊ ပစ္စည်း(substance)ကတစ် မျိုးတည်းဖြစ်သည်။

အချိန်(TIME) = အတိတ်(past)၊ ပစ္စုပ္ပန်(present)၊ အနာဂတ်(future)

အတိုင်းအတာ(SPACE) = အလျား(length)၊ အနံ(breadth)၊ အမြင့်(height)

နိဂုံး - Conclusion:

အံ့ဩဖွယ်ဘုန်းတန်ခိုးရှိတော်မူသော သုံးပါးတစ်ဆူဘုရား (Triune God) အကြောင်းကို မည်သည့်လူသားမျှ အပြည့်အစုံ နားလည်နိုင်ခြင်းမရှိသည့် နက်နဲသောအကြောင်းအရာ ဖြစ်သော်လည်း သမ္မာကျမ်းစာတွင် သုံးပါးတစ်ဆူဘုရားအကြောင်း ဖေါ်ပြထားပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ထိုသုံးပါးတစ်ဆူ ဘုရားရှင် ရှေ့တော်တွင် ရိုကျိုးနှိမ့်ချစွာပြတ်ဝတ်လျှက် ကိုးကွယ်ကြပါမည်။ ထိုဘုရားအကြောင်းကို သင်ကြားပို့ချ (teach it) ရပါမည်။ ထိုဘုရားအကြောင်းကိုလောကီသားတို့အား ကြေညာ (proclaim) ရပါမည်။ မြတ်နိုးတွယ်တာ (cherish) ရပါမည်။ ပုဂ္ဂိုလ်တော်သုံးပါးသည် တစ်ဆူတည်း (တလုံးတဝတည်း) ဖြစ်သော်လည်း ပုဂ္ဂိုလ်တော်အသီးသီးတွင် ဆောင်ရွက်ရန်အမှု ကိုယ်စီရှိကြသည်ကိုလည်း၊ ထိုပုဂ္ဂိုလ်တော် ၃-ပါး၏အမှုတော်ဆောင် လုပ်ငန်းများ (manifold ministry) ကိုလည်း သိထားခြင်းဖြင့် ကျွန်ုပ်တို့ကို ကယ်တင်တော်မူသော ထိုသုံးပါး တစ်ဆူဘုရားအား ကိုးကွယ်ခွင့်ရခြင်းကို အထူးဝမ်းမြောက်နေကြရမည်။

သုံးပါးတဆူဘုရားအယူဝါဒ - သင်ခန်းစာ (၃) မေးခွန်းများ

1. သုံးပါးတဆူအယူဝါဒသည် အရေးကြီးသည်။အဘယ်ကြောင့်ဆိုသော်-----: (၉-မှတ်)
   a. ခရစ်ယာန်တို့ သည် ဘုရား၃-ပါး (three Gods) ကို ကိုးကွယ်သောကြောင့်ဖြစ်သည်။
   b. ဤဝါဒသည် ရှေးရိုးအသင်းတော်များ၏ ခံယူသောအယူဝါဒ ဖြစ်သောကြောင့်ဖြစ်သည်။
   c. သမ္မာကျမ်းစာတွင်ဖေါ်ပြထားသော (God of the Bible) သောကြောင့်ဖြစ်သည်။

2. ပုဂ္ဂိုလ်တော်များ (persons) ဟု တပါးထက်မက ဖော်ပြငြားသော်လည်း ဘုရားသခင်တဆူတည်းသာ ရှိကြောင်း ဖေါ်ပြသည့် ကျမ်းပိုဒ်ကိုရွေးပါ။ (၉-မှတ်)
   a. ကမ္ဘာ ၁း၇
   b. ကမ္ဘာ ၃း၁၁
   c. ကမ္ဘာ ၁း၂၆

3. အောက်ပါတို့တွင် မည်သည့်ကျမ်းပိုဒ်က ဘုရားရှင်သည် ပုဂ္ဂိုလ်တော် (persons) တပါးထက်မက များကြောင်း သူကိုယ်တိုင်ပြောထားသနည်း။ (၉-မှတ်)
   a. ဟေရှာယ ၆း၈
   b. ထွက်မြောက် ၃း၆
   c. ကမ္ဘာ ၁း၇

4. အီလိုဟင်း(မ်း) (Elohim) ဟူသောအမည်တွင် ဘုရားရှင်သည်---------- (၉-မှတ်)
   a. ပုဂ္ဂိုလ်တော် တပါးတည်းဖြစ်သည်။
   b. ပုဂ္ဂိုလ်တော် တပါးထက်များသည်။
   c. ပုဂ္ဂိုလ်တော် ၃-ပါးဖြစ်သည်။

5. နှစ်ခြင်း (Baptism) ခံရာ၌အသုံးပြုသော ကျမ်းပိုဒ် (မဿဲ ၂၈း၁၉) အရ ဘုရားရှင်သည် သုံးပါးတဆူဘုရားဖြစ်ကြောင်းဖေါ်ပြသည်၊ အဘယ်ကြောင့် ဆိုသော်---------- ။ (၉-မှတ်)

   a. ထိုသူကို ရေထဲနှစ်လိုက်သောကြောင့်ဖြစ်သည်။
   b. နှစ်ခြင်းခံချိန်တွင် သန့် ရှင်းသောဝိညာဉ်တော်သူ ထံဆင်းသက်သောကြောင့်ဖြစ်သည်။
   c. ထိုသူသည် ခမည်းတော်နာမ၊ သားတော်နာမ၊ သန့်ရှင်းသောဝိညာဉ်တော်နာမအားဖြင့် ခံသောကြောင့် ဖြစ်သည်။

6. မိစ္ဆာဆရာများ (false teachers) အချို့ ပြောသော အချက် ၂-ခုကိုရွေးပါ။ (၁၈-မှတ်)

   a. ယေရှုသည် ဘုရားမဟုတ်ပါ။
   b. ကောင်းကင်အဖသည် ဘုရားမဟုတ်ပါ။
   c. သန့် ရှင်းသောဝိညာဉ်တော်သည် ဘုရားမဟုတ်ပါ။

7. ကမ္ဘာ ၁း၆ တွင်ဖေါ်ပြထားသော ငါတို့ (us) ဟူသောနာမ်စား (pronoun) မှဘုရားရှင်၏ ၃-ပါး တဆူအယူ ဝါဒ သဘောသဘာဝ (God's triune nature) ကို မည်သို့ နားလည်သနည်း။(၉-မှတ်)

---

8. ကမ္ဘာ ၁၆း၇-၁၂ တွင် ဘုရားရှင်သည် ဟာဂရ (Hagar) ကို မည်သည့်ပုံသဏ္ဌာန်နှင့်ဖေါ်ပြခဲ့သနည်း။ (၉-မှတ်)

---

9. ယောဟန် ၁၄း၁၆ တွင် ယေရှုဘုရားသည် သုံးပါးတဆူဘုရားမှပုဂ္ဂိုလ်တော်တပါး (triune nature of God's person) အဖြစ်ရှုမြင်ကြောင်းကို မည်သို့ ဖေါ်ပြခဲ့သနည်း။ (၉-မှတ်)

---

10. (၂ကော ၁၃း၁၄)တွင် သုံးပါးတဆူဘုရား၏ ပုဂ္ဂိုလ်တော်များ (persons of God) အကြောင်း ကိုကျွန်ုပ်တို့ အားမည်သို့ ရှင်းပြထားသနည်း။ (၁၀-မှတ်)

သင်ခန်းစာ (၄)
ယေရှုခရစ်တော်ဘုရား၏ ရှင်ပြန်ထမြောက်တော်မူခြင်းဩဝါဒ
The Resurrection of Jesus Christ
ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်၏သက်သေနှင့်ရည်ရွယ်ချက်
It's Proof Power, and Purpose

နိဒါန်း - Introduction

ခရစ်တော်၏သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခြင်း၏ အဓိကအချက်သည် သူ၏လှပသော အသက်တာ (beautiful story of His life) ကြောင့် ထွက်ပေါ်လာခြင်း မဟုတ်ဘဲ၊ သူ၏ရှင်ပြန်ထမြောက်တော်မူခြင်း တန်ခိုးကြောင့်သာ လှပသော အသက်တာ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ပြင်သစ်လူမျိုး ဘုရားမဲ့ ဝါဒီသမား Renan က "မင်းတို့ခရစ်ယာန် တွေဟာအလောင်းကောင် မရှိတော့တဲ့သခိုင်းဂူရဲအုန်နဲ့ အသက်ရှင် နေကြတာပဲ" ဟုပြောဘူးပါသည်။ ဤအချက်သည် တမန်တော် များဟောပြော သွန်သင်ရာတွင် လွှမ်းမိုးထားသော အဓိက ဘာသာရပ် (dominating theme) ဖြစ်သည်။ ခရစ်တော်၏ ဝမ်းမြောက် ဖွယ်သတင်းကောင်းကို ဝေငှသော သူတိုင်းအတွက် ယေရှုခရစ်တော်သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခြင်း၏ စစ်မှန်မှုနှင့် ထူးခြားမှု (reality and significance)ကို အလေး အနက် ထားပြီး သဘောပေါက်အောင် လေ့လာထားရန် လိုအပ်ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- အခြားဘာသာတရားများနှင့်မတူညီသော ခရစ်ယာန်ဘာသာ၏တမူထူးခြားမှု (uniqueness of Christianity) မှာ ယေရှုခရစ်တော်၏သေခြင်းတရားကိုအောင်နိုင်ကြောင်း သက်သေထူသည့် ခန္ဓာကိုယ်အား ဖြင့် ရှင်ပြန် ထမြောက်တော်မူခြင်း (physical resurrection)ဖြစ်သည်။ အခြားသောဘာသာတရားများကို တည် ထောင်ခဲ့သူများမှာမူ ဤကဲ့သို့သေခြင်းမှ ရှင်ပြန်ထမြောက်နိုင်ကြောင်းကို တလုံးတပါဒမျှပြောဆိုခြင်း မရှိခဲ့ကြပေ။

- သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ကိုယုံကြည်ခြင်းသည် ကယ်တင်ခြင်းရရှိရန် မရှိမဖြစ်လို အပ်ချက် ဖြစ်ပါသည်။ (ရော ၁၀း၉)

- ခရစ်တော်၏သေခြင်းမှရှင်ပြန်ထမြောက်ခြင်းသည် ခရစ်ယာန်တို့၏ အခြေခံယုံကြည်ချက် (basic doctrines) ဖြစ်သော အောက်ပါအချက် (၃)ချက် ကိုပိုမိုခိုင်မာ (validates)စေပါသည်။

  - လူဇာတိကိုခံယူတော်မူခြင်း- incarnation (ဟေဗြဲ ၁၀း၅)
  - အပျိုကညာဝမ်းမှမွေးဖွားခြင်း- virgin birth (မာ ၁း၁၈)
  - ကျွန်ုပ်တို့၏အပြစ်များအတွက် အမှန်အသေခံတော်မူခြင်း (actual death for our sins)(၁ကော ၁၅း၃။ ၂ကော ၅း၁၄-၁၅)

❖ ခရစ်တော်၏သေခြင်းမှရှင်ပြန်ထမြောက်ခြင်းက ခရစ်တော်သည် ဘုရားဖြစ်တော်မူခြင်းနှင့် သခင်ဖြစ်တော်မူကြောင်းကို အတည်ပြုပါသည်။ (၁ကော ၁၅း၅၇။ တမန် ၁၆း၃၁။ ရောဝ၊း၄) ထိုသခင် ၏ ဘွဲ့နာမတော်ဖြစ်သော "သခင်ယေရှုခရစ်- THE LORD JESUS CHRIST"ကို သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခြင်း မရှိမှီအချိန်အထိ အသုံးပြုခဲ့ခြင်းမရှိပေ။

❖ ခရစ်တော်သည် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မမူခဲ့ပါလျှင် သူသွန်သင်ခဲ့သော အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ဆိုင်ရာဒေသနာများ (တောင်ပေါ်ဒေသနာများ) (moral and ethical teachings)သည် ထူးခြားမှုရှိမည် မဟုတ်ပေ။

❖ ရှင်ပြန်ထမြောက်တော်မူခြင်းမရှိခဲ့လျှင် ပင်တေကုတ္တေနေ့မှ အံ့သြဘွယ်ရာများဖြစ်ပေါ်လာမည် မဟုတ် ပေ။ (ယော ၁၄း၁၆-၁၇။ ယော ၁၆း၇။ တ ၁း၄-၈) ဓမ္မသစ်ကျမ်းလည်းထွက်ပေါ်လာစရာ အကြောင်း မရှိပေ။ (တ ၁း၁-၂၊ ၁ယော ၁း၁-၂) ။သို့ဖြစ်၍ ရှင်ပြန်ထမြောက်သော တန်ခိုးတော်အားဖြင့် သက်သေ ခံခြင်း၊ ရှင်ပြန်ထမြောက်သော အသက်တာသစ်နှင့် အသက်ရှင်ခြင်း များလည်း ဖြစ်နိုင်မည်မဟုတ်ပေ။ (ဖိ ၃း၁၀။ တ ၁း၈။ ရော ၆း၄)

❖ ဓမ္မသစ်ကျမ်း တအုပ်လုံးတွင် ဤရှင်ပြန်ထမြောက်တော်မူခြင်းအလွန်အရေးကြီးကြောင်းကို အကျယ် တဝင့် ဖော်ပြထား သည်။

- ထိုအချက်အရေးကြီးကြောင်း အကြိမ်ပေါင်း (၁၀၀)ကျော် ဖော်ပြထားသည်။
- ဧဝံဂေလိကျမ်းလေးကျမ်းကိုရေးသူ(Gospel writers) ၄-ဦးစလုံး ထိုအကြောင်းကို တညီတညီး (one event treated) ရေးထားသည်။
- တမန်တော်ဝတ္ထုတွင် တရားဟောချက်အတို (၂၀)ခန့်ရှိသည့်အနက် (၁၃)ခုသည် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကိုသာ အလေးပေးရှင်းပြထားသည်။
- ရှင်ပေါလုသြဝါဒစာ (Pauline epistles)၏ အဓိကအချက် (central theme)သည် ရှင်ပြန်ထမြောက်ခြင်းအကြောင်းဖြစ်သည်။

❖ အကယ်၍ ခရစ်တော်သာရှင်ပြန်ထမြောက်ခြင်းမရှိခဲ့လျှင် အလွန်ကြောက်မက်ဖွယ် ဆုံးရှုံးမှုများ ဖြစ်ပေါ် လာ မည်ဖြစ်ကြောင်း ရေးသား ဖော်ပြထားသည်။(၁ကော ၁၅း၁၂-၁၉)

❖ အကယ်၍ရှင်ပြန်ထမြောက်ခြင်းမရှိခဲ့ပါလျှင်.....

- ခရစ်တော်သည် ထမြောက်တော်မမူ (အငယ် ၁၃၊ ၁၆).
- တမန်တော်ကြီးများဟောပြောခဲ့သမျှသည် အဓိပ္ပါယ်မရှိ(meaningless)၊ လေကုန်ပြီးအာခေါင် ခြောက်ယုံ (waste of breath)သာ ဖြစ်မည်။ (၁ယ်-၁၄)
- ခေတ်အဆက်ဆက် သန့်ရှင်းသူများ၏ ယုံကြည်ချက်တို့မှာလည်း အချည်းနှီး(vain)ဖြစ်လျက်၊ အကျိုး မဲ့(hollow thing) ဖြစ် ပေမည်။ (၁ယ်-၁၄)
- သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအကြောင်း ဟောပြောခဲ့ကြသော တမန်တော်ကြီးများနှင့် တရား ဟော ဆရာကြီး များသည် လူလိမ်များ(liars)သာဖြစ်ပါမည်။ (၁ယ် -၁၅) (မှားယွင်းပြောဆိုသူ။

လှည့်စားသူ။ အညာမိသူ (သို့ မဟုတ်) ထို့ ထက် ဆိုးသည့် လူလိမ်သာဖြစ်ပါမည်။)

- တမန်တော်ကြီးများသည် ဘုရားသခင်ကိုဆန့်ကျင်၍ မမှန်သောသက်သေခံများ (false witness) သာဖြစ်ပါမည်။ (၎ယ်-၅၅)
- သခင်ယေရှုကိုယုံကြည်လျက်သေလွန်ခဲ့သူအားလုံးသည် ဘယ်သောအခါမျှ ထမြောက်ကြမည် မဟုတ်ပေ။ (၎ယ် ၁၅-၁၈)
- ယုံကြည်သူအားလုံး၏ ယုံကြည်ချက်တို့သည် မိုက်မဲမှု (foolishness)သက်သက်သာဖြစ်ပါလိမ့်မည်။ (၎ယ်-၁၇)
- သေလွန်ပြီးသောယုံကြည်သူများလည်း အပြစ်နှံထဲ၌သေကြရသောကြောင့် ထာဝရပျက်စီးဆုံးရှုံးကြမည်။ (၎ယ် ၁၇-၁၈)
- ခရစ်ယာန်တို့သည် အပြစ်လွှတ်ခြင်းကျေးဇူးကိုမခံရဘဲ၊ အပြစ်နှံထဲ၌ပင် ရှိနေကြဦးမည်ဖြစ်သည်။ (၎ယ် ၁၇)
- မည်သူအတွက်မျှ မျှော်လင့်စရာမရှိ၊ အနာဂတ်မရှိ၊ ကောင်းချီးမင်္ဂလာမရှိဘဲ၊ သချိုင်းတွင်းသည်သာ လူတို့၏ နောက်ဆုံး လမ်းဆုံးပင်ဖြစ်ပါသည်။ (၎ယ် ၁၉)
- ယုံကြည်သူများသည် လိမ်လည်လှည့်ဖျားခြင်းခံရသူများ(deceived and miserable)ဖြစ်လျက် လောကတွင်ဆုံးရှုံးမှုအကြီးဆုံး ပုဂ္ဂိုလ်များဖြစ် သဖြင့် သနားစရာကောင်းသူများဖြစ်ပါမည်။(၎ယ် ၁၉)

❖ ခရစ်တော်သေခြင်းမှရှင်ပြန်ထမြောက်ခြင်းမရှိလျှင် ဖြစ်လာမည့်အနာဂါတ်ရေးရာများ-Further results if Christ did not rise from the dead:

- ခရစ်တော်သည်သူ၏ နောက်တော်သို့လိုက်ခဲ့သူများအား လိမ်လည်လှည့်ဖျားခဲ့သူဖြစ်ပါ
- ပင်တေကုတ္တေပွဲနေ့သည် စိတ်ကူးယဉ်မှု(wild imagination)သာဖြစ်ပါမည်။
- ခရစ်ယာန်တို့၏ တွေ့ကြုံခံစားမှုများသည်လည်း စိတ်ကူးများ(delusion)သာဖြစ်ပါမည်။
- သမ္မာကျမ်းစာသည် မှားယွင်းပြီး ဒဏ္ဍာရီပုံပြင်စာအုပ်မျှသာဖြစ်မည်။
- အပြစ်တရား(Sin)အတွက် ဖြေလွှတ်နိုင်သောအဖြေ(solution)မရှိပါမည်။
- ကမ္ဘာလောကကြီးသည် မျှော်လင့်ချက်မဲ့သောကမ္ဘာသာဖြစ်ပါမည်။
- ထာဝရကာလ(Eternity)သည် ကြောက်မက်ဖွယ်ကောင်းသော အမှောင်ထုသာဖြစ်ပါမည်။

သင်ခန်းစာ - THE LESSON

I. ရှင်ပြန်ထမြောက်တော်မူကြောင်းသက်သေအထောက်အထားများ PROOFS OF THE RESURRECTION

A. ခရစ်တော်၏အလောင်းတော်သချိုင်း၌ မရှိတော့ခြင်းနှင့်ကိုယ်ခန္ဓာအားဖြင့် ရှင်ပြန်ထမြောက်ခြင်း အချက်။

ခရစ်တော်ရှင်ပြန်ထမြောက်ရာတွင် ဝိညာဉ်သာရှင်ပြန်ထမြောက်ပြီး ကိုယ်ခန္ဓာသည် သချိုင်းတွင်း၌ပင် ကျန်ရစ်ခဲ့ သည်ဟု မှားယွင်းစွာသွန်သင်မှုများရှိနေပါသည်။ ဓမ္မသစ်ကျမ်းစာပါ ဇဝံဂေလိကျမ်းချက်များ၏ ဖော်ပြချက်သည် အထက်ပါအဆိုနှင့် လုံးဝဆန့်ကျင်နေပါသည်။

1. "သူသည်ဤအရပ်၌မရှိ"ဟူသော ကောင်းကင်တမန်၏ သက်သေခံချက် (မ ၂၈း၆).
2. မိန်းမတို့သည် သခင်ယေရှု၏ အလောင်းတော်ကိုမတွေ့ကြ (လု ၂၄း၃).
3. မာဂဒလမာရိသည် အလောင်းတော်ကိုမတွေ့ (ယော ၂၀း၁-၂).
4. ပေတရုနှင့် ယောဟန်တို့သည်လည်း အလောင်းတော်ကိုမတွေ့ကြ (ယော ၂၀း၃-၇).
5. သချိုင်းတော်ကို စောင့်သောရောမ စစ်သားတို့သည် အလောင်းတော်ကိုခိုးယူခွင့် မပြုပါ။ သချိုင်းတွင်းကို ကျောက်တုံးနှင့်ပိတ်ထားပါသည်။ နောက်ပိုင်းတွင် အစောင့်စစ်သားများကို ငွေပေးပြီး အခိုးခံရ ကြောင်းလိမ်ခိုင်းသည်။ (မ ၂၇း၆၃-၆၆)၊ (မ ၂၈း၁၂-၁၅).
6. သူခိုး ခိုးခံခဲ့ရပါလျှင် အလောင်းတော်ကိုပတ်ရစ်သော အဝတ်ပုဆိုးကို ထိုကဲ့သို့စနစ်တကျ ထားခဲ့ မည် မဟုတ်ချေ (ယော ၂၀း၇).
7. တပည့်တော်များတို့သည် ကိုယ်တော်ကို မှတ်မိလျက်နှင့်ကိုင်တွယ် စမ်းသပ်ခဲ့ကြပါသည်။ ကိုယ် တော်၏လက်၊ ခြေတို့တွင်သံရိုက်ရာဒဏ်ရာများ ထင်လျှက်ရှိနေပါသည်။ (ယော ၂၀း၂၅-၂၇).
8. မိမိသည် တစ္ဆေမဟုတ်ကြောင်း ခရစ်တော်ကငြင်းပယ်ခဲ့ရပါသည်။ (လု ၂၄း၃၉).

B. ရှင်ပြန်ထမြောက်ပြီးနောက် များစွာသော ကိုယ်ထင်ပြမှုများ (ခရစ်တော်၏ ကိုယ်ခန္ဓာအားဖြင့် ထင်ရှားစွာ ဖော်ပြခြင်း) The FACT of the many Christophanies (physical appearances of Christ) after the resurrection:

1. မာရိအားထင်ရှားခဲ့သည်။ (ယော ၂၀း၁၄-၁၈).
2. တပည့်တော် (၁၀) (ten disciples)ပါးတို့အားထင်ရှားခဲ့သည်။ (ယော ၂၀း၂၀).
3. တပည့်တော် (၁၁) (eleven disciples)ပါးတို့အားထင်ရှားခဲ့သည်။ (ယော ၂၀း၂၇-၂၉).
4. ဧမောက်ရွာတွင် (two disciples on the Emmaus road)တပည့်တော် (၂) ပါးတို့အား ထင်ရှားခဲ့သည်။ (လု ၂၄း၁၃-၃၂).
5. တံငါသည်(ishermen)တို့အားထင်ရှားခဲ့သည်။ (ယော ၂၁း၁၂-၁၄).
6. တရိန်တည်းတွင်လူ (၅၀၀) တို့အား ထင်ရှားခဲ့သည်။(၁ ကော ၁၅း၁၆)။ (ထိုလူ ၅၀၀-တို့ အနက် ဤသြဝါဒစာကို ရေးသည့် ရှင်ပေါလု သည်ပင် အသက်ရှင်လျှက်ရှိနေသေးသည်ဖြစ်၍ ရှင်ဓါလုု၏ ရေးသား ချက်မမှန်ခဲ့ပါလျှင် သူ့ အား ငြင်းခုန်ကြမည်သာ ဖြစ်ပါသည်။).
7. ရှင်ပေါလုအား ဒမသတ်မြို့လမ်း(Damascus road)ပေါ်တွင် ထင်ရှားခဲ့သည်။ (တ ၉).
8. သတေဖန်(Stephen)အား ကျောက်ခဲဖြင့် ပစ်သတ်စဉ်မြင်ရ၏။ (တ ၇).
9. ရှင်ပေတရု ထိုယေရှုကို ဘုရားသခင်ထမြောက်စေတော်မူသည်ကို ငါတို့ရှိသမျှသည် သက်သေခံ ဖြစ်ကြ၏။(တ ၂း၃၂).
10. ပတ်မူ(Isle of Patmos)ကျွန်းပေါ်တွင် ရှင်ယောဟန်အားထင်ရှားခဲ့သည်။ (ဗျာ ၁း၉-၁၈).
11. ရှင်လုကာ- အသေခံတော်မူပြီးလျှင် တမာန်တော်တို့အား အရက်လေးဆယ်ပတ်လုံး ကိုယ်ကို ပြ၍ ဘုရားသခင်၏ နိုင်ငံတော်နှင့် စပ်ဆိုင်သောရာတို့ကို မိန့်မြွက်တော်မူလျက် မိမိအ သက်ရှင်သည့် အကြောင် ကို ခိုင်ခံ့သော သက်သေအများဖြင့် ပြတော်မူ၏ (တ ၁း၃)

C. ကျိုးကြောင်းဆက်နွယ်၍ ပေါ်ထွက်လာသောဖြစ်ရပ်များThe Argument from Cause and Effect

1. သခင်ဘုရား၏နေ့ (THE LORD'S DAY)။ (တ ၂၀း၇။ ၁ကော ၁၆း၂။ ဗျာ ၁း၁၀)

♦ ရက်သတ္တတပတ်၏ပထမဦးဆုံးနေ့ဖြစ်သောစနေနေ့ကို စနေဥပုသ်နေ့ (Saturday Sabbath) အဖြစ် ဘိုးစဉ်ဘောင်ဆက်လက်ခံထိန်းသိမ်းလာရာမှ တနင်္ဂနွေဥပုသ်နေ့အဖြစ်သို့ ပြောင်းလဲပြစ်ရန် ဆိုသည်မှာ ခရစ်တော်ကိုယုံကြည်သော ဂျူးလူမျိုး တယောက်အတွက် အလွန်ခဲယဉ်းသောကိစ္စ ဖြစ်သည်။ အဘယ့် ကြောင့်ဆိုသော် စနေဥပုသ်နေ့သည် နှစ်ပေါင်း ၁၄၀၀-ကျော်လိုက်နာခဲ့သည့် မောရှေပဋိညာဉ် (Mosaic Covenant) ဖြစ်သော ပညတ်တော် (Law) ဖြစ်သည့်အတွက် ဂျူးလူမျိုးတို့၏ ဘာသာရေး အတွက် အဓိကကျသောအစိတ်အပိုင်း (major part of their religion)ဖြစ်သည်။ တနင်္ဂနွေ ဥပုသ်နေ့ (Sunday Sabbath)အဖြစ် သတ်မှတ်ပြီးကိုးကွယ်ဝတ်ပြုဖို့၊ တနင်္ဂနွေနေ့တွင် အလုပ်မလုပ် ဘဲဥပုသ်နေ့ကိုစောင့်ထိန်းဖို့ ဆိုသည်မှာ ယုံကြည်မှု ထက်သန်သော ဂျူးတယောက် (devout Jew) အတွက် အင်မတန်စွန့်စားရသော အပြောင်း အလဲ(radical departure)ဖြစ်သည်။

2. ဓမ္မသစ်ကျမ်း(THE NEW TESTAMENT) - ရှင်ပေါလုသည် သေခြင်းမှရှင်ပြန်ထမြောက်တော် မူသော သခင်ဘုရားကို တွေ့ဆုံစကားပြောခဲ့ရသောကြောင့် သြဝါဒစာများရေးသားခဲ့ခြင်း ဖြစ်ပါ သည်။ (တ ၉း၅-၁၅) တမန်တော်ကြီးရှင်ယောဟန်သည် သေခြင်းမှ ထမြောက်တော်မူသော သခင် ဘုရားကို ကိုယ်တိုင်ကြား လျက် ကိုယ်တိုင်မျက်စိနှင့် မြင်လျက် စေ့စေ့ကြည့်ရှု၍ စမ်းသပ်ခဲ့ ပြီးသောကြောင့် ကျမ်းစာကိုရေးရခြင်း ဖြစ်ပါသည်။ (၁ယော ၁း၁-၄)၊ ထို့ကြောင့် ရှင်ပြန် ထမြောက်ခြင်းမရှိခဲ့လျှင် ဓမ္မသစ်ကျမ်းသည် ပေါ်ထွက်လာမည်မဟုတ်ပေ။ ကိုယ်တော်၏ အကြောင်းအရာများ သည်လည်း ကိုယ်တော်နှင့်အတူ သခိုင်း တွင်း၌ မြှုပ်နှံလျက်သာရှိနေပါမည်။

3. ပြောင်းလဲလာကြသော တပည့်တော်များ(TRANSFORMED DISCIPLES) – (မ-၂၆း၅၆၊ တ ၄း၂၈။ ၁၃၊ ၃၁ တို့ကိုနှိုင်းယှဉ် ကြည့်ပါ။) သူရဲဘောကြောင့်၍ ကြောက်ရွံတ့ာတ်သော တပည့်တော် များ(Cowardly, frightened disciples) ၏ဘဝသည် ရဲရင့်၍ ကြောက်ရွံခြင်းကင်းသော သက်သေများ(bold, fearless witnesses)အဖြစ် ပြောင်း လဲသွားကြပါသည်။ အဓိကအကြောင်း ရင်း(great cause)မှာ ရှင်ပြန် ထမြောက်ခြင်းကြောင့်ဖြစ်သည်။

4. ပင်တေကုတေပွဲနေ့ကြီး (PENTECOST) – (ယော ၁၆း၇ နှင့် တ ၁း၅၊၈) ကိုယှဉ်ဖတ်ပါ။ သခင် ယေရှု ဤ လောကမှထွက်ခွါ မသွားလျှင် သန့်ရှင်းသော ဝိညာဉ်တော် မလာရောက် နိုင်ကြောင်း သခင်ယေရှုက အထင်အရှား မိန့်ကြားခဲ့ပါသည်။ ရှင်ပြန်ထမြောက် တော်မူသော ခရစ်တော်သည် သန့်ရှင်းသော ဝိညာဉ် တော် ကိုစေလွှတ်ရန် ဂတိပေးခဲ့ပါသည်။ ထို့ကြောင့် ရှင်ပြန် ထမြောက်ခြင်း မရှိလျှင် ပင်တေကုတွေ့ပွဲနေ့လဲ မရှိ တန်ခိုးလည်းရှိမည် မဟုတ်ပေ။ (without the resurrection – no Pentecost and no power)

5. ခရစ်ယာန်အသင်းတော် (THE CHRISTIAN CHURCH) – အသင်းတော်သည် နှစ်ပေါင်း(၂၀၀၀) ကာလရှိပြီး ဖြစ်သည့်တိုင် ဓမ္မသီချင်းများ၊ ကိုးကွယ် ဝတ်ပြုခြင်းများ၊ အမှုတော်ဆောင်များဖြင့် အောင်ပွဲခံလျက် ရှိနေပါသည်။ အကြောင်းရင်းမှာ သေခြင်းမှရှင်ပြန်လည် ထမြောက်ခြင်းကြောင့် ဖြစ်ပါသည်။

II. ရှင်ပြန်ထမြောက်ခြင်းတန်ခိုး (THE POWER OF THE RESURRECTION)

A. ရှင်ပြန်ထမြောက်ခြင်းက ခရစ်တော်သည် ဘုရားဖြစ်တော်မူခြင်းနှင့် ခပ်သိမ်းသောအမှုတို့ကို တတ်စွမ်းနိုင်ကြောင်းကို ဖော်ပြပါသည်။ (ရော ၁း၄).

B. ခရစ်တော်သည် သေခြင်းမှထမြောက်ခြင်းအားဖြင့် ခပ်သိမ်းသောအရာတို့သည် ပျက်စီးခြင်း၌ အဆုံးသတ်ရမည်ဟူသော နိယာမတရား (laws of decomposition) ကိုငှင်း၊ ကမ္ဘာမြေကြီး၏ ဆွဲငြင်ခြင်း နိယာမတရား (law of gravity) ကိုငှင်း ၊ ကောင်းကင်သို့ တက်ကြွတော်မူခြင်းကိုငှင်း(His ascension)၊ သေခြင်းတရားကိုငှင်း (over death itself)၊ ခရစ်တော်သည် အနိုင်ရအုပ်စိုးတော်မူကြောင်း ဖော်ပြလျက် ရှိပါသည်။ (တ ၂း၂၄။ ၁း၉။ ဖိ ၃း၂၁။ ၁ကော ၁၅း၅၄-၅၇).

C. အပြစ်ကိုဖယ်ရှားလျက် (purge and put away sin)၊ စာတန်၏လုပ်ဆောင်ချက်များနှင့် တန်ခိုးကို ချေဖျက်ပြီး (destroy the works and power of Satan) ကိုယ်တော်ကို ယုံကြည် သောသူ တို့ကို အထံတော်သို့ဆွဲယူရန် တန်ခိုးရှိတော်မူကြောင်းကို သေခြင်းမှရှင်ပြန်ထ မြောက်တော်မူခြင်းဖြင့် လောကီ သား တို့အား အာမခံအတည်ပြုခဲ့ပါသည်။ (ဟေ ၉း၂၆။ ၁ယော ၃း၈။ ဟေ ၂း၁၄)

D. သေခြင်းမှရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်သည် "ကောင်းကင်ဘုံ၌ငှင်း၊ မြေကြီးပေါ်၌ငှင်း စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှကို ငါရပြီ"ဟု မိန့်တော်မူခဲ့ပါသည်။ (မ ၂၈း၁၈-၁၉).

III. သေခြင်းမှရှင်ပြန်ထမြောက်ခြင်း၏ ရည်ရွယ်ချက် THE PURPOSE OF THE RESURRECTION

A. ယုံကြည်လာမည့်သူများအား အသစ်သောအသက်တာ နှင့် ရှင်ပြန်ထမြောက်ခြင်းတန်ခိုး (new life and resurrection power) ကိုပေးရန်ရည်ရွယ်ပါသည်။

1. ယုံကြည်သူတိုင်းသည် ဝိညာဉ်ရှင်ပြန်ထမြောက်ခြင်း (spiritual resurrection) အတွေ့အကြုံကို ရရှိကြပါသည်။ (ရော ၆း၄။ ကောလော ၃း၁)
2. ယုံကြည်သူတိုင်းသည် သခင်ယေရှုကိုသေခြင်းမှရှင်ပြန်ထမြောက်စေသော ဘုရားရှင်၏တန်ခိုးကို ယုံကြည်သူ တိုင်း တွေ့ကြုံခံစားနိုင်ပါသည်။ (ဖိ ၃း၁၀။ ဧ ၁း၁၉-၂၀)

B. စစ်မှန်သောခရစ်ယာန်အသက်တာ ဖြစ်စေရန်ရည်ရွယ်ပါသည်။ ခရစ်ယာန်အသက်တာ ဆိုသည်မှာ ဆက်လက်ရှင်သန် သော (living out) အသက်တာ ဖြစ်သည်၊ ရှင်ပြန်ထမြောက်ခြင်းကို ဖွင့်ပြခြင်း ဖြစ်သည် (manifestation of a risen)၊ ခရစ်တော်ကိုယ်တိုင် ကျိန်းဝပ်သော အသက်တာဖြစ်သည် (in-dwelling Christ)။ (ဂလာ ၂း၂၀-၂၁)

C. ယုံကြည်သူအပေါင်းကို ကိုယ်ခန္ဓာအားဖြင့် ရှင်ပြန်ထမြောက်လျက်(future physical resurrection) မင်္ဂလာရှိသော ထာဝရအသက်ရှင်ခြင်း (blessed, immortal eternity) ကို အာမခံချက် ပေးရန် ဖြစ်ပါသည်။ (၁ကော ၁၅း၂၀၊ ၂၃။ ၁ပေ ၁း၃။ ယော ၁၁း၂၆။ ယော ၁၄း၁၉။ ၁ကော ၁၅း၅၁-၅၇)

D. မိမိအပြစ်ကို နောင်တရ၍ ဇဝံဂေလိတရားကို ယုံကြည်လက်ခံသော သူတို့အား ရှင်ပြန်ထမြောက် သောအသက်တာကို သာမကဘဲ၊ ရှင်ပြန်ထမြောက်သည့် သခင်ကိုပါပေးရန်ဖြစ်ပါသည်။ (ဗျာ ၁း၁၈။ ယော ၂၀း၂၉။ ရော ၁၀း၁၂။ တ ၁၀း၃၆။ ရော ၁း၄။ တ ၂း၃၆).

E. ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်း၌ တည်နေသူများ (our justification) ဖြစ်ကြောင်း သေခြာစွာ သိမြင်ရန်ဖြစ်ပါသည်။ (ရော ၄း၂၅) ဆောင်ရွက်ရမည့်အမှု ပြီးပြည့်စုံပြီ ဖြစ်သောကြောင့် ဘုရားသခင်သည် သခင်ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူပါသည်။ ကျွန်ုပ်တို့အပြစ်အတွက် အပြစ်အခကို ပေးချေပြီး (Our sins had been paid for) ဖြစ်ပါသည်။ ဘုရားရှင်ကို ကျေနပ်စေခဲ့ပါသည်။ (God was satisfied)

F. အပြစ်၏အမှန်တရား (reality of sin) ကို လူတိုင်းသိအောင် ရှင်းရှင်းလင်းလင်း (loudly and clearly) ပြောပြရန်၊ ထို့ကြောင့်လူတိုင်း မိမိအပြစ်အတွက်နောင်တရလျက် ဘုရားသခင်ထံသို့ လှမ်း၍ ထာဝရကာလအတွက် ပြင်ဆင်ရန်လိုအပ်ကြောင်းကို ရှင်းလင်းစွာ ကြေညာရန်ဖြစ်သည်။ (လု ၁၃း၃။ တ ၁၇း၃၀။ လု ၂၄း၄၆-၄၇။ တ ၂း၂၁ ။ ရော ၅း၁၂).

G. ခရစ်တော်ကို ငြင်းပယ်နေကြသော ကမ္ဘာသူကမ္ဘာသားများအား တရားစီရင်မည့်နေ့ရက် (great day of judgment) သည် ရောက်လာမည် ဖြစ်ကြောင်းနှင့် ဘုန်းကြီးသောဧဝံဂေလိ သတင်းကောင်း (glorious gospel) အကြောင်းကို အသေအချာ သတိပေးရန်ဖြစ်ပါသည်။ (တ ၁၇း၃၁။ ယော ၅း၂၂၊ ၂၇။ ဟေဗြဲ ၁၀း၂၆း၂၇)

ယေရှုခရစ်တော်ဘုရား၏ ရှင်ပြန်ထမြောက်တော်မူခြင်းသြဝါဒ - သင်ခန်းစာ (၄) မေးခွန်းများ

1. ရှင်ပြန်ထမြောက်ခြင်း သြဝါဒသည် အလွန်အရေးကြီးသည်၊ အဘယ့်ကြောင့်ဆိုသော်... (အမှန် ၂-ခု ကို ရွေးရန်) (၁၀-မှတ်)

   a. ရှင်ပြန်ထမြောက်ခြင်းအကြောင်းဓမ္မသစ်ကျမ်းတွင် အကြိမ် ၁၀၀-ကျော်ပြောထားသည်။.
   b. ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ခရစ်တော် လက်ဝါးကပ်တိုင်၌ အသေခံခဲ့ကြောင်းပြသည်။ it shows us that Christ died on the cross.
   c. ရှင်ပြန်ထမြောက်ခြင်းက ခရစ်တော်သည် လူမိန်းမ ဝမ်း၌ ဖွါးမြင်ကြောင်းပြသည်။ it shows us that Christ was born of a woman.
   d. ရှင်ပြန်ထမြောက်ခြင်းက ရှင်ပေါလုအား သြဝါဒစာများရေးသားစေခဲ့သည့် အဓိကအကြောင်း ဖြစ်သည်။ Paul made it the main doctrine in the Epistles.

2. တမန်တော်များအားလုံး (Apostles) ဟောပြောသည့်အဓိကအဖြစ်အပျက် (main event) မှာ ..(၅-မှတ်)

   a. ယေရှုခရစ်တော် နှစ်ခြင်းခံခြင်း - the baptism of Jesus Christ.
   b. ယေရှုခရစ်တော် ရှင်ပြန်ထမြောက်ခြင်း - the Resurrection of Jesus Christ.
   c. ယေရှုခရစ်တော် ဖွါးမြင်ခြင်း - the Birth of Jesus Christ.

3. ၁ကော ၁၅း၁၂-၁၉ တွင် ခရစ်တော်သာ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းမရှိလျှင် ဖြစ်ပေါ်လာမည့် အချက်၄-ချက်ကို ရေးပြပါ။ (၂၄-မှတ်)

   A. _____

B. _____

C. _____

D. _____

4. ရှင်ပြန်ထမြောက်ခြင်းသက်သေ ၃-ခုကို ဖေါ်ပြပါ။ Give three proofs of the resurrection. (၂၁-မှတ်)

A. _____

B. _____

C. _____

5. ခရစ်တော်ရှင်ပြန်ထမြောက်ပြီးနောက် လူတို့အား မိမိကိုယ်ကိုဖေါ်ပြခဲ့သော ပုံသဏ္ဍာန်မှာ... Christ showed himself to people after the resurrection as: (၅-မှတ်)

a. ဗုတ်တစ္ဆေ - a Spirit.
b. ခန္ဓာကိုယ်ရှိသောလူပုဂ္ဂိုလ် - a person with a body.
c. ကောင်းကင်တမန် - an angel.

6. ဂျူးလူမျိုးများ ဘုရားဝတ်ပြုသောနေ့ ထူးနေ့ မြတ်မှာ....What was the special day in which the Jews worshipped God? (၅-မှတ်)

a. ဥပုသ်နေ့ - The Sabbath
b. တနင်္ဂနွေနေ့ - Sunday
c. သောကြာနေ့ - Friday

7. ခရစ်တော် သေခြင်းမှရှင်ပြန်ထမြောက်သောကြောင့် ဖြစ်ခဲ့သည့်အဖြစ်အပျက် ၂-ကို ရွေးပါ။ events that happened because Christ rose from the dead. (၁၀-မှတ်)

a. ဗိမာန်တော်ကန့် လန့် ကာ ၂-ခြမ်းကွဲသည်။ The curtain in the temple was torn in two pieces.
b. သန့် ရှင်းသောဝိညာဉ်တော် ပင်တေကုတ္တေနေ့ တွင် ဆင်းသက်သည်။ The Holy Spirit was able to come at Pentecost.
c. အသင်းတော်ပေါ်ပေါက်လာသည်။ The Church came into existence.
d. မြေကြီးတပြင်လုံး မှောင်မိုက်အတိဖြစ်သွားသည်။ Darkness came upon the earth.

8. ရှင်ပြန်ထမြောက်ခြင်းက ခရစ်တော်သည် ဘုရားဖြစ်ကြောင်းဖေါ်ပြသည်။ အဘယ့်ကြောင့်ဆိုသော်..... The resurrection shows that Christ is God because: (၅-မှတ်)

a. ခရစ်တော်သည် သချိုင်းဂူဝကိုပိတ်ထားသော ကျောက်တုံးအားလိုမ့်သွားစေသည်။ He rolled the

stone from the grave.

b. ခရစ်တော်သည် သဘာဝတရားများကို ကျော်လွန်နိုင်သည့်တန်ခိုးရှိသည်။ He had power over the laws of nature.

c. သန့်ရှင်းသောဝိညာဉ်တော်သည် ပင်တေကုတ္တေနေ့တွင် တပည့်တော်များအပေါ်သို့ ဆင်းသက်သည်။ the Holy Spirit came upon the disciples at Pentecost.

9. ရှင်ပြန်ထမြောက်ခြင်း၏ရလာဒ်တခုမှာ....One result of the resurrection is: (၅-မှတ်)

a. ကျွန်ုပ်တို့ အသက်တာသစ်နှင့် ဝိညာဉ်တန်ခိုးကို ရနိုင်သည်။ we can have a new life and spiritual power

b. ယုံကြည်သူသည် အခြားသောဘာသာစကားပြောနိုင်သည်။ the believer can speak in tongues

c. ယုံကြည်သူသည် ခရစ်တော်၌ ရှိသောတန်ခိုးများအားလုံး ရရှိသည်။ the believer has all power like Christ

10. ယုံကြည်သူအတွက် ရှင်ပြန်ထမြောက်ခြင်း ကတိတော်မှာ.....The promise of the resurrection to the believer is: (၅-မှတ်)

a. ယုံကြည်သူက ချမ်းသာကြွယ်ဝခြင်းကိုတောင်းလျှင် ဘုရားရှင်က ပေးလိမ့်မည်။ God will give the believer riches if he asks Him.

b. သူ၏ဖျားနာခြင်းများကို ဘုရားရှင်က ပျောက်ကင်းစေ လိမ့်မည်။ God will cure his sicknesses

c. နောင်ကာလတွင် ဘုရားရှင်က သူ့ကို ရှင်ပြန်ထမြောက်စေလိမ့်မည်။ God will raise him from the dead in the future.

11. အနာဂတ်တွင် မယုံကြည်သူများအတွက် ရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ဆောင်သနည်း ....What does the resurrection mean for the future of the unbelievers? (၅-မှတ်)

a. နောင်ကာတွင် တရားစီရင်ခြင်းရှိလိမ့်မည်။ There will be a judgment in the future.

b. သူတို့သည် ငရဲကျပြီးမှ အပြစ်အတွက်နောင်တရခွင့်ရှိလိမ့်မည်။ They will receive a chance to repent in hell.

c. သူတို့ သည်သေခြင်းနှင့်တမလွန်ဘဝအတွက် စိုးရိမ်သောကမရှိကြပါ။ They do not have to be concerned about death and the future.

သင်ခန်းစာ (၅)
စာတန် - Satan
သူ၏အမှန်ရှိခြင်း၊ မူလဇစ်မြစ်၊ တန်ခိုးနှင့် လမ်းဆုံး
His Reality, Origin, Power and Destiny

နိဒါန်း - Introduction

ဤစက်ဘဝဋ္ဌာကြီးတွင် စာတန်သည် ဘုရားသခင်ပြီးလျှင် တန်ခိုးအကြီးဆုံးဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားသည်။ ယနေ့မြောက်များစွာသော လူတို့သည်စာတန်၏ အကြောင်းကိုရယ်ရွှင်ဖွယ်ရာများ အဖြစ်၄င်း ဟာသအဖြစ်၄င်း (butt of a thousand jokes) ထင်မှတ်နေကြသည်။ သို့သော် စာတန်သည် ရယ်စရာကိစ္စမဟုတ်ပါ။ (Satan is not a joke) စာတန်သည် အမှန်ပင်ရှိနေသည် သာမက လူသားတို့၏ အသက်တာတွင် စာတန်သည် တနည်းမဟုတ်တနည်းဖြင့် ဩဇာလွှမ်းမိုးလျက် (influences) ပင်ရှိနေပါသည်။ ဤအရေးကြီးသော လေ့လာမှုသည် စာတန်ကိုသတိပြုမိရန်နှင့် စာတန်ကိုမည်ကဲ့သို့ အောင်နိုင်ရမည်ကို သင့်အား သွန်သင်ပေးပါလိမ့်မည်။

ဤသင်ခန်းစာ၏အရေးကြီးပုံ - Importance of this Lesson

၁။ ရင်ဆိုင်တိုက်ပွဲအားလုံး၊ မည်သည့်ပဋိပက္ခ (any conflict) တွင်မဆိုရန်သူကိုသိရှိရန်နှင့် ရန်သူ၏နည်းဗျူဟာ၊ မဟာဗျူဟာကို သိရှိရန် အရေးကြီးသည်။

၂။ စာတန်သည် ဘုရားသခင်နှင့် လူသားတို့၏ အဓိကရန်သူဖြစ်ပါသည်။ ထို့ကြောင့် စာတန်ကို သိရှိရန်နှင့် မည်ကဲ့သို့ အနိုင်ယူရမည်ကို သိရန်အထူးအရေးကြီးပါသည်။

၃။ စာတန်သည်လူအများ ခရစ်တော်ထံသို့သွားမည့် လမ်းပေါ်၌ ရပ်လျက်နေပါသည်။ အကယ်၍ စာတန်ကို မကျော်လွှားနိုင်ပါက ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာ (our Christian life)နှင့် ခရစ်တော်အတွက် သက်သေခံခြင်း (witness) ပျက်ပြားအားနည်းလာစေရန် (negate or nullify) လုပ်ဆောင်မည်ဖြစ်သည်။ စာတန်သည်ကျွန်ုပ်တို့ကို အနိုင်ယူဖို့၊ မည်သည့်နည်းလမ်းများ အသုံးပြုသည်ကို လေ့လာသိရှိရန် အလွန်အရေးကြီးသည်။ သို့မှသာ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်ရှိရုံသာမက အောင်မြင်သော ခရစ်ယာန်တယောက်ဖြစ်လာနိုင်မည်ဖြစ်သည်။

၄။ သခင်ယေရှု သွန်းတော်မူသောအသွေးတော်နှင့် အသေခံတော်မူခြင်း (death and shed blood of Christ) အားဖြင့် စာတန်ကိုအောင်နိုင်ခြင်းနှင့်၊ ကျွန်ုပ်တို့အား စာတန်နိုင်ငံနှင့်တန်ခိုးအာဏာ အောက်မှ လွှတ်မြောက်ခွင့်ရခြင်း (deliverance from his kingdom and power) သည် ဘုရားသခင်၏ ကယ်တင်တော်မူခြင်း စီမံကိန်းထဲမှ အချက်တချက်ဖြစ်ပါသည်။ ဤအမှန်တရားကို ဆုတ်ကိုင်ထား (grasp)မှသာ ခရစ်တော်၏ အောင်ပွဲ၌ ကျွန်ုပ်တို့ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်ပါသည်။

သင်ခန်းစာ - THE LESSON

I. စာတန်အမှန်ရှိခြင်း - THE REALITY OF SATAN

မေးခွန်း။ ။ စာတန်ဆိုသည်မှာ ဤလောကကို အနှောက်အယှက်ပေးယုံမျှ (merely an evil influence) သာဆိုလိုခြင်းလော။ သို့မဟုတ် ကျွန်ုပ်တို့ လူသားများကဲ့သို့ အမှန်တကယ်ရှိသောဖန်ဆင်းခြင်းခံရသူ (actually exist as a created being) လော၊ သို့မဟုတ် မဟာတန်ခိုးတော်ရှင်ကြီးလော၊ (person with enormous worldwide power)

A. ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်း ၂-ခုစလုံးတွင် စာတန်အမှန်ရှိကြောင်းနှင့် တန်ခိုးအာဏာရှိကြောင်း အသိအမှတ် ပြုထားပါသည်။

1. ဓမ္မဟောင်းကျမ်းတွင်- In the Old Testament:

a) စာတန်သည် ဧဝကိုလှည့်ဖျား (seduced) ခဲ့ပါသည်။ (က ၃း၁-၆)

b) စာတန်သည် ယောဘကို စွတ်စွဲပြစ်တင်(accused and attacked)ခဲ့ပါသည်။ (ယောဘ ၁း၆-၂း၁၃)

c) စာတန်သည် ဣသရေလ လူတို့ကိုရေတွက်စေခြင်းဌာ ဒါဝိဒ်ကိုတိုက်တွန်း (provoked) ခဲ့ပါသည်။ (၁ရာ ၂၁း၁)

d) စာတန်ဟူသော အမည်သည်လှည့်ဖျားခြင်း (adversary) ဟု အဓိပ္ပါယ်ရှိလျက် ဓမ္မဟောင်းကျမ်းတွင် (၁၇) ကြိမ် ထက်မနည်း တွေ့ရှိရပါသည်။

e) စာတန်အကြောင်းပိုမိုသိရှိရန် ယေဇကေလ ၂၈း၁၂-၁၆ နှင့် ဟေရှာယ ၁၄း၁၂-၁၇ ကိုဖတ်ရှုလေ့လာပါ။

2. ဓမ္မသစ်ကျမ်းတွင်- In the New Testament:

a) စာတန်သည် ခရစ်တော်ကို တောခိုစုံစမ်းခဲ့သည်။ (မ ၄း၁-၁၁။ လု ၄း၁-၁၃) ခရစ်တော်၌ အပြစ်မရှိသည်ဖြစ် ၍ (၁ ပေ ၂း၂၂။ ၂ကော ၅း၂၁) စာတန်သည် ခရစ်တော်ကို အနည်းငယ်မျှပင် အနှောက်အယှက် (mere evil influence) ပေးပြီး မစုံစမ်းနိုင်ခဲ့ပါ။

b) စာတန်သည် ပေတရုကိုတည်ကြည်မှုပျက်ပြားရန် (sifted)ပြုခဲ့သည်။ ဆန်ခါချခဲ့သည်။ (လု ၂၂း၃၁)

c) စာတန်သည် ခရစ်တော်ကိုသစ္စာဖောက်ပြီး ရောမစစ်တပ်သို့ အပ်နှံရန် (betray) ယုဒ (Judas) စိတ်နလုံး၌ အကြံပေးသွင်း၏။ (ယော ၁၃း၂)

d) စာတန်သည် သန့်ရှင်းသောဝိညာဉ်တော်အားလှည့်စားစေခြင်းဌာ အာနနိနှင့် ရှဖိရေ (Annanias and Saphira) တို့၏စိတ်နလုံးကို ပြည့်စေပါ သည်။ (တ ၅း၁-၁၁)

e) စာတန်သည် ပေါလု၏ကိုယ်၌ စူးသောဆူးကိုထည့်ပေး (buffeted) သည်။ (၂ကော ၁၂း၇)

B. ဓမ္မသစ်ကျမ်းကိုရေးသားသူအားလုံးသည် စာတန်အမှန်ရှိကြောင်း (existence and reality) ကိုအသေအချာသိကြောင်း ထင်ရှားပါသည်။

1. မဿဲ (Matthew) – စာတန်အားစုံစမ်းသွေးဆောင်သောသူ (tempter)၊ မျိုးစေ့ကိုနတ်ယူသောသူ၊ တောမျိုးစေ့ ကိုကြဲသောသူ (seed snatcher and the sower of confusion) အဖြစ်မြင်ထားပါသည်။ (မ၊ ၄း၁-၁၁၊ မ ၁၃း၁၉၊ ၃၉)
2. မာကု (Mark) – စာတန်သည် နတ်ဆိုးများ၏ မင်းဗေလဇေဗူလ (Beelzebub, prince of demons) ဟုရှုမြင် ထားပါသည်။ (မာ ၃း၂၂-၂၆)
3. လုကာ (Luke) – စာတန်သည်ဖမ်းစားတတ်သောနတ် (လု ၉း၄၂)။ ချည်နှောင်၍ ရောဂါဖြစ်စေတတ်သူ။ (လု ၁၃း၁၆) ယုံကြည်သူကို ဆန်ခါချသကဲ့သို့ (sift) စုံစမ်းနေသူ (လု ၂၂း၃၁)
4. ယောဟန် (John) – စာတန်သည် မုသာ၏အဘ၊ လူအသက်ကိုသတ်သောသူ (ယော ၈း၄၄)။ ဤလောက ကိုအစိုးရသောမင်း (ယော ၁၂း၃၁)။ မယုံကြည်သူတို့၏ဖခင် (father of unbelievers) (၁ယော ၃း၁၀) လောကတနိုင်ငံလုံးကို လှည့်ဖြားသောသူ (world's deceiver) (ဗျာ ၁၂း၉)
5. ပေါလု (Paul) – စာတန်သည် အာကာသကောင်းကင်၏တန်ခိုးကို အစိုးရသောမင်း (prince of the power of the air) ဖြစ်သည်။ (ဧ ၂း၂) ဤလောကကို အစိုးရသောဘုရား (god of this age) ဖြစ်သည်။(၂ကော ၄း၄)
6. ပေတရု (Peter) – စာတန်သည် ဟောက်သောခြင်္သေ့ (roaring lion) ကဲ့သို့ ယုံကြည် သူများ ကိုရှာဖွေနေ သော ရန်သူ ဖြစ်သည်။ (၁ပေ ၅း၈)
7. ယာကုပ် (James) - စာတန်ကိုဆီးတားရန် ကျွန်ုပ်တို့ ကိုသွန်သင်ထားသည် (ယာ ၄း၇)
8. ယုဒ (Jude) - စာတန်သည် မိမိနေရာယခင်ပထမအရပ် (first estate) ကို စွန့်ပစ်သော ကောင်းကင်တမန် ဖြစ်သည်၊ ကောင်းကင်တမန်မင်းမိကေလ (archangel Michael) ကပင် ကဲ့ရဲ့ပြစ်တင် ခြင်းမပြုဝံ့လောက်အောင် (did not dare rebuke) တန်ခိုးပါဝါရှိနေဆဲဖြစ်သူ (still such a power) ဟု ပြောခဲ့သည်။ (ယုဒ ၆၊၉)

C. နောက်ယှက်လွှမ်းမိုးရုံသက်သက်မဟုတ်ဘဲ စာတန်အမှန်တကယ်ရှိကြောင်းသိနိုင်သော လက္ခဏာများ Characteristics ascribed to him that could only be true of a PERSON AND NOT A MERE INFLUENCE:

1. စုံစမ်းသွေးဆောင်ခြင်း - Tempts (က ၃း၁-၆။ မ ၄း၁-၁၁)
2. မုသာပြောခြင်း - Lies (ယော ၈း၄၄).
3. လူသတ်သမား - Murders (ယော ၈း၄၄)
4. အပြစ်သားတို့ ၏ဖခင် - father of sinners (၁ယော ၃း၁၀).
5. လိမ်ညာလှည့်ဖြားသူ - Deceives (ဗျာ ၁၂း၉).
6. မျက်စိကွယ်စေသည် - Blinds (2 Corinthians 4:4).
7. နည်းလမ်းပေါင်းစုံသုံးရာတွင်ကျွမ်းကျင်သည်။ Uses clever devices (၂ကော ၂း၁၁).
8. စွတ်စွဲပြစ်တင်သည် - Accuses (ဗျာ ၁၂း၁၀).
9. တိုက်ခိုက်ရန်ပြုသည် - Attacks (ယောဘ ၁ နှင့် ၂).
10. ရောဂါဘယများကျရောက်စေသည် - Binds with disease (လု ၁၃း၁၆).
11. ယုံကြည်သူများကို ဆန်ခါချသကဲ့သို့ စစ်ဆေးစုံစမ်းသည် - Sifts (လု ၂၂း၃၁).

D. စာတန်အမှန်တည်ရှိနေခြင်းကို ငြင်းဆန်မရနိုင်သောအဖြစ်အပျက်များ -To deny Satan's existence

is to:

1. ခရစ်တော်အကြောင်း သက်သေခံခြင်းကို ငြင်းပယ်ခြင်း (Negate the testimony) နှင့် ခရစ်တော်ဘုရား စင်စစ်ဖြစ်ခြင်းကိုငြင်းပယ်ခြင်း (deny the deity of Christ) -(မ ၁၃း၁၉)
2. သမ္မာကျမ်းစာ၏အခွင့်အာဏာနှင့်ဂုဏ်သိက္ခာ (integrity and authority of the Bible) အပေါ်မေးခွန်း ထုတ်ခြင်း၊ (ဤအချက်များကို ဓမ္မဟောင်းကျမ်းရော ၊ဓမ္မသစ်ကျမ်း တွင်ပါတွေ့ ရသည်။)

II. စာတန်၏မူအစ - SATAN'S ORIGIN

ဘုရားရှင်သည် စာတန် (devil) ကို ဖန်ဆင်းခဲ့ပါသလား။ အကယ်၍ မဖန်ဆင်းခဲ့ဘူးဟုဆိုလျှင် စာတန် မည်သည့် နေရာကပေါက်ဖွါးလာသနည်း။ ဤကိစ္စနှင့်ပတ်သက်၍ ကျမ်းစာ၏ နေရာ ၂-ခုတွင်ရှင်းလင်းစွာ ပြောထားသည်။

A. ယေဇကျေလ ၂၈း၁၂-၁၇ (Ezekiel 28:12-17)

- ဤကျမ်းပိုဒ်သည် စာတန်အကြောင်းပြောနေရင်းကပင် စိတ်ကတစ်ခြားနေရာသို့ ရောက်သွားလောက်အောင် ဖြစ်စေနိုင်သော အလွန်ထူးခြားဆန်းကျယ်သည့် ကျမ်းပိုဒ်ဖြစ်သည်။ အကြောင်းမှာ ဘုရင်ကြီး တိုင်ယာ (king of Tyre) က စာတန်အကြောင်းကို အတိအလင်းပြောပြလိုသော်လည်း အရိပ်အမြွက် မျှသာဖေါ်ပြ (merely typifies Satan) သည်ကိုတွေ့ရသည်။ ဤကျမ်းပိုဒ်နှင့်အလားတူပင် စာတန်ကြောင်းပြောထားသော ကျမ်းပိုဒ် ၂-ခုကို ကမ္ဘာဦး ကျမ်း နှင့် ရှင်မသဲကျမ်းတွင်တွေ့ ရသည်။ (ကမ္ဘာ ၃း၁၄-၁၅၊ မ ၁၆း၂၃)
- ယေဇကျေလ ၂၈း၁၂-၁၇ တွင် စာတန်အကြောင်းကို အောက်ပါအတိုင်းတွေ့ နိုင်သည်။

1. စာတန်သည် ဖန်ဆင်းခံပုဂ္ဂိုလ်ဖြစ်သည်။ (He was and is a created being) (အငယ် 13, 15).
2. စာတန်သည် ကောင်းကင်တမန် (cherubim) ဖြစ်သည်။ ကောင်းကင်တမန် (celestial or angelic beings) ဆိုသည်မှာ သန့်ရှင်းမြင့်မြတ်တော်မူသောဘုရားရှင်၏ မျက်မှောက်တော်သင်္ကေတများ (symbolized the holy presence of God) ဖြစ်ပြီး၊ ဘုရားရှင်ကို စောင့်ရှောက်ကူညီကြ (protect and support the righteousness of God) သည်။ (Genesis 3:24), ဘုရားရှင်၏သနားခြင်းဂရုဏာ (mercy of God) ကိုပုံဆောင်သည်။ (Exodus 25:22) ၊ ဘုရားရှင်၏အုပ်စိုးခြင်းအာဏာကို ပုံဆောင်သည်။ (government of God) (Psalm 99:1).
3. စာတန်သည် ဘိသိက်ခံသော ကောင်းကင်တမန်ဖြစ်သည်။ (anointed cherubim) (အငယ် 14). ဆိုလိုရင်းမှာ စာတန်သည် ဘုရားရှင်ကခွဲခန့်မှတ်သားထားသော၊ လုပ်ပိုင်ခွင့်တန်ခိုးအာဏာ အပြည့်ရှိသောသူဖြစ်သည်။ (set apart by God with special power and authority) (အငယ် ၁၄) ဘုရားရှင်က ဤအခွင့်အရေး (authority) ကို စာတန်အားပေးထားကြောင်း သတိပြုကြစေလိုသည်။ .
4. စာတန်သည် ယခင်က ဘုရားရှင်ရှိရာ ဥယျာဉ်ကြီး (garden of God) တွင်နေထိုင်သည်။ (အငယ် ၁၃)။
5. စာတန်ကို အလွန်ကြီးကျယ်သောညာဏ်ပညာ (great wisdom) နှင့်ချောမောလှပမှု (beauty) ပေးထားသည်။ (အငယ် ၁၂)
6. စာတန်ကို အဖိုးထိုက်တန်သောကျောက်မြက် ၁၀-မျိုးနှင့်ဖုံးလွှမ်း (covered with 10 precious stones) ထားသည်။ (လူသားတို့ အားအစိုးရခြင်းကို ပုံဆောင်သည်။)
7. စာတန်သည် ဂီတအနုပညာနှင့်ဆက်စပ်နေသည်။ (အငယ် ၁၃) (သူသည် ကျဆုံးသည့် အနေအထားတွင် ရှိသော်လည်း ရှင်သန်လှုပ်ရှားနေဆဲဖြစ်သည်။)

8. စာတန်သည် အစဦးတွင်ပြီးပြည့်စုံသူ (Perfect at the beginning) ဖြစ်ကာ၊ နောက်ပိုင်းတွင် မာန်မာနကြီးလာပြီး၊ ဘုရားရှင်ကို ဆန့်ကျင်ပုံကန် (rebelled against God) လာသောကြောင့်၊ သူအစဦး ရှိနေရာ ဘုရားရှင်ရှိရာ ဥယျာဉ်ကြီး (garden of God) မှနှင်ထုတ်ခြင်းခံရသည်။ (အင်ယ ၁၅-၁၇) (ယုဒ ၆)။

B. ဟေရှာယ ၁၄း၁၂-၁၇ (Isaiah 14:12-17)

♦ ဤကျမ်းပိုဒ်တွင် အောက်ပါတို့ ကို ကျွန်ုပ်တို့ လေ့လာသိရှိနိုင်သည်။

1. သူ၏ အရင်ဦးဆုံးနာမည်မှာ စာတန်မဟုတ်ဘဲ၊ လူစီဖါ (Lucifer)ဟုအမည်ရသည်။ လူစီဖါ၏ အဓိပ္ပါယ်ကား နံနက်သားမိုးသောက်ကြယ် (DAY STAR) ဖြစ်သည်။ (အင်ယ ၁၂)။ ကြယ်များ (Stars)ကို ပုရောဖက်တို့က ကောင်းကင်တမန်များ (angels) အဖြစ်သုံးနှုန်းသည်။ စာတန်သည် တချိန်က ဘုရားရှင် ရွေးကောက်ထားသော လူစီဖါဖြစ်ပြီး၊ ဘိသိက်ခံထားသော(anointed)၊ အကြီးမြတ်ဆုံးသောကောင်းကင်တမန် (highest angel)ဖြစ်သည်။

2. ဤနေရာတွင် လူစီဖါသည် မာနကြီးသူဖြစ်ကြောင်း ယခုလိုတွေ့ရသည်။ (ယေဇကျေလ ၂၈း၁၇ နှင့်နှိုင်း ယှဉ်ပါ) "ငါ"ဟူသော စကားလုံးကို ၅-ကြိမ်တိုင်အောင်သုံးထားသည်ကိုတွေ့ရသည်။ ထိုအထဲတွင် "ငါသည် အမြင့်ဆုံးသော ဘုရား(Most High) နှင့်အတူတူဖြစ်မည်" ဟူသော အချက်လည်းပါသည်။ (အင်ယ ၁၄)

♦ လူစီဖါ (Lucifer) သည်ဘုရားရှင်ကဲ့သို့ ကိုးကွယ်ခြင်းခံလိုသည်။ ထိုအရာကို ယနေ့ တိုင်တမ်းတဆဲ (He still craves it) ဖြစ်သည်။ သူ့ကိုရှိခိုးရန် ခရစ်တော်ကိုပြောခဲ့သည်။ (မ ၄း၉-၁၀) ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မမူမီ သားရဲကိုးကွယ်ခြင်းမှ တဆင့်တလောကလုံး၏ ကိုးကွယ်ခြင်းကို ရယူရန် စာတန်လုပ်ဆောင်ဦးမည် ဖြစ်ပါသည်။ (ဗျာ ၁၃း၈၊ ၁၄-၁၅)

3. စာတန်သည်လူစီဖာ (မိုးသောက်ကြယ်) ကဲ့သို့ပင် ပလ္လင်ပေါ်၌ ထိုင်နေသေးကြောင်း တွေ့နိုင်ပါသည်။ (အင်ယ ၁၃) ထိုပလ္လင်ပေါ်တွင် လောကကိုအစိုးရသောမင်းအဖြစ် စိုးစံနေဆဲဖြစ်ပါသည်။ (He still reigns from his throne as prince of this world) (ဗျာ ၁၃း၁၂-၁၅)

4. စာတန်သည် ကျလေပြီ။ စာတန်၏နောက်ဆုံးဖြစ်အင်တို့ကို ကြုံတင်ပုရောဖက်ပြုထားလေပြီ။ (အင်ယ၁၅-၁၇) (ဗျာ ၂၀း၁၀)

III. စာတန်လှုပ်ရှားနိုင်သောနယ်မြေ- SATAN'S SPHERE OF OPERATION

လူစီဖာဆုံးရှုံးကျဆင်းပြီး (failed and fell) နောက် ယခုသူသည် အဘယ်မှာရှိ သနည်း။ စာတန် လှုပ်ရှားနိုင်သော နယ်မြေ (Satan's sphere of operation) သည် ဤမြေကြီးတပြင်လုံး (entire world) ပါဝင်ပါသည်။

A. ယောဘ ၁း၆-ဘုရားသခင်က "သင်သည် အဘယ်အရပ်ကလာသနည်း" ဟု စာတန်ကိုမေးသည်။ "မြေကြီးပေါ်တွင် လှည့်လည်၍ အရပ်ရပ်သွားလာခြင်းအမှုထဲကလာပါသည်"ဟု စာတန်ပြန် လျှောက်၏။

♦ ၁ပေ ၅း၈ (I Peter 5:8) – စာတန် (Satan) သည် အဘယ်သူကိုဝါးမြိုရမည်နည်းဟူ၍ လှည့်လည် ချောင်းမြောင်းနေသည်။

B. ဇဖက် ၂း၂ - စာတန်လှုပ်ရှားရာ နယ်မြေသည် မယုံကြည်သူတို့၏ စိတ်နှင့်အသက်တာ (hearts and lives of

unbelievers) တွင်ဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ငြင်းဆန်သောသူတို့၌ ပြုပြင်သော ဝိညာဉ်သည် သူပင်ဖြစ်ပါသည်။

C. ဇဖက် ၆း၁၂- စာတန်သည် ၊ မျက်စိဖြင့်မမြင်နိုင်သောနေရာဖြစ်သော ဝိညာဉ်လောက (spiritual, unseen realm) တွင်လှုပ်ရှားနေသည်။ ထိုလောက (realm) ကား ခရစ်တော်နှင့်ကျွန်ုပ်တို့မိသဟာရ ဖွဲ့နေသော ဤလောကပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အာကာသကောင်းကင် (high places or heavenlies) ၌ရှိသော ဝိညာဉ်ဆိုးတို့နှင့် တိုက်လှန်နေကြခြင်းဖြစ်သည်။ (Ephesians 1:3; 2:6).

IV. စာတန်၏တန်ခိုးအာဏာအတိုင်းအဆ- THE SCOPE OF SATAN'S POWER

သူ့အားပေးအပ်ထားသော ဘွဲ့နာမများ (titles)ကိုကြည့်ခြင်းဖြင့် စာတန်၏ တန်ခိုးအာဏာအတိုင်းအဆကို သိရှိနိုင်မည် ဖြစ်ပါသည်။

A. ဤလောကကို အစိုးရသောမင်း - Prince of this World (John 12:31 and 14:30)

1. စာတန်အားရှင်ဘုရင် (KING) ဟုခေါ်ဝေါ်ခြင်းမပြုသည်ကို သတိပြုပါ။ ဤလောကကိုအုပ်စိုးရန် ရှင်ဘုရင်တစ်ပါး ဘုရားသခင်၌ရှိနေပါသည်။ ထိုဘုရင်မင်းမြတ် (KING) မှာ ခရစ်တော်ပင်ဖြစ်ပါသည်။ (ဆာ ၂း၆။ ၂၄း၁၀)

2. မင်းသား (Prince) အနေဖြင့် စာတန်သည် ယနေ့ဤကမ္ဘာလောက၏ အုပ်ချုပ်ရေး (world system)၊ နိုင်ငံရေး (political)၊ ဘာသာရေး(religious)၊ လူမှုရေး (social)၊ ပညာရေးရာ (educational) နှင့် စစ်ရေးစစ်ရာများ (military) တွင် အကြီးအကဲခေါင်းဆောင်ဖြစ်ပါသည်။

♦ ဤအကြောင်းကို အောက်ပါ အချက်များက သက်သေပြလျက်ရှိပါသည်။

a) ဤလောကသည် ခရစ်တော်ကိုမုန်းတီးနေသည်။ (ယော ၁၅း၁၈-၂၅)

b) စာတန်သည် ခရစ်တော်ကို စုံစမ်းသွေးဆောင်စဉ် သူတွင်တန်ခိုးအာဏာရှိသည်ဟုပြောခဲ့သည်။(လု ၄း၅-၇) လောကနိုင်ငံ များကို အုပ်စိုးရသောအခွင့်အာဏာသူ့တွင်ရှိကြောင်း၊ ထိုအာဏာကိုလည်း သူ့အား ပေးထားပြီး ဖြစ်ကြောင်း စာတန်ကကြေညာခဲ့သည်။

c) ဘဝင်မြင့်ခြင်း (pride)၊ လောဘကြီးခြင်း (greed)၊ အင်အားသုံး ၍အနိုင်ကျင့်ခြင်း (force)၊ စစ်အင်အား အသုံးပြုခြိမ်းချောက်ခြင်း (military might)၊ ဓနအင်အားကိုအသုံးပြုခြင်း (materialism)၊ လူမှုရေးကိစ္စများ (secular humanism)၊ အပြစ်ပါသောပျော်ပါးမှုများ (sinful pleasure)၊ တကိုယ်ကောင်း စိတ်ထားများ (selfish ambition)၊စသည် တို့သည် ဤလောကကို ထိန်းချုပ်နေသော စာတန်၏ စနစ်များ ပင်ဖြစ်သည်။

B. အာကာသကောင်းကင်ကို အစိုးရသောမင်း - Prince of the Power of the Air (Ephesians 2:2)

1. စာတန်သည် မျက်စိဖြင့်မမြင်နိုင်သောအရာမှန်သမျှ(all invisible)၊ ဆိုးသွမ်းသောတန်ခိုးမှန်သမျှ (evil powers) တို့၏ ခေါင်းဆောင်ဖြစ်သည်။ (ဇဖက် ၆း၁၂-၁၃၊ ကောလော ၁း၁၆-၁၈။ ၂း၁၅)

2. စာတန်သည် မယုံကြည်သူတို့ (unbelievers) အထဲ၌ အလုပ်လုပ်သော မမြင်ရသည့်ဝိညာဉ် (unseen spirit) ဖြစ်သည်။ (၎ ၂း၂)

3. စာတန်သည် မှောင်မိုက်နိုင်ငံကိုအစိုးရသောမင်းဖြစ်လျက် ထိုသူ၏အုပ်စိုးမှုအောက်မှ ယုံကြည်သူ တို့အား

ကယ်နတ်တော်မူခဲ့ပြီး ဖြစ်သည်။ (ကောလော ၁း၁၃။ တ ၂၆း၁၈။ ဇ ၅း၈)

C. ငါတို့၏ရန်သူ - Our Adversary (1 Peter 5:8-9)

စာတန်ဟူသော အဓိပ္ပါယ်မှာ ရန်သူ (ADVERSARY) ဖြစ်ပြီး၊ ဘုရားသခင်ကို ပုန်ကန်သော နေ့မှစ၍ ယနေ့တိုင်အောင် ဘုရားသခင်ဖက်၌ ရှိသောသူတို့ နှင့် ရန်သူဖြစ်လျက်ရှိပါသည်။

1. ခရစ်တော်နှင့် ဘုရားသခင်၏ ရန်သူ - The adversary of Christ and God (မ ၄း၁-၁၁။ ယော ၁၃း၂၇။ ၂သက် ၂း၄) (အပြစ်သားဖြစ်သော(man of sin)၊ အန္တိခရစ်ဖြစ်သော(Antichrist) စာတန်သည် ဘုရားဟုခေါ် ဝေါသမျှကို တိုက်ခိုက်လျက် ရှိသည်မှာ ယနေ့တိုင်အောင်ဖြစ်သည်။)
2. ၂။ ခရစ်ယာန်များ၏ ရန်သူ - The adversary of Christians (လု ၂၂း၃၁ ၊ ၂ကော ၂း၁၁။ ၂ကော ၁၂း၇)
3. ၃။ လူသားတိုင်းတို့၏ရန်သူ - The adversary of all human beings (ဗျာ ၁၂း၉။ ၂သက် ၂း၉-၁၀။ တ ၂၆း၁၈)

D. လှည့်ဖြားသောသူ - The Deceiver (Revelation 12:9-10)

1. စာတန်သည် လောကတစ်ခုလုံးကို လှည့်ဖြားသည် (deceives the entire world)(ဗျာ ၁၂း၉)
2. စာတန်သည် မုသားကိုသုံးသောသူ(liar)ဖြစ်သည်။ (ယော ၈း၄၄)
3. စာတန်သည် မိမိကိုယ်ကိုလင်းသောကောင်းကင်တမန် (angel of light) ဖြစ်ဟန်ဆောင်လျက် ဖြောင့်မတ်ခြင်း အမှုကို ဧောင့်သူ (minister of righteousness) ကဲ့သို့ ပြုနေတတ်ပါသည်။ (၂ကော ၁၁း၁၃-၁၄)
4. စာတန်သည် မုသာဆရာ (false teachers)၊ မုသာပရောဖက် (lying prophets) တို့ကို ပေါက်ဖွါး စေပါသည်။ (၃ရာ ၂၂း၂၂၊ ၂ပေ ၂း၁-၂။ ၂ကော ၁၁း၁၅).
5. စာတန်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အခွင့်အာဏာ (authority of God's word)ပေါ် ယုံကြည်မှု ပျက်ပြားအောင် ဖျက်ဆီးခြင်း၊ ဘုရားသခင် မိန့်တော်မူချက်တို့၏ မှန်ကန်မှု (integrity of God's character) ကို သံသယဖြစ်စေရန် အခွင့်အလမ်းရှာခြင်းများပြုလုပ်သည်။ (က ၃း၁-၆)

E. မာရ်နတ် - The Wicked One (1 John 5:19)

♦ ယုတ်မာကောက်ကျစ်မှု (wickedness) ဟူသောဝေါဟာရကို မာရ်နတ် (wicked one) အဖြစ် ဘာသာပြန်ဆို သင့်သည်။

1. လောကီသားအပေါင်းတို့သည် မာရ်နတ်၏ လက်၌ (in his grasp) ရှိကြပါသည်။ (၁ယော ၅း၁၉)
2. ထိုနည်းတူစာတန်သည် ဂျူစပါးလယ်ကွက်ထဲ၌ တောမျိုးစေ့ကို ကြဲသောရန်သူ၊ ခရစ်ယာန်လောက (Christendom) တွင် အကြီးအကျယ် ကွဲပြားမှုတည်ဆောက်နေသောသူဖြစ်ပါသည်။ (မ ၁၃း၃၈၊ ၃၉)
3. ထိုနည်းတူအပြစ်သားများ၏ စိတ်နှလုံးထဲမှ နှုတ်ကပတ်တော်မျိုးစေ့ (seed of the Word) ကို ကောက်ယူ သော စာတန် ဖြစ်သည်။ (မ ၁၃း၁၉)
4. ခရစ်ယာန်တို့အား မီးစက်လက်နက် (fiery darts) နှင့် ပစ်ခတ်သောသူလည်းဖြစ်ပါသည်။ (ဧ ၆း၁၆)

F. ဤလောကကိုအစိုးရသောဘုရားThe God of this World, or Age (2 Corinthians 4:4)

♦ While Satan is surely not the true and living God, he is here called by the apostle, "The. စာတန်သည် ဘုရားစစ် ဘုရားမှန်၊ အသက်ရှင်သော ဘုရားသခင် မဟုတ်သော်လည်း တမန်တော်ကြီး ရှင်ပေါလုက စာတန်အား ဤလောကကိုအစိုးရသော ဘုရား (god of this world) ဟုခေါ်ဝေါ် ထားပါသည်။

♦ ကျွန်ုပ်တို့သည် ဘုရားသခင်အား ချီးမြှောက်လျှက်ကိုးကွယ်ဝတ်ပြုသောအခါ စာတန်သည် ထိုကိုးကွယ်မှုကို အာသာငန်းငန်း (craved) ဖြစ်ခဲ့ပါသည်။ "အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည် " (I will be like the Most High) ဟုဆိုခဲ့ သည် မဟုတ်ပါ လော။ (ဟေရှာ ၁၄း၁၄)

1. ခရစ်တော်အား မိမိကို ကိုးကွယ်ရန်စုံစမ်းခဲ့သည်။ He tempted Christ to worship him (Luke 4:7).
2. စာတန်အပေါင်းပါများဖြစ်သော အန္တိခရစ် (Antichrist) ကို လောကတနိုင်ငံလုံး (entire world) သည် ကိုးကွယ် ကြလိမ့်မည်။ (ဗျာ ၁၃း၁၂)
3. စာတန်သည် ဇဝံဂေလိတရား အစစ်အမှန်ကို သိမြင်လာသည့်အခါ၊ ခရစ်တော်ကို ကိုးကွယ်လာကြမည်ဖြစ်သောကြောင့် အပြစ်သားဖြစ်သော လောကီလူသားတို့ ၏ဝိညာဉ်မျက်စိကိုဖုံးကွယ်ထား (Satan blinds sinners to the nature of the true Gospel) ပါသည်။ (၂ကော ၄း၄)
4. စာတန်သည် လောကသားများအပြစ်နှင့်လောကီပျော်မွေ့ခြင်းကို နှစ်သက်လာစေရန် စွမ်းဆောင်လိုက်နိုင်တိုင်း၊ ဘုရားသခင်ကိုသာ ကိုးကွယ်ရမည့်အရာကိုသူလုယူနိုင်ပြီ (he robs God of the worship) ဖြစ်သည်။ (John 3:19; 2 Timothy 3:4).
5. ယနေ့ သန်းပေါင်းများစွာသောသူတို့ (Millions today) သည် စာတန်ကိုကိုးကွယ်နေကြပြီးဖြစ် ပါသည်။

G. စာတန်၏တန်ခိုးအာဏာများအကျဉ်းချုပ် - A summary of Satan's power as it relates to:

1. အပြစ်သားများကိုထိန်းချုပ်ထားသော စာတန်၏တန်ခိုးအာဏာ - The sinner:

(က) ဉာဏ်မျက်စိ ကွယ်စေသည် - Blinds (၂ကော ၄း၄)
(ခ) ဖမ်းဆီးချုပ်နှောင်သည်။ Holds captive (၂တိ ၂း၂၆)
(ဂ) တန်ခိုးအောက်၌ထားသည်။ Has you in his power (၁ယော ၅း၁၉။ တ ၂၆း၁၈)
(ဃ) သင်နှင့် သင့်အသက်တာကို အုပ်စိုး၍ လုပ်ဆောင်သည်။ Works in you and controls your life(ဧ ၂း၂)
(င) သင့်ကို ဆန့်ကျင်သည်။ Opposes you(၂သက် ၂း၄)
(စ) သင့်ကိုလှည့်ဖြားသည်။ Deceives you(ဗျာ ၁၂း၉)
(ဆ) ကောင်းကင်နိုင်ငံမဝင်ရအောင်တားသည်။ Keeps you out of heaven (ဆာ ၉း၁၇။ ၂၅း၄၁)

2. သန့်ရှင်းသူများကိုထိန်းချုပ်ထားသော စာတန်၏တန်ခိုးအာဏာ - The saint:

(က) သင့်ကို ပရိယာယ်အားဖြင့် လှည့်စားသည်။ Entices you (က ၃း၁-၆။ ၂ကော ၁၁း၃)
(ခ) သင့်ကို စမ်းသပ်သည်။ Tries you (ယောဘ ၁း၂)
(ဂ) သင့်ကို မျိုရန်ရှာသည်။ Seeks to devour you (၁ပေ ၅း၈)
(ဃ) သင့်အပေါ်အခွင့်အရေးယူသည်။ Takes advantage of you (၂ကော ၂း၁၁)
(င) သင့်ကို တိုက်ခိုက်သည်။ Attacks you (ဧ ၆း၁၀-၁၇)
(စ) သင်လိမ်ညာတတ်အောင်လုပ်ပေးသည်။ Causes you to lie (တ ၅း၁-၄)
(ဆ) အပြစ်တင်သည်။ Accuses you (ဗျာ ၁၂း၁၀)

(ဇ) ဒဏ်ခတ်သည်။ Buffets you (၂ကော ၁၂း၇)

(စျ) ဆန်ခါချသကဲ့သို့ ဖြောင်းဆန်အောင်လုပ်သည်။ Sifts you (လု ၂၂း၃၁)

V. စာတန်ကိုမည်ကဲ့သို့အနိုင်ယူရမည်နည်း။- HOW TO COPE WITH AND DEFEAT SATAN

(က) ပထမဦးစွာသင်သည် ယုံကြည်သူတစ်ဦးအနေဖြင့်၊ သင့်အထဲ၌ရှိသောသူသည် စာတန်ထက် တန်ခိုးကြီးသူ ဖြစ်ကြောင်း (someone within you who is greater than Satan) မိမိကိုယ် မိမိ သတိ ပေးပါ။

(ခ) ဒုတိယအနေဖြင့် သင်သည်ယုံကြည်သူတစ်ဦးဖြစ်၍ စာတန်၏တန်ခိုးသည် လက်ဝါးကပ်တိုင်ပေါ်မှာ ချေဖျက်ခြင်း ခံခဲ့ရပြီးဖြစ်ကြောင်း (Satan's power was crushed at the cross) ခံယူပါ။ (ဟေဗြဲ ၂း၁၄။ ၁ယော ၃း၈။ ကောလော ၂း၁၅) ကျွန်ုပ်တို့သည် ခရစ်တော်ပြုပြီးသော အောင်မြင်မှု၌ ဝင်စားလျက် ကျွန်ုပ်တို့ကိုယ်တိုင်အ တွက် အောင်မြင်မှုအဖြစ် ခံယူနိုင်ပါသည်။

(ဂ) ခရစ်တော်၏ အသွေးတော်နှင့် သက်သေခံချက်များအားဖြင့် စာတန်ကိုအနိုင်ယူနိုင်ကြောင်း (we can defeat Satan through the blood of Christ and the word of our testimony.) သတိရပါ။ ကျွန်ုပ်တို့၏ သက်သေခံချက်အားဖြင့်လည်း အနိုင်ယူနိုင်ပါသည်။ သွန်းတော်မူသော အသွေးတော်ကို အားကိုးပါ။ သင်သည် ဘုရား သခင်ဘက်မှ ရဲရင့်ခိုင်မာစွာပြောကြားပါ။ (ဗျာဒိတ် ၁၂း၁၁)

(ဃ) စာတန်အားဆီးတားတွန်းလှန်သည့်အခါ သူသည် ကောက်ကျစ်သူဖြစ်ကြောင်း (coward) တွေ့ နိုင်ပါသည်။ ပြန်၍ တိုက်ထုတ်တတ်အောင်လေ့ကျင့်ပါ။ (ယာ ၄း၇၊ ၁ပေ ၅း၉) ။

(င) ဓါး (sword)၊ ဒိုင်းလွှားနှင့် (shield) ဆုတောင်းခြင်း (prayer) (ဧဖက် ၆း၁၆-၁၈) သမ္မာကျမ်းစာသည် ဝိညာဉ်တော်ဓါးဖြစ်သည်(Bible is the sword of the Spirit)။ စာတန်အား ဓါးဖြင့်ခုတ်နိုင်ရန် သမ္မာကျမ်းစာ ကိုလေ့လာပါ။ စစ်မှန်သောယုံကြည်ခြင်းဖြစ်သော ဒိုင်းလွှားနှင့် (shield of genuine faith) ဇွဲမလျော့စတမ်း ဆုတောင်းခြင်း (earnest prayer) ကို အားပြုပါ။

(စ) ဘုရားသခင်၏လက်နက်စုံကိုဝတ်ဆင်ခြင်း (ဧဖက် ၆း၁၀-၁၇) (၂ကော ၁၀း၄) ငါတို့ စစ်တိုက်၍ သုံးစွဲသော လက်နက်သည် ဏာတိပကတိလက်နက်မဟုတ် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် မြို့ရိုး၊ မြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်သည်။

(ဆ) အကယ်၍ သင်သည် မယုံကြသည်သူ (unbeliever) ဖြစ်ပါက ခရစ်တော်၏ဇံဝေလိတရားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် မှောင်မိုက်တန်ခိုးမှလည်းကောင်း စာတန်၏တန်ခိုးမှလည်းကောင်း၊ ကယ်နှုတ်ခြင်းခံရပြီးဖြစ်ကြောင်း သတိပြုပါ။ (ဟေဗြဲ ၂း၁၄။ ၁ယော ၃း၈။ တ ၂၆း၁၈။ ကောလော ၁း၁၃)

VI. စာတန်၏နောက်ဆုံးနှင့်သွားရာလမ်း SATAN'S FINAL DOOM AND DESTINY

(က) စာတန်သည်နောက်ဆုံးအချိန်အထိတိုက်နေမည်ဖြစ်သည်။ အာမေဂဒုံစစ်ပွဲတွင် (final Battle of

Armageddon) ခရစ်တော်အား နောက်ဆုံး အကြိမ် အဖြစ် တိုက်ခိုက်မည်ဖြစ်ပါသည်။ (ဗျာ ၁၉း၁၉)

(ခ) ဤစစ်ပွဲကြီး ပြီးဆုံးသောအခါ တန်ခိုးကြီးသော ကောင်းကင်တမန်သည် အဆုံးမရှိသော တွင်းနက်ကြီး (bottomless pit) ထဲသို့ စာတန်အား အနှစ်တထောင်ပစ်ချထားမည်ဖြစ်သည်။ (ဗျာ ၂၀း၁-၂။ ဟေရှာ ၁၄း၁၅)

(ဂ) ခရစ်တော်သည် အနှစ်တထောင် စိုးစံပြီးနောက် စာတန်ကိုခေတ္တခဏ ပြန်လွှတ်ပါမည်။ (ဗျာ ၂၀း၇) ထို့နောက် ခရစ်တော်ကိုပြန်၍ တိုက်ခိုက်ရန်ကြိုးစားပါမည်။ သူ၏တပ်မတော်ကို ဖျက်ဆီးပြီးသူ့အား မီးအိုင်ထဲ (lake of fire) သို့ပစ်ချပါမည်။ ထိုအရပ်တွင်သူသည် ထာဝရကာလပတ်လုံး နေမည်။ (ဗျာ ၂၀း၉-၁၀)

နိဂုံး - Conclusion:

စာတန်သည် အလွန်ကြောက်မက်ဖွယ်ရန်သူ ဖြစ်သော်ငြားလည်း၊ ဘုရားရှင်သည် ကျွန်ုပ်တို့အတွက် သစ္စာရှိသောတန်ခိုးရှင်မိတ်ဆွေ (faithful and almighty friend)ဖြစ်နေဆဲဖြစ်သည်။ လူသားတို့သည် အသက်ရှင်ခြင်းနှင့်သေခြင်း (life and death)၊ ကောင်းချီးမင်္ဂလာနှင့် ကျိန်ခြင်းအမင်္ဂလာ (blessing and cursing)၊ အလင်းနှင့်အမှောင် (light and darkness)၊ ကောင်းကင်နှင့်ငရဲ (heaven and hell)၊ စာတန်နှင့်ယေရှုခရစ်တော် (Satan and Christ)၊ ကြုံကရာရွေးချယ်ပိုင်ခွင့် ပေးထားပါသည်။ အသက်ရှင်ခြင်း၊ သေခြင်း၊ ကောင်းကြီးပေးခြင်း၊ ကျိန်ခြင်း တို့ကိုသင့်ရွေ့၌ ငါထားသည်ဟု သင့်တဘက်၌ ကောင်းကင်မြေကြီးကို ငါတိုင်တည်၏။ (တရား ၃၀း၁၉) ချစ်သားတို့၊ သင်တို့သည်ဘုရားသခင်နှင့် စပ်ဆိုင်ကြ၏။ ထိုသူတို့ကိုလည်း အောင်ကြပြီ။ အကြောင်မူကား၊ သင်တို့ဘက်၌ရှိသောသူသည် လောက ဘက်၌ရှိသော သူထက် သာ၍ကြီးတော်မူ၏။ (၁ယော ၄း၄) လွတ်မြောက်သူ (emancipated) ဖြစ် သောကြောင့်ငင်း၊ ရှင်သန်ထမြောက်သော ခရစ်တော်၌အသက်ရှင်ရသည့်အတွက်ငင်း (live in the power of a risen Lord) ဝမ်းမြောက်ရွှင်လန်းပါ။

စာတန် - SATAN မေးခွန်းများ (သင်ခန်းစာ - ၅)

1. စာတန်အကြောင်းကို ယုံကြည်သူများ အဘယ့်ကြောင့် လေ့လာဖို့ လိုအပ်သနည်း။ (၄-မှတ်)
   a. စာတန်သည် ယုံကြည်သူဖြစ်မလာအောင် ဟန့်တားနေသောကြောင့်။ Because he stops people from becoming Christians.
   b. စာတန်သည် ယုံကြည်သူများ၏ ရန်သူဖြစ်သောကြောင့်။ Because he is the believer's enemy.
   c. ခရစ်တော်သည် စာတန်ကိုအနိုင်ရပြီးဖြစ်သောကြောင့်။ Becaise Christ won over Satan.
2. စာတန်သည် မည်သည့်နေရာမှ လာသနည်း။ (၄-မှတ်)
   a. ငရဲတွင် ကြီးပြင်းလာသည်။ He grew up in hell.
   b. အမှောင်ကမ္ဘာထဲမှလာသည်။ He came from the darkness.
   c. ကောင်းကင်တမန်အဖြစ် ဘုရားရှင်ဖန်ဆင်းထားသူဖြစ်သည်။ He was created by God as an angel.
3. စာတန်၏ ပထဦးဆုံးနာမည်ကား အဘယ်နည်း။ (၄-မှတ်)
   a. ဂါဗြေလ Gabriel

b. လူစီဖါ Lucifer
c. မိုင်ကေလ Michael

4. ကောင်းကင်ဘုံတွင် စာတန်ကျူးလွန်ခဲ့သောအပြစ်ကားအဘယ်နည်း။ (၄-မှတ်)

a. စာတန်သည် အလွန်ဆိုးသွမ်းသည်။He was very cruel.
b. စာတန်သည် လိမ်ညာလှည့်ဖြားသူဖြစ်သည်။ He was a liar.
c. စာတန်သည် မာနကြီးသူဖြစ်သည်။ He was proud.

5. မည်သူတို့ အပေါ်စာတန်အုပ်စိုးနေသနည်း (၄-မှတ်)
a. ယုံကြည်သူများ Believers
b. မယုံကြည်သူများ Unbelievers
c. ကောင်းကင်တမန်များ Angels

6. နောက်ဆုံးတွင် ယေရှုဘုရားသည် စာတန်ကို ဘာလုပ်မည်နည်း။ (၄-မှတ်)

a. စာတန်ကို ခွင့်လွှတ်မည်။ He will forgive him.
b. စာတန်ကို ငရဲမီးအိုင်ထဲသို့ ချပစ်မည်။ He will put him in the Lake of Fire.
c. စာတန်ကို ကောင်းကင်ဘုံတနေရာတွင်ထားမည်။ He will put Satan in a special place in heaven.

7. စာတန်သည် ယုံကြည်သူတို့ အသက်တာထဲတွင် မည်သို့ လုပ်ဆောင်နိုင်သနည်း။ (၂၀-မှတ်)
အောက်ပါစာကြောင်းများ၏ရှေ့ တွင် ဆီလျော်သော ကျမ်းပိုဒ်အမည်ကိုရေးပါ။

_____ စာတန်သည် ယုံကြည်သူများကို စုံစမ်းသွေးဆောင်သည်။ He tempts the believer.

_____ စာတန်သည် ယုံကြည်သူများဒုက္ခခံစားရအောင်လုပ်သည်။ He causes believers to suffer.

_____ စာတန်သည် ယုံကြည်သူများကို လိမ်ပြောတတ်အောင်လုပ်သည်။ He causes believers to lie.

_____ စာတန်သည် ယုံကြည်သူများကို ဘုရားရှင်မျက်မှောက်တွင် ဆန့် ကျင်သည်။ He talks against the believer before God.

a. Revelation 12:10
b. 2 Corinthians 11:3
c. Acts 5:1-4
d. Job 1 and 2

8. အောက်ပါကျမ်းပိုဒ်များက စာတန်အကြောင်း မည်သို့ ဖေါ်ပြထားသနည်း။ (၁၂-မှတ်)ဘWhat do the following Scripture verses tell us about Satan? (You may use your Bible) (Value 12 points)

a. Ephesians 2:2 _____

b. John 8:44 _____

c. Luke 4:7 _____

9. အောက်ပါတို့ အနက် စာတန်၏စရိုက်လက္ခဏာများအနက် စာတန်သည် ပုဂ္ဂိုလ်ဖြစ်ပြီး၊ အနောက်အယှက်ပေးရုံသက်သက်မျှထက်ပိုမိုကြောင်း ဖေါ်ပြသော အချက် ၃-ချက်ကို ရွေးပါ။ (၁၂-မှတ်)

   a. လူ့ အသက်ကိုသတ်သည်။ He murders
   b. လိမ်ညာသည်။ He lies
   c. စွတ်စွဲပြစ်တင်သည်။ He accuses
   d. တိုက်ခိုက်သည်။ He attacks
   e. စုံစမ်းသွေးဆောင်သည်။ He attempts

10. အောက်ပါစာရေးဆရာများက စာတန်အကြောင်းကို မည်သို့ ပြောထားသနည်း။ (၂၀-မှတ်)

   a. Mark, Mark 3:22-26_____

   b. Paul, Ephesians 2:2_____

   c. Peter, 1 Peter 5:8_____

   d. Jude, Jude 6-9 _____

11. ယုံကြည်သူများသည် စာတန်စုံစမ်းခြင်းခံရသည့်အခါ လုပ်နိုင်သော အရာ ၃-ခုကိုဖေါ်ပြပါ။ (၁၂-မှတ်)
Name three things the believer can do to win when Satan tempts. (Value 12 points)

   a. _____

   b. _____

   c. _____

သင်ခန်းစာ (၆)
ဘုရားရှင်မှုတ်သွင်းထားသော နှုတ်ကပတ်တော်
The Verbal Inspiration of the Bible

နိဒါန်း - Introduction

ကမ္ဘာဦးအစနှင့်လူသားမျိုးနွယ်စတင်ပေါ်ပေါက်လာပုံ (origin of man and creation) ကို တွေးခေါ် ပညာရှင်မျိုးစုံက သူတို့ ၏အယူအဆများကို တင်ပြခဲ့ကြသည်။ သို့ သော်လည်း- မည်သူမျှ အပြစ်တရား (sin)၊ ခွင့်လွှတ်ခြင်း (forgiveness)၊ ကယ်တင်ခြင်း (salvation)၊ ထာဝရအသက် (immortality) စသည့် မေးခွန်းများနှင့် ပတ်သက်သည့် အဖြေကို မဖြေရှင်းနိုင်ခဲ့ကြပေ။ တနေ့တွင် ဘုရားရှင်သည် ဤပြဿနာ အားလုံး ကို ဖြေရှင်းပေးနိုင်မည့် ဖွင့်ပြချက် (divine revelation) ကို လူသားတို့အားပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဂရိတွေးခေါ်ရှင် ပလေတို (Plato) ကိုယ်တိုင် သူ၏လိုအင်ဆန္ဒကိုဖေါ်ပြခဲ့သည်။ သမ္မာကျမ်းစာသည် ထိုပြဿနာများ၏အဖြေဖြစ်နေသောကြောင့် ကျေးဇူးတင်ပါ၏အဖဘုရား။

ယခုအချိန်မှစပြီး သင်သည် ကောင်းသောစာအုပ် (good book) ဖြစ်ယုံမက၊ ဘုရားရှင်၏စာအုပ် (God's book) ကို လေ့လာရန် အစပြုနေပေပြီ။ သမ္မာကျမ်းစာသည် ဘုရားရှင်မြွက်ဟချက်နှုတ်ကပတ်တော် များပါဝင် နေခြင်းမျှသာမကဘဲ၊(not just contain the Word of God) ဘုရားရှင်မြွက်ဟချက်အားလုံးကို ရေးထားသည့် ကျမ်းစာ (it IS the Word of God in its entirety) ဖြစ်သည်။ အကွာရာဝိဂ္ဂာ တလုံးစီ တိုင်းကို ဘုရားရှင် ကိုယ်တော်တိုင်မှုတ်သွင်း ထားသော (God-breathed)၊ အပြည့်အဝစိတ်ချရသော (fully trustworthy)၊ ယုံကြည်ကိုးစားနိုင်သော (reliable) ကျမ်းစာတော်မြတ်အား ဆင်ခြင်နှလုံးသွင်းကြပါစို့ ။

ဤသင်ခန်းစာ အရေးကြီးပုံ - Importance of this Lesson

သမ္မာကျမ်းစာကို ဘုရားရှင်၏နှုတ်ကပတ်တော်အဖြစ်ကျွန်ုပ်တို့ သည် စွဲစွဲမြဲမြဲ ယုံကြည်ထားရမည်။ ထောင်ပေါင်း များစွာသော တက္ကသိုလ်ပါမောက္ခများသည်ကျောင်းသား-သူများအား ပြည့်စုံမှန်ကန်သော သမ္မာကျမ်းစာကို ဖျက်ဆီးရန်ကြိုးစားလုပ်ဆောင်နေကြသည်။ ဘုရားရှင်အားလွန်ကျူးစွာပြောဆိုသူများ (Blasphemers)၊ အဆိုးမြင်ဝါဒီ (cynics), အကောင်းမမြင်သူ (skeptics), ဘာသာမဲ့များ (atheists) ၊ ခရစ်တော်၏ရန်သူများ (enemies of Christ) သည် ယခင်နှင့်မတူ တနေ့ တခြားများပြားလာသောကြောင့်၊ သင်နှင့်ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ကာကွယ်ဖို့လိုလာပြီဖြစ်သည်။ ဤအချက်သည်ပင် ဤသင်ခန်းစာ လေ့လာဖို့အရေးကြီးကြောင်း ပြသနေသည်။

သင်ခန်းစာ - THE LESSON

I. ဖွင့်ပြခြင်း၏ အနက်အဓိပ္ပါယ် - DEFINITION OF REVELATION

အကန့် အသတ်မဲ့သော (infinite) ဘုရားရှင်အကြောင်းကို၊အကန့် အသတ်ရှိသော (finite) လူသားက၊ နားလည် အောင်ကြိုးစားလုပ်ဆောင်ခြင်းမှာ ဖြစ်နိုင်ချေမရှိပါ။ လူ့ အနေဖြင့် ဘုရားရှင်အကြောင်း သိဖို့၊ ဘုရားရှင်ကိုယ်တိုင်

ဖွင့်ပြမှသာဖြစ်ပေမည်။ ဘုရားရှင်ဖွင့်ပြသည့် နည်းလမ်း၂-မျိုးရှိသည်။ အထွေထွေဖွင့်ပြခြင်း (general revelation) နှင့် အထူးဖွင့်ပြခြင်း(special revelation) ဖြစ်သည်။ အထွေထွေဖွင့်ပြခြင်းဆိုသည်မှာ လူသားတို့အား အချိန်တိုင်း-နေရာတိုင်း (at all times and in all places) ဘုရားရှင်ကိုယ်တိုင် သူကိုယ်သူ ဖွင့်ပြခြင်းဖြစ်သည်။ အထူးဖွင့်ပြခြင်းဆိုသည်မှာ ယေရှုခရစ်နှင့်နှုတ်ကပတ်တော် (Jesus Christ and His Word) တို့ ၌ ဘုရားရှင်ကိုယ်တိုင်သူ့ ကိုယ်သူဖွင့်ပြသည်။

A. အထွေထွေဖွင့်ပြခြင်း- General Revelation

1. သဘာဝတရားအားဖြင့် - Through nature.

ဘုရားရှင်ဖန်ဆင်းထားသော အံ့သြဘွယ်များ၊အနုစိတ်လက်ရာများ(intricacies) ကိုကြည့်ခြင်းအားဖြင့်၊ ဘုရားရှင်ရှိကြောင်းသိသော်ငြားလည်း၊ ဘုရားရှင်၏ပုဂ္ဂိုလ်တော်(God personally) ကိုမူ မည်သူမျှမသိကြပေ။ (Psalm 19:1; Romans 1:20).

2. သမိုင်းအချက်အလက်အားဖြင့် - Through history.

သမိုင်း (history) ဆိုသည်မှာ ဘုရားရှင်အကြောင်း(His story) ဖြစ်သည်ဟူ၍ လူများ မကြာခန ပြောလေ့ရှိကြသည်။ သမိုင်းဆိုင်ရာအပြောင်းအလဲများ ၊ အချက်အလက်များသည် ကမ္ဘာဦးအစ ဆီသို့သာ နောက်ဆုံးစုရုံးသွား ကြရသည်။ အစွမ်းရေးနိုင်ငံသမိုင်းကြောင်းတည်ရှိမှုသည် ကမ္ဘာဦးကတည်းမှ ကြိုတင်စီစဉ်ထားသော၊ သမိုင်းဆိုင်ရာအပြောင်းအလဲများ၊ အချက်အလက် များအရဖြစ်လာခြင်းဖြစ်သည်။

3. လူကိုဖန်ဆင်းခြင်းအားဖြင့် - Through the creation of man.

ခန္ဓာ (physical) ၊ စိတ် (mental) ၊ ကိုယ်ကျင့်တရား (moral) ရှိသော လူကို ကြည့်ခြင်းအားဖြင့် ဘုရားရှင်ရှိကြောင်းသိနိုင်သည်။ လူ (Man)သည် ဘုရားကဲ့သို့ပင် အမှန်-အမှား(right and wrong) ကိုသိသည်။ အခြေခံအားဖြင့် လူသည် ဘာသာတရားသိသူ (religious being) ဖြစ်သည်။ ဘုရားကို ကိုးကွယ်လိုသည်မှာလည်း လူသား၏ သဘာဝပင်ဖြစ်သည်။ ရှေးဦးလူသားများ (primitive tribes) သည်ပင် သူတို့အနေဖြင့်ကိုးကွယ်စရာ (deity) ဟုထင် သော၊ကျောက်တုံး(stone)၊သစ်ပင် (tree)၊လူပုဂ္ဂိုလ် (another person)များကို ကိုးကွယ်ကြသည်။ (Acts 14:15-17; Acts 17:22-31).

B. အထူးဖွင့်ပြခြင်း- Special Revelation

အထူးဖွင့်ပြခြင်းဆိုသည်မှာ ဘုရားရှင်သည် သူ၏သားတော်ယေရှုခရစ်အားဖြင့်ငင်း (His Son Jesus Christ) (Hebrews 1:1,2) သူ၏နှုတ်ကပတ်တော် သမ္မာအားစာဖြင့်ငင်း (His Word, the Bible) သူ့ကိုယ်သူ ဖွင့်ပြခဲ့သည်။ ခရစ်တော်၏လုပ်ဆောင်ချက် (The work of Christ) က အဖဘုရားနှင့် သူ၏ နှုတ်ကပတ်တော်(the Father and His Word, the Bible) ကိုဖေါ်ပြသည်။ ဒုတိယအချက်အားဖြင့် လူသားတို့အားကယ်တင်ခြင်းပေးရန် ခရစ်တော်ကြွလာခဲ့သည်။(Luke 19:10) လူသားအဖြစ်ကြွလာသော ယေရှုခရစ်တော်သည်ပင်လျှင် သူ ဘုရားဖြစ်ကြောင်းကို အပြည့်စုံဆုံးဖွင့်ပြချက်(complete revelation) ဖြစ်သည်။ (1 John 1:1).

II. မှုတ်သွင်းတော်မူခြင်းအနက်အဓိပ္ပါယ် - DEFINITION OF INSPIRATION

မှုတ်သွင်းတော်မူခြင်း (inspiration)ဆိုသည်မှာ ဘုရားရှင်ပြောစေလိုသောအရာများကို တသွေမတိမ်းမှတ်တမ်း

တင်ရန် ကျမ်းစာရေးသူများ (writers of the Scriptures)အပေါ် သက်ရောက်သော သန့်ရှင်းသော ဝိညာဉ်တော်၏လွှမ်းမိုးမှု ရေးစေခြင်း (influence of the Holy Spirit) ကိုဆိုလိုသည်။ ထိုသူများရေးခဲ့သော အရာများသည် ဘုရားရှင်၏နှုတ်ကပတ်တော်(Word of God) ဖြစ်သည်။ (2 Peter 1:20,21; 2 Timothy 3:16). ကျမ်းစာများသည် ကမ္ဘာဦးအစက အာဒံကိုအသက်ဝိညာဉ်မှုတ်သွင်းသကဲ့သို့ ဘုရားရှင် ကိုယ်တော်တိုင် မှုတ်သွင်းသော နှုတ်ကပတ်တော်ဖြစ်သည်။(Genesis 2:7). ဤသို့ဆိုခြင်းဖြင့် ကျမ်းစာရေးသူများသည် သူတို့ကို ရေးခိုင်းသည့်အတိုင်း လိုက်ရေးသည့် စာရေးစာချီ (secretaries) မျိုး အဖြစ်မမှတ်ယူသင့်ပေ။ ကျမ်းစာရေးသော သူတို့ကို သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းအားဖြင့်သာ ရေးသားနိုင်သော ဆုကျေးဇူး (gift) ဖြစ်သည်။

III. အခွင့်အာဏာ - AUTHORITY

သမ္မာကျမ်းစာ၏အခွင့်အာဏာ(authority of the Scriptures)ဆိုသည်မှာ လူသားတို့ အတွက် ဘုရားရှင်၏အလိုတော် ဖေါ်ပြချက်(expression of God's will)ဟူ၍ ကျွန်ုပ်တို့ နားလည်နိုင်သည်။ ထိုအခွင့်အာဏာက မည်သည်ကိုယုံကြည်ရန်နှင့်လိုက်နာရန်(believe and practice)ကျွန်ုပ်တို့ အား ပြောပြသည်။ ထို့ကြောင့် သမ္မာကျမ်းစာသည် ယုံကြည်ခြင်းနှင့်လိုက်လျောက်ခြင်း (faith and practice) တို့ အတွက် ပေးထားသော ယုံကြည်သူတို့၏အခွင့်အာဏာ(believer's authority)ဖြစ်သည်။ အခွင့် အာဏာရှိသူသည် သူ့လက်အောက်တွင် ရှိသူများအားအမိန့်ပေးစေခိုင်းနိုင်သော အခွင့်အာဏာရှိသည်။ **ဥပမာ-** စစ်တပ်တာတပ်တွင်ရှိသော စစ်ဗိုလ်သည် သူ၏ စစ်သားများကို အမိန့် ပေးစေခိုင်းနိုင်သော အခွင့် အာဏာရှိသည်။သမ္မာကျမ်းစာသည်လည်း ယုံကြည်သူ များကို ထိုသို့ ညွှန်ကြားနိုင်သော အခွင့်အာဏာ အပြည့်အဝရှိပေသည်။

IV. မဖေါက်မပြန်နိုင်ခြင်းနှင့်မမှားယွင်းနိုင်ခြင်း - INERRANCY AND INFALLIBILITY

မဖေါက်ပြန်နိုင်ခြင်း၊ မမှားယွင်းနိုင်ခြင်းဟူသော အဓိပ္ပါယ်မှာ သမ္မာကျမ်းစာသည် အမှားအယွင်းနှင့်ကင်းသည် (Scriptures are free from all errors) ဟူ၍ဖြစ်သည်။ မဖေါက်ပြန်ခြင်းနှင့်မမှားယွင်းခြင်း (Inerrancy and Infallibility) တို့ သည် ဒဂ်ီးပြား၏ခေါင်းနှင့်ပန်းကဲ့သို့ တခုနှင့်တခု ဆက်စပ်ပတ်သက်နေ သော ဩဝါဒ (doctrine of inspiration) ဖြစ်သည်။ ဘုရားရှင်၏ထူးခြားသောလက္ခဏာကား မှုတ်သွင်း တော်မူသော နှုတ်ကပတ်တော်သည် အမှားအယွင်းကင်းခြင်းဖြစ်သည်။ (John 3:3).

မှတ်ချက် - သမ္မာကျမ်းစာမှန်ကန်ကြောင်း သက်သေ ၇-ချက် (seven witnesses to the Inerrancy of the Bible) ကို အောက်ပါအတိုင်းလေ့လာမှတ်သားနိုင်သည်။

V. ခရစ်တော်၏သက်သေ - THE WITNESS OF CHRIST

A. သခင်ယေရှုကိုယ်တော်တိုင် ဓမ္မဟောင်းကျမ်းသည်မှန်ကန်ပြည့်စုံကြောင်း (inerrancy of the Old Testament) ယုံကြည်လက်ခံပြီး သွန်သင် ဆုံးမခဲ့သည်။

1. (Matthew 15:17,18) ကိုဖတ်ပါ။ ခရစ်တော်သည် ပညတ်တော်များကို ဖျက်ဆီးရန်လာခြင်း မဟုတ်ဘဲ၊ ပြည့်စုံစေရန်လာခြင်းဖြစ်ကြောင်း ရှင်းလင်းစွာပြောထားသည်။ စာလုံးဝိန္ဒုတလုံးမျှ ပြည့်စုံခြင်း မရှိမှီ မပျောက်ပျက်ရကြောင်းပြောခဲ့သည်။ ဓမ္မဟောင်းကျမ်းတွင် ရှိသမျှ သည် မမှားမယွင်းဘဲ မှန်ကန်ကြောင်း ခရစ်တော်က သွန်သင် ခဲ့သည်။

B. ဝေဖန်ရေးဆရာများ (critics) အများဆုံးငြင်းဆန်နေကြသည့်၊ ပျက်ရယ်ပြုနေကြသည့် ဓမ္မဟောင်း ကာလဝိသေသလက္ခဏာများ (Old Testament characters) များသည် အစစ်အမှန်ဖြစ်ကြောင်း ခရစ်တော် သက်သေပြခဲ့သည်။

1. ဆားတိုင်ဖြစ်သွားသော လောတ၏ဇနီး - Lot's wife – pillar of salt (Luke 17:32)
2. ငါးကြီးဗိုက်ထဲမှ ယောန - Jonah – the big fish (Matthew 12:39-41)
3. ရေလွှမ်းမိုးခြင်းနှင့် နောဧ -Noah – the great flood (Matthew 24:37-39)
4. အာဒံ၊ဧဝနှင့် ဖန်ဆင်းခြင်း - Adam and Eve – creation (Matthew 19:4-6)
5. ကျွန်ုပ်တို့ ၏ရန်သူ စာတန် - Satan – our adversary (Luke 11:18)

C. ဓမ္မဟောင်းကျမ်း ၅-ကျမ်း (Pentateuch) တွင် တရားဟောရာကျမ်း (Deuteronomy) သည် ဝေဖန်ရေး သမားများ၏ လက်ညှိုးထိုးအခံရဆုံးကျမ်းဖြစ်သည်။ သို့သော်- သခင် ခရစ်တော်သည် ထိုကျမ်းကိုအကိုးအကား ယူကာ စာတန်အားအနိုင်ယူခဲ့ ပြီးနောက် တရားဟောရာကျမ်း(Deuteronomy) မှန်ကန်ကြောင်း အတည်ပြုခဲ့ သည်။ (Matthew 4:3-11)(Deuteronomy 8:3; 6:16 and 10:20).

D. ခရစ်တော်ကိုယ်တိုင် ဓမ္မဟောင်းပုံသက်သေ (theme of the Old Testament) ဖြစ်ကြောင်း အထောက် အထားပြခဲ့သည်။ (Luke 24:27,44; John 5:39).

E. ဝေဖန်ရေးသမားများ (Critics) က ပရောဖက်ဒံယေလ ဟောပြောခဲ့သောအရာများသည် နောင် နှစ်ပေါင်းများစွာကြာသည့်အခါ မှန်ကန်ပြည့်စုံလာသည်ကိုပင် ငြင်းပယ်ကြသည်။သို့သော် ခရစ်တော်သည် ပရောဖက်ဒံယေလ၏ ပရောဖက်ပြုချက်များမှန်ကန်ကြောင်း သက်သေပြခဲ့သည်။(Matthew 24:15;Mark 13:14).

F. သို့ဖြစ်၍ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏တိကျခိုင်မာမှုကို ယေရှုခရစ်တော်၏ဘုရားဇာတိ (Deity of Christ) နှင့်ယှဉ်တွဲလျှက် လက်ခံရမည်ဖြစ်သည်။ အကယ်၍ သမ္မာကျမ်းစာသည် မှန်ကန်မှုမရှိပါက ဘုရား ဖြစ်သော သခင်ခရစ်တော်သည်လည်း လူလိမ်လူညာတဦးသာဖြစ်ပေမည်။

VI. တမန်တော်များ၏သက်သေ- THE WITNESS OF THE APOSTLES

A. ခရစ်တော်သည် ဓမ္မသစ်ကျမ်းအားလုံး (entire New Testament) ပြည့်စုံမှန်ကန်ကြောင်း ဖေါ်ပြသည့် ကြိုတင်သက်သေ (pre-authenticated) ဖြစ်သည်။ သံသယရှိသူများ (Doubters) ကမူ ခရစ်တော်ပြောခဲ့သော စကားများနှင့် သွန်သင်ခဲ့သောအရာများကို တမန်တော်များက တလုံးမကျန်အတိ အကျ မှတ်သားနိုင်ဖို့ ဆိုသည်မှာ မဖြစ်နိုင်ကြောင်းမေးခွန်းထုတ်ကြသည်။

1. (John 14:26) တွင် " ငါ့နာမဖြင့် အဖဘုရားက သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ပြီး၊ အရာ ခပ်သိမ်း အကြောင်းကို သွန်သင်မည်ဖြစ်ပြီး၊ သင်တို့အား ငါဟောပြောသမျှအရာအားလုံးကိုလည်း မှတ်မိ နိုင်သည့်ညာဏ် ပညာကိုပေးမည်။" ဟူ၍ ယေရှုဘုရားပြောခဲ့သည်။

2. (John 16:12-15) တွင် ယေရှုဘုရား ပြောမပြခဲ့သော အရာများစွာကို သန့်ရှင်းသောဝိညာဉ်တော် ဘုရား က တမန်တော်တို့အား ဖေါ်ပြပေးမည်ဖြစ်ကြောင်း ပြောထားသည်။ ထို့အပြင် ခရစ်တော် ကြေညာမည့်အရာ အားလုံးနှင့် နောင်ဖြစ်လာမည့်အနာဂတ်ဖြစ်စဉ်များကိုလည်း ဝိညာဉ်တော်ဘုရားက တမန်တော်တို့အား ဦးဆောင် လမ်းပြမည်ဖြစ်ကြောင်းဆက်လက်ဖေါ်ပြထားသည်။

3. ခရစ်တော်ကောင်းကင်သို့ မတက်ကြွမီရေးမှတ်ရမည့်အရာများကို တမန်တော်တို့ အားမှာကြား ခဲ့ သည်။ (Acts 1:2) ထို့ နောက်ဉပဖျယ်ဆရာဖြစ်သော သန့် ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ခဲ့သည်။ (John 16:13).

4. သို့ ဖြစ်၍ တမန်တော်များရေးထားသမျှသည် ခရစ်တော်ပြောခဲ့သောအရာများ(verbally inspired) ဖြစ်ပြီး၊ သန့် ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာကိုရေးသားသူ (author of the Bible) ဖြစ်သည်။

B. တမန်တော်များကိုယ်တိုင်သက်သေခံချက်ရှိပါသလား။

1. ရှင်ပေတရု - Peter

a) (2 Peter 1:21) တွင် သန့် ရှင်းသောဝိညာဉ်တော်လှုံ့ဆော်ခံရသည့်အတိုင်း သန့် ရှင်းသူများ(holy men of God) ပြောဆိုကြောင်း၊ လူ့ အလိုဆန္ဒဖြင့်လာသော ပရောဖက်ပြုချက်တခုမျှမရှိကြောင်း ပြောထား သည်။ တနည်းအားဖြင့် မည်သည့် ကျမ်းတတ်ဆရာ(theologian) ကမျှ၊ သမ္မာကျမ်းစာကို မရေးသား နိုင် ကြောင်း သိသာ စေသည်။

b) (2 Peter 1:16-18) တွင် ရှင်ပေတရုက တမန်တော်များသည် မဟုတ်မမှန်လုပ်ကြံလိမ်ဆယ်သောသူ "cunningly devised fables," နောက်လိုက်သော သူများမဟုတ်ကြောင်းငြင်းဆန်ထားပြီး၊ ခရစ်တော်သည် ဘုရား ဖြစ်ကြောင်းကို သူတို့ ကိုယ်တိုင် မြင်တွေ့ ခဲ့ရကြောင်းနှင့်၊ ဘုရားရှင်၏အသံတော်ကို အမှန် တကယ်ပင်ကြားခဲ့ကြ ရကြောင်း ရေးသားထားသည်။(Matthew 17:1-5).

c) ရှင်ပေါလု၏ရေးသားချက်များသည် ယေရှုဘုရား၏စကားတော်များဖြစ်ကြောင်း ရှင်ပေတရုလက်ခံခဲ့ သည်။(2 Peter 3:15,16).

2. ရှင်ပေါလု - Paul

a) ကမ္ဘာဦးကျမ်း အာဒံနှင့်ဇဝအဖြစ်အပျက်ကို သူလက်ခံခဲ့သည်။(1 Timothy 2:13,14 and 1 Corinthians 15:22, 45).

b) ကျမ်းစာရှိသမျှသည် ဘုရားရှင်မှုတ်သွင်းတော်မူကြောင်းကြေညာထားသည်။ (2 Timothy 3:16).

c) (Romans 1:2) တွင် ရှင်ပေါလုက ဓမ္မဟောင်းကျမ်းပရောဖက်များ (Old Testament prophets) က ဘုရားသခင်၏ကယ်တင်ခြင်းသတင်းကောင်း (Gospel of God)ကို ပရောဖက်ပြုထားပြီးဖြစ်သောကြောင့်၊ ဓမ္မဟောင်း ကျမ်းသည် ဘုရားရှင်မှုတ်သွင်းသောနှုတ်ကပတ်တော်ဖြစ်ကြောင်း သက်သေပြပါသည်။

d) ရှင်ပေါလုက သူစာရေးတိုင်း "ကျမ်းစာလာသည်ကား" "as it is written," ဟူ၍ ဓမ္မဟောင်းကျမ်း အကိုးအကား များကို ထပ်ခါတလဲလဲသုံးထားသည်။ (Romans 1:17, 2:24, 3:4,10, 4:17, 8:36, 9:13).

e) (Galatians 1:11,12) တွင် ရှင်ပေါလုက သူဟောပြောသောဇံဂေလိစကားသည် လူ့ အားဖြင့် ဟောပြော ခြင်းမဟုတ်ဘဲ၊ ယေရှုခရစ်တော်၏တိုက်ရိုက်ဖွင့်ပြချက် (direct revelation of Jesus Christ) အရ ဟောပြောခြင်း ဖြစ်ကြောင်းပြောခဲ့သည်။

3. ရှင်ယောဟန် - John

တမန်တော်ရှင်ယောဟန်ကမူ ဘုရားရှင်နှုတ်ကပတ်တော် ကို ထပ်မံဖြည့်စွက်သူ၊ နှုတ်ပယ်သူ များကို အပြင်းထန် ဆုံးစကားလုံးများဖြင့်ယခုလိုသတိပေးထားသည်။ "ဤစာစောင်၏ အနာဂတ်ဘိုစကားကို ကြားသောသူအပေါင်း တို့အား ငါသက်သေခံသည်ကား၊ အကြင်သူသည် ဤအရာတို့၌ ထပ်၍အသစ်သွင်း၏၊ ဤစာစောင်၌

ရေးထားသောဘေးဒဏ်တို့ကို ထိုသူအပေါ်သို့ ဘုရားသခင် သက်ရောက်စေတော်မူမည်။ အကြင်သူသည် ဤစာစောင်၏ အနာဂတ္တိစကား အချို့ကို နှုတ်ပယ်၏။ ဤစာစောင်၌ရေးထားသော အသက်ပင်နှင့်ဂုဏ်၊ သန့်ရှင်းသော မြို့တော်နှင့်ဂုဏ်၊ ထိုသူစပ်ဆိုသောအခွင့်ကို ဘုရားသခင် နှုတ်ပယ်တော်မူမည်။ " (Revelation 22:18,19).

VII. ဓမ္မဟောင်းကာလပရောဖက်များ၏သက်သေ - THE WITNESS OF THE OLD TESTAMENT PROPHETS

မှတ်ချက် ။ ။ ဓမ္မဟောင်းကျမ်း(Old Testament) ပြည့်စုံမှုနှင့်ကန်ကြောင်းကို ခရစ်တော်တပါးတည်းက ပြောထားသည် မဟုတ်ဘဲ၊ ပရောဖက်များကိုယ်တိုင်လည်း ပြောထားသည်။

A. ဟေရာယ - Isaiah

1. (Isaiah 1:10 and 8:20) ကိုဖတ်လျှင် သူဟောပြောထားသော၊ရေးမှတ်ထားသောအရာများသည် ဘုရားရှင်က သူ့အားတိုက်ရိုက်ပြောထားသောအရာများဖြစ်သောကြောင့် လိုက်နာဖို့လိုကြောင်း ပြောထားသည်။

မှတ်ချက် ။ ။ ပရောဖက်ဟေရာယအကြောင်းကို ဓမ္မသစ်ကျမ်းတွင် ၂၁-ကြိမ်တိတိပြောထားသည်။

B. ယေရမိ - Jeremiah

1. ပရောဖက် ယေရမိက ဘုရားရှင်၏နှုတ်ကပတ်တော်သည် သူ့ထံသို့ရောက်လာကြောင်း ထပ်ခါ တလဲ လဲ ပြောခဲ့သည်။ (ယေရမိ 1:4;2:1).

2. ယေရမိအနာဂတ္တိကျမ်းတွင် "ဘုရားရှင်မိန့်တော်မူသည်ကား " " Thus saith the Lord," ဟူသော စကားလုံးကို အကြိမ်ပေါင်းများစွာ သုံးခဲ့သည်။ (ယေရမိ 2:2,4,5; 29:10).

မှတ်ချက် ။ ။ ဓမ္မဟောင်းကျမ်းတွင် "ဘုရားရှင်မိန့်တော်မူသည်ကား" သို့မဟုတ် ၎င်းနှင့် အလားတူ သော ဝါကျ များကို အကြိမ်ပေါင်း ၂၆၀၀ ကျော် သုံးထားသည်ကို တွေ့ရသည်။

C. မောရှေ - Moses

1. (Deuteronomy 4:2)တွင် မောရှေက ပညတ်တော်(Law) သည် ဘုရားရှင်ထံမှလာပြီး၊ ဖျောက်ဖျက်၍ မရ၊ ဖြည့်စွက်၍မရ(diminished or added to) ပြောထားသည်။

2. ဣသရေလူမျိုးများ၏ခရီးစဉ် (Israel's journeys) အကြောင်းကို (Numbers 33:1,2) တွင် မောရှေ မှတ်တမ်းတင်ထားသည်။ သမ္မာတရား (The truth)ကို ထိန်းသိမ်းကြရသည်။

3. မောရှေသည် ဤသမိုင်းမှတ်တမ်းများအား ယောရှု အားလွှဲအပ်ရန် ဘုရားရှင်က အမိန့်ပေးခဲ့သည်။ (Exodus 17:14).

4. ဤသမိုင်းမှတ်တမ်းများကို အစွဲရေးဘုရင်လောင်းများ လေ့လာကြရသည်။ (Deuteronomy 17:18,19).

5. ဘုရားရှင်ပေးသော ပညတ်တော်များကို မာရှေက ရေးပြီး၊ ယဇ်ပုရောဟိတ်များက စောင့်ထိန်းကာ၊ ခုနှစ်နှစ်

လျှင်တကြိမ် သကေနေပွဲနေ့ (Feast of Tabernacles) တွင်လူအများရှေ့၌ရွတ်ဖတ်ကြရသည်။ (Deuteronomy 31:9-12).

6. ယောရှု (Joshua) က မောရှေ၏ ရေးသားချက်များသည် ဘုရားရှင်၏တန်ခိုးအာဏာ(Divine authority) ရှိကြောင်း မှတ်ယူသည်။ (Joshua 8:31-35).

D. ဒံယေလ - Daniel

ဒံယေလအနာဂတ်ဟောကျမ်းများတွင် ပရောဖက်ယေရမိ၏ အရေးအသားလွှမ်းမိုးမှုများ ပါနေသည်။ ဒံယေလက ပရောဖက်ယေရမိ၏ အနာဂတ်ဟောကျမ်းများသည် ဘုရားရှင်၏စကားများဖြစ်ပြီး ပြည့်စုံမှန်ကန်ကြောင်း လက်ခံအသိအမှတ်ပြုခဲ့သည်။(Daniel 9:2) (Daniel 11:36-45;12:11)တို့ ကို လေ့လာပါ။

VIII. ပြည့်စုံပြီးသော ပရောဖက်ပြုချက်များ၏သက်သေ - THE WITNESS OF FULFILLED PROPHECY

မှတ်ချက် ။ ။ဘုရားရှင်မှုတ်သွင်းထားသောနှုတ်ကပတ်တော်များအနက် အများစုမှာ နှစ်ပေါင်းရာပေါင်း များစွာကြို့တင်ပရောဖက်ပြုခဲ့သောအနာဂတ်ဟောကျမ်းများ (prophecies) ဖြစ်ပြီး၊ ထိုပရောဖက်ပြုချက်များ ပြည့်စုံပြီး၊ ပြည့်စုံဆဲဖြစ်ကြောင်း တွေ့ ရသည်။

မှတ်ချက် ။ ။ ဘုရားရှင်တပါးတည်းသာ အနာဂါတ်ကိုသိသည်၊ ကြို့တင်နိမိတ်ဖတ်နိုင်သည်။ အောက်ပါသရုပ်ဖော်တင်ပြချက်များကို လေ့လာပါ။

A. မှတ်သားလောက်သော အစ္စရေးလူမျိုးများ၏ ဘေးအန္တရာယ်မှလွတ်မြောက်ခြင်းနှင့် ပြန်လည်ပေါင်း စည်းခြင်း ဆိုင်ရာ (Israel's survival and eventual restoration) အနာဂတ်ဟောစကားများ။ (Jeremiah 30:1-11; 31:1-11; Romans 11:25-27).

မှတ်ချက်။ ။ ဒါဝိဒ်ပဋိညာဉ် (Davidic Covenant) အားဖြင့်သိရသော အစ္စရေးနိုင်ငံအနာဂါတ် (The future of Israel) (2 Samuel 7:8-16) (Isaiah 11:11-13)

မှတ်ချက်။ ။ ယခုအခါ အစ္စရေးနိုင်ငံထူထောင်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံတချို့ ၏ မလိုမုန်းတီးမှုနှင့်ညှင်း ပမ်းနိပ်စက်မှု (animosity and persecution) အောက်တွင် အစ္စရေးနိုင်ငံလွတ်မြောက် လာခဲ့ပြီဖြစ် သည်။ ဤအချက် တခု တည်းနှင့်ပင် ကျမ်းစာတော်မြတ်သည် မှန်ကန်ကြောင်းသက်သေပြနိုင်ပါသည်။

B. ရှင်ပေါလုက နောက်ဆုံးသောကာလ (last days) တွင်၊ အကျင့်စာရိတ္တပျက်ယွင်းခြင်းနှင့် ဘာသာ တရားခေါင်းပါးခြင်းများ (moral corruption and religious apostasy)ဖြစ်ပေါ်မည်ဟု ကြို့တင်ဟောကိန်း ထုတ်ခဲ့သည်။(1 Timothy 4:1-3; 2 Timothy 3:1-8)

မှတ်ချက်။ ။ ထိုဟောကိန်းများ ယနေ့ မျက်မှောက်ကာလ၌ပင် ဖြစ်ပင်နေကြောင်း ဝေးဝေးလံလံသို့ သွားကြည့်ရန် မလိုတော့ပါ။

C. ယေရှုခရစ်တော်၏ ဤလောကသို့ ကြွလာခြင်း၊ မွေးဖွါးခြင်း၊ အသက်မွေးခြင်း၊ ညှင်းဆဲနှိပ်စက် ခံလျှက်သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်း များနှင့်ပတ်သက်သည့် အနာဂတ်ဟောစကားများသည် ပြည့်စုံမှန်ကန် ကြောင်း အချက် အလက်ရာပေါင်းများစွာဖြင့် သက်သေပြနိုင်သည်။ (Micah 5:2; Isaiah 7:14, 9:6, 52:13-53:12;

Psalm 22; Zechariah 12:10).

D. (Matthew 24) တွင် ခရစ်တော်က အောက်ပါတို့ နှင့်ပတ်သက်သောအရာများကို ပရောဖက်ပြုခဲ့ သည်။

1. လှည့်ဖျားသူ(Deceivers) က "ငါ ခရစ်တော်ဖြစ်တယ်" "I am Christ," ဟု ပြောဆိုသူများ ပေါ်လာ လိမ့် မည်။ (Matthew 24:5)။ မျက်မှောက် ခေတ်တွင်လည်း ဤသို့ ပြောဆိုသူများစွာတွေ့ ရပြီဖြစ်သည်။

2. စစ်ပွဲများ၊ စစ်ဖြစ်မည့်သတင်းများကြားရမည်။ (Matthew 24:5)။ ကမ္ဘာကြီးတွင် နေ့ စဉ်နှင့်အမျှ စစ်ပွဲများ ဖြစ်ပွါးနေသည်။

3. ကမ္ဘာ့အငတ်ဘေး(famines)၊ကူးစက်ရောဂါ (pestilence) နှင့် မြေငလျင်များလှုပ်ခြင်း (earthquakes) များ ဖြစ်ပေါ်လိမ့်မည်။ (Matthew 24:7)။ ထိုအရာများကို ကျွန်ုပ်တို့ ယနေ့ တွေ့ နေရ ပေပြီ။

4. အစ္စရေး (Israel) နိုင်ငံသည် နိုင်ငံအားလုံး၏မုန်းတီးခြင်းကိုခံရမည်။ (Matthew 24:9)။ယခုအခါ အမေရိကန် တနိုင်ငံတည်းကသာ အစ္စရေးဖက်မှ ရပ်တည်နေသည်။

5. မှိုင်္ဘာပရောဖက်များ(false prophets) ပေါ်လာပြီး၊ ကမ္ဘာအနှံ့ သူတို့ ကိုတွေ့ ရမည်။ (Matthew 24:11)။

E. နောက်ထပ်သက်သေပြစရာအချက်များစွာရှိနေသော်လည်း ပြီးပြည့်စုံပြီးဖြစ်သောပရောဖက်ပြုချက် များ အကြောင်းရေးသားထားသည့် စာအုပ်များရရှိနိုင်ပြီဖြစ်သောကြောင့်၊ အထက်တွင် ဖေါ်ပြခဲ့ပြီးသော အချက်များ သည်ပင် လုံလောက်နေပြီဖြစ်သည်။ ပြည့်စုံပြီးဖြစ်သောပရောဖက်ပြုချက် (Fulfilled prophecy) သမ္မာကျမ်း စာ ၏ မှန်ကန်တိကျမှုကို သက်သေပြနေပါသည်။

IX. အတွင်းသက်သေအားဖြင့်သိရသောသက်သေ- THE WITNESS OF INTERNAL PROOFS

A. သန့် ရှင်းခြင်း၏ အကျင့်တရားများ - The Purity of Its Ethics

1. ကျမ်းစာတအုပ်လုံးတွင် ဖြောင့်မတ်ခြင်း (righteousness) ရှိဖို့ မိန့် မှာထားပြီး၊ အပြစ်ပြုခြင်းကို အစဉ်အမြဲ ရှုံ့ ချထားသည်။(condemned)

2. အစဦးတွင် နာခံခြင်းအကျင့်သည် ထင်ရှားသည်။ အာဒံနှင့်ဧဝကို မစားရိုင်းသောသစ်ပင်သည်၊ ကောင်းမကောင်းသိကျမ်းရာအပင် "Tree of the Knowledge of Good and Evil" ဖြစ်သည်။(Genesis 2:17).

3. (Isaiah 5:20)တွင် မကောင်းကိုအကောင်း၊အကောင်းကိုမကောင်း ပြောတတ်သူများ ကျိန်အပ် ကြောင်း "Woe on all who call evil good and good evil" ဖေါ်ပြထားသည်။

4. သမ္မာကျမ်းစာက လူအများမြင်ရသည် အပြင်ပန်းသန့် ရှင်းခြင်းမဟုတ်သော အတွင်းသန့် ရှင်း ခြင်း(inner purity) အလိုရှိကြောင်းပြောထားသည်။ (Psalm 51:10; 66:18; Matthew 5:8).

5. ဘုရားရှင်သည် ဖြောင့်မတ်သောကြောင့်၊ ကျွန်ုပ်တို့ ကိုလည်း ဖြောင့်မတ်စေလိုသည်။(Psalm 89:14; 48:10; 119:144).

6. ရွေးနှုတ်ခြင်းစီမံကိန်း (The plan of redemption) အခြေခံအားဖြင့် ကိုယ်ကျင့်သိလ(ethical) နှင့် သက်ဆိုင်သည်။ ကျွန်ုပ်တို့ သည် အပြစ်တရားနှင့်အပြစ်လုပ်ချင်သောဘဝ(from sin and from a sinful life) မှ ရွေးနှုတ်ကယ်တင်ခံရသည်။

မှတ်ချက်။ ။ ယုံကြည်သူဖြစ်လျှင် အပြစ်တရားနှင့်ဆိုင်သည့်ကိစ္စတွင် အပြစ်ရှာ၍မရပေ။

B. ထင်ရှားသောသြဝါဒများ - Its Profound Doctrines

1. ထာဝရအသက်နှင့်ဆိုင်သော(eternal) ၊ ခပ်သိမ်းသောအရာကိုသိသော (all-knowing) ခပ်သိမ်းသော ဉာဏ်ပညာရှိသော (all-wise)၊ ခပ်သိမ်းသောအရာကိုတတ်နိုင်သော(all-powerful)၊ သနားတတ်သော (merciful)၊ ဂရုဏာ ရှင်ဖြစ်သော (gracious)၊ မေတ္တာရှင်ဘုရား (loving God)၏ သြဝါဒ။

2. ခရစ်တော်မပေါ်မီ သြဝါဒ။ The doctrine of a pre-existent Christ.

a) အပျိုစင်မှမွေးဖွါးခြင်း - Virgin-born

b) အပြစ်ကင်းခြင်း - Sinless

c) နာကျင်စွာဖြင့် ကိုယ်စားခံသေခြင်း - Died a vicarious, substitutionary death

d) အပြစ်တရားနှင့်သေခြင်းတရားကို အောင်နိုင်ခြင်း - Conquered sin and the grave

e) ကျွန်ုပ်တို့ ကိုယ်စားဆုတောင်းရန် ကောင်းကင်ဘုံတက်ကြွခြင်း - Went back to heaven to intercede for us

f) ဘုန်းတန်ခိုးအာဏာအပြည့်ဖြင့် တဖန်ပြန်ကြွလာခြင်း - Is coming back again in glory and great power

မှတ်ချက်။ ။ အပြစ်နှင့်ကယ်တင်ခြင်း (sin and salvation), ကျေးဇူးတော်၊ မေတ္တာတော်နှင့် ဂရုဏာတော် (grace, love and mercy), ရွေးနှုတ်ခြင်း (redemption) ရှင်ပြန်ထမြောက်ခြင်းနှင့် သေခြင်းကိုအောင်နိုင်ခြင်း (resurrection and immortality) တို့သည် အလွန်ထူးခြားသောကြောင့် မည်သူမျှ သမ္မာကျမ်းစာကို မရေးသားနိုင်ကြပေ။

C. ညီညွတ်ခြင်းနှင့်တသမတ်တည်းရှိခြင်း - Its Unity and Consistency

1. ယခုအခါ မြောက်များစွာသော တွေးခေါ်မှုစနစ်များ (philosophical systems) ရှိနေသော်လည်း၊ ဘုရားရှင်အသက်ရှင်ခြင်း (existence of God,) လူသားတို့ အပြစ်လုပ်ခြင်းနှင့်ရွေးနှုတ်ကယ်တင်ခြင်း (sinfulness and redemption of man)၊ ခရစ်တော်ထမြောက်ခြင်း (resurrection of Christ) ကဲ့သို့ သော အလွန်အရေးကြီးသည့် ကိစ္စများကို မည်သည့်တွေးခေါ်မှုကမှ သဘောထားမတိုက်ဆိုင်ကြပေ။

2. ထိုအချက်များနှင့် ကွဲပြားစွာပင်၊ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀-ကျော်က ဘာသာစကား ၄၀-ကျော် ဖြင့် ရေးထားသော သမ္မာကျမ်းစာကမူ ဘုရားသခင် (God)၊ လူသား (man)၊ အကျင့်တရား (morality)၊ ကယ်တင်ခြင်း (salvation)၊ သေခြင်းတရားကိုအောင်ခြင်း (immortality)၊ ခရစ်တော်ထမြောက်ခြင်း နှင့် ဒုတိယအကြိမ်ပြန်ကြွ လာခြင်း (Christ's resurrection and return)တို့ နှင့် ပတ်သက်၍၊ ကွဲပြားခြား နားမှုတခုမှမရှိဘဲ၊ တညီတညွတ်တည်းဖြစ်နေသည်။

3. စဉ်းစားဉာဏ်ပြည့်ဝသော (sane), အချက်အလက်တိကျသော (rational or adequate) ရှင်းလင်း ဖွင့်ပြချက်များအရ သိနိုင်သော ဤအံ့သြဖွယ် ညီညွတ်မှုများအရ သမ္မာကျမ်းစာသည် ဘုရားရှင် မှုတ်သွင်း သော နှုတ်ကပတ်တော်ဖြစ်သည်။ (2 Timothy 3:16) သန့် ရှင်းသောဝိညာဉ်တော်တပါးတည်းကသာ လမ်းညွှန်သည်။ (2 Peter 1:19-21).

D. လူသားတို့ လိုအပ်ချက်နှင့်ကိုက်ညီသည် - Its Relevancy to Human Need

1. လူသားများ ဘုရားရှင်အားတမ်းတမျှော်လင့်ချက်ကိုကျနပ်နှစ်သိမ့်စေသည်။(Psalm 42:1; 107:9).

2. အပြုသဘောဆောင်သော သမ္မာတရားနှင့်လွတ်မြောက်ခြင်းစိတ်ချရမှု (assurance of truth and deliverance) ကိုအထောက်အကူပြုသည်။ (John 7:17; 8:32).

3. လူသားတို့အားနဲချို့တဲ့သည့်ကိစ္စများအတွက် (man's weakness)ခွန်အားဖြစ်စေသည်။ (Philippians 4:13; 2 Corinthians 12:9).

4. ဖျားနာခြင်း (sickness), စိတ်ပျက်ခြင်း (disappointment), ဝမ်းနည်းခြင်း (sorrow), ကြေကွဲခြင်း (tragedy)၊ ဒုက္ခတွေ့ခြင်း (trial) များတွင် အားပေးနှစ်သိမ့်သည်။(2 Corinthians 4:17; Romans 8:28; Hebrews 12:11; Psalm 103:13,14).

5. ဘုရားရှင်နှင့်ပြန်လည်သင့်မြတ်စေသည်။ (Romans 5:1)၊ဘုရားရှင်ရှေ့တော်၌ငြိမ်သက်ခြင်းကိုခံစားကြ၏ – Peace with God;(2 Corinthians 5:18,19) – ခရစ်တော်အားခြင့် ဘုရားရှင်နှင့်ပြန်လည်သင့်မြတ်သည် (Reconciled to God)(1 John 2:1,2) ကျွန်ုပ်တို့အပြစ်လုပ်သည့်အခါ ဘုရားရှင်နှင့်ဆက်သွယ်ပေးသော ရှေ့နေ(advocate) ရှိသည်။

6. ခရစ်ယာန်တို့အလိုရှိသော အတွင်းသဘောသန့်ရှင်းခြင်း (inner purity) ကိုရစေသည်။ (1 John 1:7; Psalm 51:7).

7. သေရမှာကြောက်ခြင်း (fear of death)ကို ပယ်ရှင်းပေးသည်။ (John 14:1-3; 2 Corinthians 5:1).

မှတ်ချက်။ ။မည်သည့်ဘာသာ(religion)၊ အတွေးအခေါ်(philosophy)ကမျှ အထက်ဖေါ်ပြပါကမ်းလှမ်း ချက်များ (offers)ကိုခရစ်တော်လောက် မပေးနိုင်ပါ။

E. တမန်တော်ရှင်ပေါလု၏ပြောင်းလဲခြင်း - The Conversion of the Apostle Paul

1. အပြစ်မြင်တတ်သူ(skeptics) ၊ သံသယရှိသူ (cynics) တို့အား ရှင်ပေါလု ပြောင်းလဲခြင်း(Paul's conversion) အပေါ် နားလည်သဘောပေါက်အောင် ရှင်းမပြနိုင်ပါ။ ဒုတိယပြဿနာမှာ ခရစ်တော် အကြောင်း (Christology) ဖြစ်သည်။

2. A good many years ago a well-known လွန်ခဲ့သောနှစ်ပေါင်းများစွာက နာမည်ကြီးဝေဖန်ရေး ဆရာ (apologist) တဦးက ယခုလိုပြောခဲ့သည်။ "ရှင်ပေါလု အသက်တာပြောင်းလဲခြင်းနှင့် တမန်တော် တပါးဖြစ်လာရခြင်း (conversion and apostleship of Paul) တခုတည်းကို အလေးအနက်ထားပြီး စဉ်းစားသုံးသပ်လျှင် ဘုရားရှင်ဖွင့်ပြခြင်း (divine revelation)အားဖြင့် ခရစ်ယာန်ဘာသာ (Christianity) အကြောင်း သက်သေပြနိုင်သည်။

3. ရှင်ပေါလု သည် ခရစ်တော်ကို ခါးသီးမုန်းတီးသော ဓမ္မပညာတတ် ဖါရိရှဲ (Pharisee) ဖြစ်သည်။ သူက အတန်းပညာမတတ်သော ခရစ်တော်နောက်လိုက်များကို နှိမ့်ချဆက်ဆံ (despised) ခဲ့သည်။ သူသည် ခရစ်တော်ကို အဆန့်ကျင်ဆုံး၊ ဩဇာအာဏာအရှိဆုံး၊ တဖက်စွန်းအရောက်ဆုံး (most bigoted) ဖြစ်သောကြောင့် ကမ္ဘာ ပေါ်တွင် ခရစ်ယာန်အဖြစ်ပြောင်းလဲသွားဖို့ ဖြစ်နိုင်ချေမရှိဆုံးသောသူ ဖြစ်သည်။

4. သို့သော်- ရှင်ပေါလုသည် ခရစ်တော်ကို တွေ့ရှိခဲ့ပြီး၊သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝကာ၊ ခရစ်ယာန်လောကတွင် လူသိအများဆုံး၊ ခရစ်ယာန်ဘာသာဖက်မှ ခုခံကာကွယ်မှုအရှိဆုံးသူ ဖြစ်လာပါ သည်။

(Christianity's most ardent and eloquent defender)

5. ရှင်ပေါလုတ်၏ ခရစ်ယာန်ဘာသာသို့ ပြောင်းလဲစေသည့် စိတ်ရိုးသားဖြူစင်မှုသည် ခရစ်တော်နှင့်ခရစ်ယာန်ဘာသာတရား၏ စစ်မှန်မှုကို (truthfulness of Christ and Christianity) အစပြုစေသည်။

X. သမိုင်းအထောက်အထားများအရသက်သေ - THE WITNESS OF EXTERNAL AND HISTORICAL EVIDENCE

A. ကိုယ်တိုင်လက်တွေ့ ခံစားချက်အရသက်သေပြချက် - Proof from Personal Christian Experience

1. လူသန်းပေါင်းများစွာ ကယ်တင်ခြင်းနှင့် အသစ်မွေးဖွါးခြင်း (salvation and the new birth) အတွေ့အကြုံကို လက်တွေ့ ခံစားခဲ့ကြရပြီးဖြစ်သည်။

2. ခရစ်ယာန်အတွေ့အကြုံဆိုသည်မှာ မဖြစ်နိုင်သည့်အရာကိုထင်မှားခြင်း (delusion) ရှိနေသူများဟု ဆိုသူများအား၊ အရိုးသားဆုံးတုန့်ပြန်ရလျှင်၊ ထို သူတို့သည် ထို့ကဲ့သို့အတွေ့အကြုံကို ခံစားဖူးခြင်း မရှိသောကြောင့်သာ ယခုကဲ့သို့ ရူးရူးမိုက်မိုက်ပြောနေခြင်း ဖြစ်သည်။

3. သမ္မာတရားစစ်စစ်ကို နားလည်သဘောပေါက်ပြီးနောက် အသစ်မွေးဖွါးလာသောခရစ်ယာန် (born again Christian) အနေဖြင့်၊ ကျမ်းစာ၏မည်သည့်အစိတ်အပိုင်းတွင်မျှ ကိုယ်ကျင့်တရားဆိုင်ရာ (moral), သမိုင်းဆိုင်ရာ (historical)၊ သိပ္ပံဆိုင်ရာ(scientific) အမှားအယွင်းများရှိ ကြောင်းကို လက်ခံနိုင်လိမ့်မည် မဟုတ်ပေ။

4. ခရစ်ယာန်အတွေ့အကြုံသည် တမူထူးခြားသည်။ မည်သည့်တွေးခေါ်မှုစံနစ်ကမျှ ထိုအတွေ့အကြုံ မျိုး ကို မပေးစွမ်းနိုင်ပေ။

5. ခရစ်ယာန်အတွေ့အကြုံဆိုသည်မှာ မဖြစ်နိုင်သည့်အရာကိုထင်မှားခြင်း (Christian experience is delusion) ဖြစ်သည်ဟူသော စွပ်စွဲချက်အား ချေဖျက်ပေးသည့် အချက် ၂-ခုမှာ

a) ခေတ်ပညာတတ် လူသန်းပေါင်းများစွာ ခရစ်ယာန်အတွေ့ကြုံကိုခံစားခဲ့ပြီးဖြစ်သည်။

b) ခရစ်ယာန်အတွေ့ကြုံ(Christian experience) နှင့်အဓိကအချက်များမှာ အောက်ပါတို့ ဖြစ်သည်။

1) ဘုရားရှင်၏ အမှန်တကယ်ရှိမှု၊ ပုဂ္ဂိုလ်တော်ဖြစ်မှု၊ မေတ္တာရှင်ဖြစ်မှုအပေါ် အာမခံချက် - Assurance of God's reality, personality and love

2) ခရစ်တော်သည် လူသားတို့ကို အပြစ်မှကယ်တင်ဖို့ကြွလာသော ဘုရားသခင်၏သားတော်ဖြစ် ကြောင်း အာမခံချက် - Assurance that Christ is the Son of God who came to save mankind from their sins

3) သမ္မာကျမ်းစာသည် ဘုရားရှင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း အာမခံချက် - Assurance that the Bible is the Word of God

4) အပြစ်မှ ခွင့်လွှတ်ခြင်းနှင့်ကယ်တင်ခြင်းအတွက် အာမခံချက် - Assurance of forgiveness and salvation from sin

5) အတွင်းနှလုံးသားထဲ၌ သန့်ရှင်းသောဝိညာဉ်တော်သက်သေရှိကြောင်း အာမခံချက် - Assurance of the Holy Spirit's witness within

6) ရှင်ပြန်ထမြောက်ခြင်းနှင့် ထာဝရအသက်ရခြင်းအတွက် အာမခံချက် - Assurance of resurrection and immortality

မှတ်ချက်။ ။ Note: How could such assurances be charged to ဤကဲ့သို့ အာမခံချက်ရှိသော ခရစ်ယာန်အတွေ့ အကြုံကို မည်သည့်အတွက်ကြောင့် စိတ်ကူးယာဉ်အိပ်မက် (hallucination) မက်နေသူ ဟု စွပ်စွဲရပါသနည်း။ ဤအာမခံချက်များသည် ဘုရားရှင်နှင့်မိမိကိုယ်တိုင်တွေ့ ကြုံခံစားရသော ဆက်ဆံ ရေးဖြစ်ပြီး၊ ထူးခြားသောအတွေ့ အကြုံ ဖြစ်သည်။

B. သမိုင်းဆိုင်ရာထူးခြားသည့်လက္ခဏာ - Its Historical Character

1. Christianity is not built upon ခရစ်ယာန်ဘာသာသည် မိရိုးဖလာ (traditions)၊, ရှေးဟောင်း ဒဏ္ဍာရီ (myths) , ရိုးရာပုံပြင် (legends)၊ ဓလေ့စရိုက် (folklore) အပေါ်အခြေခံတည်ဆောက်ထားခြင်း မဟုတ်ဘဲ၊ တိကျပြည့်စုံသော သမိုင်းအချက်အလက်များ(historical facts) အပေါ်အခြေခံထားခြင်း ဖြစ်သည်။

2. ဤအချက်အလက်များသည် ခရစ်ယာန်ယုံကြည်ခြင်းကို အထောက်အကူပေးပြီး၊ သမ္မာတရား နှင့်နှုတ်ကပတ်တော် (truthfulness and inspiration)အတွက် ခိုင်မာသောသက်သေဖြစ်စေသည်။

C. ခရစ်ယာန်ဘာသာ ယုံကြည်မှု အားကောင်းလွှမ်းမိုးလာခြင်း - Christianity's Tremendous Influence

1. Among the multiplied millions through the centuries who gladly have witness to being ရာစုနှစ်များစွာအတွင်း ဝမ်းမြောက်စွာ သက်သေခံသောအားဖြင့် ဝိညာဉ်မွေးဖွါးခြင်း (born again) ရလာကြသည့် ယုံကြည်သူများအကြား လေ့လာခြင်း(learning), သြဇာ ကြီးခြင်း (power) ၊ လွှမ်းမိုးခြင်း (influence) တို့ တွင် အထူးရေပန်းစားလာသည်။ ထိုသူတို့ မှာ The apostle Paul, Justin the Martyr, Saint Augustine, Martin Luther, John Calvin, John Bunyan, John Newton, Hudson Taylor, Charles Spurgeon, and Adonirum Judson – တို့ ဖြစ်ကြသည်။

2. ကျမ်းစာရောက်သွားသည့်နေရာတိုင်းတွင် လူ့ အဖွဲ့ အစည်းများ ကောင်းကြီးခံစားရပြီး၊ တိုးတက် သွားကြသည်။ (blessed and elevated)။ လူသားစားသည့်အရိုင်းအစိုင်းနိုင်ငံများ (Cannibal nations) သည် ယဉ်ကျေးသောနိုင်ငံများဖြစ်သွားကြသည်။ သာသနာပြုခရီးစဉ်များမှာလည်း အလွန်အောင်မြင်ကြ သည်။ ဥပမာ - အာဖရိကတွင် သာသနာပြုဆရာကြီး Livingstone ,အိန္ဒိယတွင် သာသနာပြုဆရာကြီး ကာရေး (Carey)၊ မြန်မာပြည်တွင် သာသနာပြုဆရာကြီး ယုဒသန် (Judson) တို့ ဖြစ်ကြသည်။

D. သမ္မာကျမ်းစာတိကျမှုနှင့်သမာသမတ်ဖြစ်ခြင်းရှိ-မရှိကို(Truthfulness and Accuracy of the Bible) မြောက်မြားစွာသော ရှေးဟောင်းလက်ရေးစာမူများ (The Remarkable Preservation of Numerous Ancient Manuscripts) နှင့်တိုက်ဆိုင်စစ်ဆေးခြင်း။

မှတ်ချက်။ ။ အလွန်များလှသော အချက်အလက်အသေးစိတ်ကို ဤနေရာတွင် ဖေါ်ပြရန် နေရာမပေးနိုင် သည့် အတွက် အောက်ပါ ကျမ်းတတ်ဆရာကြီးများ၏သက်သေခံချက် (testimony of scholars) ကို ဖေါ်ပြလျှင် လုံလောက် ပြီ ဟုယူဆပါသည်။

1. Dr. Philip Schaff: "စာရေးဆရာကိုယ်တိုင်မှန်ကန်ကြောင်းလက်မှတ်ရေးထိုးမထားစေကာမူ၊ ကျွန်ုပ်တို့ သည် မူရင်းလက်ရေးစာမူများ၏မိတ္တူကို ဒုတိယရွေးချယ်စရာနည်းလမ်းအဖြစ် အသုံးပြုနိုင်ပါ သည်။ ဝမ်းမြောက်

ဖွယ်သတင်းကောင်းမှာ၊ ယုံကြည်စိတ်ချရသော ဂရိဘာသာ ဓမ္မသစ်ကျမ်း(Greek New Testament) လက်ရေးစာမူမြောက်များစွာကို အခြားသော ရှေးဟောင်းစာပေ(ancient classic) များထက် ပိုမိုတွေ့ ရှိရခြင်းဖြစ်သည်။".

2. Westcott and Hort: "ခိုင်လုံသော၊ယုံကြည်စိတ်ချရသော ရှေးဟောင်းအရေးအသားများနှင့် ရေးထားသည့် သက်သေအထောက်အထားများကို လေ့လာ ကြည့်ရာတွင် ဓမ္မသစ်ကျမ်းလက်ရေးမူ (text of the New Testament) တခုတည်းနှင့်ပင် လုံးဝဥဿုံပြည့်စုံပြီး နောက်ထပ်လိုက်ရှာဖို့ မလိုတော့ပေ။"

E. ရှေးဟောင်းသုတေသ ရှာဖွေတွေ့ရှိချက် အထောက်အထားများ -Evidence from Archeological Discoveries

တဖန် ရှေးဟောင်းသုတေသနတူးဖော်တွေ့ ရှိချက်များ (archeological discoveries) မှာလည်း များစွာ ရှိနေသဖြင့် ဤနေရာတွင်ဖော်ပြဖို့ ရန် နေရာမလောက်ငှပေ။ သိထားရန်မှာ တွေ့ ရှိချက်တိုင်းသည် ကျမ်းစာ၏ပြီးပြည့်စုံခြင်း (truthfulness of the Bible) ရှိကြောင်း စစ်ဆေးအတည်ပြုပြီးဖြစ်သည်။ ဘုရားရှင်သည် မမှားယွင်းနိုင်သောဖွင့်ပြချက်(inerrant revelation) ကို ကျွန်ုပ်တို့ အထဲတွင် ထဲ့ထား ပြီးဖြစ်ကြောင်း စိတ်ချစေလိုပါသည်။

F. ထပ်မံတွေ့ ရှိရသော သမိုင်းအထောက်အထားများ - Additional Historical Evidences

1. ခိုင်မာမှု (Its durability): counting the ဓမ္မဟောင်းကျမ်း (Old Testament) သည် နှစ်ပေါင်း ၃၀၀၀-ကျော် သက်တမ်းရှိနေပြီဖြစ်သည်။ အခြားသော ရှေးဟောင်းစာပေများ(ancient manuscripts) မှာမူ၊ ပျောက်ကွယ်(perished) သို့ မဟုတ် ပြတိုက်ထဲ၌ ဖုန်အလိမ်းလိမ်းတက်နေကြပြီဖြစ်သော်လည်း ကျမ်းစာ မှာမူ ထိုသို့ မဟုတ်ပေ။

2. မပျက်စီးနိုင်မှု (Its indestructibility): မည်သည့်စာအုပ်မျှ ကျမ်းစာအုပ်လောက် အမုန်းခံရမှု (hated), ၊အကောင်းမမြင်ခံရမှု (maligned), အမနာပပြောခြင်းခံရမှု (slandered), သွားပုပ် လေလွင့် ပြောခံရမှု (vilified), ငြင်းပယ်ခံရမှု (rejected) ၊မီးရှို့ ဖျက်ဆီးခံရမှု (burned) မရှိပါ။ သို့ သော် အထု ထောင်းခံ ပေဖြစ်သည့်ကျမ်းစာ (anvil of God's Word) တူဖြစ်သောရန်သူများ၏ ထုထောင်းခြင်းကို (hammers of enemies) ခံနိုင်ပါသည်။

3. အစဉ်အမြဲကျော်ကြားမှု (The constant popularity): အခြားသောရှေးဟောင်းစာအုပ်များ (ancient books) ကို လူတို့ မေ့ပျောက်သွားကြပြီဖြစ်သော်လည်း၊ ကျမ်းစာအုပ်မှာမူ ကမ္ဘာ့အရောင်းရဆုံး စာအုပ် (world's best sellers) ဖြစ်နေဆဲဖြစ်သည်။

XI. လေ့လာဆန်းစစ်ခြင်းအားဖြင့်ရသောသက်သေ- THE WITNESS OF LOGIC

A. အကယ်၍ ထူးမြတ်သောဘုရားသည် အသက်ရှင်လျှင် (God exists), သူ့ အကြောင်းကို သူ ကိုယ်တိုင် ထူးခြားသောနည်းလမ်းဖြင့် (personal way) မခြွင်းမကျန်ဖေါ်ပြမည်ဖြစ်သည်။ ဘုရားရှင်သည် သူ့ ကိုယ်သူ သဘာဝအတိုင်းဖေါ်ပြမည်ဆိုပါက ချင့်ချိန်စဉ်းစားတတ်သောပုဂ္ဂိုလ်တို့ အတွက် သင့်တော် သောအချက်ဖြစ်မည်ဟု မထင်ပါ။

B. ဂရုဏာရှင်ဖြစ်သော (merciful), မေတ္တာရှင်ဖြစ်သော (loving) ဘုရားရှင်သည် သူဖန်ဆင်းထား သော

အပြစ်သားများကို ကူညီဖို့ ပြန်လာပါမည်။ ထိုကူညီမှုမှာ သတင်းကောင်း(good news) ဖြစ်သည့် ကျမ်းစာဖြစ်ပါသည်။

C. စာအုပ် (Books) များသည် သမ္မာတရားကို မျိုးဆက်တခုမှတခုသို့ လက်ဆင့်ကမ်းသည့်အခါ အကောင်းဆုံးသောနည်းလမ်း ဖြစ်သည်။ ဘုရားရှင်သည် ကျွန်ုပ်တို့ အတွက်လိုအပ်သောကျမ်းစာအုပ်ကို အမျှော်အမြင်ရှိစွာဖြင့် ပြင်ဆင်ပေးထား ပါသည်။

D. ဘုရားရှင်သည် လူသားတို့ နှင့် ဆသက်သွယ်သည့်အခါ ၊ လူတိုင်းအတွက်ဖြစ်သော မမှားမယွင်းသည်သာမက စိတ်ချယုံကြည်ရသောစံသတ်မှတ်ချက် (infallible authoritative standard) ဖြစ်သည့် ကျမ်းစာကို အသုံးပြုခြင်းမှလွဲ၍ မည်သည့်နည်းလမ်းမှမရှိပါ။ ထိုနည်းလမ်းသည် လူသားအားလုံး လက်တွေ့ ယုံကြည်ကျင့်သုံး နိုင်ရန် အစဉ်အမြဲလက်ကမ်းနေသော ကျမ်းစာအားဖြင့်ဖြစ်ပေသည်။

E. ဘုရားရှင်မှုတ်သွင်းတော်မူသောကျမ်းစာကို ငြင်းပယ်ခြင်းမှာ ဘုရားရှင်အကြောင်း(God), ဖန်ဆင်းခြင်းအကြောင်း (creation), လူသားအစနှင့် ဖန်ဆင်းခြင်းရည်ရွယ်ချက် (man's origin and purpose), အပြစ်တရားနှင့်ညှင်းဆဲခံရခြင်းအကြောင်းရင်း (the cause of suffering and sin) ၊ ကယ်တင် ခြင်းနည်းလမ်း (the way of salvation)ကို နကန်းတလုံးမျှမသိပါဟု ဝန်ခံခြင်းပင်ဖြစ်ပေသည်။ ဘုရား မရှိဝါဒကိုလက်ကိုင်ပြုသူများဖြစ်သည့်(Hume, Darwin, Spencer and Huxley)တို့ ၏ အကောင်းဆုံး သော ကျိုးစားအားထုတ်မှုများသည် ဘုရားသခင်ရှိကြောင်းလက်မခံသည့်ဝါဒ နှင့် အပျက်မြင်ဝါဒ (agnosticism and pessimism) ၌သာ အဆုံးသတ်သွားကြရသည်။

နိဂုံး - Conclusion:

သိပ္ပံပညာရှင်များ (Scientists)၊ တွေးခေါ်ပညာရှင်များ (philosophers)၊ ခေတ်သစ်ကျမ်းတတ်ပုဂ္ဂိုလ်များ(liberal theologians)သည် "Why are we here" (ကျွန်ုပ်တို့ ကမ္ဘာမြေပေါ်ဘာ့ကြောင့် ရောက်နေရ သနည်း) ဟူသော မေးခွန်း၏အဖြေကို သိချင်နေကြသည်။ ဤမေးခွန်းသည် ထိုသူတို့ အတွက် အဖြေရခက်သောပဟေဠိပွဲစွာ (riddle) ဖြစ်နေသော်လည်း ၊ သမ္မာကျမ်းစာအတိုင်း အသက်ရှင် သောဘုရားသားသမီးများအတွက်မူ ကကြီး၊ ခခွေး လောက် ပင်မခက်ခဲပါ။ ကျွန်ုပ်တို့ သည် ဘုရားရှင်ကို ယုံကြည်၊ (trust) နားထောင် (obey)၊ အစေခံ (serve)၊ ဘုရားဘုန်း တော်ထင်ရှားစေသူများဖြစ်သည်။

ဘုရားရှင်မှုတ်သွင်းသောနှုတ်ကပတ်တော် မေးခွန်းများ – (သင်ခန်းစာ - ၆)

1. (2 Timothy 3:16) ကျမ်းပိုဒ်က မည်သည်ကိုရည်ညွှန်းသနည်း။ (၃-မှတ်)

a. သမ္မာကျမ်းစာသည် စာအုပ်ကောင်းတအုပ်ဖြစ်သည်။ That the Bible is a good book.
b. သမ္မာကျမ်းစာသည် ဘုရားရှင်မှုတ်သွင်းထားသောစာအုပ်ဖြစ်သည်။ That the Bible is inspired.
c. သမ္မာကျမ်းစာသည် ဘုရားရှင်နှုတ်ကပတ်တော်များပါရှိသောစာအုပ်ဖြစ်သည်။ That the Bible contains the Word of God.

2. နှုတ်ကပတ်တော်ကျမ်းစာလေ့လာရန် အဘယ့်ကြောင့် အထူးအရေးကြီးရသနည်း။ (၃-မှတ်)

a. အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်ယုံကြည်ခြင်းကို ခုခံဖို့ လိုအပ်သောကြောင့်ဖြစ်သည်။ Because we

need to defend the Christian faith.

b. အဘယ်ကြောင့်ဆိုသော် နှစ်စဉ်ကျမ်းစာအုပ်ပေါင်းများစွာ ရောင်းချရသောကြောင့်ဖြစ်သည်။ Because so many copies are sold every year.

c. အဘယ်ကြောင့်ဆိုသော် ကျမ်းစာအုပ်သည် စာအုပ်ကောင်းတအုပ်ဖြစ်ကြောင်းသက်သေပြရန် လိုအပ်သော ကြောင့်ဖြစ်သည်။ Because we need to prove that it is a good book.

3. (John 14:26) ကျမ်းပိုဒ်က ကျွန်ုပ်တို့ ကို မည်သို့ သွန်သင်သနည်း။ (၃-မှတ်)

a. တမန်တော်များသည် ခရစ်တော်ပြောခဲ့သောစကားများကို တလုံးမကျန်မှတ်မိသည်။ That the apostles would remember the exact words Christ spoke.

b. တမန်တော်များသည် ခရစ်တော်ပြောခဲ့သောစကားအများစုကိုမှတ်မိသည်။ That the apostles would remember most of the words Christ spoke.

c. တမန်တော်များသည် တဦးနှင့်တဦး ခရစ်တော် မည်သို ့ပြောခဲ့သည်ကိုတိုက်ဆိုင် စစ်ဆေးကြခြင်းဖြစ်သည်။ That the apostles should check with each other as to what Jesus said.

4. သမ္မာကျမ်းစာသည် မှန်ကန်ကြောင်း ရှင်းပြသည့် အရေးကြီးသော ပရောဖက်ပြုချက် (important prophecy) ကား အဘယ်နည်း။ (၃-မှတ်)

a. အစ္စရေးလူမျိုးများ အီဂျစ်ပြည်မှထွက်ခွါသည် ပရောဖက်ပြုချက်ဖြစ်သည်။ The prophecy that Israel came out of Egypt.

b. ယောနနှင့်ငါးကြီးအကြောင်း ပရောဖက်ပြုချက်ဖြစ်သည်။ The prophecy about Jonah and the big fish.

c. အစ္စရေးနိုင်ငံပြန်လည်ပေါင်းစည်းမည်ဖြစ်ကြောင်း ပရောဖက်ပြုချက်ဖြစ်သည်။ The prophecy about the restoration of Israel as a nation.

5. သင်ခန်းစာအရ မောရှေရေးသောကျမ်းများသည် ဘုရားရှင်ဆီမှလာကြောင်း အောက်ပါတို့တွင် မည်သူက ယုံကြည်သနည်း။ (၃-မှတ်)

a. အာရုံ - Aaron

b. ယောရှု - Joshua

c. အာဒံ - Adam

6. ယေရှုဘုရားသည် စာတန်စုံစမ်းခြင်းခံရသည့်အခါ ဓမ္မဟောင်းကျမ်းမှ မည်သည့်ကျမ်းကို ကိုးကားသနည်း။ (၃-မှတ်)

a. ဟေရှာယ အနာဂတ္တိကျမ်း - Isaiah

b. တရားဟောရာကျမ်း - Deuteronomy

c. ဝတ်ပြုရာကျမ်း - Leviticus

7. သမ္မာကျမ်းသည် အမှားအယွင်းမရှိ (inerrancy of the Bible) ၏ဆိုလိုချက်မှာ....(၃-မှတ်)

a. သမ္မာကျမ်းစာသည် ဩဝါဒအပိုင်း၌သာ အမှားအယွင်းကင်းသည်။ that the Bible is free from errors in doctrinal matters only.
b. သမ္မာကျမ်းစာသည် အမှားအယွင်းအားလုံးနှင့်ကင်းစင်သည်။ that the Bible is free from all errors.
c. သမ္မာကျမ်းစာသည် များသောအားဖြင့် အမှားအယွင်းကင်းသော်လည်း၊ သမိုင်းဆိုင်ရာအချက် အလက်နှင့် ပတ်သက်၍မူ မှားယွင်းမှုရှိနိုင်သည်။ that the Bible is generally free from errors but may contain errors in matters of history.

8. အထွေထွေဖွင့်ပြချက်(general revelation) အားဖြင့် ဘုရားရှင်ကိုသိနိုင်သောနည်း ၃-ခုကို ဖေါ်ပြပါ။ (၆-မှတ်)

a. သမိုင်းအဖြစ်အပျက်များအားဖြင့် - Through the events of history.
b. ကျမ်းစာကိုနေ့ စဉ်ဖတ်ရှုခြင်းအားဖြင့် - Through reading the Bible every day.
c. လူကိုဖန်ဆင်းခြင်းအားဖြင့် - Through the creation of man.
d. ခရစ်တော်စကားတော်ကိုယုံကြည်ခြင်းအားဖြင့် - Through believing the Word Christ spoke.
e. သဘာဝလောကကို စဉ်စားဝေဖန်ခြင်းအားဖြင့် - Through the consideration of nature.

9. လက်ရှိလူများမှ ငြင်းပယ်၊ ပျက်ရယ်ပြုသည့် အောက်ပါတို့မှ လူပုဂ္ဂိုလ်(၃)ဦးကို ဖေါ်ပြပါ။ (၆-မှတ်)

a. ယေရမိ - Jeremiah
b. ယောန - Jonah
c. နောဧ - Noah
d. ယောရှု - Joshua
e. လောတ၏ဇနီး - Lot's wife

10. သင်ခန်းစာမှ သမ္မာကျမ်းစာမှန်ကန်ကြောင်း သက်သေပြခဲ့သည့် တမန်တော် ၃-ဦးကို ဖေါ်ပြပါ။ (၆-မှတ်)

a. ရှင်မဿဲ - Matthew
b. ရှင်မာကု - Mark
c. ရှင်ယောဟန် - John
d. ရှင်ပေါလု - Paul
e. ရှင်ပေတရု - Peter

11. သင်ခန်းစာမှ ဓမ္မဟောင်းကျမ်းကို ရေးသူများအနက် ဘုရားရှင်ထံမှနှုတ်ကပတ်တော်များ တိုက်ရိုက်ရရှိသည်ဟု ပြောသူ ၂-ဦး၏အမည်ကို ရွေးချယ်ပါ။ (၄-မှတ်)

a. မောရှေ - Moses
b. ယေရမိ - Jeremiah
c. ဟောရှေ - Hosea
d. ဒံယေလ - Daniel
e. ဟေရှာယ - Isaiah

12. သမ္မာကျမ်းစာသည် ဘုရားရှင်မှတ်သွင်းထားခြင်း ဖြစ်ကြောင်း မည်သည့်အထောက်အထား တွေ့ ရသနည်း။ ၃ခုရွေးပါ။ (၆-မှတ်)

a. ကျမ်းစာအားလုံး တခုနှင့်တခုဆီလျော်ကိုက်ညီမှုရှိ၍ ဖြစ်သည်။ That all the books in the Bible agree with each other.

b. သမ္မာကျမ်းစာရှိ သြဝါဒများကို နားလည်ရန် ခက်ခဲ၍ဖြစ်သည်။ That there are many doctrines in the Bible that are difficult to understand.

c. သမ္မာကျမ်းစာသည် လူတို့ ၏လိုအပ်ချက်နှင့်ကိုက်ညီ၍ဖြစ်သည်။ That the Bible meets man's needs.

d. ယုံကြည်သူများ၏အတွေ့ အကြုံအရဖြစ်သည်။ The experiences of believers.

e. အပြစ်ခွင့်လွှတ်ခြင်းအတွက် စိတ်ချသေချာမှုကိုအာမခံ၍ဖြစ်သည်။ Its assurance of forgiveness.

13. သမ္မာကျမ်းစာကို ဘုရားရှင်ရေးကြောင်း သမိုင်းအထောက်အထား ၂-ခုကိုရွေးချယ်ပါ။ (၄-မှတ်)

a. အခြားမည်သည့်စာအုပ်မျှ ကျမ်းစာအုပ်လောက် လူတို့ ကိုမလွှမ်းမိုးနိုင်သောကြောင့်ဖြစ်သည်။ No other book influences people the way the Bible does.

b. သမ္မာကျမ်းစာ၏သြဝါဒများသည် နက်နဲလွန်းသောကြောင့်ဖြစ်သည်။ The depth of the doctrines of the Bible.

c. ကျမ်းစာထဲရှိသမိုင်းအဖြစ်အပျက်များသည် မှန်ကန်သောကြောင့်ဖြစ်သည်။ All the historical facts in the Bible are true.

d. ရှင်ပေါလုသည် ခရစ်တော်ကို ဒမာသက်မြို့ သို့ သွားသောလမ်းတွင် တွေ့ ခဲ့သော ကြောင့် ဖြစ်သည်။ That Paul met Christ on the Damascus road.

အောက်ပါတို့ မှ အမှား-အမှန် (True or False)ရွေးပါ။ (၃-မှတ်စီ)

14. ကျမ်းစာမှန်ကန်ကြောင်း ရှေးဟောင်းတူးဖေါ်တွေ့ ရှိချက်တိုင်းက သက်သေပြသည်။ Every archaeological discovery has verified that the Bible is true. (Value 3 points)

15. ခေတ်အဆက်ဆက်တိုင်အောင် လူသားတို့ သည် ကျမ်းစာကိုမဖျက်ဆီးနိုင်ကြပါ။ Throughout the ages, man was not able to destroy the Bible. (Value 3 points)

16. လူသားတို့ ဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်သည့်မေးခွန်းကို ကျမ်းစာကဖြေဆိုထားသည်။The Bible answers the question about man's existence. (Value 3 points)

17. လူသားတို့ တည်ရှိနေရသည့်အချက်တချက်မှာ ဘုရားရှင်ဘုန်းတော်ထင်ရှားဖို့ ဖြစ်သည်။ One of the reasons for man's existence is to bring glory to God. (Value 3 points)

18. မှုတ်သွင်းထားသောသမ္မာကျမ်းစာသည် အခြားသောစာအုပ်များကဲ့သို့ စာအုပ်ဖြစ်သည်။ The Bible is inspired just like any other book. (Value 3 points)

19. မှုတ်သွင်းခြင်းဆိုသည်မှာ ဘုရားရှင်မြွက်ကြားချက်များကို တလုံးမကျန်လိုက်လံမှတ်သားရန် ကျမ်းစာရေးသူများ အပေါ်သက်ရောက်သည့် ဘုရားရှင်လွှမ်းမိုးမှုဖြစ်သည်။ Inspiration means that God influenced the writers of the Bible to write down exactly what God told them. (Value 3

points)

20. မှုတ်သွင်းခြင်းဆိုသည်မှာ ဘုရားရှင်၏စာရေးများအဖြစ် ကျမ်းစာရေးသူများအပေါ် ဘုရားရှင်၏ လုပ်ဆောင် ချက်ဖြစ်သည်။ Inspiration means that the writers of the Bible acted as God's secretaries. (Value 3 points)

21. ဒံယေလအား မည်သည့်ဓမ္မဟောင်းကျမ်း ရေးသူတဦးက လွှမ်းမိုးသနည်း။ What Old Testament writer influenced Daniel? (Value 5 points)

22. ဘုရားရှင်မှုတ်သွင်းသောနှုတ်ကပတ်တော်နှင့်ပတ်သက်သည့် သက်သေ ၇-ချက်ကို(seven "witnesses") ဖော်ပြပါ။ (၂၁-မှတ်) The lesson presents **seven** "witnesses" to the verbal inspiration of the Bible. (Name all seven). (Value 21 points- 3 points for each answer.)

သင်ခန်းစာ (၇)
သန့်ရှင်းသောဝိညာဉ်တော် (အပိုင်း -၁) -
သူ၏ထူးခြားသောလက္ခဏာ၊ ဘုရားဇာတိ၊ အမည်နာမနှင့်သင်္ကေတများ
The Holy Spirit(Part One) : His Personality, Deity, Names and Symbols

နိဒါန်း - Introduction

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ကာလတွင် အသက်ရှင်နေထိုင်လျက်ရှိပြီး၊ ကမ္ဘာတဝှမ်းလုံး နှင့် အမျှ သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုဆောင်ခြင်း (His ministry) အပေါ်၌ များစွာ စိတ်ဝင်စား လျက်ရှိကြသည်။ သို့သော်လည်း မှားယွင်းချွတ်ချော်သော သွန်သင်မှု များကြောင့် ရှုတ်ထွေး၍ သံသယဖြစ် စေသော အတွေးအခေါ်များပေါ်ပေါက်ခဲ့ရသည်။ လူသန်းပေါင်းများစွာတို့သည်သူတို့ မြင် တွေ့ကြားသိရသမျှ၌ စိတ်ပျက်ရှုပ်ထွေးလျက် (dismayed and bewildered) ရှိကြသည်။ ဤ သင်ခန်းစာနှင့်တကွ ဆက်လက်ပို့ချမည့် သင်ခန်းစာနှစ်ရပ်တွင် ပုဂ္ဂိုလ်တော်ဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်နှင့်၊ သူ၏ အမှုတော်ဆောင်လုပ်ငန်း အား သမ္မာကျမ်းစာသွန်သင်ချက်အတိုင်း ရှင်းပြရန် ဖြစ်သည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

သန့်ရှင်းသောဝိညာဉ်တော်သည် အသက်ကိုမွေးဖွားစေသူ (author of life) (ယော၊ ၃း၅) တန်ခိုးကို အပ်နှင်းသူ (giver of power) (တ ၁း၈)၊ ယေရှုခရစ်တော် အားဖော်ထုတ်ဖွင့်ပြသူ (the one who reveals Christ) (ယော ၁၆း၁၄) ပုဂ္ဂိုလ်ဖြစ် သည်။

ထိုပုဂ္ဂိုလ်၏ အကြောင်းကိုသိရန် (to know Him)၊ သူဘာလုပ်သည်ကိုသိရန် (to know what He does)၊ သူ မည်သို့ အမှုတော် ဆောင်သည်ကိုသိရန် (to know what He does)၊ မည်သို့မည်ပုံ အလုပ် လုပ်သည်(how and why He does it)၊ မည်သူ့အတွက်အလုပ်လုပ်သည်ကို (to whom He does it) နားလည် သဘောပေါက်ရန် အထူးအရေးကြီးပေသည်။

သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် သုံးပါးတစဆူဘုရား၏ ပုဂ္ဂိုလ်တော်တပါးဖြစ်သောကြောင့်၊ ကျွန်ုပ်တို့ သည်သူ့ကို သိဖို့နှင့်သူ့အမှုတော်ဆောင်လုပ်ငန်းကိုသိရန် (know Him and His work) အရေးကြီးသည်။ သို့မှ သာလျှင် ဘုရားသခင် နှင့် စပ်ဆိုင်သော အကြောင်း အရာများကို ပြည့်ဝသိရှိ ခံစားနိုင်၍ ထိုဘုရားသခင် အား မှန်ကန် ထိုက်တန်သော ဝတ်ပြု ကိုးကွယ်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့် အစေခံခြင်းတို့ကို ပေးအပ်နိုင်ကြပေ လိမ့်မည်။ သမ္မာတရားကို စူးစမ်း ရှာဖွေကြသော သူအပေါင်းတို့သည် ဝိညာဉ်တော်ဘုရား၏ လမ်းပြပို့ဆောင်မှု ကို ခံယူရရှိ ပါစေသော။

သင်ခန်းစာ - THE LESSON

I. သန့်ရှင်းသောဝိညာဉ်တော်၏ ထူးခြားသောလက္ခဏာများ - THE PERSONALITY OF THE HOLY SPIRIT

♦ ကျွန်ုပ်တို့ သည် သန့် ရှင်းသောဝိညာဉ်တော်၏ ထူးခြားသောလက္ခဏာများကို ရှုဒေါင့်နှစ်မျိုး (two views) မှလေ့လာကြမည်။ ပထမတစ်မျိုးမှာ သန့်ရှင်းသောဝိညာဉ် တော်သည်ယုံကြည်သူတဦး အားနည်း နေသော အခြေ အနေ တွင်ပင် ပိုင်ဆိုင်အသုံးချနိုင်သော တန်ခိုး (possess and use) ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ သန့်ရှင်းသော ဝိညာဉ်တော်သည် မြင့်မြတ်သန့်ရှင်း၍(holy) ဉာဏ်အမျှော် အမြင် ရှိသည်၊(infinitely wise) ချစ်ခြင်းမေတ္တာရှိသည်၊ (loving) ကျွန်ုပ်တို့အား ပိုင်ဆိုင်အ သုံးပြုလိုသည့် တန်ခိုးကြီးသော ပုဂ္ဂိုလ် တစ်ဦးပင်ဖြစ်သည်။(powerful person who wants to possess us and use us) ပထမရှုမြင်ချက်တွင်(first view) မာန်မာနကို (pride) ဖြစ်ပေါ်စေပြီး၊ ဒုတိယ ရှုမြင်ချက်တွင်(second view) ထိုဝါကြွားခြင်းကို ချိုးနှိမ် ဖျောက်ဖျက်လျှက်(shatters pride) မိမိကိုယ်ကို မိမိနှိမ့်ချလျှက်ကျိုးပဲ့ ကြွေမွသော နလုံးသားမှ ရိုကျိုးနှံသော စိတ်ထားများကို ဖြစ်ပေါ်စေကြောင်း (produces self-emptying and self-abdication) တွေ့ရသည်။

♦ ဝိညာဉ်ရေးရာပိုင်း၌ငင်း၊ လက်တွေ့ကျင့်သုံးရာငင်း၊ (both spiritual and practical) သန့်ရှင်းသော ဝိညာဉ် တော်အား ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်(as a person) အသိအမှတ်ပြုခြင်းသည် အရေးကြီးဆုံးသော အချက်ပင်ဖြစ်သည်။ ပထမအချက်အနေဖြင့် အကယ်၍ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရား (Divine Person) မဟုတ်လျှင် ၊ ကိုးကွယ်ခြင်း၊(worship) ယုံကြည်ခြင်း၊(faith) ချစ် ခြင်းမေတ္တာနှင့်(love) ကြည်ညိုလေးစားခြင်း (adoration)ဖြင့် ဘုရားရှင်ကို ထိုက်တန် စွာဂုဏ်ပြုကြတော့မည် မဟုတ်ပေ။ ဒုတိယ အချက်အနေဖြင့် - သန့်ရှင်းသော ဝိညာဉ်တော်အား သာမန် ကျေးဇူးတင်ထိုက်၍ သန့်ရှင်းမြတ် သော ဩဇာလွှမ်းမိုးမှုတစ်ရပ်ဟူ သတ်မှတ်ကြလျှင် သမ္မာတရားကို ပြသော ဝိညာဉ်တော်တည်းဟူသော ဥပဖျာယ် ဆရာ၏ ကျွန်ုပ်တို့၌ ကိန်းဝပ်ခြင်းနှင့်ကောင်းချီးမင်္ဂလာများကို အလွဲသုံးစားပြုရာ ရောက်၍ အဆုံးတွင် ဆုံးရှုံးနစ်နာမှုနှင့် ရင်ဆိုင်ရပေလိမ့်မည်။ (ယော ၁၄း၁၆-၁၇)

A. သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ထံမှလာသောဩဇာတိက္ကမသာဖြစ်သည်ဟု အချို့ အဘယ့်ကြောင့် ယုံကြည်ကြသနည်း - Why Some Believe the Holy Spirit is Simply an Influence Emanating From God:

1. အဘယ်ကြောင့်ဆိုသော် ဝိညာဉ် (spirit) ဟူသောဝေါဟာရသည် ဂရိဘာသာတွင် အဖို-အမ မခွဲခြားနိုင်သော နပုလွှိင် (neuter gender) ဖြစ်ပြီး၊ ယေဘူယျအားဖြင့် လေ (wind) ဟုအဓိပ္ပါယ် ဖွင့်နိုင် သော ကြောင့်ဖြစ်သည်။ ထို့ ကြောင့် ဝိညာဉ် (spirit) ကို အဓိပ္ပါယ်ဖွင့်ဆိုလျှင် ဝိညာဉ် (spirit) ဟုပင် ထိုအတိုင်း (itself) အဓိပ္ပါယ်ဖွင့်ရမည်ဖြစ်သည်။ (ရောမ ၈း၁၆ , ၂၆) ဤ ထိုအတိုင်း (itself) ဟူသော စကားလုံးကို သူကိုယ်တိုင် (Himself) ဟူ၍ ပြန်လည်အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြ သည်။

2. အဘယ်ကြောင့်ဆိုသော် တမန်တော်တို့၏ဩဝါဒစာ နှုတ်ခွန်းဆက်အမှာစကားများတွင် (apostolic greetings) သန့်ရှင်းသော ဝိညာဉ်တော်အား ထဲ့သွင်းလေ့မရှိသောကြောင့် ဖြစ်သည်။ (ဂလာ ၁း၁-၃ ; ဧဖက် ၁း၁-၂ ; ဖိလိပ္ပိ ၁း၁-၂) သို့ သော်ငြားလည်း ရှင်ပေါလုကမူသူ၏ ဩဝါဒစာစောင်များတွင် ကောင်း ကြီးပေး

ဆုတောင်းသည့်အခါ (apostolic benediction) သန့် ရှင်း သောဝိညာဉ်တော်ကို ထဲ့သွင်း ထားသည်။ (၂ကော ၁၃း၁၄)

3. အဘယ်ကြောင့်ဆိုသော် သန့် ရှင်းသောဝိညာဉ်တော်ကို သန့်ရှင်းသောဝိညာဉ်တော်ကို သမ္မာ ကျမ်းစာ၌ "လေ" (wind)၊ "မှုတ်သွင်းခြင်း"(breath) "မီး"နှင့်"ရေ" (fire and water) အစရှိသဖြင့် ခေါ်ဝေါ်တင်စား ထပ်တူပြုထားကြောင်းတွေ့ရှိရ၍ ဓမ္မဆရာများအနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ပုဂ္ဂိုလ်မဟုတ်ဘဲ (Holy Spirit is an impersonal) အဖဘုရားထံမှလာသော ကောင်းကြီးမင်္ဂလာ နှင့်ပြည့်ဝသည် သြဇာတိက္ကမ အရှိန်အဝါ (blessed, influence emanating from God the Father) လွဲမှားစွာ ယုံကြည်ကြသည်။ (erroneously believed)။

B. ဝိညာဉ်တော်၏ ပင်ကိုယ်လက္ခဏာများနှင့် ပတ်သက်၍သက်သေပြခြင်း - Proof of the Spirit's Personality

1. ဝိညာဉ်တော် သို့ မဟုတ် ဝိညာဉ်တော်၏ အမှုဆောင်ခြင်းများ (He or His work) ကို လေ့လာသုံးသပ်ရာတွင် အဖို (HE) နှင့်စပ်ဆိုင်သော နာမ်စားများကို အကြိမ်ကြိမ် သုံးပြုထားကြောင်း တွေ့ရပေ သည်။ (ယော ၁၄း၁၆-၁၇, ၂၆; ယော ၁၅း၂၆; ယော ၁၆း၇-၈, ၁၃-၁၅)။ ဝိညာဉ် (spirit) သည် အဖို အမ မဟုတ်သော နပုလ္လိင် (neuter) ဖြစ် သော်လည်း သခင်ယေရှုကမူ အဖို (HE) နှင့် စပ်ဆိုင်သော နာမ်စားကို (Masculine pronouns) ဝိညာဉ်တော်ဟူ၍ ၁၂ ကြိမ်ထက်မ နည်း သုံးစွဲထားကြောင်းတွေ့ရ၍ ဝိညာဉ် တော်၏ ပုဂ္ဂိုလ် ဖြစ်ခြင်းကို သေချာစွာဖွင့်ပြခဲ့သည်။

2. သန့်ရှင်းသောဝိညာဉ်တော်နှင့် စပ်ဆိုင်သော ကိုယ်ပိုင်ဂုဏ်သတ္တိများသည် "ပုဂ္ဂိုလ်ဖြစ်ခြင်း" နှင့် ပင်ကိုယ် လက္ခဏာများ ရှိခြင်းကို ထင်ရှားစေသည် - Personal characteristics ascribed to the Holy Spirit require personality.

a) သန့်ရှင်းသောဝိညာဉ်တော်တွင်တိကျသေချာသောအလိုတော်နှင့် အကြံအစည်ရှိသည်။ (၁ ကော ၁၂း၁၁) He has a definite will and purpose.

b) သန့်ရှင်းသောဝိညာဉ်တော်တွင် ထက်မြက်သောအသိစိတ်နှင့်(intelligence) (ရောမ ၈း၂၇) ဉာဏ်ပညာရှိသည်။(knowledge) (၁ ကော ၂း၉-၁၁)

c) တမန်တော်ရှင်ပေါလုက (ဂလာ ၅း၂၂)တွင် ဖော်ထုတ်ဖွင့်ပြခဲ့သော"ဝိညာဉ်အသီး" (THE FRUIT OF THE SPIRIT) အချက် (၉)သီးကို ဆင်ခြင်သုံးသပ်ကြည့်လျှင်သန့် ရှင်းသောဝိညာဉ်တော်၏ ပင်ကိုယ်လက္ခာများ (personality) ပိုင်ဆိုင်လျှက်ရှိကြောင်း တွေ့ရှိရပေလိမ့်မည်။

3. သန့်ရှင်းသောဝိညာဉ်တော်၏အမှုဆောင်ခြင်းအမျိုးမျိုးတို့ကိုလေ့လာဆန်းစစ်ကြည့်ပါက၊ ပုဂ္ဂိုလ်၏ ပင်ကိုယ်လက္ခဏာ များတောင်းခံထားကြောင်း (demand) တွေ့ရပေလိမ့်မည်။

a) သန့်ရှင်းသောဝိညာဉ်တော်သည် တန်းခိုးနှင့်ပြည့်ဝစေသည်။ empowers (တ ၁း၈).

b) သန့်ရှင်းသောဝိညာဉ်တော်သည် လမ်းပြပို့ဆောင်တော်မူသည်။ leads(ရော ၈း၁၄၊ တ ၁၆း၆-၇).

c) သန့်ရှင်းသောဝိညာဉ်တော်သည် နှစ်သိမ့်စေတော်မူသည်။ comforts (တ ၉း၃၁၊ ယော ၁၄း၁၆).

d) သန့်ရှင်းသောဝိညာဉ်တော်သည် ကြားခံဆုတောင်းပေးသည်။ intercedes (ရောမ ၈း၂၆).

e) သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်နှင့်စပ်ဆိုင်သော အရာတို့ကို သက်သေခံတော်မူ၏။ testifies (ယော ၁၅း၂၆).

f) သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားဖြစ်ကြောင်းကို ကျွန်ုပ်တို့အတွင်းထဲမှ သက်သေခံတော်မူသည်။ witnesses (ရော ၈း၁၆၊ ဂလာ ၄း၆)

g) သန့်ရှင်းသောဝိညာဉ်တော်သည် စကားပြောသည်။ speaks (ဗျာ ၂း၇).

h) သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာတရားကိုသိနားလည်စေရန်လမ်းပြတော်မူသည်။ instructs or teaches (ယော ၁၄း၂၆၊ယော ၁၆း၁၂-၁၄)

i) သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့၏ အသင်းတော်၏ အမှုကိစ္စများတွင် ဝင်၍ အမှုဆောင်တော်မူသည်။ administers(တ ၁၆း၆-၇၊ တ ၁၃း၂၊ တ ၂၀း၂၈).

4. သမ္မာကျမ်းစာ၌သန့်ရှင်းသောဝိညာဉ်တော်အားလွန်ကျူးစေသော အပြစ်အမျိုးမျိုး အကြောင်းကို ဖော်ပြထားသည်။ သာမန်ဖြစ်သြဇာလွမ်းမိုးမှုခံရယုံဖြင့် အပြစ်ကျူးလွန်ရာမရောက်နိုင်ပေ။ (mere influence or emanation).

a) ဝိညာဉ်တော်ကို စိတ်နာစေခြင်း။ (ဧ ၄း၃၀) Grieve the Spirit

b) ဝိညာဉ်တော်ကို ညှိုးငယ်စေခြင်း။ (၁ သက် ၅း၁၉) Quench the Spirit.

c) ဝိညာဉ်တော်ကိုလှည့်စားခြင်း။ (က ၅း၃) Lie to the Spirit

d) ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုခြင်း။ (ဟေဗြဲ ၁၀း၂၉) Insult the Spirit.

e) ဝိညာဉ်တော်ကို ကဲ့ရဲ့ခြင်း။ (မ ၁၂း၃၁-၃၂) Blaspheme the Spirit

f) ဝိညာဉ်တော်ကို တားဆီးခြင်း။ (တ ၇း၅၁) Resist the Spirit

C. သန့်ရှင်းသောဝိညာဉ်တော်သည် ပုဂ္ဂိုလ်မှန်လျှင် (person) "သင်နှင့်ဝိညာဉ်တော်" တို့၏ ဆက်ဆံရေးအခြေအနေကား အဘယ်သို့ရှိသနည်း။ သင်၏ အသက်တာတွင် ဝိညာဉ်တော်၏ ရပ်တည် ကိန်းအောင်း မှုကို အသိအမှတ်(recognize) ပြုမိရဲ့လား။ သင့်အသက်တာထဲမှာဝိညာဉ်တော်ကျိန်းဝပ် ပါသလား။ ဝိညာဉ် တော်နှင့် အစဉ်မိသဟာရဖွဲ့လျက် တလုံးတဝတည်းလိုက်လျောက် အသက်ရှင်ကြပြီး သူနှင့် စပ်ဆိုင်သော ထိုက်တန်သော ချစ်ခြင်းမေတ္တာနှင့် ဝတ်ပြုကိုးကွယ်ခြင်းကို ပေးဆပ်ရဲ့လား။

II. သန့်ရှင်းသောဝိညာဉ်တော်၏ လုံးဝဥဿုံပြည့်စုံတော်မူသော ဘုရားဇာတိ - PROOFS OF THE ABSOLUTE DEITY OF THE HOLY SPIRIT

♦ သန့်ရှင်းသောဝိညာဉ်တော်သည် အသီးအခြားရပ်တည်နိုင်သော ပုဂ္ဂိုလ်မဟုတ်ဘဲ သုံးပါး တစ်ဆူဘုရား၏ တူညီသော အစိတ်အပိုင်းတစ်ခုသာဖြစ်ခဲ့လျှင် ဝိညာဉ်တော်တည်းဟူသော အရာသည် သြဇာလွမ်းမိုးမှု (influence) တစ်ရပ်သာဖြစ်ပြီး ပုဂ္ဂိုလ်တစ်ဦး(person) ဖြစ်နိုင်စွမ်းရှိမည် မဟုတ်ပေ။

♦ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဇာတိနှင့် မပြည့်စုံလျှင်သူ့အပေါ်၌ ချစ်ခြင်းမေတ္တာထားခြင်း၊ (love) ဝတ်ပြု ကိုးကွယ်ခြင်း၊(worship) အစေခံခြင်းနှင့်(serve) ကိုးစားနားထောင်ခြင်းတို့သည် မှားယွင်း သည့်အရာများဖြစ်၍ အချည်းအနှီးဖြစ်ကြပေမည်။

A. ဝိညာဉ်တော်သည် ခမည်းတော်ဘုရားနှင့် သားတော်ဘုရားနှင့်တလုံးတဝတည်း ရှိသည်။

1. တမန်တော်ရှင်ပေါလုဏ၏ ကောင်းချီးထောပနာပြုခြင်း (၂ ကော ၁၃း၁၄) In the apostolic benediction (2 Corinthians 13:14).
2. ဗတ္တိဇံပေးရန် စေခိုင်းထားသည့် မဟာအမှုတော်မြတ်ကြီးကို(Matthew 28:19) ဆန်းစစ်သုံးသပ် ကြည့်ပါက "နာမတော် ၌ဟူသော စကားစု" "IN THE NAME OF" တစ်လုံးတည်းအသုံးပြုထားပြီး "နာမတော်များ၌" ဟူ၍ ဖော်ပြထားခြင်းမရှိ ကြောင်းတွေ့ရပေသည်။
3. ဝိညာဉ်ဆုကျေးဇူးအမျိုးမျိုးကို ဝေငှသည့်အခါ၌လည်း ဝိညာဉ်တော်တပါးတည်း ဟူသောစကားစုကို အသုံးပြုထားခြင်း ကို ထောက်ရှုခြင်းအားဖြင့် သော်ငှင်းသုံးသည်။ (1 Corinthians 12:4-6).

B. သန့်ရှင်းသောဝိညာဉ်တော်အား ဘုရားသခင်ဟု (God)ထပ်တူပြုခေါ်ဝေါ်ထားခြင်း။ (Acts 5:3-4).

C. ဝိညာဉ်တော်သည် ဘုရားဇာတိကို ခံယူရရှိထားသဖြင့် ဘုရားသခင်တတ် စွမ်းနိုင်သကဲ့သို့ အရာရာကို တတ်စွမ်းနိုင်သည်။

1. ဖန်ဆင်းသည် (ဆ ၁၀၄း၃၀၊ က ၁း၂) He creates (Psalm 104:30 – RV; Genesis 1:2).
2. အသစ်သောအသက်တာ (ဝါ) ဒုတိယမွေးခြင်းကို ပေးသည်။ (ယော ၃း၅) He regenerates (John 3:5).
3. အသက်ကိုလည်းပေးသည်။ (ယော ၆း၆၃) He gives life (John 6:63).
4. သေခြင်းမှ ရှင်ပြန်ထမြောက်စေသည်။ (ရော ၁း၄၊ ၈း၁၁) He resurrects (Romans 1:4; 8:11).
5. အနာဂတ်တိစကားကိုဖွင့်ဆိုမြွက်ကြားခဲ့သည်။ (၂ ပေ ၁း၂၁) He prophesies concerning things to come (2 Peter 1:21).
6. အလိုတော်ရှိသည့်အတိုင်း လူအသီးသီးတို့အားဆု ကျေးဇူး (gifts)အသီးသီးကို ဝေငှပေးသည်။ (1 Corinthians 12:8-11).

D. ဘုရားဇာတိနှင့် စပ်ဆိုင်သော ဂုဏ်အင်္ဂါရုပ်အားလုံးကို ပိုင်ဆိုင်သည်။ (attributes of deity)

❖ ရှင်းလင်းချက် - ဂုဏ်အင်္ဂါရုပ်ဆိုသည်မှာ အဘယ်နည်း။ What is an attribute?

ဘုရားရှင်၏ဂုဏ်အင်္ဂါဆိုသည်မှာ တသီးတခြားစီ ခွဲခြားဖော်ထုတ်နိုင်သော သုံးပါးတစ်ဆူဘုရား၏ မပြောင်းလဲသော ဂုဏ်သတ္တိများနှင့် တန်ခိုးတို့ကို (unchanging characteristics and powers of the Triune God) ဆိုလိုသည်။ ဂုဏ်အင်္ဂါရုပ်များကို သဘာဝဂုဏ်အင်္ဂါ (NATURAL) နှင့် လူမှုဆက်ဆံရေးဂုဏ်အင်္ဂါ (MORAL) ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

ဘုရား၏ ဇာတိတော် (NATURAL) မှာ ဘုရားဇကန်စင်စစ်ဖြစ်ခြင်း (deity) နှင့်ပတ်သက်၍ ဘုရားရှင် ကိုယ်တော်တိုင် မိမိဘုရားဖြစ်ကြောင်း ဖေါ်ပြသည့် ခွဲခြား၍မရနိုင်သော ပင်ကိုယ်ဂုဏ်သတ္တိများ (characteristics inherent and inseparable) ဖြစ်သည်။

လူမှုဆက်ဆံရေးဂုဏ်အင်္ဂါ (MORAL) မှာ ဘုရားရှင်နှင့် သူဖန်ဆင်းထားသောအရာများ ဆက်နွယ်မှု (God in relation to His creatures) ကိုဖေါ်ပြသော ဘုရားရှင်၏မူလဂုဏ်သတ္တိ (inherent characteristics) ဖြစ်သည်။

1. သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ ဇာတိဂုဏ်အင်္ဂါရုပ်များအကြောင်း သရုပ်ဖော်ရှင်းလင်းချက်။ Illustrations of the Holy Spirit's NATURAL attributes:

a) အသက်အကြောင်းဖွင့်ပြချက် - Those revealing the LIFE of God: အသက်(LIFE)(Romans 8:2)

ဝိညာဉ်ရေးရာ (SPIRITUALITY)– မမြင်ရသောသစ္စာတရား-Invisible reality (John 3:8)
စိတ်ပိုင်းဆိုင်ရာ (PERSONALITY) – အသိစိတ်၊ လိုအင်ဆန္ဒ Having intellect, will, etc. (John 16:13-16)

b) ပုဂ္ဂိုလ်အကြောင်းဖွင့်ပြချက် - Those revealing the PERSON of God:

တလုံးတဝဖြစ်ခြင်း (UNITY) – မမြင်ရသောပြည့်စုံမှု (Indivisible perfect being) – ပုဂ္ဂိုလ်အားဖြင့် တဦးတည်းဖြစ်ပြီး၊ လုပ်ဆောင်အားဖြင့် ၃-မျိုးဖြစ်ခြင်း One in substance and Three in manifestation (John 17:22; Matthew 28:19-20)
ထာဝရတည်မြဲခြင်း (ETERNITY)- (Hebrews 9:14)
မပြောင်းလဲနိုင်ခြင်း (IMMUTABILITY)- (Malachi 3:6)

c) တန်ခိုးအကြောင်းဖွင့်ပြချက် - Those revealing the POWER of God:

အလုံးစုံသိခြင်း - OMNISCIENCE (1 Corinthians 2:9-14)
နေရာတိုင်း၌ရှိခြင်း - OMNIPRESENCE (Psalm 139:7-10)
အလုံးစုံတတ်နိုင်ခြင်း - OMNIPOTENCE (Genesis 1:2; Romans 15:19)

2. သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ လူမှုရေးဆိုင်ရာ ဂုဏ်အင်္ဂါရုပ်များအကြောင်း သရုပ်ဖော်ရှင်းပြချက်။ Illustrations of the Holy Spirit's MORAL attributes:

a) သဘောသဘာဝ အကြောင်းဖွင့်ပြချက် - Those revealing the NATURE of God:

မေတ္တာတော် - LOVE (Galatians 5:22; Romans 5:5)
ကျေးဇူးတော် - GRACE (Hebrews 10:29)
ကရုဏာတော် - MERCY – သနားခြင်း -Kindness, စာနာခြင်း-Compassion (Galatians 5:22)

b) ထူးခြားသောစရိုက်လက္ခဏာအကြောင်းဖွင့်ပြချက် - Those revealing the CHARACTER of God:

သန့် ရှင်းခြင်း - HOLINESS (Romans 1:4)
ဖြောင့်မတ်ခြင်း - RIGHTEOUSNESS (John 16:7-10)
သစ္စာရှိခြင်း - FAITHFULNESS – ကတိတည်ခြင်း - To fulfill promises (Ephesians 1:13-14; John 14:13-14)

c) အုပ်စိုးခြင်းအကြောင်းဖွင့်ပြချက် - Those revealing the GOVERNMENT of God:

ဉာဏ်ပညာ - WISDOM (1 Corinthians 12:8; 1 Corinthians 2:9-11)
သမ္မာတရား - TRUTH (John 14:17)
အချုပ်အခြာအာဏာ - SOVEREIGNTY – Absolute authority (2 Peter 1:21)

♦ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဖြစ်တော်မူ၍ သုံးပါးတစ်ဆူတစ်ဆူတည်းဟူသော ဘုရား၏ ပင်ကိုယ် ရှိရင်းစွဲ ပုဂ္ဂိုလ်အဖြစ်ရပ်တည်လျက်ရှိသောကြောင့် သူနှင့်ထိုက်တန်သောကျင့်ဝတ်များဖြစ်သည့် ကြည်ညိုု လေးမြတ်ခြင်းနှင့် ဝတ်ပြု ကိုးကွယ်ခြင်းတို့ကို အပ်နှံဆက်သရန် မလွဲမသွေလုပ်ဆောင်ကြပါစို့။ ထိုသို့ ပြုလုပ် ခြင်းအားဖြင့်သင်၏အသက်တာသည် တည်ငြိမ်လျက်(steadied) ချမ်းသာကြွယ်ဝခြင်း (enriched) နှင့်ပြည့်စုံရလိမ့်မည်။

III. သန့်ရှင်းသောဝိညာဉ်တော်၏ အမည်နာမများ - THE NAMES OF THE HOLY SPIRIT

♦ သမ္မာကျမ်းစာ၌ သန့်ရှင်းသောဝိညာဉ်တော်အား အမည်နာမအမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြောင်း တွေ့ရှိ ရပြီးသူ၏ အမှုဆောင်ခြင်းနှင့် ဆက်ဆိုင်သောပင်ကိုယ်လက္ခဏာများကို ထောက်ရှုခြင်းအားဖြင့် ထာဝရ ဘုရားအား ကိုယ်စားပြုထားသော ပုဂ္ဂိုလ်ဖြစ်ကြောင်းတွေ့ရှမည်။

A. ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ခရစ်တော်၏ဝိညာဉ်တော် - THE SPIRIT OF GOD (1 Corinthians 3:16) and the SPIRIT OF CHRIST (Romans 8:9)

ခမည်တော်နှင့် သားတော်နှစ်ဦးစလုံးက သန့် ရှင်းသောဝိညာဉ်တော်အား သူတို့ ၏ ကိုယ်စားလှယ် အဖြစ်(divine representative)ခန့်အပ်၍ အာဏာကုန်လွှဲအပ်ထားပြီး ဘုရားဇာတိကိုခံယူထားသော ထူးမြတ်သည့် ပုဂ္ဂိုလ် ဖြစ်သည်။

B. သန့်ရှင်းသောဝိညာဉ်တော် - THE HOLY SPIRIT (Luke 11:13; Romans 1:4 – Spirit of holiness)

သန့်ရှင်းသောဝိညာဉ် တော်၏ အမည်နာမကို ထောက်ရှုကြလျှင် သန့်ရှင်းခြင်းကိုဖော်ဆောင်ပြီး မိမိကိုယ် တိုင်သန့်ရှင်းခြင်း၌ တည်လျက် ကျွန်ုပ်တို့အားလည်း သန့်ရှင်းခြင်း ကို ယူတင်ဝတ်ဆောင်ရန် (imparts and inspires holiness) တိုက်တွန်းတော်မူသည်။

C. ကတိတော်နှင့်ယှဉ်သောသန့်ရှင်းဝိညာဉ်တော် - THE HOLY SPIRIT OF PROMISE (Ephesians 1:13)

ကတိတော်နှင့် ယှဉ်သောသန့်ရှင်းသောဝိညာဉ် တော် (promised one) အဖြစ် လောကသို့ ဆင်းသက် လာပြီး ဥပဇ္ဈာယ်ဆရာအဖြစ် ကျွန်ုပ်တို့နှင့် အစဉ်မပြတ်တည်နေ မည်ဟူသော ခရစ်တော်၏ ကတိတော် မြတ်ပင်ဖြစ်၏။ (John 14:16-18). တဖန်သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ တံဆိပ်ခတ်ခြင်း (seal)ပြုလျက် (Ephesians 1:13) အမွေစရံ (earnest) လည်းဖြစ်သည်။ (Ephesians 1:14), ရွေးနှုတ် ခြင်းနှင့် ဆိုင်သော ကတိတော်များ၏ ပြည့်စုံမှုကို အာမခံထားသည် ။

D. ဆုကျေးဇူးပေးသော ဝိညာဉ်တော် - THE SPIRIT OF GRACE (Hebrews 10:29)

ဤအမည်နာမကမူ ဝိညာဉ်တော်သည် ဘုရားသခင်၏ ကျေးဇူးတော်ကို အလိုတော်နှင့်အညီ စီမံခန့်ခွဲ၍ ဝေမျှသောသူ (administrator and dispenser) ဖြစ်ကြောင်း ထင်ရှားပေသည်။

E. အသက်ရှင်စေသောဝိညာဉ်တော် - THE SPIRIT OF LIFE (Romans 8:2)

ဝိညာဉ်တော်သည် အသက်ကိုပေးသူ (life giver) ဖြစ်သည်။ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်တာ၌ အမှန်စင်စစ်အသက်ရှင်နေခြင်းကို သွန် သင်သွေးဆောင်တော်မူ၏။

F. သမ္မာတရားနှင့်ပြည့်စုံသော ဝိညာဉ်တော် - THE SPIRIT OF TRUTH (John 14:17; 15:26; 16:13)

ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သမ္မာတရားလမ်းသို့ လမ်းပြလျက်အာမခံအတည်ပြု၍ သက်သေခံလျက် ပို့ဆောင်တော်မူသည်။ (1 John 4:6)

G. ဘုန်းကြီးသောဝိညာဉ်တော် - THE SPIRIT OF GLORY (1 Peter 4:14)

ဝိညာဉ်တော်သည် ကိုယ်တိုင်ဘုန်းကြီးယုံမျှ (glorious) မက၊မိမိတို့အပေါ်၌ ဘုန်းတော်ချပေးသနား (imparts glory -god-like character) တော်မူ၏။ ဘုရားသခင်၏ကောင်း ချီးမင်္ဂလာဆု ကျေးဇူးအပေါင်း ကို ကိုယ်တိုင် စီစဉ်ဖြန့်ဝေပေးခြင်းအားဖြင့် (administers and dispenses grace) ဘုရားသခင်၏ ဘုန်း တော်ကို ထင်ရှား စေ၏။(culminates in glory) (Romans 8:16-17)

H. ထာဝရဝိညာဉ်တော် - THE ETERNAL SPIRIT (Hebrews 9:14)

ဤအချက်သည် ဝိညာဉ်တော်ဘုရား၏ စဉ်ဆက်မပြတ်အမှုတော်ဆောင်ခြင်းနှင့် (endless work of the Spirit) ဘုရားရှင်ထာဝရရှိခြင်းဂုဏ်အင်္ဂါ (divine attribute of ETERNITY) ကိုဖေါ်ပြသည်။

♦ သန့် ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်သော အခြားသောနာမည်များ (other names ascribed to the Holy Spirit) ကို ကျမ်းစာလေ့လာသည့်အခါ တွေ့ နိုင်သေးသော်လည်း၊ ယခုဖေါ်ပြချက်များမှာ ဤ သင်ခန်းစာ အတွက်လုံလောက်ပါသည်။

IV. သန့်ရှင်းသောဝိညာဉ်၏သင်္ကေတလက္ခဏာများ- THE SYMBOLS OF THE HOLY SPIRIT

♦ သမ္မာကျမ်းစာ၌ သန့်ရှင်းသောဝိညာဉ်တော်အား ကိုယ်စားပြုလျက် ကိုးကားဖော်ပြထားသော သူ၏ စရိုက်လက္ခဏာ (His character) နှင့် သီးခြားအမှုဆောင်ခြင်း (His particular ministry) တို့ကို ဖော်ထုတ် ဖွင့်ပြလျက်ရှိသည်။

A. ချိုးငှက် - THE DOVE (Matthew 3:16; Mark 1:10; Luke 3:22; John 1:32)

ဝိညာဉ်တော်အားဖြူသောချိုးငှက် နှင့်ခိုင်းနှိုင်းသည်။ ဖြူသောချိုးငှက်သည်ဖြူစင်သန့်ရှင်းမှု (purity)ကို သရုပ် ဖော်သည့်အပြင်သတင်းပို့သော စေတမန် (messengers) အဖြစ်အသုံးပြု ဖော်ပြထားသည်။

B. လေ - THE WIND (John 3:8; Acts 2:1-4)

လေသည်မမြင်ရသော်လည်း ဖောက်ထွင်း (penetrating) နိုင်သည်၊ အင်အားကြီးသည်၊ (powerful)။ ရွှင်လန်းချမ်းမြေ့စေသော ဂုဏ်သတ္တိနှင့်ပြည့်စုံ၏။ ထိုနည်းတူဝိညာဉ်တော်သည် ထိုအရည်အသွေး လက္ခဏာ များနှင့် ပြည့်စုံတော်မူ၏။

C. မီး - FIRE (Acts 2:3; Jeremiah 20:9)

ဝိညာဉ်တော်သည်နှုတ်ကပတ်တော်ကိုမီးကဲ့သို့လောင်ကျွမ်းစေသည်။ (မာလခိ ၃း၂) နှုတ်ကပတ် တော်ကို ရွှေကိုစစ်သောမီးကဲ့သို့ (refiner's fire) တင်စားထား၏။ မီး၏ ဂုဏ်သတ္တိများမှာ လောင်ကျွမ်းခြင်း၊(burns) ဖျက်ဆီးခြင်း၊ (consumes)၊ သန့်စင်ခြင်း၊(purifies) စစ်ဆေးခြင်း (refines) အစရှိသည်တို့ ဖြစ်သကဲ့သို့ ဝိညာဉ် တော် သည်ထိုနည်းတူ ဖြစ်၏။

D. ဆီ - OIL (Exodus 27:20; 30:31; Acts 1:8, 2:4; Hebrews 1:9)

ဆီသည် ညက်ညောချောမွေ့ သောသဘော၊(lubricates) အဟာရဖြစ်စေသောသဘော၊ (food value) (သံလွင်ဆီ) အလင်းကိုပေးထားသည့်သဘော (gives light)ကို သရုပ်ဖော်ထားသည့်အပြင် ဆီကို ဘိသိက်ပေးရာ၌လည်း အသုံးပြုသည်။ ဘုရားသခင်၏ ကောင်းချီးနှင့်တန်ခိုးတို့ကို ခံစားရယူခြင်း (outpouring of God's power.) ပင်ဖြစ်သည်။

E. ရေ - WATER (John 7:37-39)

ရေ၏ဂုဏ်သတ္တိများကအသစ်ဖြစ်စေခြင်း၊(renews) အားသစ်လောင်းခြင်း (restores)၊ သန့်ရှင်း စင်ကြယ်ခြင်း၊ (cleanses) ရွှင်လန်းချမ်းမြေ့ စေခြင်း၊(refreshes) အားရကျေနပ်စေခြင်း (satisfies)စသည် များဖြစ်သကဲ့သို့ ဝိညာဉ်တော်၏ ဂုဏ်အင်္ဂါရပ်များသည် ထိုနည်းတူဖြစ်သည်။

F. တံဆိပ်ခတ်ခြင်း - A SEAL (Ephesians 1:13; 4:30)

ကျွန်ုပ်တို့၌ ဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်း မည်သည် ဘုရားသခင်၏ ပိုင်ဆိုင် မှု(God's seal of ownership)ကို ထုတ်ဖော်ပြသခြင်းဖြစ်သည်။ ဝိညာဉ်တော်ကိုယ်တိုင်သည် ကျွန်ုပ်တို့၏တံဆိပ်ဖြစ်သည်။ ထိုတံဆိပ်ခတ်တော်မူခြင်းက ကျွန်ုပ်တို့သည် ဘုရားသခင် ၏ သားသမီးဖြစ်ကြောင်း ထပ်တူ ထပ်မျှ ဖြစ်စေ သည်။

G. အမွေစရံ - THE EARNEST (2 Corinthians 5:5; 1:22 and Ephesians 1:14)

စရံ ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ဖွင့်ဆို ချက်များမှာ ကြိုတင်ငွေပေးခြင်း (down payment) ကတိကဝတ်ပြုခြင်း(pledge)၊ အာမခံခြင်း(assurance or guarantee)တို့ ဖြစ်သကဲ့သို့ ဘုရားသခင်၏ ဆု ကျေးဇူးဖြစ်သော ထိုဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သခင်ဘုရားနှင့်အတူ ကောင်းကင်နိုင်ငံတော်၌ ဘုန်းတော်ဝင်စား ရမည့် ဂတိကို အာမခံသည့်ပုဂ္ဂိုလ်ဖြစ်သည်။

V. ဖန်ဆင်းခြင်းတွင် ဝိညာဉ်တော်လုပ်ဆောင်ချက် - THE WORK OF THE HOLY SPIRIT IN CREATION

A. ဦးစွာ ကမ္ဘာဦးကျမ်း (Genesis) တွင် သုံးပါးတဆူ၏လုပ်ဆောင်မှုကို မှတ်သားရမည်။

1. (Genesis 1:26) "ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့်တညီ တသဏ္ဌာန်တည်း လူကို ဖန်ဆင်းကြစို့။ " ဘုရားရှင်နှင့် သဏ္ဌာန်တူ လူသားကို ဖန်ဆင်းသည်။

2. (Genesis 11:7) , "လာကြ။ ဆင်းသက် ကြကုန်အံ့။သူတို့သည်အချင်းချင်း နာမလည်စေခြင်းငှါ၊ သူတို့ စကားကို ရှုတ်ထွေး ကြကုန်အံ့ …."

B. ဒုတိယအချက်အားဖြင့် ဝိညာဉ်တော်သည် ကမ္ဘာကိုဖန်ဆင်းချိန်အစကပင် ရှိနှင့်ပြီးဖြစ်သည်။

1. (Genesis 1:2) "…ဘုရားသခင်၏ ဝိညာဉ်တော် သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။''

2. (Job 26:13) "ဝိညာဉ်တော်အားဖြင့် မိုဃ်းကောင်းကင် တန်ဆာများကိုပြင်၍…."

3. (Psalm 33:6) "ထာဝရဘုရား၏ နှုတ်ကပတ်တော်အားဖြင့် မိုဃ်းကောင်းကင်ကိုငှင်း နှုတ်တော်အသက်အားဖြင့် မိုဃ်းကောင်းကင် တန်ဆာများ ကိုငှင်း ဖန်ဆင်းတော်မူ၏။"

♦ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်း ၂-အုပ်လုံးတွင် ဝိညာဉ်တော်သည် ဘုရားရှင်၏တန်ခိုး (agent of God's power) အဖြစ်ရှိနှင့်ပြီးဖြစ်သည်။

♦ (Colossians 1:16-17) နှင့်(Hebrews 1:2)တို့ တွင် ခရစ်တော်၏လုပ်ဆောင်ချက် များ တွေ့ ရသည်။ ထို့ကြောင့် ကမ္ဘာကြီးကိုဖန်ဆင်းရာတွင် သုံးပါးတဆူတွင်ပါသော ပုဂ္ဂိုလ်တော်အားလုံး အတူတကွ လုပ်ဆောင်ကြကြောင်း သိသာပါသည်။

C. တတိယအချက်အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် လူသားတို့ကိုဖန်ဆင်းရာတွင် ကိုယ်တိုင်ပါဝင်သည်။ သမ္မာကျမ်းစာတွင် သန့်ရှင်းသောဝိညာဉ်တော်အကြောင်း မကြာခဏဖေါ်ပြသည်။

1. (Genesis 2:7), "...ဂုထိုနောက်၊ ထာဝရအရှင် ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကို ဖန်ဆင်း၍၊ သူ၏ နှာခေါင်းထဲသို့ဇီဝအသက်ကို မှုတ်တော်မူလျှင်၊လူသည်အသက်ရှင်သောသတ္တဝါ ဖြစ်လေ၏။''

2. (Job 33:4), "ဘုရားသခင်၏ ဝိညာဉ်တော်သည် ငါ့ကိုဖန်ဆင်းတော်မူပြီ။ အနန္တတန်ခိုးရှင်၏ အသက်တော်သည် ငါ့ကိုဖန်ဆင်း တော်မူပြီ။ အနန္တတန်ခိုးရှင်၏ အသက်တော်သည် ငါ့ကို အသက်ရှည် တော်မူပြီ။"

VI. ဓမ္မဟောင်းကျမ်းတွင် ဝိညာဉ်တော်လုပ်ဆောင်ချက်-THE WORK OF THE HOLY SPIRIT IN THE OLD TESTAMENT

A. ဝိညာဉ်တော်သည် လူနှင့်စကြ်ာဝဠာ(creation of the material universe and of man) ကိုဖန်ဆင်းရာတွင် ပူးပေါင်းပါဝင်သည်။ (Genesis 1:2; 2:7).

B. ဝိညာဉ်တော်သည် အပြစ်သားများ(sinners)နှင့်အတူတကွ တွန်းလှန်သည့်အတွက် စာတန် လုပ်ဆောင်မှုတုန့်ဆိုင်း(restrained)သွားရသည်။(Genesis 6:3.) (2 Thessalonians 2:6-7.) သန့်ရှင်းသော ဝိညာဉ်တော် ကို ထိန်းချုပ်သူ၊ ကွပ်ကဲသူ (restrainer) ဟုဆိုနိုင်သည်။

C. ဝိညာဉ်တော်သည် ယုံကြည်သူတို့ အထဲ၌ကိန်းအောင်း(INDWELT)နေသည်။

1. (Genesis 41:38), "...ဘုရားသခင်၏ ဝိညာဉ်တော်ကို ရ၍ ဤကဲ့သို့သောသူ"
2. (Psalm 51:11), "...သန့်ရှင်း သော ဝိညာဉ်တော်ကို ရုပ်သိမ်းတော်မမူပါနှင့်။"
3. (1 Peter 1:11), "...သူတို့အထဲ၌ရှိသော ခရစ်တော်၏ဝိညာဉ်သည် သက်သေခံနှင့်သောအခါ၊...."
4. (Numbers 27:18), "...ဝိညာဉ်တော်ကိုရသော နုန်၏သားယောရှု Joshua....."

D. ဝိညာဉ်တော်သည် ယုံကြည်သူတို့ အထဲဝင်လာပြီး၊ တန်ခိုးပါဝါရစေသည်။

1. (Eldad and Medad) – ဝိညာဉ်တော်သက်ဆင်းပြီး ပရောဖက်ပြုကြသည်။(Numbers 11:26-29).
2. (Othniel) – ဝိညာဉ်တော်သက်ဆင်းပြီး စစ်တိုက်ခြင်း၊ အမှုစီရင်ခြင်းပြုသူ။ (Judges 3:10).
3. (Gideon) – ဝိညာဉ်တော်သက်ဆင်းပြီး တိုက်ပွဲအောင်နိုင်သည်။ (Judges 6:34).
4. (Samson) – ဝိညာဉ်တော်သက်ဆင်းပြီး လက်နှင့် ခြင်္သေ့ကို တစစီဖြစ်စေသည်။ (Judges 14:6).
5. (David) – ဝိညာဉ်တော်သက်ဆင်းသည်။ (1 Samuel 16:13).

♦ ဓမ္မသစ်ကာလတွင် ယုံကြည်သူတို့ အပေါ် ဝိညာဉ်တော်သက်ဆင်းပြီး ဟောပြောခြင်း (ပရောဖက်ပြုခြင်း) ၊ တန်ခိုးပြခြင်းများလုပ်ဆောင်သည်ကို သတိပြုရမည်။ (Acts 1:8)

E. ဝိညာဉ်တော်သက်ဆင်းပြီး ယုံကြည်သူများကိုပြည့်စေသည်။(He FILLED some believers.)

1. ဗောဇလီး - Bezaleel (Exodus 31:3 and 35:31).
2. ယောရှု - Joshua (Deuteronomy 34:9). "ယောရှုသည် ဝိညာဉ်တော်နှင့်ပြည့်ဝသည်...."
3. ဧလိယ - Elijah (Luke 1:17). သူသည် ယောဟန်ကဲ့သို့ ပင် ဝိညာဉ်ပြည့်ဝသည်။
4. အာရုန်၏ဝတ်လုံ(Aaron's garments) ပြုလုပ်သောသူများသည် ဝိညာဉ်ပြည့်ဝသည်။ (Exodus 28:3).

♦ ဓမ္မဟောင်းကျမ်းတွင်ဖေါ်ပြထားသော အထက်ပါအကိုးအကားများက ဝိညာဉ်တော်သည် ပညာနှင့် ကျွမ်းကျင်မှု (wisdom & skill) ကိုပေးသည်။(Exodus 31:2-5), အားအင်ဖြည့်ပေးသည်။ (Judges 14:6) တဦးချင်းစီအား ပရောဖက်ပြုဖို့ ညာဏ်ပညာနှင့် အမှုကိစ္စထမ်းရွက်ဖို့ တန်ခိုးကိုပေးသည်။(2 Samuel 23:2 and Judges 15:14).

♦ သတိပြုရန်အချက်မှာ- ဓမ္မဟောင်းကျမ်းတွင် ဝိညာဉ်တော်သည် သူ့အလိုဆန္ဒအတိုင်း (His own sovereign will) အလုပ်လုပ်သည်။ သူဖြည့်ပေးလိုသောသူတိုင်းကို ဝိညာဉ်တော်တန်ခိုးဖြည့်ပေးသည်။ ဣသရေလ လူများအား မည်သို့ ဝိညာဉ်တော်တန်ခိုးရနိုင်သည်ဟူသော ညွှန်ကြားချက်တစုံတရာ လမ်းညွှန်ထားခြင်းမရှိပေ။အနာဂါတ်ကာလတွင်လည်း သူသည် လူသားအားလုံးအပေါ်ဝိညာဉ်တော် ဖြည့်ပေးမည်ဟု ကတိပေးထားသည်။ (Isaiah 44:3; Joel 2:28).

VII. သမ္မာကျမ်းစာနှင့်ပတ်သက်၍ဝိညာဉ်တော်၏လုပ်ဆောင်ချက် - THE WORK OF THE HOLY SPIRIT IN RELATION TO THE SCRIPTURES

A. "ကျမ်းစာရှိသမျှသည် ဘုရားရှင်မှုတ်သွင်းခြင်းအားဖြင့်ဖြစ်သည်။..." (2 Timothy 3:16). မှုတ်သွင်းခြင်း (INSPIRATION) ဟူသောစကားမှာ "theopheustos" or "God-breathed." ဟူ၍ အဓိပ္ပါယ်ရသည်။

B. မည်သူကမှုတ်သွင်းသနည်း (2 Peter 1:21) "...သန့်ရှင်းသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟော ပြောကြ၏။"

♦ ဤနေရာတွင် God's "breath" ဟူသောစကားလုံးသည် မမြင်နိုင်သော်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးပါသောလုပ်ဆောင်ချက်အဖြစ် သင်္ကေတ (symbolizes) ပြုသည်။

♦ အထက်ပါကျမ်းစာများသည် ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းရေးသားသူများ၏ ကိုယ်ပိုင်စာပေရေး သားဟန် (individuality and literary style) များနှင့် ဆက်နွယ်မှုမရှိဟုငြင်းဆိုနိုင်သည်။ ဘုရားရှင် ၏စိတ်ကူး (mind), လိုအင်ဆန္ဒ (will), နှင့် ရည်ရွယ်ချက်(purpose) အတိအကျကို ဖေါ်ပြနိုင်ရန်၊ ဘုရားရှင်က ကျမ်းစာရေး သူများအား ထူးခြားအံ့သြဖွယ်လမ်းညွှန်စေခိုင်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရှေးဟောင်းမူရင်းကျမ်းစာလက်ရေးမူများသည် ဘုရားရှင်ကိုယ်တိုင်ရေးထားသကဲ့သို့ အမှားအယွင်းနှင့် လုံးဝဥဿုံကင်းစင်ပါသည်။

C. ဗျာဒိတ်ကျမ်း အခန်းကြီး ၂နှင့်၃ တို့သည် သန့်ရှင်းသောဝိညာဉ်တော်အကြောင်း ဖြစ်သည်။ (Revelation 2:11,17; 3:6,13, 22).

D. ဝိညာဉ်တော်သည် ဓမ္မသစ်ကျမ်းရေးသူများကို အမှားအယွင်းမရှိစေရန် လမ်းညွှန်ခဲ့သည်။ နောင် ဖြစ်မည့် အရာများ "things to come" ကိုပြခဲ့သည်။ (John 16:13).

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်သော ဝိညာဉ်တော်၏ ဗတ္တိဇံ ဝိညာဉ်တော်၏ ဆုကျေးဇူး၊ ဝိညာဉ်တော်နှင့်ပြည့်စုံခြင်းအကြောင်းတို့ကို သေချာစွာနားလည်သဘောပေါက်ရန် နောက်ထပ် သင်ခန်းစာတွင် အသေးစိတ် ထပ်မံလေ့လာရပေမည်။

သန့် ရှင်းသောဝိညာဉ်တော်အပိုင်း-၁ မေးခွန်းများ -- (သင်ခန်းစာ -၇)

1. အကယ်၍ ယုံကြည်သူတယောက်သည် သန့်ရှင်းသောဝိညာဉ်တော်အား သူ့ကိုယ်ကျိုး အတွက် အသုံးပြုလိုလျှင် ၊ ထိုယုံကြည်ခြင်းသည် ထိုသူအား အောက်ပါတို့ ကိုဦးတည်သွားစေမည်။ (၅-မှတ်)

a. မာန်မာန - proud.
b. ဘုရားသခင်၌အားကြီးခြင်း - strong in the Lord.
c. ဝိညာဉ်တော်အတွက် ဘုရားရှင်အား အလွန်ကျေးဇူးတင်ခြင်း - very thankful to God for the Spirit.

2. သန့် ရှင်းသောဝိညာဉ်တော်အား ပုဂ္ဂိုလ်အဖြစ် (person)သိခြင်းသည် ခရစ်ယာန်အသက်တာ၏ အောက်ပါ ကဏ္ဍာတို့ ၌ကူညီမည်။ (၅-မှတ်)

a. ပျော်ရွှင်သူဖြစ်စေမည် - making us happy people.
b. ခရစ်ယာန်အသက်တာ၌လျှောက်လှမ်းအောင် ယုံကြည်သူကိုကူညီမည်။ helping the believer to live the Christian life.
c. ခရစ်တော်အတွက်သက်သေခံကောင်းဖြစ်စေသည်။ causing the believer to witness for Christ.

3. အောက်ပါတို့ အနက် မည်သည့်စကားလုံးက ဝိညာဉ်တော်အကြောင်းဖေါ်ပြသနည်း။ (၅-မှတ်)

a. ခြင်္သေ့ - Lion
b. မြေခွေး - Fox
c. ချိုးငှက် - Dove

4. ဝိညာဉ်တော်အား ဘုရားရှင်နှင့်အတူတူဖြစ်ကြောင်း ဖေါ်ပြသည့် ကျမ်းပိုဒ်ကိုရွေးပါ။ (၅-မှတ်)

a. 2 Corinthians 13:14 (၂ကော ၁၃း၁၄)
b. John 15:26 (ယော ၁၅း၂၆)
c. John 6:63 (ယော ၆း၆၃)

5. (Ephesians 1:13) မြန်မာကျမ်းစာတွင် ဖေဖက် ၁း၁၄ ကျမ်းပိုဒ်၌သန့်ရှင်းသောဝိညာဉ်တော်နာမည် (name) အဖြစ် အသုံးပြုသည့်စကား လုံးကိုရွေးချယ်ပါ။ (၅-မှတ်)

a. ဝိညာဉ်တော်၏ ကျေးဇူး - Spirit of grace
b. ဝိညာဉ်တော်၏ ကတိ - Holy Spirit of promise
c. ဝိညာဉ်တော်၏ အသက်- The Spirit of life

6. ဖန်ဆင်းခြင်းတွင် ဝိညာဉ်တော်လုပ်ဆောင်ခဲ့သော ကျမ်းပိုဒ်ကိုရွေးပါ။ (၅-မှတ်)

a. Genesis 1: 2 (ကမ္ဘာ ၁း၂)
b. Judges 6:34 (သူကြီး ၆း၃၄)

c. Genesis 41:38 (ကမ္ဘာဂ၄း၃၈)

7 . လူကိုဖန်ဆင်းခြင်းတွင် ဝိညာဉ်တော်လုပ်ဆောင်ခဲ့သော ကျမ်းပိုဒ်ကိုရွေးပါ။ (၅-မှတ်)

a. Genesis 11:7 (ကမ္ဘာ ၁၁း၇)

b. Job 33:4 (ယောဘ ၃၃း၄)

c. Psalm 33:6 (ဆာလံ ၃၃း၆)

8. (2 Thessalonians 2:6-7) ၂သက် ၂း၆-၇ အရ ဤကမ္ဘာတွင် ဝိညာဉ်တော်လုပ်ဆောင်နေသောအရာကား အဘယ်နည်း။ (၅-မှတ်)

a. ကမ္ဘာကို ဖန်ဆင်းရာတွင်ပါဝင်သည်။ He took part in creating the world.

b. အပြစ်တရားကို ထိန်းချုပ်ထားသည်။ He holds back sin in this world.

c. စာတန်ကိုတွန်းလှန်ရာတွင် ကူညီပေးသည်။ He helps people fight against the devil.

9. သမ္မာကျမ်းစာ မည်သို့ ဖြစ်ပေါ်လာသနည်း။ (၅-မှတ်)

a. သမ္မာကျမ်းစာ သည်ဘုရားရှင်မှုတ်သွင်းသည်။ The Bible was “breathed” by God.

b. သမ္မာကျမ်းစာ သည်ဘုရားရှင်လမ်းညွှန်သည်။ The Bible was dictated by God.

c. သမ္မာကျမ်းစာ သည်ဘုရားရှင်လက်တော်ဖြင့်ရေးသည်။ The Bible was written by God’s own hand.

10. သမ္မာကျမ်းစာရေးရန် ဘုရားရှင်ကမည်သူ့ ကိုအသုံးပြုသနည်း။ (၅-မှတ်)

a. ဘုရားရှင်က သန့်ရှင်းသူတို့ကို ဝိညာဉ်တော်အားဖြင့် ရေးစေသည်။ He used holy men to whom the Spirit spoke.

b. ဘုရားရှင်က ကောင်းကင်တမန်များအားဖြင့်သန့်ရှင်းသူများကိုသုံးသည်။ He used angels who brought it down to holy men.

c. ဘုရားရှင်မှရေးပြီး ၊သန့် ရှင်းသူများထံသို့ပေးသည်။ God wrote it and brought it down to holy men.

11. သမ္မာကျမ်းတွင် ပါဝင်သောကျမ်းစာများကို ပုံစံမျိုးစုံ၊ရေးနည်းမျိုးစုံ(different ways or styles) ဖြင့် ရေးသားခြင်းမှာ.....(၅-မှတ်)

a. ကျမ်းရေးသူများသည် ပညာတတ်များမဟုတ်သောကြောင့်။ all the writers were uneducated men.

b. ဝိညာဉ်တော်က စာရေးသူတိုင်း၏ကိုယ်ပိုင်ရေးဟန်နှင့်ဝေါဟာရအသုံးအနှုန်းကို အသုံးပြုသောကြောင့်။ the Holy Spirit used each writer’s own style and vocabulary.

c. သမ္မာကျမ်းစာသည် ဘုရားရှင်၏စကားမဟုတ်ဘဲ လူတို့ ၏အတွေးအခေါ်များကိုစုစည်းထားသောကြောင့်။ the Bible is a collection of only men’s ideas, not really God’s Word.

12. ဘုရားရှင်မှလူကို ကျမ်းစာရေးခိုင်းခြင်းမှာ မမှားပါ။အဘယ့်ကြောင့်ဆိုသော်.....(၅-မှတ်)

a. ဘုရားရှင်က ရေးသားသူများကို ထိန်းချုပ်သောကြောင့်။ God controlled the people who wrote it.

b. ဘုရားရှင်က သူကိုယ်တိုင်ရေးသောကြောင့်။ God wrote it with His own hand.
c. ဘုရားရှင်က လူတို့ မှားပြီးရေးလျှင် ပြင်ပေးသောကြောင့်။God corrected all the mistakes men made.

13. ကျမ်းစာက ဝိညာဉ်တော်သည် ပုဂ္ဂိုလ်(person) ဖြစ်ကြောင်းဖေါ်ပြသည့် အချက် ၂-ခုကိုရွေးပါ။ (၁၀-မှတ်)

a. လူခန္ဓာကိုယ်ရှိသောကြောင့်။ Because He has the body of a person.
b. ကျမ်းစာတွင် ဝိညာဉ်တော်ကိုကိုယ်စားပြုသော “သူ” “သူ၏” “သူ့ကို” စသောစကားလုံးများကို သုံးထားသောကြောင့်။ The Bible uses the word “He” “His” and “Him” for the Holy Spirit.
c. ဝိညာဉ်တော်၏လုပ်ဆောင်ချက်များက သူ ပုဂ္ဂိုလ်တပါးဖြစ်ကြောင်းဖေါ်ပြနေသောကြောင့်။ The actions of the Holy Spirit show that He is a person.
d. ပင်တေကုတ္တေပွဲနေ့တွင် တမန်တော်တို့အပေါ်ဝိညာဉ်တော်သက်ဆင်းပြီး အခြားသောဘာသာ စကားပြောသောကြောင့်။ Because the Apostles spoke in tongues when the Holy Spirit came upon them at Pentecost.

14. အောက်ပါကျမ်းပိုဒ်များက ဝိညာဉ်တော် တန်ခိုး(faculties), လက္ခဏာ(character), လုပ်ဆောင်ချက် (actions) တို့ ကို မည်သို့ ဖေါ်ပြသနည်း။ (၂၅-မှတ်)

a. Romans 8:27 (ရောမ ၈း၂၇)
b. Acts 1:8 (တ ၁း၈)
c. John 14:16 (ယော ၁၄း၁၆)
d. Romans 8:26 (ရော ၈း၂၆)
e. Acts 5:3 (တ ၅း၃)

15. အောက်ပါကျမ်းပိုဒ်များက ဝိညာဉ်တော် မည်သည်ကိုလုပ်ဆောင်နိုင်ကြောင်း ဖေါ်ပြသနည်း။(၁၅-မှတ်)

a. John 3:5 (ယော ၃း၅)
b. Romans 8:11 (ရော ၈း၁၁)
c. 1 Corinthians 12:8-11 (၁ကော ၁၂း၈-၁၁)

16. အောက်ပါကျမ်းပိုဒ်များက ဝိညာဉ်တော် အမည်(names) ကိုမည်သို့ တွေ့ ရသနည်း။ယှဉ်တွဲပါ။ (၂၀-မှတ်)

Ephesians 1:13 (ဧဖက် ၁း၁၂)	a. ထာဝရ - The Eternal Spirit
Hebrews 10:29 (ဟေဗြဲ ၁၀း၂၉)	b. ကတိတော် - The Spirit of Promise
Romans 8:2 (ရော ၈း၂)	c. ကျေးဇူးတော် - The Spirit of Grace
Hebrews 9:14(ဟေဗြဲ ၉း၁၄)	d. အသက် - The Spirit of Life

17. ဂရိစကားလုံး(Greek word)အရဝိညာဉ်“spirit” ဟုပြန်ဆိုနိုင်သလို၊ အခြားမည်သို့ ပြန်ဆိုနိုင်သေး သနည်း။ (၅-မှတ်)

18. ဓမ္မဟောင်းကျမ်းတွင် ယုံကြည်သူများကို ဝိညာဉ်တော်က မည်သို့ စီမံကွပ်ကဲ(minister) သည်ကို အောက်ပါ ကျမ်းပိုဒ်များတွင် ရေးသားဖေါ်ပြပါ။ (၁၅-မှတ်)

a. Genesis 41:38 (ကမ္ဘာ ၄၁း၃၈)
b. Judges 6:34 (သူကြီး ၆း၃၄)
c. Deuteronomy 34:9 (တရား ၃၄း၉)

သင်ခန်းစာ (၈)
သန့် ရှင်းသောဝိညာဉ်တော် - အပိုင်း (၂) - The Holy Spirit (Part Two)
ယုံကြည်သောသူများနှင့်ပတ်သက်သောသူ၏ အမှုဆောင်ခြင်း၊ ဝိညာဉ်တော်၏နှစ်ခြင်းဝိညာဉ်တော်ဖြင့်ပြည့်ခြင်း နှင့် မည်ကဲ့သို့ပြည့်ဝစွာခံယူရမည်နည်းအကြောင်း - His Ministry in Relation to the Life of Christ, to Unbelievers, Believers, the Baptism of the Spirit, the Gifts and Fullness of the Spirit, and How to be Filled with the Spirit

နိဒါန်း - Introduction

ယနေ့ခေတ်တွင် တကမ္ဘာလုံး၌ သန့်ရှင်းသောဝိညာဉ်တော်အကြောင်းနှင့် သူ၏လုပ်ဆောင်ချက်များ (Holy Spirit and His ministry)များ အထူးအာရုံစိုက်လေ့လာနေကြသည်။ ဤသင်ခန်းစာသည် ဘုရား သခင်၏ အမှုတော်ဆောင်ခြင်း၌သန့်ရှင်းသော ဝိညာဉ်တော်ကိုအထူး အလေးအနက်ထားခြင်း ကြောင့်၊ သင်ကြား မှုနှင့်ပီပြင်စွာရှင်းပြနိုင်ရန် အလွန်အရေးကြီးကြောင်းကျွန်ုပ်တို့ခံစားသိရှိရ၍ ဤသင်ခန်းစာကို အထူးအလေးပေး ဆက် ကပ်ကြပါသည်။ သင်ခန်းစာ (၇)တွင် သုံးပါးတဆူတည်းဖြစ်သော သန့်ရှင်း သောဝိညာဉ်တော်သည် ဘုရားအစစ် အမှန် ဖြစ်ကြောင်းတင်ပြခဲ့သည်။ သူ၏နာမတော်နှင့် သင်္ကေတများ (His names and His symbols) ကိုလေ့လာခဲ့ကြသည်။ ဖန်ဆင်းခြင်းနှင့်ပတ်သက်သော လုပ်ဆောင်ခြင်း ကို ဆွေးနွေးပြီး ခမ္မာဟောင်း ကျမ်းစာတွင်ဆွေးနွေးခဲ့ပါသည်။ယခုသင်ခန်းစာ (၈)တွင် သခင် ခရစ်တော်၏ အသက်တာနှင့် မယုံကြည်သူ တို့အကြောင်း၊ ဝိညာဉ်တော်နှစ်ခြင်း၊ ဝိညာဉ်တော်၏ဆုကျေးဇူး၊ ဝိညာဉ် တော်ဖြင့် ပြည့်ဝခြင်းနှင့် မည်ကဲ့သို့ ဝိညာဉ်တော် ခံယူရမည်ကို လေ့လာကြမည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

ခမ္မာဟောင်းနှင့်ခမ္မာသစ်ကျမ်း ၂-ခုလုံးတွင်ရှိသော သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ခြင်းများ (Holy Spirit's ministry) ကိုအသေအချာနားလည်မှသာဝိညာဉ်တော်၏အနေအထား (position ထူးခြား သော လက္ခဏာ (personality နှင့် တန်ခိုး (power) တို့ ကို နားလည်လာလိမ့်မည်။

ဝိညာဉ်တော်၏လုပ်ဆောင်ချက် (scope of His work) ကိုသိဖို့အတွက် ၊ တန်ခိုး (power), ခံစားချက် (feeling) ၊အတွေ့အကြုံ (experience) နှင့် တွေ့ခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့ သိသော(know), ချစ်သော (love), ယုံကြည်သော (trust), အားထားသော (rely upon), နာခံသော (obey) ကောင်းချီးပေး သောသူ (blessed person) အဖြစ်သူ့ ကိုတွေ့ ရှိဖို့ လိုပါသည်။

ဤသင်ခန်းစာကို ဆုတောင်းဆက်ကပ်ကာပြင်ဆင်ထားခြင်းဖြစ်သောကြောင့် သင်ခန်းစာကို လေ့လာကြ သူများသည် ကြွယ်ဝသော (richer), ပြည့်စုံသော (fuller), ကျယ်ပြန့် သော (broader) နားလည်နိုင်စွမ်းကို သန့်ရှင်းသောဝိညာဉ်တော်ဘုရားနှင့် သူ၏အထူးအမှုတော်ဆောင်ခြင်း (His special ministry) ဖြင့် နား လည် နိုင်ကြလိမ့်မည်ဟုယုံကြည်ပါသည်။

သင်ခန်းစာ - THE LESSON

I. ခရစ်တော်၏သက်တော်စဉ်နှင့်ပတ်သက်၍သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှု
THE MINISTRY OF THE SPIRIT IN RELATION TO THE LIFE OF CHRIST

A. မယ်တော်ကညာမာရိ၏ဝမ်းအတွင်း၌ပဋိသန္ဓေယူခြင်းသည်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့်ဖြစ်ပါ သည်။ (Matthew 1:20; Luke 1:35).

B. သခင်ယေရှုဗတ္တိဇံခံတော်မူစဉ်သန့်ရှင်းသောဝိညာဉ်တော်သည်သခင်ယေရှုအပေါ်သို့(UPON)ဆင်းသက်တော်မူ၏။ (Luke 3:22; Matthew 3:16).

C. ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်လည်းကောင်း၊ တန်ခိုးတော်နှင့်လည်းကောင်း နာဇရက်မြို့သား ယေရှုကိုဘိသိက်ပေးတော်မူခြင်းဖြစ်သည်။(Acts 10:38).

D. ယေရှုသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံလျက်(full of the Spirit)— ဝိညာဉ်တော်သည်— ပို့ဆောင်တော်မူ၏။ (လု ၄း၁၊၁၄)၊ အံ့ဖွယ်နိမိတ်လက္ခဏာတို့ကို ဝိညာဉ်တော်၏တန်ခိုးဖြင့်ပြုတော်မူ၏။ (လု ၄း ၁၈၊ မ ၁၂း ၂၈).

E. လောကတွင်ခရစ်တော်လူသားအဖြစ်ရှိတော်မူနေစဉ်သန့်ရှင်းသောဝိညာဉ်တော်သည်ခရစ်တော်၏ ပညာတရား (source of Christ's wisdom) ဖြစ်ပါသည်။ (Matthew 12:17-21).

F. ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် သေခြင်းမှထမြောက်တော်မူသည်။(Romans 1:4; 8:11).

G. ခရစ်တော်သည်သေခြင်းမှထမြောက်တော်မူပြီးနောက်တမန်တော်တို့ကို "ဝိညာဉ်တော်အားဖြင့်" လမ်းညွှန်မှာ ထား ခဲ့ သည်။ (Acts 1:2).

H. ခရစ်တော်သည် လူသားတစ်ဦးအနေဖြင့် ပညာအရာ၌ငှင်း၊(wisdom) လမ်းညွှန်မှုတန်ခိုး တော်အရာ၌လည်းကောင်း၊(direction)၊ တန်ခိုး အရာ၌လည်းကောင်း၊(power.)သန့်ရှင်း သောဝိညာဉ်တော်ကို မှီတည်ခဲ့ပါသည်။ သူသည်ကျွန်ုပ်တို့၏စံနမူနာဖြစ်တော်မူပါသည်။(1 Peter 2:21).

♦ အကယ်၍ခရစ်တော်သည် အသက်ရှင်ရန်နှင့်အမှုဆောင်ရန်အတွက် သန့်ရှင်း သော ဝိညာဉ်တော်ကို အမှီပြုခဲ့ ပါလျှင်ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော် အားမည်မျှအားထားရမည်နည်း။

♦ ကျွန်ုပ်တို့အားဘုရားရှင်ချပေးထားသောကောင်းချီးမင်္ဂလာများကို ကြွေးကြော်ရယူကြပါစို့။ သန့်ရှင်း သော ဝိညာဉ်တော်သည် ခရစ်တော်၌ပြုခဲ့သမျှအားလုံးကို ကျွန်ုပ်တို့ အထဲ၌လည်းပြုနိုင်ပါသည်။ ကျွန်ုပ်တို့သည် လည်း ဝိညာဉ်တော်၌ ဘိသိက် ခံခြင်း၊ ပြည့်ဝခြင်း၊ လမ်းပြပို့ဆောင်ခြင်း၊ တန်ခိုးတော်ဖေ ပေးခြင်း များရရှိနိုင်ပါသည်။

II. မယုံကြည်သူများနှင့်ဆိုင်၍သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှု THE MINISTRY OF THE SPIRIT IN RELATION TO UNBELIEVERS

A. ခရစ်တော်ကို ဖော်ပြခြင်း၊ ခရစ်တော်ကို ချီးမြှောက်ခြင်းအမှုတော်ဖြစ်ပါသည်။ Christ-Revealing, Christ-Exalting Ministry.

1. (John 15:26), “ဥပဇ္ဈာယ်ဆရာသည် ရောက်လာသောအခါ--ငါ၏အကြောင်းကို သက် သေခံ လိမ့်မည်။”

2. (John 16:13-14), “…"ဝိညာဉ်တော်သည်ရောက်လာသောအခါ-" ကိုယ်အလို အလျောက် ဟော ပြော မည်မဟုတ်-- ငါဘုန်းကိုထင်ရှားစေလိမ့်မည်။ အကြောင်းမူကားငါနှင့်စပ်ဆိုင် သောအရာကို ယူ၍သင်တို့အား ဖော်ပြလိမ့်မည်။”

3. (Acts 5:32), “ငါတို့သည် သူ၏သက်သေခံဖြစ်ကြ၏။ ဘုရားသခင်၏စကားတော်ကိုနား ထောင် သောသူတို့အား ပေးသနားတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သက်သေခံဖြစ်တော်မူ သည်။”

♦ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်နှင့်ပတ်သက်၍ဟောပြောခြင်း၊ သွန်သင်ခြင်းများပြုနေပါလျက် ခရစ်တော် ကို ထင်ရှားစေခြင်းမပြုပါကသံသယရှိသင့်ပါသည်။

B. (John 14:17; 15:26) -THE SPIRIT OF TRUTH, သမ္မာတရားနှင့်ပြည့်စုံသော ဝိညာဉ် တော်ဖြစ်သည် နှင့်အညီ သမ္မာတရားဖြစ်သော သူ၏ အခြေအနေအကြောင်းကိုသာသက်သေခံ တော်မူပါ သည်။ (John 14:6).

♦ သန့်ရှင်းသောဝိညာဉ်တော်သည်မိမိသဘောတော်အတိုင်း သခင်ယေရှုအား အပြစ်သားတို့ကို ဖော်ပြ နေစဉ်သန့်ရှင်းသောဝိညာဉ်တော်အား ဆက် ကပ်ပေးအပ်ထားပြီးသော ယုံကြည်သူများကို အသုံးပြုလျက် အမှုဆောင်စေလေ့ရှိ ပါသည်။ (John 15:26; 16:7-8) မည်မျှကြီးမားသောအခွင့်အရေးပါနည်း။ မည်မျှကြီးမား သော တာဝန်နည်း။ ခရစ်တော် အကြောင်းကိုဣလောကသို့သိစေရ သောအခွင့်ထူး ကိုရကြပြီ။ သို့ရာတွင် လူတို့၌ ယုံကြည်ခြင်း ကိုဖြစ်စေသောအရာ သည် ကျွန်ုပ်တို့၏ သက်သေခံ ချက်လည်းမဟုတ် ကျွန်ုပ်တို့၏ တန်ခိုးလည်းမဟုတ်၊ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုး သက်သက် သာဖြစ်ပါသည်။ လူတို့ သည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့်သာယေရှုအား "သခင်" ဟုခေါ်ကြ ပါ သည်။ (1 Corinthians 12:3).

C. အပြစ်ရှိသည်ကိုသိစေခြင်း အပြစ်သားဖြစ်ကြောင်းကိုသိစေခြင်းနှင့် ဆိုင်သောအမှုတော် Sin-Convincing, Sin-Convicting Ministry.

1. (John 16:8-11), လောကသားတို့အားဣသို့သိစေတော်မူပါသည်။

a) OF SIN (relating to man) အပြစ်အကြောင်း။ ခရစ်တော်ကိုမယုံကြည်ခြင်းသည် အပြစ် ဖြစ်ကြောင်းကို ဖော်ပြတော်မူပါသည်။

b) Of RIGHTEOUSNESS (relating to Christ) ဖြောင့်မတ်ခြင်း။ ခမည်းတော်ဘုရား သခင်ထံ ပြန်သွားခြင်း အားဖြင့်သက်သေ ပြနိုင်သောခရစ်တော်၏ ဖြောင့် မတ်ခြင်းကိုဖော်ပြတော်မူပါသည်။

c) OF JUDGMENT (relating to Satan); အပြစ်စီရင်ခြင်း။ သေခြင်းတရားနှင့် အပြစ်ဒုစရိုက် ကိုဖြစ်စေ သော ခရစ်တော်သည် စာတန်အားလက်ဝါးကပ်တိုင်ပေါ်၌ တရားစီရင်ပြီးဖြစ်ပါသည်။ (Colossians 2:15; Hebrews 2:14).

2. အပြစ်သားအားအပြစ်ရှိကြောင်းသိစေရန်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်က နှုတ်က ပါတ်တော်အား ဖြင့်ဖော်ပြ ပါသည်။

a) (Acts 2:4 with 2:37). - တမန်တော်တို့သည် " သန့်ရှင်းသော ဝိညာဉ်တော်"filled with the Holy Ghost, နှင့်ပြည့်လျက်ရှိနေကြပါသည်။ ထိုအခါအပြစ်သားတို့သည် " စိတ်နလုံးပူပန်ခြင်း""pricked in their heart." သို့ရောက်ကြရပါသည်။

b) (Acts 4:8 with 4:13).- ပေတရုသည် "သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်လျက်" ရှိပါသည်။ ထိုအခါ အပြစ်သားတို့သည် "အံ့ဩ" ၍နေကြပါသည်။

3. သန့်ရှင်းသောဝိညာဉ်တော်အပြစ်ကိုဖော်ပြသောအခါနောင်တရခြင်းနှင့်ယုံကြည်ခြင်းကို ဖြစ်စေပါသည်။

a) (Acts 2:38-39), - "အဘယ်သို့ပြုရပါမည်နည်း" နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံကြလော့။"...."

b) (Romans 10:17),-ယုံကြည်ခြင်းသည် နှုတ်ကပါတ်တော်ကို ကြားနာခြင်းအား ဖြင့်ဖြစ်၏။ သို့ရာတွင် နှုတ်ကပါတ်ဧ တော် သည် သန့်ရှင်းသော ဝိညာဉ်တော် ၏ဓါး ဖြစ်ကြောင်းကိုအမြဲသတိပြုရပါမည်။ သန့်ရှင်း သောဝိညာဉ်တော်သည် ထိုဓါးကို တန်ခိုးတော်အားဖြင့်ကိုင်ဆောင်သော အခါလူတို့သည် မိမိအပြစ် ကိုမြင်ခြင်း၊ နောင်တရခြင်း၊ ဘုရားသခင်ထံသို့ပြန် လာခြင်းကိုဖြစ်စေပါသည်။

III. ယုံကြည်သူများအသက်တာ၌သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှု
THE MINISTRY OF THE HOLY SPIRIT TO AND IN THE LIVES OF BELIEVERS

A. အသစ်သောအသက်တာသို့ပြောင်းလဲစေသည်- He REGENERATES

(ဇဖက် ၂း၁) ၌ ဝိညာဉ်တော်သည် အပြစ်လွန်ကျူးသောသူများနှင့် အပြစ်သားများအားသေခြင်းမှ အသစ်သော အသက်ရှင်ခြင်းအသက်တာကိုပေးသည်။ (ယော ၃း၅-၈ နှင့် ယော ၆း၆၃) အရ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများကို ဒုတိယမွေးခြင်းအားဖြင့် အသက်ရှင်ခြင်းကို ပေးသနားသည်။

♦ သန့်ရှင်းသောဝိညာဉ်တော်သည် သခင်ယေရှုကိုချီးမြှောက်သောအခါ(ယော ၁၆း၁၃) အပြစ်ထင်ရှားစွာပြ သောအခါ(ယော ၁၆း၈) နောင်တရ၍ခရစ်တော် ကိုယုံကြည်သောအပြစ် သားများသည် ဝန်ချ တောင်းပန်၍ ယုံကြည်လာစေသည်။ (Acts 20:21; Acts 2:38-41). ထိုအခါ ဝိညာဉ်တော်သည် ယုံကြည်သူ အထဲ၌ အသစ်သောအသက်တာအဖြစ်ကိန်းဝပ်သည်။ (2 Corinthians 5:17; 1 Peter 1:4).

B. ဗတ္တိဇံပေးသည်။ - He BAPTIZES

(၁ ကော ၁၂း၁၃၊ ဂလာတိ ၃း၂၇၊ ရော ၆း၃) အရ သန့်ရှင်းသော ဝိညာဉ်တော်၏ဗတ္တဇံ ဆိုသည်မှာ ခရစ်တော်၏ကိုယ်ခန္ဓာ၌ အင်္ဂါအသီးသီး ဖြစ်စေခြင်း ဖြစ်သည်။ (ဇဖက် ၅း၃၀) သခင်ဘုရား၏အသားတော် အရိုးတော်အဝင်ဖြစ်သည်။

C. တံဆိပ်ခတ်သည်- He SEALS

(ဇဖက် ၁း၁၃-၁၄၊ ၄း၃၀၊ ၂ကော ၁း၂၂) သန့်ရှင်းသောဝိညာဉ် တော်ရှိခြင်းသည် ဘုရား သခင်၏ ပိုင်ဆိုင်ခြင်း၊ သခင်ဘုရားနှင့်သက်ဆိုင်ကြောင်းတံဆိပ် (SEAL of God's ownership) ပင်ဖြစ်သည်။ (၂တိ ၂း၁၉) သန့်ရှင်း

သောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကိုခံရသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင်၏သားများ အဖြစ်ထာဝစဉ်ဖြစ်စေသည်။

D. ကျိန်းဝပ်တော်မူသည် - He INDWELLS

(ယော ၁၄း၁၇၊ ဂုး၃၈-၃၉၊ ၁ကော ၆း၁၉) ဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်း ဆို သည်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်းတွင် စွဲမြဲ စွာနေထိုင်တော်မူခြင်းဖြစ်ပါသည်။(ယော ၁၅း၄-၅၊ ယော ၁၄း၁၆-၁၇)။

E. စိတ်ချမှုပေးသည် - He ASSURES

(ရော ၈း၁၆၊ ဂလာ ၄း၆) ကျွန်ုပ်တို့သည် ဘုရားသား များဖြစ်ကြောင်း စိတ်အတွင်းမှ သက်သေခံပေးသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အား ဘုန်းအသရေကို အမွေခံရန်စရံ ပေးထားခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ (ဧဖက် ၁း၁၃-၁၄၊ ၂ ကော ၅း၅။)

F. ဦးဆောင်ပေးသည်- He LEADS

(ရော ၈း၁၄။ ဂလာ ၅း၁၆၊၂၅။) သန့်ရှင်းသောဝိညာဉ်တော် ၏သွန်သင်ခြင်း ကိုနေ့စဉ် ခံယူခြင်းနှင့် ဝိညာဉ်တော်နှင့်အတူအသက်ရှင်ခြင်း၊ လျှောက်ခြင်း။.

G. ကျေနပ်နှစ်သိမ့်စေသည်- He SATISFIES

(ယော ၄း၁၃-၁၄) ဝိညာဉ်တော်သည် သခင်ခရစ်တော် မိန့်ကြားခဲ့သော ထာဝရ အသက်ရှင်သောစမ်းရေတွင်းဖြစ်ပြီး နောက်တဖန် ငတ်မွတ် ခြင်းမဖြစ်စေ ပါ။

H. သွန်သင်တော်မူသည် -He INSTRUCTS

(ယော ၁၄း၂၆၊ ၁၆း၁၃၊ ၁ကော ၂း၉-၁၄။) ဝိညာဉ်တော် သည် သွန်သင်ပို့ချ မည့်ဉာပဏ္ဏာယ်ဆရာ၊ သစ္စာတရား ကိုဖော်ပြမည့်သူဖြစ်သည်။

I. ပြည့်ဝစေသည် - He INFILLS

ဝိညာဉ်တော်သည် ကျွန်ုပ်တို့ အားချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်း၊ ဉာဏ်ပညာ၊ ငြိမ်သက်ခြင်းများဖြင့်ပြည့်စုံစေသည်။(Acts 2:4; 4:8,31; Ephesians 5:18)

J. တန်ခိုးပေးသည်- He EMPOWERS

(တ ၁း၈)။ အပြစ်တရားမှ လွတ်မြောက်ရန် အခွင့်အာဏာပေးသည်။(ရော ၈း၂)သက်သေခံနိုင်ရန် တန်ခိုးပေးတော်မူ၏။ (တ ၁း၈။ ၁ကော ၈း၂၊ ၁ သက် ၁း၅) ဆုတောင်းတတ်ဖို့ရန်တန်ခိုးပေး၏။(ရော ၈း၂၆-၂၇) ဝိညာဉ် အသီးသီးရန် တိုးပွားဘို့ရန်တန်ခိုး ပေး၏။ (ဂလာတိ ၅း၂၂။)

IV. သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံ - THE BAPTISM OF THE HOLY SPIRIT

A. ဝိညာဉ်တော်နှစ်ခြင်းစကားလုံးသတ်မှတ်ချက်နှင့်ပတ်သက်ပြီးအကြီးအကျယ်ရှုပ်ထွေးမှု၊သဘော

ထားခြင်းမတိုက် ဆိုင်မှုများဖြစ်ပေါ်စေခဲ့သည်။ တချို့ကလုံးဝအပြစ်ကင်းစင်သန့်ရှင်းခြင်းဟု သတ်မှတ်ပြီး၊ တချို့ကထူးဆန်းသော ဘာသာစကား ပြောခြင်းနှင့်ပတ်သက်သည်။ ဆက်စပ်နေသည်ဟုယူ ဆကြသည်။

B. ဤကဲ့သို့ရှုပ်ထွေးမှုဖြစ်ရခြင်းမှာ ဓမ္မသစ်ကျမ်းစာတွင် ဗတ္တိဇံအမျိုးအစားတခုထက်မကဖော်ပြထား ချက်ကို လက်မခံ လိုခြင်းကြောင့်ပင်ဖြစ်သည်။ အချို့က လုံးဝသသုံနှစ်လိုက်ခြင်း (complete immersion) ဟုဆိုသည်။ ငါဗတ္တိဇံခံသကဲ့သို့ သင်တို့ ရောခံနိုင်သလား" ဟု ယေရှုဘုရားပြောဆိုခြင်းသည် လက်ဝါးကပ်တိုင် ၌ အသေခံခြင်းကို ညွှန်းဆိုသည်။ (Mark 10:38). အခြားအချိန်များတွင်မူ သမိုင်းဝင် အဖြစ်အပျက်တို့ ၌ သုံးစွဲသည်။

C. နှစ်ခြင်းခံခြင်း ၃-မျိုးရှိသည်။ There are three that must be distinguished:

1. ယောဟန်၏ဗတ္တိဇံ- The Baptism of John - တ ၁း၂၂

ဤနှစ်ခြင်းသည် အစ္စရေးတို့နှင့် သာလုံးဝသက်ဆိုင်သည်။ (မ ၃း၁-၂၊ လု ၇း၂၉) -နောင်တဆိုင်သော ဗတ္တိဇံ ဖြစ်သည်။ (လု ၃း၃ တမန် ၁၃း၂၄) ဤဗတ္တိဇံသည်အပြစ်ကို စွန့်၍ဘုရားသခင်ထံ ပြန်လာ ရန်နှင့်သူတို့၏ စစ်မှန် သောနောင်တရခြင်းကို ဖော်ပြသည်။

2. ရေဗတ္တိဇံ - Water Baptism

သခင်ခရစ်တော်ကိုယ်တိုင်ရေ၌ဗတ္တိဇံယူခြင်း၊ (မာ ၁း၉-၁၀)၊ သခင်ခရစ်တော်သည် သူ၏ တပည့်တော် များကို ရေ၌ဗတ္တိဇံပေးရန်စေခိုင်းခဲ့သည်။ (မ ၂၈း၁၉) ရေနှစ်ခြင်းဗတ္တိဇံသည် ယုံကြည်သောသူများ၏ သခင်ခရစ်တော် နှင့် အတူသေပြီး ပြန်လည်ရှင်ပြန်ထမြောက်ခြင်းကို လက္ခဏာ အထိမ်းအမှတ်အဖြစ် ဟုတ်မှန်ကြောင်း ပြသည်။(ရော ၆း၄၊ ကောလော ၂း၁၂) ဗတ္တိဇံနှင့်ပတ်သက်၍ဥပမာများကို (တ ၈း၁၂၊ တ ၈း၃၆-၃၉၊ ၁၆-၃၃) တို့တွင် တွေ့နိုင်၏။

3. ဝိညာဉ်တော် ဗတ္တိဇံ - Spirit baptism.

ဤဗတ္တိဇံခံခြင်းသည်လည်း ပင်တေကုတ္တေပွဲနေ့တွင် ယေရှုဘုရားမှ သူ၏အသင်းတော် ဝိညာဉ်တော် ပြည့်ဝဖို့ (fill)၊ အစွမ်းသတ္တရှိဖို့ (empower)၊ အတူတကွစုစည်းညီညွတ်ဖို့ (join) တမန်တော်တို့အပေါ် ထူးခြားအံ့ဩဖွယ်နည်းဖြင့် သက်ဆင်း စေခဲ့သည်။ (Acts 1:5,8; 2:1-4). ယနေ့မျက်မှောက်ခေတ်တွင် ယုံကြည်သူတိုင်း၌ အသက်တာ၏သမိုင်းဝင်အဖြစ်အပျက်အဖြစ် ဤဗတ္တိဇံခံခြင်းအတွေ့အကြုံကို ခံစားကြရ သည်။ ယုံကြည်သူသည် ခရစ်တော်ထံ အပြစ်နောင်တရပြီး ခွင့်လွှတ်ဖို့ တောင်းလျှောက် သည့် အခါ သန့်ရှင်း သောဝိညာဉ်တော်သည် ထိုသူ အား ခရစ်တော်ထဲသို့ဗတ္တိဇံခံစေလိုက်သဖြင့် (Holy Spirit baptizes or immerses him into Christ)ထိုသူသည် အသင်းတော်၏အစိတ်အပိုင်း(part of His body, the Church) အစိတ်အပိုင်းဖြစ်လာသည်။

D. ဝိညာဉ်တော်အားဖြင့်ဗတ္တိဇံပေးခြင်း Baptism with the Spirit.

(၁ကော ၁၂း၁၃) - ယုံကြည်သူတိုင်း အပြစ်တရားမှနောင်တရပြီး ယုံကြည်ကြောင်းဝန်ခံလျှင် ခရစ်တော်၌ နှစ်ခြင်းခံယူခြင်း ဖြစ် သည်။(ရော ၆း၃-၄၊ ဂလာတိ ၃း၂၇) ထို့နောက်ထို သူတို့သည် ခရစ်တော်၏ ကိုယ်အင်္ဂါ အသီးသီးဖြစ်လာသည်။ (၁ကော ၁၂း၁၃၊၇ ဧဖက် ၂း၁၅-၁၆၊ ၅း၃၀) အသင်းတော်ဟု ခေါ်ဝေါ်ခြင်းခံရသည်။ ဤနှစ်မြှုပ်ခြင်းသည် အခြေအနေ ပေါ်တွင်မူတည်၍ တန်ခိုး တော်နှင့် မသက်ဆိုင်ပဲ (တ ၁း၅) နှင့် ခြားနားသည်။ ဝိညာဉ်တော်နှစ်ခြင်း (Spirit baptism) တကြိမ်တည်းသာ (once and for all event) လုပ်ဖို့လိုသောကိစ္စဖြစ်သည်။ "ဘုရားတဆူတည်းရှိသည်။ ယုံကြည်ခြင်းတခုသာလိုသည်။ ဗတ္တိဇံတကြိမ်သာ

လိုသည်။ (Ephesians 4:5). ဒုတိယမွေးခြင်းခံပြီးသူ သည် ဝိညာဉ်တော်နှစ်ခြင်းကို ခံပြီးဖြစ်သည်။ (1 Corinthians 12:13). သို့ဖြစ်၍ ဝိညာဉ်တော်နှစ်ခြင်းခံဖို့ထပ်ပြီးမလိုတော့ပါ။ နိမိတ် သင်္ကေတအားဖြင့် (by signs)၊ အခြားသောဘာသာပြောခြင်း(by speaking in tongues) ဖြင့် ဝိညာဉ်တော် နှစ်ခြင်းရရန်မလိုတော့ပါ။ လူတို့သည် ဒုတိယမွေးခြင်းခံဖို့၊ ယုံကြည်သူဖြစ်ဖို့တကြိမ်သာ နှစ်ခြင်းခံဖို့လိုသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူအထဲတွင် တကြိမ်ကိန်းအောင်း သည်နှင့် ထာဝရကိန်းအောင်းသည် ဟုမှတ်ရမည်။ ၎င်းသည် ခရစ်ယာန်တဦးအတွက် မမေ့နိုင်စရာအဖြစ် အပျက်တခုဖြစ်သည်။ "ခရစ်တော်၏ဝိညာဉ်ကို မရသော သူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။" (Romans 8:9).

E. ဝိညာဉ်တော်နှစ်ခြင်းရခြင်း၏သက်သေဖြစ်သည့် အခြားသောဘာသာစကားပြောခြင်း ကိစ္စကောမည်သို့နည်း။ What about speaking in tongues as the evidence of the baptism of the Holy Spirit?

မှတ်ရန်။ (လုကာ ၂၄:၄၉) (တမန် ၁း၈)တွင် ဂတိပြုထားသောလက္ခဏာသည် အခြားသောဘာသာ စကားပြောခြင်း (NOT tongues) မဟုတ်ဘဲဇဝံဂေလိတရားကို ရဲဝံ့စွာဟောပြောနိုင်သောတန်ခိုး (POWER) ပင်ဖြစ်၏။ ယနေ့ထိ တိုင်ထို လက္ခဏာဖြစ်နေဆဲဖြစ်သည်။

မှတ်ချက်။ သမိုင်းကြောင်းကိုပြန်လည်အသစ်ပြုပြင်သူ (great reformers of history) များဖြစ်ကြသော Luther, Calvin, Zwingli and Knox နှင့် သမိုင်းဝင်အကြီးမားဆုံးသော ဇဝံဂေလိဆရာများ၊ ဝိညာဉ်ကယ်တင်သူ (soul-winners) များဖြစ်သော David Brainard, John Wesley, Jonathan Edwards, Charles Finney, R.A. Torrey, D.L. Moody and Billy Sunday တို့သည် အခြားသောဘာသာစကားပြောသူများ မဟုတ်ဘဲ ဝိညာဉ်တော် တန်ခိုးနှင့်ပြည့်စုံသောသူများဖြစ်ကြသည်။

မှတ်ရန်။ ။ အရိုးရှင်းဆုံးပြောရလျှင် ယုံကြည်သူတဦးအနေဖြင့် အခြားသောဘာသာစကားပြောခြင်း () မရှိဘဲ ဘုရားရှင်၏တန်ခိုးအားလုံးကိုပိုင်ဆိုင်ရရှိနိုင်ပါသည်။

F. အသင်းတော်သည် ဝိညာဉ်ကယ်တင်ရာတွင် အဘယ်ကြောင့် အားနဲနေရသနည်း။ Why does the Church of Jesus Christ lack power in winning souls?

အထက်ပါအားနည်းချက်များကို လေ့လာကြည့်သည့်အခါ ယုံကြည်သူများအနေဖြင့် ပြင်ဆင်မှု (preparation) မရှိခြင်း, စိတ်အားထက်သန်မှု (sense of need)နဲပါးခြင်း နှင့် မျှော်လင့်ချက် စိတ် သဘောထား (attitude of expectancy) မရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရသည်။ ပင်တေ ကုတ္တဝပွဲနေ့ (Pentecost) နေ့တွင် ကမ္ဘာကြီး အား ဇဝံဂေလိတရား ဟောဖို့ယေရှုဘုရား၏ မှာကြားချက်ကို အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။ သူတို့သည် မဟာစေခိုင်း ချက်ဖြစ်သော ဇဝံဂေလိတရားဟောဖို့စိတ်တခုတည်းသာ ကိန်းအောင်းနေကြ သည်။ သူတို့၏စီမံကိန်း အောင်မြင်ဖို့ရန်အတွက် အံ့ဖွယ်တန်ခိုး (supernatural power) က ပြီးစီးအောင်လုပ် ဆောင် မည်ဖြစ်ကြောင်း သူတို့သိထားကြသည်။ ဘုရားရှင်ကူညီမစမည်ဟု သူတို့ယုံကြည်ကြသည်။ အထက်မှ လာသော တန်ခိုးကို သူတို့စောင့်ဆိုင်းခဲ့ကြသည်။ ဤကိစ္စအတွက် အောင်မြင်မှု၊ ဆုံးရှုံးမှုကို ဖြစ်စေသော အဓိက သော့ချက်မှာ သန့်ရှင်းသောဝိညာဉ်တော် နှင့်ပြည့်ဝစေ ရန်ဖြစ် သည်။ (Acts 2:4).

G. ထိုတန်ခိုးကို ယနေ့ကာလတွင် ရနိုင်ဆဲရှိပါသလား။ Is that power available today?

ဟုတ်ကဲ့ (YES!)၊ ရနိုင်ဆဲရှိပါသည်။သန့်ရှင်းသောဝိညာဉ်တော်နှစ်ခြင်း တကြိမ်တည်းသာဖြစ်ခဲ့သော် လည်း၊ ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း (many fillings) များကိုများစွာရရှိနေသည်။ ယခုအခါ တသီးပုဂ္ဂလ ခေါင်းဆောင်များနှင့် ခရစ်ယာန်များသည် ခရစ်တော်အတွက်သက်သေခံခြင်း (witnessing) လုပ်ငန်း အတွက် ဝိညာဉ်တော်

နှင့် ပြည့်ဝဖို့ ဆထက်တန်ဘိုးကျိုးစားကြရန်လိုအပ်နေပြီဖြစ်သည်။

V. ဝိညာဉ်တော်၏ဆုကျေးဇူးများ - THE GIFTS OF THE SPIRIT

(1 Corinthians 12:1-11; Romans 12:6-8 and Ephesians 4:8-11) ကို အသေအချာဖတ်ပါ။.

မှတ်ချက်။ ဓမ္မသစ်ကျမ်းတွင် ဝိညာဉ်ဆုကျေးဇူး (၂၁)ခုရှိကြောင်းအောက်ပါအတိုင်း ဖော်ပြထားပါသည်။

A. ဤအရာများသည် (GIFTS) ဆုကျေးဇူးသာဖြစ်၍ ဝယ်ခြင်း၊aတာင်းခြင်း၊ ထိုက်တန် ခြင်းတို့ကြောင့် ရရှိသောအရာမဟုတ်ဘဲ အဘိုးအခမပေးဘဲရရှိနိုင်သော ဘုရားသခင်၏ဝိညာဉ်တော် ကျေးဇူးပင် ဖြစ် သည်။ (1 Corinthians 12:7).

B. ဆုကျေးဇူးများသည် ဘုရားသခင်၏အလိုတော်၊ ကျေးဇူးတော်ဖြင့်သာရခြင်းဖြစ်၏။(SOVEREIGN WILL AND GRACE OF GOD) ထို့ကြောင့်သင်၌ရွေးချယ်ပိုင်ခွင့်မရှိပါ။(Romans 12:6 and 1 Corinthians 12:11)

C. ဆုကျေးဇူးများမှာအမျိုးမျိုးပင်ဖြစ်သည်။ (၁ ကော ၁၂း၄) အသင်းတော်ကိုစီစဉ်အုပ်ချုပ်ခြင်းနှင့် ဆောင်ရွက်ခြင်း တို့အတွက်လက်တွေ့ကျသော (administration and operation of the church) ရည်ရွယ်ချက်ပင်ဖြစ်သည်။ (၁ ကော ၁၂း၅-၆)

D. ဤဝိညာဉ်ဆုကျေးဇူးများကိုအလွဲသုံးစားမပြုလုပ်ပဲ သခင်ခရစ်တော်၏အုပ်စိုးမှုအောက် တွင်အသုံးပြု ရန်ဖြစ်သည်။ (၁ ကော ၁၂း၅) ဤဆုကျေးဇူးများကို မိမိသဘောအတိုင်းမပြုရချေ။

E. (၁ ကော ၁၂း၇၊ ၁၁) အရ ခရစ်ယာန်တိုင်းဝိညာဉ်ဆုကျေးဇူးရရှိသည်။ (Every Christian has some gift from the Spirit)

F. ကိုယ်ခန္ဓာအစိတ်အပိုင်းများတွင်တခုကတခုထက်ပို၍အရေးကြီးသည်မရှိသကဲ့သို့ဝိညာဉ်ဆု ကျေးဇူး များတွင် လည်း ပို၍အရေးကြီးသည်မကြီးသည်မရှိပါ။ (No gift was less honorable than another) (1 Corinthians 12:18-25).

G. မည်သည့်ဆုကျေးဇူးများမဆိုဝိညာဉ်တော်ပို၍များသည်နည်းသည်ဟုမဆိုနိုင်ပါ။ (No gift was considered more “spiritual” than another.) မည်သူတဦးတယောက်မှ ဝိညာဉ် ဆုကျေးဇူးကြောင့် အခြားသူများအပေါ်အာဏာမပေးနိုင်ချေ။ အခြားသော ဘာသာစကားပြောခြင်းကြောင့် ပို၍ဝိညာဉ် တော်ဖြင့်ပြည့်ဝ သည်မဟုတ်ပါ

H. (၁ ကော ၁၂း၃၀ အရ) လူတိုင်းအခြားသောဘာသာစကားပြောနိုင်ခြင်းမရှိပါ။ (not everyone was given the gift of tongues)

I. အခြားသောဘာသာစကားပြောဆိုနိုင်ခြင်းဆုကျေးဇူးသည်ထူးဆန်းအံ့သြဘွယ်ကောင်းသော အရာ (သို့) အထူး သဖြင့် တန်ခိုးအာဏာရရှိသောသက်သေမှန်ကန်ချက်မဟုတ် ဆုကျေးဇူးများစွာ ထဲမှတခု သာဖြစ်သည်။ (၁ ကော ၁၂း၂၈) တွင်အခြားစကား ပြောနိုင်ခြင်းသည် နောက်ဆုံးအနည်းဆုံး ဟု ယူဆရသည်။ ပရောဖက်ပြုခြင်း ဖြစ် သောဇဝံဂေလိတရားများဟောကြားခြင်းသည် ပို၍အ ရေးကြီး သည် ဟု (၁ ကော ၁၄း၁) တွင်ဖော်ပြထားသည်။

မှတ်ချက်။ ထို့ကြောင့်ဘုရားသခင်မပေးသောဆုကျေးဇူးအတွက် စိတ်အနှောင့်အယှက် မဖြစ်ပါနှင့် ဘုန်းတော်၌ဝမ်းမြောက် ရွှင်လန်းပြီးမိမိ၌ရှိသော အရည်အချင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေရန်အတွက်အ

သုံးပြုကြပါ။

VI. ဝိညာဉ်တော်၏ပြည့်ဝခြင်း - THE FULLNESS OF THE SPIRIT

A. သမ္မာကျမ်းစာက ဘုရားသခင်၏ပြည့်စုံခြင်းကိုပြောသည်။

ဘုရားသခင်၏ ပြည့်စုံခြင်း - THE FULLNESS OF GOD (Ephesians 3:19), ခရစ်တော်၏ပြည့်စုံခြင်း - THE FULLNESS OF CHRIST (Ephesians 4:13) နှင့် ဝိညာဉ်တော်၏ပြည့်စုံခြင်း - THE FULLNESS OF THE HOLY SPIRIT (Ephesians 5:18) အကြောင်းကို ကျမ်းစာကပြောထားသည်။

မှတ်ချက်။ ။သုံးပါးတဆူဖြစ်သောဘုရားသည် ကျွန်ုပ်တို့အားသန့်ရှင်းသောဝိညာဉ်တော် နှင့်ပြည့်ဝစေချင်ကြောင်း ထင်ရှားသည်။

B. ဓမ္မသစ်ကျမ်းစာက သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်ကိုပြောသည်။

ယော ၁၄း၁၆-၁၇ နှင့် တမန်တော် ၁း၈) ကိုဖတ်ရန် - (Read John 14:16-17 and Acts 1:8.)

ကျမ်းစာ၌သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့် အတူ (WITH) ကျွန်ုပ်တို့အတွင်းနှင့် (IN) ကျွန်ုပ်တို့အပေါ် (UPON) ၌လုပ်ဆောင်ခြင်းကိုဖော်ပြသည်။

1. ဝိညာဉ်တော်၏ ကျွန်ုပ်တို့၌လုပ်ဆောင်ချက်များ The WITH ministry of the Spirit:

a) အပြစ်စီရင်ခြင်း -He convicts of sin (John 16:8).
b) အသစ်ပြုပြင်ခြင်း -He regenerates (John 3:5-8).
c) နှစ်သိမ့်ခြင်း -He comforts (John 14:16).
d) သွန်သင်ပြသခြင်း -He teaches (John 14:26).
e) ခရစ်တော်ကိုဖော်ပြခြင်း -He reveals Christ (John 16:13-15).
f) ဦးဆောင်ခြင်း -He leads (Romans 8:14).
g) ကျိန်းဝပ်တော်မူခြင်း။ -He abides in us (John 14:16).

2. ဝိညာဉ်တော်၏ ကျွန်ုပ်တို့ အတွင်း၌လုပ်ဆောင်ချက်များThe IN ministry of the Spirit:

a) ကျွန်ုပ်တို့အထဲ၌ ဝိညာဉ်တော်ကျိန်းဝပ်ရာ၍ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ဘုရားဗိမာန်ဖြစ်စေသည်။ He indwells and makes our bodies His temple (1 Corinthians 6:19).
b) ဝိညာဉ်အသီးကိုသီးစေသည်။ He bears fruit (Galatians 5:22).
c) ကျွန်ုပ်တို့အားနည်းချိုယွင်းမှုများကို ကူညီမစသည်။ He helps our infirmities (Romans 8:26-27).
d) ကယ်တင်ခြင်းစိတ်ချမှုပေးသည်။ He assures us of our salvation (Romans 8:16; Gal 4:6-7).
e) ဇာတိပကတိကိုအောင်မြင်စေသည်။ He gives victory over the flesh (Galatians 5:16).
f) ကျွန်ုပ်တို့ကိုသန့်ရှင်းစေသည်။ He sanctifies us (Romans 15:16).

3. ဝိညာဉ်တော်၏ ကျွန်ုပ်တို့ အပေါ်၌လုပ်ဆောင်ချက်များ (The UPON ministry of the Holy Spirit):

a) ခရစ်တော်အပေါ်ဝိညာဉ်ဆင်းသက်၊ He came UPON Christ (Isaiah 61:1-2; Luke 4:18), ဧဝံဂေလိတရားဟောရန်ဝိညာဉ်တော်သွန်းလောင်းပေး - anointing Him to preach.

b) ယုံကြည်သူများအတွက်ဂတိတော် - The promise is to believers (Isaiah 44:3).

c) ပြည့်စုံခြင်း - The fulfilment (Acts 1:8; 2:17; 2 Corinthians 12:9; 1 Peter 4:14).

d) ဓမ္မဟောင်းခေတ်၌ဘုရားသခင်၏အမှုတော်မဆောင်ခင်ယဇ်ပရောဟိတ်၊ ပရောဖက်၊ ရှင်ဘုရင်များအား တန်ခိုးတော်အားဖြင့် ဘိသိက်ပေး၏။ (anointed) ဝိညာဉ်တော်မှ ယုံကြည်သူများ အပေါ်၌လုပ်ဆောင်ချက် (The UPON ministry of the Spirit) သည် ဘိသိက်ပေးခြင်း နှင့် ဆက်စပ်နေသည်။ နာဇရက် မြို့သား ယေရှုအား ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၎င်း၊ တန်ခိုးတော် အားဖြင့်လည်းကောင်း ဘိသိတ်ပေးသည်။ (Acts 10:38)

e) ဓမ္မဟောင်းကျမ်း၊ ဓမ္မသစ်ကျမ်းနှစ်ခုစလုံးတွင် ဝိညာဉ်တော်မှ ယုံကြည်သူများအပေါ်၌လုပ်ဆောင်ချက် (The UPON ministry of the Spirit) သည် တရားဟောနိုင်ရန်တန်ခိုးပေး၏။ (တ ၁း၈) - သို့မဟုတ် ကြီးမားသော အမှုကိုဆောင်ရွက်နိုင်ရန် - (တရား ၁၄း၆)

C. အကျဉ်းချုပ်။ ။ မည်သူမဆို ဝိညာဉ်တော်နှင့်အတူ (the WITH ministry of the Spirit) အမှုဆောင်ပါက နှစ်သိမ့်မှု သွန်သင်မှု ဦးဆောင်လမ်းပြမှု ကို ခံရမည်။ ဝိညာဉ်တော်သည် အတွင်း၌ ကိန်း ဝပ်ခြင်း (the IN ministry of the Spirit) ခံရပါက ဝိညာဉ်အသီးများ သီး၍၊ မိမိအားနည်းသော အခြေ အနေမှ ခွန်အား ပြန်လည်ရရှိ၊ ကယ်တင်ခြင်း ဆုကျေးဇူးအတွက် စိတ်ချရ၍အသက်တာ၏ အောင်မြင်မှုကိုရရှိသည်။ ဝိညာဉ်တော် သည် ထိုသူ အပေါ်၌ အလုပ်လုပ်နေကြောင်းသိပါက (The UPON ministry of the Spirit) ဧဝံဂေလိတရားကို ထိရောက်စွာ ဟောပြောနိုင်၍ ၎င်းမှာ ဝိညာဉ်တော်နှင့်ပြည့်ဝသောအခွင့်(THE FULLNESS OF THE SPIRIT) ကိုရရှိခြင်းပင်ဖြစ်သည်။

VII. နောက်ဆုံး၌ သန့်ရှင်းသောဝိညာဉ်တော်နှင့် သင်မည်ကဲ့သို့ပြည့်ဝနိုင်မည်နည်း - FINALLY, HOW CAN YOU BE FILLED WITH THE SPIRIT? (Learn these steps for your exam.) မေးခွန်းများဖြေနိုင်ရန် ဤအဆင့်များကိုသင်ထားပါ။

A. ငြိမ်ဝပ်ခြင်းချမ်းသာဖြင့် By RESTING

–ကယ်တင်ခြင်းစိတ်ချမှုနှင့် သခင်ခရစ်တော်၏ငြိမ်သက်ခြင်းဖြင့် ရွေးနှုတ်ကယ်တင်ခြင်း (redemption) ရ သည်။ (Matthew 11:28-29).

B. ဆာငတ်ခြင်းဖြင့် - By THIRSTING

- ဘုရားသခင်၏တန်ခိုးတော်ကို (God's power) ဆာ ငတ်ခြင်းရှိရမည်။ (Matthew 5:6; John 7:37-39).

C. ဝန်ချတောင်းပန်ခြင်းဖြင့်- By CONFESSING

– အပြစ်အားလုံးကိုဝန်ချရမည်၊ ဘုရားသခင်ထံချည်း ကပ်ရာ၌ တားဆီးသော အရာများကို ပြတ် သားစွာဆောင် ရွက်ရမည်။ (1 John 1:8-9; Proverbs 28:13).

D. စွန့်ပစ်ခြင်းဖြင့် - By FORSAKING

1. ဇာတိဥမကိုးစားဘဲ။ (Philippians 3:3). လောကအရာများ (earthly gifts) အပေါ် ယုံကြည်အားကိုးခြင်း မှစွန့်လွှတ်ခြင်း (Philippians 3:7-10) သင့်ကိုအလွယ်တကူ နှောင့်ယှက် သည့် လေးလံသောဝန်ထုပ်ဝန်ပိုးအပြစ် များကိုဖယ်ရှား ပြစ်ခြင်း။ (Hebrews 12:1)
2. လှည့်ဖြားတတ်သောလောဘစိတ်နှင့် ပုတ်ပျက်တတ်သော လူဟောင်းကို ချွတ်ပယ်ရမည်ဖြစ်သည်။ (Ephesians 4:22).

E. ဆက်ကပ်အပ်နှံခြင်းဖြင့် - By YIELDING

–ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံးသခင်ဘုရားကိုဆက်ကပ် ရမည်။ မည်သည့်ချုပ်နှောင်မှုမျိုး ကိုမျှမထားရ။ (No strings attached!) လုံးဝ - ဘုရားသခင်၏အလိုတော်ကိုနာခံလိုက် လျှောက်ပါ။ (Romans 12:1; 6:13; Acts 5:32).

F. ဆုတောင်းခြင်းဖြင့်- By PRAYING

- မိမိသည် ကယ်တင်ခြင်း(salvation) စိတ်ချမှုရပြီး နောက်ငတ်မွတ်ခြင်း(thirsting)၊ ဝန်ခံခြင်း (confessing)၊ စွန့်လွှတ်ခြင်း(forsaking)၊ အပ်နှံခြင်းများ (yielding) ပြီးနောက်ဘုရားရှင်အားဆု တောင်း ပါကဝိညာဉ်တော်ဖြင့် ပြည့်ဝပေလိမ့်မည်။(Luke 11:13; Acts 4:31).

G. ယုံကြည်ခြင်းဖြင့် - By BELIEVING (Mark 11:24).

- ဆုတောင်းပြီးနောက်ခံစားရမည့်အရာအတွက် မစောင့်နှင့်။ ဘုရားရှင်သည် မိမိ၏ဆုတောင်းသံကို ကြား ကြောင်း ယုံကြည်ပြီးဘုရားရှင်အဖြေ ပေးပြီဟုစိတ်ချပြီးဆက်လက်ဆောင်ရွက်ပါ။(Mark 11:24).

နိဂုံး -

ဤသင်ခန်းစာအတွက်များစွာဆုတောင်းပါ။ နှလုံးသွင်းပါ၊ ၎င်း၏မှန်ကန်သောသမ္မာတရားများကို အပြော သက်သက်ဟု သဘောမထားဘဲလက်တွေ့ကျင့်သုံးပါ။ လောကကြီးက ဝိညာဉ်တော်ပြည့်ဝသော သူများကိုအလွန် တွေ့ချင်နေပါသည်။ ဘုရားရှင်၏ကျေးဇူးတော်ကြောင့်ကျနော်ပ် သည်အမှန်တကယ်ပင် - ဝိညာဉ်တော်နှင့် အစဉ် ပြည့်ဝသူ ဖြစ်ပါမည်အကြောင်းဆက်ကပ်ပါ။

သန့် ရှင်းသောဝိညာဉ်တော် အပိုင်း-၂ မေးခွန်းများ (သင်ခန်းစာ -၈)

1. ခရစ်တော် လောကတွင်ရှိစဉ် မည်သူ၏ ဦးဆောင်လမ်းပြမှုကို အမှီပြုရသနည်း။ (၅-မှတ်)

a. တမန်တော်များ - The disciples.
b. သန့် ရှင်းသောဝိညာဉ်တော် - The Holy Spirit.
c. သူ၏မိတ်ဆွေများ - His friends.

2. မယုံကြည်သူများအပေါ် ဝိညာဉ်တော်ဘုရား မည်သို့ လုပ်ဆောင်သနည်း။ (၅-မှတ်)

a. ခရစ်တော်မည်သူမည်ဝါဖြစ်ကြောင်း သိစေသည်။ He shows them who Christ is.
b. ဘုရားရှင်အတွက် စိတ်အားကြီးသူဖြစ်စေသည်။ He helps them to be strong for God.

c. ယုံကြည်သူများ၏အသက်တာပေါ်တွင် မည်သည့်အလုပ်မျှ မလုပ်ဆောင်ပါ။ He does not do anything in the lives of unbelievers.

3. ယနေ့ ခေတ်တွင် ခရစ်တော်နှင့်ပတ်သက်၍ ဝိညာဉ်တော်ဘုရား မည်သို့ လုပ်ဆောင်နေသနည်း (၅-မှတ်)

a. ခရစ်တော်ကို ကောင်းကင်ဘုံတွင် စောင့်ရှောက်ထားသည်။ He takes care of Christ in heaven.
b. ခရစ်တော်နာမကို ပို၍သိရှိစေသည်။ He makes the name of Christ great in the world.
c. ခရစ်တော်အတွက် အစေခံရန် ယုံကြည်သူများကို အိပ်မက်ပေးသည်။ He gives believers dreams about Christ.

4. ယုံကြည်သူကို ဝိညာဉ်တော်ဘုရား ခွဲခန့် မှတ်သားထားသည်ဟူသော စကား၏ဆိုလိုချက်မှာ.... (၃-မှတ်)

a. ယုံကြည်သူကို ဘုရားရှင်ပိုင်သည်။ he belongs to God. (Answer)
b. စာတန်သည် သူ့ ကို မထိခိုက်နိုင်။ the devil cannot touch him.
c. မကောင်းမှုတခုမျှ သူ့ အပေါ်မကျမရောက်နိုင်။ nothing bad can happen to him.

5. ရေဖြင့်ဗတ္တိဇံခံခြင်း ဆိုသည်မှာ (Water baptism).....(၃-မှတ်)

a. ယုံကြည်သူသည် အလွန်သန့် ရှင်းသူဖြစ်သွားသည်။ the believer is a very holy person.
b. ယုံကြည်သူသည် ခရစ်တော်နှင့်အတူသေပြီး၊ ခရစ်တော်နှင့်အတူပြန်လည်ရှင်သန်ထမြောက်သည် ဟု ပုံဆောင်သည်။ the believer identifies himself with Christ in Christ's death and resurrection.
c. ယုံကြည်သူသည် အသင်းသားဖြစ်သွားသည်။ the believer is a member of the Church.

6. ခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံသောအချိန်၌.....(၃-မှတ်)

a. ခရစ်တော်၏အိမ်တော်သား ဖြစ်သွားသည်။ becomes a part of the body of Christ.
b. ပြည့်စုံသောဘဝကို စတင်အသက်ရှင်သည်။ begins to live a perfect life.
c. ပျော်ရွှင်မှုကို စတင်ခံစားရသည်။ begins to feel happy.

7. ရေနှစ်ခြင်းခံခြင်းသည် နှစ်ခြင်းခံသောသူအားမည်သို့သောသူဖြစ်စေသနည်း။ (၃-မှတ်)

a. ထိုသူသည် ဘုရားသား-သမီးဖြစ်သွားသည်။ It makes a person a child of God.
b. ထိုသူသည် အခြားသောဘာသာစကားပြောတတ်စေသည်။ It causes a person to speak in tongues.
c. ထိုသူသည် ခရစ်တော်စေခိုင်းချက်ကို လိုက်လျောက်သူဖြစ်ကြောင်းပြသည်။ It shows a person is obedient to the command of Christ.

8. တမန်တော် ၁း၈ တွင် မည်သည့်ကတိတော်ပေးထားသနည်း။ (၃-မှတ်)

a. အခြားသောဘာသာပြောနိုင်ခွင့် - Ability to speak in tongues.
b. ခရစ်တော်အတွက် သက်သေခံနိုင်ခွင့် - Ability to witness.
c. ဝိညာဉ်တော်နှစ်ခြင်းခံနိုင်ခွင့် - Ability to be born of the Holy Spirit.

9. ယုံကြည်သူသည် သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများမှ တစ်ခုကိုမည်သို့ ရသနည်း။ (၃-မှတ်)

a. အလွန်ကြိုးစား ဆုတောင်းခြင်းဖြင့် - He prays very hard for it.
b. ဘုရားရှင်၏ အလိုရှိသည့်အတိုင်းခွဲဝေပေးခြင်းဖြင့် - God gives it according as He wills.
c. အပြစ်နှင့်ကင်းစွာနေထိုင်အသက်ရှင်ခြင်းဖြင့် - He must live a life without sin.

10. အချို့ သောယုံကြည်သူများသည် ဘုရားရှင်ထံမှ မည်သည့်ဆုကျေးဇူးကိုရသနည်။ (၃-မှတ်)

a. ယုံကြည်သူတိုင်း ဘုရားရှင်ထံမှ ဆုကျေးဇူး တခု၊ သို့မဟုတ် တခုထက်မကရသည်။ Every believer receives one or more gifts from God.
b. နှစ်ခြင်းခံပြီးသား ယုံကြည်သူသာ ဘုရားရှင်ထံမှ ဆုကျေးဇူးကိုရသည်။ Only baptized believers receive one or more gifts from God.
c. ဘုရားရှင်အတွက် စိတ်အားကြီးသူများသာ ဆုကျေးဇူးရသည်။ Only those believers who stand strong for God receive one or more gifts from God.

11. ယုံကြည်သူသည် မိမိရရှိထားသော ဆုကျေးဇူးကို .....ရမည်။ (၃-မှတ်) A believer should use his gifts to: (Value 3 points)

a. မိတ်ဆွေများ၊ အိမ်နီးနားခြင်းများကို ကူညီရမည်။ help his friends and neighbors.
b. ဝိညာဉ်လူဖြစ်ကြောင်း မိမိကိုယ်ကိုယ်ပြရမည်။ show what a spiritual person he is.
c. အသင်းတော်ကောင်းစားရေးအတွက် အသုံးပြုရမည်။ be used for the good of the Church.

12. အခြားသောဘာသာစကားပြောခြင်းဆုကျေးဇူး (also called the gift of speaking in tongues, or in other tongues) ဆိုသည်မှာ .....(၃-မှတ်)

a. ယုံကြည်သူတိုင်းကို ပေးသောဆုကျေးဇူးဖြစ်သည်။ a gift God gives to every believer.
b. ဝိညာဉ်တော် ထိုသူအထဲတွင် ကိန်းဝပ်ခြင်းကိုပြသည်။ a sign that the person “has the Holy Spirit in him.”
c. ဆုကျေးဇူးရှိသမျှထဲတွင် အရေးကြီးမှုအငယ်ဆုံးဖြစ်သည်။ the least important of all the gifts.

13. ခရစ်တော်အကြောင်းဖေါ်ပြသောအချက်ကို ကျမ်းပိုဒ်ရှေ့ တွင်ယှဉ်တွဲရေးပြပါ။ (၁၅-မှတ်)

b ဝိညာဉ်တော်က ယေရှုသည်ဘုရားဖြစ်ကြောင်း လူတို့ အားသိစေသည်။
The Holy Spirit causes people to say that Jesus is Lord. a. John 16:8-11
c ဝိညာဉ်တော်က မယုံကြည်သူများအား သူတို့ ၏အပြစ်ကို ဖေါ်ပြပေးသည်။
The Holy Spirit shows unbelievers they are guilty of sin. b. Romans 10:17
a ယုံကြည်ခြင်းသည် နှုတ်ကပတ်တော်အားဖြင့် ဖြစ်လာသည်။
Faith comes through the Word of God. c. 1 Corinthians 12:3

14. ခရစ်တော်၏လူဇာတိအသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော် မည်သို့အလုပ်လုပ်သည်ကို ကျမ်းပိုဒ်

ရှေ့တွင် ယှဉ်တွဲရေးပြပါ။ (၂၀-မှတ်)

b ဝိညာဉ်တော်တန်ခိုးအားဖြင့် ယေရှုဖွားမြင်ခဲ့သည်။
Jesus was born by the power of the Spirit. a. Luke 3:22

a ခရစ်တော်ဗတ္တိဇံခံစဉ် သူ့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သည်။
The Holy Spirit came upon Christ when He was baptized. b. Matthew 1:20

d ဝိညာဉ်တော်တန်ခိုးဖြင့် ခရစ်တော်သည် အံ့သြဖွယ်နိမိတ်လက္ခဏာများ လုပ်ဆောင်သည်။
Christ did miracles by the power of the Holy Spirit. c. Romans 1:4

c သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ကို သေခြင်းမှထမြောက်စေသည်။
The Holy Spirit raised Christ from the dead. d. Matthew 12:28

15. ယုံကြည်သူအထဲတွင်ပြုသော ဝိညာဉ်တော်၏လုပ်ဆောင်ချက်များကို ဖေါ်ပြပါ။ (၁၅-မှတ်)

A._____

B._____

C._____

D._____

E._____

16. (1 Corinthians 12:13) အရ မည်သူက ဗတ္တိဇံပေးသနည်း။

_____

17. (Romans 8:16)အရ ဝိညာဉ်တော်က ယုံကြည်သူတို့ကို မည်သို့ လုပ်ဆောင်နည်။ (၃-မှတ်)

_____

18. အောက်ပါကျမ်းပိုဒ်များက မည်သည့်ဗတ္တိဇံအကြောင်း ဖေါ်ပြနေသနည်။ (၁၂-မှတ်)

Acts 1:22 (တမန် ၁း၂၁)_____

Matthew 28:19 (မဿဲ ၂၈း၁၉)_____

1 Corinthians 12:13 (၁ကော ၁၂း၁၃)_____

19. ရေနှစ်ခြင်းက မည်သည့်အဓိပ္ပါယ်ကို ဖေါ်ညွှန်းသနည်း။ အောက်ပါတို့မှ ၂-ချက်ကို ရေးပါ။ (၁၂-မှတ်)

ခရစ်တော်၏အသက်တာ life of Christ
ခရစ်တော်၏အသေခံခြင်း death of Christ

ခရစ်တော်၏အမှုဆောင်ခြင်း ministry of Christ
ခရစ်တော်၏ဖွားမြင်ခြင်း birth of Christ
စုံစမ်းခြင်းခံသော ခရစ်တော် temptation of Christ
ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း resurrection of Christ

a. .....

b. .....

20. ဝိညာဉ်တော်နှင့်ပြည့်ဝရန်လိုအပ်သော(to be filled with the Spirit) အဆင့် ၇-ဆင့်ကိုဖေါ်ပြပါ။ (၂၈-မှတ်)

A._____

B._____

C._____

D._____

E._____

F._____

G._____

သင်ခန်းစာ (၉)
အသင်းတော်အားခ်ျဆောင်ခြင်း - The Rapture of the Church

နိဒါန်း - Introduction

ခရစ်တော်ကျလောကသို့ ဒုတိယအကြိမ်ကြွလာတော်မမူမီဖြစ်ပေါ်လာမည့် အဖြစ်အပျက်တခုကို သမ္မာ ကျမ်းစာ ကထင်ရှားစွာဖော်ပြ ထားပါသည်။ သွန်သင်ထားပါသည်။ သမ္မာကျမ်းစာကိုလေ့လာသူများနှင့် ကျွမ်းကျင်သူ များသည် ထိုအဖြစ်အပျက်ကို "အသင်းတော်အားခ်ျဆောင်ခြင်း" ဟုရည်ညွှန်း ပြော ကြားကြပါသည်။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ "အသင်းတော်" နှင့် "ခ်ျဆောင်ခြင်း" ဝေါဟာရ များကိုအ နက်ဖွင့်ပြီး ခရစ်တော်သည်ဘုန်းအာနုဘော်တော်ဖြင့်ကြွလာတော်မမူမီဖြစ်ပေါ်မည့် ဘေးဒဏ်ကြီး ကာလ (the great tribulation)၊ အန္တိခရစ် ပေါ်ထွန်းမည့်ကာလ (the rise of the Antichrist) တို့မတိုင်မီ အသင်းတော် အားခ်ျဆောင်ခြင်းဖြင့်ယနေ့အသင်းတော် အတွက်ဘုရားသခင်၏ ထူးကဲသော အကြံ အစည်ကိုနားလည်နိုင် ရန်ဖြစ်ပါ သည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

ဤသင်ခန်းစာသည်အရေးကြီးသောသင်ခန်းစာဖြစ်ပါသည်။ တိမောသေဩဝါဒစာဒုတိယစောင် ၂း၁၅ တွင် သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်ရမည်ဟု (rightly DIVIDE the Word of Truth) ဆိုထားပါသည်။ အသင်းတော်အားဓမ္မဟောင်းခေတ်ပရောဖက်ကြီးများ လုံးဝနားမလည်ခဲ့သော အသစ်အဆန်းဖြစ်ကြောင်း (Ephesians 3:5; 1 Peter 1:10-12)လူမျိုးတော်ဖြစ်သောဣသရေလလူမျိုး နှင့်ထိုလူမျိုး အတွက်ဘုရားသခင်၏ အကြံအစည်မှာကွဲပြားနေကြောင်း (Romans 11:25-27) ဤ ကျေးဇူးတော်ကလာသည် အခြားကာလ များနှင့်မတူတမူထူးနေကြောင်းကိုမသိသဘောမပေါက်လျှင် (Ephesians 3:2-6) ဘုရားသခင်၏ အကြံ အစည်တော် ကို နားမလည်ခြင်းဖြစ်ပါမည်။

ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လည်းကောင်း၊ ဇဝံဂေလိတရားတော် ဟော ပြော ခြင်းဖြင့်လည်းကောင်း၊ ယုဒအမျိုးသားနှင့်တပါးအမျိုးသား (born-again Jews and Gentiles)ပါဝင်သော ဒုတိယမွေးခြင်းကိုခံရသည့် ယုံကြည်သူများ ဖြင့် ဖွဲ့စည်းထားသော အသင်းတော်ကို ယနေ့ကာလတွင် တည် ဆောက်လျက်ရှိပါသည်။ ထိုအသင်းတော်ကိုယ်ခန္ဓာ (body) သည် ပြည့်စုံခြင်းသို့ရောက်သောအခါ ထို အသင်းတော်သည် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်ရှိ နေစေခြင်းငှာ (၁သက် ၄း၁၅-၁၇) ဤလောက မှခ်ျဆောင်ခြင်းခံရပါမည်။ ဤအချက်သည် အသင်းတော် ၏မျှော်လင့်ချက်ဖြစ်ပါသည်။ ၎င်းသည် အချိန် မရွေး ဖြစ်နိုင်ပါသည်။ ခရစ်တော်ကြွလာတော်မူခြင်း အကြောင်းနှင့် ပါတ်သက်၍ အထက်ပါ မျှော်လင့် ချက်နှင့် ဆန့်ကျင် နေသော သွန်သင်ချက်များသည် ကျမ်းစာနှင့်မကိုက်ညီပါ။ ခရစ်တော်၏ကတိတော် များ ကိုလွဲမှားစေပါသည်။

သင်ခန်းစာ - THE LESSON

I. အသင်းတော်ဆိုသည်မှာအဘယ်နည်း။ ဘုရားသခင်သည် ဤလောကတွင် မည်သို့ လုပ်ဆောင်နေပါသနည်း။ WHAT IS THE CHURCH AND WHAT IS GOD DOING IN THE WORLD TODAY?

A. အသင်းတော်ကိုဂရိဘာသာအားဖြင့် EKKLESIA ဟုခေါ်ပါသည်။ “ခေါ်ထုတ်ခြင်း”(to call out.) ဟုအဓိပ္ပါယ်ရှိပါ သည်။ မူလတွင်မြို့တော်ကောင်စီ (town council) အစည်းအဝေးကျင်းရန်ခေါ်ဖိတ်ခြင်း ကဲ့သို့ သော အစုအစည်းတခုခု သို့ဖိတ်ခြင်း၌အသုံးပြုပါသည်။ ဤဝေါဟာရကို အသင်းတော်နှင့်ပါတ် သက်၍ အသုံးပြုရာတွင် “ခေါ်ထုတ်ခြင်းခံရသူ များ”(the called out ones) ဖြစ်ပါသည်။ ယခုခေတ်ကာလ ယုံကြည်သူ များ (body of Christ) ဖြစ်ပါသည်။(Ephesians 4:4; Romans 8:28) ယုဒလူမျိုးများနှင့်တပါး အမျိုးသား များပါ ဝင်ပါသည်။ ခရစ်တော်ကိုယ်ခန္ဓာကိုတည်ဆောက်ရန်ဤလောကမှခေါ် ထုတ် ခြင်း (called out of this world) ဖြစ်ပါသည်။ (Ephesians 2:16; 3:6)

B. အသင်းတော်ကို “ခရစ်တော်၏ကိုယ်ခန္ဓာ”“the body of Christ” ဟုခေါ်ပါသည်။ (Ephesians 1:22-23; 2:16; 3:6).

C. အသင်းတော်ကို “ခရစ်တော်၏သတို့သမီး” “the Bride of Christ” ဟုဖော်ပြလျက်အသိ အမှတ် ပြုထား ပါသည်။(Ephesians 5:23, 30-32).

D. ဘုရားသခင်သည်ယနေ့ဘာလုပ်နေပါသနည်း။ (တမန်တော်ဝတ္ထု - ၁၅း၁၄-၁၇) ကိုဖတ်ပါ။ ၎င်းသည် ထိမိစွာ ဖော်ပြသောပရောဖက်ပြုချက်ဖြစ်ပါသည်။ အသင်းတော်တည် ဆောက်မှုပြီးစီးသော အခါဖြစ် ပါမည်။ (Acts 15:14-17) ကိုသေချာစွာဖတ်ပါ။ တပါးအမျိုးသားအပေါင်းတို့၏ပြည့်စုံခြင်း သည်တပါးအမျိုးသား တို့တွင်ဘု ရားသခင်လုပ်ဆောင်တော်မူသော အလုပ်ပြီးပြည့်စုံခြင်းကို ရည်ညွှန်း ပါသည်။ ထို့နောက် ဣသရေလလူမျိုး တို့၏ ကယ်တင်ရှင်သည်ကြွလာပါမည်။

1. ဘုရားသခင်သည် တပါးအမျိုးသား (လူမျိုးအပေါင်း) Gentiles (nations) ကိုအကြည့် အရှု ကြွ လာ တော်မူလျက်” နာမတော်ဖြင့်သမုတ်သောလူတို့” “a people for His Name.” ကိုထိုသူတို့အထဲမှရွေးထုတ် လျက်ရှိပါသည်။ ထိုလူစုသည် အသင်းတော်၊ ခရစ်တော်၏ကိုယ်ခန္ဓာနှင့်သတို့သမီးဖြစ်ကြောင်း (the Church, the body and bride of Christ) သတိပြု ပါ။

2. ဤအမှုပြီးစီး၍နောက်ဆုံးသော ဝိညာဉ်ကို ကယ်တင်ပြီးအသင်းတော်သို့ပို့ဆောင်ပြီးနောက် (last soul to be added to that body is saved) မည်သို့ဖြစ်မည်နည်း။ “ထို့နောက်ဒါဝိဒ်တဲကိုဆောက် တည်ပြန် မည်” (Tabernacle of David)။ ခရစ်တော်သည် အသင်းတော်ကို ပြန်လည်တည်ဆောက် ပြီးနောက်၊ ဣသရေလ ကိုပြန်လည်တည်ဆောက်ခြင်းငှာကြွလာလျက် “ဒါဝိဒ်၏ဖြောင့်မတ်သောအညွှန်”့ “David’s Righteous Branch” အဖြင့်မိမိ၏ ပလ္လင်တော်ကိုတည်ထောင်ပါမည်။ (Jeremiah 23:3-6)

♦ (Romans 11:25-27) ကို အသေအချာဖတ်ပါ။. တပါးအမျိုးသားများပြည့်စုံခြင်း “fullness of the Gentiles” ဟူသောစကားသည် ဣသရေလ မဟုတ်သော တပါးအမျိုးသားနိုင်ငံများ(Gentile nations) များအတွင်း ဘုရားရှင်၏အလုပ် (God’s work) ပြီးစီးပြီဟု အဓိပ္ပါယ်ရသည်။ထို့နောက် ဣသရေလ အား လွှတ်မြောက်စေမည့်သူ၊ (Israel’s Deliverer) တနည်းအားဖြင့် ယေရှုဘုရားသည် တဖန်ပြန် လည်ကြွလာမည် ဖြစ်သည်။

II. ခရစ်တော်ကြွလာတော်မူခြင်းသည်လူအမျိုးမျိုးတို့အတွက်အဓိပ္ပါယ်တမျိုးစီဖြစ်နေပါသည်။ THE COMING OF CHRIST MEANS DIFFERENT THINGS TO DIFFERENT GROUPS OF PEOPLE.

A. ယုဒလူမျိုးများ(Jews)အတွက်ခရစ်တော်မေရှိယကြွလာတော်မူခြင်းသည် ပါလက်စတိုင်းဒေသ (Palestine) တွင်ငြိမ်းချမ်းမှုပြန်လည် တည်ဆောက်ခြင်းဖြစ်ပါသည်။ (Deuteronomy 30:2-9).

B. ကမ္ဘာပေါ်ရှိလူအသီးသီးတို့အတွက်သော်ကား (nations of the earth) ခရစ်တော်ဒုတိယအကြိမ် ကြွလာတော်မူခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေး(peace)၊ တရားမျှတ ရေးနှင့် (jstice)၊ တရားဥပဒေ စိုးမိုးရေး (order) တို့ကို တည်ဆောက်မည့်လူစွမ်းကောင်း (the rise of a superman) ပေါ်လာခြင်းပင် ဖြစ်သည်။(Zechariah 14:9).

C. အသင်းတော်အတွက် (Church)သော်ကား ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် ကောင်းကင်ဆိုင်ရာ မျှော်လင့်ခြင်း (heavenly hope) ဖြစ်သော ဘုန်းတန်ခိုးတော်မျှော်လင့်ဖြင်း (hope of glory) ဖြစ်သည်။ (Colossians 1:27) အသင်းတော်သည် ပါလက်စတိုင်းတွင်ပြန်လည် ထူထောင်ခြင်း ကို မျှော်လင့်ခြင်း၌ဂင်း၊(RESTORATION to the land of Palestine) ကျွလောကၟ၌ ခရစ်တော် ၏ အုပ်စိုးခြင်း၊(RULE or REIGN of Christ on this earth) ကိုဂင်း၊ စိုးစံခြင်း၌ဂင်းမျှော်လင့်ခြင်းမဟုတ်ဘဲ၊ ဘုန်း အသရေတော်နှင့် အတူကောင်းကင် သို့ချီဆောင် လျှက်၊ သခင်ဘုရား အားအာကာသကောင်း ကင်၌ ဆုံတွေ့မည့်အရေး (glorious rapture when we rise to meet Him in the air) ကိုသာ မျှော်လင့် လျက်ရှိပါသည်။ (1 Thessalonians 4:15-17).

III. ချီဆောင်ခြင်းဟူသောဝေါဟာရ၏အဓိပ္ပါယ်။ THE MEANING OF THE WORD RAPTURE

A. ဓမ္မသစ်ကျမ်းကို လက်တင်ဘာသာ (Latin) သို့ပြန်ဆိုသောအခါ ချီဆောင်ခြင်း(caught up)ဟူသော စကား လုံးကိုRapere ဟုပြန်ဆိုခဲ့ပါသည်။ အဓိပ္ပါယ်မှာ စွန် သိမ့ဟုတ် သိန်းငှက်ကဲ့သို့ သုတ်ချီသည် (snatched away) ဟူ၍ဖြစ်သည်။ (1 Thessalonians 4:17)

B. လက်တင်ဘာသာ Repere (Latin word) မှ အင်္ဂလိပ်ဘာသာ rapture (English word) ဖြစ် လာပါသည်။ ထို့ကြောင့်ဓမ္မဆရာများ (Bible teachers)က ထိုသို့ သခင်ဘုရား နှင့်အတူအစဉ်မပြတ် ရှိရန်ချီဆောင်တော်မူခြင်း (Caught up သို့မဟုတ် Snatched away) အဖြစ် အပျက်ကို THE RAPTURE ဟုရည်ညွှန်းပြောဆိုပါသည်။

IV. ချီဆောင်ခြင်းကိုရှင်းလင်းစွာဖော်ပြသောကျမ်းချက်အချို့။ SOME CLEAR SCRIPTURES REVEALING THE RAPTURE

A. ရှင်ယောဟန်ခရစ်ဝင်ကျမ်း - John 14:1-3

1. ခရစ်တော်သည် သူ၏သတိုးသမီး (His Bride, the Church) တည်း ဟူသော အသင်းတော်အတွက် ကောင်းကင်တပ် (armies of heaven) မပါဘဲ၊ တစ်ကိုယ်တည်းကြွလာခြင်းဖြစ်ပါ သည်။

2. အမေဂဒုံစစ်ပွဲကြီး (Battle of Armageddon) စတင်ခြင်းမရှိသေးပါ။ ခရစ်တော်သည် သင့်ကို သိမ်းဆည်းရန် (receive you unto Himself) သာကြွလာခြင်းဖြစ်သည်။

3. (ဗျာဒိတ်ကျမ်း ၁၉း၁၁-၁၅) တွင်ဖော်ပြထားသောကြောက်မက်ဖွယ်အခြေအနေနှင့်ယခု အဖြစ် အပျက်သည် လုံးဝမတူ ကြောင်းသတိပြုပါ။

B. သက်သာလောနိသြဝါဒစာ ပထမစောင် - 1 Thessalonians 4:15-17

1. ခရစ်တော်သည် လောကသို့ရောက်လာခြင်းမရှိဘဲမိုးတိမ်အထိသာရောက် လာပါသည်။(Christ does not come to earth, but to the clouds)
2. ခရစ်တော်သည် ကျွန်ုပ်တို့ “အတွက်” ကြွလာခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ နှင့် “အတူ” မရှိသေးပါ။ (Christ comes “for” us, not “with” us).
3. ဤနေရာတွင်ကျွန်ုပ်တို့သည် ကောင်းကင်သို့တက်ကြွခြင်းဖြစ်ပြီးလောကသို့ဆင်းသက် လာခြင်း မဟုတ်ပါ။ (we rise to heaven and do not come to earth)

C. သက်သာလောနိသြဝါဒစာ ဒုတိယစောင် - 2 Thessalonians 2:1-8

1. ကျမ်းပိုဒ်တခုလုံးသည် အထံတော်၌စုဝေးခြင်းအကြောင်း (gathering together unto Him) ကိုဖော်ပြထားပါသည်။ (အငယ် ၁)။
2. ချီဆောင်ခြင်းသည် အပြစ်ခရစ်ဖြစ်သောဒုစရိုက်လူတည်းဟူသောဖျက်ဆီးခြင်း ၏သားရောက်လာခြင်း (coming of THE MAN OF SIN, that WICKED ONE, THE ANTICHRIST.) ထက် စောနေကြောင်း အထင်အရှားတွေ့နိုင်ပါသည်။

V. မည်သည့်အချိန်တွင် ချီဆောင်ခြင်းလာမည်နည်း။ WHEN DOES THIS EVENT OCCUR?

1. BEAMA သို့မဟုတ် ခရစ်တော်၏တရားပလ္လင်မတိုင်မီ ဖြစ်မည်- Before the BEMA or Judgment Seat of Christ (2 Corinthians 5:10).

1. ဤတရားစီရင်ခြင်း(judgment)သည်ခရစ်တော်ဒုတိယအကြိမ်ကြွလာတော် မမူမီ(prior to the Second Coming of Christ) ကောင်းကင်၌ဖြစ်ပါသည်။
2. ဤတရားစီရင်ခြင်းကို ဒုတိယအကြိမ်ကြွလာတော်မူခြင်းနှင့် ဆက်စပ်၍လည်းကောင်း၊ ဒုတိယ အကြိမ်ကြွလာ တော်မူပြီး နောက်ဟူ၍လည်းကောင်း၊(after or in relation to the Second Coming of Christ) ဖော်ပြခြင်းမရှိပါ။
3. ဖြူသောပလ္လင်ကြီးဖြင့်တရားစီရင်ခြင်း (Judgment of the Great White Throne) သည် အပြစ် သားများအတွက်ဖြစ်သကဲ့သို့ (၂ကော၊ ၅း၁၀) ၊ခရစ်ယာန်များအတွက် ဖြစ်သည်။ (Revelation 20:11-15).
4. ထို့ကြောင့်ဤတရားစီရင်ခြင်းသည် ချီဆောင်ခြင်း (AFTER rapture)ကာလပြီး နောက်၊ ခရစ်တော်ဤလောက သို့ကြွလာတော်မမူမီဖြစ်သည်။ (BEFORE the return of Christ to this earth)

2. သခင်ဘုရား၏နေ့မတိုင်မီဖြစ်မည် - Before the Day of the Lord.

1. သက်သာလောနိတ်သြဝါဒစာဒုတိယစာစောင်ကို ထိုအချိန်တုန်းကနိပ်စက်ညှင်းပမ်း ခံနေရသော ခရစ်ယာန် များ (suffering Christians) ကိုနှစ်သိမ့်အတွက်ရေးသားခြင်း ဖြစ်ပါသည်။ ထိုသူတို့သည် ချီဆောင်ခြင်း(rapture) တွင်ပါသွားပြီး၊ ကြောက်မက်ဖွယ်သောသခင်ဘုရား၏နေ့နှင့် (horrors of THE DAY OF THE LORD) ကင်းလွတ် ကြောင်း အာမခံချက်ပေးထားခြင်း ဖြစ်ပါသည်။ (2 Thessalonians

2:1-8.)

2. အငယ် - ၂ တွင် ဘုရားသခင်၏နေ့ရက် (The Day of the Lord) တနည်း- ခရစ်တော်ဘုရား၏ နေ့ ရက် (The Day of Christ) ဖော်ပြထားပါသည်။(2 Thessalonians 2:2)

3. သခင်ဘုရား၏နေ့ရက်မတိုင်မီ (BEFORE the Day of the Lord) ဖြစ်ပေါ်မည့် အကြောင်း (၂)ချက်ကို အငယ်-၃ တွင်ဖော်ပြ ထားပါသည်။ (2 Thessalonians 2:3)

a) ဤနေရာတွင် ချီဆောင်ခြင်း (rapture) ကို ကွဲကွာသွားခြင်း (The falling away) သို့မဟုတ် ထွက် ခွါသွားခြင်း (the departure) အဖြစ်ရည် ညွှန်းထားပါသည်။

b) ဒုစရိုက်လူပေါ်လာခြင်း (That MAN OF SIN BE REVEALED) ကိုလည်း ရည်ညွှန်းပါသည်။

♦ **မှတ်ချက်** - ချီဆောင်ခြင်းသည် အန္တိခရစ်မပေါ်မီဖြစ်ပါသည်။ (The RAPTURE takes place BEFORE the Anti-Christ appears on the scene.)

4. (ယောလ ၁း၁၅) တွင် ထာဝရဘုရား၏နေ့ရက်(The Day of the Lord) သည် အနန္တတန်ခိုးရှ င် ထံမှ လာသော ဖျက်ဆီးခြင်းဘေး (destruction from the Almighty) ဟုဖော်ပြထားပါသည်။ ထိုအချိန် သည် ချီဆောင်ခြင်းကာလပြီးနောက် ဘုရားသခင်သည် လူတို့၏အမှုအရေးများ၊ နိုင်ငံအချင်းချင်းကိစ္စများ (affairs of men and the nations)တွင် ကိုယ်တိုင်တိုက်ရိုက် ပါဝင်ပတ် သက်လာခြင်းဖြစ်ပါသည်။ (God begins to personally and directly interfere)

5. သမ္မာကျမ်းစာလေ့လာသူများသည် ခရစ်တော်၏နေ့ရက် THE DAY OF CHRIST (1 Corinthians 1:8; Philippians 1:6,10)နှင့် ချီဆောင် ခြင်း (RAPTURE or the BEAMA)၊ ထာဝရဘုရား၏နေ့ရက် (THE DAY OF THE LORD) ကို ရည်ညွှန်းသော (Philippians 2:16) ကျမ်းပိုဒ်များကို သေချာစွာ လေ့လာ သင့်ပါသည်။

C. သန့်ရှင်းသောဝိညာဉ်တော်ကိုမရုပ်သိမ်းမှီဖြစ်မည်။ ၂သက် ၂း၆၊၇ ကိုဖတ်ပါ။ Before the withdrawal of the Holy Spirit. (Read 2 Thessalonians 2:6-7.)

1. သန့်ရှင်းသောဝိညာဉ်တော်သည် ယနေ့အချိန်တွင်ယုံကြည်သူတို့၌ ကျိန်းဝပ်ပါသည်။ (၁ ကော ၆း၁၉)။ ယုံကြည်သူ မရှိတော့သည့်နောက်ချီဆောင်ခြင်း(rapture) ကိုခံရပြီးနောက်သန့်ရှင်း သော ဝိညာဉ် တော်ကို လည်း ရုပ်သိမ်းပါသည်။(Holy Spirit is also removed)

2. (2 Thessalonians 2:3 compared to verses 7-8) တို့၏ဆိုလိုရင်းမှာတူညီနေပါသည်။ အငယ် - ၃ တွင်ချီဆောင်ခြင်းပေါ် လာသောအခါ ဒုစရိုက်လူ ပေါ်လာပါသည် (when the RAPTURE occurs, “that man of sin be revealed.”)။ အငယ်-၇-၈ တွင်သန့်ရှင်းသောဝိညာဉ်တော် ကိုရုပ်သိမ်းသောအခါအဓမ္မလူ သည်ထင်ရှား ပါလိမ့်မည်။ (when the Holy Spirit is taken out of the way, then “that wicked one is revealed.”)

♦ ချီဆောင်ခြင်းအမှုမပြီးမီအန္တိခရစ်သည် ပေါ်မလာသေးကြောင်းထင်ရှားပါသည်။ (Antichrist does not come on the scene until after the rapture.)

D. အမျက်တော်နေ့ရက်မတိုင်မီ။ ဘေးဒဏ်ကြီးကာလမတိုင်မီဖြစ်မည်။ Before the day of wrath and the tribulation.

1. ကမ္ဘာကြီးတွင်ဘေးဒဏ်ကြီးကာလ (worldwide great tribulation) ကျရောက်မည်ဖြစ်ကြောင်း သမ္မာကျမ်းစာကဖော်ပြ ထားပါသည်။ (Matthew 24:21-22; Jeremiah 30:7; Daniel 12:1).

2. ထိုနေ့ရက်သည် ဘုရားသခင်၏အမျက်တော်ထင်ရှားသောနေ့ကြီးနှင့် (day of God's wrath) တထပ်တည်းဖြစ်ပါ သည်။(Revelation 6:17; 15:1; 16:1).

3. ဘေးဒဏ်ကြီးကာလ (tribulation)၊ ဘုရားသခင်၏အမျက်တော်နေ့ရက်(time of God's wrath)၊ တရားစီရင်ရာနေ့ရက် (judgment) သည်ယုံ ကြည်သူများအတွက် မဟုတ်ပါ။ (၁ သက် ၅း၉) ထို ဘေးဒဏ်မှ ယုံကြည်သူသည်ကင်း လွတ်လိမ့်မည်။ (ရော ၅း၉) ယုံကြည်သူသည် ထိုဘေးဒဏ်မှ ယခု ပင်လျှင်ကယ်တင်ခြင်းခံရ ပြီးဖြစ်ပါသည်။ (၁သက် ၁း၁၀)

♦ ဘေးဒဏ်ကြီးကာလရှိသန့်ရှင်းသူများ ("saints" of the tribulation) သည်(Revelation 7:9-15) အရအသင်းတော်မဟုတ်ပါ(not the CHURCH)။ ခရစ်တော်၏ ဧဝံဂေလိတရားကို တကြိမ်တခါမျှ ကြားဖူးခြင်းမရှိသော်လည်း ဝိညာဉ်တော်နှင့် ပြည့်ဝသောဧဝံဂေလိဆရာ ၁၄၄၀၀၀ (144,000 Spirit-filled preachers) (Revelation 7:1-4)တို့၏ဟောပြောချက်ကြောင့် ပြောင်းလဲလာမည့်ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ချီဆောင်ခြင်းနေ့ရက် မတိုင်မီ ကယ်တင်ခြင်းရနိုင်ပါလျှက် ငြင်းပယ်ခဲ့သောသူတို့သည် ထာဝရဆုံးရှုံးခြင်းသို့ ရောက်မည့်ကြောင်း လှည့်ဖြားခြင်းကိုခံရမည်။ (2 Thessalonians 2:10-12).

VI. ချီဆောင်ခြင်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းတို့၏ခြားနားချက်။ REMARKABLE CONTRASTS BETWEEN THE RAPTURE AND THE SECOND COMING OF CHRIST

♦ အချက်တိုင်းတွင်သက်ဆိုင်ရာကျမ်းချက်များကိုးကားဖော်ပြလျှက်သင့်တော်မည်ဖြစ်သော်လည်း မိတ်ဆွေအနေဖြင့် လေ့လာပြီးဖြည့်စွက်နိုင်ရန်ချန်လှပ်ထားပါသည်။

ခရစ်တော်ချီဆောင်ခြင်း-The Rapture of Christ	ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း- Second coming of Christ
အာကာသကောင်းကင်၌ - Comes in the air	မြေကြီးပေါ်သို့ကြွလာခြင်း - Comes to earth
ကျွန်ုပ်တို့အတွက် - Comes FOR us	ကျွန်ုပ်တို့နှင့်အတူ - Comes WITH us
ကောင်းကြီးပေးရန် - Comes to BLESS	တရားစီရင်ရန် - Comes to JUDGE and make war
လောကကိုတရားမစီရင် - Does not JUDGE the world	လောကကိုတရားစီရင်မည် - To JUDGE the world
သန့်ရှင်းသူကိုသိမ်းဆည်းရန် - Takes the SAINTS to HEAVEN	သန့်ရှင်းသူများကိုယူဆောင်လာမည် - Bring the SAINTS to earth
အချိန်မရွေးလာနိုင် - Comes IMMEDIATELY, at any moment	နိမိတ်များစွာပြလျက်လာမည် - Comes amid many SIGNS
တိတ်တဆိတ်လာမည် - Comes SECRETLY	ထင်ရှားစွာလာမည် - Comes OPENLY, every eye sees HIM
စာတန်ကိုမချီနှောင် - Does not bind Satan	စာတန်ကိုအနက်ဆုံးသောတွင်း၌ချမည် - Binds Satan in the bottomless pit
အသင်းတော်အတွက်ကြွလာ - Comes FOR the	လောကအတွက်ကြွလာ - Comes to BLESS the

Church alone	whole world
ကောင်းကင်တမန်တပ်မပါဘဲလာ - Comes without ARMIES	ကောင်းကင်တမန်တပ်ပါလျက်ကြွလာမည် - with the ARMIES of Heaven
ကင်တယ်ခြင်းပြီးပြည့်စုံရန်လာ - Comes to COMPLETE our Salvation	ဘုရားရှင်း၏ဒါဝိတ်အပေါ်ထားသော ကတိတော်ပြည့်စုံရန်လာမည် - Comes to FUFILL God's PROMISE to David

VII. ဤဖြစ်ရပ်နှင့်ပတ်သက်၍မည်ကဲ့သို့သဘောထားရမည်နည်း။ WHAT SHOULD BE OUR ATTITUDE TOWARD THIS EVENT?

A. ခရစ်တော်ပြန်ကြွလာမည့်အချိန်ကိုမျှော်လင့်လျက်နေရန်ကျွန်ုပ်တို့ကိုတိုက်တွန်းထားပါသည်။ဝမ်းမြောက်စွာ ဆုံတွေ့မည်ဟုမျှော်လင့်ခြင်း နှင့်အတူတွေ့လိုသောစိတ် ဖြင့်စောင့်စားရပါမည်။ (Philippians 3:20; Hebrews 9:28; Titus 2:13).

B. ခရစ်တော်ကြွလာမည့်အချိန်ကိုငံ့လင့်၍နေရမည် (1 Thessalonians 1:10). ကိုယ်တော်သည် အချိန်မရွေး ကြွလာ တော်မူနိုင်သည်ဖြစ်၍မလာမချင်းပြင်ဆင်လျက်ငံ့လင့်နေရန်ဖြစ်ပါသည်။

C. နိုးကြားစွာ (SOBER) စောင့်ကြည့်နေရန်ဖြစ်ပါသည်။ (၁ သက် ၅း၆) မြို့ရိုးပေါ်တွင် ကင်း စောင့်လျက်နေသော တပ်သားကဲ့သို့ခရစ်ယာန်သည် မိုးလင်းမည့်အချိန်ချိဆောင် ခြင်း နေ့ရက်ကို မျှော် လင့်ရပါမည်။ သတိကြီး စွာနိုးနိုးကြားကြား၊ ရိုးသားငြိမ်သက်စွာသခင်ဘုရားကြွ လာမည့် အချိန်ကို စောင့်ကြည့်ရ မည်ဖြစ်ပါသည်။

D. ပေါ်ထွန်းလာမည့်အချိန်ကိုတောင့်တရမည်ဖြစ်ပါသည်။ (၂ တိ ၄း၇-၈) သခင်ဘုရားကြွလာမည့်အချိန်ကိုတောင့်တ လျက်သခင်ဘုရားနှင့်တွေ့ဆုံရမည့်အချိန်ကို စောင့်မျှော်ငံ့လင့်တောင့်တနေသော သူ တို့အား ဓမ္မသရဖူ - (crown of righteousness) ကိုပေးမည်ဟုကတိပေးထားပါသည်။

♦ "သခင်ယေရှုကြွလာတော်မူပါ" ဟုရှင်ယောဟန်ကြွေးကြော်ခဲ့သည်မှာအံ့သြစရာရှိပါသလား။ (Revelation 22:20)?

VIII. ချီဆောင်ခြင်း၌မည်သို့ဖြစ်မည်နည်း။ WHAT ACTUALLY HAPPENS AT THE RAPTURE?

A. ခရစ်တော်သည်မိမိ၏အနန္တတန်ခိုးတော်အားဖြင့် .....Christ, by His almighty power:

1. သေမင်းအပေါ်ပွဲခံတော်မူမည် - Conquers the grave (1 Corinthians 15:55-57).
2. ပုပ်ပျက်ခြင်းတရားကိုချေဖျက်မည်-Reverses the laws of decomposition (1 Corinthians 15:53-54).
3. မြေကြီး၏ဆွဲငင်ခြင်းနိယာမကိုချေဖျက်မည်။ - Removes the law of gravity (1 Thessalonians 4:15-17).

B. ကျွန်ုပ်တို့၏အားနည်းသော(weak)၊ သေတတ်သော(mortal)၊ ဇာတိပကတိဖြစ်သော (natural)/

ပုပ်ပျက်တတ်သောခန္ဓာကိုယ် (corrupt bodies) သည်ထိုအခါ မပုပ် မပျက်စီးတတ်သော(incorruptible)၊ ဝိညာဉ်ပကတိဖြစ်သော(spiritual)၊ တန်ခိုးနှင့်ပြည့်စုံသော (powerful) မသေတတ် သောကိုယ်ခန္ဓာ (immortal) အဖြစ်သို့ ပြောင်းလဲသွား ပါမည်။ (1 Corinthians 15:42-54; Philippians 3:21).

C. ကျွန်ုပ်တို့သည်ခရစ်တော်ကိုကိုယ်တိုင်တွေ့မြင်ရ (see Christ) သည်သာမက ကိုယ်တော်နှင့် တူသော အဖြစ်သို့ ပြောင်းလဲသွားကြ (changed instantly into His likeness) မည်။ (1 John 3:2; Jude 24; Philippians 3:21).

D. ကမ္ဘာမြေပြင်မှမိုးတိမ်တိုင် အာကာသ၌ (in clouds out of the earth) ချီဆောင်ခြင်း (caught up) ခံရမည်။ (1 Thessalonians 4:16-17).

E. ခရစ်တော်နှင့်ကောင်းကင်နိုင်ငံတော်၏ဘုန်းအသရေတော်ကို (glory of heaven and Christ) အမွေခံကြရ (inherit) မည်။ (Romans 8:17-18; 1 Peter 4:13; 5:4).

IX. နောက်ဆုံးတိုက်တွန်းနှိုးဆော်ခြင်းများ။ FINAL EXHORTATIONS

A. ဤကြီးမားသောလုပ်ရပ်သည် ယုံကြည်သူအားမည်ကဲ့သို့ပြောပါသနည်း။ What does this great event say to the believer?

1. သက်သာနှစ်သိမ့်ခြင်းရှိလော့ - Be comforted (1 Thessalonians 4:18).သီချင်းတပုဒ်တွင် ယခုလို ဖွဲ့ ဆို ထားသည်။

“ခရစ်တော်ကို ကျွန်ုပ်တို့မြင်ရသောအခါအရာရာသည် ထိုက်တန်နေပါလိမ့်မည်။
ခရီးလမ်းဆုံးသို့ရောက်သောအခါခရီးလမ်း၌ပင်ပန်းခဲ့သမျှသည် ဘာမျှမဟုတ် သကဲ့သို့ဖြစ်လာပါမည်။’
“It will be worth it all when we see Christ.
The toils of the road will seem nothing when we get to the end of the way.”

2. မြဲမြံခိုင်ခံ့သောစိတ်ရှိလော့ - Be steadfast (Hebrews 6:19; 1 Corinthians 15:57). အားမငယ်နှင့် (Don’t faint)၊ လက်လျှော့ပြီးမရပ်နှင့်(don’t quit)၊ သံသယမရှိနှင့်(don’t waiver)။အသက်တာ၏ မုန်တိုင်းမွေနှောက်နေစဉ်ဤမျှော်လင့်ခြင်းသည် သင့်အတွက် ကျောက်ဆူး (anchor) ဖြစ်စေပါ။

3. သတိနှင့်စောင့်နေလော။ -Be watchful (Matthew 25:13; 1 Thessalonians 5:6). ပတ်ဝန်း ကျင်တွင်ဖြစ်ပျက်နေသမျှကိုသတိပြုပါ။

4. အမှုတော်ဆောင်နိုင်ရန်အခွင့် အလမ်းကိုစောင့်ပါ။(Look for opportunities to serve.) ငါပြန်၍ မလာမီတိုင်အောင်ပြုလော့ “Occupy ‘till I come” (Luke 19:13).

5. သီးသန့်ထားသောအသက်တာ (Separate) သန့်ရှင်းသောအသက်တာ အညစ်အကြေး ကင်းသော အသက်တာ ကို အသက်ရှင်လော့။(တိ ၂း၁၁၊ ၁၃။ ၁ ယော ၃း၃)၊ မသန့်ရှင်းသော အပြစ်များကို စွန့်ပစ် လော့။ (Titus 2:11-13; 1 John 3:3).

6. မသန့်ရှင်းသော အဆက်အသွယ် အားလုံးဖြတ်ပါ။ လောကထဲမှထွက်လာပါ။ သခင်ယေရှုကြွလာတော်မူ သောအခါသင့်ကိုမလုပ်စေလို (Do nothing)၊ မပြောစေလို (say nothing)၊ မသွားစေလိုသောနေရာ (go nowhere)၊များကို သင့်အနေဖြင့်ရှောင်ပါ။

B. နောက်ဆုံးအခြေအနေဖြင့် ဤကျမ်းစာက မယုံကြည်သောသူတို့အားမည်သို့ပြောပါသနည်း။ Finally, what does this message say to unbelievers?

1. ဘုရားသခင်နှင့်တွေ့ခြင်းငှာပြင်ဆင်ပါ -Prepare to meet God (Amos 4:12).

2. သင်၏အပြစ်ကိုနောင်တရပါ။ -Repent of your sins (Luke 13:3). နောင်တမရလျှင်သေမည်။ (Ezekiel 33:11).

3. ထာဝရဘုရားသခင်ကိုယခုပင်ရှာကြလော့။ -Seek the Lord NOW (Isaiah 55:6).

သင်၏စိတ်နလုံးကိုမခိုင်မာစေပါနှင့်-Harden not your heart (Hebrews 3:13). အချိန်သည် တရွေ့ရွေ့ကုန်လွန်လေပြီ။ မလွဲမရှောင်နိုင်သောအမှုအတွက်ပြင်ဆင်ပါ။ ကမ္ဘာမြေကြီးရေလွှမ်းမိုးခဲ့သည်ကို သတိပြု ပါ။ (ကမ္ဘာဦး ၇) မိုက်သောသတို့သမီးတို့ကိုသတိပြုပါ။ (မ ၂၅း၁-၁၃) သတိမမူသောအပြစ်ကို(guilty of neglect) မကျူးလွန်ပါနှင့်။ ကမ္ဘာလောက ကြီးဟူသောသင်္ဘောသည် နစ်လုပြီ။(ship of this world is sinking.) ခရစ်တော်တည်းဟူသော အသက် ကယ်လှေသို့ဝင်ပါ။(Get into Christ, the lifeboat.)

ချီဆောင်ခြင်းသင်ခန်းစာမေးခွန်းများ – (သင်ခန်းစာ-၉)

1. အကယ်၍ ကျွန်ုပ်တို့သည် ဘုရားရှင်၏အနာဂါတ်အစီအမံကို နားလည်လိုပါက၊ အောက်ပါ အချက်ကို နားလည်ဖို့ အရေးကြီးသည်။ (၄-မှတ်)

a. ဓမ္မသစ်ကျမ်းကို ကောင်းစွာနားလည်ပါ။ the New Testament well.
b. အသင်းတော်နှင့်ပတ်သက်သော ကျမ်းစာသွန်သင်ချက်။ what the Bible teaches about the Church.
c. ခရစ်တော် နှစ်ပေါင်းတထောင်အုပ်စိုးခြင်း။ about the one thousand year reign of Christ.

2. အသင်းတော် “Church”ဟူသောစကား၏ အဓိပ္ပါယ်ကားအဘယ်နည်း။ (၄-မှတ်)

a. လူအများတွေ့ ဆုံသည့်အဆောက်အဦ။ a building for people to meet in.
b. လူအဖွဲ့ တဖွဲ့ အစည်းအဝေးလုပ်နေသည်။ a group of people having a meeting.
c. ရွေးကောက်ထားသူများ။ the called out ones.

3. အသင်းတော် “Church” ဟူသောစကားကိုဓမ္မသစ်ကျမ်းတွင် မည်သည့်အတွက်သုံးသနည်း။ (၄-မှတ်)

a. ခရစ်တော်၏ကိုယ်ခန္ဓာ။ the body of Christ.
b. တမန်တော်များအုပ်စု။ the group of apostles.
c. ဘုရားကျောင်းတဆောင်။ a Cathedral.

4. ဂျူး-Jews လူမျိုးများအတွက် ခရစ်တော်တဖန်ပြန်ကြွလာခြင်း (coming of Christ) ဆိုသည်မှာ ဘာ အဓိပ္ပါယ်ပေါက်သနည်း။ (၄-မှတ်)

a. ခရစ်တော်သည် အသင်းတော်ကို ပြန်သိမ်းမည်။ That He will bring the CHURCH back with Him.
b. ဂျူးလူမျိုးများ ငြိမ်းချမ်းစွာနေထိုင်ကြရမည်။ That the Jews will live in peace.
c. ခရစ်တော်ကိုညှင်းပမ်းခဲ့သည်ကိုဝမ်းနည်းကြမည်။That they will express sorrow for the crucifixion.

5. အသင်းတော်(CHURCH)အတွက် ခရစ်တော်တဖန်ပြန်ကြွလာခြင်း (coming of Christ) ဆိုသည်မှာ ဘာအဓိပ္ပါယ်ပေါက်သနည်း။ (၄-မှတ်)

a. ခရစ်တော်သည် အသင်းတော်ကို သိမ်းဆည်းမည်။ Christ will take the CHURCH out of the world.
b. ခရစ်တော်သည် ကမ္ဘာကို သံလျက်ဖြင့်အုပ်စိုးမည်။ Christ will rule the world with the rod of iron.
c. ခရစ်တော်ကို ကမ္ဘာ့အနှံတွင် ဟောကြားကြမည်။ Christ will preach everywhere in the world.

6. ချီဆောင်ခြင်းပြီးခရစ်တော်၏တရားပလ္လင်ဆိုသည်မှာ “Bema judgment” ဆိုသည်မှာ……..(၄-မှတ်)

a. မယုံကြည်သူအားလုံးကို တရားစီရင်ခြင်းဖြစ်သည်။ a judgment of all the unbelievers.
b. ယုံကြည်သူအားလုံးကို တရားစီရင်ခြင်းဖြစ်သည်။ a judgment of all the believers.
c. တကမ္ဘာလုံးအား တရားစီရင်ခြင်းဖြစ်သည်။ the time God judges the whole world.

7. သက်သာလောနိတ်သြဝါဒစာဒုတိယစောင်ကို ရှင်ပေါလုရေးခဲ့သည့်ရည်ရွယ်ချက်မှာ……. (၄-မှတ်)

a. သက်သာလောနိတ်အသင်းတော်မှ ယုံကြည်သူများ ဝိညာဉ်ရေးရာပြဿနာများရှိနေသည်ကို သူသိ၍ဖြစ်သည်။ he knew the believers in Thessalonica were having spiritual problems.
b. သက်သာလောနိတ်အသင်းတော် တွင် စွပ်စွဲပြောဆိုမှုများရှိနေသည်ကို သူသိ၍ဖြစ်သည်။ he knew that there was persecution in Thessalonica.
c. သက်သာလောနိတ် ယုံကြည်သူများကို ချီဆောင်ခြင်း၌ပါကြမည်ဖြစ်ကြောင်းသိစေသည်။ he wanted the believers in Thessalonica to know that they had not missed the Rapture of the church.

8. ယုံကြည်သူများ ဘေးဒါဏ်ကြီးကာလကို မဖြတ်သန်းရမည့်အကြောင်း ဖေါပြသည့်ကျမ်းပိုဒ်ကိုရွေးပါ။ (၄-မှတ်)

a. ၁သက် ၁း၁၀။ 1 Thessalonians 1:10
b. ဗျာဒိတ် ၆း၁၇။ Revelation 6:17
c. ၂သက် ၂း၁၀-၁၂။ 2 Thessalonians 2:10-12

9. ချီဆောင်ခြင်းကာလ၌ဖြစ်မည့်အချက် ၃-ချက်ကိုရွေးချယ်ပါ။ (၁၅-မှတ်)

a. ခရစ်တော်အာကာသ၌ ကြွလာမည်။ Christ will come in the air.
b. ခရစ်တော် မြေကြီးပေါ်သို့ကြွလာမည်။ Christ will come on this earth.
c. ခရစ်တော် ယုံကြည်သူများကို တရားစီရင်မည်။ Christ will punish believers.
d. ခရစ်တော် မိုးတိမ်တိုက်ထိကြွလာမည်။ Christ will come only as far as the clouds.
e. ခရစ်တော် တိတ်တဆိတ်ကြွလာမည်။ Christ will come in a secret way.

10. ခရစ်တော်ဒုတိယအကြိမ်ကြွလာချိန်၌ဖြစ်မည့်အချက် ၃-ချက်ကိုရွေးချယ်ပါ။ (၁၅-မှတ်)

a. ခရစ်တော် မိုးတိမ်တိုက်ထိကြွလာမည်။ He will come only as far as the clouds.
b. ခရစ်တော် ယုံကြည်သူများနှင့်အတူကမ္ဘာသို့ ကြွလာမည်။He will bring the believers to earth with

Him.

c. ခရစ်တော်သည် စာတန်ကို မချီနှောင်သေးပါ။ He will not tie up Satan.
d. ခရစ်တော် ကြွလာသည့်အခါ လူတိုင်းသူ့ ကိုမြင်မည်။ Every person will see Him coming.
e. ခရစ်တော်သည် အသင်းတော်အတွက်ကြွလာမည်။ He will come for the CHURCH.
f. ခရစ်တော်သည် မယုံကြည်သူများကို သူတို့အပြစ်အတိုင်း။ He will punish the unbelievers.

11. ခရစ်တော်အချိန်မရွေးပြန်လာမည်ကိုသိလျှင် ယုံကြည်သူများမည်သို့ အသက်ရှင်သင့်သနည်း။ (၄-မှတ်)

a. ကြိုက်သလို အသက်ရှင်နိုင်သည်။ Any way he wants to.
b. ခရစ်တော်ကို နေ့ စဉ်စောင့်မျှော်နေရမည်။ Looking for Him every day.
c. ခရစ်တော်ကိုနေ့ စဉ်ဘုရားကျောင်းသွားခြင်းဖြင့် စောင့်မျှော်ပါ။ Going to church every day to wait for Him.

12. အသင်းတော်ကို ခရစ်တော် အာကာသ၌သိမ်းဆည်းသည့်အခါ (The Rapture) ဘာဖြစ်မလဲ။ (၄-မှတ်)

a. ယုံကြည်သူများ သူ့ ကိုကြည့်ရမည်ကိုကြောက်မည်။ All the believers will be afraid to look at Him.
b. အသက်ရှင်ဆဲ ယုံကြည်သူများပြောင်းလဲ၍ ခရစ်တော်၌သေလွန်သူများ ရှင်ပြန်ထမြောက်မည်။ The bodies of the living believers will be changed and the dead believers will rise out of their grave.
c. ခရစ်တော်၏ကောင်းကင်တမန်တပ်က သူ၏ရန်သူများကိုအနိုင်ယူမည်။ The army of Christ will defeat all of His enemies.

13. ခရစ်တော်မကြွလာမည် မယုံကြည်သူများဘာလုပ်သင့်သနည်။ (၄-မှတ်)

a. ဘုရားကျောင်းသို့ ဖြစ်နိုင်လျှင် မကြာခဏသွားပါ။ Go to church as often as possible.
b. လူတိုင်းကို စိတ်ကောင်းထားပြီး၊ ကောင်းမှုပြုပါ။ Be kind to everyone and do many good deeds.
c. ခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခြင်းဖြင့် ပြင်ဆင်ပါ။ Prepare himself by receiving Christ as Savior.

14. ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သည့် အသင်းတော်အကြောင်းကို (ဧဖက် ၅း၂၃-၃၂) တွင် မည်သို့ ပြောထား သနည်း။ (၆-မှတ်)

_____

15. (၁သက် ၄း၁၅-၁၇) အရ ခရစ်တော်ပြန်ကြွလာသောအခါ၊ အသင်းတော်(CHURCH) ဘာဖြစ်မည်နည်း။ (၆-မှတ်)

_____

16. (၂သက် ၂း၃) အရ သခင်ဘုရား၏နေ့ (Day of the Lord) တွင်ဖြစ်မည့် အဖြစ် အပျက် ၂-ခုကား အဘယ်နည်။ (၁၄-မှတ်)

(a)_____

(b)_____

သင်ခန်းစာ (၁၀)
အသစ်သောအသက်တာ - The Doctrine of Regeneration
အသစ်သောမွေးဖွားခြင်း၊ ၎င်း၏သတင်း၊ အဓိပ္ပါယ်၊ မလွဲမသွေလိုအပ်ချက်၊ လက္ခဏာနှင့် နည်းစနစ်-The New Birth: It's Message, Meaning, Must, Marks, and Method

နိဒါန်း - Introduction

ကျွန်ုပ်တို့၏ကမ္ဘာလောကကြီးသည် ဘာသာတရားများဖြင့် ပြည့်နှက်လျှက်ရှိနေပါသည်။ အမေရိကန် ပြည်ထောင်စု တစ်ခု တည်း၌ပင် ဂိုဏ်းဂဏပေါင်း(denominations) ၃၀၀ ကျော်နှင့် အဖွဲ့အစည်း ပေါင်း (cults) ၅၀၀၀ ကျော်ရှိပါသည်။ ဤအဖွဲ့ အစည်းများတို့သည် ဘာသာတရားလိုက်စားမှုနှင့် သဘောထား အမြင် (religious profession and expression) ကို ဖေါ်ပြနေခြင်းဖြစ်သည်။ သို့ရာတွင် အဖွဲ့အစည်း များအနက် အနည်းငယ်တို့ကသာ အသစ်သောမွေးဖွားခြင်းခံယူလိုကြကြောင်း ပြောပါသည်။ ဒုတိယ မွေးခြင်း ကိုခံရမည်။ (ယော ၃း၃-၈)ဟု သခင်ယေရှုကိုယ်တိုင်အတိအကျပြောထားသော်လည်း ယေဘုယျ အားဖြင့် မေ့ထားကြ သည်မှာ ဝမ်းနည်း ဖွယ်ဖြစ်ပါသည်။ ထို့ ကြောင့် သမ္မာကျမ်းစာတွင် ဖော်ပြထားသော ထိုသွန်သင်မှုကို အသေ အချာနားလည်စေရန် ဤသင်ခန်းစာကိုပြုစုထားပါသည်။ ဤသင်ခန်းစာကို လေ့လာသူအားလုံးသည် အမှန်ပင် ဒုတိယမွေးခြင်းကိုခံရ၍ အသစ်မွေးဖွားလာသူများဖြစ်စေရန် ရည်ရွယ်၍ဆုတောင်းခြင်းဖြင့် ဤသင်ခန်းစာကို ပြင်ဆင်ထားပါသည်။

ဤသင်ခန်းစာ အရေးကြီးပုံ - Importance of this Lesson

ဘာသာရေးတစ်ခုတည်းဖြင့်သာ လုံလောက်မှုမရှိကြောင်း(inadequacy of religion) သိရှိမြင် တွေ့ခြင်းသည်ပင်လျှင် ဤသင်ခန်းစာ၏ အရေးကြီးချက် ဖြစ်ပါသည်။ သန်းပေါင်းများစွာသော အသင်းသားများနှင့် နောက်လိုက်များ (church members and cult followers)သည် ဒုတိယ မွေးခြင်းကို မရခဲ့ကြ ကြောင်းတွေ့ရှိရပါသည်။ ဒုတိယမွေးဖွားခြင်း (အသစ်သော မွေးဖွား ခြင်း) မရှိသော်လည်း အသင်းတော် တွင် နှစ်ခြင်းမင်္ဂလာ ခံယူခြင်း(to be baptized)၊ အသင်း သား အဖြစ် ခံယူခြင်း (join a church)၊ ပွဲတော်မင်္ဂလာဝင်ရောက်သုံးဆောင်ခြင်း(take communion)၊ ဆယ်ဘို့ တဘို့ ပေးခြင်း(give tithes) စသည်များကိုပြု လုပ်နိုင်ပါသည်။

မကြာမီနှစ်ကာလများအတွင်း ယုံကြည်ခြင်းတစ်ခုသာ (only believism) ဟူသော ဟောပြော ချက်များကြောင့် အမေရိကန် ပြည်ထောင်စုအသင်းတော်များသည် ပြဿနာများ ရင်ဆိုင်ခဲ့ရ ပါသည်။ ဤသွန်သင်ချက် များကြောင့် ဇဝံဂေလိတရားတော်ကို အပေါ်ယံမျှသာ ယုံကြည်၍ ဒုတိယ မွေးခြင်း အတွေ့အကြုံမရှိသော သူသန်းပေါင်းများစွာ အလုံးအရင်း (great influx) နှင့်အသင်းတော်သို့ ဝင်လာပါသည်။ ထိုသို့ မွေလျော့ ထားသော အလေးပေးမခံရသော ဒုတိယ မွေးခြင်း အကြောင်းကို ရှင်းလင်းစွာ ဖော်ပြရန်အ ထူး လိုအပ်နေပါသည်။ အကြောင်းမှာ ဒုတိယမွေးခြင်း (အသစ်သောမွေးခြင်း) မခံရလျှင် ကောင်းကင်နိုင်ငံကို မမြင်ရ။ မဝင်ရသည်ဖြစ်၍ ဤသင်ခန်းစာထက် အရေးကြီးသော သင်ခန်းစာရှိမည်မဟုတ်ပေ။

သင်ခန်းစာ - THE LESSON

I. ဒုတိယမွေးဖွားခြင်း (သို့) အသစ်သောမွေးဖွားခြင်းသည် သမ္မာကျမ်းစာ ခံယူချက်ဖြစ်ပါသည်။ - REGENERATION OR THE NEW BIRTH IS A BIBLE CONCEPT

A. သခင်ယေရှုကရှင်းလင်းစွာပြောကြားခဲ့ရာတွင်

1. John 1:13 "……လူမျိုးနှင့် စပ်ဆိုင်၍သွားသောသားမဟုတ် မေထုံသံဝါဒအားဖြင့် ဖွားသောသား မဟုတ်၊ လူအလိုအလျောက်ဖွားသောသားမဟုတ် ဘုရားသခင်ဖြစ်သွား တော်မူသောသားဖြစ်သည်။"

2. John 3:3-8 "……ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရ။.. ရေနှင့် ဝိညာဉ်တော်မမွေးသော သူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်သို့မဝင်ရ။ ဇာတိ ပကတိ မွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော် မွေးသောအရာသည်ဝိညာဉ်ဖြစ်၏။ ဒုတိယ မွေးခြင်းကို ခံရမည်ဟု ပြောခြင်းကို အံ့သြခြင်း မရှိနှင့်။

B. ဓမ္မသစ်ကျမ်းရေးသူအားလုံးသည် ဒုတိယမွေးခြင်းခံယူရန် လိုအပ် ကြောင်း ပြောပါသည်။

1. James 1:18, "..သမ္မာတရားစကားတော်အားဖြင့် မိမိအလိုတော်အတိုင်း ငါတို့ကိုဖြစ်ဘွားစေ တော်မူ၏။."
2. 1 Peter 1:23, "...ဖောက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့်ဖြစ်ပွားသည်မဟုတ် မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားသော ကြောင့်…."
3. 1 John 2:29, "….ဖြောင့်မတ်ခြင်းတရားတော်ကို ကျင့်သောသူမည်သည်ကား ဘုရားသခင်ဖြစ်ပွား စေတော်မူသောသူဖြစ်၏။….."
4. ပေါလုသည် ဤသမ္မာတရားအတွက် မိမိကိုယ်ပိုင်ဝေါဟာရကိုသုံးထားပါသည်။
   a) Romans 6:4, "…ငါတို့သည် အသစ်သောအသက်၌ ကျင်လည်ကြရသတည်း."
   b) 2 Corinthians 5:17, "… လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါ ဖြစ်၏။…."

II. ဤအကြောင်းအရာနှင့် စပ်ဆိုင်သော အထက်ပါကျမ်းချက်များ၏ဆိုလိုရင်း အဓိပ္ပါယ်မှာမည်သို့နည်း။ WHAT IS THE MESSAGE OF THESE RELATED TEXTS?

A. အသစ်သောမွေးခြင်းဆိုသည်မှာ အမှန်ပင်ရှိပါသည်။ - ဒုတိယအကြိမ်မွေးဖွါးခြင်းမျိုးရှိပါသည်။ထို မွေးဖွားခြင်း မျိုးသည် အစစ်အမှန်မွေးဖွါးခြင်းဖြစ်သော်လည်း လူ့ သဘာဝများအားဖြင့် မွေးဖွားခြင်းနှင့် လုံးဝမတူ၊ အသစ်မွေးဖွားခြင်း (new birth)၊ အထက်ကောင်းကင်ဆိုင်ရာမွေးခြင်း၊(birth from above) ဝိညာဉ်မွေးဖွားခြင်း (spiritual birth) ဖြစ်ပါသည်။

B. ကယ်တင်ခြင်းမရသေးသော၊ ဒုတိယမွေးခြင်းမခံရသေးသော၊ ခရစ်တော်၏အပြင်ဘက်တွင်(outside of Christ) ရှိနေ သော လူသား အားလုံးတို့အား ဘုရားရှင်ကလူသေများဟုသာ(seen by God to be dead) သတ်မှတ်ပါသည်။ (ဧဖက် ၂း၁-၅) သူတို့ အသက်ကို ရရန် အထူး လိုအပ်နေကြပါသည်။ (၁ယော ၅း၁၂)

C. လူအပေါင်းတို့သည် အသစ်မွေးဖွားခြင်းကိုခံနိုင်ပါသည်။ ထို့ကြောင့်မလွဲမသွေခံယူရမည်ဖြစ်ပါ သည်။ (everyone CAN and MUST be born again.)

D. လူတိုင်းအသက်တာသစ်ကိုရရှိရန်လမ်းရှိပါသည်။ (whole new life is possible and available to all.)

E. လူတို့၏ စိတ်ထဲသို့ ယေရှုခရစ်ဝင်ရောက်ခြင်းမရှိလျှင် အသက်တာသစ်တို့မရနိုင်ကြောင်း ကျမ်းစာက ပြောထားသောကြောင့် လူတိုင်းလူသစ်၊အသက်တာသစ်ဖြစ်လိုသည့်ဆန္ဒရှိရပါမည်။

F. ထို့အပြင် ဖေါ်ပြခဲ့ပြီးသောကျမ်းချက်များအရ ခရစ်ယာန်ဆိုသည်မှာ……..:

1. ပုံသေယုံကြည်ချက်စာရင်းမဟုတ် -CHRISTIANITY is NOT A list of dogmas.
2. ကျင့်စဉ်တစ်ခုမဟုတ် -CHRISTIANITY is NOT A system of ethics.
3. ကောင်းမြတ်ခြင်းအတိုင်းအတာမဟုတ် -CHRISTIANITY is NOT Degrees of goodness.
4. စိတ်မပါ၊ ပေါ့ရွှတ်သောသန့်ရှင်ခြင်းမဟုတ် -CHRISTIANITY is NOT A passionless purity.
5. မိမိ၏အသင်းတော်၊ အဖွဲ့၏သြဝါဒမှ မှန်ကန်သည်ဟု ခံယူ၍ အငြင်းပွားတိုက်ခိုက်နေခြင်း မျိုးမဟုတ် - CHRISTIANITY is NOT A fighting fundamentalism.
6. ရှေးအစဉ်အဆက်မှ ခံယူချက်တို့အား တသွေမတိမ်း လက်ဆင့်ကမ်းခံယူလိုက်လျှောက်ခြင်း မဟုတ်။ CHRISTIANITY is NOT A militant orthodoxy.
7. သုံးပါးတစ်ဆူ ဓမ္မပညာကိုလည်းမဆိုလို။ -CHRISTIANITY is NOT A triune theology.

♦ သို့သော် ခရစ်ယာန်ဖြစ်ခြင်းဆိုသည်မှာအသက်ရခြင်း (CHRISTIANITY IS LIFE)ဖြစ်ပါသည်။ အသစ်သောမွေးဖွားခြင်း ဆိုသည်မှာ အသက်သစ် (New life) ရခြင်းဖြစ်ပါသည်။ သခင်ယေရှုကသင်တို့သည် အသက်နှင့် ပြည့်စုံခြင်း ငှာလာသည်ဟု မိန့်တော်မူခဲ့ပါသည်။ (ယော ၁၀း၁၀)!

III. ဒုတိယမွေးခြင်းဆိုသည်မှာအဘယ်နည်း THE MEANING: WHAT DOES “BORN AGAIN” MEAN?

A. (ယော ၃း၁၃) ကိုကြည့်ပါ။ ၎င်းကျမ်းပိုဒ်တွင် ဒုတိယမွေးခြင်း (born again) နှင့်ပတ်သက်၍ ၊ငြင်းပယ်ခြင်းလက္ခဏာဆောင်သောအချက်သုံးခု (Three negatives) ကိုအထင်အရှားတွေ့ရပါမည်။

1.လူမျိုးနှင့်စပ်ဆိုင်၍ဖွားသောသားမဟုတ်၊ (It is NOT OF BLOOD)

a) ယုဒလူမျိုးများသည် မိမိတို့၏ဘိုးဘေးများ (their ancestry) အပေါ်ဂုဏ်ယူဝင့်ကြွား သူများဖြစ်သည်။ မျိုးရိုးစဉ်ဆက် (their lineage)၊ သွေးသားအစဉ်အဆက် (their bloodline) အပေါ်ဝါကြွား ကြ၏။ သူတို့က ငါတို့သည် အာဗြဟံအမျိုးဖြစ်၏ (ယော ၈း၃၃)အာဗြဟံသည်ငါတို့အဘ ဖြစ်၏။ (ယော ၈း၃၉)

b) ယနေ့တွင်ပင်သန်းပေါင်းများစွာ သောသူတို့သည် မိမိတို့၏ ဘိုးဘေးအမျိုးအနွယ် အပေါ်ဂုဏ်ယူ နေကြသည်။ ဆွေစဉ်မျိုးဆက်အမွေအနှစ်များသည် မိမိတို့အား အထူးအခွင့် အရေး နှင့် အထူး အဆင့် အတန်းကို ပေးသည်ဟု လက်ခံထား ကြပါသည်။

c) ဤနေရာတွင် သခင်ဘုရားက သင်သည် မည်သည့် အမျိုးအနွယ်မှ ဆင်းသက်လာသည်ဖြစ်စေ၊ လူမှုအသိုင်းအဝိုင်းတွင် မည်သည့် အဆင့်ရှိနေပါစေ၊ မည်သည့် အဆင့်အတန်းဖြစ်နေပါစေ သင်သည်

ဒုတိယမွေးဖွားခြင်းခံရမည်ဟု (YOU MUST BE BORN AGAIN) မိန့်တော်မူခဲ့ပါသည်။ သင်မည်မျှ မြင့်မြတ်သည့် မျိုးနွယ်မှမွေးဖွားသည်ဖြစ်စေ၊ မည်မျှနိမ့်ကျသည့်မျိုးနွယ်မှမွေးဖွါးလာသည်ဖြစ်စေ အဓိက မကျပါ။ အရေးမကြီးပါ။ ဒုတိယမွေးခြင်းခံခြင်းသာ အဓိကဖြစ်ပါသည်။

2.မေထုန်သံဝါသအားဖြင့်ဖွားသောသားမဟုတ် (It is NOT THE WILL OF THE FLESH)

a) (John 3:6) "ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။...."

b) (Romans 8:8) "ဇာတိပကတိ၌ကျင်လည်သောသူတို့သည် ဘုရားသခင်၏စိတ် တော်နှင့် မတွေ့ နိုင်ကြ။"

c) သို့ဖြစ်၍ "ဇာတိပကတိ" ဟူသော ဝေါဟာရကို ခရစ်တော်မပါဘဲ လူတို့လုပ်သမျှ ကိုရည်ညွှန်းနေ ကြောင်း တွေ့ရပါသည်။ ဇာတိပကတိအားဖြင့် လူတစ်ယောက် သည် အမြောက်အများကိုလုပ်ဆောင် နိုင်ပါသည်။ ထိုသူသည် နာမည်ကျော် စာရေးဆရာ၊ ထင်ရှားသောအားကစားသမား၊ နံမည်ကျော် ပန်းချီဆရာ၊ ကျော် ကြားသော ဂီတပညာရှင်၊ နိုင်ငံရေးအကျော်အမော်၊ အောင်မြင်သော စီးပွားရေး သမား၊ သန်းကြွယ်သော သူဌေး ဖြစ်နေသော်လည်း ဒုတိယ မွေးခြင်း မခံရသေးသူ ဖြစ်နိုင်သေးပါသည်။ ထိုသူ သည် ဇာတိပကတိ၌ ရှိနေသေး သောကြောင့် ဇာတိပကတိ သဘော သည် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်။

3.လူအလိုအလျောက် ဖွားသောသား မဟုတ် (It is NOT OF THE WILL OF MAN)

တနည်းအားဖြင့်ဆိုသော် အသစ်သောမွေးဖွားခြင်းသည် လူသားအားဖြင့်ဖြစ်ပွားသည် မဟုတ်ဘဲ ဘုရား သခင်အားဖြင့် သာဖြစ်ရပါသည်။ မည်သည့်ဘုန်းတော်ကြီး (priest)၊ မည်သည့် သင်းအုပ်ဆရာ (pastor)ကမျှ သင့်ကိုကယ်တင်ခြင်းမပေးနိုင်ပါ။ သင်ကိုယ်တိုင်ကလည်း သင့်ကို မကယ်တင်နိုင်ပါ။ တနည်းအားဖြင့် လူတို ့လုပ်သော သိက္ခာထပ်ခြင်း (ordination)၊ နှစ်ခြင်းမင်္ဂလာခံယူခြင်း(baptism)၊ ပွဲတော်မင်္ဂလာဝင်ခြင်း (communion)၊သို့မဟုတ် လူတို့ ဆောင်ရွက် ပေးသော မည်သည့်အမှုနှင့်မျှ ဒုတိယ မွေးခြင်းကို မခံယူနိုင်ပါ။ လူသည် သင့်ကို ကယ်တင်ခြင်းမပေးနိုင်။

B. အနုတ်လက္ခဏာ (negatively) အားဖြင့်ကြည့်လျှင် အသစ်သော မွေးဖွားခြင်း (ဒုတိယမွေးဖွားခြင်း) ဆိုသည်မှာ အောက်ပါ ထုံးတမ်းစဉ်လာများကို လုပ်ဆောင်ခြင်းမဟုတ်ပါ။

1. ဘာသာတရား၏ပညတ်ချက်များလိုက်လျောက်ရုံမျှမဟုတ်- A mere religious commitment.
2. မိမိ၏နက်နဲသောဆုံးဖြတ်ချက်ကိုလုပ်ဆောင်ရုံမျှမဟုတ်-it does not mean A deep, personal determination or resolution.
3. ဆုတောင်းခြင်း၊ အလှူတော်ငွေပေးခြင်း၊ ကာမဂုဏ်ချုပ်ထိန်ခြင်း၊ အသင်းတော်တွင်ပါဝင်ခြင်း စသည့် ဘာသာရေး ထုံးတမ်းစဉ်လာများလိုက်လျောက်ရုံမျှမဟုတ် -it does not mean A religious act of any kind such as praying, tithing, self-denying or church joining.
4. ဘာသာရေးဆိုင်ရာထုံးတမ်းများ ၊ အစဉ်လာများ၊ အခမ်းအနားများ ပြုလုပ်ခြင်းမျှမဟုတ်-it does not mean A religious rite, ritual or ceremony.
5. သစ်ရွက်အရောင်ပြောင်းသကဲ့သို့ အသက်တာပြောင်းလဲခြင်းမျိုး မဟုတ်။ အရွက်သစ်မဟုတ်၊ အသက်တာ သစ်ကို လိုအပ်ခြင်းဖြစ်သည်။ -it does not mean A mere reformation or the turning over of a new leaf. We need a NEW LIFE, not a new leaf!

C. သို့ သော်- အပေါင်းလက္ခဏာဖက်မှ ပြောရလျှင် အသစ်မွေးဖွားခြင်းဆိုသည်မှာ But POSITIVELY, the

new birth, is:

1. ဘုရားသခင်ပြုတော်မူသောအမှုဖြစ်ပါသည်။ ဘုရားသခင်ဖွားတော်မူသောသားဖြစ်သတည်း။ WORK OF GOD (John 1:13)

a) (၁ယော ၅း၁) တွင် "ယေရှုသည် ခရစ်တော်ဖြစ်တော်မူသည်ကို ယုံကြည်သောသူမူကား ဘုရား သခင်ဖြစ် ပွါးစေတော်မူသောသူဖြစ်၏။"

b) အသစ်သော မွေးဖွားခြင်းကိုခံယူ ရရှိခြင်း သည် - ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်အတွက် တစ်စုံ တစ်ခု ကိုပြုလုပ် လိုက်ခြင်းကြောင့်မဟုတ်ဘဲ ဘုရားသခင်၏ ကျွန်ုပ်တို့အတွက် လုပ်ဆောင်တော်မူခြင်း သက်သက် သာ ဖြစ်ပါသည်။

2. ဝိညာဉ် သေခြင်းမှရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ RESURRECTION (John 3:6; 6:53; Romans 6:4; Ephesians 2:1,5.)

a) ကျွန်ုပ်တို့အထဲတွင် အသစ်သောမွေးဖွားခြင်းကို ခံသောသူသည် ကျွန်ုပ်တို့၏ဝိညာဉ်ဖြစ်ပါသည်။

b) အသစ်သောမွေးဖွားခြင်းသည် ကျွန်ုပ်တို့အထဲ၌ သေနေသောအရာကို အသက် ပြန်သွင်း ခြင်း ဖြစ်ပါသည်။ "သေလျက်ရှိသော သင်တို့ကိုပင် ဘုရားသခင်သည် အသက် ရှင်စေတော်မူပြီ"(Ephesians 2:1).

c) ဇာတိပကတိလူတွင် သေနေသောသူသည် ထိုသူ၏ဝိညာဉ်ဖြစ်ပါသည်။ ဝိညာဉ်သည် လူ၏အထဲတွင် ပိုင်းခြား နားလည်ခြင်းရှိသောအရာဖြစ်ပါသည်။ (၁ ကော ၂း၁၁-၁၄) ကိုဖတ်ပါ။ လူသည်ဝိညာဉ်အားဖြင့် အသေဖြစ်ပါသည်။ (ဧ ၂း၅) ထို့ကြောင့် ဝိညာဉ် အရာကို မမြင်နိုင်။ နားမလည်နိုင်။(ယော ၃း၃-၅နှင့် ၁ ကော ၂း၁၄။)

d) ထို့ကြောင့် အသစ်မွေးဖွားခြင်းသည် ဘုရားသခင်၏ တန်ခိုးတော်နှင့်ဆောင်ရွက် တော်မူခြင်းဖြစ် ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ဆောင်ရွက်တော်မူခြင်းကြောင့် ကျွန်ုပ်တို့၏ဝိညာဉ်များကို "အသက် ရှင် စေတော်မူလျက်" ဝိညာဉ်ရေးရာနားလည်မှု အသစ်ကို ရပါသည်။ ကိုယ်တော်ကို သိ၍ချစ်မြတ်နိုးစွာ အမှုတော်ဆောင်စေပါသည်။

3. ဖန်ဆင်းခြင်းအမှုဖြစ်ပါသည်။ A CREATIVE ACT!

ၵင်းဖြစ်ရပ်သည်ကျွန်ုပ်တို့အထဲ၌ ယခင်ကမပိုင်ဆိုင်ခဲ့ဖူးသော အသစ်သောအသက်တာ (whole new life) ကိုဖန်ဆင်းခြင်းအမှုဖြစ်ပါသည်။

a) Ephesians 2:10, "... ကောင်းသောအကျင့်တို့ကို ကျင့်ရမည့်အကြောင်း ယေရှုခရစ်၌ပြုပြင် "ဖန်ဆင်း" တော်မူရာဖြစ်သတည်း။"

b) Ephesians 4:24, "...မှန်သောဖြောင့်မတ်ခြင်း ပါရမီအားဖြင့် ဘုရားသခင်နှင့်အတူ အမျှဖန် ဆင်း သော လူသစ်ကိုယူတင်ဝတ်ဆောင် မည့်အကြောင်း....."

c) 2 Corinthians 5:17, "လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ် ပြုပြင်သော သတ္တဝါဖြစ်သည်။....."

4. ဘုရားပကတိကို လက်ခံရယူခြင်းနှင့် ဆက်ဆံခြင်းဖြစ်သည်။ THE RECEIVING AND PARTAKING OF GOD'S VERY NATURE

အသစ်မွေးဖွါးခြင်းသည် ဘုရားသခင်၏ အံ့သြဘွယ်တန်ခိုးတော်အားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၏ အထဲ၌ ဖြစ်ပွားတည်ရှိနေခြင်းပင် ဖြစ်ပါသည်။(၂ ပေ ၁း၄) ထိုသို့သောအားဖြင့် ဘုရားပကတိကို ဆက်ဆံရသောသူဖြစ်မည် အကြောင်းတည်း။ (၁လာ ၂း၂၀) ငါသည်ကိုယ်တိုင်မရှင် ခရစ်တော်သည် ငါ၌ရှင်တော် မူ၏။ (ဖဖက် ၃း၁၇) ခရစ်တော်သည်သင်တို့၏ စိတ်နလုံးထဲ၌ ကျိမ်းဝပ် တော်မူမည်အကြောင်း...."

5. အသစ်သောမွေးဖွားခြင်းသည် (LIFE) အသက်ဖြစ်ပါသည်။

အသစ်မွေးဖွါးခြင်းသည် အသက်စစ်ဖြစ်ပါသည်။ စစ်မှန်သောအသက်၊ ထာဝရအသက်၊ ဘုန်းကျက်သရေရှိသောအသက်၊ ဘုရားအသက်ဖြစ်ပါသည်။ လုံးဝအသက် ဖြစ်လျက် အံ့သြဘွယ် အသစ်ဖြစ်သော အရာ များဖြင့် ထင်ရှားပေါ်လွင်လျက်ရှိပါသည်။

a) ၁ယော ၅း၁၂ "သားတော်ကိုရသောသူသည် အသက်ကိုရ၏...."
b) ယော ၂၀း၃၁ "... ထိုသို့ ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း...."
c) ယော ၁၀း၁၀"... ငါမူကား-------- အသက်နှင့် ပြည့်စုံစေခြင်းငှါ လာသတည်း။...."

IV. "မလွဲရှောင်နိုင်သောလိုအပ်ချက်" THE MUST's of the new birth:

(ယော ၃း၃-၇)၌ "ဒုတိယမွေးခြင်းကိုခံရမည်" ဟု သခင်ယေရှုကမိန့်တော်မူခဲ့သည်မှာ အဘယ်ကြောင့် နည်း။ ကယ်တင်ခြင်းရဖို့ အတွက် အဘယ့်ကြောင့် အသစ်မွေးဖွါးခြင်းရဖို့ လိုသနည်း။ အဘယ့်ကြောင့် ယေရှုဘုရားက ဒုတိယမွေးခြင်းကိုခံရမည် "You must be born again?" ဟုပြောခဲ့သနည်း။

A. ခရစ်တော်တောင်းဆိုခဲ့သောကြောင့် -Because CHRIST DEMANDED IT! (John 3:3-8).

ကျမ်းစာတွင်ဖြစ်ပျက်သမျှသည် မတိုက်ဆိုင်ဘဲနှင့်သော်ငင်း၊ တိုက်ဆိုင်သွားသောကြောင့်ငင်း (incidental or accidental) ဖြစ်သွားသောအရာ တခုမျှမရှိပေ။ အသစ်မွေးဖွါးခြင်း (New Birth) အတွက် လိုအပ်ချက် ကို သွန်သင်ဖို့ ရန် နိကောဒင် (Nicodemus) အား ခရစ်တော်ရွေးချယ်ခဲ့ခြင်းမှာ တိုက်ဆိုင်မှု(coincidence) လုံးဝ မဟုတ်ပါ။ နိကောဒင်သည် သူလိုငါလို အပြစ်သား မဟုတ်ဘဲ၊ လူအများလေးစားသောသူ တဦးဖြစ် သည်။ သူသည် ယဉ်ကျေးသည်။(cultured), ပညာတတ်သည် (educated), ဘာသာရေးတွင်ထင်ရှားသူ ဖြစ်သည် (profoundly religious), ရိုးသားသူ (sincere) လည်းဖြစ်သည်။ သူသည် အရာရှိတဦး (ruler), အသင်းတော်လူကြီး (a churchman) နှင့် လူတကာကိုသြဇာညောင်းသူလည်းဖြစ်သည်။ သူသည် စံပြ ပုဂ္ဂိုလ်ဖြစ်သည်။ သာမန်လူတဦး တွင် ရှိသင့်သည့်အရာအားလုံးသူ့တွင်ရှိသည်။ သို့တိုင်အောင်ပင်၊ ယေရှု ဘုရားက သူ့ကို ဒုတိယမွေးခြင်းခံရမည်ဟု"Ye must be born again". ပြောခဲ့သည်။သို့ဖြစ်၍ နိကောဒင် ကဲ့သို့ ပင်၊ ဤလောက တွင် လူသားအားလုံး ဒုတိယမွေးခြင်းခံဖို့ လိုအပ်ပါသည်။

B. ဒုတိယမွေးခြင်းမှလွဲ၍ မည်သည့်အရာကမျှ ကယ်တင်ခြင်းရဖို့ မလုံလောက်သောကြောင့်။ Because anything other than the New Birth is inadequate.

1. ခရစ်တော်မပါသောဘာသာရေး (Religion without Christ)၊ ဒုတိယမွေးခြင်းမပါသော ဘာသာရေး (religion without the New Birth) သည် ငြိမ်သက်ခြင်း မရနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော်၊ ထိုသူသည် ကယ်တင်ခြင်းစိတ်ချမှု မရှိသော၊ ထုံးတမ်းစဉ်လာဘာသာရေးကို လိုက်စားနေသောကြောင့်ဖြစ်သည်။ အသစ်မွေးဖွါးခြင်းမရှိလျှင် ထိုသူ၌ သက်သာခြင်းမရှိ၊ကယ်တင်ခြင်းစိတ်ချရမှုလည်းမရှိပါ။ ပြည့်စုံသော ငြိမ်သက်ခြင်း (perfect peace) လည်းမရပေ၊ လုံခြုံစိတ်ချမှုလည်းမရှိပါ။ ထို့ကြောင့် ဓမ္မသီချင်းရေး ဆရာ တပါးက - နည်းလမ်း

ထောင်သောင်း ၊ ကြိုးစားခဲ့လည်း ၊ ကြောက်စိတ်မပျယ် ၊ မြော်မြင် မတိုး၊ ငါလိုသည်မှာ ၊ ကျမ်းစာဖော်ပြ ၊ ယေရှုဘုရား သာပေတည်။"I've tried in vain, a thousand ways, My fears to quell, my hopes to raise. But what I need, the Bible says,Is ever only Jesus."

2. ယုံကြည်စိတ်ချလောက်သောအရာကို မည်သည့်အရာကမှ မပေးနိုင်။ ဘာသာရေး သက်သက် သည် လူ၏ ကြိုးစား လုပ်ဆောင်မှုနှင့် ပါရမီသာဖြစ်သည်။ ဒုတိယမွေးခြင်းသည် နှုတ်ကပတ်တော်ကို ယုံကြည် နာခံခြင်း၌သာ တည်ပါသည်။

3. အတိတ်ကပြုခဲ့သောအပြစ်များကိုဖယ်ရှားရန် ဒုတိယမွေးခြင်းမှတပါး အခြားနည်းလမ်းမရှိပါ။ ပြုပြင်ပြင်ဆင်ခြင်း (Reformation) သည် တစုံတယောက်သောသူအား ပိုမိုကောင်းမွန်အောင်(better life) ပြုပြင်နိုင်သော်လည်း အသစ်သော မွေးဖွားခြင်း (REGENERATION) သည်သာ ပြစ်မှား မိခဲ့သော အပြစ်များကိုဖယ်ရှားစေလျက် အပြစ်၏ ခွင့်လွှတ်ခြင်းကို ရစေပါသည်။ (Hebrews 9:26; Ephesians 1:7).

4. ပြုပြင်ခြင်း၊(Reformation)၊ ဘာသာတရား(religion)သည် တစုံတယောက်သောသူ၏ အပေါ်ယံ အပြု အမူတို့ကို ပြင်ဆင်နိုင် သော်လည်း ဒုတိယ မွေးခြင်းကသာ စိတ်နလုံးကိုပြောင်လဲစေနိုင်ပါသည်။

♦ ရေပုပ်အိုင် (cesspool)အနီးတွင် လှပသောပန်းများစိုက်ထားသော်လည်း ရေပုပ်ကို မသန့်ရှင်းစေ နိုင်ပါ။ ခြင်္ကိုက်၍ ဆွေးမြေ့နေသော အိမ်သည်ဆေးသုပ်ရုံဖြင့် ပြန်၍မ ကောင်းနိုင်ပါ။

C. ဒုတိယမွေးခြင်းမှတပါး အခြားအရာအားကိုးခြင်းသည်အန္တရာယ်များပြီး ပျက်စီးနိုင်သောကြောင့်။ Because depending upon anything other than the New Birth is both dangerous and ruinous.

D. ဘုရားရှင်၏ သန့်ရှင်းတော်မူခြင်းကို အလေးမထားသမျှ ဆုံးရှုံးနိုင်သောကြောင့်။ Because anything else fails to consider the HOLINESS of God (Hebrews 12:14).

E. ဘုရားရှင်၏ နှုတ်ကပတ်တော်၏ စစ်မှန်မှုကိုမယုံကြည်ဘဲ၊ဂရုမပြုသောကြောင့်။ Because anything else side-steps or ignores the WORD of God and questions the integrity of Scripture.

F. မိမိအသက်ရှင်ခြင်းသို့ ရောက်မည့်အကြောင်း ခရစ်တော်ကကိုယ်စား အသေခံပေးရသော လက်ဝါး ကပ်တိုင်တော်ကို ပျက်ရယ်ပြုသောကြောင့်။ Because anything else makes a mockery of the CROSS – where Christ died that we might live (Galatians 1:4).

G. အသစ်မွေးဖွားခြင်းရစေသည့် သန့်ရှင်းသောဝိညာဉ်တော်နှင့် ၎င်း၏ လုပ်ဆောင်ခြင်းအား ငြင်းပယ် သောကြောင့်။ Because anything else ignores and rejects the person and ministry of the Holy Spirit by whom we are given the New Birth (John 3:5, 8; 6:63; 1 Peter 1:22).

H. ခရစ်တော်နှင့်ကင်းလျှင် လူ၏ဇာတိပကတိသည် မည်ကဲ့သို့ဖြစ်သည်ကိုမသိခြင်း၊ နားမလည်ခြင်းကြောင့်။ Because apart from Christ, anything else fails completely to understand or recognize human nature for what it is.

1) ကျွန်ုပ်တို့၏ စိတ်ဆန္ဒများသည် အလိုတော်နှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်။ ရော ၈း၇ ၁း၂၁ Our wills are perverted (Romans 8:7; Colossians 1:21).

2) ကျွန်ုပ်တို့နှစ်သက်သော အရာများသည်ပျက်စီးခြင်းသာဖြစ်သည်။ ယော ၃း၁၉ Our affections are corrupted (John 3:19).

3) ကျွန်ုပ်တို့ဉာဏ်မျက်စိသည်လည်း အလင်းကွယ်နေပါသည်။ ဧ ၄း၁၈။ ၁ ကော ၂း၄-၁၄ Our minds are blinded (Ephesians 4:18; 1 Corinthians 2:9, 14).

I. ထောင်လွှားခြင်းကိုဖြစ်စေသောကြောင့်။- Because anything else encourages pride.

ကာက္ကန(Cain) - မိမိအကျင့်ကိုငြင်းပယ်ခြင်း ခံရသောအခါ ထောင်လွှား သောအခါ ထောင်လွှားသော စိတ်နှင့် ဒေါသ စိတ်ဖြင့် ညီဖြစ်သောသူ အာဗေလ (Abel)ကို သတ်ခဲ့ ပါသည်။ (Genesis 4:6-8).

V. ဒုတိယမွေးခြင်း ခံရပြီးကြောင်း မည်သည့် လက္ခဏာသက်သေများ ရှိသည်ဟု ပြောနိုင်သနည်း။ WHAT MARKS SHOULD ANYONE HAVE WHO CLAIMS TO BE BORN AGAIN?

➢ အမှတ်လက္ခဏာသက်သေ အမြောက်အများရှိသော်လည်း ခြောက်ခုကိုသာ ဖော်ပြပါမည်။ There are many, but we will name just six:

A. နာခံခြင်းလက္ခဏာ -The mark of OBEDIENCE (1 John 2:3).

ဘုရားသခင်၏ စကားတော်ကိုနားထောင် လိုသော ဆန္ဒပေါ်ပေါက်လာလျှင် အလိုတော်လိုက်ရန် ဆုံးဖြတ်ချက် ရှိလာပါမည်။ ခရစ်တော်၏ နာခံခြင်း နမူနာကို လေ့လာပါ။(Note Christ's example in Philippians 2:5,8.)

B. အသီးအခြားနေခြင်း လက္ခဏာ -The mark of SEPARATION (1 John 2:15-17).

လောကကြီးထဲတွင် အသက်ရှင်နေ သော်လည်း ဤလောကနှင့် မဆိုင်တော့ကြောင်း သဘောပေါက်လျှင် လောက၏အချည်း နှီးဖြစ်သော အပြစ်ပြုရာများနှင့် ရောနှောခြင်း မပြု သီးသန့် နေလိုစိတ်ရှိရမည်။(Romans 12:1-2; John 15: 18-19.)

C. ဆက်လက်ရှင်သန်ခြင်း လက္ခဏာ -The mark of CONTINUANCE (1 John 2:19).

ယုံကြည်ခြင်း၌ ဆက်လက် ရှင်သန်နေခြင်းသည် စစ်မှန်သော ပြောင်းလဲခြင်း၏ သက်သေဖြစ်ပါသည်။(Read Acts 2:42 and John 8:31.)

D. လက်တွေ့ဖြောင့်မတ်ခြင်း၌ အသက်ရှင်ခြင်းလက္ခဏာ -The mark of PRACTICAL RIGHTEOUS -NESS AND HOLY LIVING (1 John 2:29 and 3:6).

ဒုတိယ မွေးခြင်း ခံရသူသည် မှန်သော အရာ ကိုပြုလုပ်လိမ့်မည်။ အငယ် (၆) တွင် "ဒုစရိုက် ပြုတတ်သောသူ"ဆိုသည်မှာ အပြစ်ကိုဆက်လက်လုပ်နေကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ဒုတိယမွေးခြင်းခံပြီးသူ သည် တခါတရံ ချော်လဲ၍အပြစ်ပြုမိသော်လည်း အပြစ်၌ဆက် လက် ကျင်လည်ခြင်း မပြုတော့ပါ။

E. ချစ်တတ်သောလက္ခဏာ -The mark of LOVE (1 John 3:14; 1 Peter 1:22; Gal. 5:22; John 13:35).

အခြားသော ခရစ်ယာန် များအပေါ်ချစ်ခြင်း၊ ဝိညာဉ်များကို ချစ်ခြင်းတို့သည် ဒုတိယ မွေးခြင်းကိုခံယူကြောင်း လက္ခဏာဖြစ်ပါသည်။

F. အသက်တာသစ်လက္ခဏာ -The mark of NEWNESS OF LIFE (2 Corinthians 5:17; Romans 6:4).

ဒုတိယမွေးခြင်းခံယူ ပြီးသူသည် တန်ဘိုးထားတတ်မှု(new set of values)၊ လှုပ်ရှားမှုအမှုအရာ(new motives)၊ သစ္စာထားမှု(new allegiances)။ ခံယူချက်(new attitudes)၊ မေတ္တာ(new loves)၊ အမြင်တို့တွင် (new perspective on life) ယခင်နှင့် မတူ အသစ်အဆန်းဖြစ်နေပါသည်။ အကျင့်(new habits)၊ ရည်မှန်းချက်(new goals)၊ ငြိမ်သက်ခြင်း(new peace)၊ ဝမ်းမြောက်ခြင်းခွန်အား(new joy and new strength) တို့တွင်လည်း အသစ်ဖြစ်နေပါမည်။ အမှန်ပင် ဟောင်းသော အရာတို့သည် ကွယ်သွားလျက် ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပါလိမ့် မည်။

VI. နည်းလမ်း THE METHOD: ဒုတိယမွေးခြင်းသည် မည်သည့်အချိန်တွင် မည်ကဲ့သို့ လူ၏ စိတ်နလုံးထဲ အသက်တာထဲ ဝင်ရောက်လာပါ သနည်း။ WHEN AND HOW DOES THE MIRACLE OF THE NEW BIRTH TAKE PLACE IN A HUMAN HEART AND LIFE?

A. ရှေးဦးစွာ ဘုရားသခင်သည် ကျွန်ုပ်တို့အား၌ အခြေအနေသို့ခေါ်ဆောင် တော်မူပါသည်။ အရာနှစ်ပါးကို လည်း(two agents:) အသုံးပြု ပါသည်။

1.သန့်ရှင်းသော ဝိညာဉ်တော် -THE HOLY SPIRIT.

(Read carefully John 16:8; John 3:5-6,8; John 6:63; Romans 8:16 and Titus 3:5-6.) သေချာစွာဖတ်ပါ။သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ဒုတိယ မွေးခြင်းရမည့်အကြောင်းအဓိက ဆောင်ရွက် ပေးတော် မူပါသည်။

a) ကျွန်ုပ်တို့ကို အပြစ်သားဖြစ်ကြောင်းသိစေပါသည်။ (John 16:8-9).
b) ခရစ်တော်သည်သာ ကျွန်ုပ်တို့အတွက် မျှော်လင့်ချက်ဖြစ်ကြောင်း ဖော်ပြတော် မူပါသည်။(John 16:13-14).
c) ကျွန်ုပ်တို့ ကို အပြစ်နောင်တရစေပါသည်။(Acts 2:37-38).

2.နှုတ်ကပတ်တော်ကျမ်းစာ။ THE WORD.

(Read carefully Romans 10:17; James 1:18; 1 Peter 1:22-23; Hebrews 4:12; and Mark 4:20.) ကိုသေချာစွါဖတ်ပါ။ နှုတ်ကပတ်တော်ကို သွန်သင်ခြင်း ဟောပြောခြင်းကိုအသုံးပြုလျက် သန့်ရှင်းသော ဝိညာဉ် တော်သည် အပြစ်ကို ဖော်ပြခြင်း၊ ခရစ်တော်ကိုသိစေခြင်း၊ အသက် ကိုပေးခြင်းနှင့် ကယ်တင်ခြင်းကို စိတ်ချ စေခြင်းများကို ပြုလုပ်ပေး ပါသည်။(ယော ၃း၅။ ရော ၈း၁၆။)

B. သန့်ရှင်းသော ဝိညာဉ်တော်သည် တန်ခိုးတော်အားဖြင့် လူအားအပြစ်ရှိကြောင်းကို သိစေ၍ အပြစ်ကို လည်းကောင်း၊ ခရစ်တော်ကိုလည်းကောင်း မြင်စေသည်နှင့်အညီ လူအပေါ် လုပ်ဆောင်လာပါသည်။

1. ကျွန်ုပ်တို့နောင်တရရန် လိုအပ်ပါသည်။ (စိတ်နလုံးကို အသေးစိတ်ပြောင်းလဲပစ်ရန် လိုအပ်ပါသည်။) ဘုရားသခင်ထံတော်သို့ လာရန်လိုအပ်ပါသည်။(Read carefully Luke 13:3; Acts 17:30; Matt. 9:13; Luke 5:32; 24:47; Acts 20:21 and 26:20.)

2. ခရစ်တော်ထံသို့လာဖို့ ကျွန်ုပ်တို့၏ စိတ်ဆန္ဒရှိရပါမည်။

a) John 5:40, "သင်တို့သည် အသက်ကိုရအောင် ငါ့ထံသို့လာခြင်းငှါ အလိုမရှိကြ။"
b) John 7:17, "သူ၏အလိုတော်ကို လိုက်ချင်သောသူမည်သည်ကား ဒေသနာကို ပိုင်းခြား၍ သိ လိမ့်မည်။"
c) Revelation 22:17, "အလိုရှိသောသူသည် အဘိုးကိုမပေးဘဲအသက်ရေကို ယူပါစေ။"

3. ခရစ်တော်ကိုလည်းကောင်း၊ ကယ်တင်ခြင်းပေးမည်ဟူသောကတိတော်များကိုလည်း ကောင်း၊ ယုံကြည်လက်ခံ ရမည်။

a) ခရစ်တော်သည် ကျွန်ုပ်တို့စိတ်နလုံးထဲတွင် ယုံကြည်ခြင်းအားဖြင့် လာရောက် ကိန်းဝပ်တော်မူပါ သည်။ (Ephesians 3:17).
b) "သခင်ယေရှုကိုယုံကြည်လော့။ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။" (Acts 16:31).
c) Acts 20:21, ပေါလုသည် "ဘုရားသခင်ရှေ့တော်၌ နောင်တရခြင်းတရားတော်ကိုလည်း ကောင်း၊ ငါတို့ သခင်ယေရှု ခရစ်ကို ယုံကြည်ခြင်းတရားကိုလည်းကောင်း" ဟော ပြောခဲ့ပါသည်။"
d) Read also John 6:47; Romans 5:1; John 3:16,36.

4. နောင်တရခြင်း၊ ယုံကြည်ခြင်းအားဖြင့်နှုတ်ကပတ်တော်ကိုလက်ခံသောအခါ ကျွန်ုပ်တို့သည်ဒုတိယ မွေးဖွားခြင်း ကိုရရှိ ပါသည်။

a) Mark 4:20 – ကောင်းသောမြေ၌ကျသောမျိုးစေ့၊ ခရစ်ယာန်စစ်တို့ သည် တရားစကားကိုကြား၍ "ခံယူ" သောသူများဖြစ်ပါသည်။
b) Acts 2:41 – "ထိုစကားကိုသင့်နလုံးသွင်းမိသောသူတို့သည် ဗတ္တိဇံ ကို ခံကြသည်။."
c) John 1:12 – "ထိုသူကိုလက်ခံသမျှသောသူ "ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်တည်း ဟူသော သမ္မာ ကျမ်းစာကိုလက်ခံယုံကြည် သည်သာမက အသက်ရှင်သော နှတ်ကပတ်တော်ဖြစ်တော်မူ သော ယေရှုကိုလည်း လက်ခံ ယုံကြည်ခြင်းဖြစ်လျက် ဒုတိယမွေး ဖွားခြင်းကို လက်ခံရရှိခြင်းဖြစ်ပါသည်။

နိဂုံး - conclusion

သင်သည်သင့်အပြစ်ကို နောင်တရပြီး ဘုရားသခင်ထံတော်သို့ပြန်လာခြင်းမပြုခဲ့ပါလျှင် သခင်ယေရှု နှင့် နှုတ်ကပတ်တော် ကို လက်ခံခြင်းမပြုခဲ့ပါလျှင် ယခုခေါင်းငုံ့လျှက်ဆုတောင်းပါ။ ခရစ်တော်အားဖြင့်ရရှိသော အသက်တာသစ်ကို လက်ခံအသက်ရှင်ပါ။

အသစ်မွေးဖွါးခြင်းနှင့်ဆိုင်သော မေးခွန်းများ - (သင်ခန်းစာ-၁၀)

1. ဤသင်ခန်းစာသည် အရေးကြီးသည်။အဘယ့်ကြောင့်ဆိုသော်.....(၄-မှတ်)

a. ဘုရားရှင်သည် မေတ္တာရှင်ဖြစ်ကြောင်းသိစေသောကြောင့်။ it teaches that God is a loving God.

b. ဘာသာတရားနောက်လိုက်လျှောက်ခြင်းက ကယ်တင်ခြင်းရဖို့ မလုံလောက်သေးကြောင်း သိစေသောကြောင့်။ it teaches that religion is not enough for salvation.

c. ဘုရားကျောင်းထဲ၌သာ ဒုတိယမွေးခြင်းရသောကြောင့်။ it shows that you can be born again only in a church.

2 အသစ်မွေးဖွါးခြင်း(The new birth)ကို.....(၄-မှတ်)

a. ခရစ်တော်၏အသွေးအားဖြင့်ရသည်။ the blood of Christ.

b. ကျွန်ုပ်တို့ ၏ ခန္ဓာကိုယ်အားဖြင့်ရသည်။ our bodies.

c. ကျွန်ုပ်တို့ ၏ အကျင့်ကောင်း အားဖြင့်ရသည်။ our good works.

3. ခရစ်ယာန်ဆိုသည်မှာ.....(၈-မှတ်) အဖြေမှန် ၂-ခုရွေးပါ။

a. ယုံကြည်ချက်များကို ဆုတ်ကိုင်ထားသူဖြစ်သည်။ holds to a list of beliefs.

b. အသစ်မွေးခြင်း ခံပြီးသူဖြစ်သည်။ has received the new birth.

c. လူမှုကျင့်ဝတ်များကို တသဝေမတိမ်းလိုက်လျှောက်သူဖြစ်သည်။ rigidly follows a list of ethical rules.

d. မှန်သောသြဝါဒအပေါ်တွင် ခိုင်မာစွာရပ်တည်သူဖြစ်သည်။ stands strong for approved doctrine.

e. သူ့ အထဲ၌ ခရစ်တော်အသက်ရှင်နေသူဖြစ်သည်။ has Jesus Christ living in him.

4. (ယော ၁း၁၃) တွင် “လူမျိုးနှင့်ဆိုင်သောသားမဟုတ်” ဟူသောအဓိပ္ပါယ်မှာ.....(၄-မှတ်)

a. သင့်ဖခင်ယုံကြည်သူဖြစ်လျှင် သင်လည်း အလိုအလျောက်ယုံကြည်သူဖြစ်သည်ဟုဆိုလိုသည်။ if your father is a believer you are a believer by birth.

b. အသစ်မွေးခြင်းသည် လူ့ သဘာဝအတိုင်း မိခင်ဝမ်းမှမွေးလာသည်ဟုဆိုလိုသည်။the new birth comes through the human nature.

c. အသစ်မွေးခြင်းသည် မျိုးရိုးစဉ်ဆက်နှင့်မသက်ဆိုင်ဟုဆိုလိုသည်။the new birth does not come through family or tribal lines.

5. (ယော ၁း၁၃) တွင် “လူအလိုအားဖြင့်ဖွါးသောသားမဟုတ်” ဟူသောအဓိပ္ပါယ်မှာ.....(၄-မှတ်)

a. ဘုန်းကြီး၊သင်းအုပ်ဆရာက သင့်ကိုကယ်တင်ခြင်းပေးနိုင်သည်။ a priest or pastor can save you.

b. အသစ်မွေးဖွါးခြင်းသည် လူအားဖြင့်မဟုတ်၊ ဘုရားရှင်အားဖြင့်ဖြစ်သည်။ the new birth does not come from man but from God.

c. ဗတ္တိဇံခံခြင်း၊ပွဲတော်စားခြင်းကသင့်ကိုကယ်တင်ခြင်းပေးသည်။baptism or communion can save you.

6. ဒုတိယမွေးခြင်းခံပြီးကြောင်းကိုသိဖို့ရန် ဘုရားရှင် အမြြတမ်းသုံးသောနည်းမှာ.....(၄-မှတ်)

a. တရားဟောဆရာအားဖြင့်။ a preacher.
b. သမ္မာကျမ်းစာအားဖြင့်။ the Word of God.
c. တီဗွီအစီအစဉ်အားဖြင့်။ a program on TV.

7. အောက်ပါတို့တွင် မည်သည့်ကျမ်းပိုဒ်က ခရစ်တော်လက်ခံဖို့လူအပိုင်းကလုပ်ဆောင် ရမည့် တာဝန်ကို ဖေါ်ပြသနည်း။ (၄-မှတ်)

a. ယော ဂုးဘဂု
b. တမန် ၂းဂ၁
c. ရောမ ၈းဘ၆

8. လူတဦးသည် မည်သည့်အချိန်အခါတွင် ဒုတိယမွေးခြင်းခံသူဖြစ်သနည်း။ (၄-မှတ်)

a. နေ့စဉ်ကျမ်းစာ ဖတ်ရှုသည့်အခါ။ he reads the Bible every day.
b. နေ့စဉ်ဆုတောင်းသည့်အခါ။ he prays every day.
c. ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံသည့်အခါ။ he receives Christ as Savior.

9. အသစ်မွေးဖွါးခြင်းနှင့်ပတ်သက်၍ အောက်ပါ ကျမ်းပိုဒ်များက မည်သို့ ဆိုသနည်း။ (၁၂-မှတ်)

a. ယော ၃း၃
b. ယာကုပ် ၁း၁၈
c. ၂ကော ၅း၁၇-၁၈

10. အသစ်မွေးဖွါးခြင်း (new birth) ဆိုသည်မှာ အဘယ်နည်း။ (၁၆-မှတ်)
ကျမ်းပိုဒ်နောက် ကွက်လပ်တွင် မှန်ကန်သော အဓိပ္ပယ်ကို ယှည်တွဲဖေါ်ပြပါ။

a. ယော ၁း၁၃ ( ) a. သင့်အထဲတွင် ဘုရားရှင်၏အသက် ရရှိသည်ဟု ဆိုလိုသည်။ (It means you have God's own life in you.)
b. ၂ကော ၅း၁၇-၁၈ ( ) b. သင့်ကို ဘုရားက လူသစ်ဖြစ်စေသည်ဟု ဆိုလိုသည်။ (It means God has made you a new person.)
c. ၂ပေ ၁း၄ ( ) c. ဘုရားရှင်၏လုပ်ဆောင်ချက်ဖြစ်သည်။(It is a work of God.)
d. ၁ယော ၅း၁၂ ( ) d. သင့်အထဲတွင် အသက်တာသစ် လုံးဝဖြစ်သည်ဟု ဆိုလိုသည်။ (It means you have a completely new Life.)

11. ယေရှုဘုရားက ဒုတိယမွေးခြင်းခံရမည်- "You must be born again." ဟုမိန့်တော်မူ၏။ ကယ်တင်ခြင်းရဖို့ ဒုတိယမွေးခြင်းသည် မဖြစ်မနေလိုအပ်ကြောင်း အကြောင်းပြချက် ၃-ခုကိုဖေါ်ပြပါ။ (၁၂-ချက်)

a. ……..

b. ……..

c. ……..

12. ခရစ်ယာန်ဖြစ်ကြောင်းဖေါ်ပြသည့် အောက်ပါကျမ်းပိုဒ်နှင့်အဓိပ္ပါယ်ကို မှန်ကန်စွာယှဉ်တွဲပါ။ (၂၄-မှတ်)

a. လူသစ် New Person ……..	(a) 2 Corinthians 5:17
b. နာခံခြင်း Obedience ……..	(b) 1 John 2:3
c. အခြားသော ယုံကြည်သူများကိုချစ်ခြင်း Love other believers ……..	(c) 1 John 3:14
d. မှန်ကန်စွာလုပ်ဆောင်ခြင်း - Doing right ……..	(d) 1 John 2:29
e. ယုံကြည်ခြင်း၌ ဆက်လက်တည်မြဲခြင်းContinuing in the faith ……..	(e) 1 John 2:19
f. လောကီအညစ်အကြေးနှင့် အသီးအခြားနေခြင်း Separation from the world ……	(f) John 15:18-19

သင်ခန်းစာ (၁၁)

ခရစ်တော် အပျိုကညာမှမွေးဖွါးခြင်း- The Virgin Birth of Christ

နိဒါန်း - Introduction

ခရစ်ယာန်အသိုင်းအဝိုင်းတွင် အပျိုကညာမှ မွေးဖွားခြင်း (Virgin Birth) အကြောင်းကို အလေးအနက် မထားဘဲဖြစ်နေကြသည်မှာ အစဉ်အလာကဲ့သို့ ဖြစ်နေပါသည်။ သို့ရာတွင် ကနဦးအသင်းတော်ကာလက Virgin Birth အကြောင်းကို အပြင်းအထန်ငြင်းခုံခဲ့ကြသည်။ ဂျူးခရစ်ယာန် (Jewish Christian sect) ဖြစ်သော Ebionites, များက Virgin Birth အကြောင်းကို ငြင်းပယ်ပြီးခရစ်တော်၏ဘုရားဖြစ် ခြင်း (Christ's deity) နှင့်ပတ်သက်၍ အပျို ကညာဝမ်းမှ မွေးဖွားခြင်းကိစ္စသည် အရေးမကြီးကြောင်းပြောပါသည်။ Gnostics ဂိုဏ်းသား များ အထူးသဖြင့် Cerinthus, ၏နောက်လိုက်များကမူ ခရစ်တော် (Christ) သည် ယေရှု (Jesus) နှစ်ခြင်းမင်္ဂလာခံယူစဉ် သူ့အထဲသို့ ဝင်လာပြီး၊ ယေရှု (Jesus) လက်ဝါးကပ်တိုင်တွင် အ သေခံစဉ် ယေရှုထံမှ ခရစ်တော်ထွက်ခွာ သွားသည်ဟုဆိုပါသည်(Christ came into Jesus at His baptism and left Him at His crucifixion)။ အခြားသောသူများကမူ ခရစ်တော်၏လူသားအဖြစ်မွေးဖွါးအသက်ရှင်ခြင်း (His natural existence) ကို ငြင်းပယ်ကြသည်။

လူအတော်များများကမူ အပျိုကညာဝမ်းမှ မွေးဖွားသည့်အယူအဆသည် ရောမ၊ ဂရိ၊ သို့မဟုတ် ဗာဗုလုံ ဒဏ္ဍာရီမှ ဆင်းသက်လာခြင်း(Roman, Greek or Babylonian Mythology)ဖြစ်သည်ဟု ယုံကြည် နေသူအများ အပြားရှိနေ ပါသည်။ ယခု ခေတ်တွင် အပျိုကညာဝမ်းမှ မွေးဖွားခြင်းယုံကြည်ချက်ကို တိုက်ခိုက်နေ သူအများ အပြား ရှိနေပါ သဖြင့် ဇဝံဂေလိတရားတော်ကို ယုံကြည်၍ ကာကွယ်လိုသူတို့သည် ခရစ်ယာန် ဘာသာ၏ အခြေခံနှင့် မရှိ မဖြစ် သောယုံကြည်ချက်ဖြစ်သည့် အပျိုကညာဝမ်းမှ မွေးဖွားခြင်းယုံကြည်ချက်ကို ကာကွယ် ရန်ပြင်ဆင်ထားရပါမည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- ❖ အပျိုကညာဝမ်းမှ မွေးဖွားခြင်း (The Virgin Birth) သည် လူဉာဏ်ဖြင့် မမီသောဘုရားသခင်နှင့် စပ်ဆိုင် သည့် နက်နဲသော အရာ (Mystery of Godliness) တစ်ခုဖြစ်သည်။

- ❖ ဤသင်ခန်းစာတွင် ခရစ်တော်၏ ဘုရားဇာတိ (deity of Christ)၊ နှုတ်ကတော်မှုတ်သွင်းခြင်းနှင့် ပြည့်စုံမှန်ကန်ခြင်း (inspiration and integrity of Scripture)၊ ကယ်တင်ခြင်းစီမံကိန်း (entire plan of salvation) တို့ပါဝင်သည်။ ခရစ်တော်၏ဘုရားဖြစ်ခြင်း၊ သမ္မာကျမ်းစာ၏ မှန်ကန်မှုလမ်းညွှန်နိုင်မှုနှင့် ကယ်တင်ခြင်းစီမံကိန်းကြီး တစ်ရပ်လုံးသည် အပျိုကညာဝမ်းမှ မွေးဖွားခြင်းနှင့် တိုက်ရိုက်သက်ဆိုင် နေပါသည်။ အကယ်၍ ခရစ်တော်သည် ထူးဆန်းအံ့သြစွာ၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အပျိုကညာ ဝမ်း၌ ပဋိသန္ဓေတည်တော်မမူခဲ့ပါ လျှင် ကိုယ်တော်သည် သာမန် လူသားကဲ့သို့ လူမျိုးစေ့မှ မွေးဖွားပြီး၊ အပြစ်မျိုးဆက်ဖြစ်သော အာဒံအမျိုးအနွယ်သာ (adamic nature) ဖြစ်နေပါမည်။ ထိုသို့ဖြစ်လျှင် ကိုယ်တော်၌ ကမ္ဘာမတည်မရှိမီရှိနေခြင်းမဟုတ်သည်သာမက(no prior-existence)၊ လူ့ ဇာတိ ကိုခံယူသော

ဘုရား၏သားတော်အပြည့်အဝ မဖြစ်နိုင်ချေ(not fully God incarnate)။ အပြစ်ကင်းမဲ့ သော သိုးသူငယ်လည်း မဖြစ်နိုင်(spotless lamb)။ အပြစ်သား၏ကယ်တင်ရှင်လည်း(sinner's savior) မဖြစ်နိုင်ပါ။

❖ အပျိုကညာဝမ်းမှ မွေးဖွားခြင်းသည် ခရစ်တော်၏ ဇဝံဂေလိတရား၏အဓိကနှင့် မရှိမဖြစ် အရေးကြီးသော အစိတ်အပိုင်းဖြစ်လျက်ကျွန်ုပ်တို့၏ ကယ်တင်ခြင်းနှင့် မျော်လင့်ခြင်းသည် ထိုအရာ၌ တည်မှီနေပေသည်။

❖ ဤအချက်သည် အလွန်အရေးကြီးသည်ဖြစ်သောကြောင့် အပျိုကညာဝမ်းမှ မွေးဖွားခြင်း၏ အထောက်အထား သက်သေ သာဓကများကို ယုံကြည်သူခရစ်ယာန်များမှ မွေးဖွားခြင်း၏ အထောက်အထား သက်သေ သာဓက များကို ယုံကြည်သူ ခရစ်ယာန်များ အနေဖြင့် အပိုင်အနိုင်လေ့လာထားရပါမည်။ အပျိုကညာဝမ်းမှ မွေးဖွားခြင်းကို ငြင်းပယ်ခြင်းသည် ကျမ်းစာကို ပုန်ကန်ခြင်း၊ တမန်တော်၏လက်ထက်မှစ၍အသင်းတော်၏ တဆက်တည်းသော သက်သေ ခံချက်ကို ဆန့်ကျင်ခြင်း၊ လူဇာတိခံယူခြင်းဆိုင်ရာ ယုံကြည်ချက်ကို ပေါ်ပျက်စေခြင်း၊ ခရစ်တော်သည် လူသားသာမည ဖြစ်သည် ထူးခြားမှုမရှိဟု ယူဆနေသော ဆန့်ကျင်ဘက် အတွေးအခေါ်သမားများအောက်သို့ လက်နက်ချ အညံ့ခံခြင်းသာ ဖြစ်သည်။ အန္တာတန်ခိုးရှင် ဖြစ်သော ဘုရားရှင်အနေဖြင့် လူဇာတိခံယူခြင်းသည် ခက်ခဲသောအရာမဟုတ်ပဲ သာမန်လူ သားတစ်ဦးအနေ ဖြင့် ဘုရားဇာတိကို ခံယူနိုင်ခြင်းမှာမူ လုံးဝမဖြစ်နိုင်ပေ။

သင်ခန်းစာ - THE LESSON

I. အပျိုကညာမှမွေးဖွါးခြင်း ကိုငြင်းဆန်ကန့်ကွက်ခြင်းများ၏အဓိကအချက် - PRIMARY OBJECTIONS

A. အပျိုကညာမှမွေးဖွါးခြင်း (Virgin Birth) နှင့်ပတ်သက်သော ငြင်းခုန်ခြင်းများသည်၊ ရှင်မာကု၊ ရှင်ယော ဟန်နှင့် ရှင်ပေါလုတို့ရေးသားထားသော မှတ်တမ်းများတွင် ထိုအကြောင်းကို တစ်စုံတစ်ရာ ဖော်ပြထားခြင်း မပြုဘဲ ရေငုံနှုတ်ပိတ်နေခြင်းမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။

1. အဖြေ။ ။ ဤအချက်ကို လျှို့ဝှက်မထားပါ။ Answer: The matter was NOT kept as a secret.

a) ဗတ္တိဇံဆရာယောဟန်၏ မိခင်ဖြစ်သူ ဧလိရှဖက်သည်(Elizabeth) မယ်တော်မာရိအား "အကျွန်ုပ် သခင်၏ မယ်တော်"ဟု နှုတ်ဆက်ခဲ့ပါသည်။ (Luke 1:43).

b) သိုးထိန်း(Shepherds)တို့သည် သူငယ်ကိုမြင်ရသောအခါ ... "ခရစ်တော်အရှင်"ဖြစ်ကြောင်းသိရှိ၍ ဝမ်းမြောက်ကြပါသည်။ (Luke 2:11, 20).

c) ဗိမာန်တော်၌ရှိနေကြသောသူအများတို့သည် ရှမောင်နှင့်(Simeon) အန္နာ (Anna) တို့က ယေရှုကို "ထာဝရ ဘုရား၏ ခရစ်တော်" ဖြစ် ကြောင်း ပြောကြားချက်ကိုကြားကြပါသည်။(Luke 2:25-28).

d) ခရစ်တော်ကိုယ်တိုင် မိမိ၏မူလနှင့် မွေးဖွားခြင်း(His origin and birth) ကိုသိရှိထားကြောင်း ထင်ရှားပါသည်။(John 8:14, 23, 58).

e) မယ်တော်မာရိနှင့် ယောသပ်တို့သည် ခရစ်တော်၏ စာရိတ္တနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများ (moral and spiritual obligations) သမ္မာတရား (truth) ကို ရင်းနှီးသော မိတ်ဆွေများ ဖြစ်သည့်

Simeon, Anna, Zechariah, Elizabethနှင့် အခြားပုဂ္ဂိုလ်များအား လက်ဆင့်ကမ်းခဲ့ကြပါသည်။

2. ရှင်မာကု၏ နှုတ်ဆိတ်နေခြင်းအကြောင်း။ The silence of Mark:

စာရေးသူ၏ ရည်ရွယ်ချက်ကို သိရှိရန်လိုအပ်ပါသည်။ ရှင်မာကု ၏ရည်ရွယ်ချက်မှာ ခရစ်တော်၏အမှုတော် ဆောင်ခြင်းများကို အဓိကထား၍ ဖော်ပြလိုသောကြောင့် ဗတ္တိဇံယောဟန်၏ နှစ်ခြင်း ပေးခြင်းနှင့် အစပြုခဲ့ပါသည်။ ရှင်မာကုသည် ဇဝံဂေလိကျမ်းကို ရေးသားရာတွင် ယေရှုအား "ဘုရားသခင်၏သားတော်" "The Son of God" ဟူသော စကားဖြင့် အစပြုခဲ့ပါသည်။ (မာ ၁း၁) ခရစ်တော်၏ ငယ်စဉ်နှင့် ရှေ့ပိုင်းကိုဖော်ပြခြင်းမပြုခဲ့ပါ။ ရှင်မာကု ခရစ်ဝင်ကျမ်းသည် ရှင်မဿဲနှင့် ရှင်လုကာတို့ ရေးပြီးမှ ရေးခြင်းဖြစ်၍ ထိုကျမ်းများတွင် မည်သို့ ဖော်ပြထားသည်ကိုသိထားပြီးဖြစ်သည်။ ထို့ကြောင့် ထိုအကြောင်း များကို ထပ်ရေးရန် အကြောင်းမရှိပေ။ ထို့ပြင် Matthew or Luke တို့ ၏ ရေးသားချက်များ ကိုလည်း မငြင်းပယ်ခဲ့ပေ။

3. ရှင်ယောဟန်၏ နှုတ်ဆိတ်နေခြင်းအကြောင်း။ The silence of John:

သမ္မာကျမ်းစာတွင် ပါဝင်သော ကျမ်းစာများအနက် ရှင်ယောဟန် ရေးသောစာများသည် နောက်ဆုံး ရေးသားသော စာများဖြစ်ပါသည်။ ဤစာများ ရေးချိန်တွင် ရှင်ယောဟန်သည် ရှင်မဿဲနှင့်ရှင်လုကာတို့ ရေးသားသောကျမ်းစာများကို ဖတ်ရှုခဲ့ရသည်သာမက၊ ခရစ်ယာန်အသင်းတော်များတွင် ခရစ်တော်သည် အပျိုကညာဝမ်းမှ မွေးဖွားခဲ့သည်(Virgin Birth) ဟူ သောအချက်သည် အသင်းတော်များယုံကြည်ချက်အဖြစ် ရပ်တည်နေပြီး ဖြစ်ပါသည်။ ထို အချက် များကို ငြင်းပယ်ခြင်းတစ်စုံတစ်ရာမပြုလုပ်ခဲ့ပါ။ မယ်တော်မာရိသည် သေသည့်တိုင်အောင် ရှင်ယောဟန်၏ အိမ်၌နေထိုင်ခဲ့ကြောင်း သတိပြုသင့်ပါသည်။ (ယော ၁၉း၂၆-၂၇) မယ်တော်မာရိသည် ရှင်ယောဟန်နှင့်အတူဝမ်းမြောက်ဘွယ် ဇဝံဂေလိသတင်းကောင်းကို ဝေငှကြောင်း ကျွန်ုပ်တို့ ယူဆနိုင်ပါသည်။ ရှင်ယောဟန်သည် ယေရှုသည်လူသားမိဘနှစ်ပါးမှမွေးဖွါးသည် ဟူသော gnostic Cerinthus ဝိဂ်းသားများ၏ ငြင်းဆန်မှုကို ဆန့် ကျင်ဟောပြောခဲ့သည်။

လူများစွာတို့ က (ယော ၁း၁၃) ကျမ်းပိုဒ်သည် ခရစ်တော်၏ဖွားမြင်ခြင်းကိုရည်ညွှန်းသည်ဟုယုံကြည်ကြသည်။ ဒုတိယမွေးဖွားခြင်းခံရသော ယုံကြည်သူ များသည် ဘုရားသခင်ဖြစ်ပွားစေသည် (believers are miraculously "born of God") မှန်လျှင် ခရစ်တော်သည်လည်း ဘုရားသခင်ဖြစ်ပွားစေတော်မူသော သူဖြစ်ပါသည်။(ယော ၃း၅- ၆) တွင် သခင်ယေရှုက "ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိ ဖြစ်၏။ ဒုတိယမွေးခြင်းကို ခံရမည်"ဟု မိန့် မှာချက်အား အကိုးအကားပြခဲ့ပါသည်။ ထို့ကြောင့် ယေရှုသည် ဇာတိပကတိအားဖြင့် မွေးဖွားခဲ့ ပါမူ (if Christ were born of the flesh)၊ သူသည်လည်းအပြစ်သားဖြစ်၍ သူကိုယ်တိုင်ဒုတိယ မွေးဖွားခြင်းခံယူ ရန်လိုအပ်ပါသည်။(He too, was sinful and needed to be born again).

4. ပေါလု၏ နှုတ်ဆိတ်နေခြင်းအကြောင်း။ The silence of Paul:

ရှင်ပေါလုသည်လည်း မယ်တော်မာရိအကြောင်းကိုမဖေါ်ပြဘဲနေခဲ့သည်။ဤတကြိမ်တွင်လည်း ကျွန်ုပ်တို့ သည် စာရေးသူ၏ရည်ရွယ်ချက်ကိုသိရှိရန်လိုအပ်ပါသည်။ရှင် ပေါလု၏ဆန္ဒမှာ လက်ဝါးကပ်တိုင်တွင် အသေခံတော် မူခြင်း (crucified)၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း (risen)၊ ဘုန်းတော်ထင်ရှားလျက် နောက်တစ် ဖန်ပြန် လည်၍ကြွလာတော်မူခြင်း (coming again) အကြောင်းကို ဟောပြော သက်သေခံရန်မှာဖြစ်ပါသည်။ ကနဦး အသင်းတော် (early church) သည် အပျိုကညာမှမွေးဖွားခြင်းဩဝါဒ (doctrine of the Virgin Birth) လက်ခံကြသည်ကိုရှင် ပေါလုမ ငြင်းပယ်ပါ။ ရှင်လုကာသည် ဘုရားဇာတိ ဖြစ်သောခရစ်တော်၏ လူ့ ဇာတိ

ခံခြင်း(person) ၊အမှုတော်ဆောင်ခြင်း (work)၊ အသေခံတော်မူခြင်း (death)၊ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခြင်း (resurrection) တို့ကို သူကိုယ်တိုင်တွေ့မြင်သိရှိခဲ့ရခြင်းကို ထောက်၍ လူသားအဖြစ်ခံယူတော်မူကြောင်း အထောက်အထားသည် ပေါလုအတွက် ခိုင်လုံနေပြီးဖြစ်ပါသည်။ ရှင်လုကာ သည် ရှင်ပေါလုနှင့်အတူ နှစ်ပေါင်းများစွာသာသနာပြုခရီးအတူထွက်ခဲ့ကြောင်းကိုလည်း သတိပြုရမည်ဖြစ်ပါသည်။ ထိုသူနှစ် ယောက်အတူ သွားလာနေစဉ်အပျိုကညာဝမ်းမှ ဖွားမြင်ခြင်း (Virgin Birth)အကြောင်းကို မပြောပဲနေကြမည်မဟုတ်ပါ။ ရှင်ပေါလုသည် အပျိုကညာဝမ်းမှ မွေးဖွားခြင်းအကြောင်းကို ရေးသားခြင်းမပြုခဲ့သော်လည်း ခရစ်တော် နှင့် ပတ်သက်၍ သူ၏ အောက်ပါအတိုင်း ရေးသားခဲ့သည်။

a) ဒုတိယလူမူကား ကောင်းကင်ဘုံကဖြစ်တော်မူသောသခင်ဖြစ်သတည်း As being the second man from heaven (1 Corinthians 15:47).

b) "လူကဲ့သို့သောဖွားမြင်ခြင်းကိုခံတော်မူကြောင်း"မိမိစိတ်သဘောအတိုင်းလူအဖြစ်ကိုခံယူတော်မူကြောင်း" As taking upon himself voluntarily man's likeness (Philippians 2:5-8).

c) "အပြစ်နှင့် ပြည့်စုံသောဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်သော မိမိ၏သားတော်" As one whom "…God sending…in the likeness of sinful flesh…" (Romans 8:3).

d) "မိန်းမ၏ဝမ်း၌ ပဋိသန္ဓေယူ၍ ...ဖွားမြင်ရသော သား" As one who was made (or born) of a woman (Galatians 4:4-5).

♦ (မဿဲ ၁း၁၁၊ လုကာ ဂုး၂၈) တွင်၊ "မိန်းမမှဖွားမြင်သူ (born of women) တို့ကို ရည်ညွှန်းထားပါသည်။ ပေါလုသည် ရောမနှင့် ဂလာတိသြဝါဒစာတို့တွင်ကား အခြားဝေါဟာရကို အသုံးပြုထားပါသည်။ ဖွားမြင်ခြင်း (born) အစား အပြစ်ခံယူသည်ကို(become) အသုံးပြုထားပါသည်။

B. အပျိုကညာဝမ်းမှ မွေးဖွားခြင်းသည် ဓမ္မဟောင်းကျမ်းတွင်ဖော်ပြထားသော ပရောဖက်ပြုထားခြင်းသို့မဟုတ် တစ်ပါး အမျိုးသားတို့၏ ဒဏ္ဍာရီပုံပြင်များမှ ယူလာခြင်းဖြစ်သည်ဟူသော ယူဆချက် - The story of the Virgin Birth was an adaptation from either Old Testament prophecies or heathen myths.

1. ဓမ္မဟောင်းကျမ်းမှ ပရောဖက်ပြုထားခြင်းကိုဒဏ္ဍာရီပုံပြင်သဖွယ် မှတ်ယူထားသူများအတွက် အဖြေ- Answer to those who believe it was but an adaptation of Old Testament prophecies:

အဓိကဝေဖန်ချက်သည်(ဟေရှာယ ဂုး၁၄) တွင် ပါသော အပျိုကညာ (virgin) ဟူသောစကားမှာ "Almah" ဖြစ်ပြီး၊ အိမ်ထောင်မပြုရသေးသောမိန်းမငယ် (unmarried young woman ဟုဝေဖန်ကြပါသည်။ ထိုစကားသည် အပျိုစင်ဖြစ်ရန်မလိုပါဟု ဆိုကြသည်။ သို့ရာ တွင်အပျိုကညာ (virgin) ဟူသောစကားကို ဓမ္မဟောင်းကျမ်းတွင် (၆)ကြိမ်မျှအသုံးပြုခဲ့သည်။ "Almah" ကို အိမ်ထောင်ပြုပြီးသောအမျိုးသမီး (married woman) ၌ မည်သည့် အခါမှ မသုံးပါ။ သို့ရာတွင် ခရစ်တော်ကာလ၌ မည်သည့်ဂျူးလူမျိုး၊ ကျမ်းတတ်ပုဂ္ဂိုလ်များ (Jew or scholar) တစ်ဦးမျှ ဤကျမ်းပိုဒ်ကို မေရှိယကြွလာခြင်းအကြောင်း ပရောဖက်ပြုခြင်းနှင့် စပ်ဆိုင်မည် ဟုမယူဆခဲ့ပါ။ထို့ကြောင့် ရှင်မဿဲ အနေဖြင့် Virgin Birth အကြောင်းကို အတင်းအကျပ် သက်သေ ပြဖို့ ကြိုးစားလျှင် သေချာပေါက် ငြင်းပယ်ခံရမည်ကိုသိပြီးဖြစ်ပေမည်။ အမှန်တ ကယ်တွင်မူ ၎င်းနှင့်ဆန့်ကျင်ဖက်အခြေ အနေဖြစ်ပွါးခဲ့ရလေသည်။ ပရောဖက်ပြုချက် (prophecy)က (Virgin Birth) အကြောင်းသက်သေ မပြခဲ့ပါ။ သို့ သော် (Virgin Birth) အားဖြင့် ပရောဖက်ပြုချက်ကို အတည်ပြု(confirmed)ခဲ့သည်။ (မ ၁း၂၂-၂၃)

2. တစ်ပါးအမျိုးသားတို့၏ဒဏ္ဍာရီပုံပြင်မှ (heathen myths) မွေးစားခဲ့ယူခြင်းအယူအဆများ

a) သာမန်မဟုတ်သော ထူးဆန်း သည့်မွေးဖွားခြင်း (supernatural births) နှင့်ပတ်သက်၍ ရောမ၊ ခေါမနှင့် ဗါဗုလုံရှေးဟောင်းဒဏ္ဍာရီပုံပြင်များတွင်(Roman, Greek and Babylonia mythology) အမြောက်အများ တွေ့နိုင်ပါသည်။

b) ကနဦးအသင်းတော်ဖခင်ကြီးများ (Early church fathers) သည် (Virgin Birth) အပျိုကညာ ဝမ်းမှဖွားမြင်တော်ခြင်းနှင့် ပတ်သက်၍ငြင်းခုန်စရာရှိလျှင် တစ်ပါးအမျိုးသား (heathen) တို့ သည် နောက်ဆုံးသူ များဖြစ်ကြမည်ဟုဆိုကြသည်။ အကြောင်းမှာ ထိုသူတို့၏ ဒဏ္ဍာရီများတွင် ထိုသို့ သော ဖခင်မရှိဘဲ နတ်ဘုရားနှင့် နတ် ဘုရားမတို့ မှမွေးဖွားခြင်း(stories of births from gods and goddesses) များစွာရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ကနဦးအသင်းတော်ဖခင်ကြီးများသည် ထိုအရာများကိုလုပ်ဇာတ်အဖြစ်သတ်မှတ်ထားပါ သည်။

1) Ceasar Augustus ကဲသာ ဘုရင်ဩဂုတ္တုသည် မိမိမွေးဖွားခြင်းနှင့် ပတ်သက်၍ အပိုလိုနတ်ဘုရား (the god, Apollo) သည် မွေ (serpent) ဖြစ်သော မိခင်နှင့်ရပြီး သူ့ ကိုမွေးခဲ့သည့် သူ၏ ဖခင် ဖြစ်ကြောင်းပြော ကြား ခဲ့ပါသည်။

2) Alexander the Great သည်လည်း သူသည် ဘုရား၏သားဖြစ်ကြောင်း၊ သူ၏ မိခင်သည်မြွေကြီး အသွင်ဆောင်သော ထိုဘုရားနှင့်အတူနေပြီးနောက်ဖွားမြင်လာခြင်းဖြစ်ကြောင်း သတင်းဖြန့်ခဲ့ပါသည်။

♦ **မှတ်ချက်။** ။ အထက်ပါ အချက် ၂-ခုတွင် မည်သည့်အချက်မျှ မိခင်သည် အပျို (virgin)မဟုတ်ပါ။

c) တပါးအမျိုးသားတို့၏ဒဏ္ဍာရီပုံပြင်များ (Heathen myths)သည် သမိုင်းအထောက်အထားခိုင်လုံမှု မရှိပါ။ ဧဝံဂေလိတရားနှင့် စပ်ဆိုင် သော အဖြစ်အပျက်များ (Gospel story) သည် ပုဂ္ဂိုလ် (persons)၊ အချိန်(time)၊ အဖြစ်အပျက်၊(setting) နေရာ(place)၊ ရက်စွဲ(date) မှစ၍ အခြားသောအချက်အလက်များ (other details) အပြည့်အစုံရှိပါသည်။ တပါးအမျိုးသားတို့၏ဒဏ္ဍာရီပုံပြင်များ (Heathen myths)သည် မရေမရာ (vague) ဖြစ်သည်သာမက၊ ပုံစံတကျမရှိ(formless)၊ အချိန်အတိအကျမရှိ (timeless)ကြောင်း တွေ့ရှိရပါသည်။

d) တပါးအမျိုးသားတို့၏ဒဏ္ဍာရီပုံပြင်များ (Heathen myths)သည် ဒဏ္ဍာရီပုံပြင်များတွင် ခရစ်တော်၏ အပျိုကညာဝမ်းမှမွေးဖွားခြင်းနှင့် (Virgin Birth) နှိုင်းပြနိုင် သောပုံပြင်၊ နှိုင်းယှဉ်နိုင်သော ဝတ္ထု မရှိပါ။ လူသားတစ်ရပ်လုံးအား အပြစ်မှကယ်ရန် လောကသို့ အပျိုကညာဝမ်း၌လူ ့ဇာတိခံခြင်းနည်း လမ်းကို ရွေးချယ်သောဘုရားသခင်ကိုယ်တော်နှင့် ပြိုင်နှိုင်းနိုင်သူမရှိပါ။

e) Hermes, Dionysius စသည့် Greek and Roman ဒဏ္ဍာရီများသည် လူတို့ ကို စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်သော်လည်း ရက်စက်ယုတ်မာမှုများနှင့်သာ (vile and wicked) ပြည့်နှက်နေသည်။ Plato အပါအဝင် များစွာသောGreece နှင့်Rome လူမျိုးများသည် ထိုဒဏ္ဍာရီများကို ရွံမုန်းကြပြီး၊ ပိတ်ပင်ကန့် သတ် (banned) ဖို ့ ပင်ကြံရွယ်ခဲ့ကြသည်။ထိုဒဏ္ဍာရီများသည် ခရစ်တော်၏ဖြစ်စဉ် (Gospel story)မှ လှပမှု (beauty), သန့် ရှင်း မှု (purity) နှင့်ကောင်းကြီးမင်္ဂလာဖြစ်စေမှု (blessedness) တို့ တွင် မည်သို့ မျှ မနှိုင်း ယှဉ်နိုင်ပါ။

f) အရှေ့ တိုင်းဒဏ္ဍာရီပုံပြင်များ (Eastern mythologies) သည်လည်း virgin birth လိုဖြစ်စဉ်မျိုးမရှိပါ။.

g) တပါးအမျိုးသားတို့၏ ပုံပြင်များ (heathen idolatry) သည် ကနဦးခရစ်ယာန်များ အတွက်လက်ခံ ဘွယ်မရှိပါ။ ထို့ကြောင့် ကျမ်းစာရေးသူများသည် ဒဏ္ဍာရီပုံပြင်များကိုအတုခိုး၍ရေးသည်ဟုဆိုခြင်းမှာ ယုတ္တိ မရှိပါ။

II. ပရောဖက်တို့၏ကြိုတင်ဟောပြောချက်။ PROPHECIES

♦ ကနဦးအသင်းတော်လူကြီးများနှင့် အသင်းတော်ယုံကြည်ချက်ကိုခုခံကာကွယ် သူ များ (apologists) သည် ခရစ်တော်၏ဘုရားဖြစ်ခြင်း (deity) မေရှိယ ဖြစ်ခြင်း (messiahship) နှင့် အပျိုကညာဝမ်းမှမွေးဖွားခြင်း (virgin birth of Christ) တို့ကို ဖော်ထုတ်ရာတွင် ရှေးပရောဖက်တို့၏ ကြိုတင်ဟောပြောချက်များ (prophecy) ကို အမှီပြု ခဲ့ကြပါသည်။ ဝေဖန်သူများသည် ဤနည်းလမ်းကို အပြင်းအထန်တိုက်ခိုက်ခဲ့ကြလျှက် အပျိုကညာဝမ်းမှမွေးဖွားခြင်းသည် နောက်မှ ထပ်ဖြည့်ခြင်းဖြစ်သည်ဟု ဆိုကြသော်လည်း၊ ကျွန်ုပ်တို့သည် ထိုပရောဖက်တို့၏ ကြိုတင်ဟော ပြောချက်များကို အားထားနေရဦးမည် ၊ ဝမ်းမြောက်နေရဦးမည်ဖြစ်ပါသည်။

A. (Genesis 3:15), သင်နှင့် မိန်းမကိုငင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကို ငင်း၊ ငါသည် ရန်ငြိုး ဖွဲ့စေမည်။ မိန်းမ၏အမျိုးသည်စာတန်၏ခေါင်းကိုချေလျှက် ကျွန်ုပ်တို့ အတွက်ကယ်တင်ခြင်း ကိုဖြစ်စေမည်။ The SEED OF A WOMAN was to crush Satan's power and secure our redemption.

B. (Isaiah 7:14), "...သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍သားယောကျ်ားကို ဘွားမြင်လတ္တံ့". ဤကတိတော်ကို "ဒါဝိဒ်အမျိုးသား" "house of David" တို့အား ပေးထားပါသည်။ (၎ယ ၁၃)။ မေရှိယသခင်သည် ဒါဝိဒ်မင်းမျိုးမှဖြစ်ရမည်။ (2 Samuel 7:12-13; Romans 1:3).

C. (Isaiah 9:6-7), အပျိုကညာဝမ်းမှ မွေးဖွားခြင်းနှင့် ခရစ်တော်၏ဘုရားဖြစ်ခြင်းကို သန့်ရှင်းသော ဝိညာဉ်တော် သည် မည်မျှအလေးပေးထေားသည်ကို သတိပြုသင့်ပါသည်။ "ငါတို့အဘို့ သူငယ်တော်ကိုပေးတော်မူ၏၊ ငါတို့ အားသားကိုသနားတော်မူ၏" "သူငယ်တော်ယေရှုဖွားမြင်သည်။ သို့သော်ကောင်းကင်မှ လာသောသားတော် ဖြစ် ပါသည်။ ထိုနည်းတူ (လု ၂း၁၁) တွင်လည်း "ခရစ်တော်တည်း ဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့ အလို့ငှာ ဖွားမြင်ခြင်းကိုခံတော်မူသည်။ သို့သော် သခင်ခရစ်တော် ကြွလာ တော်မူသည်။

D. (Isaiah 49:1,5) , ခရစ်တော်ကိုအမိဝမ်းထဲမှစ၍ ဖန်ဆင်းတော်မူလျက်ခေါ်တော်မူသည်။ ခရစ်တော်သည် ကောင်းကင်နိုင်ငံမှဆင်းသက်၍ မယ်တော်မာရိ၏ဝမ်း၌ ပဋိသန္ဓေစွဲတော်မူ၏။

E. (Matthew 1:16), "ယောသပ်သားကား ယေရှုဟု ဂရိကျမ်းစာ (Greek manuscript)

F. (Matthew 1:22-23), "ထိုအကြောင်းအရာမူကား ထာဝရဘုရားသည် ပရောဖက်ဖြင့်ထားတော်မူသော ဗျာဒိတ်တော် ပြည့်စုံ မည့်အကြောင်းတည်း။ Now ALL THIS was done THAT IT MIGHT BE FULFILLED...."

G. (Luke 1:35), "...ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ် သမုတ် ခြင်းကို ခံရလိမ့်မည်။"

H. အပျိုကညာဝမ်းမှမွေးဖွားခြင်း(myth of the Virgin Birth)သည် ပရောဖက်တို့၏ဟောပြောချက်များကို ယုတ္တိရှိရန် (credibility) နောက်ထပ် ထပ်ဖြည့်ထားချက် (added)ဟု ဝေဖန်သူ များကပြောပါသည်။ ထိုသူများအတွက် အဖြေ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

1. တမန်တော်တို့၏ ယုံကြည်ချက်ကို (Apostle's Creed) မကျင့်သုံးမီ အေဒီ ၁၀၀ခန့်ကပေါ်ခဲ့သော ယုံကြည်ချက်တွင်(Roman Creed)"သန့်ရှင်းသောဝိညာဉ်တော် နှင့်အပျိုစင်မာရိတို့မှ မွေးဖွားသော" ဟုပါရှိသည်။

2. "ယုံကြည်ခြင်းစည်းမျဉ်း"Rules of Faith ခေါ် ဗတ္တိဇံမင်္ဂလာမခံမီ ရွတ်ဆိုရသော ယုံကြည်ခြင်း (Baptismal confessions) တွင် ပုံစံအမျိုးမျိုးကွဲပြားခဲ့သော်လည်း အပျိုကညာဝမ်းမှမွေးဖွားခြင်းအကြောင်းကိုမူ သဘော

တူညီကြပါသည်။

3. အေဒီ ၁၀၀တွင် အသင်းတော်သည် ခရစ်တော်၏သေခြင်းဖြင့် ကိုယ်ခန္ဓာအား ဖြင့်ခွဲခွာပြီးနောက်နှစ်ပေါင်း (၇၀)သာရှိပါသေးသည်။ ဇဝံဂေလိတရားတော်မှတ်တမ်းများလက်ဝယ်ရောက်ရှိလာသည်မှာနှစ်ပေါင်း (၃၀)မျှရှိ နေပြီးဖြစ်သည်။သာသနာကို ဦးဆောင်သူများ တစ်ယောက်နောက်တစ်ယောက် ပြောင်းလဲ လာခဲ့ပြီး ဖြစ်သည်။ အသင်းတော်များသည် တစ်ပါးနှင့်တစ်ပါး ဆက်သွယ်မိ ပြီး ဖြစ်သည်။ အသင်းတော်တိုင်းသည် ယုံကြည် ချက်အားဖြင့် သန့်ရှင်းတည်တန့် ရေးနှင့် တမန်တော်တို့၏ သြဇာတည်မြဲရေးကို လိုလားနေကြပါသည်။ တမန် တော်ကြီးရှင်ယောဟန်သည် ဤခေတ်ကာလ တလျှောက် လုံး အသက်ရှင်လျက်ပင်ရှိနေပါသည်။ ထို့ကြောင့် ထိုခေတ်တွင် အခြေအမြစ် မရှိသော အယူ အဆ တစ်ခုကို အသင်းတော် သို့သွတ်သွင်းရန်မဖြစ်နိုင်၊ အပျိုကညာ ဝမ်းမှ မွေးဖွားခြင်းကို နောက်မှသွတ်သွင်းခြင်းမဖြစ်နိုင်။ ယုဒ ခရစ်ယာန်ဂိုဏ်းများ (Jewish Christian) ဖြစ်သော Eblorites များနှင့် Gnostics များမှတစ်ပါး အခြားခရစ်ယာန် အသင်းတော်များက လက်ခံ ထားသည်ကို ထောက်လျှင် အပျိုကညာဝမ်းမှ မွေးဖွားခြင်း သည် ခိုင်မာသော အထောက်အထားရှိသည်ဟု ယူဆလက်ခံရမည် ဖြစ်ပါသည်။

III. ကမ္ဘာမတည်မရှိမှီ တည်ရှိတော်မူခြင်း။ PREVIOUS EXISTENCE

ခရစ်တော်သည် အပျိုကညာဝမ်းမှမွေးဖွားခြင်း ခံတော်မူခဲ့ကြောင်း အခိုင်ခန့်ဆုံးသော အထောက်အထားမှာ ကမ္ဘာမတည်မရှိမှီ တည်ရှိတော်မူခြင်း (previous existence) နှင့် ဘုရားဇာတိဖြစ်ခြင်း (absolute deity) ဖြစ်ပါသည်။

A. Micah 5:2, "… ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသော သခင်ဖြစ်၏။"

B. Hebrews 10:5-9, "… အိုဘုရားသခင် ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကိုအလိုတော်မရှိ သည်ဖြစ်၍၊ အကျွန်ုပ်တို့ အဘို့ ကိုယ်ခန္ဓာကိုပြင်ဆင်တော်မူပြီ။"

C. John 17:5, "…အိုအဘ၊ ဤကမ္ဘာမတည်မရှိမှီ အထံတော်၌ အကျွန်ုပ်ခံစားသော ဘုန်းအသရေ……"

D. John 1:1,14, "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည်လည်း လူဇာတိ အဖြစ်ကို ခံယူ၍……"

E. John 8:57-59, "…အာဗြံဟံမဖြစ်မီငါဖြစ်၏"

F. Colossians 1:17, "သားတော်သည် ခပ်သိမ်းသောအရာမဖြစ်မှီဖြစ်တော်မူ၍။…."

G. Philippians 2:5-8, "…ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူကဲ့သို့သောအဖြစ်၌ ဖွားမြင် ခြင်းကို ခံတော်မူ၏။"

H. HE CAME: ကမ္ဘာပေါ်တွင် ဘာသာတရားမြောက်များစွာရှိသည်အနက် ခရစ်တော်တပါးတည်းသာ "ငါသည် ဘုရားသခင် ဖြစ်၍ လူတို့ကို အပြစ်မှကယ်တင်ခြင်းငှာ ငါလာသည်ဟု" ကြေညာပါသည်။

1. Hebrews 10:7, 9, "…ခရစ်တော်သည် ဤလောကသို့ ကြွလာသောအခါ…."

2. John 1:11, "သူသည် မိမိလူတို့ထံသို့ကြွလာသော်လည်း…."

3. Mark 10:45, "…မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာ ကြွလာသတည်း…."

4. 1 Timothy 1:15, "…"ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကို ကယ်တင်ခြင်းငှာ ဤ လောကသို့ကြွ လာတော်မူသည်…."

5. John 18:37, "…သမ္မာတရားဘက်၌ သက်သေခံခြင်းငှာ ငါသည် မွေးဖွာခြင်းကိုခံ၍ ဤလောက သို့ကြွ လာပြီ…."

6. John 6:38,51, "ငါသည်ကောင်းကင်မှဆင်းသက်" ခရစ်တော်သည် လူတို့ကို အပြစ်မှကယ်တင်ရန် မိမိ စိတ် ဆန္ဒ အလျောက် ကြွလာတော်မူခြင်းဖြစ်ပါသည်။ ဤဆောင် ရွက်တော်မူခြင်းသည် မိမိသဘော၊ မိမိစိတ်ဆန္ဒ သက်သက် သာ ဖြစ်ပါသည်။ H.C.G MOULE

I. HE WAS SENT: ခရစ်တော်အား အဘခမည်းတော်သည်ကောင်းကင်မှစေလွှတ်တော်မူ၍ ကြွလာ တော်မူ ခြင်းဖြစ်ပါသည်။

1. Galatians 4:4-5, "အချိန်ကာလစေ့သောအခါ သားတော်ကိုဘုရားသခင်သည် စေလွှတ်တော်မူ၏။…."

2. John 3:17, "လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း (ဘုရား သခင် သည် သားတော်ကို ဤလောကသို့) စေလွှတ်တော်မူ၏။."

3. 1 John 4:14, "လောကီသားတို့ကိုကယ်တင်သော သခင်ဖြစ်စေခြင်းငှာ၊ ခမည်းတော်သည် သားတော်ကို စေလွှတ် တော်မူသည်"

4. John 20:21, "…ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ၊ သင်တို့ကို ငါစေလွှတ်သည်"

♦ "ဘုရားဖြစ်ခြင်းကိုလုပ်ယူ၍သော်လည်းကောင်း၊ ဖျက်သိမ်း၍သော် လည်းကောင်း၊ မပြုလုပ်နိုင်(Deity cannot be made or unmade!) အကယ်၍ ခရစ်တော်သည် ယခုအခါတွင် ဘုရားဖြစ်နေပါလျှင် အစဉ်အမြဲ ဘုရားဖြစ်နေပါသည်။ ခရစ်တော်မွေးဖွါးခြင်းသည် လူ့ ဘဝအစ ပြုခြင်း (Christ's birth is NOT the origin of His Personality) မဟုတ်။ လူ့ဘဝ သို့ဝင်ရောက်ခြင်းသက်သက်သာဖြစ်သည်။(but only its entrance into the conditions of human life.)" – Dr. James Orr.

♦ ခရစ်တော်ဘုရားဖြစ်ခြင်းနှင့် ကဿမတည်မရှိမှီ တည်ရှိတော်မူခြင်း အတွက်ထူးဆန်းသော ဖွားမြင်ခြင်း (supernatural birth) လိုအပ်ပါသည်။ သို့မဟုတ် ပါက သူသည်အပြစ်၌ သန္ဓေတည်၍ အခြားလူသားများကဲ့သို့ ပျက်စီး စေတတ်သော ပုဂ္ဂိုလ်ဖြစ်လျက်၊ ဘုရား ဖြစ်ခြင်း၌ ဆက်လက်ရပ် တည်နိုင်မည် မဟုတ်ပေ။

IV. သက်သေများ PROOFS

ခရစ်တော်သည်အပျိုကညာဝမ်းမှ မွေးဖွားခြင်းခံတော်မူကြောင်းနောက်ထပ် အထောက်အထားနှင့် နောက် ဆုံး သက်သေများကို အောက်ပါအတိုင်း စာရင်းပြု နိုင်ပါသည်။

A. အကယ်၍ မာရိသည် အကျင့်ပျက်ပြားသူဖြစ်ခဲ့ပါလျှင်၊ သူမကို စွန့် ပစ်ထားခဲ့ပြီးဖြစ်ပါလိမ့်မည်။ (Matthew 1:19).

B. မာရိနှင့် ယောသပ်နှစ်ဦးလုံးသည် ဒါဝိဒ်မင်းမျိုးနွယ်များဖြစ်ကြပါသည်။ အကယ်၍ ခရစ်တော်သည် ယောသပ် အားဖြင့်ဖွားမြင်ခဲ့ပါလျှင် ယေခေါနိကျိန်ခြင်းအမင်္ဂလာ (curse of Coniah) ရှိ၍ မည်သည့်နည်းနှင့်မျှ မေရှိယ ဖြစ်လာမည်မဟုတ်ပါ။ (မဿဲ ၁း၁၁နှင့် ယေရမိ ၂၂း၂၄-၃၀)ယှဉ်ကြည့်ပါ။

C. ခရစ်တော်၏အပြစ်ကင်းမဲ့သော အသက်တာ(sinless life)၊ သမာရိုးကျမဟုတ် သော သေခြင်း(unusual death)၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်း(resurrection)၊ သန့်ရှင်း သော ဝိညာဉ်တော်ဆင်းသက်လာခြင်း (descent of the Holy Spirit)၊ နောက်ထပ်တဖန်ကြွလာတော်မူ မည်ဖြစ်ကြောင်း ကတိတော် များ (promise of His return) သည် ဓမ္မသစ်ကျမ်းစာကိုရေးသူများအား ခရစ်တော်သည် ဘုရားစင်စစ် ဖြစ်ကြောင်း လက်ခံယုံကြည်စေပါသည်။

D. ကနဦးအသင်းတော်မှ စာရေးသူများ၊ ယုံကြည်ချက်ကို ကာကွယ်သူ (All early Church writers and apologists) များ ဥပမာ Ignatius 110AD, Aristides 125AD, Justin Martyr, Iransus 175AD, Tertulliam 180 AD. တို့ က အပျို ကညာဝမ်းမှ ဖွားမြင်ခြင်း (Virgin Birth) သည်အသင်းတော် ၏ အခြေခံယုံကြည်ချက် ဖြစ်ကြောင်း ရေးသားမှတ်တမ်း တင် ကြပါ သည်။

E. ရှင်မဿဲနှင့် ရှင်လုကာ တို့ ၏ ခရစ်ဝင်ကျမ်းများ (Gospels) သည် တမန်တော်ခေတ်တွင်ရေးသားသော စာပေအစစ်အမှန်ဖြစ်ပြီး၊ ကျွန်ုပ်တို့လက်ထဲသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

နိဂုံး - Conclusion:

အကယ်၍ အသင်းတော်သည် ရာစုပေါင်းများစွာ မှားယွင်း (mistaken) နေပါက၊ ထိုမှားယွင်းမှုသည် အကြီး မားဆုံးနှင့် အကျယ်ပြန့်ဆုံး မှားယွင်းမှုကြီးဖြစ်နေပါမည်။ ဝေဖန်ရေးသမားများ မကျော် လွှားနိုင်သော အချက်နှစ်ချက်ရှိပါသည်။Two almost insuperable difficulties for critics appear:

1. အပျိုကညာဝမ်းမှ မွေးဖွားတော်မူခြင်းသည် ခိုင်လုံသောအထောက်အထားမရှိပါလျှင် အဘယ်ကြောင့် ကနဦး အသင်းတော်၌ပင် ထိုအတွေးအခေါ်သည် ပေါ်ပေါက်နေပါသနည်း။

2. အပျိုကညာဝမ်းမှ မွေးဖွားတော်မူကြောင်းဖော်ပြချက်သည် သမိုင်းအထောက်အထားမရှိလျှင်၊ အဘယ် ကြောင့် ထို အယူအဆသည်အစောကပင်ရှိနေပြီး လူတိုင်းကလက်ခံကြပါသနည်း။

“ဤလောကတွင် အပြစ်ဟူသောအရာသည် ရှိသည်မှန်လျှင်၊ အပြစ်မှကယ်ချွတ်ပိုင်သော၊ အပြစ်မရှိသည့်ဘုရား ရှိနေရန် လိုအပ်ပါမည်။(If there is such a thing as sin in the world, we must produce a divine, sinless Redeemer to deal with it) ထိုလိုအပ်ချက်အတွက် တစ်ခုတည်းသောဖြစ်နိုင်သည့်အရာသည် ရှေးသန့်ရှင်း သူများလက်ခံ ယုံကြည်ကြသည်နှင့်အညီ ကိုယ်တော်သည် သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် သန္ဓေတည် လျက် အပျိုကညာမာရိ၏ ဝမ်းမှဖွားမြင်ခြင်း ကိုခံတော်မူသည်”ဟူသော အချက်သာဖြစ်ပါသည်။ W.H Griffith Thomas.

ခရစ်တော် အပျိုကညာမှမွေးဖွါးခြင်း မေးခွန်းများ – သင်ခန်းစာ (၁၁)

1. အကယ်၍ ယေရှုသည် လူသားမာရိနှင့် လူသားယောသပ်တို့ မှ မွေးဖွါးခဲ့လျှင်..... (၁၀-မှတ်)

a. သူသည် ဘုရားဖြစ်ဆဲပင်။ He would still be God.

b. သူသည် အခြားသူများကဲ့သို့ ပင်အပြစ်သားဖြစ်မည်။ He would be a sinner like every other person.

c. သူသည် ပုံမှန်အနေအထားဖြင့် မွေးဖွါးသူမဟုတ်။ He would not have been born in a stable.

2. အကယ်၍ ယေရှုသည် အပျိုကညာဝမ်းမှမမွေးဖွါးခဲ့လျှင်.....(၁၀-မှတ်)

a. သူသည် ကယ်တင်ရှင် မဖြစ်နိုင်။ He could not be our Savior.
b. သူသည် ကယ်တင်ရှင် ဖြစ်ဆဲပင်။ He could still be our Savior.
c. သူသည် ပုံမှန်အနေအထားဖြင့် မွေးဖွါးသူမဟုတ်။ He would not have been born in a stable.

3. ရှင်မာကု မှ အပျိုကညာမှမွေးဖွါးခြင်း (virgin birth) ကို မဖေါ်ပြခဲ့ခြင်းမှာ.....(၁၀-မှတ်)

a. သူသည် ထိုအချက်ကို မယုံကြည်၍။ he did not believe it was true.
b. ထိုအချက်သည် လျှို့ဝှက်ကိစ္စဖြစ်သောကြောင့်။ it was a secret matter and nobody talked about it.
c. ထိုအကြောင်းကို ရှင်မဿဲနှင့်ရှင်လုကာ တို့ ရေးသားခဲ့ပြီးဖြစ်၍ ထပ်မံဖေါ်ပြရန်မလိုအပ်သောကြောင့်။ he saw no reason to repeat what Matthew and Luke had already written.

4. အပျိုကညာဝမ်းမှ ဖွားမြင်ခြင်း (virgin birth) အကြောင်းကို ရှင်ပေါလု ယုံကြည်ကြောင်း ဖေါ်ပြသည့် ကျမ်းပိုဒ်ကို ရွေးပါ။ (၁၀-မှတ်)

a. ရော ၁၂း၁-၂ Romans 12: 1-2
b. ဂလာ ၆း၁ Galatians 6:1
c. ဂလာ ၄း၄-၅ Galatians 4:4-5

5. အဘယ့်ကြောင့် လူအချို့ က virgin birth ကို မယုံကြည်ကြောင်း ပြောဆိုကြသနည်း။ (၁၀-မှတ်)

a. ခရစ်တော်သည် လူသားမျှသာဖြစ်သည်ဟု ပြောကြသည်။They say Christ was just a man.
b. ရောမနှင့်ဂရိခေတ်အချိန်က လူတို့ ပြောဆိုခဲ့ကြသည့် ဒဏ္ဍာရီဖြစ်သည်။They say it is a fable of the people of Rome and Greece who lived at that time.
c. မည်သူမျှ ထိုသို့ မမွေးနိုင်ကြောင်း ပြောကြသည်။They say nobody has ever been born that way.

6. မိမိတို့ မိခင်များသည် ဘုရားနှင့်ရပြီးမိမိတို့ ကို မွေးခဲ့ကြောင်း အခြားမည်သူတို့ကပြောသနည်း။(၁၀-မှတ်)

a. အချို့သော ဂျူးများ။ Some of the Jews
b. အချို့သော ရောမနှင့်ဂရိဘုရင်များ။ Some of the kings of Rome and Greece
c. အချို့သော အစ္စလာမ်ဘာသာဝင်များ။ Some of the Islamic religion

7. အေဒီ ၁၀၀ ခုနှစ်ယုံကြည်ချက် (doctrinal statement of 100 AD)က ယေရှုဘုရားသည် အပျိုကညာမှမွေးဖွါးကြောင်း ယုံကြည်ချက်ကားအဘယ်နည်း။ (၁၀-မှတ်)

a. ရောမယုံကြည်ချက် - The Roman Creed
b. ဂရိယုံကြည်ချက် - The Greek Creed
c. ယုံကြည်ခြင်းစည်းမျဉ်း - The Rules of Faith

8. အပျိုကညာမှမွေးဖွါး virgin birth အကြောင်းကို ကနဦးအသင်းတော်များ လုပ်ဆောင်ခဲ့ကြသည့်

ဗတ္တိဇံဝန်ခံချက် (baptismal confession) ကားအဘယ်နည်း။ (၁၀-မှတ်)

a. ရောမယုံကြည်ချက် - The Roman Creed
b. ရှင်ပေါလုယုံကြည်ချက် - The Pauline Creed
c. ယုံကြည်ခြင်းစည်းမျဉ်း - The Rules of Faith

9. ခရစ်တော်သည် အပျိုကညာဝမ်းမှ မွေးဖွါးကြောင်း ကို ဂျူးတို့ ၏လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာယဉ်ကျေးမှု (Jewish marriage customs) အရမည်သို့ သိနိုင်သနည်း။ (၁၀-မှတ်)

a. လက်မထပ်ဘဲ ကိုယ်ဝန်ရှိသောအမျိုးသမီးတိုင်း မိမိကိုယ်ကိုသတ်သေလေ့ရှိသည်။ An unmarried woman who got pregnant always killed herself.
b. အကယ်၍ မာရိသည် လက်မထပ်ဘဲကိုယ်ဝန်ရှိလျှင် ယောသပ်သည် သူမကို ကိုယ်ဝန်ရစေခဲ့သောသူနှင့် အတင်းအကျပ် လက်ထပ်ခိုင်းမည်ဖြစ်သည်။ If Mary had become pregnant sinfully, Joseph would have forced her to marry the man who impregnated her.
c. အကယ်၍ မာရိသည် လက်မထပ်ဘဲဖေါက်ပြန်လျှင် ယောသပ်သည် သူမကို စွန့်ခွါလိမ့်မည်။ သူမကို လက်ထပ်လိမ့်မည်မဟုတ်။ If Mary had committed some sexual sin, Joseph would have put her away. He would not have married her.

10. အပျိုကညာမှမွေးဖွါး virgin birth ကို မယုံကြည်သူများ မဖြေဆိုနိုင်သည့် မေးခွန်းကား အဘယ်နည်း။ (၁၀-မှတ်)

a. ထိုသို့ မဖြစ်နိုင်ကြောင်း မည်သို့ သက်သေပြမည်နည်း။ How can you prove that it did not happen?
b. မည်သည့်အတွက် ကျမ်းစာရေးသူကို မယုံသနည်း။ How can you doubt the writer of the Bible?
c. အပျိုကညာမှမွေးဖွါး virgin birth ကိုမယုံလျှင်ဘာ့ကြောင့် ထိုယုံကြည်ချကသည် ခရစ်တော်သေပြီး ပြီးချင်းပေါ်ပေါက်လာသ နည်း။ How did the idea of a virgin birth arise so soon after the death of Christ if it was not true?

သင်ခန်းစာ (၁၂)

Repentance - နောင်တ(အဓိပ္ပါယ်၊ အရေးကြီးပုံ၊ လူတိုင်းနောင်တကိုထိရောက်စွာ အသုံးပြုခြင်း။) It's Meaning, Essentiality, Universality, and Application

နိဒါန်း - Introduction

ယခုခေတ်အသင်းတော်များသည် တရားစင်မြင့်ပေါ်မှ နောင်တရရန်လိုအပ်ကြောင်း၊ နောင်တ၏အနက်အဓိပ္ပါယ် ဖော်ပြလျက် လေး လေးနက်နက်ဟောပြောခြင်းများရှားပါးလာသည်။ နောင်တဟူသော ဝေါဟာရ သည် မမ့ပျောက်လုနီးဖြစ်နေသော ဝေါဟာရဖြစ်သည်။ နောင်တတရားသည် လူတိုင်း အတွက်မရှိ မဖြစ်လိုအပ်သော အကြောင်းအရာဖြစ်ခဲ့ပါလျှင် ထိုစကား၏အနက်အဓိပ္ပါယ်ဖွင့်ခြင်း ထိုနောင်တ ကို ထိရောက်စွာ အသုံးချနည်းကို လူတိုင်းသိရှိထားရမည်ဖြစ်ပါသည်။ ဤသင်ခန်းစာတွင် နောင်တဟူသော ဝေါဟာရ နှင့် ပတ်သက်၍ အနက်အဓိပ္ပါယ် ဖော်ထုတ် ခြင်းအဖြေရှာခြင်း၊ ကယ်တင်ခြင်းရရှိရန် မရှိမဖြစ်လိုအပ်သောအရာဖြစ် ကြောင်း ဖော်ပြခြင်း၊ သမ္မာကျမ်းစာတွင် နောင်တနှင့် ပတ်သက်၍ သွန်သင်ထားချက်များ၊ ကယ်တင်ခြင်းရရှိပြီး သူနှင့် မရရှိသူနှစ်မျိုး လုံး၌ပင် နောင်တတရားသည် အကျိုးဝင် နေကြောင်းကို လေ့လာရမည်ဖြစ်ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- ကျေးဇူးတော်ကာလတွင် နောင်တတရားမလိုအပ်တော့ပါဟူသော အကြောင်းပြချက်ဖြင့် အများစုတို့သည် နောင်တတရားအရေးကြီးပုံ (necessity of repentance) ကို ငြင်းပယ်နေကြပြီးဖြစ်ပါသည်။ အချို့သော ပုဂ္ဂိုလ် များအနေဖြင့် ဤကာလတွင် ယုံကြည်ခြင်းတစ်ခုသာ လိုသည်ဟု ပြော တတ်ကြပါသည်။ အချို့သော ပုဂ္ဂိုလ် များအနေဖြင့် နောင်တတရားကို ငြင်းပယ်ခြင်းမပြုသော်လည်းလစ်လျူရှုထားကြသည်။

- ကယ်တင်ခြင်းမရသေးသူ၊ အပြစ်နောင်တမရသေးသူ(unsaved, unrepentant people) သန်း ပေါင်း များစွာတို့သည် အသင်းတော်အတွင်း၌ စည်းလုံးညီညွတ်လျက်ရှိနေကြသည်။ အကျိုးရလာဒ်ကား မြောက် များစွာသော ခရစ်ယာန်တို့သည် အမည်ခံခရစ်ယာန်များသာဖြစ်နေကြခြင်းဖြစ်သည်။

- စစ်မှန်သော နောင်တ (repentance) အကြောင်းကို ကမ္ဘာအနှံ့အပြားသို့သွားရောက်၊ ရှင်းလင်း၊ သွန်သင် ဟောပြောရန်မှာ အရေးကြီးဆုံးအချက်သာဖြစ်တော့သည်။

သင်ခန်းစာ

I. နောင်တရခြင်းအဓိပ္ပါယ်မှာ အဘယ်နည်း။ WHAT IS THE MEANING OF REPENTANCE?

A. အနုတ်လက္ခဏာရှုဒေါင့်အမြင် - Negatively:

1. ဝမ်းနည်းယုံမျှခံစားမှုသည် နောင်တမဟုတ်။ IT IS NOT MERE REGRET.

ရာဇဝတ်မှုကျူးလွန်သူများသည် အပြစ်ဒဏ်စီရင်ခြင်းခံရခါ နီးသောအခါ ဝမ်းနည်း တတ်ကြပါသည်။ သို့သော် ထို ဝမ်းနည်းခြင်းသည် အပြစ်ကို မုန်းခြင်း (သို့ မဟုတ်) ဘုရားရှင်ထံပြန်လာခြင်းဌာ မပို့ဆောင်။ (hatred for sin or a

turning to God) ခရစ်တော်အား သေဒဏ်စီရင်သော အခါ ယုဒရုကာရှဒ်သည် မိမိသစ္စာဖေါက်ခဲ့ ခြင်းအတွက် ဝမ်းနည်းခဲ့ပါသည်။ (မ၊ ၂၇း၃) များစွာ ကြေကွဲဝမ်းနည်း ခဲ့ပါသည်။ သို့သော် ထိုဝမ်းနည်းခြင်းသည် အပြစ် ကိုမုန်းခြင်း (sorrow for sin)၊ အပြစ်ကို စွန့်ပယ်ခြင်း (turning from sin)၊ ဖြစ်မလာချေ။ သူသည် ဝမ်းနည်း ယုံသာ ဝမ်းနည်းလျက် မလုပ်ခဲ့မိလျှင် ကောင်းမည် ဟုသာ ခံယူခဲ့ခြင်းမျိုးဖြစ်သည်။ ထို့ ကြောင့်ပင် ကိုယ့်ကိုယ်ကို သတ်သေခဲ့သည်။

2. ပြုပြင်ပြောင်းလဲခြင်းရှိယုံမျှသည် နောင်တမဟုတ် -IT IS NOT MERE REFORMATION.

လူများစွာသည် ခရစ်တော်ထဲ၌ရရှိသောအသစ်သောအသက်တာ (new life in Christ) ကို မသိဘဲ၊ ပြောင်းလဲခြင်းမျိုးရှိနိုင်သည်။ ပြောင်းလဲခြင်း(Reformation) ဆိုသည်မှာ မိမိအသက်တာကိုပြောင်းလဲခြင်း (altering one's lifestyle), အကျင့်ဟောင်းများစွန့် ပစ်ခြင်း (giving up a habit), ဘုရားကျောင်းနှင့် ဆက်သွယ်ခြင်း (joining a church) လူလုပ်ပြောင်းလဲမှု (self-made or man-made change) ဖြစ်သည်။

3. ဝမ်းနည်းခြင်းသက်သက်သည် နောင်တမဟုတ် - IT IS NOT SIMPLY SORROW.

(၂ကော ၇း၁၀) တွင် တမန်တော်ကြီးရှင်ပေါလုက "ဘုရားသခင်အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ကယ်တင်ခြင်း နှင့် ယှဉ်သော နောင်တစိတ်တည်းဟူသော မပြောင်းလဲနိုင်သောနောင်တစိတ်ကို ပြုပြင်တတ်၏" ဟု ဖော်ပြထားပါသည်။ ကျေကွဲဝမ်းနည်းခြင်း (sorrow for sin) သည် ကယ်တင် ခြင်းရရှိရန် လိုအပ်သော အရာ ဖြစ်သည်မှန်သော်လည်း၊ ကြေကွဲဝမ်းနည်း ခြင်းသက်သက်သည် နောင်တမဟုတ်ချေ။

4. အပြစ်အတွက် ဒဏ်ခတ်ခြင်းသည် နောင်တမဟုတ် -IT IS NOT DOING PENANCE.

အပြစ်အတွက် ဒဏ်ခံခြင်းသည် မိမိအပြစ်များအတွက် တန်ဖိုးပေး၍ ပေးလျော်ပြီး၊ မိမိကိုမိမိရွေးခြင်းဖြစ် ပါသည်။ ခရစ်တော်သည်အပြစ်သားများအတွက် တန်ဖိုးပေးရွေးခြင်းငှာ အဘိုးအခအားလုံးပေးချေပြီးဖြစ်ပါသည်။ (မာ ၁၀း၄၅)။ ကျွန်ုပ်တို့အားလုံး၏ အပြစ်များအတွက်ပေးချေ ပြီးဖြစ်ပါသည်။ (၁ပေ ၂း၂၄) "လူတိုင်းသည် မိမိ အပြစ်အတွက်ရွေးရမည်"ဟု ဘုရားသခင် ကပညတ်ထားတော်မမူပါ။ နောင်တရကြလော့"ဟုသာ ပညတ်ထား တော်မူပါသည်။ (တ၊ ၁၇း၃၀) အကယ်၍အပြစ်အတွက် ဒဏ်ခတ်ခြင်းအားဖြင့် အပြစ်လွှတ်ခြင်းကိုရယူနိုင်ပါလျှင် အပြစ်လွှတ် ခြင်းကို ဝယ်ယူ၍ ရနိုင်မည်သဘောဖြစ်ပါသည်။(If salvation results from doing penance, forgiveness can be purchased!)

B. အပေါင်းလက္ခဏာရှုဒေါင့်အမြင် - Positively:

1. ဂရိဘာသာစကားလုံး (ကြိယာ) (metanoe'o) ၏အဓိပ္ပါယ်မှာ"စိတ်နှလုံးနှင့်အကြံအစီပြောင်းလဲသည်" "to change one's mind and purpose." ဖြစ်သည်။။ ဓမ္မသစ်ကျမ်းတွင်မူ "သာ၍ ကောင်းသောအရာ သို့ပြောင်းလဲ သည်၊ အပြစ်လုပ်ခြင်းမှ ပြန်လှည့်သည်" "change for the better and turning from sin" အဖြစ်အသုံးပြုသည်။

2. ဂရိဘာသာစကားလုံး (နာမ်) (metanoi'a) ၏အဓိပ္ပါယ်မှာ "စိတ်ပြောင်းလဲခြင်း" "a change of mind." ဖြစ်သည်။ အပြစ်နှင့် ဆိုးသွမ်းခြင်းမှ နောင်တရ၍ ပြောင်းလဲခြင်း (repentance from sin or evil) အဖြစ်အ သုံးပြု ပါသည်။

3. (၂ကော ၇း၈) နှင့် (မဿဲ ၂၁း၂၉) ကဲ့သို့သောကျမ်းပိုဒ်များတွင် အသုံးပြုသောစကားလုံး metamelomai

မှာ “ဝမ်းနည်းခြင်း၊စိတ်နလုံးငြိုးငယ်ခြင်း” “regret or sorrow of heart.” ကို အထူးပြုသော စကားလုံး ဖြစ်ပါသည်။

4. ထို့ကြောင့်စစ်မှန်သောနောင်တ (Genuine repentance) တွင် စိတ်၊ ခံစားချက်နှင့် ဆန္ဒဆုံးဖြတ်ချက်များ (mind, the emotions, and the will) ပါဝင်လျက် ရှိပါသည်။

မည်သည့်အချိန်တွင် စစ်မှန်သောနောင်တဖြစ်ပေါ်လာသနည်း။ Just when does genuine repentance occur?

a) တစ်စုံတစ်ယောက်က “ကျွန်ုပ်သည်အပြစ်သားဖြစ်ပါသည်။ ဘုရားသခင်ကိုပြစ်မှားပါပြီ။ အမျက်တော်ကို ခံထိုက် သောသူဖြစ်ပါသည်”ဟုဆိုသောအခါ (ဆာခု၂း၅၊ ၅၁း၃-၄၊ လှ၊ ၁၃း၂-၅)
b) မိမိပြုမိခဲ့သော အပြစ်အတွက် စစ်မှန်သောဝမ်းနည်းခြင်း (genuine sorrow)ပေါ်သော အခါ၊ (၂ကော ၇း၁၀-၁၁၊ တမန် ၃း၁၉။ လှ ၁၀း၁၃။)
c) မိမိအပြစ်များကို စွန့်ပစ်၍ (turns from his sin) ရုပ်တုကိုးကွယ်မှုကို စွန့်ပစ်ပြီး (forsakes his idols) ခရစ်တော်၏ ဝမ်းမြောက်ဘွယ်ရာကယ်တင်ခြင်းတရားတော်ကို ကိုးစားလျက်၊ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ရန် ဆုံးဖြတ်လာသော အခါ၊ (မာ ၁း၁၅။ ယေဇ၊ ၁၄း၆။ ၁ဓး၃၀။ ၁သက် ၁း၉။ တ ၂၆း၂၀။)

5. သရုပ်ဖော်ရှင်းလင်းချက် - Illustration:
စစ်မှန်သော နောင်တရခြင်း၏ အကောင်းဆုံးသရုပ်ဖော်မှုကို ပျောက်သောသား (prodigal son) ဥပမာတွင် တွေ့နိုင် ပါသည်။ (လှ ၁၅း၁၁-၂၄)

a) “သတိရလျက်” “He came to himself”(အငယ် ၁၇)။ ဤနေရာတွင် အသိတရားဝင်လာခြင်းဖြစ်ပါသည်။ ဤအချက်သည် အသိတရား (intellect) ကို သိရှိ၍ သတိရလာပြီး မိမိမှားနေပြီဖြစ်ကြောင်း ဝန်ခံခြင်းဖြစ်ပါသည်။

b) “သေအောင်အငတ်ခံရ၏” “I perish with hunger” နှင့် “ကိုယ်တော်သားဟူသည် ခေါ်ဝေါ်ခြင်းကို မခံ ထိုက်ပါ” “am no more worthy to be called thy son” (အငယ် ၁၉) ဤတွင် စိတ်ခံစားချက် (emotions)၊ စိတ်လှုပ်ရှားမှုတွေ့ရှိရပါသည်။ မိုက်မဲခဲ့ခြင်းအတွက် များစွာဝမ်းနည်းနေကြောင်း တွေ့ရှိရပါသည်။

c) “ငါထ၍အဘထံသို့သွားမည်” “I will arise and go to my father.” ဤနေရာတွင် စိတ်ဆန္ဒ (will) ကို တွေ့ရ ပါသည်။ (အငယ် ၁၈)

♦ အသိစိတ်ဝင်လာပြီး ဝမ်းနည်းနေရုံဖြင့် မလုံလောက်ပါ။ အိမ်သို့ပြန်လာရန် လိုအပ်နေပါ သေးသည်။

6. စစ်မှန်သော နောင်တရခြင်းသည် ယုံကြည်ခြင်းနှင့် အမြဲဒွန်တွဲလျက်ရှိပါသည်။(မာ ၁း၁၅။ တ ၂၀း၂၁) သက်သာလော့နိတ်မြို့သားများသည် မိမိရုပ်တုများကို စွန့်ပစ်၍ ထွက်လာသည်ကို ရှုပေါလုက “ယုံကြည်သော စိတ်နှင့် အကျင့်ကိုကျင့်ခြင်း” “a work of faith” ဟုခေါ်ပါသည်။ (၁သက် ၁း၃နှင့် ၉)။

7. နောင်တရခြင်း (repentance) ကိုဖေါ်ပြမထားသောကယ်တင်ခြင်း (salvation) ဆိုင်ရာ ကျမ်းချက်အမြောက်အများသော်ငြားလည်း၊ ကယ်တင်ခြင်းရလျှင် နောင်တရပြီးဖြစ်ကြောင်းတွေ့ရမည်။

II. ဓမ္မဟောင်း-ဓမ္မသစ်ကျမ်းနှစ်ကျမ်းလုံးတွင် နောင်တရခြင်းဆိုင်ရာ သြဝါဒရှိပါသလား။ IS THE DOCTRINE OF REPENTANCE FOUND IN BOTH THE OLD AND NEW TESTAMENTS?

A. ဓမ္မဟောင်းကျမ်း - The Old Testament:

1. နိနေဝေ(Nineveh) မြို့သားတို့သည်ယောနာ၏ဟောပြောချက်ကြောင့် နောင်တရခဲ့ကြပါသည်။ (မ၊ ၁၂း၄၁)
2. ယောဘသည် နောင်တရလျက်မြေမှုန်နှင့် မီးဖိုပြာတွင်ထိုင်ခဲ့ပါသည်။ (ယောဘ-၄၂း၆)
3. ဣသရေလအမျိုးသားတို့နောင်တရစေရန်ပရောဖက်ယေဇကျေလကတိုက်တွန်းခဲ့သည်။ (ယေဇ ၁၄း၆၊ ၁၈း၃၀)
4. အောက်ပါကျမ်းချက်များသည်နောင်တရခြင်းဆိုင်ရာဥပမာများဖြစ်ပါသည်။(Deuteronomy 30:2; 1 Kings 8:33; 2 Chronicles 7:14; Nehemiah 1:9; Proverbs 28:13; Isaiah 55:6-7; Hosea 10:12-14,)

B. ဓမ္မသစ်ကျမ်း - The New Testament:

1. ဗတ္တိဇံဆရာယောဟန်သည် နောင်တတရား (repentance)ကို ပင်တေကုတ္တောပွဲနေ့ မတိုင်မီ ဟောပြောခဲ့ပါသည်။ (မ ၃း၂၊ ၇-၈)။
2. သခင်ယေရှုသည် နောင်တတရား (repentance)ကို ပင်တေကုတ္တောပွဲနေ့ မတိုင်မီ ဟောပြော ခဲ့ပါသည်။ (မ ၄း၁၇။ မာ ၁း၁၅၊ မာ ၂း၁၇၊ လု ၅း၃၂။ လု ၁၃း၃-၅)။
3. ရှင်ပေတရုသည် ပင်တေကုတ္တောပွဲနေ့၌လည်းကောင်း၊ ထိုပွဲနောင်တွင်လည်းကောင်း၊ နောင်တတရားကို ဟောပြောခဲ့ပါသည်။ (တ ၂း၃၀။ ၃း၁၉။ ၂ပေ ၃း၉)။ Peter preached repentance during and after Pentecost (Acts 2:38; 3:19; 2 Peter 3:9).
4. ရှင်ပေါလုသည် နောင်တတရား (repentance)ကို ပင်တေကုတ္တောပွဲနေ့ မတိုင်မီနှင့် ပွဲပြီးသွားပြီးနောက် ပိုင်းတွင် ဟောပြော ခဲ့ပါသည်။ (တ၊ ၁၇း၃၀၊ ၂၀း၂၁။ ၂၆း၂၀။ ရော ၂း၄။ ၂တိ ၂း၂၅)

III. နောင်တတရားသည် ဂျူးလူမျိုးများ၏အတွက်သာလော၊ (သို့မဟုတ်) ယနေ့ကျေးဇူးတော်ကာလရှိလူသားတိုင်း အတွက်လော။ IS REPENTANCE FOR THE JEWS ONLY, OR IS IT FOR ALL MEN, EVERYWHERE IN THIS DAY OF GRACE?

♦ ယနေ့ကျေးဇူးတော်ကာလ (age of grace) တွင် နောင်တတရား (repentance)သည် ကယ်တင်ခြင်းဇဝံဂေလိတရား၏အစိတ်အပိုင်းတခုမဟုတ်တော့ကြောင်း ဟောပြောနေသူများကို ထူးဆန်းစွာ တွေ့ရှိနေရပါသည်။

A. ပင်တေကုတ္တောပွဲနေ့တွင် ရှင်ပေတရုသည် နောင်တရရန် တိုက်တွန်းဟောပြောသောအခါ ကြားနာသူ

ပရိသတ်သည် ဂျူးလူမျိုးများသာဖြစ်ခဲ့သည်မှာ မှန်ပါသည်။ (တ ၂း၃၈)။ တပါးအမျိုးသားတို့သည် ထိုအချိန်က ဇဝံဂေလိ တရားတော်ကို လက်ခံခြင်း မရှိ သေးပါ။ ထိုအချိန်က အသင်းတော်သည် ယုံကြည်သူဂျူးလူမျိုးများ နှင့် တည်ဆောက်ထားသည်။ It is true that on the Day of Pentecost, Peter's call to repent was addressed entirely to Jews (Acts 2:38).

B. သို့သော်- (လု ၂၄း၄၇) တွင် မဟာအမှုတော်မြတ်ကြီး (great commission) ကိုအပ်နှင်း၊ စေလွှတ်သော အခါ၊ နောင်တတရားနှင့် အပြစ်လွှတ်ခြင်းတရားကိုယေရုရှလင်မြို့မှစ၍ လူမျိုးတကာတို့အား ဟောပြောရန် ယေရှု ဘုရားက အမိန့် ပေးခဲ့ပါသည်။

C. (တမန် ၁၇း၃၀) တွင် ရှင်ပေါလုက ဂရိ နိုင်ငံတွင်ရှိသော တပါးအမျိုးသားများကို ဤသို့ ဟောခဲ့သည်။ "ယခုမှာ ကိုယ်အပြစ်ကိုမြင်၍ နောင်တရကြလော့" (တမန် ၁၇း၃၀)
တဖန် (တမန် ၂၆း၂၀) တွင်လည်း "လူတို့သည် နောင်တရ ရမည်။ နောင်တရခြင်းနှင့် ထိုက်တန်သော အကျင့်ကိုကျင့်ရမည်။ ဘုရားသခင်အထံတော်သို့ပြောင်းလဲရမည်" ဟူ၍ငင်း၊ "ဒမာသတ်မြို့၌ ရှဉ့်စွာ ဟော ပြော၍၊ ယေရှု ရှလင်မြို့မှ ယုဒ ပြည်အရပ်ရပ်တို့၌ နေသောသူတို့အားလည်းကောင်း၊ တပါးအမျိုးသား တို့အား လည်းကောင်း ဟော ပြောပါ၏" ဟုပေါလုသက်သေခံခဲ့ပါသည်။

D. တဖန် ၊(ရောမ ၂း၄) တွင်ပေါလုသည် တပါးအမျိုးသားတို့အား ဟောပြောရာတွင် "ဘုရားသခင်၏ ကျေးဇူးတော်သည် သင်တို့ နောင်တသို့သွေးဆောင်သည်ကို မသိမမှတ်ဘဲ ကြွယ်ဝစွာကျေးဇူးပြု တော်မူခြင်း၊ သည်းခံတော်မူခြင်း၊ စိတ်ရှည်တော်မူခြင်းကို မထီမဲ့မြင်ပြုသလော" ဟုပြောပြခဲ့ပါသည်။

♦ ထို့ကြောင့်နောင်တတရားသည် ယုဒလူဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ ယနေ့ကမ္ဘာအရပ် ရပ်တွင်ရှိသော လူသားတို့နှင့် သက်ဆိုင်လျက်ရှိပါသည်။

IV. နောင်တရခြင်းသည် ကယ်တင်ခြင်းရရှိရန်အတွက် မရှိမဖြစ်လိုအပ်ပါသလော။ IS REPENTANCE ABSOLUTELY ESSENTIAL TO PERSONAL SALVATION?

A. (တမန် ၁၇း၃၀-၃၁) ။ ။ "ယခုမှာ ကိုယ်အပြစ်ကိုမြင်၍ နောင်တရကြလော့ ဟုခပ်သိမ်းသောအရပ်တို့၌ ရှိသောလူ အပေါင်းတို့အား(ဘုရားသခင်သည်) ပညတ်တော်မူ၏။ အကြောင်းမူကား ခန့်ထားတော်မူ သောသူအားဖြင့် လောကီသား တို့ကို ဖြောင့်မတ်ခြင်းတရားနှင့်ညီလျော်စွာ စစ်ကြောစီရင်မည့် နေ့ ရက်ကိုချိန်းချက်တော်မူပြီ"

♦ ဒေသနာ (message) မှာ ရှင်းလင်းလှပါသည်။ နောင်တမရလျှင် စစ်ကြောစီရင်ခြင်းနှင့် ရင်ဆိုင်ရမည် ဖြစ်ပါသည်။ (Repent or face inevitable judgment).

B. (လု ၁၃း၃၊ ၅)။ ။ "သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ရောက်ကြ လိမ့်မည်ဟု ငါဆို၏။" ဟုခရစ် တော်မိန့်တော်မူခဲ့ပါသည်။ မိမိကို မိမိနောင်တရ ရန်မလိုအပ်ဟု မည်သည့်ပုဂ္ဂိုလ် ကမျှဟူဆပိုင်ခွင့်မရှိကြောင်းကို ဤကျမ်းချက် မှရှင်းလင်းစွာ ဖော်ပြထားပါသည်။ အချို့ က ဂါလိလဲလူ

(Galileans) တို့ ထက် ဖြောင့်မတ်မည်ဟု ယူဆထားပါသည်။ ခရစ်တော်သည် ထိုသူတို့၏အမှားကို ပြတ်သားစွာ ထောက်ပြခဲ့ ပါသည်။

♦ သခင်ယေရှုက "နောင်တရကြလော့၊ ဇဝံဂေလိတရားကိုယုံကြည်ကြလော့"ဟုမိန့်ကြားခဲ့သည်။ (မာ ၁း၁၅) ရှင်ပေါလုက "ဘုရားသခင်ရှေ့တော်၌ နောင်တတရားကိုလည်းကောင်း ငါတို့သခင်ယေရှု ခရစ်တော်ကို ယုံကြည်ခြင်း တရားကိုလည်းကောင်း" ဟောပြောတော်မူ၏။ (တ ၂၀း၂၁)

♦ နောင်တမပါသော ယုံကြည်ခြင်းသည်ဟန်ဆောင်မှုသက်သက်သာဖြစ်ပါသည်။ (Faith without repentance is mere professionalism.)ယုံ ကြည်ခြင်းမပါသောနောင်တသည်အနှစ်သာရမပါသော စိတ်လှုပ်ရှားမှုသက်သက်ဖြစ်ပါသည်။ (Repentance without faith is empty emotionalism.) ကယ်တင်ခြင်း အစစ်အမှန်ရရှိရန် နောင်တနှင့်ယုံကြည်ခြင်း နှစ်ပါးလုံးကိုလိုအပ်ပါသည်။ (BOTH are essential to genuine conversion).

V. စစ်မှန်သောနောင်တကို မည်သည့်အရာများက ဖြစ်ပေါ်စေပါသနည်း။ WHAT PRODUCES GENUINE REPENTANCE?

A. ဘုရားသခင်၏ကောင်းမြတ်ခြင်း - The Goodness of God (Romans 2:4) – "ဘုရားသခင်၏ကျေးဇူးတော်သည် သင့်ကို နောင်တလမ်းသို့ ဦးဆောင်သည်ကို မသိမမှတ်ဘဲ ကြွယ်ဝစွာကျေးဇူးပြုတော်မူခြင်း၊ သည်းခံတော်မူခြင်း၊ စိတ်ရှည်တော် မူခြင်းကို မထီမဲ့မြင်ပြု သလော။"

1. (Luke 16:25) မရကာငရဲ သို့ရောက်သော သူဌေးသည် ဘုရားသခင်၏ကျေးဇူးတော်ကို ကြွယ်ဝစွာခံစားခဲ့လျက် အခွင့်အရေးရချိန်ရှိခဲ့ကြောင်း သို့သော်အထီမဲ့မြင်ပြုပြီး ဘုရားသခင်ကို မေ့လျော့ကြောင်း ဖော်ပြသွန်သင်ထားပါသည်။

2. (2 Peter 3:9) "ငါတို့တွင်အဘယ်သူမျှ မပျက်စီးဘဲရှိသမျှတို့သည်နောင်တရခြင်းငှာအလိုတော်ရှိ၍ ငါတို့ကို သည်းခံ တော်မူ၏။"

♦ ဘုရားသခင်၏ အစဉ်သဖြင့် ကောင်းမြတ်တော်မူခြင်း ဆိုင်ရာ မေတ္တာတော်၊ စိတ်ရှည်တော်မူခြင်း၊ သည်းခံတော်မူခြင်းတို့သည် ကျွန်ုပ်တို့အား နောင်တသို့ဌင်း၊ ကယ်တင်ခြင်းသို့ဌင်း ပို့ဆောင်လျက်ရှိနေပါသည်။ ကျေးဇူးတော်ကို မထီမဲ့မြင်ပြုခြင်းသည် ကျေးဇူးတော်ဆုံးရှုံးခြင်းသို့ ရောက်စေသည်။ (grace despised is grace forfeited!!!)

3. အလိုတော်နှင့်ညီသောဝမ်းနည်းခြင်း Godly Sorrow (2 Corinthians 7:10). ကောရိန္သုမြို့ရှိ အသင်းသားတို့၏ အလိုတော်နှင့်ညီသော ဝမ်း နည်းခြင်းသည် ကယ်တင်ခြင်းနှင့်ယှဉ် သောနောင်တစိတ်ကို ဖြစ်စေကြောင်းကို ပေါလုသည်တွေ့မြင်ရ၍ ဝမ်းမြောက်ခဲ့ ပါသည်။

♦ ဝမ်းနည်းခြင်းသက်သက်သည် နောင်တမဟုတ်။ သို့ရာတွင်မိမိနှင့်ပတ်သက်၍လည်းကောင်း၊ အပြစ်နှင့်ပတ်သက်၍ လည်းကောင်း၊ ဘုရားသခင်နှင့်ပတ်သက်၍လည်းကောင်းထားရှိ သောခံယူချက်နှင့် ရပ်တည်

ချက်တို့ကို ပြောင်းလဲ လိုက်ခြင်းသာ နောင်တဖြစ်ပါသည်။

4. ကယ်တင်ခြင်းသတင်းကောင်းဝေငှခြင်း - Gospel Preaching

1. (Matthew 12:41) “ထိုမြို့သားတို့သည်ယောနဟောပြောသော စကားတို့ကြောင့်နောင်တရကြ၏။” (တမန် ၂း၃၇) တွင် ပေတရု၏ဟောပြောချက်ကို ကြားရသောအခါ “စိတ်နလုံးပူပန်ခြင်းရှိ၍၊ ညီအစ်ကိုတို့၊ အဘယ်သို့ပြု ရမည်နည်း” ဟူ၍လည်းကောင်း၊”

2. ပေတရုက ဇဝံဂေလိတရားကို ဟောပြောသောအခါ “ထိုသူတို့ နှလုံးသည်ကွဲမတတ်ဖြစ်ကြောင်း” (တမန် ၅း၃၀-၃၃).

3. ပေါလု၏ဟောပြောချက်ကို ကြားရသောအခါ “ဖေလဇ်မင်းသည် ကြောက်လန့်ခြင်းသို့ရောက်” ပါသည်။ (တ ၂၄း၂၅)

♦ ဇဝံဂေလိတရားဟောပြောခြင်းသည် အပြစ်ကိုမြင်ခြင်းနှင့် နောင်တရခြင်းကို ဖြစ်စေပါသည်။ ထိုကဲ့သို့ အပြစ်ကို ပေါ် လွင် စေသော နောင်တတရားကိုဟောပြောတတ်သူနှင့် ဟောပြောချင် သောသူအမြောက်အများ ပေါ် ပေါက်ရန် လိုအပ်ပါသည်။

VI. နောင်တတရားသည် ယုံကြည်သူ-မယုံကြည်သူနှစ်ဦးလုံးနှင့် မည်သို့ သက်ဆိုင်သနည်း။ HOW DOES THE DOCTRINE OF REPENTANCE APPLY TO BELIEVERS AS WELL AS UNBELIEVERS?

A. ဘုရားနှင့်ဝေးကွာနေသူ (backsliding)၊ဆုံးရှုံးနေသူ (failures)၊ အပြစ်ပြုနေဆဲသူ (sin committed) ခရစ်ယာန်များအား နောင်တရရန် ဘုရားရှင်မှ ခေါ်နေပါသည်။

1. ဥပမာ - ကောရိန္သုမြို့ ရှိ ခရစ်ယာန်များသည် အပြစ်ကို မကျော်လွှားနိုင်ပါ။ ပေါလုသည် ထိုသူတို့ကိုဆုံးမပြီး “အလိုတော် နှင့်ညီသောဝမ်းနည်းခြင်း” ကိုဖြစ်စေနိုင်ခဲ့သောကြောင့်နောင်တွင်ဝမ်းမြောက်ခဲ့ကြောင်းတွေ့ရပါ သည်။ (၁ ကော ၅း၁-၇ နှင့် ၂ ကော ၇း၇-၁၀ ကိုတိုက်ကြည့်ပါ)

2. ဒါဝိဒ်သည် ဘုရားတရားကြည်ညို သောသူဖြစ်သော်လည်း ရုက်ကြောက်ဖွယ်အပြစ်ကို ကျူးလွန်ခဲ့ပါသည်။ (2 Samuel 11:1-21)။ (ဆာလံ ၅၁) တွင်သူ၏စစ်မှန်သော နောင်တကိုမှတ်တမ်းတင်ထားပါသည်။

3. ဗျာဒိတ်ကျမ်းအခန်းကြီး ၂နှင့် ၃ တွင်အာရှိပြည်ရှိအသင်းတော် (၇) ပါးအနက် (၄) ပါးတို့အား နောင်တ ရရန် တိုက်တွန်းထားပါသည်။

a) ဧဖက်မြို့အသင်းတော် Ephesus - ရှေးဦးစွာသောချစ်ခြင်းမေတ္တာလျော့သောကြောင့်

b) ပေရဂံအသင်းတော် Pergamos - နိကောလ (Nicolaitans) အတွေးအခေါ်နှင့်ဗာလမ် (Balaam) ၏ လမ်းကိုမစွန့်၊ ရုပ်ထုရှေ့၌ပူဇော်သော ယဇ်ကောင်၏ အသားကို စားခြင်း၊ မယုံကြည်သူများနှင့်ရောနှော၍ ထိမ်းမြား

လက်ထပ်ခြင်း၊ မတရားသောမေထုန်ကိုပြုခြင်း

c) သွာသိရအသင်းတော် Thyatira - ယေဇေဗေလ (Jezebel) အားအသင်းတော်၌ သွန်သင်ခွင့်ကိုပေးလျက် ဘုရားသခင် ၏သား သမီးများအား မတရားသောမေထုန်ကိုပြုစေခြင်း

d) လောဒိကိအသင်းတော် Laodicea - မပူမအေးဖြစ်လျက်အသင်းတော်၏ချမ်းသာခြင်း၌ပျော်မွေ့နေ သောကြောင့်။

B. မယုံကြည်သူများ (Unbelievers) အား မိမိတို့အပြစ်မှနောင်တရရန် (တမန် ၂း၃၉ ၊ ၃း၁၉ ၊၈း၂၂) နှင့်ဘုရားသခင် ထံတော်သို့ပြန်လာရန် (turn to God) (တမန် ၂၀း၂၁ ၊၂၆း၂၀။၁သက် ၁း၁၀) သခင်ယေရှု ခရစ်နှင့် ဇဝံဂေလိတရားတော်အားယုံကြည်လက်ခံရန်။ (မာ ၁း၁၅။ တမန် ၂၀း၂၁) တို့တွင်တိုက်တွန်းထားပါသည်။

VII. ဘုရားရှင် နောင်တရဖူးပါသလား။ DOES GOD EVER REPENT?

A. ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်နောင်တရတော်မူ၏(God repents)ဟုဖော်ပြထားသော ကျမ်းချက်များစွာ ရှိပါသည်။

1. ကမ္ဘာ ၆း၆ (Genesis 6:6) - “မြေကြီးပေါ်မှာလူကို ဖန်ဆင်းတော်မူသည်ကို နောင်တရ၍ နှလုံးတော်ပူပန်တော်မူ၏။”
2. ထွက် ၃၂း၁၄ (Exodus 32:14) - “ထာဝရဘုရားသည် မိမိလူတို့အားအပြစ်ပေးမည် အကြံကိုနောင်တရတော်မူ၏။”
3. ၁ရာ ၁၅း၁၁ (1 Samuel 15:11) - “ငါသည်ရှောလုကို ရှင်ဘုရင်အရာ၌ခန့်ထားတော်မူသောကြောင့် နောင်တရ၏။”

B. သို့ရာတွင်ဘုရားသခင်သည် နောင်တမရတတ်။ နောင်တမရနိုင်ကြောင်းကို (God does not and cannot repent.) သမ္မာကျမ်းစာတွင်ရှင်းလင်းစွာ ဖော်ပြထားသည်။

1. (Hebrews 7:21) - “ထာဝရဘုရားက သင်သည်မေလိခိဇေဒက် နည်းတူထာဝရ ယာဇ်ပရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍ နောက်တဖန် စိတ်ပြောင်းလဲခြင်ရှိတော်မမူ။”
2. (Numbers 23:19) - “ဘုရားသခင်သည် မုသားကိုပြောအံ့သောငှာ လူဖြစ်တော်မူသည်မဟုတ်။ နောင်တရအံ့ သောငှာ လူသားဖြစ်တော်မူသည်မဟုတ်။”
3. (Malachi 3:6) - “ငါသည်ထာဝရဘုရားဖြစ်၏။ပြောင်းလဲခြင်းမရှိ။ ထို့ကြောင့် ယာကုပ်အမျိုသား တို့သင်တို့သည် ဆုံးရှုံးခြင်းသို့မရောက်ရကြ။”

♦ အကယ်၍ဘုရားသခင်သည် မှားတတ်သောကြောင့်နောင်တရခဲ့လျှင် သို့မဟုတ် မှားယွင်း၍ အပြစ်ပြုမိခဲ့ပါလျှင် ဘုရား အဖြစ်ဖြင့်ရပ်တည်နိုင်ခြင်း မရှိတော့ပေ။

C. သို့ဖြစ်လျှင် မည်သို့ရှင်းပြရမည်နည်း။ So, how is this explained?

ဘုရားသခင်သည် အတိုင်းအဆမရှိ သန့်ရှင်းတော်မူလျက် အမှားပြုမိစေခြင်းငှာလုံးဝမဖြစ်နိုင်။ လူတို့သည်လည်းကောင်း၊ လူမျိုး တို့သည်လည်းကောင်း၊ ဘုရားသခင်အပေါ်၌ထားရှိသော သဘော ထား ပြောင်း

လဲလာသောအခါ ဘုရားသခင်သည် ထိုသူ တို့အပေါ် ဆက်ဆံမူပြောင်းလဲလာပါသည်။ သနားတော်မူခြင်း ဂရုဏာတော် (mercy) ကိုစေလွှတ်ပြီး မပြောင်းလဲသောအခါ ပြင်းထန်စွာ (severity) အရေးယူ ဆောင် ရွက်လာ ပါသည်။ ထိုအခါ ဘုရားသခင်၏ စိတ်နေသဘောထားပြောင်းလဲသွားသကဲ့သို့ ထင်မှတ်ရပါသည်။ ထို့အတူ လူသည် နောင်တရ၍ ဘုရားသခင်ထံတော်သို့ ပြောင်းလဲသောအခါ ဘုရားသခင်သည် ထိုသူတို့ အပေါ်သို့ ချပေးရန် စီစဉ်သော အပြစ်ပေးမည့် အကြံမှနောင်တရတော်မူသည်ဟု ထင်မှတ်ရပါသည်။ ဘုရားသခင်သည် မူလသဘောအတိုင်း မှန်ကန်စွာ ရပ် တည်နေလျက်သာရှိပါသည်။

နိဂုံး - Conclusion:

သင်၏အပြစ်များကို နောင်တရပြီး ဘုရားသခင်ထံတော်သို့ပြန်လာခြင်း၊ သခင်ယေရှုခရစ်ကိုယုံ ကြည်လက် ခံခြင်းပြုသော နေ့ရက်အချိန်များကို သေသေချာချာ ပြန်လည်၍ဆင်ခြင် အောက်မေ့ကြ ပါစို့။ နောင်တရ ခြင်းသည် မိမိအပြစ်ကိုမြင်ခြင်းမှအစပြုပါသည်။ကျွန်ုပ်ကို သန့်ရှင်းသောဝိညာဉ် တော်သည် လူသားတို့၏ နှလုံးသားတွင် ဆောင်ရွက်တော်မူပါသည်။ (John 16:8).

1. မိမိအပြစ်များ သည် မိမိဘဝကိုပျက်စီးစေကြောင်းနှင့် ဘုရား သခင် အားဆန့်ကျင်ဘက် ပြုစေကြောင်းကို အပြစ်သားအားသိမြင်စေပါသည်။

2. ကျွန်ုပ်စိတ်နှလုံးထဲ၌ ထင်ရှားစွာ ဖော်ပြတော်မူ သောအခါ အပြစ်သား သည်မိမိပြုမိသော အပြစ်အ တွက်ကြောက်ရွံခြင်း၊ ဝမ်းနည်းခြင်းဖြစ်စေလျက် ထိုအပြစ်မှ စွန့်ခွာလာ ပြီး ဘုရားသခင် ထံတော်သို့ ပြန်လာစေပါ သည်။ ဘုရားသခင်၏ အမြတ်တော်ကိုပယ်ဖျက်၍ ခွင့် လွှတ်ခြင်းကိုဖြစ် စေရန်၊ သခင်ခရစ်တော်သည် အပြစ်သား များ၏ ကိုယ်စားအသေခံခဲ့ပါသည်။ ထိုသခင်ကို ယုံကြည်လက်ခံပြီး ကယ်တင်ခြင်းရရှိ စေပါသည်။

3. ထို့ကြောင့် နောင်တရခြင်းဆိုရာ၌ အသိစိတ်မှ (MIND) “ကျွန်ုပ်၌အပြစ်ရှိသည်” ဟုပြောခြင်း စိတ်နှလုံးမှ (HEART) “မိမိအပြစ် အတွက်ဝမ်းနည်းခြင်း” နှင့် စိတ်ဆန္ဒ (WILL) ၏ဆုံးဖြတ်ချက်အရ “သခင်ဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကိုယုံကြည်ပါ၏” ဟုဝန်ခံ ခြင်းများပါဝင်ပါသည်။

- ❖ ပရောဖက်များ၊ ဗတ္တိဇံဆရာယောဟန်၊ သခင်ယေရှုနှင့် တမန်တော်ကြီးများ ရဲရင့်စွာမေတ္တာစေတနာဖြင့် နောင်တရခြင်း တရားကိုဟော ပြောခဲ့သကဲ့သို့ ကျွန်ုပ်တို့လည်း ဟောပြောကြပါစို့။
- ❖ သင်ပြုခဲ့သောအပြစ်များအတွက် နောင်တရပြီး ဘုရားရှင်ထံပြန်လှည့်လာပါ။ ခရစ်တော်၌ယုံကြည်ပါ။ နောင်တရလျက် ရုပ်တုကိုးကွယ်ခြင်းကို စွန့်လွှတ်ပြီး အသက်ရှင်သောဘုရားရှင်ကို ကိုးကွယ်ကြပါစို့။ ယေဇကျေလ ၁၄း၆ - Ezekiel 14:6.

နောင်တရခြင်းဆိုင်ရာ မေးခွန်းများ - (သင်ခန်းစာ-၁၂)

1. နောင်တတရားအကြောင်း လေ့လာရန် အလွန်အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော်..... (၄-မှတ်)

a. ကျမ်းစာက နောင်တရရန်အကြောင်း ပြောထား၍၊ the Bible talks about repentance.

b. ယနေ့ ခေတ်လူတို့သည် နောင်တကိုလက်မခံကြတော့၍၊ many people deny the necessity of repentance today.

c. နောင်တတရား၏အဓိပ္ပါယ်ကို ကျွန်ုပ်တို့ သိဖို့ လိုၗ၊ we must know its meaning.

2. ဝမ်းနည်းခြင်း (Regret) ဆိုသည်မှာ.....(၄-မှတ်)

a. သင့်ကိုယ်ကို ပြုပြင်ပြောင်းလဲခြင်း၊ reforming yourself.
b. ကျူးလွန်ခဲ့သော အပြစ်အတွက် ပေးဆပ်ခြင်း၊ paying for your sins.
c. အပြစ်အတွက် နောင်တရခြင်းမရှိသော ဝမ်းနဲမှုသက်သက်၊ just a sorrow for sin without repentance.

3. ပြုပြင်ပြောင်းလဲခြင်း (Reformation) ဆိုသည်မှာ.....(၄-မှတ်)

a. မိမိ အသက်ရှင်ပုံ ပြုပြင်ပြောင်းလဲခြင်း၊ changing the way you live in your own power.
b. ကျူးလွန်ခဲ့သော အပြစ်အတွက် ပေးဆပ်ခြင်း၊ paying for your sins.
c. အပြစ်အတွက် နောင်တရခြင်းမရှိသော ဝမ်းနဲမှုသက်သက်၊ a sorrow for sin without repentance.

4. အပြစ်အတွက်ဒဏ်ခတ်ခြင်း (Penance) ဆိုသည်မှာ.....(၄-မှတ်)

a. အသက်ရှင်မှုပုံစံပြောင်းလဲခြင်း၊ changing the way you live.
b. အပြစ်အတွက် ဒဏ်ခတ်ဖို့ ကျိုးစားခြင်း၊ attempting to pay for your sins yourself.
c. နောင်တရခြင်းမရှိသော ဝမ်းနည်းမှုသက်သက်၊ a sorrow for sin without repentance.

5. နောင်တ “repent” ဟူသော Greek စကားအဓိပ္ပါယ်မှာ.....(၄-မှတ်)

a. ခွင့်လွှတ်သည်၊ to forgive.
b. အပြစ်အတွက် ဝမ်းနည်းသည်၊ to be sorry for your sin.
c. သင်၏စိတ်ပြောင်းလဲသည်၊ to change your mind.

6. နောင်တရခြင်း (Repentance) ဆိုသည်မှာ.....(၄-မှတ်)

a. ဂျူးတို့ အတွက်ဖြစ်သည်၊ the Jews.
b. တပါးအမျိုးသားတို့ အတွက်ဖြစ်သည်၊ the Gentiles.
c. ဂျူးနှင့်တပါးအမျိုးသား ၂-မျိုးလုံးအတွက် ဖြစ်သည်။ both Jews and Gentiles.

7. နောင်တရခြင်း (Repentance) ဆိုသည်မှာ.....(၄-မှတ်)

a. ကယ်တင်ခြင်းအတွက် အရေးမကြီးပါ ၊ not necessary for salvation.
b. ကယ်တင်ခြင်းအတွက် အရေးကြီးသည်၊ necessary for salvation.
c. လူစိတ်ချမ်းသာဖို့ သာဖြစ်သည်။ only for making a person feel good.

8. နောင်တရဖို့ မည်သူတို့ ကို ပြောထားသနည်း။ (၄-မှတ်)

a. မယုံကြည်သူများသာ၊ unbelievers only
b. ယုံကြည်သူများသာ၊ believers only

c. ယုံကြည်သူရော၊မယုံကြည်သူရော ၂-ဦးစလုံး၊ both believers and unbelievers

9. ဘုရားရှင်သည် မည်သည့်အချိန်က၊ အဘယ့်ကြောင့် နောင်တရသနည်း။ (၄-မှတ်)

a. အမှားလုပ်မိသောအခါ၊ When He makes mistakes.

b. ဘုရားရှင်အပေါ်လူသားတို့ စိတ်သဘောထားပြောင်းသွားသည့်အခါ၊ ဘုရားရှင်ကလည်း ထိုနည်းအတူ လုပ်ဆောင်ချက်ပြောင်းလဲသွားခြင်းသည် နောင်တရခြင်းနှင့်ဆင်တူသည်။ When men change their actions toward God He changes His conduct toward men and it looks like He repents.

c. လူသားတို့အပြစ်နောင်တရဖို့ငြင်းဆန်သည့်အခါ၊ ဘုရားရှင်က သူတို့အားပြစ်ဒဏ်ပေးမည့်အစီအစဉ် ပြောင်းသွားခြင်းသည် နောင်တရခြင်းဖြစ်သည်။ When men refuse to repent, God changes His mind concerning their punishment.

10. နောင်တရခြင်း (Repentance) သည်.....(၄-မှတ်)

a. ငိုယို၊ မျက်ရည်ကျခြင်းများ။ weeping and tears.

b. ကောင်းမွန်သောအသက်တာနှင့် အစပြုခြင်း။ starting to live a good life.

c. ကိုယ့်အပြစ်ကို သိမြင်ဝန်ခံခြင်း။ conviction of sin.

11. အပြစ်သားအား နောင်တရစေရန် မည်သူကဖေါ်ပြသနည်း။ (၄-မှတ်)

a. သန့်ရှင်းသောဝိညာဉ်တော်ဘုရား၊ God the Holy Spirit

b. သားတော်ဘုရား၊ God the Son

c. ခမည်းတော်ဘုရား၊ God the Father

12. စစ်မှန်သောနောင်တရခြင်းသည်.....(၄-မှတ်) Real true repentance is always connected with:

a. ယုံကြည်ခြင်းနှင့် ဆက်စပ်နေသည်။ faith.

b. သူတပါးကို ကူညီခြင်းနှင့်ဆက်စပ်နေသည်။ helping others.

c. ဘုရားကျောင်းတက်ခြင်းနှင့်ဆက်စပ်နေသည်။ attending church.

13. မည်သည့်အရာက နောင်တရခြင်းဖြစ်စေသနည်း။ (၁၅-မှတ်) မှန်သောကျမ်းပိုဒ်ကို ယှဉ်တွဲပါ။

a. ဘုရားရှင်၏ကောင်းမြတ်ခြင်း - The Goodness of God	(a) ရော ၂း၄ - Romans 2:4
b. ဘုရားရှင်အလိုတော်နှင့်ညီသောဝမ်းနဲခြင်း - Godly sorrow	(b) ၂ကော ၇း၁၀ - 2 Corinthians 7:10
c. ဧဝံဂေလိတရားဟောကြားခြင်း - Gospel preaching	(c) တမန် ၂း၃၇ - Acts 2:37

14. နောင်တရခြင်းနှင့်ဆိုင်သော လူ၏အနေအထား ၃-မျိုးကားအဘယ်နည်း။ (၁၅-မှတ်) What three aspects of man's nature are involved in repentance?

a. .....

b. .....

c. .....

15. ဓမ္မဟောင်းကျမ်းရှိအောက်ပါကျမ်းပိုဒ်များအနက် မည်သည့်ကျမ်းပိုဒ် ၂-ခုက နောင်တတရား အကြောင်းဖြစ်သနည်း။ (၁၂-မှတ်)

ယောဘ ၄၂း၆၊ တမန် ၁၇း၃၀၊ ယေဇကေလ ၁၄း၆၊ ဆာလံ ၅၁း၁၆

a. .....

b. .....

16. ဓမ္မသစ်ကျမ်းရှိအောက်ပါကျမ်းပိုဒ်များအနက် မည်သည့်ကျမ်းပိုဒ် ၂-ခုက နောင်တတရား အကြောင်းဖြစ်သနည်း။ (၁၀-မှတ်)

မဿဲ ၄း၁၇၊ ယော ၃း၁၆၊ တမန် ၁၇း၃၀၊ ရော ၁၂း၁

a. .....

b. .....

သင်ခန်းစာ(၁၃)၊ ရွေးနှုတ်ခြင်း (Redemption)

နိဒါန်း - Introduction

ရွေးနှုတ်ခြင်းသည် သမ္မာကျမ်းစာတွင်ပါဝင်သော မဟာသစ္စာတရား (great Bible truths) ဖြစ်ပြီး၊ သဘောပေါက်နားလည်သည်ထက် ကိုယ်တွေ့ ခံစားဖို့ လိုသောကောင်းကြီးမင်္ဂလာ (more blessed to experience than to understand) ဖြစ်သည်။ရွေးနှုတ်ခြင်း၏ အခြေခံအဓိပ္ပါယ်မှာ "အဖိုးကိုပေး၍ ရွေးနှုတ်ကယ်တင် ခြင်း" to be set free by the paying of a price "ဖြစ်ပါသည်။ သင်နှင့် ကျွန်ုပ်သည် ယုံကြည်ခြင်းအားဖြင့် သခင်ယေရှုသွန်းတော်မူသော အသွေးတော်နှင့် သန့်ရှင်း သောဝိညာဉ်တော် တန်ခိုးတော် အားဖြင့် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် အပြစ်တရား၏ လက်မှလည်းကောင်း၊ စာတန်၏အုပ်စိုးခြင်းနှင့် တန်ခိုးတော်မှ လည်ကောင်း၊ ဤလောကနှင့် ပျက်စီးခြင်းမှလည်းကောင်း၊ လွှတ်မြောက်ခြင်း အခွင့်ကိုလက်တွေ့ခံစားနိုင်ကြပြီးဖြစ်သည်။

ဤသင်ခန်းစာတွင် ရွေးနှုတ်ခြင်း၏ အဓိပ္ပါယ်ကိုရှင်းလင်းစွာ နားလည်ရန် အသေးစိတ်လေ့လာလျှက် ခရစ်တော်အားဖြင့် ရရှိ ထားသော လွတ်လပ်မှု၏ အနှစ်သာရအားလုံးကို သဘောပေါက်ပြီး လက်တွေ့ခံစားနိုင်ရန် ရည်ရွယ်ထားပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

ရွေးနှုတ်ခြင်း (REDEMPTION) သည် ခရစ်တော်၌ ကယ်တင်ခြင်း (salvation) ရရှိရန် အလွန်အရေးကြီး သော အရာဖြစ်ကြောင်း မှတ်သားထားရပါမည်။ "အသွေးတော်အားဖြင့် ကယ်တင်ခြင်း" "ရွေးနှုတ်ခြင်း" "ကျွန်ုပ်ကို ဝယ်ယူပြီ" (Saved By the Blood, Redeemed, He Ransomed Me, etc.) စသော ဓမ္မသီချင်းများဆိုစဉ်တွင် အဓိပ္ပါယ်သိ၍ နှစ်ဦးအသက်တာတွင် "အလေးအနက် ခံစားနိုင်ရန် ဤ ကြီးမြတ်သော ရွေးနှုတ်ခြင်း ကို ကိုယ်တိုင်နားလည်ရန် လိုအပ်ပါသည်။

ကယ်တင်ခြင်းနှင့် ဆက်စပ်သော ယုံကြည်ချက်များ (Doctrines) ကို သီအိုရီအရ၊ အနေအထားအရ (theoretically and positionally) သဘော ပေါက်နားလည်နေယုံမျှဖြင့်မပြီးဘဲ၊ နှစ်ဦး အသက်တာတွင်၊ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားတတ်ရန် (experienced and practiced)လိုအပ်ပါသည်။ ဤ သင်ခန်းစာ၏ အဓိက ရည်ရွယ်ချက်မှာ ရွေးနှုတ်သည်ဟူသော စကား၏အဓိပ္ပါယ်ကိုနားမလည်ဘဲနှင့်၊ ကယ်တင်ခြင်းဟူ သော စကားကို ကောင်းစွာနားလည် နိုင်မည် မဟုတ် (we cannot understand what it means to be saved until we thoroughly know what it means to be redeemed) ဟူသော အချက်ကိုသိရှိရန်ဖြစ်သည်။

သင်ခန်းစာ - THE LESSON

I. ဓမ္မဟောင်းကျမ်းတွင်ရွေးနှုတ်ခြင်းအကြောင်း - REDEMPTION IN THE OLD TESTAMENT

A. ဓမ္မဟောင်းကျမ်းစာတွင် ဘုရားသခင်သည် ကွာသရေလလူမျိုးတို့၏ (သို့မဟုတ်) ရွေးနှုတ် ကယ်တင်ပိုင်သူ ("GOEL," or KINSMAN-REDEEMER) အဖြစ် တွေ့မြင်နိုင်ပါသည်။

1. Exodus 6:6-7 ကို သေချာစွာဖတ်ပါ။

a) ဘုရားသခင်သည် ကွာသရေလူလူမျိုးတို့ကိုယူလျက် မိမိလူမျိုးဖြစ်စေရန် သိမ်းယူထားကြောင်း (God takes Israel to Himself to be HIS people) သတိပြုရပါမည်။ သို့ ဖြစ်၍ ဘုရားသခင်သည် ကွာသရေလလူမျိုး တို့၏ "ရွေးနှုတ်ကယ် တင်ပိုင်သူ" "Kinsman-Redeemer." ဖြစ်ပါသည်။

b) ဤနေရာတွင် အချက်နှစ်ချက်ကို သတိပြုရပါမည်။

1) ဘုရားသခင်သည် ကွာသရေလလူမျိုးတို့အား ချည်နှောင်ခြင်း၊(bondage) မှ၊ကြီးစွာသော တန်ခိုးတော် အားဖြင့် (with great judgments or power.) ရွေး နှုတ်ခဲ့ပါသည်။

2) ထို့ကြောင့် ဘုရားသခင်သည် ကွာသရေလလူမျိုးကို မိမိလူမျိုးတော် အဖြစ်ယူဆောင်ခဲ့သည်။

2. (Isaiah 59:20), "… ရွေးနှုတ်သောသခင်သည် ဇိအုန်တောင်ပေါ်သို့ကြွ၍ "

a) ဤနေရာတွင် ရွေးနှုတ်သောသခင် (REDEEMER)ဟူသောစကားလုံးမှာ GOEL (ရွေးနှုတ်သူ) ဟုအဓိပ္ပါယ်ရသော KINSMAN-REDEEMER ဖြစ်ကာ၊ ခရစ်တော်ကို လှပစွာ ပုံဆောင်ထား ကြောင်း တွေ့ရသည်။

b) ဤရွေးနှုတ်ခြင်းသည် လူတို့နှင်သူတို့ပိုင်ဆိုင်သော အမွေအနှစ်များအထိသက်ဆိုင်သည်။

1) Leviticus 25:25, 48 ကို သေချာစွာဖတ်ပါ။

2) ဤရွေးနှုတ်ခြင်း သဘောတရားကို မည်သို့ နားလည်နိုင်မည်နည်း။ ပညတ်တရားအောက်တွင် ခုနှစ်နှစ်မြောက် သော နှစ်တိုင်းသည် ဥပုသ်နှစ်ဖြစ် ပါသည်။(Under the LAW every seventh year was a sabbatical year)။ အကယ်၍ ကွာသရေလလူတစ်ယောက် သည်ကုန်လွန်ခဲ့သော ခြောက်နှစ်အတွင်း အကြွေး တင်လာ၍ ပြန်မပေး နိုင်ခဲ့လျှင် (သို့မဟုတ်) ထို့ ထက်ဆိုး၍ မိမိအကြွေးထူနေမှုကြောင့် မိမိကိုယ်ကို ကျွန်အဖြစ် ရောင်းစားခဲ့လျှင် အမျိုး တော်စပ်သူ -relative (Kinsman) သည် ပြန်လည်ဝယ်ယူ - redeem (buy back) ရွေးနှုတ်ပိုင်ပါသည်။ ထိုသို့ ရွေးနှုတ်ရာတွင် ပစ္စည်းဥစ္စာကိုဖြစ်စေ၊ ကျွန် ဘဝကို ရောက်ရှိနေပြီဖြစ်သော ဆွေမျိုး ကိုဖြစ် စေ၊ အဖိုးကိုပေး၍ဥပုသ်နှစ်အတွင်း(during any sabbatical year) တွင် ပြန်ဝယ်ယူပိုင်ခွင့်ရှိပါသည်။

3) ရွေးနှုတ်ခြင်းနှင့်ပတ်သက်၍ အချက် (၄)ချက်တို့မှတ်ထားရန်လိုပါသည်။

a) ကွာသရေလလူ၏အမွေဥစ္စာနှင့် (inheritance) ပတ်သက်ပါသည်။(Leviticus 25:25-27).

b) ၎င်းကို ဆွေမျိုးတော်စပ်သူတစ်ဦးက အဖိုးကိုပေး၍ ပြန်ရွေးရမည်။ (Leviticus 25:47-49).

c) ရွေးနှုတ်သူ (REDEEMER) သည် ပြန်ရွေးဖို့ တတ်နိုင်သူဖြစ်ရမည်။(Ruth 4:4-6 ၊Jeremiah 50:34.)

d) "GOEL," KINSMAN-REDEEMER, မှ တန်ဖိုး အကျေအလည်ပေးပြီးသည့်အခါ၊ ရွေးနှုတ်ခြင်းကိစ္စ

ပြီးမြောက်သည် ။ (Leviticus 25:27).

B. ရုသဝတ္ထုတွင် ဤကဲ့သို့ရွေးနှုတ်ခြင်းအကြောင်းကိုလှပစွာ တွေ့ရှိနိုင် ပါသည်။

1. ရုသသည် ဧမလိမလက်၏အမွေကို ဆက်ဆံပိုင်သူဖြစ်ပါသည်။ သို့ရာ တွင် ထိုပစ္စည်းအားလုံးနောမိ (Naomi ရောင်းစားပြီးဖြစ်၍ပြန်မရွေးနိုင်ဘဲရှိနေပါသည်။ ရုသသည် ဆင်းရဲသဖြင့် မိမိရထိုက်သော အမွေကို မိမိကိုယ်တိုင် ပြန်ရွေးခြင်းငှာ မတတ်နိုင်ချေ။
2. ဗောဇ (Boaz) သည် ရွေးပိုင်သူဆွေမျိုးအနီးစပ်ဆုံး (near KINSMAN) ဖြစ်သည်။ (Ruth 3:9).
3. ပညတ်တရားအရ ရုသနှင့်တကွ သူမ၏ပစ္စည်းဥစ္စာများကိုပြန်လည် ရွေးယူရန်နှင့်တာဝန် (privilege and responsibility to redeem) သည် ဗောဇ၌ရှိနေသည်။ (Ruth 3:11).
4. ဗောဇသည် အကြွေး (debt) ကိုပေးရန် တတ်နိုင်သည်သာမက အကြွေးကို ပေးဆပ်ရန်လည်း စေတနာ ရှိနေပါသည်။ (Ruth 4:3-6).
5. ဗောဇသည် အဖိုးအခကိုပေးလိုက်ပါသည်။ရုသသည်လည်း သူ၏ မယား ဖြစ်လာသည်။ (Ruth 4:10-13).

C. မည်သည့်နည်းလမ်းအားဖြင့်ခရစ်တော်ထဲတွင်ကျွန်ုပ်တို့ ကို ရွေးနှုတ်ခြင်း(redemption)၊ ခရစ်တော်သည် ကျွန်ုပ်တို့ကိုရွေးနှုတ်သူ (REDEEMER)၊ သိနိုင်သနည်း။

1. ဤအချက်ပြည့်စုံစေရန် ခရစ်တော်သည် ကျွန်ုပ်တို့၏ ဆွေမျိုး(kinsman or relative) ဖြစ်ရပါမည်။
a) (Hebrews 2:14-15) – ခရစ်တော်သည် ကျွန်ုပ်တို့ကို ရွေးနှုတ်ရန်ကျွန်ုပ်တို့ ကဲ့သိုဖြစ်လာသည်။ သူသည် ကျွန်ုပ်တို့ ၏ (KINSMAN-REDEEMER) ဖြစ်လာပါသည်။
b) (Galatians 4:4-5) – ပညတ်တရားအောက်၌ ကျရောက်နေသူများကို ရွေးနှုတ်ခြင်းငှာ မိန်းမဝမ်း၌ ပဋိသန္ဓေယူ တော်မူ၏။

2. ဤအချက် ပြည့်စုံစေရန် ခရစ်တော်၌ ကျွန်ုပ်တို့ခံစားရသော ရွေးနှုတ်ခြင်း (redemption)သည် လူနှင့် သူတို့၏ အမွေဥစ္စာ (relate to people and to their inheritance) နှင့်လည်း စပ်ဆိုင်ရပါမည်။
a) (Galatians 4:5), “ငါတို့သည် သား၏အခွင့်အရာကိုရမည်အကြောင်း…..” ဤကျမ်းပိုဒ်သည်၊ခရစ်တော်၏ ရွေးနှုတ်တော်မူခြင်းကြောင့် ကျွန်ုပ်တို့ သည် နည်းပြ၊ဆရာအောက်ရောက်နေသည့် ကျောင်းသားများ (children under a tutor or teacher) ကဲ့သို့ မဟုတ်တော့ဘဲ အဖေ့အမွေခံမည့် အမွေခံသားများ (sons and heirs of the Father) ဖြစ်လာကြောင်း ရှင်းပြထားသည်။
b) (Ephesians 1:11, 14) – ဤကျမ်းပိုဒ်အရ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် အမွေခံဖြစ်ကြ၏။ (ဧ၊ ၁း၁၁) သန့်ရှင်းသောဝိညာဉ်တော်သည် ထိုအမွေကိုခံဖို့ ရန်ပေးထားသည့် စရံငွေ - earnest (down payment, assurance, guarantee) ဖြစ်လာသည်။

3. ဤအချက်ပြည့်စုံစေရန် ခရစ်တော်သည် ကျွန်ုပ်တို့ကို ရွေးနှုတ်ခြင်းငှာ တတ်နိုင်စွမ်းရှိယုံမျှမက၊ ရွေးနှုတ်လိုသောဆန္ဒလည်းရှိရမည်။ (Christ had to be able and willing to redeem us.)
a) (John 10:17-18) – “… ငါ့အသက်ကိုအဘယ်သူမျှမလုမယူ၊ ကိုယ်အလိုအလျောက် ငါစွန့်၏….”
b) (Matthew 20:28) – “… မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာ ကြွလာတော်မူ၏။”

c) (Hebrews 7:25) – "ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။...."

4. Goel Kinsman (သို့) Redeemer ခေါ် အမျိုးသားချင်းရွေးနှုတ်ပိုင်သူဖြစ်ဖို့ ရန်အတွက် ခရစ်တော်သည် ကျွန်ုပ်တို့ကို ရွေးနှုတ်ရန် အဖိုးအခကို အပြည့်အစုံပေးနိုင်သူဖြစ်ရမည်။

a) (Galatians 1:4) – "ငါတို့ကိုရွေးနှုတ်ခြင်းငှာ ငါတို့အပြစ်ကြောင့် ကိုယ်ကိုကိုယ် အပ်ပေးတော်မူ၏။...."

b) (2 Corinthians 5:21) – ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။

c) (1 Peter 1:18-19) – ခရစ်တော်၏ အသွေးတော်နှင့်သင့်ကို ရွေးတော်မူသည်။

d) (Galatians 3:13) – ကျွန်ုပ်တို့ ကျိန်ခြင်းခံရခြင်းမှ လွှတ်မြောက်ရန် ကျိန်ခြင်းခံတော်မူသည်။

D. ဓမ္မဟောင်းကျမ်း ရွေးနှုတ်ခြင်းအကျဉ်းချုပ် Summary of Redemption in the Old Testament.

1. ဘုရားသခင်အား ဣသရေလလူမျိုးတို့၏ Goel ရွေးနှုတ်ပိုင်သူ (GOEL or KINSMAN-REDEEMER) အဖြစ် တွေ့ရ သည်။

2. ဤအမှန်တရားကို ရုသဝတ္ထုတွင် ဗောဇ က ရုသကို ရွေးနှုတ်ခြင်းဖြင့် လှပစွာသရုပ်ဖော်ထားပါသည်။

3. ရွေးနှုတ်ပိုင်သူအမျိုးသားချင်း (KINSMAN-REDEEMER) သည်၊ ကျွန်ုပ်တို့အား ရွေးနှုတ်ပိုင်သူ ခရစ်တော် ကဲ့သို့ အရည်အချင်းပြည့်စုံရမည်။

4. ရွေးနှုတ်ခြင်းကိုကြည့်လျှင် Redemption is viewed as:

a) လူပုဂ္ဂိုလ်တစ်ဦးအားဖြင့် ပြည့်စုံခြင်း (Being accomplished through a person).
မောရှေသည် ဣသရေလလူမျိုးတို့အား ကယ်လွှတ်ရန် ရွေးချယ်ခံရသူဖြစ်သည်။(Exodus 3:10).
ခရစ်တော်သည် ကျွန်ုပ်တို့အား ကယ်လွှတ်ရန် ရွေးချယ်ခံရသူဖြစ်သည်။(Galatians 4:4-5; John 3:16-17).

b) ဘုရားသခင်တစ်ပါးတည်းဆောင်ရွက်ခြင်း။ (Being entirely of God).
(Compare Exodus 3:7-8 with Ephesians 1:7; 1 Peter 1:18-19.)

c) အသွေးသွန်းခြင်းအားဖြင့် လုံခြုံခြင်း (Being secured by shed blood).
(Compare Exodus 12:13 with Ephesians 1:7; 1 Peter 1:18,19).

d) မဟာတန်ခိုးတော်ဖြင့်အမှုပြီးခြင်း (Being accomplished by supernatural power.)
(Compare Exodus 13:14 and 14:24-31 with Romans 8:2; Ephesians 1:18-19.)

♦ ခရစ်တော်၏ အသွေးတော်သွန်းတော်မူခြင်းသည် ယုံကြည်သူအား အပြစ်နှင့် အပြစ်၏အခမှ (guilt and penalty of sin) ရွေးနှုတ် (ဝယ်ယူပြီးလွှတ်စေခြင်း) တော်မူပါသည်။ (Ephesians 1:7; 1 Peter 1:18-19) သန့်ရှင်းသော ဝိညာဉ်တော် ၏တန်ခိုးတော်သည် ကျွန်ုပ်တို့၏ အသက်တာတွင် ခရစ်တော်၏ ရွေးနှုတ်တော်မူခြင်းကို အကြောင်းပြုလျက် လက်တွေ့ထိတွေ့ခံစားသိရှိစေပါသည်။ (Romans 8:2 and Galatians 5:16).

II. ဓမ္မသစ်ကျမ်းတွင် ရွေးနှုတ်ခြင်းအကြောင်း - REDEMPTION IN THE NEW TESTAMENT

A. ရွေးနှုတ်ခြင်း (REDEMPTION) ကို ဓမ္မသစ်ကျမ်းစာတွင် Greek စကားလုံး သုံးမျိုးဖြင့် ဖော်ညွှန်းထားပါသည်။ ပထမစကားလုံးမှာ Agorazo ဖြစ်ပါသည်။

1. ဤဝေါဟာရသည် agora ဟူသော စကားမှ ဆင်းသက်လာပြီး “ဈေးရောင်းရာအရပ်” “the market place.” ဟု ဆိုလိုသည်။“မြို့ရွာသို့သွား၍စားစရာကို ဝယ်စေခြင်းငှာ အခွင့်ပေးတော်မူ၏” (Matthew 14:15))

2. Agorazo သည် “ဈေးတွင်ဝယ်ယူခြင်း” “to buy in the market place” ဖြစ်၍ အထူးသဖြင့် ကျွန်ဈေးကို ဆိုလိုပါသည်။
3. သခင်ယေရှုသည် ဤလောက၏ “ကျွန်ဈေး” “slave market” သို့ဆင်းသက်လာပြီး၊ ကျွန်ုပ်တို့ကို အဖိုးအခပေး “ဝယ်ယူ” “purchased” or “bought us” သည်။ (1 Corinthians 6:20; 7:23; Revelation 5:9; Acts 20:28).
4. သမ္မာကျမ်းစာတွင် လူသားတို့အား “အပြစ်၏ကျွန်” “slave of sin” အဖြစ် ဖော်ပြထားပါသည်။ (John 8:34; Romans 6:16; Romans 7:14). ထို့ပြင် အပြစ်အတွက် သေဒဏ်စီရင်ချက်ကို ခံရသည်။ (Romans 6:16-23; 5:12; Ezekiel 18:20).
5. မည်သို့ပင်ဆိုစေ လူသည် အရောင်းခံဖြစ်လျက် (up for sale) ဝယ်ယူလိုသူရှိလျှင် ရွေးနှုတ်ခြင်း ခံရနိုင်သော အဆင့်တွင်ရှိသည်။
6. ခရစ်တော်သည် အဖိုးအခကိုပေးနိုင်သူဖြစ်၍ ရွေးနှုတ်လိုသောဆန္ဒရှိပါသည်။ပေးရမည့် အဖိုးအခမှာ အသွေး တော် သွန်းခြင်းနှင့် အသေခံခြင်းဖြစ်ပါသည်။ (Galatians 1:4) “ဆိုးညစ်သော ဤပစ္စုပ္ပန်ဘဝမှ ငါတို့ကို ကယ်နှုတ်ခြင်းငှာ ငါတို့အပြစ်ကြောင့် ကိုယ်ကို ကိုယ်အပ် ပေးတော် မူ၏။….”
(Acts 20:28,) “… မိမိအသွေးနှင့် ဝယ်တော်မူသော အသင်းတော်။.”
7. Agorazo ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်မှာ“ ဈေးမှဝယ်ယူခြင်း” “to buy in the market place” ဟုသာ သက်ရောက် ပါသည်။ ရွေးနှုတ်ခြင်းဟူသော အဓိပ္ပါယ်မသက်ရောက်သေးပါ။ ကျွန်ုပ်တို့အား ဝယ်ယူ ရန်အတွက် ခရစ်တော်ပေးရသော အဖိုးကိုသာ ရည်ညွှန်းပါသည်။

B. ဒုတိယစကားလုံးမှာ "Exagorazo" ဖြစ်ပါသည်။

1. Exagorazo ၏ အဓိပ္ပါယ်မှာ “ဝယ်ယူခြင်း” “to buy out from.” ဖြစ်ပါသည်။ Agorazo စကားလုံး၏ ပုံစံတစ်မျိုးဖြစ်၍ လေ့လာခဲ့သည့်အတိုင်း “ဈေးမှ ဝယ်ယူခြင်း” “to buy in the market place,” ဟူသော စကားမှ ဆင်းသက်လာသည်။ အထူးသဖြင့် ကျွန်ဈေး (slave market.) ကို ဆိုလိုပါသည်။

2. မူရင်းစကားလုံးရှေ့တွင် “EX” တပ်ဆင်ပြီး ကျွန်နှင့် ပတ်သက်၍ အသုံးပြုသောအခါ ထိုသူကို လွတ်လပ်စေမည့်အကြောင်း ဈေးမှ ဝယ်ယူသည်ဟုဆိုလိုပါသည်။.

သရုပ်ဖော်ခြင်း - Illustrations:
a) (Galatians 3:13), ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍ ငါတို့ကို ပညတ်

တရား ကျိန်ခြင်းမှ (ဝယ်ယူ) ရွေးနှုတ်တော်မူပြီ။
b) (Galatians 4:5), ငါတို့သည် သား၏အရာကိုခံရမည့်အကြောင်း ပညတ်တရား၏လက်၌ (ကျွန်ခံချည်နှောင် လျက်) ရှိသော ငါတို့ကို ရွေးနှုတ် (ဝယ်ယူကယ်လွှတ်)စေခြင်းငှာ "သားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏"

3. "Exagorazo" ဆိုရာတွင် နောက်ထပ်အရောင်းမခံရစေရန် ဝယ်ယူခြင်းဟုလည်း ဆိုလိုပါသည်။ ဤ အချက်သည် နောက်ဆုံးအဆင့် အရောင်းအဝယ်ဖြစ်ကြောင်းကို ဖော်ပြပါသည်။ ခရစ်တော်၏ လက်တော်ထဲသို့ ရောက်သွားသော ယုံကြည်သူအား ဘယ်သောအခါမျှထပ်၍ အပြစ် (ပညတ်တရား) ၏ကျေးကျွန် (enslaved by sin or the law) အဖြစ်ငင်း၊ နောက်တဖန် ရောင်းရန် (put up for sale!) အတွက်သော်ငင်း မဖြစတော့ချေ။

4. Agorazo ကဲ့သို့ပင် Exagorazo သည်အမှန်တကယ် ရွေးနှုတ်ခြင်း (actual redemption) ကိုဖော်ပြခြင်း မဟုတ်ဘဲ ထိုရွေးနှုတ် ခြင်းပြီးမြောက်စေရန် ပေးရသော အခကို ဖော်ပြခြင်းဖြစ်ပါသည်။

C. ရွေးနှုတ်ခြင်းကိုဖော်ပြသော မမွသစ်ကျမ်းပါဂရိဘာသာ၏ တတိယဝေါဟာရမှာ Lutroo ဖြစ်ပါသည်။

1. ဤစကားလုံး၏ အဓိပ္ပါယ်မှာ "တန်ဖိုးပေးပြီး လွှတ်မြောက်စေခြင်း သို့မဟုတ် ကိုယ်ဖိုးငွေ (ရွေးဘို့) ရရှိပြီးနောက် လွှတ် လိုက်ခြင်း" "to loose or set free by the paying of a price" or "to release upon receipt of a ransom." ဖြစ်ပါသည်။

သရုပ်ဖော်ခြင်း - Illustrations:
a) (Titus 2:14), ".....ဒုစရိုက်မှ ငါတို့ကို ရွေးနှုတ် (လွှတ်မြောက်စေ)ခြင်းငှာ...." ဤနေရာတွင် ကျွန်ုပ် တို့အား အပြစ်များသော အတ္တဆန္ဒမှ (sinful self-wills) ကယ်လွှတ်တော်မူပါသည်။
b) (1 Peter 1:18), "မိစင်ဘဆက်ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ ရွေးနှုတ်(လွှတ် မြောက်စေ)တော်မူ၏။...." ဤနေရာတွင် ကျွန်ုပ်တို့အား အစဉ်အလာ မိရိုးဖလာဘာသာရေးမှ လွှတ်မြောက်စေ သည်။ (bondage of religious tradition).

2. Lutroo နှင့် ဆက်နွယ်သောစကားလုံးမှာ lutron ဖြစ်၍ ပြန်ပေးငွေပေးချေခြင်း (သို့မဟုတ်)ဖြေ လွှတ်ခြင်း ("to ransom" or "to loose") ဖြစ်၍ ကျွန် တစ်ဦးအား ဝယ်ယူရသည့် တန်ဖိုးငွေ (redemption price of a slave) ကို ဖော်ပြရာတွင် အသုံးပြုပါသည်။

သရုပ်ဖော်ခြင်း - Illustrations:
a) (1 Timothy 2:6), "ကိုယ်ကိုစွန့်တော်မူပြီ"
b) (Mark 10:45 and Matthew 20:28), လူသားသည် မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငှာ....."

3. ခရစ်တော်သည် ကျွန်ုပ်တို့အား ပြန်လည်ဝယ်ယူရွေးနှုတ်ခြင်းငှာ မိမိကိုယ်ကို စွန့်ရန် ကြွလာတော်မူ လျက် ကျွန်ုပ် တို့ကို ဝယ်ယူသည်သာမက အောက်ပါတို့မှ လွှတ်မြောက်စေရန် ဖြစ်ပါသည်။
a) ပညတ်တရား၏ ချည်နှောင်ခြင်းနှင့် ကျိန်ခြင်းမှ - (Galatians 3:13).

b) အပြစ်၏ အုပ်စိုးခြင်းနှင့် တန်ခိုးမှ - (Romans 8:2).
c) စာတန်၏ တန်ခိုးနှင့် အုပ်စိုးခြင်း အာဏာစက်အောက်မှ - (Hebrews 2:14).
d) ဤလောက၏ ပျက်စီးခြင်းနှင့် ကျွန်ပြုခြင်းမှ - (Galatians 1:4).

D. ဓမ္မသစ်ကျမ်းပါ ရွေးနှုတ်ခြင်းအကျဉ်းချုပ် (Summary of Redemption in the New Testament).

1. လူသားတို့သည် ကျွန်ပြုခြင်းခံရလျက် အခြားသောတန်ခိုး၏ အုပ်စိုးခြင်းကိုခံရသည်။(Romans 7:14; John 8:34).
2. လူသည် ချည်နှောင်ခံရလျက် ကျွန်ဘဝဖြင့် ရောင်းချခြင်းခံနေသော ဤလောက ကျွန်စျေးထဲသို့ ခရစ်တော်သည်ကြွရောက်လာသည်။လူသည် နဖူးပေါ်တွင် တန်ဖိုးရေးသားခြင်းခံရလျက် ရွေးသူရှိလျှင် အရွေးခံရန် ရှိနေပါသည်။
3. ခရစ်တော်သည် ကိုယ်ဖိုးငွေကိုပေးချေလိုက်သည်။(paid that price) (1 Corinthians 6:20; 7:23).
4. ခရစ်တော်သည် ကျွန်ပ်တို့အား ကျွန်စျေးမှ အဖိုးကိုပေး၍ “ဝယ်ယူ” တော်မူပါသည်။ဤသို့ဝယ်ယူခြင်းမှာ နောက်ထပ်တစ်ဖန် ကျွန်စျေးတွင် အရောင်းမခံရတော့ရန်ဖြစ်သည်။ ဤအကြိမ်သည် နောက်ဆုံးဖြစ်ပါသည်။ (It is final!)
5. ခရစ်တော်သည် ကျွန်ပ်တို့ကို ဝယ်ယူသောကိုယ်ဖိုးငွေကို ပေးတော်မူသည်သာမက (မာ၊ ၁၀း၄၅) ကျွန်ပ်တို့ကို ပညတ်တရား၏လက်မှလည်းကောင်း၊ အပြစ်တရား၏ လက်မှလည်းကောင်း လွတ်မြောက်စေလျက် ဘုန်းကျက်သရေ မင်္ဂလာတို့နှင့် ပြည့်စုံစေပါသည်။

နိဂုံး - Conclusion:

ဤသင်ခန်းစာကို လေ့လာပြီးနောက် အံ့သြဖွယ်လွတ်မြောက်ခြင်းအကြောင်းသည် သင့်နလုံးကို ပြည့်စေလျက် သင်ရရှိသော လွတ်မြောက်ခြင်းအတွက် ဝမ်းမြောက်လျက်နေပါ။ ဤမှန်ကန်သော သစ္စာတရားကို သင်၏ နေ့စဉ်အသက်တာတွင် ကျင့်သုံးပါ။ ရွေးနှုတ်ခြင်းခံရသော အခွင့်အရေးကို နေ့စဉ်ကျင့်သုံးလျက် လက်တွေ့ခံစား ရမည်ဖြစ်ကြောင်း (redemption is to be experienced and practiced) သတိပြုပါ။ သင်သည် အမှန်ပင် ရွေးနှုတ်တော်မူခြင်းကို ခံရလျက် လွတ်မြောက်ပြီးသူဖြစ်ကြောင်း သူ၏ အသက်တာအားဖြင့် သူတစ်ပါးသိပါစေ။

ရွေးနှုတ်ခြင်းဆိုင်ရာ မေးခွန်းများ - သင်ခန်းစာ (၁၃)

1. ရွေးနှုတ်ခြင်း (redemption) ဆိုင်ရာအခွင့်အရေးသည် နားလည်ယုံမျှထက် လက်တွေ့ ခံစားကြည့်ခြင်းက ပိုကောင်းသည်။ အဘယ့်ကြောင့်ဆိုသော်.....(၃-မှတ်)

a. ကျွန်ပ်တို့ ၏နားလည်နိုင်စွမ်းသည် မပြည့်စုံသဖြင့်။ our understanding is always incomplete.
b. ရွေးနှုတ်ခြင်းကြောင့် ပညတ်တရား၊ အပြစ်တရားနှင့် စာတန်လက်အောက်တို့မှ ကျွန်ပ်တို့ လွတ်မြောက်သည်။ through experiencing redemption we are made free from the law, sin and Satan.
c. ကျွန်ပ်တို့ ကို ရွေးနှုတ်ဖို့ ခရစ်တော် အဖိုးအခ ပေးခဲ့သည်။ Christ paid the price for our redemption.

2 goel ရွေးနှုတ်သူဟူသော Old Testament ၏ အဓိပ္ပါယ်မှာ.....(၃-မှတ်)

a. ဘုရားသခင်။ Jehovah God.
b. ရွေးနှုတ်ကယ်တင်သူ။ Kinsman-Redeemer.
c. ကျွန်ုပ်တို့ နှင့်အတူရှိသောဘုရား။ God is with us.

3. "goel" ရွေးနှုတ်သူ ဟူသော စကားက Israelite များအား ဘာလုပ်ပေးသနည်း။ (၃-မှတ်)

a. လက်ဆောင်များပေးသည်။ Give him gifts
b. ကျွန်ဘဝရောက်စေသည်။ Make him a slave
c. ကျွန်ဘဝမှ ရွေးနှုတ်ကယ်တင်သည်။ Buy him back from slavery

4. "goel" ရွေးနှုတ်သူ ဟူသော စကား၏ အဓိပ္ပါယ်မှာ..... (၃-မှတ်)

a. လူတဦး၏ အမွေဥစ္စာ။ a person's inheritance.
b. လူတဦး၏ ကယ်တယ်ခြင်း။ a person's salvation.
c. လူတဦး၏ မိသားစု။ a person's family.

5. Old Testament ဓမ္မဟောင်းတွင် ရွေးနှုတ်ကယ်တင်သူ Kinsman-Redeemer အဓိပ္ပါယ်ကို အောက်ပါ မည်သည့် ကျမ်းပိုဒ်တွင်တွေ့ ရသနည်း။ (၄-မှတ်)

a. ဝတ် ၂၆း၃-၇ Leviticus 26:3-7
b. ဝတ် ၂၅း၂၅-၃၄ Leviticus 25:25-34
c. ဝတ် ၂၅း၁-၇ Leviticus 25:1-7

6. "goel" ရွေးနှုတ်သူ or "Kinsman-Redeemer. ရွေးနှုတ်ကယ်တင်သူ" ဖြစ်ဖို့ လိုအပ်သော အရည်အချင်း ၄-ခုကို ရွေးချယ်ပါ။ (၁၂-မှတ်)

a. အကြွေးတင်သူနှင့် ဆွေမျိုးတော်ရမည်။ He had to be a relative of the person in debt.
b. အကြွေးတင်သူနှင့် အိမ်နီးနားချင်းဖြစ်ရမည်။ He had to be a neighbor of the person in debt.
c. အကြွေးတင်သူနှင့် သူ၏အမွေဥစ္စာကိုပြန်ရဖို့ လုံးဝတာဝန်ရှိသူဖြစ်ရမည်။ He had to accept full responsibility for the debts and assets of the person's inheritance.
d. အကြွေးတင်သူ၏ အကြွေးမှန်သမျှကို ပေးနိုင်သူဖြစ်ရမည်။ He had to be able to pay the price.
e. ခရစ်ယာန်ဖြစ်ရမည်။ He had to be a Christian.
f. အကြွေးတင်သူ၏ အကြွေးမှန်သမျှကို ပေးသူဖြစ်ရမည်။ He had to actually pay the price in full.
g. ပညတ်တရားအလုံးစုံကို လိုက်လျောက်သူဖြစ်ရမည်။ He had to be able to keep the whole law.

7. Kinsman-Redeemer ရွေးနှုတ်ကယ်တင်သူနှင့် ဥပမာဆောင်ထားသာ ကျမ်းစာဝတ္ထုကား မည်သည့် ကျမ်းနည်။ (၃-မှတ်)

a. ယောန Jonah
b. ရုသ Ruth
c. ဧဇရ Ezra

8. ခရစ်တော်သည် Kinsman-Redeemer ရွေးနှုတ်ကယ်တင်သူဖြစ်ကြောင်း ဖေါ်ပြထားသည့် ကျမ်းပိုဒ် ၄-ခုကို ရွေးချယ်ပါ။ (၁၆-မှတ်)

a. ဂလာ ၄း၄-၅ Galatians 4:4-5
d. မဿဲ ၂၀း၂၈ Matthew 20:28
b. ဧဖက် ၁း၁၁,၁၄ Ephesians 1:11,14
e. မာကု ၁၆း၁၉ Mark 16:19
c. ယော ၃း၁၆ John 3:16
f. ဂလာ ၃း၁၃ Galatians 3:13

9. ခရစ်တော်သည် Kinsman-Redeemer (ရွေးနှုတ်ကယ်တင်သူ) လုပ်ဆောင်ချက်ပုံစံမျိုးကို မည်သည့်နည်းလမ်းအားဖြင့် ဖြည့်ဆည်း လုပ်ဆောင်ခဲ့သနည်း။ ၄-ခုရွေးပါ။ (၁၆-မှတ်)

a. ခရစ်တော်သည် လူသားမျိုးနွယ်ဖြစ်လာသည်။Christ became one with the human race.
b. ခရစ်တော်သည် ဗက်လင်မြို့ တွင်ဖွါးမြင်သည်။Christ was born in Bethlehem.
c. ခရစ်တော်၏ရွေးနှုတ်ခြင်းသည် ကျွန်ုပ်တို့ အမွေဥစ္စာဖြစ်သည်။ Christ's redemption of us had to do with our inheritance.
d. ခရစ်တော်သည် ကျွန်ုပ်တို့ ကို ရွေးနှုတ်လိုသည်သာမက၊ ရွေးနှုတ်နိုင်စွမ်းလည်းရှိသည်။ Christ was both able and willing to redeem us.
e. ခရစ်တော်သည် ကျွန်ုပ်တို့ အဖို့ ဝိညာဉ်တော်ကိုစေလွှတ်သည်။ Christ sent the Holy Spirit to fill us.
f. ခရစ်တော်သည်ကျွန်ုပ်တို ့ကို ရွေးနှုတ်ဖို ့အဖိုးပေးသည်။ Christ paid the full price for our redemption.
g. ခရစ်တော်သည် ဘုန်းတန်ခိုးဖြင့် တဖန်ကြွလာလိမ့်မည်။ Christ is willing to come back in glory.

10. Greek (ဂရိ) ဝေါဟာရ "exgorazo အဂိုရားဇိုး" ၏အဓိပ္ပါယ်မှာ.....(၃-မှတ်)

a. လွှတ်မြောက်စေရန် ရည်ရွယ်လျက် ဈေးထဲမှဝယ်ယူရန်။ to buy out from the market place with the idea of setting free.
b. အဖိုးအခပေးပြီး လွှတ်မြောက်စေရန်။ to set free by paying a price.
c. ကျွန်ဈေးကွက်ဝယ်ယူရန်။ to buy in the slave market.

11. Greek(ဂရိ) ဝေါဟာရ "agorazo" ၏အဓိပ္ပါယ်မှာ.....(၃-မှတ်)

a. လွှတ်မြောက်စေရန် ရည်ရွယ်လျက် ဈေးထဲမှဝယ်ယူသည်။ to buy out from the market place with the idea of setting free.
b. အဖိုးအခပေးပြီး လွှတ်မြောက်စေသည်။ to set free by paying a price.
c. ကျွန်ဈေးကွက်မှ ဝယ်ယူလာသည်။to buy in the slave market.

12. Greek ဝေါဟာရ "lutroo လူသရိုး" ၏အဓိပ္ပါယ်မှာ..... (၃-မှတ်)

a. လွှတ်မြောက်စေရန် ရည်ရွယ်လျက် ဈေးထဲမှဝယ်ယူသည်။to buy out from the market place with the idea of setting free.
b. အဖိုးအခပေးဝယ်ပြီး လွှတ်မြောက်စေသည်။ to set free by paying a price.
c. ကျွန်ဈေးကွက်သို့ ငွေဝယ်ကျွန်များသွင်းယူလာသည်။to buy in the slave market.

13. လူသား တို့ ကိုရွေးနှုတ်ရမည်။အဘယ့်ကြောင့်ဆိုသော်.....(၃-မှတ်)

a. အပြစ်၏ကျေးကျွန်ဖြစ်နေသောကြောင့်။he was a slave of sin.
b. ဘုရားရှင်သည် လူသားတိုင်းကိုချစ်သောကြောင့်။God loves every person.
c. ခရစ်တော်တပါးတည်းသာ ရွေးနှုတ်နိုင်သူဖြစ်သောကြောင့်။Christ was the only one able to do it.

14. ယုံကြည်သူ (believer)သည် ရွေးနှုတ်ပြီးဖြစ်သောကြောင့်.....(၃-မှတ်)

a. သူသည် အပြစ်တန်ခိုးမှ လွှတ်မြောက်ပြီ။he is free from the power of sin.
b. သူသည် လုပ်ချင်သမျှ လုပ်၍ရပြီ။he may do anything he wants to do.
c. သူသည် ဘယ်တော့မှ အပြစ်မလုပ်တော့ပါ။ he can never sin again.

15. အောက်ပါ စာကြောင်းများ၏ရှေ့ တွင် မှန်သော ကျမ်းပိုဒ်ကိုယှဉ်တွဲပါ။ (၁၆-မှတ်)

..... ပညတ်တရား၏ ချည်နှောင်ခြင်းနှင့်ကျိန်ခြင်း (The bondage and curse of the law)	a. ဂလာ ၃း၁၃ Galatians 3:13
..... အပြစ်တရား၏ ထိန်းချုပ်ခြင်းနှင့်တန်ခိုး (The control and power of sin)	b. ရော ၈း၂ Romans 8:2
..... စာတန်၏တန်ခိုးနှင့်အုပ်စိုးခြင်း (The power and domination of Satan)	c. ဟေဗြဲ ၂း၂၄ Hebrews 2:24
..... လောကစနစ်၏ ပျက်စီးခြင်းနှင့်ကျွန်ပြုခြင်း (The corruption and enslavement of this world system)	d. ဂလာ ၁း၄ Galatians 1:4

16. အောက်ပါစာကြောင်း၏ ကွက်လပ်တွင် မှန်ကန်သော စကားလုံးကိုဖြည့်စွက်ပါ။ (၆-မှတ်) ကယ်တင်ခြင်း (salvation), မွေးစားခြင်း (adoption), ရွေးကောက်ခြင်း(election), and ရွေးနုတ်ကယ်တင်ခြင်း (redemption),

ရွေးနှုတ်ကယ်တင်ခြင်းဆိုသောအဓိပ္ပါယ်ကို နားမလည်သ၍၊ ကယ်တင်ခြင်းဟူသော အဓိပ္ပါယ်ကို နားမလည်နိုင် သောကြောင့်၊ ဤသင်ခန်းစာ.....ကို နားလည်ဖို့ အရေးကြီးသည်။

သင်ခန်းစာ (၁၄)
ယုံကြည်သူ၌ရှိသော သဘောသဘာဝ ၂-မျိုး - The Believer's Two Natures

နိဒါန်း - Introduction

သန်းပေါင်းများစွာသော ခရစ်တော်ယုံကြည်ခါစသူများ (new believers) သည် မိမိတို့အသက်တာကို အပ်နှံပြီးမကြာမီမှာပင် အခက်အခဲ၊အကျပ်အတည်းများနှင့်ရင်ဆိုင်ကြုံတွေ့ ရသည့်အခါ၊ ယခင်၊ အသက်တာ မပြောင်းလဲခင်ကကဲ့သို့ ပင် စိတ်ပျက်အားငယ်ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းများ ဖြစ်တတ်ကြသည်။ အဘယ်ကြောင့် ဤသို့ ဖြစ်ရသနည်း၊ အဘယ်ကြောင့်ထိုတိုက်ပွဲသည် မပြီးနိုင်ပဲရှိနေရသနည်း။ အဘယ်ကြောင့် မိမိအထဲတွင် မပြီးနိုင်သောဘဝတိုက်ပွဲ (ceaseless warfare) ဖြင့် မငြိမ်မဝပ်ရှိနေရပါသနည်း။ ဤကဏ္ဍာတွင် ထာဝရငြိမ်သက်ခြင်း မရှိတော့ပြီလော။ ထိုတိုက်ပွဲကို တိုက်၍နိုင်ပါဦးမည်လော။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ အသက်တာတွင်၊ အဆက်မပြတ်ဖြစ်ပျက်နေသည့် အခက်အခဲတိုက်ပွဲများ (constant conflict) အကြောင်းရင်းကိုဖော်ပြရန်နှင့် တိုက်ပွဲကိုမည်ကဲ့သို့ အနိုင်ယူပြီး အောင်ပွဲနှင့်ငြိမ်သက်ခြင်း (victory and peace) ကို မည်သို့ ရမည်ကိုသိရှိနိုင်ပါရန် ဖြစ်ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

ခရစ်တော်ကို ယုံကြည်ခါစသူများသည် ဤကဲ့သို့ အံ့သြခြင်းစိတ်ပျက်ခြင်းများ၊ စိတ်ရှုတ်ထွေးခြင်းများ မကြုံတွေ့စေရန်အတွက် ယုံကြည်သူ၏ သဘောသဘာဝ(၂)မျိုးအကြောင်းကို ကောင်းမွန်စွာ သွန်သင်ဖော်ပြထားရန်လိုပါသည်။ ကယ်တင်ခြင်းရရှိပြီးနှစ်ပေါင်းများစွာ ကြာမြင့်ပြီး ဖြစ်သော ခရစ်ယာန်ကြီးများပင်လျှင် ဤအချက်ကို ကျေညက်ရန် ခက်ခဲနေတတ်ပါသည်။ တစ်စုံတစ်ယောက်သောသူသည် ကယ်တင်ခြင်းသို့ ရောက်သောအခါ ထိုသူသည် သန့်ရှင်း စေခြင်းခံရပြီးဖြစ်၍ ယခင်ကအကျင့်များလွန်မြောက်၊ အပြစ်မပြုနိုင်တော့သောသူအဖြစ်သို့ ရောက်ရှိ သွားကြောင်းဖြင့် မှားယွင်းစွာ သွန်သင်ထားတတ်ပါသည်။ ဤအချက်သည် လူအချို့တို့အား မိမိကိုယ် ကိုသတ်သေခြင်းမျိုး (suicide) ၊ စိတ္တဇရောဂါရရှိစေခြင်းမျိုး (mental) သို့ ဦးတည်စေပါသည်။

သို့ရာတွင် ယုံကြည်သူတိုင်း၌ သဘောသဘာဝ (၂)မျိုး ရှိသည်ဟူသော သမ္မာကျမ်းစာ၏ သွန်သင်ချက်တွင်လည်း ယုံကြည်သူကိုမျှအပြစ်လုပ်ရန် လိုင်စင်ထုတ်ပေးထားခြင်း (license to sin) မရှိကြောင်း တွေ့ရှိရပါသည်။ မိမိကိုယ်ကို မိမိအပြစ်၌ အသေဖြစ်ကြောင်း အသိအမှတ်ပြုလျက် ကိုယ်တော်ရှင်၏ ကယ်လွတ်ပိုင်သော တန်ခိုးတော်သည်၊ ကျွန်ုပ်တို့အတွက် အဆင်သင့်ရှိနေကြောင်း သိထားပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ အုပ်စိုးမှုဖြင့် မိမိတို့ရင်ဆိုင်ရသော တိုက်ပွဲများကိုအနိုင်တိုက်ပြီး အောင်ပွဲခံနိုင်ပေသည်။

သင်ခန်းစာ - THE LESSON

I. လူတိုင်းသည် ဇီဇအပြစ်နှင့် မွေးဖွားလျက် ဇာတိပကတိသဘောရှိသည်။ ALL HUMAN BEINGS ARE BORN WITH AND POSSESS A FALLEN SINFUL NATURE

A. အစအဦး၌ ဘုရားသခင်သည် ပြီးပြည့်စုံသော ကမ္ဘာနှင့် (perfect world) ပြီးပြည့်စုံသောလူယောကျ်ား၊ လူမိန်းမတို့ (perfect man and woman) ကို ဖန်ဆင်း တော်မူပါသည်။ (Genesis 1:10, 12, 18, 21, 31).

B. ဘုရားသခင်သည် စက်ရုပ်ကို (robot) မဖန်ဆင်းခဲ့ပါ။ မိမိဆန္ဒအလျောက်ရွေးတတ် သူများအဖြစ် အာဒံနှင့် ဧဝကို ဖန်ဆင်းထား ခဲ့ပါသည်။ ထိုသူတို့သည် မိမိတို့၏ ဖန်ဆင်းရှင်နှင့် နူတ်ကပတ်တော် (စကား) ကိုပုန်ကန်ရန် ရွေးချယ်ခဲ့ပါသည်။ (Read Genesis 3:1-6.)

C. ထိုဖြစ်ရပ်၏ အကျိုးဆက် (consequence) အနေဖြင့် လောကကြီးထဲသို့ အပြစ်နှင့် သေခြင်း (sin and death) ဝင်ရောက်လာပါသည်။

1. (Romans 5:12), “ဤအကြောင်းအရာဟူမူကား အပြစ်တရားသည် တစ်ယောက်သောသူ အားဖြင့် ဤလောကသို့ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိသော ကြောင့် သေခြင်းသို့ရောက်ရကြ ၏။ ”
2. (1 Corinthians 15:22), “လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်သည့်နည်းတူ….”

D. အာဒံပြစ်မှားသော အပြစ်သည်လူသားမျိုးနွယ်ဆက်သို့သေခြင်းတရားဝင်စေလျက် အာဒံ၏ အပြစ်ပြု တတ်သော ပကတိ နှင့် အပြစ်ကြောင့် ပျက်စီးတတ်သော ပကတိ (Adam’s fallen, sinful nature) ကိုပါ ရယူ ခံစားစေပါသည်။

1. (Romans 3:23), “အဘယ်ကြောင့်နည်းဟူမကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင် ရှေ့တော်၌ အသရေပျက်ကြပြီ”
2. (Isaiah 53:6), “ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးသီး လိုက်သွားကြ သည်ဖြစ်၍…….”
3. (Isaiah 64:6), “ပြုဘူးသမျှသောကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့် တူကြ၏။….”
4. (Romans 3:9), “… ရှင်ပေါလုက အကြောင်းမူကား ယုဒလူ၊ ဟေလသလူအပေါင်းတို့သည် အပြစ်ရှိ ကြောင်း ကို အထက်ကပြခဲ့ပြီ။.” ချွင်းချက်ဟူ၍မရှိပါ။ (There are no exceptions.)

II. လူတိုင်း၏ဇာတိပကတိနှင့် ပတ်သက်၍ ဘုရားသခင်၏အမြင်ကို သမ္မာကျမ်းစာက ရှင်းလင်းစွာ ဖော်ပြထားပါ သည်။ THE BIBLE STATES CLEARLY GOD’S ANALYSIS OF ALL HUMAN NATURE

A. (Jeremiah 17:9), “စိတ်နလုံးသည် ခပ်သိမ်းသောအရာထက်စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသော သဘောရှိ၏။….”

B. (Romans 3:9-12), "… လူအပေါင်းတို့သည် အပြစ်ရှိကြောင်းပြခဲ့ပြီး - ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မှမရှိ၊ နားလည် သောသူမရှိ ဘုရားသခင်ကိုရှာသောသူမရှိ၊ လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ အသုံး မရသောသူဖြစ်ကြပြီ ကောင်းသော အကျင့်ကို ကျင့်သောသူမရှိ တစ်ယောက်မျှ မရှိ။"

C. (Job 15:16), "သို့ဖြစ်လျှင် ရေကိုသောက်သကဲ့သို့ ဒုစရိုက်အပြစ်ကို သောက်လျက် ဆိုးညစ်ရွံ ရှာဖွယ်သော သတ္တဝါ၌ အဘယ်ဆိုဘွယ်ရှိသနည်း။"

D. (Psalm 14:1-3), "… ထိုသူတို့သည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုပ်ဘွယ်သော အမှုကိုပြု တတ်ကြ၏။ ကောင်းသောအမှု ကိုပြုတတ်သောသူတစ်ယောက်မျှမရှိ။…"

E. (Ephesians 2:1-3),"… သင်တို့သည် အထက်ကလောကီတရားသို့လိုက်၍ အာကာသကောင်းကင်၏ တန်ခိုး ကိုအစိုးရသော မင်းတည်းဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သောဝိညာဉ်၏ အလိုနှင့်အညီ ဒုစရိုက် အပြစ်တို့၌ ကျင်လည်ကြ၍ ထိုဒုစရိုက်အပြစ်၌ သေလျက်နေသော သင်တို့ကိုယ်ပင်ဘုရား သခင်သည် အသက်ရှင်စေတော်မူပြီ ထိုငြင်းဆန် သောသူတို့နှင့်တကွ ငါတို့ရှိသမျှသည် အထက်က ကိုယ်ကာယ၏ အလိုသို့ငှင်း၊ စိတ်၏အလိုသို့ငှင်း လိုက်သဖြင့် ကာမဂုဏ်၌ ကျင်လည်သည်ဖြစ်၍ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ကိုခံရသောသူဖြစ်ကြ၏။…."

III. သမ္မာကျမ်းစာက အပြစ်ပြုတတ်သောလူသားတို့၏ ဇာတိပကတိအား အမည်နာမများပေးထားပါသည်။ THE BIBLE CONTAINS NAMES FOR THIS SINFUL HUMAN NATURE

A. ဇာတိပကတိလူ - The NATURAL MAN (1 Corinthians 2:14).
B. ကိုယ်ကာယ - The FLESH (John 3:6; Romans 13:14; Romans 7:25).
C. လူဟောင်း - The OLD MAN (Ephesians 4:22; Colossians 3:9; Romans 6:6).
D. အာဒံဇီဇ - The ADAMIC NATURE (1 Corinthians 15:22; Romans 5:12). ဤကျမ်းပိုဒ်တွင် အာဒံအမျိုးဟု တိကျစွာမသုံးထားသော်လည်း အဓိပ္ပါယ်သက်ရောက်မှုရှိသည်။

IV. ဆွေးမြေ့ယိုယွင်းသောလူသား၏ ဇာတိပကတိလက္ခဏာများကို ကျမ်းစာတွင်ဖော်ပြထားပါသည်။ THE BIBLE PRESENTS CERTAIN DEFINITE CHARACTERISTICS OF FALLEN HUMAN NATURE

A. စဉ်းလဲတတ်၏။ - Deceitful (Jeremiah 17:9).
B. ပုပ်ပျက်တတ်သည်။ - Corrupt (Ephesians 4:22; Psalm 14:1).
C. ရှေဦးစွာကပင်အပြစ်ရှိသည်။ - Sinful from the beginning:
1. (Psalm 51:5), "ကျွန်ုပ်သည် မွေးစကပင်အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်းထဲက ပဋိသန္ဓေ ယူစဉ်က ပင်အပြစ်စွဲပါ၏။ " ကိုယ်ဝန်ရှိခြင်း (Conception) သည် အပြစ်မဟုတ်ပါ။ ကျွန်ုပ်တို့ သည် ဇီဇအပြစ်(sinful natures) နှင့်အတူ အမိဝမ်းထဲမှ မွေးလာကြသည်ဟု ရိုးရှင်းစွာသုံးစွဲထားခြင်းမျှသာဖြစ်သည်။
2. (Psalm 58:3), "မတရားသောသူတို့သည် အမိဝမ်းထဲမှစ၍ရိုင်းသော သဘောရှိကြ၏။ မွေးကတည်း

ကလမ်းလွဲ၍ မုသာစကားကိုပြောတတ်ကြ၏။”

3. (Genesis 8:21), “… လူတို့သည် ငယ်သောအရွယ်မှစ၍ စိတ်နလုံးအကြံအစည်ဆိုးကြ၏။…”

D. (Romans 5:10; Colossians 1:21; James 4:4) ဘုရားသခင်နှင့် ရန်ဘက်ပြုနေ၏။

E. အသုံးမရသော မတတ်စွမ်းနိုင်သော - Totally unprofitable (John 6:63; Romans 3:12).

F. မတတ်စွမ်းနိုင်သော အမှုသုံးမျိုးရှိသည်။ - Has three incapabilities:

1. ဘုရားသခင်၏ တရားတော်အလိုသို့မလိုက်နိုင်။ It cannot OBEY God(Romans 8:7) ပုန်ကန်နေသူဖြစ်သည်။.
2. ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ It cannot PLEASE God (Romans 8:8). ဇာတိပကတိသည် (FLESH) သန့်ရှင်းတော်မူသော ဘုရား၏ စိတ်နလုံးရွှင်လန်းစေခြင်းငှာ မတတ်နိုင်။
3. ဘုရာသခင်ကိုနားမလည်နိုင်။It cannot UNDERSTAND God (1 Corinthians 2:14) ဇာတိပကတိသည် ဝိညာဉ်နှင့်ပတ်သက် သောအရာများတွင် အကန်း(BLIND) ဖြစ်ပါသည်။ (1 Corinthians 2:11).

G. ထိုအကျိုးဆက်ကြောင့်၊ ခရစ်တော်မရသောလူတိုင်းသည် ပျောက်ဆုံးနေသူ (LOST) များသာဖြစ်ပါ သည်။ (ဟေရှာ ၅၃း၆) အပြစ်စီရင်ခြင်း-CONDEMNED (သေဒါဏ်ပေးခြင်း) ခံရပြီးသူများဖြစ်ပါသည်။(ယော ၃း၁၈) ဘုရားသခင်၏ အမျက်တော်ကိုခံရသူဖြစ်ပါသည်။ (John 3:36).

V. သို့သော်- ခရစ်တော်သည် လူသားတိုင်းတို့အား အသက်တာသစ်၊ ပကတိအသစ်တည်းဟူသော ဝိညာဉ်ပကတိကို ပေးရန်ကြွလာတော်မူပြီးဖြစ်၍ “ဟာလေလုယ”ဟု ကြွေးကြော်နိုင်ပါပြီ။ BUT – AND HERE WE MUST SHOUT “HALLELUJAH” – CHRIST CAME TO GIVE ALL MEN A NEW LIFE, A NEW NATURE, A SPIRITUAL NATURE

A. (2 Peter 1:4) – “ဘုရားပကတိ (divine nature) ကိုဆက်ဆံရသောသူဖြစ်စေ တော်မူပြီ။”

B. ထို “ဘုရားပကတိ”(divine nature)သည် ခရစ်တော်၏ ပကတိပင်ဖြစ်ပါသည်။

1. (2 Corinthians 5:17), “… လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင် (ဖန်ဆင်း)သော သတ္တဝါဖြစ်၏။ if any man be in Christ, he is a NEW CREATURE (creation)….”
2. (Galatians 2:20), “… သို့သော် အသက်ရှင်သေး၏ .... ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။….”
3. (Romans 13:14), “သခင်ယေရှုခရစ်ကိုယူတင် ဝတ်ဆင်ကြလော့။…”

C. ခရစ်တော်သည် ဤလာကသို့ကြွလာသည်မှာ မိမိ၌ရှိသောထာဝရအသက်ကို လူတို့အားပေးရန် ဖြစ်ပါသည်။

1. (John 10:10), “… အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှာ ငါလာသတည်း။….”
2. (1 John 5:12), “သားတော်ကိုရသောသူသည် အသက်ကိုရ၏။….”
3. (Ephesians 3:17), “ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့စိတ်နလုံး၌ ကျိန်းဝပ်တော်မူ၏။”
4. (Colossians 3:4), “ငါတို့အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားပေါ်ထွန်းသောအခါ….”

D. ကျွန်ုပ်တို့၏ လူဟောင်းတည်းဟူသော အပြစ်ရှိသည့် ဇာတိပကတိနှင့် ဆန့်ကျင်လျက် ခရစ်တော်၏ အသက်သည် ကျွန်ုပ်တို့ အထဲ၌ ကျိန်းဝပ်လျက် ထိုအသက်သစ်ကို လူသစ်ဟုခေါ်သည်။(THE NEW MAN).

1. (Colossians 3:10), "မှန်သောပညာအားဖြင့် အသစ်ပြုပြင်သောလူသစ်ကို ယူတင်ဝတ်ဆောင် သောသူ ဖြစ်ကြ၏။ (THE NEW MAN)…."
2. (Ephesians 4:24), "မှန်သောဖြောင့်မတ်ခြင်း သန့်ရှင်းခြင်း ပါရမီအားဖြင့် ဘုရားသခင်နှင့်အတူအမျှ ဖန်ဆင်းသောလူသစ်ကို(THE NEW MAN) ယူတင်ဝတ်ဆောင်မည့်အကြောင်း"

E. ထို့ကြောင့် မိမိအပြစ်ကို နောင်တရ၍ ခရစ်တော်အား မိမိအရှင်သခင်နှင့် ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည် လက်ခံသောသူ သည် လုံးဝအသစ်ဖြစ်သောဘုရားပကတိဖြစ်သော ပကတိကို ပိုင်ဆိုင် သူဖြစ်လာပါသည်။ ထိုအသက်သည် ခရစ်တော် ကိုယ်တိုင် ၏အသက်ဖြစ်၍ သန့်ရှင်းသောဝိညာဉ် တော်သည် ယုံကြည်သူအား ခွဲဝေပေးအပ်ခြင်းဖြစ်ပါသည်။ ဤအရာသည် ဒုတိယမွေးခြင်း၊ အသစ်သော မွေးဖွားခြင်း၏ ဆိုလိုရင်းဖြစ်ပါသည်။ (John 1:12; 3:3-8; 1 Peter 1:23).

VI. ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် ခရစ်တော်ကြွလာ၍ ဘုန်းကြီးသောကိုယ်ခန္ဓာကို ကျွန်ုပ်တို့ မရမချင်း အစဉ်ပြိုင်လျက် တိုက်ခိုက်နေကြမည်ဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ THE BIBLE TEACHES THAT THERE IS AND ALWAYS WILL BE (until we receive our glorified bodies at Christ's coming) A CONSTANT WARFARE BETWEEN THESE TWO NATURES

A. လူသည် မိမိဇာတိပကတိတည်းဟူသော လူဟောင်းအဖြစ်မှ ကင်းလွတ်မည်ဟု သမ္မာကျမ်းစာက မသွန်သင်ခဲ့ပါ။

1. သန့်ရှင်းစေခြင်း၊(being sanctified) ဝိညာဉ်တော်နှင့် ပြည့်ဝစေခြင်း(Spirit-filled)၊ သန့်ရှင်းသော ဝိညာဉ်တော်၌ နစ်ခြင်းခံခြင်း(baptized in or with the Spirit)၊ လုံးဝဥဿုံဆက်ကပ်ခြင်း (fully consecrated) အားဖြင့် ဇာတိပကတိနှင့် ကွင်းလွှတ်သည်ဟူသော သွန်သင်မှုများမှာ အတုအယောင်များ သာဖြစ်ပြီး၊ ကျမ်းစာနှင့်မညီသောကြောင့် စိတ်ဓါတ်ပျက်ပြားစေမှုနှင့်ပျက်စီးမှု (demoralizing and destructive) လမ်းသို့ ပို့ဆောင် တတ်သည်။
2. "နလုံးသားပြောင်းလဲသည်" "A change of heart" ဟူသော စကားကိုကျမ်းစာတွင် မတွေ့ရပါ။
3. ထို ့အတူပင် ကျွန်ုပ်တို့၏ ဇာတိပကတိ (old natures)သည် အသစ်ပြုပြင်သည်(renovated)၊ ပိုမို သန့်ရှင်းသည်(refined)။ မွမ်းမံသည်(renewed)။ တိုးတက်လာသည်(improved) ဟူ၍ ကျမ်းစာတွင် အနည်း ငယ်မျှပင် မတွေ့ ရပါ။
4. ထိုအစား "ထိုဇာတိပကတိသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်၌ ညှင်းပမ်းနှိပ်စက်ခံရ လျက် သေဆုံးပြီ(Romans 6:6) ကျွန်ုပ် တို့သည်လည်း ဇာတိပကတိသေပြီဟု ယုံကြည်ခြင်းအားဖြင့် မှတ်ယူထား ရပေသည်။ (Romans 6:11)".

B. တိုက်ပွဲသည် ရှိနေသေးကြောင်းသတိပြုပါ။ Note clearly the warfare that exists:

1. (Romans 7:15-25), "… ငါသည် ကိုယ်ကျင့်သောအကျင့်ကို မနှစ်သက်၊ ကျင့်ချင်သောအကျင့်ကို မကျင့်

ရွံရှာသော အကျင့် ကိုကျင့်၏။ ထိုမကောင်းသောအကျင့်ကို ငါကိုယ်တိုင်ကျင့်သည် မဟုတ်၊ ငါ့အထဲ၌ရှိသော အပြစ်တရားသည်ကျင့်၏။ ငါ့အထဲ၌ ဇာတိပကတိ၌ ကောင်း သောအရာတစ်စုံတစ်ခုမျှမတည်မရှိသည်ကို ငါသိ၏။ ထိုသို့ကောင်းသောအကျင့်ကို ကျင့်ချင်သောအခါ မကောင်းသောအကျင့်ကိုကျင့်စေတတ်သော တရား ကို ငါတွေ့၏။" ဤ ကျမ်းပိုဒ်ကိုအစအဆုံး သေချာစွာဖတ်ပါ။ ဆုတောင်းခြင်းဖြင့်ဖတ်ပါ။ မိမိအသက်တာ အခြေ အနေကို မည်ကဲ့သို့ဖော်ပြနေကြောင်း သတိပြုပါ။

♦ (Romans 8:2)ရောမ ၈း၂ သည် အောင်မြင်ခြင်း၏ မူလကိုဖော်ပြသကဲ့သို့ ရောမ (၇)သည် စစ်မှန်သော ကြည်သူ၏ စိတ်နလုံးထဲတွင် အစဉ်ဖြစ်ပွားနေသော တိုက်ပွဲ၏ သရုပ်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။

2. (Galatians 5:17), "ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တစ်ပါးနှင့်တပါး ဆန့်ကျင်ဖက် အလို ရှိကြ၏။ တစ်ပါးနှင့် တစ်ပါး ဆန့်ကျင်ဖက်ဖြစ်၍ သင်တို့သည် ကျင့်ချင်သော အကျင့်ကိုမကျင့်နိုင်ကြ။" ပြဿနာမှာ ယုံကြည်သူတိုင်း၏အထဲ၌ ဆန့်ကျင်ဖက်ပကတိရှိသော အရာနှစ်ပါးသည် တည်ရှိလျက် ထိုပကတိနှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး အမြဲတိုက်ပွဲဝင် နေကြခြင်းဖြစ်သည်။ မေးခွန်းမှာ ယုံကြည်သူသည်ထိုတိုက်ပွဲကို အောင်နိုင်မည် လော။ ငြိမ်သက်ခြင်းရနိုင်ဦးမည်လော။ တိုက်ပွဲတွင် အောင်နိုင်ခြင်း ရနိုင်မည်လော။

VII. ဟာလေလုယာဟုကြိုးစွာသောအသံနှင့် အောင်ပြီ။ AND, HERE AGAIN, WE MUST SHOUT A LOUD "HALLELUJAH"

A. ဤတိုက်ပွဲကို တိုက်ဖို့ ယုံကြည်သူတစ်ဦးတည်းပစ်မထားရစ်ခဲ့ပါ။ သခင်ယေရှုခရစ် ကိုယုံကြည်သူတို့၏ အထဲတွင် ထိုသူနှင့်အတူ သန့်ရှင်းသော ဝိညာဉ်တော်သည် လာရောက် ကျိန်းဝပ်တော်မူပါသည်။

1. John 14:16-17
2. Romans 8:11, 15-16
1. Galatians 4:6
2. Romans 8:9

B. ကျွန်ုပ်တို့ရရှိသည့် သန့်ရှင်းသောအသက်တာကို ထိတွေ့ခံစားရစေသူမှာ သန့်ရှင်းသောဝိညာဉ် တော် ဖြစ်လျက် အပြစ်အုပ်စိုးသောအသက်တာမှ သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးတော် အားဖြင့် လွတ်မြောက် စေပါသည်။

1. (Romans 8:2), "ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်တော်၏တရားသည် အပြစ်တရား ၏ လက်မှ လည်းကောင်း၊ သေခြင်းတရား၏လက်မှလည်းကောင်း၊ ငါ့ကိုကယ်လွှတ် ပြီ။"
2. (John 6:63), "ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ အသက်လည်းဖြစ်၏။…"
3. (Romans 8:4), "အကြောင်းမူကား၊ ဇာတိပကတိအတိုင်း မကျင့်ဝိညာဉ်ပကတိအတိုင်းကျင့်သော ငါတို့သည် တရား၌ပါ သော ပညတ်တို့ကို စောင့်ရှောက်မည်အကြောင်းတည်း။"
4. (Galatians 5:16), "… ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့ မလိုက် ပဲနေကြ လိမ့်မည်။"

♦ မှတ်ချက်။ ။ သန့်ရှင်းသော ဝိညာဉ်တော်သည် မိမိနှင့်အတူရှိနေကြောင်းကိုသိရှိလျက် မိမိ၏နေ့စဉ် အသက်တာကို သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်ပေါ်၌တည်မှီနေစေသော အခါ ယုံကြည်သူ သည်

အောင်မြင်သောအသက်တာကိုရလာပါသည်။ စုံစမ်း ခြင်းများ (temptations) ပေါ်ပေါက်လာသော အခါ ထိုသူသည် "ဇာတိပကတိ၏အလိုသို့မလိုက်ဘဲနေလိမ့်မည်" ထိုမျှမက ဝိညာဉ်တော်၏ အကျိုး (အသီး) ကိုးပါး သည်ထင်ရှားပါလိမ့်မည်။ (ဂလာ ၅း၁၇-၂၅ ကိုဖတ်ပါ။)

C. လူ၏သဘာဝနှင့် လူ၏ဇာတိသဘော (human nature) အပေါ်အနိုင်ရစေနိုင်သော နောက်ထပ်တန်ခိုး အာဏာများလည်းရှိပါသည်။

1. ဘုရားသခင်၏နှုတ်ကပတ်တော်တန်ခိုး THE POWER OF THE WORD OF GOD.

a) (John 17:17), "သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။...."
b) (Ephesians 5:26),"နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့်သန့်ရှင်းစင်ကြယ်စေမည့် အကြောင်း"
c) (Psalm 119:9, 11), "လူပျိုသည်မိမိသွားသောလမ်းကို အဘယ်သို့သန့်ရှင်းစေနိုင်ပါမည်နည်း ဟူမူကား နှုတ်ကပတ်တော် အတိုင်းသတိပြုရမည် ကိုယ်တော်ကိုမပြစ်မှားဘဲ နေနိုင်မည့် အကြောင်း ဗျာဒိတ် တော် ကိုနှလုံးထဲမှာ သိုထားပါပြီ"
♦ ထို့ကြောင့် ကျမ်းစာဖတ်ခြင်း၊ လေ့လာခြင်း၊ နှုတ်ကပတ်တော်နှင့်မိမိအသက်တာကို ချိန်ညှိခြင်း (studying and reveling in the Word) သည် အပြစ်အပေါ်အောင်မြင် စေသော တန်ခိုးဖြစ်သည်။

2. ခရစ်တော်၏ အသွေးတော်တန်ခိုး THE POWER OF THE BLOOD OF CHRIST

a) (1 John 1:7) – "ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။"
b) (Hebrews 10:19) – ရွေးနုတ်ကယ်တင်တော်မူခြင်းနှင့် အသွေးတော်၏ တန်ခိုးကြောင့် အတားအဆီးမရှိ ဘုရားသခင်ထံတော်သို့ တိုက်ရိုက်ဝင်ခွင့်ရကြပါသည်။ မည်မျှကြီးမြတ်သော အောင်မြင်ခြင်း၏အမြစ်မူလ ပါနည်း။
c) (Revelation 12:11) – အသွေးတော်အားဖြင့် အောင်မြင်ခြင်းကိုရရှိပါသည်။ ယခုလေ့လာသော အရာ သည် စာတန်အကြောင်း မဟုတ်ပါ။စာတန်သည် ကိုယ်ကာယနှင့် ဇာတိပကတိကို သွေးဆောင်သည်ဖြစ်၍ သခင် ယေရှုခရစ်၏ အသွေး တော်ဖြင့် စာတန်ကိုတွန်းလှန် နိုင်ပါသည်။

3. ဆုတောင်းခြင်းတန်ခိုး THE POWER OF PRAYER.

a) (James 5:16) – အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏။
b) (Philippians 4:6-7) – ဆုတောင်းခြင်းသည် ပူပန်ခြင်းနှင့်(anxieties) ကိုယ်ကာယတပ်မက်ခြင်းကို ဖယ်ရှား၏။ ငြိမ်သက်ခြင်းကို ဖြစ်ထွန်း စေပါသည်။
c) (James 4:2) – "... သင်တို့သည် ဆုမတောင်းသောကြောင့် မရကြ။"
d) (Luke 18:1) – "... လူတို့သည် အားမလျော့ပဲ ကြိုးစား၍ ဆုတောင်းရမည်။"
e) (1 Thessalonians 5:17) – "မခြားမလပ်ဆုတောင်းကြလော့။"
f) (Matthew 21:22) (Read also Romans 8:26-27) - ဆုတောင်းခြင်းသည် ဘုရားသခင်၏ တန်ခိုး တော်ကို ထွက်စေလျက် ကျွန်ုပ်တို့၏ အသက်တာတွင် သန့်ရှင်းသော ဝိညာဉ်တော်ကို လှုပ်ရှားဆောင်ရွက်

စေပါသည်။

4.နောက်ဆုံးထင်မှတ်ရန်အချက် (၂)ချက်ရှိပါသည်။ FINALLY, THERE REMAINS THE TWO-FOLD RECKONING.

a) ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံစဉ် ကျွန်ုပ်တို့၏ ပျက်စီးယိုယွင်းသော လူဟောင်းတည်းဟူသော အာဒံခန္ဓာသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံရပြီ။(Romans 6:6).
b) သခင်ခရစ်တော်ကို ယုံကြည်ခြင်းဖြင့်လက်ခံပြီး အပြစ်ဖြေလွှတ်ခြင်းနှင့် ထာဝရအသက်ကို ခရစ်တော်လက်ခံကြ သကဲ့သို့ ကျွန်ုပ်တို့၏ လူဟောင်းနှင့် ဇာတိပကတိသည် ခရစ်တော် နှင့်အတူ လက်ဝါးကပ်တိုင်တွင် ရိုက်ထားလျက် အသေခံပြီဟု ယုံကြည်ခြင်းဖြင့် လက်ခံရမည်။"အပြစ်တရားနှင့်ဆိုင်သော အရာ၌ကား အသေဖြစ်သည်ဟု အမှန်ထင်မှတ်လော့။" (Romans 6:11)

♦ (Romans 6:11), တွင်ထင်မှတ်လော့ (RECKON) ဟူသော စကားသည် အစစ်အမှန်အဖြစ် အပျက်ဖြစ်၍ ထိုအတိုင်းလက်ခံကျင့်သုံးရန်ဆိုလိုပါသည်။"ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေ ခံပြီ" (Galatians 2:20)
(Galatians 5:24), "ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုလည်းကောင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒ များ ကိုလည်းကောင်း လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။...."

c) ထို့ကြောင့်ဇာတိပကတိသည် ခရစ်တော်နှင့်အတူ အသေခံပြီးဖြစ်၍သေပြီဟု ခံယူပြီး ညစ်ညမ်းသော အဝတ်ကိုချွတ်၍ သစ်လွင်သော အဝတ်သစ်ကို ဝတ်ဆင်သကဲ့သို့ ဇာတိကို ချွတ်ပယ်၍ ခရစ်တော်၌ ထိုဇာတိပကတိကိုနေရာပေးရန်မရှိတော့ပါ။ (Romans 13:14; Ephesians 4:22-24; Colossians 3:9-10).
d) အထက်ဆိုခဲ့ပြီးသောအရာများသည် မရှိတော့ဟူသော အနုတ်လက္ခဏာခံယူချက် (NEGATIVE reckoning) ဖြစ်ပါသည်။ အပေါင်းလက္ခဏာခံယူချက် ဖက်မှကြည့်လျှင် "ဘုရားသခင်နှင့်ဆိုင်သောအရာ၌ကား သခင်ယေရှုခရစ်အားဖြင့် အသက်ရှင်သည်ဟူ၍ငြင်း ထင်မှတ်ကြလော့" (Romans 6:11)

♦ "ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်၌ အသက်ရှင်စေတော်မူပြီး၊" (Ephesians 2:1) ကျွန်ုပ်သည် "ဘုရားသခင်နှင့် ဆိုင်သောအရာ၌ အသက်ရှင်နေသည်ဟု" "alive unto God"ယုံကြည်ခြင်းအားဖြင့် လက်ခံထားရပါမည်။ ဆိုလိုချက်မှာ - ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ငင်း(has for me)၊ ကျွန်ုပ်တို့အထဲ၌ငင်း (is to me)၊ ကျွန်ုပ်တို့အားဖြင့်ငင်း (do through me)၊ လုပ်ချင်သမျှကိုလုပ်၍ ရစေရန် အသက်ရှင်ခြင်း၊ ခိုင်းသမျှလုပ်၍ ပေးသမျှယူခြင်း၊ အစေခံရန်အသင့်ရှိနေခြင်း (alive to, open and receptive to, aware of) စသည်များဖြစ်ပါ သည်။

e) ဤထင်မှတ်ခြင်း ၂-ရပ်ကြောင့် (two-fold reckoning) ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာတွင် အစဉ်ရှိနေကြောင်း (God's presence in our LIVES)၊ ခရစ်တော်၏အသက်နှင့်တန်ခိုးတော် (life and power of Christ) သည် ကျွန်ုပ်တို့အားလည်းကောင်း၊ ကျွန်ုပ်တို့မှ တစ်ဆင့်ငင်း အစဉ်စီးဆင်းနေကြောင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်သည် အပြစ်နှင့်သေခြင်းတရား (law of sin and death) ၏ လက်မှ ကျွန်ုပ်တို့ကို အစဉ်ကယ်လွှတ် တော်မူ ကြောင်းကို သိရှိစေပါသည်။

နိဂုံး - Conclusion:

ထို့ကြောင့်မည်မျှပင် ဆက်ကပ်သော ခရစ်ယာန်ပင်ဖြစ်စေ မိမိအတွင်း၌ ထိုတိုက်ပွဲ၏ ရန်မှကင်းလွတ် ခြင်းမရှိပါ။ ခရစ်တော်သည် အသွေးတော်အားဖြင့် ကျွန်ုပ်တို့ကိုဆေးကြောလျက် ခမည်းတော်ထံသို့ တိုက်ရိုက် ဝင်ရသော အခွင့်ကို ပေးမြဲပေးနေပါသည်။

ကျွန်ုပ်တို့ဝိညာဉ်ဖြင့်ဆုတောင်းခြင်း (pray in the Spirit) တွင် ဘုရားသခင်၏ တန်ခိုးတော်သည် ကျွန်ုပ်တို့ အထဲသို့ ထွက်လာမြဲဖြစ်သည်။ ဘုရားသခင်၏ ဆေး ကြောပိုင်သောနှတ်ကပတ်တော်ကို ကျွန်ုပ်တို့ဖတ်သည့် အခါတိုင်း ကျွန်ုပ်တို့ကို သန့်ရှင်းစေမြဲဖြစ်သည်။ ကျွန်ုပ်တို့လူဟောင်းသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ် တိုင်မှာ အသေခံပြီဟု မှတ်ယူသမျှ ကာလပတ်လုံး၊(As long as we, by faith, can reckon our old man to have died with Christ) ဝိညာဉ်တော်၌ ကျွန်ုပ်တို့အသက် ရှင်နေသမျှ ကာလပတ်လုံး (as long as we are able to walk in the Spirit)၊ ထိုကြီးမြတ်သော အောင်ခြင်းသည် ကျွန်ုပ်တို့မမိတ်မသုန်ရယူမည့် အောင်မြင်မှုပင်ဖြစ်တော့သည်။ တိုက်ပွဲကိုအောင်ပြီးဖြစ်သည်။ ငြိမ်သက်ခြင်းဝမ်းမြောက်ခြင်းသည်သင့် အတွက် ပင်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်များအတွက်သာမက အပြစ်ပြုတတ်သောဇာတိပကတိ အတွက်ပါ အသေခံ တော်မူခဲ့ပြီ။

အောင်ပွဲခံလော့(triumphant) “သေပြီးသောအသက်ရှင်သူ” “living dead man” အဖြစ်မိမိကိုယ်ကိုခံယူလော့ (Romans 12:1) မခြားမလပ် ဆုတောင်းကြလော့။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကိုလုံးဝအုပ်စိုးပါစေ။ သေခြင်းကိုအောင်မြင်သော တန်ခိုးကိုစွဲကိုင်လော့ (Romans 6:4) ခရစ်တော်၌ သင်ရယူရန်ရှိသောအရာများကို ရယူပိုင်ဆိုင်လျက် “ဘုရားသခင်နှင့် စပ်ဆိုင်သောအရာ၌ အသက်ရှင်လော့” ရှင်ပေါလုပြောသကဲ့သို့ “ငါသည် ကိုယ်တိုင်မရှင်” “ခရစ်တော်သည်ငါ၌ ရှင်တော်မူ၏”ဟု ပြောပါ။ (Galatians 2:20) ဤသင်ခန်းစာကို ဘုရားသခင်သည် ဘိသိတ်ပေးလျက် သင်၏အသက်တာတွင် အထူးကောင်းချီး မင်္ဂလာဖြစ်စေပါမည့်အကြောင်း ကျွန်ုပ်ဆုတောင်းပါသည်။

ယုံကြည်သူ၌ရှိသော သဘောသဘာဝ ၂-မျိုး ဆိုင်ရာမေးခွန်း -(သင်ခန်းစာ -၁၄)

အောက်ပါမေးခွန်းများမှ မှန်ကန်သောအဖြေတခုကိုရွေးပါ။

1. ယုံကြည်သူ၌ရှိသောသဘောသဘာဝ ၂-မျိုး (believer’s two natures) ကိုယုံကြည်သူ အဖြစ်ပြောင်းလဲခါစ သူများ နားလည်ဖို့ အလွန်အရေးကြီးသည်။ အကြောင်းမှာ……. (၃-မှတ်)

a. သူတို့ သည် နောက်ထပ်အပြစ်မလုပ်တော့သောကြောင့်။ will not do any more sin.

b. သူတို့ သည် ကယ်တင်ခြင်းရပြီးနောက် အပြစ်အကြောင်းနားလည်မှုမမှားစေရန်လိုသောကြောင့်။ will not be confused about sin after they are saved.

c. သူတို့ သည် မှားယွင်းသောအယူများကို မယူသောကြောင့်။ will not make a false profession.

2. ဘုရားရှင် ဖန်ဆင်းခဲ့သော ပထမဦးဆုံးလူသား၂-ဦးသည်……..(၃-မှတ်)

a. ပြီးပြည့်စုံပြီး အပြစ်ကင်းမဲ့သည်။ perfect and without sin.

b. စက်ရုပ်များဖြစ်ပြီး ဘုရားရှင်ပြောသည့်အတိုင်းလုပ်သည်။ robots and did exactly as God told them.

c. အပြစ်ပြုတတ်သောလူဖြစ်သည်။ sinful people.

3. လူသားတို့ ၏အပြစ်ကြောင့်ဖြစ်လာသည့်ရလဒ်မှာ.....(၃-မှတ်)
a. ကောင်းကင်တမန်များကသူတို့ ကိုသတ်လိုက်ခြင်းဖြစ်သည်။ the angels killed them.
b. ဘုရားရှင်ကခွင့်လွှတ်ပြီးဥယျာဉ်ထဲတွင်ထားသည်။ God forgave them and left them in the garden.
c. လူသားတို့ ထံသေခြင်းတရားသည် ရောက်လာသည်။ death came upon them and upon all men.

4. အာဒံ၏အပြစ်ကြောင့် လူသားတို့ ၌ဗီဇအပြစ်ဝင်လာသည့် ကျမ်းပိုဒ်ရွေးပါ။ (၃-မှတ်)
a. ကမ္ဘာ ၁း၁၀ Genesis 1:10
b. ရော ၃း၉ Romans 3:9
c. ဂလာ ၅း၁၆ Galatians 5:16

5. ဒုစရိုက်လူသား (Sinful man)သည်.....(၃-မှတ်)
a. ဘုရားရှင်ကျေနပ်စေအောင်မလုပ်နိုင်။ please God.
b. အခြားသူတို့ ကို မကူညီနိုင်။ help other people.
c. ကောင်းသောဘုရားကျောင်းကို မတက်နိုင်။ attend a good church.

6. ခရစ်တော်အား ကယ်တင်ရှင်အဖြစ်မခံယူနိုင်သောသူသည်.....(၃-မှတ်)
a. ကယ်တင်ခြင်းခံရသည်။ saved.
b. ထာဝရအသက်ဆုံးရှုံးသူဖြစ်သည်။ lost.
c. ခရစ်ယာန်ဖြစ်သည်။ Christians.

7. ယုံကြည်သူသည် ဘုရားပကတိကိုဆက်ဆံသူ (partaker of the divine nature) ဖြစ်ကြောင်းဖေါ်ပြသည့် ကျမ်းပိုဒ်ကိုရွေးပါ။ (၄-မှတ်)
a. Galatians 2:20
b. John 10:10
c. 2 Peter 1:4

8. ခရစ်တော်က ယုံကြည်သူအား အသက်တာသစ်ကိုပေးကြောင်းဖေါ်ပြသည့်ကျမ်းပိုဒ်ကိုရွေးပါ။ (၄-မှတ်)
a. 2 Peter 1:4
b. I John 5:12
c. Galatians 5:16

9. ခရစ်တော်၏အသက်တာသာသစ်ရသောသူကို လူသစ်ဖြစ်ကြောင်းပြောသည့်ကျမ်းပိုဒ်ကိုရွေးပါ။(၄-မှတ်)
a. Ephesians 4:24
b. I John 5:12
c. Galatians 2:20

10. လူဟောင်းနှင့်လူသစ်ကြားတွင်ဖြစ်နေသောစစ်ပွဲသည်.....(၄-မှတ်) The war between the new

and the old nature will continue until: (Value 4 points)

a. ယုံကြည်သူ အပြစ်ကင်းစင်လာသည့်အချိန်ထိဖြစ်နေမည်။ the believer becomes sinless.
b. ယုံကြည်သူ ဘုန်းထင်ရှားသောခန္ဓာကိုယ်ရချိန်ထိဖြစ်မည်။the believer receives his glorified body.
c. ယုံကြည်သူ ဘုရားစကားနားထောင်ချိန်ထိဖြစ်နေမည်။the believer learns to obey God.

11. အပြစ်လုပ်တတ်သောလူဟောင်းကို နိုင်ဖို့ ဝိညာဉ်တော်ကူညီသည့် ကျမ်းပိုဒ် ၂-ခုကိုရွေးပါ။(၈-မှတ်)
a. John 14:16-17
b. Romans 7:15
c. Romans 8:15-16
d. Galatians 5:17

12. ကျွန်ုပ်တို့ သည် အပြစ်လုပ်တတ်သောလူဟောင်းမှလွတ်ကင်းကြောင်းပြသည့်ကျမ်းပိုဒ်ကိုရွေးပါ။(၄-မှတ်)
a. Galatians 5:17
e. Romans 8:4(Answer)
b. Romans 7:15

13. ယုံကြည်သူအထဲ၌ရှိသော နှုတ်ကပတ်တော်တန်ခိုးကိုဖေါ်ပြသည့်ကျမ်းပိုဒ်ကို ရွေးပါ။ (၄-မှတ်)
a. Romans 8:9
b. Galatians 5:16
c. Ephesians 5:26

14. ယုံကြည်သူအထဲ၌ရှိသော ဆုတောင်းခြင်းတန်ခိုးကိုဖေါ်ပြသည့်ကျမ်းပိုဒ်ကို ရွေးပါ။ (၄-မှတ်)
a. I John 3:1
b. James 4:2
c. Galatians 2:20

15. ယုံကြည်သူတဦးအနေဖြင့် ကျွန်ုပ်သည် ဘုရားသခင်နှင့်စပ်ဆိုင်သောအရာတွင်အသက်ရှင်ပြီ။ ဆိုလိုသည်မှာ ကျွန်ုပ်သည်.....(၃-မှတ်)
a. ဘုရားရှင်က ကျွန်ုပ်အားဖြင့်၊ ကျွန်ုပ်တွင်ရှိသမျှအားဖြင့် အလုပ်လုပ်လိုသည်ဆိုသည်ကို သတိပြုရမည်။ be aware of all that God wants to do through me and all He has for me. (Answer)
b. ကျွန်ုပ်အထဲ၌ ဝိညာဉ်ပကတိနှင့်ဇာတိပကတိတို ့အချင်းချင်းတွန်းလှန်တိုက်ခိုက်နေကြသည်ကို သတိပြုရမည်။ be aware of the fact that there is a war within me.
c. ကျွန်ုပ်အသက်တာအတွက် ဘုရားရှင်ထံမှ အထူးကောင်းချီးမင်္ဂလာကို တောင်းခံရမည်။ ask God for a special blessing on my life.

16. လူ၏ဇာတိပကတိ (man's sinful nature) ကိုဖေါ်ပြသော ကျမ်းပိုဒ်နှင့်အဓိပ္ပါယ် ကို ယှဉ်တွဲပါ။ (၁၂-မှတ်)

..... The natural man ဇာတိလူ	a. Ephesians 4:22
..... The flesh ကိုယ်ကာယ	b. Romans 13:14
..... The old man လူဟောင်း	c. I Corinthians 2:14

17. လူ၏သဘောသဘာဝကိုဖေါ်ပြသော အောက်ပါကျမ်းပိုဒ်များကို အဓိပ္ပါယ်နှင့်ယှဉ်တွဲပါ။(၁၅-မှတ်)

..... လှည့်ဖြားသောသူ deceitful	a. Romans 3:12
..... အသုံးကျသောသူ unprofitable	b. Ephesians 4:22
..... ဘုရားရှင်၏ရန်သူ an enemy of God	c. Jeremiah 17:9
..... အစကပင်အပြစ်ရှိ sinful from the beginning	d. Psalm 51:5
..... ဒုစရိုက်အပြစ် corrupt	e. Romans 5:10

18. လူ့ စိတ်သဘောကို အောက်ပါကျမ်းပိုဒ်များက မည်သို့ ပြောသနည်း။(၁၆-မှတ်)

a) Jeremiah 17:9 ----------

b) Psalm14:3 ----------

c) Isaiah 53:6 ----------

d) Romans 3:9 ----------

သင်ခန်းစာ(၁၅) ကောင်းကင်ဘုံ - Heaven

နိဒါန်း - Introduction

ကောင်းကင်ဘုံတည်ရှိနေကြောင်း အတွေးအခေါ်၊ အချက်အလက်အရ (thought or fact) သိရှိထားချက် များသည် စိတ်ကူးယဉ် (fantasy) မဟုတ်ပါ။ အိပ်မက် (သို့ မဟုတ်) တစုံတဦး၏ စိတ်ကူးယဉ်ဖန်တီးမှု (figment of someone's wild imagination) လည်းမဟုတ်ပါ။ ပုံပြင်၊ ဒဏ္ဍာရီ (myth, legend, or superstition) လည်းမဟုတ်ပါ။ ကောင်းကင်ဘုံဆိုသည်မှာ ဝိညာဉ်အတွေ့ အကြုံ (spiritual experience)လည်းမဟုတ်၊ လောကသားတို့၏ စိတ်ကူးယဉ် နိဗ္ဗာန်လည်း(earthly utopia) မဟုတ်ပါ။ ကောင်းကင်ဘုံသည် အသက်ရှိသော လူများ (real people)နှင့် အမြဲမပြတ်သက်ဝင်လှုပ်ရှားနေသော (real activity)၊ အမှန်တကယ်ရှိသောနေရာ (real place) ဖြစ်သည်။ ထိုအရပ်သည် ခမည်းတော် ဘုရားသခင် နေထိုင် ကိန်းဝပ်တော်မူရာ အရပ်ဖြစ်ပါသည်။ (John 14:2) သားတော်ဘုရား ဆုတောင်း နေတော်မူသော အရပ် ဖြစ်ပါသည်။(Hebrews 4:16; 7:25; 1 John 2:1) သခင်ယေရှုခရစ်တော် ကိုမိမိကယ်တင်ပိုင်ရှင်အဖြစ် လက်ခံသော လူသားတိုင်းတို့သွားရောက်ရမည့်နေရာ ဖြစ်ပါသည်။ (Philippians 3:20)။ ဤသင် ခန်းစာကို လေ့လာခြင်းဖြင့် သင်၏စိတ် နလုံးသည် ကောင်းမြတ်သော မျှော်လင့်ခြင်းနှင့် ပြည့်ဝနိုင်ပါစေ။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

မနုဿဝါဒီများ (secular humanist) အနေဖြင့် သင့်အသက်တာတွင် မြင်ရမည့် ကောင်းကင်ဘုံသည် ဤနေရာ၊ ဤအချိန် (here and now)တွင်ပင်ရှိကြောင်း ထို ကောင်းကင်ဘုံကို သင်ကိုယ်တိုင်ပင် တည်ဆောက်ရ မည်ဖြစ်ကြောင်း ပြောကြပါသည်။ လက်တွေ့အားဖြင့်မူ ဘာသာရေးဂိုဏ်းဂဏအားလုံးနှင့် ကမ္ဘာ့နိုင်ငံ တဝှမ်းလုံးရှိ ဘာသာရေးအသင်းအဖွဲ့အားလုံး (all religious cults and all of the great religions of the world) က သူတို့ ၏နောက်လိုက်များအား ထာဝရဝမ်းမြောက်ခြင်း (eternal bliss)တပိုင်းတစကိုဖွင့်ဟ ကမ်းလှမ်းထားခြင်းဖြစ်သည်။ သို့သော်-မည်သည့်ဘာသာကမျှ ကောင်းကင်ဘုံသည် ခရစ်တော် ကို ယုံကြည်၍ ဒုတိယမွေးဖွားခြင်းကိုခံရသော ယုံကြည်သူများနှင့်(born-again)၊ အသက်တာပြောင်းလဲသူများ (transformed, translated believers) ခရစ်တော်နှင့်အတူ စိုးစံကာ၊ ထာဝရချီးမွမ်းနေမည့် ရွှေအိမ်တော်ဖြစ် ကြောင်း မပြောနိုင်ကြပါ။

ကောင်းကင်ဘုံအစစ်အမှန်ရှိကြောင်းသိခြင်းသည်၊ အခြားသောဘာသာတရားများ၏ အချီးနည်းသော မျှော်လင့်ချက်နှင့် (vain and empty hopes of other religions) ခြားနားသည်ကိုသိရန်အရေးကြီးလှပါသည်။

ယုံကြည်သူတိုင်း၏ မျှော်လင့်ခြင်းပြည့်စုံရာအရပ်သည် ကောင်းကင်ဘုံဖြစ်သဖြင့် သာ၍ အရေးကြီး လာပါသည်။ (1 Corinthians 15:19) ယုံကြည်သူတိုင်းပြေးရသော ပန်းတိုင်ဖြစ်ပါသည်။ (Philippians 3:14)။ ယုံကြည် သူတိုင်းဝင်စားရမည့်အမွေကို လက်ခံရရှိမည့်နေရာဖြစ်ပါသည်။(1 Peter 1:4)။

သင်ခန်းစာ - THE LESSON

I. ကောင်းကင်ဘုံ အဘယ်မှာရှိသနည်း - SINCE THERE IS A HEAVEN, WHERE IS IT LOCATED?

A. သမ္မာကျမ်းစာတွင် ကောင်းကင် (၃)ဆင့်ဖော်ပြထားပါသည်။ The Bible speaks of three heavens.

1. FIRST Heaven-(Genesis 1:7-8) တွင် ဘုရားသခင်သည် မိုးမျက်နှာကြက်အောက်၌ ရှိသော ရေနှင့် မိုးမျက်နှာကြက် အထက်၌ရှိသောရေကိုခွဲခြားထားကြောင်းတွေ့ရှပါသည်။ မိုးမျက်နှာကြက်ကိုလည်း မိုးကောင်းကင်ဟု ဘုရားသခင် သမုတ်တော်မူ၏။ ဤမိုးမျက်နှာကြက်ကို သာမန်အားဖြင့် ပထမကောင်းကင် (FIRST Heaven) မှတ်ယူသည်။

2. SECOND Heaven-(Genesis 1:14-18) တွင်ဘုရားသခင်သည် နေ၊ လ၊ ကြယ်တို့ကိုဖန်းဆင်းလျက် မိုးမျက်နှာကြက် အပေါ်၌ထားပြီးမြေကြီး၌ အလင်းဖြစ်စေခြင်းငှာပြုတော်မူကြောင်းဖော်ပြထားပါသည်။ ဤအရာသည် ဒုတိယ ကောင်းကင် (SECOND Heaven) ဖြစ်ပါသည်။

3. THIRD Heaven-(Matthew 6:9)တွင်တတိယကောင်းကင်(THIRD Heaven)ဟု ရှင်ပေါလု ခေါ်ဝေါ်သော အရပ်သည် နေလကြယ်များလွန်သွားလျက် ဘုရားသခင် ကိန်းဝပ်တော်မူရာ အရပ်ဖြစ်ပါသည်။(2 Corinthians 12:2)တွင် တမန်တော်ကြီးရှင်ပေါလုသည် တတိယကောင်းကင်သို့တိုင်အောင် ချီဆောင်ခြင်း ခံရပုံ အကြောင်းဖော်ပြပါသည်။

♦ “ကောင်းကင်ဘုံသည် အာကာသဟင်းလင်းပြင်၏ အပြင်ဘက်မှာလော” “Is heaven in outer space?” ဟုမေးနိုင်ပါသည်။ အာကာသ ဟင်းလင်းပြင်၏အပြင်ဘက်ဆိုရာတွင် ကြယ်များလွန်သွားသောနေရာ ဖြစ်ခဲ့လျှင်၊ ကောင်းကင်ဘုံသည်လည်း ကြယ်များလွန်သွားသောနေရာဖြစ်လျှင် မှန်ပါသည်ဟုဖြေရပါမည်။ ကြယ်များကို လွန်လျက် ထို အထက်ကောင်းကင်၌ ဘုရားသခင်၏ ကိန်းဝပ်တော်မူရာ အရပ်ရှိပါသည်။

B. သမ္မာကျမ်းစာတွင် ကောင်းကင်ဘုံသည် ကမ္ဘာမြေကြီး၏ မြောက်ဘက်တွင်ရှိသည်ဟု ဆိုထားပါသည်။

1. (Isaiah 14:13) – ဤကျမ်းချက်တွင် စာတန်ဖြစ်လာမည့် ကောင်းကင်တမန်မင်း လူစီဖာသည် ဘဝင်မြင့်လျက် ဘုရားသခင်အား ပလ္လင်တော်ပေါ်မှချ၍ စကြံ်ာဝဠာကို မိမိကိုယ်တိုင် အစိုးရရန် ကြံစည် လေသည်။ သူပြောသောစကားကိုသတိပြုပါ။ “ဘုရားသခင်၏ကြယ်တို့၏ အထက်တွင် ရှိသော သလွန် ပေါ်မှာ ငါထိုင်မည်။” “…I will exalt my throne ABOVE THE STARS OF GOD” ထိုသလွန်သည် ဓမ္မဟောင်းကျမ်းထဲတွင် နိုင်ငံတော်ကို(kingdom) ရည်ရွယ်ပါသည်။

“IN THE SIDES OF THE NORTH: I will ascend above the HEIGHTS OF THE CLOUDS: I will be like the most High.” “မြောက်မျက်နှာဘက်” ဗျာဒိတ်တော်တောင်ပေါ်မှာငါထိုင်မည်။ မိုးတိမ်ထိပ်သို့ငါတက်မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်”။

♦ ကောင်းကင်ဘုံသည် မိုးတိမ်တို့၏ အထက်၌ရှိပြီး ကြယ်တို့၏အထက်၌ရှိလျက်၊မြောက်မျက်နှာ ဘက်တွင်ရှိကြောင်း (the sides of the north) ဖော်ပြထားပါသည်။

2. (Psalm 48:2) - "မြေကြီးတပြင်လုံးရွှင်လန်းရာ ဇီအုန်တောင်ထိပ်သည် အဆင်းလှပေ၏" မြောက်မျက်နှာဘက်၌ (THE SIDES OF THE NORTH) မဟာ မင်းကြီး၏ မြို့တော်တည်၏။

3. (Job 26:7) - မိုးကောင်းကင် (မြောက်) ကို လွတ်လပ်လဟာ၌ ကြက်ထားတော်မူ၏။

♦ သမ္မာကျမ်းစာကို လေ့လာရာတွင် ရေးထားသမျှထက်ပို၍ သီဝရီများထုတ်ခြင်း၊ မှန်းဆတွက်ချက်ခြင်းသည် မသင့်လျော်ပါ။ ဤကျမ်းချက်များမှ ကျွန်ုပ်တို့ ဝမ်းမြောက်စွာနှင့် အခိုင်အမာပြောနိုင်သည်မှာ ဤကမ္ဘာမှဝေးရာ အာကာသဟင်းလင်းပြင်ဘက်၊ အထက်မိုးကောင်းကင်၏ မြောက်အရပ်တွင် ဘုရားသခင့်အိမ်တော်ရှိသည် ဟူ၍ ဖြစ်သည်။ (John 14:2).

C. ကောင်းကင်ဘုံသည် မည်သည့်နေရာတွင် ရှိကြောင်း ချင့်တွက်ရန်မလိုဘဲ ဖော်ပြသောစကားနှစ်လုံးကို သမ္မာကျမ်းစာတွင် အသုံးပြုထားသည်။ဎင်းမှာ မြင့်သောအရပ်(It is UP) ၊အထက်အရပ် (It is ABOVE) ဖြစ်သည်။

1.ကောင်းကင်ဘုံသည် မြင့်သောအထက်အရပ်တွင်ရှိသည်။ It is UP.

a) (Acts 7:55) – Stephen (သတေဖန်) သည် "ကောင်းကင်သို့ စေ့စေ့မြော်ကြည့်၍ ဘုရားသခင်၏ ဘုန်းတော်ကိုလည်းကောင်း၊ ဘုရားသခင်၏ လက္ခာတော်ဘက်၌ ယေရှုရပ်နေသည်ကို လည်း ကောင်း မြင်လျှင်"

b) (Acts 1:11) – "… အိုဂါလိလဲလူတို့ အဘယ်ကြောင့် ကောင်းကင်သို့ ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ယေရှုသည် သင်တို့ မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော်မူ သည်နည်းတူ တဖန်ကြွလာတော်မူလတ္တံဟု ပြောဆို၏"။

c) (2 Kings 2:11) – "Elijah - ဧလိယသည် လေပွေအားဖြင့် ကောင်းကင်သို့ တက်လေ၏။"

2.ကောင်းကင်ဘုံသည် အထက်အရပ်၌ ရှိပါသည်။ It is ABOVE.

a) (Colossians 3:1) – "အထက်ကဆိုခဲ့သည့်အတိုင်းသင်တို့သည်ခရစ်တော်နှင့်အတူထမြောက်ကြသည် မှန်လျှင် ဘုရာသခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်တော်မူရာအရပ်၌ ရှိသော အထက် (ABOVE) အရာတို့ကို ရှာကြလော့။"
b) (John 8:23) – "… သင်တို့သည် အောက်သားဖြစ်ကြ၏။ ငါမူကား အထက်သား (ABOVE) ဖြစ်၏။"

♦ ကောင်းကင်ဘုံသည်မြင့်သောအပေါ်၊အထက်အရပ်၌(UP and ABOVE) အမှန်တကယ်ရှိသောကြောင့် အထက်ကိုမျှော်ကြည့်ခြင်း (LOOK UP) နှင့် အထက်အရာကိုစွဲလမ်းခြင်း (ABOVE) အလုပ် (၂) ခုကိုလုပ်ကြပါစို့။

1) LOOK UP - (Luke 21:28) "သင်တို့ကို ရွေးနုတ်သောအချိန်ကာလရောက်လုနီးသည်ကို ထောက်သဖြင့်

မျှော်ကြည့်၍ ခေါင်းကို ကြွကြွလော့ ဟု မိန့်တော်မူ၏။”

2) ABOVE - (Colossians 3:2) “အထက်အရာတို့ကို စိတ်စွဲလမ်းခြင်းရှိကြလော့။”

II. ကောင်းကင်ဘုံသည် အသက်ရှင်သူများနှင့်ရှင်သန်လှုပ်ရှားနေသော အမှန်တကယ်ရှိသည့်နေရာ ဟုပြနိုင်ပါမည်လော။ CAN IT BE SHOWN THAT HEAVEN IS AN ACTUAL PLACE, OCCUPIED BY LIVING BEINGS, AND FILLED WITH ACTIVITY?

A. ကောင်းကင်ဘုံသည် ပြင်ဆင်ထားပြီးသော နေရာဖြစ်ကြောင်း(PREPARED place) ဖော်ပြထားပါသည်။

1. (John 14:2) – “… သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။”

2. (Hebrews 11:16) – “ထိုပြည်ကို မအောက်မေ့ဘဲ။ကောင်းကင်ပြည်တည်းဟူသော သာ၍ မြတ်သော ပြည်ကို တောင့်တခြင်းရှိကြ၏။ ထိုကြောင့် ဘုရားသခင်သည် သူတို့၏ ဘုရားဟူ၍ ခေါ်ဝေါ်ခြင်းကို ရှက်တော်မမူ။ သူတို့နေစရာထိုမြို့ကို တည်ထောင်တော်မူပြီ။”

3. ထို့ကြောင့် ကောင်းကင်ဘုံသည် သခင်ယေရှုကို ယုံကြည်သည့် အထူးစပါယ်ရှယ်ပုဂ္ဂိုလ်များအတွက် အထူးစပါယ်ရှယ် ပြင်ဆင်ထားသောအရပ်ဖြစ်ပါသည်။

B. ကောင်းကင်ဘုံသည် အဖဘုရားမှ အောက်ပါတို့ ကိုလုပ်ဆောင်သောနေရာဖြစ်သည်။

1. မြေကြီးပေါ်မှပျံတက်လာသော ဆုတောင်းချက်တို့ကို ကြားတော်မူရာအရပ်ဖြစ်သည်။(Psalm 65:2; Matthew 6:9).

2. ကျွန်ုပ်တို့တောင်းလျှောက်သော ဆုတောင်းချက်အဖြေကို ပို့ပေးရာအရပ် ဖြစ်သည်။(2 Chronicles 7:14).

3. လူသားတို့၏ လှုပ်ရှားမှုများကို ငုံကြည့်ရာ အရပ်ဖြစ်ပါသည်။(Psalm 14:2; 2 Chronicles 16:9).

4. ဘုရားမဲ့နေခြင်းအမှု၊ တရားကိုလွန်ကျူးခြင်းအမှုအမျိုးမျိုးတို့တဘက်၌ ဘုရားသခင်၏ အမျက်တော် ထင်ရှားရာ အရပ်ဖြစ်သည်။(Romans 1:18).

5. ကောင်းကင်ပြတင်းပေါက်တို့ကိုဖွင့်၍ကောင်းကြီးမင်္ဂလာသွန်းလောင်းရာအရပ်ဖြစ်သည်။(Malachi 3:10).

C. ကောင်းကင်ဘုံသည် ကျွန်ုပ်တို့ ၏သခင်ဖြစ်သော ယေရှုဘုရား အောက်ပါတို့ ကိုလုပ်ဆောင်သည့် နေရာဖြစ်သည်။ (Ephesians 6:9; Colossians 4:1)

1. ခမည်းတော်ဘုရားသခင်၏ လက်ျာတော်ဘက်၌ နေတော်မူရာ (Stands or sits) ရှိရာအရပ်ဖြစ်ပါသည်။

a) (Acts 7:55) – သတေဖန်သည် ဘုရားသခင်၏ လက်ျာတော်ဘက်၌ သခင်ယေရှု ရပ်နေတော်မူသည် ကို မြင်ခဲ့ပါသည်။

b) (Hebrews 1:3) – ကျွန်ုပ်တို့ ၏အပြစ်များကို ကင်းစင်စေပြီးနောက် “…… မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ျာဘက်၌ ထိုင်တော်မူ၏။”

2. ကျွန်ုပ်တို့အတွက်ဆုတောင်းပေးသူ (intercessor) ရှေ့နေ(advocate)၊ စေ့စပ်ပေးသူ(mediator)၊ အဖြစ် ဆောင်ရွက်သောအရပ်ဖြစ်ပါသည်။

a) (1 John 2:1) – "… တစ်စုံတစ်တစ်ယောက်သောသူသည် ဒုစရိုက်ကို ပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော အရှင်ယေရှု ခရစ် တည်းဟူသော ငါတို့အမှုဆောင်သခင် (ရှေ့နေ) သည်ခမည်းတော်ထံ၌ ရှိတော်မူ၏။"
b) (Hebrews 7:25) – "ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။"
c) (1 Timothy 2:5) – "ဘုရားသည် တဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ လူဖြစ်သော ယေရှုခရစ် တည်းဟူ သော အာမခံတဦးတည်း ရှိတော်မူ၏။"

3. ခမည်းတော်ဘုရားသခင်နှင့်အတူ ရှေ့ယခင်က ဘုန်းအသရေနှင့် ခံစားနေရာအရပ် ဖြစ်ပါသည်။
a) ခရစ်တော်သည် ကောင်းကင်ဘုံမှ ဆင်းသက်တော်မူခဲ့ပါသည်။(John 6:51), ခမည်းတော်ဘုရားက စေလွှတ်တော်မူခဲ့ခြင်းဖြစ်သည်။(John 17:18), ယခုခမည်းတော်ထံသို့ပြန်၍ တက်ကြွတော်မူပြီ။ (John 20:17) ။ ကမ္ဘာမတည်မရှိမီ အထံတော်၌ ခံစားရသောဘုန်အသရေကို ပြန်လည်ရရှိပြီးဖြစ်သည်။(John 17:5)

4. ဤလောကသို့ပြန်လည် ဆင်းသက်ရန် စောင့်ဆိုင်းနေတော်မူရာ အရပ်ဖြစ်သည်။
a) အသင်းတော်ကို သိမ်းဆည်းရန်။(1 Thessalonians 4:16-17; Philippians 3:20).
b) မြေကြီးကို တရားစီရင်ရန်နှင့် အုပ်စိုးရန်(Revelation 19:11).

D. ကောင်းကင်ဘုံသည် သမ္မာကျမ်းစာကို အစဉ်ထိန်းသိမ်းထားရာ အရပ်ဖြစ်ပါသည်။
1. (Psalm 119:89) – "အိုထာဝရဘုရား၊ နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏။"
2. (Matthew 24:35) – "ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်။"

♦ မြင်ရသော ကောင်းကင်နှင့်မြေကြီးသည် မျက်မြင်အတိုင်း ဖျက်စီးခြင်းခံရမည်။(2 Peter 3:10-11)။ သို့သော် ဘုရား သခင်၏ နှုတ်ကပတ်တော်သည် အစဉ်အမြဲတည်လိမ့်မည်။

E. ကောင်းကင်ဘုံသည် ကောင်းကင်တမန်တပ် (legions of angels) နေရာအရပ်ဖြစ်သည်။
1. (Matthew 26:53) – ကောင်းကင်တမန် တဆယ့်နှစ်တပ်မကို ခမည်းတော်ထံမှတောင်းလျှင်ရနိုင်ကြောင်း သခင်ယေရှု ပြောပါသည်။
2. (Luke 15:7,10) – အပြစ်သားသည်ကယ်တင်ခြင်းသို့ရောက်သောအခါကောင်းကင်တမန်များတို့သည် ဝမ်းမြောက်ကြပါသည်။

F. ကောင်းကင်ဘုံသည် ကွယ်လွန်ပြီးသော ခရစ်ယာန်တို့၏ ဝိညာဉ်များနေထိုင်ရာအရပ်ဖြစ်ပြီး၊ သခင်ယေရှုသည် အသင်းတော်အတွက်ကြွလာသောအခါ မိမိတို့ကိုယ်ခန္ဓာ၌ ထမြောက်မည့် အချိန်ကို စောင့်ဆိုင်းရသော နေရာဖြစ်ပါသည်။ (Philippians 3:21).
1. (2 Corinthians 5:1) – သန့်ရှင်းသူများသည် သေလွန်သောအခါခရစ်တော်ကြွလာတော်မမူမီတိုင်အောင် ဝိညာဉ်ခန္ဓာ (spiritual body) ၌ နေရကြပါသည်။

♦ ခန္ဓာကိုယ်မရှိသော်လည်း ဝိညာဉ်သည် ပုဂ္ဂိုလ်အဖြစ်ဆက်လက်ရပ်တည်နေနိုင်ကြောင်း(personality without a physical body) အထောက်အထားကို သန့်ရှင်းသောဝိညာဉ်တော်ဘုရားအားဖြင့် ထင်ရှားစွာ သိနိုင်

သည်။

2. (2 Corinthians 5:6,8) – ကျွန်ုပ်တို့သည် ဤမြေကြီးခန္ဓာကို ထားခဲ့သောအခါ "သခင်ဘုရားနှင့်အတူ ရှိနေမည်ဖြစ်သည်။
3. (1 Thessalonians 4:14, 16-17) – ချီဆောင်ခြင်းနေ့တွင် ကျွန်ုပ်တို့၏ဝိညာဉ်သည် ထမြောက်သော ခန္ဓာရယူရန် သခင်ဘုရား နှင့်အတူ လိုက်လာလျက် သခင်ခရစ်တော်နှင့်တူကြမည်ဖြစ်သည်။ (1 John 3:2).
4. သခင်ဘုရားနှင့် အတူ ကောင်းကင်ဘုံ၌ ယခုရှိနေကြသော၊ သန်းပေါင်းများစွာသော ယုံကြည်သူ တို့၏ ဝိညာဉ်များသည် မလှုပ်မရှက်ရှိနေကြသည် (idle or inactive) ဟု ယူဆလျှင် မိုက်မဲရာ ရောက်ပါမည်။

III. ကောင်းကင်ဘုံနှင့် ပတ်သက်၍ အများဆုံးမေးကြသော မေးခွန်းများ၏အဖြေ ANSWERS TO QUESTIONS MOST OFTEN ASKED ABOUT HEAVEN

A. ကောင်းကင်ဘုံ၌လူသားစစ်စစ်များနေကြမည်လော။ Will heaven be occupied by real people?

1. (Revelation 21:3) – "ကောင်းကင်ဘုံ၌ကြီးသောအသံကား ဘုရားသခင်၏တဲတော်သည် လူတို့တွင် ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။သူတို့သည် ကိုယ်တော်၏လူဖြစ်လိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော် တိုင်သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင် ဖြစ်တော်မူမည်"
2. (Matthew 17:1-3) – ဤနေရာတွင် မောရှေနှင့် ဧလိယတို့သည် ကောင်းကင်ဘုံမှ ပေါ်လာလျက် သခင်ယေရှုနှင့်အတူစကားပြောကြသည်။နာမည်အစစ် လူသားအစစ်များပင်ဖြစ်သည် (Actual names! Real people!)။
3. (Matthew 8:11) – "လူများတို့သည် အရှေ့အရပ် အနောက်အရပ်မှလာ၍ ကောင်းကင်နိုင်ငံ၌ အာဗြံ ဂ္ဂဇက်၊ ယာကုပ်တို့နှင့်တကွ လျှောင်းရကြလတ္တံ"့ လူသားစစ်စစ်၊ အမည်နာမ စစ်စစ်များဖြစ်သည်။
4. (Revelation 19:14) "ကောင်းကင်ဗိုလ်ခြေ" တို့သည် အန္တိခရစ်၏တန်ခိုးကို ခြေဖျက်ရန် ခရစ်တော်နှင့် အတူကြွ လာကြသည်။ (အငယ် ၈) တွင် ထိုဗိုလ်ခြေတို့သည် ကောင်းကင်ဘုံ သို့ ရောက်ပြီးသော သန့်ရှင်း သူများ ဖြစ်ကြောင်း ဖော်ပြထားပါသည်။

B. ကျွန်ုပ်တို့သည် ကောင်းကင်ဘုံရောက်သည့်အခါ နာမည်သစ်များရမည်လော၊ လက်ရှိ အမည်များဖြင့်ပင် နေရမည်လော။ What about names? Will we have new names or will we retain our own names?

♦ မြေကြီးတွင် ကျွန်ုပ်တို့ပိုင်ဆိုင်ထားသောအမည်များကိုပင်၊ကောင်းကင်ဘုံ၌ အသုံးပြုကြမည်ဟု သမ္မာ ကျမ်းစာမှ ရှင်းလင်းစွာ သွန်သင်ဖော်ပြသကဲ့သို့ ရှိပါသည်။

1. (Luke 10:20) –"ယေရှုက သင်တို့၏အမည်များသည် ကောင်းကင်စာရင်း၌ ဝင်သည်ကို ဝမ်းမြောက်ခြင်း ရှိကြလော့။" နာမည် အသစ်အဆန်းမဟုတ် သူတို့၏မူလနာမည်များသာဖြစ်ပါသည်။
2. (Philippians 4:3) – "အသက်စာရင်းဝင်သော အခြားသော ငါ၏လုပ်ဖော်ဆောင်ဖက်တို့နှင့် အတူ ဧဝံဂေလိကိုဟောပြောသော အမှုဌ်ကူညီ၍ကြိုးစားအားထုတ်သောမိန်းမတို့ကို မစထောက်ပံ့ကြလော့။ " သူတို့၏ ယခင်အမည်များသာဖြစ်ပါသည်။

3. (Matthew 17:3) – "မောရှေနှင့် ဧလိယတို့သည် ကောင်းကင်ဘုံ၌ အမည်သစ်များရရှိမထားပါ။
4. ဘုရားသခင်သည် ကျွန်ုပ်တို့ ကို ကျွန်ုပ်တို့၏အမည်များဖြင့်ပင်သိထားပါသည်။
a) (Genesis 22:11) – "ဘုရားသခင်သည် အာဗြဟံအား ကောင်းကင်မှနေ၍ နာမည်ရင်းဖြင့်ပင်ခေါ်ပါသည်။
b) (Genesis 21:17) – "ဘုရားသခင်သည် ဟာဂရကို ထိုအမည်ဖြင့်ပင်သိလျက် "ဟာဂရ အဘယ်အမှု ရှိသနည်း"ဟု ကောင်းကင်မှခေါ်ပါသည်။
c) (Exodus 33:17) – ဘုရားသခင်သည်"သင့်ကို သင်၏နာမည်နှင့်တကွငါသိ၏။" ဟု မောရှေအား မိန့်တော်မူ၏။
d) (Acts 9:4) – "ပေါလုသည် တာရှုမြို့သား ရှောလုအဖြစ်ရှိနေစဉ်တွင် ကောင်းကင်မှ ခေါ်လျက် "ရှောလု အဘယ့်ကြောင့် ငါ့ကိုညှင်းဆဲသနည်း"ဟု မေးခဲ့ပါ သည်။

♦ ဤမှန်ကန်သော သစ္စာစကား၏အခြားအထောက်အထားများကို သမ္မာကျမ်းစာတွင် ဆက်လက်ရှာဖွေပါ။ အမှန်တွင် ကောင်းကင်ဘုံသည် လူသားစစ်စစ်များနေရန်ဖြစ်လျက် ထိုသူတို့သည်လည်း မိမိတို့၏ မူလနာမည်ဖြင့်ပင်ရှိနေပါမည်။

C. ကိုယ်ခန္ဓာနှင့်ပတ်သက်၍ ကောင်းကင်ဘုံတွင် ကျွန်ုပ်တို့ခန္ဓာသည်မြင်နိုင်သော၊ ရုပ်ခန္ဓာရှိမည်လော။ What about bodies? Will we have visible, physical bodies in heaven?

1. ပထမဦးစွာ အသင်းတော်ချီဆောင်ခြင်းအချိန် (rapture of the church) ရောက်သောအခါ မြေကြီးပေါ်ရှိ သန်းပေါင်းများစွာ သော ခရစ်ယာန်များတို့သည် အသက်ရှင်လျက်ပင် ရုတ်ချည်းကောင်းကင်သို့ (caught up) ချီဆောင်ခြင်းခံရကြပြီး ဘုရားရှင်နှင့်အတူ ရှိနေကြပါမည်။ (1 Thessalonians 4:15-17)။ ထို ခရစ်ယာန် များတို့သည် ကိုယ်ခန္ဓာအားဖြင့် သေခြင်းကိုမခံစားရဘဲ ကောင်းကင်သို့ အရှင်လတ်လတ် ချီဆောင်ခြင်း ခံရမည်ဖြစ်ပါသည်။(1 Corinthians 15:51)

2. ကောင်းကင်ဘုံသို့ ကိုယ်ခန္ဓာဖြင့်အရှင်လတ်လတ် ချီးဆောင်ခြင်းခံရပြီးသူများ ရှိနေပါသည်။ ဧနောက် Enoch (Genesis 5:24); ဧလိယ Elijah (2 Kings 2:11); မောရှေ Moses (Matthew 17:3; compare with Jude 9); သခင်ယေရှု Jesus (Acts 1:9-10).

♦ အကယ်၍ သန်းပေါင်းများစွာတို့သည် ကောင်းကင်သို့ ကိုယ်ခန္ဓာဖြင့် အရှင်လတ်လတ်ချီဆောင်ခြင်း ခံရမည်မှန်လျှင်၊ အရှင်လတ်လတ်ခန္ဓာကိုယ်ဖြင့် ကောင်းကင်ဘုံသို့ ချီဆောင်ခြင်း ခံရပြီးသူများ ရှိခဲ့ဖူးသည် မှန်လျှင် ကျွန်ုပ်တို့သည် ကောင်းကင်ဘုံတွင် မျက်စိဖြင့်မြင်ရသော ခန္ဓာကိုယ်ကို ရကြမည်ဟု (literal and visible bodies in heaven) လိုက်လံဟောပြောနေဖို့ မလိုအပ်တော့ပေ။

3. ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် ကောင်းကင်ဘုံတွင် မည်သို့ဖြစ်မည်နည်း။ What will be the nature of our bodies in heaven?

a) ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ထမြောက်တော်မူသော သခင်ဘုရား၏ ကိုယ်ခန္ဓာကဲ့သို့ ဖြစ်မည်။ It will be a body just like the body of our risen Lord.

1) (1 John 3:2) "… ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့"့
2) (Philippians 3:21) "… ယုတ်ညံ့သော ငါတို့၏ ကိုယ်ခန္ဓာကိုပင် ဘုန်းအသရေတော်နှင့် ပြည့်စုံသော ကိုယ်ခန္ဓာတော်၏ နည်းတူဖြစ် စေခြင်းငှာ အသစ်ပြင်ဆင်တော်မူလတ္တံ့…"
3) (1 Corinthians 15:52) "… သေလွန်သောသူတို့သည် မပုပ်နိုင်သော အဖြစ်၌တည်လျက် ထမြောက်၍ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။"

♦ ကျွန်ုပ်တို့သည်ပြောင်းလဲသွားမည်။အလဲအလှယ်လုပ်ခြင်းမျိုးမဟုတ်ပါ။(We are to be CHANGED, not EXCHANGED)၊ သို့ သော် ပြောင်းလဲသည့်အခါ ခရစ်တော် ၏ကိုယ်ခန္ဓာနှင့်တူအောင် ပြောင်းလဲသွားမည်ဖြစ်ပါသည်။ (likeness of Christ's body)

b) ပြောင်းလဲသည်ဆိုသည်မှာ မည်သို့ အဓိပ္ပါယ်နည်း - What does this mean?

1) ကိုယ်ခန္ဓာသည် အရိုးအသားပါသော ခန္ဓာဖြစ်ပါမည်။(It will be a body of flesh and bones.) (လု ၂၄း၃၉)တွင် ထမြောက် တော်မူပြီးသော သခင်ဘုရား က "ငါသည် သင်တို့မြင်သည့်အတိုင်း အရိုး၊ အသား နှင့် ပြည့်စုံ၏။ တဖွဲ့ မည်သည်ကား ဤကဲ့သို့ မပြည့်စုံ" ခရစ်တော်သည် နတ်ဆိုး တဖွဲ့မဟုတ် ထို့အတူ ကျွန်ုပ်တို့ လည်း ဖြစ်မည်မဟုတ်။
2) သွေးမပါသောခန္ဓာဖြစ်မည်။(It will be a bloodless body.) (၁ကော ၁၅း၅၀) တွင် "လူအသွေးအသား သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံနိုင်" ဘာဖြစ်လို့ အမွေမခံရမှာလဲ ။

♦ Leviticus 17:11 – "… ကိုယ်ခန္ဓာအသက်သည် အသွေး၌တည်၏"။ ယဇ်ပလ္လင်ပေါ်တွင် သွန်းသော အသွေးသည် အပြစ်ကိုဖြေပါသည်။ ခရစ်တော်သည် အသေခံတော်မူ သောအခါ ကရာနီယဇ်ပလ္လင် (altar of Calvary) ပေါ်တွင် သူ၏အသွေးကို ကျွန်ုပ်တို့အပြစ်များအတွက် သွန်း တော်မူခဲ့ပါသည်။ ထမြောက်သောအခါ သံရိုက်ရာဒါဏ်ချက်ဖြင့် ထမြောက်သော်လည်း သွေး မပါလာချေ။ (Luke 24:39)! သွေးသည် မြေကြီးပေါ်တွင် လူသားအဖြစ်အသက်ရှင်နိုင်ရန် မရှိမဖြစ် လိုအပ်ပါသည်။ သို့ရာတွင် ထာဝရကာလတွင် ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့ သည် ကဗ္ဘာမတည်မရှိမီ ခရစ်တော်၌ရှိသော အသက်ဖြင့် အသက်ရှင်ရမည်ဖြစ်ပါသည်။(Compare with John 1:4; 5:26.)

4. မည်သို့ဖြစ်လာမည်နည်း။ How will this occur?

Philippians 3:20-21 – "…ထိုသခင်သည် ခပ်သိမ်းသော အရာကိုပင် မိမိအောက်၌ နှိမ့်ချနိုင်တော်မူ သော ပြုပြင်အားထုတ်ခြင်း အားဖြင့်"

♦ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်တ့ကွ စကြ်ာဝဠာ တစ်ခုလုံးကို အုပ်စိုးရသော နိယာမတရား (laws) ကို ပြုလုပ်သည့်နည်းတူ (ကော ၁း၁၆) ထိုနိယာမတရား အားလုံးကို မိမိအောက်၌ နှိမ့်ချတော်မူ နိုင်သည်။ (subdued) ကျွန်ုပ်တို့သည် ကိုယ်တော်၏ အနန္တတန်ခိုးတော် (almighty power) အားဖြင့်ပြောင်းလဲကြပါမည်။

5. ကျွန်ုပ်တို့သည် ကောင်းကင်ဘုံတွင် ကိုယ်ခန္ဓာ ရရှိကြပါမည်။ထို ကိုယ်ခန္ဓာသည် သွေးမရှိ (bloodless)၊ အကောင်အထည်ရှိ(physical)၊မျက်စိဖြင့်မြင်နိုင် (visible)၊မသေတတ် (immortal)၊ ထာဝရတည်သော

(eternal)။ မဖျက်ဆီးနိုင်သော (incorruptible)။ မပျက်စီးတတ်သော (imperishable)။ ဘုန်းကြီးသော (glorified)။ ဝိညာဉ်ခန္ဓာ (spiritual bodies)ဖြစ်ပါမည်။ (Read 1 Corinthians 15:41-54 and Philippians 3:21.)

D. ကျွန်ုပ်တို့ သည် ကောင်းကင်ဘုံတွင် တဦးနှင့်တဦးသိကြသည်ဆိုလျှင် မည်သို့ တော်စပ်ကြမည်နည်း။ (Will we actually know each other in heaven, and, if so, in what relationship?)

1. 1 Corinthians 13:12 – "… သိရကြပါမည်။ သူတစ်ပါးသည် ကျွန်ုပ်တို့ကို သိသကဲ့သို့ သိရပါမည်။" ကျွန်ုပ်တို့အမည်များနှင့် ထူးခြားချက်များကို ဘုရားသခင်သည် ယခုပင် သိ နှင့်ပြီးဖြစ်ပါသည်။ (ကောင်းကင်ဘုံသို့ ရောက်နှင့်ပြီး ပုဂ္ဂိုလ်များသည်ပင် သိနိုင်ပါ သည်။(ဟေဗြဲ ၁၂း၁) ကျွန်ုပ်တို့သိရသည်သာမက ကျွန်ုပ်တို့ကို သူ တစ်ပါး သိသကဲ့သိရမည်ဖြစ်ပါသည်။

2. Matthew 8:11 – ကျွန်ုပ်တို့သည် ထိုနိုင်ငံတော်တွင် အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့ နှင့်အတူ ထိုင်ရကြမည်။ သူတို့ကိုလည်း ကျွန်ုပ်တို့ သိရပါမည်။

3. Matthew 17:1-4 – ပေတရုသည် မောရှေနှင့် ဧလိယကို ကြိုတင်မိတ်ဆက်ခြင်းမရှိ၊ ဓါတ်ပုံကြိုမြင်စရာ မလိုဘဲ (previous pictures) ချက်ချင်း သိလိုက်ရပါသည်။ တနည်းပြောရလျှင် ကျွန်ုပ်တို့သိပြီးသော သူများ ကိုသာ သိရကြမည်မဟုတ်ဘဲ အခြားသန့်ရှင်းသူများ (saints) အားလုံးကိုပါ သိရကြမည်ဖြစ်ပါသည်။

4. Acts 1:11 – "ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ ကြွ သွားတော်မူသည့်နည်းတူ တဖန် ကြွလာ တော်မူလတ္တံ့"။ တနည်းပြောရလျှင် ထို ယေရှုပင်ဖြစ်လျှင် ထိုဇနောက်ပင်ဖြစ်ပါမည်။ ထိုဇလိယ ပင်ဖြစ်မည်။ ထို မောရှေ ပင်ဖြစ်မည်။ ကျွန်ုပ်တို့သည် မြေကြီးပေါ်မှတ်ပုံတင်ထားသော အမည်ရှိသော ကြောင့် သာသိရကြ မည်မ ဟုတ်ဘဲ။ တစ်ဦးချင်း၏ ထူးခြားသောအရည် အချင်းများနှင့်သာ သိရမည်ဖြစ်ပါသည်။ ထူးခြားမှုမှာ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ကိုယ်တော်နည်းတူ ဘုန်းကြီးသော ခန္ဓာကိုယ်အဖြစ်ပြောင်းလဲမည့် အချက်သာ ဖြစ်ပါသည်။ (Philippians 3:21).

♦ မြေကြီးပေါ်တွင် မွေးဖွားလာသူ လူသားများတွင် လုံးဝတူညီသော သူနှစ် ယောက်မတွေ့ရပါ။ ကျွန်ုပ်တို့ တစ်ဦးစီသည် ဘုရားသခင်၏ မျက်မှောက်တော် တွင် သီးခြားထူးခြားစွာရှိနေကြပါသည်။

5. ကောင်းကင်ဘုံတွင် မြေကြီးပေါ်မှာကဲ့သို့ လူသားတို့အချင်းချင်းတော်စပ်မှုများ မရှိတော့ပါ။ (Matthew 22:30)။ ကောင်းကင်တမန်ကဲ့သို့ ဘုရားသခင်၏ အမှုတော်ဆောင်များ (servants of God) ဖြစ်လျက် ခရစ်တော်နှင့် အစဉ်ထာဝရအတူနေရမည်။ ကာမဆက်ဆံမှုနှင့် မိသားစုဘဝ (Sexual and family relationships) သည် ဤမြေကြီးတွင် နေထိုင်စဉ်အတွက်သာဖြစ်သည်။ (Genesis 1:27-28, and Genesis 2:22-25). တစ်ယောက်ကိုတစ်ယောက်ကောင်းကင်ဘုံတွင်သိရှိမှတ်မိကြမည် သာမကကောင်းကင်တမန် ကဲ့သို့ ဖြစ်ကြပါမည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏သားများ၊ အမှုဆောင်သူများ (sons and servants of God) ဖြစ်ကြပါမည်။

E. လူမမယ်ကလေးငယ်များမည်သို့ဖြစ်မည်နည်း။ ထိုသူတို့သည် ပျက်စီးသလော၊ သို့မဟုတ် ကောင်းကင်ဘုံသို့ ဝင်သလော။ What about babies or little children – do they perish or go to heaven?

1. 2 Corinthians 5:21. ကို အထူးသတိပြု၍ဖတ်ရှုပါ။ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်များအတွက်ခံတော်မူသည်သာမက အပြစ်ရှိသော သူ အပြစ်သို့ ရောက်ရှိခံယူ (not only bore our sins, but BECAME SIN) တော်မူပါ သည်။ ခရစ်တော်သည် လောကသားအားလုံးတို့၏ အပြစ်အတွက်ခံတော်မူသူ (essence of all the sin) ဖြစ်သောကြောင့် ကလေးသူငယ်နှင့် လူမမယ်များ၏ အပြစ်ကိုလည်းခံယူခဲ့ပါသည်။ လူသား အားလုံးသည် အရွယ်ရောက်လာသည့်အခါမှသာ ကောင်း-မကောင်း ကိုခွဲခြားသိလာရသည်။ အရွယ်ရောက်လာသည့်အသက်အပိုင်းအခြားရှိမှသာ ဘုရားကို သိနိုင်ပါသည်။ ထိုအသက်အရွယ်ရောက်မှသာ မိမိတို့အပြစ်အတွက် မိမိ တာဝန်ယူရသည်။ ထိုအချိန်မတိုင်မီ ကလေးငယ်များသည် ခရစ်တော်၏ လက်ဝါးကပ်တိုင်တွင် သွန်းလောင်းခဲ့သော အသွေးတော်ယဇ်အားဖြင့် လွှမ်းခြုံကွယ်ကာထားလျက်ရှိသည်။ (small children are covered by Christ's precious sacrifice.)

2. Matthew 18:1-14. ဤကျမ်းပိုဒ်သည် ကလေးများနှင့် ပတ်သက်သော အခန်းကြီးဖြစ်ပါ သည်။ (Verse 3) တွင်– ခရစ်တော်ကအပြစ်သားအားလုံးသည် "….ကယ်တင်ခြင်းသို့ ရောက်ရန် ကလေးသူငယ်ကဲ့ သို့ဖြစ်ရမည်" ဟု မိန့်တော် မူခဲ့ပါသည်။
(Verse 10)တွင်– ကလေးငယ်များတွင် သူတို့ ကိုယ်စား ဘုရားရှင်ရှေ့ တွင် ခစားနေသော ကောင်းကင်တမန်ရှိကြောင်း (every child has an angel representing him before the Father) ဖေါ်ပြထားသည်။ (Verse 14) တွင် – သူငယ်တယောက်ကိုမျှပျက်စီးစေခြင်းငှာ ဘုရားသခင်သည် အလိုတော် မရှိကြောင်း (not God's will that any little child be lost) ကို ခရစ်တော်က ရှင်းလင်းစွာ မိန့်ကြားခဲ့ပါသည်။

♦ ဤကျမ်းချက်များကြည့်လျှင် ကလေးသူငယ်များနှင့် လူမမယ်များကို ဘုရားသခင် စောင့်ရှောက်တော်မူသည်ဖြစ်၍ ကယ်တင်ခြင်းသို့ ရောက်ကြောင်း ထင်ရှားပြီးဖြစ်သည်ဟု ယူဆပါသည်။

3. 2 Samuel 12:1-23 - ဒါဝိဒ်၏အားနည်းချက်နှင့် အပြစ်ကြောင့်(David's failure and sin) သူ၏ ကလေးငယ် သေဆုံးသည့်အကြောင်း တွေ့ရပါသည်။ ဒါဝိဒ်အား အဘယ်ကြောင့် အစာရှောင်လျက်ဆုတောင်းခြင်းမပြုပါသနည်းဟုမေးကြသောအခါ - ဒါဝိဒ်သည် ထူးခြား မှတ်သား ဘွယ်စကားကိုပြောခဲ့ပါသည်။ "သူငယ်ကိုပြန်၍ ဆောင်ခဲ့ နိုင်သလော" "Can I bring him back again? သူရှိရာသို့ ငါသွားမည်။ သူသည် ငါရှိရာသို့ မပြန်လာရ" (I shall go to him, but he shall not return to me.)

♦ ဒါဝိဒ်သည် အပြစ်ပြုမိသော်လည်း "ဘုရားသခင်၏စိတ်တော် နှင့်တွေ့သောသူ (man after God's own heart)ဖြစ်ပါသည်။ သူ၏ယုံကြည်ချက်မှာ ဘုရားသခင်သာဖြစ်သည်။ သူသေလျှင် ကောင်းကင်ဘုံသို့ သွားရမည်ဖြစ်ကြောင်း လုံးဝကြိုတင်မျှော်လင့်ထားပြီး၊ ထိုအရပ်တွင် သူငယ်ကိုပြန်တွေ့ရန် အပြည့်အဝ ယုံကြည်ထားပါသည်။

IV. ကောင်းကင်ဘုံသည် ဘာနှင့်တူမည်နည်း။ WHAT WILL HEAVEN BE LIKE?

A. ထိုအရပ်သည် အတိုင်းအဆမရှိ လှပသောနေရာဖြစ်ပါမည်။ (ဗျာ- ၂၁)ကိုဖတ်ပါ။ယေရှုရှင်လင်မြို့သစ် အကြောင်း၊ ဤကမ္ဘာမြေကြီးပျောက်ရွေ့သွားပြီးနောက် ပေါ်လာမည့်မြို့တော်သစ်အကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ (၂ပေ ၃း၁၀-၁၁) ကောင်းကင်သစ်နှင့် မြေကြီးသစ်လည်းပေါ်လာ၏။ (ဗျာ ၂၁း၁) ဘုရားသခင်ထံတော်မှ မြေကြီးသစ် တွင်တည်ရန် ဆင်းသက်လာခြင်းဖြစ်ပါသည်။ (ဗျာ၂၁း၂) ထိုမြို့တော်၏ လှပမှုနှင့် အကျယ်အဝန်းကို အပြည့်အဝ ဖော်ပြ ထားပါသည်။

♦ ဘုရားသခင်ကို ယုံကြည်သောသူတိုင်းတို့၏ နောက်ဆုံးမျှော်လင့်လျက် ပန်းတုံးတိုင်သည်ဤ နေရာဖြစ်မည်ဟု ယူဆ ပါသည်။

B. ထိုအရပ်တွင် “အခန်းအများရှိပါမည်” (many mansions)။ (ယော၊ ၁၄း၁-၂) သို့မဟုတ် အချို့ဘာသာပြန်ထားသည့်အတိုင်းနားနေရာအရပ်များ (many resting places) ရှိမည်။ ကောင်းကင်ဘုံ တွင် ကျွန်ုပ်တို့ယခုတိုက်ရသောတိုက်ပွဲ များပြီးဆုံး၍ ဝန်ထုပ်အားလုံးချထား လျက်ရှိပါမည်။

C. “မင်္ဂလာဆောင်သတို့သမီးကဲ့သို့ပြင်ဆင်လျက်ရှိပါမည်” (ဗျာ ၂၁း၂) သတို့သမီးသည်မည်ကဲ့သို့ အသေးစိတ် အသေအချာ ပြင်ဆင်ထားပါသနည်း။ ထိုနည်းတူဘုရားသခင်သည်ကောင်းကင်၌ကျွန်ုပ်တို့အတွက် သေချာစွာ ပြင်ဆင် ထားပါသည်။

D. ထိုအရပ်၌ “ည၌မရှိ” (no night there) (Revelation 22:5)။ ဆင်းရဲခြင်း၊ နာကျည်းခြင်းတည်းဟူသောညရက်ရှည်များထိုအရပ်၌မရှိ။ ဝမ်းနည်းခြင်းနှင့် အထီးကျန်ခြင်း တည်းဟူသော ည၌လည်းထိုအရပ်၌မရှိ၊ကြောက်ရွံ့ခြင်းနှင့် ရာဇဝတ်မှုတည်း ဟူသော ည၌လည်းမရှိရ။ ကောင်းကင်ဘုံတွင် နေဝင်ချိန်ဟူ၍ မရှိပါ။

E. တေးဂီတသံလွင်သောအရပ်ဖြစ်ပါမည်။ (ဗျာ ၅း၉) ဝမ်းမြောက်စွာ ကိုးကွယ် ဝတ်ပြုခြင်းပြုရပါမည်။(ဆာ ၁၆း၁၁။ ဗျာ ၂၂း၃) ဘုရားသခင်၏ ဘုန်းအသရေတော်သည် အလင်းဖြစ်လိမ့်မည်။ (ဗျာ၂၁း၁၁)

V. ကောင်းကင်ဘုံသို့မည်သူသွားရသနည်း။ အဘယ်ကြောင့်နည်း။ WHO GOES TO HEAVEN AND WHY?

A. ကောင်းကင်ဘုံသို့မည်သူသွားရသနည်း။ Who goes to heaven?

1. 1 Peter 1:3 – “အသက်ရှင်ခြင်းနှင့် စပ်ဆိုင်သောမျှော်လင့်ခြင်းအကြောင်း ရှိစေခြင်းငှာတဖန်ဖြစ်ပွား စေတော်မူသောသူများ ကောင်းကင်ဘုံသို့ သွားမည်။ Those who have been born again into a living hope.
2. Romans 8:17 – သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ သားမှန်လျှင်ခရစ်တော်နှင့်အတူ “ဘုန်းဝင်စား”ရမည်။Those who are children of God by faith in Christ will be “glorified together” with Him.

3. 1 John 3:2 – “ဘုရားသခင်၏သား”တို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့။ “Sons of God” will be made “like Him.”

♦ ကောင်းကင်ဘုံသည်ပြင်ဆင်ထားသော သူတို့အတွက်ပြင်ဆင်ထား သောနေရာ (heaven is a prepared place for prepared people) ဖြစ်ကြောင်းသတိပြုပါ။ (ဗျာ ၅း၉) ကိုယ်တော်၏အသွေး တော်အားဖြင့် ဝယ်ယူခြင်း ခံရသောသူများဝင်ရပါမည်။ (those redeemed by His blood).

B. မည်သူတွေမဝင်ရပါသနည်း။ Who does not go?

1. Revelation 21:8 – ကြောက်တတ်သောသူ (fearful)၊ မယုံကြည်သောသူ (unbelieving)၊ စက်ဆုပ်ရွံရှာဘွယ် သောသူ (abominable) ၊ လူအသက်ကိုသတ်သောသူ(murderers)၊ မတရားသောမေထုန်၌ မှီဝဲသောသူ(whoremongers)၊ ပြုစားတတ်သောသူ(sorcerers)၊ရုပ်တုကိုကိုးကွယ်သောသူ(idolaters)၊ သစ္စာပျက်သောသူ (liars) အပေါင်းတို့မူကား၊ ဒုတိယ သေခြင်းတည်းဟူသော ကန့်နှင့် လောင်သော မီးအိုင် ထဲ၌ မိမိတို့အဘို့ကိုရကြလိမ့်မည်။

2. သခင်ယေရှုခရစ်အား မိမိ၏အရှင်သခင်နှင့် ကယ်တင်ပိုင်ရှင် အဖြစ် လက်ခံရန်ငြင်းပယ်သောသူအတွက် သေခြင်းလမ်းသာ ရှိသည်။ (John 8:24,) “ထို့ကြောင့် သင်တို့သည် ကိုယ်အပြစ်၌ သေကြလိမ့်မည် ဟု ငါဆို၏။ ငါသည် ဤမည်သော သူဖြစ်သည်ကို သင်တို့သည် မယုံလျှင်၊ ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟု မိန့်တော်မူ၏” သင်သည်သခင်ယေရှုခရစ်ကိုယုံကြည်လက်ခံပြီးသူဖြစ်လျှင်သင့်ရှေ့၌ထားရှိသောမျှော်လင့်ခြင်းအတွက်ဝမ်းမြောက် လော့

ကောင်းကင်ဘုံဆိုင်ရာမေးခွန်းများ - သင်ခန်းစာ (၁၅)

1. ကောင်းကင်ဘုံ သည် ယုံကြည်သူများအတွက် အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော်.....(၄-မှတ်)
a. ၎င်းသည် ဝိညာဉ်ရေးရာအတွေ့ အကြုံဖြစ်သောကြောင့်၊ a spiritual experience.
b. ၎င်းသည် ယုံကြည်သူတိုင်း အမွေရသောကြောင့်၊ where every believer receives his inheritance.
c. ၎င်းသည် ရွှေနှင့်လုပ်ထားသောကြောင့်၊ made of gold.

2. ရှင်ပေါလုပြောသော“တတိယကောင်းကင်ဘုံသို့ ချီဆောင်ခြင်းခံရသည်”ဟူသောအဓိပ္ပါယ်မှာ...(၅-မှတ်)
a. ကြယ်များ၏အပြင်ဖက် ဘုရားရှင်ရှိသော နေရာဖြစ်သည်။beyond the stars where God lives.
b. အာကာသကောင်းကင်မှ တိမ်တိုက်များရှိသောနေရာဖြစ်သည်။on the clouds in the sky.
c. ပျော်ရွှင်မှုများရှိသောနေရာဖြစ်သည်။ in a state of happiness.

3. ပထမကောင်းကင်ဘုံ (first heaven) သည်.....(၄-မှတ်)
a. ဘုရားရှင်ရှိသောနေရာဖြစ်သည်။place where God lives.
b. မိုးမျက်နှာကျက်ဖြစ်သည်။ firmament.
c. ဘုရားရှင်မှ ကြယ်တာရာများကိုချထားသောနေရာဖြစ်သည်။place where God put the stars.

4. ကောင်းကင်ဘုံ တည်ရှိရာ (direction of heaven) သည်.....(၄-မှတ်)
a. တောင် South.
b. အရှေ့ East.
c. မြောက် North.

5. ကောင်းကင်ဘုံသည် ပြင်ဆင်ထားသောနေရာဖြစ်ကြောင်း ဖေါ်ပြသည့် ကျမ်းပိုဒ်ကိုရွေးပါ။ (၅-မှတ်)
a. John 14:2
b. Acts 7:55
c. John 8:23

6. အဖဘုရားရှင် ယုံကြည်သူအတွက် ကောင်းကင်ဘုံမှ လုပ်ဆောင်ပေးသော အချက် ၃-ခုရွေးပါ။(၁၂-မှတ်)
a. လူတိုင်းကို ကြည့်နေသည်။ He watches everybody.
b. ကျွန်ုပ်တို့ ၏ဆုတောင်းချက်များကို နားညောင်းသည်။ He hears our prayers.
c. ကမ္ဘာမြေကို တရားစီရင်သည်။ He judges the earth.
d. ယုံကြည်သူများသေဆုံးချိန်ကိုစောင့်နေသည်။ He waits for the believer to die.
e. ကောင်းချီးများချပေးဖို့ ကောင်းကင်ပြူတင်းပေါက်များ ဖွင့်ပေးနေသည်။ He opens the windows of heaven to send down His blessings.

7. ခရစ်တော်သည် ကောင်းကင်ဘုံတွင်ရှိကြောင်းဖေါ်ပြသည့်ကျမ်းပိုဒ်ကိုရွေးပါ။(၅-မှတ်)
a. John 12:2
b. Matthew 6:9
c. Hebrews 1:3

8. ခရစ်တော်သည် ယခုအခါ ကျွန်ုပ်တို့ အတွက် ကောင်းကင်ဘုံတွင်.....(၄-မှတ်) hrist serves us in heaven at this time as our: (Value 4 points)
a. ကိုယ်စားဆုတောင်းပေးသူအဖြစ်လုပ်ဆောင်သည်။ Intercessor.
b. အပြစ်မှကွယ်ကာပေးသူအဖြစ်လုပ်ဆောင်သည်။Shield against sin.
c. တရားသူကြီးအဖြစ်ဆောင်ရွက်သည်။Judge.

9. သမ္မာကျမ်းစာသည် မည်သည့်အခါမျှမပျောက်ကွယ်နိုင်ကြောင်း ဖေါ်ပြသည်ကျမ်းပိုဒ်ရွေးပါ။(၄-မှတ်)
a. Matthew 26:53
b. Matthew 24:35
c. Hebrews 1:3

10. ရုပ်ခန္ဓာမရှိသောပုဂ္ဂိုလ်အဖြစ်(person without a body) အကောင်းဆုံးပြနိုင်သောဥပမာမှာ.....(၄-မှတ်)
a. ယေရှုခရစ်တော် - Jesus Christ.

b. ရှင်ပေါလု - The Apostle Paul.
c. သန့် ရှင်းသော ဝိညာဉ်တော် - The Holy Spirit.

11. ကောင်းကင်ဘုံသည် real people များနှင့်ပြည့်နေမည်ဟုဖေါ်ပြသောကျမ်းပိုဒ်ကိုရွေးပါ။(၅-မှတ်)
a. Matthew 17:1-3
b. Luke 10:20
c. Genesis 22:11

12. ကျွန်ုပ်တို့ ၏နာမည်များသည် ကောင်းကင်ဘုံတွင်လည်း ထိုအတိုင်းဖြစ်မည်ဟု သိကြခြင်းမှာ....(၄-မှတ်)
a. မောရှေနှင့်ဧလိယတို့ ၏နာမည်များ မပြောင်းသောကြောင့်။Moses and Elijah had the same names in heaven.
b. ကျွန်ုပ်တို့ သည် ဤလောကတွင် နာမည်များရှိသောကြောင့်။we have names on earth.
c. ဖိလိပ္ပုသည် ယေရှုဘုရားကိုမြင်သည်နှင့် အမည်ကိုပါသိသောကြောင့်။Philip knew Jesus' name when he saw Him.

13. (rapture of the Church) ချီဆောင်ချိန်တွင်.....(၄-မှတ်)
a. ယုံကြည်သူများ၏ ကိုယ်ခန္ဓာသည် ယေရှုဘုရား၏ကိုယ်ခန္ဓာနှင့်တူသော ရုပ်အဖြစ်သို့ ပြောင်းလဲမည်။ the believer's body will be transformed into a body like unto Christ's.
b. ယုံကြည်သူများသည် ထာဝရအသက်ရမည်။ the believer receives eternal life.
c. သန့် ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများအထဲ၌ကိန်းအောင်းမည်။the Holy Spirit comes to dwell in the believer.

14. ကျွန်ုပ်တို့ သည် ကောင်းကင်ဘုံတွင် တဦးကိုတဦးသိကြမည်ဖြစ်ကြောင်း ဖေါ်ပြသည့်ကျမ်းပိုဒ်ကိုရွေးပါ။(၅-မှတ်)
a. Philippians 3:21
b. I Corinthians 15:50
c. I Corinthians 13:12

15. ကလေးသူငယ်များသေလျှင် ကောင်းကင်ဘုံရောက်သည်။အဘယ့်ကြောင့်ဆိုသော်.....(၄-မှတ်)
a. ဒါဝိဒ်မင်းကြီးသည် သားငယ်သေသောအခါ တနေ့တွင် သူလည်း သူ့သားဆီသွားမည်ဟုပြောခဲ့သည်။ after David's baby died he said he would go to him one day.
b. ရှင်ပေါလုကတတိယကောင်းကင်ဘုံတွင် ကလေးငယ်များတွေ့ ခဲ့သည်ဟု ပြောခဲ့သည်။Paul said he saw babies in the third heaven.
c. ဒါဝိဒ်မင်းကြီးသည် သားငယ်သေသည့်နေ့တွင်ပင် ကောင်းကင်ဘုံသို့သွားခဲ့သည်။David went to heaven the same time his baby died.

16. ကောင်းကင်ဘုံသည် မည်သည့်ပုံစံရှိမည်ဟု ဖေါ်ပြသော အဖြေ ၃-ခုကိုရွေးပါ။(၁၅-မှတ်)

a. ကောင်းကင်ဘုံသည် လှပသောနေရာဖြစ်မည်။ It will be a beautiful place.
b. ကောင်းကင်ဘုံသည် အခန်းများစွာ ရှိမည်။ It will have many resting places.
c. ကောင်းကင်ဘုံသည် မှောင်မဲသောနေရာဖြစ်မည်။It will be a dark place.
d. ကောင်းကင်ဘုံသည် ဂီတသံများလွှမ်းနေသောနေရာဖြစ်မည်။It will be a place with much music.
e. ကောင်းကင်ဘုံသည် အလွန်တိတ်ဆိတ်သောနေရာဖြစ်မည်။It will be a very quiet place where nobody talks.

17. (1 Peter 1:3 ; 1 John 3:2)အရ သေသည့်အခါ မည်သူတို့ ကောင်းကင်ဘုံသွားမည်နည်း။(၆-မှတ်)

18. (Revelation 21:8 ; John 8:24) အရ သေသည့်အခါ မည်သူတို့ ကောင်းကင်ဘုံမသွားရမည်နည်း။(၆-မှတ်)

သင်ခန်းစာ(၁၆)၊ ငရဲ - Hell

နိဒါန်း - Introduction

ငရဲအကြောင်း (doctrine of HELL) နှင့် ပတ်သက်၍ လေ့လာခြင်းသည်၊ အကြောင်းတို့ ကို လေ့လာခြင်း ထက် ပိုမို၍ စိတ်အားငယ်ခြင်း (sober minded)၊ဝမ်းနည်းခြင်း (sorrowful)၊ ငိုကြွေးခြင်း (weeping) အထိဖြစ် စေနိုင်မည်မဟုတ်ပါ။ အကယ်၍ ခရစ်တော်ကို မယုံကြည်သောသူများ ငြင်းပယ်သောသူများတို့အား ညှင်းပမ်း နှိပ်စက်သော ထာဝရငရဲ ရှိသည်မှန်လျှင် ဤသင်ခန်းစာသည် ကျွန်ုပ်တို ့လေ့လာရမည့် အကောင်းသော အမှန်တရား (most awesome truth) ဖြစ်သည်။ ဤသင်ခန်းစာကို လေ့လာသည့်အခါ သင်ကြားပေးသည့် သူရော၊ သင်ကြားခံသည့်သူပါ ပေါ့ပေါ့တန်တန်မထားစေချင်ပါ။အလေးအ နက်ထားစေလိုသည်။ ဤအမှန်တရား နှင့် ပတ်သက်၍ သမ္မာကျမ်းစာ၏ဖော်ပြချက် ကိုရှင်းရှင်းလင်းလင်း တိတိကျကျ ဖော်ပြ နိုင်ရန် ရည်ရွယ်ထား ပါသည်။ ဘုရားသခင်သည် သိနိုင်သော ဉာဏ်ပညာနှင့် သဘောပေါက်နိုင်သော နလုံးသားကို သင့်အား ပေးတော်မူပါစေသော်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

ယနေ့ခေတ်တွင် ဘုရားသခင်၏ မေတ္တာတော် အကြောင်းကို အသင်းတော်များ၌ အကြီးအကျယ် အလေးပေး ဟောပြောနေကြပြီး၊ ဘုရားသခင်၏ တိကျသော တရားမျှတမှု (retributive justice)၊ မရှောင်မလွဲ နိုင်သော တရားစီရင်ခြင်း(inevitable judgment)၊ ဘုရားသခင်၏အမျက်တော်နှင့် (God's wrath)၊ ထာဝရငရဲမီးအိုင် (everlasting hell fire) အကြောင်းကိုမူအနည်းအကျဉ်းမျှသာ ဟောပြောကြတော့သည်။ ဘုရားသခင်သည် ဤငရဲအကြောင်းကို သမ္မာကျမ်းစာ၌ အလေးပေးဖေါ်ပြထားကြောင်းကို ဤ သင်ခန်းစာတွင် တွေ့ရမည်ဖြစ်ပါ သည်။

သခင်ယေရှုသည် ငရဲအကြောင်း (HELL)အကြောင်းကို၊ ကောင်းကင်ဘုံ (HEAVEN) အကြောင်းထက် နှစ်ဆဟောပြောခဲ့ပါသည်။ ခရစ်တော်မရဘဲ သေလွန်သွားရသော သူတို့သည် ထာဝရငရဲမီးအိုင်တွင် ကုန်လွန်ရမည်ဖြစ်ကြောင်းသိရသောအခါ ငရဲအကြောင်းသိဖို ့ပိုမိုအရေးကြီးလာသည်။ ထိုငရဲမီးအိုင်ထဲမှ ကယ်နှုတ်ခြင်းသည် ခရစ်တော်၌ ကျွန်ုပ်တို့ရရှိသော "မဟာကယ်တင်ခြင်း" "the great salvation" ၏ အစိတ်အပိုင်းပင်ဖြစ်ပါသည်။ "ဧရောက်လာမည့် ဘေးဒဏ်" အကြောင်း ဖော်ပြဟောပြောခြင်းမပြုသော တရား ဟောဆရာသည် အမင်္ဂလာဖြစ်ပါသည်။ ဤသင်ခန်စာ လေ့လာခြင်းအားဖြင့် လူတို့အား ကယ်တင်ခြင်းရ ရှိစေလိုသော စိတ်ထားသည် သင်၌ တောက်လောင် ပူပြင်း လာပါစေသော်။

သင်ခန်းစာ - THE LESSON

I. သမ္မာကျမ်းစာတွင်"ငရဲ" ဟူ၍ဘာသာပြန်လေ့ရှိသော စကားလုံးများ HELL ကို King James Version of the Bible, တွင် အဓိပ္ပါယ် ၄-မျိုးဖြင့်ဖေါ်ပြထားသည်။

A. SHEOL (ရှိုးအိုလ်) – ဤဝေါဟာရကို ဓမ္မာဟောင်းကျမ်းတွင်သာ တွေ့ရှိရပြီး ဓမ္မသစ်ကျမ်းတွင် အသုံးပြုသော HADES (ဟေးဒီးစ်) နှင့် သဘောတူညီပါသည်။

- Psalm 18:5, "မရဏာနိုင်ငံ sheol ၏ကြိုးတို့သည် ဝိုင်း၍..."
- Psalm 116:3, "...မရဏာနိုင်ငံ sheol ၏ဘေးတို့သည် ငါကိုဘမ်းမိ သဖြင့် ဒုက္ခဝေဒနာနှင့်ငါတွေ့ကြုံရ၏ "

ဤဝေါဟာရကို KJV တွင် Hell ဟူ၍ မှားယွင်းဘာသာပြန်ထားကြောင်း တွေ့ရှပါသည်။
Sheol ဟူသော ဝေါဟာရကို Old Testament ကျမ်းစာတွင် သေဆုံးခြင်း - "death" or သချိုင်းဂူ - "the grave," ဟူ၍ အကြိမ်ပေါင်းများစွာ သုံးထားသည်။ Sheol ကို ဘုရားကိုသိသူဖြစ်စေ၊ ဘုရားမသိသူဖြစ်စေ (godly or ungodly) သေဆုံးသွားသည့်အခါ၊ ၎င်းတို့ ၏ ဝိညာဉ်များရှိသည့်နေရာ (place for all departed souls,) ဟူ၍ လက်ခံသတ်မှတ်ကြသည်။

B. HADES (ဟေးဒီးစ်) – ဤဝေါဟာရသည် ဟေလသပါဠိတော် (Greek) နှင့် New Testament မှဖြစ်၍ ဓမ္မဟောင်း ကျမ်းမှ (Hebrew) sheol နှင့်သဘောချင်း တူသည်။

- Matthew 11:23, "... အိုကပေရနောင်မြို့၊သင်သည်မိုးကောင်းကင် တိုင်အောင်မြောက်စားခြင်းကို ခံရသော်လည်း မရဏာ HELL (Hades) တိုင်အောင်နိမ့်ချခြင်းကိုခံရလတံ့။..."
- Revelation 1:18, "မရဏာ HELL (Hades) နှင့် မရဏာနိုင်ငံကိုလည်းငါအစိုးရ၏။" ဟေလသ (Greek) ဝေါဟာရ Hades သည် ဟေဗြဲ (Hebrew) ဝေါဟာရ Sheol နှင့်သဘောချင်းတူသည်။ အာဗြဟံ၏ရင်ခွင် "Abraham's Bosom"(Luke 16:22) နှင့် ပြင်းစွာညှင်းဆဲခံရသောနေရာ "a place of torment" (Luke 16:28) ၂-ခုစလုံးသည် Hades(Greek) နှင့် Sheol(Hebrew) ဖြစ်ပြီး၊ ဘုရားသိသူ လာဇရုဏ်၏ဝိညာဉ် နှင့် ဘုရားမသိသူ သူဌေးကြီး၏ဝိညာဉ် တို့ ရှိနေသည်။

C. TARTAROS (တားတရော့စ်) – ဤဝေါဟာရကို ဓမ္မာသစ်ကျမ်းတွင် တစ်ကြိမ်သာ တွေ့ရပါသည်။(2 Peter 2:4), "ပစ်မှားသော ကောင်းကင်တမန်တို့ကို ဘုရားသခင်သည် နမြောတော်မမူ ၊ ငရဲ (Tartaros) ထဲသို့ချလိုက် ပြီးမှ "ဘုရားသခင်ကိုပုန်ကန်သော ကောင်းကင် တန်မန်တို့ (rebellious angels) အား SHEOL လည်း မဟုတ် HADES လည်းမဟုတ်သော မှောင်မိုက်ထဲ၌ သံကြိုးနှင့်ချည်နှောင်လျက်၊ တရားစီရင်ခြင်းအချိန်ကို စောင့် ဆိုင်းစေသည့် အထူးသီးသန့် အရပ်ဖြစ်ပါသည်။။

D. GEHENNA (ဂဟဲနာ) – ဤဝေါဟာရသည် အရပ်ဒေသ တခု၏ အမည်ဖြစ်ပါသည်။ ဟိန်နံသား (Hinnom) ချိုင့် ဖြစ်၍ တစ်ချိန်က လူသားဖြင့်ယဇ်ပူဇော်ခဲ့သော နေရာဖြစ်ပါသည်။(2 Chronicles 33:6), ဤအရပ်တွင် အမှိုက်ပုံ ကြီးကိုမီးရှို့ထားရာ ထိုမီးမှာ မည်သည့်အခါမျှ မငြိမ်းတော့အောင်ရှိနေသဖြင့် လူဆိုးတို့အား တရားစီရင်ခြင်း အကြောင်းကိုယုဒ (Jews)လူတို့အား သတိရစေပါသည်။

♦ Matthew 10:28, "... ခန္ဓာကိုယ်နှင့်စိတ်ဝိညာဉ်ကို ငရဲ (Gehenna) ၌ဖျက်ဆီးနိုင် သောသူကိုသာ၍

ကြောက်ကြလော့။”

♦ Luke 12:5, “ခန္ဓာကိုယ်သတ်ပြီးမှ ငရဲ (Gehenna) ထဲသို့ချနိုင်သောသူကို ကြောက်ကြလော့။”

II. ဓမ္မသစ်၊ဓမ္မဟောင်းကျမ်းများတွင် SHEOL (ဓမ္မဟောင်း)နှင့် HADES (ဓမ္မသစ်)ကိုအသုံးပြုပုံနှင့် အဓိပ္ပါယ်။ THE USE AND MEANING OF BOTH “SHEOL” AND “HADES” IN THE OLD AND NEW TESTAMENTS

A. SHEOL

1. ဓမ္မဟောင်းကျမ်းစကားဖြစ်၍ အောက်ပါအတိုင်း အဓိပ္ပါယ်မျိုးစုံဖြင့်ဘာသာပြန်ထားပါသည်။

a. Hell (သေခြင်း) (Psalm 16:10) – “ကိုယ်တော်သည်အကျွန်ုပ်၏ ဝိညာဉ်ကို မရဏာနိုင်ငံ hell (Sheol) ၌ပစ်ထား တော်မမူ။”

b. The grave (သချိုင်း) (Genesis 37:35) – “ငါ့သားရှိရာ မရဏာနိုင်ငံ grave (Sheol) သို့ စိတ်မသာ ညည်းတွားလျက် ဆင်းသက်တော့မည်။”

c. The pit (သချိုင်းတွင်း) (Numbers 16:30) – “သူတို့သည် အသက်ရှင်လျက် သေမင်းနိုင်ငံ pit (Sheol) သို့ဆင်းသွား လျှင် …”

2. ဓမ္မဟောင်းကျမ်းတွင် SHEOL သည်သေလွန်သူအားလုံးတို့၏ သွားရာအရပ်၊ လူသား၏ ဘဝအဆုံး သတ်ရာ အရပ်ဟုမြင်ကြ ပါသည်။ ထို့ကြောင့် SHEOL ကိုသချိုင်းတွ င်း (grave) နှင့်တန်းတူ အသုံးပြုထားခြင်းဖြစ်ပါသည်။

a. Jacob to Reuben – “သင်တို့သည် ငါ့ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံ (SHEOL) သို့ သက်ရောက် စေကြလိမ့်မည်။” (Genesis 42:38).

b. Job – “အကျွန်ုပ်ကိုသချိုင်းတွင် (SHEOL) ၌ဝှက်ထားတော်မူပါစေ။” (Job 14:13).

3. Sheol ကို ရိုးရိုးသာမန် လူပြိန်းအမြင်ဖြင့်ကြည့်လျှင် သချိုင်းတွင်း သို့မဟုတ် ဘဝ၏အဆုံးသတ်ရာ အရပ် (grave or the end of life itself) ဟု ဆိုနိုင်သည်။(Ecclesiastes 9:5,10)။ သို့ရာတွင် ဓမ္မဟောင်းကျမ်းတွင် SHEOL ကို အောက်ပါ အရပ်အဖြစ် ဖော်ပြထားပါသည်။

a. မတရားသောသူတို့ကို ထားရသောနေရာ - The wicked are placed and turned (Psalm 9:17).

b. ဝမ်းနည်းခြင်းရှိရာအရပ် - Sorrows are experienced (Psalm 18:5; 2 Samuel 22:6).

c. များစွာသော ဆင်းရဲဒုက္ခရှိရာအရပ် - Pain is felt (Psalm 116:3).

d. စာတန်နှင့်လူဆိုးတို့အား အသိစိတ်အပြည့်အဝဖြင့်ပစ်ချမည့်နေရာ - Satan and the wicked will be cast and remain fully conscious (Isaiah 14:9-17).

4. ယောနသည် ငါးကြီးဝမ်းထဲ၌နေသည်ကို “မရဏာနိုင်ငံ၏ဝမ်းထဲကဟစ်ခေါ်သော စကားသံ” “…out of the belly of hell (Sheol) I cried” (Jonah 2:2) ဟု ပြောထားပါသည်။ သူသည် မရဏာနိုင်ငံ(sheol) ထဲတွင်ရှိနေ သော်လည်း အသက်ရှင်ဆဲ (alive) ဖြစ်ပါသည်။

5. ဟေဗြဲစကားလုံး Sheol(Hebrew) သည် ဓမ္မသစ်ကျမ်းပါ ဟေလသဘာသာ Hades(Greek) နှင့် သဘောတူသည်ဖြစ်၍ ပရဒိသုဘုံ (အာဗြဟံ၏ရင်ခွင်)-paradise (Abraham’s bosom) နှင့်

ဒုက္ခဆင်းရဲခြင်းရှိရာအရပ် (place of torment) ကို ခွဲခြားထားသော အရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

B. HADES – ဟူသော စကားလုံးသည် HADO ဟူသောစကားမှ ဆင်းသက်လာပြီး၊ အားလုံးကို လက်ခံသည် (all-receiving) ဟူ၍ အဓိပ္ပါယ်ရသည်။

1. KJV(King James Version) ကျမ်းစာတွင် SHEOL ကဲ့သို့ပင် HADES ကို hell အဖြစ် မကြာခဏ ဘာသာပြန်ထားပါသည်။ သို့ရာတွင် Hades(Greek) သည် ခရစ်တော် ကောင်းကင်ဘုံတက်ကြွတော်မမူမီ (prior to the ascension of Christ) တိုင်အောင် ၊ သေလွန်သောဝိညာဉ်အားလုံး (ALL SOULS) (ကယ်တင်ခြင်းရသည်ဖြစ်စေ၊မရသည်ဖြစ်စေ) သွားရမည့်နေရာဖြစ်သောကြောင့် Sheol(Hebrew) သို့မဟုတ် Hades(Greek) ကို မရဏာနိုင်ငံ (grave)၊ သချိုင်းတွင်း (pit)၊ သေခြင်း (death)၊ ငရဲ (hell)၊ ဟူ၍ မှတ်ထားသင့်ပါ။ ဓမ္မာဟောင်းကျမ်းကာလ ဘုရား သခင်ကို ကိုးကွယ်သော သူတို့ (godly believers in the Old Testament) သည်၊ ခရစ်တော် သည်သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းမပြုမီ တိုင်အောင် (prior to the resurrection of Christ) ငရဲ (hell) သို့မသွားကြပါ။ ထိုသူတို့သည် Sheol(Hebrew) သို့မဟုတ် Hades(Greek) ၏ နေရာတခုဖြစ်သော ပရဒိသုဘုံ - PARADISE (အာဗြဟံရင်ခွင်-Abraham's bosom) သို့သွားကြပါသည်။ Luke 16:22)

2. Hades ဟူသောဝေါဟာရကိုဗဟေဂေလိကျမ်းများ (Gospels) တွင်(၄)ကြိမ်တွေ့ရပါသည်။ (Matthew 11:23; 16:18; Luke 10:15; and 16:23.)

3. Hades ဟူသောဝေါဟာရကို အခြားနေရာများတွင် အသုံးပြုပုံ (Other uses):

a. ခရစ်တော်၏ဝိညာဉ် (soul of Christ) ကို ရည်ညွှန်းရာ၌ သုံးသည်။ (Acts 2:27, 31).

b. မရဏာနိုင်ငံ၏ သော့ကိုပိုင်ဆိုင်ကြောင်း ခရစ်တော်က မိန့်ကြားခဲ့ပါသည်။ Revelation 1:18).

c. နောက်ဆုံးသောတရားစီရင်ခြင်း(at the final judgment)သို့ ရောက်သောအခါ မရဏာနိုင်ငံသည် မိမိ၌ ရှိသော လူသေတို့ကိုအပ်မည်။ ထို့နောက် မရဏာနိုင်ငံကိုပင်ငရဲ မီးအိုင်ထဲပစ်ချမည်ဖြစ်ကြောင်း ရှင်ယောဟန် ဖော်ပြထားပါသည်။ (Revelation 20:13-14).

4. Hades ကို ပျောက်ဆုံးသောဝိညာဉ်များ၏ထာဝရနေရာ (permanent abode of lost souls) ဟူ၍ မှတ်ထားသင့်ပါ။ သေခြင်းနှင့် ဂေဟင်နာ (death and Gehenna) အကြားရှိ ယာယီ နေရသော နေရာ၊ဖြစ်ပါ သည်။ အပြစ်သားများအား တရားစီရင်ခြင်း နေရက်မတိုင်မီ ထိုအရပ်၌ ချုပ်ထားပါသည်။ (2 Peter 2:9).

5. (Luke 16:19-31) အရ Hades သည် Sheol လိုပင် အာဗြဟံ၏ရင်ခွင်နှင့် ဝေဒနာခံစားရာနေရာ အပိုင်း ၂-ပိုင်း (အခန်း ၂-ခု) ပါသည်။

a. ကယ်တင်ခြင်းရသူများအတွက် အာဗြဟံ၏ရင်ခွင် -Abraham's bosom for the saved (verses 22-23).

b. ကယ်တင်ခြင်းမရသူများအတွက် ပြင်းပြစွာသော ဝေဒနာခံစားရာနေရာ - The place of suffering for the unsaved (verses 22-23).

1) ဤနေရာသည် ဝေဒနာခံစားသည့်နေရာဖြစ်သည် - This is a place of torment (verses 23-24).

2) ဤနေရာသည် အပြစ်သားများသည်ဝေဒနာပြင်းစွာခံစားနေရစဉ်ပင်သန့်ရှင်းသူတို့ရရှိသော မင်္ဂလာကို လှမ်းမြင်နိုင်သည့် နေရာဖြစ်သည်။This is a place where sinners in anguish could view the blessedness of saints (verses 23- 24).
3) ဤနေရာသည် အပြစ်သားများအနေဖြင့် မိမိ၏အာရုံငါးပါး၌ ဝေဒနာပြင်းစွာခံစားရသောနေရာ (full use of their senses) ဖြစ်ပါ သည်။ သူဌေးသည် ဝေဒနာခံစားနေစဉ် (while in torment) မြင်လျက်(see)၊ ကြားလျက် (hear)၊ခံစားလျက် (feel)၊ စကားပြောလျက် (speak)၊ မှတ်မိလျက် (remember)၊ ရှိနေပါသည်။(verses 23-31).
4) ဤနေရာသည် ထွက်မြောက်ရာလမ်းမရှိ (no escape) သောနေရာဖြစ်ပါသည်။ (verse 26).

Note: Hades ဆိုသောအရပ်သည် ကယ်တင်ခြင်းမရရှိသေးသူတို့အတွက် သေခြင်းနှင့် တရားစီရင်ခြင်း အကြားနေရသောနေရာ (condition of the unsaved between death and the final judgment)၊ ယုံကြည် သူများအတွက် သေခြင်းနှင့်ခရစ်တော် တက်ကြွတော်မူခြင်းအကြား သာယာစိုပြေ သော နေရာ (blissful situation of believers between death and the ascension of Christ) ဖြစ်ပါသည်။

III. ဂေဟန်္နာ၏အဓိပ္ပါယ်နှင့်အသုံးပြုပုံ - THE MEANING AND USE OF GEHENNA

♦ ဤဝေါဟာရသည် ငရဲအစစ်အမှန်ကိုဖော်ပြသော ဝေါဟာရဖြစ်ပါသည်။ ထာဝရငရဲ (everlasting HELL)၊ညည်းတွား ခြင်း၊ ငိုကြွေးရာ၊ အပြစ်စီရင်ရာ၊ ဝေဒနာခံစားရာငရဲ (HELL of anguish, wailing and suffering,)၊ ထာဝရအပြစ် ဒဏ်ခံရခြင်းဆိုင်ရာ (HELL of judgment and damnation) ငရဲဖြစ်ပါသည်။

♦ ဤဝေါဟာရကို မမ္မသစ်ကျမ်းတွင် ၁၂ကြိမ်တွေ့ရပြီး တစ်ကြိမ်သာ ယေရှု ကိုယ်တိုင် ပြောသည်။ တွေ့ရ သောချက်များမှာ (Matthew 5:22, 29-30; 10:28; 18:9; 23:15, 33; Mark 9:43, 45, 47; Luke 12:5 and James 3:6).

A. ဂရိဘာသာစကား Gee'nna သည် ဟေဗြဲဘာသာ Ge-Hinnon မှဆင်းသက်လာပြီး valley of Tophet ဟု (W.E. Vineအဘိဓါန်) တွင်ဖော်ပြထားသည်။

B. Scofield ၏ အဆိုအရ Gehenna (ဂေဟန်္နာ) အရပ်သည် ရှေးအခါက လူသားကိုမီးရှို့၍ယဇ်ပူဇော်သော နေရာဖြစ်သည့် ဟိန်နုံ၏ချိုင့် (Valley of Hinnon) ကိုဆိုလိုခြင်းဖြစ်သည်။ (Scofields note) (ယေရမိ ဂုး၃၀) ထိုနေရာတွင်ရှိသော စဉ်ဆက်မပြတ်မီးလောင်နေသော အမှိုက်ပုံ(endless burning of rubbish) ကို ယုဒလူမျိုး လူဆိုးများ အပေါ်ဘုရားသခင်၏အပြစ်စီရင်ခံခြင်း (symbolized for the Jewish people the eternal judgment of God upon the wicked) ကို ပုံဆောင်သည်။(Jeremiah 7:31)

C. Gehenna, သည် သခင်ယေရှု၏စကားတော်အရ အောက်ဖေါ်ပြပါအရပ် ဒေသဖြစ်သည်။
1. အပြစ်သား၏ကိုယ်ကာယနှင့် စိတ်ဝိညာဉ်ကိုပါ ပစ်ချရသောနေရာ။(Into which both soul and body of sinners will be cast) (Matthew 10:28; Luke 12:5).
2. အပြစ်စီရင်ခြင်းနှင့် ထာဝရအပြစ်ဒဏ်ခံခြင်းနေရာ။ (Of judgment and eternal damnation) (Matthew

23:33).

3. မီးမငြိမ်းသောနေရာ၊ (Mark 9:44)။ မီးမငြိမ်းသောနေရာ ဟူသော ဝေါဟာရသည် (Revelation 19:20; 20:10, 14-15) တွင်ဖော်ပြသော မီးအိုင်နှင့်တူပါသည်။

IV. ဂေဟင်နာနှင့် ကန့်နှင့်လောင်သောမီးအိုင်ဆက်စပ်ပုံ THE RELATIONSHIP BETWEEN GEHENNA AND THE LAKE OF FIRE

A. ယေရှုဘုရား မကြာခဏသုံးစွဲလေ့ရှိသော Gehenna,အရပ်သည် " ပိုးမသေ၊မီးမငြိမ်းရာနေရာ" (Mark 9:43-47) ဖြစ်ပြီး၊ "မီးအိုင် -Lake of Fire" (Revelation 20:14), နှင့် အဓိပ္ပါယ်ချင်းထပ်တူဖြစ်သောကြောင့် Gehenna နှင့် The Lake of Fire are သည် နေရာတခုတည်းဖြစ်သည်။

B. ဂေဟင်နာနှင့်မီးအိုင် Gehenna or The Lake of Fire

1. မယုံကြည်သူများနောက်ဆုံးရောက်ရမည့် နေရာ (final and eternal place)၊ ထာဝရကာလ နေရမည့် နေရာ ဖြစ်ပါသည်။

a. အနှစ်တစ်ထောင်ကာလကုန်ပြီးနောက်၊ ဖြူသောပလ္လင်ပေါ်တွင် အပြစ်စီရင်ခြင်းကိုပြုပြီးနောက်နှင့် ၄င်း အထဲရှိလူ အားလုံး တို့အား ဂေဟင်နာ သို့မဟုတ် မီးအိုင်ထဲသို့ ပစ်ချမည်။ (Revelation 20:11-15).

b. ထိုမီးအိုင်သည် "ကျွှာအဆက်ဆက်" နေရမည်။ (Revelation 14:11; 20:10)

V. ဂေဟန်နာ- GEHENNA – ထာဝရနေရာအရပ် -THE FOREVER PLACE

A. "ကျွှာ့အဆက်ဆက်"ဟူသော စကားကိုဘုရားသခင်၏ဘုန်းကြီးတော်မူခြင်း-glory of God (Galatians 1:5) ကိုဖော်ပြရာတွင်၄င်း၊ ဘုရားသခင်၏အုပ်စိုးတော်မူခြင်းအသရေအစွမ်းသတ္တိ-reign of God (1 Peter 4:11, Revelation 1:6) ဖော်ပြရာတွင်၄င်း၊ ဘုရားသခင်ကိုယ်တော်တိုင် အသက်ရှင်မှု -God himself (Revelation 1:18; 4:9-10) တွင်၄င်း အသုံး ပြုထားပါသဖြင့် ထာဝရကာလကို ဆိုလို ပါသည်။

B. (2 Thessalonians 1:9)-အပြစ်သားများအား (everlasting punishment) ထာဝရပျက်စီးခြင်း အပြစ်ဒဏ်ချမှတ်မည်ဖြစ်သည်။

C. (2 Peter 2:17 and Jude 13)-မဟုတ်မမှန်သွန်သင်သော မိစ္ဆာဆရာများ (false teachers) စီရင်မည့်နေရာဖြစ်သည်။

D. သို့ဖြစ်၍လူသည်သေပြီးနောက်လုံးဝသေဆုံးပျက်စီးသွားသည်ဟူသောသွန်သင်ချက် (annihilation)။ဝိညာဉ်အိပ်နေသည်ဟူသောသွန်သင်ချက် (soul-sleep)၊ အပြစ်လုပ်ပြီးသေဆုံးသော သူတို့၏ ဝိညာဉ် အတွက် ငရဲမကျဖို့ ဆုတောင်းပေးနိုင်သည်ဟူသော သွန်သင်ချက်များ (purgatory) ချုပ်ငြိမ်း နှုတ်ပိတ် သွားစေသည်။

1. မီးအိုင်ကို ဒုတိယသေခြင်း (SECOND DEATH) ဟုလည်းခေါ်သည်။(Revelation 2:11; 20:6,14;21:8)

2. ဒုတိယသေခြင်းသည် ပထမသေခြင်းနှင့်ခြားနားသည်။ ပထမ ကိုယ်ခန္ဓာသေ၍ အပြစ်သားသည် မရဏာ

နိုင်ငံ (Hades) အရပ်သို့ရောက်ပြီး ပလ္လင်ဖြူကြီးရှေ့တရားစီရင်ချိန်ကို (judgment of The Great White Throne) စောင့်ဆိုင်းနေရပါသည်။(Revelation 20:13).

3. ဒုတိယသေခြင်းသည် ကြီးစွာသောဘေး(so great a death) ဖြစ်ပါသည်။(2 Corinthians 1:10).
4. ဒုတိယသေခြင်းသည် အပြစ်သားတို့အား ဘုရားသခင်နှင့် ထာဝရခွဲခွာခြင်း (ETERNAL separation from God) ဖြစ်ပါသည်။ (John 8:21, 24).

♦ ငရဲသည် လုံးဝသေခြင်း (annihilation) သို့မဟုတ် ဝိညာဉ်အိပ်နေခြင်း (soul-sleep) မဟုတ်ကြောင်းကို (ဗျာ ၁၉း၂၀) နှင့် (ဗျာ ၂၀း၁၀) ကိုနှိုင်းယှဉ်ခြင်းဖြင့် ပိုမိုသိရှိနိုင်ပါသည်။ အနှစ်တစ်ထောင် ကုန်လွန်သောအခါ ထိုမီးအိုင်သည် သားရဲနှင့် မိစ္ဆာပရောဖက် (Beast and the False Prophet) တို့အစဉ်နေရမည့်နေရာသည် ငရဲမီးအိုင် (Lake of Fire) ဖြစ်ပါသည်။

VI. သခင်ယေရှုသည် အနှစ်တထောင်မတိုင်မီနှင့်အနှစ်တထောင်ပြီးနောက် ကယ်တင်ခြင်း မရရှိသူများ နေရမည့် ငရဲနှင့်ပတ်သက်၍ မည်သို့သွန်သင်ထားပါသနည်း။ WHAT THE LORD JESUS TAUGHT US ABOUT THAT SECTION OF HADES WHERE THE UNSAVED ABIDE UNTIL AFTER THE MILLENNIUM.

A. Hades ကို မူလက စာတန်နှင့်သူ၏တမန်များ (Satan and his angels) အတွက်ပြင်ဆင်ထားခြင်းဖြစ်သည်။(Matthew 25:41) ငရဲသည် နေရာတစ်ခုသက်သက်သာမဟုတ်။(Luke 16:28) ၊ မယုံကြည်သူများ အတွက် သေချာစွာ စီစဉ်ပြင်ဆင်ထားသောနေရာဖြစ်သည် (real place occupied with real people) ။ ဥပမာ-ဖာရိရှဲများ-Pharisees (Matthew 23:33)၊ hypocrites -လျှို့ဝှက်ဟန် ဆောင်သူများ (Matthew 24:51).

B. Hades သည်မငြိမ်းနိုင်သောမီး (unquenchable FIRE) လောင်ရာအရပ်ဖြစ်သည်။(Mark 9:43; Matthew 5:22; 13:42).

C. Hades သည် အပြစ်သားများငိုကြွေးခြင်း (weep)၊ ညည်းညူခြင်း (wail)၊ အံသွားခံကြိတ်ခြင်း (gnash teeth)၊ ပြုရာအရပ်ဖြစ်သည်။ (Matthew 13:42; 8:12; 22:13; 24:51 and 25:30).

D. Hades သည် “ပြင်အရပ်မှောင်မိုက်” “outer darkness” အရပ် ဖြစ်ပါသည်။(Matthew 25:30; 8:12). အပြစ်သားများသည် ယခုပင် အမှောင်ထဲတွင်နေရပြီးဖြစ်ပါသည်။ (Ephesians 5:8; Acts 26:18)။ အပြစ်သားများသည် မှောင်မိုက်နိုင်ငံသားများ (part of the kingdom of darkness) ဖြစ်ပါသည်။(Colossians 1:13)။ “ပြင်အရပ်မှောင်မိုက်-Outer darkness” ဟူသော စကားသည် ဒုတိယသေခြင်း၏ လက္ခဏာ တစ်ရပ်ဖြစ်ပါ သည်။ သမ္မာတရားတည်းဟူသော အလင်းမှ ထာဝရခွဲခွာသွားခြင်းဖြစ်ပါသည်။ ခရစ်တော်နှင့် သူ၏ဝမ်းမြောက်ဘွယ် သတင်း၏အလင်း ဘုရားသခင်၏အလင်းမှ ခွဲခွာခြင်းဖြစ်ပါသည်။ ထိုနေရာတွင်နေ့ဟူသည် မည်သည့်အခါမျှမရှိပါ။

E. ထိုအရပ်သည် အပြစ်စီရင်ခြင်းနှင့်အပြစ်ဒဏ်ခံခြင်း အရပ်ဖြစ်ပါသည် -judgment and damnation (Matthew 23:33; 25:46)။ ဇဝံဂေလိတရားကို ငြင်းပယ်လျက် နောင်တရရန်ပျက်ကွက်သော ထိုသူတို့အတွက်

ငရဲသည် မျှတသော စီရင်ချက်ဖြစ်ပါသည်။

F. ထိုအရပ်သည် “ရွေ့လျော့ခြင်းမရှိ” သောနေရာ (a place that is fixed) ဖြစ်သည်။ (Luke 16:26), ထာဝရတည်ရှိမည့်နေရာ -everlasting ဖြစ်သည်။ (Matthew 25:41,46)။ ပြေးဝှေမလွှတ်နိုင်သော နေရာဖြစ် သည် ။ (Luke 16:26; Matthew 23:33).

G. ထိုအရပ်သည် ပိုးမသေ၊နိုင်သော နေရာဖြစ်သည်။ (Mark 9:44)။ အပြစ်သားများသည် ထိုဆင်းရဲဒုက္ခများကို အာရုံငါးပါးဖြင့် ထိတွေ့ ခံစားနေသောနေရာဖြစ်ပါသည်။ (Luke 16:19-31).

H. ထိုအရပ်တွင်တစ်ဦးနှင့် တစ်ဦး မိတ်သဟာယဖွဲ့၍မရသော နေရာဖြစ်သည် (no fellowship)။ သားအမိသားအဖ ချစ်ခင်မှုမရှိ (no filial relationships)၊ လွတ်လပ်မှုမရှိ (no freedom)၊ မေ့ပျောက်ခြင်းမရှိ (no forgetting)၊ ဝမ်းမြောက်ပျော်ရွှင်ဘွယ်လုံးဝ မရှိ (no felicity)၊ ယုံကြည်ခြင်းမရှိ (no faith)၊ အပြစ် ဖြေလွှတ်ခြင်းမရှိ (no forgiveness)၊ (လု ၁၆း၁၉-၃၁ ပေါ်မူတည်၍ ယူဆချက်)

♦ အထက်ပါ အသုံးအနှုံးများ (terms) သည်ပြင်းထန်လွန်းသည် (severe)၊ တင်စားလွန်းအားကြီးသည်(figurative) ဆိုပါက၊ တကယ့်လက်တွေ့ ဘဝသည်၊ စိတ်ကူးယဉ်ခြင်းထက် ဆိုးရွားသည်ကို သိထားသင့်သည်။

VII. ငရဲအမှန်ရှိကြောင်း အပေါ် ငြင်းချက်များ ARGUMENTS AGAINST THE TEACHING OF A LITERAL HELL (Memorize the Arguments.)

A. မီးသည် လောင်ကျွမ်းသည့်သဘောရှိသည်။ ငရဲ (HELL)သည် အထူးစပါယ်ရှယ်မီးဖြင့်ပြင်ဆင်ထားသော အထူးစပါယ်ရှယ်အရပ်ဖြစ်၍သည် (special place with special fire)။ မောရှေသည် မီးလောင်သော်လည်း၊ မကျွမ်းသောချုံကိုမြင်ခဲ့ရသည်။(Exodus 3:2) မီးလောင်တိုက်ထဲသို့ ပစ်ချခြင်းခံရသော ဟေဗြလူလင်သုံးဦးတို့မှာ မျက်ခုံးမွေးကိုပင် မီးမလောင်ချေ (singed)။ (Daniel 3:19-27).

B. ဘုရားသခင်၏မေတ္တာတော်နှင့် နှိုင်းစာ၍မရပါ။ ဘုရားသခင်သည် အပြစ်သားကိုချစ်သော်လည်း၊ အပြစ်ကိုမုန်းသည် (God loves the sinner,hates sin)။ သန့်ရှင်းသော ဘုရားသခင်သည် လောကသားတို့အား အပြစ်နောင်တရဖို့၊ ယုံကြည်ဖို့တောင်းခံနေသော်လည်း လောကကြီးက ဘုရားရှင်ကို မေ့နေသည်။ အပြစ်သားများအနေဖြင့် ဘုရားအလိုကျလုပ်ခြင်းနှင့် ကိုယ့်စိတ်ကြိုက်လုပ်ဖို့ ရွေးချယ်ပိုင်ခွင့်ရှိပါသည်။ ဘုရားသခင်သည်လူ၏မျက်နှာကိုမှတ်တော်မမူ။(Romans 11:32; 2:11)။ သမ္မာကျမ်းစာတွင် မေတ္တာ တရားနှင့်ပတ်သက်၍ လူသိများသော သခင်ယေရှုနှင့် ရှင်ယောဟန်တို့သည် ငရဲအကြောင်းကို ပို၍ပြောကြပါသည်။ ဘုရားသခင်သည် တရားတော်မူသဖြင့် ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားပြည့်စုံခြင်း (until His justice was satisfied) မရောက်မချင်း အပြစ်သားအပေါ် ထားသည့် ကျေးဇူး (grace) နှင့် သနားခြင်း ဂရုဏာ (mercy) ကို ပြသ၍ မရကြောင်း သတိပြုပါ။

C. Purgatory (သေဆုံးပြီးသောအပြစ်သားအတွက် ကြားခံဆုတောင်းခြင်း) သမ္မာကျမ်းစာက အပြစ်

သားများသည်မိမိအပြစ်ဒဏ်မှ လွတ်မြောက်နိုင်မည့် ကြားစခန်း၊ ယာယီစခန်းခွင့်ပြုမထားပါ။ Hades ထဲတွင် ရောက်နေသူအားလုံးတို့အား မီးအိုင်ထဲသို့ပစ်ချမည်ဖြစ်ပါသည်။ (Revelation 20:13-14).

D. Soul-sleep and annihilation (ဝိညာဉ်အိပ်ပျော်နေခြင်း၊ လုံးဝသေဆုံးခြင်း) ထိုအတွေးအခေါ်များနှင့် ပတ်သက်၍ အပြည့်အစုံဖြေကြားပြီးဖြစ်ပါသည်။ ငရဲသည် အပြစ်ဒဏ်ခံခြင်း (punishment)ဖြစ်ကြောင်း သတိပြုပါ။ (Matthew 25:46) သေလွန်သူ သို့မဟုတ် မွေမြောနေသူကို အပြစ်ဒဏ်ပေး၍မရပါ။ အကယ်၍ မယုံကြည်သူသည် လုံးဝ သေဆုံးသွား (annihilation) မည်ဆိုလျှင် သေခြင်းမှ ထမြောက် (resurrected) စေရန်မ လိုအပ်တော့ပါ။ (John 5:29)

E. ဧဝံဂေလိသတင်းကောင်း (Gospel) ကို တခါမျှ မကြားဘူးသူတို့သည် ဆုံးရှုံးခြင်းသို့မရောက်ရအဆို (တနည်း) ထာဝရငရဲ မရောက်ရဟူသောအဆိုနှင့်ပတ်သက်၍ ၊ ဘုရားသခင်သည် တရားတော်မူသော ဘုရားဖြစ်သကဲ့သို့ လူတို့ အား သူတို့ ပြုမူကျင့်ကြံမှုအတိုင်း တရားစီရင်ခြင်းကိုခံရမည် ဖြစ်သည်။ (Romans 1:19-20).

VIII. ငရဲအမှန်ရှိကြောင်း ယုတ္တိသက်သေများ - THE LOGIC OF A LITERAL HELL

A. " အပြစ်အတွက်ဒဏ်ခံခြင်း (retribution for sin) နှင့် ဖြောင့်မတ်ခြင်းအတွက် ဆုချခြင်း (reward for the righteous) ရှိမည်ဟူသော အချက်သည် မေးခွန်းထုတ်ဘွယ်ရာမရှိ၊ မပြောင်းမလဲနိုင်သော နိယာမတရား (unchangeable law) အဖြစ် အသိအမှတ်ပြုရပါမည်။ " William Evans.

B. အကယ်၍ ငရဲမရှိပါက ခရစ်တော်အား မုသားသုံးသူ အဖြစ်သတ်မှတ်ပြီး (Christ must be branded a liar) သူ၏ဘုရားဖြစ်ခြင်း (deity) နှင့် အခွင့်အာဏာ (authority) တို့ ကိုလည်း ငြင်းပယ်ရမည်ဖြစ်ပါသည်။

C. အကယ်၍ ငရဲမရှိခဲ့ပါလျှင် ကျွန်ုပ်တို့အား ထိုမရှိသော နေရာမှ အသက်ပေးပြီးကယ်တင်ဖို့ ရန် ယေရှုကို ဤလောကသို့ စေလွှတ်တော်မူသော ဘုရားသခင်အား မိုက်မဲသည်ဟု (folly) စွပ်စွဲရပါမည်။

D. အကယ်၍ ငရဲမရှိခဲ့ပါလျှင် သမ္မာကျမ်းစာသည် (false)မုသားဖြစ်လျှက် ဤလောကကြီးသည်လည်း ကိုယ်ကျင့်တရား (morality) နှင့် ကယ်တင်ခြင်း (salvation) အတွက် အုပ်စိုးသူကင်းမဲ့သော ကမ္ဘာကြီးဖြစ် နေပါမည်။

E. အပြစ် (sin) ဟူသောအရာရှိသည်မှန်လျှင် ငရဲသည်ရှိရမည်။ ညာဉ်မရှိသူများသာ ထိုအချက်ကို ငြင်းပယ်ကြပေမည်။ အပြစ်ကြောင့် သေခြင်းပေါ်လာရသည်။(Romans 6:23) ငရဲသည် ဒုတိယ သေခြင်း ဖြစ်သည်။ (Revelation 20:14) အပြစ်နှင့်အပြစ်သား (Sin and sinners) များသည် ငရဲတွင် ထာဝရ ကျခံရမည်။(Revelation 20:13-15 and 21:8).

F. လူသည်မပျောက်မပျက်တတ်သော (immortal) အရာဖြစ်သည်မှန်လျှင် ငရဲရှိရမည်။ လူ သည် အသက်ရှင်သော ဝိညာဉ်ဖြစ်(living soul) ပါသည်။ (Genesis 2:7) လူတိုင်းသည် တနေရာတွင် အစဉ် အသက်ရှင်နေသည်။ (Matthew 25:46; John 5:28-29) ကောင်းကင်ဘုံကိုငြင်းပယ်သောသူတို့ အတွက်

ငရဲရှိကိုရှိရမည်။

G. ဘုရားသခင်သည် တရားတော်မူသော (just) ဘုရားဖြစ်လျှင် ငရဲရှိကိုရှိရမည်။(Revelation 15:3) ဘုရားသခင်သည် တရားတော် မူသည်ဖြစ်၍ အပြစ်ပြုသောအပြစ်သားများအား ခေါ်ယူမှတ်သားလာရသည်။(Romans 14:12; Hebrews 9:27; Acts 17:30-31) အပြစ်သားများသည် တရားစီရင်ခံရပါမည်။(Psalm 9:17; 2 Peter 2:9; Matthew 13:40-42).

နိဂုံး - Conclusion:

ဤသင်ခန်းစာတွင် လေ့လာရသောအမှန်တရားများသည် အပြစ်မှကယ်တင်တော်မူသော ဘုရား သခင်၏ ကယ်တင်ခြင်းကျေးဇူးတော်ကြောင့်(saving grace) ရှေ့တော်မှောက်၌ ဒူးထောက်ရကြမည်။ ကျွန်ုပ်တို့ တစ်ယောက်မျှ ကောင်းကင်ဘုံနှင့် မထိုက်တန်။ ကျွန်ုပ်တို့သည် အပြစ် သားများဖြစ်လျက်၊ ဘုရား သခင်၏ ဂရုဏာတော်ကြောင့်သာ ကယ်တင်တော်မူခြင်းသို့ ရောက်ကြရပါသည်။ ပျောက်ဆုံးသော ဝိညာဉ် များအပေါ်သင်၏ စိတ်နလုံးကိုစေ့ဆော်၍ မေတ္တာဂရုဏာရှိ မည့်အကြောင်း ဤအချက်များကို ဆုတောင်းခြင်းဖြင့် ပြင်ဆင်ထားပါသည်။ ကျွန်ုပ်တို့ ပြည့်စုံနားလည်သည်ဖြစ်စေ၊ မလည်သည်ဖြစ်စေ ငရဲသည် ရှိနေဦးမည်ဖြစ်ပါသည်။ အသက်ကယ်လမ်း ကြောင်းကိုပစ်လွှတ်လျက် (“throw out the life line,”) အပြစ်သားတို့အား “ကျရောက်လာမည့် အမျက်တော်” “the wrath to come.” အကြောင်းသတိပေးကြစို့။

ငရဲ အကြောင်း မေးခွန်းများ - (သင်ခန်းစာ-၁၆)

1. ငရဲအကြောင်း သင်ခန်းစာသည် အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော်.....(၃-မှတ်)
a. ဘုရားရှင်က မည်သူ့ ကိုမျှ ငရမပို့ သောကြောင့်။ God would never send anyone there.
b. ခရစ်တော်မရဘဲသေသူသည် ငရဲကိုသွားသောကြောင့်။ a person who dies without receiving Christ goes to hell.
c. ငရဲသည် တကယ့်အစစ်အမှန်မဟုတ်သောကြောင့်။ hell is not a real place.

2. Sheol ၏ အဓိပ္ပါယ်မှာ.....(၃-မှတ်)
a. သေခြင်း သို့ မဟုတ် သချိုင်းတွင်း ဖြစ်သည်။ “death” or “the grave.”
b. ဘုရားရှင်က ပုန်ကန်သောကောင်းကင်တမန်များအား ထားသည့်နေရာဖြစ်သည်။ the place where God put the rebellious angels.
c. ဂေဟင်နာနှင့် အတူတူဖြစ်သည်။ the same as Gehenna.

3. Hades ၏ အဓိပ္ပါယ်မှာ.....(၃-မှတ်)
a. အဆုံးမရှိသော စီရင်ခြင်းဖြစ်သည်။ the place of endless judgment.
b. ဘုရားရှင်က ပုန်ကန်သောကောင်းကင်တမန်များအား ထားသည့်နေရာဖြစ်သည်။ the place God put rebellious angels.
c. ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းအချိန်တိုင်အောင် လူသားတိုင်း၏ဝိညာဉ်များရှိမည့်နေရာဖြစ်သည်။ the

place for the souls of everyone who died until the resurrection of Christ.

4. Tartaros ၏အဓိပ္ပါယ်မှာ.....(၃-မှတ်)
a. သေခြင်း သို့ မဟုတ် သချိုင်းတွင်း ဖြစ်သည်။ “death” or “the grave.”
b. ဘုရားရှင်က ပုန်ကန်သောကောင်းကင်တမန်များအား ထားသည့်နေရာဖြစ်သည်။ the place where God put the rebellious angels.
c. အဆုံးမရှိသော စီရင်ခြင်းဖြစ်သည်။ a place of endless judgment.

5. Gehenna ၏အဓိပ္ပါယ်မှာ.....(၃-မှတ်)
a. ပုန်ကန်သောကောင်းကင်တမန်များအား ချည်နှောင်ရာနေရာဖြစ်သည်။ a place where rebellious angels are chained.
b. ကောက်ကျစ်သူများအား အဆုံးမရှိတရားစီရင်ရာနေရာ။ a place of endless judgment of the wicked.
c. ခရစ်တော်ပြန်လည်မကြွရောက်မီထ ယုံကြည်သူတို့ ၏ဝိညာဉ်များ ရှိနေသည့်နေရာဖြစ်သည်။ a place where the dead souls of all believers stay until Christ comes again.

6. Old Testament တွင် Sheol ကို အသုံးပြုရခြင်းမှာ..... (၄-မှတ်)
a. Sheol သည် ငရဲအကြောင်းဖေါ်ပြရာတွင်သုံးသည့် အတိကျဆုံးစကားလုံးဖြစ်သောကြောင့်ဖြစ်သည်။is the most accurate description of hell.
b. Sheol သည် သက်တန်းကုန်ချိန်ဟု အဓိပ္ပါယ်ရသည်။means the end of life.
c. Sheol သည် လူသားများကူးပြောင်းသည့်နေရာအဖြစ် မှတ်ယူသည်။was considered the place toward which all human existence flowed.

7. Sheol သည် နာကျင်မှုများ ခံစားရသည့် တကယ့်နေရာဖြစ်ကြောင်း ဖေါ်ပြသည့် ကျမ်းပိုဒ်တစ်ခု ကိုရွေးပါ။(၃-မှတ်)
a. Matthew 11:23
b. Psalm 116:3
c. Revelation 1:18

8. Hades တွင် အခန်း (sections) ဘယ်နှစ်ခန်းပါရှိသနည်း။(၃-မှတ်)
a. တစ်ခု one
b. လေးခု four
c. နှစ်ခု two

9. Hades တွင်ရှိနေကြသော အပြစ်သားများသည် အောက်ပါအချိန်၌ နိဂုံးချုပ်မည်။(၃-မှတ်)
a. ချီဆောင်ခြင်းကာလ - Rapture.
b. ဘေးဒဏ်ကြီးကာလ - Tribulation.
c. ပလွင်ဖြူတရားစီရင်ခြင်းကာလ - Great White Throne Judgment.

10 မည်သူထံတွင် Hades သော့ ရှိသနည်း။(၃-မှတ်)

a. စာတန် - Satan

b. ခရစ်တော် - Christ

c. သန့် ရှင်းသောဝိညာဉ်တော် - The Holy Spirit

11. မည်သည့်အရပ်နှင့် Gehenna အရပ်ထပ်တူကျသနည်း။(၃-မှတ်)

a. Hades

b. Lake of Fire

c. Tartaras

12. Gehenna ကို “the Second Death” ဟုခေါ်သည်။အကြောင်းမှာ……(၄-မှာ)

a. လူတို့ သည် ၂-ကြိမ်သေမည်ဖြစ်သောကြောင့်။people will die two times.

b. ၎င်းသည် ခန္ဓာကိုယ်သေခြင်းနှင့်ခြားနားသောကြောင့်။it is in contrast to the first or physical death.

c. ထိုအချိန်တွင် ဂေဟင်နာမှ ကောင်းကင်ဘုံသို့ သွားသောကြောင့်။it is the time a person goes from Gehenna to heaven.

13. ဘုရားရှင်က Gehenna (hell) ကို အောက်ပါပုဂ္ဂိုလ်များအတွက် ပြင်ဆင်ထားသည်။(၃-မှတ်)

a. မယုံကြည်သူများ - unbelievers.

b. ကောက်ကျစ်သောအပြစ်သားများ - very wicked sinners.

c. စာတန်နှင့်သူ၏တမန်မင်းများ - Satan and his angels.

14. မှန်သောကျမ်းပိုဒ်ကို မှန်သော အဓိပ္ပါယ်ရှိသောစာကြောင်းရှေ့ကွက်လပ်တွင် ရေးပါ။(၁၆-မှတ်)

----- ပိုးမသေမီးမငြိမ်းသောနေရာ place of fire that never goes out	a.Matthew 25:30
----- မှောင်မိုက်အရပ် place of darkness	b. Matthew 23:33
----- တရားစီရင်ရာအရပ် place of judgment	c. Mark 9:43
----- ငိုကြွေး အံသွားခဲကြိတ်ရာအရပ် place of wailing and gnashing of teeth	d.Matthew 13:42

15. Hades နှင်ပတ်သက်၍ Luke 16:19-31 မှ ကျွန်ုပ်တို့ မည်သည်ကိုလေ့လာနိုင်သနည်။ (၁၅-မှတ်)

a……

b……

c……

16. ငရဲနှင့်ပတ်သက်၍ အောက်ပါ ငြင်းခုန်မှု (arguments) ၂-ခုတွင် ၊ပေးထားသော စကားလုံးများအနက် မှန်ကန်သောစကားလုံးများကို ရွေးချယ်ပြီး ကွက်လပ်များတွင်ဖြည့်ပါ။ အိမ်မီးလောင်(burning house);

လေး(four); မီးလောင်နေသောချုံပုတ်(burning bush); သန့်ရှင်းသော(holy); အမျက်(anger); ပြာ(ashes); သုံး(three); နောင်တရခြင်း(repentance), ဖြောင့်မတ်ခြင်း(righteousness); မီးလောင်သည်(scorched); ယုံကြည်ခြင်း(faith.)

a. အငြင်း (Argument): မီးသည် တခုမျှမကျန်အောင် လောင်ကျွမ်းနိုင်သည်။A fire burns things up until there is nothing left.(16-မှတ်)

အဖြေ (Answer): မောရှေသည် Moses saw a_____ကိုမြင်သော်လည်း၊ ၎င်းသည် , but it did not burn into _____ ဖြစ်အောင်မလောင်ကျွမ်းပါ။.

ဟေဗြလူငယ် _____ ယောက်တို့အားမီးထဲသို့ ချပြစ်သော်လည်း The Hebrew boys were thrown into a fire, but their clothing was not သူတို့၏အဝတ်အစားများမှာ _____ မဟုတ်ပါ။

b. အငြင်း (Argument): ဘုရားသခင်သည် မေတ္တာတော်ရှင်ဘုရားဖြစ်သည်ဆိုလျှင် လူသားတို့ကို ဘယ်တော့မှ ငရဲတွင် ထာဝရမထားပါ။ God is a God of love and would never put people in hell forever. (12-မှတ်)

အဖြေ (Answer): ဘုရားသခင်သည်လည်း God is also _____ ဘုရားဖြစ်ပြီး and He demands ကိုယ်တော်က _____နှင့် and _____တောင်းဆိုသည်။

မှတ်ချက်။ ။(အပါယ်ငရဲသို့ လူတို့ကျရခြင်းမှာ မိမိတို့၏အပြစ်အတိုင်း ခံရခြင်းသာဖြစ်သည်။ ထိုအပါယ်ငရဲမှ ထာဝရလွတ်မြောက်ရန် ဘုရားရှင်၏ကယ်တင်ခြင်းလိုအပ်သည်။ ထို့ကြောင့် လူသည် မိမိအပြစ်ကိုနောင်တရ၍ ဘုရားရှင်ထံ ယုံကြည်ခြင်းဖြင့် ပြန်လာရန်အရေးကြီးသည်။)

သင်ခန်းစာ(၁၇)၊ ဆုတောင်းခြင်း (အဓိပ္ပါယ်၊ ရည်ရွယ်ချက်နှင့်တန်ခိုး)
Prayer : Its Nature, Purpose and Power

နိဒါန်း - Introduction

ခရစ်ယာန်တစ်ဦး၏ အသက်တာတွင် ဆုတောင်းခြင်းကို တန်ဘိုးဖြတ်ရန်ခက်ခဲလှပါသည်။ ကောင်းကင်စည်းစိမ်စီးဆင်းရာ တံခါးကိုဖွင့်သော၊ သော့ချက် (key) ဖြစ်ပါသည်။ ကျွန်တို့၏စိတ်ဝိညာဉ်ထဲတွင်ဘုရားသခင်ကို လှုပ်ရှားစေသော အရာလည်း ဖြစ်ပါ သည်။ ဆုတောင်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်ကို ထွက်လာစေလျက်၊ ထိုတန်ခိုးတော်သည်လည်း၊ ဘုရားသခင်၏နှုတ်ကပါတ်တော်အား ကျွန်ုပ်တို့၏ အရိုးတွင်းချဉ်ဆီ၌ တောက်လောင်စေ ပြီးခရစ်တော်သည် ကျွန်တို့ နှင့်အတူ ရှိတော်မူကြောင်းကို အမှန်သိရှိစေပါသည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်ကိုနှိမ့်ချ (humbles) စေသည်။ သမ္မာတရား ကိုမြင်စေရန် မျက်စေ့ဖွင့်ပေးပါသည်။ ဘုရားသခင်၏အလိုတော်အတိုင်းလိုက် လျောက်စေနိုင်ပါသည်။ ဆုတောင်းခြင်း အားဖြင့် ကျွန်ုပ်တို့၏သောကတောင်တန်း (mountains) များကိုဖယ်ရှားပစ်နိုင် ပြီး၊ ခွန်အားလည်းတက်စေသည်။ ဆုတောင်းခြင်းအားဖြင့်ကျွန်ုပ်တို့ ကို အဆက်မပြတ်တိုက်ခိုက် နေသော စာတန်နှင့်အပြစ်တရား (battering of sin and Satan) ၏လုပ်ဆောင်ချက်များကို ဘုရားရှင်လက်တော်ထဲလွှဲပေး (our cares are cast upon the Lord) ပြီး၊ ကျေးဇူးတော်ကိုတွေ့ ကြုံခံစားရ စေသည်။ ဆုမတောင်းသောကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများကို ခန့်မှန်း တွက်ချက်ရန်ပင်မဝံ့ရဲလောက်အောင်ဖြစ်နေပါသည်။ ဤသင်ခန်းစာကို လေ့လာကြသောသူ အပေါင်းတို့သည် မိမိတို့ အသက်တာတွင် အစဉ်သဖြင့် ဆုတောင်းလျက် ဆုတောင်းခြင်း၏မွန်မြတ်သော အကျိုးသက်ရောက်မှုနှင့် တန်ခိုးကိုသိရှိခံစား နိုင် စေရန်မှာ ကျွန်ုပ်၏ တောင့်တချက်ပင်ဖြစ်ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- ယုံကြည်ခြင်းဖြင့် ဆုတောင်းခြင်းကို တုံ့ပြန်ရန် ဘုရားသခင်သည် အလိုတော်ရှိသည်မှန်လျှင် (Mark 11:24) ဆုမတောင်း ဘဲနေခြင်းသည် အလွန်ကြီးသောအပြစ်ဖြစ်စေပါသည်။ (1 Samuel 12:23) ။ အကယ်၍ ဆုတောင်း ခြင်းသည် ဘုရားသခင်၏ တန်ခိုးတော်ကို စေလွှတ်သည်မှန်လျှင်၊ ခရစ်တော်ရှိကြောင်းအမှန်သိ စေလျှင်၊ အခြေအနေကိုပြောင်းလဲစေပြီးခရစ်ယာန် အသက်တာကိုပြောင်းလဲစေလျှင်၊ မည်ကဲ့သို့ဆုတောင်းရ မည်ကို သိရှိအောင် လေ့လာခြင်းသည် အရေးအကြီးဆုံးဖြစ်သည်။

- ဤသင်ခန်းစာသည်အလွန်အရေးကြီးသောကြောင့်၊ ဆုတောင်းခြင်း၏အဓိပ္ပါယ် (nature of prayer) ကိုသိရှိစေရန်၊ ခရစ်ယာန်အသက်တာ လမ်းညွှန်ချက်နှင့်တကွ (purpose in the Christian's life) မည်ကဲ့သို့ ထိရောက်စွာ ဆုတောင်းရမည်ကို သိရှိစေရန်ဖြစ် ပါသည်။

- ဤသင်ခန်းစာသည် သင်၏ ဝိညာဉ်ရေးရာကောင်းချီးများ (spiritual blessings) စီးထွက်စေသော၊ ထိရောက်သောဆုတောင်းခြင်းအသက်တာ (productive prayer life)ကို လမ်းညွှန်ပြသပေးရန်ဖြစ်သည်။

သင်ခန်းစာ - THE LESSON

I. ကျွန်ုပ်တို့အား ဆုတောင်းရန်အမိန့်ပေးထားပါသည်။ WE ARE COMMANDED TO PRAY

ဆုတောင်း (Prayer) သည် ခရစ်ယာန်တဦးအနေဖြင့် ယူချင်နေ၊မယူချင်နေ (take-it-or-leave-it attitude) စိတ်ဓါတ်မျိုးနှင့်လုပ်ဆောင်၍ မရသောအရာဖြစ်သည်။ ကျွန်ုပ်တို့ နေ့စဉ်ဆုတောင်းရန် ဘုရားရှင် မိန့်မှာထား သည်။ ကျွန်ုပ်တို့သည် ခန္ဓာကိုယ်ခွန်အားနွမ်းနယ်လာသည့်အခါ၊ ဆုတောင်းဖို့ပျက်ကွက် လာကြသည်။ ဘုရားရှင်သည် ထိုအချက်ကို သိသောကြောင့်၊ ကျွန်ုပ်တို့ ဆုတောင်းဖို့ မိန့်မှာထား ခြင်းဖြစ်သည်။

A. ဓမ္မဟောင်းကျမ်းတွင် တွေ့ရသောဥပမာများ - Old Testament Illustrations

1. Isaiah 55:6 - “တွေ့နိုင်သည့်ကာလတွင် ထာဝရဘုရားကိုရှာလော့။” နီးတော်မူသည့်ကာလ တွင် ဆုတောင်း ပဌနာ ပြုကြလော့။”
2. (2 Chronicles 7:14), - ဘုရားသခင်က၊ ရှောလမုန်အား “ငါ့လူတို့သည် ဆုတောင်းပဌနာပြုပါလျှင် ကောင်းကင်ဘုံ၌ နားထောင်မည်။”
3. (1 Samuel 12:23), - ရှမွေလက၊ “ ငါမူကား၊ သင်တို့အဘို့ဆုမတောင်းဘဲနေသဖြင့် ထာဝရဘုရားကို ပြစ်မှားခြင်း အမှုသည် ငါနှင့်ဝေးပါစေသော။”
4. (Psalm 55:17) - ဆာလံရေးသူဒါဝိဒ်က “ညဦးအချိန်၊ နံနက်အချိန်၊ မွန်းတည့်အချိန်တို့၌ငါသည် လည်း ညည်းတွားမြည်တမ်း (ဆုတောင်း၍) ငါ၏အသံကိုကြားတော်မူမည်။”

B. ဓမ္မသစ်ကျမ်း သရုပ်ပြခြင်း - New Testament Illustrations

1. သခင်ယေရှုက၊“အားမလျော့ဘဲကြိုးစား၍ ဆုတောင်းရမည်။” (Luke 18:1)(Matthew 7:7; 26:41; John 16:24.)
2. ရှင်ပေါလုက“မခြားမလပ်ဆုတောင်းပဌနာပြုကြလော့။”(1 Thessalonians 5:17) “ကာလအစဉ် စိတ်နှလုံး ပါလျက် ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။”(Ephesians 6:18) (Romans 12:12; 15:30; Philippians 4:6-7; 1 Timothy 2:1; Colossians 4:2.)
3. တမန်တော်ယာကုပ်က၊ ယာ၊ ၄း၂တွင် “သင်တို့သည် တပ်မက်၍မရကြ---အကြောင်မူးကား၊ ဆုမတောင်းဘဲ နေကြ၏။” ယာ၊ ၁း၅ နှင့် ၅း၁၆-၁၇။ The Apostle James in James 4:2, “ye have not, because ye ask not.” (Also James 1:5 and 5:16-17).

II. ဆုမတောင်းဘဲနေခြင်းအပြစ်။ (THE SIN OF FAILING TO PRAY)

A. နာခံခြင်းမရှိမှုအပြစ် (IT IS A SIN OF DISOBEDIENCE).
ဆုမတောင်းသော ခရစ်ယာန်(prayer-less Christian) သည် ဘုရားစကားနားမထောင်သောခရစ်ယာန် (disobedient Christian) ဖြစ်ပြီး၊ သူ၏ဝိညာဉ်အဟာရ (spiritual nourishment) ကို ကိုက်စားဝါးမျိုခံရခြင်း နှင့်သဘောတူပါသည်။

B. ဘုရားရှင်အားဆန့်ကျင်မှုအပြစ် (IT IS A SIN DIRECTLY AGAINST GOD) (1 Samuel 12:23). ယုံကြည်သူ၏ ယုံကြည်သောဆုတောင်းချက်ကိုတုံ့ပြန်ရန် ဘုရားသခင်သည် ရွေးချယ်ထားပြီးဖြစ် သည့် အားလျော်စွာ ဆုမတောင်းခြင်းသည် ဘုရားသခင်၏လက်တော်ကိုချည်နှောင်၍ တန်ခိုးတော်ကိုကန့်သတ် လိုက်သလိုဖြစ်စေသည်။ (binds God's hands and limits His power)

C. အသင်းတော်ကို ပြစ်မှားခြင်းအပြစ် (IT IS A SIN AGAINST THE CHURCH) (Ephesians 6:18)
" အားမလျော့ဘဲ---သန့်ရှင်းသူအပေါင်းတို့အဘို့ဆုတောင်းလျက် စောင့်ရှောက်ကြလော့" ဆုမတောင်း ဘဲ နေခြင်းသည် အသင်းတော်အပေါ်၌သွန်းလောင်းမည့်ကျေးဇူးတော်နှင့်ဘုန်းတန်ခိုးအားလုံးကို ကန့်သတ်ခြင်းဖြစ် သည်။

D. လူသားအချင်းချင်းပြစ်မှားသောအပြစ် (IT IS A SIN AGAINST OUR FELLOW HUMAN BEINGS (1 Timothy 2:1)
"လူအမျိုးမျိုးတို့အဘို့ဆုတောင်းပဌနာပြုခြင်း၊ မေတ္တာပို့ခြင်းငှာ ငါတိုက်တွန်းသွေး ဆောင်၏။" အမေရိကန်ပြည်ရှိ ယုံကြည်သူများသည် နေ့စဉ်မိမိတို့တိုင်းပြည်အတွက်၊ မိမိတို့ခေါင်း ဆောင်များအတွက်၊ ဆုတောင်း ပဌနာ ပြုခဲ့ကြလျက်၊ ဘုရားသခင်၏ပလ္လင်တော်သို့ရောက်လာသော ဆုတောင်းချက်များကြောင့် အမေရိကန် ပြည် အပေါ်သို့ကျရောက်လာသော ကောင်းကြီး မင်္ဂလာများကိုအဘယ်သူသည် တိုင်းတာနိုင်မည်နည်း။ "ရှင်ဘုရင်မှစ၍ တိုင်းပြည်ခေါင်းဆောင်များ မင်းအာဏာရှိသောသူ အပေါင်းတို့" သူအဘို့နေ့စဉ်ဆု တောင်းရန် ဘုရားသခင် အလိုရှိသည်။

E. မိမိကိုယ်မိမိပြစ်မှားခြင်းအပြစ် (IT IS A SIN AGAINST ONE'S SELF) (James 4:2) –
"သင်တို့သည်မရကြ။ အကြောင်းမူကားဆုမတောင်းဘဲနေကြ၏။" ဆုမတောင်းဘဲနေခြင်းကြောင့်ထိုသူ ၏ ဝိညာဉ်ဆုံးရှုံးမှုသည် တိုင်းတာ၍ မရလောက်အောင်ကြီးမားသည်။ ယုံကြည်သူ၏အသက်တာတွင် တွေ့ရှသော ဟာလာဟင်းလင်းခံစားရမှု (emptiness)၊ ကျရှုံးမှု(defeat)၊ အပြစ် (sin)၊ ဆုံးရှုံးမှု (failure) အားလုံးတို့သည် ဆုတောင်း ခြင်း မရှိသောကြောင့်သာဖြစ်သည်ဟု တွေ့ရှိရပါသည်။

F. မယုံကြည်ခြင်းအပြစ် (IT IS THE SIN OF UNBELIEF) (Mark 11:23-24) - "ယုံမှားသော စိတ်နှင့် ကင်း၍၊ သင်တို့၏ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှကိုရ ကြလိမ့်မည်။ ယုံကြည်ခြင်း သည် ကျွန်ုပ်တို့ကို ဆုတောင်းချင်စိတ်ကို ဖြစ်စေပါသည်။ မယုံကြည်ခြင်း၊ ယုံမှားခြင်းမူကား ဆုတောင်းချင်စိတ် နှင့် ဝေးကွာစေပါသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်ရှိကြောင်း စိတ်ချစေ ပြီး၊ သံသယ စိတ်က ဘုရားရှင် ၏အစွမ်း နှင့်တန်ခိုး (ability and power) ကို မေးခွန်းထုတ်စရာဖြစ်စေသည်။ယုံကြည်ခြင်းက အသက်တာကို တိုးပွါးစေပြီး မယုံကြည်ခြင်းက ဝိညာဉ်ရေးရာတွင် ချိနဲ့ခွန်အားနဲစေကာ၊ ကောင်းချီး မင်္ဂလာများကို တိုက်စား ပွန်းပဲ့စေသည်။

III. ဆုတောင်းခြင်း၏ သဘောသဘာဝ - THE NATURE OF PRAYER

အောက်တွင်ဖော်ပြထားသောအရာများအနက် အများစုသည် သခင်ဘုရား၏အမှုတော်တွင် ကျွန်ုပ်တို့ အနေဖြင့်

နှစ်ပေါင်းများစွာ ပါဝင်ခဲ့ရာ ကိုယ်တွေ့ခံစားတွေ့ကြုံချက်အရ၊ ရရှိသောအရာများဖြစ်ပါသည်။

A. ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်နှင့် ယုံကြည်သူအကြားအသံထွက်၍ဖြစ်စေ၊ အသံမထွက်ဘဲဖြစ်စေ၊ စကားပြောဆက်သွယ်မှုဖြစ်ပါသည်။ (Prayer is the flow of communication, audibly or inaudibly, between the believer and God.)

B. ဆုတောင်းခြင်းကို နှုတ်မှစကားပြောခြင်းဖြင့် အစပြုပြီး၊ ထိုဆုတောင်းခြင်း၏အဖြေကိုမူ မျက်စေဖြင့်မြင်ရသောအရာအဖြစ်သို့ ပြောင်းလဲသွားပါသည်။(Prayer begins as an oratory, but becomes an observatory) ကျွန်ုပ်တို့၏ စိတ်နလုံးထဲတွင်ရှိသော ခံစားချက်များ ဖြစ်ပေါ်လာသည့်အခါ၊ ထိုအရာများကို ဘုရားသခင်အား နှုတ်မှ ပြောပြရသည်။ သို့သော် ကျွန်ုပ်တို့ ဆုတောင်း သည့်အခါ၊ အခြားအချိန်များထက် ဘုရားရှင်၏ အံ့ဩဘွယ်လုပ်ဆောင်ချက်များကို ထင်ရှားစွာ တွေ့ လာရသည်။

C. ဆုတောင်းခြင်းဆိုသည်မှာ ကောင်းကင်၏ကောင်းကြီးမင်္ဂလာကို လိုချင်၍မြေကြီးမှ အော်ဟစ်ခြင်း ဖြစ်ပါသည်။(Prayer is the cry of earth for the blessing of heaven) “ပဌနာစကားကို နားထောင် တော်မူသော ဘုရားကိုယ်တော်ထံသို့ လူသားတိုင်းတို့သည် ချဉ်းကပ်ရကြလိမ့်မည်။” (Psalm 65:2) ဘုရားသခင်သည် လူသားတို့၏ ဆုတောင်းခြင်းကို ပမာဏမပြုသူမဟုတ်၊ နားလေးသူလည်းမဟုတ်၊ မြေကြီး၏ အော် ဟစ်သံကိုဘုရားအနေဖြင့် ဝင်ရောက်ဖြေ ရှင်းရန် အသင့်ရှိနေပါသည်။

D. ဆုတောင်းခြင်းသည် အဖုံးကန့်လန့်ကာဖွင့်ခြင်းနှင့် ဖော်ပြခြင်းဖြစ်ပါသည်။(Prayer is an unveiling and a revealing.) ကျွန်ုပ်တို့၏ စိတ်နလုံးလို အပ်ချက်များကို ဘုရားသခင်ရှေ့မှောက်တွင် နက်နဲစွာမြင်နိုင်စေရန် ကန့်လန့်ကာဖွင့်ပြခြင်းဖြစ်၍၊ ကျွန်ုပ်တို့၏ လိုအပ်ချက်များ ကိုမြင်ပြီး နောက် ဘုရားရှင်၏ မေတ္တာ၊ ဂရုဏာ၊ ပညာနှင့် တန်ခိုးတော် ကို အခြားအချိန်များနှင့်မတူ ဖော်ပြတော်မူခြင်းဖြစ်ပါသည်။

E. ဆုတောင်းခြင်းသည် မိမိတောင်းသောအရာကိုမရမချင်းထပ်တလဲလဲ ဖော်ပြနေသော ကလေးငယ် နှင့်တူသည်။

F. ဆုတောင်းခြင်းသည် ကျွန်ုပ်တို့စိတ်နလုံးထဲတွင် နှုတ်ကပါတ်တော်မီးတောက်လောင်စေရန် မီးမွှေးပေးခြင်းဖြစ်သည်။(Prayer is the match that ignites the Word) ကောင်းကင်တံခါးကိုဖွင့်သော“သော့” ဖြစ်သည်။ အလင်းရောင်တည်းဟူသော သမ္မာတရားကိုလင်းစေသော မီးခလုတ်(switch that turns on the light of truth) ဖြစ်သည်။ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာမြတ်ကြီးစီးဝင် လာနိုင်ရန် ကောင်းကြီးတံခါးဖွင့်ပေး သော အရာဖြစ်ပါသည်။

G. ဆုတောင်းခြင်းသည် နှစ်လမ်းသွားစံနစ်ဖြစ်သည်။ ဆုတောင်းယုံမျှသာ မဟုတ်၊ အဖြေရလဒ်ကို နားထောင်ခြင်း၊ စောင့်ဆိုင်းခြင်းလည်းပါဝင်သည်။ (Prayer is a two-way street. We not only talk, but we listen and wait as well.)

IV. ဆုတောင်းခြင်း၏ထူးခြားသောလက္ခဏာများ -THE CHARACTERISTICS OF PRAYER

ယုံကြည်သူသည် ဘုရားသခင်နှင့်ဆက်ဆံပြောဆိုနေသောအရာများကို အသွင် (၅)မျိုးဖြင့် ဖော် ပြနိုင်ပါသည်။ ကိုးကွယ်ခြင်း (ADORATION)၊ တောင်းလျှောက်ခြင်း(SUPPLICATION)၊သူတပါးအတွက် တောင်းလျှောက် ခြင်း (INTERCESSION)၊ ကျေးဇူးတော်ချီးမွမ်းခြင်း (THANKSGIVING) နှင့် တောင်းခံခြင်း (ASKING) ဖြစ်ပါသည်။ (Philippians 4:6-7; Ephesians 6:19; 1 Timothy 2:1).

A. ADORATION – (ကိုးကွယ်ခြင်း)။ အခြေခံအားဖြင့်ကိုးကွယ်ခြင်းဆိုသည်မှာ ဘုရားသခင်အားချစ်ကြောင်း နှင့်ချီးမွမ်းခြင်းကို ဖော်ပြ သောအရာဖြစ်ပါသည်။ (Adoration is our audibly expressed love for God in praise.)

1. (Psalm 100:4) - “ကျေးဇူးတော်ကြီးပါသည်ဟု ဝန်ခံလျက် တံခါးတော်တို့ကိုဝင်း၊ ဂုဏ်တော်ချီး မွမ်းလျက် တန်တိုင်း တော်တို့ကိုဝင်း ဝင်ကြလော့။”
2. (Hebrews 13:15) - “ထို့ကြောင့် ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ဝန်ခံလျက်နှုတ်ခမ်းအသီး တည်းဟူသော ချီးမွမ်းခြင်းယဇ်ကို သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌အစဉ်ပူဇော်ကြကုန်အံ့။”

B. SUPPLICATION –(တောင်းလျှောက်ခြင်း)။ ဂရိဘာသာအားဖြင့် DEESIS ဖြစ်ပြီး၊ လိုအပ်ချက် (need)၊ တောင့်တချက်ကို (wanting) အထူးပြထား ပါသည်။ Webster’s Dictionary ဖွင့်ဆိုချက်အရမူ ရိုသေနှိမ့်ချမှုဖြင့် တောင်းလျှောက်သည် (“To humbly beg.”) ဟု အဓိပ္ပါယ်ရသည်။ ဘုရားသခင်ထံတော်သို့ နူးညှတ်ပြတ်ဝပ် လျှက် (tenderness) ၊စိတ်ပြင်းပြလျှက် (earnestness)၊တောင်းခံခြင်းလည်းဖြစ်ပါသည်။

C. INTERCESSION – (သူတပါးအတွက် ကြားဝင်တောင်းလျှောက်ခြင်း)။(Hebrews 7:25; 1 Timothy 2:1). ဤစကားသည် တရားရုံးဝေါဟာရဖြစ်ပါသည်။ တစ်စုံတစ်ယောက်သော သူအတွက် သို့မဟုတ် တစ်စုံ တစ်ယောက်သော သူကို ဆန့်ကျင်၍၊ကိုယ်စား လျှောက်လဲခြင်းဖြစ်ပါသည်။ (Romans 11:2) တွင်– “ဘုရား သခင်ရှေ့မှာ ကြသရေလ အမျိုးတစ်ဘက်၌ (ဧလိယကမည်သို့) လျှောက်ထားသည်ဟု ကျမ်းစာ၌ပါ သော အကြောင်းကိုသင်တို့မသိကြသလော။” သူတပါး၏ကိုယ်စားဘုရားသခင်၏ရှေ့တော်မှောက် သို့ဝင်၍ လျှောက် လဲခြင်းဖြစ်ပါသည်။ (Romans 8:27) တွင် “သန့်ရှင်းသောဝိညာဉ်တော်သည် သန့်ရှင်းသူတို့ ဆုတောင်းသော အမှုကို စောင့်မတော်မူသည်။” (Hebrews 7:25) တွင် ခရစ်တော်သည် ကျွန်ုပ်တို့ အတွက်လျှောက်လဲ လျက် ရှိနေပါသည်။

D. THANKSGIVING – (ကျေးဇူးတော်ချီးမွမ်းခြင်း)။ (1 Thessalonians 5:17-18) တွင် “မခြားမလပ် ဆုတောင်းပဌနာပြုကြလော့။ အရာရာ၌ ကျေးဇူးတော် ချီးမွမ်း ကြလော့။” (Philippians 4:6) တွင် “အရာရာ၌ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသော အားဖြင့် သင်တို့တောင်း ပန်လိုသော အရာများတို့ကို ဘုရားသခင်အားကြားလျှောက်ကြလော့။ ထို့ကြောင့် ကျွန်ုပ်တို့ ဆုတောင်းရာတွင် အရေးကြီး သောအစိတ်အပိုင်း တစ်ခုသည် ကျေးဇူးတော်ချီးမွမ်း ခြင်းဖြစ်ပါသည်။

E. ASKING – (တောင်းခံခြင်း) အခြေခံအားဖြင့် ဆုတောင်းခြင်းသည် တောင်းခံခြင်းနှင့် အဖြေရယူခြင်းဖြစ် သည်။ (Prayer is asking, and the answer is receiving.) တောင်းခံခြင်းနှင့် ပတ်သက်၍၊ ဓမ္မသစ်ကျမ်းစာ

တွင် အလေးပေးဖော်ပြပုံကို သတိပြုသင့်ပါသည်။

1. Matthew 7:7-8 –“တောင်းကြလော့။ တောင်းလျှင်ရမည်။ တောင်းသောသူမည် သည်ကား ရ၏။….”
2. Matthew 18:19 –“မြေကြီးပေါ်မှာ သင်တို့တွင် သဘောချင်းတူ၍၊ ဆုတောင်းလျှင်၊ တောင်းသမျှသော ဆုတို့ကိုပေးတော်မူလတံ့။”
3. Matthew 21:22 – “ယုံကြည်ခြင်းပါလျက် ပဌနာပြု၍ဆုတောင်းသမျှတို့ကို သင်တို့သည် ရကြလိမ့်မည်။”
4. Luke 11:13 –“ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသော သူတို့အား သန့်ရှင်း သောဝိညာဉ်တော်ကို သာ၍ပေးတော်မူမည် မဟုတ်လော။”
5. John 14:13-14 –“ငါ့နာမကိုအမှီပြုလျက်၊ တောင်းသမျှအတိုင်းငါပြုမည်။တစ်စုံ တစ်ခုသော ဆုကိုတောင်းလျှင် တောင်းသည့်အတိုင်း ငါပြုမည်။”
6. John 15:7 – “သင်တို့သည် တောင်းချင်းသမျှကိုတောင်း၍၊ ရကြလိမ့်မည်။”
7. John 16:24 – “ယခုတိုင်အောင် ငါ၏ နာမကိုအမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး။ သင်တို့သည် ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှာ တောင်းကြလော့။ ထိုသို့တောင်းလျှင်ရကြလိမ့်မည်။
8. James 1:5-6 – “တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင်ဘုရားသခင်ကို တောင်းစေ” သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံသောစိတ်နှင့်တောင်းရမည်။”
9. James 4:2-3 – “ သင်တို့သည် တပ်မက်၍မရကြ၊ အကြောင်းမူကား - ဆုမတောင်းဘဲနေကြ၏။ ဆုတောင်းလျှင်--- အလွဲတောင်းသောကြောင့်မရကြ။”
10. 1 John 5:14 – “ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်သောဆုကိုတောင်းလျှင် ဘုရားသခင်သည် နားထောင် တော်မူ၏။ (အခြားသောကျမ်းချက်အမြောက်အများထပ်မံ၍ ဖြည့်စွက်နိုင်မည်ဖြစ်ပါသည်။ “if we ask anything according to his will, he heareth us.”

♦ တောင်းခံခြင်း (asking) နှင့်ပတ်သက်၍ ကျမ်းအကိုးအကားပေါင်းများစွာရှိသေးသော်ငြားလည်း၊ အထက်ပါ ကျမ်းကိုးများဖြင့်ပင် လုံလောက်ပြီဖြစ်ပါသည်။

V. တောင်းထားသောဆုအတွက် အဖြေမည်သို့ရယူမည်နည်း။ - HOW TO GET ANSWERS TO YOUR PRAYERS

ဤနေရာတွင် လျှို့ဝှက်ချက်သည် မည်သည့်အရာနည်း။ မည်သည့်သော့က တံခါးကိုဖွင့်ပေးသ နည်း။ သခင်ယေရှု ဆုတောင်းသည် ကိုကြားပြီးနောက် တပည့်တော်တစ်ဦးက “သခင်ဘုရား၊ ဆုတောင်းစေခြင်းငှာ--- ကျွန်ုပ်တို့တို့အား နည်းပေး တော်မူပါ” (Luke 11:1)ဟုတင်ပြခဲ့ပါသည်။ ကျွန်ုပ်တို့ အားလုံးလည်း နည်းပေးရန် တောင်း ရပါမည်။

အောက်ပါတို့ သည် ဆုတောင်းရာတွင်အဖြေရရှိစေရန် သော့ချောင်း (၁၁) ချောင်းလျှို့ဝှက်ချက် (၁၁)ခု၊ နည်းလမ်း (၁၁)ခုကို ပေးထားပါသည်။

A. PRAY ABIDINGLY – John 15:7 – (ခရစ်တော်၌တည်၍တောင်းခြင်း)။ ဆုတောင်းခြင်းအဖြေ ရရှိခြင်း သည်၊ ကျွန်ုပ်တို့ ခရစ်တော်၌တည်လျက်ဆုတောင်းခြင်း၊ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ အထဲ၌ တည်စေလျက် ဆုတောင်းခြင်းကြောင့် ရလာသည့် အကျိုးဖြစ်သည်။ သင့်အထဲတွင် ခရစ်တော်ကို ရှင်သန်ခွင့်ပေးပြီး၊ နှုတ်ကပတ် တော် ကိုလည်း ကျိန်းဝပ်စေပါ။

B. PRAY OBEDIENTLY – 1 John 3:22 – (နာခံလျက်ဆုတောင်းခြင်း)။ အဖြေရသော ဆုတောင်းခြင်းသည် ဘုရားရှင်၏ပညတ်ချက်များကို နာခံလိုက်လျောက်ခြင်း၊ ဘုရားရှင်ကျေနပ်စေခြင်းတို့မှ ရလာသောရလဒ်ဖြစ်သည်။

C. PRAY COMPASSIONATELY – Hebrews 5:7 – (သနားသောစိတ်နှင့်ဆုတောင်းခြင်း)။ ခရစ်တော်မျက်ရည်ကျ လျက်ဆုတောင်းသောအသံကို ဘုရားရှင် ကြားတော်မူပြီ။ ကျွန်ုပ်တို့ကိုလည်း ခရစ်တော် ကဲ့သို့ ငိုကြွေးလျက်ဆုတောင်းနိုင်ဖို့ရန် မျက်ရည်ပေးတော်မူပါဘုရား။(May God give us tears to weep as He wept.)

D. PRAY IMPORTUNATELY – Luke 11:5-8 – (မဖြစ်မနေတောင်းခြင်း)။ဤကျမ်းပိုဒ်တွင် ညသန်းခေါင်ကျော်တွင် သူငယ်ချင်းအိမ်သို့မုန့်သွားတောင်းသောလူအကြောင်းတွေ့ရသည်။ သူ မရမကတောင်းသောကြောင့် မုန့်ရသွားသည်။သူ တံခါးကို ဖွဲ့မလျှာဘဲခေါက်ခဲ့သည်။ “မပေးနိုင်ဘူး” ဟု အိမ်အထဲမှငြင်းပယ်ခံရမှုကို လက်မခံပေ။ သူသည် ချဉ်းသားဆုံးဖြတ်ချက်အတိုင်းဆုတောင်းခဲ့သည်။

E. PRAY INCESSANTLY – 1 Thessalonians 5:17; Ephesians 6:18; Luke 18:1 – (မခြားမလပ်ဆုတောင်းခြင်း)။ အစွမ်းထက်သောဆုတောင်းခြင်း (Effective prayer) သည် ဘုရားရှင်၏ ကောင်းချီး များရရှိဖို့စိတ်နလုံးအပြည့်ဖြင့်ဆုတောင်းခြင်းဖြစ်သည်။

F. PRAY IN THE NAME OF JESUS – John 14:13-14 – (ယေရှုနာမ၌ဆုတောင်းခြင်း)။ ယေရှုနာမ၌ဆုတောင်းဖို့ထပ်ခါတလဲလဲ ကျွန်ုပ်တို့နှိုးဆော်ခံရသည်။ ထိုနာမသည် တန်ခိုးရှိသော ကောင်းချီးနှင့်ပြည့်ဝသည့်နာမ (blessed name) ဖြစ်သည်။

G. PRAY IN FAITH – Mark 11:24; Matthew 21:22; James 1:6 – (ယုံကြည်ခြင်း၌ ဆုတောင်းခြင်း)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ယုံကြည်သော ဘုရားရှင်ထံမှ တောင်းသမျှကို ရကြသည်။ စိတ်ထဲ၌သံသယဖြင့် ဆုတောင်းလျှင် တောင်များ (Mountains) သည် ရွေ့သွားမည်မဟုတ်ပါ။ ယုံကြည်စွာဆုတောင်းရမည်။(BELIEVE when you pray.)

H. PRAY FERVENTLY – James 5:16-17 – (အရှိန်ကြီးစွာ ဆုတောင်းခြင်း)။ ပရောဖက်ဧလိယမှအရှိန်ကြီး စွာနှင့်စဉ်ဆက်မပြတ်ဆုတောင်း (Elijah prayed fervently and earnestly) သောကြောင့် ၃-နှစ်တိတိ မိုးမရွာပါ။ ဤသို့သော ဆုတောင်းခြင်းသည် ထိရောက်လှသည်။ ဘုရားရှင်သည် ကျွန်ုပ်တို့အားတောင်စဉ် ရေမရဆုတောင်း ခြင်းမှ ကယ်နှုတ်ပါစေသော။ (May God save us from passionless dry-eyed prayer.)

I. PRAY BOLDLY – Hebrews 4:16 – (ရဲရင့်စွာဆုတောင်းခြင်း)။ ကျွန်ုပ်တို့၏နလုံးသားက ကျွန်ုပ်တို့ကို အပြစ်မတင်လျှင် ကျွန်ုပ်တို့သည် ဘုရားရှင်အပေါ်ယုံကြည်မှုအပြည့်ရှိလျှက် (1 John 3:21) ကျေးဇူးတော်ပလ္လင်သို့ရဲရဲ၀ံ့စွာချဉ်းကပ်ရဲသည်။ ခရစ်တော်၏အသွေးနှင့်ဆေးကြောပြီး၊ သူ၏ဖြောင့်မတ်ခြင်းကိုလွှမ်းခြုံကာ၊ ယေရှု

ဘုရား၏နာမဖြင့် ဘုရားရှင်ထံ ရဲဝံ့စွာတိုးဝင်ပါ။

J. PRAY IN THE WILL OF GOD – 1 John 5:14 – (အလိုတော်နှင့် အညီဆုတောင်းခြင်း)။အကျိုးရှိသော ဆုတောင်းခြင်း (Fruitful praying) သည် အလိုတော်နှင့်အညီဆုတောင်းခြင်းဖြစ်သည်။ကျွန်ုပ်တို့သည် ဘုရားရှင်အား လေးစားဂုဏ်ပြုလျှက်ဘုန်းထင်ရှားစေ (honor and glorify Him) သည့်အခါ၊ဘုရားရှင်သည် ကျွန်ုပ်တို့ ၏ ဆုတောင်းသံများကို နားညောင်းပြီး အဖြေပေးတော်မူသည်။

K. PRAY IN THE SPIRIT – Ephesians 6:18; Romans 8:26-27 – (ဝိညာဉ်၌ဆုတောင်းခြင်း)။ အဖ ဘုရားသခင်သည် ဝိညာဉ်ဖြင့်ဆုတောင်းသည်ကို နားညောင်းတော်မူသည်။ ဝိညာဉ်တော်သည် မည်သို့ ဆုတောင်းရမည်၊ မည်သည့်အရာကိုဆုတောင်းရမည်ကို လမ်းညွှန်တော်မူမည်။

VI. သန်းပေါင်းများစွာသော ဆုတောင်းချက်များ အဘယ်ကြောင့် အဖြေမရသနည်း။ HINDRANCES TO PRAYER or WHY MILLIONS OF PRAYERS GO UNANSWERED

A. INSINCERITY OF MOTIVE – James 4:3 – (မရိုးသားသောစိတ်သဘော)။ “ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာဘို့ရှိစေခြင်းငှါ၊ အလွဲတောင်းသောကြောင့်မရကြ။” သန်းပေါင်းများစွာသော ယုံကြည်သူ များသည် ကိုယ်ကျိုးအတွက်သက်သက်၊(self-interest and self- gratification) သာ ဆုတောင်းကြသည်။ ဆုတောင်းချက်များသည် ဘုရားရှင်၏အလို တော်အတိုင်းဖြစ်စေဖို့ ၊ဘုန်းတော်ထင်ရှားစေဖို့ (will and glory of God) သတိပြုရမည်။

B. DOUBT IN THE HEART – Mark 11:23 – (စိတ်နလုံးထဲ၌ သံသယ)။ “ငါအမှန်ဆိုသည်ကား၊ အကြင်သူသည် ယုံမှားသောစိတ်နှင့် ကင်း၍ မိမိဆိုသည်အတိုင်း ဖြစ်မည်ဟု ယုံကြည်လျက်၊ ထိုတောင်ကို နေရာမှရွေ့လော့၊ ပင်လယ်၌ကျလော့ဟုဆိုလျှင်၊ ထိုသူဆိုသည်အတိုင်း ဖြစ်လိမ့်မည်။” များစွာဆုတောင်း ခြင်းသည်၊ ကြောက်စိတ်နှင့်သံသယ (doubts and fears) ကို ပိတ်ဆို့ တားဆီးပေးသည်။ ဆုတောင်းသည့်အခါ ဆုတောင်းဖို့ မကျန်ရှိတော့၊ အားလုံးဆုတောင်းပြီးပြီ၊ ပြီးပြည့်စုံပြီဆိုသည်မှာမရှိပါ။(It is not enough to pray.) ဆုတောင်းသည့်အခါ ရမည်ဟုယုံကြည်ရမည်။ (Matthew 21:22). စိတ်ဘောင်ဘင်ခတ်နေသောလူ (wavering man) သည် ဘုရားရှင်ထံမှ မည်သည့်အရာမှမရနိုင်ပါ။ (James 1:6-7).

C. SIN IN THE LIFE – Psalm 66:18 – (အသက်တာ၌ ဒုစရိုက်ရှိနေခြင်း)။ “ငါသည်စိတ်နလုံး ထဲမှာ ဒုစရိုက်ကိုငဲ့ကွက်လျှင်၊ဘုရားရှင်သည် နားထောင်တော်မမူ။ ”
(Isaiah 1:15) “သင်တို့ သည် လက်ဝါးတို့ကို ဖြန့်ကြသောအခါ၊ ငါသည်မျက်စိကို လွှဲမည်။ များစွာသော ပဌာနကို ပြုကြသောအခါ ငါသည် နားမထောင်။သင်တို့လက်တို့သည် အသွေးနှင့် ပြည့်ကြ၏။”
ဘုရားရှင်သည် ဆုတောင်းချက်အားလုံးကို နားညောင်းတော်မူကြောင်း သွန်သင်ချက်များကိုလည်း ကြားသိနေရ ပါသည်။ သမ္မာကျမ်းစာကမူ စိတ်နလုံး၊အသက်တာထဲ၌ အပြစ်တရားကိန်းအောင်းနေလျှင်၊ ဘုရားရှင်သည် အဖြေမပေးသည်သာမက၊ နားပင်မကြားကြောင်း ဖေါ်ပြထားသည်။

D. UTTER DISREGARD FOR THE WILL OF GOD – 1 John 5:14 – (အလိုတော်ကို ထည့်သွင်း

စဉ်းစားမှုမပြုခြင်း)။ “ငါတို့သည် ဘုရားသခင့် အထံတော်၌ရဲရင့်ခြင်းအကြောင်း ဟူမူကား၊ ငါတို့သည် အလိုတော်နှင့် ဘုရားသခင်သည် နားထောင် တော်မူ၏။” သင်သည် ဝိညာဉ်တော်၌၊ ဆုတောင်းသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည်၊ သင်၏ဆုတောင်းချက်ကို ဘုရားသခင်၏အလိုတော်နှင့်အညီဖြစ်စေရန် စောင်မ ကြည့်ရှု တော်မူကြောင်းကို သတိရပါ။ (Romans 8:27)။ တစ်စုံတစ်ရာ သတိထားခြင်းမရှိဘဲဘုရားသခင်၏ ရှေ့တော်မှောက်သို့အ လျှင်စလိုဝင်လျက် အရေးမကြီးသောအရာများကို မိမိကိုယ်ကျိုးအတွက်သာကြည့်၍ မိုက်မဲစွာ တောင်းလျှောက်သော ဆုတောင်းချက်များမှာ အဖြေရရှိမည်မဟုတ်ပါ။ ဆုတောင်းချက် မှန်သမျှ တို့သည် ဘုရားသခင်၏အလိုတော် အကြံအစည် တော်နှင့် ကိုက်ညီရပါမည်။ သခင်ယေရှုသည် ဂေသရေမန် ဥယျာဉ်တွင် ဆုတောင်းစဉ် “သို့သော်လည်း အကျွန်ုပ် အလိုရှိသည် အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည်အတိုင်း ဖြစ်ပါစေသော ” (Luke 22:42) ဟုဆုတောင်းခဲ့သည်မှာ အဓိကပုံစံနမူနာပင် ဖြစ်ပါ သည်။

E. OBEDIENCE TO GOD’S COMMANDMENTS – 1 John 3:22 – (ဘုရားသခင်၏ပညတ်တော်တို့ကို နာခံလိုက်လျှောက်ခြင်း)။ “ ငါတို့သည် ပညတ်တော်တို့ကို စောင့်ရှောက်၍၊ နှစ်သက်တော်မူသော အကျင့်တို့ကို ကျင့်သောကြောင့်၊ ဆုတောင်းသမျှ တို့ကို ဘုရားသခင်ထံတော်မှရကြ၏။” ရှင်ယောဟန်ဩဝါဒစာ ပထမ စောင်တွင် “ပညတ်တော်” ဟုဆိုရာ၌ နှုတ်ကပါတ်တော်တွင် ဖော်ပြထားသော ကိုယ်တော်၏ အလိုတော်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ၁ယော၊ ၂း၃-၅ ကိုဖတ်ပါ။ (1 John 2:3-5) တွင်သင်တောင်းသောဆုကို ရလိုပါလျှင် နှိမ့်ချစွာ နှုတ်ကပါတ်တော်၌ ဖော်ပြထားသော ဘုရား သခင်၏အလိုတော်ကို လိုက်လျက်ဘုရားသခင်၏ စိတ် တော် နှင့်တွေ့သော အရာများကိုသာ လုပ် ဆောင်ရန် ဖြစ်ပါသည်။

VII. ဆုတောင်းခြင်း၏ အံ့ဩဘွယ်တန်ခိုး။ - THE WONDERFUL POWER OF PRAYER

ဆုတောင်းခြင်း၏ တန်ခိုးအတိုင်းအဆကို အောက်ပါနည်းများဖြင့် သိရှိနိုင်ပါသည်။

A. FROM THE FACT THAT GOD HEARS AND ANSWERS PRAYER! (ဘုရားသခင်သည် ကြားတော်မူ လျက် အဖြေပေးသောနည်းမှာ အောက်ပါတို့ ဖြစ်သည်။)

1. Psalm 65:2 – “ပဋနာစကားကို နားထောင်တော် မူသောဘုရား၊ ကိုယ်တော်ထံသို့ လူသားအပေါင်းတို့ သည် ချဉ်းကပ်ရကြလိမ့်မည်။”
2. Isaiah 65:24 – “ငါသည် သူတို့မခေါ်မီ ကပင်ထူးမည်။ လျှောက်စဉ် တွင်ပင် ငါနားထောင်မည်။ ”
3. Jeremiah 33:3 – “ငါ့ကိုခေါ်လော့။ ငါထူးမည်။ ကြီးသောအရာ၊ သင်မသိနိုင် အောင် နက်နဲသောအရာ တို့ကို ငါပြမည်။”
4. 2 Chronicles 7:14 – “အထက်က ငါသည်သင်တို့ကို အ ကြောင်းပြု၍ ဝါကြွားသောစကားကို ထိုသူအားပြောပြီးလျှင်၊ ယခုရှက်ကြောက်ခြင်း မရှိ။ ငါတို့သည်အရာရာ၌ သင်တို့အား ဟုတ်မှန်စွာပြော သည်နည်းတူ၊ တိတုရှေ့၌ ငါ ဝါကြွားသောစကားသည်လည်း မှန်သောစကားဖြစ်ကြောင်းထင်ရှား၏။ ”
5. 1 Peter 3:12 – “အကြောင်းမူကား၊ထာဝရဘုရားသည်ဖြောင့်မတ်သောသူတို့ကိုကြည့်ရှုတော်မူ၏။ သူတို့ ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက်ပြုသောသူတို့ကား၊ ထာဝရဘုရားသည် မျက်နှာလွှဲတော်မူ ၏။ ”

B. GREAT THINGS ARE PROMISED IF WE PRAY! (ဆုတောင်းလျှင် ကြီးမားသောအရာများပေးမည်ဟု ကတိပြုထားပါသည်။)

1. Mark 11:24 – “ထိုကြောင့်ငါဆို သည်ကားသင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်း သမျှ တို့ကိုရကြလိမ့်မည်။ ”
2. Matthew 18:19 – “တဖန်ငါ ဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင်နှစ်ယောက်တို့သည် သဘောချင်း တူ၍ ဆုတောင်းလျှင်၊ တောင်းသမျှသောဆု တို့ကိုကောင်းကင်ဘုံ၌ ရှိတော်မူသောငါ၏ ခမည်းတော်သည် ပေးတော်မူလတံ့။ ”
3. John 14:14 – “သင်တို့သည် ငါ၏ နာမကိုအမှီပြု၍ တစုံတခုသောဆုကို တောင်းလျှင်၊ တောင်းသည် အတိုင်းငါပြုမည်။”
4. Matthew 21:22 – “ယုံကြည်ခြင်းပါလျက်ပဌနာပြု၍ ဆုတောင်းသမျှတို့ကို သင်တို့သည်ရ ကြလိမ့်မည် ဟုမိန့်တော်မူ၏။”
5. James 5:16 – “အချင်းချင်း တယောက်နှင့်တ ယောက်၊ ကိုယ်အပြစ်ကို ဘော်ပြတောင်းပန်ကြ လော့၊ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဘို့ ဆုတောင်းကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီး သောပဌနာသည် အလွန်တန်ခိုး ပါ၏။”

C. BY THE FACT THAT THE BIBLE IS LADEN WITH DEMONSTRATIONS OF THE POWER OF PRAYER! (သမ္မာကျမ်းစာ၌ ဆုတောင်းခြင်းတန်ခိုးကိုပြခဲ့သော နမူနာများစွာရှိသည်။

1. (Joshua 10:12-14). ယောရှုဆုတောင်းပြီးနောက်၊ နေသည်ရပ်နေလေ၏။(Joshua prayed and the sun stood still)
2. (Genesis 32:25-28) - ယာကုပ်သည်ဆုတောင်းခြင်းဖြင့် ဘုရားသခင်နှင့် နပန်းလုံးခဲ့သည်။ သူ အသက် ချမ်းသာ ရသည်။ ကောင်းကြီးပေးခြင်း ခံရ၏။ (Jacob prevailed with God in prayer. His life was spared, blessed and changed)
3. (Exodus 32:10-14) - မောရှေဆုတောင်း၍၊ ဘုရားသခင်၏လက်တော်သည် ဣသရေလလူတို့အား ပျက်စီးစေမည့်ဘေးမှ ရပ်တံ့စေသည်။ (Moses prayed and stayed God’s hand against Israel)။
4. (1 Kings 18:36-38). ဧလိယဆုတောင်း၍၊ ကောင်းကင်ဘုံမှ မီးကျလေ၏။ (Elijah prayed and fire fell from heaven)။
5. (1 Samuel 1:9-20) - ဟန္နာဆုတောင်းသည်။ ကိုယ်ဝန်ရပြီး အမြဲမဟု အများ၏ကဲ့ရဲ့မှုမှ လွတ်သည်။ ရှမွေလမွေးသည်။ (Hannah prayed. Her barrenness was healed. Samuel was born.)
6. (Daniel 6:10-22) - ဒံယေလဆုတောင်းသည်။ ခြင်္သေ့ပါးစပ်ကို ဘုရားရှင်က ပိတ်ပေးသည်။ (Daniel prayed and God shut the lion’s mouth)
7. (2 Kings 20:1-6) - ဟေဇကိမင်းဆုတောင်းသည်။ ဘုရားရှင်က သူ့အသက်ကို နောက်ထပ် ၁၅-နှစ် တိုးပေးသည်။(Hezekiah prayed and God extended his life fifteen years.)
8. (Acts 4:31) - အသင်းတော်ဆုတောင်းသည်။ ဘုရားရှင်က ထိုအသင်းတော်ကို လှုပ်ခါပြီး လူတိုင်းကို ဝိညာဉ်တော်နှင့်ဖြည့်ပေးသည်။ (The church prayed and God shook the building and filled them all with the Holy Spirit)

9. (Acts 12:5-11) - အသင်းတော် နောက်တဖန်ဆုတောင်းသည်။ ရှင်ပေတရုကို ချုပ်နှောင်ထားသော ထောင် တံခါးပွင့်သည်။ ချုပ်နှောင်ထားသော သံကြိုးများဖြေလွှတ်သည်။ (The church prayed again and Peter was miraculously freed from prison and his chains).

10. (Acts 16:25-26) - ပေါလုနှင့်သိလတို့ ဆုတောင်းသည်။ ဘုရားရှင်က သူတို့ကိုချုပ်နှောင်ထားသော အကျဉ်းထောင်အား မြေငလျင်ဖြင့်လှုပ်ခါလိုက်သည်။ Paul and Silas prayed and God shook their prison with an earthquake.

♦ မြောက်များစွာသော ဆုတောင်းခြင်းတန်ခိုးနှင့်ပတ်သက်သည့် ကျမ်းစာ နမူနာများကို လေ့လာပါ။
SEARCH THE SCRIPTURES FOR NUMEROUS OTHER ILLUSTRATIONS.

နိဂုံး - Conclusion:

♦ ဆုတောင်းခြင်းသည် မရှိမဖြစ် အထူးလိုအပ်သည်။ ဆုတောင်းခြင်းမရှိဘဲနှင့် ဘုရားသခင်၏ ကျေးဇူးတော် သခင်ယေရှုခရစ်၏ မျက်မှောက်တော်၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်တို့ကို တွေ့ထိခံစားနိုင်မည် မဟုတ်ပါ။

♦ ဘုရားသခင်သည် ဆုတောင်းသောအခါ ကြားတော်မူလျက် အဖြေပေးတော်မူပါသည်။ ထို့ကြောင့် ဆု တောင်းခြင်း၏ အရေးပါအရာရောက်မှုကို တိုင်းတာ၍မရနိုင်ပါ။

♦ ဆုတောင်းခြင်းကို မသိကျိုးနွံလုပ်၍မရပါ။ ဆုတောင်းရန်မှာ အမိန့်ဖြစ်သည်။ (Prayer cannot be treated with indifference. It is commanded.)

♦ ဤသင်ခန်းစာကို လေ့လာခြင်းဖြင့် အောက်ပါအတိုင်းနိဂုံးချုပ်နိုင်သည်ဟု ယုံကြည်ပါသည်။ အကျိုးထူး သော (Productive) ဆုတောင်းခြင်းသည်၊ ရဲရင့်သော (bold), ပြင်းပြထက်သန်သော (fervent), လက်မလျှော့ ဘဲ (relentless) ပူပန်သောနှလုံးသား (contrite), နာခံသောနှလုံးသာ (obedient heart) ဖြင့် ဝိညာဉ်တော်နှင့် ယုံကြည်ခြင်းဖြင့်ဆုတောင်းခြင်းဖြစ်သည်။

♦ ကျွန်ုပ်တို့ဆုတောင်းသောရည်ရွယ်ချက်မရိုးသားသောအခါ (our motives are insincere)၊ စိတ်နှလုံး၌ ယုံကြည်စိတ်ချ မှုနည်း၍၊ သံသယပါလာသောအခါ (our hearts are full of doubt)၊အပြစ်များကိန်းအောင်းနေ သည့်အခါ (sin is harbored)၊ ဘုရားရှင်၏အလိုတော်ကို လစ်လျူရှုသည့်အခါ (God's will is ignored) ကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် အဖြေမရဘဲရှိတတ်သည်။

♦ ဆုမတောင်းဘဲနေခြင်းသည် အပြစ်ဖြစ်ပါသည် (Not praying is sin)။ ဆုမတောင်း ဘဲနေခြင်း သည် ကောင်းကြီးပေးမည့် ဘုရားသခင်၏လက်တော်ကို ချည်နှောင်လိုက်သလိုဖြစ်ကာ၊ အသင်းတော် ရရှိမည့် ကောင်းကြီးမင်္ဂလာကို ဆုံးရှုံးသည်သာမက ဝိညာဉ်ကိုလည်း မကြီးထွားစေပါ။ ထို့ကြောင့် ကျွန်ုပ်တို့ အားလုံး သည် ဆုတောင်းခြင်း၌၊ ဆက်ကပ်ကြလျက်၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားရန်အတွက် ဘုရားသခင်၏ ကောင်းကြီး မင်္ဂလာအပြည့်အဝရယူနိုင်ကြပါစေ။

♦ အကယ်၍ ဆုတောင်းခြင်းဖြင့် သူ၏ဝန်ရိုးပေါ်၌လည်ပတ်နေသော နေလုံးကို ရပ်တန့်စေနိုင်လျှင် (Joshua 10:12-14)၊ ကောင်းကင်မှ မီးကို ကျ စေနိုင်လျှင်(1 Kings 18:36-38)၊ ခြင်္သေ့၏နှုတ်ကို ပိတ်နိုင်လျှင် (Daniel 6:10-22)၊ ဆုတောင်းခြင်း၌တန်ခိုးရှိကြောင်းထင်ရှားပါသည်။ ယနေ့အသင်းတော်များတွင် ဆုတောင်းခြင်းသည် အံ့သြစဖွယ်ပျောက်ကွယ်နေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် ဆုတောင်းခြင်းဖြင့် ဘုရားရှင်၏ကောင်း ချီးများကို သိမ်းပိုက်ရင်း ဘုရားဘုန်းတော်ထင်ရှားစေသူများ ဖြစ်ကြပါစို့။

ဆုတောင်းခြင်းဆိုင်ရာ မေးခွန်းများ – သင်ခန်းစာ (၁၇)

1. ယုံကြည်သူတဦးအတွက်.....(၃-မှတ်)
a. ဆုတောင်းခြင်းသည် ရွေးချယ်မှုဖြစ်သည်။ prayer is a choice left up to the believer.
b. ဆုတောင်းရန် ဘုရားရှင်က အမိန့် ပေးထားသည်။ prayer is commanded by God.
c. ဆုမတောင်းဘဲနေလျှင်လည်း ရပါသည်။ neglect of prayer is all right.

2. ဆုတောင်းခြင်းဆိုသည်မှာ .....။ (၃-မှတ်)
a. ဘုရားရှင်နှင့်ယုံကြည်သူကြား စကားပြောဆက်သွယ်ခြင်း။ Communication between the believer and God.
b. နှုတ်ကပတ်တော်ဖတ်ခြင်း။ Reading the Word of God.
c. ဒူးထောက်ခြင်း။ Getting down on your knees.

3. ဆုတောင်းခြင်းဆိုင်ရာ ယေဘူယျနှင့်ဝိသေသလက္ခဏာများကားအဘယ်နည်း။(၃-မှတ်)
a. ရိုသေလေးမြတ်ခြင်း။ Adoration
b. တောင်းလျှောက်ခြင်း။ Asking
c. တပါးသူအတွက် ကိုယ်စားဆုတောင်းခြင်း။ Intercession

4. (Isaiah 65:24) တွင် ဆုတောင်းခြင်း၏တန်ခိုးကို မည်သို့ ပြောထားသနည်း။(၃-မှတ်)
a. ကျွန်ုပ်တို့ အလိုကျ ဆုတောင်းသည့်အတိုင်း အဖြေပေးရမည်။ God must answer yes to our prayer.
b. ကျွန်ုပ်တို့ ဆုတောင်းသည့်အတိုင်း အဖြေမရတတ်ပါ။ God can say no to our prayer sometimes.
c. ကျွန်ုပ်တို့ ဆုမတောင်းခင်အဖြေပေးတတ်သည်။ God sometimes sends the answer before we pray.

5. (2 Chronicles 7:14) အရ ဆုတောင်းသည့်အခါ မည်သို့ စိတ်ထားရှိရမည်နည်း။(၃-မှတ်)
a. နှိမ့်ချမှုရှိပါ။He must be humble.
b. ဂုဏ်ယူဝံ့ကြွားစိတ်နှင့်ဆုတောင်းပါ။He should pray with a proud heart.
c. ဘုရားရှင်မကြိုက်သည့်အရာကိုကြောက်ပါ။He should fear God.

6. အဓိပ္ပါယ်ဖွင့်ဆိုချက် (definition) ရှေ့ တွင် အက္ခရာစာလုံး (letter)ကို ယှဉ်တွဲပြပါ။ (၁၂-မှတ်)

___ ရိုသေလေးမြတ်ခြင်း။ Adoration	a. Expressing our thanks to God
___ တောင်းလျှောက်ခြင်း။Supplication	b. Pleading for another person
___ တပါးသူအတွက် ကိုယ်စားဆုတောင်းခြင်း။Intercession	c. Expressing our needs
___ ကျေးဇူးတော်ချီးမွမ်းခြင်း။Thanksgiving	d. Expressing love to God

7. ဆုတောင်းခြင်း အကြောင်းကို အောက်ပါကျမ်းပိုဒ်များ၏ ကွက်လပ်များတွင် မည်သို့ဖော်ပြသနည်း။

သက်ဆိုင် သောစကားလုံးများကိုဖြည့်ပါ(၂၅-မှတ်)

a. ဟေရှာ ၅၅း၆ "တွေ့နိုင်သည် ကာလတွင် ထာဝရဘုရားကို .....လော့။ နီးတော်မူသည် ကာလတွင်..... ပြုကြလော့။"

b. ၆ရာ ဂုး၁၄ "ငါ့နာမဖြင့်သမုတ်သော ငါ့လူတို့သည် ကိုယ်ကို .....၊ ငါ့မျက်နှာကို ရှာလျက် .....၍ ..... ကိုလွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ .....မည်။ သူတို့.....၍ သူတို့ကို.....ပေးမည်။"

c. လု ၁၈း၁ လူတို့သည် ..... ဘဲ ..... ၍ ..... ရမည်အကြောင်းကို ဥပမာစကားအားဖြင့် မိန့်တော် မူသည်ကား၊

d. ၁သက်၅း၁၇ " ..... ဆုတောင်း ..... ပြုကြလော့။"

e. ယာကုပ် ၄း၂ "သင်တို့သည် ..... ၍ မရကြ။ လူအသက်ကိုသတ်၍ ၄င်း၊ အလွန်လိုချင်သော ..... ရှိ၍၄င်း၊ ..... မပြည့်စုံနိုင်ကြ။ ရန်တွေ့ခြင်း၊ စစ်တိုက်ခြင်းကိုလည်းပြု၍ ..... ။ အကြောင်းမူကား၊ ..... နေကြ၏။"

8. အဖြေရစေသော ဆုတောင်းချက် ၆-ချက်ကိုရေးပြပါ။(၁၈-မှတ်)

a. .....

b. .....

c. .....

d. .....

e. .....

f. .....

9. ကွက်လပ်ဖြည့်ပါ။(၃-မှတ်)

ယုံကြည်သူတဦး _____ ခြင်းသည် _____ ဖြစ်သည်။(I Samuel 12:23)

10. လူများစွာတို့ ၏ဆုတောင်းချက်များသည် အဖြေမရဘဲရှိတတ်ကြသည်မှာ အဘယ့်ကြောင့်နည်း။ ကျမ်းပိုဒ် ရှေ့ တွင် အဖြေမှန်စာပိုဒ်ကိုရေးပါ။(၁၂-မှတ်)

d _____ d. ယာကုပ် ၄း၃ James 4:3

a _____ a. လုကာ ၁၁း၂၃ Mark 11:23

b _____ b. ဆာလံ ၆၆း၁၈ Psalm 66:18

c _____ c. ၁ယော ၅း၁၄ 1 John 5:14

11. ဆုမတောင်းဘဲနေခြင်းအကြောင်းကို မည်သို့ ပြောထားသနည်း။ ကွက်လပ်တွင် သင့်လျော်သည့် အဖြေကိုရေးပါ။(၁၅-မှတ်)

1) ဘုရားသခင်ကို ပြစ်မှားသောအပြစ် _____ e. 1 Samuel 12:23
2) အသင်းတော်ကို ပြစ်မှားသောအပြစ် _____ d. Ephesians 6:18
3) လူလူချင်း ပြစ်မှားသောအပြစ် _____ b. 1Timothy 2:1
4) ကိုယ့်ကိုကိုယ် ပြစ်မှားသောအပြစ် _____ c. James 4:2
5) မယုံကြည်သော အပြစ် _____ a. Mark 11:23-24

12. ဘုရားရှင်က သင့်ဆုတောင်းချက်အား အဖြေပေးခဲ့သည့်အကြောင်းကို ရေးပြပါ။ (သင်၏အမြင်ကို သာ ရေးခိုင်း ခြင်းဖြစ်သောကြောင့် အမှတ်လျှော့မည်မဟုတ်ပါ။)

သင်ခန်းစာ(၁၈)၊ ဗတ္တိဇံခံခြင်း - Baptism

နိဒါန်း - Introduction

ဤသင်ခန်းစာတွင် ခရစ်ယာန်ဗတ္တိဇံ၏ နည်းလမ်း (means)၊အဓိပ္ပါယ်သဘောသဘာဝနှင့် (nature)၊ အရေးကြီးပုံ (importance) တို့ကို ဖော်ပြထားပါသည်။ ဤဗတ္တိဇံ မင်္ဂလာသည် ဝိညာဉ်တော်နှစ်ခြင်း(baptism in the Spirit) သို့မဟုတ် ဝိညာဉ်တော်အားဖြင့်နှစ်ခြင်း (baptism by the Spirit) သင်ခန်းစာ (၆၊၇၊၈) တို့တွင် လေ့လာခဲ့ရသော သန့်ရှင်းသောဝိညာဉ်တော် အကြောင်း မဟုတ်ပါ။ ဤသင်ခန်းစာတွင် ရေခြည်ပေးသော ဗတ္တိဇံမင်္ဂလာ၏ တန်ဘိုးနှင့် နည်းလမ်းအကြောင်း (value and proper mode of water baptism) ဖော်ပြမည်ဖြစ်ပါသည်။ ဗတ္တိဇံနှင့် ပတ်သက်၍၊ ဒဏ္ဍာရီသဘောဆန်မှု (myths) မှားယွင်းမှု (errors) အချို့ကိုလည်း ဖော်ပြပါမည်။ သို့ရာတွင် သခင်ဘုရားကိုယ်တော် တိုင်ရှင်းလင်းစွာမိန့်မှာသောအချက် ယုံကြည်သူတိုင်းမဖြစ်မနေလုပ်ဆောင်ရမည့် ဤမင်္ဂလာ (ordinance) ကို ဖေါ်ပြမည်ဖြစ်သည်။ သမ္မာကျမ်းစာ နည်းကျဗတ္တိဇံပေးခြင်း (biblical baptism) အကြောင်းသင်ကြားခြင်းနှင့်ပတ်သက်၍ အရေးကြီးသောရှုဒေါင့်မှ လေ့လာတင်ပြထားပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- သခင်ယေရှုသည် အမှုတော်ဆောင်ခြင်းကို ရေခြည် ဗတ္တိဇံခံရန် သူ့ကိုယ်သူအပ်နှံခြင်းဖြင့် အစပြုပြီး၊ အမှုတော်ကို“လူမျိုးတကာတို့အား ဟောပြောသွန်သင်၍၊ ဗတ္တိဇံပေးရန်” သူ၏တပည့်တော်များအား မှာကြား ခဲ့ခြင်းဖြင့် အမှုတော်ဆောင်ခြင်းကို အဆုံးသတ်ခဲ့သောကြောင့် ဤသမ္မာကျမ်းစာ၏ အရေးကြီးဆုံး သွန်သင် ချက်ကို မည်သည့်ယုံကြည်သူကမျှရှောင်လွှဲ၍ရနိုင်မည် မဟုတ်ပါ။ ဗတ္တိဇံသည် မလိုအပ်ဟု ဘေးဖယ်၍ ရသောအရာမဟုတ်၊ မခံဘဲနေ၍ရသောကိစ္စမဟုတ်ပါ။ မဖြစ်မနေလိုက်နာရမည့် မိန့်မှာချက်ဖြစ်ပါသည်။

- ထို့ကြောင့် ဗတ္တိဇံသည် အဓိကအရေး ကြီးသောကြောင့်၊ ကျွန်ုပ်တို့သည်ဗတ္တိဇံ မင်္ဂလာခံသည်သာမက၊ ထိုဗတ္တိဇံမင်္ဂလာကို သေချာစွာ (baptized properly) ခံရမည်။ အဓိပ္ပါယ်နှင့် တန်ဘိုး (meaning and merit) ကို အပြည့်အစုံသဘောပေါက်လျက် စံနစ်တကျခံယူရမည်။

- ဤသို့အရေးကြီးလှသော သြဝါဒကို နားလည်မှုလွဲမှားနေကြသော သူများစွားရှိသည်။ အမည်ခံ ခရစ်ယာန် အသင်းတော် (professing Christian Church) များစွာတို့သည် သမ္မာကျမ်းစာ နည်းလမ်းအတိုင်း မဟုတ်ဘဲ ဗတ္တိဇံမင်္ဂလာကို ပေးနေကြသည်။ အကျိုးဆက်အားဖြင့် ထိုသို့အမည်ခံခရစ်ယာန် အသင်းတော်များမှ မွေးထုတ်လိုက်သည့် သန်းပေါင်းများစွာသော အမည်ခံခရစ်ယာန်များသည် သူတို့ကိုယ်သူ တို့ နှစ်ခြင်းခံပြီးပြီ ဆိုသည်နှင့် ယုံကြည်သူဖြစ်သွားကြောင်း၊ ကယ်တင်ခြင်းရကြောင်း၊ ဘုရားသား-သမီးများ ဖြစ်သွားကြ ကြောင်း အချည်းနှီး ခံယူယုံကြည်ထားသူ များရှိပါသည်။ သမ္မာကျမ်းစာနည်းကျဗတ္တိဇံခံခြင်း၏ သဘော သဘာဝနှင့် ရည်ရွယ်ချက်ကို (nature and purpose of biblical baptism) နားလည်ပြည့်စုံစွာ သဘောပေါက်ခွင့်ပေးပါ မည်အကြောင်း ဘုရားသခင်အား ရိုးသားစွာဆုတောင်း လျက် ဤသင်ခန်းစာကို လေ့လာပါ။

သင်ခန်းစာ - THE LESSON

I. ဗတ္တိဇံဟူသောစကား၏ အဓိပ္ပါယ် - THE MEANING OF THE WORD “BAPTISM”

A. ဗတ္တိဇံ (Baptism) ဟူသော စကားလုံးသည် အင်္ဂလိပ်ဘာသာ သို့မဟုတ် အင်္ဂလိပ်ခရစ်ယာန်များ (Anglican) က ခေါမ - ဂရိ (ဟေလသ) ဘာသာအားဖြင့် baptisma (နာမ်)(the process of immersion equals submersion and emergence) မှ ကူးပြောင်း ဖလှယ်ခြင်းဖြစ်ပါသည်။ (မြုပ်နှံခြင်း၊ နှစ်မြုပ်ခြင်း၊ နှစ်နေခြင်း) ဟူသော အဓိပ္ပါယ်ရှိပါသည်။ ထို baptisma သည် ဂရိဘာသာ(ကြိယာ) Baptizo ဟူသော သီးခြား ဝေါဟာရမှလာပါသည်။ ဝိသေသကြိယာ “bapto” (meaning to dip, submerge, or immerse.) ဖြစ်လျက် ရေထဲတွင် နှစ်သည်၊ ရေ အောက်တွင်နှစ်နေသည်၊ မြုပ်နေသည်ဟုအဓိပ္ပါယ်ရှိပါသည်။(ဤစကားလုံးကို ဓမ္မသစ်ကျမ်းစာတွင် အဝတ်အထည်ဆေးဆိုးရာ၌ (dyeing of a garment) လည်းကောင်း၊ ရေခပ် ရန်အတွက်ရေပုံးကို တွင်းထဲသို့ နှစ်ရာ၌ (dipping of a vessel in a well to draw water) လည်းကောင်း အသုံးပြု ထားပါသည်။

B. ဂရိ-အင်္ဂလိပ်အဘိဓါန် Lexicon များကို နှစ်ခြင်းအသင်းတော်ဝင်များက ရေးသားပြုစုခြင်း၊ မပြုခဲ့ရ သော်လည်း၊ စံပြ အဘိဓါန်များဖြစ်သော Liddell နှင့် Scott အဘိဓါန်များတွင်လည်း baptize ၏အဓိပ္ပါယ်ကို “စိမ်” သည်၊ နှစ်သည် ဟူ၍သာ စကားဖလှယ်ထားပါသည်။ ဤစကားသည် “ဖြန်းသည်” လောင်းသည်ဟူ၍ အဓိပ္ပါယ်မရှိပါ။

C. International Standard Encyclopaedia ပြုစုသူ Dr. A.T Robertson အနေဖြင့် baptizo ဟူသော စကားလုံးသည်သာ ခရစ်ယာန်တို့၏ဗတ္တိဇံခံခြင်း (Christian baptism) နှင့်ပတ်သက်၍၊ အသုံးပြုရမည့် စကားလုံးဖြစ်ကြောင်း ဆုံးဖြတ်ထားပါသည်။ Baptisma နှင့် baptismos စကားလုံးများကို ခရစ်ယာန်ဗတ္တိဇံခံခြင်း တွင် ဓမ္မသစ်ကျမ်းစာ၌ အသုံးမပြုပါ။ အနက်ဖွင့်လိုသော အခါတွင်သာ အသုံး ပြုသည်။

D. baptism ဟူသော ဂရိစကားကို ရှေးကနဦးမှစ၍ ယခုထိစဉ်ဆက်မပြတ် အသုံးပြုလျက်ရှိသည်။ ယနေ့ ဂရိနိုင်ငံနှင့် ရုရှားနိုင်ငံများ ကဲ့သို့ ဂရိအသင်းတော်(Greek church)များ ပြန်ပွားရာနိုင်ငံများတွင် ခရစ်ယာန် ဗတ္တိဇံအတွက် baptizo ဟူသောစကားလုံးကိုသာ အသုံးပြုပါသည်။

♦ “ဂရိလူမျိုးများအသိအမှတပြုသော baptizo ဟူသော စကားလုံးအား၊ ဓမ္မသစ်ကျမ်းစာကိုရေးသော ရှင်လုကာနှင့် အခြားသောပုဂ္ဂိုလ်များတို့သည် အသုံးပြုထားကြောင်း အထောက်အထားမတွေ့ရှပါ။(E.A. Sophocles, GREEK LEXICON OF THE ROMAN AND BYZANTINE PERIODS, p. 297.)

E. Thayer's Lexicon အဘိဓါန်ဖွင့်ဆိုချက် အရ baptizo ဆိုသည်မှာ အပြစ်ကို ဖယ်ရှားသည့် လက္ခဏာ အဖြစ် ပြုလုပ်သောရေတွင် နှစ်မြုပ်ခြင်းဖြစ်သည်။ “baptizo means an immersion in water performed as a sign of the removal of sin.”

F. Church of England, ဆရာကြီး Alfred Plummer က သူ၏ ရှင်မသဲအနက်ဖွင့်ကျမ်း စာမျက်နှာ၊ ၂၈၅ ၌ “ရေ၌နှစ်မြုပ်ခြင်း”(immersion in water.) ဖြစ်သည်ဟုရေးထားပါသည်။

G. Adolph Harnack, ဟူသော နာမည်ကျော်ဂျာမန်ကျမ်းတတ်ပုဂ္ဂိုလ်က (well-known German theologian) "ဗတ္တိဇံသည်ရေ၌နှစ်ခြင်း"ကို သံသယဖြစ်ဖွယ်မရှိ ဖော်ပြသည်ဟု ရေးထားသည်။

♦ ကမ္ဘာ့ပညာရှင်များသည် baptizo ကို အနက်ဖွင့်ရာတွင် နှစ်ခြင်းအသင်းတော်များဘက်မှ အဆုံးအဖြတ်ပေးနေပါသည်။ (to dip, Submerge, or immerse)

II. ဗတ္တိဇံမင်္ဂလာပေးပုံအမျိုးမျိုးနှင့် အဘယ်ကြောင့် ထိုသို့ ပြုလုပ်ကြောင်းရှင်းလင်းချက် - THE VARIOUS MODES OF BAPTISM AND WHY THEY ARE EMPLOYED

A. ယနေ့ ခရစ်ယာန်ဂိုဏ်းဂဏကြီးများ (major denominations) အနေဖြင့် ဗတ္တိဇံမင်္ဂလာပေးရာတွင် ရေကို နည်းလမ်း(၃)မျိုးဖြင့် အသုံးပြုနေပါသည်။

1. Immersion (နှစ်ခြင်း) - နှစ်ခြင်းခံမည့်သူအား ရေတွင်နှစ်လိုက်ခြင်းဖြစ်သည်။ (meaning to dip, immerse, or put under.)
2. Affusion (လောင်းခြင်း) - နှစ်ခြင်းခံမည့်သူအား ရေနှင့်ခေါင်းကိုလောင်းလိုက်ခြင်းဖြစ်သည်။ (meaning the pouring of water on one's head.)
3. Aspersion (ဖြန်းခြင်း) - နှစ်ခြင်းခံမည့်သူအား ရေနှင့်ခေါင်းကိုဖြန်းလိုက်ခြင်းဖြစ်သည်။ (meaning that water is sprinkled on one's head.)

B. ဂရိစကားအရ နှစ်ခြင်းပေးပုံ ၃-မျိုး (three modes)

1. Immersion (နှစ်ခြင်း) – "baptismo" = baptism
2. Pouring (လောင်းခြင်း) – "ekcheo" –လောင်းသည်။ to pour (ဓမ္မသစ်ကျမ်းစာတွင် ဗတ္တိဇံနှင့် ပတ်သက်၍ ဤစကားလုံးကို မသုံးခဲ့ပါ။)
3. Sprinkling (ဖြန်းခြင်း) – " rhantizo" – ဖြန်းသည်။ to sprinkle (ဓမ္မသစ်ကျမ်းစာတွင် ဗတ္တိဇံနှင့် ပတ်သက်၍ ဤစကားလုံးကို မသုံးခဲ့ပါ။)

♦ ဓမ္မသစ်ကျမ်းစာအလိုအရ ရေနှစ်ခြင်းမင်္ဂလာပေးရာတွင် လောင်းခြင်း (pouring)၊ ဖြန်းခြင်း (sprinkling)၊ တို့ ကိုလက်မခံ ကြောင်း ထင်ရှားပါသည်။

C. ရေ၌နှစ်ခြင်းနှင့်ပတ်သက်သည့် ဥပမာများ (The case for immersion)

1. ဓမ္မသစ်ကျမ်းထဲတွင် ဗတ္တိဇံနှင့်ပတ်သက်၍ baptizo ဟူသောစကားကိုသာ အစဉ်တစိုက် အသုံးပြုထားပါသည်။
2. နှစ်ခြင်းအသင်းမဟုတ်သောပညာရှင်များ၏ သဘောတူညီချက် (universal agreement of non-baptist scholars) အရ baptize သည် ရေ၌ နှစ်မြှုပ်ခြင်းမှတပါး အခြားအဓိပ္ပါယ်ကို မပေးနိုင်။ ထိုနှစ်မြှုပ်ခြင်းသည်သာ

ဓမ္မသစ်ကျမ်းတွင် တစ်ခုတည်းသော ကျင့်သုံးမှုဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။

3. ဗတ္တိဇံသည် ယုံကြည်သူအနေဖြင့် ခရစ်တော်နှင့်အတူ အသေခံခြင်း (death)၊ မြှုပ်နှံခံခြင်း (burial)၊ သေခြင်းမှ ရှင်ပြ ထမြောက်ခြင်း (resurrection) တို့ကို ပုံဆောင်သည့်အားလျော်စွာ (Romans 6:3-5; Colossians 2:12-13) နှစ်မြုပ်ခြင်း (immersion)သည်သာ ဤသဘောသဘာဝနှင့် အသင့်လျော် ဆုံးသော အရာဖြစ်ပါသည်။ နှစ်မြုပ်ခြင်းအားဖြင့်သာ "ကျွန်ုပ်တို့သည်ကိုယ်တော်နှင့်အတူ ဗတ္တိဇံအားဖြင့် မြှုပ်နှံသဂြိုဟ်" ("buried with him in baptism") လျက်အသေခံတော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍၊ "ထို သခင်နှင့်အတူ ငါတို့သည် စိုက်ပျိုးလျက်ရှိနိုင်မည်"("planted together in the likeness of his death.") ဖြစ်ပါ သည်။

4. သမ္မာကျမ်းစာတွင်ဖော်ပြထားသော ဗတ္တိဇံများကို နမူနာယူ၍ ယုတ္တိရှိ၊ မရှိစစ်ဆေးခြင်း။

a) John 3:23 – "ယောဟန်သည်လည်း၊ ရှာလိမ်မြို့နှင့်အနီး အဲ့နန်အရပ်၌ရေများသောကြောင့်၊ ဗတ္တိဇံကို ပေး၍ နေသဖြင့်" (လောင်းခြင်း၊ ဖြန်းခြင်း၊ ဖြစ်လျှင်ရေများသောနေရာကို ရွေးရန်မလို)။

b) Mark 1:9 – ယေရှုသည်၊ ဗတ္တိဇံကိုယူရန် နာဇရက်မြို့မှ မိုင် ၆၀ - ခြေလျှင်လျှောက်ခဲ့ရသည်။

c) Acts 8:38-39 – အဲသရောပိပြည်ဘဏ္ဍာရေးဝန်ကြီး၏ ဗတ္တိဇံခံခြင်းနှင့်ပတ်သက်၍ "ထိုအမတ်နှင့်တကွ ရေထဲသို့ ဆင်း၍ "ရေမှတက်ကြလျှင်" ရေထဲ၌နှစ်မြှုပ်စေခြင်းနည်းကို အသုံးပြုခဲ့သည်မှာ ရှင်းလင်းပါသည်။

d) ဗတ္တိဇံဆရာယောဟန်သည်၊ ယော်ဒန်မြစ်ထဲတွင် ဗတ္တိဇံပေးပါသည်။ ရေလောင်းရန်၊ရေဖြန်းရန်ဖြစ်ခဲ့ပါလျှင် "မြစ်ထဲ" ဆင်းရန်မလိုပါ။

5. ဒုတိယရာစုအလယ်လောက်တွင် ရေးသားခဲ့သော(၁၇-ရာစုတွင်း ပြန်လည်တွေ့ရှိ) အသင်းတော်လက်ကိုင် ရှေးအကျဆုံး စာအုပ်"တမန်တော်ကြီး ၁၂ပါးတို့၏ သွန်သင်ချက်" The "Didach" or "Teaching of the Twelve Apostles," အရ ဗတ္တိဇံပေးရာ တွင်ထူးခြားသော အခြေအနေ ရှိသောကြောင့် ရေလောင်းခြင်း (pouring) မှအပ ရေ၌ရေနှစ်မြှုပ်စေရန် (immersion) တိုက်တွန်း ထားပါသည်။

6. ဗတ္တိဇံပေးပုံပေးနည်း (form or mode of baptism) သည်၊ ၎င်း၏အရေးပါမှုကိုပြသခြင်းဖြစ်သောကြောင့် အရေးကြီးသည် ။ဗတ္တိဇံမင်္ဂလာခံရာတွင် ရေနှစ်ခြင်း (immersion) ကိုသာ အမိန့်ပေးထား (commanded) ပြီး၊ ထိုအရာသည်သာအသေခံခြင်း (death)၊ သဂြိုဟ်ခြင်း (burial)၊ သေခြင်းမှ ရှင်ပြန်ထ မြောက်ခြင်း (resurrection) ကိုပုံဆောင်ခြင်း ဖြစ်စေနိုင်သည်။ ဤနေရာတွင် ထောက်ပြလိုသည့် သင်္ကေတ (The POINT of a symbol) မှာ ဗတ္တိဇံပေးပုံပေးနည်း (form or mode of baptism) ဖြစ်သည်။ အကယ်၍ ဗတ္တိဇံပေးပုံပေးနည်း (form or mode of baptism) ကိုပြောင်းလဲလိုက်ပါက၊ ၎င်း၏ အရေးပါသောပုံဆောင်မှုသင်္ကေတ (The POINT of a symbol) ရေဖြန်းခြင်း၊ရေလောင်းခြင်း တို့သည် ရေနှစ်ခြင်းထက် လုပ်ဆောင်ဖို့ရန် ကယိကထ မများလွန်းသောကြောင့် ဗတ္တိဇံပေးပုံပေးနည်း (form or mode of baptism) ကိုအဆင်ပြေသလို လုပ်ဆောင်နိုင်သည်ဟူသော ဆုံးဖြတ်ချက်ကို မည်သူတဦးတယောက်ကိုမျှပေးမထားပါ။ (No one has a right to change the form for the sake of convenience.)

7. Church of England မှ ဆရာကြီးLightfoot,(British scholar) က သူ၏ အနက်ဖွင့်ကျမ်း(commentary) Colossians 2:12, p. 182,တွင် "ဗတ္တိဇံသည် လူဟောင်း၏သချိုင်းဖြစ်လျက်၊ လူသစ်၏မွေးဖွားရာ အရပ်ဖြစ်သည်။ ဗတ္တိဇံမင်္ဂလာတွင် ရေထဲသို့ နှစ်မြှုပ်သွားသောအခါ ယုံကြည်သူသည် မိမိ၏ ဖောက်ပြန်ပျက်စီးတတ်သော အရာ အားလုံးကို ထိုအရပ်၌မြှုပ်နှံပြီး၊ ရေထဲမှ လူသစ်အဖြစ်ထလာကာ၊အသက်တာသစ်နှင့် အသစ် သော

မျော်လင့်ခြင်း အတွက် အသက်ရှင်လာပြီးဖြစ်ပါသည်။" ဟုရေးထားပါသည်။

♦ Dr. Lightfoot ၏ ရေထဲမှလူသစ်အဖြစ်ထလာသည် (rises regenerate) ဟူသော ဖေါ်ပြချက်သည် မှားသော်လည်း၊ ရေထဲ၌နှစ်မြှုပ်ခြင်း (immersion) ယုံကြည်ချက်မှာမူ မှန်ကန်ပါသည်။ ဤအကိုးအကားသည် နှစ်ခြင်းအသင်းတော် (Baptist) များမှမဟုတ်သော နှစ်မြှုပ်ခြင်းကို မကျင့်သုံးသော ပညာရှင်ကြီးများ၏ ဖော်ပြ ချက်ကို ပြလို၍၊ အနည်းအကျဉ်းမျှ အသုံးပြုခြင်းသာဖြစ်ပါသည်။)

8. ဆရာကြီး Dr. A.T. Robertson က ယခုလို မိန့်ဆိုဖူးသည်။ "အကယ်၍ ရေးသားထားသော စာပေ အထောက်အထားကို ကိုးကားမည်ဆိုလျှင်ရှေးဦးယုံကြည်သူများ (ancient canon or early church fathers) တို့သည် ရေ၌ နှစ်မြှုပ်ခြင်း (immersion) ကို ဗတ္တိဇံမင်္ဂလာ အတွက် ဘိုးစဉ်ဘောင်ဆက် ကျင့်သုံးခဲ့ကြသည်။"

9. (Matthew 3:11 and Mark 1:8) ကျမ်းပိုဒ်တွင် ဖေါ်ပြထားသည့် "သန့်ရှင်းသောဝိညာဉ်တော် နှင့်ငင်းမီးနှင့်ငင်း ဗတ္တိဇံပေးမည်" ဟူသော အသုံးအနှုန်းစကားလုံး "နှင့်" "with" သုံးစွဲပုံရှုပ်ထွေးမှု နှင့်ပ တ်သက်၍ ဖေါ်ပြရလျှင်၊ Baptist အသင်းဝင်မဟုတ်သော The committee of THE AMERICAN STANDARD VERSION, ၏နောက်ဆုံးထုတ်ပြန်ချက် (final revision) တွင် "အထဲတွင်" "in" စကားလုံး ဖြင့်အစား ထိုး ခဲ့သည်။

D. လောင်းခြင်း (pouring)၊ ဖြန်းခြင်း (sprinkling) ကိစ္စအားရှင်းလင်းခြင်း

1. Neither mode was practiced in the New Testament. ဓမ္မသစ်ကျမ်းတွင် ဗတ္တိဇံမင်္ဂလာအတွက် လောင်းခြင်း (pouring)၊ ဖြန်းခြင်း (sprinkling) နှစ်မျိုးလုံးကို အသုံးမပြုခဲ့ပါ။
2. လောင်းခြင်း (Affusion or pouring) သည် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းကို အကောင်း ဆုံး သရုပ်ပြနိုင်ပါမည်။ သို့သော် နောင်တရလျက်ယုံကြည်လိုက်သည်နှင့်တပြိုင်နက် သန့်ရှင်းသော ဝိညာဉ် တော်ကိုရရှိသည်။ (Spirit is given immediately upon repentance and faith, not upon one's baptism) (Romans 8:15-16; Galatians 4:6-7)
3. ဖြန်းခြင်း (Aspersion or sprinkling) ကို၊ ၁၃ရာစုမတိုင်မီထိ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်းမရှိခဲ့ပါ။ ထိုခေတ်အခါက ဖြန်းခြင်း(sprinkling) သူများအား ရှုံ့ချခဲ့ပါသည်။ Comncil of Trent ဖေါ်ပြချက်အရ ဖြန်းခြင်းကို ခရစ်သက္ကရာဇ် (၁၅၄၅ မှ ၁၅၆၃) အကြား သုံးကြိမ်ကျင်းပခဲ့ပြီး 19th Ecumenical Council တွင် လောင်းခြင်း (pouring)၊ ဖြန်းခြင်း (sprinkling) ကို တရားဝင်ခွင့်ပြုခဲ့သည်။
4. အထက်က ဖော်ပြပြီးသောကျမ်းတွင် Presbyterian အသင်းတော်ဝင်ဖြစ်သူ Philip Schaff ၏ဘာသာပြန်စာအုပ် (The Didache) တွင် ယခုလိုရေးထားသည်။ "ဗတ္တိဇံနှင့် ပတ်သက်၍၊ ဤသို့ ဗတ္တိဇံ ပေးကြလော့။ ဤအရာများကို ပထမဦးစွာ သွန်သင်ပြီးနောက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမတော်ထဲသို့ စီးသောရေဖြင့် ဗတ္တိဇံပေးလော့။ စီးသောရေမရနိုင်မှ အခြားရေဖြင့် ဗတ္တိဇံပေး လော့။ရေအေးဖြင့်ပေး၍ မဖြစ်နိုင်လျှင် ရေနွေးဖြင့်ပေးလော့။ ထိုသို့ပင်မတတ်နိုင်လျှင် ထိုသူ၏ခေါင်းပေါ်တွင် ရေသုံးကြိမ် လောင်းခြင်းဖြင့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ် တော်၏ နာမတော်ထဲသို့ ဗတ္တိဇံပေးလော့။"

♦ ဤလက်စွဲစာအုပ်သည်၊ ဒုတိယရာစုအစောပိုင်းတွင် ရေးသားထားသောစာအုပ်ဖြစ်သည်။

♦ Immersion is not only approved, but strongly urged. ရေ၌နစ်မြုပ်စေခြင်း (Immersion)ကို အတည်ပြုထားသည်သာမကလေးလေးနက်နက်တွန်းထားပါသည်။

♦ Some pouring was to be permitted, but with definite guidelines and under extreme conditions. ရေလောင်းခြင်း (pouring) ကို အချို့နေရာတွင် အခြေအနေ အလွန်ခက်ခဲ မှ သုံးရန် ခွင့်ပြုပါသည်။

5. ဒုတိယရာစုခန့်ကတည်းကပင် အချို့သောခရစ်ယာန်များသည် ဗတ္တိဇံမင်္ဂလာနှင့် ပတ်သက်၍၊ ဓမ္မသစ်ကျမ်းပါသြဝါဒ (New Testament doctrine and practice) များနှင့်အညီမဟုတ်ဘဲ သွန်သင်စပြုနေပြီးဖြစ်ပါသည်။ အချို့သောပုဂ္ဂိုလ်များသည် ဗတ္တိဇံခံယူခြင်းဖြင့် အသစ်သောမွေးဖွားခြင်း ရနိုင်သည်ဟူသည့် မှားယွင်းသောသြဝါဒ (erroneous doctrine of baptismal regeneration) ကို သွန်သင်လာကြပါသည်။ ဗတ္တိဇံမင်္ဂလာပေးရာတွင် လောင်းခြင်း (pouring)၊ ဖြန်းခြင်း (sprinkling) နှင့် အမှား အမှန်မခွဲခြားတတ်သေး သူကလေးသူအားဗတ္တိဇံမင်္ဂလာပေးခြင်း (infant baptism)တို့သည် ဤ သမ္မာကျမ်းစာမှ သွေဖီလျက် လမ်းများ သို့ (perversion of biblical baptism) ရောက်လာခြင်းဖြစ်သည်။

III. ဗတ္တိဇံခံခြင်းဖြင့်ကယ်တင်ခြင်းပေးနိုင်ပါသလား။ BAPTISMAL REGENERATION – DOES BAPTISM SAVE?

Catholic Church အပါအဝင် များစွားသော အသင်းတော်များသည် ဒုတိယမွေးဖွားခြင်းဗတ္တိဇံမင်္ဂလာ (baptismal regeneration) နှင့် ကလေးသူငယ်ဗတ္တိဇံပေးခြင်း (baptism of infants) အကြောင်း သွန်သင်နေကြသည်ကို တွေ့ရှိရပါသည်။

ဒုတိယမွေးဖွားခြင်းဗတ္တိဇံမင်္ဂလာ (baptismal regeneration) နှင့် ပတ်သက်၍ တုန့်ပြန်ချက်များ။

A. ဗတ္တိဇံအားဖြင့် ကယ်တင်ခြင်းရသည်ဟူသော သွန်သင်ချက်သည် ဗတ္တိဇံ၏အမှတ်လက္ခဏာသရုပ်ဖော်မှုကို ဖျက်ဆီးခြင်းဖြစ်ပါသည်။(To give baptism saving value is to ruin the symbol) ကျမ်းစာနှင့် ကိုက်ညီသော ဗတ္တိဇံမင်္ဂလာ (Bible baptism) သည် ကျွန်ုပ်တို့စိတ်နှလုံးထဲတွင် ခံယူရရှိပြီးသော ပြောင်းလဲမှုကို လူ ပရိသတ်ရှေ့၌ ဝန်ခံထုတ်ဖော်ခြင်းဖြစ်ပါသည်။ (Acts 8:37)

B. ဗတ္တိဇံယူခြင်းသည် အခွင့်အရေးတစ်ရပ်တာဝန်တစ်ရပ်ဖြစ်ပြီး၊ ကယ်တင်ခြင်းရရှိရန် လုပ်ဆောင်သော နည်းလမ်း မဟုတ်ပါ။ (Baptism is a privilege and a duty, not a means of receiving saving grace.)။ ထို အနေအထားကို တခုခုနှင့် ဖြစ်စွက်လိုက်လျှင်၊ မူရင်း အဓိပ္ပါယ်ပျက်ပြယ်သွားမည်။ (The picture is lost when something is added.)

C. ဒုတိယမွေးဖွားခြင်းဗတ္တိဇံမင်္ဂလာ (baptismal regeneration)ကို ယုံကြည်သူများအဓိကဖော်ပြသော ကျမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

1. (John 3:3-5)တွင် – "ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား"ဟု ဖေါ်ပြထားသည်။ ထိုအချက်ကို ထောက်လျက် ဒုတိယ မွေးဖွားခြင်းဗတ္တိဇံမင်္ဂလာ (baptismal regeneration) ကိုယုံကြည်သူ များက ရေ (water) သည် ရေဖြင့်နှစ်ခြင်းခံခြင်း (water baptism) ကိုဆိုလိုသည်။ သို့သော်-ကျွန်ုပ်တို့၏ ယုံကြည် ချက်မှာ

အောက်ပါ အတိုင်းဖြစ်သည်။

a) ခရစ်ယာန်ဗတ္တိဇံ (Christian baptism) ကို အသုံးပြုဖို့ ပင်တေကုတ္တေပွဲနေ့ (Pentecost) မတိုင်မီအထိ အမိန့်ပေးထားခြင်းမရှိသေးပါ။ ထို့ကြောင့် "ရေဖြင့်မွေးဖွားခြင်း" ဆိုသည် မှာ ရေ၌ ဗတ္တိဇံခံခြင်းမဖြစ်နိုင်ပါ။

b) (John 3:4)တွင်, Nicodemus - နိကောဒင်သည်၊ မိခင်ဝမ်းထဲသို့ပြန်ဝင်မည်လောဟု မေးပါသည်။ (John 3:6) တွင် ခရစ်တော်သည် ဇာတိပကတိမွေးဖွားခြင်းနှင့်(fleshly birth) ဝိညာဉ်အားဖြင့်မွေးဖွားခြင်း(spiritual birth) ကို ပြောသည်။ ခရစ်တော်သည်၊ ဤနေရာတွင် ဇာတိပကတိ မွေးဖွားခြင်းနှင့် ဝိညာဉ်မွေး ဖွားခြင်းနှစ်မျိုး လုံးကို ပြောနေကြောင်း ထင်ရှားပါသည်။

2. (Acts 2:38) တွင် " သင်တို့ အပြစ်ကိုလွတ်စေခြင်းငှာ နောင်တရ၍၊ တစ်ယောက်မျှမကြွင်း၊ ယေရှု ခရစ်၏ နာမ၌ဗတ္တိဇံခံကြလော့။" ပြောထားပါသည်။ ထိုအချက်ကို ထောက်ပြီး Baptismal regenerationists များက အပြစ်လွှတ်ခြင်းရဖို့ နှင့် ထိုမှတဆင့် ကယ်တင်ခြင်းရဖို့ အတွက် ဗတ္တိဇံမင်္ဂလာ (baptism) သည် မရှိမဖြစ်လိုအပ်ကြောင်း သွန်သင်ကြသည်။ ကျွန်ုပ်တို့ ၏ အဖြေမှာ အောက်ပါအတိုင်းဖြစ်သည်။

a) Greek စကားလုံး "FOR"၏ မူလစကားလုံးသည် "စေခြင်းငှာ" "eis," ဖြစ်ပြီး "ထဲသို့" "into." ဟူ၍ အဓိပ္ပါယ်ရသည်။

b) သို့ရာတွင် (Luke 11:32) တွင် "ထိုသူတို့သည် ယောနဟောပြောသော စကား ကြောင့် နောင်တရကြ၏။" ဟု ပြောထားသကဲ့သို့ EIS အဓိပ္ပါယ်ကို into အဖြစ် တစ်မျိုးတည်းဘာသာပြန်နိုင်သည်မဟုတ်ပါ။ ထို့ကြောင့် (Acts 2:38) ကို ဤသို့ လည်း ဘာသာပြန်နိုင်မည်ဖြစ်ပါသည်။ " သင်တို့အပြစ်လွတ် သောကြောင့် နောင်တရ၍၊ တစ်ယောက်မကြွင်း၊ ယေရှု ခရစ်၏ နာမ၌ ဗတ္တိဇံခံကြလော့။" ဟုပြောထားသည်။

♦ **"FOR"** ဟူသော စကားလုံးအသုံးပြုပုံနှင့်ပတ်သက်၍ အကျယ်ချဲ့ရလျှင်၊ ကျွန်ုပ်တို့ အပေါ်တွင် အပြစ်လွှတ်ခြင်း အကျိုးသက်ရောက်ကြောင်းပြရန် "FOR" ကို ဖေါ်ပြလိုရင်းဖြစ်သည်။ သို့ သော် (Ephesians 2:8-9; Titus 3:5-6) တွင် ဖေါ်ပြချက်များနှင့်မူ ကွဲလွဲသည်။.

♦ သမ္မာကျမ်းစာ နှင့် ဆန့်ကျင်သော အငြင်းပွါးဖွယ်ရာ ဩဝါဒအသုံးအနှုန်းများ သုံးစွဲခြင်းသည် မှားယွင်းပါသည်။

3. (Acts 22:16) တွင် "ထလော့။ သခင်ဘုရားကို ပဋနာပြုလျက်၊ ဗတ္တိဇံခံ၍၊ သင်၏အပြစ်များကို ဆေးကြောလော့။ " ဟု ပြောထားသည်။ ထိုအချက်ကို အထောက်အထားပြုကာ Baptismal regenerationists များက ဗတ္တိဇံခံခြင်းဖြင့် သင်၏ အပြစ်များကို ဆေးကြောကြောင်းသွန်သင်ကြသည်။ ကျွန်ုပ်တို့ ၏ သုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

a) ဤကျမ်းပိုဒ်သည် တမန်တော်ကြီးရှင်ပေါလု ယေရှရှလင်မြို့တွင် သက်သေခံနေသည်ကို ဖေါ်ပြသည်။
b) (Acts 9:6) - စိတ်နလုံးကြေကွဲ၍၊ရပ်တည်ရာမရသောတာရှုမြို့သားရှောလုသည် ယေရှုကို သခင်ဟု ခေါ်

လျက်၊ ကိုယ်တော်၏အုပ်ချုပ်မှုအောက်သို့ အပ်နှံခဲ့ပါသည်။

c) (Acts 9:11) - "ထိုသူသည် ဆုတောင်းလျက်နေသည်ကို တွေ့ရှလိမ့်မည်။"

d) (Acts 9:15) -ဘုရားသခင်က၊ "ထိုသူကား---ငါရွေးကောက်သောတန်ဆာဖြစ်၏" ဟုမိန့်ကြားခဲ့ပါသည်။

e) (Acts 9:17) - အာနနိက ရှောလုကို "ညီရှောလု" ဟုခေါ်ပါသည်။

f) (Acts 9:17) - အာနနိက"သင့်ကိုသန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံခြင်းငှာ၊ငါ့ကိုစေခန့်တော်မူပြီ"

g) (Acts 9:18) - ပေါလုသည် ခရစ်တော်ကို ယုံကြည်ပြီးမှ ဗတ္တိဇံမင်္ဂလာခံယူခဲ့ပါသည်။

♦ ပေါလုသည် ဗတ္တိဇံမခံယူမီပင် ကယ်တင်ခြင်းသို့ရောက်၍၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ကြောင်း ပေါ်လွင်သည်။

♦ ခက်ခဲသော ကျမ်းပိုဒ်များအား အောက်ပါကဲ့သို့ လွယ်ကူစွာရှင်းပြနိုင်လျှင် အလွန်ကောင်းသည်။

Acts 8:12 - "ထိုသူတို့သည်၊ ယုံကြည်သောအခါ----ဗတ္တိဇံကိုခံကြ၏။"

Acts 8:37 - "သင်သည်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင်ခံရ၏။"

Acts 2:21 - "ထာဝရဘုရားကို ပဋနာပြုကြသောသူရှိသမျှတို့သည် ကယ်တင်တော်မူ ခြင်းသို့ ရောက်ရကြလတ္တံ့။

Romans 10:13 -"ထာဝရဘုရားကို ပဋနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။

♦ ကျွန်ုပ်တို့သည် ဗတ္တိဇံခံယူခြင်းအားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ရသည် မဟုတ်ဘဲထာဝရဘုရားကို ယုံကြည် ခြင်း ပဋနာပြုသောအခါ ကယ်တင်တော်မူခြင်းသို့ ရောက်ကြောင်းပေါ်လွင်ပါသည်။

♦ (Acts 22:16)တွင် "သင်သည် အဘယ်ကြောင့် ဆိုင်းလင့်၍နေသနည်း။ ထလော့။ သခင်ဘုရားကိုပဋနာပြုလျက် ဗတ္တိဇံကိုခံ၍၊ သင်၏အပြစ်များကို ဆေးကြောလော့ " ဟု ဖေါ်ပြထားသည်။ ဤနေရာတွင် "ပဋနာပြုလျက်" "calling" ဟူသောစကားလုံး သည် ဗတ္တိဇံခံပုံ နည်းလမ်း "means."ကို ဆိုလိုသည်။ ထိုသို့ ကယ်တင်ခြင်းရပြီဆိုလျှင် လူပရိသတ်အများရှေ့ ၌ (public confession) ပြသသည့် ခရစ်တော်နှင့် အတူ သေခြင်း (death)၊ မြှုပ်နှံခြင်း (burial)၊ ပြန်လည်ရှင်သန်ခြင်း (resurrection) ကို ပုံဆောင် သည့် ရေနှစ်ခြင်း မင်္ဂလာကို ခံယူနိုင်ပြီဖြစ်သည်။

4. (1 Peter 3:19-21) ကို ထောက်လျှက် Baptism regenerationists များက Noah သည် ရေအားဖြင့် ကယ်တင်ခြင်းရခဲ့သည့်နည်းတူ၊ ယနေ့ခေတ် ကျွန်ုပ်တို့သည်လည်း ဗတ္တိဇံအားဖြင့် ကယ်တင်ခြင်းရကြောင်း ပြောဆိုကြသည်။ ဤအငြင်းပွါးဖွယ်ကိစ္စအတွက် ကျွန်ုပ်တို့၏အဖြေမှာအောက်ပါအတိုင်းဖြစ်သည်။

a) (1 Peter 3:19-21) တွင်ရှင်ပေတရုက ဗတ္တိဇံခံခြင်းအားဖြင့် ဇာတိပကတိ၏ အညစ်အကြေး (filth of the flesh) ကို မဆေးကြောနိုင်ကြောင်းရှင်းလင်းစွာ ပြောထားပါသည်။ ခရစ်တော်၏အသွေးတော်ကသာ ဤ အလုပ်ကို ဆောင်ရွက်နိုင်ပါ သည်။ (Revelation 1:5; 1 John 1:7).

b) ရှင်ပေတရုက နေဇသဘော်ထဲ ဝင်ခဲ့သော လူ ၈-ဦး ကယ်တယ်မှုရခဲ့ခြင်းမှာ နာခံခြင်း (obedience) ကြောင့်ဖြစ်ပြီး၊ နာခံခြင်းမရှိသော (disobedient) လူသန်းပေါင်းများစွာမှာမူ ဆန့်ကျင်ဖက်အကျိုးရခဲ့သည်ဟု

ပြောခဲ့သည်။ Baptism ဆိုသည်မှာ နာခံခြင်းနှင့် ဘုရားရှင်အသံနားထောင်ခြင်းဖြစ်သည်။

c) Noah သည် သူ၏အိမ်သားများကို ကယ်တင်ရန် သင်္ဘောဆောက်ခဲ့သည်။ (Hebrews 11:7). အိမ်သား ၈-ဦးသည် သင်္ဘောထဲတွင်ရှိသောကြောင့် အသက်ဘေးမှလွတ်မြောက်ခဲ့သည်။ ကျွန်ုပ်တို့၏သင်္ဘောမူကား ခရစ်တော်ပင်ဖြစ်သည်။ (Romans 8:1).

d) The word "figure" - "ပုံဆောင်ခြင်း" ဟူသောစကားလုံး၏ ဆိုလိုချက်မှာ ကယ်တင်ခြင်းအစစ်မှန် (reality of salvation) ရဖို့လုပ်ဆောင်သော အစိတ်အပိုင်းတခုဖြစ်သည်။ ၎င်းသည် အတွင်းပိုင်းယုံကြည်ခြင်း၏ အပြင်ပိုင်းသက်သေဖြစ်သည်။(It is the outward testimony of an inner faith.)

5. (Mark 16:16) တွင် ယုံကြည်၍ဗတ္တိဇံခံသောသူသည် ကယ်တင်ခြင်းရသည် ဟုပြောထားသည်။ Baptismal regenerationists က ဤအချက်ကို ထောက်၍ baptism သည် salvation ရဖို့ အတွက် မရှိမဖြစ်လို အပ်ကြောင်း ပြောကြသည်။ ဤအငြင်းပွါးဖွယ်ကိစ္စအတွက် ကျွန်ုပ်တို့၏အဖြေမှာအောက်ပါအတိုင်းဖြစ်သည်။

a) စည်းမျဉ်း Rule #1 – မည်သည့်ကျမ်းပိုဒ်မဆို ကျမ်းစာအားလုံး၏ဆိုလိုချက်နှင့်ကိုက်ညီရမည်။ Any scripture must be interpreted in the light of all scripture (2 Peter 1:20).

b) စည်းမျဉ်း Rule #2 – ခက်ခဲသော၊နားလည်ရန်မလွယ်ကူသော ကျမ်းပိုဒ်များ လွယ်ကူသောနည်းဖြင့် အဓိပ္ပါယ်ဖွင့်ရမည်။ A difficult or ambiguous passage should always be interpreted in the light of clear passages (Matthew 28:19).

c) စည်းမျဉ်း Rule #3 – အငြင်းပွါးဖွယ်ကျမ်းပိုဒ်များကို အခြေပြုတည်ဆောက်ထားသော သြဝါဒသည် မှားယွင်းသည်။It is wrong to build a doctrine on a disputed passage. The two oldest manuscripts do not include verses 9-20 of this chapter.

IV. လူမမယ်ကလေးများအား ဗတ္တိဇံပေးခြင်းကိစ္စ။ THE MATTER OF INFANT BAPTISM

A. ကာသိုလစ်အသင်းတော်တွင်သာမကဘဲ ပရိုတက်စတင့်ဂိုဏ်းဝင်ဇဝံဂေလိဟောပြောသောအသင်းတော် (majority of evangelical Protestants) အများစုတွင်ပင် လူမမယ်နှင့် ကလေးသူငယ်များအား ဗတ္တိဇံပေးသည့် အလေ့အထကို ကျင့်သုံးနေကြောင်း ဝမ်းနည်းစွာ တွေ့ရှိရပါသည်။

B. ကလေးသူငယ် လူမမယ်များအားဗတ္တိဇံပေးခြင်းကို နှစ်သက်သူတို့၏ ငြင်းချက်မှာအောက်ပါတို့ ဖြစ်သည်။

1. (Acts 2:38-39) - တွင်"ကတိတော်သည် သင်တို့နှင့်လည်းကောင်း၊ သင်တို့၏ သားသမီးတို့နှင့်လည်း ကောင်း ဆိုင်သည်" ဟု ဟောထားသည်။ ဤနေရာတွင် သားသမီးဟုဆိုရာ၌ မိမိမှ မွေးဖွားသော ကလေးသူငယ် လူမမယ်များပါ ပါဝင်သည်ဟု ခံယူသည်။

2. (Acts 16:15) တွင် လုဒိသည်၎င်း၊ (Acts 16:31-33) တွင် ထောင်မှူးသည်၎င်း၊ အိမ်သူအိမ်သားများနှင့် အတူ ဗတ္တိဇံခံကြောင်း ဖော်ပြထားပါသည်။ အိမ်သူအိမ်သားဟုဆိုရာတွင် ကလေးသူငယ် လူမမယ်များ ပါဝင်သည်ဟုယူဆကြသည်။

3. ယုံကြည်သူ မိဘနှစ်ပါးမှ မွေးဖွားလာသောကလေးများသည် "အသင်းတော်ဘောင်အတွင်းမှ မွေးဖွားသူ များဖြစ်၍ ကျေးဇူးတော်ပဋိညာဉ်နှင့်လည်းကောင်း (covenants of grace)၊ ထိုပဋိညာဉ်၏ တံဆိပ်ခတ်ခြင်း အခွင့်အရေးနှင့်လည်းကောင်း (right to its seal) သက်ဆိုင်သည် ဟု ခံယူသည်။

4. အကယ်၍ ကလေးသူငယ်များသည် မိခင်ဝမ်းအတွင်း၌ပင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်စုံနိုင် သည် မှန်လျှင် (Luke 1:15) ကောင်းကင်ဘုံသည် ထိုသူတို့၏နိုင်ငံဖြစ်သည်မှန်လျှင် (Matthew 19:14) ယုံကြည် သူ မိဘနှစ်ပါးမှ မွေးဖွားလာ၍ သန့်ရှင်းသူ သည် ဗတ္တိဇံပေးရန် ဟန့်တားဝံ့မည်နည်း။

C. လူမမယ်ကလေးများအား၊ ဗတ္တိဇံပေးခြင်းကို ဆန့်ကျင်သူတို့၏ ငြင်းဆိုချက်မှအောက်ပါအတိုင်းဖြစ်သည်။
1. ခရစ်ယာန်တို့၏ ပထမဆုံးလက်စွဲစာအုပ်ဖြစ်သော DIDACHE ကပင်လျှင် လူမမယ်ကလေးများအား ဗတ္တိဇံပေးခြင်းကို ခွင့်မပြုပါ။

2. နှစ်ခြင်းအသင်းတော်ဝင်မဟုတ်သော ပညာရှင်အမြောက်အများ (non-Baptist scholars) သည် လူမမယ်ကလေးများအား ဗတ္တိဇံပေးခြင်း(infant baptism) ကို မထောက်ခံပါ။
Jacobus (Congreationalist) က "မမွေသစ်ကျမ်းစာတွင် ကလေးသူငယ်နှင့် လူမမယ်တို့အား ဗတ္တိဇံ ပေးကြောင်း ထင်ရှားသည့်အထောက်အထား မပါရှိ " ဟုဆိုပါသည်။
Scott – a Presbyterian ကလည်း – ""မမွေသစ်ကျမ်းစာတွင် ကလေးသူငယ်နှင့် လူမမယ် တို့အားဗတ္တိဇံ ပေးကြောင်း ထင်ရှားသည့်အထောက်အထား မပါရှိ " ဟုဆိုပါသည်။
Plummer – Church of England ကလည်း "The recipients of Christian baptism ခံယူသူများသည် နောင်တရပြီး၊ယုံကြည်ရမည်" ဟုပြောခဲ့သည်။

3. ကလေးသူငယ်အား ဖြန်းခြင်းနှင့် လောင်းခြင်းတို့ဖြင့် ဗတ္တိဇံပေးခြင်းမျိုးသည် သမ္မာကျမ်းစာက သွန်သင် မထားသောအရာအား၊ ရှေးဦးခေတ်ကထဲကပင် မှားယွင်းစွာ လုပ်ဆောင်ခဲ့သော အရာဖြစ်ပါသည်။ Baptism သည် နာခံမှုပြသခြင်း (ordinance) အစား ရှေးဟောင်းအစဉ်အလာ (sacrament) ဖြစ်လာကာ၊ ကယ်တင်ခြင်းဗတ္တိဇံမင်္ဂလာ (doctrine of baptismal regeneration) အယူဝါဒထွန်းကားလာသည်။ အကြောင်း ပြချက်ကား အကယ်၍ ကလေးငယ်များသည် အမွေဝိုက်ထဲမှပင်အပြစ်နှင့်အတူမွေးလာလျှင်၊ ဗတ္တိဇံသည် ကယ်တင်ခြင်း အတွက်မရှိမဖြစ်လိုအပ်လျှင် လူမမယ်ကလေးငယ်များကိုလည်း ဗတ္တိဇံပေးရမည်ဟုဆိုကြသည်။

4. မမွေသစ်ကျမ်းအရ ဗတ္တိဇံခံယူနိုင်ရန် လိုအပ်သောအရာများမှာ အောက်ပါအတိုင်းဖြစ်သည်။
a) နောင်တရခြင်း (Repentance) – Acts 2:38; Matthew 3:2; Acts 17:30
b) ယုံကြည်ခြင်း(Faith) – Acts 8:12, 37; Acts 16:31
c) သွန်သင်ဟောပြောခြင်း(Instruction) – Matthew 28:19-20

♦ ဤအချက်သုံးချက်နှင့်ပတ်သက်လာလျှင် လူမမယ်ကလေးများအနေ ဖြင့် လုံးဝမလုပ်နိုင်သော အရာများ ဖြစ်ပါသည်။ ဗတ္တိဇံခံခြင်းသည် ခရစ်ယာန်ယုံကြည်ခြင်းနှင့်ပတ်သက်၍ ကောင်းမွန်စွာသွန်သင်ခြင်းခံရပြီး ဖြစ်သော မိမိတို့အပြစ်ကို နောင်တရသည့် ယုံကြည်သူ (repentant believers) များခံယူမည့်အရာ ဖြစ်ပါသည်။

5. လူမမယ်ကလေးများသည် ဗတ္တိဇံခံယူခြင်းမရှိသော်လည်းကယ်တင်ခြင်းသို့ရောက်ကြောင်းသမ္မာ ကျမ်းစာ က သွန်သင် ထားပါသည်။(Read Matthew 18:3-4, 10, 14; Matthew 19:14; Mark 10:14-15), ဒါဝိဒ်၏ပြစ်မှားခြင်း - David's sin(2 Samuel 12:13-23)

6. ဗတ္တိဇံခံခြင်းဖြင့် အသစ်သောမွေးဖွားခြင်းကို လူမမယ်ကလေးများသို့ လက်ဆင့်ကမ်းခြင်း (sacramental transmission of regeneration) သည် သမ္မာကျမ်းစာနှင့်ကိုက်ညီမှုလုံးဝမရှိပါသဖြင့်နှစ်ခြင်း အသင်းတော်များအနေဖြင့် မည်သည့် နေရာတွင်မဆို ငြင်းပယ်ထားပါသည်။

V. ဗတ္တိဇံသည် ပညတ်လော၊ ထုံးတမ်းစဉ်လာလော IS BAPTISM AN ORDINANCE OR A SACRAMENT?

A. ordinance (အမိန့်) များသည် သခင်ဘုရားကိုယ်တော်တိုင် အသင်းတော်က ကျင့်သုံးရန်မိန့်မှာခဲ့သော အရာများဖြစ်ပါသည်။

1. သခင်ဘုရားအမိန့်ဖြင့် ပြုလုပ်သော ပညတ်နှစ်ပါး (ordinances) သာရှိပါသည်။

a) ပွဲတော်မင်္ဂလာ(The Lord's Supper) – Luke 22:19-20; 1 Corinthians 11:23-26

b) ရေနှစ်ခြင်း (Water baptism) – Matthew 28:19-20

2. ရေဗတ္တိဇံခံခြင်း (Water baptism) သည် ခံယူရန်အမိန့်ပေးထားသောကိစ္စဖြစ်၍ မလုပ်မနေ လုပ်ရမည်ဖြစ်ပါသည်။သို့ သော် ရွေးနှုတ်ခြင်းတန်ဘိုး (sacramental or redemptive value) မှာမူ မရှိပေ။

B. Sacrament ဆိုသည်မှာ အသင်းတော်အနေဖြင့် ရွေးနှုတ်နိုင်သောတန်ဘိုး (saving or redemptive value) ရှိသည်ဟုသတ်မှတ် ထားသော မင်္ဂလာများဖြစ်ပါသည်။ မြင်နိုင်သောအရာဖြစ်သော်လည်း ထိုအမှုပြုပြင်ခြင်းအားဖြင့် ထိုအမှုမှတ ဆင့်ဝိညာဉ်ဆုကျေးဇူး အချို့ကို ခံစားစေသည်ဟု ယူဆခြင်းဖြစ်ပါသည်။.
ဥပမာ- ကာသိုလစ်အသင်းတော်သည် မင်္ဂလာ ၇-ပါး (seven sacraments); ကို သတ်မှတ်ထားသည်။ ၎င်းတို့ မှာ baptism, confirmation, the Eucharist, penance, extreme unction, holy orders, and matrimony တို့ ဖြစ်သည်။ Council of Trent က ဤ seven sacraments ကို ခရစ်တော်က စတင်ခဲ့ကြောင်း ပြောထားသည်။

VI. သင့်အတွက် ဗတ္တိဇံအရေးကြီးပုံ - THE IMPORTANCE OF YOUR BAPTISM

A. သခင်ယေရှုကိုယ်တိုင် ဗတ္တိဇံခံ၍ ကျွန်ုပ်တို့အတွက် ပုံသက်သေပြခဲ့ပုံမက၊ ယုံကြည်သူတိုင်းကို ဗတ္တိဇံခံရန် အမိန့် ပေးထားပါသည်ဖြစ်ရာ၊ ဗတ္တိဇံမင်္ဂလာ၏အရေးပါပုံကို မည်သူမျှလွှဲရှောင်၍ မရပါ။

B. ဗတ္တိဇံခံခြင်းသည် သခင်ယေရှု၏အမိန့်ကိုနာခံခြင်း(act of obedience)ဖြစ်သည်။ (Matthew 28:19-20).

C. ဗတ္တိဇံခံခြင်းသည် အပြစ်ဒုစရိုက်အားလုံးအတွက် နောင်တရပြီး ခရစ်တော်ကို မိမိ၏ ကယ်တင် ပိုင်ရှင်နှင့် အရှင်သခင်အဖြစ် အကြွင်းမဲ့ယုံကြည်လက်ခံ ကြောင်း လူရှေ့ဘုရားရှေ့မှာ သက်သေခံခြင်း (public testimony) ဖြစ်သည်။

D. ဗတ္တိဇံခံခြင်းသည် သခင်ယေရှုနှင့်အတူ သေခြင်း(death)၊မြှုပ်နှံခြင်း(burial)၊ ရှင်ပြန်ထမြောက်ခြင်း (resurrection) ကို သက်သေပြခြင်းဖြစ်သည်။ (Romans 6:3-5).

E. ဗတ္တိဇံခံခြင်းတွင်ပြန်လည်ရှင်သန်ထမြောက်ခြင်း (resurrection) သည်ကမ္ဘာ့အံ့သြဖွယ်အကောင်း ဆုံးဖြစ်ရပ်ကို (world's greatest miracle) ပုံဆောင်ခြင်းဖြစ်သည်။(Colossians 2:12).

F. ဗတ္တိဇံခံခြင်းသည် သင့်အသက်တာ၏မဟာပြောင်းလဲမှု (revolutionary change) ကိုသက်သေပြခြင်းဖြစ်သည်။ သင် ဗတ္တိဇံခံခြင်းတွင် သင်သည်ခရစ်တော်နှင့်အတူသေပြီး၊ အသစ်သောရှင်ပြန်ခြင်းအသက်တာ (resurrected life) နှင့် အသက်ရှင်ရန် ယခုပြန်လည်ထမြောက်ခဲ့ပြီဖြစ်သည်။

VII. ဗတ္တိဇံမင်္ဂလာပွဲကို မည်သူကလုပ်ပေးနိုင်သနည်း။ WHO IS ALLOWED TO PERFORM THE BAPTISM?

သာမန်အားဖြင့် သင်းအုပ်ဆရာများက ဗတ္တိဇံမင်္ဂလာပွဲကို လုပ်ဆောင်ကြသော်လည်း၊ ခမ္မသစ်ကျမ်းစာတွင် သင်းအုပ်ဆရာများကသာ လုပ်ရမည်ဟူ၍ ကန့်သတ်မထားပါ။ အသင်းတော်လူကြီးများ၊ ခေါင်းဆောင်များကလည်း ဤဗတ္တိဇံမင်္ဂလာပွဲ (ordinance)ကို လုပ်ဆောင်နိုင်ကြပါသည်။

နိဂုံး - Conclusion:

ခရစ်ယာန်တို့၏ ရေနှစ်ခြင်းဗတ္တိဇံမင်္ဂလာသည် သခင်ဘုရားကိုယ်တိုင်အမိန့်ပေးခဲ့သောအရာဖြစ်ပါသည်။ ထို့ကြောင့် ဗတ္တိဇံခံခြင်းသည် နာခံခြင်းလက္ခဏာဖြစ်ပါသည်။(act of obedience) ဗတ္တိဇံခံခြင်းပြုမှုသာ ကယ်တင်ခြင်းရသည်ဟူသော ရှေးထုံးစဉ်လာမဟုတ်ပါ။ (It is not a sacrament) ၎င်းသည် ကယ်တယ်ခြင်းရပြီးလုပ်ရမည့် တာဝန် (obligatory) ဖြစ်သော်လည်း၊ ရေနှစ်ခြင်းခံလိုက်သည့်အတွက်မူ ကယ်တင်ခြင်းအစွမ်းသတ္တိ (saving or redemptive power) ကို မပေးနိုင်ပါ။ နှလုံးသားထဲတွင် ကိန်းအောင်း အသက်ရှင်နေပြီးသား ယေရှုဘုရားကို လူအများသိရအောင် ဗတ္တိဇံခံခြင်းဖြစ်သည် ။ ရေ၌လုံးဝနှစ်မြှုပ်စေခြင်း သည်သာကျမ်းစာနည်းကျ ခရစ်တော်၏ အသေခံတော်မူခြင်း၊ သင်္ဂြိဟ်ခံတော်မူခြင်း၊ သေခြင်းမှရှင်ပြန်ထ မြောက်တော်မူခြင်းကို ပုံဆောင်သည့်ဗတ္တိဇံဖြစ်ပါသည်။ဤရေနှစ်ခြင်းမင်္ဂလာသည် အပြစ်နောင်တရပြီး ယေရှုဘုရားကိုယုံကြည် လက်ခံသည့်သူတိုင်း အတွက်ဖြစ်သည်။ ခမ္မသစ်ကျမ်းစာတွင် မည်သူက ဗတ္တိဇံမင်္ဂလာပေးပိုင်သည်ဟု ဖော်ပြခြင်းမပြုထားသော်လည်း၊ သာမန်အားဖြင့် အသင်းတော်၏ သင်းအုပ်ဆရာကသာလျှင် ဗတ္တိဇံကိုပေးလေ့ရှိပါသည်။

ဗတ္တိဇံမင်္ဂလာ ဆိုင်ရာမေးခွန်းများ – သင်ခန်းစာ (၁၈)

1. baptism မင်္ဂလာသည် အရေးကြီးသည်၊ အဘယ့်ကြောင့်ဆိုသော်.....(၄-မှတ်)
a. ဘုရားရှင်မှ ပညတ်ထားသောကြောင့်။ God commands it.
b. နှစ်ခြင်းခံမှသာ ကယ်တင်ခြင်းရမည်ဖြစ်သောကြောင့်။ it is a requirement for salvation.
c. ယုံကြည်သူအား ခရစ်တော်တွက်အသက်ရှင်ဖို့ ကူညီ၍။ it helps the believer to live for Christ.

2. "baptism"ဟူသောစကားလုံး၏အဓိပ္ပါယ်မှာ.....(၄-မှတ်)
a. ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်လက်ခံသည်။ accept Christ as Savior.

b. တခုခုကို အရည်ထဲသို့ နှစ်လိုက်သည်။ dip something in a liquid.
c. သန့် ရှင်းသူဖြစ်လာသည်။ become holy.

3. ယနေ့ ခေတ်တွင် အများဆုံးအသုံးပြုနေသော ဗတ္တိဇံမင်္ဂလာ ၃-မျိုးမှာ၊ ရွေးချယ်ပါ။(၁၂-မှတ်)
a. လူကို ရေထဲသို့ နှစ်မြှုပ်လိုက်သည့်နည်း။ to dip a person under the water.
b. အထူးစပါယ်ရှယ်စီမံထားသောရေကိုသောက်စေသည့်နည်း။ to drink a cup of special water.
c. လူကို ခေါင်းပေါ်ရေလောင်းသည့်နည်း။ to pour water on a person's head.
d. ကလေးငယ်ကို ခေါင်းပေါ်ရေဖြန်းသည့်နည်း။ to sprinkle water on a baby's head.
e. အထူးစပါယ်ရှယ်စီမံထားသောရေဖြင့်ဆေးကြောသည့်နည်း။ to wash a person with a special water.

4. ရေနှစ်ခြင်း(Immersion)ကို ပုံဆောင်သည့် အောက်ပါ ဥပမာတခုကိုရွေးပါ။(၄-မှတ်)
a. ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း။ the filling of the Holy Spirit.
b. ကျွန်ုပ်တို့ အပြစ်တွက် ခရစ်တော်ကိုယ်စားခံခြင်း။ the imputation of our sin on Christ.
c. ယုံကြည်သူ၏ခရစ်တော်နှင့်အတူတလုံးတဝတည်းဖြစ်ခြင်း။ a believer's identification with Christ.

5. baptism မင်္ဂလာအတွက် ရေများစွာသုံးခဲ့ကြောင်း ဖော်ပြသည့်ကျမ်းစာဥပမာကို ရွေးပါ။(၄-မှတ်)
a. ယော ၃း၂၃ John 3:23
b. ကော ၂း၁၂-၁၃ Colossians 2:12-13
c. ရော ၆း၃-၅ Romans 6:3-5

6. ရေလောင်းခြင်း(pouring) နှင့် ရေဖြန်းခြင်း (sprinkling)ကိုစခဲ့သည့်ကာလကိုရွေးပါ။(၄-မှတ်)
a. ၁၃ရာစု the 13th century.
b. ၅ရာစု the 5th century.
c. ၁၅ရာစု the 15th century.

7. baptism နည်းအဖြင့် ရေဖြန်းခြင်း (sprinkling) ကို တရားဝင်ခွင့်ပြုသော ကောင်စီကိုရွေးပါ။(၄-မှတ်)
a. ကာသေ့ချ်ကောင်စီ။ the Council of Carthage.
b. ရောမကောင်စီ။ the Council of Rome
c. ထရဲင့်ကောင်စီ။ the Council of Trent.

8. baptism ခံခြင်းက ယုံကြည်သူကို မည်သည့်အကျိုးရစေသနည်း။(၄-မှတ်)
a. ယုံကြည်သူကို ကယ်တင်ခြင်းရစေသည်။ It saves the believer.
b. ယုံကြည်သူကို ကယ်တင်ခြင်းမရစေပါ။ It does not save the believer.
c. ယုံကြည်သူကို ဒုက္ခဆင်းရဲခြင်းမှကင်းဝေးစေသည်။ It keeps the believer out of purgatory.

9. ရှင်ပေါလုသည် ကယ်တင်ခြင်းကို.....(၄-မှတ်)
a. ရေနှစ်ခြင်းမခံခင် ရခဲ့ပြီးဖြစ်သည်။ before he was baptized.

b. ရေနှစ်ခြင်းခံချိန်တွင် ရခဲ့သည်။ when he was baptized.
c. ရေနှစ်ခြင်းခံပြီးနောက် ရခဲ့သည်။ after he was baptized.

10. ကလေးသူငယ်များ ရေဖြန်းခြင်းကို ထောက်ခံသူများမှ ကာကွယ်သည့်ကျမ်းပိုဒ်ရွေးပါ။(၄-မှတ်)
a. တမန် ၈း ၃၈-၃၉ Acts 8:38-39
b. တမန် ၂း ၃၈-၃၉ Acts 2:38:39
c. လု ၁၆း၁၆ Mark 16:16

11. New Testament တွင် ဖေါ်ပြသည့် baptism အတွက် လိုအပ်သည့် qualifications ကိုရွေးပါ။(၄-မှတ်)
a. ကောင်းသော အသက်တာနှင့်ရှင်ခြင်း။ A good life
b. သန့် ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း။The filling of the Holy Spirit
c. ခရစ်တော်၌ အသက်တာသစ်ကိုမွေးဖွါးခြင်း။The new birth in Christ

12. ordinance အသင်းတော်အမိန့်(မင်္ဂလာ)ဆိုသည်မှာ အဘယ်နည်း။(၄-မှတ်)
a. ကယ်တင်ခြင်း တန်ဖိုးရှိကြောင်း အသင်းတော်မှ ပြောခဲ့သည့်အတိုင်း လုပ်ဆောင်သည့် အလေ့အကျင့်ဖြစ်သည်။ A practice that is said by churches to have saving value.
b. ဘုရားရှင်၏ပညတ်တော်အတိုင်း အသင်းတော်အတွင်း လုပ်ဆောင်သည့် အလေ့အကျင့်ဖြစ်သည်။ A practice in the church that has been commanded by God.
c. ကောင်းသောခရစ်ယာန်ဖြစ်စေကြောင်း အသင်းတော်များက လက်ခံလုပ်ဆောင်သည့် အလေ့ အကျင့်ဖြစ်သည်။ A practice that has been adopted by the church because it makes a person a better Christian.

13. sacrament အသင်းတော်၏ ပညတ်ဆိုသည်မှာ အဘယ်နည်း။(၄-မှတ်)
a. ကယ်တင်ခြင်း တန်ဖိုးရှိကြောင်း အသင်းတော်မှပြောခဲ့သည့် အတိုင်းလုပ်ဆောင်သည့် အလေ့အကျင့်ဖြစ်သည်။ A practice that is said by churches to have saving value.
b. ဘုရားရှင်၏ပညတ်တော်အတိုင်း လုပ်ဆောင်သည့် အလေ့အကျင့်ဖြစ်သည်။ A practice that has been commanded by God.
c. ကောင်းသောခရစ်ယာန်ဖြစ်စေကြောင်း အသင်းတော်များက လက်ခံလုပ်ဆောင်သည့် အလေ့အကျင့်ဖြစ်သည်။ A practice that has been adopted by the church because it makes a person a better Christian.

14. ဘုရားရှင်မှ အသင်းတော်သို့ ပေးခဲ့သော အမိန့်(မင်္ဂလာများ) (ordinances) မည်မျှရှိသည်ကို အောက်ပါတို့မှ အမှန်ကိုရွေးပါ။(၄-မှတ်)
a. ၂ ခု၊
b. ၃ ခု၊
c. ၇ ခု၊

15. ဗတ္တိဇံမင်္ဂလာကို မည်သူပေးနိုင်သနည်း။(၄-မှတ်)

a. သင်းအုပ်များသာပေးနိုင်သည်။ only a pastor

b. အသင်းတော်မှတာဝန်ပေးထားသော တတ်ကျွမ်းနားလည်သည့် မည်သည့်အသင်းသားမဆိုပေးနိုင်သည်။ any member in good standing with the church when duly authorized by the church

c. အသင်းတော်လူကြီးများသာပေးနိုင်သည်။ only officers of the church

16. ရေနှစ်ခြင်းဖြင့် ဗတ္တိဇံမင်္ဂလာပေးခြင်းသည် မည်သည့်အတွက်ကြောင့် အလွန်အရေးကြီးကြောင်းပြောရသည့် အကြောင်းပြချက် ၃-ခုကို ရေးပါ။ (၁၂-မှတ်)

a. _____

b. _____

c. _____

17. New Testament တွင် အသုံးမပြုသော ဗတ္တိဇံပေးသည့်နည်း ၂-နည်းကို ရေးပြပါ။(၈-မှတ်)

a. _____

b. _____

18. ဒုတိယမွေးခြင်းနှင့်ဆိုင်သော ရေနှစ်ခြင်းမင်္ဂလာ (baptismal regeneration) ကိုယုံကြည်သူများ အသုံးပြုသည့်အဓိကသက်သေပြ ကျမ်းပိုဒ် ၂-ခုကိုရေးပါ။(၈-မှတ်)

a. _____

b. _____

19. Romans 10:13 တွင် မည်သည့်အချိန်၌ ကယ်တင်ခြင်းရကြောင်း ပြောထားသနည်း။(၄-မှတ်)

သင်ခန်းစာ (၁၉)၊ မင်္ဂလာရှိသော ကယ်တင်ခြင်းစိတ်ချရမှု - Blessed Assurance

နိဒါန်း - Introduction

လွန်ခဲ့သောနှစ်ပေါင်းများစွာက နယူးယောက်မြို့တော်တရားဟောပွဲကြီး (New York crusade) တခုတွင် ကျွန်ုပ်သည်အလွန်ရိုးသားပြီး၊ ဘာသာတရားကိုင်းရှိုင်းသော အမျိုးသမီးကြီး တစ်ဦးနှင့် ၎င်း၏ကယ်တင်ခြင်း (salvation)နှင့်ပတ်သက်၍၊ စိတ်ချနိုင်မှုရှိ- မရှိမေးမြန်းရာ "ကျွန်မ မသိနိုင်တဲ့အရာတစ်ခုအတွက် ကယ်တင်ခြင်းရပါပြီလို့ပြောရမှာကအပြောကြီးရာလည်းကျနိုင်ပါသည်။ ကြိုတင်ပြောတတ်လွန်းရာလည်းကျနိုင်ပါတယ်” “I would not be so arrogant or presumptuous to say that I know I am saved.” ဟုပြန်ဖြေခဲ့ပါသည်။ ဤအမျိုးသမီးပြောလိုက်သောစကား
အထူးအဆန်းဖြစ်ယုံမက၊ဝမ်းနည်းဘွယ်ရာဖြစ်သည်ဟုယူဆနိုင်သော်လည်း၊ ထိုအမျိုးသမီးကဲ့သို့ပင် မိမိတို့သေဆုံးသည့်အခါ ကောင်းကင်နှင့်ငရဲ မည်သည့်နေရာသွားမည်မှန်း အသေအချာ မသိကြ သေးသည့်၊ ယနေ့မိမိကိုယ်မိမိ ခရစ်ယာန် ဖြစ်သည်ဟုကြွေးကြော် နေကြသည့် အမည်ခံခရစ်ယာန် (professing Christians) သန်းပေါင်းများစွာတို့ အသင်းတော်များတွင် ရှိနေကြပါသည်။ ဤသင်ခန်းစာကိုပြင်ဆင်ရာတွင် အသင်းတော်အ သိုင်းအဝန်းတွင်း၌ရှိနေကြသောခရစ်ယာန်ဖြစ်ပါလျက် တမလွန်ဘဝ တွင်မည်သည့်နေရာ သို့သွားရမည်ကို မသိရှိသေးသူ၊“ကျွန်တော်-ကျွန်မ က ဒီလိုထင်တယ်၊ ဒီလိုတွေးမိတယ်၊ ဒီလိုမျှော်လင့်တယ်၊ သေရင်ဘယ်သွားမလဲဆိုတာ မသိဘူး၊ အကောင်းဆုံးတော့အသက်ရှင်နေတာဘဲ” စသည်ဖြင့်၊ ထာဝရ ကောင်းကင်ဘုံ အတွက် ဝေခွဲမရဖြစ်နေကြသူ၊သန်းပေါင်းများစွာသော ခရစ်ယာန်များအတွက်ရည် ရွယ်ပါသည်။ ဤသင်ခန်းစာတွင်သင်သည်ဘု ရားသခင်၏သား-သမီးဖြစ်ကြောင်းနှင့် ကယ်တင်ခြင်းရပြီးပြီ ဖြစ်ကြောင်း လုံးဝသံသယကင်းရှင်းဖို့ လိုကြောင်း သိရှိနိုင်ရန်ဖော်ပြထားပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- ❑ တစ်စုံတစ်ယောက်၏ကယ်တင်ခြင်းစိတ်ချရမှုတန်ဖိုးကို ချင့်ထွက်ခန့်မှန်းနိုင်ရန်မှာ လုံးဝမဖြစ်နိုင်ပါ။
- ❑ ကယ်တင်ခြင်း စိတ်ချရမှုမရှိလျှင် စစ်မှန်သော ပျော်ရွှင်မှုမရနိုင်၊ သို့ဖြစ်၍ကြောက်ရွံ့ခြင်းနှင့် မသေချာမှု ပေါ်ပေါက်လာသည်။

ကယ်တင်ခြင်း စိတ်ချရမှုမရှိလျှင် ပြည့်စုံသောငြိမ်သက်ခြင်းကိုလည်းမရနိုင်။ အကြောင်းမှာ ပြည့်စုံသော ငြိမ်သက်ခြင်းကို မိမိအပြစ်များဖြေလွှတ်ပြီးကြောင်းသိရှိမှု၊ စိတ်ချမှုမှသာ ရနိုင်သောကြောင့်ဖြစ်ပါ သည်။

ကယ်တင်ခြင်း စိတ်ချရမှုမရှိလျှင် စစ်မှန်သော လုံခြုံမှုလည်းမရနိုင်။ အကြောင်းမှာ ယုံကြည်သူတဦးသည် ဘုရားသခင်၏ တန်ခိုးတော်နှင့် ကတိတော်များအပေါ်မှီတည်နေမှသာ လုံခြုံမှုရရှိပါသည်။

ကယ်တင်ခြင်း စိတ်ချရမှုမရှိလျှင် ခိုင်မာသော မျှော်လင့်ခြင်း (anchor-holding hope) ကိုလည်း မရရှိနိုင်။ အကြောင်းမှာ မိမိတို့နလုံးသားထဲတွင် မပြောင်းလဲသော မျှော်လင့်ချက်ကို ဆုတ်ကိုင်ထားသူများသာ အပြစ်ဖြေလွှတ်တော်မူခြင်း၊ သန့်ရှင်းစေတော်မူခြင်းကို ယုံကြည်စိတ်ချနိုင်၍ဖြစ်ပါသည်။

ကယ်တင်းခြင်း အတွက် စိတ်ချပိုင်ခြင်းသည် ခရစ်တော်နှင့်လိုက်လျောညီထွေစွာ တလုံးတဝဖြစ်ခြင်း၊ (fullness of Christ) သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးပြည့်ဝစုံလင်ခြင်း (fullness of the Holy Spirit’s

power) တို့ အတွက် အရေးကြီးသည်။

အကယ်၍ သင်သည် ကယ်တင်ခြင်းယုံကြည်စိတ်ချမှုအပြည့်အဝရရှိထားလျှင် ဤသင်ခန်းစာသည် သင်၏ယုံကြည်ခြင်းကိုပိုမိုခိုင်ခံ့ စေပါမည်။ အကယ်၍ သင်သည် ကယ်တင်ခြင်းစိတ်ချမှု လိုအပ်ပါလျှင် ဤသင်ခန်းစာကို လေ့လာစဉ်တွေ့ရှိရပါမည်။

သင်ခန်းစာ - THE LESSON

I. သမ္မာကျမ်းစာသည် မင်္ဂလာရှိသော ကယ်တင်ခြင်းစိတ်ချရမှုကို အောက်ပါနည်းလမ်းများဖြင့် စကားပြောသည်။ THE BIBLE SPEAKS OF THIS BLESSED ASSURANCE IN THE FOLLOWING WAYS:

A. Colossians 2:2 – "မေတ္တာထုံးဖွဲ့၍ခမည်းတော်ဘုရားနှင့်ခရစ်တော်၏ နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာ နှင့်ကင်းသောဉာဏ်၏စည်းစိမ်အပေါင်းနှင့်ပြည့်စုံ၍--" စည်းစိမ်" ဟူသော စကားလုံးကို၊ သတိပြုပါ။ ထိုချမ်းသာသည် ခရစ်တော်အကြောင်းအပြည့်အစုံ သိရှိသောစည်းစိမ်ဖြစ်ပါသည်။ ခရစ်တော်သည် လူဇာတိကို ခံယူသောဘုရားသခင်၏ သားတော်ဖြစ်လျက် ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်၏ ဦးခေါင်းဖြစ်ပြီး၊(head of the body, the Church) ဘုရားသခင်၏ အံ့သြဘွယ် အရာလည်းဖြစ် ပါသည်။

B. Hebrews 6:11 – "ငါတို့ရှိသမျှသည်ပျင်းရိခြင်းနှင့်ကင်းလွတ်၍--လုံ့လဝိရိယကိုထုတ်၍၊ အဆုံးတိုင်အောင် ယုံမှားခြင်းနှင့်ကင်းသော မျှော်လင့်ခြင်းနှင့်ပြည့်စုံစေခြင်းငှာ၊ ငါတို့သည် အလိုရှိကြ၏။ ခရစ်တော်သည် နောက်တဖန် ကြွလာတော်မူမည်။" ဤမင်္ဂလာရှိသော မျှော်လင့်ခြင်းဆိုသည်ကား ခရစ်တော်သည် တဖန်ပြန်ကြွလာမည်၊ကျွန်ုပ်တို့၏ ကယ်တင်ခြင်းနှင့် ဘုရားရှင်၏ ကတိတော်များသည်ပြီးပြည့်စုံမည်ဟူသော အချက်ကို မမှိတ်မသုန် မျှော်လင့်စောင့်စားလျက်အစဉ်အသက်ရှင်နေရသောစိတ်ချမှုကောင်းကြီး မင်္ဂလာဖြစ်ပါသည်။

C. Hebrews 10:22 – "ငါတို့သည် သစ္စာတရားနှင့်ပြည့်စုံသောသဘောရှိ၍၊ ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း ၌တည်လျက်—" ဤနေရာတွင် စိတ်ချရမှု (assurance) ဆိုသည်မှာ ယုံကြည်ခြင်းဖြင့်ရ ရှိသော စိတ်ချမှု (fullness of faith) ဖြစ်ပါသည်။ “ယုံကြည်ခြင်း ပြည့်စုံမှု” “fullness of faith” ဟူသောဝါကျသည် ဘုရားသခင် ပေးထားသောအရာခပ်သိမ်းကို ခံယူခြင်းဖြစ်ပါသည်။

D. Isaiah 32:17 – " ဖြောင့်မတ်ခြင်းတရားသည်လည်းငြိမ်သက်ခြင်းကိုပြုစုလိမ့်မည်။ ဖြောင့်မတ်ခြင်းအကျိုးကား ထာဝရငြိမ်သက်ခြင်းနှင့်လုံခြုံခြင်းတည်း။ " စစ်ပွဲပြီးဆုံးပြီးဖြစ်သည်။(The war is over!) ကျွန်ုပ်တို့အပြစ်အတွက် ခရစ်တော်သည်လက်ဝါးကပ်တိုင်ပေါ်တွင် ပူဇော်သက္ကာကို တင်လှူပူဇော်သော အခါဘုရားသခင်၏ဖြောင့်မတ်ခြင်းသည်လုံးဝကျေ နပ်မှုရရှိပြီး၊ လူနှင့်ဘုရားရှင်ကြား ဖြစ်ပွါးနေသော စစ်ပွဲသည် ရပ်တန့် ကာ ငြိမ်းချမ်းရေးရယူနိုင်ပြီဖြစ်ပါသည်။ ထိုပြီးပြည့်စုံသော ခရစ်တော်ပြုခဲ့သည့်အမှု၌ လုံးဝဥသုံ ယုံကြည်စိတ်ချနိုင်သောသူတို့သည် ငြိမ်သက်ခြင်းနှင့်လုံခြုံခြင်းကို (quietness and assurance) အစဉ်သဖြင့်ရရှိကြပါသည်။

♦ ဤကျမ်းချက်များအရ၊ ခရစ်တော် ကို လုံးဝဥသုံယုံကြည်သောသူများသည် ပြီးပြည့်စုံသောကယ်တင်ခြင်း အာမခံချက် (full of assurance) ရရှိစေကြောင်း ဘုရားသခင်က သိစေလိုခြင်း ဖြစ်ပါသည်။

II. သင်သည် ကယ်တင်ခြင်းရရှိကြောင်း သိနိုင်သည်ဟု သမ္မာကျမ်းစာက အတိအကျဖော်ပြထားပါသလား။ THE BIBLE ACTUALLY SAYS THAT YOU CAN KNOW YOU ARE SAVED

A. Job 19:25-27 – "ငါကိုရွေးနှုတ်သောသခင်သည် အသင်ရှင်၍၊ နောင်ကာလ၌မြေမှုန့် အပေါ် မှာပေါ်လာတော်မူမည်ဟူ၍ငှင်း၊ ငှ်အရေကုန်ပြီးမှဤကိုယ်ကိုပင်ဖျက်ဆီးသော်လည်း၊ ငါသည်ကိုယ်ခန္ဓာ၌ ဘုရားသခင်ကိုမြင် မည် ဟူ၍ငှင်းငါသိ၏။ သူတပါးမြင်သည်သာမက၊ ငါသည် ကိုယ်မျက် စိဖြင့် ဖူးမြင်မည်။"

♦ ယောဘ၏ စိတ်ချမှုနှင့်နားလည်သဘောပေါက်မှု (assurance and understanding) သည် အံ့သြဘွယ်ဖြစ် ပါသည်။ ယောဘသည် ဖခင်အုပ်စိုးသောခေတ် (times of the Patriarchs) တွင်အသက်ရှင်ခဲ့သူဖြစ်လျက်၊ ယောဘဝတ္ထုသည် သမ္မာကျမ်းစာတွင် ရေးသားထားသော စာအုပ် များအနက် အစောဆုံးပြုစုသောကျမ်းဖြစ်နိုင်သည်။

B. 2 Timothy 1:12 – " အဘယ်သူတိုင်းယုံကြည်သည်ဟု ငါသိ၏။ သူ၌အပ်ထားသောအရာကိုလည်း၊ ထိုနေ့ရက် တိုင်အောင် စောင့်နိုင်တော်မူသည်ဟုငါသဘောကျ၏" ရှင်ပေါလုသည်ခရစ်တော်ကို သိကြောင်းနှင့် ခရစ်တော်၏ စောင့်ထိန်း နိုင် သောတန်ခိုး (His keeping power.) ၌စိတ်ချကြောင်းကိုလုံးဝသံသယမရှိရေး သားထားပါသည်။

C. 1 John 5:13 – " ဘုရားသခင်၏သားတော်ကိုယုံကြည်သော သင်တို့သည် ထာဝရအသက်ကိုကိုယ်တိုင်ရသည်ဟု သိစေခြင်းငှာ ဤအရာများကို သင်တို့အားငါရေး၍ပေးလိုက်၏။" ကျွန်ုပ်တို့သည် ထာဝရအသက် ရရှိကြောင်း သိနိုင်ရန် တမန်တော်ကြီးယောဟန်သည် ဤသြဝါဒစာတစ်ခုလုံးကိုရေး ထားပါသည်။

D. John 10:14 – " ငါသည် ကောင်းသော သိုးထိန်းဖြစ်၏...ငှ်သိုးတို့သည်လည်း ငှ်ကိုသိကြ၏။" ဘုရားသခင်က သူတစ်ပါးတည်း ကသာသူ၏သိုးတို့ကိုသိနေသည်မဟုတ်ဘဲ၊ သူ၏သိုးများအားလုံးကလည်း သူ့ကို သိကြောင်းရှင်းလင်းစွာမိန့်ကြားခဲ့ပါသည်။

III. ဓမ္မဟောင်း၊ ဓမ္မသစ်ကျမ်းစာရှိပုဂ္ဂိုလ်များတို့သည် ကယ်တင်ခြင်းကိုရရှိကြောင်းသိရှိကြပါသလား။ BOTH OLD AND NEW TESTAMENT CHARACTERS KNEW THAT THEY WERE SAVED

A. ဓမ္မဟောင်းကျမ်းဝင်ပုဂ္ဂိုလ်များ။ Old Testament Characters:

1. အာဗေလ Abel – (Hebrews 11:4) အာဒံ၏ ဒုတိယသားဖြစ်သောအာဗေလသည် ဘုရားသခင်ထံ တော်

"မိမိဖြောင့် မတ်သည်ဟုသက်သေခံတော်မူခြင်းကိုခံတော်မူခြင်းကိုရလေ၏။" ဟု ဖော်ပြထားပါသည်။ ထိုထက်သေချာသော အာမခံမှု၊ စိတ်ချမှုရရှိရန်ခဲယဉ်းပါသည်။

2. နောဧ Noah – (Gen. 7:1) "သင်သည်ငါ့ရှေ့၌ ဖြောင့်မတ်ကြောင်းကိုငါသိမြင်သည်ဖြစ်၍၊ သင်၏ အိမ်သူ အိမ်သား အပေါင်းတို့နှင့်တကွ၊ သင်္ဘောထဲသို့ဝင်ကြလော့။" (Read Gen. 6:9.) "နောဧသည် ဖြောင့်မတ် သောသူ၊ မိမိအမျိုးဌ စုံလင်သောသူဖြစသည်။ ဘုရားသည် အတူ သွားလာ၏။" နောဧ ဖြောင့်မတ်ကြောင်းကို ဘုရားသခင်က သူအား ပြော ထားပါသည်။ လုံလောက်သောအာမခံချက်မ ဟုတ်ပါလော။

3. အာဗြံဟံ Abraham – (Gen. 15:6), "အာဗြဟံသည်ထာဝရဘုရားယုံကြည်သည်ဖြစ်၍၊ သူ၏ ယုံကြည် ခြင်းကို ဖြောင့် မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။" ဤကျမ်းပိုဒ်ကို ရှင်ပေါလုက (Romans 4:3 and Gal. 3:6) တွင်ပြည့်နှန်း ထားပါသည်။ အာဗြဟံသည် ယုံကြည်သော ကြောင့် ဖြောင့်မတ်သည် ဟုမှတ်ယူခြင်းခံရ သကဲ့သို့သင်နှင့် အကျွန်ုပ်တို့သည်လည်း ယုံကြည်ခြင်းတစ်ခု တည်းဖြင့်သာ ဖြောင့်မတ်သည်ဟုမှတ်ယူခြင်းခံ ရကြောင်းရှင်ပေါလု ကသွန်သင်ပါသည်။

4. ယောဘ Job – (Job 19:25-27) အထက်အမှတ်စဉ် (၂က) တွင် ဖော်ပြထားပြီးဖြစ်ပါ သည်။ ယောဘ ၏ ကယ်တင်ခြင်းရရှိကြောင်းစိတ်ချရမှု (assurance of salvation) အပေါ်သံသယမရှိပါ။

5. ဒါဝိတ် David – (Psalm 40:2), " ပျက်စီးရာတွင်းနှင့်အလွန်ဆိုးသောရွံထဲကငါ့ကိုဆယ်နှတ်ပြီး လျှင် ငါ့ခြေကို ကျောက် ပေါ်မှာတင်၍ ငါ့ခြေရာတို့ကို တည်စေတော်မူ၏။ ဘုရားသခင်၏ ကယ်တင်တော်မူခြင်းသည် ထိုထက် ရှင်းလင်း နိုင်မည်လော။" (Psalm 51:12) "ကယ်တင် တော်မူခြင်းနှင့် ယှဉ်သော ဝမ်းမြောက်ခြင်း ကိုပြန်၍ ပေးသနားတော်မူပါ။" အပြစ်ဒုစရိုက် သည်ဒါဝိဒ်၏ဝမ်းမြောက်ခြင်းကို ဖျက်ဆီးပြီးသော်လည်း ဒါဝိဒ်သည် ကယ်တင်ခြင်းကိုစိတ် ချနေဆဲ ပင်ဖြစ်ပါသည်။

6. ဟေရာယ Isaiah – (Isaiah 6:7), " ဤမီးခဲသည် သင်၏နှုတ်ခမ်းကိုတွေ့ပြီ။ သင်၏ဒုစရိုက်ကို သုတ်သင်ပြီး။ သင်၏ အပြစ်လည်းဖြေရှင်းပြီဟုဆို၏" ဟေရာယသည်သူ၏အပြစ်ဖြေလွှတ်ပြီး ကြောင်း(he was forgiven)၊ သူ၏ဒုစရိုက်ကိုလည်း ပယ်ရှင်းသုတ်သင်ပြီး ကြောင်း (sin had been purged) ဘုရားသခင် ကိုယ်တော်တိုင်ထံမှ တိုက်ရိုက်အာမခံချက်ရရှိခဲ့ပါသည်။

B. ခမ္ဗသစ်ကျမ်းဝင်ပုဂ္ဂိုလ်များ။ New Testament Characters:

1. ပေတရု၏သက်သေခံချက်။ (The witness of Peter – 2 Peter 1:10) "သင်တို့ခံရသော ခေါ်တော် မူခြင်းနှင့် ရွေးချယ် တော်မူခြင်းကို တည်မြဲစေခြင်းငှာ သာ၍ကြိုးစားအားထုတ်ကြလော့။" သင်ရရှိသော ကယ်တင်ခြင်းကို အသေအချာ အတည်ပြု နိုင်ပါသည်။ (၁ပေ ၁း၃-၅) ကိုဖတ်လျှင် ယုံကြည်သူ သည်တဖန်ဖြစ် ပွားစေခြင်းကိုခံရကြောင်း၊ သေခြင်းမှရှင်ပြန်ထ မြောက်ခြင်းအားဖြင့်၊ အသက်ရှင်သောမျှော်လင့်ခြင်း(living hope)၊ မပျက်စီးနိုင်သော၊ ထာဝရအမွေ(eternal inheritance)တို့ သည်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ထိန်းသိမ်းထားတော်မူ ကြောင်းဖော်ပြထားပါသည်။ ဤကျမ်းပိုဒ်များသည် ကယ်တင်ခြင်း စိတ်ချရ သည့် စကားမြတ်များပါသည်။

2. ယောဟန်၏သက်သေခံချက် (The witness of John – 1 John 2:3) “ထိုသခင်ကို ကိုယ်တိုင် သိကျွမ်းသည်ကို အဘယ်သို့သိရသနည်း။ ထိုသခင်၏အမိန့်တော်များကို လိုက်နာစောင့်ထိန်းခြင်းဖြင့် သိရကြ၏”။ “ငါတို့သည် ညီအကိုချင်းကိုချစ်သောကြောင့် သေခြင်းမှအသက်ရှင်ခြင်းသို့ကူးမြောက်သည်ကို ကိုယ်တိုင် သိရကြ၏။” (၁ယော ၃း၁၄) “ဘုရားသခင် သည်ဝိညာဉ်တော်၏ကျေးဇူးကိုငါတို့ အားပေးတော်မူသောကြောင့်၊ ငါတို့သည် ဘုရား သခင်၌ တည်သည်ကိုငှင်း၊ဘုရားသခင်သည် ငါတို့၌တည် တော်မူသည်ကိုငှင်း သိရကြ၏။”(၁ယော ၄း၁၃)။ တမန်တော်ယောဟန်၏ သက်သေခံချက်တွင်ကယ်တင်ခြင်း စိတ်ချရမှုအပြည့်အဝ ပင်ဖြစ် ပါသည်။ သူသည် မိမိရရှိသော ကယ်တင်ခြင်းအပေါ်စိတ်မချမှုလုံးဝမတွေ့ရပါ။

3. ပေါလုသက်သေခံချက် (Paul’s witness – 2 Tim. 1:12)။ ပေါလုသည် ဇဝံဂေလိတရားကြောင့် ခံရသော ဒုက္ခဆင်းရဲခြင်းများအတွက်လုံးဝရှက်ကြောက်ခြင်းမရှိ။ သခင်ဘုရားကိုယ်တိုင် သိကျွမ်းသည်သာမက သခင် ဘုရား၏တန်ခိုးတော်သည် ထိုနေ့ရက် (“that day.”) တိုင်အောင်သူ၏ကယ်တင်ခြင်းကို စောင့်ထိန်းနိုင်ကြောင်း ယုံကြည်လျက် ရှိပါသည်။

4. The witness of Jesus – John 10:14 သခင်ယေရှု၏သက်သေခံချက်။ ယော၊ ၁၀း၁၄။ (၂ဃ)တွင် ဖော်ပြပြီးဖြစ်ပါသည်။ ဤအချက်သည် နောက်ဆုံးသောအဆုံးအဖြတ်ဖြစ်ပါသည်။ "ကျွန်ုပ်တို့သိနိုင်ပါ မည်လော" နှင့် တမန်တော်များအနေဖြင့်သိကြပါသလော။ ဟူသော အမိန့်ဖြင့်ဖြေရှင်းပြီးဖြစ်ပါသည်။

5. မျက်စိကန်းသောသူ၏သက်သေခံချက်။ (The witness of the man born blind – John 9:25) “လူဆိုးဖြစ်သည် မဖြစ် သည်ကို အကျွန်ုပ်မသိ။ အကျွန်ုပ်သည် အထက်က မျက်စိကန်း၍ ယခုမျက်စိမြင်သည် အကြောင်းတခုကို အကျွန်ုပ်သိသည်ဟုဆို၏။”သူ၏ခန္ဓာကို မျက်စိ နှင့်သာမကဝိညာဉ်မျက်စိပါ အလင်းပြန်ရကြောင်းလို့ ခရစ်တော်၏တန်ခိုးတော်အားဖြင့် ဘာမဆိုဖြစ်နိုင်ကြောင်း ရှင်း လင်းသွားပြီဖြစ်ပါသည်။

IV. သန်းပေါင်းများစွာသော မိရိုးဖလာခရစ်ယာန်များသည် ကယ်တင်ခြင်းအတွက် စိတ်ချမှုမရှိသည့် အကြောင်း။ MILLIONS OF CHURCH-GOING PROFESSING CHRISTIANS LACK ASSURANCE BECAUSE OF:

A. ကနဦးကပင်မှားယွင်းသောယုံကြည်ချက် (A false faith from the beginning.)

"ကနဦးကပင်" “from the beginning,” ဟုဆိုရာတွင်လူအချို့မိုရိုးဖလာဘာသာရေး အချို့(profession of religion) တို့သည် ကယ်တင်ခြင်းဗတ္တိဇံမင်္ဂလာ (some form of baptism)နည်းလမ်းကိုချ မှတ်ပြီး ဗတ္တိဇံအားဖြင့် ကယ်တင်ခြင်း သို့ရောက်နိုင်မည်ဟု သွန်သင်လျက် အသင်းတော် နှင့်ပူးပေါင်းဆက်သွယ်သည့် အချိန်ကိုဆိုလိုခြင်းဖြစ်သည်။ ထိုသို့သောလုပ်ဆောင်မှုသည် ကယ်တင်ခြင်း စိတ်ချမှုကို မပေးနိုင်၊ အကြောင်းမှာ-

1. စစ်မှန်သောနောင်တ (genuine repentance)မရခဲ့၍ ဖြစ်နိုင်သည်။ (Luke 13:3; Acts 17:30).
2. သမ္မာတရားကို စိတ်နလုံးဖြင့်မဟုတ် (not the heart) ခေါင်းဖြင့် (head) လက်ခံ၍ဖြစ်နိုင် ပါသည်။ (Romans 10:9-10).

3. ခရစ်တော်နှင့်သိကျွမ်းရန်လုံးဝပျက်ကွက်ခဲ့၍လည်းဖြစ်နိုင်ပါသည်။ ဘုရားကျောင်းသို့ ကယ်တင်ခြင်း ရရှိရန်လာ ရောက်ခြင်းကြောင့်လည်းဖြစ်နိုင်ပါသည်။ ကယ်တင်ခြင်းရရန် ခရစ်တော်ထံသို့လာရပါမည်။(John 6:37; Matthew 11:28) ခရစ်တော်ကိုသာအရှင်သခင် နှင့်ကယ်တင်ရှင်အဖြစ် နှုတ်မှဝန်ခံရပါမည်။ (Romans 10:9)။ စိတ်နှလုံးထဲမှ ယုံကြည်ပြီးလက်ခံရမည်။ (John 1:12).
ကျွန်ုပ်တို့ သည် gospel song ဆိုရင်း ကယ်တင်ခြင်းစိတ်ချရမှုရကြောင်း ကြွေးကြော်နိုင်ပါသည်။
မင်္ဂလာရှိသော စိတ်ချမှု၊ ယေရှုသည်သာ ကျွန်ုပ်ပိုင်ရာ “Blessed assurance, Jesus is mine
အို၊ ဘုရားရှင်၏လက်ရာ၊ မြည်းစမ်းကြည့်ပါလား။ O, what a foretaste of Glory Divine.”

B. နောက်တော်သို့လိုက်ရန်ပျက်ကွက်ခြင်း၊ Failure to follow through (Read Acts 2:41-42.)

ခရစ်ယာန်အသင်းတော်၏အစဖြစ်သော ပင်တေကုတ္တေပွဲနေ့ (day of Pentecost) မှ အစပြုပြီး ယုံကြည်သူ များသည် အောက်ပါအချက် (၇) ချက် ကို ပြုလုပ်ခဲ့ကြပါသည်။

1. နှုတ်ကပါတ်တော်ကိုနလုံးသွင်းခဲ့ကြသည်ဖြစ်၍ ကယ်တင်ခြင်းသို့ရောက်ကြသည်။
2. ဗတ္တိဇံကိုခံကြသည်။
3. အသင်းဝင်ကြသည်။ (they joined the church!)
4. သြဝါဒခံခြင်း၊ကျမ်းစာလေ့လာခြင်းကိုပြုကြပါသည်။
5. အချင်းချင်းမိတ်သဟာဖွဲ့ကြပါသည်။
6. မုန့်ကိုဖဲ့ခြင်း၊ (သခင်ဘုရား၏ပွဲတော်မင်္ဂလာဝင်ခြင်း။)(the Lord’s supper).
7. ပဌာနပြုခြင်း၊ ဆုတောင်းခြင်း ဆုတောင်းတည်သောအလေ့ကိုပြုစုပျိုးထောင်ကြသည်။

ယနေ့တွင်မူ သန်းပေါင်းများစွာသော ခရစ်ယာန်များသည် ဤ အစဉ်အလာကို လိုက်နာရန်ပျက်ကွက်နေပါသည်။ ကိုယ်တိုင်ဝင်မကစားသောပွဲ၌၊ ပွဲကြည့် ပရိသတ်အဖြစ်သို့ရောက်ရှိ သွားသော အထူးတန်း ခရစ်ယာန်များ (grandstand Christians) ဖြစ်သွား တော့သည်။ ကိုယ်တိုင်ပါဝင်ဆင်နွှဲသူ မဖြစ်ကြသည့် လေ့လာသူ သာဖြစ်သည်။(Observers, but not participants.) အချို့ တို့ သည် အပြစ် ဖြေလွှတ်ခြင်း (forgiveness) ရပြီဟု ကြွေးကြော်နေကြသော်လည်း၊ ခရစ်ယာန်အသက်တာဖြင့် အသက်မရှင်ကြပေ။ သို ့ဖြစ်၍ ထိုသူတို ့၏ ကယ်တင်ခြင်းစိတ်ချရမှု ရှိမရှိဆိုသောအချက်သည် သံသယရှိဘွယ်ဖြစ်လာသည်။

C. နှုတ်ကပတ်တော်အားဖြည့်ရန်ပျက်ကွက်ခြင်း။Failure to fortify themselves with the Word of God.

တချိန်က မိမိအသက်တာကို ဆက်ကပ်ပါသည်ဟု ပလ္လင်ခြေရင်း (altar) သို့ သုံးကြိမ်တိုင်တိုင် ရောက်ခဲ့ ဘူးသော အမျိုးသမီးငယ် တစ်ဦးအားခရစ်တော်ထံပို့ဆောင်ခွင့်ရခဲ့ဘူးသည်။ ကယ်တင်ခြင်းရနိုင်ပုံ နည်းလမ်းကို ဘုရား သခင်၏နှုတ်ကပါတ်တော်အားဖြင့် ရှင်းပြပြီးနောက်ထိုအမျိုးသမီးသည် ခရစ်တော်ကိုယုံကြည်လာလျက် ချက်ချင်းပင် "သမ္မာကျမ်းစာကို ဘယ်သူကမှကျွန်မကိုမပြဘူး၊" ဟု ပြောလာပါသည်။ မည်မျှ ဝမ်းနည်းဘွယ် ကောင်းသနည်း။ ယနေ့မြောက်များစွာသော အမည်ခံခရစ်ယာန်တို့ (professing Christians) သည် မိမိတို့အသက်တာကို ဘုရားသခင်၏ဂတိတော် များအပေါ်၌ အခြေခံတည်ဆောက်ခြင်းမပြုခဲ့ကြသည်ကို တွေ့ ရ

ပါသည်။

1. Romans 10:17 – "ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့်ဖြစ်၏။"
2. Mark 4:20 – "ကောင်းသောမြေ၌ကျသောမျိုးစေ့ (ကောင်းသောမျိုးစေ့၊ ခရစ်ယာန်စစ်စစ်) သည် ကောင်းသော မြေ၌ကျသကဲ့သို့နှုတ်ကပါတ် တရားတော်ကိုကြားရသော အခါလက်ခံ၍တိုးပွားခြင်းဖြစ်ပါသည်။"
3. 1 Peter 1:23 – "မဖောက်မပြန် မပျက်မစီးတတ်သောမျိုးစေ့တည်းဟူသော အသက်ရှင်၍၊ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ်ကပါတ်တော်အားဖြင့်ဖြစ်ပွား (ဒုတိယမွေးဖွားခြင်းခံရ သောကြောင့်"
4. 1 John 5:10-12 - နှုတ်ကပါတ်တော်သည် သင်ကယ်တင်ခြင်းရကြောင်း အခိုင်အမာ သက်သေ ခံသော မှတ်တမ်းဖြစ်သောကြောင့် (The WORD is the RECORD) ထိုအရာကို လက်ခံရယူပါ။

D. စိတ်ခံစားချက်ကိုယုံကြည်ခြင်းဟုသတ်မှတ်မိခြင်း။ (Feelings are often substituted for faith.)

ယုံကြည်သူအချို့က ကျမ်းစာကိုလေ့ဖတ်ရှုခြင်းထက်၊ အတွင်းနှလုံးသားခံစားချက်က အရေးကြီး ကြောင်း ("better felt than telt!") သွန်သင်ခဲ့ကြသည်။ ကယ်တင်ခြင်းပတ်သက်၍၊ ခံစားမှု(unusual feeling)၊ စိတ် လှုပ်ရှားမှုကို (ecstatic emotions) ရှိရန်လိုအပ်သည်ဟု ကျမ်းစာကမသွန်သင်ပါ။(neither promised nor required.)

1. (John 1:12; 3:16; 5:24; 10:9; Acts 16:31; Romans 10:9,10.) ကျမ်းပိုဒ်များကို သေချာစွာဖတ်ပါ။ ကယ်တင်ခြင်းသို့ရောက်ဖို့ ရန်အတွက် ခံစားချက်ပါဝင်ကြောင်း အရိပ်အမြွက်ကိုပင်မပြပါ။

2. ခိုင်မာသောအာမခံချက်သည် ခံစားချက်၌မတည်၊ခိုင်မာသောအခွင့်အာဏာပေါ်တွင် ယုံကြည်ခြင်းနှင့်တည်ပါသည်။ (Lasting assurance is not born of feelings, but of faith in an authority.) ဥပမာအားဖြင့် သင်သည် နှလုံးရောဂါခံစားရသည်ဆိုပါစို့။နှလုံးရောဂါ ပညာဌ်အကျွမ်းကျင်ဆုံးဆရာဝန်ကြီးသည်လည်း၊ သင့်ကို စစ်ဆေးရန် အသင့်ရှိနေသည်ဆိုပါစို့။ သူစစ်ဆေးကုသပြီးသွား သောအခါသင်၌ ရောဂါမရှိ၊ ပျောက်ကင်းကြောင်းထောက်ခံစာ ပေးလိုက်သည်။ (he gives you a clean bill of health.)။သင်၌ မည်သည့် ရောဂါမျှမရှိတော့။ ထိုအခါ သင်ဘယ်လိုခံစားရ မည်နည်း။ သက်သာခြင်း(Relieved)၊ ဝမ်းမြောက်ခြင်း(happy)၊ ကျေနပ်ခြင်း(satisfied)များလား၊ ထိုပျော်ရွှင်ခြင်းကို မည်သည့် အရာကဖြစ်စေပါသနည်း။ အခွင့်အာဏာရှိသူ၌ (နှလုံးအထူးကုဆရာဝန်ကြီး) ယုံကြည်ခြင်းဖြစ်ပါသည်။(Faith in an authority!) ထို့ကြောင့် ကယ်တင်ခြင်း၊ စိတ်ချမှုသည်လည်း ဘုရားသခင်နှုတ်ကပါတ်တော်၏အခွင့်အာဏာ ၌ယုံကြည်ခြင်း (faith in God's authority) သည်သာ ကယ်တင်ခြင်းအာမခံချက် (assurance of salvation) ဖြစ်ပါသည်။

3. အချို့သောပုဂ္ဂိုလ်များသည် ကယ်တင်ခြင်းရရှိချိန်တွင်ထူးခြားသောခံစားမှုရှိခဲ့ကြောင်း ပြောတတ်ပါသည်။ ထိုသူ များသည် သူတပါးအားလည်းထိုခံစားချက်ရယူရန်တိုက်တွန်း ခြင်းအမှားကို ကျူးလွန်တတ်ကြပါသည်။ (guilty of imposing such experiences upon others) လူတို့အနေဖြင့် နှုတ်ကပါတ်တော်အပေါ်တုန့်ပြန် မှုတွင် မည်ကဲ့သို့ပင်ကွာခြားနေကြသော်လည်း ကယ်တင်ခြင်းသည် အမှန်တရားဖြစ်၍၊ ခံစားချက်မဟုတ်ပါ။ (salvation is a fact, not a feeling.)

4. ခံစားချက်သည် ပျောက်ကွယ်သွားတတ်၍၊ ခိုင်မြဲမှုမရှိပါ။(Feelings are transient and unreliable.) အစစ်အမှန်ကိစ္စအတွက် စိတ်ကူးစိတ်သန်းကို အစား မထိုးပါနှင့်။ (Do not substitute emotions for reality.)

ငါမျှော်လင့်ခြင်းအမြစ်တည်ရာခရစ်တော်၏အသွေးမြတ်သာ
ငါ၏ကျင့်တတ်မှီဘွယ်မရှိ၊ နာမတော် ကုသိုလ် အောင်သတည်း။
"My hope is built on nothing less Than Jesus' blood and righteousness!"

E. ဘုရားရှင်နှင့်မိတ်သဟာရဖွဲ့ခြင်းကိုမေ့ထားလေ့ရှိခြင်း။ (Fellowship with God is often forsaken.)

1. ခရစ်ယာန်အမြောက်အများတို့သည် မိတ်သဟာရဖွဲ့ခြင်း (Fellowship) နှင့် တော်စပ်ခြင်း (Relationship) ကို မခွဲ ခြားတတ်သောကြောင့် ကယ်တင်ခြင်းစိတ်ချမှုမရရှိနိုင်ကြပါ။ အပြစ်တခုလုပ်လိုက်ယုံဖြင့် ဘုရားသခင်နှင့် မိတ်သဟာရ ပျက်သွားနိုင်ပါသည်။ (Fellowship with God can be broken by one sin.) သို့သော် ဘုရား သခင်နှင့်ကျွန်ုပ်တို့၏ တော်စပ်မှုသည် ကိုယ်တော်၏အချုပ်အခြာ အာဏာပိုင် ရွေးချယ်မှု (His sovereign choice)၊ထာဝရရည်မှန်းချက် (His eternal purpose)၊ မပြောင်းလဲသော ကတိတော် (His irrevocable promises)၊ ခရစ်တော်၏အသွေးတော် တန်ခိုး (power of Christ's shed blood)၊ ကျွန်ုပ်တို့ ကိုယ်စား အစဉ်အယူ ခံဝင်တော်မူခြင်း (His constant intercession on our behalf) တို့ အပေါ် အခြေခံထားပါသည်။

2. ဒါဝိဒ်၏ အသက်တာသည် သရုပ်ပြရန်အကောင်းဆုံးဖြစ်ပါသည်။ (ဆာလံ ၅၁း၁၂)၊ ကိုဖတ်ပါ။ ဒါဝိဒ်သည် မိမိ၌အပြစ်ရှိကြောင်းဝန်ခံနေချိန်(aware of his sin) မိမိရရှိသောကယ်တင်ခြင်း၏တန်ခိုးနှင့် ဝမ်းမြောက်ခြင်းများ ပျောက်ဆုံးနေချိန်တွင် (aware that the joy and power of his salvation were missing) ဒါဝိဒ်သည် သန့်ရှင်းသောဝိညာဉ်တော်ကို ဆက်လက်ပိုင်ဆိုင်ကြောင်းနှင့် မိမိကယ်တင်ခြင်း လက်လွတ် ဆုံးရှုံးခြင်းမရှိ သေးကြောင်းသေချာပေါက်ခံယူထားပါသည်။

3. "လင်နှင့်မယား အကြီးအကျယ် သဘောထားကွဲလွဲပြီး မသင့်မြတ် နေချိန်၊ ဝမ်းနည်းဝိုကြွေးနေချိန်သည်" သည်လည်း ကယ်တင်ခြင်းစိတ်ချရမှုကို ဥပမာပေးဖို့ ကောင်းသော သရုပ် ဖြစ်ပါသည်။ လင်-မယား အကြား ဆက်ဆံရေးသည် ချက်ခြင်းတင်းမာနေသော်လည်း၊ သူတို့နှစ်ဦးအကြား ဆက်သွယ်မှုသည် မပျက်ပြယ်ပါ။ တယောက်ယောက်က "ငါမှားသွားတယ်၊ တောင်းပန်ပါတယ်၊ခွင့်လွှတ်ပါ" ဟုပြောလိုက်သည်နှင့် တပြိုင်နက် လင်နှင့်မယား ဆက်ဆံရေးသည် ပြန်လည်ကောင်းမွန်သွားပါသည်။

4. ဤဆက်ဆံရေးသည် (1 John 1:7-10) အပေါ် အခြေခံသွန်သင်မှုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အလင်း၌ရှိလျှင် မိတ်သဟာရပြုခြင်းသည်၊ ဖြောင့်ဖြူးနေပါမည်။ အပြစ်ပြုသောအခါ မိတ်သဟာရပျက်ပြားရပါသည်။ ထို အပြစ်ပြုမိကြောင်း ဝန်ချတောင်းပန်လိုက်သည်နှင့် တပြိုင်နက်၊ ထိုမိတ်သဟာရ ပြန်လည် ကောင်းမွန်လာ ပါသည်။

F. ခရစ်တော်လုပ်ဆောင်ခဲ့ပြီးသည်ကိုမသိခြင်း(The finished work of Christ is never fully grasped!)

1. ခရစ်တော်သည် အသေခံတော်မူရာတွင် "အမှုပြုပြီးပြီ" ဟုကြွေးကြော်ခဲ့ပါသည်။ (John 19:30)

မည်သည့်အမှုပြီးခဲ့ပါသနည်း။

a) ပညတ်တရားတော်ကိုစောင့်ရှောက်၍၊ ပြီးပြည့်စုံစေပြီ။ (Romans 10:4; Matthew 5:17).

b) ပညတ်တရား၏ကျိန်ခြင်းမင်္ဂလာကိုကျွန်ုပ်တို့ထံမှ ဖယ်ရှားပြီးပြီ။ (Galatians 3:10-14)။ ခရစ် တော်သည် ကျွန်ုပ်တို့၏ အပြစ်များကို သယ်ပိုးထမ်းရွက်၍ ဖယ်ရှားခဲ့ပြီ။(2 Corinthians 5:21; 1 Peter 2:24; Hebrews 9:26) ဖြောင့်မတ်သောသူအဖြစ်၌ တည်စေလျက် ကျွန်ုပ်တို့အပြစ်များအပေါ်ပြုထားသောစီရင်ချက် အပေါ် ဘုရားသခင်၏ ကျေနပ်မှု ရယူခဲ့ပြီး ဖြစ်ပါသည်။ (Romans 4:25; Acts 2:24,30,36) ငါတို့အတွက် ရွေးနုတ်ခြင်းနှင့် အပြစ်ဖြေလွှတ်ခြင်း အတွက်အဘိုးကိုပေးချေပြီး ဖြစ်ပါသည်။ (Ephesians 1:7; Romans 3:24, Galatians 4:5).

2. တနည်းအားဖြင့် အကျင့်သည်သင့်ကို မကယ်တင်နိုင်၊ အကြောင်းမှာ အကျင့်ရှိသမျှကုန် အောင်ကျင့်ထားပြီး ဖြစ်သောကြောင့်ဖြစ်သည်။ သင်သည်ကယ်တင်ခြင်းကို ဝယ်ယူ၍မရ၊ ကျင့်စောင့်၍လည်း မရချေ။ (You can neither merit nor purchase salvation.) ကယ်တင်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်၍ အကျေအလည် ပေးရှင်းပြီးဖြစ်ပါသည်။ အစားအစာပြင်ဆင်ထားပြီးဖြစ်ပါသည်။ ဘုရားသခင်သည် သင့်အား "ရိုးရိုးလေးဝင်စား" စေလိုပါသည်။ လုပ်ရန်ရှိ သော အလုပ်များ (ကျင့်ရန်ရှိသော အကျင့်များ) အားလုံး ပြီးစီးပြီးဖြစ်၍ ဘုရားသခင်သည် သင့်အား ထိုပြီးစီးပြီးသော အမှုကို ဝမ်းမြောက်စွာခံယူလျက် အနားယူစေလိုပါ သည်။ ခံစားချက် (feeling)အား လိုက်ရှာသောအခြေအနေ ကိုရပ်ဆိုင်း၍ အခြေအနေမှန်ကို ခံစားရန် အစ ပြုပါ။ ကယ်တင်ခြင်းရရှိရန် ကျင့်လိုသော စိတ်ကိုစွန့်လွှတ်ရပ် နားပါ။ ပြီးစီးပြီးသောရွေးနှုတ်ခြင်း(redemption) အမှုတွင် ပျော်မွေ့ပါ။ သင်၏စိတ်နလုံး၊ သင်၏ယုံကြည်ခြင်း၌ ကျေနပ်မှုရခြင်းထက် အနန္တတန်ခိုးရှင် အားရနှစ်သက်သော အရာအပေါ် ကျေနပ်ရန်ပို၍ အရေးကြီးပါသည်။

V. အစစ်အမှန် ယုံကြည်သူအား ဘုန်းကျက်သရေ ပြည့်စုံသော၊ မမှားယွင်းသော၊ မပြောင်းလဲသော၊ ထာဝရအသက်အတွက် စိတ်ချရမှု ။GLORIOUS, IRREVOCABLE, UNCHANGING, ETERNAL FACTS THAT SHOULD FULLY ASSURE ANY GENUINE BELIEVER

A. ယေရှုခရစ်သည် အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။(Hebrews 7:25) "အစဉ်" ဟုဆိုရာတွင် "ပြီးပြည့် စုံသည့်တိုင်" ဟု ဆိုလိုပါသည်။

B. ဘုရားသခင်သည်ကျွန်ုပ်တို့၏အပြစ်များကိုသုတ်သင်ပယ်ရှင်းတော်မူ၏။(Hebrews 9:26; Psalm 103:12).

C. ဘုရားသခင်သည်သင်၏အပြစ်များကိုမေ့ပျောက်ပြီးဖြစ်၍၊ပြန်လည်သတိရတော့မည်မဟုတ်ပါ။ (Hebrews 8:12; 10:17).

D. ယုံကြည်သူအားထာဝရကာလအတွက်စုံလင်စေပြီးဖြစ်ပါသည်။ (Hebrews 10:14).

E. ငါတို့ဖြောင့်မတ်ရာ၌တည်စေတော်မူသောသူသည်ငါတို့ကို အပြစ်စီရင်မည်မဟုတ်။ (Romans 8:31-32).

F. ကျွန်ုပ်တို့၌ကောင်းသောအမှုကို အစပြုတော်မူသောသူသည် ယေရှုခရစ်၏နေ့ရက် တိုင်အောင်ပြီး စီးလျက်ပြု တော်မူမည်။ (Philippians 1:6.)

G. ဘုရားသခင်၏တန်ခိုးတော်သည် ကျွန်ုပ်တို့ကို စောင့်ရှောက်တော်ပါသည်။ (1 Peter 1:5).

H. ယုံကြည်သူများသည် ဘုရားသခင်၏သားသမီးများဖြစ်၍၊ အမွေခံစေခြင်းငှာဂတိပြုထားပါသည်။ (Romans 8:16-18; 1 Peter 1:3-5).

I. မည်သည့်ဝန်းကျင်အခြေအနေကမျှယုံကြည်သူအားဘုရားသခင်၏မေတ္တာတော်နှင့်မကွာစေနိုင်။(Romans 8:38-39).

J. ယုံကြည်သူအားလုံးတို့၌ကိန်းဝပ်တော်မူသောသန့်ရှင်းသောဝိညာဉ်တော်ဘုရား (Romans 8:9)သည် "စရံ" “earnest” ၊ဘုရားသခင်ပိုင်ဆိုင်ထားသော အရာဖြစ်ကြောင်း အမှတ်အသားပြုသော တံဆိပ်ဖြစ်လျက်သခင်ဘုရား၏ " ရွေးနှုတ်တော်မူ ခြင်းနေ့ရက်သို့ မရောက်မီ" ထိန်းသိမ်းတော်မူမည်ဖြစ်ပါသည်။ (Ephesians 1:14; 4:30).

K. ခရစ်တော်သည်သူ၏သိုးတို့အား 'ထာဝရအသက်' ကိုပေးထားပါသည်။(John 10:28)။ အပြစ်စီရင်ခြင်းသို့ မရောက်ရဟု ကတိပြုထားပါသည်။ (John 5:24)

VI. ကယ်တင်ခြင်း စိတ်ချမှုအစဉ်ရရှိစေသောခြေလှမ်းများ။ STEPS LEADING TO LASTING ASSURANCE

A. သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် သခင်ယေရှု၏ဝမ်းမြောက်ဘွယ်ဇဝံဂေလိတရား တော်အား ဖြင့် သင်၏ အထဲ၌ရှိသော အပြစ်များနှင့်လိုအပ်ချက်များကို ဖော်ပြတော်မူစေပါ။(Acts 2:37; 5:33; 16:30).

B. ရိုးသားစွာနောင်တရပါ။ စိတ်ထားပြောင်းလဲပါ။ သင်၏ရုပ်ထုများထံမှ ဘုရားသခင်ဘက်သို့ ဦးလှည့်ပါ။ အပြစ်ဒုစရိုက်များကို စွန့်ပစ်ထားခဲ့လျက်ခရစ်တော်အတွက်အသက်ရှင်ရန်ဆုံးဖြတ်ပါ။ (Luke 13:3; Acts 17:30-31; 3:19; 26:20; 1 Thessalonians 1:9).

C. ယေရှုဘုရားသည် အောက်ပါတို့ ဖြစ်ကြောင်းအသိအမှတ်ပြုပါ။
ယေရှုသည် ခရစ်တော်ဖြစ်လျက်အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်သည်။(John 20:31)
သင့်အပြစ် အတွက် သင့်ကိုယ်စားအသေခံသူများမှာ သူတပါးတည်းသာဖြစ်ပါသည်။ (Galatians 2:20)
သင်၏ အပြစ်များကို ယူ၍ သုတ်သင် ပယ်ရှင်းပေးပြီးဖြစ်သည်။ (Hebrews 1:3; 9:26)။ သေခြင်းမှကြီးစွာသော တန်ခိုးအားဖြင့်ရှင်ပြန် မြောက်တော်မူပြီ။ (Romans 1:4)။
သင့်အတွက် လျှောက်လဲရန်နှင့် သင့်ကို စောင့်ရှောက်ရန် ရှိတော်မူလျက် (Hebrews 7:25; Philippians 1:6)
သင့်အား အထံတော် သို့သိမ်းဆည်းရန်တဖန်ကြွ လာတော်မူမည်။ (John 14:3; 1 Thessalonians 4:16)

D. ခရစ်တော်အားသင်၏အရှင်သခင်နှင့်ကယ်တင်ရှင်ဖြစ်ကြောင်းနှုတ်ဖြင့်ဝန်ခံပါ။ (Romans 10:9-10)
သင်၏စိတ်နလုံးထဲတွင် ယုံကြည်ခြင်းဖြင့်ကိုယ်တော်အားလက်ခံပါ။ (John 1:12; Ephesians 3:17).

E. ဘုရားသခင်၏ပြစ်တင်ရန်မရှိတော့သောနောက်ဆုံးထားဂတိတော်နှင့် သခင်ယေရှုခရစ် ၏ပြီးပြည့်စုံပြီးသောအမှုတော်တွင် သင်၏ယုံကြည်ခြင်းကိုတည်ဆောက်လျက်၊ ငြိမ်သက်မှုရယူပါ။ သံသယမရှိ စေပါနှင့်။ ယုံမှားခြင်းမရှိပါစေနှင့်။

F. Section IV. B တွင်ဖော်ပြထားသည့်အတိုင်းခြေလှမ်း ၇-ဆင့်ကိုလိုက်လျှောက်ပါ။

♦ ယုံကြည်သူ တဦးသည် လုံးဝအပြစ်ကင်းစင်သောအဆင့် (Sinless perfection) ကိုကောင်းကင်ဘုံ

မရောက်မချင်း ရနိုင်မည်မဟုတ်ပါ။(Philippians 3:10-15) စုံလင် သောသူ (perfection) ဆိုသည်မှာ ဝိညာဉ်ရင့်ကျက်မှု ကိုဆိုလိုပါသည်။

♦ ခရစ်ယာန်၏အသက်တာသည် ဘုရားသခင်ကိုကြည်ညိုခြင်းနှင့် ရင့်ကျက်ခြင်း၌ (godliness and maturity) အစဉ်တိုးတက်ကြီးထွားနေသော အသက် တာဖြစ်ပါ သည်။ (1 Peter 2:2; 2 Peter 3:18; Ephesians 4:15; 2 Thessalonians 1:3).

♦ အကယ်၍သို့မဟုတ်သင်သည် အပြစ်ပြုမိ၍လဲခဲ့ပါလျှင်သင်၏အပြစ် ကိုဘုရားသခင် ထံတော်သို့ ချက်ခြင်းဝန်ချတောင်းပန်ပါ။ (1 John 1:9) ကိုယ်တော်သည် သင့်ကိုသန့် ရှင်းခြင်းပေးရန်အစဉ်ရှိနေပါသည်။

ကယ်တင်ခြင်းစိတ်ချရမှု ဆိုင်ရာမေးခွန်းများ – သင်ခန်းစာ (၁၉)

1. ကယ်တင်ခြင်းစိတ်ချရမှု (Assurance of salvation) ရရှိသောအခါ မည်သို့ဖြစ်သနည်း။ (၂-မှတ်)
a. စိုးရွံ့စိတ် - fear.
b. ဝမ်းမြောက်ခြင်း - joy.
c. သံသယ - doubt.

2. ကယ်တင်ခြင်းနှင့်ပတ်သက်၍ ကျမ်းစာက မည်သို့ သွန်သင်သနည်း။ (၃-မှတ်)
a. ကယ်တင်ခြင်းစိတ်ချရကြောင်း သင့်ကို သေချာစေသည်။ You can know for sure you are saved.
b. ကယ်တင်ခြင်းစိတ်ချရကြောင်း သင့်ကို မသေချာစေပါ။ You cannot know for sure you are saved.
c. ယုံကြည်ခြင်းနှင့်အကျင့်အားဖြင့်ကယ်တင်ခြင်းရ၏။ You can only be saved by faith and good works.

3. The apostle John က အောက်ပါ သြဝါဒစာကိုရေးခဲ့သည်။(၃-မှတ်)
a. သြဝါဒကို သွန်သင်ရန်။ to teach doctrine.
b. ယုံကြည်သူကို ကယ်တင်ခြင်းစိတ်ချစေရန်။ to give believers assurance of salvation.
c. သင်းအုပ်များအား လမ်းညွှန်ရန်။ to instruct pastors.

4. Old Testament မှ မည်သူသည်ကယ်တင်ခြင်းရကြောင်းသိခဲ့သနည်း။(၃-မှတ်)
a. ကာက္ကုန Cain
b. ယောဘ Job
c. နေဗုဒ်ခတ်နေဇာ Nebucadnezzar

5. ခရစ်ယာန်များစွာ ကယ်တင်ခြင်းစိတ်ချရမှု မရှိသည့် အချက် ၃-ချက်ကိုရွေးပါ။(၆-မှတ်)
a. အစကတည်းကပင်မှားယွင်းစွာယုံကြည်၍။because they had a false faith from the beginning.
b. မည်သည့်အခါမျှ အခြားသောဘာသာစကားမပြော၍။because they never spoke in tongues.
c. ခရစ်ယာန်အသက်တာကို မလျှောက်၍။because they never followed through in the Christian life.

d. နှုတ်ကပတ်တော်နှင့်ခွန်အားမယူ၍။because they failed to strengthen themselves with the Word of God.
e. မည်သည့်အခါမျှ နှစ်ခြင်းမခံခဲ့၍။because they were never baptized.

6. လူများစွာသည် ကယ်တင်ခြင်းစိတ်ချမှုမရှိကြချေ။အကြောင်းမှာ.....(၃-မှတ်)
a. နှုတ်ကပတ်တော်ကိုအလွတ်မကျက်၍။refuse to memorize the Word of God.
b. ယုံကြည်ခြင်းအစား ခံစားချက်ကို အစားထိုးနေ၍။substitute feeling for faith.
c. ဘုရားကျောင်းမတက်၍။ fail to attend church services.

7. ယုံကြည်သူ perfectly sinless(အပြစ်မဲ့) ဖြစ်မည့်အချိန်မှာ.....(၃-မှတ်)
a. ဝိညာဉ်တော်နှင့်ပြည့်ဝသည့်အခါ။ when he is filled with the Holy Spirit.
b. ပလွင်ဖြူရှေ့ တရားစီရင်ချိန်ရောက်သည့်အခါ။ at the Great White Throne judgment.
c. သေဆုံး၍ ကောင်းကင်ဘုံဝင်သည့်အခါ။ at the time of his death and entrance into heaven.

8. ခရစ်ယာန်အသက်ရှင်ခြင်းသည်The Christian life သည် မည်သို့ ဖြစ်သင့်သနည်း။(၃-မှတ်)
a. ဘုရားကိုချစ်ခြင်းနှင့်ရင့်ကျက်ခြင်း၌ကြီးထွားသင့်သည်။of growth in godliness and maturity.
b. ယုံကြည်ခြင်းကို ခံစားချက်နှင့်အစားထိုးသင့်သည်။in which feelings can be substituted for faith.
c. ခြောက်ပြစ်ကင်းသဲလဲစင်သူဖြစ်သင့်သည်။of sinless perfection.

9. စာကြောင်းရှေ့ကွက်လပ်တွင် မှန်ကန်သောအဖြေကို ရွေးချယ်ဖြည့်ပေးပါ။(၁၂-မှတ်)
( ) ပြည့်စုံသောသူ၏စိတ်ချရမှုသည် ညာဏ်၏စည်းစိမ်ကိုဖေါ်ပြသည်။ a. Hebrews 10:22
(Shows the wealth of a person who is fully assured.)
( ) မင်္ဂလာရှိသော မျှော်လင့်ခြင်းက ပြည့်စုံသောစိတ်ချရမှုကို ရသည်။ b. Colossians 2:2
Blessed hope brings full assurance.
( ) ပြည့်စုံသောယုံကြည်ခြင်းသည် ပြည့်စုံသောစိတ်ချရမှုကို ရသည်။ c. Isaiah 32:17
(Fullness of faith brings full assurance.)
( ) ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုကိုးစားသူသည် ပြည့်စုံသောစိတ်ချရမှုကိုရသည်။d. Hebrews 6:11
Placing your trust in Christ's righteousness brings full assurance.

10. အောက်ပါလူတို့သည် ကယ်တင်ခြင်းရရှိကြောင်း ဖော်ပြသောကျမ်းပိုဒ်များကို ကွက်လပ်တွင် ဖြည့်ပေးပါ။ (၁၂-မှတ်)
( ) Abraham အာဗြံဟံ a. 2 Timothy 1:12
( ) David ဒါဝိတ် b. Hebrews 11:4
( ) Abel အာဗေလ c. Psalm 51:12
( ) Paul ရှင်ပေါလု d. Genesis 15:6

11. စာကြောင်းရှေ့ကွက်လပ်တွင် မှန်ကန်သောအဖြေကို ရွေးချယ်ဖြည့်ပေးပါ။(၁၅-မှတ်)

( )ဘုရားရှင်က ကျွန်ုပ်တို့အပြစ်များကိုဖယ်ရှားသည်။ a. 1 Peter 1:5
God has put away our sins
( )ဘုရားရှင်က ကျွန်ုပ်တို့အပြစ်များကိုမမှတ်တော့ပါ b. Romans 8:38-39
God will not remember our sins.
( )ယုံကြည်သူများသည် ထာဝရစုံလင်သည်။ c. Hebrews 8:12
Believers have been perfected forever.
( )ယုံကြည်သူများကို ဘုရားသခင်၏တန်ခိုးတော်ဖြင့်စောင့်ရှောက်ထားသည်။ d. Hebrews 9:26
Believers are kept by the power of God.
( )မည်သည့်အရာကမျှ ယုံကြည်သူကို ဘုရားရှင်၏မေတ္တာနှင့်မကွာစေနိုင် e. Hebrews 10:14
Nothing can separate the believer from the love of God.

12. ကယ်တင်ခြင်းစိတ်ချရမှုကို ဖေါ်ပြသော ကျမ်းပိုဒ် ၂-ပိုဒ်၏အမည်ကို ရေးချပါ။(၆-မှတ်)

a……..

b……..

13. ခိုင်မြဲသောကယ်တင်ခြင်းစိတ်ချရမှုရှိဖို့ လိုအပ်သော အဆင့် ၅-ဆင့်ကို အဆင့်လိုက်ရေးပါ။(၁၅-မှတ်)
( ) ခရစ်တော်ကို ကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ် နှုတ်ဖြင့်ဝန်ခံခြင်း။ အဆင့်(၃)
With your mouth confess Christ as Lord and Savior.
( ) သန့် ရှင်းသောဝိညာဉ်တော်မှ အပြစ်ရှိခြင်းနှင့်ခရစ်တော်လိုအပ်ခြင်းကို ဖေါ်ပြခြင်း။ အဆင့်(၄)
Let the Holy Spirit give you a sense of guilt and need for Christ.
( ) အပြစ်မှနောင်တရခြင်း။ Repent. အဆင့်(၂)
( ) ခရစ်တော်၏ပြီးစီးသောလုပ်ဆောင်မှုအပေါ် ရပ်တည်ခြင်း။ အဆင့် (၅)
Rest on the finished work of Christ.
( ) ခရစ်တော်သည် အသက်ရှင်သောဘုရားရှင်၏သားတော်ဖြစ်ကြောင်း အဆင့်(၁)
အသိမှတ်ပြုခြင်း။ Recognize Christ as the Son of the living God.

14. အောက်ပါကွက်လပ်များတွင် မှန်သော စကားလုံးကိုရွေးချိုးဖြည့်ပါ။(၁၄-မှတ်)
word list: အသင်းတော် (church)၊ မိဿဟာရဖွဲ့ခြင်း (fellowship)၊ အပြစ် (sin)၊ လက်ခံသည် (received)၊ လေ့လာသည် (studied)၊ သန့် ရှင်းသောဝိညာဉ်တော် (Holy Spirit)၊ မုန့် (bread)၊ ဆုတောင်းသည် (prayed)၊ ရေနှစ်ခြင်းခံသည် (baptized.)၊ ပင်တေကုတ္တေနေ့ (Pentecost) နှင့် ရှေးကနဦးအသင်းတော်ကာလတွင် ယုံကြည်သူများသည် သူတို့၏ ယုံကြည်ခြင်းနှင့် ကယ်တင်ခြင်းစိတ်ချရမှု (faith and assurance) တိုးပွါးစေရန် အလေ့အကျင့် ၇-မျိုးကို လုပ်ဆောင်ခဲ့သည်။

a)သူတို့ သည် နှုတ်ကပတ်တော်ကို _____သည်။ They _____ the Word of God.

b)သူတို့ သည် ကျမ်းစာကို _____သည်။ They _____ the Bible.

c)သူတို့ သည် _____သည်။ They were _____.

d)သူတို့ သည် အတူတကွ _____သည်။ They had _____ together.

e)သူတို့ သည် အတူတကွ _____ဖွဲ့ ကြ သည်။ They joined a _____ together.

f) သူတို့ သည် အတူတကွ _____ဖြဲ့ကြ သည်။ They broke _____ together.

g)သူတို့ သည် အတူတကွ _____သည်။ They _____ together.

သင်ခန်းစာ (၂၀)၊ အပြစ် (အပြစ်၏ ဇစ်မြစ်၊ လက္ခဏာ၊ အခနှင့်ဖယ်ရှားခြင်း)
Sin – Its Origin, Characteristics, Results, and Remedy

နိဒါန်း - Introduction

၂၀ ရာစုထဲသို့ဝင်ခါစ အချိန်တွင် ရုရားဝတ္ထုရေး ဆရာ လီယိုတောလ်စတွိုင်း-Leo Tolstoy က "ဤခေတ်ကာလ၏ ထင်ရှား သောလက္ခဏာသည် ဘုရားသခင်ရှိကြောင်း သတိပြုမှုလျော့နည်း နေကြခြင်းဖြစ်သည်" ဟုပြောခဲ့ပါသည်။ ထိုသို့ဆို လျှင် "ဤ ခေတ်ကာလ၏ ထင်ရှား သော လက္ခဏာသည် အပြစ်ရှိကြောင်း သတိပြုမှုလျော့နည်းနေကြခြင်း ဖြစ်သည်။" ဟုပြောရမည် သာဖြစ်ပါသည်။ လူသည် ဘုရားနှင့်ဝေးလေလေ အပြစ်ရှိကြောင်း သတိမပြုလေလေ ဖြစ်ပါသည်။ သန့်ရှင်းတော်မူသော ဘုရားအကြောင်း သိရှိလေလေ အပြစ်သည် ကြောက်ရွံဘွယ်၊ ရွံမုန်းဘွယ်ကောင်း လေလေ ဖြစ်ပါသည်။ ယနေ့ကမ္ဘာ့လူသား များသည် အပြစ်ကို မသိကျိုးကျွံ ပြုလိုသည်။ အပြစ်မရှိဟုငြင်းလိုသည်။ အပြစ်ကို ရယ်ရွှင်ဘွယ်ပြုလိုကြသည်။ လွှတ်လပ်စွာ တွေးခေါ်သော တရားဟောဆရာ (Liberal preachers) များက လူသားတို့အနေဖြင့် အပြစ်ကြောင့် ကယ်တင်ခြင်းလက်လွှတ် ဆုံးရှုံးမှုမရှိဟု ဟောပြောနေကြသည်။ စိတ်ပညာရှင်များ (Psychiatrists) က အပြစ်ရှိသည်ဟု ခံယူတတ်သောစိတ်ကို (guilt complexes) မေ့ပျောက်အောင် လုပ်လိုကြသည်။ စာရိတ္တဝါဒီလက်သစ်များ (New Morality) ကမူ အရွယ်ရောက်ပြီးသူတိုင်းစဉ်းစားချင့်ချိန်တတ်သူတိုင်း လုပ်ဆောင်သော မည်သည့် အပြုအမူမဆို တင့်တယ်လျောက်ပတ်သည်၊ မှားယွင်းသည့်လုပ်ရပ်ပင်လျှင် လက်ခံသည်။(any immoral conduct is acceptable between consenting adults.)ဟု သွန်သင်ကြသည်။ အခြေအနေသမားများ (The situation ethics) အနေဖြင့် မူ လူကျင့်ဝတ် အားလုံးတို့ကို အခြေအနေပေါ်မူတည်၍ ကျင့်သုံးရမည်၊ ကျမ်းစာအတိုင်းလုပ်ဖို့ မလို ဟု သွန်သင်ကြသည်။ (moral behavior should be governed by situations, not the Bible.)

ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ ဤသင်ခန်းစာ လေ့လာသူအားလုံးအား သမ္မာကျမ်းစာ သွန်သင်ချက်နှင့် အပြစ် တရားအပေါ်နားလည်ရန်ဖြစ်ပါသည်။ အပြစ်တရားကို သန့်ရှင်းသောဝိညာဉ်တော်က ဖော်ပြပြီး (sin as exposed by the Holy Spirit)၊ ဘုရားသခင်က အပြစ်ကိုစောင့်ကြည့်သည် (sin as seen through the eyes of a Holy God) ဟူသောအချက်အား သင်တန်းသားများအား နားလည်စေလိုပါသည်။ အဓိကအားဖြင့် အပြစ်၏ မူလ ဇစ်မြစ် (sin's origin)၊ သဘောသဘာဝ (nature)၊ ဆိုးကျိုးသက်ရောက်မှုနှင့်(devastating results) ၊အပြစ်ကိုဖယ်ရှားကုသခြင်း (remedy) အကြောင်းတို့ကို ကြည့်ရှု ရမည်ဖြစ်ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - The Importance of this Lesson

ကမ္ဘာလူသန်းပေါင်းများစွာတို့သည် ဤအပြစ်ဝန်ခံရန်ငြင်းဆိုနေကြသော်လည်း ကမ္ဘာကြီးသည် အပြစ်ကြောင့်ဖြစ်ရသော ရောဂါနှင့်ပျက်စီးခြင်းကြောင့် ယိုယွင်းဆွေးမြေခြင်းသို့ ဦးတည်လိမ့်ဆင်း လျက် ရှိနေပါသည်။လမ်းမကြီးများတွင် ဖိုမဆက်ဆံမှု များ ပေါ်ပေါ်တင်ပြုလုပ်လျက် ၎င်းတို့၏ လူ့အခွင့်အရေး ကို တွင်တွင်ကျယ်ကျယ်အသုံးချနေသည်။ မာန်မာန (Pride)၊ လောဘ (greed)၊ တပ်မက်ခြင်း (covetousness)၊ လိမ်လည်ခြင်း (cheating) ၊ မုသာပြောခြင်း (lying) တို့သည် နေရာ တကာတွင် ရှိနေပါသည်။ ကာမဂုဏ် ဖေါက်ပြန်မှု (sexual promiscuity)ကို လူသားတို့၏ ပုံမှန်နေထိုင်မှုအဖြစ် တနေ့တခြား ပိုမိုလက်ခံလာကြပါသည်။ လူ များစွာ များစွာသည် အရှက်အကြောက်မရှိတော့ဘဲ ကာမဂုဏ်ဖေါက်ပြား (open adultery)

ကာ ဘုရားရှင်၏ ပညတ်ချက်များကို ဆန့် ကျင်အသက်ရှင်နေကြသည်။

ဤကဲ့သို့ ကမ္ဘာနှင့်အဝှမ်း သောင်းကြမ်းနေသော မိစ္ဆာကောင် (the rampant, world-destroying evil)အား တွန်းလှန်နိုင်သောတစ်ခုတည်းသော နည်းလမ်းမှာ အပြစ်နှင့် ပတ်သက်၍ သမ္မာကျမ်းစာ နားလည်ခြင်း (understand)၊ ပြန်လည်နိုးကြားစေခြင်း(revive) ၊ သွန်သင်ခြင်း(teach) ၊ကြွေးကြော်ခြင်း(proclaim) ၊ သာ ရှိပါသည်။

ခရစ်တော်သည် အဘယ့်ကြောင့် ဤလောကသို့ကြွလာတော်မူသည်ကို ရှင်လင်းစွာသဘောမပေါက်လျှင် ခရစ်တော်၏ ဇဝံဂေလိ တရားတော်ကိုလည်းကောင်း၊ သမ္မာကျမ်းစာကိုလည်းကောင်း ၊ ခရစ်ယာန်ဖြစ်ခြင်း ကိုသော် လည်းကောင်း၊ (ယော ၁း၂၉) "ဤလောက၏ အပြစ်ကိုဆောင်သွားသော" (ဟေ ၊ ၉း၂၆)။ "တခါ တည်းကိုယ်ကို ပူဇော်သောအားဖြင့် အပြစ်ကိုသုတ်သင် ပယ်ရှင်းခြင်းငှါ"

ကယ်တင်ခြင်း (SAVED) ဟူသော စကားလုံးကိုလွယ်လွယ်သုံးတတ်ကြပါသည်။ သို့ရာတွင် မည်သည့် အရာမှ ကယ်တင်တော်မူသည်ကို မသိမချင်း "ကယ်တင်ခြင်း""SAVED" အကြောင်းကို နားလည်နိုင်ရန် မဖြစ်နိုင်ပေ။
Galatians 1:4 – "ငါတို့အပြစ်ကြောင့် ကိုယ်ကိုအပ်ပေးတော်မူ၏"
Revelation 1:5 – "ငါတို့ကိုချစ်၍၊ မိမိအသွေးနှင့်ငါတို့ အပြစ်များကိုဆေးကြောတော်မူ၏"

အပြစ်အကြောင်းကို နားမလည်လျှင် လက်ဝါးကပ်တိုင်၏ တန်ဘိုးကို သဘောပေါက်နိုင်မည် မဟုတ်ပေ။
2 Corinthians 5:21 – "အပြစ်နှင့်ကင်းစင်သော သူကိုငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏"
Isaiah 53:6 –"ခပ်သိမ်းသော ငါတို့အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏"
1 Peter 2:24 – ငါတို့အပြစ်များကို ကိုယ်တိုင် သစ်တိုင်မှာခံတော်မူပြီး။"

သင်ခန်းစာ - THE LESSON

I. အပြစ်သည် မည်သည့်နေရာတွင် မည်သို့အစပြုခဲ့သနည်း။ WHERE AND HOW DID SIN ORIGINATE?

အရှင်းဆုံးပြောပြရမည်ဆိုလျှင် ဘုရားသခင်သည် ကောင်းကင်တမန်များနှင့် လူတို့ကို စက်ရုပ် (robot) အဖြစ်၊ မိမိအလိုဆန္ဒအတိုင်းမလုပ်တပ်သော စက်ယန္တရား (mechanical creature) အဖြစ် ဖန်ဆင်းတော်မမူခဲ့ပါ။ ဘုရားရှင်သည် ဘာမျှ မလုပ်တတ်သောသတ္တဝါအားဖြင့် ကိုးကွယ်ခြင်း၊ဝတ်ပြုခြင်း၊လုပ်ကျွေးခြင်း မတတ်နိုင်ဘဲ အလှကြည့်ရုံသက်သက်ထားဖို ့သာ ထိုက်တန်သော အရာကိုသာ ဖန်ဆင်းခဲ့လျှင်၊ သူ၏ဘုန်းတော်သည် မထင်ရှားနိုင်ပါ။ ထို့ကြောင့်ပင် အစဦး၌ ဘုရားရှင်ဖန်ဆင်းထား သော စိတ်ဆန္ဒလိုအင်ရှိသော (will of his own) Lucifer (စာတန်) သည် မိမိဆန္ဒအတိုင်းပင်၊ဘုရား သခင်၏နေရာနှင့် အာဏာတော်ကို လုယူနိုင်ရန် စိတ်ပါကိုယ်ရောက် ပုန်ကန်ထကြွခဲ့ပါသည်။

အာဒံနှင့်ဧဝတို့သည်လည်း မိမိတို့ ကိုယ်ပိုင်ဆန္ဒ အသီးသီးပိုင်ဆိုင်ထားကြပါသည်။ သူတို့သည် လည်း ဘုရားသခင်၏ စကားတော်ကို နားထောင်ခြင်းထက် ပုန်ကန်ခြင်းလမ်းကိုရွေးချယ်ထားပါသည်။ ထိုအခြေအနေ

နှစ်ရပ်တွင် အပြစ်ဖြစ် ပွားခဲ့ ပါသည်။

A. စကြဝဠာ၌ အပြစ်၏ဇစ်မြစ်။ (SIN'S ORIGIN IN THE UNIVERSE)

1. စာတန်သည်ဘုရားသခင်၏ကြယ်တို့အပေါ် ဗျာဒိတ်တော်တောင်ပေါ်မှ ပလွင်တည်၍ အမြင့်ဆုံး သော ဘုရာ သခင်ကဲ့သို့ ငါနေမည်ဟု ဆိုလျက် မင်းမဲ့ဝါဒီပုန်ကန်မှုပေါ်ပေါက်ခြင်းဖြင့် အပြစ် အစပြု ခဲ့ပါသည်။ (Isaiah 14:13-14; Ezekiel 28:12-15).
2. မိမိတင့်တယ်လှပမှုနှင့် ဘုန်းတန်ခိုးတော်ကြောင့် ဝါကြွားဂုဏ်မောက်ခဲ့သည်။(Ezekiel 28:17; Isaiah 14:13) မိမိကိုဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်အား ပုန်ကန်လျက် "ငါလုပ်မည်" "I will" ဟု ပြောခဲ့သော ကြောင့် စကြဝဠာသို့ အပြစ်ဝင်လာပါ သည်။
3. သခင်ယေရှုက "မာရိန္တသည် ရှေးဦးစွာမှစ၍၊ လူအသက်ကိုသတ်သူ (ပုန်ကန်သူ)ဖြစ်၏။ သူ၌ သစ္စာတရား မရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသားစကားကိုပြောသောအခါ မိမိပကတိ အတိုင်းပြော၏။ မုသားစကား၌ ကျင်လည်သောသူဖြစ်၏ မုသား၏အဘလည်းဖြစ်၏"(John 8:44). ဟု ဖော်ပြထားပါသည်။
4. ခရစ်တော်သည် အနှစ်တထောင်ကာလစိုးစံခြင်းမပြုမီ စာတန်အား "အနက်ဆုံးသော တွင်းထဲသို့ "bottomless pit" ချပစ် လှောင် ထားလျက်" (Revelation 20:3) ကန့်နှင့်ရောသော မီးအိုင်ထဲ "the lake of fire" သို့ "အနှစ်တထောင်ကာလ ကုန်လွန်သောအခါ ချပစ် (Rev. 20:10)မည်ဖြစ်၍၊ ယခုအခါ စာတန်သည် ထိုအရပ်၌မရှိပါ။ စာတန်သည် ဤစကြဝဠာ အတွင်း၌ ပင်ရှိသောသူ၏ ပလွင်ပေါ်မှ လူပ်ရှားလျက်ပင် ရှိနေပါသည်။ (Revelation 13:2) စာတန်သည် "ဤလောကကိုအစိုးရသောမင်း" "the prince of this world" (John 14:30) အဖြစ်လည်းကောင်း၊ ဤလောကကို အစိုးရသောဘုရား" "the god of this age" (2 Corinthians 4:4) အဖြစ်လည်းကောင်း၊ အာကာသကောင်းကင်တန်ခိုးကိုအစိုးရ သောမင်း" "the prince of the power of the air" (Ephesians 2:2) အဖြစ်လည်းကောင်း၊ စိုးစံလျက်ရှိ နေပါသည်။ ယခုအခါ စာတန်သည် ဘုရားသခင်၏ ရန်သူကြီး၊ ယုံကြည်သူဖြစ်သောသင်၏ရန်သူ၊ ဖြောင့်မတ်သူအားလုံးတို့၏ ရန်သူဖြစ်ပါသည်။ (Matthew 13:25, 28, 39; 2 Thessalonians 2:4 ; Acts 13:10).

B. လူသားမျိုးနွယ်တွင် အပြစ်၏ဇစ်မြစ်။ (SIN'S ORIGIN IN THE HUMAN RACE)

1. မုသားပြောခြင်း(lying)၊ ဘုရားသခင်၏သစ္စာတရားကိုပေါ့ပျက်စေခြင်း(perverting the truth of God)၊ အလွဲဖော်ပြခြင်း(misrepresentation)၊လှည့်ဖြားခြင်း (deceitfulness)များဖြင့် စာတန်သည် ဘုရားသခင် တားမြစ် ထားသောအသီးကိုစားစေရန် ဧဝအား အောင်မြင်စွာ သွေးဆောင် (seducing) နိုင်ခဲ့ပါသည်။ (1Timothy 2:14) အာဒံသည် တားမြစ်ထားသော အသီးကို ဧဝ နည်းတူ စားသုံးသောအခါ နားမထောင်ခြင်း ပုန်ကန်ခြင်း၊ အပြုအမူ အားဖြင့် ဤလောကသို့ အပြစ် ဝင်လာပါသည်။ (Romans 5:12).

2. လူသားအားလုံးတို့သည် မျိုးနွယ်တစ်ခုတည်းဖြစ်၍၊ ကိုယ်စားပြုတာဝန်ရှိသည်အားလျော်စွာ၊ အာဒံ၏ အားနည်း ဆုံးရှုံးမှုနှင့် ဆိုးကျိုးသက်ရောက်မှုအားလုံးကို ကျွန်ုပ်တို့သည် မျှဝေခံစား ကြရမည်သာဖြစ်ပါသည်။
a) 1 Corinthians 15:22 – "လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်ရကြ၏။"
b) Romans 5:12 – "လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏"

c) Romans 3:9-12 – "လူအပေါင်းတို့သည် အပြစ်ရှိကြ၏။ အသုံးမရသောသူဖြစ်ကြ၏။ ကောင်းသော အကျင့်ကိုကျင့်သောသူမရှိ။ တယောက်မျှမရှိ။
d) Romans 5:18 – "တစ်ယောက်သောသူပြစ်မှားခြင်းအားဖြင့် လူအပေါင်းတို့သည် အပြစ် စီရင်ခြင်း နှင့်တွေ့ကြုံရကြသည်။

3. အတိုချုပ်အားဖြင့်ဆိုလျှင်၊ အာဒံသည် ဘုရားသခင်၏အခွင့်အာဏာနှင့် စကားတော်ကိုမိမိစိတ်ဆန္ဒ အလျောက် နားမထောင် တော်လှန်ပုန်ကန်၍၊ အာဒံအားဖြင့်အပြစ်ဖြစ်ပြီး၊ အာဒံ၏သားစဉ်မြေးဆက် လူသား မျိုးနွယ်ထဲသို့ အပြစ်တရားသည် အာဒံ အားဖြင့်ဝင်ရောက်လာပါသည်။ လူသားမျိုးနွယ်တစ်ခု တည်း ဖြစ်၍ငင်း၊ အုပ်စုလိုက်တာဝန်ရှိသဖြင့်၄င်း၊ အာဒံသည် လူသားမျိုးနွယ်စု၏ ခေါင်းဆောင်အဖြစ် လူသားတို့ ကိုယ်စား ဆောင်ရွက်ခဲ့၍၄င်း၊ အာဒံ၏ပုန်ကန်မှု၏ အကျိုး သက်ရောက်ခြင်းအားလုံးကို ကျွန်ုပ်တို့လူသားတိုင်း မျှဝေခံစားနေကြခြင်းဖြစ်ပါသည်။ ဤအထဲတွင် ကိုယ် ကာယသေခြင်းနှင့်ဝိညာဉ်သေခြင်း (1Corinthians 15:22; Ephesians 2:1) ဝိညာဉ်ပျက်စီးဆွေးမြေ့ခြင်း၊(Romans 3:9-18; 5:19) ထာဝရ အသက်ကို လက်လွတ်ဆုံးရှုံးရခြင်း၊(Ezekiel 18:4) စသည်များ ပါဝင်ပါသည်။

(ယာကုပ် ၄း၁၇)။ ကောင်းသောအကျင့်ကိုသိလျက်မကျင့်သောသူသည် အပြစ်ရှိ၏။ လုပ်ဆောင်ခြင်း သည်သာ အပြစ်ဖြစ်စေသည်မဟုတ်ဘဲ။ မလုပ်ဘဲနေခြင်းသည်လည်း အပြစ်ဖြစ်ပါသည်။ ကျွန်ုပ်တို့ သည် မည်သည့်အရာ ကို ဆောင်ရွက်ရန်ပျက်ကွက်ကြောင်းကို ဘုရားသခင်မြင်တော်မူပါသည်။ သို့သော် လုပ်ဆောင်သော်လည်း မယုံသက်ံာ စိတ်ဖြင့် လုပ်ဆောင်လျှင်အပြစ်ဖြစ်ပါသည်။

II. အပြစ်အဓိပ္ပါယ်- A DEFINITION OF SIN – HOW ARE WE TO UNDERSTAND ITS MEANING?

A. Davis Bible Dictionary မှ အနက်ဖွင့်ပုံမှာ ...ဘုရားသခင်၏ ပညတ်တရားတော် တစ်ချက်ချက်ကို ချိုးဖောက်ခြင်း၊ စည်းကမ်းဥပဒေသကို ကျူးလွန်ခြင်းဖြစ်သည်။ (1 John 3:4; Galatians 3:10-12).

B. From ZONDERVAN BIBLE DICTIONARY: မှ အဓိပ္ပါယ်ဖွင့်ဆိုချက်၊

1. ဓမ္မဟောင်းကျမ်းမှ ဟေဗြဲစကားမူရင်းမှာ The primary Hebrew words for sin are:
"resha" – meaning transgression and impiety. (ဒုစရိုက်ကျူးလွန်မှု၊ ဘာသာတရားမကိုင်းရှိုင်းမှု)
"ra" – meaning evil disposition. (မကောင်းမှု၊ ဒုစရိုက်၊ စိတ်နှင့်ပြစ်မှားခြင်း)

2. ဓမ္မသစ်ကျမ်းမှ ဂရိစကားမူရင်းမှာ The primary Greek or New Testament words for sin are:
"hamartia" – meaning missing the mark.(ပစ်မှတ်လွဲချော်ခြင်း)
"poneria" – meaning depravity.(အကျင့်စာရိတ္တပျက်ပြားခြင်း)
"adikia" – meaning unrighteousness.(မဖြောင့်မတ်ခြင်း)

C. Scofield ကျမ်းစာလေ့လာခြင်းမှ မှတ်စုများမှာ

1. Transgression – ပညတ်တရားချိုးဖောက်ခြင်း ဒုစရိုက်ကိုပြုခြင်း (Psalm 51:1; Romans 2:23).
2. Iniquity – စိတ်နလုံးမိုက်မဲခြင်း၊ ကိလေသာအပြစ် (Romans 1:21-23).
3. Error – အမှားပြုခြင်း၊ အပြုမှား၊ အယူမှားခြင်း၊ အမှန်မှလွဲခြင်း (Romans 1:18; 1 John 3:4).
4. Missing the mark – ပစ်မှတ်လွဲခြင်း ၊ ဘုရားသခင်၏ ပညတ်တော်ကိုပြီးပြည့်စုံသည်ထိ မစောင့်ထိန်းနိုင်၊ မလိုက်လျောက်နိုင်ခြင်း (Romans 3:23).
5. Trespassing – အပြစ်ကျူးလွန်ခြင်း၊ မှားယွင်းခြင်း၊ ဒုစရိုက်ပြုခြင်း၊ပြစ်မှားခြင်း၊ဘုရားသခင်၏ အလိုတော်နှင့်ဆန့်ကျင်ခြင်း (ဖဖက် ၂း၁-၂)
6. Lawlessness – ဥပဒေချိုးဖောက်ခြင်း၊ မတရားသဖြင့် ကျင့်ခြင်း (1 Timothy 1:9).
7. Unbelief – ယုံမှားခြင်း၊ မယုံနိုင်ခြင်း။ (John 16:9).

D. A personal definition: ပုဂ္ဂိုလ်ရေးအရ အဓိပ္ပါယ်ဖွင့်ဆိုချက်

ခရစ်တော်ကို မယုံကြည်သူများ ကျူးလွန်သော အပြစ်မှာ အသက်ရှင်တော်မူသော ဘုရား၊ ဖန်ဆင်းကယ်တင်တော်မူသော ဘုရားကို ပြစ်မှားခြင်း၊ ပုန်ကန်ခြင် ဖြစ်ရာ၊ အကျိုးရလဒ်အဖြစ် မိမိတို့၏ ဝိညာဉ်သေခြင်း(spiritual death)၊ ထာဝရဘုရားသခင်နှင့် ကင်းကွာခြင်းဖြစ်သည်။ ခရစ်တော်ကို ယုံကြည်ပြီးသူများ ကျူးလွန်သော နေ့စဉ်အပြစ်မှာ ဝိညာဉ်တော်၌ မလိုက်လျောက်ခြင်း(failure to walk in the Spirit)၊ ဝိညာဉ်လမ်းပြမှုအတိုင်း လိုက်မလျောက်နိုင်ခြင်း။ (Galatians 5:16) နေ့ စဉ်သေရခြင်း - die daily (1 Corinthians 15:31)ဘုရားနှင့်ကင်းကွာပြီး မိမိဇာတိ အလိုအတိုင်း အသက်ရှင်ခြင်းဖြစ်သည်။ (Romans 6:11).

E. Biblical definitions: (သမ္မာကျမ်း၏ အဓိပ္ပါယ်ဖွင့်ဆိုမှုများ)

1. 1 John 3:4 – (ဘုရားသခင်၏ ပညာတ်တရားကို ကျူးလွန်ခြင်း) (Romans 7:7).
2. 1 John 5:17 –(မတရားသောအမှုကိုပြုခြင်း၊ ဒုစရိုက်ကိုပြုခြင်း) ဘုရားရှင်၏ဖြောင့်မတ်ခြင်းမှ လွှဲချော်ခြင်း (Romans 3:10-12). ကောင်းမှုကုသိုလ်မှန်သမျှ ဘုရားရှင်ရှေ့ ၌ လက်နှီးစုတ်သာဖြစ်ခြင်း(Isaiah 64:6).
3. Romans 14:23 – (ယုံကြည်ခြင်းကင်းမဲ့ခြင်း၊ ယုံကြည်ခြင်းမပါပဲ လုပ်ဆောင်ခြင်း)
4. Proverbs 24:9 – (မိုက်မဲသောကြံစည်ခြင်း၊ မထီမဲ့မြင်ပြုခြင်း၊စက်ဆုပ်ရွံရှာဖွယ်ပြုမူခြင်း)ပြုလုပ်မှ အပြစ်ဖြစ်သည်မဟုတ် ၊တွေးလျှင်လည်းအပြစ်ဖြစ်သည်။ မိုက်မဲသော အတွေးသည် အပြစ်ဖြစ်၏။ (Psalm 139:2)
5. James 4:17 –(ကောင်းသောအရာကို သိလျက်နှင့်မကျင့်ခြင်း)

III. အပြစ်၏သဘောသဘာဝနှင့် အဓိကလက္ခဏာများ။ WHAT IS THE NATURE AND CHIEF CHARACTERISTIC OF SIN?

အပြစ်၏လက္ခဏာကိုဖော်ပြရာတွင် စကားလုံးမြောက်များစွာကိုအသုံးပြုနိုင်ပါသည်။ သို့ရာတွင် အောက်ပါ

ဝေါဟာရ သုံးလုံးဖြင့် လုံလောက်ပါမည်ဟု ယူဆပါသည်။

A. Sin is DEMANDING.အပြစ်သည်တောင်းဆိုတတ်ပါသည်။

1. အပြစ်သည်အလွန်တန်ခိုးကြီးပါသည်။ ဤစကြဝဠာတွင် သခင်ယေရှုကိုအသေသတ်ရန် တောင်းဆိုလျက် ထိုတောင်းဆိုချက်ကို ထိရောက် အောင်မြင်စေရန် ဖိအားပေးနိုင်သူမှာ အပြစ် သည်သာ ဖြစ်ပါသည်။

2. အပြစ်သည်တောင်းဆိုသည်သာမက အမှန်ပင်ကျွန်ပြုလေ့ရှိပါသည်။ (enslaves.)

a) John 8:34 – "ဒုစရိုက်ကိုပြုသောသူရှိသမျှတို့သည် ဒုစရိုက်၏ ကျွန်ဖြစ်ကြ၏။

b) Romans 6:16-17,19-20 –အကြင် (အပြစ်)၏ အထံ၌ အစေခံကျွန်ဖြစ်ခြင်းငှာ သင်တို့ပင် ဖြစ်၏။(verse 16) သင်တို့သည် မိမိတို့ကိုယ်အင်္ဂါများကို အဓမ္မအလို့ငှာ ညစ်ညူးခြင်း၏တရား၊ အဓမ္မတရား၌ သွင်း၍ ကျွန်ခံစေဘူးသည်။ (verse 19)

c) လူတိုင်းသတိပြုမိသည်ဖြစ်စေ၊ မပြုမိသည်ဖြစ်စေ၊ ခရစ်တော်မရသောသူအားလုံးတို့ကို (Ephesians 2:12)အပြစ်သည် ကျွန်ပြုထားပါသည်။ သနားညှာတာမှု လုံးဝမရှိသော မင်းဆိုးမင်းညစ်ပင် ဖြစ်ပါသည်။

3. အကြင်သူသည် ခရစ်တော်မရဘဲရှိနေပါလျှင် (ထိုသူသည် ဘုရားသခင်မပါဘဲ၊ အသက်ရှင်နေသူ ဖြစ်လျက်၊ သူလုပ်ဆောင်ခဲ့သမျှ လုပ်ဆောင်နေသမျှတို့သည် သူ၏အထဲ၌ အုပ်စိုးနေသော အပြစ်တရား၏ လမ်းကြောင်းဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ (Romans 6:17) သင်တို့သည် အပြစ်တရား၏ ကျွန်ဖြစ်စဉ်ကာလ (Romans 6:20) နှင့် အပြစ်တရား၏ကျွန်ဖြစ်ခဲ့သည့်ကာလတွင် လုပ်ဆောင်ခြင်းသာဖြစ်ပါသည်။ သင်သည် ခရစ်တော်မပါလျှင် အပြစ်တရားက သင်၏အချိန် (time)။ သင်၏ချမ်းသာစည်းစိမ်(wealth)၊ သင်၏ကျန်းမာရေး(health)၊ သင်၏စွမ်းရည်သတ္တိ(talents)၊ သင်၏ပင်ကိုအရည်အ ချင်းနှင့် (personality) သင်၏ဝိညာဉ်ကို (soul) တောင်းဆိုပါသည်။

B. Sin is DESTRUCTIVE အပြစ်သည်ဖျက်ဆီးတတ်ပါသည်။

1. Bible evidence: ကျမ်းစာ၏အထောက်အထားများ။

a) James 1:15 – ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကိုဘွားတတ်၏။ အပြစ်ကြောင့် ကိုယ်ကာယသေခြင်းနှင့် ဝိညာဉ်သေခြင်းနှစ်မျိုးလုံးဖြစ်ပေါ်သည်။(Ephesians 2:1-5; Romans 8:6).

b) Romans 3:15-17 – "သူတို့ခြေသည် လူအသက်ကိုသတ်ခြင်းငှာ လျင်မြန်၏။ သူတို့သွားရာ လမ်း၌ ပျက်စီးခြင်း၊ ဒုက္ခဆင်းရဲခြင်းရှိ၏။ ချမ်းသာသောလမ်းကို သူတို့မတွေ့ရကြ။ (Isaiah 59:7-8).

c) Matthew 7:13 – "ပျက်စီးခြင်းသို့ရောက်သောလမ်းနှင့် တံခါးသည်ကျယ်ဝန်းသည်ဖြစ်၍" ကာလနှင့် ထာဝရ ကာလ (both time and eternity) ၂-ခုလုံးပါဝင်သည်။

d) Proverbs 16:18 – "မာနသည် ပျက်စီးခြင်းအရင် နေရာကျတတ်၏။

2. Practical observations: လက်တွေ့ကြည့်ရှုစစ်ဆေးခြင်း။

အပြစ်သည် အလွန်အင်အားကောင်းသော အဖျက်သမားဖြစ်သည်။ သူထိတွေ့သမျှပျက်စီးသွားရပါ သည်။ ဤလောကတွင် အပြစ်ကြောင့် ပျက်စီးရသောအတိုင်းအတာ ပမာဏသည် စကားဖြင့်ပြော၍မရလောက်အောင်

ပြင်းထန်လှသည်။

a) ကြောက်မက်ဘွယ်ကောင်းလှသော AIDS ရောဂါဆိုးသည် ကျည်အပြည့်ထိုးထားသည့် ပစ္စတိုသေနတ်ဖြင့် လူသားတို့၏ ဦးခေါင်းတွင် ချိန်ထားသည်။ ၎င်းရောဂါသည် ဤကမ္ဘာ့လူသား အားလုံးကိုလောင် တိုက်ထဲသို့ အသံမမြည်ဘဲထည့်သွင်း ဖျက်ဆီးနိုင်သောအရာဖြစ်ပါသည်။ ဤရောဂါပိုးကိုလူသားသန်းပေါင်းများစွာကို ကူးစက် ရရှိပြီးဖြစ်၍ရာစုနှစ်မကုန်မီထိုရောဂါဖြင့်သေပွဲဝင်ကြရမည်ဖြစ်သည်။ ဤရောဂါ ဖြစ်ပွါးရခြင်း၏ ၉၀% မှာ အပြစ်တရား(90% sin-related) နှင့်ဆက်စပ်နေသည်။

b) AIDS ရောဂါသာမကပဲ၊ အရည်ယိုရောဂါ (herpes) ဆစ်ဖလစ်ရောဂါ (sybhilis) ကာလသားရောဂါ (gonorrhea) နှင့် အခြားရောဂါများ ကြောင့် နာကျင်ခြင်း (misery)၊ ကိုက်ခဲခြင်း(pain)၊ ရှက်ကြောက်ခြင်း (shame)၊ သေခြင်း (death) တိုင်အောင်ဖြစ်စေသော ရောဂါများသည်အပြစ်ကြောင့် သို့မဟုတ် အပြစ်မှ တစ်ဆင့်ရရှိသော ရောဂါများဖြစ်ပါသည်။

c) မိသားစုများသည် အပြစ်ကြောင့် ပြိုကွဲနေရပါသည်။ ယနေ့အိမ်ထောင်ပြုထိမ်းမြားလက်ထပ်ခြင်း ၏ တစ်ဝက်ခန့်သည် အိမ်ထောင်ကွဲခြင်းဖြင့် အဆုံးသတ်ကြရပါသည်။ အရက်နှင့် အခြားစာရိတ္တပျက်ပြားမှုများ (Alcohol and immorality) သည် ထိုပျက်စီးမှုများ၏အဓိကအကြောင်းရင်းများဖြစ်ပါသည်။

d) မိမိကိုယ်ကိုသတ်သေခြင်း(suicides)၊ သူတစ်ပါးသတ်၍သေခြင်း(murders)၊ ဒုစရိုက်မှုခင်း (violent crimes)များ မှာလည်း ရေတွက်၍ မကုန်နိုင်ပါ။

e) အဝေးပြေးလမ်းမကြီးများပေါ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူ၏ထက်ဝက်ခန့်မှာ အရက်ကြောင့် သာဖြစ်သည်။

f) အပြစ်သည်လူ၏မျက်စိကိုကန်းစေပါသည်။ (Ephesians 4:18) သြတ္တပ္ပစိတ်ကိုပူလောင်စေသည်။ (1 Timothy 4:2) စာရိတ္တကို ပျက်ပြားစေပါသည်။(ရော ၃း၁၀-၁၈။ ဇ ၄း၂၂။)

g) နောက်ဆုံးအနေဖြင့် အပြစ်သည်လူ၏ ဝိညာဉ်ကို ဖျက်ဆီး၍ ထာဝရငရဲထဲသို့ပို့ပေးပါသည်။ (Revelation 21:8; Romans 6:23; Matthew 10:28; Mark 8:36).

C. Sin is DECEITFUL. အပြစ်သည်လှည့်စားတတ်၏။
“အကယ်၍အပြစ်သည်မလှည့်စားတတ်လျှင်အပြစ်ပြုရခြင်းသည်ပျော်စရာကောင်းမည် မဟုတ်တော့” (အမည်မသိစာဆို) “If sin were not deceitful, it would never be delightful.” Anonymous.
အပြစ်ကြောင့်ငရဲသွားရမည့်အနေအထားကိုဖုံးကွယ်မထားခဲ့လျှင် အပြစ်ပြုရသည်မှာ ပျော်စရာမကောင်း တော့ပေ။ အပြစ်ကိုအပြစ်မှန်းမထင်ရပါ။(Sin never seems to be what it is.) သို့သော် အဆုံးတွင် ရသည့် အရသာကား အစကကဲ့သို့ မကောင်းတော့ပါ။

1. (James 1:15) – “ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကိုဘွားတတ်၏။”

2. (Jeremiah 17:9) - အပြစ်သည် စိတ်နလုံးကိုစဉ်းလဲစေ၏။
3. (Hebrews 3:13) - အပြစ်၏လှည့်စားခြင်းကြောင့် စိတ်နလုံးကိုခိုင်မာစေ၏။

4. အပြစ်၏လှည့်စားတတ်မှုကြောင့်လူသည်လည်း လှည့်စားတတ်၏။ The deceitfulness of sin causes men to act deceitfully.

a) အပြစ်သည် ဟေရုဒ်မင်း (Herod Agrippa) အားလှည့်စားလျက်လူ၏ ကိုးကွယ်ခြင်းကို လက်ခံစေသည်။ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူကိုဒဏ်ခတ်၍ "ဘုရားသခင်၏ ဂုဏ်အသရေတော်ကို မထောက်သောကြောင့် "ကိုယ်တွင်း၌ ပိုးများကိုက်သဖြင့် အနိစ္စရောက်လေ၏။ (Acts 12:21-23).

b) အပြစ်၏လှည့်စားခြင်းကြောင့်ယေဇေဗေလ (Jezebel)သည် ကြာသရေလအမျိုး၏ဘုရားသခင် ထာဝရ ဘုရားအား ဆန့်ကျင်တိုက်လှန် နိုင်မည်ဟုထင်ခဲ့၏။ ထို့ကြောင့် သူ၏အသွေးတို့ကို ယေဇရေလချိုင့်၌ ခွေးတို့ လျက်စရာဖြစ်လေ၏။ (2 Kings 9:30-37).

c) အပြစ်သည်အာနနိနှင့် ရှဖိရေ (Ananias and Sapphira)တို့လင်မယားအားသန့်ရှင်းသောဝိညာဉ်တော်ကို မုသာဖြင့်လှည့်စားရန်ကြံစည်စေခဲ့သည်။ (Acts 5:1-11).

d) ဘုရားမဲ့ဝါဒီ ပြင်သစ်လူမျိုး Voltaire သည် တစ်နေ့သောအခါ သမ္မာကျမ်းစာသည် လုံးဝပပျောက်သွား မည်ဟုယူဆခဲ့သည်။ ထိုသူသည် သေခါနီးဂင်း၏ အိမ်ယာ ပေါ်တွင် "ငါမမွေးခဲ့လျှင်ကောင်းပေလိမ့်မည်"ဟု ဝိုင်ကြွေးခဲ့ပါသည်။

e) အင်္ဂလိပ်ကဗျာဆရာကြီး Lord Byron သည် မိမိဘဝကိုကြီးကျယ်ခမ်းနားစွာ (sensual, profligate life)၊ အရသာအပြည့်အဝဖြင့် အသက်ရှင်သွားနိုင်မည်ဟု ထင်မြင်ကာ အပြစ်၏လှည့်စားမှုကို ခံခဲ့ရပါသည်။ သူ သေခါနီးတွင် "ဘဝ၏ပန်းပွင့်များ ကြွေလေပြီ။ တီကောင်၊ လောက်ကောင်နှင့် သင်္ချိုင်းတွင်းသည်သာ ငါ့အတွက်ဖြစ် တော့သည်" "The flowers of life are all gone. The worm and the canker and the grief are mine alone."
ဟု ကဗျာစပ်ဆိုခဲ့ပါသည်။

5. (Galatians 6:7) တွင် "ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ၊ လူသည်မျိုးစေ့ကြဲ သည့် အတိုင်း အသီးအနှံကို "ရိတ်ရလိမ့်မည်"ဟုဆိုထားပါသည်။ (Numbers 32:23)

IV. ဘုရားသခင်သည် အပြစ်ကိုမည်သို့ဖြေရှင်းပါသနည်း။ HOW DID GOD DEAL WITH SIN?

A. ဘုရားသခင်သည် ခရစ်တော်အားကျွဲလောကသို့စေလွှတ်တော်မူရာတွင် ဇာတိပကတိ၌ရှိသော အပြစ်ကို အပြစ် ပေးဘို့ရန် (Romans 8:3) အပြစ်ကိုသုတ်သင်ပယ်ရှင်းရန် (Hebrews 9:26) အပြစ်သားများကို ကယ်တင်ရန် (1 Timothy 1:15) ဖြစ်သည်ကို နားလည်ပါ။

B. အပြစ်ကို မည်သို့ သုတ်သင်ပယ်ရှင်းသနည်း။ ဘုရားသခင်သည် အပြစ်ကိုဖယ်ရှား၍ အပြစ်သား အတွက် ကယ်တင်ခြင်းကို မည်သို့ ပေးသနည်း။ အဖြေကို ဝေါဟာရစကားလုံး (၃)လုံးဖြင့် တွေ့နိုင်ပါသည်။ အစားထိုးခြင်း (SUBSTITUTION)၊ ကိုယ်စားဝင်ခြင်း (IMPUTATION)၊ ရှင်ပြန်ထမြောက်ခြင်း (RESURRECTION) ဖြစ်ပါသည်။ ထိုဝေါဟာရများ၏အဓိပ္ပါယ်ကို ထိထိမိမိ ရယူနိုင်ရန်သတိပြုပါ။

1. အစားထိုးခြင်း။ (SUBSTITUTION) – ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်များကြောင့် ကျွန်ုပ်တို့၏နေရာတွင် အသေခံ တော်မူသည်။ “ကျွန်ုပ်ကိုချစ်၍၊ ကိုယ့်ကိုကိုယ် ကျွန်ုပ်အတွက်ပေးအပ်တော်မူသည်။”(Galatians 2:20)

2. ကိုယ်စားဝင်ခြင်း။ (IMPUTATION) – ခရစ်တော်သည် ကျွန်ုပ်အပြစ်များကြောင့် ကျွန်ုပ်၏ ကိုယ်စား မိမိသဘောဖြင့်အသေခံတော်မူသည်။ “ဘုရားသခင်သည် အပြစ်နှင့်ကင်းသောသူ (ခရစ်တော်)ကို ငါတို့အတွက် ကြောင့်အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သော သူဖြစ်မည် အကြောင်းတည်း။” (2 Corinthians 5:21)

3. ရှင်ပြန်ထမြောက်ခြင်း။ (RESURRECTION) – အပြစ်အပေါ် အောင်မြင်သော တန်ခိုးကိုဆိုလိုပါသည်။ ယုံကြည်သူကျွန်ုပ်တို့သည်လည်း သေခြင်းမှထမြောက်စေတော်မူလျက် ကောင်းကင်ဘုံ၌ ကိုယ်တော်နှင့်အတူ ထိုင်သော အခွင့်ရပြီးဖြစ်သောကြောင့် (Ephesians 2:6)၊ သေခြင်းမှ ရှင်ပြန်ထမြောက်သော သူ၏တန်ခိုး တော်ကို ရယူခံစားကြရသည်။ (Philippians 3:10). သေခြင်းကိုအောင်မြင်၍ ရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှု ခရစ်၏ တန်ခိုးတော် အားဖြင့် “အပြစ်တရားနှင့် ဆိုင်သောအရာ၌ကား အသေဖြစ်၍၊ ဘုရားသခင် နှင့်ဆိုင်သောအရာ၌ကားအသက်ရှင်သည်ဟူ၍“dead unto sin, but alive unto God” မှတ်ယူခံစားရသော အခွင့်ကိုပေးတော်မူပါသည်။ (Romans 6:11; Romans 6:1-22).

C. နိဂုံး - CONCLUSION

1. အစားထိုးခြင်း(SUBSTITUTION)ဖြင့်ကျွန်ုပ်တို့သည်အပြစ်နှင့်အပြစ်စီရင်ခြင်းမှလွတ်ကြ၏(Romans 8:1)

2. ကိုယ်စားဝင်ခြင်း (IMPUTATION)ဖြင့်အပြစ်၏ပျက်စီးခြင်းနှင့် အညစ်အကြေးမှကယ်တင်တော်မူပါသည်။ “ကျွန်ုပ်၏အပြစ်များကို ကိုယ်တော်၏အပေါ်၌တင်၍ ကိုယ်တော်အားအပြစ်ရှိသူဟု သတ်မှတ်ပြီး” (2 Corinthians 5:21; Isaiah 53:6; 1 Peter 2:24)ဖြစ်ပါသည်။ ကိုယ်တော်အား ကျွန်ုပ်တို့ယုံကြည် လက်ခံသော အခါ သူ၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အပေါ်သို့ တင်ပေး တော်မူပါသည်။ (Romans 4:1-8, 22-25).

3. ရှင်ပြန်ထမြောက်ခြင်း (RESURRECTION) အားဖြင့် ကျွန်ုပ်တို့သည်အပြစ်၏ကျွန်ပြုအုပ်စိုးခြင်းနှင့် ချည်နှောင်ခြင်းမှလွတ်မြောက်ရ၏။ (Romans 6:1-14).

D. အနှစ်ချုပ် - SUMMARY

1. သင်နှင့်ကျွန်ုပ်တို့သည်အပြစ်ရှိသော ကြောင့် သေဒဏ်ခံထိုက်သူများဖြစ်သည်။ (Romans 3:23; 6:23).

2. သို့ရာတွင် ဂရုဏာရှင်ဘုရားသခင်သည် (Ephesians 2:4) ကျွန်ုပ်တို့အား အပြစ်၌ သေကြေ ပျက်စီးခြင်း ငှာ အလိုတော်မရှိသောကြောင့် သခင်ယေရှုကို ဤလောကသို့စေလွှတ်ပြီး (Hebrews 10:7) ကျွန်ုပ်တို့၏အပြစ် အတွက်ပူဇော်သောယဇ်ကောင်ဖြစ်စေသည်။ (Hebrews 10:10,12)

3. ယေရှုခရစ်သည် ကျွန်ုပ်တို့၏ နေရာကိုယူ၍ (Galatians 2:20) ကျွန်ုပ်တို့အပြစ်များကိုထမ်းပြီးလျှင် (1 Peter 2:24) ထိုအပြစ်များကို သန့်ရှင်းသောဘုရားရှင်မျက်မှောက်တော်မှပယ်ရှားတော်မူသည်။(Hebrews 9:26).

4. ခရစ်တော်သည် အသေခံတော်မူသောအခါ ဘုရားသခင်သည် ကိုယ်တော်အား အပြစ် ရှိသူဖြစ်စေသည်၊ (2 Corinthians 5:21) ဘုရားသခင်၏မျက်မှောက်တော်တွင် အမှန်ပင် အပြစ်ရှိသူဖြစ်ခဲ့ပါသည်။ လက်ဝါး ကပ်တိုင်ပေါ် တွင်သင်၏အပြစ်အားလုံးနှင့်လူသားအားလုံး ၏အပြစ်ကိုခံတော်မူခဲ့ပါသည်။(1 John 2:2)။ ဤနေရာတွင် သင်၏ အပြစ်အားလုံးကို အပြစ်စီရင်၍၊ ထိုစီရင်ခြင်းကြောင့် ဘုရားသခင်သည် လုံးဝကျေနပ်သွားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ကိုယ်တော်ကို ယုံကြည်သူရှိသမျှတို့အား ဖြောင့်မတ်ခြင်းအခွင့်ကို ပေးပိုင်သူ ဖြစ်လာပါသည်။(Romans 3:26) အပြစ်ကိုအနိုင်ယူပြီးဖြစ်ပါသည်။ ခရစ်တော်သည် အောင်နိုင်သူအဖြစ် သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့ပါသည်။ သေခြင်းမှ ရှင်ပြန် ထမြောက်တော်မူခြင်းသည် ကျွန်ုပ်တို့အား၊ ဖြောင့်မတ်ခြင်း(justification) ပေးရန်ဖြစ်ပါသည်။ (Romans 4:25).

5. အပြစ်ဖြေ လွှတ်ခြင်းနှင့်(Forgiveness) အပြစ်မှရွေးနှုတ်ခြင်း (redemption)ကို ရယူပြီးဖြစ်ပါသည်။ (Ephesians 1:7; Acts 10:43; 1 Peter 1:18) အသက်တာ ကို အောင်မြင် စွာအသက်ရှင်ရန် တန်ခိုးတော်ကို လည်းရရှိပြီးဖြစ်ပါသည်။ (Philippians 4:13; 2 Corinthians 2:14; Romans 8:2-4).

V. သင်သည်အပြစ်ကို မည်သို့အောင်မြင်၍၊ အသက်ရှင်နိုင်သနည်း။ HOW YOU CAN OVERCOME SIN AND LIVE TRIUMPHANTLY

A. အပြစ်နှင့် အပြစ်ဒဏ်စီရင်ခြင်း (sin's guilt and condemnation) မှလွတ်မြောက်စေရန်။

1. အပြစ်ရှိသူဖြစ်ကြောင်း ဝန်ခံအသိအမှတ်ပြုပါ။ (Isaiah 64:6; Jeremiah 17:9; Romans 7:24).
2. နောင်တရပါ။ စိတ်ပြောင်းလဲပါ။ အပြစ်မှခရစ်တော်သို့ ဦးလှည့်ပါ။(Luke 13:3; 1 Thessalonians 1:9).
3. စိတ်နှလုံးမှခရစ်တော်ကို သင်၏ကယ်တင်ပိုင်ရှင်နှင့် အရှင်သခင်အဖြစ်လက်ခံပါ။(John 1:12; Romans 10:9-10).
4. ကိုယ်တော်၌ငင်း၊ လက်ဝါးကပ်တိုင်ပေါ်၌ ကိုယ်တော်ပြုခဲ့ပြီးသော အမှု၌ ငင်းယုံကြည်ပါ။ သန့်ရှင်းသော ဘုရားသခင်၏ စိတ်တော်ကို ကျေနပ်စေခဲ့သော ထိုအမှု၌ တည်နေပါ။ (Acts 16:31; Romans 4:25). (Read also John 20:31; Romans 5:1; and Philippians 3:9).

B. အပြစ်၏တန်ခိုးမှကင်းလွတ်၍ အောင်မြင်စွာအသက်ရှင်နိုင်ရန်။

1. မိမိကိုယ်ကိုလူပေါင်းသေပြီးဖြစ်သော အသက်ရှင်သူ (living dead man) အဖြစ်ခံယူထားပါ။ သင်သည် ခရစ် တော်နှင့်အတူ "လက်ဝါး ကပ်တိုင်မှာအသေခံပြီး၊" "crucified with Christ" (Galatians 2:20) ဟုမှတ်ယူပါ။ ခရစ်တော်အသေခံသောအခါ သင်သည်ခရစ်တော်နှင့်အတူ သေခဲ့ သည်။ သင်၏ လူပေါင်းသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်၌ အသေသတ်ခြင်းခံပြီ။ သင်သည် ခရစ်တော် နှင့် အတူ သင်္ဂြိုလ်ခြင်းခံရပြီ။ အသက်တာသစ်ကို (newness of life) အသက်ရှင်ရန်ခရစ်တော်နှင့်အတူ သေခြင်းမှ ထမြောက်စေခြင်းခံခဲ့ပြီး၊ (Romans 6:1-8) ထို့ကြောင့် ဤအရာကို မှတ်မိစွဲလန်းပါ။ ယုံကြည်ပါ။ လက်ခံရယူပါ။ ရောမ ၆း၁၁-၁၃ဖတ်ပါ။ အပြစ်သည် သင့်ကို မအုပ်စိုးစေပါနှင့်။ "ကိုယ့်အင်္ဂါများကိုလည်း သုစရိုက်လက်နက်ဖြစ် စေ၍၊ ဘုရားသခင်

အားဆက်ကြလော့။”

2. “ဝိညာဉ်ပကတိအတိုင်းအကျင့်”နိုင်ရန် လေ့ကျင့်လော့။ Learn to walk “in the Spirit.”

a) “ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏အလိုသို့မ လိုက်ဘဲနေကြလိမ့်မည်။ (Galatians 5:16).

b) ခရစ်တော်ကို ကျွန်ုပ်တို့၏ ကိုးစားရာအစစ်အမှန်ဖြစ်သည်ဟု ခံယူနိုင်စေရန် ဖော်ပြတော် မူသောသူသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်။အပြစ်တရား(အုပ်စိုးခြင်းသဘော)နှင့်သေခြင်းတရား၏လက်မှ ကယ်လွှတ်တော်မူကြောင်း သိရှိစေပါသည်။(Romans 8:2-4).

ဝိညာဉ်ပကတိအတိုင်း အသက်ရှင်နိုင်ရန်။-To walk in the Spirit we must:
RECOGNIZE His person (John 16:13-14) - ကိုယ်တော်ကိုအသိအမှတ်ပြုပါ။
REALIZE His Presence (John 14:17) - ကိုယ်တော်ရှိနေကြောင်းသိထားပါ။
RELY UPON His POWER (Acts 1:8; Zechariah 4:6) - ကိုယ်တော်၏ တန်ခိုးတော်ကိုအားထားပါ။

3. ခရစ်တော်အားအစဉ်ယုံကြည်သောစိတ်ကိုမွေးမြူပါ။ Exercise a constant, steadfast faith in Christ.

a) ယုံကြည်ခြင်းအားဖြင့် လောကကိုအောင်နိုင်၏။ (1 John 5:4)
b) ယုံကြည်ခြင်းအားဖြင့် မာရ်နတ်ကိုအောင်နိုင်၏။ (Ephesians 6:16)
c) ယုံကြည်ခြင်းအားဖြင့် ဘုရားရှင်၏တန်ခိုးတော်သည် စောင့်ရှောက် တော်မူ၏။ (1 Peter 1:5)
d) ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် စိတ်နလုံးထဲ၌ ကိန်းဝပ်ကြောင်းသိရ၏။ (Ephesians 3:17)
e) ယုံကြည်ခြင်းအားဖြင့် ဘဝမုန်တိုင်းကြီးများကို ရင်ဆိုင်နိုင် သော သတ္တိကိုပေးတော်မူ၏။ (Matthew 8:26)
f) ယုံကြည်ခြင်းအားဖြင့် လောကီစည်းစိမ် တပ်မက်ခြင်းမှ ကင်းလွတ် စေ၏။(Matthew 6:30-34)
g) ယုံကြည်ခြင်းအားဖြင့် လောကီပူပန်ခြင်းနှင့် ယုံမှားခြင်းမှ ကင်းလွတ်နိုင် စေ၏။ (Matthew 14:31-33)

4. အကယ်၍သင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုအာရုံပြုလျက်၊ ဆင်ခြင် အောက်မေ့ပါက အထက်ဖော်ပြ ထား သောအရာများသည် သင်၏အသက်တာတွင် အကောင်အထည်ဖော်လာမည်ဖြစ်ပါသည်။ ခိုင်မာကြံခိုင်သော ဆုတောင်း ခြင်း အကျင့်ကို (strong and steadfast prayer life) လည်းတိုးပွါးလာပါသည်။ ဆက်ကပ်မှုရှိသော ခရစ်ယာန်များနှင့် မိတ်သဟာယဖွဲ့ပါ။ ခရစ်တော် အပေါ်၌ သင် ထားရှိသော ယုံကြည်ချက်ကို ပျောက်ဆုံး နေသော ဝိညာဉ်များထံသို့ အစဉ်သက်သေခံပါ။

အပြစ်တရားနှင့်ဆိုင်သော မေးခွန်းများ - သင်ခန်းစာ (၂၀)

1. လူသားတို့ အပြစ်ကို မေ့လျော့ (lost a sense of sin) ရခြင်းမှာ.....(၅-မှတ်)
a. အပြစ်နှံ့ထဲတွင် ပျော်မွေ့ သဖြင့်။ he enjoys his sin.
b. စိတ်ပညာရှင်များက ငြင်းပယ်သဖြင့်။ psychiatrists deny sin.
c. ဘုရားရှင်နှင့်ဝေးကွာသွားသဖြင့်။ man has drifted far from God.

2. အပြစ်တရားအစပြုရာ (Sin) နေရာမှာ.....(၄-မှာ)

a. ငရဲ။ in hell.
b. ကောင်းကင်ဘုံ။ in heaven.
c. ကမ္ဘာမြေ။ on earth.

3. Sin သည် အောက်ပါတို့ ဖြင့် အစပြုခဲ့သည်။(၄-မှတ်)
a. ကောင်းကင်တမန်အားလုံးမှ ပုန်ကန်ခြင်း။ rebellion of all the angels.
b. အာဒံနှင့် ဧဝတို့ ၏အပြစ်။ sin of Adam and Eve.
c. စာတန်၏ပုန်ကန်ခြင်း။ rebellion of Satan.

4. Adam သည် လူသားအားလုံးကို ကိုယ်စားပြုသောကြောင့်.....(၄-မှတ်)
a. သူ၏ကျရှုံးမှုသည် လူသားအားလုံးနှင့်ဆိုင်သည်။ all of mankind shares in his failure.
b. သူတဦးတည်းသာ အပြစ်သားဖြစ်လာသည်။ he alone became a sinner.
c. အာဒံနှင့်ဧဝသာ အပြစ်သားဖြစ်လာသည်။ only Adam and Eve became sinners.

5. ကယ်တင်ခြင်းဆိုင်ရာ ဘုရားရှင်လုပ်ဆောင်မှုဖြစ်သည့် “substitution” အဓိပ္ပါယ်မှာ.....(၄-မှတ်)
a. ကျွန်ုပ်ကိုယ်စား ခရစ်တော်အသေခံသည်။ Christ died in my place.
b. ခရစ်တော်ကို ကျွန်ုပ်တို့ ကိုယ်စား အပြစ်သားဖြစ်စေပြီး၊ကျွန်ုပ်တို့ ကိုဖြောင့်မတ်သူဖြစ်စေသည်။ God made Christ to be sin for us and we were made the righteousness of God in Him.
c. ထိုအမှုအားဖြင့် ဘုရားရှင်က ကျွန်ုပ်တို့ ကို အပြစ်တရားအပေါ်အနိုင်ရစေသည်။ through it He gave us power over sin.

6. ကယ်တင်ခြင်းဆိုင်ရာ ဘုရားရှင်လုပ်ဆောင်မှုဖြစ်သည့်“imputation” အဓိပ္ပါယ်မှာ.....(၄-မှတ်)
a. ကျွန်ုပ်ကိုယ်စား ခရစ်တော်အသေခံသည်။ Christ died in my place.
b. ခရစ်တော်ကို ကျွန်ုပ်တို့ ကိုယ်စား အပြစ်သားဖြစ်စေပြီး၊ကျွန်ုပ်တို့ ကိုဖြောင့်မတ်သူဖြစ်စေသည်။ God made Christ to be sin for us and we were made the righteousness of God in Him.
c. ထိုအမှုအားဖြင့် ဘုရားရှင်က ကျွန်ုပ်တို့ ကို အပြစ်တရားအပေါ်အနိုင်ရစေသည်။ through it He gave us power over sin.

7. ကယ်တင်ခြင်းဆိုင်ရာ ဘုရားရှင်လုပ်ဆောင်မှုဖြစ်သည့် “resurrection” အဓိပ္ပါယ်မှာ.....(၄-မှတ်)
a. ကျွန်ုပ်ကိုယ်စား ခရစ်တော်အသေခံသည်။ Christ died in my place.
b. ခရစ်တော်ကို ကျွန်ုပ်တို့ ကိုယ်စား အပြစ်သားဖြစ်စေပြီး၊ကျွန်ုပ်တို့ ကိုဖြောင့်မတ်သူဖြစ်စေသည်။ God made Christ to be sin for us and we were made the righteousness of God in Him.
c. ထိုအမှုအားဖြင့် ဘုရားရှင်က ကျွန်ုပ်တို့ ကို အပြစ်တရားအပေါ်အနိုင်ရစေသည်။ through it He gave us power over sin.

8. သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းတတ်ရန် ယုံကြည်သူတဦး မည်သို့လေ့ကျင့် ရမည်နည်း။ (၄-မှတ်)

a. ဇာတိတပ်မက်ခြင်းကို ငြင်းပယ်ခြင်းဖြင့်။ By not fulfilling the lust of the flesh.
b. နှုတ်ကပတ်တော်ကို ဂရုမစိုက်ခြင်း။ By disregarding the Word of God.
c. မိမိစိတ်ကြိုက်အသက်ရှင်ခြင်း။ By living in willful self-satisfaction.

9. စာကြောင်းရှေ့ ကွက်လပ်တွင် အဖြေမှန်ကို ယှဉ်တွဲပါ။(၁၅-မှတ်)

_____ အပြစ်တရားသည် ပညတ်ချိုးဖောက်ခြင်းဖြစ်၏။ Sin is a transgression of the law. a. Romans 3:23

_____ အပြစ်တရားသည် အမှန်မှဝေးကွာခြင်းဖြစ်၏။ Sin is a departure from right. b. Romans 2:23

_____ အပြစ်တရားသည် ပစ်မှတ်လွဲခြင်းဖြစ်၏။ Sin is missing the mark c. Romans 1:18

10. စာကြောင်းရှေ့ ကွက်လပ်တွင် အဖြေမှန်ကို ယှဉ်တွဲပါ။ (၂၀-မှတ်)
ယုံကြည်ခြင်းဖြင့်.....

___ လောကကိုအောင်၏။By faith we win over the world. a. Ephesians 6:16
___ စာတန်ကိုအောင်၏။By faith we win over Satan. b. Matthew 8:26
___ ဘုရားရှင်စောင့်ရှောက်၏။By faith we are kept by the power of God. c. Matthew 14:31-33
___ ဘဝမုန်တိုင်းကိုရင်ဆိုင်ရဲ၏။Faith gives courage to face the storms of life d. 1 John 5:4
___ ပူပန်ခြင်းကင်းစေ၏။ Faith helps to live without worry or doubt. e. 1 Peter 1:5

11. ကွက်လပ်ဖြည့်ပါ။
လူသည် လက်ဝါးကပ်တိုင်တရားအကြောင်းကို မသိနိုင်ပါ၊ သူ၏ _____ ရှိခြင်းကို မသိမခြင်း နားလည်နိုင်မည် မဟုတ်ပါ။ A person cannot understand the reason for the cross until he has seen _____ for what it really is. (၄-မှတ်)

12. အောက်ပါကျမ်းပိုဒ်များအရ အပြစ် (sin) ဆိုသည်မှာ အဘယ်နည်း။ (၁၆-မှတ်)

a. ၁ယော ၃း၄ 1 John 3:4 _____
b. ၁ယော ၅း၁၇ 1 John 5:17 _____
c. ရော ၁၄း၂၃ Romans 14:23 _____
d. ယာကုပ် ၄း၁၇ James 4:17 _____

13. အောက်ပါကွက်လပ်များကိုဖြည့်ပါ။(၁၂-မှတ်)

a. ရှင်ယောဟန် ၈း၃၄ အရ အပြစ်ကျူးလွန်သောသူသည် _____ ဖြစ်သည်။
According to John 8:34 a person who commits sin _____
b. ရှင်ယာကုပ် ၁း၁၅ အရ အပြစ်ပြေပျောက်သည့်အခါ _____ ဖြစ်သည်။

According to James 1:15, sin, when it is finished brings _____

c. ယေရမိ ၁၇း၁၉ ကျမ်းပိုဒ်အရ အပြစ်သည် စိတ်နှလုံးကို _____ ဖြစ်သည်။
According to Jeremiah 17:9 sin makes the heart _____

သင်ခန်းစာ (၂၁)၊ အသင်းတော် - The Church

နိဒါန်း - Introduction

ဓမ္မသစ်ကျမ်းရှိသြဝါဒစာကျမ်းများတွင်ဖော်ပြထားသောခရစ်တော်၏ “ကိုယ်ခန္ဓာတော်” “the body of Christ” “သတို့သမီး” “the bride of Christ” တို့ကို ဒေသန္တရ အသင်း တော် (local church) အဖြစ် မှားယွင်းစွာ သွန်သင်ဟောပြောသော သင်းအုပ်ဆရာ၊ ဇဝံဂေလိဆရာများစွာရှိပါသည်။ သမ္မာကျမ်းစာတွင် ဒေသန္တရ အသင်းတော် (local church) ၏အရေးပါမှုကိုအသိအမှတ်ပြုထားသော်လည်း ဒေသန္တရအသင်းတော် (local church) နှင့် ကမ္ဘာလုံးဆိုင်ရာအသင်းတော် (universal church -“THE CHURCH”)တို့ သည်များစွာ ကွာခြား လှပါသည်။ ထို အံ့သြဘွယ် အသင်းတော် “Mystery” ကို “အခြားကာလတို့၌လူမျိုးတို့အားဖော် ပြတော်မမူ”ခဲ့ပါ။ (Ephesians 3:5) ခရစ်ယာန် (professing Christians) များကများစွာသည် ဒေသန္တရအသင်းတော်အသီသီး၏ အသင်းသား ဖြစ်ကြသော် လည်းကယ်တင်ခြင်း ကိုရရှိထားသော သူများ (possessors of salvation) သာလျှင် ခရစ်တော်၏ ကိုယ်တည်း ဟူသော အသင်းတော် (“THE CHURCH”) ၏ အင်္ဂါအစိတ် အပိုင်းများဖြစ်ကြပါသည်။ (Ephesians 1:23)

ဤသင်ခန်းစာကိုပြင်ဆင်ရာတွင်ဒေသန္တရအသင်းတော် (local church) နှင့် ကမ္ဘာလုံးဆိုင်ရာ အသင်းတော် (universal church) ၏ကွာခြားမှုမျှကိုသာဖော်ပြရန်မဟုတ်ပါ။ ထိုအသင်းတော်နှစ်ပါးလုံး၏မူလဇစ်မြစ်(origin)၊ တန်ဘိုး (value) နှင့်ရည်ရွယ်ချက် (purpose) တို့ကို ဖော်ပြလျက် “မိမိ အသွေးနှင့်ဝယ်တော်မူသော အသင်းတော်” (Acts 20:28) ၏အနာဂတ်ကာလအ တွက်ဘုန်းသရေတော်ကို ပါ ဖော်ပြရန်ဖြစ် ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

ဘုရားသခင်သည် ထာဝရအကြံတော်နှင့်အညီ၊ ကောင်းကင်အရပ်၌အထွဋ်အမြတ်အာဏာစက်တို့သည်၊ ဘုရား သခင်၏ ထူးဆန်းသောပညာတော်ကို (Manifold wisdom)အသင်းတော်အားဖြင့် သိစေခြင်းငှာ အလို တော်ရှိကြောင်းသိထားရန်အရေး ကြီးလှပါသည်။ (Ephesians 3:10)

အကယ်၍ သင်သင် ဒုတိယမွေးခြင်းကိုခံရသူဖြစ်လျှင်ခရစ်တော်နှင့်စေ့စပ်ထားသော“သတို့သမီး” “the bride,” (2 Corinthians 11:2) ,ဖြစ်ပြီး၊ ထိမ်းမြားမင်္ဂလာပွဲ ကျင်းပရန်ပြင်ဆင်ထား ပါသည်။ (Ephesians 5:27). လောကသားတို့သည် အချိန်မရွေး ပြိုကွဲပျက်စီးနိုင်သော လူတို့ဖွဲ့စည်းထားသည့်အသင်းတော် (organised religion) ကိုသာ မြင်နေကြသည်။ “မရဏာနိုင်ငံ၏ တန်ခိုးတို့ သည်မနိုင်ရာ” “gates of hell will not prevail” (Matthew 16:18) ဟူသော အောင်ပွဲခံမည့် ကမ္ဘာလုံးဆိုင်ရာအသင်းတော် (universal church) ကိုမမြင် နိုင်ကြပါ။

သင်သည် ဒေသန္တရအသင်းတော်တွင်ပါဝင်နေယုံမျှမက၊ခရစ်တော်၏ အသွေးတော်ဖြင့်ဆေးကြောခြင်း ခံရသော သန့်ရှင်းသူ တို့ပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာအသင်းတော် (universal church) တွင်လည်းပါဝင်လျက်ရှိ ကြောင်းသိရှိရန်မှာအရေးကြီးလှပါသည်။ (Ephesians 5:25).

ရောမ ကာသိုလစ်အသင်းတော် (Roman Catholic Church) နှင့်အခြားဘာသာရေးအဖွဲ့အစည်းများ သည် မိမိတို့အဖွဲ့အစည်းသည် သာစစ်မှန်သောအသင်းတော် ဖြစ်ကြောင်းပြောနေကြသဖြင့်၊ စစ်မှန်သောအသင်း တော်သည်မည်သို့ ဖြစ်၍ သမ္မာကျမ်းစာကမည်ကဲ့သို့သွန်သင်ဖော်ပြထားကြောင်းကိုသိရှိနိုင်ရန်အ ရေးကြီးပါ သည်။

သင်ခန်းစာ - THE LESSON

I. အခြေခံအယူအဆ၊ အခြေခံအဓိပ္ပါယ်။ THE FUNDAMENTAL CONCEPT OR BASIC MEANING OF THE WORD CHURCH

A. “အသင်းတော်” “church” ကို ဓမ္မသစ်ကျမ်းတွင် Greek စကားလုံး (၂)မျိုးအဖြစ် တွေ့ရှိပါသည်။

1. KURIAKON— မှာ “သခင်ဘုရားပိုင်သောအရာ” “that which belongs to the Lord.”ဟုအဓိပ္ပါယ်ရ၏။

Illustrations: 1Corinthians 11:20, “သခင်ဘုရား၏ပွဲ တော်” “The Lord’s Supper”; Romans 14:8, “သခင်ဘုရားဆိုင်၏။” “WE are the Lord’s.”

2. EKKLESIA—ဤစကားကို ဓမ္မသစ်ကျမ်းတွင် ၁၁၂ကြိမ်သုံးထားသည်။

EK= out of အထဲမှရွေးထုတ်ခြင်း၊ Kaleo = to call ခေါ်ယူသည်။ “….မှရွေးထုတ်ခေါ်ယူထားသော” “that which has been called out from.” ဟူ၍ အဓိပ္ပါယ်ရသည်။

a) သန့်ရှင်းသူ-Saints, (ယုံကြည်သူများ- born again believers) သည်ခေါ်တော်မူ သောသူဖြစ်သည်။ “called out ones” (Romans 8:30; 2Corinthians 6:17).

b) ကမ္ဘာလုံးဆိုင်ရာအသင်းတော် (universal church) တွင်ဤလောကမှခေါ်တော်မူခြင်းခံရပြီးသူ ယုံကြည်သူ များလည်းပါဝင်ပါသည်။ (Acts 2:47; John 15:19).

B. ဓမ္မသစ်ကျမ်းမပေါ်မီကပင်ဂရိလူမျိုးများနှင့်ဂျူးလူမျိုးများသည် “ekklesia”ဟူသော ဝေါဟာရကိုကြာမြင့်စွာ အသုံးပြုထားကြောင်း တွေ့ ရှိရပါသည်။ လွတ်လပ်သောမြို့နိုင်ငံများတွင်ပြည်သူတို့၏အရေးကိုဆွေး နွေး တိုင်ပင်ရန် ပုံမှန်ကျင်းပသော အစည်းအဝေးများကို ရည်ညွှန်းလျက်ဂရိလူမျိုးများကအသုံးပြုကြပါသည်။ (Acts 19:38-39)။ ဂျူးလူမျိုးများကလည်း ဘုရားသခင်၏လူမျိုးတော်ဖြစ်သည့် ကွာသရေလလူမျိုးစုကို ရည်ညွှန်းရန် “ekklesia” ဟူသော ဝေါဟာရကို အသုံးပြုထားပါသည်။ (Acts 7:38).

C. ဂရိလူမျိုးများအတွက် ထို “ekklesia”ဟူသော ဝေါဟာရစကားလုံးကိုအသုံးပြုရာတွင်မိမိတို့ကို ယ် တိုင် အုပ်ချုပ်သော (self-governing)၊ ဒီမိုကရက်တစ်အဖွဲ့ အစည်း (democratic society) ကို ရည်ညွှန်း ပါသည်။ ဂျူးလူမျိုးများအတွက် ထို “ekklesia”ဟူသော စကားလုံးကို ဘုရားသခင်အုပ်စိုးသော ဒီမိုကရက်တစ် အဖွဲ့အစည်း (theocratic society) ကိုရည်ညွှန်းပါသည်။ ဓမ္မသစ်ကျမ်းစာတွင်ထို “ekklesia”ဟူသော စကား လုံးကို သခင်ယေရှု ခရစ်ကိုယုံကြည် သောသူအဖွဲ့ အစည်း (society of believers) ဖြစ်သည်။ မိမိတို့ရရှိ ထားသောလွတ်လပ်မှု သည်သခင် ယေရှုအားနာခံခြင်းအားဖြစ်သဖြင့်၊ Theocratic–democracy (သခင် ခရစ်တော်ဦးဆောင်သော ဒီမိုကရေ စီ) စနစ်ပင်ဖြစ် ပါသည်။

II. ဓမ္မဟောင်းကျမ်းတွင် အသုံးပြုထားပုံ။ FORMER USE OF EKKLESIA IN THE OLD TESTAMENT

A. မူလအားဖြင့် ekklesia သည်“ ခေါ်ယူစုဝေးထားသောအဖွဲ့အစည်း ၊အစည်းအဝေး”၊ ဥပမာ “မြို့တော်အစည်းအဝေး” ကဲ့သို့အသုံးပြုထားပါသည်။ (Acts 19:41) ထိုနည်းတူကွာသရေလလူမျိုးများအားအီဂျစ် ပြည်မှ ခေါ်ထုတ်လာလျက် တောတွင်း၌ စုစည်း “စည်းဝေး” “assembled” ပါသည်။ (Acts 7:38) septuagent ခေါ်ဂရိ ဘာသာသို့ပြန်ဆိုထားသောသမ္မာကျမ်းစာတွင် “ကွာသရေလ လူစုအဝေး” “the congregation of Israel.” ကို ekklesia ဟုဘာသာပြန်ထားပါသည်။

B. ကွာသရေလသည် “အသင်းတော်” “church,” ဖြစ်သည်။ အစုအဝေး၊ အစုအဖွဲ့ဖြစ်သည်။ (assembly, a congregation) (Leviticus 4:13) ဘုရားသခင်က ၎င်းတို့ကိုသန့်ရှင်းသောလူမျိုးဖြစ်ရန်ခေါ် ခြင်းဖြစ်သည်။ (Leviticus 11:44) ဓမ္မသစ်ကျမ်းစာ တွင်ထိုသဘောမဆောင်တော့ပါ။

C. “အသင်းတော်”“THE CHURCH” ဟုဆိုရာတွင်အဆောက်အဦး(building)၊ ဗိမာန်တော်(temple)၊ ခန္ဓာတော်(body of Christ)သတို့သမီး(bride of Christ)စသည့် အသုံးအနှုန်းများသည် ဓမ္မဟောင်းကျမ်းတွင် ဖုံးကွယ်ထားသည်။

ဘုရားသခင်သည် ရှေးကာလ၌ဝှက်ထားလျက်ရှိသောထိုအကြောင်းအရာကိုတမန်တော်ကြီး ရှင်ပေါ လုအားဖြင့် အနက် ဖွင့်ပေး တော်မူခဲ့ပါသည်။ (Ephesians 3:3-10) “ရှေးကာလပတ်လုံးဝှက်ထားပြီးလျှင် ယခုမှာထင်ရှားသည်ဖြစ်၍ ”(Romans 16:25-26)။” ဖန်ဆင်း တော်သောဘုရားသခင်၌ရှေးကပ်ကာလပတ်လုံးဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာ နှင့်စပ်ဆိုင်သောသဿနာ” စသည်ဖြင့်-

III. ဓမ္မသစ်အသင်းတော်၏တိုက်မြစ်။ THE FOUNDATION OF THE NEW TESTAMENT CHURCH

A. “အသင်းတော်” ဟူသောအသုံးအနှုန်းကို ဓမ္မသစ်ကျမ်းတွင် မ၊ ၁၆း၁၈ ၌ ပဌမ ဦးဆုံးတွေ့ရှိရပါသည်။ အသင်းတော်ကို တည်ဆောက်မည်ဖြစ်ကြောင်း၊ ဗျာဒိတ်ပေးလျက်ထိုအသင်းတော်တံခါးတို့ကို “မရဏနိုင်ငံတံခါးတို့ သည် မနိုင်ရာ” ဟု ခရစ်တော် က သတိပေးထားခဲ့ခြင်းဖြစ်ပါသည်။

B. ထိုဗျာဒိတ်ထားချက်နှင့်ကတိပြုချက်တို့သည် (Acts 1:1-2:47)တွင်ပြည့်စုံလာခဲ့ပါသည်။ ပထမဆုံး ခရစ်ယာန်အသင်းတော် သည် မည်ကဲ့သို့အံ့သြဘွယ်ကောင်းစွာယေရုရှလင်မြို့၌စ တင်တည်ထော င် လာသည်ကို တွေ့ရှိနိုင်ပါသည်။

C. Matthew 16:18 ကို အနက်ဖွင့်ရာတွင်အမျိုးမျိုးဖြစ်နေလျက်၊ မဆုံးနိုင်တော့သောသဘောကွဲလွဲမှုကို ဖြစ်စေခဲ့ပါသည်။ (no end of controversy.)

1. ဤနေရာတွင် ပေတရုသည်အခြားသော တမန်တော်များထက်မြင့်မားစေရန် ခရစ်တော်ချီးမြှင့်ထားတော်မူသည်ဟု ရောမကာသိုလစ်အသင်းတော်က လက်ခံထားပြီး ပေတရုအားဖြင့် သာ အသင်းတော်ကို တည်ဆောက်ခြင်းသည် လုံးဝမှန်ကန်သည်ဟုရပ်တည်ကြသည်။ သို့ရာတွင်ပေါလုသည် “ပေတရုရှေ့မှာ၌

ရပ်လျက် သူ၌အပြစ်တင်စရာအခွင့်ရှိသောကြောင့်—ဆီးတားခဲ့ရ၏"။ (Galatians 2:11) ထို့ပြင် ယေရုရှလင်မြို့ရှိအသင်းတော်၌ပေတရုမဟုတ်ဘဲယာကုပ်သည်သာ သြဇာအာဏာရှိနေကြောင်းတွေ့ရှိရ ပါ သည်။ (Acts 15:13-21)။ ကျမ်းစာတွင်မည် သည့်နေရာ၌မျှ ပေတရုသည် အသင်းတော် တည်ဆောက်ဖို့ ခရစ်တော်အား ဆက်ခံရသူ သို့မဟုတ် ပုဟ်ရဟန်း မင်း (infallible successors or Popes) အဖြစ် ဖေါ်ပြကြောင်း မတွေ့ရှိရပါ။

2. အချို့ပညာရှင်များသည် ဤကျမ်းချက်နှင့်ပတ်သက်၍၊ အသုံးပြုထားသောဂရိဘာသာ စကားအပေါ် ကစားရန် (play on words) ကြိုးစားခဲ့ကြသည်။ "သင်သည်ပေတရု (petros—a stone)၊ သေးငယ်သော ကျောက်တုံးဖြစ်၏။ ဤကျောက်ပေါ်မှာ (petra—a massive ledge or cliff of rock) ငါ့အသင်းတော်ကို ငါတည်မည်၊ ဆောက်မည်" ကိုထောက်ပြသည်။ဤနေရာတွင် ပေတရုကို ကျောက်ခဲနှင့်တူသောခိုင်မာသည့်ယုံကြည်ချက် (rock-like confession of faith) အပေါ်အခြေခံလျက်၊ ကျောက်ဖျာကြီးဖြစ်သော (massive ROCK) ခရစ်တော် ၏ အသင်းတော်ကိုတည်ဆောက်မည်ဖြစ် ကြောင်းခံယူချက်ဖြစ်ပါသည်။

a) (1 Corinthians 3:11) ယေရှုခရစ်တော်တည်းဟူသောချလျက်ရှိသော တိုက်မြစ် မှတပါးအခြား သော တိုက်မြစ်ကိုအဘယ်သူမျှမချနိုင်။

b) (1 Peter 2:4-8) တွင်၊ ပေတရုသည် (မဿဲ ၁၆း၁၈) တွင်ပါသောခရစ်တော်၏စကားကိုပြန်လည် သတိရလျက် ခရစ်တော်အား "အသက်ကျောက်မြတ်" "တိုက်ထောင့်" "အမြစ်ကျောက်ထိမိ၍လဲစရာကျောက်"၊ "မှားယွင်းစရာ ကျောက်" "living stone," "a chief cornerstone," "a stone of stumbling" and "a rock of offense." ဟုခေါ်ဝေါ်ထားပါ သည်။

c) (Isaiah 28:16) တွင် ခရစ်တော်အားအမြစ်ကျောက်ဟုခေါ်ထားပါသည်။"a stone."

d) (1 Corinthians 10:4) တွင် ထိုကျောက်ကားခရစ်တော်ဖြစ်သတည်း။ "That ROCK was Christ."

3. A.T. Robertson, သည် သူ၏ "Word Studies in The Old Testament," စာအုပ်တွင် ခရစ်တော်သည် ပေတရု အား ထိုဒေသသုံးစကားဖြစ်သော Aramaic ဘာသာစကားဖြင့် မိန့်တော်မူခဲ့ရာတွင် "petros" သို့ မဟုတ် "petre." ဆိုသည်ကို သဲကွဲစွာဖေါ်ပြခဲ့ပါ။ အသင်းတော်တည်ဆောက်ရာတွင်အခြေခံမည့် အုတ်မြစ် ကျောက်သည် ပေတရုမဟုတ်ပါ။ ယေရှုသည် ခရစ်တော် သို့မဟုတ် မေရှိယ၊ အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော် ဖြစ်ကြောင်းကို ဘုရားသခင်က ပေတရုအား ဖော်ပြထားသဖြင့်ပေတရုသည် ရဲရင့်ဝမ်းမြောက်စွာ ဝန်ခံခြင်း ဖြစ်ပါသည်။ အသင်းတော်သည် ထိုဝန်ခံချက်အပေါ်တွင် တည်ဆောက်ရမည် ဖြစ်ပြီး နောက်နောင်တွင် ထို ယုံကြည်ချက်သည် ဝန်ခံသောသူအပေါင်းတို့သည် ထိုအသင်းတော်၏ထာဝရ အသင်းသား အဖြစ်ထားရှိမည်ဖြစ်ပါ သည်။ (John 20:31; Acts 16:31; John 8:24).

4. နောက်ဆုံးအချက်အားဖြင့် Albert Barnes (Barnes Notes of the New Testament) က ခရစ်တော်ကိုယ်တိုင်မပြောခဲ့သော်လည်း၊ ကျောက် "the rock" ဆိုသည်မှာ ပေတရုကို ရည်ညွှန်းသည် ဟူသော အယူအဆများလည်းရှိပါသည်။ ရောမကာသိုလစ်အသင်းတော်ယူဆထားသကဲ့သို့ ပေတရုအားအခြား တမန်တော် များထက်ချီးမြှောက်ရန် ရည်ညွှန်းပါသည်။" ပေတရု သင်သည် ကျောက်ဖြစ်သည်။ ဣဗြဲလူမျိုးနှင့် တစ်ပါးအမျိုးသားများအကြားတွင် အသင်းတော်၏ တိုက်မြစ် ကိုချရသောအခွင့်ကိုငါပေး၏"။ဟု ခရစ်တော်က ဆိုလိုခြင်းဖြစ်၏။ ဤဗျာဒိတ် ပေးချက်သည် (Acts 2:14-36 and Acts 10)တွင် ပေတရုက တပါးအမျိုးသားတို့အားဇဝံဂေလိတရားကိုဟောပြောပေးခြင်းဖြင့်ပြည့်စုံပြီးဖြစ် ပါသည်။

♦ နောက်ဆုံးဖော်ပြထားသောအယူအဆ (၃)မျိုးသည်မှန်ကန်မှုရှိ နိုင်ပါသည်။ ခရစ်တော် သည် အသင်းတော်၏အစိတ်အပိုင်းဖြစ်ကြသောယုံကြည်သူအား လုံးတို့၏ယုံကြည်ခြင်းရပ်တည် တည်ဆောက်ရာ အခြေ ခံကျောက်ဖြစ်ရပါမည်။ ယေရှုသည် ခရစ် တော်ဖြစ်သည်။ မေရိယဖြစ်သည်။ သခင်ဖြစ်သည်။ အသက်ရှင်တော်မူသော ဘုရားသခင် ဖြစ်၏။ သားတော်ဖြစ်သည်ဟုဝန်မခံသောသူ တစ်စုံတစ်ယောက်မျှ အသင်းတော်၏ အဂၢိ အစိတ် အပိုင်းမဖြစ်နိုင်။ ပေတရုအား ဂျူးလူမျိုးနှင့်တပါး အမျိုးသားတို့အား တံခါးကိုဖွင့်လျက် အသင်းတော်ကို တည်ဆောက် ရသောအခွင့်ကို ပေးတော်မူသည်မှာလည်း အမှန်ပင်ဖြစ်ပါ သည်။ ထို့ကြောင့် သမ္မာတရားအပေါ် ဝမ်းမြောက်လျက် ရှိနေကြပါစို့။ ပုဂ္ဂိုလ်ရေးရာ ခံယူချက်များကို ထားရစ်ကြပါစို့။

D. “ဤကျောက်ပေါ်မှာငါ့အသင်းကိုငါတည်ဆောက်မည်။ ထိုအသင်းကိုမရဏာနိုင်ငံတံခါးတို့သည် မ နိုင်ရာ။” အတွေးအခေါ် ၂-ခုအပေါ်အခြေခံနိုင်ပါသည်။ “I will build my church; and the gates of hell shall not prevail against it.” Two thoughts dominate here:

1. အသင်းတော်အားအဆောက်အဦးကဲ့သို့မြင်ခြင်း။The church here is viewed as a building (Ephesians 2:19-21; 1Peter 2:4-8).

2. “မရဏာနိုင်ငံ၏တံခါးများ” “The gates of hell” ဟူသော အသုံးအနှုံးနှင့်ပတ်သက်၍ အသင်းတော် (church) သည် ၎င်းအား တိုက်ခိုက်နေသောစာတန်၏ အင်အားစုများ ကို ရည်ညွှန်းကြောင်းနှင့် ၎င်းတို့ အနိုင်ယူကြောင်းကို ဆိုလိုကြောင်း သင်ကြားပို့ချပေးသူ အမြောက်အများ ရှိပါသည်။ ဤနေရာတွင် မရဏာနိုင်ငံသည် Greek “hades” (Hebrew “sheol,”) ဖြစ်၍ သေလွန် သောသူတို့၏နေရာပင်ဖြစ်ပါသည်။ ဤနေရာတွင် “hades” (death) သေခြင်းသည် ခရစ်တော်ကို မအောင်နိုင်ရာဟူသော အဓိက ယုံကြည်ချက် အတွေးအခေါ်ရှိသည်။ မရဏာနိုင်ငံ၏တန်တိုင်းတို့ကို ခရစ်တော်သည်ချိုးဖျက်၍ အောင်မြင်စွာထွက်ကြွလာ တော်မူသဖြင့်၊ ကိုယ်တော်ကို ယုံကြည်သောသူအပေါင်းတို့ စုဝေးရာအသင်းတော်သည် သေခြင်းကိုမကြောက် တော့ပေ။ မရဏာနိုင်ငံ၏ အောင်မြင်ခြင်းတန်ခိုးကိုဖျက်ဆီးလေပြီ။ ခရစ်တော်သည်ငါတို့အတွက်အောင်မြင် တော်မူပြီ။ (Hebrews 2:14; 1Corinthians 15:54-57).

E. ခရစ်တော်သည် အသင်းတော် အတွက် မိမိအသက်ကိုစွန့်ပြီး (Ephesians 5:25)၊သူ၏အသွေး တော် အားဖြင့်ဝယ်ယူခဲ့ကြောင်း (Acts 20:28) သတိပြုရပါမည်။

IV. အသင်းတော်ဖွဲ့စည်းခြင်း။ THE FORMATION OF THE CHURCH

A. (Matthew 16:18) တွင် မည်သည့်အခါ မျှဆုံးရှုံးခြင်းမရှိနိုင်သော အသင်းတော်ကို ဖွဲ့စည်းတည်ဆောက် မည်ဖြစ်ကြောင်း ကတိတော်ကိုတွေ့ရှိရပါသည်။

B. (Matthew 18:15-18) တွင်ခရစ်တော်သည် အသင်းတော်အား ရှင်သန်သောအသင်းတော် (functioning)၊ စည်းကမ်း ထိန်းသိမ်းလျက် နေသောအသင်းတော်(disciplinary body) ၊ အသင်းသားများ အတွင်းဖြစ်ပွါးသည့်ပြဿနာများကိုထိန်းသိမ်းနိုင်သောအသင်းတော် ဖြစ်မည်ဟု မျှော်လင့်မှတ်ယူထားကြောင်း တွေ့ရှိရပါသည်။

C. (Matthew 18:20) တွင် လူ၂-ဦး၊ ၃-ဦးတို့ စုဝေးပြီး နာမတော်၌ ဆုတောင်းသည့်နေရာသည် အသင်း တော် (THE CHURCH) အဖြစ်ဖေါ်ပြထားသည်။

D. (Acts 1:15-2:46) တွင် ပထမမူလအသင်းတော်တွင်အသင်းသားဦးရေ ၁၂၀ပါဝင်ကြောင်း၊ ယုဒ၏ နေရာတွင် မသိ (Mathias) ကိုခန့်ထားကြောင်း၊ ကတိထားတော်မူသောတန်ခိုးတော်ကို ဆုတောင်းခြင်း ဖြင့်စောင့် မျှော်နေကြောင်း (Luke 24:49; Acts1:8) လေ့လာတွေ့ ရှိရပြီး၊ဘာသာစကားမျိုးစုံဖြင့် ဟောပြောခြင်း (preaching)။ ပြောင်းလဲလာသူတို့အာ ဗတ္တိဇံမင်္ဂလာပေးခြင်း(baptizing converts)။ အစဉ်သဖြင့် မိတ်သဟာယ ဖွဲ့နိုင်ရန်မိမိတို့ကိုဆက်ကပ်ခြင်း (fellowship)၊ ဆုတောင်းခြင်း (prayer)၊ပွဲ တော်မင်္ဂလာခံယူခြင်း(communion)၊ ကျမ်းစာဖတ်ခြင်း လေ့လာ ခြင်း(Bible study) များပြုလုပ် နေကြကြောင်းတွေ့ရှိရပါသည်။

E. ဤကနဦးအသင်းတော်ကြီးမားလျင်မြန်စွာ တိုးပွားလာသည်။(Acts 1:15 – 120 people; Acts 2:41 – 3,000 more; Acts 4:4 – 5,000 more. Acts 4:32 and 5:14 mention the “multitudes”) ထိုသူများတို့သည် အသင်းတော်၏အစိတ်အပိုင်းဖြစ်လာလျက်ကယ်တင်ခြင်း သို့ရောက်သောသူတို့ကိုလည်း နေ့စဉ် မပြတ်သခင် ဘုရားသည် သင်းဝင်စေတော်မူ၏။ (Acts 2:47) သခင်ဘုရားသည် သူတို့ ကို သင်းဝင် စေတော် မူကြောင်း (the Lord did the adding) သတိပြုရပါမည်။ လူတဦးအစစ် အမှန် ယုံကြည် လျက်အသစ်တဖန် မွေးဖွားစေခြင်း ကိုခံရသောအခါထိုသူသည် အသင်းတော်၏ အစိတ်အပိုင်းအဖြစ်သို့ အလို အလျောက်ရောက် ရှိသွားပြီ ဟု မှတ်ယူရပါမည်။ သူသည်အသင်းဝင်ရ မည်မဝင်ရမည်ကိုမေးခွန်း ထုတ်ရန် မဟုတ်ပါ။

F. လက်တွေ့အားဖြင့်အသင်းတော်ဖွဲစ့ည်းခြင်းနှင့်ဖွဲ့စည်းပုံစနစ်ကျခြင်းသည်တိုးတက်မှုနှင့်အညီတဖြည်းဖြည်း ဖြစ်ပေါ် လာပါသည်။ (Acts 6:1-4) တွင်အသင်းထောက်များ (deacons) ကိုခန့်ထားလျက်တမန်တော်များသည် ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်လေ့လာခြင်းကိုဦးစားပေးဆောင်ရွက်လာပါသည်။ ထို့နောက် အသင်းတော် အသီးသီး၌ အသင်းတော်လူကြီးများ (Elders) ခန့်ထားလာပါသည်။ (Acts 11:30 and 14:23).

G. ဤကနဦးအသင်းတော်၊ (အသင်းတော်တခုတည်း) သည် အိမ်များတွင်၎င်း၊ (in homes) (Acts 2:46), အထက်ခန်းတွင်၎င်း၊(upper room) (Acts 1:13), ဗိမာန်တော်တွင်၎င်း(the temple) (Acts 5:12) ၊ တရားဇရပ်များတွင်၎င်း (in synagogues) (Acts 13:5). နေရာအနှံ့ အပြားတွင်စည်းဝေးခြင်းအမှုကိုပြုခဲ့ပါသည်။

H. ဤကနဦးအသင်းတော်သည် ပုံမှန်အစည်းအဝေးပွဲများ ရှိပါသည်။ နေ့စဉ်၌၎င်း (daily) (Acts 2:46), သခင် ဘုရား၏ ထမြောက်တော်မူရာနေ့များတွင်၎င်း(each Lord’s Day) (Acts 20:7) ဆုတောင်းရန် အတွက်၎င်း၊ (to pray) (Acts 3:1, 10:9) တွေ့ ဆုံစည်းဝေးကြသည်။

I. ကနဦးအသင်းတော်သည်မကြာမီမှာပင်ညှင်းဆဲခြင်းနှင့်(persecution) ရင်ဆိုင်ခဲ့ရပါသည်။ (Acts 8:1)။ သန့်ရှင်းသူ များသည် အရပ်ရပ်သို့ကွဲလွင့် (scattered) သွားကြသည်။ ရောက်ရာအရပ်တွင် အသင်းတော် ထူထောင်ကြပါ သည်။ ယေရုရှလင်မြို့မှစ၍၊ ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင် အောင်ပြန့်နှံ့သွားကြပါသည်။ (Acts 1:8)။ ဆီးရီယားပြည်အန္တိအုတ်မြို့သည် တပါးအမျိုးသားအသင်းတော် (Gentile church) ၏ ဌာနချုပ် ဖြစ်လာပါသည်။ (Acts 13:1)။ ယေရုရှလင်မြို့သည် ဂျူးလူမျိုး အသင်းတော် (Jewish Church) ၏ ဌာနချုပ် အဖြစ်ဆက်လက် တည်တံ့ခဲ့ပါသည်။(Acts 15:2-21).

V. အသင်းတော်တည်ဆောက်ပုံ ပုံသေနည်း။ THE FORMULA (organised make-up) OF THE CHURCH

A. ဒေသန္တရအသင်းတော်များကိုအဖွဲ့အစည်းတစ်ရပ်အဖြစ်တည်ထောင်ရသည်မှာရှင်းလင်းလျက်ရှိပါ သည်။ ပေါလုသည် သာသနာပြုခရီးစဉ်များထွက်ရာ ဒေသများတွင် ဒေသန္တရအသင်းတော်များ (ကောရိန္သုမြို့ရှိ အသင်းတော်၊ ဂလာတိအသင်းတော်၊ သက်သာလောနိ အသင်းတော် စသည်ဖြင့်) ဖွဲ့ စည်းခဲ့သည်။

B. (1Corinthians 12-14) ကိုကြည့်လျှင်အသင်းတော်များ၌ ဝတ်ပြုကိုးကွယ်မှု (certain forms of service) ရှိနေ ကြောင်းတွေ့နိုင်ပါသည်။ ရှင်ပေါလုမှတိမောသေသို့ပေးစာ၊ တိတုသို့ပေးစာများကိုလေ့ လာသောအခါ ယုံကြည်သူများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများရှိနေပြီးကြောင်းတွေ့ရပါသည်။

C. အသင်းတော်၏ဖွဲ့စည်းပုံသည် ရိုးရှင်းကြောင်းတွေ့ရပါသည်။

1. ပေါလုသည်ဖိလိပ္ပိမြို့အသင်းတော်သို့စာရေးရာတွင် “ဖိလိပ္ပိမြို့၌ရှိသောသင်းအုပ်တို့နှင့် သင်းထောက်တို့မှ စ၍၊ ယေရှု ခရစ်၏သန့်ရှင်းသူအပေါင်းတို့ကိုကြားလိုက်ပါ၏”။ (Philippians 1:1) ဟုရေး ထား ပါသည်။ အခြားနေရာများတွင် သန့်ရှင်းသူအပေါင်း “the saints” သို့မဟုတ် သစ္စာရှိညီ အကိုအပေါင်း “faithful brethren” စသည်ဖြင့်ရိုးရိုးလေးပင်ခေါ်လေ့ရှိကြောင်းတွေ့ရပါသည်။

2. Bishop or overseer, elder or presbyter and pastor စသည့် ပုဂ္ဂိုလ်များ၏ အလုပ်များမှာ အတူတူ ပင်ဖြစ်ပါသည်။ (cf. Titus 1:5 with 1:7) ။ (Acts 20:17-28) တွင် Bishop နှင့် elder သည် အတူတူဖြစ်ကြောင်းတွေ့ရ ပါသည်။ Bishop သည် ရုံးလုပ်ငန်းများကို စီမံကွပ်ကဲပြီး၊ Elder သည်လုပ်ဆောင် သောသူဖြစ်ပါသည်။ “Presbytery” ဆိုသည်မှာ Elders သို့မဟုတ် Pastors တို့နှင့် ဖွဲ့စည်း ထားသော အစုအဝေးဖြစ်ပါသည်။ ဓမ္မသစ်ခေတ်တွင် အသင်းတော်တိုင်း၌ သင်းအုပ်ဆရာ pastors သို့မဟုတ် Elder တစ်ဦး ထက်ပို၍ထားရှိကြောင်းတွေ့ရပါသည်။ Elder ခန့်ထားရေးအတွက် အရည်အချင်း သတ်မှတ်မှုကို အလေးပေး ထားပါသည်။ (Acts 14:23; Titus1:5-9;1 Timothy 3:1-7).

D. အသင်းတော်ဖွဲ့စည်းပုံအားလုံးတို့သည် ဒေသန္တရအသင်းတော် (local churches) ကိုရည်ညွှန်းကြောင်း သတိပြုရပါမည်။ (1Corinthians 12:28 and Ephesians 4:11) ဒေသန္တရအသင်းတော် (local churches)၊ ကမ္ဘာလုံးဆိုင်ရာ အသင်းတော် (Universal church) မှာတမန်တော်များ၊ (Acts 14:14) ပရောဖက်များ၊ ဇဝံဂေ လိဆရာများ၊ သင်ကြားရေးဆရာများတို့ဖြင့် ဖွဲ့ စည်းထားကြောင်း တွေ့ရပါသည်။ (Acts 13:1).

E. သင်းထောက်များ (deacons) လိုအပ်ခြင်း၊ ခန့်အပ်ခြင်းနှင့် ရည်ရွယ်ချက်ကို (Acts 6:1-6)တွင် တွေ့ရှိ ရပါသည်။ “ပွဲတော်ခင်းခြင်း” “serving tables” “နှုတ်ကပတ်တော်ကိုလေ့လာခြင်း” “studying the Word,” များဆောင်ရွက်ရန်ဖြစ်၍ ထိုလုပ်ငန်းသည်လည်း သီးခြားဖြစ်လာပါသည်။

VI. အသင်းတော်၏မိတ်သဟာယ။ THE FELLOWSHIP OF THE CHURCH

အသင်းသား (အင်္ဂါအစိတ်အပိုင်းဝင်) ဖြစ်ရန်အောက်ပါအရည်အချင်းများလိုအပ်ပါသည်။

A. အပြစ်နောင်တရပြီးသူဖြစ်ရမည်။ All must repent (Acts 2:38; 3:19;11;18; 17;30).

B. ခရစ်တော်အား သခင်ဖြစ်ကြောင်းဝန်ခံလျက် (confessed as The Lord Jesus Christ)၊ အသက်ရှင်သော ဘုရားသားတော် (Son of The Living God)၊ ရွေးနှုတ်ကယ်တင်ရှင် (Redeemer) ဖြစ်ကြောင်း ဝန်ခံသူဖြစ်ရမည်။ (Acts 16:31; Romans 10:9-10; Matthew 16:16-28; 1John 4:15).

C. ခရစ်တော်ကိုယုံကြည်လက်ခံကြောင်း ကို လူရှေ့ ဘုရားရှေ့ တွင်၊ ရေနှစ်ခြင်းခံသူဖြစ်ရမည်။ (Acts 2:38-41; 8:36; 10:47-48; 16:33; 18:8; Matthew 28:19;Romans 6:3-5).

D. အမှန်တကယ် ဒုတိယမွေးဖွါးခြင်းကိုရရှိသူတို့သာ အသင်းသား ဖြစ်ရ ပါသည်။(John 3:3-8; Acts 2:47)။ ထိုသူတို့သည် အသင်းသားအဖြစ် မဝင်မီ သခင်ဘုရားသို့ဝင်ကြရပါသည် “added to the Lord” before being added to THE CHURCH (Acts 5:14; 11:24)။ အထက်ပါအရည် အချင်းများသာမက အောက်ပါလက္ခဏာများကို တွေရှိရပါသည်။

1. တမန်တော်၏အဆုံးအမ၌တည်နေကြ၏။ (teaching of the apostles) (Acts 2:42).
2. သူတို့အား “သန့်ရှင်းသူများ” “the saints,” ဟုခေါ်ဝေါ်သည်။ (Acts 9:13; Romans 1:7; 16:2; Ephesians 2:19; 4:12; Jude3).
3. သူတို့အား “ခရစ်ယာန်” သို့မဟုတ် ခရစ်တော်၏နောက်လိုက်ဟုခေါ်ဝေါ်သည်။(Acts 11:26; 26:28).
4. သူတို့အား “ညီအစ်ကိုများ” “the brethren” ဟုခေါ်ဝေါ်ပါသည်။(Acts 11:29; 12:17; Romans 1:13).
5. သူတို့ထဲ၌ အဆင့်အတန်းခွဲခြားမှုလုံးဝမရှိခဲ့ပါ။ (Matthew 23:8-12).
6. ဘုရားသခင်ရွေးကောက်သူများဖြစ်ကြ၏။ (Romans 8:33; 1Peter 1:2; Colossians 3:12).

VII. အသင်းတော်၏အသွင်အပြင် THE FEATURES OF THE CHURCH (The ordinances by which the church was identified.)

♦ Ordinance ဆိုသည်မှာပေးအပ်ထားသောအမိန့်ညွှန်ကြားချက်၊ အသင်းတော် တွင်ကျင့်သုံးရန် ဘုရားသခင် ကပေးအပ်ထားသောညွှန်ကြားချက်ဖြစ်ပါသည်။ ရောမကာ သိုလစ်အသင်းတော်သည် - Council of Trent မှ ပေးအပ်ထား သော Ordinance (၇)ပါးရှိကြောင်းပြောပါသည်။ သို့ရာတွင်ဓမ္မသစ်ကျမ်းစာ၌ (၂)ပါးသာ အောက်ပါအတိုင်း တွေရှိရပါသည်။

A. ရေနှစ်ခြင်းမင်္ဂလာ (Baptism) – (Matthew 28:19; Acts 8:12; 10:47-48.)
B. ပွဲတော်မင်္ဂလာ (The Lord’s Supper) – (Matthew 26:26-28; 1Corinthians 11:23-26; Acts 20:7).

VIII. အသင်းတော်နာမများ - THE FIGURES APPLIED TO THE CHURCH (The names used for the church that reveal its uniqueness)

A. အသင်းတော်အားနာမည်အမျိုးမျိုးပေးထားပါသည်။
1. အင်္ဂါအစိတ်အပိုင်းများစွာ (many members) ပါရှိသော (1Corinthians 6:15; 10:17; 12:12-31)

၊ခန္ဓာကိုယ်တစ်ခု (one body) (Colossians 3:15; Ephesians 4:16) အဖြစ်မြင်တွေ့ထားပါသည်။ ဤကဲ့သို့ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သော ခရစ်ယာန်တဦးသည် ခရစ်တော်နှင့်လည်းကောင်း အချင်း ချင်းနှင့် လည်းကောင်း ဆက်သွယ်နေဖို့ အရေးကြီးပါသည်။

2. ထိုကိုယ်အင်္ဂါအစိတ်အပိုင်းဖြင့်ဖွဲ့ စည်းထားသောခန္ဓာကိုယ်အား “ခရစ်တော်၏ကိုယ်” “the body of Christ” (Ephesians 4:12; Colossians 1:24) ဟုခေါ်ပြီး၊ ဦးခေါင်း “the head” မှာ ခရစ်တော်ပင်ဖြစ် ပါသည်။ (Ephesians 1:22; 4:15; 5:23; Colossians 1:18) ဦးခေါင်းတည်းဟူသော ခရစ်တော်သည် ခွန်အား တိုးပွားစေသောသူ၊(nourisher) (Ephesians 4:15-16) အကာအကွယ်ပေး၍ကယ်တင်သောသူ၊ ထောက်ပံ့သူ၊ လမ်းညွှန်သူ (protector, provider, director) (Ephesians 5:23-24) ပြည့်စုံစေသူ၊(fullness) (Ephesians 1:23) ဖြစ်လျက်၊ ကော၊ ၂းခ၉၊ ကြီးပွားစေသောသူ လည်းဖြစ် ပါသည်။ (Colossians 2:19).

3. အသင်းတော်အား အဆောက်အဦး(building) အဖြစ် (1 Corinthians 3:9,16-17)။ ဗိမာန်တော်အဖြစ် (temple) (Ephesians 2:19-22; 1 Peter 2:4-8)။ တိုက်မြစ်ကျောက်မြတ် The Chief Cornerstone (1Peter 2:6)။ အုတ်မြစ် foundation (1Corinthians 3:11) အဖြစ် သုံးနှုန်းတင်စားထားပါသည်။ ထိုအုတ်မြစ်ကို တမန် တော်ကြီးများနှင့်ပရောဖက်များကချထားကြပါသည်။(1Corinthians 3:10; Ephesians 2:20)။ ထိုအဆောက် အဦးသည်လောကတွင်သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူရန် အိမ်ဖြစ်ပါသည်။ (Ephesians 2:22;1Corinthians 3:16).

4. ထိုအသင်းတော်သည် ယုဒလူနှင့်တပါးအမျိုးသား (believing Jews and Gentiles) တို့ကိုနှစ်စုမဖြစ်စေပဲ တစ်စုတည်းဖြစ်စေ သော “လူသစ်” “one new man” အဖြစ်ဖော်ပြထားပါသည်။ (Ephesians 2:15)

5. အသင်းတော်ကို ခရစ်တော်၏သတို့သမီး “the bride of Christ” အဖြစ်ရှုမြင်ထားပါသည်။(2Corinthians 11:2; Ephesians 5:23-25,32) ခရစ်တော်ကို သတို့သား (Bridegroom) အဖြစ်ရှုမြင်ထားပါသည်။(John 3:29; Matthew 25:11-13)။ ယုံကြည်သူအားလုံးတို့ နှင့် ခရစ်တော်ကို စေ့စပ်ထားပါသည်။ (2 Corinthians 11:2) “ချီ ဆောင်ခြင်းကာလ” “the rapture” တွင်ခရစ်တော်သည် မိမိ သူတို့သမီး (His bride) အတွက် (1 Thessalonians 4:11-18), ဒုတိယအကြိမ်ကြွလာ တော်မူသော အခါကြီးစွာသောမင်္ဂလာ ဆောင်ညစာစားပွဲ ကျင်းပမည်ဖြစ်ပါသည်။ (Revelation 19:7-9).

B. အသင်းတော်၏ထူးခြားမှု၊တုန့်ပြန်မရသီးခြားဖြစ်မှုတို့ကိုအောက်ပါအတိုင်းအမည်များကဖော်ပြလျက်ရှိသည်။

1. အသင်းတော်ကိုဒေသန္တရအသင်းတော်နှင့် မရောထွေးသင့်ပါ။The church is not to be confused with the local church.

a) ဒေသန္တရအသင်းတော်သည်လူတို့ဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်သည်။ (The local church is an organization.) အသင်းတော်သည် အသက်ရှင်သော အသင်းတော်ဖြစ်သည်။ (THE CHURCH is an organism.

b) ဒေသန္တရအသင်းတော်ကို မျက်စိဖြင့် မြင်နိုင်ပါသည်။ အသင်းတော်မှာ မမြင်နိုင်သော အရာဖြစ်သည်။ The local church is visible. THE CHURCH is invisible.

c) ဒေသန္တရအသင်းတော်တွင် နယ်နိမိတ်ရှိသည်။ အသင်းတော်တွင် နယ်နိမိတ်တို့ မရှိ၊စကြံဝဠာနှင့်

သက်ဆိုင်သည်။ The local church is restricted. THE CHURCH is universal.

d) တည်းခိုရိပ်သာတွင် တည်းခိုသကဲ့သို့ လူတို့သည်ဒေသန္တရအသင်းတော်သို့ဝင်နိုင်ပါသည်။သို့သော် ကယ်တင်ခြင်းရရှိထား သူများဖြစ်ရမည်။ (Acts 2:47) သူတို့ သည်ခရစ်တော်၏ကိုယ်ဖြစ်သောအသင်းတော်၏ အင်္ဂါရုပ်အစိတ် အပိုင်းဖြစ်သည်။ (1 Corinthians 12:13)။ သခင်ဘုရားသည် မိမိလူတို့ကို သိကျွမ်းတော်မူ၏။(2 Timothy 2:19)။ အမည်ခံထားသူတိုင်း ပိုင်ဆိုင်သူမဟုတ်သကဲ့သို့ (Not all “professors” are “possessors,”) နာမည်စာရင်းသွင်းသူတိုင်း သိုးငယ်၏အသက်စာစောင်တွင် စာရင်းမဝင်ပါ။

e) ဓမ္မသစ်ကျမ်းစာတွင် ဒေသန္တရအသင်းတော် (local church) ဆိုရာ၌မည်သည့်အရပ်ဒေသ တွင်မဆိုရှိ နေသော ယုံကြည်သူ ဖြစ်လျက်။ (1Corinthians 1:2) အသင်းတော်ဟု (THE CHURCH)ဆိုရာ တွင်မည်သည့် အရပ်တွင်မဆို နေရာတိုင်း၌ရှိနေကြသော ယုံကြည်သူ အားလုံးကို ဆိုလိုပါသည်။ (1Corinthians 15:9; Galatians 1:13).

2. အသင်းတော်အား “ကောင်းကင်နိုင်ငံတော်” “the kingdom of heaven” or Christendom, နှင့် မရောထွေးသင့်ပါ။ သို့မဟုတ် “ခရစ်ယာန်လောက” ကမ္ဘာပေါ်ရှိ ခရစ်ယာန် အသိုင်းအဝိုင်းနှင့်လည်း မရောထွေး သင့်ပါ။

a) အသင်းတော်သည် “ကောင်းကင်နိုင်ငံတော်” ၏အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ယနေ့လူတို့ စုစည်း ထားသော ဒေသအဖွဲ့အစည်းသည် ခရစ်တော်က မိမိခန္ဓာကိုယ်ဖြစ်သည်ဟု ဆိုထားသောအရာ (Colossians 1:18)။ မဟုတ်ပါ။ ကိုယ်တော် အသေခံတော်မူခြင်းမှာလည်းသူ့အတွက်မဟုတ်ပါ။ (Ephesians 5:25)။ ပေါလုညွှင်းဆဲ ခဲ့သောအသင်း တော် လည်းမဟုတ်ပါ။(1 Corinthians 15:9).

b) Matthew 16:18, တွင် ခရစ်တော်သည် သူတည်ဆောက်မည့် အဖွဲ့အစည်းသစ်၏ အမည်ကို ကိုယ်တိုင် အမည်ပေးခဲ့ရာ အသင်းတော်နှင့်နိုင်ငံတော်သည် (THE CHURCH and the kingdom) လုံးဝမတူကြောင်း သိနိုင်ပါသည်။

c) Apostolic တမန်တော်ကြီးများက စာရေးရာတွင် “နိုင်ငံတော်” “kingdom.” ဟူသော စကားလုံးကို အနဲငယ်သာ သုံးတတ်ပါသည်။ ပင်တေကုတ္တေပွဲနေ့ နောက်ပိုင်းတွင်ဘုရားသခင်၏အဓိက လုပ်ဆောင်သောအမှု သည် အသင်းတော်ကိုစုစည်းခြင်းဖြစ်၍၊(Acts 15:14)။ နိုင်ငံတော်ကို (His kingdom) တည်ဆောက်နေခြင်း မဟုတ်ပါ။

d) (မဿဲ ၁၃)တွင်ဖော်ပြထားသော နိုင်ငံတော် (kingdom)သည် ကောင်းသောသူ၊ မကောင်းသောသူတို့နှင့် တည်ဆောက်ထားပါသည်။ အသင်းတော် (The church)သည် သန့်ရှင်းသူများနှင့်သာ သီးသန့်တည်ဆောက် ထား ပါသည်။

e) ဂျူးလူမျိုး (Jews) များက ခရစ်တော်ပြန်လာသည့်အချိန်တွင် တည်ထောင်မည့်နိုင်ငံတော် (kingdom) ကို ငြင်းပယ်ကြသည်။(Acts 1:6).

3. အသင်းတော်အား ဣသရေလလူမျိုးတို့၏ ဖောက်ပြန်သော “ ယေဟောဝါ မယား” (adulterous “wife” of Jehovah) ဖြင့် မရောထွေးသင့်ပါ။ ထိုမယားသည် ခရစ်တော်ကြွလာတော်မူသောအခါ အပြစ်နောင်တရလျက် အပြစ်မှလွတ်ခြင်းခံရသည့် မယား၊ ဘုရား သခင်၏လောကမယား (Lord’s earthly wife) ဖြစ်မည့်သူဖြစ်ပါသည်။ (Hosea 2:23)။ အသင်းတော်သည် သီလ နှင့်ပြည့်စုံသော “သတို့သမီးကညာ” “chaste virgin,” ဖြစ်လျက်ခရစ်တော်တပါးတည်းနှင့်သာစေ့စပ်ထားပါသည်။ (2 Corinthians 11:2)။ ကောင်းကင်တွင် သိုး သငယ် မင်္ဂလာဆောင်ပွဲကျင်းပမည့်သတို့ သမီးဖြစ်ပါသည်။ (Revelation 19:6-8) (Read Hosea 2:1-23;

Isaiah 54:1-10; and Ephesians 5:25-27).

4. နောက်ဆုံးအနေဖြင့် (1Corinthians 10:32) တွင် ယုဒလူ၊ တစ်ပါးအမျိုးသားနှင့် အသင်းတော်ကို (differentiates between Jews, Gentiles and THE CHURCH) ခွဲခြားပြခြင်းသည်၊အသင်းတော် (THE CHURCH) ၏ ထူး ခြားမှုကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

IX. အသင်းတော်လည်ပတ်ပုံ၊ (ကနဦးအသင်းတော်များ၏ တာဝန်နှင့်လုပ်ဆောင်ချက်များ)။ FUNCTIONS OF THE LOCAL CHURCH (The duties and activities of the early church.)

I. Apostles –(တမန်တော်များ) တမန်တော်ဟုဆိုရာ၌ ပထမ (၁၁)ဦးကိုသာဆိုလိုခြင်းမဟုတ် (ပေါလုနှင့် ဗာနဗ Romans 16:7) သော်လည်းတမန်တော်ဖြစ်ရန် ရှင်ပြန်ထမြောက်သော သခင်ဘုရားကို ကိုယ်တိုင်မြင်ခဲ့ သူများဖြစ်ရန် အထူးလိုအပ်ပါသည်။ (Acts 1:22;1 Corinthians 9:1)

1. သူသည် နိမိတ်လက္ခဏာအံ့ဘွယ်သော အမှု (signs, wonders)၊ ထူးဆန်းသောတန်ခိုးများ (mighty deeds) ပြသနိုင်ရမည်။(2 Corinthians 12:12).
2. သူသည် ဇဝံဂေလိတရားတော်၏အမှုကို ဆောင်ရန်ခရစ်တော်ကိုယ်တိုင် ရွေးကောက်၍ခန့်ထားခြင်း (chosen and ordained by Christ) ခံရသူဖြစ်ရမည်။ (1Corinthians 1:17; 9:16; 2 Corinthians 4:1; Colossians 1:23).
3. သူသည် တရားဟောသူ၊ သင်ကြားပို့ချသူ (preacher and teacher) ဖြစ်သည်။ (1Timothy 2:7; 1:11).
4 သူသည် အသင်းတော်များတွင် သင်းအုပ်တို့ကို (elders) ခန့်ထားသည်။ (Acts 14:23).
5 သူသည် အသင်းတော်များအား စောင့်ရှောက်ရန်- to care for (2 Corinthians 11:28)၊ အသင်းတော် တည်ထောင်ရန် - establish (Acts 16:5)၊ အသင်းတော် တည်တန့် ရန် - confirm(Acts 15:41). အထူး တာဝန်ရှိ သည်။
6. ဤလုပ်ငန်း (office) သည် တမန်တော်ကြီးများကွယ်လွန်သောအခါမရှိတော့ပါ။ (This office ceased to exist at the death of the apostles.)

II. Prophet – (ပရောဖက်)၊ သူသည် အုပ်ချုပ်ရေးလုပ်ငန်း (administrative office) မလုပ်ပါ။

1. သူသည် ဘုရားသခင်၏ အထူးဖော်ပြခြင်း (special revelation)ခံရသူဖြစ်ရမည်။(Ephesians 3:5).
2. သူသည် အသင်းတော် စေတမန် (messenger to the church to edify) ဖြစ်သည်။ (1Corinthians 14:3-4, 22).
3. သူသည် အသင်းတော်တည်ထောင်ရန် ကူညီသူ ဖြစ်သည်။ (Ephesians 2:20).
4. ဓမ္မသစ်ကာလ ပရောဖက်များသည် ရှေ့ဖြစ်မည့်အကြောင်းအရာကို အဓိက ဟောပြောသူ (fore teller) မဟုတ်ဘဲ၊အသင်းတော်အား တည်ထောင်မှုရှိစေရန် (edification)၊ တိုက်တွန်းခြင်း(exhortation)၊ နှစ်သိမ့်ခြင်း (comfort) များဖြင့် ကြိုတင်ဟောပြောသူ(forth-teller) ဖြစ်သည်။ ၁ ကော ၁၄း၅။ (1Corinthians 14:5).

5. အသင်းတော်သည် တမန်တော်များနှင့် ပရောဖက်များ (apostles and prophets)အား အခွင့်အာဏာရှိသူများအဖြစ်အသိအမှတ်ပြုထားသည်။

III. Evangelist and Teacher – (ဧဝံဂေလိဆရာနှင့်သင်ကြားရေး ဆရာ)။ (Ephesians 4:11).

ဤပုဂ္ဂိုလ်များသည် သန့်ရှင်းသူများအားပြီးပြည့်စုံစေရန်နှင့် (to perfect the saints for the work of the ministry) ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သော အသင်းတော် တည်ဆောက် ခြင်း ရှိစေရန် (edifying of the body of Christ) လုပ်ဆောင်ဖို့ ဆုကျေးဇူးအထူး (special gifts) ရရှိထားသူများဖြစ်ပါသည်။ (Ephesians 4:11-12; Hebrews 5:12; 2 Timothy 4:4-5).

IV. Bishops, Elders and/or Pastors (ၤင်းတို့၏လုပ်ငန်းတာဝန်များမှာ အထက်ပါပုဂ္ဂိုလ်များ အတိုင်းဖြစ်သည်။ all the same office).

1. သူတို့ သည် အသင်းတော်အားလုပ်ကျွေးရန်၊ ကြည့်ရှုစောင့်ရှောက်ရန်ဖြစ်သည်။ They were to feed the church and oversee it (Acts 20:17, 28 and 35; 1 Peter 5:1-2).
2. သူတို့သည် ကျေးဇူးတရား၌ကြီးထွားရန် “grow in grace” (2 Peter 3:18)၊ ယုံကြည်ခြင်း၊ သားတော်ကို သိကျွမ်းခြင်း၊ခရစ်တော်၌ကြီးရင့်ခြင်းရှိရန် (attain the full measure of the stature of Christ) (Ephesians 4:13) ဖြစ်သည်။
3. သူတို့ သည် ကမ္ဘာကြီးအား ဧဝံဂေလိတရားဟောရန် ဖြစ်သည်။(to evangelize the world with the gospel) (Matthew 28:19-20; Acts 1:8; 8:4).
4. သူတို့ သည် ဘုရားသခင်နှင့်ၤင်း၊အချင်းချင်းနှင့်ၤင်း မိတ်သဟာယဖွဲ့ရန် (fellowship with God and with one another) (1John 1:3-7) ၊တမန် တော် တို့၏အဆုံးအမနှင့် မိသဟာယကို ခံယူကျင့်သုံးရန် (apostles’ doctrine and fellowship) (Acts 2:42) ဖြစ်၏။
5. သူတို့ သည် စည်းလုံးညီညွတ်မှုအတွက်အားထုတ်ရန် (strive for unity) (Ephesians 4:3-4,13)ဖြစ်၏။
6. သူတို့ သည် အသင်းသားများအားလက်ခံခြင်းနှင့်ထုတ်ပယ်ခြင်း (exclude and restore members) (1Corinthians 5:6-7; 2Corinthians 2;6) များပြုရမည်။
7. သူတို့ သည် စည်းကမ်းထိန်းသိမ်းရမည်။ (exercise discipline)(Matthew 18:17; 1Corinthians 5:4-5).
8. သူတို့ သည် အသင်းတော်ခေါင်းဆောင်များကိုရွေးချယ်ရမည်။ (elect their officers) (Acts 6:3-7).
9. သူတို့ သည် ဘုရားသခင်အမိန့်တော်များနာခံရမည်။ (observe ordinances) (1Corinthians 11:20-34)၊ မိမိတို့အမှုခပ်သိမ်းကို သင့်တင့်လျောက်ပတ်အောင်စီရင်ကြရမည်။(manage their affairs) (1 Corinthians 14:40).
10. သူတို့ သည် ၁ ပေ၊ ၁း၂၂၊ တ၊ ၄း၃၂၊ ၁၂း၅၊ တ၊ ၁း၈၊ ၂ တိ၊ ၁း၇၊ ယော၊ ၁၅း၁၉။ They were to အချင်းချင်းချစ်ရကြမည်။(love one another) (1Peter 1:22), များများဆုတောင်းရမည်။ (pray much) (Acts 4:31, 12:5), တကမ္ဘာလုံး သို့ဧဝံဂေလိ တရားဟောပြောရန်သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်ကို ရယူ ရမည်။ (Acts 1:8; 2 Timothy 1:7; Romans 15:19).

X. အသင်းတော်၏အနာဂတ် (THE FUTURE OF THE CHURCH)

A. အသင်းတော် (THE CHURCH) သည်ချီဆောင်ခြင်းကာလတွင် တမဟုတ်ချင်းပင် ခရစ်တော်ချီဆောင်မည်။ (“caught up” to be with Christ at the rapture) (1Thessalonians 4:15-18).

B. အသင်းတော်(The CHURCH)သည် ခရစ်တော်နှင့်အတူအမွေခံအဖြစ်ဘုန်းထင်ရှားမည်။(glorified together with Christ as joint-heirs of God) (Romans 8:16-17).

C. THE CHURCH အသင်းတော်(The CHURCH)သည် ခရစ်တော် တဖန်ကြွလာသောအခါ မျက်စိတမှိတ်၊ လျှပ်တပြက်အတွင်း “twinkling of an eye” တွင် ဤပုပ်တတ်သောအရာသည်မပုပ်နိုင် သောအဖြစ်သို့ငင်း၊ ဤသေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ငင်း ဝင်စားသောအခါ၊ သေခြင်းသည် အောင်ခြင်း၌ နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက် ပြည့်စုံ လိမ့်မည်။(1Corinthians 15:51-57).

နိဂုံး - Conclusion: (Learn these two definitions)

ဓမ္မသစ်ကျမ်းအလိုအရ ဒေသန္တရအသင်းတော် (local church) သည် ခရစ်ယာန်ဟုခေါ်ဝေါ်ခြင်း ခံရသူများ၏အဖွဲ့အ စည်းဖြစ်ပြီး၊ဒေသတခုတွင်တစ်စုတဝေးနေထိုင်ကာ ကိုးကွယ်ရန်(worship)၊ ချီးမွမ်းရန်(praise)၊ ဆုတောင်းရန်(pray)၊ နှုတ်ကပတ်တော်လေ့လာရန်(study the Word)၊ သက်သေခံရန်(give testimony)၊ ဘာသာဝင်များအား ဗတ္တိဇံပေးရန်(baptize converts)၊ သခင်ဘုရား ၏ပွဲတော်မင်္ဂလာပါဝင်ဆက်ဆံရန်(partake of the Lord’s Supper)၊ အသင်းသား များအားစည်းကမ်းထိန်းသိမ်းရန်(discipline members)၊ ဧဝံဂေလိတရားတော်ကို ကမ္ဘာအနှံ့ဟောပြောရန် (to evangelize the world)၊ သခင်ဘုရား၏ မိန့်မှာထားချက်ကို ပြည့်စုံစေရန်(to carry out the Lord’s commissions) ပုံမှန်စုဝေးကြသည်။ (Acts 13:1-4, 20:7; Matthew 28:19-20; 1 Thessalonians 1:8;Hebrews 10:25; Philippians 4:14-18; 1Corinthians 5:4-5, 14:26).

ခ ရစ်တော်၏ကိုယ်ခန္ဓာနှင့်ခရစ်တော်၏သတို့သမီး (body and bride of Christ) ဖြစ်သော အသင်းတော် (THE CHURCH universal) ဆိုသည်မှာ ပင်တေ ကုတ္တေပွဲ နေ့မှ ချီဆောင်ခြင်းနေ့ (from Pentecost to the Rapture)အကြား ခရစ်တော်၌စစ်မှန်စွာ မွေးဖွါးခဲ့သောယုံကြည်သူတိုင်း (every genuinely born-again believer in Christ) ကို ခေါ်ပါသည်။ ထိုယုံကြည်သူ အယောက် တိုင်းသည် သန့်ရှင်းသောဝိညာဉ်တော် ၏ဗတ္တိဇံအားဖြင့် ခရစ်တော်၌စုစည်းလျက် (united to Christ by the Baptism of the Holy Spirit) ဦးခေါင်းဖြစ်တော် မူသော ခရစ်တော်၏သန့်ရှင်းသောဝိညာဉ် တော်ကိန်းဝပ်တော်မူရာ ဗိမာန်တော်(temple of the Holy Spirit who indwells the body of which Christ is the Head) ဖြစ်ပါသည်။ ဤအသင်းတော်သည် ခရစ်တော်နှင့်တသွေး တသားတလုံးတဝတည်း “one flesh” ဖြစ်လျက်ခရစ်တော်နှင့်စေ့စပ်ပြီးသော သတို့သမီးကညာအဖြစ်ချီဆောင် ခြင်းကာလ၌ ကိုယ်တော်နှင့်အတူရှိရန် သိမ်းဆည်းခြင်းခံရမည်ဖြစ်ပါသည်။ (Hebrews 12:23; 1 Corinthians 12:12-13; Ephesians 1:22-23; 5:30-33;2 Corinthians 11:2-4; 1Thessalonians 4:15-18).

အသင်းတော်နှင့်ဆိုင်သော မေးခွန်းများ - သင်ခန်းစာ (၂၁)

1. "ekklesia" ၏ အနက်အဓိပ္ပါယ်ကားအဘယ်နည်း။(၂-မှတ်)
a. သခင်ဘုရားနှင့်ဆိုင်သည်။ that which belongs to the Lord.
b. ခေါ်ထားခံရသူဖြစ်သည်။ that which has been called out.
c. ကောင်းကြီးခံစားရသူဖြစ်သည်။ that which has been blessed.

2. Greeks လူမျိုးတို့ က "ekklesia" ကို မည်သို့ အသုံးပြုသနည်း။(၂-မှတ်)
a. ဒေသတခုတွင်ရှိ ဒေသန္တရအသင်းတော်အဖြစ်။as the local church in a certain place
b. မြို့ လူထုအစည်းအဝေးအဖြစ်။as an assembly of citizens (Answer)
c. အသင်းလူကြီးများအစည်းအရုံးအဖြစ်။as a council of elders

3. Israel လူမျိုးများ၏အစုအဝေးကို church အဖြစ် မည်သည့်သဘောအရသုံးစွဲသနည်း။(၂-မှတ်)
a. ဒေသန္တရယုံကြည်သူအဖွဲ့ အစည်းအဖြစ်။ as a local gathering of believers
b. နိုင်ငံလုံးဆိုင်ရာလူကြီးများအစည်းအရုံးအဖြစ်။ as a council of elders of the whole nation
c. ဘုရားရှင်ရွေးကောက်ထားလူစုအဖြစ်။ as a called out people of God

4. အသင်းတော်ဆိုင်ရာသြဝါဒ (Doctrines of the CHURCH) ကို ဖေါ်ပြရန်ဘုရားရှင်က မည်သူ့ကို ရွေးခဲ့သနည်း။(၂-မှတ်)
a. ရှင်ပေတရု Peter
b. ရှင်ပေါလု Paul
c. ရှင်မဿဲ Matthew

5. ဓမ္မသစ်ကျမ်း (New Testament) တွင် အသင်းတော် (CHURCH) ကို ပထမဦးဆုံးဖေါ်ပြခဲ့သည့် ကျမ်းပိုဒ်ကိုရွေးပါ။(၂-မှတ်)
a. တမန် ၂း၄၂ Acts 2:42
b. မဿဲ ၁၆း၁၈ Matthew 16:18
c. ၁ကော ၁း၁ 1 Corinthians 1:1

6. ဧဖက်သြဝါဒစာ ၂း၁၉-၂၁ (Ephesians 2:19-21) တွင် အသင်းတော်ကို မည်သို့ ရှုမြင်သနည်း။(၂-မှတ်)
a. အဆောက်အဦးတခုအဖြစ်။ as a building
b. ကိုယ်ခန္ဓာတခုအဖြစ်။ as a body
c. နိုင်ငံတခုအဖြစ်။ as a country

7. ယေရုရှလင် (Jerusalem) အသင်းတော်သို့ ယုံကြည်သူများအဖြစ် မည်သူကသွင်းခဲ့သနည်း။(၂-မှတ်)
a. တမန်တော်များ။ the apostles
b. တမန်တော်ပေတရု။ the Apostle Peter

c. သခင်ဘုရား။the Lord

8. ယေရုရှလင် (Jerusalem) အသင်းတော်သို့ ယုံကြည်သူများ မည်သည့်အချိန်က ဝင်ခဲ့သနည်း။(၂-မှတ်)
a. သင်တန်းတက်ပြီးနောက်။ after he took some classes
b. ယုံကြည်သူဖြစ်လျှင်ဖြစ်ခြင်း။ as soon as he became a believer
c. ယုံကြည်သူဖြစ်ပြီး လပေါင်းအတော်ကြာသည့်အခါ။ many months after he became a believer

9. ကနဦးအသင်တော်သည် မည်သည့်နေရာတွင်စည်းဝေးလေ့ရှိသနည်း။(၂-မှတ်)
a. သီးသန့် ဘုရားကျောင်း၌။ in a special church building
b. သစ်တော်အုပ်တွင်။ in a forest
c. အသင်းသားတို့ ၏အိမ်၌။ in a home of one of the members

10 ဘုရားရှင်သည် ယုံကြည်သူများကို မည်သို့ ဖြန့် ကြဲစေခဲ့သနည်း။(၂-မှတ်)
a. သူတို့ သွားရမည့်နေရာကိုပြောပြခြင်းဖြင့်။ by telling them where they should go
b. ညှင်းပမ်းနှိပ်စက်ခံရခြင်းများဖြင့်။ by severe persecution (Answer)
c. ရှင်ပေါလုကို အန္တိအုတ်မြို့ သို့ ပို့ စေခြင်းဖြင့်။ by sending Paul to Antioch

11. ဓမ္မသစ်ကျမ်း (New Testament) တွင် office of pastor လုပ်ငန်းကို သုံးထားသည့်စကားလုံး ၃-လုံးကို ရွေး ပါ။(၆-မှတ်)
a. ဘိရှော့ Bishop
b. သင်းထောက် deacon
c. အသင်းလူကြီး elder
d. တရားဟောဆရာ preacher
e. ပရက်စ်ပီတာ presbyter

12. ကနဦးဒေသန္တရအသင်းတော်များ (Early local churches) တွင် သင်းအုပ်များ (pastors) မည်မျှရှိသနည်း။(၂-မှတ်)
a. တဦးတည်း။ just one
b. တဦးတည်းမက။ more than one
c. ၃-ဦး။ three

13. သမ္မာကျမ်းအရ အသင်းတော်၏မင်္ဂလာနှစ်ပါး (Two biblical ordinances of the church) ကိုရွေးပါ။(၄-မှတ်)
a. မင်္ဂလာပွဲ။ marriage
b. ရေနှစ်ခြင်းမင်္ဂလာ။ baptism
c. ဝန်ခံသိမှတ်ခြင်းမင်္ဂလာ။ confession
d. ပွဲတော်မင်္ဂလာ။ Lord's Supper

14. အသင်းတော် (CHURCH) နှင့် ဒေသန္တရအသင်းတော်(local church) တို့ မည်သို့ခြားနားသနည်း။ မှန်ကန်သော အဖြေတခုကို ရွေးပါ။ (၂-မှတ်)

a. ဒေသန္တရအသင်းတော်ကို မျက်စိဖြင့် မြင်နိုင်သည်။ ကမ္ဘာလုံးဆိုင်ရာအသင်းတော်မှာ မမြင်နိုင်။The CHURCH is invisible and the local church is visible.

b. ကမ္ဘာလုံးဆိုင်ရာအသင်းတော်မှာ ယုံကြည်သူများနှင့်ဖွဲ့ စည်းထားပြီး၊ ဒေသန္တရအသင်းတော်ကို မယုံကြည် သူ များနှင့်ဖွဲ့ စည်းထားသည်။The CHURCH is made up of believers while the local church is made up of unbelievers.

c. ကမ္ဘာလုံးဆိုင်ရာအသင်းတော်မှာ နေရာများစွာဖြစ်ပြီး၊ ဒေသန္တရအသင်းတော်မှာတခုတည်းဖြစ်သည်။ The CHURCH is in many different places while the local church is universal.

15. ဣသရေလ နှင့်အသင်းတော် (Israel and the CHURCH) တို့ ၏ ခြားနားချက်မှ မှန်ကန်သောအဖြေကို ရွေးချယ်ပါ။(၂-မှတ်)

a. ဣသရေလ (Israel) သည် ဖေါက်ပြန်သော ယေဟောဝါ၏မယားဖြစ်ပြီး၊ CHURCH သည် ခရစ်တော်၏သတို့ သမီးဖြစ် သည်။ Israel is Jehovah's adulterous wife and the CHURCH is the Bride of Christ.

b. ဣသရေလ (Israel) သည် ဓမ္မဟောင်းကာလ ဘုရားရှင်၏နိုင်ငံဖြစ်ပြီး၊ CHURCH သည် နေရာတခုရှိ ဘုရားရှင်၏လူများ ဖြစ်သည်။Israel is God's nation in the Old Testament and the CHURCH is God's people in one place.

c. ဣသရေလ (Israel) သည် သစ္စာမရှိဘဲ၊ ခရစ်တော်၏သတို့ သမီးမှာမူ အမြဲသစ္စာရှိသည်။Israel was unfaithful and the Bride of Christ is always faithful.

16. အသင်းတော် (CHURCH) ၏အနာဂါတ်ကား အဘယ်နည်း။(၂-မှတ်)

a. ဘေးဒဏ်ကြီးကာလတွင် နှိပ်စက်ခြင်းခံရမည်။It will suffer in the tribulation.

b. ချီဆောင်ခြင်းကာလတွင် ခရစ်တော်နှင့်အတူပါသွားမည်။It will be caught up to be with Christ at the rapture.

c. ခရစ်တော်နှင့်အတူ နှစ်ပေါင်းတထောင်စိုးစံမည်။It will live with Christ for a thousand years.

17. အောက်ပါတို့ ကိုကွက်လပ်ဖြည့်ပါ။

ဘုရားရှင်၏ ပြည့်စုံသော ညာဏ်ပညာကို ( ) အားဖြင့် သိစေရန် ရည်ရွယ်သည်။ God has purposed to make known His "manifold wisdom" through _____ (၂-မှတ်)

18. ဓမ္မဟောင်းကျမ်း တွင် အသင်းတော်သည် ဖုံးကွယ်ထားသော ( ) ဖြစ်သည်။ In the Old Testament the CHURCH was a hidden _____ (၂-မှတ်)

19. (Acts 2:41-42) အရ ဂျေရုဆလင်မြို့ရှိ ယုံကြည်သူဖြစ်ခါစများသည် ရေနှစ်ခြင်းမင်္ဂလာခံ၍ အသင်းသားဖြစ်လာပြီးနောက် ပုံမှန်လုပ်ဆောင်လေ့ရှိသော အချက်များကိုရေးပါ။(၆-မှတ်)

a. _____

b. _____

c. _____

20. သမ္မာကျမ်းစာအရ ဒေသန္တရအသင်းတော်အရာရှိများ (Biblical officers of a local church) ကား အဘယ်နည်း။(၄-မှတ်)

a. တမန် ၆း၁-၄ Acts 6:1-4 _____

b. တမန် ၁၁း၃၀ Acts 11:30 _____

21. (Acts 20:7) အရ ရှေးဦးအသင်းတော် တပည့်တော်တို့ မည်သည့်နေ့ တွင် ဝတ်ပြုကြသနည်း။(၂-မှတ်)

_____

22. ကနဦးအသင်းတော်များ (Early churches) ကာလတွင် အသင်းသားဖြစ်ရန် လိုသောအရည်အချင်း ၂-ခုကိုရေးပါ။(၄-မှတ်)

a. _____

b. _____

23. အောက်ပါကျမ်းပိုဒ်များအရ ဒေသန္တရအသင်းတော်မှ အသင်းသားများသည် မည်သည့်အချက်များ လုပ်ဆောင်ရန် ညွှန်ကြားထားသနည်း။(၁၀-မှတ်)

a. ၂ပေ ၃း၁၈ (2 Peter 3:18) _____

b. မဿဲ ၂၈း၁၉-၂၀ (Matthew 28:19-20) _____

c. တမန် ၆း၃-၇ (Acts 6:3-7) _____

d. ၁ကော ၁၁း၂၀-၃၄ (1Corinthians 11:20-34) _____

e. ၁ပေ ၁း၂၂ (1 Peter 1:22) _____

24. ဒေသန္တရအသင်းတော် (local church) ၏ အနက်အဓိပ္ပါယ်ကို ရေးပြပါ။(၁၄-မှတ်)

_____

25. ခရစ်တော်၏ကိုယ်ခန္ဓာ (The body of Christ) သည် ယုံကြည်သူများနှင့်ဖွဲ့စည်းထားပြီး၊ အောက်ပါတို့ပါဝင်သည်။

_____

26. ဓမ္မသစ်ကျမ်း (New Testament) တွင် CHURCH နှင့် ပတ်သက်၍ နာမည်များကို ကျမ်းပိုဒ်နှင့်ယှဉ်တွဲဖေါ်ပြပါ။(၁၀-မှတ်)

___ ကိုယ်တခု (a body)	a. Ephesians 4:12
___ ခရစ်တော်၏ ကိုယ် (the Body of Christ)	b. Ephesians 2:15
___ အဆောက်အဦးတခု (a building)	c. 2 Corinthians 11:2
___ လူသစ်တဦး (one new man)	d. Colossians 3:15
___ ခရစ်တော်၏ သတို့သမီး (Bride of Christ)	e. 1 Corinthians 3:9

သင်ခန်းစာ (၂၂)၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း။ (Justification and Sanctification)

နိဒါန်း - Introduction

ဤယုံကြည်ချက် (doctrine) ကိုသင့်အသက်တာတွင် အသက်ရှင်စေလိုၗ ရေးသားထား ပါသည်။ ကယ်တင်ခြင်း တွင်ပါဝင်သော ရွေးနှုတ်ဝယ်ယူခြင်း (redemption) ပြန်လည်သင့်မြတ်ခြင်း (reconciliation) ကိုယ်စားခံခြင်း (Propitiation) မွေးစားခြင်း (adoption) တို့ ကိုရှင်းလင်းစွာ သဘော မပေါက်လျှင်၊ ရရှိထားသော ကယ်တင်တော်မူခြင်း ကောင်းကြီးမင်္ဂလာကို အပြည့် အစုံသိရှိခံစားနိုင်မည်မဟုတ်ပါ။

ဤအကြောင်းအရာများကို လေ့လာခြင်းသည် ပျင်းရိဘွယ် (dull) မကောင်းပါ။ ဤအကြောင်းအရာများကို နားလည်သဘောပေါက် လျက် မိမိအသက်တာတွင် လက်တွေ့အသုံးချနိုင်ရန်နည်းလမ်းမှာ၊ သင်၏ အသက်တာကို ခရစ်တော်နှင့်ဒွန်တွဲတိုးတက် စေရန် သာဖြစ်ပါသည်။

ဤသင်ခန်းစာတွင် ဖြောင့်မတ်ရာခြင်းနှင့်သန့်ရှင်းခြင်း (justification and sanctification)ဟူသော အခြေခံယုံကြည်ချက်တို့၏ အဓိပ္ပါယ်နှင့် အရေးပါအရာရောက်မှုကို ပေါ်လွင်ထင်ရှားအောင်ဖော်ပြလိုပါသည်။ သင်ခန်းစာပါ တန် ဘိုးကြီးလှသော သစ္စာတရား သည် သင်၏စိတ်ဝိညာဉ်ကိုဝမ်းမြောက်မှုပေးနိုင်ပါစေသော။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

ဤသင်ခန်းစာ၏ အဓိကမေးခွန်းမှာ “ လူသည် ဘုရားသခင်ရှေ့တော်၌ ကုသိုလ် (ဖြောင့်မတ်ခြင်း)ကို အဘယ်သို့ရနိုင်သနည်း” (ယောဘ ၂၅း၄)ဟု ယောဘ ၏မိတ်ဆွေ ရှုအာအမျိုးသားဗိလဒဒ် (Bildad the Shuhite) မေးသလိုမျိုး မေးရမည်ဖြစ်သည်။ ဥပဒေချိုးဖောက်သူ(law-breaking)၊ ခရစ်တော်ငြင်းပယ်သူ(Christ-denying)၊ ဘုရားရှင်ပုန်ကန်သူ (God-defying)၊ အမျက်တော်ကိုခံထိုက်သူ (wrath- deserving)၊အပြစ်သား အားအလွန် သန့်ရှင်းမြင့်မြတ်တော်မူသော ဘုရားသခင်သည် အပြစ် မရှိတော့သူ (free of guilt) လုံးဝဥဿုံဖြောင့်မတ်သူ (totally righteous)၊ အဖြစ်မည်သို့ ကျေညာနိုင်မည်နည်း။ အကယ်၍ ကျေညာနိုင်သည် ဆိုလျှင် ထိုအမှုသည် အလွန်ထူးခြားသော အမှုဖြစ်ပါသည်။ လူသားတစ်ဦးအနေဖြင့် ကြားဘူးသော သတင်း များတွင် အကောင်းဆုံးသော သတင်းလည်း ဖြစ်နိုင်ပါသည်။ ဤသင်ခန်းစာသည် ထိုသတင်းကောင်း အကြောင်းဖြစ်ပါသည်။ ဖြောင့်မတ်ရာ၌တည်စေခြင်းသည် သန့်ရှင်းစေခြင်းထိုအခြေခံ ပုံသေ

ဖြောင့်မတ်ခြင်း (justification) သည် ရပ်တည်ချက် (positional)ဖြစ်ပြီး သန့်ရှင်းခြင်း (sanctification) သည်လက်တွေ့လုပ်ရပ် (practical) ဖြစ်ကာ နေ့စဉ်အသက်တာနှင့် ဆက်စပ် လျက်ရှိပါသည်။

Justification သည် ဘုရားသခင်က ကျွန်ုပ်တို့အားမြင်သော အမြင်ဖြစ်လျက်၊ ထိုအမြင်နှင့်အညီ ကျေညာပေးခြင်းဖြစ်ပါသည်။

Sanctification သည် ခရစ်တော်၌ ကျွန်ုပ်တို့ ရပ်တည်မှု အခြေအနေသာမက၊ သန့်ရှင်းသော အသက်တာ၌ ကျွန်ုပ်တို့ နေ့ စဉ်အသက်ရှင်ခြင်းလည်း ဖြစ်သည်။

ဤယုံကြည် ချက်နှစ်ရပ်လုံးကို ဖြောင့်မတ်ခြင်း (righteousness) နှင့် တိုင်းတာသိရှိနိုင်သောကြောင့် ဤသင်ခန်းစာတွင် ပေါင်း၍ လေ့လာခြင်းဖြစ်ပါသည်။

သင်ခန်းစာ - THE LESSON

I. ဖြောင့်မတ်ခြင်း - JUSTIFICATION

A. ဖြောင့်မတ်ခြင်း၏အဓိပ္ပါယ် - Its Meaning

1. "သူလုပ်ခဲ့တာတွေကြည့်ရင် ဖြောင့်မတ်တယ်လို့ပြောနိုင်စရာမရှိပါဘူး" "တရားသူကြီးရှေ့မှာ သူဟာ ဖြောင့်မတ် တယ်လို့သူပြောတာပဲ" စသည်ဖြင့် ကျွန်ုပ်တို့ နေ့စဉ်ပြောဆိုတတ်ကြသည်။ ဤသို့ ပြောဆိုခြင်း သည် "အမှန်ကို လုပ်ဆောင်ခြင်း" "to make right" ကို ဆိုလိုခြင်းဖြစ်သည်။ သို့သော် သူ၏အပြုအမူမှာမူ တရားသူကြီး ရှေ့တွင် "မှန်သည်" "made right," "မှန်ကန်အောင်ကြိုးစားသည်" "He tried to make right" ဟု မပြောနိုင်ပေ။ ဂရိဘာသာအားဖြင့် တူညီသောစကားရပ်မှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။

♦ စိတ်ဝင်စားဖို့ကောင်းသည်မှာ ဤစကားလုံးကို ဓမ္မသစ်ကျမ်းတွင် သုံးနှုန်းထားသည်မှာလည်း အတူတူ ပင်ဖြစ်သည်။ "ဖြောင့်မတ်စေသည်" "To justify" and "ဖြောင့်မတ်ရာ၌ တည်စေခြင်း""justification" စကားလုံးများသည် righteous (ဖြောင့်မတ်သော) righteousness (ဖြောင့်မတ်ခြင်း၊ အမှားမရှိခြင်းနှင့်) အောက်ပါ Greek စကားလုံးများနှင့် တိုက်ရိုက် ဆက်နွယ် လျက်ရှိပါသည်။

Verb = dikaioo = "မှန်ကန်ဖြောင့်မတ်သည်ဟု ကျေညာသည်"။ "to declare righteous" or "to justify" Noun = dikaiosune = "righteousness" or "justification"

Adjective = dikaios = မှန်ကန်နေခြင်း၊ ဖြောင့်မတ်စေခြင်း၊ ဖြောင့်မတ်ရာ၌ တည်စေခြင်း။ "righteous" or "justified"

2. ဖြောင့်မတ်ခြင်းတွင် (Justification) (၂)မျိုးပါဝင်သည်။

a. အပြစ်/ဒုစရိုက်၊ အမှားအားလုံးတို့မှ အပြစ်ဖြေလွှတ်ခြင်း၊(The forgiveness of all sin, guilt and/or blame) (Romans 8:1,33; Acts 13:38-39).

b. ဘုရားသခင်၏ဖြောင့်မတ်ခြင်းဖြင့် အစားထိုး၍ ဘုရားသခင်၏မျက်နှာသာလုံးဝ ရရှိစေခြင်း။(The imputation of God's righteousness and the complete restoration to God's favour) (Romans 3:22, 4:5).

3. ဖြောင့်မတ်ခြင်းတရား (Justification)သည် လက်တွေ့တွင် ကျွန်ုပ်တို့ကိုဖြောင့်မတ်သူ (righteous) မဖြစ်စေပါ။ ဤစကားလုံးသည် ဘုရားရှင်၏ လုပ်ဆောင်ချက် (legal act of God) ဖြစ်ပြီး၊ ကျွန်ုပ်တို့ယုံကြည် သည့်အခါ တရားရုံး၏ ဝေါဟာရဖြစ်လျက်၊ ကျွန်ုပ်တို့သည် ယုံကြည်သူဖြစ်လာသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖြောင့်မတ်သူ (righteous) အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ တနည်းအားဖြင့် ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်လိုက်သည်နှင့်တပြိုင်နက်၊ ဘုရားသခင်က ကျွန်ုပ်တို့ကို မည်သို့ရှုမြင်ပုံနှင့် ဆက်စပ် လျက်ရှိပါသည်။

ငင်းသည် အာဒံနှင့်အပြစ်တရား (Adam and sin) ကြောင့် ပျက်စီးသွားခဲ့သော ကျွန်ုပ်တို့ နှင့်ဘုရားသခင်အကြား ၌ရှိသော ဆက်ဆံမှုအခြေအနေနှင့် သက်ဆိုင်ပါသည်။ ငင်းသည် ထိုပျက်ပြားသွားသော ဆက်ဆံရေးအား မျက်နှာသာပေးခြင်း၊ လက်ခံ တော်မူခြင်းနှင့် ကောင်းကြီးပေးခြင်း အဖြစ်သို့ပြောင်းလဲသွားခြင်းဖြစ်ပါသည်။ ငင်းသည် ယုံကြည်သူ တစ်ဦးအဖြစ် ကျွန်ုပ်တို ့၏ ရပ်တည်ချက် (our standing) ဖြစ်ပြီး၊ ကျွန်ုပ်တို့ ၏အနေအထား (not our state) နှင့် မသက်ဆိုင်ပါ။ ကျွန်ုပ်တို့၏ အနေအထားသည် ကျွန်ုပ်တို့ ၏ ဝိညာဉ်ရေးရာ အခြေအနေ (spiritual condition)၊ အသစ်မွေးဖွါးခြင်း (regeneration)၊ သန့်ရှင်းခြင်း (sanctification) ဖြစ်ပါသည်။

4. ဖြောင့်မတ်ခြင်း (Justification) ဆိုသည်မှာ ယုံကြည်လာသူအပြစ်သား (believing sinner) ခရစ်တော်တို့ နေရာချင်းလဲလှယ် (change places) ရာမှရလာသော ရလဒ်ဖြစ်သည်။ (2 Corinthians 5:21).

a. ခရစ်တော်သည် အပြစ်ရှိသူဖြစ်လာသည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်သူ (အပြစ်မရှိသူ) ဖြစ်လာသည်။ Christ becomes sin! We become righteous.
b. ခရစ်တော်သည် ယုံကြည်လာသူအပြစ်သား (believing sinner) ပတ်သက်နေသောကြောင့် ၊ ဘုရားရှင်က ကျွန်ုပ်တို့၏ အပြစ်များအား ခရစ်တော်၏အပြစ်ဖြစ်စေပါသည်။ တဖန် ယုံကြည်လာသူအပြစ်သား (believing sinner)သည် ခရစ်တော်နှင့် ပတ်သက်နေသောကြောင့် ၊ ဘုရားရှင်က ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဟု အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပါသည်။

5. ဖြောင့်မတ်ခြင်း (Justification) ဆိုသည် မှာ တရားသူကြီး၏ လွှတ်ငြိမ်းချမ်းသာ (pardon by the judge) သက်သက်မျှသာမဟုတ်ပါ။ ငင်းသည် ကျွန်ုပ်တို့ တစ်ခါမျှအပြစ်မပြုခဲ့ဘူးသကဲ့သို့ မှတ်ယူခံရသော အခွင့်အရေး အားလုံးကို ပြန်လည်ပေးအပ် ခြင်းဖြစ်ပါ သည်။

6. ဖြောင့်မတ်ခြင်း (Justification) ဆိုသည် မှာ သခင်ယေရှုခရစ်ကိုယုံကြည်လျက်၊ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းဝတ်လုံတော်ကို ခြုံထားပြီး ဘုရားသခင်၏တရားခွင်သို့ ဝင်ကာ၊ စကြံဝဠာတစ်ခုလုံး၏ တရားသူကြီးက “အပြစ်မရှိ” “Not guilty” ဟု အမိန့်ချမှတ်သော စီရင်ချက်ကိုကြားနာလိုက်ခြင်းဖြစ်ပါသည်။ (Romans 8:1).

B. ဖြောင့်မတ်ခြင်း၏အခွင့်အာဏာ။ (Its Authority) – ဘုရားသခင်ရှေ့တော်မှောက်တွင် ဖြောင့်မတ်သူဖြစ်ပြီ၊ အပြစ်ကင်းသူဖြစ်ပြီ ဟု ကျွန်ုပ်တို့သည်မည်သူ၏နှတ်ထွက်စကား၊ မည်သူ၏အခွင့်အာဏာနှင့် ပြောနိုင်သနည်း။ အဖြေမှာ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ပါသည်။(Romans 3:26, 30; 8:33)!

C. ဖြောင့်မတ်ခြင်း၏အရင်းအမြစ် (Its Premise) – မည်သည့်အခွင့်အာဏာအားဖြင့် ကျွန်ုပ်တို့ အားဖြောင့်မတ်သူဖြစ်စေသည့် အရင်းအမြစ်ကား မည်သည့်အရာနည်း၊ထိုအခွင့်၏အရင်းအမြစ်၊ မူလ ဖစ်မြစ်သည် အဘယ်မှာနည်း။ အဖြေမှာ “ကျေးဇူးတော် ” “by grace”ဖြစ်ပါသည်။ (Titus 3:7; Galatians 5:4; Romans 3:24).

ကျေးဇူးတော်အားဖြင့်ဟုဆိုသောကြောင့် အခမဲ့ဖြစ်ပါသည်။ မထိုက်မတန်သော်လည်း ခရစ်တော်အားဖြင့်သာရရှိ သော ဘုရား သခင်၏ မျက်နှာသာဖြစ်ပါသည်။

D. ဖြောင့်မတ်ခြင်း ရရှိနည်း။ (Its Means)

1. သွန်းတော်မူသောခရစ်တော်၏အသွေးအားဖြင့်။(blood of Christ) (Hebrews 9:22; Romans 5:9).
2. ခရစ်တော်ရွေးနှုတ်တော်မူသောအားဖြင့်။(redemptive work of Christ) (Romans 3:24).

ဖြောင့်မတ်ခြင်း (Justification) သည် ဈေးမပေါပါ။ ခရစ်တော်အဘိုးအခ ပေးခဲ့ရသည်။ (Justification is not cheap. Christ paid the price!)

3. ခရစ်တော်၏ "သေစားသေခြင်း" အားဖြင့်။(propitiatory work of Christ)

ဤအချက်သည် တောဌ (wilderness)လှည့်လည် ကြစဉ် တဲတော်ထဲရှိ ကျေးဇူးတော်ပလ္လင် (mercy seat in the tabernacle) ဆက်နွယ်မှုဖြစ်သည်။ ဘုရားရှင်က mercy seat တွင် သွန်းလောင်းသော အသွေးကိုမြင်ရသောအခါ အပြစ်အတွက် ဝန်ချပြီးပြီ၊ အပြစ်အတွက် ယဇ်ပူဇော်ပြီးပြီဟု မှတ်ယူသည်။ ခရစ်တော်၏ အသွေးဌ ကျွန်ုပ်တို့အပြစ်၏ အဖိုးအခပေးပြီးပြီဟု ဘုရားသခင်က မြင်တော်မူပါသည်။ ကိုယ်တော်၏သန့်ရှင်းတော်မူခြင်း လက္ခဏာသည် အားရ ကျေနပ်မှုရရှိပြီးဖြစ်သည်။ သခင်ယေရှုသည် ယုံကြည်သူအပေါင်းတို့အား "တရားသဖြင့် ပြုတော်မူသောသူ၊ အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှာ ခန့်ထားသောသူ"ဖြစ်ပါသည်။(Romans 3:26).

V. ဖြောင့်မတ်ခြင်း၏ပြည့်စုံမှု (Its Completeness)

ကျွန်ုပ်တို့ သည် အောက်ပါတို့ မှ ကင်းလွတ်လျက် ဖြောင့်မတ်ရာဌ တည်စေခြင်း ကိုရရှိပါသည်။

1. All things - အပြစ်ရှိသမျှမှလွတ်ခြင်း၊ (Acts 13:38-39; Romans 8:1).
2. All iniquity - ခပ်သိမ်းသော ဒုစရိုက်(Titus 2:14).
3. All of our sins were laid on Him - ငါတို့၏အပြစ်များကို သူ့အပေါ်ဌတင်တော်မူပြီ။ (Isaiah 53:6).
4. All of His righteousness is laid on us - ကိုယ်တော်၏ဖြောင့်မတ်ခြင်းကို ငါတို့ဌ တင်တော်မူပြီ။ (Romans 3:22).

VI. ဖြောင့်မတ်ခြင်းနည်းလမ်း (Its Method or Procedure)

1. By FAITH alone. (ယုံကြည်ခြင်းတစ်ခုတည်းဖြင့်သာ)၊ (Galatians 2:16; 3:8,11; Habbakuk 2:4; Romans 1:17; Hebrews 10:38; Romans 3:25-28; 4:2-5).
2. တစ်စုံတစ်ယောက်သောသူသည် စိတ်နေသဘောထားကောင်းမြတ်ပါသည်။ အိမ်ထောင် ကိုလည်းပြုစုသည်။ ဇနီးသည် အားလည်းချစ်သည်။ ရပ်ကွက်လူမှုရေးကိစ္စများတွင် ပါဝင် လှုပ်ရှားသည်။ အကြွေးကိုလည်း ဆပ်သည်။ အကျင့်စာရိတ္တလည်း ကောင်းသည်။ ထိုသို့ ဖြစ်လျှင် ထိုသူသည်အဘယ်ကြောင့်ဖြောင့်မတ်သူဖြစ်ခွင့်မရသနည်း။(Why is he not justified?)

a) ဘုရားသခင်သည် မည်သူ့ ကိုမျှ ဖြောင့်မတ်သည်ဟုမမြင်ပါ။ (Romans 3:23; Isaiah 53:6; 64:6).

b) ကယ်တင်ခြင်းသည် ကျေးဇူးတော်အားဖြင့်(by grace) ဖြစ်၍ အကျင့်စာရိတ္တအားဖြင့်၊ သို့မဟုတ် ကျင့်စောင့်ခြင်း (character or works) အားဖြင့် မရနိုင်ပါ။ (Ephesians 2:8-9; Romans 4:5).

c) အကျင့်တရား၊ ပညတ်တရားသည်လူတို့အား ဖြောင့်မတ်ခြင်းတို့ကိုမပေးနိုင်။ ဖြောင့်မတ်စွာ အသက်ရှင်စေရန် မလုပ်ဆောင်နိုင်ပါ။

1) Romans 3:20 – ကျမ်းပိုဒ်တွင်ပါသည့် "ထို့ကြောင့်" "therefore" ဟူသော စကားလုံးသည် အမှုကိုစစ်ဆေးပြီး၍ အဓိန့်ချမှတ်ပြီး (verdict announced) ဟု မှတ်ယူနိုင်သည်။ အမှု စစ်ဆေး၍ စီရင်ချက်ချ မှတ်ခြင်းကို အငယ် ၉-၁၂ တွင်ဖတ်ပါ။

2) ပညတ်တရားသည် အပြစ်ကိုဖော်ပြသော်လည်း အပြစ်ကို မကင်းလွှတ်နိုင်။ (The law exposes sin but provides no remedy and no emancipation.) ကျွန်ုပ်တို့ပါးစပ်ကိုတံပိတ်လျက်အပြစ်ရှိသူဖြစ်ကြောင်းသာကြေညာနိုင်ပါသည်။ It can only stop our mouths and declare us guilty (Romans 3:19).

d) ပညတ်တရားသည် လုံးဝနာခံလိုက်လျောက်ခြင်းကိုသာ တောင်းဆိုပါသည်။ (the law requires perfect obedience) (Galatians 3:10; 5:3).

e) ထိုသို့ကျင့်ခြင်းဖြင့်ရနိုင်လျှင်လူတို့သည်ဝါကြွားနိုင်သောကြောင့် (Ephesians 2:8-9)ဟုကျမ်းစာကဖော်ပြထားသည်။ Romans 4:2 တွင် အာဗြဟံနှင့် ပတ်သက်သည့် စကားကိုသတိပြုပါ။ အာဗြဟံသည် အကျင့်အားဖြင့် ဝါကြွားစရာရှိသော်လည်း "ဘုရားသခင်ရှေ့တော်၌ ထိုသို့မဟုတ်"

f) ထို့ကြောင့် ကျွန်ုပ်တို့သည် ကျေးဇူးတော်နှင့် ယုံကြည်ခြင်းနှင့်ပတ်သက်လာလျှင် ဝါကြွားလိုစိတ် ကိုပါးစပ်ပိတ်ပြီး နေရပါမည်။ (So, we are shut up to grace and faith!)

VII. ဖြောင့်မတ်ခြင်း အာမခံချက် (Its Certainty or Assurance)

ရှင်ပြန်ထမြောက်တော်မူခြင်း။ (The resurrection) (Romans 4:25).
ကျွန်ုပ်တို့၏ မျှော်လင့်ခြင်း နှင့် အာမခံချက်အားလုံးသည် ခရစ်တော်သေခြင်းမှ ရှင်ပြန်ထမြောက်တော် မူခြင်းနှင့် ပတ်သက်နေပါသည်။ (1 Peter 1:3). သခင်ယေရှု သေခြင်းမှရှင်ပြန်ထမြောက်ခြင်း (The resurrection) သည် လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော် ကျွန်ုပ်တို့ကိုယ်စား အသေခံခြင်းအမှု၌ ဘုရားသခင်သည် ကျေနပ်မှုရရှိကြောင်း ခိုင်လုံသော အထောက်အထားမှာဖြစ်ပါသည်။

VIII. ဖြောင့်မတ်ခြင်း၏ အကျိုးရလဒ်။(Its results)

1. ဘုရားနှင့် "ရန်ငြိမ်းခြင်း"။ (Peace with God) (Romans 5:1; Colossians 1:20-21).
သခင်ယေရှုခရစ်၏ အသွေးတော်၌ရန်ငြိမ်းခြင်းစာချုပ်ကို ချုပ်ဆိုပြီးဖြစ်ပါသည်။ ရန်ငြိုးဖွဲ့ခြင်း (enmity) ကိုဖယ်ရှား၍ ခြားနားချက် (differences) အားလုံးဖြေရှင်းပြီး၊ ဘုရားရှင်နှင့် မိတ်သဟာယဖွဲ့ရန်အတားအဆီးအားလုံး ကိုဖြိုချပြီးဖြစ်ပါသည်။ စစ်ပြေငြိမ်းပြီးဖြစ်သည်။ ဘုရားသခင်နှင့် ကျွန်ုပ်သည်သင့်မြတ်လျက်ရှိပါ သည်။

2. ယခုရော နောင်ပါ အမျက်တော် ပြေငြိမ်းပြီ။ (No Wrath! Now or ever!)

a) John 3:36 – "ထိုသူအပေါ်၌အမျက်တော်တည်နေသည်" မှာ ယခုမရှိတော့ပါ။
b) 1 Thessalonians 5:9 – ဘုရားသခင်၏ အမျက်တော် ကိုအပြစ်သားသာ ခံရသည်။ သို့သော် ယုံကြည်သူသည် မခံရပါ။(Read Romans 5:9.)

3. ကောင်းသောအကျင့်။ (Good Works)

ဖြောင့်မတ်ရာ၌ တည်စေတော်မူခြင်းကို ခံရသောယုံကြည်သူသည် "ကောင်းသော အကျင့်ကို ကျင့်မည့်အကြောင်းယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်၏။ (Ephesians 2:10) အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်နိုင်၊ သို့သော် ဖြောင့်မတ်ရာ၌ တည်စေတော်မူခြင်းကို ရရှိသော သူသည် ကောင်းသော အကျင့်ကို ပြုလိမ့်မည်။ (Works never justify, but the justified believer will work.) (James 2:17, 22)

♦ James 2:14-20 တွင် ရှင်ယာကုပ် သည်ဖြောင့်မတ်ရာ၌ တည်စေတော်မူခြင်း "အသီးအပွင့်" (fruit of justification) ကိုပြောနေသည်။ရှင် ပေါလုသည် "အမြစ်" "root" ပြော နေခြင်း ဖြစ်ပါသည်။ သို့သော် ထိုသူနှစ်ဦးတို့သည် ဆန့်ကျင်သောအယူအဆ မရှိကြပါ။ "အကျင့် နှင့်ကင်းသောယုံကြည်ခြင်း"သည် တစ်ပါးတည်း ရှိသောကြောင့် အသေဖြစ်၏။(faith without works is dead) ဟုရှင်ယာကုပ်ကဆိုပါသည်။ ဆိုလိုသည်မှာ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် ယုံကြည်ခြင်းအလျင်းမဟုတ် (faith that fails to work is no faith at all)၊ ထိုကဲ့သို့ သောယုံကြည်ခြင်းသည် ကယ်တင်ခြင်းကို မရစေနိုင် (that kind of faith does not save)။ ရှင်ယာကုပ်၏ ထို အဆိုကို ရှင်ပေါလုကလည်း သဘောထားတူပါသည်။

4. ဂုဏ်သရေ။(Glory!)

a) Titus 3:7 – "ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာ သို့ရောက်၍ အမွေခံဖြစ်မည်အကြောင်းတည်း။(Romans 8:17-18).
b) Romans 8:30 – "ဖြောင့်မတ်ရာ၌ - တည်စေတော်မူသော သူတို့ကိုလည်း ချီးမြှောက် တော်မူ၏။" ဘုရားသခင်၏အမြင်အားဖြင့် ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့ အမွေခံရမည့်ဘုန်းအသရေကိုယခုပင် ကျွန်ုပ်တို့ ခံယူပြီးဖြစ်ပါသည်။
c) 1 John 3:2 – "ငါတို့သည်ကိုယ်တော်နှင့် တူကြလတံ့" ချီဆောင်ခြင်းကာလ သို့မဟုတ် ထမြောက်ခြင်းအချိန်တွင် ကျွန်ုပ်တို့ သည် ဘုရားသခင်ကဲ့သို့ (We shall be like Him.) အမှန်ပင်ဖြစ်လာမည်။

IX. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမြင်၌ အဘယ်သို့ဖြောင့်မတ်ရာ၌ တည်စေနိုင်သနည်း။

1. Romans 3:20 – ပညတ်တရား၏အကျင့်အားဖြင့်မ ဟုတ်။ Not by the deeds of the law.
2. Romans 3:26-28 – ယေရှုပြုပြီးခဲ့သောအမှုနှင့်ယေရှုခရစ်၌ ယုံကြည်ခြင်းဖြင့်သာဖြောင့်မတ်ရာ၌ တည်စေခြင်းကို ရရှိနိုင်ပါသည်။ Entirely by faith in the person and work of Jesus.

II. သန့်ရှင်းခြင်း၌တည်စေတော်မူခြင်း SANCTIFICATION

A. သန့် ရှင်းခြင်း၏အဓိပ္ပါယ် (Its Meaning)

1. ဓမ္မဟောင်းကျမ်းတွင်ဖြစ်စေ၊ ဓမ္မသစ်ကျမ်းတွင်ဖြစ်စေ။"holy" နှင့် "sanctify" ဟူသော အင်္ဂလိပ်စကားလုံးသည် "ဘုရားသခင်အတွက်သီးသန့်ထားခြင်း" "to set apart for God." ဟူသော အဓိပ္ပါယ်ကိုဆောင်ပါ သည်။
2. ဓမ္မဟောင်းကျမ်းတွင် ဟေဗြဲဘာသာအားဖြင့် "Qdsh" or Qodesh" ဖြစ်ပြီး၊ "သီးသန့် ထားသည်" "သန့်ရှင်းစေသည်" "to set apart" or "to make holy." ဟု အဓိပ္ပါယ်ရပါသည်။
3. ဓမ္မသစ်ကျမ်းစာတွင် ဂရိဘာသာအားဖြင့် "hagios" ဖြစ်၍ "holy," "holiness," "sanctify," "sanctified" and "sanctification." ဟု ပုံစံအမျိုးမျိုးဖြင့် ဘာသာပြန်ထားပါသည်။
4. ဓမ္မသစ် နှင့်ဓမ္မဟောင်းကျမ်းစာနှစ်ခုစလုံးတွင် ဤအသုံးအနှုန်းကို လူနှင့်အရာဝတ္ထုများ (both people and things) အတွက် သုံးထားပါသည်။

a) ဓမ္မဟောင်းကျမ်းမှ သရုပ်ပြရသော်။ Illustrations in the Old Testament:

1) Genesis 2:3 – "ထိုသတ္တမနေ့ကိုဘုရားသခင်သည် ကောင်းကြီးပေး၍ သန့်ရှင်းစေ တော်မူ၏။"
2) Exodus 19:23 – "မကျော်ရသော အဆီးအတားကို (သိနာ)ပတ်လည်၍ စီရင်၍ သန့်ရှင်းစေလော့။"
3) Leviticus 27:14 – "လူသည်မိမိအိမ်ကို ထာဝရဘုရားအဘို့ သန့်ရှင်းစေလိုလျှင်…။"
4) Joshua 7:13 – ယောရှုအားလူတို့ကို သန့်ရှင်းစေရန်ပြောထားပါသည်။
5) Exodus 29:36 – ယဇ်ပလ္လင်ကိုသန့်ရှင်းစေသည်။ The altar is sanctified.
6) Exodus 29:44 – အာရုန်နှင့် သူ၏သားတို့ကို သန့်ရှင်းစေသည်။

♦ နေရာတိုင်းတွင် ဘုရားသခင်အတွက်သန့်ရှင်းစေရန် ဤစကားလုံးကို သုံးသည်။ "Qodash" ဟူသော စကားလုံးကို သန့်ရှင်းခြင်း (sanctification) ဟူသောစကားလုံးသာမက dedication (ဆက်ကပ်ခြင်း) consecration (အပ်နှံခြင်း)၊ holiness (သန့်ရှင်းခြင်း)၊ စသည့် အဓိပ္ပါယ်ကို ဆောင်ကြောင်းတွေ့ရှိရပါသည်။

b) ဓမ္မသစ်ကျမ်းစာမှ သရုပ်ပြရသော်- Illustrations in the New Testament:

1) Matthew 23:17, 19 – ရွှေယဇ်ပလ္လင်နှင့် ပူဇော်သက္ကာ။ The gold on the altar and the gift laid.
2) 1 Timothy 4:5 – အစားအစာကိုသန့်ရှင်းစေသည်။ Food is sanctified.
3) 1 Corinthians 7:14 – ယုံကြည်သူ၏ မယုံကြည်သောမယား။ unbelieving wife of a believer
4) John 10:36 – ခရစ်တော်အားခမည်းတော်သန့်ရှင်းစေသည်။ Christ was sanctified by the Father.
5) 1 Peter 3:15 – ယုံကြည်သူသည် ခရစ်တော်အား မိမိစိတ်နှလုံးထဲတွင် သန့်ရှင်းစေသည်။ The believer sanctifies Christ in his heart.

♦ အထက်ပါကျမ်းချက်အားလုံးတွင် "ဘုရားအတွက်သီးသန့်ထားခြင်း" ဟူသော အဓိပ္ပါယ်ရပါသည်။

5. အရာဝတ္ထုများနှင့် ပတ်သက်၍ သန့် ရှင်းခြင်း (sanctify) အဓိပ္ပါယ် ကိုအသုံးပြုသောအခါ ထိုအရာဝတ္ထု၏ အတွင်းပိုင်း အရည်အသွေး (inner moral quality) နှင့် ပတ်သက်မှုမရှိပါ။ သို့သော် လူနှင့် ပတ်သက်၍ အသုံးပြုသောအခါ အဓိပ္ပါယ် (၃) မျိုး (three-fold meaning) ယူနိုင်သည်။ (Positional၊ Practical၊ Perfect)

a) Positional (ရပ်တည်ချက်)။

1) ယုံကြည်သူများအား “ခရစ်တော်အထဲ၌ရှိသည်” “in Christ.” ရှုမြင်ခံယူထားပါသည်။ ဇဖက်သြဝါဒစာတစ်ခုတည်း၌ပင်ဤစကားစုကို ၁၈-ကြိမ်တွေ့ရပါသည်။

2) ရပ်တည်ချက်အနေနှင့် ယုံကြည်သူသည် ခရစ်တော်၌ရှိသည်ဖြစ်၍ သန့်ရှင်းသောသူအဖြစ်၌ ရှိသည်။ (1 Corinthians 1:2) “သန့်ရှင်းသူ” “saints, “holy ones” ဟုခေါ်ဝေါ်ခြင်း အခွင့်ကိုရရှိသည်။ (Ephesians 1:1; Philippians 1:1; Colossians 1:2) ဇ၊ ၁း၁။ ဖ၊ ၁း၁။ ကော၊ ၁း၂။ စသည်။ ၁ ကော ၁း၂၀ တွင် ခရစ်တော်သည်ယုံကြည်သူ၏သန့်ရှင်းခြင်း (Christ is said to be the believer’s sanctification)ဖြစ်သည် ဟု ဖော်ပြထားပါသည်။(1 Corinthians 1:30,.

3) Hebrews 10:10, တွင်ခရစ်တော်သည် ကိုယ်ကိုတခါတည်းပူဇော်သော အားဖြင်ယုံကြည်သူသည်အစဉ်သဖြင့် စင်ကြယ်ခြင်း (သန့်ရှင်းသော အရာ၌ခန့်ထားခြင်း) သို့ရောက်ကြောင်းသတိပြုပါ။

b) Practical and/or Progressive (လက်တွေ့သဘော)။

(2 Peter 3:18): အတွေ့အကြုံအရ၊ ယုံကြည်သူသည် သန့်ရှင်းခြင်း၌၄င်း၊ ကျေးဇူးတော်၌၄င်းကြီးပွားတိုးတက်ပါသည်။ (holiness and grow in grace)

1) (John 17:17; Ephesians 5:26). နှုတ်ကပတ်တော်အားဖြင့် (Through the Word of God)

2) (2 Corinthians 3:18). ကျွန်ုပ်တို့၌ သန့်ရှင်းသော ဝိညာဉ်တော်လုပ်ဆောင်ခြင်းအားဖြင့် (By the Holy Spirit working in and through us)

3) (1 Thessalonians 5:23). ကျွန်ုပ်တို့၌ ဘုရားရှင်လုပ်ဆောင်ခြင်းအားဖြင့် Through God working in us

c) Perfect and/or Prophetic (ပြီးပြည့်စုံခြင်း၊ သို့မဟုတ် အနာဂတ်)။

သခင်ဘုရားကြွလာတော်မမူမီတိုင်အောင် ပြီးပြည့်စုံခြင်းအတွက် စောင့်ဆိုင်းရ ပါမည်။

1) (1 Corinthians 15:51-56). မပုပ်မပျက်နိုင်သောအဖြစ်သို့ ပြောင်းလဲကြမည်။

2) (1 John 3:2), ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်တူကြပြီး၊ သန့်ရှင်းခြင်းသည် ပြည့်စုံခြင်းသို့ရောက်မည်။ (we shall be like the Lord Jesus and our sanctification will be complete.)

B. When is a believer sanctified? (ယုံကြည်သူသည် မည်သည့်အချိန်တွင် သန့်ရှင်းသူဖြစ်မည်နည်း)။

1. Positionallyအရ ပြောရလျှင်၊ယုံကြည်သူသည် သခင်ယေရှုခရစ်ကိုယုံကြည်လက်ခံသည်နှင့် တပြိုင်နက် သန့်ရှင်းသူဖြစ်သွားပြီဖြစ်သည်။(Acts 26:18)

a) ခရစ်တော်ထဲသို့ ဗတ္တိဇံကိုခံသောအခါ (baptized into Christ) (1 Corinthians 12:13)

b) သီးသန့်ထားခြင်း၊ခရစ်တော်၌ သန့်ရှင်းစေခြင်း၊(set apart or sanctified in Him)(1 Corinthians 1:2)

c) ခရစ်တော်ကျွန်ုပ်တို့၏ သန့်ရှင်းခြင်းဖြစ်သည်။ He becomes our sanctification (1 Corinthians 1:30).

2. လက်တွေ့အခြေအနေတွင် ဘုရားရှင်အား ပိုမိုဆက်ကပ်လာခြင်း၊ပို၍ သန့်ရှင်းခြင်း အခွင့်များ ရရှိစေပါသည်။ (we become more and more set apart for God – more and more sanctified and holy.)

a) ဘုရားသခင်ကို ကြောက်ရွံ့၍ "သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံရပါမည်။ (2 Corinthians 7:1).
b) ဘုရားသခင်သည် သန့်ရှင်းစေခြင်းငှာ ခေါ်တော်မူ၏။ (1 Thessalonians 4:7).
c) ကျွန်ုပ်၏ကိုယ်အင်္ဂါများကို သန့်ရှင်းခြင်းအလို့ငှာ ဖြောင့်မတ်ခြင်းတရား၌ သွင်း၍၊ အစေခံရန် ဘုရားသခင်သည် အလိုရှိတော်မူပါသည်။ (Romans 6:19-20).
d) သန့်ရှင်းသူများတို့သည် ခရစ်တော်၏ပြည့်စုံခြင်းအရပ်ပမာတည်းဟူသော ကြီးရင့်သော လူ၏အဖြစ်သို့ ရောက်ရှိ လာစေရန်ဆရာများနှင့် သင်းအုပ်များ (Teachers and pastors) တို့သည် ဆောင်ရွက်ကြရ မည်။ (Ephesians 4:11-13).

C. How are we sanctified? (ကျွန်ုပ်တို့သည်မည်ကဲ့သို့ သန့်ရှင်းရာ၌ တည်စေတော်မူသနည်း)။
1. ခရစ်တော်၏အသွေးတော်နှင့် ပူဇော်သက္ကာအားဖြင့် (Hebrews 10:10, 29).
2. ခရစ်တော်၏နမူနာကိုလိုက်ခြင်းအားဖြင့် (Ephesians 4:20-32; Philippians 2:5).
3. ဘုရားသခင်နှုတ်ကပတ်တော်ဆေးကြောခြင်းအားဖြင့်၊ (John 17:17; Ephesians 5:26).
4. သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့်၊ By the power of the Holy Spirt.

a) ကျွန်ုပ်တို့အား သန့်ရှင်းရာ၌တည်စေခြင်းငှာ ပြုတော်မူသောသူသည်။ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပါသည်။ (1Peter 1:2; 2 Thessalonians 2:13; Romans 15:16).ဘုရားသခင်၊ ကျွန်ုပ်တို့အား ရွေးကောက်တော်မူ သည်နှင့် အညီ ဝိညာဉ်တော်သည် ညီညွတ်စွာပြုတော်မူပါသည်။

b) သန့်ရှင်းရာ၌တည်စေတော်မူခြင်းကို ကျွန်ုပ်အသက်တာ၌ ထိရောက်စေတော်မူသော တန်ခိုးတော်သည် သန့်ရှင်းသော ဝိညာဉ်တော်ပင်ဖြစ်ပါသည်။(Romans 8:13; Ephesians 3:16; Galatians 5:16).

ဖြောင့်မတ်ခြင်းနှင့်သန့် ရှင်းခြင်းဆိုင်ရာ မေးခွန်းများ - သင်ခန်းစာ (၂၂)

1. Justification ဖြောင့်မတ်ခြင်း၏ အချက် ၂-ချက်ကိုရွေးပါ။(၆-မှတ်)
   a. အပြစ်လွှတ်ခြင်း - forgiveness of sin.
   b. ဝိညာဉ်တော်ဗတ္တိဇံခံခြင်း - baptism of the Holy Spirit.
   c. စကြဝဠာဆိုင်ရာအသင်းတော်၏အစိတ်အပိုင်းဖြစ်ခြင်း။ becoming part of the universal CHURCH.
   d. ဘုရားရှင်၏ ဖြောင့်မတ်ခြင်းကို ခံယူရရှိခြင်း။ imputation of God's righteousness.

2. Justification ဖြောင့်မတ်ခြင်း၏ အဓိပ္ပါယ်ကိုရွေးပါ။(၃-မှတ်)
   a. ဖြောင့်မတ်သောသူဖြစ်စေသည်။ A person is made righteous.
   b. သန့် ရှင်းသောသူဖြစ်စေသည်။ A person is sanctified.
   c. ဖြောင့်မတ်သောသူဖြစ်ကြောင်းဘုရားရှင်ကကြေငြာသည်။ A person is declared righteous by God.

3. Justification ဖြောင့်မတ်ခြင်းသည် ယုံကြည်သူနှင့်ဆက်စပ်နေသောအရာကိုရွေးပါ။(၃-မှတ်)

a. လက်ရှိဝိညာဉ်အခြေအနေ - state (Spiritual condition).
b. ခရစ်တော်၌ ရပ်တည်ခြင်း - standing (Position in Christ).
c. ခရစ်ယာန်အသက်တာ၌ ရှင်သန်ခြင်း - sanctification (Progress in the Christian life).

4. Justification ဖြောင့်မတ်ခြင်းသည် ယုံကြည်သူနှင့် ခရစ်တော်အကြား နေရာလဲလှယ်ခြင်းမှဖြစ်လာကြောင်း ဖေါ်ပြသည့် ကျမ်းပိုဒ်တစ်ခုကို ရွေးချယ်ပါ။ (၃-မှတ်)
a. 2 Corinthians 5:17 (၂ကော ၅း၁၇)
b. 2 Corinthians 5:21 (၂ကော ၅း၂၁)
c. Romans 8:1 (ရောမ ၈း၁)

5. ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း (The means of our justification)ကိုရွေးချယ်ပါ။(၃-မှတ်)
a. ခရစ်တော်မွေးဖွါးခြင်း။ birth of Christ.
b. ခရစ်တော်ရွေးနှုတ်ခြင်း။ redemptive work of Christ.
c. ခရစ်တော်ကောင်းကင်ဘုံသို့ ပြန်လည်တက်ကြွခြင်း။ ascension of Christ.

6. Justification ဖြောင့်မတ်ခြင်းဆိုသည်မှာ……(၃-မှတ်)
a. ကျွန်ုပ်တို့၏အပြစ်နှင့်ဆိုင်သောသဘောကို ဖယ်ရှားခြင်း။ removal of our sinful nature.
b. ဘုရားရှင်နှင့်ပြန်လည်သင့်မြတ်၍တော်စပ်ရခြင်း။ restoration to full and right relationship with God.
c. အပြစ်ဒုစရိုက်ကိုမပြုသူဖြစ်လာခြင်း။ becoming a person who never sins again.

7. ဘုရားရှင်၏လက်ဆောင်ဖြစ်သော justification ကိုရနိုင်သည့် နည်း(method)ကို ရွေးပါ။(၃-မှတ်)
a. ကျွန်ုပ်တို့ ၏အကျင့်တရား။ our works.
b. ယုံကြည်ခြင်း။ faith.
c. ယုံကြည်ခြင်းနှင့်အကျင့်တရား ဒွန်တွဲခြင်း။ faith and works together.

8. Justification ဖြောင့်မတ်ခြင်း၏ မူလအစ (origin) မှာ…..(၃-မှတ်)
a. ဘုရားရှင်၏ကျေးဇူးတော်။ grace of God.
b. ဘုရားရှင်၏မေတ္တာတော်။ love of God.
c. ဘုရားရှင်၏ဖြောင့်မတ်ခြင်း။ righteousness of God.

9. ကျွန်ုပ်တို့ ၏ ရှင်ပြန်ထမြောက်ခြင်း resurrection ကို မည်သည့်အရာက သေချာစေသနည်း။(၃-မှတ်)
a. ခရစ်တော် ကောင်းကင်သို့ ပြန်လည်တက်ကြွခြင်း။ The ascension of Christ
b. ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း။ The resurrection of Christ
c. ခရစ်တော် အသေခံခြင်း။ The crucifixion of Christ

10. “sanctify” သန့်ရှင်းခြင်း ဟူသော စကားလုံး၏အဓိပ္ပါယ်ကို ရွေးပါ။(၃-မှတ်)

a. ဘုရားရှင်ကို ချီးမွမ်းခြင်း။ praise the Lord.
b. ဘုရားရှင်အတွက် သီးသန့် ခွဲထားခြင်း။ to be set apart for God.
c. ဘုရားရှင်ကို အစေခံခြင်း။ to serve God.

11. The idea of sanctification သန့်ရှင်းခြင်း၏အဓိပ္ပါယ်ကို အောက်ပါတွင်အသုံးပြုသည်။(၃-မှတ်)
a. လူများ အတွက်သာ။ people only.
b. အရာဝတ္ထုများ အတွက်သာ။ things only.
c. လူနှင့်အရာဝတ္ထုများ၂-ခုလုံးအတွက်။ both people and things.

12. Positional sanctification သန့်ရှင်းခြင်းနှင့်ဆိုင်သောရပ်တည်ချက်ဆိုသည်မှာ အဘယ်နည်း။(၄-မှတ်)
a. သခင်ဘုရားပြန်ကြွလာတော်မူချိန်တွင် ရရှိမည့် ပြီးပြည့်စုံသောသန့်ရှင်းခြင်း။ Positional sanctification is the perfection that is received at the coming of the Lord.
b. ခရစ်တော်၌ သန့်ရှင်းခြင်းနှင့်ဆိုင်သော ယုံကြည်သူ၏ ရပ်တည်ခြင်း။ Positional sanctification is the believer's standing "in Christ."
c. ယုံကြည်သူ၏ နေ့စဉ်သန့်ရှင်းခြင်းနှင့်ဆိုင်၍ လက်တွေ့အသက်ရှင်ခြင်း၌ ရပ်တည်နေခြင်း။ Positional sanctification is the believer's development or growth in practical daily holiness.

13. Progressive sanctification တိုးတက်နေသော သန့်ရှင်းခြင်းဆိုသည်မှာ အဘယ်နည်း။(၄-မှတ်)
a. သခင်ဘုရားပြန်ကြွလာတော်မူချိန်တွင် ရရှိမည့်တိုးတက်ပြည့်စုံသော သန့်ရှင်းခြင်း။ Progressive sanctification is the perfection that is received at the coming of the Lord.
b. ခရစ်တော်၌ ယုံကြည်သူ၏ တိုးတက်သန့်ရှင်းခြင်းသော ရပ်တည်ခြင်း။ Progressive sanctification is the believer's standing "in Christ."
c. ယုံကြည်သူ၏ နေ့စဉ်သန့်ရှင်းခြင်းနှင့်ဆိုင်၍ လက်တွေ့အသက်ရှင်ခြင်း၌ တိုးတက်လာခြင်း။ Progressive sanctification is the believer's development or growth in practical daily holiness.

14. Prophetic sanctification အနာဂတ်ဆိုင်ရာ သန့်ရှင်းခြင်းဆိုသည်မှာ အဘယ်နည်း။(၃-မှတ်)
a. သခင်ဘုရားပြန်ကြွလာတော်မူချိန်တွင် ရရှိမည့် ပြည့်စုံသောသန့်ရှင်းခြင်း။ Prophetic sanctification is the perfection that is received at the coming of the Lord.
b. ခရစ်တော်၌ ယုံကြည်သူများ၏ အနာဂတ်ဆိုင်ရာသန့်ရှင်းခြင်း၌ ရပ်တည်ခြင်း။ Prophetic sanctification is the believer's standing "in Christ."
c. ယုံကြည်သူ၏ အနာဂတ်ဆိုင်ရာသန့်ရှင်းခြင်း၌ နေ့စဉ်လက်တွေ့သန့်ရှင်းစွာ တိုးတက်အသက်ရှင်ခြင်း။ Prophetic sanctification is the believer's development or growth in practical daily holiness.

15. မည်သည့်အချိန်တွင် positionally သန့် ရှင်းသူအဖြစ် ရပ်တည်လာခဲ့သနည်း။(၃-မှတ်)
a. နှစ်ခြင်းခံသည့်အခါ။ When he is baptized.
b. ယုံကြည်သူဖြစ်လာသည့်အခါ။ When he becomes a believer.

c. အခြားသောဘာသာစကားပြောသည့်အခါ။ When he speaks in an unknown tongue.

16. သန့်ရှင်းခြင်း၌တိုးတက်သော အသက်ရှင်ခြင်း progressive sanctification ကို မည်သည့်အချိန်တွင် ခံစားရသနည်း။(၃-မှတ်)
   a. ကောင်းကင်ဘုံရောက်သည့်အခါ။ At the time he gets to heaven.
   b. ခရစ်တော်အပေါ်ယုံကြည်သည့်အခါ။ At the time he believes on Christ.
   c. သန့် ရှင်းခြင်းအသက်တာ ကြီးထွားသည့်အခါ။ As he grows in holiness.

17. အောက်ပါကွက်လပ်များကို ဖြည့်ပါ။
   ယောဘ ၂၅း၄ (Job 25:4) တွင် ဘိလဒတ် (Bildad) က မည်သည့်မေးခွန်းကို မေးခဲ့သနည်း။(၃-မှတ်)

   _____

18. believer's sanctification တွင် သုံးပါးတဆူဘုရားမှ မည်သည့်ပုဂ္ဂိုလ်တော်သည် ကိုယ်စားလှယ် (agent) ဖြစ်သနည်း(၃-မှတ်)

   _____

19. အဘယ့်ကြောင့် အကျင့်စာရိတ္တကောင်းသူဖြစ်ယုံမျှနှင့် (naturally good man) ဖြောင့်မတ်သူ မဟုတ်ကြောင်း ဖေါ်ပြသည့် ကျမ်းပိုဒ်နှင့်ရှင်းလင်းချက်ကို ယှဉ်တွဲပါ။(၂၅-မှတ်)

____ဖြောင့်မတ်သောသူမရှိကြောင်း ဘုရားသခင်မြင်သောကြောင့် a. Ephesians 2:8
Because God sees no man as righteous.

____ကယ်တင်ခြင်းသည် အကျင့်အားဖြင့်မဟုတ် ကျေးဇူးတော်အားဖြင့်ရသောကြောင့် b. Galatians 3:10
Because salvation is by grace and not by works.

____လူသည် အကျင့်အားဖြင့် ဖြောင့်မတ်ခြင်းကို မရနိုင်သောကြောင့် c. Romans 3:23
Because works or law were never able or intended to make a man righteous.

____ပညတ်တရားက အပြည့်အဝလိုက်လျောက်ရန်တောင်းဆိုသောကြောင့် d. Ephesians 2:9
Because the law requires perfect obedience.

____သို့ဖြစ်၍ လူသည် မဝါကြွားနိုင်။ e. Romans 3:20
Because then a man could boast.

20. ဖြောင့်မတ်ခြင်းရလဒ်များ (results of justification) ၄-မျိုးကို ဖေါ်ပြသည့် ကျမ်းပိုဒ်နှင့်ရှင်းလင်းချက်ကို ယှဉ်တွဲပါ။(၁၆-မှတ်)

____ ရောမ ၅း၁ Romans 5:1 a. No wrath - အမျက်တော်ကုန်ခြင်း
____ ရောမ ၅း၉ Romans 5:9 b. Good works - အကျင့်ကျင့်ခြင်း
____ ဧဖက် ၂း၁၀ Ephesians 2:10 c. Peace with God - ဘုရားရှင်နှင့်ရန်ငြိမ်းခြင်း
____ ရောမ ၈း၃၀ Romans 8:30 d. Glory - ဘုန်းအသရေနှင့်တင့်တယ်ခြင်း

သင်ခန်းစာ (၂၃)၊ ဓမ္မဟောင်းကျမ်းတွင်ရှိသောပုံဆောင်ချက် - Typology in the Old Testament

နိဒါန်း - Introduction

ဤသင်ခန်းစာကို ကျွန်ုပ်ပြင်ဆင်နေချိန်တွင် Pentateuch ခေါ်မောရှေ၏ကျမ်း (၅)ကျမ်းမှ ပုံဆောင်ချက် အမြောက်အများ တွေ့ရှိရသောအခါအားတက်မိပါသည်။ တစ်ချိန်တည်းမှာပင် ထိုပုံဆောင်မှုအားလုံးကို ဤသင်ခန်းစာတွင် ထည့် သွင်းဖော်ပြ နိုင်မည်မဟုတ်သော်လည်း၎င်းတို့ အားလုံးကိုသိလိုသော ဝိညာဉ် ဆာလောင်မှု ပေါ်ပေါက်စေ မည်ဟုမျှော်လင့်ပါသည်။

- John 5:39 – “ထိုကျမ်းစာ (ဓမ္မဟောင်း) ပင်ငါ၏သက်သေဖြစ်၏။”
- Luke 24:27 – “ထိုအခါမောရှေ၏ကျမ်းစာမှစ၍ပရောဖက်တို့၏ကျမ်းစာ၊ (ဓမ္မဟောင်း) ၌ ကိုယ်တော်ကို ရည်မှတ်၍ ရေးထားသမျှသောကျမ်းစာချက်အနက်ကိုရှင်းလင်းစွာဖော်ပြတော်မူ၏။”
- Luke 24:44 – “မောရှေ၏ကျမ်းစာ၌လည်းကောင်း၊ ပရောဖက်တို့၏ကျမ်းစာ၌လည်းကောင်း၊ ဆာလံ ကျမ်းစာ ၌ လည်းကောင်း ငါ့ကိုရည်မှတ်၍ရေးထားသမျှသောအချက်တို့သည်ပြည့်စုံရမည်။”
- Acts 8:35 – “ဖိလိပ္ပုသည် မိမိနှုတ်ကိုဖွင့်၍ထိုကျမ်းချက် (ဟေရှာ ၅၃)ကိုအစွဲပြုလျက် ယေရှု၏ အကြောင်းတည်း ဟူသော ဧဝံဂေလိတရားကိုဟောလေ၏။”
- Acts 17:2-3 – “ပေါလုသည်---ဥပုသ်နေ့သုံးရက်တွင်ကျမ်းစာ (ဓမ္မဟောင်း)ကို အမှီပြု၍ထိုသူတို့နှင့် ဆွေးနွေးနှီနော သဖြင့်၊ ခရစ်တော်သည်အသေခံရမည်။ သေခြင်းမှထမြောက်ရမည်။ ငါပြောသောယေရှုသည် ခရစ်တော်ဖြစ်သည် ဟူသော အကြောင်းအရာတို့ကိုရှင်းလင်းစွာဖွင့်ပြလေသည်။”

သခင်ယေရှုခရစ်သည် ဓမ္မသစ်ကျမ်းစာတွင်သာမကဓမ္မဟောင်းကျမ်းစာတွင်ပါ အဓိကအကြောင်းအရာနှင့် အဓိက ဖော်ပြလို သောပုဂ္ဂိုလ်ဖြစ်ကြောင်းအမြဲသတိပြုရပါမည်။

ဓမ္မဟောင်းကျမ်းစာတွင်ခရစ်တော်၏ဧဝံဂေလိတရားတော်သည်ပုံဆောင်ချက်များ(types)၊ အရိပ်များ(shadows)၊သင်္ကေတများ(symbols)၊ပရောဖက်ပြုချက်များ (prophecies)၊ ပုံသဏ္ဌာန်များ(patterns and figures) ဖြင့်လျှို့ဝှက်ဖုံးကွယ်ထားလျက်ရှိပါသည်။ ဓမ္မသစ်ကျမ်းစာတွင်လုံးဝပေါ်လွင်နေပြီးဖြစ်ပါသည်။ "ပြောရလျှင်" ဓမ္မသစ်သည် ဓမ္မဟောင်း၏အကောင်အထည်ဖြစ်ပြီး၊ ဓမ္မဟောင်းသည် ဓမ္မသစ်၏ အရိပ်ဖြစ်သည်။ ဓမ္မဟောင်း ကျမ်းမှကောက်နှုတ်ချက်ပေါင်း (၈၀၀)ကျော်ဓမ္မသစ်ကျမ်းတွင် တွေ့ရှိရပြီးငင်းတို့အနက်မှ အများစုသည် ခရစ်တော်ကို ရည်ညွှန်းထားပါသည်။

ဓမ္မဟောင်းကျမ်းမှပုံဆောင်ချက်အကြောင်းလေ့လာခြင်းဖြင့်ဓမ္မဟောင်းကျမ်းစာ၏အရေးပါမှုကိုပိုမိုသတိပြုမိစေရန်နှင့်ထိုအရာများကို လေ့လာခြင်းအားဖြင့်ခရစ်တော်အားချစ်ခင်မှုပိုလာစေမည်ဟုမျှော်လင့်လျက်၊ ဤ သင်ခန်းစာကို ပြင်ဆင်ခြင်းဖြစ်ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- ❖ ခရစ်တော်သည် ကျမ်းစာရှိသမျှ၏ ဗဟိုချက်၊ အဓိကအချက်အကြောင်းကြီးဖြစ်သည်။ စာအုပ်တိုင်းတွင် ခရစ်တော်ကိုပုံ ဖော်ထားပါသည်။

❖ မောရှေ (၅)ကျမ်းတွင် (Pentateuch) ခရစ်တော်၏ ပုံဆောင်ချက်အမြောက်အများ တွေ့ရှိရပါသည်။ ဤ ပုံဆောင်ချက်များကို လေ့လာခြင်း သည် သမ္မာကျမ်းစာ လေ့လာမှုတွင် အားတက်မှု ဖြစ်ပေါ်လာစေပြီး၊ ဓမ္မဟောင်း ကျမ်းစာကို နှစ်သက်မှုတိုးပွားလာစေ သည် သာမက၊ ခရစ်တော်၌ ဆက်ကပ်မှု ပိုမိုနက်ရှိုင်း လာစေပါမည်။

❖ ပုံဆောင်ချက် များကိုနားလည်ခြင်းအားဖြင့် ဓမ္မဟောင်းကျမ်း စာသက်ဝင်လူပ်ရှား လာစေပါသည်။ ဤကျမ်းစာသည် အမှန်အားဖြင့်စာ အုပ်ပေါင်း(၆၆)အုပ်ပါဝင်သော်လည်း ထိုစာအုပ် များတို့သည် ခရစ်တော်၏ ပူဇော်သက္ကာ(sacrifice)၊ ရှင်ပြန်ထမြောက်တော်မူခြင်း(resurrection) အားဖြင့် ကယ်တင်ခြင်းတရား (redemption) နှင့် ခရစ်တော် ၏အနာဂတ်ဘုန်းအသရေတော် (future glory of Christ) အကြောင်း ကိုဖော်ပြသောစာအုပ် ကြီးဖြစ်ကြောင်း တွေ့ရှိမည်ဖြစ် ပါသည်။

သင်ခန်းစာ - THE LESSON

I. ပုံဆောင်ချက်ဖြစ်ကြောင်းအခွင့်အာဏာ။ (THE AUTHORITY FOR TYPES)

A. လူပုဂ္ဂိုလ်များနှင့်အဖြစ်အပျက်များ (persons and events) – 1 Corinthians 10:1-11.

B. တဲတော် (Tabernacle) - ပစ္စည်းများ(objects)၊ သင်္ကေတများ(symbols)၊ အရောင်အဆင်း(colors)၊ နေ့ထူးနေ့မြတ် (special days)၊ ပူဇော်သက္ကာ(sacrifices)၊ ပွဲတော် (feasts) စသည်များ၊ – Hebrews 9:1-26.

II. ပုံဆောင်ချက်၏အဓိပ္ပါယ်။ (THE MEANING OF A TYPE)

A. အပေါင်းလက္ခဏာအားဖြင့် - Positively:

1. ဓမ္မဟောင်းကျမ်းတွင်ဖော်ပြထားသော ပုံဆောင်ချက်များ (type) သည် ဓမ္မသစ်ကျမ်းတွင် အကောင်အထည် ပေါ်လာစေရန် ဘုရားရှင်စနစ်တကျလုပ်ဆောင်ထားသော အကြံအစည်ရည်ရွယ်ထားချက် များ ဖြစ်ပါသည်။ ၎င်းတို့ကိုအောက်ပါအတိုင်းစုစည်းဖော်ပြနိုင်ပါသည်။

a. လူများ (People, like Adam) (Romans 5:14).
b. နိုင်ငံ (A whole nation, like Israel) (1 Corinthians 10:11).
c. အရာဝတ္ထု (A thing, like the veil) (Hebrews 10:19-20).
d. ဓလေ့ထုံးစံ(An institution, like the atonement) (Hebrews 9:11-12).
e. အခန်းအနား (A ceremony, like the feast of unleavened bread) (1 Corinthians 5:7).
f. တိရိစ္ဆာန် (An animal, like the lamb) (John 1:29).

2. ထိုပုံဆောင်များကို၊ ဓမ္မသစ်ကျမ်းတွင်ပုံပမာအရိပ် - patterns (Hebrews 8:5), ပုံပမာ - figures (Hebrews 9:9) and အရိပ် - shadows (Hebrews 10:1). အဖြစ်ရည်ညွှန်းထားပါသည်။

B. အနုတ်လက္ခဏာအားဖြင့် - Negatively:

1. ဓမ္မဟောင်းမှ နိမိတ်ပုံများသည် ဓမ္မသစ်ကျမ်းစာတွင် ပုံဆောင်ချက်များဖြစ်မလာပါက (anti-type or fulfillment)။ ထိုနိမိတ်ပုံဆောင်သော ပုဂ္ဂိုလ်၊ အရာဝတ္ထုများကို၊ ပုံဆောင်ချက် (perfect type) အဖြစ်မသတ်မှတ်နိုင်ပါ။
2. ချွင်းချက်-Exception:။ ဓမ္မသစ်ကျမ်းစာတွင်ထင်ရှားစွာထောက်ပြခြင်းမရှိသော်လည်း (with no given anti-type) (ဥပမာ- ယောသပ်၏အသက်တာ) ဝိညာဉ်ရေးရာအရအဓိပ္ပါယ်ပေါ်လွင်လျင် ပုံဆောင်ချက်အဖြစ်မှတ်ယူ နိုင်ပါသည်။ (something or someone like Joseph (with no given anti-type) can be considered a type if the analogies and spiritual significance is such that the Spirit's meaning is clear.

III. ပုံဆောင်ချက်များ၏ရည်ရွယ်ချက်။ (THE PURPOSE OF TYPES)

A. ဥပမာအဖြစ်-For our example -
(1 Corinthians 10:11) - "ထိုအကြောင်းအရာရှိသမျှတို့သည်ပုံသက်သေဖြစ်အံ့သောငှာ ထိုသူတို့၌ရောက်ကြ၏"။ တနည်းအားဖြင့် ထိုပုံဆောင်ချက်များ (Types) သည် ခရစ်တော်၏အမှုကို ဆောင်ရွက်ရာ၌သော်လည်းကောင်း၊ ခရစ်တော်နှင့်ဆက်ဆံရာ၌သော်လည်းကောင်း၊ မည်ကဲ့သို့မျှော်လင့်ရမည်ကို ခန့်မှန်းနိုင်ရန် သရုပ်ဖော် နေခြင်းဖြစ် ပါသည်။

B. ကျွန်ုပ်တို့ အဖို့ ဆုံးမသွန်သင်စရာဖြစ်ရပ်။ - For our admonition –
(1 Corinthians 10:11) – "ငါတို့ကိုဆုံးမစရာဘို့ကျမ်းစာ၌ရေးထားလျက်ရှိ သတည်း။" ထိုပုံဆောင်ချက်များ (Types) သည် သရုပ်ပြအဖြစ်သာရေးထားခြင်းမဟုတ်ဘဲ၊ တိုက်တွန်းနှိုးဆော်ခြင်း၊ ပိုမိုသန့်ရှင်းစွာ အသက်ရှင်စေရန် ဆုံးမခြင်း၊ ပိုမိုဆက်ကပ်သော အသက်တာ ရှိစေရန် ဖြစ်ပါသည်။ (2 Timothy 3:16-17).

C. ပိုမိုလေ့လာနိုင်ရန်(For our learning) –
Romans 15:4 – "ကျမ်းစာ၌အထက်ကရေးထားသမျှသည် ငါတို့ကိုဆုံးမသြ ဝါဒပေး၌ရေးထားသတည်း" ပုံဆောင်များသည် သရုပ်ဖော်ခြင်းမျှသာမဟုတ်၊ ကြီးမားမှန်ကန်သော သစ္စာတရားအတွက်လည်းဖြစ်ပါသည်။ (Romans 4:23-24).

D. ခရစ်တော်အားထင်ရှားပေါ်လွင်စေလျက်ကိုယ်တော်၏အကြောင်းကိုသွန်သင်ရန်။
(Luke 24:27) – "ထိုအခါကျမ်းစာများ၌ကိုယ်တော်ကိုရည်မှတ်၍ရေးသားထားသမျှသောကျမ်းစာချက်အနက်ကို ရှင်း လင်းစွာဖော်ပြတော်မူ၏"
(Luke 24:44) – "ငါ့ကိုရည်မှတ်၍ရေးထားသမျှသော အချက်တို့သည် ပြည့်စုံရမည်"
(John 5:39) — "ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်သည်။"

IV. ကမ္ဘာဦးကျမ်းမှပုံဆောင်များ။ (TYPES IN GENESIS)

A. Adam – အာဒံ။ ဓမ္မသစ်ကျမ်း၏ရှင်းလင်းချက်များကို၊ (၁ကော၊ ၁၅း၄၅။ ရော၊ ၅း၁၄) တို့တွင်လေ့လာပါ။

အာဒံသည် အချို့သော နေရာများတွင်ခရစ်တော်အားပုံဆောင်လျက်၊ အချို့နေရာများတွင်ဆန့်ကျင် ဘက်ဖြစ်ပါသည်။ (Adam was a positive type of Christ in some ways and a contrasting type in others.)

1. အပေါင်းလက္ခဏာအားဖြင့် - Positively:

a) ပုံဆောင်ချက် ၂-ခုစလုံးသည် အသစ်သောဖန်ဆင်းခြင်း၏အစအဦးများဖြစ်ပါသည်။ ဓမ္မဟောင်းတွင် အာဒံ (Genesis 1:26-28; Luke 3:38; Genesis 2:15-26)၊ ဓမ္မသစ်တွင် ခရစ်တော် (Revelation 11:15; 20:6; 2 Corinthians 5:17; Ephesians 2:10, 4:24)

b) ပုံဆောင်ချက် ၂-ခုစလုံးသည် အပြစ်အနာအဆာများရှိ၍၊ ၎င်းတို့ ၏ အပြစ်အနာအဆာရှိသော ဇနီးများ ဖြင့် ထိမ်းမြားစေသည်။ (အာဒံ-ဧဝ၊ အသင်းတော်-ခရစ်တော်) (Genesis 2:22-25; Ephesians 5:22-32). (Both were wounded, and from their wounded sides brides were formed and given: Eve to Adam – The Church to Christ)

c) ပုံဆောင်ချက် ၂-ခုစလုံးသည် စာတန်၏တုမှုကိုခံခဲ့ရပါသည်။ (Both are challenged by Satan) (Genesis 3:1-6; Matthew 4:1-11).

d) ပုံဆောင်ချက် ၂-ခုစလုံးသည် ကိုယ်ကာယတပ်မက်မှုဖြင့်စုံစမ်းခြင်းခံရပါသည်။ (Both were tempted as to physical appetite) (Genesis 3; and Matthew 4:3-4).

2. ဆန့် ကျင်ဖက်အသွင်အားဖြင့် - In contrast:

a) အာဒံသည် အသက်ရသည်။(Adam was given life) (Genesis 2:7). ခရစ်တော်သည် အသက်ကို ပေးသည်။ (Christ gives life) (1 Corinthians 15:45; John 10:10, 28).
b) အာဒံ၌လူတိုင်းသေရသည်။ (In Adam all die) (1 Corinthians 15:22). ခရစ်တော်ကို ယုံကြည်သူ တိုင်းအသက်ရသည်။(In Christ all who believe are made alive) (1 Corinthians 15:22; 1 John 5:12; John 20:31).
c) အာဒံအားဆုံးရှုံးသောသတို့သမီးပေးထားပါသည်။ (Adam was given a bride who failed) (Genesis 2:22-3:6). ခရစ်တော်အားမဆုံးရှုံးနိုင်သော သတို့သမီးကို ပေးထားပါသည်။ (Christ is given a bride that cannot fail) (Ephesians 5:25-27; Revelation 19:7- 8).
d) အာဒံသည်ကမ္ဘာလောကၦဖြစ်၍အသွေးအသားမျိုးဆက်ကိုခေါင်း ဆောင်စေသည်။ (Adam was head of that which was natural and of the earth.) ခရစ်တော်သည် ဝိညာဉ်နှင့်ဆိုင်သော အရာ၏ခေါင်း ဆောင်ဖြစ်ပါသည်။ ကောင်းကင်ဆိုင်ရာဖြစ်သည်။ သူသည်ကောင်းကင်ကလာသော သခင် ဖြစ်သည်။ (Christ was head of that which is spiritual, heavenly! He was the Lord from heaven) (1 Corinthians 15:46-48).

B. Eve – ဧဝ ယုံကြည်သူနှင့်အသင်းတော်ကိုပုံဆောင်သည်။ (a type of the believer and the church)
1. ဧဝသည် အာဒံမှတစ်ဆင့်ဖန်ဆင်းခြင်းခံရသည်။ (She was created from Adam) (Genesis 2:22).

ကျွန်ုပ်တို့ကား "ယေရှုခရစ်တော်" ၌ဖန်ဆင်းထားပါသည်။(We are created “in Christ Jesus”)(2 Corinthians 5:17).

2. ဧဝသည်အာဒံ၏သတို့သမီးဖြစ်လျက်အာဒံအားထောက်မရန်ဖြစ်ပါသည်။(She was to be Adam’s bride and a helper to him) (Genesis 2:18-24) အသင်းတော်သည် ခရစ်တော်၏ သတို့သမီးဖြစ်လျက် ကိုယ်တော်နှင့်အတူ အလုပ်လုပ်သူဖြစ်သည်။ (The Church is Christ’s bride and worker together with Him) (Ephesians 5:22-32; John 3:28-29; 2 Corinthians 6:1).

3. အာဒံ၏ပကတိကိုပေးထားပါသည်။ (She was given Adam’s nature) (Genesis 5:2; 2 Corinthians 11:2-3). ကျွန်ုပ်တို့အားခရစ်တော်၏ပကတိကို ပေးထား ပါသည်။ (We are given Christ’s nature) (Galatians 2:20; 2 Peter 1:4; 2 Corinthians 5:17).

C. The coats of skins (Genesis 3:21) – သားရေဝတ်လုံ။

အာဒံ၏အရှက်ကိုဖုံးကွယ်ရန် ဘုရားသခင်ဆောင်ရွက်ပေးသော ဝတ်လုံဖြစ်ပါသည်။ ဤသားရေဝတ်လုံ သည် ယုံကြည်သူအား ဝတ်ဆင်ပေးလိုက်သော ခရစ်တော်၏ဖြောင့်မတ်ခြင်း ဝတ်လုံကိုပုံ ဆောင်ခြင်းဖြစ်သည်။ (Philippians 3:9;1 Corinthians 1:30; Isaiah 61:10; Romans 3:21; Revelation 19:8).

D. Cain and Abel – ကာဣနနှင့် အာဗေလ။

ဤညီအစ်ကိုနှစ်ယောက်တို့သည် ယုံကြည်သူနှင့်မယုံကြည်သူ (unbeliever and the believer)တို့နှစ်ဦး ၏ဆန့်ကျင်ဘက်ဖြစ်မှု ကိုပုံဆောင်ထားသည်။ (Genesis 4:1-15) ကာဣနသည် မိမိတွင်အပြစ်ရှိကြောင်း ဝန်ခံရန်ငြင်းပယ်လျက် ယဇ်ကောင်အသွေးဖြင့်ပူဇော်ဖို့ လိုအပ်မှုကို ငြင်းပယ်သည်။ မိမိလက်မှုဖြစ်သော အရာနှင့် ဂုဏ်ယူစွာဖြင့်၊ မိမိဆန္ဒအလျောက် ရွေးချယ်သောအရာကို ဘုရားသခင်သည်လက်ခံမည်ဟု ယူဆလျက်ယူ ဆောင်လာပါသည်။ငြင်းပယ် တော်မူခြင်းခံရသောအခါ မိမိ၏ဒေါသကို အခွင့်ပြု လျက်သူ့အသက်ကို သတ်မှု ဖြစ်စေပါသည်။ အာဗေလသည်ဝိညာဉ်ပကတိလူကိုပုံဆောင်ပါသည်။(spiritual man) သဘာဝအားဖြင့် ကာဣန ထက်ကောင်းသောသူမဟုတ်သော်လည်း "ကာ ဣနပူဇော်သော ယဇ်ထက်သာ၍ယဇ်ကိုယုံကြည်ခြင်း အားဖြင့် ဘုရားသခင်အားပူဇော်၏"(Hebrews 11:4)။ သူသည်နာခံသူဖြစ်ပါသည်။ မိမိသည် အပြစ်ရှိသူဖြစ် ကြောင်း အသိအမှတ်ပြုလျက်ကယ်တင် ခြင်းအတွက်မိမိကိုယ်စားအသွေးသွန်းမှုဖြစ် မည်ဟု ယုံကြည်သည်။ (Hebrews 11:4; 9:22;1 John 3:12).

E. The firstborn of the flock (Genesis 4:4) – သိုးစုတွင်အဦးဘွားသောသား။

သိုးသငယ် (lamb) သည် ခရစ်တော်အားဝေဒနာကိုယူတင်ဝတ်ဆောင်သောကယ်တင်ရှင်အဖြစ်ဖော်ပြရာတွင် အ ထိရောက်ဆုံး၊ အပေါ်လွင်ဆုံး၊ အစဉ်သဖြင့်ဖေါ်ပြနိုင် သောပုံဆောင်မှုဖြစ်ပါသည်။ (John 1:29; Hebrews 9:26). သားသတ်အိမ်သို့ပို့ဆောင်ခြင်းခံရသော သတ်ဘို့ရာထားသော၊ သိုးသငယ်ကဲ့သို့ ခရစ်တော် သည် ပြန်၍ရန်တုံမမူ သောနှိမ့်ချသောအပြစ် အနာအဆာကင်းမဲ့သောသိုးသငယ်ကိုပုံဆောင်ထားပါသည်။ (Isaiah 53:7; Matthew 26:52-54).

F. Enoch (Genesis 5:22-24) – ဧနောက်။

ဖနောက်သည်ချီဆောင်ခြင်းကာလတွင်အသက်ရှင်လျက်ရှိနေမည့်ယုံကြည်သူအားပုံဆောင်ပါသည်။ ထို ယုံကြည်သူသည် သခင်ဘုရားနှင့်တွေ့ဆုံရန်"မိုးတိမ်သို့ချီဆောင်ခြင်းခံရလျက်" လောကတွင်ကျရောက်သော ဘေးဒဏ်ကြီး ကာလနှင့်ကင်းလွတ်သွားခြင်းကိုပုံ ဆောင်ခြင်း ဖြစ်ပါသည်။ (Hebrews11:5; 1 Thessalonians 4:16-17).

G. Abraham (Genesis 15:6) – အာဗြဟံ။

အာဗြဟံကို ဖခင်အဖြစ်လည်းကောင်း၊ ယုံကြည်ခြင်းဖြင့်ကယ်တင်ခြင်းသို့ရောက် သောသူတိုင်းအဖြစ် လည်းကောင်း၊ ပုံဆောင်ပါသည်။ (Galatians 3:6-7; Romans 4:3; James 2:23)။ သားတော်ရင်းကို မနှမြောသော ခမည်းတော်ဘုရားသခင်ကိုပုံဆောင်ပါသည်။(Genesis 22:9; Romans 8:32)။ မိမိသားအတွက် သတို့သမီးရှာဖွေပေးသောဖခင်ကိုပုံဆောင်သည်။ (Genesis 24; Romans 7:4; 2 Corinthians 11:2).

H. Melchizedek, (Genesis 14:17-18) – "ဖြောင့်မတ်ခြင်းဘုရင်" ဟုအမည်ရသာယဇ်ပုရောဟိတ်မင်း

ယဇ် ပုရောဟိတ်မင်း၊ ရှင်ဘုရင်ဖြစ်သောခရစ်တော်ကိုပုံဆောင်ပါသည်။ ငြိမ်သက်ခြင်းဟုအဓိပ္ပါယ်ရှိသော ရှာလင် (Salem) မင်းကြီး ဖြစ်သည်။ ရှင်ဘုရင်၏အခွင့်အာဏာရခြင်း၊ သူ၏ အဆုံးမရှိသော ယဇ်ပုရောဟိတ် မင်း အရာ (endless duration of His priesthood) သည် ခရစ်တော်သေခြင်းမှ ရှင်ပြန်ထမြောက်သော ယဇ်ပုရောဟိတ်ဖြစ်ခြင်းကိုပုံဆောင်ပါသည်။ (Hebrews 7:2; 5:6; 6:20).

I. Sarah (Genesis 21:3 – စာရာ။

စာရာသည် ကျေးဇူးတရားကိုပုံဆောင်ပါသည် ဟာဂရက်ခဲ့သို့ကျွန်မ မဟုတ်၊ "လွတ်လပ်သောမိန်းမ"ဖြစ်သည်။
(a type of grace “the free woman” in contrast to Hagar) (Genesis 17:15-19; Galatians 4:21-31).

J. Isaac (Genesis 21:3) – ဣဇက်။

ဣဇက်သည် များစွာသောအကြောင်းတို့ကိုပုံဆောင်လျက်ရှိပါသည်။ (a type of several things.)
အထင်ရှားဆုံး အချက် များမှာ -

1. သေခြင်းတိုင်အောင်နာခံသည့်ခရစ်တော်ကိုပုံဆောင်ခြင်း။ (Christ, obedient unto death) (Genesis 22:1-10; Philippians 2:5-8).
2. တပါးအမျိုးသားတို့ အားသူ၏သတို့သမီးအဖြစ် ခေါ်ထုတ်သည့် ခရစ်တော်ကိုပုံဆောင်ခြင်း(Christ, as the bridegroom of a Gentile, called-out bride) (Genesis 24; Ephesians 5:22-31; Matthew 25:10)
3. သေခြင်းမှရှင်ပြန်ထမြောက်ခြင်းကိုပုံဆောင်ခြင်း။ (resurrection) (Hebrews 11:17-19).

K. The ram in the thicket (Genesis 22:13) – ချုံပုတ်၌ချုံငြိလျက်ရှိသောသိုး။

ကျွန်ုပ်တို့၏နေရာတွင်အစားထိုးခံရသော ကျွန်ုပ် တို့ကိုယ်စားပူဇော်သကာပြု သော ခရစ်တော်ကိုပုံဆောင်ပါသည်။ (a type of Christ, our substitute, who was offered up in our stead) (Hebrews 10:5-10; 11:17-19).

♦ အောက်ပါ (L to O) တို့ သည် ကမ္ဘာဦးကျမ်းအခန်းကြီး - ၂၄ တွင်တွေ့ ရသည်။

L. Abraham – အာဗြဟံ -

မိမိသားအတွက်သတို့သမီးအလိုရှိသောခမည်းတော်ဘုရား။ (the Father who wants a bride for his son.)

M. The servant – ကျွန်

ကျွန်သည်မိမိအကြောင်းကိုမည်သည့်အခါမျှပြောဆိုခြင်းမပြုသောသန့်ရှင်းသောဝိညာဉ်တော်ကို ပုံဆောင်သည်။ (သတို့သမီးကိုရယူလျက် သတို့သားကို ချီးမြှောက်သူ)။ သတို့သားထံမှဆုလာဘ်များစွာကိုယူဆောင် ၍သတို့သမီး အားပေးသူ။ (1 Corinthians 12:7-11; Galatians 5:22-23) သတို့သမီးအားသတို့သားထံသို့ပို့ ဆောင်ယူလာသူ။(1 Thessalonians 4:16-17;Romans 8:11).

N. Rebekah – ရေဗက္ကာ။

ရေဗက္ကာသည် ရှေးချယ်ထားသောအပျိုကညာသတို့သမီး ဖြစ်သည့် အသင်းတော်ကို ပုံဆောင်ပါသည်။ (the Church as the virgin – called-out bride (Genesis 24:16; 2 Corinthians 11:2; Ephesians 5:28-32).

O. Isaac – ဣဇက်။ ကျွန်ုပ်ပြောပြချက်အရ သတို့သမီးကိုချစ်မြတ်နိုးသူ ၁ ပေ၊ ၁း၈။ သတို့သမီးကိုတွေ့ဆုံရန်နှင့်လက်ခံယူရန် ထွက်ကြိုသူ ၁ သက်၊ ၄း၁၆-၁၈။ the bridegroom, who loves the bride through the testimony of the servant (1 Peter 1:8) then goes out to meet and receive his bride (1 Thessalonians 4:16-18).

P. Joseph – ယောသပ်။

ယောသပ်သည် ခရစ်တော်ကိုပုံဆောင်ပါသည်။ ခမ္ဗသစ်ကျမ်းတွင်တိကျစွာဖော်ပြထားခြင်းမရှိသော် လည်း စိစစ်သော အခါခိုင်လုံ ပြည့်စုံသည်ဖြစ်၍ ပုံဆောင်ကြောင်းငြင်းပါယ်၍မရပါ။ (a type of Christ. While this is not asserted in the New Testament the analogies are so abundant and clear, the typology is unavoidable.)

1. He was the object of his father's love (ဖခင်၏ချစ်ခင်မြတ်နိုးခြင်းခံရသူ)။
   (Genesis 37:3; John 3:35; 5:20; 17:24, 26).

2. He was hated by his own brethren (ညီအစ်ကိုတို့မုန်းခြင်းခံရသောသူ)။
   (Genesis 37:4; John 15:25).

3. His claims despised and rejected by his brethren
   (သူပြောသောစကားကြောင့်ညီအစ်ကိုတို့ကို စိတ်ပျက်ပြီးညီအစ်ကိုတို့၏ငြင်းပါယ်ခြင်း ကိုခံရသူ)။
   (Genesis 37:8; Isaiah 53:3; John 15:18, 24, 25).

4. Figuratively, he was slain by his brethren
   (သူသည် အစ်ကိုများ၏သတ်ဖြတ်ခြင်းကို ခံရသည်ဟုပင်ပြောနိုင်သည်။)
   (Genesis 37:24; Matthew 27:35-37; Acts 2:23).

5. Figuratively, in resurrection, he became a blessing to the Gentiles and gained a Gentile

bride (သူသည် သေရွာပြန်ဖြစ်ကာ၊ တစ်ပါး အမျိုသားတို့အတွက် ကောင်းချီး မင်္ဂလာဖြစ်ပြီး တစ်ပါးအမျိုးသား သတို့သမီးကိုရရှိသည်။ (Genesis 41:1-45; Acts 15:14; Ephesians 5:20-32).

6. He reconciles himself to his brethren and exalts them (သူသည် မိမိညီအစ်ကိုများနှင့်သင့်မြတ်မှု ရရှိစေရန်မိမိကိုယ်တိုင်သူတို့ကိုချီးမြှောက်ခဲ့သည်။(Genesis 45:1-15; Deuteronomy 30:1-10 (note especially verses 3 & 5); Romans 11:1, 15, 25, 26).

V. ထွက်မြောက်ရာကျမ်းမှပုံဆောင်များ (TYPES IN EXODUS)

A. ၎င်းသည်ကျမ်းတစ်စောင်လုံးသည်ရွေးနှုတ်ခြင်းကိုပုံဆောင်ထားပါသည်။

1. ဘုရားသခင်တစ်ပါးတည်းပြုတော်မူသောအမှုဖြစ်သည်။(Exodus 3:7-8; John 3:16; Ephesians 1:7).
2. ၎င်းသည်ပုဂ္ဂိုလ်တစ်ဦးအားဖြင့်ဖြစ်ပါသည်။(Exodus 2:3; John 3:17; Colossians 1:14).
3. ၎င်းသည်အသွေးအားဖြင့်ဖြစ်ပါသည်။(Exodus 12:13, 23, 27; 1 Peter 1:18-19).
4. ၎င်းသည်တစ်ခိုးတော်အားဖြင့်ဖြစ်သည်။(Exodus 6:6; 13:14; Romans 8:2; Galatians 5:16).

B. Moses – မောရှေ။

မောရှေသည် ခရစ်တော်ကိုပုံဆောင်ပါသည် (A type of Christ) (Deuteronomy 18:15; Acts 3:22) – ကျွန်ုပ်တို့ အတွက်ဘု ရား သခင်ရွေးကောက် ထားသူဖြစ်သည်။ (our divinely chosen deliverer) (Exodus 3:7-10; Isaiah 61: 1-2; Luke 4:18; 2 Corinthians 1:10; 1 Thessalonians 1:10).

1. မောရှေသည် ဘုရားသခင်ကိုယ်တိုင်ရွေးချယ်ထားသောပုဂ္ဂိုလ်ဖြ စ်သည်။(Exodus 3:7-10; Acts 7:25).
2. မောရှေသည် ကွာသရေလအမျိုးသားတို့ကငြင်းပယ်သဖြင့်တစ်ပါးအမျိုးသားများဘက်သို့ဦးလှည့်ရသည်။ (Exodus 2:11-15; Acts 28:17-28).
3. မောရှေသည်ငြင်းပယ်ခြင်းခံရသောအခါသတို့သမီးတစ်ဦးကိုရရှိသည်။ (Exodus 2:16-21; 2 Corinthians 11:2).
4. မောရှေသည် ကွာသရေလအမျိုးသားကယ်လွှတ်သူအဖြစ်တစ်ဖန်ပေါ်လာလျက်လက်ခံခြင်းခံရသည်။ (Exodus 4:29-31; Acts 15:14-17; Romans 11:24-26).

5. Typifies Christ as Prophet (ပရောဖက်အဖြစ်ခရစ်တော်ကိုပုံဆောင်သည်)။(Acts 3:22-23); Advocate(ရှေ့နေအဖြစ်ပုံဆောင်သည်။) (Exodus 32:31-35; 1 John 2:1-2); Intercessor (အယူခံဝင်ပေး သူ အဖြစ်ပုံဆောင်သည်။)(Exodus 17:1-6; Hebrews 7:25); Leader(ခေါင်းဆောင်အဖြစ်ပုံ ဆောင်ပါသည်။) (Deuteronomy 33:4-5; Hebrews 2:10).

C. The Passover (Exodus 12:1-28) — ပဿခါပွဲတော်။

ခရစ်တော်အားကျွန်ုပ်တို့၏ပဿခါသိုးသငယ်၊ ကျွန်ုပ်တို့၏ ရွေးနှုတ်ရှင် အဖြစ်ပုံဆောင်ထားပါသည်။(John 1:29;

1 Corinthians 5:6-7; 1 Peter 1:18-19).

သိုးသငယ်သည် -

1. အပြစ်မပါသူဖြစ်ရမည်။(Exodus 12:5-6; Luke 11:53-54; John 8:46; 18:38; 1 Peter 1:19).
2. ရွေးချယ်ထားပြီးသောသိုးသငယ်ကိုသတ်ရမည်။(Exodus 12:6; 1 Peter 1:19; Hebrews 9:22; Acts 2:23; Revelation 5:6; 13:8; Luke 9:22).
3. The blood must be applied (အသွေးကိုသုံး၍ထိုးရမည်)။ (Exodus 12:7). ကျွန်ုပ်တို့သည် ခရစ်တော်၏အသွေးတော်ကို ယုံကြည်ခြင်းဖြင့်အသုံးပြု ကြရသည်။ We appropriate Christ's blood by faith (John 3:36; Romans 3:25).
4. ထိုထိုးထားသောအသွေးတစ်မျိုးတည်းသည်သာအပြစ်ဒဏ်ခံရန်စီရင်ခြင်းမှကင်းလွတ်စေသောခိုလှုံရာဖြစ်ပါ သည်။ The applied blood alone provided a perfect shelter from judgment (Exodus 12:13; Hebrews 10:10, 14; 1 John 1:7).
5. ပွဲတော်၊ ရွေးနှုတ်ခြင်းပြီးနောက်ပြုလုပ်ရသောပွဲ၊ ခရစ်တော်ကိုပုံဆောင်ပါသည်။ အသက်မုန့်၊ သခင်ဘုရား၏ ညစာ နှင့်ဆက်နွယ်ပါသည်။ The feast, following deliverance, typifies Christ, the Bread of Life and corresponds to the Lord's Supper (John 6:48; Matthew 26:26-28; 1 Corinthians 11:23-26).

D. Marah (Exodus 15:22-27) – မာရ။

ခါးသောရေကိုချိုစေသည့်၊ သစ်ပင်သည်ခရစ်တော်ကိုပုံဆောင်ပါသည်။ ကျွန်ုပ်တို့၏ ခါးသီးသော ဘဝ အသက်တာကို ကရာနီ (သစ်တိုင်) အားဖြင့်ချိုစေခြင်း ဖြစ်ပါသည်။ The bitter water made sweet by a tree typifies Christ, who by the "tree" of Calvary, makes our bitter lives sweet (1 Peter 1:6-8).

E. Manna (Exodus 16:35) – မန္နာ။

ဤပေါ့ပျက်သောစားစရာ "light bread" (Numbers 21:5) သို့မဟုတ်၊ ကောင်းကင်ဆန်စပါး "corn from heaven" (Psalm 78:24-25) သည် ခရစ်တော်ကိုပုံဆောင်ပါသည်။ "ကောင်းကင်ကဖြစ်သောမုန့်" "bread of heaven," သည်နှိမ့်ချခြင်းခြင့်မိမိအသက်စွန့်၍ ယုံကြည်သူသည်အသက် ရှင်မည့် အကြောင်းပြုတော်မူ သည်။ (John 6:49-51) ခရစ်တော်၏ သွန်သင်ချက်ကိုလိုက်နာခြင်းဖြစ်သည်။ ကောင်းကင်က လာသော အသက်မုန့်ကိုစားသုံးခြင်းဖြစ်ပါသည်။ (John 6:38-41)။ မန္နာ၏အရွယ်အစားသည် ခရစ်တော်ကို ပုံဆောင် ပါသည်။ (သေးငယ်ခြင်း၊ လူသားဆန်ခြင်း၊ နှိမ့်ချခြင်း) ပုံသဏ္ဌာန်အားဖြင့် (လုံးဝန်းခြင်း၊ထာဝရဖြစ်ခြင်း) အမည်အားဖြင့် (အဘယ် အရာနည်းဟုဆိုလို သည်။ လောကသည် ထိုသူကိုမသိ) ကမာဏအားဖြင့် (လူတိုင်း အတွက် အလုံအလောက် ရှိပါသည်။)

F. The rock in Horeb (Exodus 17:6) – တောအရပ်၌ရှိသောကျောက်။

ကျွန်ုပ်တို့၏ကယ်တင်ခြင်း "ကျောက်" ဖြစ် သောခရစ်တော်ကိုပုံဆောင်ပါသည်။(1 Corinthians 3:11; 10:4; Matthew 16:18; 1 Peter 2:4-8; Ephesians 2:20; Psalm 62:2,6;Isaiah 8:14; 28:16; Numbers 20:11).

ဤကျောက်နှင့်ပတ်သက်၍ ချစ်စရာကောင်းသော ပုံဆောင်ချက် အမြောက်အများရှိပါသည်။

1. ခရစ်တော်သည် ဘုရားသခင်၏ရိုက်ခြင်း (Smitten by God) (Isaiah 53:4)၊ လူ၏ရိုက်ခြင်း (Smitten by man)(John 18:22-23). ကို ခံရသည်။

2. ရေထွက်လာသည်။ (သန့်ရှင်းသောဝိညာဉ်တော်၏အသက်ရှင်စေသည့်တန်ခိုးတော်ကို ပုံဆောင်သည်။) (John 7:37-39; Romans 8:2; John 6:63).

3. ထိုသူတို့မထိုက်တန်သလို ကျွန်ုပ်တို့ လည်းမထိုက်တန်ကြ။ (Romans 3:9-12).

4. ရေကိုအခမဲ့ရသည်။ (ထို့အတူကျွန်ုပ်တို့၏ကယ်တင်ခြင်းလည်းအခမဲ့) The water was free, so is salvation (Romans 5:16, 18).

5. ဘုရားသခင်၏ကျေးဇူးတော်နှင့်တန်ခိုးတော်အားဖြင့်သာဖြစ်သည်။ (ထို့အတူကျွန်ုပ်တို့ ရရှိ သော ကယ်တင်ခြင်း၊ All by God's grace and power, so is salvation (Ephesians 2:8-9).

6. ရေသည် ပြည့်စုံလုံလောက်သော။ (ဘုရားသခင်၏ကျေးဇူးတော်) The water was abundant, so is God's grace (2 Corinthians 9:8; Romans 5:20).

7. လူတို့သည်သောက်လျက်ယုံကြည်ခြင်းဖြင့်အသက်ရှင်ရန်သာရှိပါသည်။(ကျွန်ုပ်တို့၌လည်း ထို့အတူ) The people had only to drink and live by faith, so it is with us (John 7:38-39).

G. The Tabernacle (တဲတော်)။(Exodus 25-31; 36-40)

တဲတော်မှတ်တမ်းတစ်ရပ်လုံးသည်ခရစ်တော်ကိုပုံဆောင်ပါသည်။ ထိုအထဲ၌ရှိသမျှတို့ သည်ဖြောင့်မတ်ခြင်းအရာ၌ ခန့်ထားခြင်းနှင့်ပတ်သက်ပါသည်။ ဤသို့အတိုကောက်ဖော်ပြခြင်းဖြင့် အသေးစိတ်နားလည်မည် ဟုယုံကြည်ပါသည်။ တဲတော်သည်ပုံဆောင် ဖြစ်ကြောင်းပေါ်လွင်စေရန်(ဟေဗြဲ ၉ း၁-၂၆) ကို သေချာစွာဖတ်ပါ။

1. တဲတော်သည်ပုံဆောင်ဖြစ်ကြောင်းဓမ္မသစ်ကျမ်းသည်ပုံစံ (၃)မျိုးဖြင့်ဖော်ပြထားပါသည်-

a) Of the church or sanctuary (Exodus 25:8) – အသင်းတော် (သို့မဟုတ်) ဘုရားကျောင်း၊ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် ကိန်းဝပ်ရာအရပ်။ as a "habitation of God through the Spirit" (Ephesians 2:19-22).

b) Of the believer ယုံကြည်သူနှင့်စပ်ဆိုင်၍၊(2 Corinthians 6:16).

c) As a figure or pattern of heavenly things ကောင်းကင်ဆိုင်ရာပုံသဏ္ဌာန်အဖြစ်၊ (Hebrews 9:23-24).

2. တဲတော်၌အသုံးပြုထားသောအရောင်များပင်လျှင်ပုံဆောင်ဖြစ်ပါသည်။ အများစုလက်ခံ ထားသည့် ထူးခြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

a) Gold represents Christ's deity.— ရွှေသည်ခရစ်တော်၏ဘုရားဖြစ်ခြင်းကိုကိုယ်စားပြုသည်၊

b) Silver signifies redemption. —ငွေသည်ရွေးနှုတ်ခြင်းကိုအထူးပြုသည်။

c) Bronze speaks of judgment.—ကြေးဝါသည် တရားစီရင်ခြင်း ကိုဖော်ပြသည်။

d) Blue represents that which is heavenly in nature and origin.— အပြာသည် ကောင်းကင်ဆိုင်ရာ ကောင်းကင်၏ပကတိကိုပုံဆောင်ပါသည်။

e) Purple signifies Christ's royalty.— ခရမ်းရောင် (မောင်းသောအထည်) သည်ခရစ်တော်၏ ဘုရား ဖြစ်ခြင်းကိုဖော်ပြသည်။

f) Scarlet speaks of blood sacrifice.— အနီရောင် (ကြက်သွေးရောင်)သည် အသွေးအားဖြင့် ပူဇော် သက္ကာကိုဖေါ်ပြသည်။

3. The ark (Exodus 25:10; 37:1-5) – ပဋိညာဉ်သေတ္တာတော်။
အကာရှသစ်သားနှင့်ပြုလုပ်၍ ရွှေစင်နှင့်မွန်းမံခြင်းသည်၊ ခရစ်တော်၏လူသားဖြစ်ခြင်းနှင့်ဘုရားဖြစ်ခြင်းကိုပုံဆောင် ပါသည်။ ထိုသေတ္တာတွင်ပါဝင်သော ပညတ်တော် ရေးထား သော ကျောက်ပြား၊ မန္နာ၊ အာရုန် ၏လှံတံ (ဟေဗြဲ၊ ဧးင့) တို့သည် ခရစ်တော် သည်မိမိစိတ်နှလုံးထဲတွင် ပညတ်ကို ထားရှိလျက်မိမိလူတို့ အတွက် ဝိညာဉ်အစာဖြစ်ပြီးသေခြင်းမှ ရှင်သန်ထမြောက်သူအဖြစ် ပုံဆောင်ထားပါသည်။

4. The mercy seat (Exodus 25:17-23; 37:6-9) – ကျေးဇူးတော်ပလ္လင်။
သေတ္တာကိုဖုံးသောရွှေပြားပေါ် တွင်အပြစ်ဖြေရာနေ့ ရောက်သော အခါယဇ်ပုရောဟိတ်မင်း သည် အသွေးကိုဖြန်းပါသည်။ ဘုရားသခင်သည် အပြစ်မဲ့သောတိရိစ္ဆာန်၏အသွေးကိုမြင်သောအခါ မိမိသန့်ရှင်းခြင်း၏ တောင်းဆိုချက်များပြေစေပြီးဖြစ်ကြောင်းသိတော်မူပါသည်။ တရားတော်မူသောဘုရားဖြစ်ကြောင်း ခိုင်မာပြီး ဖြစ်ပါသည်။ ဖြောင့်မတ်တော်မူခြင်းလည်းကျေနပ်မှုရရှိပြီးဖြစ်ပါသည်။ ထို့ကြောင့်တရားပလ္လင်ဖြစ်မည့် ထို နေရာသည် “ကျေးဇူးတော်ပလ္လင်” ဖြစ်လာရသည်။ ကျွန်ုပ်တို့၏သေစားသေသူ၊ လူစားဝင်သူ၊ ကိုယ်စား ပူဇော်သူကို ပုံဆောင်လျက်ဘုရား သခင်၏ဖြောင့်မတ်တော်မူခြင်းကိုကျေနပ်ဧ စ ကြောင်းတွေ့ရှပါသည်။ (Romans 3:24-26).

5. The table of showbread (Exodus 25:23; 37:10-16) – စားပွဲတော်။
ခရစ်တော်သည်အသက်ပေးနိုင်သူ၊ အသက်ကိုဆက်ပေးသောဘုရားသခင်၏မုန့်ဖြစ် ကြောင်းဖော်နေပါသည်။ Reveals Christ as the life-giving, life- sustaining Bread of God (John 6:32-58).

6. The lamp stand (Exodus 25:31; 37:17-24) – မီးတိုင်။
ပလ္လင်တော်ရှေ့၌ရှိသောဝိညာဉ်ခုနစ်ပါးတို့၏ တန်ခိုးအားဖြင့် ဤလောက ၏အလင်းဖြစ်တော်မူသော ခရစ်တော်ကိုပုံဆောင်ပါသည်။ Typical of Christ, The Light of the World shining in the power of the seven-fold Spirit (John 1:4, 9; 8:12; 9:5; Isaiah 11:2; Revelation 1:4).

7. The fine-twined linen (Exodus 26:1; 36:8) – ပိတ်ချောထည်။
သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်းကိုပုံဆောင်ပါ သည်။ (Revelation 19:8) ခရစ်တော် ကိုယ်တိုင်၏ဖြောင့်မတ်ခြင်းကိုဖော်ပြပါသည်။ Typifies the righteousness of the saints (Revelation 19:8), and Christ’s personal righteousness.

8. The inner wall (veil) (Exodus 26:31; 36:35) – အတွင်းကန့်လန့်ကာ။
ခရစ်တော်၏ ကိုယ်ခန္ဓာကို ကိုယ်စားပြုသည်။ A type of Christ’s body. (Read Hebrews 10:20; Matthew 23:26; 27:50-51.)

9. The brazen altar (Exodus 27:1; 38:1-2) – ကြေးဝါယဇ်ပလ္လင်။
အပြစ်ကင်းသောကိုယ်တော်ကိုဘုရား သခင် အားယူဇော်လျက် (Hebrews 9:14) ဤလောကတစ်ခုလုံး အတွက်ကျွန်ုပ်တို့၏ “ပြည့်စုံသော မီးရှို့ရာယဇ်” အဖြစ်လက်ဝါးကပ်တိုင်တွင် ပူဇော်ခဲ့သော ခရစ်တော် ကို ပုံဆောင်ပါသည်။ A type of Christ on the cross as our whole “burnt offering,” offering Himself

without spot to God (Hebrews 9:14).

10. The oil, “beaten for the light” (Exodus 27:20; 35:8, 28) – ဆီ။ လောင်း၍ရသောသံလွင်ဆီ၊ သန့်ရှင်းသောဝိညာဉ် တော်ကိုပုံဆောင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာကျွန်ုပ်တို့သည် အလင်း၌သွားလာနိုင်သည်။(A type of the Holy Spirit. Only through the Spirit can we walk in the Light) (Zechariah 4:2-6; 1 John 1:7; Galatians 5:16; Hebrews 1:9). ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ် တော်အားဖြင့်ဘိသိတ်ခံရပါသည်။ (Christ was anointed with the Holy Spirit) (Acts 10:38).

11. Aaron and his sons (Exodus 28:1; Numbers 3:10) – အာရုန်နှင့်သားများ။
ခရစ်တော်သည် အာရုန်၏ပုံစံ အတိုင်း ယဇ်ပုရော ဟိတ်၏အမှုကိုဆောင်ရွက်နေပါသည်။Christ conducts His priestly office after the pattern of Aaron (Hebrews 8:1-6; 9:1-28). အာရုန်၏ သားများ သည်အသင်းတော်ခေတ်တွင်ယုံကြည်သူ ယဇ်ပုရောဟိတ်များကို ရည်ညွှန်းပါ သည်။ (Aaron’s sons typify the believer priests of the church age) (Revelation 1:6; 1 Peter 2:9).

12. The altar of incense (Exodus 30:1; 37:25-29 – နံ့သာပေါင်းကိုမီးရှို့ရာပလ္လင်။
ကျွန်ုပ်တို့ကိုယ်စားအယူ ခံဝင်နေသော ခရစ်တော်ကိုပုံဆောင်ပါသည်။ A type of Christ, our intercessor (Hebrews 7:25; John 17:1-26).

13. The gate (Exodus 38:18-23) – ဝင်းတံခါး။
ကယ်တင်ခြင်း၏တစ်ခုတည်းသောတံခါးဖြစ်သောခရစ်တော်ကိုပုံဆောင်ပါသည်။ တံခါးပေါက်တစ် ပေါက်တည်း သာရှိသည်။ ထိုတံခါးသည် ၂၇ ပေ ကျယ်ပါသည်။ (ထို့အတူ ကယ်တင်ခြင်း တံခါးလည်းဖြစ်ပါသည်။ ဗျာ ၂၂း၁၇) Typical of Christ, the only door of salvation (John 10:9; 14:6). တံခါး၌ ချိတ်ဆွဲထားသော အရာများသည် ခရစ်တော်၏ နှိမ့်ချမှုကိုပုံဆောင်ပါသည်။ အရောင်များ သည် ခရစ်တော်၏စိတ်နေ သဘောထား ကိုဖော်ပြလျက်တံခါးတိုင် (၄) တိုင်တို့သည်လည်း ဇဝံဂေလိကျမ်း (၄)ကျမ်းအားဖြင့် ဘုရား ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ The hangings speak of Christ’s humility, the colors speak of His character and the pillars speak of the four gospels upholding His deity.

VI. ဝတ်ပြုရာကျမ်းမှပုံဆောင်များ။ (TYPES IN LEVITICUS) –

သန့်ရှင်းသောဝိညာဉ်တော်အားဖော်ပြခြင်းမရှိပါ။ ဝတ်ပြုရာကျမ်းတွင်ပုံဆောင်မှု အားလုံးသည် ခရစ်တော်အား ပုံဆောင်ခြင်း ဖြစ်ပါသည်။ there is no mention of the Holy Spirit. All the types in Leviticus concern Christ.

A. The offerings – ပူဇော်သက္ကာများ။

ပူဇော်သက္ကာ (၅)မျိုးတို့သည် ခရစ်တော်ကမိမိခန္ဓာကိုယ်အားကြီး မြတ် သောပူဇော်သက္ကာပြုခြင်း ကို ဖော်ပြ ပါသည်။ ပထမ (၃)မျိုးသည် “မွှေးကြိုင်သော ပူဇော်သက္ကာ” ဖြစ်ပါသည်။ ခရစ်တော်၏ပြည့်စုံခြင်းနှင့် ခမည်းတော် ဘုရားသခင်၏အလိုတော်ကို ဆောင်ရန် ဆက်ကပ်ခြင်းကိုပုံဆောင်ပါသည်။ ကျန်နှစ်ခုမှာ “မွှေးကြိုင် သောအနံ့

ကိုမပေးသော ပူဇော်သက္ကာ"ဖြစ်ပါသည်။ အပြစ်သား၏ဒုစရိုက်နှင့်အပြစ်၏အခကိုသယ် ဆောင်သော ခရစ်တော် ကိုပုံဆောင်ခြင်းဖြစ်ပါသည်။

1. The burnt offering (Leviticus 1:3-17; 6:8-13) – မီးရှို့ရာယဇ်။

ဘုရားသခင်အား အပြစ်မဲ့သော ပူဇော်သက္ကာ အဖြစ်မိမိကိုယ်မိမိပူဇော်ခြင်းဖြစ်ပါသည်။ဘုရားသခင်၏ သန့်ရှင်း ခြင်း သည် ကျေနပ်မှုရရှိ၍ တရားတော်မူခြင်းသည်လည်း ဖော်ကျူးနိုင်ပြီးဖြစ်ပါသည်။ မိမိစိတ်သဘော အရ ဆောင်ရွက်ခြင်းဖြစ်၍ ကိုယ်စားဝင်ရောက်ခြင်းဖြစ်ပါသည်။ အပြစ်အကြောင်း ဖော်ပြခြင်းမပြုပါ။ "ထိုသခင် ကိုယုံကြည်သော သူရှိသမျှတို့သည် မောရှေ၏ တရားအတိုင်းမလွတ်နိုင်သော အပြစ်ရှိသမျှတို့ နှင့်လွတ်ရကြ " စေ ရန်ဖြစ်ပါသည်။ (Acts 13:39; Hebrews 10:7-8; 2 Corinthians 5:19).

2. The meal offering (Leviticus 2; 6:14-23; 21:17) – ဘောဇဉ်ပူဇော်သက္ကာ။

အသွေးပါဝင်ခြင်းမရှိပါ။ခရစ် တော်၏အပြစ်ကင်းမဲ့သောလူ့ဘဝကိုပုံဆောင်ပါသည်။ ဘုရားသခင်ထံမှ မျက်နှာ သာ ရရှိစေရန်လက်ဆောင်ဆက်သခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ "ဘောဇဉ်ပူဇော်သက္ကာ" တည်းဟူသော ဘုရားသခင်၏ အသက်မုန့်ဖြစ်ပါသည်။ အသက် ကိုရှင်စေသောသူဖြစ်သည်။ ယုံကြည်သူစား ရသော အသက်မုန့်ဖြစ်ပါသည်။ အသက်ကိုရှင်စေသောသူ ဖြစ်၏။(Hebrews 7:26; John 6:51).

♦ ဘောဇဉ်ပူဇော်သက္ကာ (meal offering) သည် ဂျုံဆီနှင့်အမွေးနံ့သာတို့ဖြင့်ပြုလုပ်ထားသော တဆေး မဲ့မုန့် ဖြစ်သည်။ အသား မပါပါ။ မီးဖိုတွင်ဖုတ်ထားသော မုန့်ကြွပ်ဖြစ်သည်။(Leviticus 2:1-11).

3. The peace offering (Leviticus 3:1-17; 7:11-13) – မိတ်သဟာယယဇ်။

ခရစ်တော်သည် အသေခံတော်မူခြင်း အားဖြင့် ဘုရားသခင်နှင့်လူတို့စပ်ကြား စေ့စပ်ပေးသူ မိတ် သဟာယ ဖွဲ့ပေးသူ ဖြစ်ပါ သည်။(Romans 5:1; Colossians 1:20).

4. The sin offering – အပြစ်ဖြေရာယာဇ်။

ခရစ်တော်သည် လူတို့၏အပြစ်ရှိသောပကတိ (man's sinful nature) ကိုအပြစ် ဖြေပေးပါသည်။ ခရစ်တော်အား ကျွန်ုပ်တို့ကိုယ်စား အပြစ်ရှိသူဖြစ်စေပါသည်။"made sin for us" (2 Corinthians 5:21)။ ဤနေရာတွင် အပြစ်ဆိုသည်မှာ ပစ်မှတ်ကိုလွဲမှားခြင်းဖြစ်ပါသည်။ "missing the mark" (Romans 3:23) ယဇ်ကောင်အား "တပ်ပြင်တွင်" မီးရှို့ရပါသည်။ ထိုကြောင့်ခရစ်တော်အား "တပ်ပြင်တွင်" ပူဇော်ရပါသည်။The animal was burned "without the camp." So Christ was offered "outside the camp" (Hebrews 13:11).

5. The trespass offering – ဒုစရိုက်ဖြေရာယဇ်။

ခရစ်တော်အား အပြစ်သား၏ မှားယွင်းသောအပြုအမူများ နှင့် လွန်ကျူးသော ဒုစရိုက်များသယ်ပိုးနေသည်ဟု ရှုမြင်ထားသည်။ ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူခြင်းအားဖြင့် အပြစ်သား၏ ဒုစရိုက်များအားဖြေလွတ်လိုက် ပြီး ဖြစ်ပါ သည်။ (1 Peter 2:24; Isaiah 53:6).

♦ အပြစ်ဖြေရာယာဇ်နှင့်ဒုစရိုက်ဖြေရာယာဇ်။ အပြစ်အမျိုးအစားမှအပ ဤပူဇော်သက္ကာများသည် အတူတူ ပင်ဖြစ် ပါသည်။ The sin and trespass offerings are identical except for their typical

meaning (Leviticus 4, 5, and 6:1-7).

B. ဣသရေလပွဲတော်များ။ The Feasts of Israel

1. ပဿခါပွဲ - The Feast of the Passover (Leviticus 23:4-5; Exodus 12:12-13)

– ပဿခါသိုးသငယ်ကို သတ်၍အသွေးကို အိမ်တံခါး ထုပ်နှင့်တံခါးတိုင်နှစ်ဘက်၌ထိုးခြင်းဖြင့်သေခြင်း၊ကောင်းကင်တမန်၏ လက်မှ လွတ်ရသောနေ့ကို အထိမ်းအမှတ်ပြုသောပွဲဖြစ်ပါသည်။ခရစ် တော်သည် ကျွန်ုပ်တို့၏ ပဿခါဖြစ်သည်။ Christ is our Passover (1 Corinthians 5:7).

2. တဆေးမဲ့မုန့် ပွဲ - The Feast of Unleavened Bread (Leviticus 23:6-8)

တဆေးဖြင့်ပြုလုပ်ထားသော (အပြစ်၏လက္ခဏာ) မုန့်အားလုံးကို လွှင့်ပစ်ရသည်။ ခရစ်တော်သည်အပြစ်ကင်းမဲ့သော၊ မုန့် (တဆေးမဲ့မုန့်)၊ ကျွန်ုပ်တို့အားပေးသော မုန့် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့၍၊ ကိုယ်တော့် ကိုစား၍ အသက်ရှင်မည်ဆိုလျှင် တဆေးအားလုံးနှင့်ကင်း စင်အောင်နေရပါမည်။ (1 Corinthians 5:7;2 Corinthians 7:11; Galatians 5:9).

3. အဦးသီးပွဲ - The Feast of First Fruits (Leviticus 23:9-14)

အဦးရိတ်သောကောက်လှိုင်းကိုဘုရားသခင်ရှေ့တွင်ချီလွှဲရသည်။ ခရစ်တော်သည် ပဿခါ ပွဲတော်တွင် အသေခံတော်မူသည်။ “အိပ်ပျော်သောသူတို့တွင်အဦးသီးသော အသီး”ဖြစ် မည်အကြောင်း သေခြင်းမှ ထမြောက်တော်မူ၏။ (1 Corinthians 15:20, 23).

4. ပင်တေကုတ္တေပွဲ - The Feast of Pentecost (Leviticus 23:15-25)

ဒုတိယအကြီးမြတ်ဆုံးပွဲ (၅၀ ဟုဆိုလို သည်။) သီတင်းပွဲ။ကောက်သစ်ပွဲနောက်ရက်(၅၀)တွင် ထိုပွဲနေ့ကျပါသည်။ ခရစ် တော် ရှင်ပြထမြောက် ပြီးနောက်ရက် (၅၀)ဖြစ်ပါသည်။ မုန့်များကိုယူလာရပါသည်။ ကောက်လိုင်းမဟုတ်တော့ပါ။ တဆေးပါ ပါလာပါသည်။ ပင်တေကုတ္တေပွဲနေ့တွင် သန့် ရှင်း သောဝိညာဉ်တော်သည် ယုံကြည်သူတို့အားမုန့်တစ်လုံးတည်း အဖြစ်ဖွဲ့စည်းပေး ပါသည်။ (1 Corinthians 12:12-13) သို့ သော်အပြစ် (တဆေး) သည်အသင်းတော်၌ ပါလာပါသည်။ (Acts 5:1-10).

5. တံပိုးမှုတ်ပွဲ - The Feasts of Trumpets (Leviticus 23:23-25)

– ကောက်သိမ်းပြီးနောက်နှစ်သစ်ကူးပွဲ။ တံပိုးများမှုတ်လျက်လုပ်ငန်းများရပ်နားရသည်။ ခရစ်တော်တစ်ဖန်ကြွလာသောအခါ တံပိုး မှုတ်၍ခေတ်သစ်ကာလသို့ကူးပြောင်းသွားပါမည်။ (1 Thessalonians 4:16; 1 Corinthians 15:52). ဤပွဲနေ့သည် ဣသရေလူမျိုး နောင်တရသောကြောင့်နေရာဟောင်းကိုပြန်ပေး မည့်အချိန်ကိုမျှော်လင့်လျက်ရှိပါသည်။

6. သကေနေပွဲ - The Feast of Atonement (Leviticus 23:26-32) –

သကေနေပွဲ (တဲတော်ပွဲ) နေ့မတိုင်မီ နှစ်စဉ် (၅)ရက်ကိုအစာရှောင်ခြင်း၊ အနားယူခြင်း၊ ဖြင့်ပြုလုပ်ရသောပွဲဖြစ်ပါသည်။ ဤနေ့တွင်ယဇ်ပုရောဟိတ်မင်း သည်အသန့်ရှင်းဆုံးဌာနတော်ထဲ သို့ဝင်၍ဣသရေလ အမျိုးအတွက်အပြစ်ဖြေခြင်းကိုပြုရပါသည်။ ခရစ်တော်သည်ကျွန်ုပ်တို့၏ယဇ်ပုရော ဟိတ်မင်းဖြစ်သည်။(Hebrews 9:1-11, 26) ဤပွဲနေ့သည် ဣသရေလ လူမျိုးအားခရစ်တော်တစ်ဖန် ကြွလာ တော်မူမည့်နေ့ရက်အတွက်၊

သန့်ရှင်း စေခြင်း၊ ပြင်ဆင်ခြင်းကို ပုံဆောင်သည်။ (Deuteronomy 30:1-10).

7. တဲတော်ပွဲ - The Feast of Tabernacles (Leviticus 23:33-34) –

(တဲတော်ပွဲ) သကေနေပွဲဆိုရာတွင် ကွာသရေလလူမျိုးများတဲဖြင့် နေရသောပွဲဖြစ် သည်။ အသင်းတော်တွင် သခင် ဘုရား၏ ညစာပွဲတော်ကိုပြုလုပ်ရသကဲ့သို့ကွာသရေလ လူတို့သည် တစ်နှစ်တစ်ကြိမ်ယေရုရှလင်မြို့၌ ကယ်လွှတ်တော်မူခြင်းကို သတိရ လျက် ကျင်းပသောပွဲဖြစ်ပါသည်။ အငယ် ၄၃။ ရှေ့လာမည့်ကာလ ဘုန်းအသရေကိုမျှော်လင့်လျက်နေကြ၏။(1 Corinthians 11:24-26).

VII. ဓမ္မဟောင်းကျမ်းပါအခြားပုံဆောင်များ (OTHER OLD TESTAMENT TYPES)

A. The serpent of brass (ကြေးဝါမြွေရုပ်)။(Numbers 21:5-9)

ခရစ်တော်အားကျွန်ုပ်တို့ကိုယ်စားအပြစ်ရှိသူဖြစ်စေတော်မူခြင်းကိုပုံဆောင်ပါသည်။ A type of Christ being made sin for us (2 Corinthians 5:21; John 3:14-15).

B. Joshua – means “Jehovah Savior” (Joshua 1:1-9)

ယောရှုသည် ကျွန်ုပ်တို့ကယ်တင်ခြင်းဗိုလ်ချုပ်ဖြစ်သော ခရစ်တော်ကိုပုံဆောင်ပါသည်။ (a type of Christ, the captain of our salvation) (Hebrews 2:10).

1. He follows Moses မောရှေ၏နောက်သို့လိုက်သည်။(John 1:17).
2. He leads to victory အောင်ပွဲသို့ပို့ဆောင်သည်။(2 Corinthians 2:14).
3. He was an advocate in defeat မအောင်မြင်မှုအတွက်ရှေ့နေဖြစ်သည်။(1 John 2:1-2).
4. He allotted their inheritance အမွေတော်ကိုခွဲဝေပေးသည်။(Ephesians 1:11, 14).

C. ယော်ဒန်မြစ်ကိုဖြတ်ခြင်း (The crossing of the Jordon River) (Joshua 3)

ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့ အသေခံခြင်းနှင့်၊ ခရစ်တော်နှင့်အတူရှင်ပြန် ထမြောက်ခြင်းကိုပုံဆောင်ပါသည်။ (Romans 6:1-10; Ephesians 2:5-6; Colossians 3:1-3) ခါနန်ပြည်သို့ဝင်ခြင်းသည် ကောင်းကင် သို့ဝင်ခြင်းကိုပုံမဆောင်ဘဲစုံစမ်းခြင်း (time of testing)၊ တိုက်ပွဲဝင်ခြင်း (conflicts)၊ အောင်မြင်သော၊ ရှုံးနိမ့်သောစစ်ပွဲ (battles with defeats and victories)၊ ပုံဆောင်သည်။ သခြင်း ကိုအောင်မြင်၍ ရှင်ပြန်ထမြောက် ရသော အသက် တာ၊ မှောင်မိုက်တန်ခိုးတို့နှင့်စစ်ခင်းရသော ၊ခရစ်တော်၌အသက်ရှင်ရသော အသက်တာကိုသာ ပုံဆောင်ပါသည်။ (Ephesians 6:12-13) ကျွန်ုပ်တို့ ၏ အားနည်းခြင်းကိုလည်း ပုံဆောင်ပါသည်။ (Galatians 5:16-17).

D. ရုသနှင့်ဗောဇ။ Ruth and Boaz, in the book of Ruth – (Ruth 2:1; 3:10-18; 4:1-10)

တစ်ပါးအမျိုးသားဖြစ်သောရုသသည် မိမိကယ်တင်ခြင်းအတွက်အမျိုးသားချင်း ရွေးနှုတ်ပိုင်သူဗောဇထံ၌ မျှော်လင့်ချက် ထားရှိပါသည်။ ဗောဇသည်ရွေးဘိုးကိုပေး၍ရုသကိုထိမ်းမြားသည်၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ အမျိုးသားချင်း ရွေးပိုင်သူ (Kinsman-Redeemer) ဖြစ် ပါသည်။

နိဂုံး - Conclusion:

ပုံဆောင်များကိုလေ့လာခြင်းဖြင့်ကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူခြင်း အားဖြင့်ဖြစ် လျက်(2 Timothy 3:16) ထိုကျမ်းစာရှိသမျှသည်သခင်ယေရှုခရစ်တော်အကြောင်းကိုသာသက်သေခံကြသည်။ (John 5:39; Luke 24:27, 44: Acts 8:35).ဟူသောအချက်ကိုသေချာစွာတွေ့ရှိပြီးဖြစ်ပါမည်။ ထိုအသိစိတ်ရ ရှိသည်သာ မကသင်ကိုယ်တိုင်ထိုလယ်၌ ကျက်စားသော သိုးတော်စုဖြစ်နေကြောင်းသတိပြုပါ။ မဖော်ပြရ သေးသော ပုံဆောင်များ၊ မလေ့လာရသေးသော ပုံဆောင်များ ရှိနေပါသေးသည်။ သင်၏စိတ်ဝိညာဉ် ကျေနပ်မှုရရှိသည် အထိနက်နဲစွာ လေ့ လာရသော အခွင့်ရှိမည့်အကြောင်း ဆုတောင်းပါသည်။

ခရစ်တော်ပုံဆောင်ခြင်းဆိုင်ရာမေးခွန်းများ – သင်ခန်းစာ (၂၃)

1. Old Testament နှင့်ပတ်သက်၍ John 5:39 ကဘာပြောသနည်း။(၂-မှတ်)
a. ယေရှုဘုရားက သြဝါဒပေါင်းများစွာ သွန်သင်ခဲ့သည်။ That Jesus taught many doctrines from the Old Testament.
b. ဓမ္မဟောင်း၏အဓိကဇာတ်ဆောင်မှာ ခရစ်တော်ဖြစ်သည်။That Christ is the subject and theme of the Old Testament.
c. ဓမ္မဟောင်းတွင် ခရစ်တော်အကြောင်းမဖေါ်ပြခဲ့ပါ။That Christ is never mentioned in the Old Testament.

2. Old Testament တွင်ဖေါ်ပြထားသည့် ခရစ်တော်အကြောင်းမှ ၃-ခုရွေးပါ။(၆-မှတ်)
a. ပုံဆောင်ချက်Types
b. အရိပ် Shadows
c. အသံ Sounds
d. ပုံသဏ္ဌာန် Symbols
e. ဝိညာဉ် Spirit

3. Old Testament တွင်ရှိသောပုံဆောင်ချက်များမှ ယုံကြည်သူကို မည်သို့ နားလည်စေသနည်း။(၂-မှတ်)
a. ဘုရားရှင်နှင့်လျှောက်လှမ်းဖို့ ကူညီစေသည်။ It will help him to walk with the Lord
b. ခရစ်တော်အတွက် နက်ရှိုင်းသောမေတ္တာရှိစေသည်။ It will result in a deeper love for Christ.
c. ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို ပိုမိုနားလည်လာစေသည်။ It will help him to understand the doctrine of the second coming better.

4. Study of types ပုံဆောင်သော ကျမ်းပိုဒ်ကိုရွေးပါ။(၂-မှတ်)
a. ဧဖက် ၁း၁-၁၄ Ephesians 1: 1-14
b. ယော ၁း၁-၁၃ John 1:1-13
c. ၁ကော ၁၀း၁-၁၁ 1 Corinthians 10:1-11

5. ပုံဆောင်ချက် (type) တွင်ပါဝင်သည့် နမူနာ ၃-မျိုးကိုရွေးပါ။(၉ -မှတ်)
a. တိရိစ္ဆာန် an animal.
b. အတွေးအခေါ် an idea.
c. လူပုဂ္ဂိုလ် a person.
d. အဖွဲ့အစည်း an institution.
e. သြဝါဒ a doctrine.

6. ပုံဆောင်ချက် (type) အဖြစ်မသတ်မှတ်နိုင်သော လူ၊အရာဝတ္ထုကိုရွေးပါ။(၂-မှတ်)
a. ဓမ္မဟောင်းတွင် type အဖြစ်မသတ်မှတ်သည့်အခါ။ When the Old Testament says it is not a type.
b. ဓမ္မသစ်တွင် type အဖြစ်မသတ်မှတ်သည့်အခါ။ When there is no anti-type (fulfillment) for it in the New Testament.
c. ဓမ္မဟောင်းတွင် ပုံဆောင်ချက်အဖြစ် လူကိုသာတွေ့ ရသည့်အခါ။ When the person is only found in the Old Testament.

7. Adam သည် positive type အနေဖြင့် အောက်ပါကို ပုံဆောင်သည်။(၂-မှတ်)
a. ခရစ်တော် Christ.
b. ရှင်ပေါလု The Apostle Paul.
c. မောရှေ Moses.

8. အာဒံနှင့်ဧဝအတွက် ဘုရားရှင်ပြင်ဆင်ပေးသော သားရေဝတ်လုံ၏ ပြည့်စုံခြင်းကားအဘယ်နည်း။ (၂-မှတ်) What is the New Testament anti-type or fulfillment of the coats of skins that God preapared for Adam and Eve?
a. ခရစ်တော်၏ဖြောင့်မတ်ခြင်း။ Christ's righteousness
b. ယုံကြည်သူ၏ ကောင်းသောကျင့်ကြံအားထုတ်ခြင်း။ The believer's self-righteous works
c. ယုံကြည်သူ၏ ရှက်ကြောက်ခြင်း။ The believer's shame

9. Cain and Abel အတွက် New Testament anti-types ကားအဘယ်နည်း။(၂-မှတ်)
a. ခရစ်တော်နှင့်စာတန်။ Christ and Satan.
b. သိုးထိန်းနှင့်မုဆိုး။ The shepherd and the hunter.
c. မယုံကြည်သူနှင့်ယုံကြည်သူ။ The unbeliever and the believer.

10. Enoch အတွက် New Testament anti-type ကားအဘယ်နည်း။(၂-မှတ်)
a. အစေခံခရစ်တော်အဖြစ်။ Christ as a servant.
b. ချီဆောင်ခြင်းကာလ၌ရှိသော ယုံကြည်သူများ။Believers who will be caught up in the rapture.
c. ဘေးဒဏ်ကြီးကာလ၌ရှိသော ယုံကြည်သူများ။Believers who will go through the Tribulation.

11. Sarah အတွက် New Testament anti-type ကားအဘယ်နည်း။(၂-မှတ်)

a. ရွင်ပြသော Cheerfulness.
b. ကျေးဇူးတော် Grace.
c. ယုံကြည်ခြင်း Faith.

12. The book of Exodus သည် အောက်ပါတို့ ကို ပုံဆောင်သည်။(၂-မှတ်)
a. ရွေးနှုတ်ကယ်တင်ခြင်း။ Redemption.
b. ဘဝသစ်။ New beginnings.
c. သန့် ရှင်းခြင်း။ Sanctification.

13. Moses သည် အောက်ပါတို့ ကို ပုံဆောင်သည်။(၂-မှတ်)
a. ရွေးနှုတ်သူခရစ်တော်အဖြစ်။ Christ as the deliverer.
b. ခရစ်တော်သိုးသူငယ်အဖြစ်။ Christ as a lamb.
c. ကျွန်ုပ်တို့ ၏ခိုလှုံရာကျောက်ဆောင် ခရစ်တော်အဖြစ်။Christ as the rock of our salvation.

14. The Passover သည် အောက်ပါတို့ ကို ပုံဆောင်သည်။(၂-မှတ်)
a. ရွေးနှုတ်သူခရစ်တော်အဖြစ်။ Christ as the deliverer.
b. ခရစ်တော်သိုးသူငယ်အဖြစ်။ Christ as a lamb.
c. ကျွန်ုပ်တို့ ကယ်တင်ခြင်းအရှင် ခရစ်တော်အဖြစ်။ Christ as our salvation.

15. Manna သည် အောက်ပါတို့ ကို ပုံဆောင်သည်။(၂-မှတ်)
a. နှိပ်စက်ခြင်းသစ်ပင်။The tree of crucifixion.
b. ကောင်းကင်မှန့် ။ The bread of heaven.
c. ကယ်တင်ခြင်းစီးထွက်ရာရေ။ The water of salvation.

16. The serpent of brass သည် အောက်ပါတို့ ကို ပုံဆောင်သည်။(၂-မှတ်)
a. ကျွန်ုပ်တို့ ၏ကယ်တင်ခြင်းဗိုလ်ချုပ်ကြီး ခရစ်တော်။ Christ as the captain of our salvation.
b. ကျွန်ုပ်တို့ ၏အမျိုးသားချင်းရွေးနှုတ်သူ ခရစ်တော်။ Christ as our kinsman-redeemer.
c. ကျွန်ုပ်တို့ ကိုယ်စားအပြစ်ခံယူသော ခရစ်တော်။ Christ being made sin for us.

17. Boaz သည် အောက်ပါတို့ ကို ပုံဆောင်သည်။(၂-မှတ်)
a. ကျွန်ုပ်တို့ ၏ကယ်တင်ခြင်းဗိုလ်ချုပ်ကြီး ခရစ်တော်။ Christ as the captain of our salvation.
b. ကျွန်ုပ်တို့ ၏အမျိုးသားချင်းရွေးနှုတ်သူ ခရစ်တော်။ Christ as our kinsman-redeemer.
c. ကျွန်ုပ်တို့ ကိုယ်စားအပြစ်ခံယူသော ခရစ်တော်။ Christ being made sin for us.

18. အောက်ပါကွက်လပ်များကိုဖြည့်ပါ။ (၆-မှတ်)
ဘုရားသခင်၏အစီအမံကို _____ ဖြင့် _____တွင် ချမှတ်ခဲ့ပြီး _____ တွင် အထင် အရှားဖွင့်ပြခဲ့သည်။

A type is a divinely planned _____ in the _____ of a truth clearly revealed in the _____

19. ကျမ်းပိုဒ်နှင့် ပုံဆောင်ချက် (type) ကို မှန်ကန်စွာယှဉ်တွဲပါ။(၆-မှတ်)

___ စံနမူနာပြရန် - To be an example	a. Romans 15:4
___ သင်ကြားလိုက်နာရန် - For our learning	b. 1 Corinthians 10:11
___ ဘုရားဘုန်းတော်ထင်ရှားရန် - For revealing and magnifying Christ	c. Luke 24:44

20. ကွက်လပ်ဖြည့်ပါ။ Eve သည် အသင်းတော်နှင့်ယုံကြည်သူကို ပုံဆောင်သည်။(၈-မှတ်)

a. သူမသည်…….. တဆင့်ဖန်ဆင်းခံရပြီး၊ ကျွန်ုပ်တို့သည် ……..၌ ဖန်ဆင်းခြင်းခံရသည်။

She was created from …… and we are created in …….. .

b. သူမသည် အာဒံ၏……ဖြစ်ပြီး၊ အသင်းတော်သည် …… ၏ ……ဖြစ်သည်။

She was Adam's bride……the CHURCH is the …… of …… .

c. သူမသည်…….. ၏သဘောကိုပေးပြီး၊ ကျွန်ုပ်တို့သည် ……သဘောကိုပေးသည်။

She was given Adam's nature …….. we are given ……. nature.

21. ယောသပ် (Joseph) အသက်တာနှင့် ခရစ်တော်၏အသက်တာ ကိုဖေါ်ပြသော ကျမ်းပိုဒ်နှင့် ရှင်းလင်းချက်ကို ယှဉ်တွဲပါ။(၈-မှတ်)

___ ယောသပ်သည် သူ့ဖခင်၏မေတ္တာကိုပုံဆောင်သည်။ Joseph was the object of his father's love.	a. Romans 11:1
___ ယောသပ်သည် သူ့ညီအစ်ကိုများ၏ မုန်းတည်းခြင်းကိုခံရသည်။ Joseph was hated by his own brothers.	b. John 15:25
___ ယောသပ်သည် သူ့ညီအစ်ကိုများ၏ ပြစ်တင်ငြင်းဆန်ခြင်းကို ခံရသည်။ Joseph was despised and reject by his brothers.	c. John 15:18,24-25
___ ယောသပ်သည် သူ့ညီအစ်ကိုများနှင့် ပြန်လည်ငြိမ်းချမ်းရေးရယူသည်။ Joseph reconciles himself to his brethren	d. John 3:35

22. တဲတော်(Tabernacle) ရှိ အောက်ပါအရာဝတ္ထုများ(articles)သည် မည်သည့်ပုံကိုဆောင်သနည်း။ (၁၂-မှတ်)

a. ပဋိညာဉ်သေတ္တာတော်၏ပုံဆောင်ချက်မှာ The ark is a type of _____

_____ သည်။

b. ပူဇော်သက္ကာစားပွဲတော်ပုံဆောင်ချက်မှာ The table of show bread is a type of _____

_____ သည်။

c. ဆီမီးတိုင်၏ပုံဆောင်ချက်မှာ The lamp stand is a type of _____ _____ သည်။

d. နံသာပေါင်းမီးရှို့ ရာယဇ်ပလ္လင်၏ ပုံဆောင်ချက်မှာ The altar of incense is a type of _____ သည်။

23. အောက်ပါအရာဝတ္ထုများ(offerings)သည် မည်သည့်ပုံကိုဆောင်သနည်း။ (၉ -မှတ်)

a. မီးရှို့ရာယဇ် The burnt offering is a type of _____ သည်။

b. မိသဟာရယဇ် The peace offering is a type of _____ သည်။

c. အပြစ်ဖြေရာယဇ် The sin offering is a type of _____ သည်။

24. Israel ကလေးသူမျိုးများသည် seven feasts ပွဲတော်(၇)မျိုးကိုဆင်နွှဲကြသည်။ အောက်ပါ အချက် ၂-ခုသည် ခရစ်တော် အ ကြောင်း မည်သို့ သွန်သင်သနည်း။(၆-မှတ်)

a. ပသခါပွဲ The feast of the Passover _____

b. တဆေးမဲ့မုန့်ပွဲ The feast of the Unleavened Bread _____

သင်ခန်းစာ(၂၄)၊ မင်္ဂလာရှိသောမျှော်လင့်ရာ (Our Blessed Hope)

နိဒါန်း - Introduction

ပထမနှစ်သင်ခန်းစာဖြစ်သော သင်ခန်းစာအမှတ် ၉ -တွင် အသင်းတော်အားချီဆောင်ခြင်း(The Rapture of the Church) အကြောင်းအကျယ်တဝင့်လေ့လာ ခဲ့ပြီးဖြစ်ပါ သည်။ ချီဆောင်ခြင်းသည်ယုံကြည်သူများအတွက် စိတ်လှုပ်ရှားဘွယ်ဖြစ်သော်လည်း (တိတု ၂း၁၁-၁၃)တွင် ရှင်ပေါလုက ကြီးမြတ်သောဘုရားသခင်တည်းဟူသော ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်၏ ဘုန်းအသရေတော်ကို "ငါတို့သည် မျှော်လင့်လျက် မင်္ဂလာရှိသော မျှော်လင့်ရာ ...."ဟူ၍ ဖော်ပြထားပါသည်။ ခရစ်တော်သည် မိမိသန့်ရှင်းသူများအတွက် သန့်ရှင်းသူများနှင့်အတူ အောင်ခြင်းနှင့် ကြွလာတော် မူခြင်းသည် ကျွန်ုပ်တို့၏ မင်္ဂလာရှိသော မျှော်လင့်ခြင်းဖြစ်ပါသည်။ ထို မင်္ဂလာအခါသမယထဲမှ အချို့သောအစိတ် အပိုင်းတို့ကို ချန်လှပ်ထားသည်မှန်သော်လည်း ယုံကြည်သူတိုင်းနှင့် စပ်ဆိုင်သော မျှော်လင့်ခြင်းအစိတ်အပိုင်းများကို သင်ခန်းစာတွင်လေ့လာရမည်ဖြစ်ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- ဇဖက် ၂း၁၂တွင် ဇဖက်အသင်းတော်အားရှင်ပေါလုက "ထိုအခါသင်တို့သည် ခရစ်တော်ကိုမသိ မျှော်လင့်ခြင်းမရှိ၊ လောကဌ ဘုရားမဲ့နေကြသည်"ဟုပြောကြားခဲ့ပါသည်။ ယနေ့ကျွန်ုပ်တို့ကမ္ဘာလောကကြီးတွင် ကုဋေပေါင်းများ စွာသောလူတို့သည် မျှော်လင့်ရာမရှိ။ စိတ်ပျက်ခြင်းနှင့် ရင်ဆိုင်လျက်ရှိနေပါသည်။ ခရစ်ယာန်များနေထိုင်ရာ အမေရိ ကန်ပြည်၌ပင် မြောက်များစွာသော လူတို့သည် သေခြင်းကို ရင်ဆိုင်ရာ၌ မျှော်လင့်ခြင်းမရှိ၊ သူတို့စိတ်နလုံးထဲ၌ ကောင်းကင်ဘုံသို့ဝင်စားမည်ဟု မျှော်လင့်ချက်မရှိ၊ အကြီးအကျယ် ကြောက်ရွံ့ခြင်းနှင့်သာ ရင်ဆိုင်နေကြရပါသည်။

- သုတ္တံ ၁၁း၇ တွင်"ဆိုးသောသူသည် သေသောအခါ မျှော်လင့်ခြင်းပျက်တတ်၏" ဟုဖေါ်ပြထားသည်။

- "လူသည် မျှော်လင့်ချက်ရှိနေသ၍ အသက်ရှင် ခြင်း၊ သည်းခံခြင်း၊ ရုန်းကန်လှုပ်ရှားခြင်းများ ပြုလုပ်နေနိုင်ပါသည်။ (၁သက် ၄း၁၃)တွင် "ညီအစ်ကိုတို့ မျှော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့၊ ဝမ်းနည်းမည့်အကြောင်း"ဟုဖော်ပြသော ကျမ်းချက်သည် သခင်ယေရှုခရစ်ကို ယုံကြည်သူအတွက်၊ မည်မျှကောင်းမြတ်သော သတင်းကောင်း ဖြစ်ပါသနည်း။ သေခြင်းကိုအောင်မြင်၌ ရှင်ပြန်ထမြောက်မည်ဟူသော မျှော်လင့်ချက် ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်မည်ဟူသော မျှော်လင့်ချက်၊ ရှေ့အနာဂတ်တွင်ရ ရှိမည့် ဘုန်းကျက်သရေအတွက် မျှော်လင့်ချက်၊ ကောင်းကင်ဘုံဝင်စားရန် မျှော်လင့်ချက်များ သည်အသစ်တဖန် မွေးဖွားစေခြင်းကိုရရှိပြီးသူတိုင်း၏ စိတ်နလုံးထဲ၌ ရှိနေသော မျှော်လင့်ခြင်းဖြစ်ပါသည်။

- ယုံကြည်သူတို့တွင် ခရစ်တော်နှင့်အတူနေရလျက် ခရစ်တော်ကို မိမိမျက်စေ့ဖြင့်မြင်ရမည်ဟူသော မျှော်လင့်ချက်၊ ကိုယ်ခန္ဓာအသစ်ရရှိမည့် မျှော်လင့်ချက်၊ အိမ်အသစ်ရရှိမည့်မျှော်လင့်ချက်၊ အသက်သစ်ရမည့် မျှော်လင့်ချက်၊ ပတ်ဝန်းကျင်အသစ်သို့ရောက်မည်ဟူသော မျှော်လင့်ချက်များလည်း ရှိပါသည်။ ထိုမျှော်

လင့်ခြင်းကို မင်္ဂလာရှိသော(ဝမ်းမြောက်ဖျော်ရွှင်ဘွယ်) မျှော်လင့်ရာဟု ခေါ်ဆိုထားခြင်းမှာ အံ့သြစရာဟုတ်ပါ။ ဤသင်ခန်းစာတွင် ထိုမျှော်လင့်ချက်အလားအလာများကို လေ့လာရမည်ဖြစ်ပါ သည်။

သင်ခန်းစာ - THE LESSON

I. မင်္ဂလာရှိသောမျှော်လင့်ခြင်း၏သေချာမှု။ -THE CERTAINTY OF OUR BLESSED HOPE

A. ခရစ်တော်၏ရှင်ပြန်ထမြောက်တော်မူခြင်းအထောက်အထား။ The fact of Christ's resurrection
"ခိုင်ခန့်သော သက်သေများ အားဖြင့်ပြတော်မူ၏" "infallible proofs" (Acts 1:3; Romans 1:4; Revelation 1:18). Note Lesson # 4.ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို သင်ခန်စာ(၄) မှာလည်းကြည့်ရန်။

B. ရစ်တော်တစ်ဖန်ကြွလာတော်မူမည်ဖြစ်ကြောင်း ဓမ္မသစ်ကျမ်းစာတွင် ဖော်ပြချက်-The abundant evidence of Christ's return in the New Testament.

1. ခရစ်တော်တစ်ဖန်ကြွလာတော်မူမည်ဖြစ်ကြောင်းကို ဓမ္မသစ်ကျမ်းတွင် ၃၁၈ ကြိမ်တွေ့ ရသည်။
2. ဓမ္မသစ်ကျမ်းပိုဒ် (၂၅)ခုတွင် တစ်ပိုဒ်သည် Christ's return အကြောင်းဖြစ်၏။ One in every 25 verses.
3. သက်သာလောနိတ်သြဝါဒစာ ပထမစောင်၊ ဒုတိယစောင်နှင့် ဗျာဒိတ်ကျမ်းတစ်အုပ်လုံးသည် Christ's return အကြောင်းဖြစ်၏။ All of 1 and 2 Thessalonians and Revelation.

C. ပရောဖက်များတို့မှ ကြိုတင်ဟောပြောထားခြင်း။-The prediction of the prophets

1. Isaiah 40:10 – "ကြည့်ရှုလော့၊ အရှင်ထာဝရဘုရားသည် ကြီးစွာသော တန်ခိုးနှင့် ကြွလာ၍"
2. Zechariah 14:5,9 – "ငါ၏ဘုရားသခင်ထာဝရဘုရားကြွလာတော်မူ၍ မိမိသန့်ရှင်းသူအပေါင်းတို့ သည်ပါလိမ့်မည်။ ထာဝရဘုရားသည် မြေတပြင်လုံးတွင်ရှင်ဘုရင်ဖြစ်တော်မူလိမ့်မည်"
3. Psalm 24:9 –"အချင်းတံခါးတို့၊ တံခါးမုတ်တို့၊ ကြွလိုက်ကြ၊ အချင်းထာဝရတံခါးတို့ ကိုယ်ကို ကြွလိုက်ကြ။ ဘုန်းကြီးသော ရှင်ဘုရင်ဝင်တော်မူမည်"

♦ ဓမ္မဟောင်းကျမ်းတွင် ဖော်ပြထားသော ကြိုတင်ဟောပြောချက်များသည် ဤကဲ့သို့မှာမြေသို့ ခရစ်တော်တဖန်ကြွ လာတော်မူမည့်အကြောင်းနှင့် ကွသရေလလူမျိုးများတွက်၊ အနာဂတ်ကာလတွေ့ရမည့် ဘုန်းအသရေကို ဖော်ပြသကဲ့သို့၊ဓမ္မသစ်ကျမ်းတွင် ထိုဘုန်း အသရေများကို အသင်းတော်ခေတ်ယုံကြည်သူများသည် ကွသရေလလူတို့နှင့်အတူ မျှဝေအောင်မြင်ခံစားရမည် ဖြစ်ကြောင်း ထင်ရှားပြတ်သား စွာဖော်ပြထားပါသည်။ (Romans 8:17; Colossians 3:4; Revelation 5:10).

D. ကတိတော်များပေးရာတွင် အသုံးပြုခဲ့သော ရှင်းလင်းတိကျသည့်စကားလုံးများ။ (The emphatic use of words in the promises)

1. John 14:3 – "ငါသည်သွား၍ ... တဖန်ပြန်လာ၍" "If I go...I WILL come again…."
2. 1 Thessalonians 4:16 – "ဘုရားသခင်သည်.... ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍"
3. Acts 1:11 – "ထိုယေရှုသည် .. တဖန်ကြွလာတော်မူလတ္တံ" "This same Jesus...SHALL so come…."
4. Hebrews 9:28 – ခရစ်တော်သည် နောက်တဖန် ထိုသခင်ကိုမျှော်လင့်လျက်နေသော သူတို့ကို

ကယ်တင်ခြင်းအလို့ငှာ .. ပေါ်ထွန်းတော်မူလတံ့။ "...unto them that look for him SHALL he appear the second time…."

♦ ဓမ္မသစ်ကျမ်းကိုရေးသော စာရေးဆရာများသည် ဤကိစ္စကိုမလွဲမသွေအမှန်ဖြစ်သည်ဟုခံယူထား ပါသည်။ ခရစ်တော်တဖန်ကြွလာမည်ဟု အသေအချာကြေညာထားပါသည်။ The New Testament writers were dogmatic! With absolute certainty they declared that Christ would return.

E. အဖြစ်အပျက် (၂)ခု၏ ခြားနားမှု။ The contrast of the two advents

1. Compare နွှိုင်းယှဉ်ကြည့်ပါ။ Luke 2:7 with 21:27.
2. Compare နွှိုင်းယှဉ်ကြည့်ပါ။ Matthew 1:21 with 24:30.

♦ ထိုအဖြစ်အပျက်နှစ်ခုလုံးကို ရှင်းလင်းစွာမြင်ရပါသည်။ ကိုယ်တော်သည် အဝတ်နှင့် ပတ်ရစ်သောကလေး သူငယ် အဖြစ်နှိမ့်ချစွာကြွလာခဲ့ပြီး။ ကိုယ်တော်သည် ဘုန်းတန်ခိုးအာနုဘော် တော်နှင့်တဖန် ကြွလာတော်မူမည်။ He came as a babe clothed with humility. He will come in power and great glory.

F. ယုံကြည်လောက်သောသက်သေခံသုံးဦး။ (Three trustworthy witnesses)

1. ခရစ်တော်သက်သေ-Christ Himself –(John 14:3)"ငါသည် တဖန်လာပြန်၍""...I will come again…"
2. ကောင်းကင်တမန်သက်သေ-The angelic witness – (Acts 1:11) "ထိုယေရှုသည် တဖန်ကြွလာတော်မူလတံ့" "...This same Jesus, ...shall so come…."
3. တပည့်တော်များ၏သက်သေ-The apostolic witness – (1 Thessalonians 4:16) "သခင်ဘုရား ကိုယ်တိုင် ကြွလာတော် မူမည်" "The Lord himself shall come."

♦ သခင်ယေရှုကြွလာတော်မူခြင်းသည် အောက်ပါအကြောင်းအရာများမဟုတ်ပါ။ (The return of Christ is not:)

1. သန့်ရှင်းသောဝိညာဉ်တော်ကြွလာခြင်း။ (The coming of the Holy Spirit)

အမှန်အားဖြင့် တစ်ဖန် ကြွလာ တော်မူမည့်အကြောင်း ကြိုတင်ပြောထားချက်များ သည် ပင်တေကုတ္တေပွဲနေ့ နောက်မှ ပြုလုပ်ခြင်းဖြစ်ပါသည်။ ပင်တေကုတ္တေ ပွဲနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ကျွန်ုပ်တို့နှင့်အတူ နေရန်ကြွလာခဲ့ပါသည်။ ခရစ်တော်ကြွလာတော်မူသောအခါ ကျွန်ုပ်တို့အားကိုယ်တော်နှင့် အတူရှိရန်လာခေါ်မည် ဖြစ်ပါသည်။ (At Pentecost Christ came to be with us. At His coming He takes us to be with Him!)

2. သေခြင်းတရား(Death).

သေခြင်းတွင် တံပိုးခရာမှုတ်ခြင်းမရှိပါ။ ကောင်းကင်တမန်မင်း အသံပေးခြင်း မရှိပါ ကိုယ်တော်နှင့် အတူရှိမည့် အကြောင်း ချီဆောင် ခြင်းမခံရပါ။ At death there are no trumpets, no shouts, and we are not "caught up" to be with Him.

II. မင်္ဂလာရှိသောမျှော်လင့်ရာ၏အမည်များ (THE NAMES OF OUR BLESSED HOPE)

A. A living hope (1 Peter 1:3), အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သောမျှော်လင့်ခြင်း။

"အသက်ရှင်ခြင်းနှင့် စပ်ဆိုင်သော မျှော်လင့်ခြင်း အကြောင်း ရှိစေခြင်းငှာ .. ငါတို့ကိုတစ်ဖန်ဖြစ်ဘွားစေ သော" ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ အသက်ရှင်နေ သောကြောင့် အသက်ရှင်လျက်ရှိသည်။ (Galatians 2:20)။ ကျွန်ုပ်တို့၏ မျှောင်လင့်ခြင်းသည် "ကွာအာအဆက်ဆက် အသက်ရှင်သူကို မျှော်လင့်ခြင်းဖြစ်ပါသည်။ (Revelation 1:18).

B. A steadfast hope (Hebrews 6:19), မြဲမြံခိုင်ခန့်သောမျှော်လင့်ခြင်း၊

"ထိုမျှော်လင့်ခြင်းမူကား၊ ကုလားကာအတွင်း၌ ချ၍မြဲမြံ ခိုင်ခန့်သော စိတ်နလုံး၏ကျောက်ဆူးကဲ့သို့ငါတို့၌ ရှိသတည်း" ကျွန်ုပ်တို့မျှော်လင့်ခြင်းသည် မပျက်စီးတတ်သော ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ကျောက်ဆူး ချထားပါသည်။ မုသားမပြောသောဘုရားသခင်၏ ကျိန်တော်မူခြင်းကတိတော်ဖြင့် အတည်ပြု ထားပါသည်။ (Hebrews 6:17-18).

C. A hope of glory (Colossians 1:27), ဘုန်းအသရေကိုမျှော်လင့်ခြင်း။

"ဘုန်းအသရေကိုမျှော်လင့်ခြင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်ပေတည်း။ "ငါတို့ သည် သခင်ယေရှုခရစ်တော်အား ဘုန်းအသရေတော်ရှေ့၌မြင်ရကြမည်။ (ယုဒ ၂၄)။ ထိုအခါကျွန်ုပ် တို့သည် ကိုယ်တော်နှင့် တူကြမည်။ (၁ယော ၃း၂)။ ခရစ်တော်၏ ဘုန်းတော်နှင့် ကောင်းကင်စည်းစိမ်ကို ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အမွေ ခံကြရမည်။(Romans 8:17-18; Philippians 3:21).

D. A purifying hope (1 John 3:3), သန့်ရှင်းစေသောမျှော်လင့်ခြင်း။

"ထိုသို့မျှော်လင့်သောသူမည်သည်ကား.. ကိုယ်ကိုသန့်ရှင်း စေတတ် ၏" ခရစ်တော်သည် အမှန်ကြွလာ တော်မူမည်ဟူသော ခိုင်မာသည့်အကြောင်းအရာအပေါ် မျှော်လင့်ချက်ထားခြင်းကဲ့သို့ မည်သည့်အရာ ကမျှသန့်ရှင်းခြင်း မပေးနိုင်ပါ။(1 John 2:28;Titus 2:11-13).

E. A comforting hope (1 Thessalonians 4:18), သက်သာစေသောမျှော်လင့်ခြင်း။

"ဤစကားများအားဖြင့် အချင်းချင်းတစ်ယောက်ကို တစ်ယောက် သက်သာစေကြလော့" ဝမ်းနည်းခြင်း၊ ကြောကွဲခြင်း၊ လိုအင်ဆန္ဒမပြည့်စုံခြင်းများအတွက် ဤစကားထက်သက်သာစေနိုင် သောစကားမရှိတော့ပါ။ (1 Thessalonians 5:10-11).

F. That blessed hope (Titus 2:13), မင်္ဂလာရှိသောမျှော်လင့်ခြင်း။

"ငါတို့သည် မျှော်လင့်လျက်" "မင်္ဂလာ" "blessed" ဆိုသည်မှာ "ဝမ်းမြောက်ခြင်း""happy" ဖြစ်ပါသည်။ ဘုရားသခင်ကို ကိုးစားခြင်းကြောင့် ကျွန်ုပ်တို့၏ ရရှိထားရှိသောအရာများသည် မည်မျှဝမ်း မြောက်ဘွယ် ကောင်းပါသနည်း။

III. မင်္ဂလာရှိသောမျှော်လင့်ခြင်း၏ ဆုလာဒ်များ (THE REWARDS OF OUR BLESSED HOPE)

ကယ်တင်ခြင်းသည် ကျေးဇူးတော်ကြောင့်ဖြစ်သောကြောင့် (ဧဖက် ၂း၈-၉)ကောင်းကင်ဘုံသို့ဝင်စားမည့်သူ မည်သူကမျှ အကျင့်သီလ၊ ကောင်းမှုကုသိုလ် အနည်းအများအားဖြင့် ဝယ်ယူလဲလှယ်နိုင်မည်မဟုတ်ပါ။ မည်သို့ပင် ဆိုစေကာမူ သခင်ဘုရားကိုကိုးစား၍ သခင်ဘုရား၏ အမှုတော်ကို ဆောင်ရွက်သောသူတို့အတွက် အဖိုးမဖြတ်နိုင်သော ဆုလက်ဆောင်များကိုပြင်ဆင်ထား လျှက် ရှိပါသည်။ (Revelation 22:12; 4:4). ကတိထားတော်မူသော အရှင်သခင် ယေရှုခရစ်၏ ထာဝရနိုင်ငံတော်ထဲသို့ ဝင်စားခြင်း အခွင့်ကို ကြွယ်ဝ စွာပေးမည်ဖြစ်ကြောင်း ရှင်ပေတရုက ရေးသားထားပါသည်။ (2 Peter 1:10-11) ထို့ပြင် ရှင်ပေါလုက (၁ကော ၃း၁၄)တွင် "အကြင်သူ၏ အလုပ်သည်မြဲ၏။ ထိုသူသည် အကျိုးကိုခံရ လတံ့"ဟုဆိုရာတွင် ရှင်ပေတရုနှင့်သဘောခြင်းတူညီနေပါသည်။

A. A crown of righteousness (2 Timothy 4:8), ဓမ္မသရဖူ။

ယခုမှစ၍ ဓမ္မသရဖူသည် ငါ့အား၌ သိုထားလျှက်ရှိ၏။ ထိုနေ့ရက်၌ တရား သဖြင့်စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကို ငါ့အားပေးတော်မူမည်။ ထိုမျှမက ပေါ်ထွန်း တော်မူခြင်းကို တောင့်တ သောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။ ဤလောကတွင် ဖြောင့်မတ်ခြင်း တရား အတွက် တိုက်ပွဲဝင်ခဲ့သောသူတို့အတွက် ဆုလက်ဆောင်ဖြစ်ပါ သည်။ အငယ်(၇)တွင် နမူနာ ဖော်ပြထားသည့်အတိုင်း၊ ခရစ်တော်ကြွလာတော်မူမည်ကို မျှော်လင့်သောအားဖြင့် ဖြောင့်မတ်ခြင်းတရားအတွက် တိုက်ပွဲဝင်သူတို့ အတွက်ဖြစ်ပါ သည်။

B. A crown of life (Revelation 2:10), အသက်သရဖူ။

"သေသည့်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင် အသက်သရဖူ ကို ငါပေးမည်။ "ခရစ်တော်ကို ချစ်မြတ်နိုးသောအားဖြင့် မည်ကဲ့သို့သော စုံစမ်းသွေးဆောင်ခြင်းကို မဆိုကြုံကြုံခဲ့တွန်းလှန်သော သူတို့ အတွက် ဤသရဖူကို ကတိပြုထားပါသည်။ (ယာ ၁း၁၂)။ ထိုသူတို့သည် "သေသည့်တိုင်အောင်"ဟု ဆိုသောကြောင့် သာမန်သေခြင်းဖြစ်စေ၊ မာတုရအဖြစ် အသေဆိုးဖြင့်သေခြင်းဖြစ်စေ ခံရနိုင်ပါသည်။ ကောင်းမြတ်သော ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောအသက်သရဖူသည် ထိုသူတို့အတွက် ပြင်ဆင်ထားလျှက်ရှိပါသည်။

C. An incorruptible crown (1 Corinthians 9:25). မည်းနွမ်းမပျက်စီးနိုင်သောသရဖူ။

ရှင် ပေါလုရည်ညွှန်းထားသော ပျက်စီးတတ်သည့် သရဖူများကို အားကစားသမားများကသာ ရယူနိုင် မည်ဖြစ်ပါသည်။ ဤမပျက်စီးနိုင်သောသရဖူသည် "ပန်းတုံးတိုင်သို့လိုက်ပြေး" သော သူများ (ဖိ ၃း၁၄)။ ယုံကြည်ခြင်းနှင့်ဆိုင်၍ ကောင်စွာသော တိုက်လှန်ခြင်းကိုပြုသောသူများ၊ (၁တိ ၆း၁၂)။ ထုံးတမ်း အတိုင်း ပြိုင်ပွဲဝင်သောသူများ ၂တိ ၂း၅။ ဟေဗြဲ ၁၂း၁-၂ တို့အတွက် ဖြစ်ပါသည်။

D. A crown of glory (1 Peter 5:4). ဘုန်းကြီးသောသရဖူ၊

စေတနာစိတ်အားဖြင့်လည်းကောင်း၊ သစ္စာရှိစွာလည်းကောင်း အသင်းတော် ကိုကြည့်ရှုလျက်၊ သိုးတို့ကိုပြုစု ကျွေးမွေးသောအသင်းတော်ခေါင်းဆောင်(သို့)သိုးထိန်း၊သင်းအုပ်တို့အတွက်ဤသရဖူသည် စောင့်ဆိုင်းလျှက်ရှိနေပါသည်။ (အငယ် ၁-၃)

E. A crown of rejoicing (1 Thessalonians 2:19). ဝမ်းမြောက်ခြင်းသရဖူ။

“ငါတို့မျှော်လင့်ခြင်းအကြောင်း၊ ဝမ်းမြောက်ခြင်းအကြောင်း ငါကြွားခြင်း၏ ဦးရစ်သရဖူကား၊ အဘယ်သို့သော အကြောင်းအရာနည်း။ ငါတို့သခင်ယေရှုခရစ် ကြွ လာတော်မူသောအခါ ရှေ့တော်၌ သင်တို့သည် ထိုသို့သောအကြောင်းအရာဖြစ်ကြသည်မဟုတ်လော” ပေါလုသည် သက်သာလောနိတ် အသင်းတော်ကို ရယူသောသူ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤသရဖူ သည် ဝိညာဉ်ကယ်တင်သူများ၏ သရဖူ (soul-winner’s crown) ဖြစ်ပါသည်။ အပြစ်သားအား ခရစ်တော်ထံသို့ ပို့ဆောင် သောသူတိုင်းအတွက် မင်္ဂလာရှိသော လက်ဆောင်ဖြစ်ပါသည်။

♦ အမှန်အားဖြင့်ပြောရလျှင် အသင်းတော်ကို ချီဆောင်တော်မူသောအခါ အသင်းတော်နှင့်အတူ ချီဆောင်ခံရခြင်း။ (၁သက် ၄း၁၇)။ ပုံသဏ္ဌာန်ပြောင်းလဲ၍ မျက်စေ့တမှိတ်လျှပ်တစ်ပြက်အတွင်း ကိုယ်တော်နှင့်တူသော အဖြစ်သို့ရောက် ရခြင်း။ (1 Corinthians 15:51; Philippians 3:20-21)။ ခရစ်တော်နှင့်အတူ ထာဝရကာလနေရခြင်း။(ယော ၁၄း၃)။ ဘုန်းအသေရေ တော်ကို ဝင်စားခြင်း၊(ရော ၈း၁၇-၁၈)။ ကမ္ဘာတစ်ဝှမ်းတွင် ခရစ်တော်နှင့်အတူ စိုးစံခွင့်ရရှိခြင်း။ (ဇာခရိ ၁၄း၉။ ဗျာ ၅း၁၀) တို့ကိုလည်း ယုံကြည်ခြင်း၏ဆုလာဘ်အဖြစ် ရေတွက်ရမည်ဖြစ်ပါသည်။

♦ ထည့်သွင်းစဉ်းစားသင့်သောအချက် (၂)ချက် Two things worthy of consideration:

- (Revelation 3:11). “သင်၏သရဖူကိုအဘယ်သူမျှမယူစေခြင်းငှာ၊ ရခဲ့ပြီးသောအရာကိုစွဲကိုင်လော့။” အစဉ် သတိပြု နေရမည်ဖြစ် ပါသည်။ ဗျာ ၃း၁၁။

- (Revelation 4:10). ကျွန်ုပ်တို့သည် ထိုသရဖူများနှင့် ထိုက်တန်သူများမဟုတ်ကြောင်းကိုသိလျှက် ထိုသရဖူ များကို သခင်ယေရှု၏ ခြေတော်ရင်းပလ္လင်တော်ရှေ့၌ ချထားကြမည်ဖြစ်သည်။

IV. မင်္ဂလာရှိသောမျှော်လင့်ရာသဘောလက္ခဏာ။ THE NATURE OR CHARACTERISTICS OF OUR BLESSED HOPE

A. It is literal.(ထင်းသည် သေချာရေရာသောအရာဖြစ်သည်)

ဤမျှော်လင့်ခြင်းသည် ကျွန်ုပ်တို့ အတွက် ခရစ်တော်တဖန် ကြွလာတော်မူမည့်အကြောင်းဖြစ်ပြီး၊ ထို မျှော်လင့်ခြင်းအားသေခြင်းတရား (death)ဖြင့်လည်းကောင်း၊ သန့်ရှင်း သောဝိညာဉ်တော် ဆင်းသက်ခြင်း (coming of Holy Spirit) အားဖြင့်လည်းကောင်းပြည့်စုံခြင်းမရှိသေးပါ။ ခရစ်တော်ကြွလာသောအခါ ကိုယ်တော်တိုင်ငါမြင်ရမည်။ ကိုယ်ခန္ဓာ ပါမည်ကျမ်းချက်အတိုင်းဖြစ်မည်။ ခရစ်တော်ကြွလာခြင်းကို ကိုယ်တိုင်မြင်တွေ့ ရမည်။ (physical, personal, and literal.) “ငါတဖန်လာမည်” “I will come again...” (John 14:3). “... ကောင်းကင်သို့ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည်..... တဖန်ကြွလာတော်မူလတံ့” “…This same Jesus...shall so come...” (Acts 1:11). “ကိုယ်တော်တိုင်ဆင်းသက်တော်မူ၍” “...the Lord Himself shall descend...” (1 Thessalonians 4:16).

B. It is imminent.(ငင်းသည် သိသာထင်ရှားပါသည်။)

ကျွန်ုပ်တို့၏ မင်္ဂလာရှိသောမျှော်လင့်ခြင်း (momentary realization of our blessed hope) အမှန်တယ် ဖြစ်ပေါ်မည့်အချိန်ကို မျှော်လင့်လျက် အသင့်ပြင်ဆင်ထားကြရန် ခရစ်ယာန်တိုင်းအား တိုက်တွန်းထားပါသည်။ (Hebrews 9:28; 1 Thessalonians 1:10; 5:6; Philippians 3:20;Titus 2:13).

C. It will be sudden. (မမျှော်လင့်သောအချိန်တွင်ဖြစ်မည်။)

ထိုအချိန်သည် ကြိုတင်မှန်းဆ၍မရသောအချိန်ဖြစ်လျက် အလျင်အမြန် ချက်ချင်းဖြစ်ပါလိမ့်မည်။ မင်္ဂလာရှိ သောမျှော်လင့်ရာ၏ ပြည့်စုံခြင်းသည် လျှပ်စစ်သည် အရှေ့မှပြက်၍ အနောက်တိုင်အောင် ထွန်းလင်းသကဲ့သို့" (1 Corinthians 15:52); "မျက်စေ့တမှိတ်၌ဖြစ်မည်။ " "In a moment, in the twinkling of an eye..." (1 Thessalonians 5:2-3)" "သူခိုးသည် ညဉ့် အခါလာသကဲ့သို့" လာမည်။"...as a thief" – suddenly; "like lightning" (Matthew 24:27).

D. It is two-fold.(ငင်းသည်အပိုင်း နှစ်ပိုင်းပါဝင်ပါသည်။)

ခရစ်တော်ကျိလောကသို့တစ်ဖန်ကြွလာတော်မူမည့်အကြောင်းကို သမ္မာကျမ်းစာသည် ဖော်ပြရာတွင် အပိုင်း နှစ်ပိုင်း ပါဝင်နေသည်ဟု သတိပြုရပါမည်။ ပထမပိုင်းတွင် အသင်းတော်အားချီဆောင်ခြင်း၌ ကျွန်ုပ်တို့ကို ချီဆောင်ဖို့ အတွက်ကြွလာတော်မူသည်။ First,He comes FOR us at the rapture of the Church (1 Thessalonians 4:16-17; John 14:3)။ ထို့နောက် ကမ္ဘာမြေကြီးပေါ်သို့ ကျွန်ုပ်တို့နှင့်အတူ ကြီးစွာ သောဘုန်း တန်ခိုး အာနုဘော်တော်အားဖြင့် ကြွလာမည်ဖြစ်ပါသည်။ after , He comes to earth WITH us, in power and great glory (Revelation 19:11-15; Jude 14; Colossians 3:4).

1. ကြွလာတော်မူခြင်း၏ပထမပိုင်းတွင်—

ခရစ်တော်သည် မိုးတိမ်ကိုစီးလျက်၊ မိုးတိမ်အထိကို သာဆင်းလာပြီးအသင်းတော်ကို ကမ္ဘာမြေကြီးမှ ရုတ်ချည်းချီဆောင်သွားမည်ဖြစ်ကြောင်းဆိုထားသည်။ (1 Thessalonians 4:16-17), (Antichrist) အန္တိခရစ်ပေါ်လာမည်။ (2 Thessalonians 2:3-8)။ နောက်ဆုံး ဘုရားမဲ့ဝါဒီများအုပ်စိုးခြင်း (apostasy)သည် ရောက်လာလိမ့်မည်။ (2 Thessalonians 2:11;Luke 18:8; 2 Timothy 3:1-5).

2. ကြွလာတော်မူခြင်း၏ဒုတိယပိုင်းတွင်—

ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ကျိကမ္ဘာမြေ ကြီးသို့ပြန်လည်ဆင်းသက်လျက် ထိုအဖြစ်ကိုလည်း မျက်စေ့ဖြင့်မြင်ကြရမည်။ (ဗျာ ၁း၇)။ ကြီးစွာတုန်လှုပ်ချောက်ချားခြင်းဖြင့် မြင်ကြရမည်။ (မ ၂၄း၂၆-၂၇)။ ကြီးစွာ သော ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်ကြွလာမည်။ (မ ၂၄း၃၀)။ Compare 1 Thessalonians 4:16-17 with Zechariah 14:4-5. Compare John 14:3 with Matthew 25:31-32.

♦ ကျိကြွလာတော်မူခြင်းပထမပိုင်းနှင့် ဒုတိယပိုင်းတို့အကြားတွင်ကြားကာလရှိနေကြောင်းမှာ မေးမြန်းရန်ပင် မလို တော့ပါ။ထိုကာလနစ်ခုအကြားတွင်သားရဲ (သို့မဟုတ်) အန္တိခရစ်၏ပေါ်လာခြင်းနှင့်အုပ်စိုးခြင်း။ (ဗျာ ၁၃း၁-၅)။ ခရစ်တော်၏ တရားပလွှင်၊ (၂ကော ၅း၁၀)။ အာမဂေဒုန်စစ်ပွဲ (ဗျာ၊ ၁၆း၁၄-၁၆)စသည်များဖြစ်ပါသည်။

V. ပါဝင်မည့်တန်ခိုးတော်များ။ (THE POWER INVOLVED)

ကျွန်ုပ်တို့၏ မင်္ဂလာရှိသော မျှော်လင့်ရာထဲတွင် သခင်ဘုရား ကြီးစွာသော တန်ခိုးအာဏာတို့ကို ပြသမည့် အောက် ပါတို့ လည်း ပါဝင်သည်။

A. ခရစ်တော်ကိုယုံကြည်သောသူတို့အား သေခြင်းမှ ရှင်ပြန်ထမြောက် စေသည့် တန်ခိုးတော်၊ (Power to raise from the dead all who have died in Christ) (1 Thessalonians 4:16; 1 Corinthians 15:52).

B. ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို မပျက် မစီးတတ်သော ကိုယ်တော်၏ ခန္ဓာတော်နှင့်တူစေခြင်းငှာ ချက်ချင်း တခဏချင်းတွင်ပြောင်းလဲမည့် တန်ခိုးတော်။ (Power to immediately change and transform our bodies into the likeness of His own body, defying the law of decomposition) (Philippians 3:21; 1 John 3:2; 1 Corinthians 15:51-52).

C. မြေကြီး၏ ဆွဲငင်ခြင်းနိယာမတရားကိုဖျက်ဆီးမည့်တန်ခိုးတော် ကိုယ်တော်အား မိုးတိမ်ပေါ်၌ တွေ့ဆုံရန် မိုးတိမ် သို့တက်ကြရမည်။ ထိုခဏချင်းတွင်သန်းနှင့်ချီ၍မိုးတိမ်သို့တက် ကြမည်။ (Power to overcome the law of gravity – we shall rise from the earth to meet Him in clouds) (1 Thessalonians 4:17). Millions shall rise in a moment!!

D. မြေကြီးနိုင်ငံတို့နှင့်တပ်များ ဖျက်ဆီးမည့်တန်ခိုးတော်။(Power to smash the nations of the earth and to destroy their armies) (Daniel 2:34-35, 44-45; Psalm 2:8-9; Revelation 19:15-20).

E. စာတန်ကိုချည်နှောင်၍သားရဲ(သို့မဟုတ်) အန္တိခရစ်အားအနိုင်ယူမည့်တန်ခိုးတော်။ (Power to bind Satan and overcome the “beast” or Antichrist) (Revelation 20:1-3; 2 Thessalonians 2:8; Revelation 19:19-20).

F. တစ်ပါးအမျိုးသားတို့၏ အုပ်စိုးခြင်းကို အဆုံးသတ်စေသော တန်ခိုးတော် (Power to terminate Gentile domination) (Romans 11:25; Acts 15:14-17). လောကီနိုင်ငံများသည် ကျွန်ုပ်တို့ ခရစ်တော်၏နိုင်ငံဖြစ်လာမည်။ (The kingdoms of earth become the kingdom of our Lord) (Revelation 11:15; Zechariah 9:10).

G. သားရဲတို့၏ဆိုးသွမ်းခြင်းအပါအဝင်ကမ္ဘာလောကကြီးရှိ ကျိန်ခြင်းအမင်္ဂလာအားလုံးကို ဖယ်ရှား အဆုံးသတ်စေသော တန်ခိုးတော်။ Power to remove the curse on this earth including the ferocity of beasts (Isaiah 11:2-10; Romans 8:19-22).

H. စစ်မက်ဖြစ်ပွားခြင်းကို အဆုံးသတ်၍ တစ်ကမ္ဘာလုံး၌ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းဖြင့် အုပ်စိုးခြင်းကိုတည်ထောင်လျက် လာဘ်ပေးလာဘ်ယူစံနစ်ကိုဖျက်သိမ်းမည့်တန်ခိုးတော်။ (Power to terminate war,establish a worldwide reign of righteousness and peace in the earth, and deliver it from

corruption) (Isaiah 2:4; 55:13; 35:1-2; 65:25; 9:6-7; Psalm 2:8-9; Zechariah 14:9; Revelation 20:4; Isaiah 11:9; 2:4).

VI. မင်္ဂလာရှိသော ကျွန်ုပ်တို့၏ မျှော်လင့်ချက်များ။ (THE BLESSED EXPECTATIONS OF OUR HOPE)

A. သခင်ဘုရားကိုယ်တော်တိုင် ကျွန်ုပ်တို့အတွက် ပြန်လာရခြင်းဖြစ်သည်။(That the Lord Himself shall return for us) (1 Thessalonians 4:16).

B. သခင်ဘုရားကိုယ်တော်တိုင် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုကိုယ်တော်နှင့်တူစေရန် တခဏာ ချင်းတွင် ပုံသဏ္ဌာန်ပြောင်း လဲပေးမည်။ (That He will, in a moment, change and transform our bodies into the likeness of His own body) (1 Corinthians 15:51-53; Philippians 3:20-21; 1 John 3:2).

C. ခရစ်တော်၌ သေလွန်ပြီးသောသူတို့သည် မပျက်မစီးနိုင်သောကိုယ်ခန္ဓာ၊မပုပ်မပျက်နိုင်သော ကိုယ်ခန္ဓာဖြင့် သေခြင်းမှ ထမြောက်ကြရမည်။ (That the dead in Christ will be raised up with an incorruptible, imperishable body) (1 Corinthians 15:42-44; 51-57).

D. ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တွေ့ဆုံရန် အာကာသကောင်းကင်မိုးတိမ်ထဲသို့ ချီဆောင်ခြင်းခံရလျက် ကိုယ်တော် သည် ကျွန်ုပ် တို့အား လက်ခံသိမ်းဆည်းမည်။(That we shall be caught up in clouds to meet the Lord in the air and He will receive us unto Himself) (1 Thessalonians 4:17; John 14:3).

E. ကိုယ်တော်၏ဘုန်းတန်ခိုးအာနုဘော်တော်ကို ဝင်စားလျက် ကိုယ်တော်နှင့်အတူ အစဉ်အမြဲနေကြ ရမည်။ (That we shall share Christ's glory and be forever with Him) (2 Corinthians 5:8; Philippians 1:23; Romans 8:17-18).

F. ကျွန်ုပ်တို့အား ကိုယ်ကျင့်သောအကျင့်ကောင်းမကောင်းရှိသည့်အတိုင်း အကျိုးအပြစ်ကို ပေးတော်မူမည်။ (That we shall be rewarded according to the "deeds done in (or by means of) our body") (2 Corinthians 5:10; 1 Corinthians 3:13-15; 2 Timothy 4:8; 1 Peter 5:4; Colossians 3:24-25; Romans 14:10-13).

G. ကျွန်ုပ်တို့၏ကောင်းကင်သတို့သားနှင့် ဆုံစည်းခြင်းအခွင့်ရကြပါမည်။ (That we shall be united in marriage to our heavenly Bridegroom) (Ephesians 5:23-32; Revelation 19:7-9).

H. ခရစ်တော်သည် ကမ္ဘာလောကသို့ ပြန်လည်ဆင်းသက်သောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် အတူဆင်းသက်ကာ(Jude 14; Colossians 3:4; Revelation 19:14) ကိုယ်တော်၏သန့်ရှင်းသူများ အဖြစ်ချီးမြှောက်ခြင်း ခံရမည်။ (2 Thessalonians 1:10).

I. ကိုယ်တော်နှင့်အတူမြေကြီးပေါ်တွင် အနှစ်တစ်ထောင်စိုးစံကြရမည်။(That we shall reign with Him on the earth (Revelation 5:10; 20:4-6) for a millennium.

J. ဤ ကောင်းကင်ဟောင်းနှင့် မြေကြီးဟောင်းကိုဖျက်ဆီးပြီးသောအခါ ကိုယ်တော်နှင့်အတူ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင်စိုးစံနေထိုင်ကြရမည်။(We shall dwell with the Lord in a new heaven after this earth and heaven are dissolved)(Revelation 21:1-4; 2 Peter 3:10).

VII. မင်္ဂလာရှိသော မျှော်လင့်ရာ ပြည့်စုံရမည့်အချိန်။ (THE TIME OF OUR BLESSED HOPE)

ခရစ်တော်တစ်ဖန်ကြွလာတော်မူမည့်အချိန်နာရီကို မည်သူမျှ မသိရသော အခွင့်မရှိ။ (တ ၁း၇။ မ ၂၄း၃၆)။ တစ်ချိန်တည်းမှာပင် ခရစ်တော်သည်အချိန်မရွေးကြွလာတော် မူနိုင်သည်ဟု သေချာပေါက် ယုံကြည်လျှက် အစဉ်အသင့်ပြင်ထားရန်ယုံကြည်သူတို့အား တိုက်တွန်းထားပါသည်။ သမ္မာကျမ်းစာသည် ကြွလာတော် မမူမီဖြစ်ပေါ်လာမည့်နိမိတ်လက္ခဏာများကို အောက်ပါအတိုင်း အတိအကျဖော်ပြ ထားပါသည်။

A. ကမ္ဘာကြီးသည် “peace and safety” အတွက် အော်ဟစ်တမ်းတနေချိန်။(When the world is crying “peace and safety”) (1 Thessalonians 5:3; Jeremiah 6:14).

B. ခရစ်တော်ကြွလာမည်ဟုမမျှော်လင့်သောအချိန် (သို့မဟုတ်) ပြင်ဆင်ထားခြင်းမပြုသောအချိန်။(When men are not looking for it and are scoffing at the very idea of it) (1 Thessalonians 5:2; 2 Peter 3:3-9).

C. သဘာဝဘေးနှင့်လူမှုဒုက္ခများရောက်နေချိန်။(When the world is in a state of perplexity and social upheaval) (Luke 21:25).

D. မြေကြီးပေါ်တွင် ဖြစ်ပျက်နေသောအရာများကြောင့်လူတို့ ကြောက်လန့်စိုးရိမ် နေချိန်။(When men are distressed and their hearts are failing for fear of those things which are coming on the earth) (Luke 21:25-26).

E. နောဧလက်ထက် သောဒုံမြို့နှင့် ဂေါမောရမြို့ကိုဖျက်ဆီးနေချိန်(လု ၁၇း၂၆-၃၀)၊ လူတို့သည် သတိမထား၊စည်းစောင့်ခြင်း မရှိဘဲ ခါတိုင်းကဲ့သို့ ပင် ရောင်းဝယ်ဖေါက်ကားလျှက်ရှိနေခြင်း၊ ထိမ်းမြားပေးစား နေခြင်း(marital promiscuity)။ ကာမ တဏှာလွန်ကဲခြင်း(sexual perversion)၊ ကြမ်း တမ်းခြင်း(violence)၊ အကျင့်စာရိတ္တ ပျက်ပြားခြင်း(corruption of morals)။ တရားဥပဒေ စိုးမိုးမှုမရှိခြင်း(lawlessness)။ ဘုရားသခင်အား ပုန်ကန်ခြင်း (rebellion against God) စသည်များဖြစ်ပါသည်။

F. စစ်မှန်သော ယုံကြည်ခြင်းသည် နည်းပါးလျှက်၊ မြေကြီးပေါ်တွင် အတုအယောင် ကိုးကွယ်မှုများ နေရာအနှံ့ မြင်တွေ့နေရသောအခါ။(When there is little true faith left in the earth and apostasy in religion is evident everywhere) (Luke 18:8; 2 Timothy 3:1-5; 1 Timothy 4:1; 2 Peter 2:1).

G. ဘုရားသခင်ချိန်းချက်တော်မူသောအချိန်ကျရောက်သောအခါ၊ (မ၊ ၂၄း၃၆)။ တစ်ပါးအမျိုးသား တို့၏ ကာလ သည်ပြည့်စုံခြင်းသို့ရောက်သောအခါ။ (လု ၂၁း၂၄။ တ ၁၅း၁၄)။ "တစ်ပါးအမျိုးသား တို့ဝင်လာခြင်း ပြည့်စုံသောအခါ"(ရော ၁၁း၂၅)။ ဤကာလနှင့် အသင်းတော်အတွက် ဘုရားသခင်၏ အကြံတော်နှင့် ရည်ရွယ်ချက်အကောင်အထည် ပေါ်လာ သောအခါ။ (ဧ ၃း၁၀-၁၁။ ၁း၁၀-၁၄)။ When God's appointed time arrives (Matthew 24:36), when the "...times of the Gentiles be fulfilled" (Luke 21:24; Acts 15:14), when the "...fullness of the Gentiles be come in" (Romans 11:25), and when God's purpose for this age and the Church are realized (Ephesians 3:10-11; 1:10-14).

နိဂုံး - Conclusion

ကျွန်ုပ်တို့မည်သို့ပြုရမည်နည်း။ What Ought We To Do?

A. ကိုယ်တော်ကြွလာတော်မမူမီတိုင်အောင် ဆက်လက်လုပ်ဆောင်လျက်နေလော့။ (Occupy until He comes) (Luke 19:13).

B. တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍မရွေ့လျော့ မတိမ်းမယိမ်းဘဲနေလော့။ (Be steadfast) (1 Corinthians 15:57).

C. ကိုယ်တော်ကြွလာတော်မူမည်ဖြစ်၍ သက်သာခြင်းရှိလော့။ (Find comfort in His coming) (1 Thessalonians 4:18).

D. အိပ်မပျော်ဘဲ သမ္မာသတိရှိ၍ စောင့်လျက် နေလော့။ (Be watchful and alert) (1 Thessalonians 5:6; Matthew 24:42).

E. ကိုယ်ကိုသန့်ရှင်းစေလော့။ (Be clean) (1 John 3:3).

F. အကယ်၍ သင်သည် ကယ်တင်ခြင်းသို့ မရောက်သေးသူဖြစ်လျှင် -And, if you are not yet saved:

1. သခင်ဘုရားနှင့် တွေ့ဆုံရင်ဆိုင်ရန် ပြင်ဆင်ထားပါ။ (Prepare to meet the Lord) (Amos 4:12).
2. ပြက်ရယ်ပြုခြင်းကို ယခုပင် ရပ်ဆိုင်းလော့။ (Cease to scoff) (2 Peter 3:3-4).
3. တွေ့နိုင်သောကာလတွင် ကိုယ်တော်ကိုရှာလော့။ (Seek the Lord while He may be found) (Isaiah 55:6).
4. ကိုယ်တော်ကြွလာတော်မူမည့်အချိန်အတွက် ပြင်ဆင်လျက် အစဉ် အသင့် စောင့်နေ လော့။ (Be ready when He comes) (Matthew 24:44).

"EVEN SO, COME, LORD JESUS" "သခင်ယေရှု၊ ကြွလာတော်မူပါ။ အာမင်။"(Revelation 22:20)!

မင်္ဂလာရှိသောမျှော်လင့်ခြင်းဆိုင်ရာ မေးခွန်းများ — သင်ခန်းစာ (၂၄)

1. believer's Blessed Hope ယုံကြည်သူများ၏ မင်္ဂလာရှိသောမြော်လင့်ခြင်း သဘောလက္ခဏာများကား အဘယ်နည်း။(၂-မှတ်)
a. အနာဂါတ်ကို ရှုမြော်ခြင်း။ Looking forward to the future
b. ခရစ်တော်နှစ်တထောင်အုပ်စိုးခြင်း။The time Christ sets up the Millennium
c. ခရစ်တော်ပြန်ကြွလာမည့်အချိန်နှင့် သယ်ယူလာမည့်အောင်ပွဲ၊ကောင်းချီးမင်္ဂလာများ။The return of Christ for and with His saints with all the accompanying blessings and victories.

2. unbeliever မယုံကြည်သောသူတို့ ၏မျှော်လင့်ခြင်းကားအဘယ်နည်း။(၂-မှတ်)
a. ကောင်းကင်ဘုံသွားရမည်ဟု မျှော်လင့်သည်။He has the hope that someday he may go to heaven.
b. မျှော်လင့်ခြင်းမရှိ။ He has no hope.(Answer)
c. ကောင်းသောအကျင့်အတွက် အကျိုးရမည်ဟုမျှော်လင့်သည်။He has the hope of his good works.

3. ကျွန်ုပ်တို့ ၏ မျှော်လင့်ခြင်းကို "Living Hope" အသက်ရှင်သောမြော်လင့်ခြင်းဟုခေါ်ရခြင်းမှာ.....(၂-မှတ်)
a. အသက်ရှင်ရင်း မျှော်လင့်နေကြသည်။ we are still alive while hoping.
b. ခရစ်တော်သည် ကျွန်ုပ်တို့ အထဲ၌ပုံဆောင်သောကြောင့်။Christ lives in us.(Answer)
c. ကျမ်းစာသုံးနည်းကို ဖွင့်ပြထားသောကြောင့်။that is the expression the Bible uses.

4. The Crown of Righteousness ဖြောင့်မတ်ခြင်း ဦးရစ်သရဖူသည် မည့်သည့် အောက်ပါအချက်ကို ရည်ရွယ်သနည်း။ (၂-မှတ်)
a. ဝိညာဉ်ကယ်တင်သူ။ the soul-winner.
b. သူ၏ရုပ်ရည်ကို ချစ်ခင်နှစ်သက်သူ။those who love his appearing.
c. ပန်းတုံးတိုင်သို့ လိုက်ပြေးသူ။ those who press toward the mark.

5. The Crown of Rejoicing ဝမ်းမြောက်ခြင်း ဦးရစ်သရဖူသည် မည့်သည့် အောက်ပါအချက်ကို ရည်ရွယ်သနည်း။ (၂-မှတ်)
a. ဝိညာဉ်ကယ်တင်သူ။ the soul-winner.
b. သူ၏ရုပ်ရည်ကို ချစ်ခင်နှစ်သက်သူ။those who love His appearing.
c. ပန်းတုံးတိုင်သို့ လိုက်ပြေးသူ။ those who press toward the mark.

6. ကျွန်ုပ်တို့ ၏ Blessed Hope မင်္ဂလာရှိသောမြော်လင့်ခြင်း ဆိုသည်မှာ အောက်ပါတခုမှဖြစ်သည်။(၂-မှတ်)
a. အစစ်အမှန်ဖြစ်သည်။ Real.
b. ကောင်းသောအသက်တာဖြင့် ရှင်သန်နိုင်သည်။ being able to live a good life.

c. ဤလောကတွင်ရှိသော ကျွန်ုပ်တို့ ၏ဝမ်းမြောက်ခြင်းဖြစ်သည်။ the joy we have on earth.

7. မည်သည့်အချိန်တွင် blessed hope events မင်္ဂလာရှိသောမြော်လင့်ခြင်း အဖြစ်အပျက်များ အစပြုမည်နည်း။(၂-မှတ်)

a. အချိန်မရွေး စတင်နိုင်သည်။ It may start at any time.

b. ခရစ်တော်ဘုန်းတန်ခိုးဖြင့်လာသောအခါ။ It will start when Christ comes in power and glory.

c. ကျေရွာဆလင်မြို့ သစ် ကောင်းကင်မှဆင်းလာသောအခါ။ It will start when the new Jerusalem comes down from heaven.

8. Blessed hope မင်္ဂလာရှိသောမြော်လင့်ခြင်း ၏ပထမသုံးသပ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။ (၂-မှတ်)

a. ခရစ်တော်သည် မိုးတိမ်ဖြင့်ကြွလာမည်။ Christ comes back on the clouds.

b. ခရစ်တော်ကြွဆင်းလာသည်ကို လူတိုင်းမြင်ရ၏။ Christ comes to earth and is seen by all people.

c. ခရစ်တော်ကြွဆင်းလာပြီး လေထဲတွင်ရှိနေမည်။ Christ comes to earth and stays half way between heaven and earth.

9. Blessed Hope နှင့်ပတ်သက်၍ ကျမ်းစာတွင် အသုံးပြုပုံကို ကျမ်းပိုဒ်ဖြင့် ယှဉ်တွဲပြပါ။(၁၂-မှတ်)

_____ အသက်ရှင်သောမြော်လင့်ခြင်း၊ A living hope	a. Hebrews 6:19
_____ တည်ကြည်သောမြော်လင့်ခြင်း၊ A steadfast hope	b. 1 John 3:3
_____ ဘုန်းကြီးသောမြော်လင့်ခြင်း၊ A hope of Glory	c. Titus 2:13
_____ သန့်ရှင်းသောမြော်လင့်ခြင်း၊ A purifying hope	d. Colossians 1:27
_____ သက်သာစေသောမြော်လင့်ခြင်း၊ A comforting hope	e. 1 Peter 1:3
_____ မင်္ဂလာရှိသောမြော်လင့်ခြင်း၊ That blessed hope	f. 1 Thessalonians 4:18

10. ယုံကြည်သူများရမည့် သရဖူများကို ကျမ်းပိုဒ်နှင့်ယှဉ်တွဲပြပါ။(၁၅-မှတ်)

_____ ဖြောင့်မတ်ခြင်းသရဖူ A crown of righteousness	a. 1 Corinthians 9:25
_____ အသက်သရဖူ A crown of life	b. 1 Peter 5:4
_____ မညှိုးနွမ်းသောသရဖူ An incorruptible crown	c. Revelation 2:10
_____ ဘုန်းကြီးသောသရဖူ A crown of glory	d. 1 Thessalonians 2:19
_____ ဝမ်းမြောက်ခြင်းသရဖူ A crown of rejoicing	e. 2 Timothy 4:8

11. ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ယုံကြည်သူများမျှော်လင့်နိုင်သော မင်္ဂလာကိုကျမ်းပိုဒ်နှင့်ယှဉ်တွဲပြပါ။ (၂၀-မှတ်)

_____ ယုံကြည်သူများအတွက်သခင်ဘုရားကြွလာမည်။ The Lord will return for the believers.	a. 1 Corinthians 15:42-44
_____ ယုံကြည်သူများ၏ကိုယ်ခန္ဓာပြောင်းလဲမည်။	b. Romans 8:17-18

The believer's body will be transformed.

____ ခရစ်တော်၌သေလွန်သူများထမြောက်မည်။ c. Revelation 19:7

The dead in Christ will be raised.

____ ယုံကြည်သူများခရစ်တော်ကိုအာကာသ၌တွေ့ဆုံမည်။ d. Colossians 3:4

The believer will be caught up to meet Christ in the sky.

____ ကျွန်ုပ်တို့သည် ထာဝရဘုရား၏ဘုန်းတော်ကို ထာဝရ ခံစားကြရမည်။ e. 1 Corinthians 15:51-53

We shall share His glory forever.

____ ကျွန်ုပ်တို့သည်ဆုလပ်များကိုလက်ခံရရှိမည်။ f. Revelation 5:10

We shall receive rewards.

____ ယုံကြည်သူများသည် ခရစ်တော်နှင့်ပေါင်းစည်းကြရမည်။ g. Revelation 21:1-4

(သိုးသငယ်မင်္ဂလာဆောင်)။ The believers will be united to Christ in marriage.

____ ယုံကြည်သူများသည် ခရစ်တော်နှင့်အတူမြေကြီးပေါ်သို့ကြွလာမည်။ h. 2 Corinthians 5:10

Believers will return with Christ to earth.

____ ယုံကြည်သူများသည် ခရစ်တော်နှင့်အတူမြေကြီးပေါ်၌စိုးစံကြမည်။ i. 1 Thessalonians 4:17

(အနှစ်-၁၀၀၀ နိုင်ငံတော်ကာလ) Believers will reign with Christ on earth.

____ ယုံကြည်သူများသည် ခရစ်တော်နှင့်အတူ ကောင်းကင်သစ်၌ထာဝရှင်ရမည်။ j. 1 Thessalonians 4:16

Believers will live with Christ in a new heaven.

အောက်ပါကွက်လပ်များကိုဖြည့်ပါ။

12. ..... သည် ကျွန်ုပ်တို့၏မင်္ဂလာမြော်လင့်ချက်ကို သေချာစေသည်။ (၂-မှတ်)

The _____ of Christ gives us certainty of our blessed hope.

13. Psalm 24:9 တွင် ကျွန်ုပ်တို့ ၏မင်္ဂလာရှိသောမျှော်လင့်ခြင်းကို ဖေါ်ပြသည့်ဝါကျ (phrase) ကိုရေးပါ။

_____

14. ခရစ်တော် ပထမအကြိမ်နှင့် ဒုတိယအကြိမ် (Christ's first and second-comings) ကြွလာခြင်း ၏ ခြားနားချက်ကိုရေးပါ။(၆-မှတ်)

_____

_____

အောက်ပါကွက်လပ်များကို ဖြည့်ပါ။(၆-မှတ်)

15. The Blessed Hope မင်္ဂလာရှိသောမြော်လင့်ခြင်းသည် ၂-ခေါက်ချိုး (twofold) အဓိပ္ပါယ်ရသည်။. ပထမ ခရစ်တော်သည် အသင်းတော်ကိုခိုဆောင်ရာတွင် ယုံကြည်သူများအား ..... ရန်ကြွလာခြင်းဖြစ်ပြီး

ဒုတိယကြွလာရာတွင် ယုံကြည်သူများနှင့် ..... ဘုန်းတန်ခိုးဖြင့် မြေကြီးပေါ်သို့ ကြွဆင်းလာမည်။ First Christ comes _____ His people at the Rapture of the Church; after that He comes in power and glory _____ His people.

16. ခရစ်တော်ပြန်ကြွလာခြင်းနှင့်ပတ်သက်၍ အောက်ပါကျမ်းပိုဒ်များ၏ ဖေါ်ပြချက်ကိုရေးပါ။(၆-မှတ်)

a. 1 Thessalonians 5:3 _____

b. Luke 17:26-30 _____

c. 2 Timothy 3:1-5 _____

17. ခရစ်တော်ပြန်ကြွလာမည့်အချိန်ကို မျှော်လင့်လျက် ယုံကြည်သူများကြိုတင်ပြင်ဆင်ရမည့် အချက် ၅-ချက်ကို ရေးပါ။ (၁၅-မှတ်)

a. _____

b. _____

c. _____

d. _____

e. _____

သင်ခန်းစာ (၂၅)။ ကျမ်းစာနှင့်အညီ ယုံကြည်သူများ အသီးအခြားနေခြင်း(Bible Separation)

နိဒါန်း - Introduction

သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် မိမိတို့အသက်တာတွင် ခရစ်တော်အမှန်ပင်အသက်ရှင်နေသည်ဟုသိရသော အခွင့်ရပြီးသူတိုင်း၊ ဘုရားသခင်၏ အသစ်တစ်ဖန်ဖြစ်ပွားစေခြင်းကိုခံရပြီးသူတိုင်းတို့ သည်၊ ဤလောကဝိညာဉ်အမှောင်ထုထဲ၌ (world of spiritual darkness) အသက်ရှင်နေရသော်လည်း မိမိသည်ဤလောကနှင့်မသက်ဆိုင်ကြောင်းသိထားကြပါသည်။ (John 15:19)။ ဤလောက မှရွေးချယ်ခေါ်ထုတ်ခြင်း ခံရပြီး(John 15:16) ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၌လောကအရာများကို ရိုက်ထားလျက် လက်ဝါး ကပ်တိုင်အားဖြင့်လောက နှင့်ခွဲခြားပြီးဖြစ်ကြောင်းသိရှိထားကြပါသည်။ (Galatians 6:14; Hebrews 10:10).

ခရစ်ယာန်သည် သခင်ယေရှု ခရစ်၌ သန့်ရှင်းရာ၌တည်စေပြီး (ဘုရားသခင်အတွက်သီးသန့်ထားပြီး) ဟုသမ္မာကျမ်းစာက မှတ်ယူထားပါသည်။(1 Corinthians 1:2)။ ထို့ပြင် ခရစ်ယာန်တို့သည် မိမိကိုယ်ကို မစောင့်ထိန်းသော (who refuse to behave)သူများ၊ အပြစ်(sin)၊အပြစ်သား(sinners)၊အမည်ခံခရစ်ယာန် (professing Christians) (ခရစ်ယာန်ကဲ့သို့အသက် မရှင်လိုသူ) လောက ပျော်မွေ့ခြင်းနှင့် တပ်မက်ဘွယ်ရာများ (lusts and pleasures)၊ အတူအယောင်ဆရာများ(false teachers)၊ဘာသာရေးအယူလွဲမှားမှုများ (apostate religion) မှလည်း မိမိ ကိုယ်မိမိ သီးသန့် ထားရန်တိုက်တွန်းထားပါသည်။

ပြဿနာနှင့် မေးစရာ မေးခွန်းများကား ရှိနေဆဲဖြစ်သည်။ ခရစ်ယာန်များသည် တသီးတခြားနေလိုသူများလော။ (Are Christians isolationists?) အခြားသောသူများ နှင့် လုံးဝမတွေ့ ရအောင် အဖြူရောင်ဆင်စွယ်ရဲတိုက်ကြီးများ (white ivory towers) တွင် သီးသန့်နေရမည်လော။ ဖာရိရှဲများကဲ့သို့ကျွန်ုပ်တို့သည် ထိုသူများကဲ့သို့ မဟုတ်သောကြောင့်ဆိုပြီး ဝါကြွားနေရမည် လော။ ခရစ်တော်သွန်းတော်မူသောအသွေးတော်နှင့်ခရစ်တော်၏ ဘုရားပကတိကိုငြင်းပယ်နေသော အမည်ခံခရစ်ယာန်ခေါင်းဆောင်များ (professing Christian leader) နှင့် ပတ်သက်၍ မည်သို့သဘောထားရ မည်နည်း။ ထို့ကြောင့် ကျမ်းစာကပြောသော ယုံကြည်သူများ သီးသန့်ဖြစ်ခြင်း (Bible Separation) ဆိုသည်မှာ အဘယ်နည်း။

ဤသင်ခန်းစာတွင် အထက်ပါ မေးခွန်းများ၏အဖြေကို ဖော်ထုတ်မည်ဖြစ်ပါသည်။ မှန်ကန်သော သမ္မာတရားကိုလေ့လာခြင်းအားဖြင့် သင်၏အသက်တာ နှင့်စိတ်နလုံးသည် ဘုရားသခင် အတွက်ပိုမိုရှင်သီးသန့် ခွဲခြားထားသောအရာဖြစ်နိုင်ပါစေ။ (John 17:17).

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- အချို့သောခရစ်ယာန်များသည် ပညတ်တရား၏အောက်၌ရှိနေသေးသကဲ့သို့ ချည်နှောင်မှုများ (bondage) ဖြင့်နေ နေကြပါ သည်။ သူတို့ဖော်ပြ သောသီးခြားသီးသန့်ဖြစ်ခြင်းသည် ဖာရိရှဲတို့နည်းတူ တရားဥပဒေ ဆန်လှပါသည်။
- အခြား သူများသည် သန့်ရှင်းသော ဝိညာဉ်တော်မှ နလုံးသား၌ထည့်သွင်း ပေးထားသောဝမ်းမြောက်ခြင်းနှင့်

လွတ်လပ် ခြင်းကိုသိရှိခံစားကြရပါသည်။ ထိုခြားနား မှုနှစ်ရပ်ကိုကောင်းစွာသိရှိထားရန်လိုအပ်ပါသည်။

❖ လောကနှင့် လောကဘ၌ရှိသောအရာတို့ကို မချစ်ရန် (1 John 2:15-17) လောကီပုံသဏ္ဌာန်ကို မဆောင်ရန် (Romans 12:2) ကျွန်ုပ်တို့ကိုတိုက်တွန်းထားပါသည်။ သို့သော်လောကီဆန်သောအမှုများသည် အသင်းတော်၌ ပါဝင် ရောစပ်စိမ့်ဝင်လေ့ရှိပါသည်။ ဘုရားသခင်အလိုတော်ရှိသောအရာ သည် မည်သည့်အရာဖြစ်၍ လောကီဆန်သောအရာသည် မည်သည့်အရာဖြစ်ကြောင်းကွဲပြားစွာသိရှိထားရန် လည်းအရေးကြီးပါသည်။

❖ ဘုရားသခင်သည် ဘာသာရေးဆန်ဆန်၊ ဘုရားတရားကြည်ညိုသည့်အသွင်ဆောင်သော အရာများကို စွန့်ပစ်ရှောင်ရှားရန် (2 Timothy 3:1-5) တိုက်တွန်းထားသည့်ကြားမှပင်၊ သန်းပေါင်းများစွာသော အမည်ခံ ခရစ်ယာန် များသည် မိမိအလို သို့လိုက်သောအုပ်စုတွင်ပါလျက် ထိုအုပ်စုကိုထောက်ခံခြင်း၊ လမ်းလွဲနေ သောအသင်းတော်များ (apostate churches) ၌ ဆက်လက်ပါဝင်ခြင်းများကိုပြုလျက်သာရှိနေပါသည်။ ဤအခြေ အနေများတွင် မည်ကဲ့သို့ စိတ်သဘောထားရမည်ကို သိရှိ ထားရန်လိုအပ်လှပါသည်။

သင်ခန်းစာ - THE LESSON

I. ဘုရားသခင်သည် ရွေးချယ်ထားသောသူတို့အား လောကနှင့် ကယ်တင်ခြင်းမရသေးသောလူသား တို့ထံမှခွဲခြား ထားပါသည်။ GOD SEPARATES FROM THE WORLD AND FROM UNREGENERATE HUMANITY, THOSE WHOM HE HAS CHOSEN FOR HIMSELF

A. Illustration of the Apostle Paul (Galatians 1:15) – ရှင်ပေါလုအားဖြင့်သရုပ်ဖော်ခြင်း။

“ငါ့ကိုအမိဝမ်းထဲကပင်ရွေးချယ်ထား၍ ကျေးဇူးတော်အားဖြင့် ခေါ်တော်မူသောဘုရားသခင်သည်---” “...when it pleased God, who separated me from my mother’s womb, and called me by his grace.”

B. Illustration of Jeremiah (Jeremiah 1:5) – ယေရမိအားဖြင့်သရုပ်ဖော်ခြင်း။

“သင့်ကိုအမိဝမ်းထဲ၌ငါမဖန်ဆင်းမီ သင့်ကိုငါသိပြီ၊ မဘွားမီကပင် သင့်ကိုငါသန့်ရှင်းစေ၍----” “Before I formed thee in the belly I knew thee; and before thou camest forth out of the womb I sanctified (separated) thee….”

♦ ဓမ္မဟောင်းကျမ်းတွင်အသုံးပြုသော “godesh” နှင့် ဓမ္မသစ်ကျမ်းတွင် အသုံးပြုသော ဂရိ ဘာသာ စကား “haqios” တို့ကိုသန့်ရှင်းသည်(holy)၊ သန့်ရှင်းရာ၌တည်စေခြင်း(holiness)၊ သန့်ရှင်းရာ၌ ခန့်အပ်သည် (sanctification)၊ သန့်ရှင်း သောအရာ (sanctified)၊သန့် ရှင်းစေသည် (sanctify) စသည်ဖြင့် အမျိုးမျိုးဘာသာ ပြန်ထားပါသည်။ အဓိပ္ပါယ်မှာ ဘုရားရှင်အတွက် သန့် ရှင်းသူအဖြစ် သီးသန့် ခွဲခန့် ထားသည် (set apart) ဟူ၍ ဖြစ်သည်။

C. Ephesians 1:4 – “ဤကမ္ဘာမတည်ရှိမီ ငါတို့ကိုခရစ်တော်၌၊ ရွေးကောက် (သီးသန့်ခွဲခြားထား) တော်မူ

သည်နှင့်အညီ ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့်သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက်ရှိမည့်အကြောင်း----" "According as he has chosen us in him before the foundation of the world, that we should be holy (set apart and separated) and without blame before him, in love…."

D. John 15:19 – "သင်တို့သည် လောကီနှင့်မဆက်ဆံ၊ လောကီထဲကငါရွေးကောက် (သီးသန့်ခွဲခြားထားသော) သောလူဖြစ်သောကြောင့်၊ လောကီသားတို့သည် သင်တို့ကိုမုန်းကြ၏။" "...because ye are not of the world, but I have chosen you out of the world (separated), therefore the world hateth you."

II. သမ္မာကျမ်းစာတွင် ဘုရားသခင်အတွက် သီးသန့်ခွဲခြားထားကြောင်း၊ သန့်ရှင်းစေကြောင်း၊ သန့်ရှင်းသည်ဟု သတ်မှတ်ကြောင်းဖော်ပြထားပါသည်။ MANY THINGS IN SCRIPTURE ARE DECLARED HOLY, SANCTIFIED, SEPARATED AND SET APART FOR GOD

A. God sanctified the seventh day - ဘုရားရှင်က ဥပုသ်နေ့ ကိုသန့် ရှင်းစေသည်။(Genesis 2:3).
B. The firstborn were to be sanctified-သားဦးအပေါင်းတို့ကို ငါ့အဘို့သန့်ရှင်းစေလော့။ (Exodus 13:2).
C. The Tabernacle -တဲတော်။ (Leviticus 8:10).
D. The priests -ယဇ်ပုရောဟိတ်။ (Leviticus 8:30).
E. ဝိမာန်တော်အားသန့်ရှင်းရာဌာန ("the holy place")ဟုခေါ်ပါသည်။(Matthew 24:15).
F. Angels are holy -ကောင်းကင်တမန်များသည် သန့်ရှင်းသည်။(Matthew 25:31).
G. Jerusalem was a holy city -ယေရုရှလင်မြို့သည် သန့်ရှင်းသောမြို့ဖြစ်ခဲ့သည်။(Matthew 27:53).
H. The scriptures are holy -ကျမ်းစာသည် သန့်ရှင်းသည်။(Romans 1:2).

♦ အထက်ပါစာရင်းကိုများစွာ အကျယ်ချဲနိုင်ပါသေးသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန် အမှုတော်အတွက်သီးသန့်ခွဲထားခြင်း၊ အပြစ်နှင့်ခွဲခြား၍ဘုရားသခင်အတွက် သီးသန့် ထားခြင်းကို သတိပြုရမည်ဖြစ်ပါသည်။

III. တမန်တော်များနှင့်ပရောဖက်များတို့အားသန့်ရှင်းသူများအဖြစ် ဘုရားသခင်၏အမှုတော်အတွက် သီးသန့်ခွဲခြားထားပါသည်။ THE APOSTLES AND PROPHETS WERE DECLARED TO BE HOLY AND WERE SEPARATED UNTO GOD FOR HIS SERVICE

A. Luke 1:70 – "မိမိသန့်ရှင်းသောပရောဖက်တို့နှုတ်ဖြင့်ဗျာဒိတ်ထားတော်မူသည်နှင့်အညီ" "As he spake by the mouth of his holy prophets...."

B. Acts 3:21 – "သန့်ရှင်းသောပရောဖက်ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော် မူ သော" "...which God hath spoken by the mouth of all his holy prophets...."

C. 2 Peter 1:21 – "ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူ

ခြင်းကိုခံရ၍ ဟောပြောကြ၏။” “...but holy men of God spake as they were moved by the Holy Ghost.”

D. Ephesians 3:5 – “ထိုနက်နဲသောအရာကို သန့်ရှင်းသောတမန်တော်တို့နှင့်ပရောဖက်တို့အားယခုကလၠ ဝိညာဉ်တော် အားဖြင့်ဖွင့်လှစ်တော်မူသည့်နည်းတူ” “...as it is now revealed unto his holy apostles and prophets by the Spirit;”

E. Revelation 18:20 – “ကောင်းကင်မှစ၍သန့်ရှင်းသူတမန်တော်ပရောဖက်တို့သူ့ကိုကြည့်ရှုရွှင်မြူးမြောက်ကြလော့။” “Rejoice over her; ye holy apostles and prophets.…”

F. Ephesians 4:11 – “ထိုသခင်သည် လူအချို့တို့ကိုတမန်တော်အရာ၌လည်းကောင်း၊ အချို့တို့ကိုပရောဖက်အရာ၌ လည်းကောင်း၊ ခန့်ထားတော်မူ၏။ (သီးသန့်ခွဲခြားထား၏။) “And he gave some, apostles; and some, prophets; and some, evangelists....” (He called them, set them apart.)

G. Romans 1:1 – “ဇဝံဂေလိတရားကိုဟောစေခြင်းငှာ၊ ရွေးချယ်ခွဲထား၍တမန်တော်အရာ၌ထားသော ယေရှုခရစ်၏ ကျွန်ငါပေါလုသည်----” “Paul...called...an apostle, separated unto the gospel of God.”

♦ “သန့်ရှင်း” “holy” ဟူသောစကားလုံးသည် အခြေခံအားဖြင့် ဘုရားသခင်အတွက် “သီးသန့် ခွဲခြားထားသည်” “set apart” ဟူသော အဓိပ္ပာယ်ရှိပြီး၊ တမန်တော်များနှင့်ပရောဖက်များတို့အား ဘုရားသခင်၏ ဘုန်းတော်နှင့် အမှုတော် အတွက် သီးခြားခွဲခြားထား၍ ရွေးကောက်ထားခြင်းဖြစ်ပါ သည်။

IV. ခရစ်တော်ကိုယ်တော်တိုင်သည် သန့်ရှင်းလျက်အပြစ်သားများထံမှ သီးခြားခွဲခြားထားပါသည်။ CHRIST HIMSELF WAS HOLY AND SEPARATED FROM SINNERS

A. Luke 1:35 – “ထို့အကြောင်းကြောင့်ထိုသန့်ရှင်းသောသားသည်လည်း၊ ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ် သမုတ်ခြင်း ကိုခံရလိမ့်မည်း”

B. 1 Peter 2:22 – “ထိုသခင်သည်ဒုစရိုက်ကိုမပြု။ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။”(Hebrews 4:15)

C. Hebrews 7:26 – “သန့်ရှင်းစင်ကြယ်၍အညစ်အကြေးနှင့် ကင်းလွတ်လျက် အပြစ်ရှိသူတို့နှင့် မဆက်ဆံ၊ ကောင်းကင်သား အပေါင်းတို့ထက်မြင့်မြတ်သူဖြစ်၍---”

♦ ခရစ်တော်သည်အပြစ်တစ်စုံတစ်ရာမလုပ်ဘဲအပြစ်သားတို့နှင့် ဆက်ဆံပြောဆိုသည့် စံနမူနာပြပုဂ္ဂိုလ် ဖြစ်သည်။ ခရစ်တော်သည်ကျွန်ုပ်တို့၏ ပုံသက်သေဖြစ်တော်မူပါသည်။ (1 Peter 2:21-24).

V. ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းတွင်ပါ (ကိုယ်တော်ကို ယုံကြည်ကိုးစားသော) သူတို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်သည် ထိုသူတို့အား သန့်ရှင်းသူများအဖြစ် သီးသန့်ခွဲခြားထားရန်ဖြစ်ပါသည်။ GOD'S INTENTION AND PURPOSE FOR HIS PEOPLE (THOSE WHO TRUST IN HIM) HAS ALWAYS BEEN THAT THEY BE A SEPARATED AND HOLY PEOPLE, IN BOTH THE OLD AND NEW TESTAMENTS

A. ဣသရေလ Israel

1. Leviticus 11:44-47 – "ငါသည်သန့်ရှင်းသောကြောင့်၊ သင်တို့သည်လည်း ကိုယ်ကိုသန့်ရှင်းစေ၍ သန့်ရှင်းခြင်းရှိကြရမည်။ ငါသည် သင်တို့၏ဘုရားသခင်ဖြစ်ခြင်းငှာ သင်တို့ကို အဲဂုတ္တုပြည်မှကယ် နှုတ်သော ထာဝရဘုရားဖြစ်၏။ ငါသည်သန့်ရှင်းသောကြောင့် သင်တို့သည် သန့်ရှင်းခြင်းရှိကြရမည်။ ဤရွေ့ကားစင်ကြယ်၊ မစင်ကြယ်---ရှိသမျှနှင့် ဆိုင်သောတရားဖြစ်သတည်း။(Also, Leviticus 10:10; Exodus 11:7; Leviticus 19:2; 20:7).

2. Leviticus 20:26 – "ငါထာဝရဘုရားသည်သန့်ရှင်းသည်ဖြစ်၍ သင်တို့ကိုငါအလိုရှိသဖြင့်အခြားသော အမျိုးနှင့်ခွဲခြား သောကြောင့်ငါ့အဘို့သန့်ရှင်းခြင်းရှိကြရမည်။"

3. Deuteronomy 7:6 – "သင်သည် သင်၏ဘုရားသခင်ထာဝရဘုရားအဘို့သန့်ရှင်းသောအမျိုးဖြစ်၏။ မြေပေါ်မှာရှိသမျှ သောလူမျိုးထက်သင်၏ ဘုရားသခင်ထာဝရဘုရားပိုင်ထိုက်သောအမျိုးဖြစ်စေခြင်းငှာ သင့်ကို ရွေးချယ် တော်မူပြီ။ (Also, Deuteronomy 14:2; 26:19).

♦ ဘုရားသခင်သည်မြေကြီးမျက်နှာပြင်ပေါ်၌ရှိသမျှသောလူမျိုးများအထဲမှ ဣသရေလလူမျိုး ကိုမိမိဘုန်းကို ထင်ရှားစေရန်အတွက်သီးသန့်ရွေးချယ်တော်မူသော၊ သန့်ရှင်းစေတော်မူသော ၊တစ်သီးတစ်ခြားဖြစ်စေသော လူမျိုး၊ ထူးခြားသော လူမျိုးအဖြစ်ခွဲခြားထားခြင်းပင်ဖြစ်ပါသည်။ ထိုနည်းတူ ဓမ္မသစ်ကျမ်း၌ ယုံကြည်သူ တို့သည်လည်း ခွဲခြားခြင်းခံထားရပါသည်။

B. အသင်းတော်။ The Church

1. 1 Peter 2:9 – "သင်တို့မူကား မှောင်မိုက်ထဲက အံ့ဘွယ်သောအသင်းတော်သို့ခေါ်သွင်း တော်မူသော သူ၏ ဂုဏ်ကျေးဇူးများကိုဖော်ပြစေခြင်းငှာ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။"

2. 1 Peter 1:15 – "သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည့်နည်းတူကျင့်ကြံ ပြုမူသမျှတို့၌ သန့်ရှင်း ခြင်း ရှိကြလော့။"

3. Ephesians 1:4 – " သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက်ဖြစ်မည့်အကြောင်း၊ ဤကမ္ဘာမတည်ရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ" (ရွေးကောက်၍သီးခြားခွဲထား ခြင်း။)

4. 2 Thessalonians 2:13 – "သင်တို့သည် စိတ်သန့်ရှင်းခြင်း၊ သမ္မာတရားကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက် စိမ့်သောငှာဘုရားသခင်သည် ရှေးဦးစွာကပင်သင်တို့ကိုရွေး ကောက်တော်မူ

သည်ဖြစ်၍-----”

5. Ephesians 3:10 – ငါတို့သခင်ယေရှုခရစ်ကိုအကြောင်းပြု၍ထာဝရအကြံတော်ရှိသည်နှင့်အညီ ကောင်းကင်အရပ်၌ အထွဋ် အမြတ်အာဏာစက်တို့သည် ဘုရားသခင်၏ ထူးဆန်းသော ပညာကို အသင်းတော်အားဖြင့် ယခုသိကြရမည့် အကြောင်းတည်း။”

♦ အသင်းတော် (သခင်ယေရှုခရစ်ကိုယုံကြည်သူတိုင်း) သည် ရွေးကောက်ခြင်း၊ ခေါ်တော်မူခြင်း၊ သန့်ရှင်းရာ၌ တည်စေခြင်း (ဘုရားသခင်အတွက်သီးခြား) အားဖြင့်ဖြစ် လျက်သခင်ယေရှုခရစ်တော်၏ဘုန်းတော်၊ တန်ခိုးတော် ပညာတော် နှင့်ကြီးမြတ်တော်မူ ခြင်းတို့ကို ကမ္ဘာပေါ်တွင်ထင်ရှားစေရန်အ တွက်သီးသန့် ခေါ်ထားခြင်းဖြစ်ပါသည်။

VI. ဓမ္မသစ်ကျမ်းစာ၏အမြင်အရ ခရစ်ယာန်များသည် ဘုရားသခင်အတွက်သီးသန့်ထားသော၊ သန့်ရှင်းသော၊ သန့်ရှင်းရာ၌ တည်စေသောသူများဖြစ်လျက် မိမိတို့ကို မိမိသန့်ရှင်းခြင်းရှိရန် (သီးခြားခွဲထားရန်) လည်းတိုက် တွန်းထားပါသည်။ CHRISTIANS ARE VIEWED IN THE NEW TESTAMENT AS BEING SANCTIFIED, HOLY AND SEPARATED UNTO GOD AND ARE EXHORTED TO GIVE THEMSELVES TO HOLINESS – A SEPARATED LIFE

A. သန့်ရှင်းသည်ဟုမြင်ရပုံ။ Seen as holy:

1. Acts 26:18 – “ငါတို့ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းခြင်းသို့ရောက်သောသူတို့”
2. Ephesians 1:4 – “သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်ရှိမည့်အကြောင်း----ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့် အညီ။
3. 1 Peter 2:9 – “ရွေးချယ်တော်မူသောအမျိုး---”
4. 1 Corinthians 3:17 – “ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်းထို ဗိမာန်တော်ဖြစ်ကြ၏။”

B. သန့်ရှင်းခြင်းရှိရန် (သီးခြားခွဲထားရန်) တိုက်တွန်းခြင်း exhorted to be holy (separated):

1. Romans 6:19 – ကိုယ်ခန္ဓာကို သန့်ရှင်းခြင်းအလို့ငှာဖြောင့်မတ်ခြင်းတရား၌သွင်း၍ကျွန်ခံ စေကြလော့။”

2. Romans 12:1 – “သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သောလက္ခဏာ နှင့်ပြည့်စုံသော ယဇ်ကို သင်တို့သည် ပူဇော်၍ မိမိကိုယ်ခန္ဓာကိုဘုရားသခင်အား (အသက်ရှင်သောယဇ်အဖြစ်) ဆက်သကြလော့။”

3. Ephesians 4:22-24 – “ ပုပ်ပျက်သောလူဟောင်းကိုချွတ်ပယ်၍-----သန့်ရှင်းခြင်း ပါရမီအားဖြင့် ဘုရားသခင်နှင့်အတူ အမျှ ဖန်ဆင်းသောလူသစ်ကိုယူတင်ဝတ်ဆောင်မည့်အကြောင်း။”

4. 2 Corinthians 7:1 – “ဘုရားသခင်ကိုကြောက်ရွံ့၍သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံကြကုန်အံ့။”

♦ သင်သည်ဘုရားသခင်၏အမြင်၌သန့်ရှင်းသူဖြစ်ပြီးသန့်ရှင်းသောအသက်တာ၊သီးသန့်ခွဲခြားသောအသက်တာကို အသက်ရှင်နေရန်ဘုရားသခင်သည်သင့်အားအလို ရှိတော် မူကြောင်း ကို သတိပြုမိလျက် သင်သည်ယုံကြည်သူ တစ်ဦးအနေဖြင့် ဤမျှော်လင့်ချက်များ ကို အလေးအနက် ထားသင့်ပါသည်။ အထက်ပါကျမ်းချက်များနှင့်အခြားမြောက်များစွာ သောကျမ်းချက် များကို သဘောပေါက်သည် အထိလေ့လာမည်ဟုမျှော်လင့်မိပါသည်။

VII. သီးသန့်ခွဲခြားထားသောသူများအဖြစ်သို့မည်ကဲ့သို့ရောက်လာရပါသနည်း။ HOW DO WE BECOME A SEPARATED PEOPLE?

A. သခင်ယေရှုခရစ်၏ ပူဇော်သက္ကာနှင့်ရွေးနှုတ်တော်မူခြင်းတို့ကြောင့်ဘုရားသခင်အတွက် သီးသန့်ခွဲခြား ထားသောသူအဖြစ်သို့၊အနေအထားအရ (Positionally) ကျွန်ုပ်တို ့သည် ဘုရားရှင်အတွက် ထာဝရကာလ တိုင်အောင် သီးသန့် ခွဲထားပါ သည်။

1. Hebrews 10:10 – “ထိုအလိုတော်နှင့်အညီယေရှုခရစ်၏ကိုယ်ကိုတစ်ခါတည်းပူဇော်သော အားဖြင့် ငါတို့သည် စင်ကြယ်ခြင်းသို့ရောက်ကြ၏။”
2. Hebrews 10:14 – ““စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကိုရစေခြင်းငှာ တစ်ခါတည်း ပူဇော်ခြင်း အားဖြင့်ပြုတော်မူ၏။”
3. Hebrews 10:29 – “မိမိကို စင်ကြယ်စေသောပဋိညာဉ်တရား၏အသွေး။”

B. By God, the Father – 1 Thessalonians 5:23 (ခမည်းတော်ဘုရားသခင်အားဖြင့်၊)
“ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်ကိုယ်တော် လည်းသင်တို့ကို အကုန်အစင်သန့်ရှင်းစေတော်မူပါစေသော။”

C. Christ Himself – Hebrews 2:11 (ခရစ်တော်ကိုယ်တိုင်အားဖြင့်)။
“သန့်ရှင်းစေတတ်သောသူ (ခရစ်တော်)နှင့် သန့်ရှင်းစေအပ် သောသူများတို့သည် တစ်ပါးတည်းသော ပကတိ ရှိကြ၏။”

D. The Holy Spirit – Romans 15:16 (သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်)။
“သန့်ရှင်းသောဝိညာဉ်တော်သည်သန့်ရှင်းစေတော်မူ သော”(Note also 2 Corinthians 3:18; 2 Thessalonians 2:13.)

E. Through the Word – John 17:17 (နှုတ်ကပတ်တော်အားဖြင့်)။
ကိုယ်တော်၏သမ္မာတရားအားဖြင့်သူတို့ကိုသန့်ရှင်းစေ တော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာ တရားဖြစ်ပါ၏။” (Note Ephesians 5:26, 27.)

♦ တစ်စုံတစ်ယောက်သောသူသည် ခရစ်တော်ကို ယုံကြည်သောအခါ ထိုယုံကြည်သည့် ခဏ၌ပင် ထိုသူသည် ခရစ်တော်၌ဗတ္တိဇံကိုရရှိကြောင်း သေချာစွာသဘောပေါက်ထားပါ။(1 Corinthians 12:13)။ ထိုသူကို

“ခရစ်တော်၌ရှိသည်” ဟုမြင်ပါသည်။(Ephesians 1:3,4)ထို့ကြောင့်ထိုနေရာ တွင်ပင်ကျွန်ုပ်တို့သည် ခရစ်တော်၌ “သန့်ရှင်းရာ၌တည်စေခြင်း” အပြစ်နှင့်ခွဲခြားခြင်း၊ ဤကမ္ဘာ လောက လောကီအရာ များနှင့် ခွဲခြားခြင်းကိုရရှိပါသည်။ (1 Corinthians 1:2)

♦ ကျွန်ုပ်တို့အားအပြစ်မှလည်းကောင်း၊ လောကီတရားမှလည်းကောင်းခွဲခြားသီးသန့်ထားမည့်အကြောင်း ခမည်းတော်၊ ခရစ်တော်၊ သန့်ရှင်းသောဝိညာဉ်တော် (Father, Son, and Holy Spirit) ၃-ပါးစလုံးသည်၊ ခရစ်တော်၏ ပူဇော်သက္ကာ (sacrifice of Christ) နှင့်နှုတ်ကပတ်တော် (Word) အားဖြင့် လုပ်ဆောင်တော်မူပါသည်။

VIII. ကျွန်ုပ်တို့သည် မည်သည့်အရာများနှင့်ခွဲခြားနေရမည်နည်း။ FROM WHAT ARE WE TO BE SEPARATED?

I. Sin. အပြစ်နှင့်သီးခြားဖြစ်ခြင်း။

ခရစ်တော် ပထမအကြိမ်လောကသို့ကြွလာတော်မူခြင်း၏ကြီးမားသောရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အားအပြစ်မှ ကယ်တင်ရန်ဖြစ်ပါသည်။ (Galatians 1:4; Matthew 1:21; Hebrews 9:26; Hebrews 10:12). ထို့ကြောင့်ဘုရားသခင်သည် အောက်ပါတို့မှခွဲခြား၍သီးသန့်နေရန်အမိန့်ပေးထားလျက် လိုက်နာမည်ဟု လည်း မျှော်လင့်လျက် ရှိပါသည်။

1. တစ်ချိန်ကလျှောက်ခဲ့သောမှောင်မိုက်လမ်းမှခွဲထွက်ရန်။ (Ephesians 5:8; Acts 26:18; 1 John 1:7).

2. “လူဟောင်း” တည်းဟူသောအပြစ်ကိုချွတ်ပယ်၍ခရစ်တော်တည်းဟူသော “လူသစ်”ကို ဝတ်ဆင်ရန်။ (Ephesians 4:22-32; Colossians 3:5-10).

3. အပြစ်ကိုဘေးဖယ်ထားရန်။(Lay aside sin) (Hebrews 12:1; also, 2 Timothy 2:19).

II. Sinners. အပြစ်သားများနှင့်သီးခြားဖြစ်ခြင်း။

ခရစ်ယာန်များသည် “သန့်ရှင်း” သူများဖြစ်သောကြောင့်ရှေးယခင်ကပေါင်းဖော်ခဲ့ ရသောလောကီ(worldly)၊ ဘုရားမဲ့တရားမဲ့နေခြင်း(ungodly)၊ အပြစ်ပါသောဆက်ဆံမှုများ (sinful relationship)မှမိမိကိုယ်မိမိဆွဲထုတ်ရန် ဘုရားသခင်အလိုတော်ရှိပါသည်။

1. Ephesians 5:7-12 – “အကျိုးမဲ့သောမှောင်မိုက်အပူတို့နှင့်မဆက်ဆံသည်သာမက ထိုအမှုတို့၏ အပြစ်ကိုပြကြလော့။”
2. 2 Corinthians 6:14-17 – မယုံကြည်သောသူတို့နှင့်တွဲဖက်၍ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကို မထမ်းကြနှင့် သင်တို့ သည် ထိုသူတို့အထဲကထွက်၍သီးခြားနေကြလော့ - ဟုထာဝရ ဘုရားမိန့်တော်မူ၏။”

♦ အပြစ်နှင့်အပြစ်သားတို့ထံမှ တစ်သီးတစ်ခြားနေခြင်းဆိုရာတွင် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် အလိုတော်နှင့် ဆန့်ကျင်သည်ဟု သမ္မာကျမ်းစာကဖော်ပြထားချက်အား လုံးမှသီးသန့်ခွဲခြား၍နေခြင်းဖြစ်ပါသည်။

III. အမည်ခံခရစ်ယာန်များနှင့်သီးခြားဖြစ်ခြင်း။ From professing Christians who refuse to behave themselves properly.

1. 2 Thessalonians 3:6 – “ညီအစ်ကိုတို့ ငါတို့ထံ၌ခံသောနည်းဥပဒေအတိုင်း မကျင့်ဘဲမတရားစွာပြု သော ညီအစ်ကို ရှိသမျှ တို့ကို ရှောင်ကြလော့။”

2. 2 Thessalonians 3:14 – “ဤစာ၌ငါတို့ရေးထားသောပညတ်စကားကိုတစ်စုံတစ်ယောက်သောသူ သည်နားမထောင်ဘဲနေလျှင် ထိုသူကို မှတ်ကြလော့။ ရှက်ကြောက်စေခြင်းငှာအပေါင်း အ ဖော်မလုပ်ကြ နှင့်။”(See also 1 Corinthians 5:11.)

♦ အမည်ခံခရစ်ယာန်များသည် နှုတ်ကပတ်တော်၏သွန်သင်ချက် အတိုင်းမလိုက်နာ သော သူ များဖြစ် ပါသည်။ ထိုသူတို့သည် ဘုရားရှင်အလိုရှိသော အဘယ်အလုပ်ကိုမျှမလုပ်။ ခရစ်တော်မကြာမှီကြွလာ တော့မည်ဖြစ် သောကြောင့်၊ ခရစ်ယာန်ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော အရာတို့ ကိုလက် တွေ့လုပ်ဖို့ မလို တော့ကြောင်းယုံကြည်နေကြသူများဖြစ်ပါသည်။

ကောရိန္သုသြဝါဒစာတွင်ဖော်ပြထားသော အမည်ခံခရစ်ယာန်များသည် မတရားသော မေထုန်၌မှီဝဲသောသူ (မိန်းမလွတ် နှင့်လိင်တူ)၊ ရုပ်တုကိုးကွယ်သောသူ၊ ဆဲရေးကဲ့ရဲ့သောသူ၊ သေရည်သေရက်နှင့်ယစ်မူးသောသူ၊ အနိုင်အထက် လုယူ စီးပွားပြုသူ များဖြစ်ပါသည်။ (professing Christian was a fornicator, idolater, drunkard, and one who extorted money.) ထိုသူတို့နှင့် ပတ်သက်၍ မည်ကဲ့သို့သဘောထားရပါမည်နည်း။ ထိုသူတို့နှင့်ထမင်းဝိုင်း အတူမထိုင်ရ။ မပေါင်းဖော်ရ ဟုပြောထားသည်။ (1 Corinthians 5:11) ထိုသူတို့ကို ရှောင်၍ခရစ်တော်ညီအစ်ကို ဟူ၍ပင်မမှတ်ရဟုဆိုထားသည်။ (2 Thessalonians 3:6) ထိုသို့သော ပုဂ္ဂိုလ်များကိုမှတ်သားထား၍ပေါင်းဖော်ခြင်းမပြုရ။ (2 Thessalonians 3:14) “သူသည် ရှက် ကြောက် မည့်အကြောင်း” သူနှင့်ခရစ်ယာန် မိသားဟာယလုပ်ခြင်း အားလုံးဖြတ်တောက်ရမည်ဟုပြောထား သည်။

♦ ထိုသူတို့အားဒဏ်ပေး၍ ကြမ်းတမ်းသောစကားပြောပြီး ပွဲတော်မဂ်လာဖြတ် တောက်၍အသင်းမှ ထုတ်ပယ်ရန် မဟုတ်ပါ။ ထိုသူတို့သည် ဘုရားသခင်နှုတ်ကပတ်တော်အတိုင်း အသက်မရှင်သောကြောင့် ခရစ်ယာန်ညီအစ်ကိုအဖြစ် အသိအမှတ်မပြုတော့ ကြောင့်သိရှိစေရန်သာဖြစ်ပါသည်။

IV. From the World. လောကမှကင်းကွာပြီးသီးသန့် ဖြစ်ခြင်း။

Dr. Harry Ironside က ယခုလို ပြောလေ့ရှိသည်။ “ဒီကမ္ဘာကြီးဟာစာတန် ထိန်းချုပ်အုပ်စိုးတဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့်လူတွေဟာ ဘုရားသခင်မပါဘဲ မိမိတို့ဖာသာပျော်ရွှင်မှုကိုရှာကြံနေကြတယ်” သင်ကော ဘုရားမရှိဘဲ ဘဝကို ပျော်ပျော်ကြီးဖြတ်သန်းနေပါသလား။ ဓမ္မသစ်ကျမ်းတွင်“လောက” “world” ဟူသောစကားလုံးကို (၃)မျိုးဘာသာပြန်ထားသည်ကို တွေ့ ရသည် ။

1. လူသားအားလုံးကို ရည်ညွှန်းရန်။ To mean all of mankind (Matthew 26:13).
2. ကမ္ဘာကိုရည်ညွှန်းရန်။To mean the created world or earth(Hebrews 4:4; 11:4;Ephesians 1:4).

3. စာတန်အုပ်စိုးသောစံနစ်ကို ရည်ညွှန်းရန်။world system(1 John 2:15-17; John 15:16-19).

♦ ဤသင်ခန်းစာတွင်အသုံးပြုသော “လောက” “world” သည် တတိယအမျိုးအစားဖြစ်ပါသည်။ အသုံးပြုသော စကားလုံးမှာ kosmosဖြစ်ပြီး အကျင့်စာရိတ္တနှင့်ပတ်သက်၍စာတန်အုပ်စိုးသော၊ဘုရားသခင်နှင့် ဆက်နွယ်ခြင်းမရှိသော၊ကိုယ်ကာယတပ်မက်ခြင်း(lust)၊ လောကီစည်းစိမ် တပ်မက်ခြင်း(greed)၊ မာန်မာနထောင်လွှားခြင်း(pride)၊ တန်ခိုးအာဏာပြခြင်း(power)၊ မိမိကိုယ်ကျိုးကို ကြည့်ခြင်း (ambition)၊ နှင့်မနာလိုဝန် တိုခြင်း (covetousness) များဖြင့်သာဆောင်ရွက်နေ ခြင်း ကိုရည်ညွှန်းပါသည်။

a) ဘုရားသခင်သည် ဤလောကနှင့်ပတ်သက်၍ မည်သို့မိန့်တော်မူပါသနည်း။

1) ဤလောကသည် စာတန်အုပ်စိုးသောနိုင်ငံဖြစ်သည်။ (John 14:30; 16:11; Ephesians 2:2; 2 Corinthians 4:4;1 John 5:19; Matthew 4:8,9).

2) ဤလောကသည် ခရစ်တော်နှင့်တိုက်ရိုက်ဆန့်ကျင်လျက်ရှိသည်။(John 7:7; 15:18; 16:33).

3) ဤလောကသည် ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ဝါကြွားခြင်းတို့ဖြင့် ဖွဲ့စည်းထားပါသည်။ (1 John 2:16).

4) ဤလောကသည် ဝိညာဉ်ရေးရာ လိုအပ်သူ(needy)၊ တောင့်တသူ(longing)၊ ဗလာဟင်းလင်း ဖြစ်နေသူ(empty)၊ အပြစ်နှင့်ပြည့်နေသူတို့ အား မည်သည့်ဝိညာဉ်ရေးရာအနှစ်သာရကိုမျှ မပေးစွမ်းနိုင်ပေ။

5) ဤလောကသည် ခရစ်တော်နောက်သို့လိုက် သောသူတို့ အားမုန်းကြ၏။

6) ဤလောကသည် ဘုရားရှင်၏ဝိညာဉ်တော်အရာများ (things of the Spirit of God) ကို မမြင်၊မကြား၊ မရရှိနိုင်ကြ။(John 14:17) (Also read 1 Corinthians 2:9-12.)

b) ခရစ်ယာန်အနေဖြင့်ဤလောကကို မည်ကဲ့သို့သဘောထားပြီးဆက်ဆံရမည်နည်း။

1) He has been chosen out of it သူသည် ဤလောကထဲမှ ရွေးကောက်တော်မူပြီ။(John 15:16).
2) He no longer belongs to it သူသည် လောကနှင့်မသက်ဆိုင်။(John 15:19).
3) He has “escaped” its corruption by the New Birth သူသည် အသစ်မွေးဖွါးခြင်းဖြင့် “ထွက်ပြေးလွတ်မြောက်” ပြီးဖြစ်သည်။(2 Peter 1:4).
4) He is crucified to it by the cross သူသည် လက်ဝါးကပ်တိုင်၌အသေရိုက်ပြီးဖြစ်၏။(Hebrews 10:10; Galatians 6:14).
5) He is hated by it - သူသည် လောက၏မုန်းခြင်းကိုခံရသည်။(John 15:19).
6) He is not to love it - သူသည်လောကိုမချစ်။(1 John 2:15).
7) He is not to be a friend to it - သူသည်လောကနှင့်မိတ်သဟာယမဖွဲ့။(James 4:4).
8) He is to keep himself unspotted from it - သူသည် လောကနှင့်ညစ်စွန်းခြင်းမရှိရန်နေ၏။(James

1:27).

9) He is not to conform to it - သူသည် လောကနှင့်ရောထွေးခြင်းမပြု။(Romans 12:2).

10) He does not get tangled up in it - သူသည် လောကရှုတ်ထွေးခြင်း၌ပါဝင်ခြင်းမပြု။(2 Timothy 2:4).

11) He should overcome it - သူသည် လောကကိုအောင်မည်။(1 John 5:4).

V. လွဲမှားသောအယူဝါဒများထံမှသီးသန့် ဖြစ်ခြင်း။ From Apostasy and Apostate Teachers.

1. လွဲမှားသောအယူဝါဒ(မိုဿာတရား)ဆိုသည်မှာအဘယ်နည်း။(What is apostasy?)
ခရစ်တော်လူဇာတိကိုခံယူ၍ကြွလာတော်မူခြင်းကိုငြင်းပယ်ခြင်းဖြစ်သည်။ (1 John 4:1-4) ခရစ်တော်သည် ဘုရားဖြစ်တော်မူ ကြောင်းနှင့်အသွေးတော် ကိုသွန်း၍ရွေးနှုတ်တော်မူခြင်းကိုငြင်းပယ်ခြင်းဖြစ်သည်။ (2 Peter 2:1) ခရစ်တော် ကဲ့သို့ကောင်းသော အကျင့်ကို ကျင့်ကြံသော်လည်းခရစ်တော်၌မွေ့လျော်ခြင်း၏ တန်ခိုးကိုငြင်းပယ်သူ များဖြစ်သည်။ (2 Timothy 3:1-5).

♦ မိုဿာအယူ၊(Apostasy) ဟုဆိုရာတွင် မသိ၍မှားသောအမှားမျိုးမဟုတ်ပါ။ (Acts 19:1-6) စာတန်၏ လှည့်စားမှု ကြောင့်ဖမ်းမိခြင်းခံရသောဖြစ်ရပ်မဟုတ်ပါ။ (2 Timothy 2:25, 26).

2. မိုဿာပရောဖက်ဆိုသည်မှာ အဘယ်နည်း။ (What are false or apostate teachers?)

a) “ယားတတ်သောနားရှိ၍” “having itching ears” လိမ်ညာသူများ ဖြစ်ပါသည်။ (2 Timothy 4:3,4).

b) (2 Peter 2:1-3, 10-19) တွင် မိုဿာပရောဖက်များအကြောင်းအသေးစိတ်ဖော်ပြထားပါသည်။

c) (1 Timothy 4:1-3) – “ယုံကြည်ခြင်းကိုစွန့်ပယ်၍လှည့်ဖြားတတ်သောစိတ်ဝိညာဉ်တို့ လည်းကောင်း၊ နတ်ဘုရားတို့နှင့် စပ်ဆိုင်သောသြဝါဒတို့၌လည်းကောင်းမှီဝဲ ဆည်းကပ်ကြလိမ့်မည်။”

d) (Matthew 7:15-16) – “သိုးရေကိုခြုံသောတောခွေး”“wolves in sheep’s clothing.” ဖြစ်သည်။

e) Mark 13:22 – ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားနိုင်လျှင်လှည့်ဖြားလောက်အောင်နိ မိတ်လက္ခ ဏာ အံ့ဘွယ်သော အမှု တို့ကိုပြကြလိမ့်မည်။

f) (Jude 4, 8, 11-13, 16) – တွင် ထူးခြားသောဖော်ပြချက်ကို လေ့လာပါ။

3. မိုဿာအယူနှင့်မိုဿာပရောဖက်တို့အပေါ်ခရစ်ယာန်သည် မည်သို့သဘောထားရမည်နည်း။ What should be the Christian’s attitude toward all apostasy and apostate teachers?

a) 2 John 10-11 – “သူကိုသင့်အိမ်၌လက်မခံနှင့်မင်္ဂလာရှိစေသောဟု မနှုတ်ဆက်နှင့်”

b) Romans 16:17 – “သူတို့ကိုမှတ်၍ရှောင်ကြလော့” “...avoid them.”

c) Galatians 1:8, 9 – “ထိုသူသည် ကျိန်တော်မူခြင်းကိုခံစေ။” “...let him be accursed.”

d) 2 Timothy 3:5 – “ထိုသူတို့ကိုရှောင်လော့။” “...from such turn away.”

e) Titus 1:13 – “ကြပ်တည်းစွာဆုံးမပြစ်တင်လော့” “...rebuke them sharply....”

f) 1 John 4:1-4 – စိတ်ဝိညာဉ်တို့ကိုစုံစမ်းကြလော့။ “...try the spirits...” – put them to the test of truth! သမ္မာတရားဖြင့်စုံစမ်းရမည်။

♦ ခရစ်ယာန်များသည် apostasy and apostate teachers.တို ့အား ရှောင်လွှဲနိုင်မည်ဟု မျှော်လင့်

ရပါသည်။ ထိုမိစ္ဆာနှင့်ပတ်သက်၍တရားစီရင်ခြင်း (2 Thessalonians 2:10-12; 2 Peter 2:17, 21) မှတစ်ပါး အခြားနည်းလမ်းမရှိပါ။အကယ်၍သင်သည်မှားယွင်းသောသွန်သင်မှုအောက် (apostate church) တွင် ရှိနေလျက် ထိုမှားယွင်းခြင်းထဲမှ သင့်ကိုဆွဲထုတ် ကယ်တင်မည့် အချိန်ကိုမျှော်လင့် လျက်နေပါကမိုက်မဲရာ ကျပါမည်။ ထိုမှားယွင်းသောမိစ္ဆာတရားမှစွန့်လွှတ်ထွက်ခွာရန်အမိန့်ပေးထားပါသည်။

IX. အဘယ်ကြောင့်သီးသန့်နေရပါမည်နည်း။ WHY BE SEPARATED?

A. To show forth the “praises” of Christ

ခရစ်တော်၏ဂုဏ်ကျေးဇူးကိုဖော်ပြစေခြင်းငှာ (1 Peter 2:9).

B. To prove or demonstrate the good, acceptable and perfect will of God

ဘုရားသခင်နှစ်သစ် တော်မူဘွယ်သောအရာ၊လက်ခံနိုင်ဘွယ်ရှိသောအရာ၊စုံလင်သောအရာဖြစ်ကြောင်း သက်သေပြရန်။(Romans 12:2).

C. To enjoy the fullness of God’s “fatherly” blessings

ဘုရားရှင်ထံမှ “သခင်အနေဖြင့်ပေးသော” ကောင်းကြီးမင်္ဂလာကိုခံယူရရှိရန်။(2 Corinthians 6:17-18).

D. To be loyal to Christ – ခရစ်တော်၌သစ္စာခံရန်။

လောကသည်ခရစ်တော်၏ရန်သူဖြစ်သည်။ the world is Christ’s enemy (John 7:7), ခရစ်တော်၏ အကြီးဆုံးသောရန်သူစာတန်သည် လောကကိုအုပ်စိုးလျက်ရှိသည်။ (1 John 5:19; John 14:30).

E. To avoid being spotted and ruined

အပြစ်အနာအဆာမဖြစ်စေရန်၊ မပျက်စီးရန်။ (James 1:27; 2 Timothy 4:10; Matthew 13:22).

F. To reveal the sufficiency of Christ

ခရစ်တော်၏ပြည့်စုံလုံလောက်နေခြင်းကိုဖော်ပြရန်။ (Romans 8:32; Philippians 4:19).

G. To show others the way to heaven

အခြားသူတို့ကောင်းကင်သွားရာလမ်းကိုပြည့ွန်းနိုင်ရန်။(Matthew 5:16). ဆရာကြီး Billy Sunday က ယခုလို ပြောလေ့ရှိသည်။ “လောကီသားများက သင့်အသက်တာရန်သန်မှုသည် သူတို ့နှင့်ဘာမျှမကွာလျှင်၊ သင့် အနေဖြင့် သူတို့ ကို ပြောင်းလဲအောင်လုပ်ဖို့ ခက်ခဲပါလိမ့်မည်။”

X. သမ္မာကျမ်းစာ၏ခွဲခြားခြင်းနှင့်ပတ်သက်၍အချက်အချို့။ SOME CONCLUDING THOUGHTS ON BIBLE SEPARATION

A. သင်သည်ဤလောကနှင့်မသက်ဆိုင်သော်လည်း သင်သည်ဤလောက၏အထဲ၌ပင်ရှိနေသောကြောင့် သင်၏ အလင်းကို လောက၌လင်းစေရန်တာဝန်ရှိပါသည်။(Matthew 5:16).

B. လောကမှခွဲခြားနေခြင်းသည် တစ်သီးတခြားနေခြင်း isolation မဟုတ်ပါ။ သခင်ယေရှုသည် အပြစ် သားများ၊ အခွန်ခံများတို့နှင့်အတူစားသောက်လျက်နေပါသည်။ (Matthew 9:11)။ ထိုသူတို့နှင့်အတူသွား လာလျက် လူပရိသတ်တို့အား အမှုဆောင်လျက်ရှိပါသည်။ (John 6:1-14).။ တမန်တော်ကြီး ရှင်ပေါလုသည် ရောက်လေရာအရပ်တွင် တွေ့ရ သောလူမျိုးပေါင်းစုံတို့နှင့်ပေါင်းဖော်ပြီး “ခပ်သိမ်း သောသူတို့၌ခပ်သိမ်းသော

အရာဖြစ်၏" (1 Corinthians 9:22) ဟုပြော နိုင်ခဲ့ပါသည်။

C. သင်သည်ခွဲခြားနေရခြင်းအကြောင်းကိုပေါ်လွင်စေပါ။ (Keep your separation positive.) ခရစ်ယာန်များသည် မိမိတို့မည်သူ့အတွက် အသက်ရှင် ကြောင်းကိုပေါ်လွင်စေရပါမည်။ သူတို့ဆန့် ကျင်သော အရာများဖြင့်ပေါ်လွင်ရမည်မဟုတ်ပါ။

D. ဖာရိရှဲကဲ့သို့အပြုအမူမျိုးကိုရှောင်ပါ။ သင်သည်ဝိညာဉ်ရေးရာတွင် ထိပ်ဆုံးရောက်နေဘိ သကဲ့သို့ မပြုပါနှင့်။ သင်၏ခွဲခြားနေခြင်း(separation)ကို စည်းကမ်းကို အလွန်တန်ဘိုးထား လိုက်နာသူများကဲ့သို့ဘဝင်မြင့်ခြင်းမပြုပါနှင့်။ အခြားသူများက ယခုလိုမေးငေါ့လိမ့်မည်။ "ခင်ဗျားက အင်မတန်မြန်လွန်းတော့ နေးနေးလုပ်ဖို့ အချိန်တောင် ရပါဦးမလား" "Do so fast, you don't have time to don't."

E. သမ္မာကျမ်းစာ၏ခွဲခြားခြင်းသည်ယုံကြည်သူ၏စိတ်နလုံးနှင့်အသက်တာတစ်ခုလုံး၌ခရစ်တော်၏ အသွေးတော်အား ဖြင့်ဂင်း (Hebrews 10:10,14) နှုတ်ကပတ်တော်အားဖြင့်ဂင်း။(John 17:17) သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဂင်း (Romans 15:16; 2 Thessalonians 2:13) လွှမ်းခြုံထားသော အရာဖြစ်ပါသည်။

F. ယုံကြည်ပါ။ ထို့နောက်လက်တွေ့ကျင့်သုံးပါ။ သမ္မာကျမ်းစာကို ယုံကြည်သောယုံကြည်သူအနေဖြင့် ထိထိရောက် ရောက်ဘုရားကို ဂုဏ်ပြုလျက်(God-honoring)၊ ခရစ်တော်၏ဘုန်းတော်ကိုချီးမွမ်းပြီး (Christ-glorifying)၊ ဝိညာဉ်ကယ်တင် ခြင်း (soul-winning) ပြုပါ။ သန့်ရှင်းသော ဝိညာဉ် တော်ကပြုလုပ်ပေးသော ခွဲခြားခြင်းသည် အေးတီအေးစက်မဟုတ်(cold)၊ နည်းပျူဟာမဟုတ်(technical)၊ ယန္တယားလည်း မဟုတ်(mechanical)၊ ဥပဒေ ဝါဒလည်းမဟုတ်ပါ(legalistic)။

ကျမ်းစာအရယုံကြည်သူများ တသီးတခြားဖြစ်ခြင်းဆိုင်ရာ မေးခွန်းများ - သင်ခန်းစာ (၂၅)

1. "sanctify" သန့်ရှင်းခြင်းဟူသောစကားလုံး၏အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်သည်။(၁-မှတ်)
a. အပြစ်သားအား ဖြောင့်မတ်သူဖြစ်ကြောင်းGod declares the sinner to be righteous before Him.
b. ယုံကြည်သူသည် အလွန်သန့် ရှင်းသူဖြစ်သည်။a believer is a very holy person.
c. ယုံကြည်သူသည် ဘုရားရှင်အတွက် ခွဲခြားထားသည်။a believer is separated unto God in Christ.

2. ဘုရားရှင်သည် သူ့အဖို့အလို့ငှါ လောကကြီးမှခွဲခြားထားသည်ဟူသော အဓိပ္ပါယ်ရသည့် ကျမ်းပိုဒ်ကို ရွေးပါ။(၁-မှတ်)
a. Jeremiah 1:5
b. John 17:17
c. Acts 26:18

3. ခရစ်တော်သည် ကျွန်ုပ်တို့ အတွက် စံနမူနာဖြစ်ကြောင်းပြသည့်အဖြေကိုရွေးပါ။(၁-မှတ်)
a. သူသည် သန့် ရှင်းသူဖြစ်သော်လည်း အချိန်မရွေးအပြစ်လုပ်နိုင်သည်။ He was sanctified but was able

to sin now and then.

b. သူသည် အပြစ်သားမဟုတ်သော်လည်း အပြစ်သားများနှင့်ကူးလူးဆက်ဆံနိုင်သည်။ He could communicate with sinners and not be one of them.

c. သူအပြစ်လုပ်ချင်စိတ်ရှိလျှင် အပြစ်ဖြစ်၏။He could have sinned if He had wanted to do so.

4. ရှေးကာလမှစ၍ ဘုရားလူများအတွက် ဘုရားရှင်၏အကြံအစည်မှာ အောက်ပါတို့ ဖြစ်၏။(၂-မှတ်)

a. ရန်သူကိုအောင်နိုင်ရန်။ they should defeat all their enemies.

b. သီးသန့် ခွဲခွါလျက်သန့် ရှင်းစွာနေရန်။they should be separate and live holy lives.

c. ဖြောင့်မတ်တည်ကြည်သူများဖြစ်ရန်။ they should be good, upright people.

5. ဘုရားရှင်အမြင်တွင် ယုံကြည်သူသည် သန့် ရှင်းသဖြင့် အောက်ပါတိုင်းအသက်ရှင်စေလိုသည်။ (၂-မှတ်)

a. အပြစ်နှင့်ကင်းလျက် အသက်ရှင်ရန်။lives that are separated from sin.

b. လေးစားလောက်သောအသက်တာဖြစ်ရန်။ respectable lives.

c. သူတပါးအတွက် ငြိမ်သက်ခြင်း၊ကောင်းမြတ်ခြင်းကို သယ်ဆောင်ပေးသူအဖြစ်အသက်ရှင်ရန်။ lives of bringing peace and good things to others.

6. ကျွန်ုပ်တို့ သည် ဘုရားရှင်ရှေ့ တွင် သန့် ရှင်းသူများအဖြစ် မည်သည့်နည်းဖြင့်ရောက်သနည်း။(၂-မှတ်)

a. ခရစ်တော်၏ပူဇော်သက္ကာဖြင့်။ Christ's sacrifice alone.

b. ဝိညာဉ်တော်လုပ်ဆောင်ခြင်းဖြင့်။ the work of the Holy Spirit alone.

c. သုံးပါးတဆူဘုရား၏လုပ်ဆောင်ချက်ဖြင့်။ the work of the Three-in-One God.

7. "World" (လောက)ဟူသော စကားလုံးကို Dr. Ironside ယခုလိုအဓိပ္ပါယ်ဖွင့်ခဲ့သည်။(၂-မှတ်)

a. အာကာသထဲတွင် တွဲလွဲဖြစ်နေသောအလုံးကြီး။ the big round ball hanging in space.

b. ဤကမ္ဘာကြီး။ all the people living in this world.

c. ဘုရားမရှိဘဲ ပျော်ရွှင်စွာနေဖို့ ကြိုးစားနေကြသော စာတန်အုပ်စိုးသည့် လောက။ the system controlled by Satan in which people are trying to make themselves happy without God.

8. "apostasy" (လွဲမှားသောသြဝါဒ) ၏အဓိပ္ပါယ်မှာ.....(၂-မှတ်)

a. တမန်တော်လုပ်ငန်း။ the office of an apostle.

b. ဂရုမစိုက်သောကြောင့်ဖြစ်လာသည့်အမှား။ an error due to ignorance.

c. ခရစ်တော်လူ့ ဇာတိခံခြင်း၊ ဘုရားဖြစ်ခြင်းနှင့် သူ၏ရွေးနှုတ်ကယ်တင်ခြင်းကို လက်မခံခြင်း။ a rejection of the incarnation and deity of Christ and of His work of redemption.

9. Christian and an apostate church ခရစ်ယာန်နှင့်လွဲမှားသော အသင်းတော် တို့ အကြား ဆက်ဆံရေးမည်သို့ ဖြစ်သင့်သနည်း။(၂-မှတ်)

a. ထိုအသင်းတော်မှထွက်ပြီး သတင်းကောင်းဝေငှသော အသင်းတော်ကိုရှာပါ။He should leave such a church and find one that preaches the Gospel.

b. ထိုအသင်းတော်တွင်နေပြီး ပြောင်းလဲအောင်လုပ်ပါ။He should stay and work hard within the church to reform it.

c. မည်သို့ မျှမလုပ်ဘဲ အသင်းတော်တွင်နေပါ။ He should stay in and say nothing.

10. ကျမ်းစာတွင် “holy” (သန့်ရှင်း)or “sanctified”(သန့်ရှင်းပြီး) “set apart”(အသီးအခြားထားသည်) ဟူ၍ ပြောထားသည့်အချက် ၄-ခုကိုရွေးပါ။(၈-မှတ်)

a. ယေရှုခရစ်ဖွားမြင်ရာအရပ် The birthplace of Jesus.

b. သတ္တမနေ့ The seventh day.

c. တဲတော် The Tabernacle.

d. ယေရှုခရစ်တော်အသေခံရာလက်ဝါးကပ်တိုင် The cross on which Jesus died.

e. သမ္မာကျမ်းစာ The Bible.

f. သမ္မာကျမ်းစာ ဘာသာပြန်သူများ The translators of the Bible.

g. ယေရုရှလင်မြို့တော်The city of Jerusalem.

11. ယုံကြည်သူများ အသီးအခြားနေခြင်းနှင့်ပတ်သက်၍ ကျမ်းပိုဒ်နှင့်အဖြေကိုယှဉ်တွဲပါ။(၁၀-ပါ)

___ အပြစ် sin	a. 2 Corinthians 6:14-17
___ မယုံကြည်သူများ unbelievers	b. 1 John 2:15-17
___ ကောင်းသောအကျင့်မကျင့်သည့်ခရစ်ယာန်များ Christians who refuse to behave themselves properly.	c. 2 Thessalonians 3:6
___ လောကဝတ္ထု the world	d. 2 Timothy 3:1-5
___ မိစ္ဆာဝါဒီနှင့် မိစ္ဆာပရောဖက်များ apostasy and apostate teachers.	e. Hebrews 12:1

12. “World” လောကဟူသော စကားလုံးအား နည်း ၃-မျိုးဖြင့် အဓိပ္ပါယ်ဖွင့်ထားသည်ကို ယှဉ်တွဲပါ။(၆-မှတ်)

___ လောကီသားများ All mankind	a. 1 John 2:15-17
___ မြေကြီးကမ္ဘာ The created world	b. Matthew 26:13
___ ဤလောကစနစ် This present world system	c. Hebrews 4:3

13. ဘုရားရှင်ကပြောသော “world” အကြောင်း ကျမ်းပိုဒ်ကို ယှဉ်တွဲပါ။(၈-မှတ်)

___ စာတန်ထိန်းချုပ်ထား is controlled by Satan.	a. 1 John 2:16
___ ခရစ်တော်ကိုဆန့်ကျင် is opposed to Christ.	b. 1 Corinthians 2:9-12
___ တက်မက်ခြင်းနှင့်ဖွဲ့တည်ထား is made up of lust.	c. John 15:18
___ ဘုရားသခင်၏အရာများကိုနားမလည် cannot understand the things of God.	d. 1 John 5:19

14. "world" နှင့်ပတ်သက်၍ ခရစ်ယာန်များ ထားရှိရမည့် စိတ်သဘောထားကို ကျမ်းပိုဒ်နှင့်ယှဉ်တွဲပါ။ (၁၆-မှတ်)

___ လောကမှ ရွေးနုတ်- he has been chosen out of it.	a. 2 Peter 1:4
___ လောကနှင့်မဆိုင် - he no longer belongs to it.	b. Galatians 6:14
___ အပြစ်ဒုစရိုက်မှလွတ်ခြင်း - he has escaped its corruption.	c. Romans 12:2
___ ကားတိုင်းတွင်ရိုက်ထား - he is crucified to it.	d. John 15:19
___ ထိုအရာကိုမခင်တွယ် - he must not be a friend to it.	e. John 15:16
___ ထိုအရာကိုမချစ် - he must not love it.	f. 1 John 5:4
___ လောကီပုံသဏ္ဌာန်ကိုမဆောင် - he must not conform to it.	g. James 4:4
___ လောကကိုအောင်ပြီး - he should overcome it.	h. 1 John 2:15

အောက်ပါတို့ ကိုကွက်လပ်ဖြည့်ပါ။

15. မည်သည့် တမန်တော်ကို မိခင်ဝမ်းဗိုက်ထဲကပင် ဘုရားရှင်မှသီးသန့် ခွဲခြားပြီးထားသနည်း။ (၁-မှတ်)

_____

16. ဧဖက် ၃း၅ တွင်ပြောထားသော တမန်တော်များမှာ ..... ဖြစ်သည်။ (၁-မှတ်)

Ephesians 3:5 tells us that the apostles were _____ people.

17. Hebrews 7:26 တွင်ပါရှိသော အသီးအခြားနေခြင်း ၅-ခုကိုရေးပါ။(၁၀-မှတ်)

a. _____

b. _____

c. _____

d. _____

e. _____

18. Leviticus 11:44-47 အရ Jews များ လုပ်ရမည့်အရာ ၂-ခုကိုရေးပါ။ (၄-မှတ်)

a. _____

b. _____

19. Ephesians 1:4 အရ Christian များ လုပ်ရမည့်အရာ ၂-ခုကိုရေးပါ။ (၁-မှတ်)

a. _____

b. _____

20. In 1 Peter 2:9 တွင် ယုံကြည်သူများသည် ရွေးချယ်သောအမျိုး၊ ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောအမျိုး၊ ထူးခြားသောအမျိုး အဖြစ်ဘုရားရှင် လုပ်ဆောင်ထားသည်။ဤလုပ်ဆောင်ချက်၏ ရည်ရွယ်ချက်ကား အဘယ်နည်း။(၁-မှတ်)

_____

21. John 17:17 တွင် ကျွန်ုပ်တို့ သန့်ရှင်းသူဖြစ်ခြင်း (sanctification) ကို ဖြစ်စေသော အချက်တချက်ကို တွေ့ရသည်။ဂင်းအချက်ကိုရေးပါ။(၁-မှတ်)

_____

22. အောက်ပါကျမ်းပိုဒ်များအရ ယုံကြည်သူများအနေဖြင့် နှုတ်ကပတ်တော်အတိုင်းမလျှောက်သော ခရစ်ယာန်များကို မည်သို့ ဆက်ဆံရမည်ဟုပြောသနည်း။ (၆-မှတ်)

2 Thessalonians 3:6 _____

2 Thessalonians 3:14 _____

1 Corinthians 5:11 _____

23. apostates များကို ယုံကြည်သူများက မည်သို့ ဆက်ဆံရမည်နည်း။ ဖြေဆိုပါ။(၁၂-မှတ်)

2 John 10-11 _____

Romans 16:17 _____

Galatians 1:8-9 _____

2 Timothy 3:5 _____

Titus 1:13 _____

1 John 4:1-4 _____

သင်ခန်းစာ(၂၆)၊ သခင်ယေရှုခရစ်၏ အသွေးတော်တန်ခိုး
The Power of the Blood of Jesus

နိဒါန်း - Introduction

အလယ်အလတ်အတွေးအခေါ်ရှိသော ဆရာများ(liberal teachers)က သမ္မာကျမ်းစာသည် "အသွေးနှင့်ပြည့်နေသောစာအုပ်" (bloody book)အဖြစ် တစ်ခါတစ်ရံတွင် ကိုးကားပြောဆိုလေ့ရှိကြသည်။ တကယ်လည်း အမှန်ပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာသည် ပထမဦးဆုံးဖြစ်သော ကမ္ဘာဦးကျမ်းတွင် အာဒံနှင့် ဧဝတို့၏ အရှက် (အပြစ်)ကို ဖုံးအုပ်ကွယ်ကာပေးရန် ဘုရားရှင်က တိရစ္ဆာန် တစ်ကောင်ကို သတ်၍ အသွေးသွန်းခဲ့ရသော (ကမ္ဘာ ၃း၂၁) အချိန်မှစ၍ နောက်ဆုံးဗျာဒိတ်ကျမ်းတွင် သန့်ရှင်းသူတို့သည် စာတန်အား "သိုးငယ်၏အသွေးအားဖြင့်" အောင်မြင်ကြောင်း ဖော်ပြထားသော (ဗျာ ၁၂း၁၁) အချိန် တိုင်အောင် အသွေးသွန်းခြင်းအကြောင်းကို မှတ်မှတ်ရရ ဖော်ပြထားသော သမ္မာကျမ်းစာအုပ်ဖြစ်ပါသည်။

အမေရိကန်နိုင်ငံ၏ အင်မတန်ကျောက်တောင်ထူထပ်သော တောင်ပိုင်းကာရိုလိုင်းနားပြည်နယ် (South Carolina) မှ ကျောက်တုံးနံရံပေါ်တွင် တယောက်ယောက်က အဖြူရောင်မှုတ်ဆေးဖြင့် "ကိုယ့်သားကို သတ်တဲ့ဘုရားကို ဘယ်သူ လိုချင်သလဲ" - Who wants a God who would kill his own son? ဟူ၍ ရေးထားသည်ကို တွေ့ခဲ့ရသည်။ ယေရှု ခရစ်တော်၏ အသွေးတော်သွန်းခြင်း အဓိပ္ပါယ် (meaning) ရည်ရွယ်ချက် (purpose)နှင့်တန်ခိုးတော် (power)တို့ကို လူသန်းပေါင်းများစွာတို့ သဘောပေါက် နားလည်နိုင်ခြင်းမရှိကြကြောင်း ညွှန်းဆိုဖော်ပြနေသည့် ထိုကဲ့သို့သော အရေး အသားများကိုမြင်တွေ့ရသောအခါ စဉ်းစား၍နားမလည်နိုင်အောင်ဖြစ်ရသည်။ ဤသင်ခန်းစာတွင် ထိုအသွေးတော်၏ အဖိုး အနဂ¾ထိုက်တန်မှု (preciousness)၊ တန်ဖိုး(value)နှင့် တန်ခိုးတော် (power)အကြောင်းကိုလည်း ပိုမို နားလည် နိုင်စေရန် ပြင်ဆင်ထားပါသည်။

ဤသင်ခန်းစာ၏ အရေးကြီးပုံ။ - Importance of this Lesson

❖ ကျွန်ုပ်သည် အစွန်းရေးပြည်တွင် မတော်တဆမှု (serious accident)ကြောင့်ပြင်းထန်စွာ ဒဏ်ရာရရှိပြီးနောက် အသက်ကယ်သွေးသွန်းခြင်း(blood transfusions)အားဖြင့် အသက်ပြန်ရှင်လာရပါသည်။ သွေးလှူရှင်မှာ ဂျူးလူမျိုး တစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်သည် လူငယ်ဘဝက ကျွန်ုပ်၏အပြစ်များကို နောင်တရလျက် ဘုရားသခင်ဘက်သို့ ဦးလှည့်ပြီး ခရစ်တော်အားမိမိကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ်လက်ခံခဲ့ပါသည်။ ကျွန်ုပ်သည် အသွေးတော်အားဖြင့် သန့်ရှင်း (cleansed)လာသည်။ အသွေးတော်အားဖြင့် အပြစ်လွှတ် (forgiven)ခံရသည်။ အသွေးတော်အားဖြင့် အပြစ်ငရဲမှ ရွေးနှုတ်ကယ်တင်(redeemed)ခံရပါသည်။ ကျွန်ုပ်သည် ကိုယ်ခန္ဓာ အားဖြင့်လည်းကောင်း၊ ဝိညာဉ် အားဖြင့် လည်းကောင်း၊ ထာဝရကာလ၌ အသွေးအားဖြင့် ကယ်တင်ခြင်း သို့ရောက်ရပါသည်။ ထိုအလှူရှင်မှာလည်း ဂျူး လူမျိုး တစ်ဦး ပင်ဖြစ်ပါသည်။

❖ အသွေးသွန်းခြင်း(Shed blood)ကို တစ်ချိန်က ထိတ်လန့်ဖွယ်ရာ(gruesome)၊ စိတ်ပျက်ကြောက်ရွံ့ဖွယ်ရာ (horrible) အဖြစ် ယူဆခဲ့ကြပါသည်။ ယနေ့ခေတ်တွင်မူ အသွေးသွန်းခြင်းသည် ရွှေထက်ပင် အဖိုးထိုက်တန်နေပါသည်။ ယနေ့ခေတ် ဆေးရုံများ (hospitals)၊ သွေးလှူဘဏ်များ(blood banks)၊ ရွှေ့လျားသွေးလှူဘဏ်

များ(bloodmobiles) ဖြင့် သွေးလှူဒါန်းဖို့ မေတ္တာရပ်ခံ (pleading)နေကြသည်ဖြစ်ရကား သွေးသွင်းခြင်းကို အသက် ကယ်သောသွေး၊ အဖိုးမဖြတ်နိုင်သော သွေးအဖြစ် လူအများ လက်ခံနေကြပြီဖြစ်သည်။ တမန်တော်ကြီးရှင်ပေတရုက "ရွှေငွေအစရှိသော ဖောက်ပြန်ပျက်စီး တတ်သော ဥစ္စာနှင့် သင်တို့အား ရွေးတော်မူသည်မဟုတ် ခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့"ဟု ရေးသားထားပါသည်။ (၁ပေ ၁း၁၈-၁၉။)

❖ အပြစ်လွှတ်ခြင်း(forgiveness)နှင့် ရွေးနှုတ်ခြင်း(redemption)သည် အသွေးသွန်းခြင်းအားဖြင့် ဖြစ်သည် မှန်လျှင် (ဧ ၁း၇။ ဟေ ၉း၂၂။ ဗျာ ၅း၉။) ဤစကြဝဠာကမ္ဘာကြီးတွင် အပြစ်လွှတ်ခြင်းအတွက် အသွေးသွန်းခြင်းမှတပါး အခြားသောယဇ်ပူဇော်မှု(sacrifice) မရှိသည်မှန်လျှင် (ဟေ ၁၀း၂၆။) အသွေးတော်၏တန်ဖိုး(value)နှင့် တန်ခိုးတော် (power)အကြောင်းအလေးအနက် သဘောပေါက်အောင် လေ့လာခြင်းသည် သင့်အတွက် အရေးကြီးဆုံး ဖြစ်ပေသည်။

သင်ခန်းစာ - THE LESSON

I. အသွေးသွန်းခြင်းနှင့်ပါတ်သက်၍ အရေးကြီးသောကျမ်း (၂)ပိုဒ်။ TWO KEY VERSES ON THE VALUE OF SHED BLOOD

A. ၁၁အကြောင်းမူကား၊ ကိုယ်ခန္ဓာအသက်သည် အသွေး၌တည်၏။ သင်တို့ပြုသော အပြစ်ကို ဖြေစေခြင်းငှာ၊ ထို အသွေးကိုယဇ်ပလ္လင်ပေါ်မှာငါပေးပြီ။ လူအပြစ်ကိုဖြေသောအရာကား၊ အသွေးဖြစ်သတည်း။(ဝတ် ၁၇း၁၁)

1. လူ၏အသက်သည် အသွေး၌ရှိကြောင်း သတိပြုရပါမည်။ ခရစ်တော်သည် ကျွန်ုပ်တို့အား သူ၏အသက်ကို ပေးသည် (မာ ၁၀း၄၅၊ ယော ၁၁း၁၇-၁၈) ဟု သမ္မာကျမ်းစာက ဖော်ပြထားရာတွင် ခရစ်တော်သည် ကျွန်ုပ်တို့အတွက် သူ၏အသွေးတော်ကို သွန်းခဲ့သည်ဟုဆိုလိုခြင်းဖြစ်ပါသည်။

2. လူ၏အသွေးတန်ဖိုး (value of one's blood)ကို တိုင်းတာရာတွင် ထိုသူ၏အသက်တန်ဖိုး (value of one's life) နှင့် ချိန်ဆတိုင်းတာခြင်းဖြစ်သောကြောင့်၊ ခရစ်တော်သွန်းတော်မူသော အသွေးသည် မည်မျှ တန်ဖိုးမဖြတ်နိုင်သော (immeasurable) အရာဖြစ်ပါသနည်း။

3. ဤသင်ခန်းစာတွင် ဣသရေလလူမျိုးများ အပြစ်ဖြေ (atonement) ကြရာတွင် တိရိစ္ဆာန်တစ်ကောင် သေစေခြင်း(death)အားဖြင့် အပြစ်လွှတ်ခြင်းရသည်မဟုတ်ဘဲ ယဇ်ပလ္လင်(altar)ပေါ်တွင် ထို တိရိစ္ဆာန်၏ အသွေးကိုသွန်းခြင်း(shedding of its blood) ကြောင့်သာ ဖြစ်သည်ကို သတိပြုရပါမည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကောင်းမြတ်သောအသက်တာနှင့်စံပြအသက်ရှင်ခဲ့မှု (Christ's perfect life and example)၊ ကြောင့် ကယ်တင်ခြင်းရသည်ဟု သမ္မာကျမ်းစာ၏ မည်သည့်နေတွင်မျှဖော်ပြမထားဘဲ၊ ကရာနီကုန်း ယဇ်ပလ္လင် (altar of Calvary) တွင် ခရစ်တော် သွန်းတော်မူခဲ့သော အသွေးတော်အားဖြင့်သာ ကယ်တင် ခြင်းရကြောင်း ဖော်ပြထားပါသည်။ (ဧ ၁း၇ ။ ၁ပေ ၁း၁၈-၁၉)

4. ဤနေရာတွင် အပြစ်ဖြေရာယဇ်ကောင်ဖြစ်သည့် တိရိစ္ဆာန်သည် အပြစ်ရှိသော ဣသရေလလူမျိုးများ၏ အပြစ် ဖြေခြင်းကို ကိုယ်စားပြုရည်ညွှန်း (alluded) ပါသည်။ ထိုနည်းတူစွာပင် ခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ် အတွက် ကိုယ်စားခံအသွေးသွန်းပြီး "မိမိကိုယ်ကို အပ်နှံတော်မူ" ခြင်းဖြစ်ပါသည်။ (၁လ ၂း၂၀။ ၁လ ၁း၄။

တိတု ၂း၁၄။)

5. အပြစ်မရှိသောတိရစ္ဆာန် (innocent animal)၏အသွေးသွန်းခြင်းသည် ပညတ်တရား(law)အရ၊ ဖြောင့်မတ်သော စီရင်တော်မူချက် ကိုပြည့်စုံလျက် ရှိပါ သည်။ (ယေဇ ၁၈း၄) ဘုရားသခင်၏ သန့်ရှင်းတော်မူခြင်း (holiness)ကို ကျေနပ် (satisfied)မှုရရှိစေလျက်၊ ဘုရားရှင်၏ဖြောင့်မတ်ခြင်း (His justice) ကိုလည်း သက်သေထင်ရှား (vindicated) စေပါသည်။

B. ၂၂ပညတ်တရားအတိုင်း ခပ်သိမ်းသောအရာတို့ကို ကုန်မတတ်အသွေးအားဖြင့် စင်ကြယ်စေတတ်၏။ အသွေး မသွန်း လောင်းဘဲ အပြစ်ဖြေလွှတ်ခြင်းမရှိ။ (ဟေ ၉း၂၂)

1. ခရစ်တော်၏ခန္ဓာကိုယ်သွေးကြော(veins)ထဲ၌ရှိသော အသွေးသည် အပြစ်ဖြေလွှတ်ခြင်း(forgive)၊ ရွေးနှုတ်ခြင်း (redeem)ကို မပြုနိုင်ပါ။ သွန်းတော်မူသောအသွေး (shed blood) သည်သာ ကျွန်ုပ်တို့၏ အပြစ်များကို ဆေးကြော ပေးနိုင်ကြောင်းသိသာထင်ရှား (prevailed)ပါသည်။
2. ဓမ္မဟောင်းကာလတွင် သွန်းလောင်းသောတိရိစ္ဆာန်၏အသွေး (shed blood of animals)သည်အပြစ်ကို တခါသာဖယ်ရှားနိုင်ပါသည်။ ဓမ္မသစ်ကာလတွင် သွန်းလောင်းသော ခရစ်တော်၏အသွေး (shed blood of Christ) သည်သာ လောကလူသားများ၏အပြစ်ကို အပြီးအပိုင်ပယ်ရှင်းသုတ်သင် (put it away)နိုင်ပါသည်။ (ဟေ ၉း၂၆)

II. အပြစ်မဲ့သူ၏ကြိုတင်အသွေးသွန်းခြင်းအကြောင်း သမ္မာကျမ်းစာတွင်ဖော်ပြထားချက်များမှ ရရှိသော သင်ခန်းစာများ။ - LESSONS FROM THE INITIAL SHEDDING OF INNOCENT BLOOD IN THE BIBLE

A. အပြစ်မဲ့သောသူ၏ အသွေးသွန်းခြင်းကို ပထမဦးစွာ ကမ္ဘာဦးကျမ်းတွင် တွေ့ရှိရပါသည်။ ၂၁ထာဝရ အရှင်ဘုရား သခင်သည် လူလင်မယားတို့အဖို့ သားရေဖြင့် ဝတ်လုံကိုလုပ်၍ ဝတ်ဆြံ့စေတော်မူ၏။ (ကမ္ဘာ ၃း၂၁)

B. ရယူနိုင်သောသင်ခန်းစာ - Lessons to learn:
1. အာဒံ၏ မိမိအပြစ်နှင့်အရှက် (shame and guilt)ကိုဖုံးရန် ကြိုးစားလုပ်ဆောင်ချက်များသည် မတတ်စွမ်းနိုင် (inadequate) သာမကအချည်းနှီး (futile)သာဖြစ်ပါသည်။ (ကမ္ဘာ ၃း၇-၈) ထို့အတူလူသားများအနေဖြင့် မိမိတို့ အပြစ် ကိုငြင်းပယ်ဖုံးကွယ်ရန်ပြု လုပ်သောအရာ အားလုံးတို့သည်လည်း အာဒံနည်းတူ သင်္ဘော သဖန်းပင်၏ အရွက်တို့ဖြင့် ချုပ်စပ်ထားသောအဝတ်များ(fig leaf aprons) သာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားရှင် မမြင်အောင်ပုန်းကွယ်၍ (hide) မရပါ။

2. ဘုရားသခင်သည် တရားမျှတတော်မူသည်(justice)ဖြစ်၍ သူ၏တရားမျှတတော်မူခြင်းအမှု မပြီးစီးမချင်း ၊ကျေနပ်မှုမရမချင်း ဘုရားသခင်သည် အာဒံ အား ကရုဏာ (mercy)မသက်နိုင်ပေ။ သင်သည်ကယ်တင်ခြင်းသို့ မရောက်မီ သင်၏အပြစ်များကိုလည်း ဦးစွာစီရင် (judged)ရမည်သာ ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်များကြောင့် ကျွန်ုပ်တို့ကိုယ်စား အသေခံတော်မူ (ဂလာ ၁း၄။ ဂလာ ၂း၂၀) ခဲ့သည်ကို ဖြောင့်မတ်သော၊ တရားမျှတသော ဘုရားရှင်သည် ကျေနပ်အားရ (satisfied)တော်မူပါသည်။.

3. အာဒံအတွက်အကွယ်အကာ(covering)ပြုလုပ်နိုင်ရန် တိရိစ္ဆာန်တစ်ကောင်သည် အသတ်ခံရလျက် အသွေးသွန်း ရရှာပါသည်။ အပြစ်၏အခ ဒါဏ်သည် သေခြင်းဖြစ်သည်။ (ရော ၆း၂၃၊ ယေဇ ၁၈း၄၊ ၂၀) တို့ကိုဖတ်ပါ။ ဘာသာတရား(Religion)၊ လူ့ လုပ်ဆောင်ချက် (human effort)၊ အကျင့်စာရိတ္တ (morality) နှင့် ကောင်းသော အကျင့်ကျင့်ခြင်း(good works)များသည် လူတို့၏ အပြစ် (Sin)ပြေပျောက်ခြင်း(atone)ငှာ လုံးဝမလုပ်ဆောင် နိုင်ပေ။ ခရစ်တော်ကိုယ်တိုင် အသွေးသွန်းလောင်းပြီး အသေခံမှသာလျှင် သင်နှင့်ကျွန်ုပ်တို့ အပြစ်မှ ကယ်လွှတ် ခြင်း ရကြမည်ဖြစ်သည်။(ဟေ ၉း၂၆)

4. ကိုယ်စားပြုပူဇော်သက္ကာပြုခြင်း (substitutionary sacrifice) ကို ယခုလို သရုပ်ဖော်နိုင်ပါသည်။ အာဒံ (သို့မဟုတ်) အာဒံကိုယ်စား တစ်စုံတစ်ယောက်သည် အပြစ်အတွက် အသေခံရမည်။ ဘုရားသခင်သည် မိမိ သနားခြင်းကရုဏာတော်နှင့်အညီ အာဒံကိုယ်စား အသေခံမည့်သူကိုရွေးချယ်လျက် အသေခံစေပါသည်။ ခရစ်တော်သည် ကမ္ဘာဦးကပင် ရွေးချယ်ခြင်းခံရလျက် ကွက်မျက်ခံရသောသူ (ဗျာ ၁၃း၈)။ ဘုရားသခင် ပြဋ္ဌာန်းတော်မူသော အလိုတော်အားဖြင့်" (တ ၂း၂၃) ရွေးချယ်သောသူဖြစ်ပါသည်။ ထို့ကြောင့် ရှင်ပေါလုသည် "ငါ့ကို ချစ်၍ငါ့အဘို့ ကိုယ်ကိုစွန့်တော်မူ၏" (ဂလ ၂း၂၀)ဟုရေးထားနိုင်ခြင်းဖြစ်ပါသည်။

အရှက်နှင့်ရိုင်းစိုင်းတဲ့လောင်ပြောင်မှုတွေထမ်းပိုးရင်း
"Bearing shame and scoffing rude
ငါ့နေရာမှာ ကိုယ်တော်ကိုယ်စားခံခဲ့ပြီ။
In my place condemned He stood,
သူ့ ရဲ့ အသွေးနှင့် ငါ့ရဲ့ ခွင့်လွှတ်ခြင်းကိုတံဆိပ်ခတ်ရင်းဒို့ - ကယ်တင်ရှင်ပါတကား။
Sealed my pardon with His blood Hallelujah, What a Savior!"

III. ခရစ်တော်သွန်းသောအသွေး၌ တန်ခိုးရှိသည် - THE SHED BLOOD OF CHRIST HAS POWER

A. ဘုရားသခင်၏တရားမျှတခြင်း၊ သန့်ရှင်းခြင်းကို ကျေနပ်စေရန်၊To satisfy the justice and holiness of God.

1. (ကမ္ဘာ ၃း၂၁) တွင်တွေ့ရှိခဲ့သည့်အတိုင်း အာဒံ၏အပြစ်ကိုစီရင်၍ အပြစ်ဒါဏ်ပေးခြင်းမပြုမီ ဘုရားသခင် သည် ကရုဏာတော်အားဖြင့် အာဒံအား မဆက်ဆံနိုင်။

2. ဘုရားသခင်၏ ကရုဏာတော်သည် အားကြီးပေသည်။ (ဆာ ၁၀၃း၁၁)။ ကရုဏာတော်ကို ဖော်ပြတော် မူခြင်းငှာလည်း အလိုတော်ရှိပါသည်။ (တိတု ၃း၅-၆) သို့ရာတွင် ကိုယ်တော်သည် ဒုစရိုက်ကို ကြည့်ရှုတော်မမူ။ သန့်ရှင်းသော မျက်စိရှိတော်မူ၏။ အဓမ္မအမှုကို ကြည့်ရှု၍ နေတော်မမူတတ်ပါ။ (ဟဗက္ကုက် ၁း၁၃။)

3. ဘုရားသခင်သည်အပြစ်နှင့် ပတ်သက်လာလျှင် လွန်၍မသွားတတ် (look upon)၊ သည်းမခံတတ်(not tolerate) ပါ။ ဘုရားသခင်၏ သန့်ရှင်းခြင်း (holiness) ကို သက်သေထင်ရှားစေ(vindicated)ပြီးမှသာ၊ သူ၏ဖြောင့်မတ်ခြင်း (justice) ကို အားရကျေနပ်ပြီး(satisfied)မှသာ သနားခြင်းကရုဏာတော်နှင့် အညီ ကျွန်ုပ်တို့အား ဆက်ဆံနိုင်သောဘုရားဖြစ်ပါသည်။

4. ခရစ်တော်သွန်းတော်မူသောအသွေးအားဖြင့် ကျွန်ုပ်တို့၏အပြစ်များသည် စီရင်ခြင်း(judged)ခံရလျက် အပြစ်မှကင်းကွာပြီး ဖြစ်ပါသည်။ (ဟေ ၉း၂၆။ ၂၈။ ဟေ ၁၀း၁၂) ဘုရားသခင်သည် တိုင်းဆ၍မရသော ကျေးဇူးတော် (unfathomable grace) အားဖြင့် (ဧဖက် ၂း၈-၉) ကျွန်ုပ်တို့၏ အပြစ်များကို ခရစ်တော် အပေါ်၌

တင်တော်မူပြီ။ (၂ကော ၅း၂၁။) ဘုရားသခင်၏ သန့် ရှင်းခြင်း (holiness) ထင်ရှားပေါ်လွင်လျက်၊ တရားမျှတခြင်း၊ ဖြောင့်မတ်ခြင်း(justice)၌ကျေနပ်အားရမှုရှိပြီးဖြစ်ပါသဖြင့် ကိုယ်တော် ကို ယုံကြည်သမျှ သော သူတို့အဖို့ ဖြောင့်မတ်ရာ၌ တည်စေတော်မူသောသူ ဖြစ်လာပါသည်။ (ရော ၃း၂၆။)

B. ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဝတ်လုံကို ပေးရန်၊To provide a garment of divine righteousness.

1. (က ၃း၂၁) တွင် "လူလင်မယားကို သားရဖြင့်ဝတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော်မူ၏" ဟု ဖေါ်ပြထား သည်ကို တွေ့ ရသည်။ ဆိုလိုသည်မှာ ဘုရား သခင်သည် လူတို့၏ အပြစ်ကိုဖုံးခြင်းငှါဝတ်လုံဖြင့်ဝတ်ခြုံစေသော ပထမဆုံး ကျမ်းညွှန်းဖြစ်ပါသည်။ ဤအချက်သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်း(righteousness)ကိုပုံဆောင် (typified) ပါသည်။

2. ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ဝတ်လုံ (garment)အဖြစ်ဖေါ်ပြထားကြောင်း မကြာခဏတွေ့ရပါသည်။

a) "ဖြောင့်မတ်ခြင်းပါရမီကို အဝတ်လုပ်၍ငါဝတ်ဆင်၏" (ယောဘ ၂၉း၁၄)

b) "ကယ်တင်ခြင်းအဝတ်တန်ဆာနှင့် ငါ့ကိုဝတ်ဆင်စေ၍၊ဖြောင့်မတ်ခြင်းဝတ်လုံနှင့်ခြုံတော်မူပြီး။(ဟေရှာ ၆၁း၁၀။)

c) "ကိုယ်တော်၏ ယဇ်ပုရောဟိတ်တို့သည် ဖြောင့်မတ်ခြင်းတန်ဆာကိုဆင် ၍" (ဆာ ၁၃၂း၉။)

3. ယုံကြည်သောသူ အပေါင်းတို့အား ဘုရားသခင်ပေးတော်မူသော ဖြောင့်မတ်ခြင်းသည် ပညတ် တရားနှင့် မစပ် ဆိုင်သော ဖြောင့်မတ်ခြင်းတရားဖြစ်ပြီး(ရော ၃း၂၁-၂၂) ဘုရားသခင် ဝတ်ဆင်စေ သောဖြောင့်မတ်ခြင်း ဝတ်လုံ ဖြစ်သည်။ မာတင်လူသာသည် (၂ ကော ၅း၂၁) ကို ဆင်ခြင်လျက် ဘုရားသခင်ဝတ် ဆင်ခိုင်းသော ဖြောင့်မတ် ခြင်း ဝတ်လုံနှင့် ပတ်သက်၍ ဤသို့ရေးသားခဲ့ပါသည်။ "ခရစ်တော်သည် သင်နှင့် ကျွန်ုပ်တို့ လွန်ကျူးခဲ့သမျှ အပြစ်များအားလုံးသာမက၊ နောင်တွင်ကျူးလွန်ဦးမည့် အပြစ်များကို သူ့ အပေါ်သို့ တင်လိုက်ပြီး၊ အပြန်အလှန် အား ဖြင့် သူ၏ဖြောင့်မတ်သန့် ရှင်းခြင်းကို ကျွန်ုပ်တို့ အားပေးလိုက်ရာ၊ ကျွန်ုပ်တို့ သည် ခရစ်တော်နည်းတူ အပြစ်ကင်း သူများ၊ ဖြောင့်မတ်သန့် ရှင်းသူများဖြစ်လာကြပေသည်။"

4. ဘုရားသခင်သည် ထိုဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အပေါ်၌ တင်တော်မူသည်ဖြစ်၍ ကျွန်ုပ်တို့ ဖြောင့်မတ်ခြင်းသည် ခရစ်တော် ကိုယ်တော်တိုင်၏ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ (၁ ကော ၁၀း၃၀။ ရော ၁၀း၄။ ဖိ ၃း၉)
ခရစ်တော်လုပ်ဆောင်ခဲ့သော ကိုယ်စားခံခြင်းအရာ

သူ့ လူများအတွက် အပြင့်ဆုံးတန်ဖိုးဖြစ်ပေတာ။
ကျိန်ခြင်းတရားငှါအပေါ်ဘယ်လိုရိုက်ခတ်နိုင်မှာလည်း
ကိုယ်တော့်ဖြောင့်မတ်ခြင်းနှင့်အသွေးတော်ကလွှမ်းခြုံဆဲ
"Complete atonement Christ has made
And to the utmost farthing paid
Whate'er his people owed
How then can wrath on me take place
If sheltered in His righteousness
And sprinkled with His blood?"

5. မိမိကိုမိမိ အပြစ်မှကယ်တင်နိုင်ရန် ကျင့်ကြံအားထုတ်ခြင်း (self-righteousness) လူတို့၏ကြိုးစား

အားထုတ်ခြင်း(human endeavor)။အားလုံးသည် အချည်းနှီးသက်သက်ဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။ (က ၃း၂၁) တွင် အာဒံ သည် အရှက် (အပြစ်တရား) မှလွတ်အောင်လုပ်ဆောင်ဖို့ လုံးဝ မတတ်နိုင်ကြောင်း တွေ့ရှိရ ပါသည်။ အာဒံကို အရှက်မှလွတ်အောင် ဘုရားရှင်၏လုပ်ဆောင်ခြင်း (ကယ်တင်ခြင်း) သည် ကျွန်ုပ်တို့ကို ကယ်တင်ခြင်းပေးသကဲ့သို့ပင် ကျေးဇူးတော်(grace)အားဖြင့် ဖြစ်လျက် သွန်းသောအသွေးအားဖြင့်ငင်း၊ ကိုယ်စားခံသောယဇ်ပူဇော်သက္ကာ(substitutionary sacrifice)အားဖြင့်ငင်း၊ ပညတ်တရားမပါ အကျင့် တရား မပါဘဲ ဘုရားသခင်ဝတ်ဆင်စေတော်မူသော ဖြောင့်မတ်ခြင်းဝတ်လုံအားဖြင့်သာ ဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ (ရော ၃း၂၁-၂၂း ရော ၄း၅။ ဂလာ ၂း၁၆။ ဟေရှာ ၆၄း၆။)

C. သန့်ရှင်းသောဘုရား၏မျက်မှောက်တော်တွင် ဖြောင့်မတ်ခြင်းရှိရန်-To justify you in the sight of a Holy God (Romans 5:9; 3:24, 26).

1. အပြစ်မရှိ၊ဖြောင့်မတ်သည်၊ဖြောင့်မတ်ရာ၌တည်စေသည် (Justified)ဟူသော စကားလုံးသည် ဖြောင့်မတ်ခြင်း (righteousness) ဟူသောစကားနှင့် ဆက်စပ်လျက်ရှိပါသည်။ ဂရိဘာသာစကား dikaioo မှ ဆင်းသက် လာသည်။
2. ဖြောင့်မတ်သည် (Justified) ဟူသောစကားလုံးကို နေ့စဉ်သုံးစကားအရပြောလျှင် "မှန်ကန်စွာ နေထိုင်အသက်ရှင် သည်" to make right ဟုပြောနိုင်သည်။ ကျမ်းစာအရ ဘုရားရှင် အမြင်အရ ပြောရလျှင်မူ၊ "အပြစ် အနာအဆာ မရှိ၊ အပြစ်ကင်းသည်" to declare blameless, without guilt ဟု ဆိုနိုင်ပါသည်။
3. ဖြောင့်မတ်ခြင်း (Justification) ဟူသောစကားလုံးသည် နေ့ စဉ်သုံးစကားလုံးဖြစ်ပြီး၊ တရားမျှတသည် (to justify) ဟူသောစကားလုံးမှာ တရားရုံး၌အသုံးပြုသောစကားဖြစ်ပါသည်။ ဖြောင့်မတ်ရာ၌တည်စေသည်။ ဖြောင့်မတ် သည်ဟု မှတ်ယူသည်ဆိုသည်မှာ တရားရုံးနှင့်သက်ဆိုင်ပါသည်။ သင်သည် ခရစ်တော်ကို ယုံကြည် လက်ခံသောအခါ၊ သင့်ကို ခရစ်တော်၏ ဖြောင့်မတ်ခြင်းဖြင့် ခြုံလွှမ်းဝတ်ဆင်လိုက်သည်။ (ဖိ ၃း၉။ ရော၃း၂၂) ယုံကြည်သူ အပြစ်သား (believing sinner)သည် ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ဝတ်ခြုံဆင်မြန်း သောအခါ၊ စကြဝဠာကို အုပ်စိုးစီရင်တော်မူသော ဘုရားသခင်၏ရုံးတော် (God's courtroom) ၌ "အပြစ်မရှိ" ဟူသော စီရင်ချက်ကိုကြားနာရန် ဝင်လာနိုင်ပြီဖြစ်ပါသည်။
4. ဖြောင့်မတ်ခြင်း (Justification) သည် အပြစ်ဒါဏ်မှ ခွင့်လွှတ်ခြင်း(pardon)သက်သက်မဟုတ်ပါ။ ဘုရားသခင် က ကျွန်ုပ်တို့အား အပြစ်မရှိ၊ အပြစ်နှင့်မသက်ဆိုင်၊ အနာအဆာမရှိ၊ အစွန်းအထင်းမရှိ၊ ပြစ်တင်ရှုချ စရာမရှိဟု စီရင်ချက် ချမှတ်ပေးခြင်းဖြစ်ပါသည်။ (ရော ၈း၁)
5. ကျွန်ုပ်တို့ကိုဖြောင့်မတ်ရာ၌ တည်စေခြင်းငှာပြုသောအခွင့်အာဏာတန်ခိုး၏ ဖစ်မြစ်သည်ဘုရား သခင် ပင်ဖြစ်ပါ သည်။ (ရော ၃း၂၆၊ ၃၀။ ရော ၈း၃၃)
6. ထို ဖြောင့်မတ်ခြင်း (Justification) အခွင့်အရေးကိုလက်ခံရရှိစေသော နည်းလမ်းသည် ယုံကြည်ခြင်း ဖြစ်ပါသည်။ (ရော ၅း၁)
7. ဤ ဖြောင့်မတ်ခြင်း (Justification) အခွင့်အရေးပေးခြင်း၏ အဓိကအချက်သည် ကျေးဇူးတော် (GRACE)ဖြစ်ပါ သည်။ (ရော ၃း၂၄)
8. ကျွန်ုပ်တို့ ဖြောင့်မတ်ရာ၌တည်နေခြင်း၏ အာမခံချက် (guarantee)သည် ခရစ်တော်၏ သေခြင်းမှ ရှင်ပြန်ထမြောက် ခြင်း (RESURRECTION OF CHRIST)ဖြစ်ပါသည်။ (ရော ၄း၂၅)
9. ထိုသို့ ဖြစ်နိုင်ရန် ဆောင်ရွက်သောတန်ခိုးနှင့် ပေးချသော အဖိုးအခသည် သွန်းတော်မူသော ခရစ်တော်၏ အသွေးတော်(SHED BLOOD OF CHRIST) ဖြစ်သည်။ (ရော ၅း၉။ ရော ၃း၂၄))

D. သင့်အားအပြစ်နှင့်အပြစ်၏ကျွန်ဘဝမှ ရွေးနုတ်ရန်-To redeem you from sin and slavery (1 Peter 1:18-19; Galatians 3:13; Ephesians 1:7; Romans 3:24).

ရွေးနှုတ်ခြင်းနှင့် ပတ်သက်၍ သင်ခန်းစာ (၁၃) ရွေးနှုတ်ကယ်တင်ခြင်း (Redemption) အကြောင်းကိုပြန်ကြည့်ပါ အပြည့်အစုံဖော်ပြထားပါသည်။

1. သမ္မာကျမ်းစာတွင် သင်နှင့် ကျွန်ပ်တို့အား အပြစ်၏ကျေးကျွန် (slave of sin)အဖြစ် (ယော ၈း၃၄။ ရော ၆း၁၆၊ ဂုး၁၄။) ဘုရားသခင်၏ ပညတ်တော်တို့ကို ချိုးဖောက်ထားသူများဖြစ်၍ သေဒဏ် (sentenced to death) စီရင်ထားပြီးသူများအဖြစ် ရှုမြင်ထားပါသည်။ (ရော ၆း၁၆-၂၃။ ရော ၅း၁၂။)

2. ခရစ်တော်သည် ကျွန်ပ်တို့ထဲမှ ဒုစရိုက်ကိုဖယ်ရှားပေးလျက် အပြစ်၏ကျေးကျွန်ဘဝမှ လွတ်မြောက်မှုပေးနိုင်ရန် အတွက် ပေးဆောင်ရမည့် အဖိုးအခများကိုပေးချေပေးရန် လိုလား(willing)ပါသည်။ (တ ၂၀း၂၈။ တိ၊ ၂း၁၄။) ထိုပေးချေရသောအဖိုးအခ (price)သည် သွန်းလောင်းသော ခရစ်တော်၏အသွေးဖြစ်ပါသည်။ (၁ပေ ၁း၁၈-၁၉။ ၁ကော ၆း၂၀၊ ၁ကော ဂုး၂၃။ ရော ၈း၁။)

3. ရွေးနှုတ်ခြင်း (redemption) ဟူသော စကားလုံး၏ အယူအဆ(idea)မှာ ဝယ်ယူရန်(bought)သာမက၊ "အပြစ်၏ကျေးကျွန်စျေးကွက်" out of the slave market of sin မှ ရွေးနှုတ်ရန်ဖြစ်ပါသည်။ (ဂလာ ၃း၁၃။ ဂလာ ၄း၅) ရွေးနှုတ်သည် (Redeem) ဟူသော စကားလုံးသည် ဝယ်ယူထုတ်ဆောင်လာသည်။ (to buy out from) ဟုအဓိပ္ပါယ်ရပါသည် ထိုစကားအားဖြင့်နောက်ထပ်အရောင်းမခံရတော့ရန်၊ ထိုကျွန်စျေးမှ ဖယ်ရှားခြင်း၊ အရောင်းအဝယ်လုပ်ခြင်း၊ လက်ပြောင်းလက်လွှဲ၏နောက်ဆုံးအဆင့်သို့ရောက်ရှိကာလွတ်မြောက်ခြင်းကို ဖော်ပြပါသည်။

4. ခရစ်တော်၌ ယုံကြည်ပြီးသူအား မည်သည့်အခါမျှ အပြစ်တရား၏ကျွန်မပြုနိုင်တော့ပါ။ ပညတ်တရားသည်လည်း ကျွန်ရောင်းရာစျေး(slave market)သို့ အပြစ်၏ကျွန် (slave of sin) အဖြစ်နောက်ထပ်မပို့နိုင်တော့ပါ။

5. ဓမ္မသစ်ကျမ်းပါ ရွေးနှုတ်ခြင်း(redemption) သည် ဓမ္မဟောင်းကျမ်းမှ ရွေးနှုတ်ခြင်း(redemption) တက်ပင်ပိုမိုလေးနက်နေပါသေးသည်။ ကျွန်ပ်တို့အား ဝယ်ယူ၍ ကျွန်စျေးမှ ဝယ်ထုတ်ပြီးသည်သာမက ကျွန်ပ်တို့အား လွတ်လပ်ခွင့်ပေးထားပြီး(set free) ဖြစ်ပါသည်။ "lutroo" ဟူသောစကားလုံးသည် "အဖိုးအခကိုပေးချေ၍ လွတ်မြောက်စေသည်" (set free by the paying of a price) ဟု အဓိပ္ပါယ်ရပါသည်။

a) "ခပ်သိမ်းသောဒုစရိုက်မှ ငါတို့ကိုရွေးနုတ်ခြင်းငှာလည်းကောင်း (တိတု ၂း၁၄) ဟူသော ကျမ်းပိုဒ်၏ အဓိပ္ပါယ်သည် ကျွန်ပ်တို့ကို အပြစ်ပြုတတ်သော မိမိလိုအင်ဆန္ဒများ မှလည်း ရွေးနုတ် (လွတ်မြောက်စေ) တော်မူသည် (set free from sinful self-wills)ဟု အဓိပ္ပါယ်ရပါသည်။

b) "အချည်းနှီးကျင့်ကြံပြုမူခြင်း (vain manner of life)မှ" ကျွန်ပ်တို့ကိုရွေးနုတ် (လွတ်မြောက်စေ) တော်မူပါသည်။(၁ပေ ၁း၁၈-၁၉။) ဟူသော ကျမ်းပိုဒ်၏ အဓိပ္ပါယ်သည် ကျွန်ပ်တို့ကို ဘာသာရေးအထုံးအဖွဲ့များမှ လွတ်မြောက်စေသည် (set free from the bondage of religious tradition) တော်မူသည်ဟု အဓိပ္ပါယ်ရပါသည်။

6. lutron ဟူသော စကားလုံးနှင့်ဆက်စပ်နေသောမှာ အဓိပ္ပါယ် မှာ ဖြစ်ပါသည်။ "ပြန်ပေးငွေ ပေးချေခြင်း" (သို့မဟုတ်) လွှတ်မြောက်စေခြင်း (to ransom or to loose)ဟု အဓိပ္ပါယ်ရပါသည်။

a) လူအပေါင်းတို့ကိုရွေးအံ့သောငှာ ကိုယ့်ကိုကိုယ်စွန့်တော်မူပြီ။(၁တိ ၂း၆)

b) လူသားသည် မိမိအသက်ကို စွန့်၍ လူများကိုရွေးခြင်းငှာ ကြွလာသတည်း။ (မာ ၁၀း၄၅။)

7. ခရစ်တော်သည် ကျွန်ုပ်တို့ကို ဝယ်ယူရန်(to buy us)ကြွလာတော်မူရာတွင် အောက်ဖော်ပြပါများထဲမှ ရွေးနှုတ် ဝယ်ယူလျက် (set us free)ကို ပေးတော်မူပါသည်-:

a) ပညတ်တရား၏ ချည်နှောင်ခြင်းနှင့်ကျိန်ခြင်းအမင်္ဂလာ (bondage and curse of the law)မှ လွှတ်မြောက်ခြင်းပေးသည်။ (ဂလ ၃း၁၃).

b) အပြစ်တရား၏ တန်ခိုးနှင့် အုပ်စိုးခြင်းမှ လွှတ်မြောက် ခြင်းပေးသည်။ (ရော ၈း၂။)

c) စာတန်၏အုပ်စိုးခြင်းနှင့်တန်ခိုး (control and power of sin)မှ လွှတ်မြောက် ခြင်းပေးသည်။ (ဟေဗြဲ ၂း၁၅။)

d) ဤလောက၏ ဖောက်ပြန်ခြင်းနှင့်အပြစ်ကျွန်ပြုခံရခြင်း (corruption and enslavement of this world) လွှတ်မြောက်ခြင်းပေးသည်။(ဟေ ၉း၁၂)

E. ကျွန်ုပ်တို့ကိုယ်စားအသေခံရန် -To provide propitiation (Romans 3:25; 1 John 4:10; and 1 John 2:2).

1. ကိုယ်စားအသေခံခြင်း (propitiation) ဆိုသည်မှာ ယေရှုခရစ်၏ အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ အထဲတွင် အပြစ်လွှတ်ခြင်း ခံစားရရှိကြောင်းကို သတိပြုရပါမည်။ (ရော ၃း၂၅)

2. ရှင်ယောဟန်က "ထိုသခင်သည် ငါတို့၏အပြစ်ပြေစရာအကြောင်းဖြစ်တော်မူ၏" (၁ယော ၂း၂) ဟု ပြောခဲ့ပြီး၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ "အပြစ်ဖြေစရာ အကြောင်းဖြစ်စေ ခြင်းငှာ" (၁ယော ၄း၁၀) တွင် ခရစ်တော်ကို ကျွန်ုပ် တို့ကိုယ်စား အသေခံရန် ဤလောကသို့စေလွှတ်တော်မူကြောင်း သတိပြုရမည်။"

3. ကိုယ်စားအသေခံခြင်း (propitiation) ဆိုသည်မှာ ခရစ်တော်သည် ယုံကြည်သူတို့၏ ကိုယ်စား အသေခံရန် ကြွလာတော်မူခြင်းဖြစ်ကြောင်းနားလည်နိုင်ပြီး၊ ဘုရားသခင်သည် ခရစ်တော်ကို ဤလောကသို့ စေလွှတ် တော်မူရာ၌လည်း ထိုအကြောင်း အရာအတွက်ပင်ဖြစ်သည်မှာ နားလည်နိုင်ပါသည်။ ထို့ကြောင့် ထိုအကြောင်း အရာကို ကျွန်ုပ်တို့သည် သိရုံမျှဖြင့် ရပ်တံ့သွားရန်မဟုတ်ဘဲ ထိုအကြောင်းအရာပေါ်တွင် အထူး ဝမ်းမြောက်ကြ ရမည်ဖြစ်ပါသည်။

4. ကိုယ်စားအသေခံခြင်း (propitiation) အဓိပ္ပါယ်ကို အောက်ပါအတိုင်း အရိုးရှင်းဆုံး ဖေါ်ပြနိုင်သည်။

a) (ဟေဗြဲ ၉း၅) တွင်လည်းကောင်း၊ Septuagint သို့မဟုတ် ဂရိဓမ္မဟောင်းကျမ်းတွင် လည်းကောင်း၊ Propitiation ကို "အပြစ်ဖြေရာပလ္လင်၊ ကျေးဇူးတော်ပလ္လင်(Mercy Seat)"ဟု ဘာသာပြန်ထားပါသည်။

b) ကျေးဇူးတော်ပလ္လင်ဆိုသည်မှာ ဣသရေလလူမျိုးများ သဲကန္တာရထဲ၌ ကျင်လည်ကြစဉ် တဲတော် (Tabernacle) ရှိ အသန့်ရှင်းဆုံးအခန်း (Holy of Holies)တွင် ထားရှိသော ပဋိညာဉ်သေတ္တာအဖုံး(lid or covering of the Ark) ဖြစ်ပါသည်။

c) တစ်နှစ်တစ်ကြိမ် အပြစ်ဖြေရာနေ့ရက်(great Day of Atonement)၌ ဣသရေလတို့၏ ယဇ်ပုရောဟိတ်မင်း (High Priest)သည် ထိုကျေးဇူးတော်ပလ္လင်၏ အစွန်းလေးဘက် (four corners)တို့၌ အသွေးကို ပက်ဖျန်းရပါသည်။(ဝတ်၊ ၁၆း၁၄ ၊ဟေဗြဲ ၉း၇)။

d) ဤသို့လျှင် သန့်ရှင်းရာဌာန (Holy of Holies)နှင့် ကျေးဇူးတော်ပလ္လင်(Mercy Seat)တို့သည် လူနှင့် ဘုရား ဆက်သွယ်ရာဌာနဖြစ်လာရပါသည်။ (ထွ ၂၅း၂၁-၂၂)။ ဘုရားသခင်သည် ထိုပက်ဖျန်းထားသော အသွေးကို မြင်တော်မူသောအခါ ဣသရေလလူမျိုးတို့၏ အပြစ်များကို ဝန်ချတောင်းပန်ပြီး(confessed)ဟု မှတ်ယူသည်။ ချိုးဖောက်ခြင်းခံရသော ပဋိညာဉ်တရား တော်အတိုင်းပြန်လည် တည့်မတ်နေပြီ(broken law had been carried out)ဟုလည်း မှတ်ယူသည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းသည် ကျေနပ်မှုရရှိပြီး(His holiness

was satisfied)ဖြစ်သည် ဘုရားသခင်၏ တရားတော်မူခြင်းမှာလည်းသက်သေထင်ရှား ပေါ်လွင်ပြီး (His justice was vindicated)ဖြစ်သည်။ ထိုအခါတရားစီရင်ရာပလ္လင်(throne of judgment)ဖြစ်မည့် ထိုပလ္လင်သည် ကျေးဇူးတော်ပလ္လင်(throne of mercy)ဖြစ်လာရပါသည်။.

e) ယခုအခါ ဘုရားရှင်သည် ကွာသရေလလူမျိုးများနှင့် ယဇ်ပုရောမင်းမှတဆင့် မိသဟာရဖွဲ့နိုင်သည်။

f) ကျွန်ုပ်တို့နှင့် ပတ်သက်၍ ပြောရလျှင် ဤစကြဝဠာ၌အလွန်သန့်ရှင်းတော် မူသော ဘုရားသခင်နှင့် မထိုက် မတန် အပြစ်များလှသော သင်နှင့် ကျွန်ုပ်ကဲ့သို့ သောအပြစ်သားတို့ ရင်းနှီးချိုသာစွာ မိတ်သဟာယ ဖွဲ့နိုင်သော အရပ်တစ် နေရာ သာရှိပါသည်။ ထိုအရပ်သည် လက်ဝါးကပ်တိုင်ဖြစ်ပါသည်။

g) ခရစ်တော် သည် လက်ဝါး ကပ်တိုင်ပေါ်၌ မိမိအသွေးကို သွန်းတော်မူသောအခါ သူသည် ကျွန်ုပ်တို့၏ ကျေးဇူးတော်ပလ္လင်(mercy seat)ဖြစ်လာရပါသည်။(၁ယော ၄း၁၀)

h) ကိုယ်စားအသေခံခြင်း (propitiation) သည် ခရစ်တော်အနေဖြင့် ကျွန်ုပ်တို့ ကိုယ်စားဘုရားသခင်အတွက် ဆောင်ရွက်တော်မူသောအမှုဖြစ်ပါသည်။ ခရစ်တော်သွန်းလောင်းသောအသွေးတော်အားဖြင့် အပြစ် ၏အခ၊ အပြစ်ဒဏ်ကို ပြည့်စုံစွာပေးဆောင်ပြီ (fully paid)ဟု ဘုရားသခင်ကလက်ခံတော်မူသည်။ ချိုးဖောက်ခြင်း ခံရသောပညတ်တော်သည်လည်း ပြည့်စုံခြင်းသို့ရောက်(executed)သည်။ ကိုယ်တော်၏သန့်ရှင်းခြင်းသည် ကျွန်ုပ်တို့အပြစ်နှင့် ပတ်သက်၍ ကျေနပ်မှုရရှိသည်။ ဘုရားသခင်တရားတော်မူကြောင်းကိုလည်း ထင်ရှား ပေါ်လွင်(justice fully vindicated)စေပါသည်။

i) ထို့ကြောင့် ထိုလက်ဝါးကပ်တိုင်၌ သခင်ယေရှုသွန်းတော်မူသော အသွေးတော်အားဖြင့် နောင်တရလျက် သခင်ယေရှုခရစ်တော်ကို ယုံကြည်သောအပြစ်သားသည် အတိုင်းအဆမရှိ သန့်ရှင်းတော်မူသော ဘုရား သခင်နှင့် မိတ်သဟာယဖွဲ့ခွင့် ရရှိပါသည်။

F. ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းရရန် To reconcile us to God. (Colossians 1:20, 21; Romans 5:10; 2 Corinthians 5:18, 19; Ephesians 2:16; Hebrews 2:17).

1. ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ပြန်လည်သင့်မြတ်အောင်လုပ်သည်ဟုမည်သည့်အခါမျှကျမ်းစာတွင် မပြောခဲ့ ကြောင်းကို သတိပြုရပါမည်။ (ကျွန်ုပ်တို့ ကသာ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်အောင်လုပ်ပါသည်) ဘုရား သခင်သည် ဘယ်သောအခါမျှကျွန်ုပ်တို့၏ ရန်သူ မဖြစ်ခဲ့ပါ။ တစ်ခါမျှအပြစ်မပြုဘူးချေ။ သင်နှင့် ကျွန်ုပ်သည်သာ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ရန်(reconciled)လိုနေပါသည်။ (၂ကော ၅း၁၈၊ ကောလော ၁း၂၁)

2. ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သင့်မြတ်မှုပြန်လည်ရရှိနိုင်ရန် ကျွန်ုပ်တို့ အစွမ်းအစနှင့် ဘာမျှပြုလုပ်နိုင် ကြောင်း ကို သတိပြုရပါမည်။ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်း(high pries)ဖြစ်သော ခရစ်တော်သည် ထိုအမှုကို ဆောင်ရွက်ပေးပါသည်။ (ဟေ ၂း၁၇)

3. ပြန်လည်သင့်မြတ်ခြင်း(Reconcilation)သည် ကိုယ်စားအသေခံခြင်း(Propitition)နှင့် အဓိပ္ပါယ်ခြင်း ဆန့်ကျင်သည်။ အပြစ်ရှိသောလူသားတို့၏ ကိုယ်စားအစာထိုးဝင်ရောက်၍ အသေခံခြင်းသည် ထိုအပြစ် သားများအတွက် ဘုရားသခင်ထံသို့ ခရစ်တော်ဆောင်ရွက် ပေးသောအမှုဖြစ်ပါသည်။ Reconcilation ပြန်လည် သင့်မြတ်ခြင်း သည် ဘုရားသခင်ကိုယ်စားလူသားတို့ထံခရစ်တော်က ဆောင်ရွက်ပေးသော အမှုဖြစ်ပါသည်။ ပထမအချက် အနေဖြင့်၊ ဘုရားသခင်တောင်းဆိုသောအရာများကို ပြီးပြည့်စုံ (God's claims are met)စေလျက်၊ ဒုတိယ အချက်အားဖြင့် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဖြည့်ဆည်း (our needs are supplied)ပေးပါသည်။

4. ပြန်လည်သင့်မြတ်ခြင်း(Reconcilation)အားဖြင့် စိတ်နလုံးထဲ၌ ရန်သူဖြစ်ခြင်း(enmity)ကို ဖယ်ရှားပြီ။ (ရော ၅း၁၀၊ ကောလော ၁း၂၁။ ဧ ၂း၁၆)။ အပြစ်ကိုအမြစ်မှဆွဲနှုတ်၍ အဖိုးအခပေးရန်ရှိသည်များပေးချေပြီး သုတ်သင် ပယ်ရှင်း တော်မူသည်။ (၂ကော ၅း၁၉။ ဟေဗြဲ ၉း၂၆။ ဟေဗြဲ ၁း၃)။ တံတိုင်းသဖွယ် ဖြစ်နေသော အဆီးအတား များကို ဖြိုချဖျက်ဆီးတော်မူပြီ (ဧ ၂း၁၄)။ တစ်ချိန်က ဘုရားသခင်နှင့် ဝေးကွာလျက်၊ ဘုရားသခင်ကို ရန်ဘက်ပြုနေသော သင်နှင့် ကျွန်ုပ်သည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်မှု ရရှိပါသည်။ (ကောလော ၁း၂၁)။ စစ်ပွဲပြီးဆုံးပြီးဖြစ်သည်(war is over)။ ခရစ်တော်၏ အသွေးတော်အားဖြင့် စစ်ပြေငြိမ်း စာချုပ် (peace treaty) ချုပ်ဆိုပြီး ဖြစ်ပါသည်။ (ကောလော ၁း၂၀။)

G. ပြည့်စုံသောဆေးကြောခြင်းနှင့် အပြစ်ဖြေလွှတ်ခြင်းရရှိစေရန်။ -To provide complete cleansing and forgiveness. (Ephesians 1:7; Matthew 26:28; 1 John 1:7-9).

1. အသွေးမသွန်းလောင်းဘဲ အပြစ်ဖြေလွှတ်ခြင်းမရှိ (no remission)ဟု (ဟေဗြဲ ၉း၂၂) တွင် ပြတ်သားစွာ ဖော်ပြထားပါသည်။"remission"ဟူသောစကားသည် "forgiveness" ဟူသောစကားနှင့် အဓိပါယ်ခြင်းတူသည်။ သင်သည် ဘုရားသခင်စေလွှတ်တော်မူသော ခရစ်တော်ကို ယုံကြည်လက်ခံသောအခါ ဘုရားသခင်သည် သင်၏ အပြစ် များကို အဝေးသို့ပို့လွှတ်၍ ထိုအပြစ်များကို သင်နှင့်ဝေးစေပါသည်။
2. အပြစ်ဖြေလွှတ်ခြင်း၏ ဝမ်းမြောက်ခြင်း (joy of forgiveness)ဆိုသည်မှာ အပြစ်များ "သုတ်သင် ပယ်ရှင်း"ပြီး ထိုအပြစ်များ သင့်၌ မရှိတော့ ကြောင်းသိရှိသောအခါရရှိသောဝမ်းမြောက်ခြင်းဖြစ်ပါသည်။ (ဟေ ၉း၂၆)။ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူပြီ။ (ဧ ၄း၃၂)။
3. လူအချင်းချင်းအကြားအပြစ်လွှတ်ခြင်း(human forgiveness)နှင့် ဘုရားသခင်၏အပြစ်လွှတ်ခြင်း(divine forgiveness)တို့သည် များစွာ ခြားနားပါသည်။ လူသားတို့၏အပြစ်ဖြေလွှတ်ခြင်းတွင် အပြစ်ဒါဏ်ကို ခံယူ စေခြင်းမပြုဘဲ ဖယ်ရှား (bypassed, remitted, "sent away)ပေးထားပါသည်။ အပြစ်အတွက် အပြစ် ဒါဏ်ကို မပေးဘဲထားပါသည်။ ထို့ကြောင့် အပြစ်သည် စီရင်ခြင်းမခံရဘဲ(executed)ရှိနေပါသည်။ သို့သော် ကျူးလွန်ခြင်း အမှုကို ဘယ်တော့မှ မမေ့နိုင်ကြပါ။ ဘုရားသခင်သည် သင်နှင့် အကျွန်ုပ်တို့၏အပြစ်များကို ဖြေလွှတ်သောအခါ ထိုသို့မဟုတ် လုံးဝကွဲပြားခြားနားပါသည်။ ဓမ္မသစ်ကျမ်းစာတွင်ဖြစ်စေ၊ ဓမ္မဟောင်းကျမ်းတွင် ဖြစ်စေ၊ အပြစ်၏အဖိုးအခကို ပြေလည်အောင်မပေးဆပ်မီ (offense is fully paid)တိုင်အောင်း၊ အပြစ်ကို မဖယ်ရှားမီ (guilt is removed)တိုင်အောင်ဘုရားသခင်သည် ဘယ်သောအခါမှ အပြစ်ဖြေလွှတ်ခြင်းမပြုပါ။ အပြစ် ဖြေလွှတ်ပြီးသောအခါတွင်မူ ကျူးလွန်ခဲ့သောအပြစ်ကို၊ မည်သည့်အခါမျှမမှတ်သားတော့ပါ။ (ဟေဗြဲ ၁၀း၁၇-၁၈)။ ဘုရားသခင်၏အပြစ်ဖြေလွှတ်ခြင်းသည် အသွေးသွန်းခြင်း၌ အခြေခံပါသည်။(၀တ် ၄း၃၅၊ ဧ ၁း၇၊ မ ၂၆း၂၈)
4. သင်နှင့်ကျွန်ုပ်တို့သည် အပြစ်ရှိသောသူ(guilty)၊ ဆိုးညစ်သောသူ (vile)၊ ကယ်သူမဲ့သောသူ (helpless) ဘုရားသခင် ရှေ့၌ မျက်နှာသာရရန် မတတ်စွမ်းနိုင်သူ (unworthy)အပြစ်သားများဖြစ်ကြပါသည်။ အပြစ်ဖြေ လွှတ်ခြင်းရရှိရန် ကုသိုလ်မပြုနိုင်သူများဖြစ်ပါသည်။ (တိတု ၃း၅-၆။ ဧ ၂း၈-၉။) ဘုရားသခင်သည် သနားခြင်း ကရုဏာတော်နှင့်အညီ ခရစ်တော်ကိုစေလွှတ်တော်မူလျက် အသွေးသွန်းတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့၏ အပြစ်များကို သုတ်သင်ဖယ်ရှင်းတော်မူပြီးဖြစ်သည်။ ထိုအပြစ်များသည် မည်သည့်အခါမျှ ပြန်လည်သတိရ တော့မည် မဟုတ်ပါ။ (ဟေရာ ၃၈း၁၇။ ဟေရာ ၄၄း၂၂။ ဟေဗြဲ ၈း၁၂။ ဟေဗြဲ၁၀း၁၇။)
5. ကျွန်ုပ်တို့၏ အပြစ်များအားလုံး၊ လုံးဝအပြစ်လွှတ်ပြီးသည်သာမက ခရစ်တော်၏ အဖိုး ထိုက်လှသော အသွေး တော်(precious blood)အားဖြင့် ကျွန်ုပ်တို့၏အပြစ်များ အမြစ်မှဆွဲနုတ်ဖယ်ရှင်းလျက် ဆေးကြော သန့်စင် ထားပါသဖြင့် သန့်ရှင်းတော်မူသော ဘုရားသခင်ရှေ့တော်၌ သန့်ရှင်း စင်ကြယ်လျက်ရှိ နေပါသည်။

a) "ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် သုတ်သင်ပယ်ရှားပြီးလျှင် (ဟေ ၁း၃)

b) "ငါတို့ကိုချစ်၍ မိမိအသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍ (ဗျာ ၁း၅။)

c) "ဆေးကြောသန့်စင်၍ ဖြောင့်မတ်ရာသို့ ရောက်ကြပြီ" (၁ကော ၆း၁၁။)

d) "မိမိဝတ်လုံကို သိုးသငယ်၏အသွေး၌လျော်၍ ဖြူစေသောသူဖြစ်ကြသတည်း။ (ဗျာ ၇း၁၄)

6. ဘုရားသခင်သည် မှတ်တမ်းကိုလုံးဝအမှတ်မရှိအောင်၏အပြစ်များကို ချေဖျက်ပြီးဖြစ်၍ တစ်နေ့သောအခါ "သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်(blemish)၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်း(wrinkle)" မရှိသည့် ကျွန်ုပ်တို့ ကို ခရစ်တော်အားဆက်သမည်ဖြစ်ပါသည်။ (ဧ ၅း၂၇)

H. စာတန်၏ဉာဏ်နှိဉာဏ်နက်နှင့် တန်ခိုးတို့ကို အောင်နိုင်ရန်။ To defeat Satan with all his wiles and power (Read Revelation 12:10-11).

1. စာတန်အားမိမိနေရင်းအရပ် (first estate)မှသူ၏ ပုန်ကန်မှုကြောင့် ဖယ်ရှားနှင်ထုတ်ခဲ့သော်လည်း (ဟေရှာ ၁၆း၁၂-၁၅။ ယေဇ ၂၈း၁၅-၁၇)။ သူသည် ဆက်လက်အသက်ရှင်လျက် လောကတွင် ကောင်းစွာလှုပ်ရှား လျက်ပင်ရှိနေပါသည်။ (ယောဘ ၁း၆-၇။)

2. စာတန်သည် ယနေ့တိုင်အောင် ----------:

a) ဤလောက၏ ဘုရားဖြစ်လျက်၊ ဇဝံဂေလိတရား၏ အလင်းကို မမြင်စေခြင်းငှာ ဉာဏ်မျက်စိကို ကွယ်စေ (blinding)ပါသည်။ (၂ကော ၄း၄)။

b) ဤလောကကို အစိုးရသောမင်း(prince of this world)ဖြစ်လျက် လောက၏အုပ်စိုးမှုစနစ်အားလုံးကို ချုပ်ကိုင်(controlling)နေပါသည်။ (ယော ၁၄း၃၀။ ၁၂း၃၁)။

c) သန့်ရှင်းသူတို့အား ဆန်ခါချ၍ စကောဋ္ဌ လိုမ့်နေဆဲပင်ဖြစ်သည်။ (လု ၂၂း၃၁)။

d) အဘယ်သူကို ဝါးမျိုရမည်နည်းဟု ရှာဖွေနေသောအင်အားကြီးများသည့်ရန်သူဖြစ်ပါသည်။(၁ပေ ၅း၈)။

♦ အသေးစိတ်လေ့လာနိုင်ရန် သင်ခန်းစာ (၅) စာတန် အကြောင်း ကို ပြန်ကြည့်ပါ။

3. စာတန်သည် တစ်ချိန်တည်းတွင် နေရာတိုင်း၌ မရှိနိုင်သော်လည်း တန်ခိုးရှိလျက် လှည့်ဖြားတတ်သော သဘောနှင့်ပြည့်စုံသည်။ (၂သက် ၂၂း၁၁-၁၀၊ ဗျာ ၁၂း၉) သို့သော်လည်း ခရစ်တော်၏အသွေးတော်ကို မယှဉ်နိုင်ပါ။ ခရစ်တော် ပူဇော်သက္ကာအားဖြင့် ယုံကြည်သူတို့အတွက် စာတန်၏ တန်ခိုးသည် ချေဖျက်ခံရပြီးဖြစ်ပါသည်။ (ဟေဗြ ၂း၁၄-၁၅) သွန်းတော်မူသော အသွေးတော် အားဖြင့် ရရှိသော အောင်မြင်ခြင်းကိုစွဲကိုင်လျက် ယုံကြည်သူသည် အောင်မြင်စွာ အသက်ရှင်နိုင်ပါသည်။ (ဗျာ ၁၂း၁၀-၁၁။ ဧ ၆း၁၆။ ၁ယော ၄း၄။ ၁ယော ၃း၈။ ယော ၄း၇။)

I. ဘုရားသခင်၏အထံတော်သို့ တိုက်ရိုက်ဆက်ဆံနိုင်သောလမ်းဖွင့်ပေးရန်။To open the way and provide us with direct access into God's very presence (Hebrews 10:19).

1. ယခု ကျွန်ုပ်တို့သည် ကျေးဇူးတော်ပလ္လင်သို့ ရဲရင့်စွာဝင်ရသောအခွင့်ရှိပြီးဖြစ်ပါသည်။ (ဟေ ၁၀း၁၉-၂၀)။

2. ကိုယ်ခန္ဓာတည်းဟူသော ကန့်လန့်ကာအားဖြင့် အသက်လမ်းသစ်တွင် ငါတို့သည် သန့်ရှင်းရာဌာနထဲသို့ ဝင်ရကြပြီ။ (ဟေ ၁၀း၂၀)။

3. ဘုရားသခင်၏ရှေ့တော်မှောက်သို့ ရောက်ရှိစေရန် အတားအဆီးအားလုံး ခရစ်တော်၏ အသွေးတော်အားဖြင့် ဖယ်ရှားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယခုချက်ချင်းပင် ကျေးဇူးတော်ပလ္လင်တော်သို့ တိုက်ရိုက် ဝင်ရသော အခွင့် ရရှိပါသည်။ (ဟေ၊ ၄း၁၆)။

J. ခရစ်တော်၏အသွေးတော်သည် ကျွန်ုပ်တို့အား နေ့စဉ်ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့လျက် အသက်ရှင်နေရန် တန်ဘိုးရှိပါသည်။ Finally, the blood of Christ has the power to keep us living daily in fellowship with God (1 John 1:7).

1. ကျွန်ုပ်တို့သည် အသွေးတော်အားဖြင့် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရန် ပို့ဆောင်သည် သာမက(ဇ ၂း၁၃) ထို အသွေးတော်သည်ပင်လျှင် ဘုရားသခင်နှင့် အစဉ်မိတ်သဟာယ ဖွဲ့နိုင်ရန်မစလျက်၊ ထိုမိတ်သဟာယ ဖွဲ့ခြင်း၌ တည်စေတော်မူပါသည်။ (၁ယော ၁း၇)

2. အကယ်၍ ယုံကြည်သူသည် ချော်လဲ(slips and fails)၍ဘုရားသခင်နှင့် မိတ်သဟာယမဖွဲ့နိုင်ခဲ့သော် ဆက်ဆံ ရေးသည် ယာယီ ပျက်ပြား (temporarily broken) လျက်ရှိနေပါမည်။ ခရစ်တော်သည် အမှု ဆောင်သခင် (ရှေ့နေ) အဖြစ်ဆောင်ရွက်ပေးတော်မူ(advocacy)ဖြင့် ထိုဆက်ဆံရေးနှင့် မိတ်သဟာယဖွဲ့မှု သည် ပြန်လည် တည်ဆောက်မှု (restored)ရရှိပါမည်။ (၁ယော ၁း၆၊ ၁ယော ၂း၁)

နိဂုံး - Conclusion (Application)

ဤသင်ခန်းစာတွင် ခရစ်တော်အသွေး၏တန်ခိုးတော်နှင့် အဖိုးထိုက်သောထိုအသွေးတော်၏ တန်ခိုးတော်ကို သိရှိနိုင်ရန် ဖော်ပြထားပါသည်။ သမ္မာကျမ်းစာ၌ ပါသောအသွေးသွန်းခြင်းဆိုင်သော အရေးကြီးသောကျမ်းပိုဒ် ၂-ပိုဒ်ကို လေ့လာခဲ့ကြသည်။ စိစစ်သည်သာမက အဓိကကျ သောကျမ်းချမက်များကိုလည်း စိစစ်ထားပါသည်။ သခင်ခရစ်တော်၏ အသွေးတော်က သင့်အတွက်ဆောင်ရွက်ပေးသောအချက် (၁၀)ချက်ကို အံ့သြဘွယ်ရာ တွေ့ရှိရပါသည်။ လေ့လာပါ။ ပိုင်နိုင်အောင် ပြုလုပ်ပါ။ ရှင်ပေတရုအတွက် ထိုအသွေးသည် အဖိုး မဖြတ် နိုင်သကဲ့သို့ သင့်အတွက်လည်း၊ တန်ဖိုးရှိပါမည်။ (၁ပေ ၁း၁၈-၁၉။) သင်၏ခရစ်ယာန်အသက်တာတွင် နေ့စဉ် အသွေး တော်၏တန်ခိုးကို အသုံးပြုလျက် ထိတွေ့ခံစားနိုင်ပါစေဟု ဆုတောင်းပါသည်။

သခင်ယေရှု၏အသွေးတော်တန်ခိုးဆိုင်ရာမေးခွန်းများ - သင်ခန်းစာ (၂၆)

1. (၀တ် ၁၇း၁၁) အရ လူ့အသက်သည် မည်သည့်နေရာတွင်တည်ကြောင်း အောက်ပါတို့အနက် အမှန်ကိုရွေးပါ။ (၃-မှတ်)

a. စိတ် - the soul.

b. အသွေး - the blood.

c. ဝိညာဉ် - the Spirit.

2. ခရစ်တော်သည် ကျွန်ုပ်တို့အတွက် သူ့အသက်ကိုပေးသည်ဟု ပြောထားသော ကျမ်းစာ၏ဆိုလိုချက်မှာ - (၃မှတ်)

a. ကျွန်ုပ်တို့အတွက် ခရစ်တော်မွေးဖွါးခဲ့သည်။

b. ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသွေးသွန်း (shed blood) ခဲ့သည်။

c. ခရစ်တော်၏ အသက်သည် နှိုင်းဆ၍မရအောင် တန်ဖိုးကြီးမားသည်။

3. (၀တ် ၁၇း၁၁) ၏မည်သည့် ဝါကျတွင် ခရစ်တော်၏အကျင့်သီလ၊စံနမူနာအသက်တာအားဖြင့် ကျွန်ုပ်တို့ကို မကယ်လွှတ်နိုင်ကြောင်းဖေါ်ပြထားသနည်း။ (၃မှတ်)

a. "လူ့အသွေးသွန်းခြင်းဖြင့်သာ လူ့အသက်ကိုကယ်နိုင်သည်။"
b. "တိရိစ္ဆာန်အသွေးကိုသွန်းခြင်းဖြင့် ဂျူးလူမျိုးတို့၏အပြစ်ကိုကယ်နှုတ်သည်။"
c. "လူသားတို့ ဝိညာဉ်ကယ်တယ်ခြင်းအတွက် အပြစ်ဖြေ (atonement)ပေးသောအရာမှာ အသွေးတော်ဖြစ်သည်။"

4. ဓမ္မဟောင်း (Old Testament)ကာလတွင် သွန်းလောင်းသောတိရိစ္ဆာန် အသွေးသည် ---------: (၃မှတ်)
a. သူတို့ အပြစ်လွှတ်သည်။
b. သူတို့ အပြစ်မလွှတ်ပါ။
c. သူတို့ အပြစ်ကို ဖုံးအုပ်ကွယ်ကာသည်။

5. သင်္ဘောသဖန်းရွက်နှင့်ချုပ်ထားသော အဝတ် (aprons of fig leaves)က အပြစ် (guilt)ကိုမကွယ်ကာနိုင်ဟူသော ဖေါ်ပြချက်၏ဆိုလိုရင်းမှာ----------: (၃မှတ်)
a. ကျွန်ုပ်တို့ သည် သင်္ဘောသဖန်းရွက်နှင့်ချုပ်ထားသော အဝတ် မလိုပါ။
b. ကျွန်ုပ်တို့ ၏ အပြစ်ကို ဘုရားသခင်မမြင်အောင် မဖုံးထားနိုင်ပါ။
c. ဓမ္မဟောင်းကာလကျူးများအတွက် ကယ်တင်ခြင်း (salvation) မရှိပါ။

6. အပြစ်မရှိသောတိရိစ္ဆာန်(innocent animal)အသက်ကိုမသတ်ဘဲနှင့် ဘုရားရှင်က အာဒံ၏အပြစ်ကို မလွှတ်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော်-----: (၃မှတ်)
a. ဘုရားရှင်မှ အသွေးကိုမြင်ဖို့ လိုသည်။
b. အသက်သည် အသွေးတွင်ရှိသည်။
c. ဘုရားရှင်၏ဖြောင့်မတ်ခြင်း (the justice of God) ကို သက်သေထူဖို့ လိုသည်။

7. အပြစ်၏အခကားသေခြင်း ဖြစ်ကြောင်းဖေါ်ပြသည့် ကျမ်းပိုဒ်ကား မည်သည့်ကျမ်းပိုဒ်နည်း။ (၃မှတ်)
a. ဂလာ ၂း၂၀ (Galatians 2:20)
b. ယေဇကျေလ ၁၈း၂၀ (Ezekiel 18:20)
c. ဂလာ ၁း၄ (Galatians 1:4)

8. အပြစ်တရား (sin)က ဒဏ်ခတ်ခြင်း (punishment)ကို တောင်းဆိုသဖြင့်၊ ဘုရားရှင်က အောက်ပါရွေးချယ်မှု ၃-ခုထဲမှ မည်သည်ကို ရွေးချယ်ခဲ့သနည်း။ (၃မှတ်)
a. အာဒံသည် သူ့အပြစ်အတွက် သေရမည်။
b. အာဒံ၏အပြစ်ကိုယ်စား၊ အပြစ်ဖြေသောယဇ် (substitute) သည် အသေခံပေးရမည်။
c. ဘုရားရှင်သည် မည်သို့ မျှလုပ်စရာမလိုဘဲ အာဒံ၏အပြစ်ကို မေ့ပျောက်ပြီး ခွင့်လွှတ်လိုက်ယုံပင်ဖြစ်သည်။

9. အာဒံနှင့်ဧဝတို့ အတွက် ဘုရားရှင်ပြင်ဆင်ပေးခဲ့သောဝတ်လုံ () သည် အောက်ပါတို့ အနက် မည်သည်ကို ပုံဖေါ်သနည်း ။ (၃မှတ်)
a. ဘုရားရှင်၏ဖြောင့်မတ်ခြင်း - God's righteousness.
b. ဘုရားရှင်၏ တရားမျှတခြင်း - God's justice.

c. ဘုရားရှင်၏သန့် ရှင်းခြင်း - God's holiness.

10. ယုံကြည်သူ (The believer)သည် ခရစ်တော်၏ဖြောင့်မတ်ခြင်း ကို မည်သို့ ရသနည်း။(၃မှတ်)
a. အသစ်မွေးဖွါးခြင်းဖြင့် - regeneration.
b. မွေးစားခြင်းဖြင့် - adoption.
c. ကိုယ်စားခံခြင်းဖြင့် - imputation.

11. ဖြောင့်မတ်မှန်ကန်ခြင်း (Justification)ဆိုသည်မှာ ----------: (၃မှတ်)
a. ဘုရားရှင်ရေ့တော်တွင် ယုံကြည်သူ၏ဖြောင့်မတ်မှု(believer righteous) ကိုကြေညာသော ဘုရားရှင်၏တရားစီရင်ချက် (a judicial act of God) ဖြစ်သည်။
b. ယုံကြည်သူတို့ အတိတ်ကလုပ်ခဲ့သောအပြစ်များကို ခွင့်လွှတ်ကြောင်းကြေညာသော ဘုရားရှင်၏တရားဝင် လုပ်ဆောင်ချက် (an official act of God) ဖြစ်သည်။
c. ယုံကြည်သူများသည် အပြစ်နှင့်ကင်းသူများဖြစ်ကြောင်း ဘုရားရှင်၏တရားဝင် လုပ်ဆောင်ချက် (an official act of God) ဖြစ်သည်။

12. ကျွန်ုပ်တို့ ဖြောင့်မတ်ခြင်း (justification) ၏ အခွင့်အာဏာ (authority) သည် ---------- (၃မှတ်)
a. ယဇ်ပုရောဟိတ်အခွင့်အရာ - a priest.
b. ခရစ်တော်လက်ဝါးကပ်တိုင် - the cross of Christ.
c. ဘုရားရှင်ကိုယ်တော်တိုင် - God Himself.

13. မည်သည့်နည်းလမ်းအားဖြင့် ဖြောင့်မတ်ခြင်း(justification) ကိုရရှိသနည်း။ (၃မှတ်)
a. အကျင့်အားဖြင့် - works.
b. ယုံကြည်ခြင်းအားဖြင့် - faith.
c. ယုံကြည်ခြင်းနှင့်အကျင့်၂-ခုလုံးအားဖြင့် - faith and works together.

14. ဖြောင့်မတ်ခြင်း(justification) အတွက်အခြေခံလိုအပ်ချက်မှာ ----------: (၃မှတ်)
a. ဘုရားရှင်၏ဖြောင့်မတ်ခြင်း - the righteousness of God.
b. ဘုရားရှင်၏မေတ္တာတော် - the love of God.
c. ဘုရားရှင်၏ကျေးဇူးတော် - the grace of God.

15. ကျွန်ုပ်တို့ ဖြောင့်မတ်ခြင်း(justification) ရရှိဖို့ ပေးဆပ်ခဲ့ရသောတန်ဖိုးမှာ ----------: (၃မှတ်)
a. ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း - the resurrection of Christ.
b. ခရစ်တော်၏အသွေးတော် - the shed blood of Christ.
c. လူသားအဖြစ်ဤကမ္ဘာမြေတွင်ခရစ်တော်မွေးဖွါးခြင်း - the birth of Christ on this earth as a man.

16. အောက်ပါတို့မှ ရွေးနှုတ်ကယ်တင်ခြင်း (redemption) အကြောင်းဖေါ်ပြသည့်အချက် ၃-ချက်ကိုရွေးပါ။ (၉မှတ်)

a. သင်သည် အပြစ်ဈေးကွက်မှကျွန်ဖြစ်သည်။(slave in the market place of sin)
b. သင်သည် ဘုရားဘုန်းတော်(God's glory)မထင်ရှားသောသူဖြစ်သည်။
c. ခရစ်တော်သည် သင်၏အပြစ်အတွက် အသေခံခဲ့သည်။
d. သင့်ကို အပြစ်ကျွန်ဈေးကွက် (slave market of sin)မှ ရွေးဝယ်ခဲ့သည်။
e. သင့်ကို အပြစ်ကျွန်ဈေးကွက် (slave market of sin)သို့ မည်သည့်အခါမျှ မရောင်းချနိုင်တော့ပါ။
f. သင့်ကို အပြစ်ကျွန်ဈေးကွက် (slave market of sin)သို့ ပြန်လည်ရောင်းချနိုင်သည်။

17. ယဇ်ပုရောဟိတ်မှ ပဋိညာဉ်သေတ္တာဖုံးတွင် အသွေးဖျန်း (sprinkled the blood on the lid of the ark) သောအခါ ---------: (၃မှတ်)
a. ထိုနေရာသည် ယဇ်ပုရောဟိတ်ထိုင်သောနေရာဖြစ်လာသည်။ a place for the high-priest to sit down.
b. ထိုနေရာသည် ဂရုဏာပလင်တော် (a place of mercy) ဖြစ်လာသည်။
c. ထိုနေရာသည် ကုသရေလလူမျိုးများအတွက် တရားစီရင်ရာပလင်တော် (seat of judgment for the people of Israel)ဖြစ်လာသည်။

18. ယုံကြည်သူများ၏ဂရုဏာပလင်သည် (The believer's mercy seat)---------: (၃မှတ်)
a. ယဇ်ပုရောဟိတ် အရာ- the high-priest.
b. အသင်းတော် - the church.
c. ယေရှုခရစ်တော် - Jesus Christ.

19. ဂရုဏာပလင် (mercy seat)နှင့် ခရစ်တော်လက်ဝါးကပ်တိုင် (cross of Christ) မည်သို့တူညီမှုရှိသနည်း။(၃မှတ်)
a. ၂-ခုစလုံးသည် သစ်သားနှင့်လုပ်ထားသည်။
b. ၂-ခုစလုံးသည် လူနှင့်ဘုရားရှင်ပြန်လည်သင့်မြတ်ရေးအတွက် အသွေးသွန်းသောနေရာဖြစ်သည်။
c. ၂-ခုစလုံးသည် ဘုရားရှင်ထံမှလာသည်။

20. ပြန်လည်သင့်မြတ်ခြင်း (reconciliation) တွင် မည်သူက မည်သူ့ ကို သင့်မြတ်အောင်လုပ်ဆောင် သနည်း။ (၃မှတ်)
a. ဘုရားမှလူသို့ - God to man
b. လူမှဘုရားသို့ - man to God
c. လူမှလူသို့ - man to man

21. ဘုရားရှင်၏ခွတ်လွှတ်ခြင်းအထဲ၌ရှိသောကောင်းချီးမင်္ဂလာ (The blessedness in God's forgiveness) ဆိုသည်မှာ အဘယ်နည်း---------- (၃မှတ်)
a. ဘုရားရှင်မှ အပြစ်ဒုစရိုက်ကို ခွင့်လွှတ်သည်။ God forgets the offense.
b. ဘုရားရှင်မှ အပြစ်လုပ်သူကို မည်သည့်အခါမျှ အပြစ်မစီရင်ပါ။ God never punishes the offender.
c. ဘုရားရှင်၏ကောင်းမြတ်ခြင်း(God's goodness) သည် သူ၏အမျက်တော်ထက်ပိုမိုသာလွန်သည်။

22. ယုံကြည်သူတဦးအပြစ်လုပ်သည့်အခါ----------(၃မှတ်)

a. သူ၏ကယ်တင်ခြင်း(salvation.)ဆုံးရှုံးသည်။

b. ဘုရားရှင်၏စီရင်ခြင်း(God's punishment)သည် သူ့ အပေါ်ချက်ချင်းရောက်သည်။

c. ဘုရားရှင်ထံမှအပြစ်လွှတ်ခြင်း (God's forgiveness)မရမခြင်း၊ သူ၏ဘုရားရှင်နှင့်အတူမိသဟာယဖွဲ့ ခြင်း ပျက်စီးသွားသည်။

23. ယှဉ်တွဲပါ - Matching (စာပိုဒ်၏ရှေ့ ကွက်လပ်တွင် သင့်တော်သောကျမ်းပိုဒ်ကိုရေးပါ။)
အောက်ပါ ကျမ်းပိုဒ်များအရ ခရစ်တော်၏အသွေးတော်တန်ခိုး (the power of the blood of Christ) ဆိုသည်မှာ----------: (၁၈ မှတ်)

------- သန့် ရှင်းသောဘုရားရှင်ရှေ့ တွင် သင့်ကိုဖြောင့်မတ်စေသည်။	a. Romans 3:25
------ အပြစ်မှရွေးနှုတ်သည်	b. Colossians 1:20
------ ကိုယ်စားခံ(propitiation)ပေးသည်။	c. Revelation 12:10-11
------- ဘုရားရှင်နှင့်ပြန်လည်သင့်မြတ်စေသည်။	d. 1 John 1:7-9
------- အပြစ်ကိုဆေးကြောခြင်းနှင့်အပြစ်လွှတ်ခြင်းပေးသည်။	e. 1 Peter 1:18-19
------ စာတန်ကို အောင်နိုင်စေသည်။	f. Romans 5:9

ကွက်လပ်ဖြည့်ပါ။ Fill in the blank spaces.

24. (ရောမ ၅း၁၀) အရ ပြန်လည်သင့်မြတ်ခြင်း(reconciliation)အားဖြင့် မည်သည့်အရာကို ဖယ်ရှားသနည်း (၄မှတ်)

_____

25. (ဟေဗြဲ ၂း၁၄-၁၅) ခရစ်တော်က စာတန်ကို ဘာလုပ်ခဲ့သနည်း။ (၃မှတ်)

_____

26. (ဟေဗြဲ ၁၀း၁၉) အရ ယုံကြည်သူသည် ---------- ထံသို့ ဖြန်ဖြေသူ (middleman) မလိုဘဲ တိုက်ရိုက်လာနိုင်သည်။ (၃မှတ်)

သင်ခန်းစာ (၂၇) ပညတ်တရားနှင့် ကျေးဇူးတရား (ယုံကြည်ခြင်းတရားနှင့်အကျင့်တရား)
Law and Grace – Faith and Works

နိဒါန်း - Introduction

ခရစ်ယာန်အသက်တာတွင် ယုံကြည်ခြင်းသည်လည်းကောင်း၊ အကျင့်သည်လည်းကောင်း၊ မိမိတို့သက်ဆိုင်ရာ ကဏ္ဍ အသီးသီး ရှိကြကြောင်းကို အငြင်းပွားရန်မလိုပါ။ ယုံကြည်သူသည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ရပ်သည် ထိုသူသည် မိမိကျင့်သောအကျင့်နှင့်အညီ ဆုချီးမြှင့်ခြင်းကိုခံရမည်။

အခြေခံသဘောအားဖြင့် အယူအဆနှစ်ပါးတို့သည် ရှင်းလင်းမှန်ကန်နေသည်ဟု ထင်မြင်ရသော်လည်း အကျင့်မပါဘဲ ယုံကြည်ခြင်း တစ်ပါးတည်းဖြင့်သာ ကယ်တင်ခြင်းသို့ ရောက်ရသည်ဟူသော အချက်သည် ဇဝံဂေလိ ဂိုဏ်းဝင်သူ အနည်းငယ်မှလွဲ၍ ကျန်သူတို့အတွက်စိမ်းနေပါသည်။ လက်တွေ့အားဖြင့် ခရစ်ယာန်ဘာသာရေး ဂိုဏ်းဂဏကြီးများအားလုံးလိုလို တို့သည် ကယ်တင်ခြင်းသို့ရောက်ရန်ယုံကြည်ခြင်း အပေါ်၌ အကျင့်တစ်စုံတစ်ခု(သို့မဟုတ်) အခြား စည်းမျဉ်း စည်းကမ်းများကို လိုက်နာရန်လိုအပ်သည်ဟု ဖြည့်စွက်လိုကြသည်။ ကယ်တင်ခြင်းရရှိရန်အတွက် အကျင့်တရား ကိုထပ်ဖြည့်ခြင်းသည် အပြစ်သားအားပညတ်တရား အောက်သို့ပြန်ပို့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပညတ်တရားအောက်၌မရှိ "ကျေးဇူးတရားအောက်၌ ရှိကြောင်းသမ္မာကျမ်းစာက ဖော်ပြ ထားပါသည်။ ဤခြားနားချက်အတွက် အဖြေသည်ထင်သလောက် မလွယ်ကူကြောင်း တွေ့ရပါသည်။တမန်တော်ကြီး ရှင်ယာကုပ်သည် ဖြောင့်မတ်ရာ၌တည်စေခြင်း (Justification) ကိုအကျင့် အားဖြင့် ရရှိသည်ဟု သွန်သင်သကဲ့သို ထင်ရ ပါသည်။ ထို့အတူ ရှင်ပေါလုသည် ဖြောင့်မတ်ရာ၌တည်စေခြင်းကို ယုံကြည်ခြင်း တပါးတည်းဖြင့်သာ ရရှိနိုင်သည်ဟု သွန်သင်သည်။ ဤကွဲပြားမှုသည်ကြီးမားလွန်းသောကြောင့်ပြုပြင်ပြောင်းလဲမှု ခေါင်းဆောင်ကြီးမာတင်လူသာသည် ရှင်ယာကုပ်သြဝါဒစာအား အခြေအမြစ်မရှိသော စာဟုပင် ညွှန်းခဲ့ပါသည်။ ဤသင်ခန်း စာ၏ပဓာနကျသော ရည်ရွယ်ချက်မှာ ပညတ်တရားနှင့်ကျေးဇူးတရား (သို့မဟုတ်) ယုံကြည်ခြင်းတရားနှင့် အကျင့်တရားတို့ပတ်သက်၍ ကျမ်းစာသည် မည်ကဲ့သို့ဖော်ပြထားကြောင်းကို ရှင်းလင်းစွာဖော်ပြရန်ပြင်ဆင်ထားပါသည်။ ထိုစကားရပ်များပေါ်လာသောအခါ သဘောပေါက်လျက်သူတို့နှင့် သက်ဆိုင်သောနေရာနှင့်အသုံးဝင်မှုတို့ကို ဝေဖန်ခွဲ ခြားနိုင်ရန် ဖြစ်ပါသည်။

ဤသင်ခန်းစာ အရေးကြီးပုံ - Importance of this Lesson

- ခရစ်ယာန်သန်းပေါင်းများစွာတို့သည် ထာဝရကာလအတွက် မိမိတို့ ကယ်တင်ခြင်းနှင့် ပတ်သက်၍ တိကျသေချာရေရာသော အဖြေမရရှိဘဲ ရှိနေကြသည်။ "သင်ကယ်တင်ခြင်းရရှိပြီလား" ဟုမေးပါက "ကျွန်ုပ်အနေဖြင့်တတ်နိုင်သမျှ အကောင်းဆုံးကျင့်ကြံပြုမူနေကြောင်း" ကိုသာအဖြေပေးတပ်ပါသည်။. ထိုသို့အဖြေပေးခြင်းမှာ ထာဝရ ကာလသွားရမည့်လမ်းနှင့် ရပ်တည်ရမည့် အခြေအနေသည်သူတို့၏ အကျင့်စာရိတ္တနှင့် ကုသိုလ်ကောင်းမှုပြုနိုင်မှု အပါရပ်တည် နေကြောင်း ထင်ရှားစေပါသည်။ သူတို့ပြုခဲ့သောကောင်းမှုတို့သည် သန့်ရှင်းတော်မူသော ဘုရားသခင်အား ကျေနပ်မှု ပေးနိုင်စွမ်း ရှိမရှိကို မသိနိုင်သောကြောင့် ဤ ကဲ့သို့ တွေဝေနေခြင်းဖြစ်ပါသည်။ အကယ်၍ သင်သည်သင်၏ ရပ်တည်မှုကို သေချာရေရာစွာ သိရှိလိုပါလျှင်

ယုံကြည်ခြင်းတရားနှင့် အကျင့်တရားတို့၏နေရာနှင့် ရည်ရွယ်ချက်တို့ကို သိထားရန်အရေးကြီးလှပါသည်။

❖ ပညတ်တရားနှင့် ကျေးဇူးတရားအကြောင်းရှင်းပြလိုသည်။ "မောရှေအားဖြင့် ပညတ်တရားကို ပေးတော်မူသော်လည်း ကျေးဇူးတရားနှင့် သစ္စာတရားကို ခရစ်တော်အားဖြင့်ပေးတော်မူ" ယုံကြည်သူသည် အကျင့်တရား မပါဘဲ ယုံကြည်ခြင်း သက်သက်ဖြင့်သာ ကယ်တင်ခြင်းသို့ရောက်ပါသလော။ ထိုသို့ဖြစ်လျှင် ပညတ်တရားကိုအဘယ် ကြောင့်ပေးတော်မူပါသနည်း။ ပညတ်တရားသည်ယုံ ကြည်သူ၏အသက်တာနှင့် မည်သို့ပတ်သက်၍ ယုံကြည်သူသည် မည်သို့သဘောထားရပါမည်နည်း။ ဘုရား သခင်သည် ပညတ်တရား ရှိလျှက် ကျေးဇူးတရားကိုပေးသည်မှန်လျှင် ထို ပညတ်တရား၌ မည်သည့်အားနည်းခြင်း ရှိပါသနည်း။ ကျေးဇူး တရားဆိုသည်မှာ အဘယ်နည်း။ "ကျေးဇူးတရားမှ ရွေ့လျော့သည်" ဆိုရာ၌ မည်ကဲ့သို့ဆိုလိုပါသနည်း။ ပညတ်တရားနှင် ကျေးဇူးတရားရောလျက် အတူယှဉ်တွဲနိုင်ပါ သလော။ ခရစ်ယာန်၏ အသက်တာနှင့် ကယ်တင်ခြင်းကိစ္စတွင် ကျေးဇူးတရားသည် မည်သို့ပတ်သက်ပါသနည်း။

❖ ဤစကားရပ်များကို နားလည်နိုင်ရန် ဤသင်ခန်းစာသည် အရေးကြီးလှပါသည်။ သင်၏ကယ်တင်ခြင်းနှင့် ပတ်သက်၍ စိတ်ချမှု ရရှိနိုင်ရန်နှင့် ခရစ်တော်၌ သင်ရရှိသောကယ်တင်ခြင်းစိတ်ချရမှုကို သိရှိနိုင်ရန် ဤ စကားရပ်များကို နားလည်ဘို့ အထူး လိုအပ်လှပါသည်။

သင်ခန်းစာ - THE LESSON

I. ဖြောင့်မတ်ရာ၌ တည်စေခြင်းနှင့် ပတ်သက်၍ တမန်တော်ကြီးရှင်ပေါလုနှင့် ရှင်ယာကုပ်တို့ ခြားနားသည်ဟု ယူဆရသော အချက်များ။ THE SEEMING CONFLICT BETWEEN JAMES AND PAUL CONCERNING OUR JUSTIFICATION

A. James 2:14-26. ကိုဖတ်ရှုလေ့လာပါ။
B. Romans 4:2-5; Ephesians 2:8-9; Titus 3:5-6; and Romans 8:1. တို့ကိုဖတ်ရှုလေ့လာပါ။
C. အထက်ပါ ကျမ်းပိုဒ်တို့ ကို အပေါ်ယံလေ့လာလျှင် အောက်ပါအတိုင်းပြောနေသကဲ့သို့ ရှိပါသည်။

- James – ယုံကြည်ခြင်းတစ်ပါးတည်းနှင့်သင့်ကိုကယ်တင်ခြင်း မပေးနိုင်။ Faith alone cannot save you.
- Paul – ယုံကြည်ခြင်းတစ်ပါးတည်းကသာ ကယ်တင်ခြင်းပေးနိုင်သည်။Faith alone can and does save you.
- James – ဖြောင့်မတ်ခြင်းကို အကျင့်ဖြင့်တိုင်းတာသည်။ Man is justified by his works.
- Paul – ကိုယ်အကျင့်ကြောင့်ကယ်တင်ခြင်းရသည်မဟုတ် သောကြောင့် ဝါကြွားစရာအကြောင်းမရှိ"Not of works, lest any man should boast."
- James – အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏"Faith without works is dead."
- Paul – အကျင့်တရားအပေါ်မှီခိုသောယုံကြည်ခြင်းသည် ဘုရားရှင်၏ကျေးဇူးတရားမှလွဲချော်စေသည်။ Faith that depends on works frustrates the grace of God.

II. ပြဿနာအတွက် အဖြေ - THE SOLUTION TO THE PROBLEM

♦ ဤနေရာတွင် အရေးကြီးသော အချက် ၃-ချက်ဖြစ်သည့် ယုံကြည်ခြင်း၊ အကျင့်၊ ဖြောင့်မတ်ခြင်း (Faith, Works, and Justified) ကိုနားလည်ရပါမည်။

A. ယုံကြည်ခြင်း - Faith

1. ရှင်ပေါလုက ယုံကြည်ခြင်းသည် အလွန်အရေးကြီးကြောင်းပြောထားသည်။ စစ်မှန်သော အသက်တာ ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့ အားကယ်တင်ခြင်းပေးသော ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တရား (sacrificial work of Christ) ကိုယုံကြည်လက်ခံခြင်းဖြစ်သည်။ (Acts 16:31). ထိုယုံကြည်ခြင်းသည် အပြစ်နောင်တရခြင်း (repentance) ပါသော ယုံကြည်ခြင်းဖြစ်သည်။(Acts 17:30; 20:21);ထိုယုံကြည်ခြင်းသည် ခရစ်တော်အား အသက်သခင်ကယ်တင်ပိုင်ရှင်အဖြစ် ဝန်ခံအသိအမှတ်ပြုသော (confession) ထိုယုံကြည်ခြင်းဖြစ်သည် (Romans 10:9-10); ထိုယုံကြည်ခြင်းသည် ခရစ်တော်ကျွန်ုပ်တို့ အပြစ်အတွက် အသေခံခြင်းနှင့် ၃-ရက် မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်ခြင်း (Christ's death and resurrection) ကြောင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအပေါ်မျှော်လင့်ချက်မှလွဲ၍ အခြားအရာများကိုစွန့်ပယ်သည့် ယုံကြည်ခြင်းဖြစ်သည်။ (Romans 3:27-28; 4:5; 5:1-2; Galatians 2:16; 3:24; 2:20; Ephesians 3:17; 1 Thessalonians 1:3; and 2 Timothy 1:5) ဖတ်ရှုလေ့လာပါ။

2. ရှင်ယာကုပ် (James) ၏တွေးခေါ်ယူဆချက်သည် အတွေးတိမ်သည်(shallow), ယုံကြည်ချက်မပြတ်သား (insecure faith), တွေးတောမှု နည်းသည့်(merely intellectual)၊အတွက် စစ်မှန်ခြင်း၊ တိုးပွါးခြင်းတို့ ၌ အား နည်းသည်။ သူက ပျောက်ကွယ်သွားပြီဖြစ်သော အော်သိုဒေါ့စ် အယူဝါဒ (orthodoxy) ကို အသက်သွင်းပြီး၊ ဤမေးခွန်း ကို မေးခြင်းဖြစ်သည်။ "Can that kind of faith save?" Of course, the answer is NO!

♦ အကယ်၍ ရှင်ယာကုပ်အနေဖြင့် ယုံကြည်ခြင်းအသေ (faith that is dead)၊ ဖြောင့်မတ်ခြင်းမပေး နိုင်သော ယုံကြည်ခြင်း (faith that cannot justify)အကြောင်းကို ရေးသည်ဆိုပါက၊သင့်အနေဖြင့် "ထို ယုံကြည်ခြင်း" "that kind of faith." ကို ထပ်မံထဲ့သွင်းနိုင်ပေသည်။

B. အကျင့်များ - Works

1. ရှင်ပေါလုက ကောင်းသောအကျင့် (good works)သည် ဖြောင့်မတ်တည်ကြည်သူ (justified)၊ ဒုတိယ မွေးခြင်းခံသူ (born-again believer) တို့၏ ပုံမှန် နေ့စဉ်အသက်ရှင်ခြင်း အဖြစ်ထောက်ခံ တင်ပြ ထားသော် လည်း၊ ၎င်းသည် ကယ်တင်ခြင်း (salvation) ရရှိဖို့ကိုမူကား မရှိမဖြစ်လိုအပ်ချက် မဟုတ်ကြောင်း ပြောထား သည်။ ဤအဆိုပြုချက်အတွက် ကိုးကားရမည့်ကျမ်းပိုဒ်မှာ (Ephesians 2:9-10) ဖြစ်သည်။ အငယ် ၉ -တွင် "ကိုယ်အကျင့်ကြောင့်ကယ်တင်ခြင်းရသည်မဟုတ် သောကြောင့် မည်သူမျှဝါကြွားစရာအကြောင်းမရှိ ""not of works lest any man should boast." ဟုပြောထားသည်။ အငယ် ၁၀-တွင် "ထိုကောင်းသောအကျင့်တို့၌ ငါတို့သည် ကျင်လည်ရ မည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ။" "created in Christ Jesus unto good works...." ဟု ပြောထားသည်။ ရှင်ပေါလုက အကျင့်ကျင့်ခြင်း၊ ပညတ်တရားအတိုင်း လိုက်လျောက်ခြင်းဖြင့်၊ ကယ်တင်ခြင်းရနိုင်သည်ဟူသော အယူအဆကို ငြင်းပယ်ထားသည်။(Galatians 2:16; Titus 3:5-6; Romans 4:5).

သို့ သော်ငြားလည်း အောက်ပါတို့ ကိုမူ ရှင်ပေါလု ထောက်ခံထားသည်။

a) ကောင်းသောအကျင့်ကိုကျင့်လျက်ရှိကြသော မုဆိုးမ "well reported for good works." တို့ကို ချီးကျူးထား ပါသည်။

b) ယုံကြည်သူတို့သည် " ကောင်းသောအကျင့်၌ကြွယ်ဝပြည့်စုံခြင်း" "rich in good works" ရှိမည့် အကြောင်းတိမောသေကို တိုက်တွန်းထားပါသည်။ (1 Timothy 6:18).

c) တိတုအားလည်း "ဘုရား သခင်ကိုသိယောင်ဆောင်သော်လည်း အကျင့်အားဖြင့်မူ ဘုရားသခင်းကို ငြင်းပယ်သောသူ" "but in works they deny Him" ရှိကြောင်းရေး ထားပါသည်။(Titus 1:16).

2. ရှင်ယာကုပ်က အကျင့်မကျင့်နိုင်လျှင် စစ်မှန်သော ယုံကြည်ခြင်း (genuine faith) မဟုတ်သောကြောင့် ထိုသို့ သောအသက်တာသည် အသီးမသီးသော(fruitless) အချည်းနှီးဖြစ်သော(empty lives) အသက်တာသာလျှင် ဖြစ်ကြောင်းရေးသားပါသည်။ "အကျင့်နှင့် ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏" "Faith without works is dead." (James 2:18) တွင် "ငါမူကား အကျင့်အားဖြင့် ငါ၏ယုံ ကြည်ခြင်းကိုပြမည်။ "I will show you my faith by my works." ဟုဆိုထားသည်။ ရှင်ယာကုပ် အတွက်သော်ကား အကျင့်တရား ဟူသည် ယုံကြည်ခြင်း (faith) နှင့်လူ၏ ဖြောင့်မတ်ခြင်း (man's justification) ကို ဖေါ်ပြသည့် အသီး အပွင့် အကျိုးရလာဒ်နှစ်ခုဖြစ်သည်ဟုခံယူသည်။ Dr. Harry Ironside ကမူ ယခုလို ရေးခဲ့သည်။ "အသက်တာတွင် ကျေးဇူးတရား ၏လက္ခဏာမရှိလျှင် စိတ်နလုံးထဲတွင်လည်း ကျေးဇူးတရား၏ လက္ခဏာမတွေ့ရ" "There is no work of grace in the heart where there is no act of grace in the life."

C. ဖြောင့်မတ်ခြင်းရပြီး - Justified

1. ရှင်ပေါလုသည် ကယ်တင်ခြင်း (salvation) ကို ဘုရားရှင်၏အချုပ်အခြာအာဏာရှူဒေါင့် ဘက်မှ ရှုမြင်ခြင်းဖြစ်ပါသည်။ (standpoint of God's sovereignty) အချုပ်အခြာအာဏာပိုင်သော ဘုရားသခင်သည် မဖြောင့်မတ်သောသူတို့ အပေါ်သူ၏ယုံကြည်ခြင်းတစ်ခုတည်းကိုသာအခြေပြုလျက် ဖြောင့်မတ်ခြင်းကို အစားထိုးပေးပြီး ဖြောင့်မတ်သူအဖြစ်ကြေညာပေးလိုက်သည်။ (God imputes righteousness to and justifies the ungodly on the basis of faith alone) (Romans 3:21-22, 25-28; 4:5-6; 5:1).

2. ရှင်ယာကုပ်သည် မိမိ၏ယုံကြည်ခြင်းကို သူတစ်ပါးတို့အားအကျင့်တရားဖြင့် ဖော်ပြရမည့် တာဝန်ကို ပြောထားသည်။(James has in view man's responsibility to demonstrate his faith to others by his works.) မိမိကယ်တင်ခြင်းရဖို့ အတွက် မိမိကိုယ်တိုင်လုပ်မှုရမည်ဟူ၍ လူဘက်ကမြင်သကဲ့သို့ ရေးသားခြင်းဖြစ်ပါသည်။ (He is seeing salvation as man sees it) (James 1:18-26).

3. ရှင်ပေါလုက ဖြောင့်မတ်ရာ၌တည်စေခြင်း (justification) သည် ဘုရားရှင်လက်ထဲတွင်ရှိသည် ဟုပြောပြီး၊ ရှင်ယာကုပ်ကမူ ထိုသို့ မဟုတ်၊ လူ၏လက်ထဲတွင်သာရှိသည်ဟု ဆိုသည်။

♦ Dr. A.T Robertson ကလည်း ယခုလိုရေးခဲ့သည်။ "ယုံကြည်ခြင်းက ထိုသူကိုဖြောင့်မတ်စေသည်ဟု မခံယူသ၍ ကာလပတ်လုံး၊ မည်သူမျှ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့မရောက်" "No man is justified by faith unless faith has made him just."

III. အကျင့်တရား - ကယ်တင်ခြင်း။ WORKS – SALVATION

A. ကယ်တင်ခြင်းနှင့် ပတ်သက်၍ အကျင့်တရား၏နေရာ။ The place of works in relation to salvation:

1. Romans 4:5-6 – “ဘုရားသခင်သည် အကျင့်ကိုမထောက်ဘဲလျက်ပေးတော်မူသော ဖြောင့်မတ်ခြင်း” “But to him that worketh not, but believeth....”
2. Ephesians 2:8-9 – “ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်ကြသည် မဟုတ် သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွား စရာ အခွင့်မရှိ။ “...not of yourselves...not of works, lest any man should boast.”
3. Galatians 2:16 – “ပညတ်တရား၏ အကျင့်အားဖြင့် အဘယ်သူမျှဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ” “...by the works of the law shall no flesh be justified.”
4. Galatians 2:21 – “ပညတ်တရားကိုအမှီပြု၍ဖြောင့်မတ်ရာသို့ရောက်နိုင်လျှင် ခရစ်တော်သည် အချည်းအနှီးအသေခံ တော်မမူ” “...if righteousness come by the law (works), then Christ is dead in vain.”
5. Romans 11:6 – “ကျေးဇူးအားဖြင့်ရှိလျှင် ကိုယ်ကျင့်သောအကျင့်အားဖြင့် မရှိ” “And if by grace, then is it no more of works....”
6. Titus 3:5-6 – “ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ။” saved us – “Not by works of righteousness which we have done....”

♦ ရှင်ယာကုပ်က အကျင့်တရား(works) နှင့်ပတ်သက်သော သူ၏စိတ်သဘောထားကို ဖော်ပြထားပြီး ဖြစ်သော်လည်း၊ ကျွန်ုပ်တို့ ကယ်တင်ခြင်းရရှိဖို နှင့်ပတ်သက်၍အကျင့် တရားပါဝင်ခြင်းမရှိကြောင်း (works have no part in our salvation) ကို ဤကျမ်းချက်များက ရှင်းလင်းစွာဖော်ပြထား ပါသည်။ သို့ရာတွင်ကယ်တင်ခြင်း သို့ရောက်ပြီးပါက “ကောင်းသောအကျင့်၌ ကြွယ်ဝပြည့်စုံရမည်” “...rich in good works...” (1 Timothy 6:18);“ကောင်းသောအကျင့်တို့ကိုအမြဲကျင့်အံ့သောငှာ သတိပြုရကြမည်” “...be careful to maintain good works...” (Titus 3:8). ဖြစ်ပါသည်။

B. ကယ်တင်ခြင်းနှင့် ပတ်သက်၍ ယုံကြည်ခြင်း၏နေရာ၊ The place of faith in relation to salvation:

♦ ယုံကြည်ခြင်းသည် ကယ်တင်ခြင်း၏ သော့ချက်ဖြစ်သည်။ (Faith is the key to salvation)

1. Ephesians 2:8 – “ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။” “for by grace are ye saved through faith....”
2. Romans 5:1 – “ငါတို့သည် ယုံကြည်ခြင်းရှိ၍ဖြောင့်မတ်ရာသို့ရောက်လျှင်” “Therefore being justified by faith....”
3. Acts 16:31 – “ယုံကြည်လော့ ... ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်” “...Believe...and thou shalt be saved....”
4. Romans 1:16 – “ဧဝံဂေလိတရား ယုံကြည်သမျှသောသူတို့ကို ကယ်တင်စေသော ဘုရား သခင်၏တန်ခိုး တော်ဖြစ်၏။” “The gospel...is the power of God...to everyone that believeth....”
5. Ephesians 3:17 – “ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့စိတ်နှလုံးထဲ၌ ကျိန်းဝပ်တော်မူမည်”

Christ dwells in our hearts by faith.

6. Romans 3:28 – "လူမည်သည်ကား ပညတ်တရား၏ အကျင့်မရှိဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်တတ်သည်။ "...a man is justified by faith...."

7. Philippians 3:9 – "ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်း။""...the righteousness which is of God by faith."

♦ ရိုးရိုးပြောရလျှင် သင်နှင့်ကျွန်ုပ်သည် ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်း သို့ ရောက်ပါသည်။ အခြားဘာမျှပါဝင်ခြင်းမရှိပါ။ In simple words, you and I are saved by grace through faith, plus nothing!

IV. ခရစ်ယာန်အသက်တာနှင့် အကျင့်တရားဆက်စပ်မှု။ THE RELATIONSHIP OF WORKS TO THE CHRISTIAN LIFE

A. ကောင်းသောအကျင့်များသည် စစ်မှန်သောယုံကြည်ခြင်းရှိကြောင်း အထောက်အထား ဖြစ်ပါသည်။ Good works are the evidence of genuine faith (James 2:14, 17, 20, 22).

B. သခင်ယေရှု၏ တရားပလ္လင်တော်ရှေ့တွင် ခရစ်ယာန်တိုင်းအား ကိုယ်ခန္ဓာအားဖြင့်လည်းကောင်း၊ ကိုယ်ခန္ဓာ၌ လည်းကောင်း ဆောင်ရွက်ခဲ့သမျှအတွက် စီရင်ခြင်း ခံကြရမည်။ (2 Corinthians 5:10).

C. ကယ်တင်ခြင်းရရှိရန် ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ဖြစ်သော်လည်း ကောင်းကင်၌ ဆုပေးသောအခါ လုပ်ဆောင်ခဲ့သောအလုပ်ပေါ်တွင်မူတည်လျက် ဆုပေးမည် ဖြစ်ပါသည်။ (1 Corinthians 3:12-15).

D. Galatians 5:6 တွင် မေတ္တာအားဖြင့် ဖြစ်ပွားသော ယုံကြည်ခြင်းကို ဖော်ပြထားပါသည်။ ယုံကြည်ခြင်းကို မေတ္တာအားဖြင့် လက်တွေ့ဖော်ပြနိုင်ပါသည်။

E. Revelation 14:13, တွင် သေလွန်ပြီးသော သန့်ရှင်းသူတို့အကြောင်းကိုဖော်ပြရာ၌ "သူတို့အကျင့်တို့သည် သူတို့နှင့်အတူလိုက်ကြ၏ဟုဆိုပါသည်။ လောကတွင် သင်ရရှိထားသော ပစ္စည်းဥစ္စာများ သင်၏ကျော်ဇောမှုများကို ကောင်းကင်သို့ ယူဆောင်မသွားနိုင်ပါ။ သင်၏ အကျင့်ကိုသာယူဆောင်နိုင်ပါသည်။ ဤလောကတွင် သင်၏ပြုကျင့်ခြင်းများသည် ထိုအရပ်တိုင်အောင်ထိရောက်မှုရှိနေပါသည်။

V. ခရစ်ယာန်အသက်တာနှင့် ယုံကြည်ခြင်းဆက်စပ်မှု။ THE RELATIONSHIP OF FAITH TO THE CHRISTIAN LIFE

A. ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့်သာ ကယ်တင်တော်မူခြင်းသို့ရောက်ရသည်မဟုတ် ဘဲကျွန်ုပ်တို့အား "ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက် တော်မူပါသည်" (1 Peter 1:5).

B. In Galatians 2:20,တွင်ပေါလုက “ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏”။

C. 2 Corinthians 5:7 တွင် “မျက်မြင်အားဖြင့်မဟုတ်ဘဲ ယုံကြည်မျော်လင့်ခြင်းရှိသည့်အတိုင်း ငါတို့ သည် ကျင့် ဆောင်ပြုမူ သည်”

D. ခရစ်ယာန်အသက်တာသည် ယုံကြည်ခြင်းတည်သောအသက်တာဖြစ်ပါသည်။ ဝိညာဉ်ရေးရာ တွေ့ကြုံ ခံစားမှု အားလုံး၏ သော့ချက်သည် ယုံကြည်ခြင်းဖြစ်ပါသည်။

1. ယုံကြည်ခြင်းအားဖြင့် လောကနှင့်တကွ လောကဘ၌ရှိသော ဖျော်ရွှင်မှု၊ သွေးဆောင်မှုနှင့် စုံစမ်းခြင်း အမျိုးမျိုးတို့ကို အောင်မြင်ကြရပါသည်။ (1 John 5:4).
2. ယုံကြည်ခြင်းအားဖြင့်စာတန်နှင့်တကွ စာတန်၏ တန်ခိုးများ၊ စာတန် ပစ်ခတ် သောမီးစက်လက်နက်များ ကို အောင်နိုင်ကြ၏။ (1 Peter 5:9; Ephesians 6:16).
3. ယုံကြည်ခြင်းအားဖြင့် အမွေစားအမွေခံဖြစ်လျက်ဆက်လက်ရှင်သန်သော ဘုရားသခင်၏ ကတိတော်များကို ရယူခံစား ကြရ ပါသည်။ (Hebrews 6:12).
4. ထို့ထက်မကယုံကြည်ခြင်းသည် - Furthermore, faith:

a) လောကပစ္စည်းဥစ္စာလိုအပ်ချက်များအတွက် ပူပန်ခြင်းမှ ကင်းလွတ်စေ ပါသည်။ (Matthew 6:30-33).
b) အသက်တာ၏ မုန်တိုင်းကြီးများကို ရင်ဆိုင်ရဲသော သတ္တိကိုရရှိစေပါ သည်။ (Matthew 8:26).
c) ပူပန်ခြင်း၊ ဒိုဟာဖြစ်လျက်မရှင်းမလင်းဖြစ်သော မဝေခွဲတတ်မှုများ၏ အထက်တွင် ရပ်တည်သက်ရှင်ခွင့် ရရှိစေပါ သည်။ (Matthew 14:31-32).

VI. မိမိကျင့်သော အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်နိုင်သည်ဟု ယုံကြည်ခြင်းသည် ပညတ်တရား၏ လက်အောက်သို့ ပြန်ဝင်ခြင်းဖြစ်၍ “ကျေးဇူးတရား၌မတည်၊ ရွေ့လျော့သူ” ဖြစ်စေပါသည်။ TO BELIEVE THAT ONE IS SAVED OR JUSTIFIED BY HIS WORKS IS TO PLACE ONESELF AGAIN UNDER LAW AND TO “FALL FROM GRACE”

A. Read Galatians 5:1-6. ကိုဖတ်ပါ။ အငယ် (၁)တွင် ပေါလုက ဤသို့တိုက်တွန်းထားပါသည်။ “ခရစ်တော် သည် ငါတို့ကိုလွတ်တော်မူသော လွတ်ခြင်းအခွင့်၌တည်” “stand fast in the liberty with which Christ has made us free.” အဓိပ္ပါယ်မှာ၊ မောရှေ၏ ပညတ်တရား အောက်တွင် ကျွန်ခံလျက် ချည်နှောင်ခြင်းခံရသော ဘဝမှ ခရစ်တော်သည် ကျွန်ုပ်တို့ အားလွတ်မြောက်စေခြင်းဖြစ်သည်။

verses 2-4, တွင် ပေါလုသည် အရေဖျားလှီးခြင်းအကြောင်းကို ဆွေးနွေးထားပါသည်။ ထိုအရေဖျား လှီးခြင်းသည် ပညတ် တရားအောက်တွင်ယုဒလူစစ်စစ်ဖြစ်ခြင်း၊ သီးသန့်ဖြစ်ခြင်းလက္ခဏာဖြစ်သည်။ အချို့သော အတုအယောင်ဆရာများသည် ကျေးဇူးတရားအောက်၌ပင်လျှင် ယုဒလူဖြစ်စေ၊ တစ်ပါးအမျိုးသားဖြစ်စေ ခရစ်ယာန်မှန်လျှင် ဓလေ့ထုံးစံ အောက်ပြန်ဝင်ရမည်ဟု သွန်သင်ထားပါသည်။ ဤအရာနှင့် ပတ်သက်၍ ပေါလုက အချက် (၃)ချက်ဖြင့် ငြင်းဆိုထားပါသည်။ အကယ်၍ ဘိုးဘေးတို့ကျင့်သုံးသော ပညတ်တရား ထုံးတမ်းအတိုင်း ကျင့်လျှင် အောက်ပါအဖြေများကို ဖြစ်ပေါ် စေသည်-

1. ခရစ်တော်သည် သင်တို့၌ မည်သည့်အကျိုးအမြတ်ကိုမျှမပေး။ (verse 2).

2. သင်တို့သည် မိမိကိုယ်မိမိပညတ်တရားကိုအကြွင်းမဲ့ကျင့်အံ့သောငှာ ကြွေးတင်သောသူ ဖြစ်စေသည်။ (verse 3; James 2:10; Galatians 3:10).

3. သင်သည် ကျေးဇူးတရား၌မတည်၊ ရွေ့လျော့ပြီ။ “You are fallen from grace” (verse 4).

♦ “ကျေးဇူးတရား၌မတည်၊ ရွေ့လျော့ပြီ” “fallen from grace.” ဟူသော ကျမ်းစကားကဲ့သို့အခြားသော ကျမ်းစကားများကို လွှဲမှားစွာအနက်ဖွင့် ခြင်းမရှိပါ။ သင်၏ကယ်တင်ခြင်းလက်လွှတ်ရပြီဟု အဓိပ္ပါယ်ဖွင့်လေ့ရှိပါသည်။ သင်သည် အရေဖျားလှီးခြင်းကိုခံယူခြင်းဖြင့် မိမိကိုမိမိပညတ်တရား၏ လက်အောက်သို့ပြန်ဝင်လျှင် သင်သည် ကျေးဇူးတရား၏ အနှစ်သာရကိုပေါ့ပါးပျက်ပြားစေပြီး။ ကယ်တင်ခြင်း ရရှိစေသော လမ်းကြောင်းကိုလည်း လွှဲမှားလေပြီဟု ပေါလုက ကျွန်တို့အား ဆိုလို ခြင်းဖြစ်ပါသည်။

B. ထို့ကြောင့် ဤအကြောင်းအရာသည် ခရစ်ယာန်၏အသက်တာနှင့် ကယ်တင်ခြင်းတွင် ပညတ်တရားနှင့် ကျေးဇူးတရား အကြောင်းကို လေ့လာရန်လိုအပ်စေပါသည်။

VII. အလေးထားရန်ကျမ်းချက် (၂)ချက်။ TWO TEXTS TO PONDER

A. John 1:17 – “အကြောင်းမူကား ပညတ်တရားတော်ကို မောရှေလက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့်ဖြစ်သတည်း” “For the law was given by Moses, but grace and truth came by Jesus Christ.” ခရစ်တော်သည် အသစ်သော စနစ်နှင့် အသစ်သောကာလကို ယူဆောင် လာပါသည်။(A whole new system and dispensation was ushered in by Jesus Christ.) ခေတ်ကာလကို အုပ်စိုးနေသော မောရှေ၏ပညတ်တရားသည် ကိုယ်တော်၌ အလျင်အမြန် ချုပ်ငြိမ်းပြီဖြစ်ပါသည်။ In Him, the Law of Moses, as a governing system, came to an abrupt end.

B. Romans 10:4 – ယုံကြည်သောသူအပေါင်းတို့အတွက်သော်ကား ဖြောင့်မတ်ရာသို့ရောက်မည့်အကြောင်း ပညတ် တရားသည် ခရစ်တော်အားဖြင့် စုံလင်ပြီဖြစ်သည်။ ပညတ်တရားသည် ဘုရားသခင် ၏ အလိုတော်ကိုဖော်ပြသည်မှန်သော်လည်း ထိုတရားသည် မည်သူ့ကိုမျှ ဖြောင့်မတ်စေခြင်းငှာ မတတ်နိုင်။ (Romans 8:3) ယခုယုံကြည်သူတို့ရရှိနိုင်သော ဖြောင့်မတ်ခြင်းသည်၊ ပညတ်တရားနှင့် မစပ်ဆိုင်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်း(Romans 3:21)ဖြစ်ပါသည်။ ခရစ်တော်အားဖြင့် ခရစ်တော်၌ ယုံကြည်သူ အပေါင်းတို့ အဘို့အား ပေးတော်မူသော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ (Romans 3:22; Philippians 3:9).

VIII. ပညတ်တရားကို အကျဉ်းချုပ်လေ့လာခြင်း။ A BRIEF STUDY OF THE LAW

A. ပညတ်တရားဆိုသည်မှာ အဘယ်နည်း။

1. ပညတ်တရားကို စောင့်ရှောက်ထိန်းသိမ်းသော ကာလအပိုင်းအခြား (stewardship or dispensation) သည် မောရှေအား ပညတ်တရားပေးသော နေ့မှ ခရစ်တော် သေဆုံးချိန်တိုင်အောင်ဖြစ်ပါသည်။(from the giving of the law to Moses until the death of Christ) (Galatians 3:24), “ပညတ်တရားသည် ခရစ်တော်မလာမီတိုင်အောင် ထိန်းရသောအထိန်း” “...The law was our schoolmaster...unto (until)

Christ….” ဟုပြောထားသည်။

2. ဘုရားရှင်နှင့်လူတို့ ဆက်ဆံမှုအတွက် မောရှေကို ပေးသည့် ပညတ်တွင် အပိုင်း (၃)ပိုင်းရှိပါသည်-
a) ပညတ်တော်များ၊ (the commandments) (Exodus 20:1-26)
b) စီရင်ချက်များ၊ (the judgments) (Exodus 21:1-24:11)
c) ဘိသိက်၊မင်္ဂလာများ၊အခန်းအနားပွဲများ၊ (the ordinances) (Exodus 24:12-31:18)

ပညတ်တော်များ (commandments)သည် ဘုရားသခင်၏ သန့်ရှင်းသောအလိုတော်ကိုဖော်ပြပါသည်။ စီရင်ချက်များ (judgments) သည် ကွာသရေလ လူမျိုးတို့၏ လူမှုဆက်ဆံရေး (social life) ကိုလွှမ်းမိုးအုပ်စိုးသည်။ ဘိသိက်မင်္ဂလာ၊အခန်းအနားများ (ordinances) သည် ကွာသရေလ လူတို့၏ ဘာသာရေး(religious life) ကိစ္စများကို လွှမ်းမိုးထိန်းချုပ်ထားပါသည်။

3. သာမန်အားဖြင့်ပြောရလျှင် ခရစ်တော် (သို့မဟုတ်) တမန်တော်ကြီးရှင်ပေါလုက ပညတ်တရား ဟုပြောသောအခါ ပညတ်တော် (၁၀)ပါးကို (Ten Commandments) ရည်ညွှန်းခြင်းဖြစ်ပါသည်။(Matthew 5:17; 19:17; 22:37-40; Galatians 3:10-24).

B. ပညတ်တော်များပေးရသည့်ရည်ရွယ်ချက်ကားအဘယ်နည်း။ (Galatians 3:19-24).
1. ဒုစရိုက်များကြောင့် ထိုတရားကိုထပ်၍ ပေးတော်မူ၏ “...It was added because of transgressions...” (Galatians 3:19). ဆိုလိုသည်မှာ အပြစ်သည် ဘုရားသခင်၏ အလိုတော်ကိုဆန့်ကျင်ငြင်းဆန်ခြင်းဖြစ်ကြောင်း ပေါ်လွင်စေရန် ပညတ်များကို ပေးခြင်းဖြစ်ပါသည်။ (Romans 7:7) – “ပညတ်တရားအားဖြင့်သာ အပြစ်သဘောကို ငါသိရ၏” “...I had not known sin, but by the law.…” (See also 1 John 3:4; 1 Timothy 1:9-10.)

2. လောကီသားအားလုံးအပြစ်ရှိကြောင်း ဖော်ပြရန်- To show that the entire world was guilty (Romans 3:19) ၊အပြစ်အတွက် ဒါဏ်ရှိကြောင်း-all under sin’s condemnation (Galatians 3:22; Romans 3:9-20) ဖော်ပြလို၍ ပညတ်တရားကို ပေးပါသည်။

3. ခရစ်တော်မတိုင်မီထိအုပ်ထိန်းသူအဖြစ်ဆောင်ရွက်ရန်။
(It was to serve as a schoolmaster until Christ) (Galatians 3:24). ဂရိနှင့် ရောမလူမျိုး မိသားစုများသည် ရွေးရိုးထုံးတမ်းစဉ်လာအရ မိမိတို့၏ သားသမီးများအား ကြီးပြင်းလာသည်အထိ အထိန်းတော် (pedagogue or “child leader”) လက်ထဲတွင် အပ်ထားရသည်။ ဖခင်သည် မိမိသား-သမီးအား မိမိစည်းစိမ် ချမ်းသာကို အမွေခံနိုင်သည့် အရွယ်ရောက်ပြီဟု ဆုံးဖြတ်သည်ထိ ထိုအထိန်းတော် လက်ထဲ၌ ထားရသည်။(Galatians 3:25; 4:1-7) ခရစ်တော်မလာမီ တိုင်အောင် လူသားအားလုံးသည် အထိန်းတော် (pedagogue)တည်းဟူသော ပညတ်တရားလက်တွင်ရှိကြ ပါသည်။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် အဖဘုရား၏ အမွေခံသားသမီးများအဖြစ်တော်စပ်သောကြောင့် ပညတ်တရား၏ လက်တွင်မရှိတော့ပါ။(Galatians 3:25). (See also Romans 6:14.)

4. ကျွန်ုပ်တို့သည် မိမိကိုမိမိပြည့်စုံခြင်းမရှိကြောင်း ပေါ်လွင်စေရန်၊(Romans 10:2-4; Philippians 3:9).

C. ပညတ်တရား၏ အားနည်းချက်များကားအဘယ်နည်း။ What were its weaknesses?

1. It could not justify anyone -မည်သူမျှဖြောင့်မတ်ရာ၌ မတည်စေနိုင်။(Galatians 2:16; Acts 13:39).
2. It could not sanctify anyone-မည်သူ့ကိုမျှ သန့်ရှင်းခြင်းသို့မရောက်စေနိုင်။(Galatians 3:2-3).
3. It could never produce righteousness in us ကျွန်ုပ်တို့အထဲ၌မဖြောင့်မတ်။(Galatians 3:21; 2:21).
4. It was weak because of the infirmity of our flesh ဇာတိပကတိကြောင့်အားနည်း။(Romans 8:3).
5. It had only a ministry of condemnation အပြစ်တင်သော အမှုသာပြုလုပ်နိုင်သည်။(Romans 3:19).
6. It made nothing perfect -အဘယ်သူကိုမျှ စုံလင်ခြင်းသို့မပို့နိုင်။(Hebrews 7:18-19).

D. ပညတ်တရားသည် မည်သည့်အရာများကိုပြုပါသနည်း။ What does it do?

1. Produces blind, bigoted religion မျက်ကန်း၊ တစ်ဘက်စွန်းရောက်စေသည်။(Galatians 1:13-14).
2. Places everyone under its curse လူတိုင်းအား ကျိန်ခြင်းအမင်္ဂလာဖြစ်စေသည်။(Galatians 3:10).
3. Pronounces every man guilty လူတိုင်းအပြစ်ရှိကြောင်း ဖေါ်ပြသည်။ (Romans 3:19; James 2:10).
4. It prepares us for Christ by revealing our guilt and need
ကျွန်ုပ်တို့၏အပြစ်များကို ဖေါ်ပြပြီးခရစ်တော်လိုအပ်ကြောင်း ပြင်ဆင်ပေးပါသည်။(Galatians 3:24, 25).
5. It nullifies Christ's death for all who choose to live by it. ပညတ်တရားနှင့်အသက်ရှင်သူတွက် ခရစ်တော်အသေခံသည်မှာအချည်းနှီးဖြစ်သည်။(Galatians 2:21; 3:21-22; 5:3-4).
6. Appeals to and glories in the flesh ဇာတိပကတိ၏အသွေးအဆင်းကို အမှီပြု၍ ဝါကြွားစရာဖြစ်အောင် သွေးဆောင်စေပါသည်။(Galatians 6:12).

E. ယုံကြည်သူနှင့် ပညတ်တရား မည်သို့ဆက်စပ်ပါသနည်း။ What is the believer's relationship to it?

1. ပညတ်တရားသည်ကယ်တင်ခြင်းကိုမပေးနိုင်ဟု သိရသော်လည်း ပညတ်တရားသည် "သန့်ရှင်း၏။ ဖြောင့်မတ်၏။ ကောင်းမြတ်၏။" To realize that while the law does not save, it was and is "holy, just and good" (Romans 7:12).

2. ပညတ်တရားသည် ဆိုးညစ်သောအရာမဟုတ်ကြောင်း သတိပြုရပါမည်။ ခရစ်တော်သည် ပညတ်တရားကို ပယ်ဖျက်ခြင်းငှါမလာ၊ ပြည့်စုံစေခြင်းငှာကြွလာတော်မူ၏။ (Matthew 5:17)။ ခရစ်တော် သည် ပညတ်တရားကို လုံးဝ နာခံ ခဲ့သည်။(John 8:46; 1 Peter 2:21) ကျွန်ုပ်တို့သည် လည်း ပညတ်တရား တော်သည် စုံလင်သည်၊ ဟုတ်မှန်သည်၊ ဖြောင့်မတ်သည်၊ စင်ကြယ်သည်နှင့်အညီ ရှိသေရ မည်ဖြစ်ပါ သည်။(Psalm 19:7,8).

3. ယုံကြည်သူသည် ပညတ်တရား၏လက်အောက်တွင်မရှိ။ ပညတ်တရား၏သွန်သင်မှု၊ နည်းပေးလမ်းပြမှု၊ အပြစ်ဒဏ် စီရင်မှုတို့နှင့်သက်ဆိုင်မှုမရှိပါ။(Romans 6:14; 10:4) သို့သော် ပညတ်တရားသည် တရားတော် မူသော ဘုရားသခင်၏ တရားစီရင်ခြင်း၊ ကျွန်ုပ်တို့ အသက်တာ၌ရှိသော အပြစ်များအပေါ် ဘုရားသခင် ထားရှိသော အလိုတော်တို့ကို ဖေါ်ပြ နေဆဲပင်ဖြစ်သည်။(Romans 7:7).

4. ယုံကြည်သောသူ အပေါင်းတို့သည်ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း၊ ပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိ၏။(Romans 10:4)။ ခရစ်တော်သည် ပညတ်တရား၏ နောက်ဆုံး စာမျက်နှာဖြစ်သည်။ ယုံကြည်သူ၏တောင့်တခြင်း ဆန္ဒအပြည့်အစုံသည် 'ထိုသခင်၌" ပြည့်စုံပြီး ဖြစ် ပါသည်။(Philippians 3:9).

IX. ကျေးဇူးတရားကိုအကျဉ်းချုပ်လေ့လာခြင်း။ A BRIEF STUDY OF GRACE

A. ကျေးဇူးတရားဆိုသည်မှာအဘယ်နည်း။ What is it?

1. ဘုရားသခင်သည် မည်သို့သောဘုရားဖြစ်သည်ကို ဖေါ်ပြသောအရာသည်ချစ်ခြင်းမေတ္တာ ဖြစ်ပါသည်။ (1 John 4:8, 16) ။ ကျေးဇူးတော်သည် အတိုင်းအဆမရှိ ကြီးမားသော ဘုရားသခင်၏ မေတ္တာတော် အိုင်ထဲမှ စဉ်ဆက်မပြတ် စီးဆင်းလာသော ဘုရားသခင်၏မေတ္တာတော်ဖြစ်ပါသည်။ ယေရှုခရစ်အားဖြင့် အဘိုးကိုမပေးဘဲ အခမဲ့ပေးတော်မူသော ဘုရားသခင်၏ကယ်တင်ခြင်းနှင့် လူတို့၏လိုအပ်ချက်အလုံးစုံတို့ကို အတိုင်းအဆမရှိ ကြွယ်ဝစွာပေးနေသော ဘုရား သခင်၏ လျှံ လျက်ရှိသော မေတ္တာပင်ဖြစ်ပါသည်။

2. "ကျေးဇူးတရားသည် ဘုရားသခင်၏စေတနာတော်နှင့်လူတို့ကိုချစ်တော်မူသော မေတ္တာ" ဖြစ်သည်။ Grace is the "kindness and love of God toward man" (Titus 3:4-5).

3. "ပညတ်တရားတော်ကို မောရှေလက်တွင်ပေးတော်မူ၏။ ကျေးဇူးတရားနှင့်သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း။"While the law came by Moses, grace came by Jesus Christ (John 1:17).

4. ကျေးဇူးတရားကိုပေးတော်မူသောကာလသည် ခရစ်တော် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း၊ ပင်တေကုတ္တေ ပွဲနေ့မှသည် အသင်း တော်ကိုသိမ်းဆည်းသော နေ့အထိဖြစ်ပါသည်။ As a stewardship or dispensation, it began with the resurrection and Pentecost and will continue until the rapture of the church (Ephesians 3:2-11; 1 Thessalonians 4:13-18).

B. ကျေးဇူးတရားနှင့် ကယ်တင်ခြင်းမည်သို့ဆက်နွယ်ပါသနည်း။

1. ကျေးဇူးတရားသည် လူတို့အား ကယ်တင်ခြင်းတရားကို ယူဆောင်ချပေးပါသည်။ Grace brought salvation down to man (Titus 2:11).

2. ကိုယ်ကျင့်တရားမပါဘဲ ကျေးဇူးတရားတော်သက်သက်ကြောင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်း သို့ ရောက်ရပါသည်။ (Ephesians 2:8-9; Romans 4:4-5).

3. ကျေးဇူးတရားသည် ဖြောင့်မတ်ရာ၌ တည်စေခြင်း-Grace provides both justification (Galatians 2:16; Romans 3:24) သန့်ရှင်းရာ၌တည် စေခြင်း-sanctification (Galatians 2:21).ကို ဖြစ်စေသည်။

C. ခရစ်ယာန်အသက်တာနှင့်မည်သို့သက်ဆိုင်သနည်း။

1. ခရစ်တော်၌ လွတ်မြောက်ခြင်းကိုဖြစ်စေလျက် ဘုရားရှင်မိသားစုတွင် သားအရာကို ပေးပါသည်။ (Galatians 4:5, 31).

2. ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကတိထားတော်မူသော ဝိညာဉ်တော်ကို ရရှိစေပါသည်။ (Galatians

3:22).

3. ဝိညာဉ်တော်နှင့် ပြည့်ဝသော အသက်တာကို ရရှိစေပါသည်။ (Galatians 5:5, 22)။ ထိုနည်းအားဖြင့် ဇာတိပကတိအသွေးအသား၏ အလိုကိုအနိုင်ရယူစေပါသည်။ (Galatians 5:5, 22), (Galatians 5:16).

4. ကျွန်ုပ်တို့လိုအပ်သော အရာအားလုံးပြည့်စုံလုံလောက်စေသည်။ (2 Corinthians 12:9; Hebrews 4:16; 2 Corinthians 9:8).

D. ပညတ်တရားနှင့် ကျေးဇူးတရား(သို့) ယုံကြည်ခြင်းနှင့် အကျင့်တို့ကို ရောယှက်နိုင်ပါသလား။ Can law and grace or faith and works ever be mixed?

1. ကယ်တင်ခြင်းတရား၌လည်းကောင်း၊ ခရစ်ယာန်အသက်တာ၌လည်းကောင်း၊ ထိုတရားနှစ်ပါး တို့သည် ဆီနှင့်ရေကဲ့သို့ လည်းကောင်း အလင်းနှင့် အမှောင်ကဲ့သို့လည်းကောင်းဖြစ်သောကြောင့်၊ ဘယ်သောအခါမျှ မရောစပ်နိုင်ပါ

2. အောက်ပါကျမ်းပိုဒ် (၂)ပိုဒ်ဖြင့် အထက်ပါ အကြောင်းအရာကို ရှင်းပြနိုင်သည်။

a) Romans 11:5-6 – “ယခုကာလတွင်ပင် ကျေးဇူးတော်အတိုင်းရွေးကောက်တော်မူသော အကြွင်း အကျန်ရှိသေး၏။ ကျေးဇူးတော်အားဖြင့်ရှိလျှင် ကိုယ်ကျင့်သော အကျင့်အားဖြင့်မရှိ၊ ရှိလျှင် ကျေးဇူးသည် ကျေးဇူးမဟုတ်၊ ကိုယ်ကျင့်သောအကျင့်အားဖြင့်ရှိလျှင် ကျေးဇူးအားဖြင့်မရှိ၊ ရှိလျှင် ကိုယ်ကျင့်သောအကျင့်သည်မဟုတ်။

b) Galatians 5:4 — “ပညတ်တရား (အကျင့်)အားဖြင့် ဖြောင့်မတ်ရာသို့ရောက်သမျှသော သင်တို့ သည် ခရစ်တော်နှင့်ကွာ၍ ကျေးဇူးတရား၌မတည်၊ ရွှေ့လျော့ကြပြီ။

X. ပညတ်တရားနှင့် ကျေးဇူးတရားတို့၏ ခြားနားချက်အချို့ SOME CONTRASTS OF LAW AND GRACE

မှတ်ချက်။ ။ ထိုခြားနားချက်ကို စာရင်းပြုစုလျှင် အလွန်ရှည်လျားနေပေမည်။ သို့ပါ၍ မိမိကိုယ်ပိုင်စာ ရင်းပြုစုသင့်ပါသည်။ အောက်တွင် နမူနာခေါင်းစဉ်အချို့ကို ဖော်ပြထားပါသည်။

UNDER LAW - ပညတ်တရား	UNDER GRACE - ကျေးဇူးတရား
သိုးထိန်းအတွက် သိုး အသေခံရသည်။ The sheep died for the shepherd	သိုးအတွက် သိုးထိန်း အသေခံရသည်။ The Shepherd died for the sheep
“သင် လုပ်နိုင်လျှင်” ဟုပြောသည်။ Said, “If thou wilt”	“ငါ လုပ်ပေးမည်” ဟုပြောသည်။ Says, “I will”
နာခံမှုအပြည့် လိုအပ်ပါသည်။ Required perfect obedience	နာခံတတ်သော တန်ခိုးကို ပေးသည်။ Supplies power to obey
ဖြောင့်မတ်ခြင်းကို တောင်းဆိုသည်။ Demanded righteousness	ဖြောင့်မတ်ခြင်းကို လွှဲပြောင်းထဲ့ပေးသည်။ Righteousness imputed, bestowed
အကောင်းဆုံးလူပင်ဖြစ်စေ၊သေပြစ်ထိုက်သည်။ The best man dies	အမိုက်ဆုံး အပြစ်သားပင် အသက်ရှင်သည်။ The worst sinner lives

ကျိန်ခြင်းအမင်္ဂလာကို ဖြစ်စေသည်။ Brings a curse	ကျိန်ခြင်းအမင်္ဂလာကို ဖယ်ရှားသည်။ The curse is removed
မည်သည့်အခါမျှ မဖြောင့်မတ်၊မသန့် ရှင်းနိုင်။ Never justifies or sanctifies	၂-ခုစလုံး ဖြောင့်မတ်၊သန့် ရှင်းသည်။ Both justifies and sanctifies
အပြစ်တရား၌ချုပ်ထားခြင်းကိုသာ လုပ်နိုင်သည်။ Had a ministry of condemnation	ခွင့်လွှတ်ခြင်းတရားဖြစ်သည်။ Has a ministry of forgiveness
ကျွန်ပြုသည်။ Enslaves	ကျွန်ဘဝမှ လွတ်စေသည်။ Sets free
မောရှေမှတဆင့် အကျင့်တရားကို ပေးသည်။ Relates to Moses and works	ခရစ်တော်မှတဆင့် ယုံကြည်ခြင်းတရားကို ပေးသည်။ Relates to Christ and faith
မည်သူမျှစုံလင်ခြင်းကိုမဖြစ်စေနိုင်။ Makes nothing perfect	လူတိုင်းကို ခရစ်တော်၌ စုံလင်သူဖြစ်စေသည်။ Makes every man perfect in Christ
မည်သူ့ကိုမျှ ဖြောင့်မတ်ခြင်းမပေး။ Made no one righteous	ယုံကြည်သူတိုင်းကို ဖြောင့်မတ်ခြင်းပေးသည်။ Makes every believer righteous
“သင်မပြု‌ရ” ဟုတားမြစ်သည်။ Says, “You shall not”	“ယုံကြည်သူတိုင်း ရနိုင်၊လုပ်နိုင်သည်။” ဟုပြောသည်။ Says “Whosoever will”

နိဂုံး - Conclusion

အချုပ်အားဖြင့်ဆိုရလျှင်- လူမည်သည်ကား ပညတ်တရား၏အကျင့်မရှိဘဲယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်တတ်သည်” “ a man is justified by faith, without the deeds of the law” (Romans 3:28)။ ဟု ပေါလုနှင့်အတူဆိုရပါမည်။ ဘုရားသခင်သည်မိမိချစ်ခြင်းမေတ္တာတော်နှင့်ကျေးဇူးတရား ကန့်လန့်ကာဖွင့်လျက် ဤလောက ဇာတ်ခုံပေါ်တွင် ခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်အဖြစ် ဖြင့် လျှောက်ခဲ့ပြီးဖြစ်ပါသည်။ ထိုသူအားဖြင့် ပညတ်တရားကို စောင့် ရှောက် (kept) ထင်ရှားပေါ်လွင်စေပြီး(magnified) နောက် ထိုပညတ်တရားကို ပင် ရုပ်သိမ်းပြီး (put away) ဖြစ်ပါသည်။ အသစ်သောကာလ၊ ကျေးဇူးတော်ကာလကို ခေါ်ဆောင် (A whole new age of grace was ushered in) လာပြီဖြစ်ပါသည်။ ခရစ်တော်သည်ပညတ်တရား၏ ကျိန်ခြင်းကို သင့်ကိုယ်စား ခံခဲ့ပြီး အပြစ်၏အခကိုလည်း အကျေပေးချေပြီးဖြစ်သည်ကို သတိရစေလိုသည်။ ဆောင်ရွက်ပြီးသော အမှုကိုယုံကြည်စိတ်ချလျက် ပြီးပြည့်စုံသော ကယ်တင်ခြင်း၌ ဝမ်းမြောက်နေပါ။

ပညတ်တရားနှင့်ကျေးဇူးတရားဆိုင်ရာ မေးခွန်းများ — သင်ခန်းစာ (၂၇)

1. ဤသင်ခန်းစာတွင် ပြောထားသည့်ခရစ်ယာန်အသက်တာတွက် အရေးကြီးဆုံးအချက် ၂-ခုမှာ…(၂-မှတ်)

a. ဘုရားတရားကိုင်းရှိုင်းခြင်းနှင့်သန့် ရှင်းခြင်း။ godliness and cleanliness.

b. ယုံကြည်ခြင်းနှင့် အကျင့်တရား။ faith and works.

b. ပျော်ရွှင်ခြင်းနှင့် ကျေနပ်အားရခြင်း။ happiness and satisfaction.

2. ရှင်ယာကုပ် နှင့် ရှင်ပေါလုတို့ ၏ မတူညီမှုကိုပြောပြသည့် သော့ချက်၃-ခုကိုရွေးပါ။(၉ -မှတ်)

a. မွေးစားပြီး-adopted
b. ဖြောင့်မတ်ပြီး-justified
c. ရွေးကောက်ပြီး-chosen
d. အကျင့်-works
e. သန့်ရှင်စင်ကြယ်စေပြီး-sanctified
f. မြော်လင့်ခြင်း-hope
g. ယုံကြည်ခြင်း-faith

3. ခရစ်ယာန်အသက်တာနှင့် အကျင့်တရားဆက်စပ်မှုကိုရွေးပါ။(၂-မှတ်)
a. ကောင်းသောအကျင့်သည် ယုံကြည်ခြင်းသက်သေဖြစ်၏။ good works are an evidence of faith.
b. ကယ်တင်ခြင်းရဖို့ ကောင်းသောအကျင့်လိုအပ်သည်။ good works are necessary for salvation.
c. ကောင်းသောအကျင့်သာ ခရစ်ယာန်အသက်တာနှင့် မည်သို့ မျှမပတ်သက်ပါ။ good works have nothing to do with the Christian life.

4. (Galatians 5) တွင် ရှင်ပေါလုက "သင်တို့သည် ကျေးဇူးတရားမှလွဲချော်ပြီ" "You are fallen from grace." ဟု ပြောခဲ့သည့် အဓိပ္ပါယ်မှာ....(၂-မှတ်)
a. သင် ကယ်တင်ခြင်း ဆုံးရှုံးပြီ။ you have lost your salvation.
b. သင် ဘယ်တော့မှ ကျေးဇူးတော်မခံစားရတော့။ you will never experience grace again.
c. အကယ်၍ သင်သည် ကယ်တင်ခြင်းရဖို့အတွက် ကျေးဇူးတရားကို ငြင်းပယ်ပြီး၊ ပညတ်တရားလမ်းအောက် သို့ ပြန်လှည့်သွားလျှင်။ if you place yourself back under law you refuse to accept grace as a means of salvation.

5. ပညတ်တရား၏ရည်ရွယ်ချက်မှာ.....(၂-မှတ်)
a. လူတို့ကို အပြစ်ပေးရန်။ to punish people.
b. ခရစ်တော်မလာမီထိ အထိန်းအဖြစ်သုံးရန်။ to be used like a school teacher until Christ would come.
c. ဣသရေလလူမျိုးများကို မှန်ကန်စွာအသက်ရှင်စေရန်။ to make the Israelites live right.

6. ပညတ်တရားကို မည်သို့ လုပ်ဆောင်ရန် ခရစ်တော်ကြွလာသနည်း။(၂-မှတ်)
a. ပညတ်တရားကို ဖျက်ဆီးရန်။ destroy it
b. ပညတ်တရားကို ပြည့်စုံစေရန်။ fulfill it
c. ပညတ်တရားကို စုံလင်စေရန်။ perfect it

7. ပညတ်တရားနှင့်ယုံကြည်သူတို့ ဆက်စပ်မှုမှာ.....(၂-မှတ်)
a. ပညတ်တရားကို စောင့်ထိန်းရမည်။ he has to keep it.
b. ပညတ်တရား အောက်တွင် သူ့ကိုချုပ်ထားသည်။ he is under it as a ministry of condemnation.
c. ပညတ်တရား ကအပြစ်နှင့်ပတ်သက်၍ ဘုရားရှင်၏ဆန္ဒနှင့် ဖြောင့်မတ်သောစီရင်ချက်ကို ဖေါ်ပြသည်။ it

reveals the righteous judgment and will of God regarding sin.

8. ကယ်တင်ခြင်း (salvation) နှင့်ဆက်စပ်မှုကိုရွေးပါ။(၃-မှတ်)

a. ကျေးဇူးတရားက လူတို့ ထံ ကယ်တင်ခြင်းယူလာပေးသည်။ grace brought salvation down to man.

b. ကျေးဇူးတရားက ဘုရားရှင်၏ဆန္ဒကိုဖေါ်ပြသည်။ grace showed God's good will to man.

c. ကျေးဇူးတရားက ဘုရားရှင်နှင့်လူကို ရန်ငြိမ်းစေသည်။ grace reconciled man to God.

9. အောက်ပါကျမ်းပိုဒ်များကို ဆိုလိုချက်နှင့်မှန်ကန်စွာယှဉ်တွဲပါ။(၁၅-မှတ်)

___ ယုံကြည်ခြင်းဖြင့်လိုက်လျောက်သည်။ a. 1 John 5:4
we walk by faith not by sight

___ ယုံကြည်ခြင်းဖြင့်လောကကိုအောင်သည်။ b. 1 Peter 5:9
we overcome the world by faith.

___ ယုံကြည်ခြင်းဖြင့် စာတန်ကိုအောင်မြင်သည်။ c. Hebrews 6:12
we defeat Satan by faith.

___ ယုံကြည်ခြင်းဖြင့် ဘုရားရှင်၏ကတိတော်ကို ခံစားနိုင်သည်။ d. Matthew 14:31-32
we claim the promises of God by faith.

___ သံသယစိတ်၊ စိုးရိမ်စိတ်များကင်းရှင်းစွာ အသက်ရှင်နိုင်သည်။ e. 2 Corinthians 5:7
we are able to live above worry and doubts.

10. weaknesses of the law ပညတ်တရား၏အားနည်းချက်များ နှင့်ပတ်သက်၍ ကျမ်းပိုဒ်နှင့်အဖြေကိုယှဉ်တွဲပါ။(၁၂-မှတ်)

___ မဖြောင့်မတ်စေနိုင် a. Romans 3:19
it could not justify.

___ ဖြောင့်မတ်ခြင်းမပေးနိုင် b. Galatians 2:16
it could not produce righteousness.

___ အပြစ်စီရင်းခြင်းသာပေးသည် c. Hebrews 7:18-19
it only condemned.

___ ပြည့်စုံခြင်းမပေးနိုင် d. Galatians 3:21
it made nothing perfect.

အောက်ပါတို့ ကို ကွက်လပ်ဖြည့်ပါ။

11. James 2:14-26 တွင် ရှင်ယာကုပ် သွန်သင်လိုသော အချက်မှာ _____ ဖြစ်သည်။(၆-မှတ်)

12. Romans 4:2-5 တွင် ရှင်ပေါလု သွန်သင်လိုသော အချက်မှာ _____ ဖြစ်သည်။ (၆-မှတ်)

13. အောက်ပါဖေါ်ပြချက်သည် Paul or James, အနက် မည်သူ၏ဖေါ်ပြချက်နည်း။(၃-မှတ်)

"ယုံကြည်သူ၏ နေထိုင်အသက်ရှင်မှုတွင် ကောင်းသောအကျင့်ကို ကျင့်ရန် _____ သွန်သင်သည်။

သို့သော် ထိုကောင်းသောအကျင့် ကျင့်ခြင်းသည် ကယ်တင်ခြင်းရရန် မလုပ်ဆောင်နိုင်ပေ။”
“He advocated good works as a normal activity of the believer and these good works were not necessary to salvation.” _____.

14. အောက်ပါဖေါ်ပြချက်သည် Paul or James, အနက် မည်သူ၏ဖေါ်ပြချက်နည်း။(၃-မှတ်)
“အကျင့်တရားသည် ယုံကြည်ခြင်း၏အသီးအပွင့်ဖြစ်ပြီး ထိုအချက်(၂)ခုသည် လူတို့၏ဖြောင့်မတ်ခြင်းရခြင်းကို သက်သေခံသည်။” _____ ဖြစ်သည်။(အကျင့်သည် ယုံကြည်ခြင်း၏သက်သေ)။
“Works are the natural fruit of faith, and the two witness together of a man’s justification.” _____.

15. အောက်ပါတို့ ကို ကွက်လပ်ဖြည့်ပါ။(၉-မှတ်)

ကျွန်ုပ်တို့သည် _____ အားဖြင့် _____ ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ “For by _____ we are saved through _____.”

16. Jewish law ယုဒ ဥပဒေတွင် ပါသော အပိုင်း ၃-ပိုင်းကို ကွက်လပ်တွင် ရေးပါ။(၉ -မှတ်)

a. စေခိုင်းထားသောပညတ်တော်က _____ ကို ဖော်ပြသည်။
The commands that _____.

b. ဣသရေလလူမျိုးများ၏ _____ ကို အုပ်ချုပ်စီမံရန်ဖြစ်သည်။
The judgments which governed Israel’s _____ .

c. ဣသရေလလူမျိုးများ၏ _____ ကို အုပ်စိုးရန်ဖြစ်သည်။
The ordinances which governed Israel’s _____ .

17. ပညတ်တရား၏ရည်ရွယ်ချက်ကို ကွက်လပ်တွင်ဖြည့်ပါ။(၈-မှတ်)

Galatians 3:19 _____

Romans 3:19 _____

18. အောက်ပါတို့ ကို ကွက်လပ်ဖြည့်ပါ။(၂-မှတ်)
ဘုရားသခင်၏ကျေးဇူးတော်က ယုံကြည်သူကို _____ အချိန်တွင်မစသည်။ (ဟေဗြဲ ၄း၁၆)
The grace of God helps the believer in the time of _____. Hebrews 4:16.

19. ကယ်တင်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတရားနှင့် အကျင့်တရားကို _____ ။ တခုကိုရွေးပါ။ (ရောနှောနိုင်သည်/ မရောနှောနိုင်ပါ)။ (၃မှတ်)

We (can or cannot) – (choose one) _____ mix grace and works in relation to salvation. (Value 3 points)

သင်ခန်းစာ (၂၈)။ ကျမ်းစာခေတ်ကာလအပိုင်းအခြားစနစ်ကို နားလည်ခြင်း
Dispensationalism Understood

နိဒါန်း - Introduction

သမ္မာကျမ်းစာလေ့လာရာတွင် သမ္မာကျမ်းစာ၏ မူလစကားလုံးကိုပြောင်းလဲ၊ဆိုလိုရင်းအဓိပ္ပါယ်ကို မပြောင်းလဲစေလျင် (no distortion or misrepresentation)၊ ရှင်းလင်းလွယ်ကူစွာ (simplifies and clarifies) လေ့လာနိုင်ပါသည်။ သမ္မာကျမ်းစာကို ခေတ်ကာလအပိုင်း အခြား အလိုက်ခွဲခြားလေ့လာရာတွင် လည်း ဝေဖန်သူများရှိပါသည်။ အထူးသဖြင့် Liberalဝါဒီများ(liberals)၊ အနှစ်တထောင်မရှိဝါဒီများ (a-millennialists)၊ ကတိတော်ဝါဒီများ (covenant theologians) ထံမှဝေဖန်မှုခံရ မည်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ် များ၏ဝေဖန်ချက်များကိုလည်းကြိုးစား၍အဖြေပေးသွားပါမည်။

ခေတ်ကာလဖြင့်လေ့လာမှုကိုလက်ခံသူများ (Dispensationalists) သည် သမ္မာကျမ်းစာကိုစကား လုံး အတိုင်း တိုက်ရိုက် အမြင်အတိုင်း လက်ခံကြသည်။ သမ္မာကျမ်းစာကို ခေတ်ကာလခွဲခြား၍ လေ့လာခြင်းအားဖြင့် သမ္မကျမ်းစာကိုမလွဲမသွေပိုမိုနားလည် စေနိုင်သည်ဟုလည်း ယုံကြည် လက်ခံထားပါသည်။

သမ္မာကျမ်းစာသည်မမှားနိုင်သောနှုတ်ကပတ်တော်ဖြစ်သည် (Bible as literal and inerrant) ဟုလက်ခံသူ များ၊ ဘေးဒဏ်ကြီးကာလမရောက်မီခရစ်တော် ဒုတိယ အကြိမ်ကြွလာခြင်း (pre-tribulational view of the return of Christ) ၊အနှစ်တစ်ထောင်ကာလမတိုင်မီ ယုံကြည်သူများအား ချီဆောင်ခြင်း (Christians being taken away before the millennium)ကို ခိုင်မာစွာယုံကြည်လက်ခံထားသူများအတွက် ဤသင်ခန်းစာကို လေ့လာသည့် အခါ ခေတ်ကာလအလိုက်ခွဲခြားပြီး လေ့လာခြင်းအားဖြင့်ပိုမိုနားလည်နိုင်စေရန် ပြင်ဆင် ထားပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ Importance of this Lesson

- ခေတ်ကာလဖြင့်လေ့လာမှုကိုလက်ခံသူများ (Dispensationalists) သည် ဘုရားသခင်သည် မိမိ၏ သမ္မာတရားတော်ကို ခေတ်ကာလအလျောက်အဆင့်ဆင့်ဖော်ပြသည်ဖြစ်၍ အာဒံ၊ နောဧ၊ အာဗြဟံ၊ မောရှေ နှင့်ပုရောဖက်များတို့သည် သမ္မာတရားအားလုံးကိုမသိရှိခဲ့။ ခရစ်တော်၌သာသမ္မာတရား၏ပြည့်စုံစွာ ဖော်ပြမှုရှိသည်၊ ဓမ္မသစ်ကျမ်းတွင်ပြည့်စုံသည်ဟူသောအတွေးအခေါ်ကို ယုံကြည်လက်ခံကြသည်။

- ခေတ်ကာလဖြင့် လေ့လာမှုကိုလက်ခံသူများ (Dispensationalists) သည် ခရစ်တော်၌သာ သမ္မာတရား၏ ပြည့်စုံစွာ ဖော်ပြခြင်းရှိသည်၊ ဓမ္မသစ်ကျမ်းတွင်ပြည့်စုံသည်ဟူသောအတွေးအခေါ်ကို ယုံကြည်လက်ခံကြ သည်။

- ခေတ်ကာလဖြင့် ပိုင်းခြားလေ့လာမှုကို အလွန်အကျွံအသုံးပြုခြင်းကြောင့် တစ်ဖက်စွန်းရောက်သော ရပ်တည် ချက်များပေါ်ပေါက်လာစေတတ်သည် ကိုလည်း သတိပြုလျက်ပင်၊ အလွန်အကျွံမဟုတ်၊ လိမ္မာစွာ အချိန်အဆ

တစ်ခုဖြင့်ခေတ်ကာလကိုအခြေခံ၍ လေ့လာခြင်းသည် သမ္မာကျမ်းစာ အားအသက်ရှင်သော စာအုပ်ဖြစ်စေ လျက်ပိုမိုရှင်းလင်းစွာနားလည်စေနိုင်ပါသည်။ ဤသင်ခန်းစာကိုလေ့လာခြင်းအားဖြင့် ခရစ်တော် ဒုတိယ အကြိမ်ကြွလာတော်မူမည့်ကာလသည် အနှစ်တစ်ထောင်စိုးစံ ခြင်းမပြုမီ ဘေးဒဏ်ကြီးကာလ မရောက်မီ ဖြစ်ကြောင်းကိုသမ္မာကျမ်းစာသည် ဖော်ပြထားကြောင်းသံသယမရှိ။ အခိုင်အမာယုံကြည်လက်ခံ လာစေမည် ဖြစ်ပါသည်။ ဝေဖန်သူများဖြစ်စေ၊ ထောက်ခံသူများဖြစ်စေ၊ ခေတ်ကာလကိုပိုင်းခြားခြင်းသည် အသင်း တော်တွင် အရေးကြီးသောအပိုင်း၌ ပါဝင်ကြောင်းကိုဝန်ခံကြလျက် ယနေ့အသင်းတော်တွင်လည်း အမှန်ပင် ရှိနေသေးကြောင်း သဘောတူကြပါသည်။

သင်ခန်းစာ -THE LESSON

I. ခေတ်ကာလအတွေးအခေါ်ဆိုသည်မှာ အဘယ်နည်း။ - WHAT IS DISPENSATIONALISM?

အဖြေ။ သမ္မာကျမ်းစာသင်ကြားပို့ချရာတွင်အသုံးပြုသောစနစ် (system of Bible teaching or hermeneutics) တစ်ခုဖြစ်ပါသည်။ ထိုအတွေးအခေါ်တွင် -

A.အာဒံမှခရစ်တော်တိုင်အောင်ဘုရားသခင်ဖော်ပြတော်မူသောသမ္မာတရားသည်အဆင့်ဆင့်တဖြည်းဖြည်းတိုး တက်လျက် ဓမ္မဟောင်းကျမ်းကိုရေးသားသူများသို့မဟုတ်ပရောဖက်များသည်ပင်လျင် ဘုရားသခင်၏ သမ္မာ တရား အားလုံး ကိုမသိရှိရ။ That the revelation of truth from Adam to Christ was progressive and that none of the Old Testament writers or prophets had or knew all of the truth of God.

B. ခေတ်အမျိုးမျိုး၊ ဒေသအမျိုးမျိုးတွင် ဘုရားသခင်သည်ထိုခေတ်ဒေသနှင့်လူကိုလိုက်၍ သမ္မာတရား ကို အဆင့်ဆင့် ဖော်ပြတော်မူသည်။ That through the various ages or periods of time, God revealed special portions of truth to man and placed man under a particular test regarding this revelation.

II. ခေတ်ကာလအပိုင်းအခြားဆိုသည်မှာ အဘယ်နည်း။ WHAT IS A DISPENSATION?

A. ခေတ်ကာလအပိုင်းအခြား (Dispensation) သည်လက်တင်ဘာသာ “dispensatio,” မှဆင်းသက် လာ၍“ဖြန့်ဝေနေသည်။ ဆက်ဆံနေသည်ဟု ” “the action of dealing out or distributing” ဟု အဓိပ္ပါယ် ရရှိပါသည်။ တစ်နည်းအားဖြင့် ခေတ်ကာလအပိုင်းအခြား ဆိုသည်မှာတစ်စုံတစ်ခုသော လိုအပ်ချက်အတွက် (သို့မဟုတ်) ကန့် သပ်ချက်အတွက် စီမံခန့်ခွဲ ပေးခြင်းဖြစ်ပါသည်။ (a dispensation is a system by which things are administered with some requirement or restraint.)

B. Webster’s dictionary အရ “a dispensing, a divine order.” ဖြစ်ပါသည်။

C. The Oxford English Dictionary Oxford အရ ခေတ်ကာလအပိုင်းအခြားဆိုသည်မှာ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏လို အပ်ချက်နှင့် အညီ အဆင့်ဆင့် ဖော်ပြကျင့်သုံးသောအခြေအနေဖြစ်ပါသည်။ ထိုစနစ် (သို့မဟုတ်) ထိုစနစ်ကို အသုံးပြုသောခေတ်ကို လည်း ခေါ်ဝေါ်ပါသည်။

D. C.I. Scofield အဆိုအရ ခေတ်ကာလအပိုင်းအခြားဆိုသည်မှာ တစ်စုံတစ်ခုသောဘုရားသခင်၏

အလိုတော်အတွက် လူတို့၏နာခံမှုကို စမ်းသပ်ကျင့်သုံးသည့်အချိန်ကာလဖြစ်ပါသည်။ ခေတ်ကာလများသည် ဆက်စပ်မှု ပုံစံ ဆိုင်ရာ အလိုတော်ကိုဖော်ပြခြင်းဖြစ်ရာ ခေတ်တစ်ခေတ်နှင့် စပ်ဆိုင်သောကယ်တင်ခြင်း ရရှိစေမည့် သီးသန့် နည်းလမ်း မဟုတ်ပေ။

E. Dr. Graham Scroggie အလိုအရဘုရားသခင်သည် လူသားတို့ နှင့်ဆက်ဆံသည့်အခါ ခေတ်တစ်ခေတ်၊ အခြေအနေတစ်ရပ်အတွက် ဆက်ဆံမှု နည်းလမ်းတစ်မျိုးစီချမှတ်ထားသော်လည်း အားလုံးတို့သည် တစ်ဆက်တည်းဖြစ်လျက် အဆုံးသတ် တစ်ခုတည်းသာ ဖြစ်ပါသည်။

F. Dr. Harry Ironside က ခေတ်ကာလအပိုင်းအခြားဆိုသည်မှာ ခေတ်တခေတ်အတွက်ထူးခြားသော အခြေအနေ အရ ဖော်ပြထားသောအရာဖြစ်လျက် အခြားခေတ်ကာလတွင် ဖော်ပြထားခြင်းမပြုပါ။

G. ဝေဖန်သုံးသပ်သူများ၏အဆိုအမိန့်များမည်သို့ပင်ကွဲလွဲနေသော်လည်း ခေတ်ကာလအပိုင်းအခြားသည် သမ္မာကျမ်းစာပါအကြောင်းအရာများကို ခေတ်ကာလအလိုက်ပိုင်းခြား၍ လေ့လာခြင်းဖြစ်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာ ကိုလေ့လာသူတို့သည်ထိုခေတ်ကာလဖော်ပြချက်အရ လူတို့ တာဝန်စောင့်စည်းရမည့် အပိုင်းများကိုရှင်းလင်းစွာ သဘောပေါက်နိုင်မည်ဖြစ်ပါသည်။ ထိုအချိန်ပိုင်းခြားမှု ကိုခေတ်ကာလအပိုင်း အခြားဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

III. ခေတ်ကာလအပိုင်းအခြားဝေါဟာရကို သမ္မာကျမ်းစာတွင်အသုံးပြုထားပုံ။ USE OF THE WORD “DISPENSATION” IN THE BIBLE

A. The verb “oikonomeo” ကြိယာပုံစံကို (လု၊၁၆း၂) တွင်ဘဏ္ဍာထိန်းခြင်း (being a steward) နှင့် ပတ်သက်၍ သုံးထားပါသည်။

B. The noun “oikonomos,” နာမ်ပုံစံကို (တိ၊ ၁း၇။ ၁ ကော ၄။ ၁) တွင်အသုံးပြုထားပြီး “ဘဏ္ဍာစိုး” “steward.” ဟုဘာသာပြန်ထားပါသည်။

C. The noun “oikonomia,” နာမ်ပုံစံကို (1 Corinthians 9:17; Colossians 1:25; Ephesians 3:2) တို့တွင် အသုံးပြုထားပြီး “dispensation” ဟုဘာသာပြန်ထားပါသည်။

D. The Lord Jesus ခရစ်တော်သည် ပုံဥပမာနှစ်ခုတို့တွင် ထိုစကားလုံးကို သုံးထားပါသည်။ (Luke 12:42; Luke 16:1,3,8) ထိုဥပမာ နှစ်ရပ်လုံးတွင်သူတစ်ပါး၏ဘဏ္ဍာကိုထိန်းရခြင်း၊တာဝန်ယူရခြင်း၊ အုပ်ချုပ်စီမံရခြင်း၊ စီမံ ခန့်ခွဲရခြင်းနှင့်ဆက်စပ်လျက်ရှိပါသည်။ (stewardship, responsibility, administration and management of another’s property.)

E. တမန်တော်ကြီးရှင်ပေတရုသည် (၁ပေ၊ ၄း၁၀) တွင် “ဘုရားသခင်၏အ ထူးထူးအပြားပြား သော ကျေးဇူး တော်ဘဏ္ဍာစိုးကောင်းကွဲသို့” “...as good stewards of the manifold grace of God.” ဟု သုံးစွဲသည်ကိုတွေ့ရပါသည်။

F. ရှင်ပေါလုသည် ခေတ်ကာလအပိုင်းအခြားနှင့် (dispensations) ပတ်သက်၍အောက်ပါအတိုင်း သွန်သင်ခဲ့ပါသည် -

1. ဘုရားသခင်၏နက်နဲသောအကြောင်းအရာကိုဖော်ပြခြင်းခံရသောဘဏ္ဍာစိုးဌ်သစ္စာရှိရန်လိုအပ်ကြောင်း။
That faithfulness is required by the stewards to whom the mysteries of God are revealed (1 Corinthians 4:1-2).

2. အချိန်ကာလနှင့်ဆက်စပ်မှုရှိကြောင်းနှင့်အချိန်ကာလသည် အဆုံးအဖြတ်ပေးကြောင်း။
That a dispensation can terminate and is definitely connected with time (Galatians 4:2-4).

3. ခေတ်ကာလအပိုင်းအခြားများသည် သီးခြားခေတ်ကာလနှင့်သာသက်ဆိုင်သည်။
That dispensations are related to specific revelation (Ephesians 3:2-6).

4. ခေတ်ကာလအပိုင်းအခြားနှင့်ကမ္ဘာ့ခေတ်ကာလများသည်ဆက်စပ်လျက်ရှိပါသည်။
That dispensations and ages are interrelated (Ephesians 3:9).

5. သာသနာနှစ်ပါးကိုအထင်အရှားသွန်သင်ထားရာထိုသွန်သင်မှုနှစ်ရပ် (Ephesians 1:10; 3:2) တွင် သွန်သင်ထား ချက် များသည် ခေတ်ကာလအပိုင်းအခြားကိုယုံကြည်သွန်သင်သူများ (dispensationalists) နှင့် အတူတူပင်ဖြစ်ပါသည်။

♦ မှတ်ချက်။ သမ္မာကျမ်းစာသည် ခေတ်ကာလအပိုင်းအခြား (၇)ခု (seven dispensations) ရှိသည်ဟုတိကျစွာဖော်ပြထားခြင်းမပြုသော်လည်း၊ ရှင်ပေါလု၏ သွန်သင်ချက်များအရ ထိုအတိုင်းပင် ရည်ညွှန်းလျက်ရှိပါသည်။

IV. ခေတ်ကာလအပိုင်း အခြားများ၏လက္ခဏာများ။ CHARACTERISTICS OF DISPENSATIONS

ခေတ်ကာလအပိုင်းအခြားတစ်ခုတွင်ထင်ရှားသောလက္ခဏာ (၅)ခုရှိပါသည်။ There are five major characteristics to a dispensation: (Learn these characteristics for the test.)

A. ဘုရားသခင်၏သမ္မာတရားအစိတ်အပိုင်းအချို့ (portion or deposit of God's truth) ဘုရားရှင်၏ အလိုတော်အချို့ကို လူတို့၌ဖေါ်ပြလျက်၊ ထိုဖော်ပြချက်သည် လူတို့ကျင့်ကြံပြုမူရန်နှင့်ပတ်သက်၍ သီးခြားဖေါ်ပြ ချက် (particular revelation) ဖြစ်သည်။

B. ဘုရားရှင်၏အလိုတော်ကိုဖေါ်ပြချက် (revelation) နှင့်ပတ်သက်၍ လူတို့စောင့်ထိန်းရ မည့်ကဏ္ဍ (stewardship)၊ လူတို့၏တာဝန် (responsibility)၊လူတို့ နာခံရမည့်ပုံစံ (faithful obedience) ကိုဖော်ပြထား ပါသည်။ လူသည် ထိုဖေါ်ပြချက်အား လိုက်နာမှုရှိ-မရှိကို တိကျသောစမ်းသပ်မှုနှင့်ရင်ဆိုင်ရသည်။

C. ဘုရားရှင်၏အလိုတော်ဖေါ်ပြချက် နှင့် လူတို့လိုက်နာရမည့်တာဝန် (revelation and responsibility) ကာလအပိုင်း အခြား (time period or age) သည်လည်းထင်ရှားပေါ်လွင်လျက်ရှိသည်။

D. လူတို့၏ လိုက်နာရမည့်တာဝန်ပျက်ကွက်မှု။ A record of man's failure to fulfil his responsibility.

E. ထိုပျက်ကွက်မှုအပေါ်ဘုရားရှင်စီရင်ချက်။ A record of God's judgment resulting from this failure.

F. ခေတ်ကာလအပိုင်းအခြားများ (Dispensations)သည် သာမန်ခေတ်ကာလ အပိုင်းအခြားမျှသာ မဟုတ်။ ကယ်တင်ခြင်းရရှိဖို့ နည်းလမ်းများမဟုတ်ပါ။ ထိုခေတ်ကာလအပိုင်းအခြားများသည် ဘုရားသခင်၏အလိုတော် ဖော်ပြခြင်းနှင့် လူတို့အား ထို အလိုတော်နှင့်ပတ်သက်၍တာဝန်သစ်ချမှတ်ပေးခြင်းဖော်ပြတော်မူချက်ကို လူတို့ နာခံခြင်းအကြောင်းကို သမ္မာကျမ်းစာ က မှတ်တမ်းတင်ထားသောထိန်းချုပ်စီမံခန့်ခွဲရေး မှတ်တမ်းဖြစ်ပါ သည်။ ဤသို့ သော အလိုတော်ဖေါ်ပြပုံအဆင့်ဆင့် တို့ (stages of revelation) ကို dispensations ဟုခေါ်ပါသည်။

♦ သမ္မာကျမ်းစာကိုအလေးထားလေ့လာသူတို့သည် ဤ မတူညီသော ခေတ်ကာလ အပိုင်းအခြား (different economies) များကိုပိုမိုလေ့လာတွေ့ရှိ မည်ဖြစ်ပါသည်။ သမ္မာကျမ်းစာကို အသေအချာနားလည်နိုင်ရန် ပညတ်တရားနှင့်ကျေးဇူးတော်တရားတို့၏ ခြားနားချက် (law and grace)၊ ဣသရေလ လူမျိုးနှင့် အသင်းတော်တို့၏ခြားနားချက် (Israel and the Church)၊ အာဗြဟံအားပေးထားသောကတိ တော်များနှင့် (promises made to Abraham) ခမ္မသစ် ကျမ်းပါယုံကြည် သူတို့အား ပေးထားသောကတိတော်များ (promises to New Testament believers) စသည်တို့ကိုခွဲခြားသိ ရှိရမည်ဖြစ်ပါသည်။

♦ ခရစ်တော်သွန်းတော်မူခဲ့သောအသွေးတော်သည် လုံလောက်သောပူဇော်သက္ကာဖြစ်လျက် ယုဒဘာသာထုံးစံ နှင့်အညီယဇ်ပလ္လင်ပေါ်တွင်ပူဇော်သက္ကာထပ်မံ၍ပူဇော်ခြင်းမပြုသူ၊ စနေနေ့တွင်ဘုရားသခင်အား ကိုးကွယ်ခြင်းပြုရမည့်အစား တနင်္ဂနွေနေ့တွင်ကိုးကွယ်ခြင်းကိုပြုသောသူအားလုံးတို့သည် ခေတ်ကာလအပိုင်း အခြားကို လက်ခံ သူများဖြစ်သည် (dispensationalists) ဟုသတ်မှတ်နိုင်ပါသည်။

♦ ခေတ်ကာလအပိုင်းအခြားနှင့်ကမ္ဘာ့ခေတ်ကြီးများတို့သည် တိုက်ဆိုင်စွာဖြစ်ပေါ်ကြောင်းတွေ့ရှိရ မည်ဖြစ်ပါသည်။ Dispensations and ages coincide in their historical outworking (Ephesians 3:9).

V. အဆင့်ဆင့် ဖော်ပြတော်မူခြင်းနှင့် ခေတ်ကာလအပိုင်းအခြားတို့၏ ဆက်စပ်ပုံ။ THE RELATIONSHIP OF DISPENSATIONALISM TO PROGRESSIVE REVELATION

A. သမ္မာကျမ်းစာသည် သမ္မာတရားကိုအပြည့်အစုံဖော်ပြခြင်းမဟုတ်(Bible is not an exposition of a complete revelation)၊ ခေတ်ကာလတလျှောက်လုံးတွင်အဆင့် ဆင့်ဖော်ပြထားသော အချက်များကို အပြည့် အစုံမှတ်တမ်းတင်ခြင်းဖြစ်သည် (story of a complete revelation progressively unfolding) ဟုခေတ် ကာလ အပိုင်း အခြားကိုလက်ခံသူများ (dispensationalist)ကမှတ်ယူသည်။

B. ခေတ်ကာလအပိုင်းအခြားအလိုက်သမ္မာကျမ်းစာကိုလေ့လာခြင်းအားဖြင့် ခေတ်ကာလအလိုက် အ ဆင့်ဆင့် ဖော်ပြထား မှုကိုတိကျစွာသိရှိနိုင်စေသည်။

1. ပေါလုက"ဘုရားသခင်သည်မိုက်မဲသောအချိန်ကာလတို့ကိုအမှုမထားဘူးသော်လည်း၊ ယခုမှာ ကိုယ့် အပြစ် ကိုယ်မြင်၍နောင်တရကြလော့" ဟုအာရေတောင်ပေါ်တွင်ထုတ်ဖော် ပြောကြားခဲ့ ပါသည်။ (Acts 17:30).

2. (John 1:17) — "အကြောင်းမူကား ပညတ်တရားကိုမောရှေလက်ထက်တွင်ပေးတော်မူ၏။ ကျေးဇူး တရားနှင့် သစ္စာတရားမူကားယေရှုခရစ်အားဖြင့်ဖြစ်သတည်း"။ "For the law was given by Moses, BUT grace and truth CAME by Jesus Christ".

♦ ခေတ်ကာလအပိုင်းအခြားများကိုယုံကြည်သူမဟုတ်သည့်ကျမ်းတတ်ပုဂ္ဂိုလ် Bernard Ramm ကဤသို့ ရေးထား ပါသည်။ "ခေတ်ကာလအပိုင်းအခြားကိုယုံကြည်သူတို့ ၏လေ့လာမှုကြောင့် ခေတ်ကာလအလိုက် အဆင့်ဆင့်ဖော်ပြထားခြင်း များကို ပိုမိုထင်ရှား၍ တွေ့မြင်ရပြီးဖြစ်ပါသည်။" "A clearer realization of progressive revelation has been due largely to the beneficial influence of dispensationalism."

C. တစ်စုံတစ်ခုသောခေတ်ကာလအတွက် ပေးထားသောဘုရားသခင်ဖော်ပြတော်မူသည့် သမ္မာတရား (The truth dispensed by God) သည် ထိုခေတ်ကုန်ဆုံးချိန် (သို့မဟုတ်) ခေတ်ပြောင်းသွားချိန် (period or economy) တွင်သမ္မာတရား အဖြစ်ကို ဆက်လက်ထပ်ဆင့်ခြင်း၊ ဆက်လက်၍ ဖြည့်စွက်ခြင်း (progressive and cumulative) သာဖြစ်ပါသည်။ ဥပမာ အားဖြင့်ကိုယ့်ကိုယ်ကိုသိသောအသိစိတ်(CONSCIENCE) အုပ်စိုးသော ခေတ်ကာလ မဟုတ်တော့သော်လည်း ယနေ့ တိုင်အောင်ထိုသမ္မာတရား သည်တည်ရှိဆဲ ပင်ဖြစ်ပါသည်။ (Romans 2:15; 9:1-2; 2 Corinthians 1:12; 4:2) ပညတ်တရား သည်လည်း ယခုအခါ ပညတ်တရားခေတ် (LAW) မဟုတ် သော်လည်း သမ္မာကျမ်းစာ၏ မရှိမဖြစ်သောအရာအဖြစ် ဆက်လက်ရပ်တည် လျက်ယနေ့ တိုင်အောင်အကျိုးကိုပေးလျက်ပင်ရှိနေပါသည်။ (2 Timothy 3:15-17; Romans 7:7; 15:4; Galatians 3:19, 24; 5:18).

VI. ဝေဖန်သုံးသက်ချက်များကိုပြန်ဖြေခြင်း။ ANSWERING CRITICS

A. ခေတ်ကာလအပိုင်းအခြားဖြင့်လေ့လာခြင်းကိုလက်ခံသူများ (dispensationalists)သည် ကယ်တင်ခြင်း ရရှိရန် သမ္မာကျမ်းစာကယုံကြည် သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်း ရောက်သည့်နည်းအပြင် အခြားနည်းအမျိုးမျိုးဖော်ပြထားသည်(scripture reveals various ways of salvation other than by grace through faith) ဟုယုံကြည် ကြောင်းဖြင့်အချို့ဝေဖန်သူများကထင်မှတ်ထားပါသည်။
ဤအချက်မှာမမှန်ပါ။ ခေတ်ကာလအပိုင်းအခြားဖြင့် လေ့လာခြင်းကိုလက်ခံသူများ (dispensationalists) ကို ကျွန်ုပ်တွေ့ဘူးပါသည်။ သို့သော်ထိုသူများတွင် ဤသို့မိုက်မဲစွာယုံကြည်သူမတွေ့ရှိရပါ။ ဘုရားသခင်သည် ယုံကြည်ခြင်းအပေါ်၌ သာလျင် အခြေတည်၍ ဖြောင့်မတ်ခြင်းကိုပေးပါသည်။ (Genesis 15:6; Galatians 3:6; Hebrews 11:7, 13:14-28).

B. ခေတ်ကာလအလိုက်ခွဲခြားလေ့လာခြင်းစံနစ် (dispensationalism) သည် သမ္မာကျမ်းစားကို ကွဲပြား မှုဖြစ်စေလျက် သမ္မာကျမ်းစာ၏ညီညွတ်မှုကို ပျက်ပြားစေပြီးမလိုလားအပ်သော အကျိုးများကိုဖြစ်စေသည် (divisive, that it destroys the unity of the Bible with adverse results.) ဟုစွပ်စွဲသူများလည်း ရှိပါသည်။

ခေတ်ကာလအလိုက်ခွဲခြားလေ့လာသူ (Dispensationalists) များသည် သမ္မာကျမ်းစာ၏ မမှားယွင်းနိုင်မှုကိုလည်းကောင်း၊ ကျမ်းစာစကားလုံးတိုင်းအား မှုတ်သွင်းတော်မူခြင်းကိုလည်းကောင်းလက်ခံယုံကြည်သည်။ သမ္မာကျမ်းစာကို အနက်ဖွင့်ရာတွင်လည်း စာရိတ္တဆိုင်ရာ တိုက်ရိုက်သွန်သင်မှုမဟုတ်လျင်၊ ကျမ်းစကား အပေါ်တွင် အခြေခံ၍အနက်ဖွင့်ခြင်းကိုသာယုံကြည်ကြသည်။ အကယ်၍ ဤယုံကြည်ချက် မရှိပါလျှင် ခွဲခြားပိုင်းခြားလေ့လာခြင်းသည် ကွဲပြားမှုဖြစ်စေနိုင်ပါသည်။ ထို့အပြင်ခေတ်ကာလအပိုင်းအခြားကို လက်ခံ သူများသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာမည့်အချိန်သည် အနှစ်တစ်ထောင်ကာလမတိုင်မီ၊ ဘေးဒဏ်ကြီး ကာလမတိုင်မီဖြစ်သည်ဟုယုံကြည်ထားကြပါသည်။ ဤအမြင်ကိုငြင်းပယ်သူအများရှိပြီး ကွဲပြားသော သဘော လည်းရှိပါသည်။

C. အချို့သော ဝေဖန်ရေးသမား (critics) များကမူ ကျမ်းတတ်ပုဂ္ဂိုလ်များသည် ၎င်းတို့ ပါရဂူဘွဲ့ကို ရရှိပြီးသောအခါ dispensationalism ဝါဒကို ဝေးဝေးကရှောင်ကြောင်း စောဒကတက်ကြသည်။


D. အချို့တို့သည် ခေတ်ကာလအပိုင်းအခြား စံနစ် (dispensationalism) ကို သမိုင်းရှုဒေါင့်မှနေ၍ တိုက်ခိုက်ကြပါ သည်။ သမိုင်း အရကြည့်လျှင်နေသေးကြောင်း၊ John Nelson Darby မှစ၍တင်ပြပြီး Plymouth Brethren တို့ကထောက်ခံသည်။ Scofield Bible ကထောက်ခံသည်။ ဤယုံကြည်ချက်သည် မကြာသေးမီကမှပေါ်လာသော ယုံကြည်ချက်ဖြစ်၍ ခေတ်သစ်အတွေး(modernistic) အခေါ်ဖြစ်ပြီး မှန်မမှန် သမိုင်းအရ စစ်ဆေးရန်စောသေးကြောင်းပြောပါသည်။

ကနဦးအသင်းတော်ခေတ်က ကလေးသူငယ်များအားဗတ္တိဇံပေးခြင်း (infant baptism) နှစ်ခြင်းခံလျှင် ကယ်တင်ခြင်းရသည် (baptismal regeneration) ဟူသော မှားယွင်းသည့်ဝါဒများ ပေါ်ပေါက်ခဲ့သည်။ ဩဝါဒ (position or doctrine) တခု၏ ကာလအပိုင်းအခြားကို မူတည်ပြီး၊ ထိုဩဝါဒအား မှန်ကန်သည်-မှားယွင်းသည် ဟူ၍ဆုံးဖြတ်ခြင်းမပြုနိုင်ပါ။ အတွေးအခေါ်၏မှန်ကန်မှုကို သမိုင်းဖြင့်မစစ်ဆေးပါ။ ယုံကြည်ချက် တစ်ခု၏ မှန်ကန်မှုကိုစစ်ဆေး ရာတွင် သမ္မာကျမ်းစာ၏ဖော်ပြ ချက်များနှင့်ကိုက်ညီမှုရှိမရှိကိုသာ အခြေတည်ပြီး စစ်ဆေးရမည်ဖြစ်ပါသည်။ (The only absolute test is whether a position or doctrine is in total harmony with biblical revelation.)

VII. ခေတ်ကာလအပိုင်းအခြားလေ့လာခြင်း ဇယား - “A DISPENSATIONAL TIME TABLE”

ဤဇယားကို သေချာစွာလေ့လာပါ။ ဇယားတွင် ဖေါ်ပြထားသော ကျမ်းပိုဒ်များအားလုံးကို လေ့လာပါ။ ဤဇယားတွင် လူတို့လိုက်နာရန်အချက်များဖြစ်သော ဘုရားရှင်၏ပညတ်ချက်များ (particular revelation) ကို တင်ပြထားသည်။ ခေတ်ကာလအပိုင်းအခြား ၇-ခု (seven such periods,) ကို တင်ပြထားသော်လည်း၊dispensationalist တဦးဖြစ်လာဖို့ ရန်အတွက် ထိုကာလ အပိုင်းအခြား ၇-ခုစလုံးကို မဖြစ်မနေဆုတ်ကိုင်ထားရန်မလိုအပ်ပါ။ အချို့က ၂ခု၊ ၃-ခု၊ ၅-ခု စသဖြင့် ကာလပိုင်းခြားနိုင်သည်။ ကာလ ၇-ခု ခွဲခြားပြီး လေ့လာလျှင်မူ ပိုမိုရှင်းပါသည်။

A DISPENSATIONAL TIME TABLE - ခေတ်ကာလအပိုင်းအခြားများ၏အချိန်ဇယား(see figure)



VIII. ခေတ်ကာလအပိုင်းအခြားအချိန်ဇယား - "DISPENSATIONAL BIBLE REFERENCES"

ခေတ်ကာလအပိုင်းအခြားတစ်ခုအတွက် ဖော်ပြထားသော လက္ခဏာများနှင့် သက်ဆိုင်ရာကျမ်းချက်များကို ဖော်ပြထားပါသည်။ ဇယားကိုသေချာစွာ လေ့လာပြီးပေးထားသော ကျမ်းချက်များအား လုံးဖတ်ပါ။

Dispenssation ခေတ်ကာလအပိုင်းအခြား	Men's State လူ၏အခြေအနေ	God's Revelation & Responsibility ဘုရားရှင်ဖွင့်ပြချက်နှင့် လူ၏တာဝန်	Men's Failure လူ၏ကျဆုံးမှု	God's Judgement ဘုရားရှင်၏ တရားစီရင်ချက်
INNOCENCE - အပြစ်မဲ့ကာလ ကမ္ဘာ ၁း၂၆-၂၈၊ ၃း၆-၈	ကမ္ဘာ ၁း၂၆-၂၈	ကမ္ဘာ ၂း၁၇	ကမ္ဘာ ၃း၆-၉	ကမ္ဘာ ၃း၁၅-၁၆
CONSEIENCE- အသိတရားဖြင့်အုပ်စိုးကာလ ကမ္ဘာ ၃း၇ - ၈း၁၄	ကမ္ဘာ ၃း၂၂-၂၄	ကမ္ဘာ ၄း၇	ကမ္ဘာ ၆း၅	ကမ္ဘာ ၆း၁၇-၁၈၊ ၇း၁၁
HUMAN GOVERNMENT- လူအုပ်စိုးခြင်းကာလ ကမ္ဘာ ၈း၁၅ - ၁၁း၃၂	ကမ္ဘာ ၇း၁	ကမ္ဘာ ၉း၁	ကမ္ဘာ ၁၁း၁-၁၁	ကမ္ဘာ ၁၁း၅-၉
PROMIST - ကတိတော်ကာလ ကမ္ဘာ ၃း၇ ၁၂း၁ ထွက် ၁၈း၂၇	ကမ္ဘာ ၁၂း၁	ကမ္ဘာ ၁၂း၁၀၊ ၁၅း၁၇-၁၈၊ ၂၆း၁-၅	ကမ္ဘာ ၄၇း၁-၅၀း၂၆ ဂေါရှုန်အရပ်မှ ယောသပ်သချိုင်းထိ	ထွက် ၁း၁၃ ညှင်းဆဲခံရခြင်း
THE LAW- ပညတ်တော်ကာလ ထွက် ၁၉း၄-၂၄ ယော ၁၉း၃၀	ထွက် ၁၉း၄-၂၄	ထွက် ၁၉း၅-၆	၄ရာ ၁၇း၇-၂၃	တရား ၂၈း၆၃-၆၈
GRACE/CHURCH- ကျေးဇူးတော်/အသင်းတော်ကာလ တမန် ၂း၁၊ ၈ ၃း၂-၇ ၁သက် ၄း၁၆-၁၈	လု ၁၉း၁၀	ယော ၁း၁၁-၁၂	၂တိ ၃း၁-၅	မဿဲ ၂၄း၂၁
Concluded by Rapture ချီဆောင်ခြင်းကာလ	ယော ၁၄း၁-၃	၁သက် ၄း၁၅-၁၈	၂သက် ၂း၁-၈	ယေရမိ ၃၀း၇
Followed by Tribulation ဘေးဒဏ်ကြီးကာလ	မဿဲ ၂၄း၂၉	ဒံ ၉း၂၄-၂၇	ဒံ ၁၂း၁	ဗျာ ၄း၁၈
THE KINGDOM- နိုင်ငံတော်တည်ထောင်ခြင်းကာလ ဗျာ ၁၉း၁၁- ၂၀း၄ ဗျာ ၂၁-၂၂	တမန် ၁၅း၁၆	ဟေရှာ ၂း၂-၄၊ ဟေရှာ ၁၁	ဗျာ ၂၀း၇-၉	ဗျာ ၂၀း၁၁-၁၅

IX. ကာလအပိုင်းအခြားအလိုက်လေ့လာခြင်း၏အကျိုး။ - THE VALUE OF DISPENSATIONAL STUDY

A. "သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်သောဆရာ" ဖြစ်စေခြင်းငှာ ကျမ်းစာကိုကြိုးစားအားထုတ်

လေ့လာရန်ရှင်ပေါလုက တိမောသေအားတိုက်တွန်းထားပါသည်။ (2 Tim. 2:15) သမ္မာကျမ်းစာကို ခေတ်ကာလအပိုင်းအခြားအလိုက် လေ့လာခြင်းဖြင့် အခြေခံအဓိပ္ပါယ်နှင့်ထိုခေတ်ကရည်ရွယ်ချက်ကို ပါဝင်ရှိလျက်ထိရောက်စွာနားလည်စေနိုင်ပါသည်။

B. သမ္မာကျမ်းစာကိုလေ့လာသူအနေဖြင့်အသင်းတော်အားပေးထားသောကတိတော်များနှင့်အာပြဟံ၊ ဒါဝိဒ်ကသရေလ လူမျိုးတို့အားပေးထားသောကတိတော်များကိုကွဲပြားခြားနားစွာနားလည်ရန်အရေး ကြီးပါသည်။ သမ္မာကျမ်းစာကို ခေတ်ကာလ အပိုင်းအခြားအလိုက်လေ့လာသောအခါမည်သည့်ကတိ တော်ကိုမည်သူ အားပေးထားကြောင်းကိုသိရှိစေလျက် စိတ်တက်ကြွမှု ကို အလျှင်တစောမဖြစ်စေပါ။

C. အချို့သောခေတ်ကာလများ (Certain economies) တွင်ထူးခြားသောအခြေအနေအရ ဘုရားသခင်သည် သူ၏သမ္မာတရား ကိုလူတို့အား စမ်းသပ် နိုင်ရန်သီးခြားတာဝန်နှင့်တကွဖော်ပြတော်မူကြောင်း ကိုကွဲပြားခြားနားစွာတွေ့ ရှိနိုင်မည်ဖြစ်သည်။ ဘုရားသခင် ၏အလိုတော် နှင့် အကြံတော်ကို ခေတ်ကာလ အလိုက်လေ့လာမှသာအခြား ခေတ်ကာလများနှင့်ကွဲပြားနေမှု ကိုသိရှိနိုင် မည်ဖြစ်ပါသည်။

D. မမှသစ်ကျမ်းနှင့်မမှဟောင်းကျမ်းတို့၏ခေတ်ကာလများခွဲခြားရန်လိုအပ်ကြောင်းသမ္မာ ကျမ်းစာပညာရှင် အားလုံးက သဘောတူ လက်ခံထားကြပါသည်။ ခေတ်ကာလအလိုက် ပိုင်းခြားမှသာဤလိုအပ်ချက်ကို ပြည့်မီစေမည်ဖြစ်ပါသည်။

E. ခေတ်ကာလအပိုင်းအခြားအလိုက် လေ့လာသူများသည် ဘုရားသခင်က အာပြဟံအား ကတိ ထားတော်မူခဲ့သည်နှင့်အညီ အစ္စရေးနိုင်ငံသည် တည်ထောင်ဖြစ်ပေါ်လာလိမ့်မည်ဟူ၍လည်းကောင်း၊ ရစ်တော်သည် "ဒါဝိဒ်မင်းကြီး၏ ရာဇပလ္လင် ပေါ်တွင်ထိုင်လျက်ယေရှရှလင်မြို့တွင်စိုးစံလျက်အနှစ်တစ်ထောင်ကာလအတွင်း မြေကြီးပေါ်တွင်အုပ်စိုးမည်ဟူ၍လည်းကောင်းယုံကြည်ပါသည်။ ထိုသူတို့အ တွက်ဤအရာသည်လူ့သမိုင်း၏ပန်းတိုင်ဖြစ်သည်။ အနှစ်တစ်ထောင်ကာလအယူအဆကို လက်မခံသူများနှင့် ကတိတော်ကို ယုံကြည်သောကျမ်းတတ် (covenant theologians)များသည် ဤအယူအဆများကို ဆန့်ကျင်လျက် အကောင်းနှင့် အဆိုးဒွန်တွဲနေမှုသည် ထာဝရကာလအတွက်ဟု ယုံကြည်ထားပါသည်။ ခေတ်ကာလအပိုင်း အခြားအလိုက်လေ့လာခြင်းသည်သာ လူ့သမိုင်းစဉ်၏ ပန်းတိုင်ကိုအမှန်သိရှိစေပါသည်။

နိဂုံး - Conclusion:

dispensationalist ဆိုသည်မှာ အောက်ပါတို့ ကို လက်ခံယုံကြည်သူဖြစ်သည်။

1. သမ္မာတရား၏ ဖော်ပြမှုသည် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်ဆင့်ဖြစ်သည်ဟု ယုံကြည်သူဖြစ်သည်။ Believes that the revelation of truth was progressive.
2. သမ္မာကျမ်းစာသည်မူလက နူတ်တိုက်တစ်လုံးချင်းပေးထားသောကျမ်းဖြစ်လျက် မမှားနိုင်ဟု ယုံကြည်သူဖြစ်သည်။ Believes that the scriptures, as originally given, were verbally inspired and inerrant.
3. သမ္မာကျမ်းစာ၌ရေးထားသော စကားလုံးအဓိပ္ပါယ်ထက်၊ ထပ်ဆင့်အဓိပ္ပါယ်ရှာဖွေခြင်းမပြုဘဲ (Spiritualization) ပုံမှန်၊ သာမန်ရိုးရိုးအရှိအတိုင်းလက်ခံလျက်အနက်ဖွင့်သူများဖြစ်သည်။ Does not unnecessarily spiritualize or allegorize scripture, but rather gives to them a normal, plain and

literal interpretation.

4. လူသမိုင်းအစဉ်နှင့်ထာဝရကာလ၌ ဘုရားသခင်၏ရည်ရွယ်ချက်သည် ဘုန်းတော်ထင်ရှားရန်သာဖြစ်သည်ဟု ယုံကြည်သူများဖြစ်သည်။ Believes God's purpose in history and in eternity is His own glory.

♦ သတိထားရမည့်အချက်တစ်ချက်ရှိပါသည်။ "Ultra-dispensationalist" ခေါ် တစ်ဖက်စွန်းရောက်ခေတ်ကာလ အလိုက်လေ့လာမှုကို လက်ခံသူများရှိပါသေးသည်။ ထိုသူတို့၏ ယုံကြည်ချက်ကြောင့် ခေတ်ကာလအလိုက်လေ့လာခြင်းကိုပင် လက်မခံသူများပေါ်ပေါက်လာစေတတ်ပါသည်။ ဥပမာ-အချို့ခေတ်ကာလသမားများသည် ဓမ္မဟောင်းကျမ်း တစ်ခုလုံးကို အလေးမထား၊ တောင်ပေါ်ဒေသနှင့် ရှင်မသဲ ခရစ်ဝင်ကျမ်းတို့သည် ကျွန်ုပ်တို့နှင့် သက်ဆိုင်မှုလုံးဝမရှိဟုယုံကြည်သူများပင်ရှိပါသည်။ အများအားဖြင့် ခေတ်ကာလအလိုက် လေ့လာခြင်းကို ယုံကြည်သူများ၏ခံယူချက်မှာ "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူခြင်းအားဖြင့်ဖြစ်သည်" "ALL scripture is given by inspiration of God AND IS PROFITABLE..." (2 Timothy 3:16), ကျမ်းစာရှိသမျှတို့သည် ကျွန်ုပ်တို့လိုက်နာ ရန်မဟုတ်သော်လည်း ကျမ်းစာ ရှိသမျှသည် ဘုရားသခင်ရှေ့တော်၌ ဝန်ခံတော်မူသောသူဖြစ်စေခြင်းငှာ သမ္မာတရား ကိုမှန်ကန်စွာပိုင်းခြားတတ်သော ဆရာဖြစ်စေရေးအတွက်လေ့လာရန်ဖြစ်ပါသည်။

ကျမ်းစာခေတ်ကာလအပိုင်းအခြားဆိုင်ရာမေးခွန်းများ — သင်ခန်းစာ (၂၈)

1. ခေတ်ကာလများကို လေ့လာခြင်း (dispensations) သည် ကျမ်းစာအလေးထားလေ့လာသူများကို အောက်ပါအကျိုး ရစေသည်။(၄-မှတ်)

a. ကျမ်းစာသည် အသက်ရှင်သောစာအုပ်ဖြစ်စေသည်။make the Bible a living book to them.

b. ကျမ်းစာထဲမှ မရှင်းလင်းသည့်အချက်များ ရှင်းလင်းသည်။make all Bible problems become clear.

c. ကောင်းသော ကျမ်းတတ်ဆရာဖြစ်စေသည်။make them a better teacher.

2. (Dispensationalism) ကျမ်းစာကိုခေတ်ကာလခွဲခြားလေ့လာခြင်း ဆိုသည်မှာ……(၄-မှတ်)

a. ဓမ္မဟောင်းကာလတွင် အရိပ်ဖြစ်လျက်၊ ဓမ္မသစ်ကာလတွင် အကောင်အထည်ဖြစ်ခဲ့သော ကျမ်းစာပါအချက်များကို ရှာဖွေလေ့လာနည်း။ a way to study the Bible that looks for all Old Testament prophecies to be fulfilled in the New Testament.

b. အာဒံမှ ခရစ်တော်ထိ ဘုရားရှင်၏ဖေါ်ပြချက်များသည် အဆင့်ဆင့်ဖြစ်ကြောင်းလေ့လာနည်း။a way of Bible study that shows that revelation from Adam to Christ was progressive.

c. ဓမ္မဟောင်းကာလပုံဆောင်ချက်များသည် ဓမ္မသစ်ကာလတွင် ပြည့်စုံလာကြောင်း လေ့လာနည်း။a way of Bible study that looks for types in the Old Testament to be fulfilled in the New Testament.

3. ခရစ်တော်သည် "oikonamia" စကားလုံးကို ဥပမာ ၂-ခုတွင်သုံးခဲ့သည်။ဂင်းမှာ….(၃-မှတ်)

a. တာဝန်ယူမှု responsibility.

b. အခွင့်အရေးယူမှု opportunity.

c. အထူအခွင့်အရေးယူမှု privilege.

4. ရှင်ပေါလု က “oikonomia” စကားလုံးကို 1 Peter 4:10 တွင် သုံးခဲ့ခြင်း၏ဆိုလိုချက်မှာ.....(၃-မှတ်)
a. သူ တမန်တော် ရာထူးကိုရသည်။he had received the office of apostleship.
b. သူ အထူးအခွင့်အရေးရသည်။he was privileged.
c. သူ ဘဏ္ဍာထိန်းဖြစ်သည်။ he was a steward.

5. dispensation၏ အဓိကလက္ခဏာ ၄-ချက်ကိုရွေးပါ။(၁၂-မှတ်)
a. လူတို့ လိုက်နာရန် ဘုရားရှင်၏သမ္မာတရားအချို့ ကိုဖေါ်ပြခြင်း။A portion of God’s truth is revealed to man along with God’s requirement of man.
b. လိုက်နာသူများအတွက် အထူးအခွင့်အရေးများတိုးပေးခြင်း။ A privilege is extended for those who keep the requirement.
c. ခေတ်ကာလအသီးသီးတွင် ဘုရားရှင်မှပေးထားသော လူတို့ လိုက်နာရန်အချက်များ။God gives a designation of man’s responsibility during each dispensation.
d. ခေတ်ကာလတိုင်းတွင် လူသားတို့ ကျရှုံးခြင်းဖြင့်သာ အဆုံးသတ်သည်။Every dispensation closes with a record of man’s failure.
e. ခေတ်ကာလတခုအတွင်း ဘုရားရှင်ကောင်းကြီးပေးသောမှတ်တမ်းတခုရှိသည်။ There is always a record of rewards earned during the dispensation.
f. ခေတ်ကာလတခုတွင် ကျရှုံးသောလူအတွက် ဘုရားရှင်၏စီရင်ချက်မှတ်တမ်းတခုရှိသည်။There is always a record of God’s judgment at the close of the dispensation if man failed.

6. dispensation ၏ရှင်းလင်းသောလက္ခဏာတခုမှာ....(၃-မှတ်)
a. ကယ်တင်ခြင်းနည်းလမ်းအသစ်တခုကို ပြသည်။shows a new way to be saved.
b. ခေတ်ကာလအပိုင်းအခြားတခုကိုသာပြသည်။clearly shows that it is only a period of time.
c. ဖေါ်ပြချက်တခုကို ရှင်းလင်းစွာသိစေသည်။distinguishes a stage of revelation.

7. dispensation ကာလတခုအတွင်း၌ အသက်ဝင်သည့် သမ္မာတရားမှာ.....(၃-မှတ်)
a. ထိုကာလ၌သာ အသက်ဝင်သည်။only during that dispensation.
b. အခြားသောခေတ်ကာလ၌အသက်ဝင်သည်။into another dispensation.
c. ယေရှုပြန်ကြွလာချိန်အထိ အသက်ဝင်သည်။until Jesus returns.

8. သမ္မာကျမ်းစာကို ခေတ်ကာလများအလိုက် နားလည်ပိုင်းခြားလေ့လာခြင်း (A dispensational study of the Bible) သည် ကတိတော်များကို ခွဲခြားစိတ်ဖြာရာတွင် အသုံးဝင်သည်။ အဘယ့်ကြောင့်ဆိုသော်.....(၃-မှတ်)
a. ကျမ်းစာကတိတော်အားလုံးသည် ယနေ့ ခေတ်ယုံကြည်သူများအတွက်ဖြစ်၍။all the promises in the whole Bible are for believers today.
b. ဓမ္မသစ်ကျမ်းစာကတိတော်များသာ ယနေ့ ခေတ်ယုံကြည်သူများအတွက်ဖြစ်၍။only promises in the New Testament are for believers today.
c. ကတိတော်များသည် ပညတ်တရားလိုက်နာသူတို့ အတွက်သာဖြစ်၍။promises are valid only to those

to whom they are made.

9. ခေတ်ကာလကိုပိုင်းခြားလေ့လာရာတွင် တဖက်စွန်းရောက် လေ့လာသူများ “ultra dispensationalist” ဆိုသည်မှာ.....(၃-မှတ်)

a. ကျမ်းစာသည် ဘုရားရှင်မှပေးသည်ဟု ယုံကြည်သူ။believes that all Scripture is given by God.

b. ဓမ္မဟောင်းကျမ်းနှင့်ရှင်မသဲကျမ်းကို မယုံကြည်သူ။disregards the Old Testament and the Gospel of Matthew.

c. ဗျာဒိတ်ကျမ်းသည် ကျမ်းစာ၏အစိတ်အပိုင်းတခုဟု မယုံကြည်သူ။does not believe that the book of “Revelation” should be part of the Bible.

10. dispensations နှင့်ပတ်သက်၍ ရှင်ပေါလုပြောခဲ့သောအရာများကို ယှဉ်တွဲပါ။(၉ -မှတ်)

____ နက်နဲသောအရာများကိုဖွင့်ပြခြင်းခံရသူများသည် သစ္စာရှိရမည်။ faithfulness is required of those to whom mysteries are revealed — a. Galatians 4:2-4

____ ခေတ်ကာလသည် အချိန်နှင့်ဆက်စပ်နေပါသည်။ dispensations are connected with time. — b. 1 Corinthians 4:1-2

____ ခေတ်ကာလသည်အထူးဖွင့်ပြချက်နှင့် ဆက်စပ်နေပါသည်။ dispensations are related to specific revelation. — c. Ephesians 3:2-6

11. အောက်ပါဝါကျတွင် သင့်တော်သောစကားလုံးကိုရွေးချယ်ပြီး ကွက်လပ်တွင်ဖြည့်ပါ။(၁၆-မှတ်)

Words to choose from: နှစ်များ(years), အချိန်ကာလများ(periods of time), လိုအပ်ချက်များ (requirements), အခွင့်အလမ်းများ (opportunities), သမ္မတရားတပိုင်းတစများ (portions of truth), စမ်သပ်ချက် (test), အထူးအခွင့်အရေး (privilege), ဆုလာဒ် (reward), တာဝန်ယူမှု (responsibility), ဖော်ပြခြင်း (revelation)

မြောက်များစွာသော ..... များဖြင့် ဘုရားရှင်သည် လူတို့အား ..... များကိုဖွင့်ပြခဲ့သည်။ ထို .....များနှင့် ပတ်သက်၍ လူတို့အား အထူး ..... အောက်တွင်ထည့်သွင်းထားသည်။

“Through various _____ God revealed special _____ to man and placed him under a particular _____ regarding _____.”

12. အောက် ပါဝါကျတွင် သင့်တော်သောစကားလုံးကိုရွေးချယ်ပြီး ကွက်လပ်တွင်ဖြည့်ပါ။(၁၆-မှတ်)

Words to choose from: မှန်သော (true), တိုးတက်ဖြစ်ထွန်းနေသော (progressive), သမ္မာကျမ်းစာ (Scripture), အကြွင်းမဲ့ (plenary), နူတ်အားဖြင့် (verbally), မမှားယွင်း (inerrant), တစိတ်တပိုင်း (partially), သဒ္ဒါစာပေအတိုင်း (literal), အမှတ်လက္ခဏာ (symbolical)

a. ခေတ်ကာလပိုင်းခြားခြင်းကိုယုံကြည်သောသူသည် ဘုရားသခင်၏ဖွင့်ပြခြင်းမှာ ..... ဖွင့်ပြခြင်းဟု ယုံကြည်သည်။

A dispensationalist believes that the revelation of truth was _____.

b. ခေတ်ကာလပိုင်းခြားခြင်းကိုယုံကြည်သောသူသည် "သမ္မာကျမ်းစာသည်..... မူတ်သွင်းပြီး ..... သည်" ဟုယုံကြည်သည်။

A dispensationalist believes that the Bible, as originally written, was ____ inspired and ____.

c. ခေတ်ကာလပိုင်းခြားခြင်းကိုယုံကြည်သောသူသည် ..... သမ္မာကျမ်းစာအနက်ဖွင့်ခြင်းကို ယုံကြည်သည်။ A dispensationalist believes in the _____ interpretation of the Bible.

13. ဤသင်ခန်းစာတွင်လေ့လာခဲ့ပြီးသော dispensations ၇-ခုစာရင်းကိုရေးချပါ။(၂၁-မှတ်)

1._____

2._____

3._____

4._____

5._____

6._____

7._____

သင်ခန်းစာ (၂၉)၊ နတ်ဆိုး၊ ဝိညာဉ်ဆိုးအကြောင်း - Demonology

နိဒါန်း - Introduction

ဝေဖန်ရေးဆရာများ (Rationalistic critics) နှင့် ဝိညာဉ်လောက (supernatural) နှင့်ဆိုင်သောအရာများကို လက်မခံသူများသည်နတ်ဆိုး၊ ဝိညာဉ်ဆိုးများရှိကြောင်းကို ငြင်းဆိုကြပါသည်။ ခရစ်တော် သည်နတ်ဆိုးတို့အား နှင်ထုတ်ခဲ့သည်မှာလည်း မကောင်းမှု (evil) အပေါ်အနိုင်ယူခြင်းကို ဖော်ပြသော လက္ခဏာသာ ဖြစ် သည်ဟု အချို့ပြောကြပါသည်။ ဘာသာရေးအယူသီးနေသူ (religious superstition) တို့ကို စိတ်သက်သာမှုဖြစ်စေရန် ခရစ်တော်က ဆောင်ရွက် လိုက်ခြင်းသာဖြစ်သည်ဟု သွန်သင်သူများလည်း ရှိပါသည်။

သို့ရာတွင် နတ်ကိုးကွယ်ခြင်းဓလေ့ (demon worship) ကို ရာစုနှစ်ပေါင်းများစွာ လိုက်စားသောဒေသများ (pagan areas) သို့သာသနာပြုကြသော သာသနာပြုဆရာများသည် နတ်ဆိုးလွှမ်းမိုးမှု၊နတ်ဆိုးပြုစားမှု၊ နတ်ပူးခြင်းစသည်များ ရှိနေကြောင်းကို သက်သေခံကြသည်။ အမေရိကန်ပြည်ထောင်စုနှင့် အခြား တိုးတက်သောနိုင်ငံများတွင် ဖြစ်ပျက်နေသော ရာဇဝတ်မှု(hideous crimes)၊ မကောင်းမှု(evil)၊ သဘာဝ မကျသောအရာ(unnatural)၊ မယဉ် ကျေးသောအရာ (immoral)၊ တိရိစ္ဆာန်သဘောရှိသောအရာ (beastly practices)၊ ဘာသာရေးအယူသီးမှု(religious bedlam)၊ အတုအယောင်ဘာသာပေါ်ပေါက်ခြင်း(the rise of false religions)၊ အတုအယောင် သွန်သင်မှု(false religious teachers)၊ မွေးနေ့ဆိုင်ရာဗေဒင်()၊ နက္ခဗေဒင်(horoscopes)၊ အနာဂါတ်ဗေဒင်(fortune telling)၊ စုန်း အတတ်(witchcraft)၊ နတ်ဝင် အတတ်(mediums)၊ တစ္ဆေသူရဲကိုးကွယ်မှု လက္ခဏာ (occult religions) များသည် ဤနတ်ဆိုး၊ ဝိညာဉ် ဆိုးများ၏ လုပ်ရပ်အဖြစ်လက်ခံထားကြပါသည်။

နတ်ဆိုး၊ ဝိညာဉ်ဆိုးမရှိ ဟုငြင်းပယ်ခြင်းသည် သမ္မာကျမ်းစာ၏အဆိုအမိန့်ကို ငြင်းပယ်ခြင်း၊ ခရစ်တော် သည်ဘုရားဖြစ်ကြောင်းကို ငြင်းပယ် ခြင်းနှင့် တမန်တော်ကြီးများ၏ သွန်သင်ချက်များကို စောဒကတက်ခြင်း အမှုသာ ဖြစ်ပါသည်။ နတ်ဆိုး၊ ဝိညာဉ်ဆိုးရှိနေ ကြောင်းကိုသာမက၊ သူတို့၏အရေ အတွက် များပြား နေမှု(vastness)၊ သူတို့၏အာဏာတန်ခိုး၊ သူတို့၏အကျင့်စာရိတ္တ၊ သူတို့၏လှုပ် ရှားမှုနည်းဟန်၊ သူတို့၏ လှုပ်ရှာမှု၊ ဆိုးသွမ်းမှုများကိုဆန့်ကျင်ရန် သင်ရရှိနိုင်မည့်တန်ခိုး အာဏာများကိုပါ ဤသင်ခန်း စာတွင် ဖော်ပြထားပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- အံ့သြစရာကောင်းသည်မှာ သန်းပေါင်းများစွာ သောခရစ်ယာန်တို့သည် စာတန် ထိန်းချုပ်ထားသော နတ်ဆိုး၊ ဝိညာဉ်ဆိုးတို့နှင့် တိုက်ပွဲဝင်နေရကြောင်းကို သတိမပြုမိကြပေ။ခရစ်ယာန်အသက်တာတွင် ခံစားရသော စိတ်ဓါတ်ကျဆင်းခြင်း (Depressions)၊ စိတ်အားငယ်ခြင်း (discouragement)၊ ဝမ်းနဲခြင်း (sad) များသည် ဝိညာဉ်ဆိုး နတ်ဆိုး၊ နှောက်ယှက်ခြင်း များသာဖြစ်ပါသည်။

- "ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်၊ အထွဋ်အမြတ်နှင့်

လည်းကောင်း၊ အာဏာ စက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့် လည်းကောင်း၊ မိုးကောင်းကင်၌ နေသော နတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှုန်ရကြ၏။ (Ephesians 6:12) ကျွန်ုပ်တို့သည် သခင်ဘုရားဘက်မှနေ၍ အောင်မြင်စွာ တိုက်ပွဲဆင်နွှဲကြမည်ဆိုပါက ဤအချက်ကို သတိမူရန် အရေးကြီးလှပါသည်။

❖ နတ်ဆိုး၊ ဝိညာဉ်ဆိုးရှိကြောင်း အရေအတွက်များပြားလှကြောင်းနှင့်နတ်ဆိုး၊ ဝိညာဉ်ဆိုးတို့၏သဘော သဘာဝကို သိရှိမထား လျှင် လူတို့၌ ဖြစ်ပေါ်နေသော စာရိတ္တပျက်ပြားခြင်း (moral corruption)၊ ဘာသာရေး ရောထွေးမှု (religious confusion)၊ မဟုတ်မမှန်သော သွန်သင်မှုပျံနှံ့နေမှု (widespread apostasy)၊ ဆိုးသွမ်းရက် စက်သော ရာဇဝတ်မှု (fiendish crimes) ဖြစ်ပေါ်နေမှုတို့၏ အကြောင်းကို သဘောပေါက်နိုင်မည် မဟုတ်ပါ။

❖ ဤသင်ခန်းစာ၏အရေးကြီးမှုကို ပုံကြီးချဲ့ခြင်း မဟုတ်ပါ။ ဤသင်ခန်းစာကို ဆုတောင်းခြင်းဖြင့် အလေးဂရုပြု လေ့လာပါ။ ခဲယဉ်း ဆိုးယုတ်သောနေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့် ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ ခံရပ် နိုင်မည့်အကြောင်း၊ ဘုရားသခင် ပြင်ဆင် တော်မူသော လက်နက်စုံကို ယူတင်ဝတ်ဆောင်နိုင်စေရန် ဆုတောင်းပါသည်။ (Ephesians 6:11).

သင်ခန်းစာ - THE LESSON

I. နတ်ဆိုးရှိကြောင်းကို မည်သို့သိနိုင်ပါသနည်း။ - HOW DO WE KNOW THAT DEMONS EXIST?

A. ဓမ္မဟောင်းကျမ်း၊ ဓမ္မသစ်ကျမ်းနှစ်အုပ်လုံးတွင် နတ်ဆိုးရှိကြောင်း အသိအမှတ်ပြုထားပါသည်။

1. ဓမ္မဟောင်းကျမ်း။ - In the Old Testament:

a) ကာသရေလလူမျိုးတို့သည် နတ်ဆိုးတို့အားယဇ်ပူဇော်ခြင်းဖြင့် ဘုရားသခင်ကို စိတ်ဆိုးစေပါသည်။ (Psalm 106:37; Deuteronomy 32:17).

b) ယခုခေတ်တွင်လည်း ယခင်ခေတ်ကကဲ့သို့ပင် နတ်ကိုးကွယ်မှု (Demon worship) ရှိနေဆဲဖြစ်ပါသည်။ (1 Corinthians 10:20) ထိုကိုးကွယ်မှုကို ဘုရားသခင်အပြစ်တင်လျက် တားမြစ်ထားပါသည်။ (Leviticus 17:7).

c) မောရှေသည် ကာသရေလလူမျိုးတို့အား နတ်ဆိုးနှင့် ပေါင်းခြင်း(divination)၊ ပြုစားသော အတတ် (witches)၊ လူသေကိုမေးခြင်း (mediums) စသည်များ မပြုလုပ်ရန်တားမြစ်ထားပါသည်။ (Deuteronomy 18:9-12).

2. ဓမ္မသစ်ကျမ်းတွင် - In the New Testament:

a) နတ်ဆိုးရှိသည်ဟု ခံယူထားသည်။ (James 2:19).

b) နတ်ဆိုးတို့၏ သဘာဝကို ဖော်ပြထားသည်။ (Luke 4:33; 6:18).

c) နတ်ဆိုးသည်ညစ်ညူး၍ဆိုးညစ်သည်။ (Matthew 12:45).

d) နတ်ဆိုးကိုစာတန်၏တမန်များအဖြစ်မှတ်ယူသည်။ (Matthew 12:26-27).

e) နတ်ဆိုးတို့သည် အများအပြားရှိသည်။ (Mark 5:9) ညစ်ညူးသည် (Mark 1:23) ကြောက်မက်ဘွယ်ကောင်း၍ တန်ခိုးရှိပြီး ကြမ်းတမ်းသည်။ (Mark 5:3-5).

f) နတ်ဆိုးတို့သည်ခရစ်တော်၏တန်ခိုးတော်ကိုမလွန်နိုင်ကြ။(Matthew 4:24; Mark 1:23-25) စာတန်နှင့်အတူ၊ ထာဝရအပြစ်ဒဏ် စီရင်ထားပြီး ဖြစ်သည်။ (Matthew 8:29; 25:41).

♦ King James Version မှ Devil ဟူသော စကားလုံးကို Demon ဟု ဘာသာပြန်လျှင် မှန်ကန်ပါသည်။

B. သမ္မာကျမ်းစာ၏အခွင့်အာဏာ ။ The authority of scripture:

စာတန်နှင့် မြောက်မြားစွာသော နတ်ဆိုး၊ ဝိညာဉ်ဆိုးတို့သည် အမှန်ရှိနေကြပါသည်။ သို့မဟုတ် သမ္မာ ကျမ်းစာသည် ပုံပြင်၊ ဒဏ္ဍာရီသာ ဖြစ်ပါသည်။

C. ဘာသာရေးသမိုင်း အထောက်အထား ။ Evidence from the history of religion:

ရှေးဟောင်းနိုင်ငံများတွင် သုတေသနဖေါ်တွေ့ရှိမှုများစွာသည် နတ်ဆိုးလက္ခဏာများသာတွေ့ရသည်။ ဘာသာရေးကို လေ့လာသောအခါတွင်စာတန်နှင့် နတ်ဆိုးများကို ကိုးကွယ်ယုံကြည်ကြောင်းကျွှာအနံ့တွေ့ရှိရပါသည်။

D. လူတို့အတွေ့အကြုံကိုအထောက်အထားပြုခြင်း ။ Evidence from human experience:

ဇဖက် ၂း၂-၄ တွင် စာတန်နှင့် နတ်ဆိုးတို့သည် မယုံကြည်သူတို့၏စိတ်နလုံးထဲတွင် လူပ်ရှားလျက် မိမိတို့အသွေးအသားနှင့် ကိုယ်ကာယတပ်မက်မှုနောက်သို့လိုက်ရန် လမ်းဖွင့် ပေး ပါသည်။ ဂရိနှင့် ရောမခေတ်က ကာမတဏှာတပ်မက်မှုများ (sensual orgies) မှစ၍ မူးယစ်ဆေးဝါး သုံးစွဲမှု (drug addiction)၊ လိင်တူဆက်ဆံမှု (homosexuality)၊ ဆိုးသွမ်းရာဇဝတ်မှုများ(atrocious crimes)၊ နတ်ဆိုး ကိုးကွယ်မှုများ(devil worship) တို့သည် လူတို့ကို ထိုနတ်ဆိုးတန်ခိုးတို့က လွှမ်းမိုးနေကြောင်း အထောက်အထားများဖြစ်ပါသည်။

E. ခရစ်တော်ဘုရားဇာတိ The Deity of Christ:

ခရစ်တော်သည် နတ်ဆိုးတို့ကိုခေါ်၍ နှင်ထုတ်တော်မူပါသည်။ He addressed and cast out demons.

II. နတ်ဆိုးများ မည်သို့စတင်ဖြစ်ပွားပါသနည်း။ - WHAT IS THEIR ORIGIN?

A. နတ်ဆိုးများ၏ ဇစ်မြစ်နှင့်ပတ်သက်၍ ကျမ်းစာ၌ တိတိကျကျဖော်ပြမထားကြောင်း ဝန်ခံရပါမည်။

B. ကျမ်းတတ်ပုဂ္ဂိုလ်များသည် နတ်ဆိုးတို့၏ ဇစ်မြစ်နှင့် ပတ်သက်၍ သဘောထားကွဲလွဲနေကြပါသည်။

C. နတ်ဆိုးများ၏ ဇစ်မြစ်နှင့် ပတ်သက်သော တွေးခေါ်မှုအချို့ ။

1. ထိုနတ်ဆိုးများသည် အာဒံခေတ်မတိုင်မီရှိခဲ့သော လူသားများ၏ ခန္ဓာကိုယ်မရှိတော့သော ဝိညာဉ်များဖြစ်သည်(disembodied spirits of a pre-Adamic race)။ ဤအယူ အဆကိုငြင်းပယ်ရန်အချက် (၂) ချက်ရှိပါသည်။

a) အာဒံမတိုင်မီဖန်ဆင်းခြင်းခံရသည်ဟုသိရသော အရာများသည် ကောင်းကင် တမန်များသာဖြစ်ပါသည်။

b) ဤအတွေးအခေါ်လက်ခံနိုင်ရန်၊ အာဒံမတိုင်မီ လူ့ယဉ်ကျေးမှုတစ်ရပ်သည် ဤကဲ့သာ ပေါ်တွင်တည်

ရှိခဲ့ပြီးနောက် "မြေကြီးသည် အဆင်းသဏ္ဌာန်မရှိ" (က ၁း၂) က ၁း၁ နှင့် က ၁း၂ အကြားတွင် ကာလ ကြာမြင့်စွာကြာညောင်းခဲ့သည်ဟူ သော အတွေးအခေါ်ကိုလက်ခံရန်လိုအပ်ပါမည်။ ဤအတွေးအခေါ်များသည် ကြံဖန်ထားသည်များသာဖြစ်ပါသည်။

2. ထိုနတ်ဆိုးများသည် မိမိတို့နေရာအရပ်ကိုစွန့်ပစ်သောကောင်းကင်တမန်များ (ယုဒ-၆)နှင့် လူသားမိန်းမ တို့မှပေါက်ပွားလာသော သူများဖြစ်သည်။ သမ္မာကျမ်းစာတွင် ဤအတွေး အခေါ်နှင့် ပတ်သက်၍ အတည် ပြုချက်မရှိပါသဖြင့် ဤအတွေးအခေါ်ကိုလည်း လူတို့၏ မှန်းဆချက်ဟုသာ မှတ်ယူရပါမည်။

D. အကောင်းဆုံးအဖြေမှာ - နတ်ဆိုးများ (demons) သည် ဘုရားသခင်ကို ပုန်ကန်ရန် လူစီဖာ (စာတန်) နောက်သို့ လိုက်သော ကောင်းကင်တမန်များဖြစ်ပါသည်။ (Ezekiel 28:14-17; Isaiah 14:12-17).

1. Revelation 12:7-10 တွင် စာတန်သည် ကောင်းကင်မှကျသောအခါ ကောင်းကင်ကြယ်တို့၏ သုံးစုတစ်စုကိုအမြီးဖြင့် ဆွဲငင်၍ မြေသို့ချလိုက်ကြောင်း ဖော်ပြထားပါသည်။ ကောင်းကင်ကြယ်များသည် ကောင်းကင် တမန်များဖြစ်ပါသည်။ (Isaiah 14:13).

2. Matthew 25:41 တွင် ထာဝရမီးတည်းဟူသော ငရဲသည် "မာရ်နတ်နှင့် သူ၏တမန်တို့အဘို့ပြင်ထား" လျက်ရှိ ကြောင်း ဖော်ပြထားပါသည်။

3. ကောင်းကင်တမန်များသည် ဝိညာဉ်များ(spirits)၊ နံဝိညာဉ်များ (spirit-beings)ဖြစ်သည်။(Psalm 104:4; Hebrews 1:14).

4. နှင်ထုတ်ခြင်းခံ ကောင်းကင်တမန်များသည် ဘေးဒဏ်ကြီးကာလ မရောက်မီတိုင်အောင် ချုပ်ထား လျက်ရှိသည်။ (Revelation 9:2-11; 16:14)။ သို့ရာတွင် မရေမတွက်နိုင်အောင်များပြားသော နတ်ဆိုးတို့သည် စာတန်၏ အုပ်ချုပ်မှု အောက်တွင် လွတ်လပ်စွာလှုပ်ရှားနိုင်လျက် အာကာသကောင်းကင်၌လည်းကောင်း၊ ဝိညာဉ်လောက၌ လည်းကောင်း၊ ကောင်းကင်၌ လည်းကောင်း လှုပ်ရှားနေကြသည်။ (Ephesians 2:2; 6:12).

III. အရေအတွက်မည်မျှများပြားပါသနည်း။ HOW NUMEROUS ARE THEY?

A. In Mark 5:9 တွင် ဂါဒရပြည်တွင် ညစ်ညူးသော နတ်စွဲသူ၏ထွက်ချက်အရ "ကျွန်ုပ်အမည်ကား လေဂိၢ်ဖြစ်ပါ၏။ ကျွန်ုပ်တို့သည် အများဖြစ်ကြပါ၏"ဟုလျှောက်ဆိုထားရာ စစ်တပ် ဖွဲ့စည်းပုံအရ လူ ၃၀၀၀ မှ ၅၀၀၀ အထိ ပါဝင်သောခြေလျင်တပ်သားနှင့် လူ ၃၀၀ ပါဝင်သော မြင်းစီးတပ်သားများပါဝင်သောတပ်ကို လေဂိၢ်ဟုခေါ်ကြောင်းတွေ့ရှိရ ပါသည်။

B. In Mark 16:9 တွင် မာဂဒလမာရိအထဲမှ နတ်ဆိုး (၇)ကောင်ကို ခရစ်တော်သည် နှင်ထုတ်ခဲ့ ကြောင်းဖော်ပြထားပါသည်။

C. စာတန်၏အုပ်ချုပ်မှုအောက်တွင် နတ်ဆိုးများသည် အမှောင်နိုင်ငံကြီး(kingdom of darkness) ထူထောင်ထားပါ သည်။ (Matthew 12:26; Acts 26:18; Colossians 1:13), ထိုသူတို့သည် အထွဋ်ဆုံး အမြတ်များ၊ အာဏာစက်ရှိသူများ၊ လောကီမှောင်မိုက်၌ အစိုးတရ ပြုသော မင်းများ၊ မိုးကောင်းကင်၌ နေသော နတ်ဆိုးမင်းများပါဝင်ကြပါသည်။

D. သမ္မာကျမ်းစာ၏ဖော်ပြချက်အရ စာတန်သည် အရာခပ်သိမ်းတို့ကို သိနိုင်စွမ်းရှိသော သတ္တဝါတ ဉာဏ်တော်ကို မပိုင်သော်လည်း သူ၏တမန်တို့သည် များပြားလှသည်ဖြစ်သော ကြောင့်၊ ဤ စကြဝဠာတွင် မည်သည့်အရပ် ဒေသ၌ မဆို လှုပ်ရှားနိုင်ပြီး စကြာဝဠာကို အုပ်စိုးသည့် တန်ခိုးကိုရယူထားပါသည်။

IV. နတ်ဆိုးတို့သည် မည်သူ၏ အမိန့်ကိုနာခံ၍ မည်သည့်နယ်ပြေများတွင် လုပ်ရှားပါသနည်း။ WHOM DO THEY OBEY AND WHAT IS THEIR SPHERE OF OPERATION?

A. စာတန်သည် နတ်ဆိုးနိုင်ငံကို (Matthew 12:26-27)အုပ်စိုးသောနတ်ဆိုးမင်း (Matthew 12:24) ဖြစ်ကြောင်း မေးခွန်းထုတ်ရန်မလိုပါ။ စာတန်သည် ကျရောက် မည့်ဘေးဒဏ်ကို ကျော်လွှားရန် စစ်ပြိုင်နေသည်။ (Ephesians 2:2; Matthew 25:41).

B. ယုံကြည်သူဖြစ်သောသင်နှင့် ကျွန်ုပ်တို့သည် "ယေရှုခရစ်အားဖြင့် ထမြောက်စေ၍ ကောင်းကင် အရပ်၌ နေရာပေး တော်မူပြီး" ဖြစ်ပါသည်။ (Ephesians 2:6; 1:3) (ဝိညာဉ်လောက၊ ကောင်းကင်အရပ်ဖြစ်ပါသည်။) နတ်ဆိုးတို့သည် ခရစ်တော်နှင့် နောက်တော်လိုက်တို့ အား စစ်ပြိုင်နေသော စစ်နယ်နိမိတ်အတွင်း၌ ပင် ဖြစ်ပါသည်။ (ဧ-၆း၁၁-၁၃)။ (Ephesians 6:11-13).

1. စာတန်သည် "အာကာသကောင်းကင်၏ တန်ခိုးတို့ကို အစိုးရသောမင်း" (Ephesians 2:2) ဖြစ်ပါသည်။ ဤနည်းအားဖြင့် အာကာသကောင်းကင်၌ လုပ်ရှားသော နတ်ဆိုးတပ် ကြီးကို အုပ်စိုးရပါသည်။

2. စာတန်နှင့် သူ၏နတ်ဆိုးဝိညာဉ်ဆိုးများသည် နေထိုင်ရန် ခန္ဓာကိုယ်ရှာဖွေလျက် ရှိကြပါသည်။ သူတို့သည် လူသားနှင့် တိရိစ္ဆာန်များတို့၏အထဲ၌ ဝင်ရောက်နေ ထိုင်နိုင်သည်သာမက အလိုရှိသည့်အတိုင်း အမိန့် ပေးနိုင်ပါသည်။ ထိုကဲ့သို့ ဝင်ရောက် ခြင်းမပြုလျှင်လည်း မည်သည့်အမှုကိုမျှ မတတ်နိုင်သကဲ့သို့ဖြစ်ပါ သည်။(Mark 5:2-13; Matthew 4:24; 8:16; 9:32; 12:22; Acts 8:7; 16:16).

V. ညစ်ညူးသောနတ်တို့၏ သဘောသဘာဝနှင့် သွင်ပြင်လက္ခဏာများ။ WHAT ARE THE CHARACTERISTICS AND NATURE OF DEMONS?

A. They are unclean သူတို့သည် ညစ်ညူးကြပါသည်။ (စာရိတ္တ နှင့် ဝိညာဉ်)(morally and spiritually) (Matthew 12:43; Mark 1:23; Luke 6:18).

B. They are wicked ဆိုးညစ်သည်။ Wicker (Matthew 12:45)။ ဆိုးသွမ်း၏။evil (Acts 19:23-26).

C. They are exceedingly fierce အလွန်ကြမ်းကြုတ်၏။(Matthew 8:28).

D. They are brutal and violent နာကျင်စွာနှိပ်စက်၏။(Luke 9:39-42; Matthew 17:14-21; Mark 5:13).

E. They are cruel, malicious and depraved ကောက်ကျစ်၏။ မဖွယ်မရာလုပ်တတ်၏။ အခွင့်အရေး ပိတ်ပင်တတ်၏။(Matthew 12:45; 9:33).

F. စာတန်သည်လူအသက်ကိုသတ်သူဖြစ်၏။ မုသာပြောသူဖြစ်၏။ လှည့်စားသောသူ ၊ မမှန် မကန်စွပ်စွဲ လျက် အပြစ်တင်သောသူဖြစ်၏။ သူ၏နောက်လိုက်များမှာလည်းထို့အတူဖြစ်၏။ (John 8:44; Revelation 12:9).

G. မျက်မြင်မရသော သဘာဝတရားလွန်ကဲသော ဝိညာဉ်များဖြစ်ပါသည်။

1. Luke 24:39 – "တစ္ဆေမည်သည်ကား ဤသို့အသားအရိုးနှင့်မပြည့်စုံ"။ "...a spirit hath not flesh and bones…."

2. Ephesians 6:12 – ငါတို့သည် အသွေးအသားရှိ သောရန်သူတို့နှင့် တိုက်လှန် ရကြ သည် မဟုတ်။ "For we wrestle not against flesh and blood…."

H. နတ်ဆိုးများတွင် တစ်ယောက်ချင်း၌ သီးခြားသဘောများရှိလျက် စိတ်ဆန္ဒ ၊ ခံစား ချက် ၊ဉာဏ်ပညာ၊

ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များရှိပြီးစာတန်၏ညွှန်ကြားမှုဖြင့် လှုပ်ရှားနေ ကြပါသည်။

1. နတ်ဆိုးတို့သည် နတ်စင် (သို့မဟုတ်) တစ်စုံ တစ်ဦးမှတစ်ဆင့်စဉ်းစားခြင်း၊ စကားပြောခြင်း ၊လှုပ်ရှားခြင်းများ ပြုကြပါသည်။(Acts 19:15-16; Mark 5:10; Luke 4:34).

2. စာတန်၏ တမန်များဖြစ်သဖြင့် စာတန်၏ ပညာကိုသုံးစွဲကြပါသည်။ (Ezekiel 28:12-17; 2 Samuel 14:20).

I. ကြီးစွာသော တန်ခိုးကိုပိုင်ဆိုင်ထားပါသည်။(2 Peter 2:11; Psalm 103:20)။ နတ်ဆိုးတို့သည် လူသားကိုယ်ခန္ဓာကို ရရှိသောအခါ ပိုမိုထင်ရှားလာပါသည်။(Mark 5:9).

J. စာတန်နှင့်တကွ နတ်ဆိုးတို့သည် ခရစ်တော် ၊ခရစ်ယာန်များနှင့်ဘုရားသခင်၏ အဓိက ရန်သူ ဖြစ်ပါသည်။ (Matthew 4:1-11; 2 Thessalonians 2:4; Luke 22:31).

VI. နတ်ဆိုး၏သြဇာအာဏာသည် မည်မျှအထိ ကျယ်ပြန့်ပါသနည်း။ WHAT IS THE EXTENT OF DEMON INFLUENCE AND POWER?

A. မယုံကြည်သူများ၏ အသက်တာတွင်- In the lives of unbelievers they:

1. အပြစ်သားသည် ဇဝံဂေလိ တရားတော်ကို နားမလည်စေရန် ဉာဏ်မျက်စိကို ကွယ်စေပါသည်။ Blind sinners to the gospel (2 Corinthians 4:4).

2. လောကီတရားသို့ လိုက်ပါစေသည်။ (ဧ ၊ ၂း၁) Cause them to walk “according to this world” (Ephesians 2:2)

3. နတ်ဆိုးတို့သည် လူတို့၏ခန္ဓာကို ဝင်ရောက်ပူးကပ်ပြီး လူတို့၏ စိတ် ၊ ခန္ဓာကို အုပ်စိုးကာ ဆိုးညစ်ခြင်းအမျိုးမျိုးကို ဆောင်ရွက်ရန်မောင်းနှင်ပါသည်။ (မာ ၊ ၅း၂-၁၈ ၊ ရော ၊ ၁း၂၄-၃၂ ၊ဗျာ ၊ ၉း ၂၀-၂၁ ၊ လု ၊ ၈း၃၆ ။ Take possession of men’s minds and bodies and drive them to all manner of wickedness (Mark 5:2-18; Romans 1:24-32; Revelation 9:20-21; Luke 8:36).

4. “ယုံကြည်ခြင်း” ကိုပျက်ပြားစေလျက် ဘာသာရေး၏ အတွေးအခေါ်များကို ဘုရားသခင်၏ နေရာတွင် အစားထိုးစေပါသည်။ ၁ တိ ၊ ၄း၁-၅ ။ Cause some to repudiate “the faith” and adopt a religious asceticism in its place (1 Timothy 4:1-5).

5. လူအမြောက်အများတို့အားလည်း မမှန်သော ပရောဖက်များဖြစ်စေသည်။ ၁ ယော ၊၄း၁-၄ ။ခရစ်ယာန်တို့အထဲတွင် သဘောထားကွဲလွဲမှု၊ ဇဝေဇဝါဖြစ်မှု များပေါ်ပေါက်စေရန် မျိုးစေ့ချပေးပါသည်။ မ ၊၁၃း၃၈-၄၀။ They cause many to become false prophets (1 John 4:1-4), and sow seeds of discord and confusion in Christendom (Matthew 13:38-40).

6. စိတ်ကိုကယောင်ချောက်ချား ဖြစ်စေနိုင်သည်။ ကိုယ်ခန္ဓာ အကြောအချင်များကို ကိုင်တတ်သည်။ ကိုယ်ခန္ဓာ မလှုပ်ရှားနိုင်ဖြစ်စေလျက် ခန္ဓာကိုယ်မပျက်ဆီးပါ လျက် ဖျားနာခြင်း ဖြစ်စေနိုင်ပါသည်။ မ ၊ ၁၇း၁၄-၂၁ ။၁၂း၄၅ ။မ ၊ ၉း၃၂ ။၁၂း၂၂။ အကြောအချင်များကိုက်ခဲခြင်း၊ စိတ်ခါတ်ကျဆင်းခြင်း၊ စိတ်နောက် ခြင်းနှင့် မဖွယ်မရာပြုလုပ်စေခြင်း များခံစားရရန်ရှိနေပါသေးသည်။ ထိုအကြောင်း ကြောင့် ခရစ်ယာန်တို့သည် မာရ်နတ်ကိုဆီးတားကြရမည် ဖြစ်ပါသည်။ ယာ ၊၄း၇ ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်ရမည်။ ဧ ၊ ၆း၁၁ ။ သတိရှိလျက် မအိပ်ဘဲ စောင့်နေကြရမည် ဖြစ်ပါသည်။ ၁ ပေ ၊ ၅း၇-၈။ They can derange the mind, upset

the nervous system and produce physical disabilities and sickness unrelated to organic disorders (Matthew 17:14-21; 12:45; 9:32; 12:22).

♦ စာတန်နှင့်နတ်ဆိုးတို့၏ တန်ခိုးအာဏာကို အစဉ်သဖြင့် ကန့်သတ် ထားသည်နှင့်အညီ စာတန်ကဲ့သို့ ဘုရားသခင် အား အထင်အရှား ဆန့်ကျင်သောသူများ မရှိမသေပြုသူများ၏ အသက်တာတွင် အထင်အရှား တွေ့ရပါသည်။

♦ နတ်ဆိုး ၊ဝိညာဉ်ဆိုးတို့၏ အဓိက ဆောင်ရွက်ချက်မှာ လူတို့၏ ငြိမ် သက်ခြင်း ကို ဖျက်ဆီးလျက် ညီညွတ်မှုကို ဖြိုဖျက် ရန်ဖြစ်ပါလျက် စိတ်ဆိုးမာန်ဆိုး ဖြစ်ခြင်း ၊ ဘဝဆုံးရှုံးခြင်း ၊ စိတ်ပူပန်ခြင်း ၊ ဇဝေ ဇဝါ ဖြစ်ခြင်း စသည်များကို တတ်နိုင် သမျှ ဆောင်ရွက်ပေးပါသည်။

B. ယုံကြည်သူတို့၏ အသက်တာတွင် နတ်ဆိုးတို့သည်- In the lives of believers:

1. ယုံကြည်သူကို ဆန်ခါချသကဲ့သို့ ပြုနိုင်သည်။ (Luke 22:31).
2. ယုံကြည်သူသည် အစဉ်ပင် နတ်ဆိုးနှင့် တိုက်ပွဲဆင်နွှဲနေပါသည်။(Ephesians 6:10-18).
3. ယုံကြည်သူအား ဝါးမျိုရန် ရှာဖွေကြိုးစားနေသည်။ (1 Peter 5:8).
4. ကိုယ်ခန္ဓာချိုတဲ့ခြင်းကို ဖြစ်စေသည်။ (2 Corinthians 12:7).
5. ခရစ်ယာန်သည် နတ်ဆိုးတို့နှင့် ပေါင်းသင်းခြင်းကို မပြုရ။ (1 Corinthians 10:20-21; Leviticus 19:37), ဝိညာဉ်တို့ကိုစုံစမ်းစစ်ဆေးရမည်။ အကြောင်းမှာထိုနတ်ဆိုးတို့သည် မှားယွင်း သောယုံကြည်ချက်များ ပေးတတ်သောကြောင့် ဖြစ်ပါသည်။ (1 John 4:1).
6. အသစ်မွေးဖွားခြင်း၊ ခံရပြီးသောယုံကြည်သူ၊ ဝိညာဉ်တော်နှင့် ပြည့်ဝသူများအား နတ်ပူး၊ နတ်ဆိုးစွဲရန်မှာ သံသယရှိဘွယ်ရှိနေသော်လည်း၊ ခရစ်ယာန်များအား၊ နတ်ဆိုး၊ ဝိညာဉ်ဆိုး များ၏ တိုက်ခိုက်ခြင်း၊ လွှမ်းမိုးခြင်းကြောင့် ဖျားနာခြင်း(sickness)၊ စိတ်အနောက်အယှက်ဖြစ် ခြင်း(mental disorders)။စိတ်ဂယောင်ကတမ်းဖြစ်ခြင်း(nervous disorders)၊စိတ်ကျခြင်း (depression)၊ စိတ်အားငယ်ခြင်း (discouragement)၊ စာရိတ္တချို့ယွင်းခြင်း (immorality) ဖြစ်နိုင်သည်။ This is why Christians must ထို့ကြောင့် ခရစ်ယာန်များသည် စာတန်ကို တွန်းလှန် “resist” ရမည်။ (James 4:7); ဘုရားရှင်၏ချပ်ဝတ်တန်ဆာ (armor of God) ကို ဝတ်ဆင် ရမည် (Ephesians 6:11), ယုံကြည်ခြင်းအားကြီးရမည် “steadfast in the faith” (1 Peter 5:8-9).

VII. နတ်ဆိုးစွဲသည် ဆိုသည်မှာ အဘယ်နည်း။ နတ်ဆိုးဩဇာလွှမ်းမိုးခြင်းနှင့် နတ်ဆိုးစွဲခြင်း မည်ကဲ့သို့ ကွာခြားပါသနည်း။ WHAT IS DEMON POSSESSION AND WHAT IS THE DIFFERENCE BETWEEN DEMON POSSESSION AND DEMON INFLUENCE?

A. ဓမ္မဟောင်းကျမ်းထဲတွင် နတ်ဆိုးစွဲသောသူ(demon possession)၊ စုန်းအတတ်ကိုပြုသော သူ (witchcraft) ၊ လူသေ ကိုမေးမြန်းသောသူ (divination)၊ ပြုစားတတ်သောသူ (sorcery) စသည်များ ကို တွေ့ရသော်လည်း မည်သူများတို့အား မည်သည့်အတိုင်းအတာ အထိ ပျံနှံ့နေသည်ကိုမူ မသိရှိရပေ။ ခရစ်တော်လက်ထက်တွင် နတ်ဆိုးစွဲခြင်းမှာ အထင်အရှားရှိလျက် အသိ အမှတ်ပြုထားကြောင်း တိကျစွာ တွေ့ရှိရပါသည်။ ယနေ့ကမ္ဘာတွင် နတ်ဆိုးကိုးကွယ်သော ဒေသများ (pagan lands) ၌ မိမိတို့ ခန္ဓာကိုယ်ကို ရုပ်တုကိုးကွယ်မှုအတွက် အပ်နှံခြင်းပြုရာတွင် နတ်ဆိုးစွဲသူများ တွေ့ရသည်သာမက ခေတ်မီ ယဉ်ကျေးသည်ဟုဆိုသော အမေရိကန်ပြည်တွင်ပင်လျှင် နတ်ဆိုးတို့၏ အထောက်အ ထားကို ပိုမို မြင်တွေ့နေရပါသည်။

B. ဓမ္မသစ်ကျမ်းစာတွင် ပါသောနတ်ဆိုးစွဲခြင်း၏ အထောက်အထားများ-

1. Acts 8:7 – "နတ်ဆိုးစွဲသောသူတို့၏ အထဲမှနတ်ဆိုးတို့သည် ထွက်သွားကြ၏"။
2. Mark 1:32 – "နတ်ဆိုးစွဲသော သူရှိသမျှတို့ကို အထံတော်သို့ဆောင်ခဲ့၍"
3. Matthew 4:24; 8:16 – "ခရစ်တော်သည် ပျောက်ကင်းခြင်းကို ပေးတော်မူ၏။"
4. Matthew 9:32 – "နတ်ဆိုးစွဲသောလူတစ်ယောက်ကို အလံတော်သို့ ဆောင်ခဲ့ကြ၏။"
5. Matthew 12:24-30 – နတ်ဆိုးမင်းဗေလဇေဗုလကို အမှီပြု၍ နတ်ဆိုးနှင်ထုတ်သည်ဟု ခရစ်တော်အား စွပ်စွဲကြ၏။
6. Acts 16:16-18 – နတ်ဝင်သောမိန်းမငယ်နှင့် ပေါလုတို့ တွေ့ဆုံကြသည်။

C. နတ်ဆိုးစွဲဆိုသည်မှာ အဘယ်နည်း။ What is demon possession?

1. လူ၏အထဲသို့ နတ်တစ်ယောက် (သို့မဟုတ်) အမြောက်အများသည် ဝင်လျက်၊ လူ၏ကိုယ်ခန္ဓာနှင့် စိတ်ကိုလုံးဝ အုပ်စိုးအပိုင်ယူသည်။
2. နတ်ဆိုးသည် မိမိအတွေးအခေါ်၊ မိမိစကား၊ မိမိအပြုအမူတို့ကို ဖော်ပြလာသော အခါ ထိုသူ၏အမူအရာသည် ချက်ခြင်း ပြောင်းလဲသွားသည်။
3. နတ်ဆိုးသည် ထိုသူမှတစ်ဆင့် စကားပြောရာတွင် နဂိုအသံမဟုတ်သောအသံဖြင့်လည်းကောင်း၊ အခြားဘာသာ စကားဖြင့်လည်းကောင်း ပြောဆိုတတ်သည်။
4. နတ်ဝင်ခံရသောသူသည် မရူးပါ(not insane)၊ ထိုသူအားအခြားသောဝိညာဉ်ကအုပ်စိုးခြင်းသာဖြစ်သည်။
5. နတ်ဆိုးစွဲခြင်းကြောင့်ဖြစ်လာသော အကျိုးဆက်သည် အမျိုးစုံကွဲပြားသည်။ အထူးကြီးမားသော ခွန်အားကို ရရှိသည်။ (မာ ၊ ၅း၄) ပညာကိုရရှိသည်။ (မာ ၁း၂၃-၂၄) အလွန်တစ်ရာစိတ်အားငယ်ခြင်း (extreme depression)၊ ကယောင်ချောက်ခြားဖြစ်ခြင်း (melancholy)၊ အလွန်ဝမ်းနည်း ခြင်း (idiocy)၊ စိတ်မကောင်းဖြစ်ခြင်း (maliciousness)၊ မိမိကိုယ်မိမိမပိုင်ခြင်း (moral depravity) စသည်များဖြစ်တတ်ပါ သည်။
6. သိသာထင်ရှားသော အချက်တခုမှာ ခရစ်တော်အားဆန့်ကျင်သောသဘောဖြစ်ပါသည်။(Mark 1:24; 1 John 4:1-4).

D. နတ်ဆိုးစွဲခြင်းနှင့် နတ်ဆိုးနှိပ်စက်ခြင်း(demon possession and demon influence)မည်သို့ကွာခြားပုံ။

1. ဤလောကတွင် မည်သူတစ်ဦးတစ်ယောက်မျှသည် စာတန်နှင့် နတ်ဆိုးတို့၏ တိုက်ခိုက်ခြင်းမှ ကင်းလွတ်သည် ဟူ၍ မရှိပါ။ (2 Corinthians 4:4; 1 Peter 5:8; 1 Timothy 4:1; 1 John 4:1-4).
2. နတ်ဆိုးစွဲရာ (demon possession)တွင် တစ်စုံတစ်ယောက်၏ ကိုယ်ခန္ဓာထဲသို့၊ နတ်ဆိုးသည် ဝင်၍ သူ၏စိတ်နှင့် အပြုအမူအားလုံးတို့ကို လုံးဝပြောင်းလဲပစ်သည်။(In demon possession a person's body is inhabited and his entire personality and mind are taken over.)

နတ်ဆိုးနှိပ်စက် ခြင်း(Demon influence) သည် ထိုပုဂ္ဂိုလ်အပေါ်သြဇာအာဏာ ခေတ္တခဏသက်ရောက်ခြင်း၊ ခေတ္တ အုပ်စိုးခြင်းဖြစ်ပါသည်။(Demon influence is the exertion of power over a person short of possession.)

3. ခရစ်ယာန်တို့တွင်ဖြစ်စေ၊ မယုံကြည်သူတို့တွင်ဖြစ်စေ၊ နတ်ဆိုးနှိပ်စက်ခြင်းသည် အတိုင်းအတာအားဖြင့် တစ်ဦး နှင့်တစ်ဦးခြားနားနေပါသည်။အသေးစားစုံစမ်းနှောင့်ယှက် ခြင်း (mild temptation and evil

suggestion) မှဆိုးရွားသော စိတ်အနောက်အယှက်ဖြစ်စေခြင်း (cruel depression) အထိ ကွာခြားပါသည်။ စုံစမ်းသွေးဆောင် ခြင်းနှင့် ဆိုးသွမ်းသော အတွေးအခေါ်များဝင်လာ၍ လက်ခံ သောအခါ နတ်ဆိုးနှိပ်စက်မှု သည် သာ၍ ကြီးပါသည်။

4. နတ်ဆိုးနှိပ်စက်ခံရသူသည် သမ္မာတရားဘက်၌ မျက်စိကန်းစေသည်။ (2 Corinthians 4:4)၊ မုသား ပြောသည်။(Acts 5:3)။ မှားယွင်း သောအယူဝါဒ ပေါ်ပေါက်စေသည်။ (1 John 4:1-4) လုံးဝလမ်းမှားစေပါသည်။ (1 Timothy 4:1)။ မှားယွင်းသော အပြုအမူ ကိုပြုကျင့်စေပါသည်။ (1 Corinthians 10:16-22).

♦ နတ်ဆိုးသည် သေပြစ်ထိုက်နေသောလူသားတို့အား ဘုရားသခင်၏စကားတော် ကိုနာခံရန် လိုလို လားလား ငြင်းပယ် လာသည်အထိသာ ဆောင်ရွက်နိုင်ပါသည်။ (Exodus 20:3-5)။ ဘုရားသခင်၏ ပညတ်တော်များကို အသိအမှတ်မပြုသည့်အခါတိုင်းတွင် ဘုရားသခင်၏စိတ်ရှည်မှုသည် ပယ်ရှား ပြီးကြမ်းတမ်းသော နတ်ဆိုး၏ သြဇာလွှမ်းမိုးလာသည့်အတွက် လူသည် အခွင့်အရေး အားလုံးလက်လွှတ်ရသည်။ (2 Peter 2:10-12; Romans 1:24-32).

VIII. နတ်ဆိုးတို့၏ အဆုံးရောက်ရာ။ THE DESTINY OF DEMONS

A. နတ်ဆိုးတို့သည် မိမိတို့ပျက်စီးချိန်ကိုသတ်မှတ်ထားပြီး ဖြစ်ကြောင်းသိရှိကြသည်။(Matthew 8:29).

B. ခရစ်တော်၏ တန်ခိုးနှင့်အာဏာတော်သည် သူတို့အားဖျက်ဆီး မည်ဖြစ်ကြောင်းသိထား ကြသည်။

C. Luke 8:31 တွင်“အနက်ဆုံးသော အရပ်” ဟူသောစကားနှင့် Revelation 20:1-3 တွင် “အနက်ဆုံးသော တွင်း” ဆိုသည်မှာ အတူတူပင်ဖြစ်ပါသည်။

D. သူတို့အား အနက်ဆုံးသောတွင်းထဲ၌ ချုပ်နှောင်ထားရာမှ အနှစ်တစ်ထောင်ကာလ ကုန်ခါနီး အချိန်တွင် ခေတ္တခဏ လွှတ်လိုက်ပြီး နောက်ထာဝရကာလကို မီးအိုင်ထဲ၌ ချုပ်နှောင်ခြင်းခံရမည် ဖြစ်ပါသည်။ (Revelation 20:10)

IX. နတ်ဆိုးတို့၏ သြဇာလွှမ်းမိုးခြင်း မခံရစေရန် (သို့မဟုတ်) နတ်ဆိုးတို့ကိုနှင်ထုတ်နိုင်ရန် ယနေ့ ခရစ်ယာန်တို့၌ မည်သည့် အခွင့်အာဏာများရှိပါသနည်း။ WHAT RESOURCES DO CHRISTIANS HAVE TO OVERCOME DEMON INFLUENCE AND TO CAST OUT DEMONS TODAY?

A. သာသနာပြု ဆရာအချို့၏ပြောပြချက်တွင် ခရစ်တော်ကို လက်ခံပြီးသောသူ အချို့တို့ သည် နတ်ဆိုးစွဲပြန်ကြောင်း ပါရှိသော်လည်း ကျွန်ုပ်၏ခံယူချက်တွင် ထိုသို့သော ပုဂ္ဂိုလ်များသည် အစစ်အမှန်ပြောင်းလဲခြင်းမရှိသေးသူ(not truly born again) ဖြစ်ပါသည်။ ကျွန်ုပ်၏ခံယူချက် အရဆိုလျှင် နတ်ဆိုးသည် ခရစ်ယာန်တို့အား ပြင်းထန်စွာ တိုက်ခိုက်နိုင်သော်လည်း၊နတ်ဆိုးမစွဲနိုင်ပါ။ အဘယ့်ကြောင့်နည်း။

1. ယုံကြည်သူ၏ ကိုယ်ခန္ဓာသည် “သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ် ပါသည်။ The bodies of believers are “the temple of the Holy Spirit” (1 Corinthians 6:19; 3:16).

2. ခရစ်ယာန်၏ အထဲ၌ရှိသော ဝိညာဉ်သည် အပြင်၌ရှိသော ဝိညဉ်ထက်သာ၍ ကြီးပါသည်။ The Spirit within Christians is greater than the spirit in this world (1 John 4:4).

3. မှောင်မိုက်၏ တန်ခိုးမှ ကျွန်ုပ်တို့အား ဖြေလွှတ်ပြီးဖြစ်ပါသည်။ We have been delivered from the

power of darkness (Colossians 1:13; 2:15; Acts 26:18).

4. ကျွန်ုပ်တို့အတွက် အယူခံဝင်ပြီး အမြဲဆုတောင်းပေးနေသော အမှုဆောင်သည် ရှိသည်ဖြစ်၍ ဆုံးရှုံးခြင်းသို့ ရောက်ခြင်းငှါ အခွင့်ပေးတောင်မူ မည်မဟုတ်ပါ။ We have an interceding high priest who will not allow us to fail (1 Corinthians 10:13; Jude 14; 1 John 2:1).

B. အပေါ်၌ခရစ်တော်၏ အခွင့်အာဏာသည် နတ်ဆိုးတို့ အပေါ် အကြွင်းမဲ့ အုပ်စိုးထားသည်ကို နားလည်ထားရမည်။ (Mark 1:24; 5:6-13)၊ ခရစ်တော်သည်ယုံကြည်သူတိုင်းအထဲ၌ ကျိန်းဝပ်သည် ။(Galatians 2:20)ယုံကြည်သူတို ့အသက်တာတွင် ခရစ်တော်၏ တန်ခိုးတော်ကို ရယူသုံးစွဲပိုင်ခွင့် ပေးထားပါသည်။ (2 Corinthians 12:9; Philippians 4:13; Ephesians 1:19-20, 3:20, 6:10; Philippians 3:10).

C. ဘုရားသခင်၏ လက်နက်စုံကို ဝတ်ဆင်ထားရန် ခရစ်ယာန်တို့အားတိုက်တွန်းထားပါ သည်။ ဤသို့ဘုရားသခင်၏ လက်နက်စုံကို ဝတ်ဆင်လျက်ဆုတောင်းခြင်းဖြင့်လည်းကောင်း၊ သန့်ရှင်သောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် လည်းကောင်း စာတန်အားတွန်းလှန်တိုက်ခိုက်လျက် စာတန်၏ရန်ကိုငြိမ်းစေနိုင်ပါသည်။ (Ephesians 6:11-18; James 4:7; 1 John 4:4; Philippians 4:13; Matthew 17:21).

♦ ခေါင်းဆောင်ဖြစ်သူစာတန်ကို အောင်နိုင်လျှင် သူ၏ တမန်တို့ (emissaries) အပေါ်၌လည်းအောင်နိုင်ရန် မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါသည်။

D. ခရစ်တော်သည် နတ်ဆိုးကို မိမိတန်ခိုးဖြင့်အလွယ်တကူ နှင်ထုတ်တော်မူပါသည်။ (Matthew 4:24; 8:16; 9:32; 12:22). မိမိတမန်တော်တို့အားလည်း နတ်ဆိုးတို့ကို နှင်ထုတ်နိုင် သောအခွင့်ကို ပေးတော် မူ၏။(Mark 3:14-15; Matthew 10:8) နတ်ဆိုးတို့ကိုနှင်ထုတ်နိုင်သော တန်ခိုး ဂုဝ-ကိုပေးတော်မူပါသည်။ (Luke 10:17) တမန်တော် ကြီးရှင်ပေါလုသည် သခင်ယေရှု၏နာမတော်၌လည်းကောင်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့်လည်းကောင်း၊ နတ်ဆိုးတို့ကို နှင်ထုတ်ခဲ့ပါသည်။ (Acts 13:6-11; 16:18).

1. အထက်ပါအချက်တို့ကို ထောက်ရှုခြင်းအားဖြင့် ယနေ့ခရစ်ယာန်သည်ပင်လျှင် နတ်ဆိုးတို့ကို နှင်ထုတ်နိုင် သော ထိုတန်ခိုးကိုရယူနိုင်လျက်၊ နတ်ဆိုးတို့ကို အမိန့်ပေးနိုင် သည်ဟုမှတ်ယူရန်မှာ ယုတ္တိရှိပါသည်။ (Philippians 4:13; 1 John 4:4).

2. ခရစ်တော်တစ်ပါးတည်းကသာလျှင် နတ်ဆိုးလက်မှကယ်တင်ခြင်းကိုလည်းကောင်း၊ နတ်ဆိုးကိုနှင် ထုတ်ခြင်း အမှုကို လည်းကောင်းပြုလုပ်နိုင်သောကြောင့် ထိုနတ်ဆိုး နှင့်ထုတ်ခြင်း နှင့် အမိန့်ပေးခြင်းအမှုတို့ကို သခင်ယေရှု၏ နာမတော်အားဖြင့်သာ ပြုလုပ်ရမည်။ (Acts 16:18).

3. ယနေ့ကျွန်ုပ်တို့သည် စာတန်ကို ကြည်ခြင်းအားဖြင့် အောင်နိုင်ပါသည်။(Ephesians 6:16) ။ ဆီးတား ခြင်းအားဖြင့်(James 4:7)၊ သခင်ယေရှု၏အသွေးတော်နှင့်ကျွန်ုပ်တို့၏ သက်သေခံချက်အားဖြင့် (Revelation 12:11) သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် (1 John 4:4). စာတန်အား အနိုင် ယူနိုင်ပါသည်။

4. သို့ရာတွင် သူတစ်ပါးတို့၏အထဲ၌ ဝင်ရောက်နေသော စာတန်အားနှင်ထုတ်ရာတွင် များစွာသတိထား ရမည်ဖြစ် ပါသည်။ အကယ်၍ သတိမထားဘဲ နတ်ဆိုးပူးခံနေရသူကို မောင်းထုတ်ပါက၊ နတ်ဆိုးပူးခံသူ ၏တိုက်ခိုက်ခြင်းကို ခံရနိုင်သည်။ အမြဲတမ်း အခြားယုံကြည်သူတို့၏ အကူအညီကိုရယူပြီး၊ မိမိ ကိုယ်တိုင် ဆု တောင်းခြင်း၊ အစာရှောင်ခြင်းများစွာ ပြုပြီးမှဆောင်ရွက်ပါ။ (Matthew 17:21).

နိဂုံး - Conclusion

- ဘုရားသခင်သည် အနန္တတန်ခိုးတော်ဖြင့် စိုးစံအုပ်စိုးလျက်ရှိနေဆဲဖြစ်ပါသည်။ စာတန်နှင့် နတ်ဆိုးသည်ဘုရားသခင်၏ တန်ခိုးတော်နှင့် အကြံတော်ကို ဖျက်ဆီးနိုင်မည်မဟုတ်ပါ။
- ဘုရားသခင်သည် ဘုရားတရားကြည်ညိုခြင်းမရှိသောသူ(punish the ungodly) တို့အားဒဏ်ခတ်ရန် နတ်ဆိုးတို့ကို အသုံး ပြုပါသည်။ (Psalm 78:49; 1 Kings 22:23).
- ဘုရားသခင်သည် ဘုရားတရားကြည်ညိုသူတို့အား သွန်သင်ဆုံးမရန်(chasten the godly) နတ်ဆိုးတို့ကို အသုံးပြု တော်မူပါသည်။(Luke 22:31).

စာတန်သည် အဘယ့်ကြောင့် ဤလောကကြီးတွင် ရှိနေရပါသနည်း။ အဖြေကား- ဘုရားသခင်သည် ကမ္ဘာလောကကြီး၌ မိမိ၏ကြီးမြတ်လှသော ကျွန်ုပ်တို့ အားကယ်တင်ခြင်းအစီအစဉ် (our redemption) ကို ချမှတ်ထား၍သာဖြစ်ပါသည်။ ဘုရားသခင်သည် ဝိညာဉ်ဆိုးနတ်ဆိုးများကို ၎င်းတို့ မသေဆုံးမီထိ လှုပ်ရှားခွင့်ပေး ထားတော်မူပါသည်။ ထာဝရကာလ ပျက်စီးခြင်းအတွက် ယခုကာလ သီးခံ တော်မူခြင်းဖြင့် တရားသဖြင့် ပြုတော်မူလျက် အဆိုးအတွက် မလွဲမသွေဒဏ်ခတ်တော်မူမည် ဖြစ်ကြောင်းထင်ရှားစေပါသည်။

နတ်ဆိုး ဝိညာဉ်ဆိုးများဆိုင်ရာ မေးခွန်းများ — သင်ခန်းစာ (၂၉)

1. ယဉ်ကျေးသောမြို့ပြ နိုင်ငံများတွင် နတ်ဆိုးလုပ်ဆောင်မှုသက်သေအချို့ မှာ.....(၄-မှာ)
a. သားကို နတ်ဘုရားအားပူဇော်ခြင်း။offering a child as a sacrifice to a god.
b. ရာဇဝတ်မှု၊အကျင့်ပျက်မှု၊လွဲမှားသောဘာသာ။crimes and immorality, false religions etc.
c. တစ္ဆေနှင့်ဝိညာဉ်များ ညဉ့်နက်လမ်းလျှောက်ghosts and spirits walking the streets at night.

2. ခရစ်ယာန်များ နတ်ဆိုးလှုပ်ရှားမှုကို သိဖို့ အရေးကြီးရခြင်းမှာ.....(၄-မှတ်)
a. သူတို့ ရန်မှ မည်သို့ ကာကွယ်ရမည်ကို သိ၍we can learn how to protect ourselves from them.
b. သူတို့ ကို မောင်းထုတ်ဖို့ ဘုရားရှင်အားပြောနိုင်၍we can ask God to take them out of this world.
c. သူတို့ ကို တွန်းလှန်ဖို့ လူသူစုနိုင်၍we can gather an army to fight against demons.

3. နတ်ဆိုးဝိညာဉ်ဆိုးရှိကြောင်း ကျမ်းစာတွင် တွေ့ နိုင်ပါသလား။(၄-မှတ်)
a. နတ်ဆိုးကိုမမြင်ဖူးသဖြင့် မတွေ့ နိုင်ပါ။No, because we have not seen one.
b. စာတန်ကို ကူညီသဖြင့် သူတို့ ကိုတွေ့ နိုင်သည်။Yes, because they help Satan.
c. ယေရှုက မောင်းထုတ်သဖြင့်တွေ့ နိုင်သည်။Yes, because Jesus spoke to them and cast them out.

4. နတ်ဆိုးများ (demons) ၏အစအဦးကို နားလည်နိုင်သည့် အကောင်းဆုံးနည်းမှာ.....(၄-မှာ)
a. သူတို့ သည် စာတန်မွေးသောသူများဖြစ်သည်။they are children born by Satan.
b. အာဒံမတိုင်မီကပင် ရှိသောဝိညာဉ်များဖြစ်သည်။they were spirits from a time before Adam.

c. လူစီဖါမှဘုရားရှင်ကိုပုန်ကန်သောအခါ သူ့နောက်လိုက်သော ကောင်းကင်တမန်များဖြစ်သည်။they are the angels that followed Lucifer in his rebellion against God.

5. ဘုရားရှင်သည် အောက်ပါတို့အတွက် ငရဲကိုပြင်ဆင်ထားသည်။(၄-မှတ်)
a. လူဆိုးများ။bad people.
b. စာတန်နှင့်သူ၏ကောင်းကင်တမန်များ။Satan and his angels.
c. အနာဂါတ်တွင်အပြစ်လုပ်မည့်ကောင်းကင်တမန်များ။angels who might sin in the future.

6. နတ်ဆိုးများ (demons) အရေအတွက်ကို ကျမ်းစာတွင်အောက်ပါအတိုင်းပြောသည်။(၄-မှတ်)
a. အနည်းငယ် just a few.
b. ၃၀၀၀ မှ ၅၀၀၀။ from 3,000 to 5,000.
c. တကမ္ဘာလုံးတွင် တချိန်လုံး စာတန်အလုပ်လုပ်နိုင်ဖို့ သူ၏နောက်လိုက် နတ်ဆိုးများစွာရှိသည်။ such a great number as to make Satan able to operate through them all over the world all the time.

7. Demons များသည် အောက်ပါပုဂ္ဂိုလ်၏အခွင့်အာဏာအရအလုပ်လုပ်သည်။(၄-မှတ်)
a. ယေရှုခရစ်တော်။ Jesus Christ.
b. စာတန်။ Satan.
c. ကောက်ကျစ်သောယုံကြည်သူများ။ wicked believers.

8. Demons များသည် အောက်ပါတို့တွင် နေထိုင်လှုပ်ရှားသည်။(၄-မှတ်)
a. သင်္ချိုင်းကုန်းတွင်ပေါက်သောသစ်ပင်များ။ trees in cemeteries.
b. လူ့ခန္ဓာကိုယ်။ the bodies of people.
c. ပျံသန်းနိုင်သောငှက်များ။ birds so they can move around.

9. နတ်ဆိုးစွဲသောသူ၏အပြုအမူသည်……(၄-မှတ်)
a. အမြဲတမ်းစိတ်တိုတတ်သည်။ always irrational.
b. အမြဲတမ်းပါးစပ်မှအမြှုပ်ထွက်သည်။ always foaming at the mouth.
c. အမြဲတမ်း အမူအရာပျက်ယွင်းသည်။ always controlled by a different personality.

10. နတ်ဆိုးစွဲသောလက္ခဏာမှာ ……..(၄-မှတ်)
a. အံ့ဘွယ်ခွန်အားအစွမ်းရှိသည်။ supernatural physical strength.
b. လမ်းကောင်းစွာမလျှောက်နိုင်။ inability to walk.
c. ခရစ်တော်ကိုဆန့်ကျင်သည်။ opposition to Christ.

11. ယုံကြည်သူအထဲတွင် နတ်ဆိုးမည်သို့အလုပ်လုပ်နိုင်သနည်း။(၄-မှတ်)
a. ယုံကြည်သူအထဲတွင် နတ်ဆိုးစွဲနိုင်သည်။ They can possess a believer.

b. ယုံကြည်သူကို နတ်ဆိုးနှိပ်စက်နိုင်သည်။ They can influence a believer.
c. ယုံကြည်သူကိုယ်ခန္ဓာကို နတ်ဆိုးနေအိမ်လုပ်နိုင်၏။ They can make the believer's body their home.

12. မည်သည့်အခါ၌ ယုံကြည်သူတွင် နတ်ဆိုးစုံစမ်းမှုဖြစ်မည်နည်း။(၄-မှတ်)
a. နတ်ဆိုးစုံစမ်းမှု များလာမည်။ demon temptation will increase.
b. နတ်ဆိုးစုံစမ်းမှု နည်းလာမည်။ demon temptation will decrease.
c. နတ်ဆိုးစုံစမ်းမှု ရပ်တန့် မည်။ demon temptation will stop.

13. နတ်ဆိုးနှင့်ဆိုင်သော ကျမ်းပိုဒ်နှင့်အဖြေကို ယှည်တွဲပါ။(၁၂-မှတ်)

___ သူတို့သည်ကောင်းသောနတ်ဆိုးများ။ they are unclean.	a. Matthew 12:26-27
___ စာတန်၏တမန်များ၊ they are Satan's messengers.	b. Matthew 4:24
___ သူတို့သည်အတိုင်းမသိများပြား၊ they are numerous.	c. Mathew 12:43
___ သူတို့သည်ခရစ်တော်၏တန်ခိုးတော်အောက်၌သာရှိသည်၊ they are subject to the power of Christ.	d. Mark 5:9

အောက်ပါကွက်လပ်များကိုဖြည့်စွက်ပါ။
14. 2 Corinthians 12:7 အရ ယုံကြည်သူကို နတ်ဆိုး မည်သို့ လုပ်နိုင်သနည်း။(၂-မှတ်)

_____

15. ခရစ်ယာန်တစ်ဦးသည် နတ်ဆိုးတိုက်ခိုက်မှုမှ ကာကွယ်ရန် အဘယ်သို့ပြုရမည်နည်း။
What must a Christian do to protect himself against demons? (Open Bible) (Value 6 points)

James 4:7 _____

Ephesians 6:11 _____

1 Peter 5:8-9 _____

16. နတ်ဆိုးစွဲခြင်းနှင့်နတ်ဆိုးနှိပ်စက်ခံရခြင်း (demon possession and demon influence) ခြားနားချက်ကို ကွက်လပ်ဖြည့်ပါ။(၆-မှတ်)
နတ်ဆိုးစွဲခြင်းဆိုသည်မှာ လူ၏ _____ တွင် နတ်ဆိုးဝင်ရောက်ကာ လူ၏ _____ တွင် နတ်ဆိုးနေရာယူခြင်းဖြစ်သည်။ နတ်ဆိုးနှိပ်စက်ခြင်းဆိုသည်မှာ လူကို _____ ပြီး နတ်ဆိုးမှ ခေတ္တခဏ သိမ်းပိုက်အလုပ်လုပ်ခြင်းဖြစ်သည်။

In demon possession the demon lives in the person's _____, and the person's _____ is

taken over by the demon. In demon influence a demon exercises _____ over a person for a short time.

17. ခရစ်တော်သည် နတ်ဆိုးများကို နိုင်သောအခွင့်အာဏာရှိသောကြောင့် ကျွန်ုပ်တို့အတွက် ဘုရားသခင် ပြင်ဆင်ထားသော _____ ကို ဧဖက် ၆း၁၁-၁၈ တွင် ဖော်ပြထား သည်။(၂-မှတ်)

Since Christ has authority over demons, we are told in Ephesians 6:11-18 to _____ .

18. ခရစ်ယာန်များသည် နတ်ဆိုးမစွဲ သော်လည်း နတ်ဆိုးတိုက်ခိုက်ခြင်းကို ခံရကြောင်း မည်သည့်ကျမ်းပိုဒ်က ပြောထားသနည်း။(၁၂-မှတ်)

1 Corinthians 6:19 _____

1 John 4:4 _____

Colossians 1:13 _____

19. ရှင်မသဲ ၁၇း၂၁ အရ အောက်ပါကွက်လပ်များကိုဖြည့်ပါ။(၁၂-မှတ်)

နတ်ဆိုးများကို နှင်ထုတ်ရာတွင် ပေါ့ပေါ့တန်တန်သဘောထားပြီးလုပ်ပါက သင်ကိုယ်တိုင် နတ်ဆိုး၏ တိုက်ခိုက်ခြင်းခံရနိုင်သည်။ အမြဲတမ်း _____ ၏အကူအညီကိုယူပါ။ သင်ကိုယ်တိုင်လည်း _____ နှင့် _____ ရှိပါ။ ကျမ်းပိုဒ်ကိုဖတ်၍ဖြေပါ။

In casting demons out of others never attempt it lightly, lest you yourself be by the demon. Always seek the help of _____ and give yourself to much _____ and _____ . (Matthew 17:21 - Open Bible)

သင်ခန်းစာ(၃၀)။ ခရစ်တော်၏လက်ဝါးကပ်တိုင် - The Cross of Christ

နိဒါန်း - Introduction

ခရစ်တော်၏လက်ဝါးကပ်တိုင်သည် ခရစ်ယာန် ယုံကြည်ခြင်း (Christian doctrine) တွင် အခြေခံ အကျဆုံးဖြစ်သည်။ လက်ဝါးကပ်တိုင်သည် ခရစ်ယာန်ဘာသာနှင့် ခရစ်ယာန်ယဉ်ကျေးမှုတို့၏ မူလအမြစ် နှင့် သင်္ကေတဖြစ်ပါသည်။လက်ဝါးကပ်တိုင်သည် လူ့သမိုင်း၏ ဗဟိုချက်မဖြစ်ပါသည်။ နှစ်ပေါင်းလေးထောင်တွင် ကရာနီကုန်းပေါ်၌ ဖြစ်ပေါ် လာမည့်အရာကို ပုံဆောင်ခြင်း(types)၊ အရိပ်ပေးခြင်း (shadows)၊ ကြိုတင် ဟောချက်ထုတ်ခြင်း (depictions)၊ ပရောဖက်ပြုခြင်း (prophecies) ကိုပြုခဲ့ပါသည်။ နှစ်ပေါင်းနှစ်ထောင် ကာလအတွင်းလူသား ကမ္ဘာ သည် ထိုလက်ဝါးကပ်တိုင်၏ အောင်မြင်မှုအရသာကိုထိတွေ့ခံစားနေ (impact and enjoyed the triumphs of that cross.) ရပါသည်။

ဤသင်ခန်းစာတွင် လက်ဝါးကပ်တိုင်၏ နက်ရှိုင်းလှသောအဓိပ္ပါယ်၊ ကျယ်ဝန်းလှသောအမြင်၊ လက်ဝါးကပ် တိုင်နှင့် ပတ်သက်၍ ပေါ်ပေါက်လာသောခရစ်ယာန်တို့၏ အခြေခံယုံကြည်ချက်များ၊ ပြုမူမှုများ နှင့် ထိုလက်ဝါး ကပ်တိုင်ဖြင့် ထင်ရှားသော သတင်းကောင်းတို့ကို ဖော်ပြလိုပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ။ Importance of this Lesson

- ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူခြင်းသည် လူသားတို့အားအပြစ်မှကယ်တင်ရန် ဘုရား သခင်၏ ထာဝရအကြံတော်၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်ပါသည်။

- ခရစ်ယာန်တို့၏ အခြေခံပုံသေ ယုံကြည်ချက်အားလုံးတို့သည် လက်ဝါးကပ်တိုင် မှ ဖြာထွက်လာရပါသည်။

- လက်ဝါးကပ်တိုင်သည် တမန်တော်တို့ဟောပြောခဲ့သော သတင်း ကောင်း၏ပင်မကျောရိုးဖြစ်လျက် ဓမ္မသစ် အသင်းတော်၏ ရည်မှန်းချက်ဖြစ်ပါသည်။ အကယ်၍ လက်ဝါးကပ်တိုင်ကို ဖယ်ရှားလိုက်လျင် ခရစ်ယာန် ဘာသာ (Christianity)သည် အဓိပ္ပါယ်ကင်းမဲ့သွားမည်ဖြစ်ပါသည်။ လက်ဝါးကပ်တိုင်ပါလာသောအခါမှသာ ဤလောက၏ အပြစ်ကိုခံဆောင်လျက် ဤလောကသားများကိုယ်စား အသေခံတော်မူသော ဘုရား၏ ဘုန်းကျက်သရေကို ကမ္ဘာလောကသားတို့မြင် တွေ့ နိုင်မည်ဖြစ်ပါသည်။

- ဤသင်ခန်းစာ၏ အရေးကြီးပုံကိုဖေါ်ပြနိုင်သည့် စကားလုံးပင် မတွေ့သေးပါ။ သန့်ရှင်းသောဝိ ညာဉ်တော်သည် သင်၏စိတ်နလုံးနှင့် အသက်တာတွင် ဤလေးနက်သောအကြောင်း အရာတို့ကို သိရှိလိုသော သဘောများ ပေးသနားတော်မူ ပါရန် ဆုတောင်းပါသည်။

သင်ခန်းစာ - THE LESSON

I. လက်ဝါးကပ်တိုင်အသေခံခြင်း၏ အရှက်ရဖွယ်များ THE SHAME OF DEATH BY CRUCIFIXION

A. လက်ဝါးကပ်တိုင်ပေါ်တွင် အသေသတ်ခြင်းသည်မပြုအပ်သော အရာဖြစ်သည်ဟု ရောမလူမျိုးများ ကခံယူထား ပါသည်။ ဤကဲ့သို့အသတ်ခံရခြင်းသည် ဆိုးသွမ်းလှသောကျွန်များအတွက်သာ ထိုက် တန် သည်ဟု ယူဆထားသော ကြောင့် ရောမတိုင်းရင်းသားများအား ထိုဆိုးရွားသောသေဒဏ်မ ပေးရဟု ကင်းလွှတ်ခွင့် ပေးထားပါသည်။

B. လက်ဝါးကပ်တိုင်ပေါ်တွင်အသေသတ်ခြင်းသည် နိုင်ငံတော်ပုန်ကန်သစ္စာဖောက်များ(treason)၊ ဓါးပြများ (robbery)၊ ပင်လယ်ဓါးမြများ(piracy)၊ကိုသာ အပြစ်ပေးလေ့ရှိပြီး၊ခရစ်တော်အား ထိုရာဇဝတ်မှု ကျူးလွန်သူ ကဲ့သို့ ပြုမူထား ကြောင်းတွေ့ရှိရပါသည်။

C. လက်ဝါးကပ်တိုင်၌အရှက်ရဖွယ်အသေခံခြင်းတွင် မိမိလူမျိုး၏ငြင်းပယ်ခြင်း(rejected by His own people)၊ လုံးဝပစ်ပယ်ခြင်းဖြင့် ရှုံချခြင်း များ ပါဝင်သည်။ (John 1:11).

D. လက်ဝါးကပ်တိုင်တွင်အသတ်ခြင်းခံခြင်းသည်ကျိန်ခြင်း အမင်္ဂလာခံရသောသူဖြစ်သည်ဟု ယုဒလူမျိုး များ မှတ်ယူ ထားသဖြင့် ရှက်စရာပင်ဖြစ်ပါသည်။ (Galatians 3:13; Deuteronomy 21:23).

E. မိမိအဝတ်အစားများချွတ်ခံရခြင်း(Stripped of His garments)၊ အပြစ်မြင်နေကြသော လူအုပ်ကြီး၏ ရှုံချ အော်ဟစ်ခြင်းသည် ရှက်စရာပင်ဖြစ်သည်။ (Matthew 27:35-36).

F. (ဟေဗြဲ ၁၂း၂) တွင် “ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက် ကြောက်သော အရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ”ဟူသော ကျမ်းချက်သည်လည်း ကောင်း၊ (ဖိ ၂း၈) တွင် “လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍မိမိကိုယ်ကိုနှိမ့်ချတော်မူ၏”ဟူသော ကျမ်း ချက်သည်လည်းကောင်း ယုံကြည်သူ အတွက် မည်မျှလေးနက် တန်ဘိုးရှိလှပါသနည်း။

II. လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်း၏ ဝေဒနာ။ THE AGONY OF DEATH BY CRUCIFIXION

A. လက်ဝါးကပ်တိုင်ပေါ်တွင် အသေသတ်နိုင်ရန် ကြာပွတ်ရိုက်ခြင်းဖြင့် အစပြုပါသည်။(John 19:1; Matthew 27:26)။ လက်ဝါး ကပ်တိုင်၌ ခံရသော ဝေဒနာပိုမိုပြင်းပြစေရန်ရည်ရွယ်ထားပါသဖြင့် “ ကြာပွတ်သည် သားရေကြိုး သို့မဟုတ် ကျစ်ကြိုး အများအပြားကိုလက်ကိုင်တပ်ထားပြီး ထိုကြိုးများလေးလံ စေရန် အရိုး သို့မဟုတ် သတ္တုစများ ချိတ်ဆွဲ ထားပါသည်။ အရိုက်ခံရ သူအားတိုင်တွင်ချည်ထားပြီး ထိုသူ၏ကျောနှင့် ပေါင်ခြံကို ရိုက်လေ့ရှိပါသည်။ ဒဏ်ချက်သည်ပြင်းထန်လွန်းလှပါသဖြင့် အရိုက်ခံရသူသည် မေ့သွားသည် ကများသည်။ သို့သော် ထိုရိုက်ချက်ဖြင့် သေရန်ခက်ခဲပါသည်” ဟူ၍ The International Bible Standard Encyclopedia မှ ဘာသာပြန်ထားသည်။ ခရစ်တော်သည် ထိုကြာပွတ်ဖြင့် အချက်လေးဆယ် အရိုက်

ခံရပါသည်။ (Deuteronomy 25:3; Matthew 27:26; 2 Corinthians 11:24).

B. သခင်ဘုရား၏အခြေအနေတွင် လက်ဝါးကပ်တိုင်ပေါ်ခံရသော ဝေဒနာပိုမိုပြင်းထန်စေရန် ဦးခေါင်း တော်၌ ဆူး ဦးရစ်ကိုတင်ထားပါသည်။ (Matthew 27:29)။ ခရစ်တော်အားကွဲရဲ့နောက်ပြောင်သောအားဖြင့် ရောမ စစ်သားများသည် ပန်းဦးရစ်အလား၊ ထိုအရပ်၌ ရှိသော ဆူးပင် များမှ အချို့ကိုခွေ၍ ခေါင်းပေါ်တွင်တင်ပေး ပါသည်။ မည်သည့်အပင် ဖြစ်မည်ကိုအတိအကျဖော်ပြနိုင်ခြင်းမရှိပါ။ ထို အရပ်၌ပေါက်လေ့ရှိသော မြက်ပင်များ ပေါ်ရှိဆူးအချွန်သည် တစ်လက်မထက်ပင်ရှည်ကြပါသည်။ ချွန်ထက်ပြီး တောင့် မာလှသောဆူးများဖြစ်ပါသည်။ ထိုဆူးဦးရစ်ကို ရောမစစ်သားများသည် ရယ်မောလျက်ခရစ်တော်၏ ဦးခေါင်းထဲသို့ ကျူလုံးဖြင့် ရိုက် သွင်းထားရာ ဝေဒနာပိုကြီးစေပါသည်။ (Matthew 27:30).

C. ကားတင်သတ်ရာ (crucifixion)တွင် လက်ဝါးကပ်တိုင်ပုံစံမှာ (၄)မျိုးရှိပါသည်။ ခရစ်တော်ကိုသတ်ခဲ့သော လက်ဝါးကပ်တိုင်မှာ အများဆုံးအသုံးပြုခဲ့သော လက်ဝါးကပ်တိုင်မျိုးဖြစ်လျက်၊ တိုင်မတ်မတ် ပေါ်တွင် လက်တန်းတည့်တည့် တပ်ထားပါသည်။ ၎င်းအမျိုးကို "Crux immisa" ဟုခေါ်ပါသည်။ ခရစ်တော်၏လက်နှင့် ခြေတို့ကိုဤတိုင်ပေါ်တွင်သံဖြင့် ရိုက်ကပ်ထားပါသည်။ (John 20:25; Colossians 2:14).

D. လက်ဝါးကပ်တိုင်ပေါ်တွင် အသေသတ်ခံရခြင်း၏ ကြောက်မတ်ဘွယ်ရာများကို စာဖြင့် အပြည့်အစုံ ဖော်ပြ ၍မရ နိုင်ပါ။ ဒါဏ်ချက်သက်သာစေရန်ယုဒပြည်တွင် လက်ဝါးကပ်တိုင်ပေါ်ရောက် ရာဇဝတ်သားအား ရူးမိုက်စေ သော ဆေးရည်ကို (stupefying drink) တိုက်ပါသည်။ ခရစ်တော်သည် ထိုဆေးရည်ကို ငြင်းပယ်ခဲ့ပါ သည်။ (Matthew 27:34)။ ဝေဒနာကို ပိုမို ငြင်းထန် စေသော အချက်တစ်ချက်မှာ ထိုဒေသ၏ ပူလောင်လှ သောနေပူရှိန်ပင်ဖြစ်ပါသည်။ ပူလောင်လှသော ဒါဏ်ချက်နှင့် ကောင်းစွာမထွက်သောသွေးတို့သည် အနာရှိန် ကိုတက်စေလျက်၊ အနာရှိန်ကြောင့်ဖျားနာခြင်းနှင့် ရေငတ်ခြင်းကို ဖြစ်စေပါသည်။(John 19:28) အရိုး အဆစ်များ၊ အကြောအချဉ်များတို့သည် ကျိုးကျေကုန်လျက် အလွန်နာကျင်မှုကို ဖြစ်စေပါသည်။ ခေါင်းပေါ်မှ သွေးလွှတ်ကြောတို့သည် သွေးများဖြင့်လျှံတက်နေသည်။ ခေါင်းပေါ်၌ လေးလံခြင်းနှင့် ပေါက်ကွဲမတတ်သော ကိုက်ခဲခြင်း ဝေဒနာကိုဖြစ်စေပါသည်။ကားစင်တင်ခံရသူသည် ကြာမြင့်စွာဝေဒနာခံရပြီးမှ သေသော သေခြင်း၊ ကြောက်မက်ဘွယ်ကောင်းသော သေခြင်းကို သေရသည်ဖြစ်၍ အသေ မြန်စေရန် ရာဇဝတ်သား၏ ခြေအရိုးတို့ကိုချိုးခြင်းဖြင့် ဖြည့်စွက်ပါသည်။ (John 19:31-34) အငယ် ၃၄ကိုဖတ်သောအခါ ခရစ်တော်သည် အသဲ ကွဲနာ (broken heart) ကိုလည်း ခံစားရကြောင်းထောက်ပြနေပါ သည်။

♦ ခရစ်တော်၏ဝေဒနာများနှင့် ပတ်သက်၍ အောက်ပါကျမ်းချက်များကို ကျေညက်အောင်ဖတ်ပါ။
(Hebrews 12:2), “လက်ဝါးကပ်တိုင်၌ခံပြီးမှ” “...(He) endured the cross...”;
(1 Peter 2:23),“အသေခံရသော အခါ ခြိမ်းခြောက်ခြင်းကိုမပြု” “...when He suffered he threatened not...”;
(1 Peter 3:18), “ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် သေသတ်ခြင်းကိုခံ၍ဖြောင့်မတ်သောသူသည် မဖြောင့်မတ်သောသူအတွက်၊ ဒုစရိုက်အပြစ်များကြောင့်တစ်ခါခံတော်မူ၏”။ “...Christ...suffered for sins the just for the unjust, that he might bring us to God….”

III. ခရစ်တော်၏လက်ဝါးကပ်တိုင်သည် တမန်တော်တို့၏ အဓိကဟောပြောချက်ဖြစ်ပါသည်။
CHRIST’S CROSS WAS THE HEART OF APOSTOLIC PREACHING

A. 1 Corinthians 1:18 – "ကယ်တင်ခြင်းသို့ရောက်သော….ထိုတရားသည် ဘုရားသခင်၏ တန်ခိုး"
B. 1 Corinthians 2:2 – "…လက်ဝါးကပ်တိုင်တော်မှတပါး အဘယ်အရာ၌ မျှငါမမှတ်။"
C. Galatians 6:14 – "လက်ဝါးကပ်တိုင်တော်မှတပါး အဘယ်အရာ၌ မျှဝါကြွားခြင်း မရှိစေနှင့်။"
D. Ephesians 2:16 –ယုဒလူနှင့် တစ်ပါးအမျိုးသားတို့လက်ဝါးကပ်တိုင်၌ရန်ငြိမ်းလျက်
E. Colossians 1:20 –လက်ဝါးကပ်တိုင်မှာ သွန်းသောအသွေးတော်ဖြင့် ရန်ကိုငြိမ်းစေ၍
F. Colossians 2:14 – ဝိနည်းအထုံးအဖွဲ့ ကို…….. ချေ၍လက်ဝါးကပ်တိုင်မှာရိုက်ထားပြီ
G. Galatians 3:1 – "….အသေခံတော်မူသော ယေရှုကို သင်တို့မျက်မှောက်၌ ထင်ရှားပြပြီ"
H. 1 Peter 2:24 – ငါတို့အပြစ်များကို ကိုယ်တော်တိုင်သစ်တိုင် (လက်ဝါးကပ်တိုင်)မှာ ခံတော်မူပြီ။
I. 1 Peter 1:18-19 – အသွေးတော်မြတ်နှင့်ရွှေးတော်မူပြီ

IV. လက်ဝါးကပ်တိုင်၏ ရန်ငြိမ်းစေခြင်း။ THE RECONCILING WORK OF THE CROSS

ခရစ်တော်၏ ဇဝံဂေလိတရားသာသနာကို ရန်ငြိမ်းခြင်းသာသနာ (ministry of reconciliation) ဟု ခေါ်ပါသည်။ (2 Corinthians 5:18). ရန်ငြိမ်းခြင်းအယူအဆမှာ မျက်နှာသာရသောအဆင့်၌ ပြန်လည်ထိန်းသိမ်းရန်ဖြစ်သည်။ မေတ္တာတော်နှင့်ကင်းကွာခြင်း (estrangement)၊ ရန်သူအဖြစ်မှတ်ယူခြင်း(enmity)၊ မိတ်ပျက်ခြင်းများ (alienation) အဆုံးသတ်ခြင်းဖြစ်သည်။ တစ်ချိန်က ရန်ဘက်တို့သည် မိတ်ဆွေဖြစ်လာသည်။ ကွဲပြားခြားနားစေသောအရာကိုဖယ်ရှားသည်။ ရန်ငြိမ်း၍ ငြိမ်းချမ်းမှုရရှိသည်။ နှစ်ဖွဲ့မဟုတ် တစ်ဖွဲ့တည်းဖြစ်သည်။

A. "ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျက်၊ လောကီသားတို့၏အပြစ်များကိုမှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့စေတော်မူ၏" (2 Corinthians 5:19) မည်မျှ ကောင်းသော ကျမ်းပိုဒ်ဖြစ်ပါသနည်း။ ခရစ်တော်သည် ကြားဝင်စေ့စပ်ပေးသူဖြစ်လျက်။ အပြစ်ရှိသူ၊ တော်လှန်ပုန်ကန်သူ၊ ဘုရားသခင်ကို မယုံကြည် သူအား ဘုရားသခင်နှင့် ရန်ငြိမ်း၍ မိတ်သဟာယဖွဲ့စေနိုင်ပါသည်။

B. လက်ဝါးကပ်တိုင်တွင် ခရစ်တော်သည် ယုဒလူနှင့် တစ်ပါးအမျိုးသားတို့အကြား ရန်ငြိုးဖွဲ့ခြင်းကို ငြိမ်းစေ၍ ရန်ကို ဖျက်သိမ်းသည်။ ပညတ်တရားကိုလည်းဖျက်သိမ်းသည်။ ထိုလူမျိုးနှစ်စုကို တစ်စု တည်းဖြစ်စေ တော်မူလျက် လက်ဝါး ကပ်တိုင်တော်အားဖြင့် မိတ်သဟာယဖွဲ့စေတော်မူ၏။ (Ephesians 2:14-16; Romans 5:10).

C. Colossians 1:20-22,တွင် ရှင်ပေါလုက အပြစ်သားများကို ရေးသားရာတွင် "ဆိုးညစ်သော အကျင့် ကို ကျင့်သဖြင့် စိတ်နလုံး၌ရန်သူဖြစ်သောသင်တို့ကို လက်ဝါးကပ်တိုင်မှသွန်းသော အသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့စေတော်မူကြောင်းဖော်ပြထားပါသည်။စစ်ပြေငြိမ်းပြီးဖြစ်သည်။ ဘုရားသခင်မှ စစ်ပြေငြိမ်းစာချုပ်သည် ယုံကြည်သူမည်သူနှင့်မဆို လက်မှတ်ရေးထိုးပြီးဖြစ်၍ အသွေးတော်အားဖြင့် အာမခံလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ အပြစ်များကို ဒါဂ်စီရင်ပြီးဖြစ်၍ ဖယ်ရှားပြီးဖြစ်သည်။ (Hebrews 9:26)

D. အပြစ်မဲ့သောဘုရား၊ စော်ကားခံရသော ဘုရားသခင်သည် ရန်ငြိမ်းခြင်းအတွက် စတင်လှုပ်ရှားသူဖြစ်ပါသည်။ (2 Corinthians 5:18-19) တွင်ဘုရားသခင်သည် ယေရှုခရစ်အား ဖြင့်ငါတို့၏ ရန်ကိုငြိမ်းစေ၍

ဘုရားသခင် သည် ခရစ်တော်အထဲ၌ ရှိနေလျက် လောကီသားတို့ နှင့် မိတ်သဟာယဖွဲ့ကြောင်းတွေ့ရှိရပါသည်။

V. လက်ဝါးကပ်တိုင်နှင့် ပညတ်တရား။ THE CROSS AND THE LAW

ပညတ်တရားသည် လူအားလုံးတို့ကို အပြစ်ရှိသည်ဟု စီရင်လျက်အပြစ်ပေးထား သည်။ အကြောင်းမှာ မည်သူမျှ ပညတ်တရားကိုမစောင့်နိုင်သောကြောင့်ဖြစ်သည်။(Romans 3:9-23)။ ပညတ်တရားနှင့် ပညတ်တရား၏ အစိတ်အပိုင်း တစ်ခုခုကိုချိုးဖေါက်သောသူရှိသမျှတို့သည် ကျိန်ခြင်းအမင်္ဂလာဖြစ်စေလျက်၊ သေဒဏ်အမိန့်ချမှတ် ထားပါသည်။ (Galatians 3:10-11; James 2:10).

A. ခရစ်တော်သည် ထိုကျိန်ခြင်းနှင့် စပ်ဆိုင်သောသစ်တိုင်ပေါ်တွင် ကိုယ်တော်ကိုယုံကြည်သမျှ သောသူတို့နှင့် ပတ်သက်သောကျိန်ခြင်းအမင်္ဂလာအားလုံးတို့ကို ခံတော်မူခဲ့ပြီးကြောင်းသိရသောအခွင့်သည် မည်မျှတန်ဘိုးရှိပါသနည်း။ (Galatians 3:13-14)။ ကိုယ်တော်တိုင်လည်း ထိုပညတ်တရားရှိသမျှတို့ကိုကျင့်၍ ပြီးပြည့်စုံစေခဲ့ပါသည်။(Matthew 5:17).

B. ယုံကြည်သောသူရှိသမျှတို့အတွက် ခရစ်တော်သည် လက်ဝါးကပ်တိုင်၌ ပညတ်တရား၏ ပြည့်စုံခြင်းဖြစ်လာပါသည်။ (Romans 10:4).

C. လက်ဝါးကပ်တိုင်တွင် ဝိနည်းနှင့်စပ်ဆိုင်သော အထုံးအဖွဲ့ရှိသမျှ (ပညတ်တရားနှင့် အစဉ်အလာ ချည်နှောင်မှုများ) ကိုခရစ်တော်သည် ချေဖျက်၍ လက်ဝါးကပ်တိုင်တွင် သံနှင့်ရိုက်ထားပြီးဖြစ်သည်။ (Colossians 2:14).

D. ယုဒလူနှင့် တစ်ပါးအမျိုးသားတို့ကို "တစ်မျိုးတည်း" (အသင်းတော်)ဖြစ်စေခြင်းဌာ ခရစ် တော်သည် ပညတ်တရားကိုပယ်ဖျက်၍ ထိုသူတို့အကြားရှိရန်ပြိုးကိုလည်း လက်ဝါးကပ်တိုင်တွင် သတ်ဖြတ်ပယ်ရှင်းပြီး ဖြစ်ပါသည်။ (Ephesians 2:15-16).

VI. လက်ဝါးကပ်တိုင်၏ အောင်ပွဲခံခြင်း။ THE TRIUMPHS OF THE CROSS

A. လက်ဝါးကပ်တိုင်တွင် ခရစ်တော်ကို "ငါတို့အတွက် (ကိုယ်စား) အပြစ်ရှိသောသူ"ဖြစ်စေ သည်။ (2 Corinthians 5:21) ကျွန်ုပ်တို့၏အပြစ်များကို ကိုယ်တော်တိုင်ခံခဲ့သည်။(1 Peter 2:24) ဘုရားသခင်သည် သူ့အပေါ်၌တင်တော်မူသည်။ (Isaiah 53:6)။ ခရစ်တော်သည် မိမိကိုယ်ကိုပူဇော်သက္ကာပြခြင်းအားဖြင့် ထိုအရာကိုပယ်ရှား၍ အပြစ် အပေါ်အောင်ပွဲခံတော်မူသည်။(Hebrews 9:26)။ ယုံကြည်သောသူတို့အတွက် "အပြစ်"သည် ဆွေးနွေးရန်မဟုတ်တော့ဘဲ။ "သားဖြစ်ခြင်း"သည်သာ ခေါင်းစဉ်ကြီး ဖြစ်လာပါ သည်။" ဟူသော မေးခွန်းကိုသာ ဖြေသင့်ပါသည်။သင့်ကို တရားစီရင်ပြီး၊ အပြစ်မှဖယ်ရှား လိုက်ပေပြီ။သင်ဖြေဆိုရန်ကျန်ရှိသော မေးခွန်းမှာ သင့်အပြစ်ကို ဖယ်ရှားပေးလိုက်သူ ယေရှုခရစ်နှင့် သင်မည် သို့ ရှေ့ဆက်ခရီးသွား မည်နည်း ဆိုသည်သာ ကျန်ပေတော့သည်။ (Matthew 27:22).

B. ဘုရားသခင်နှင့် လူတို့၏အဓိကရန်သူဖြစ်သော စာတန်ကိုလက်ဝါးကပ်တိုင်တွင် ထာဝရအောင်မြင် အနိုင်

ယူရယူပြီး ဖြစ်သည်။

1. “သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏ တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှာ” (Hebrews 2:14). ခရစ်တော်သည် အသွေးအသားကို ဆောင်ယူတော်မူ၏။
2. မာရ်နတ်၏လုပ်ရပ်ကိုဖျက်ဆီးရန် ခရစ်တော်ကြွလာတော်မူသည်။ (1 John 3:8).

C. ယေရှုဘုရားကိုယုံကြည်သူတိုင်း သေရမည်ကိုမကြောက်တော့ပေ။(Hebrews 2:15).

D. ဂျူးနှင့်တပါးအမျိုးသားတို့ အကြားရှိရန်ပွဲသည် ချုပ်ငြိမ်းသွားပေပြီ။ (Ephesians 2:16).

E. ယုံကြည်သူအတွက် “ဤလောကသည် ငါ့အဘို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်း ဤလောက အဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏” (Galatians 6:14)။ “မစိုးရိမ်ကြနှင့်။ ငါသည် ဤလောက ကိုအောင်ပြီ။ (John 16:33).

F. ခရစ်တော်သည် ပညတ်တရားကိုအဆုံးသတ်ခဲ့ပြီ။ (Romans 10:4)။ လက်ဝါးကပ် တိုင်ပေါ်တွင် အသေခံခြင်းဖြင့်ပညတ်တရား၏ကျိန်ခြင်းအမင်္ဂလာမှကျွန်ုပ်တို့ကို ရွေးနှုတ်ကယ်တင်တော်မူပြီ။(Galatians 3:13).

VII. လက်ဝါးကပ်တိုင်ကို ဘုရားသခင်၏ ဆောင်ရွက်တော်မူချက်အဖြစ်ရှုမြင်ခြင်း။ THE CROSS VIEWED AS AN ACT OF GOD

A. လက်ဝါးကပ်တိုင်ပေါ်တွင်ခရစ်တော်အသေခံတော်မူခြင်းကို ဘုရားသခင်၏ပြုမူဆောင်ရွက်တော်မူ ချက်ဖြစ်သည်ဟု သမ္မာ ကျမ်းစာကမြင်ထားပါသည်။

1. ဒါဏ်ခတ်တော်မူခြင်းကိုလည်းကောင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကို လည်းကောင်း၊ ခံရသော သူဖြစ် သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ (Isaiah 53:4).
2. ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏။ (Isaiah 53:6).
3. ထာဝရဘုရားသည် သူ့ကိုနှိပ်စက်ခြင်းငှာ အလိုတော်ရှိ၍ နာစေတော်မူ၏။ (Isaiah 53:10).
4. ဘုရားသခင်သည် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ (2 Corinthians 5:21).

B. ထိုသို့သောအပြုအမူကို ဤလောကအနေဖြင့်မြင်ဘူးသမျှသောမေတ္တာတို့တွင် အကြီးဆုံးဖြစ်သည် ဟု လက်ခံရပါမည်။

1. ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို (အလွန်) ချစ်တော်မူ၏။(John 3:16).
2. ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏အပြစ်ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ သားတော်ကို စေလွှတ်တော် မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။ (1 John 4:10).
3. ငါတို့သည်အပြစ်ရှိစဉ်ပင်ခရစ်တော်သည်ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍။ ဘုရားသခင် သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကိုငါတို့အားထင်ရှားစွာ ပြတော်မူ၏။(Romans 5:8).

VIII. လက်ဝါးကပ်တိုင်ကို လူ့ဆောင်ရွက်ချက်အဖြစ်ရှုမြင်ခြင်း။ THE CROSS VIEWED AS AN ACT OF MAN

လက်ဝါးကပ်တိုင်သည် ဘုရားသခင်၏ဘက်မှကြည့်လျှင် လူတို့အား ဘုရားသခင်ချစ်တော်မူ ကြောင်းကို ဖော်ပြသော အထွဋ်အထိပ် လက္ခဏာဖြစ်သကဲ့သို့ လူတို့ဘက်မှကြည့်လျှင်လည်း မုန်းတီး ခြင်း၏ အထွဋ် အထိပ် လက္ခဏာပင်ဖြစ်ပါသည်။ လူတို့၏ အမြင်အားဖြင့် ခရစ်တော်အသေခံ တော်မူခြင်းသည် အလွန်ကြောက် မတ်ဘွယ်ကောင်းလျက် အလွန်ဆိုးသွမ်းသော လူသတ်မှုကြီး ဖြစ်ပါသည်။

A. သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သောယေရှုကို ဘုရားသခင်သည် ခရစ်တော် အရာ၌ လည်းကောင်း အစိုးရသောအရှင်အရာ၌လည်းကောင်း ခန့်ထားတော်မူသည်။(Acts 2:36; 4:10).

B. သန့်ရှင်းဖြောင့်မတ်တော်မူသော သခင်ကိုငြင်းပယ်၍- အသက်ရှင်ခြင်းသို့ ပို့ဆောင်သော အရှင်ကို ကွပ်မျက်ကြပြီ တကား။ ထိုအရှင်ကိုဘုရားသခင်သည် သေခြင်းမှ ထမြောက်စေတော်မူသည်။ (Acts 3:14-15).

C. သင်တို့သည် သစ်တိုင်၌ ဆွဲ၍ကွပ်မျက်သော ယေရှုကိုငါတို့ဘိုးဘေးများ၏ ဘုရားသခင်သည် ထမြောက် စေတော်မူပြီ။ (Acts 5:30).

D. ထိုဖြောင့်မတ်သောသူကိုပင် ယခုသင်တို့သည် အပ်နှံ၍အသေသတ်ကြပြီ။ (Acts 7:52).

♦ ဘုရားသခင်၏အလိုတော်နှင့်အညီ ကြံစည်တော်မူချက်တို့နှင့်အညီ ခရစ်တော်အသေခံ တော်မူသည်ဟု ဆိုယုံမျှဖြင့် ထိုသေခြင်းနှင့် ပတ်သက်သောကျွန်ုပ်တို့၏ တာဝန်များကင်းရှင်းသွား သည် မဟုတ်ပါ။ မည်သူမဆို ခရစ်တော်ကိုငြင်းပယ်လျှင် ထိုသူသည် ခရစ်တော်အသေသတ်ခြင်း ခံရန်တာဝန်ရှိသော လူထု ကြီးနှင့် လည်းကောင်း၊ ရောမစစ်သားများနှင့်လည်းကောင်း ပွန်တိပိလတ်မင်း နှင့်လည်းကောင်း လက်တွဲသူ များဖြစ် ပါသည်။ ခရစ်တော်ကို ငြင်းပယ်ခြင်းသည် ခရစ်တော်အား‌ခြေ ထောက်ဖြင့် ကျော်နင်းခြင်း၊ အသွေးတော် အား‌အရေးမပေး၊ (အဘိုးနည်းအရာမရောက်သော အရာ အဖြစ်ခံယူ)ခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်ကို အထင်အမြင် သေးပြုမူခြင်းဖြစ်ပါသည်။ (Hebrews 10:29; note Philippians 3:18).

IX. ဒါဏ်ခံရသောလက်ဝါးကပ်တိုင်။ THE SMITTEN CROSS

ဒါဏ်ခတ်တော်မူခြင်း ကိုခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။(Isaiah 53:4)။ ခရစ်တော်သည် အမှန်ပင် လက်ဝါး ကပ်တိုင်၌ ဒါဏ်ခတ်တော်မူခြင်းကို ခံရသောသူဖြစ်ပါသည်။ အနက်ဖွင့်ခြင်း၊ အကျယ်ချဲ့ခြင်း မပြုဘဲ အောက်ပါအချက်အလက်များကို စိတ်နလုံးထဲ၌ ကျေညက်စေပါ။ လက်ဝါးကပ်တိုင်သည် -

A. Smitten with darkness (Matthew 27:45). မှောင်မိုက်ဖြင့် ဒါဏ်ခတ်ခြင်းဖြစ်သည်။
B. Smitten with suffering (1 Peter 3:18). ဝေဒနာဖြင့် ဒါဏ်ခတ်ခြင်းဖြစ်သည်။
C. Smitten with sorrow (Isaiah 53:3-4). ဝမ်းနည်းခြင်းဖြင့် ဒါဏ်ခတ်ခြင်းဖြစ်သည်။
D. Smitten with death (John 19:30, 33). သေခြင်းဖြင့် ဒါဏ်ခတ်ခြင်းဖြစ်သည်။
E. Smitten with sin (2 Corinthians 5:21; 1 Peter 2:24). အပြစ်ဖြင့် ဒါဏ်ခတ်ခြင်းဖြစ်သည်။

F. Smitten with blood (1 Peter 1:19; Romans 5:9). သွေးဖြင့် ဒဏ်ခတ်ခြင်းဖြစ်သည်။

X. လက်ဝါးကပ်တိုင်သည်မည်သည့်အရာများကို ဖော်ပြသနည်း။ OF WHAT DOES THE CROSS SPEAK?

လက်ဝါးကပ်တိုင်သည် ကျွန်ုပ်တို့အား -

A. ဖြောင့်မတ်တော်မူခြင်းကို ကျေနပ်စေသည်။ Satisfied justice (2 Corinthians 5:21; Romans 3:26).
B. ပြီးပြည့်စုံသော နာခံမှုကိုပြသည်။ Perfect obedience (Philippians 2:5-9).
C. အတိုင်းမရှိမေတ္တာကိုပြသည်။ Infinite love (1 John 4:10).
D. ဘုရားသခင်စီမံပေးသော ဖြောင့်မတ်ခြင်းကို ရရှိစေသည်။ Divinely provided righteousness (Romans 3:21-22; 2 Corinthians 5:21).
E. ဝယ်ယူရွေးနုတ်တော်မူခြင်းကိုပြပါသည်။ Purchased redemption (Ephesians 1:7).
F. ကောင်းမြတ်သောရန်ငြိမ်းခြင်းကိုပြပါသည်။ Blessed reconciliation (Colossians 1:20-21).
G. အပြစ်ကိုဖယ်ရှားကြောင်းပြပါသည်။ Sin's removal (Hebrews 9:26).
H. စာတန်ဆုံးရှုံးကြောင်းကို ပြပါသည်။ Satan's defeat (Hebrews 2:14; 1 John 3:8).
I. အပြစ်ကို လုံးလုံး ဖြေလွှတ်ပြီးကြောင်း ဖော်ပြပါသည်။ Complete forgiveness (Colossians 1:14).

♦ လက်ဝါးကပ်တိုင်သည် ခရစ်ယာန်တို့၏အခြေခံယုံကြည်ချက်အားလုံးတို့၏ ဗဟိုချက်မ ဖြစ်ပါသည်။ လက်ဝါးကပ်တိုင်တရားကို ဟောပြောခြင်းသည် ဘုရားသခင်၏တန်ခိုးတော် ဖြစ်ကြောင်း၊ ခရစ်ယာန်ယုံကြည်ချက် အားလုံး ပင်ဖြစ်ကြောင်း ပေါလု၏ခံယူချက်ကို သတိပြုပါ။ (1 Corinthians 1:18; Galatians 3:1; 1 Corinthians 2:2).

XI. လက်ဝါးကပ်တိုင်နှင့် ခရစ်ယာန်အသက်တာ။ THE CROSS AND THE CHRISTIAN LIFE

A. ခရစ်ယာန်သည် လက်ဝါးကပ်တိုင်၌ဂုဏ်ယူလျက်၊ ဘယ်သောအခါမျှလက်ဝါးကပ်တိုင်ကိုမရှက်ရပါ။ (Galatians 6:14).
B. ထိုလက်ဝါးကပ်တိုင်အားဖြင့် ခရစ်ယာန်သည် ဤလောကအတွက် ရိုက်ထားခြင်းကို ခံလျက် ဤလောကသည် လည်း ခရစ်ယာန်အတွက် ရိုက်ထားခြင်းခံလျက်ရှိပါသည်။ (Galatians 6:14).

C. လက်ဝါးကပ်တိုင်သည် အများသောသူတို့အတွက် ထိမိ၍လဲစရာ အကြောင်းဖြစ်သည်ကို သတိပြုရမည်။ ထို့ကြောင့် လက်ဝါးကပ်တိုင်၌ အသက်ရှင်သူများ၊ လက်ဝါးကပ်တိုင်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်သောသူများသည် ထိုလက်ဝါးကပ်တိုင်ကိုထမ်းရန် အမြဲ သတိပြုရမည်။ (Galatians 5:11)။ အချို့သောသူတို့သည် ခရစ်တော်၏ လက်ဝါးကပ်တိုင် ညှဉ်းဆဲခြင်းကိုပင် ခံရကြောင်း သတိပြုရပါမည်။(Galatians 6:12).

D. (Matthew 16:24) ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်ဟု ခရစ်တော်မိန့်ကြားခဲ့ပါသည်။ ဤသို့ဆိုရာတွင် ကျွန်ုပ်တို့သည် ခရစ်တော်၏ အမှုကို ဆောင်ရွက်ရာ၌ ကျွန်ုပ်တို့ရင်ဆိုင်ရန် ဘုရားသခင် ခွင့်ပြုတော်မူသော မည်သည့်အမှုကိုမဆို ဝန်ခံရန်ဆို

လိုခြင်း ဖြစ်ပါသည်။

E. ခရစ်ယာန်တို့သည် ခရစ်တော်နှင့် အတူလက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံလျက်၊ ဘုရားသခင်၏ ကျေးဇူး တော်အားဖြင့် အသေခံပြီးသော အသက်တာကို အသက်ရှင်ကြရ မည်သာဖြစ်ပါသည်။(Romans 6:6; 11-13; Galatians 2:20; 5:24).

နိဂုံး - Conclusion

ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၏ နက်နဲသောဖော်ပြခြင်းကဲ့သို့ခရစ်ယာန်၏ အသက်တာကို သန့်ရှင်းစေ နိုင်သော အရာမရှိပါ။ လက်ဝါးကပ်တိုင်တော်၏ အရေးပါအရာရောက်မှု လေးနက်မှုကို မည်သို့သော လေ့ကျင့်ခန်းကမျှ ဖော်ကျူးနိုင်မည် မဟုတ်သည့် အားလျော်စွာ ဤသင်ခန်းစာသည် ခရစ်တော်ကိုချစ်သော မေတ္တာအသစ်တစ်ဖန်နှိုးကြားစေနိုင်မည်ဟု ရိုးသားစွာယုံကြည်ပါသည်။ ကရာနီအပေါ်အသစ်သောခံယူချက်၊ ကျေးဇူးတော် အကြောင်း ကိုလည်းကောင်းထိုမှ စီးထွက်လာသော တန်ခိုးတော်ကိုလည်းကောင်း ပိုမို သိလိုသော သဘောများပေါ်ပေါက်လာမည်ဟုလည်းမျှော်လင့်ပါသည်။

ခရစ်တော်၏လက်ဝါးကပ်တိုင် မေးခွန်းများ — လေ့ကျင့်ခန်း (၃၀)

1. လက်ဝါးကပ်တိုင်နှင့်Christian doctrine ဆက်စပ်ပတ်သက်မှုမှာ……(၂-မှတ်)
a. ရှုဒေါင့်တခုတည်းတွင်ရပ်တည်သည်။ stands on the same plane.
b. ခရစ်ယာန်ဘာသာ၏ဗဟိုဖြစ်သည်။is the focal point and source of all Christian doctrine.
c. အခြားသြဝါဒများနှင့်ဆက်စပ်မှုမရှိပါ။has no relation to other doctrines.

2. ရောမလူမျိုးများက လက်ဝါးကပ်တိုင်ကို အောက်ပါအတိုင်းရှုမြင်သည်။(၂-မှတ်)
a. သက်သက်သာသာ သေစေသည်။an easy death.
b. အလျင်အမြန်သေစေသည်။a quick death.
c. ရှက်စရာ၊မနှစ်မြို့ စရာအဖြစ်နှင့်သေစေသည်။a shameful and detestable death.

3. ဂျူးတို့ က လက်ဝါးကပ်တိုင်တွင်သေခြင်းကို ဤသို့ ရှုမြင်သည်။(၂-မှတ်)
a. ကျိန်ခြင်းအမင်္ဂလာ။a curse.
b. အာဇာနည်အဖြစ်အသေခံခြင်း။ martyrdom for the cause.
c. ကျောက်ခဲနှင့်ပစ်ခံရပြီးသေခြင်းလောက်မဆိုးပါ။no worse than being stoned to death.

4. လက်ဝါးကပ်တိုင်တွင် အသေမခံမီ၊ပိုမိုဆိုးရွားစွာခံရသည့်အချက်မှာ…..(၂-မှာ)
a. အရှက်ကွဲခြင်း။ the shame.
b. ဂေါလဂေါသကုန်းသို့ လက်ဝါးကပ်တိုင်ထမ်းရခြင်း။being made to carry the cross to Golgotha.
c. ကြာပွတ်နှင့်အချက် ၄၀ ရိုက်ခံရခြင်း။the whipping with 40 lashes.

5. ယေရှုဘုရားခံခဲ့ရသော အခြားအရာများမှာ အောက်ပါတို့ ဖြစ်သည်။(၂-မှတ်)
a. ခြေချိုးခံရခြင်း။ broken legs.
b. နှလုံးကွဲခြင်း။ a broken heart.
c. ဝိညာဉ်နာကျည်းခြင်း။a broken spirit.

6. တမန်တော်တို့ အဓိကဦးတည်ပြီးဟောသောတရားမှာ.....(၂-မှတ်)
a. ခရစ်တော်မွေးဖွါးခြင်း။ the birth of Christ.
b. ခရစ်တော်အမှုတော်ထမ်းရွက်ခြင်း။ the ministry of Christ.
c. ခရစ်တော်၏လက်ဝါးကပ်တိုင်တရား။ the cross of Christ.

7. လူတို့ အားဘုရားရှင်နှင့်ရန်ငြိမ်းဖို့ လုပ်ဆောင်သောအချက်ကိုဖေါ်ပြပါ။(၂-မှတ်)
a. ကိုယ်စားခံခြင်း။ imputation.
b. ရန်ငြိမ်းခြင်း။ reconciliation.
c. ဘုရားသား-သမီးဖြစ်ခွင့်ရခြင်း။ adoption.

8. ယုဒလူမျိုးများနှင့် တပါးအမျိုးသားများ (Jews and Gentiles) အကြားရှိ မည်သည့်အရာကို ခရစ်တော်ပယ်ဖျက်ခဲ့သနည်း။(၂-မှတ်)
a. အမုန်းတရား။ hatred
b. အကုသိုလ်တရား။ bad attitudes
c. စစ်ပွဲများ။ wars

9. ရန်ငြိမ်းခြင်းကို လုပ်ဆောင်သူအားဖေါ်ပြပါ။(၂-မှတ်)
a. လူ man.
b. သင်းအုပ်ဆရာ the pastor.
c. ဘုရားသခင် God.

10. ခရစ်တော်သည် ပညတ်တရားကို မည်သို့ ပယ်ဖျက်ခဲ့သနည်း။(၂-မှတ်)
a. လက်ဝါးကပ်တိုင်တွင်အသေခံခြင်းဖြင့်။ His death on the cross.
b. ရှင်ပြန်ထမြောက်ခြင်းအားဖြင့်။ His resurrection.
c. သူ၏အသက်တာအားဖြင့်။ His life.

11. law's condemnation and penaltyကို ခရစ်တော်ပယ်ဖျက်ရသည့်အကြောင်းမှာ....(၂-မှတ်)
a. ဂျူးတို့ အတွက်သာဖြစ်သောကြောင့်။ it was made for Jews only.
b. ၎င်းကို မည်သူမျှ မစောင့်ထိန်းနိုင်သောကြောင့်။ no man could keep it.
c. ခမ္ဓသစ်ကျမ်းတွင် ၎င်းသည် တရားမဝင်သောကြောင့်။ it was no longer valid in the New Testament.

12. လူတို့၏အပြစ်ကြောင့်(လု ၂၃း၂၁ အရ)ခရစ်တော်အသေခံရခြင်းကိုမည်သို့ ခေါ်သနည်း။(၂-မှတ်)

a. လူ့ သမိုင်း၏မတော်တဆဖြစ်မှု။ an accident of history.
b. လူသတ်သူတစ်ဦး။ a murder.
c. မှားယွင်းမှုတစ်ခု။ a mistake.

13. လက်ဝါးကပ်တိုင်အကြောင်း ကျမ်းပိုဒ်နှင့်အဖြေကို မှန်ကန်စွာယှဉ်တွဲပါ။(၂၇-မှတ်)

___ လူနှင့်ဘုရားကိုပြန်လည်သင့်မြတ်စေသည်။ the cross reconciled man to God	a. Hebrews 9:26
___ လက်ဝါကပ်တိုင်တရားနှင့် ပညတ်တရား။ the cross and the law	b. 1 Peter 3:18
___ လက်ဝါးကပ်တိုင်၌ အသေခံခြင်း၏အောင်မြင်မှု။ the triumphant sacrifice of the cross	c. Philippians 2:5-9
___ လက်ဝါးကပ်တိုင်၌ ဘုရားရှင်၏လုပ်ဆောင်မှု။ the cross viewed as an act of God	d. Isaiah 53:4
___ လက်ဝါးကပ်တိုင်၌လူ၏လုပ်ဆောင်မှု။ the cross viewed as an act of man	e. Galatians 6:14
___ လက်ဝါးကပ်တိုင်၌အသေသတ်ခြင်းကိုခံခြင်း။ the cross of suffering	f. 2 Corinthians 5:19
___ လက်ဝါးကပ်တိုင်၌ ပြည့်စုံသောနားထောင်ခြင်း။ the cross of perfect obedience	g. Romans 6:6, 11-13
___ ခရစ်ယာန်တို့သည်လက်ဝါးကားတိုင်မှာကျ၍လောကအဖို့ရိုက်ထားခြင်းကိုခံ။ by the cross the Christian is crucified to this world	h. Acts 2:36
___ ခရစ်ယာန်တိုင်း လက်ဝါးကပ်တိုင်တွင်အသေခံသည်ဟုသိမှတ်ခြင်း။ the Christian is to reckon himself to have died with Christ on the cross	j. Romans 10:4

14. လက်ဝါးကပ်တိုင်အကြောင်းပြောထားသည့် ကျမ်းပိုဒ်နှင့်အဖြေကိုယှဉ်တွဲပါ။(၁၈-မှတ်)

___ အားရနှစ်သက်သောတရားစီရင်ခြင်း Satisfied justice	a. 1 John 4:10
___ ပြီးပြည့်စုံသောနာခံခြင်း Perfect obedience	b. Hebrews 9:26
___ ထာဝရချစ်ခြင်းမေတ္တာ Infinite love	c. Colossians 1:14
___ ပြန်လည်သင့်မြတ်ခြင်း Reconciliation	d. 2 Corinthians 5:21
___ အပြစ်ကိုပယ်ရှားခြင်း Removal of sin	e. Colossians 1:20-21
___ ပြီးပြည့်စုံသောအပြစ်လွတ်ခြင်း Complete forgiveness	f. Philippians 2:5-9

အောက်ပါတို့ ကိုကွက်လပ်ဖြည့်ပါ။

15. ယေရှုဘုရားသည် လက်ဝါးကပ်တိုင်တရားဖြင့် မကောင်းမှုအားလုံးအပေါ်အောင်နိုင်ခဲ့သည်။ အောက်ပါကျမ်းပိုဒ်များအရ သူမည်သို့ လုပ်ဆောင်ခဲ့သနည်း။(၁၀-မှတ်)
ကျမ်းပိုဒ်တစ်ခုလုံးကို မကူးယူပါနှင့် ဆိုလိုရင်းစာကြောင်းကို သာရေးပါ။
(Do not copy the whole verse – look for the pertinent phrase)

2 Corinthians 5:21 _____

1 John 3:8 _____

16. ကွက်လပ်တွင် အောက်ပါပေးထားချက်များမှ အမှန်ကိုယူ၍ဖြည့်ပါ။(၃-မှတ်)

လက်ဝါးကပ်တိုင်တရားသည် အရာခပ်သိမ်း၏ _____ ဖြစ်သည်။

(ဘဏ္ဍာရေး၊ သမိုင်း၊ ဆင်းရဲခြင်းဒုက္ခခံခြင်း)

The cross is the center of all _____.

(Choose one of these words: religion, history, suffering)

17. John 3:16 တွင် မည်သည့်စာကြောင်းက အကြီးမြတ်ဆုံးသော မေတ္တာကို ဖေါ်ကျူးသနည်း။(၂-မှတ်)

_____

18. အောက်ပါဝါကျများတွင် မှန်ကန်သော စကားလုံးကိုရွေး၍ဖြည့်ပါ။(၁၆-မှတ်)

(ရှက်ကြောက်၊ ဘုန်းကြီး၊ အတိုက်အခိုက်၊ သချိုင်း၊ ငြင်းပယ်၊ ဝမ်းမြောက်၊ ကားတိုင်၊ ခရစ်ယာန်အသက်တာ၊ ဝန်ထုပ်ဝန်တာ)

(Choose from the following words: ashamed, glory, offence, tomb, deny, enjoy, cross, Christian life, burdens.)

ခရစ်ယာန်တို့သည် မည်သည့်အခါမျှ မ _____ သင့်ပါ။ လက်ဝါးကပ်တိုင်သည် လူများတို့အတွက် _____ ဖြစ်သည်။ ယေရှုက ငါ့နောက်သို့ လိုက်လိုသောသူသည် ကိုယ်ကိုကိုယ် _____ ရမည်။ မိမိ၏ _____ ကိုထမ်းရမည်ဟု မိန့်မှာခဲ့ပါသည်။

A Christian should never be _____ of the cross. The cross is an _____ to many people. Jesus said if any man followed Him he should _____ himself, and take up his _____ .

သင်ခန်းစာ (၃၁)၊ ကယ်တင်ခြင်းနှင့်ဆုလဒ် - Salvation and Rewards

နိဒါန်း - Introduction

မကြာသေးမီကအလွန်ရိုးသားသောခရစ်ယာန်တစ်ဦးသည် ကွယ်လွန်ခဲ့ပါသည်။ ထိုသူသည်နိမ့်ချသော သူဖြစ်လျက် အကျင့် စာရိတ္တအထူး ကောင်းမွန် သူတစ်ဦးဖြစ်ပါသည်။ ထိုသူကိုမြေသို့ အပ်နှံသောအခါ မိတ်ဆွေတစ်ဦးက "ရိုးသားဖြောင့်မတ်တဲ့ သည်လိုပုဂ္ဂိုလ်မျိုးတောင်မှ ကောင်းကင်ဘုံမရောက်လျင် ကျွန်ုပ်အတွက် တော့ မျှော်လင့်စရာရှိတော့မည်မဟုတ်ပါ"ဟု ပြောသောမှတ်ချက် ကိုကြားလိုက်ရပါသည်။

ဤမှတ်ချက်ကိုကြည့်ခြင်းအားဖြင့် ကောင်းကင်ဘုံသည် ထိုက်တန်သောသူများအတွက် နေရာဖြစ်သည်ဟူသော အတွေးအခေါ် ကိုလက်ခံထားကြောင်းပေါ်လွင်လှပါသည်။ ကောင်းကင်ဘုံကိုဝင်ရေး၊ မဝင်ရေးမှာ တစ်စုံတစ်ယောက်၏ ပြုမူကျင့်ကြံ သောကောင်းမှုကုသိုလ်အပေါ်တည်မှီနေသကဲ့သို့ဖြစ်နေပါသည်။

ကောင်းကင်ဘုံသည် ထိုက်ထိုက်တန်တန် အသက်ရှင်ခဲ့သူများအတွက် ဆုလက်ဆောင်လော သို့တည်းမဟုတ် သခင် ယေရှု ခရစ်တော်ကိုလက်ခံယုံကြည်သူအပေါင်းတို့အား အဘိုးကိုမယူဘဲ ဘုရားသခင်ပေး သနားတော်မူသော ကယ်တင်ခြင်းလော။ အကယ်၍ကောင်းကင်ဘုံသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် အဘိုးကို မယူဘဲ ပေးသနားတော်မူ သောအရာဖြစ်ပါလျင် ယုံကြည်သူများရယူခံစားမည့် ဆုလဒ်များသည် မည်သည့်အရာများဖြစ်ပါသနည်း။ ထိုဆုလဒ်များကို မည်သို့ ရရှိနိုင်ပါသနည်း။

သို့သော် သန်းပေါင်း များစွာသောခရစ်ယာန်တို့သည် တစ်စုံတစ်ခုသော အတိုင်းအတာအထိအကျင့် ကိုကျင့် ခြင်း၊ သန့်ရှင်းစွာနေထိုင်ခြင်းမရှိလျှင် ကယ်တင်ခြင်း (သို့မဟုတ်) ကောင်းကင်ဘုံသို့ဝင်စားရမည်မဟုတ် ဟုခံယူလျက်ကြောင့်ရွံ့နေကြပါသည်။
ဤသင်ခန်းစာကိုကယ်တင်ခြင်းနှင့်ဆုလဒ် (salvation and rewards) အကြောင်း ရှင်းလင်းစွာ တင်ပြနိုင်ရန်ရည်ရွယ်ပါသည်။ ဤသင်ခန်းစာကို လေ့လာခြင်းဖြင့်ကယ်တင်ခြင်းသည် မြေကြီးပေါ်တွင်ရရှိသော လောကီစည်းစိမ်များ၊ မြေကြီးပေါ်တွင် ကောင်းမွန်စွာကျင့်ကြံအားထုတ်ခဲ့ခြင်းကြောင့် ရရှိခံစားရမည့် ကောင်းကင်အကျိုးရလဒ်များနှင့် မသက်ဆိုင်ပါ။ ကယ်တင်ခြင်းနှင့်ကောင်းကင်ဘုံ သည် ဘုရားရှင်၏ အံ့သြဘွယ်ကရုဏာတော်လက်ဆောင် (salvation and heaven are gifts of God's amazing grace) ဖြစ်ကြောင်းသိစေလိုခြင်းဖြစ်သည်။ထို့ပြင် ကောင်းကင်ဘုံတွင် ကျွန်ုပ်တို့ ရရှိနိုင်သည့် ဆုလဒ်များကို လည်း မည်သူမဆို ရယူနိုင်ကြောင်းသိစေလိုခြင်းဖြစ်သည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- Salvation ဆိုသည်မှာ အပြစ်ဝရဲမှလွတ်မြောက်ဖို့ ဖြောင့်မတ်စွာကျင့်ကြံအားထုတ်နိုင်မှုကြောင့်ဝင်း၊ ဘုရားရှင်၏ကျေးဇူးတော်လက် ဆောင်ကို လက်ခံရရှိခြင်းကြောင့်ဝင်း ရယူနိုင်ခြင်း ဖြစ်ပေသည်။ (Romans 4:4), တွင် ယခုလိုပြောထားသည်။ "အကျင့်ရှိသောသူမည်သည်ကား၊ ကျေးဇူးအားဖြင့် အကျိုးကိုခံရ သည်မဟုတ်။ ခံထိုက်သောအားဖြင့်ခံရ၏။" ဆိုလိုသည်မှာ အကျင့်ကျင့်ခြင်းကြောင့် ရသောအကျိုးကျေးဇူးသည် ကျေးဇူး တော်အားဖြင့်ရခြင်းမဟုတ်ဘဲ၊ သူ၏ အကျင့်ကြောင့်ရခြင်းသာဖြစ်သည်။

❖ အကယ်၍ သင်၏အကျင့်ကျင့်ခြင်းသည် ဘုရားရှင်ချမှတ်ထားသော ပညတ်တော်များကို မှီအောင်လိုက်လျောက်နိုင်လျှင်၊ ဘုရားရှင်သည် သင့်အားကယ်တင်ခြင်းပေးဖို့ ရန် တာဝန်ရှိလာပေပြီ။

❖ သို့သော် (Ephesians 2:9) ကယ်တင်ခြင်းသည် အကျင့်ကျင့်ခြင်းကြောင့်ရသည် မဟုတ်သောကြောင့် မည်သူမျှ ဂုဏ်ယူဝင့်ကြွားဖို့ အကြောင်းမရှိကြောင်း ရှင်းလင်းစွာပြောထားသည်။ ထိုအစား ကျွန်ုပ်တို့ လုပ်ဖို့ လို သည်မှာမဖေါက်ပြန်မပျက်စီးနိုင်သော သရဖူ (incorruptible crown) ကို ရရှိဖို့ ကျင့်ကြံကြိုးပမ်းရမည် ဖြစ် ကြောင်း သာ ရှင်ပေါလုက ပြောခဲ့သည်။ (1 Corinthians 9:25). ယုံကြည်သူများအတွက် ကျမ်းစာတွင် ဖေါ်ပြ ပေးထားသော ထိုဆုလဒ် (Rewards) သည် အနာဂါတ်ကာလ (ကောင်းကင်ဘုံ) တွင် ရရှိမည့် အရာဖြစ်သည်။

❖ ကျမ်းစာလေ့လာသူများသည် ယုံကြည်ခြင်းနှင့် အကျင့် (faith and works), ပညတ်တရား နှင့်ကျေးဇူး တရား (law and grace)၊ ကယ်တင်ခြင်းနှင့်ဆုလဒ်သရဖူ (salvation and rewards) တို့ ကို ခွဲခွဲခြားခြား နားလည်ထားရန် အထူးအရေးကြီးပါသည်။ ကယ်တင်ခြင်း(salvation) သည် လူတိုင်းကိုအခမဲ့ ပေးထားသော ဘုရားရှင်၏ ကျေးဇူးတော်သက်သက် ဖြစ်ပြီး၊ လူတို့ ၏ ကျင့်ကြံအားထုတ်မှုများနှင့် မသက်ဆိုင်ပါ။ သန်းပေါင်းများ စွာသော အမည်ခံခရစ်ယာန်များ (professing Christians) သည် ပညတ်တရားအတိုင်း အသက်တာကိုလိုက် လျောက် အသက်ရှင်မှသာ ကယ်တင်ခြင်းရမည်၊ ကောင်းကင်ဘုံ သို့ ရောက်မည်ဟု ခံယူထားသောကြောင့်၊ ထိုပညတ်တရားအတိုင်း အသက်မရှင်နိုင်တော့သည့်အခါ နောင်တမလွန်ဘဝအတွက် စိုးရိမ်ပူပန်ကြရသည်။

❖ ဤသင်ခန်းစာကို တင်ပြရခြင်းရည်ရွယ်ချက်မှာ ကျေးဇူးတော်ကြောင့် ရရှိသော ရွေးနှုတ်ကယ်တင်ခြင်း အား ယုံကြည်စိတ်ချစွာဖြင့်နေထိုင်အသက်ရှင်သွားခြင်းဖြင့် ဤပဟေဠိမေးခွန်းကို ဖြေရှင်းဖို့ ဖြစ်ပါသည်။

သင်ခန်းစာ - THE LESSON

I. ကယ်တင်ခြင်းဆိုသည်မှာ အဘယ်နည်း။ WHAT IS SALVATION?

A. ကယ်တင်ခြင်းဆိုသည်မှာ ခရစ်တော်၏ ဧဝံဂေလိတရားစကား(Gospel of Christ) ရရှိစေသော အရာဖြစ်ပြီး၊ ရွေးနှုတ်ခြင်း (redemption)၊ ဖြောင့်မတ်ရာ၌တည်စေခြင်း(justification)၊ သန့်ရှင်းရာ၌ တည်စေခြင်း(sanctification)၊ အပြစ်ဖြေလွှတ်ခြင်း(forgiveness)၊ ကိုယ်စားသေပေးခြင်း (propitiation)၊ အစားထိုးခြင်း (imputation)၊ ပြန်လည် သင့်မြတ်ခြင်း (reconciliation)၊ သားအဖြစ်မွေးစားခြင်း (adoption) စသည့် ခရစ်ယာန် အယူဝါဒ (doctrines) စကားအားလုံးကို ခြုံငုံသော အရာ ဖြစ်ပါသည်။

B. ကယ်တင်ခြင်း (salvation) ၏မူရင်းစကားလုံးမှာ "Soteria" ဖြစ်လျက်ဖြေလွှတ်ခြင်း၊ မပျက်မစီး တည် စေခြင်း (deliverance and preservation)ဟူ၍အဓိပ္ပါယ်ရသည်။ နာမဝိသေသန (adjective)ပုံစံမှာ " Soterios" ဖြစ်၍ “Saving or bringing salvation” ဟူ၍အဓိပ္ပါယ်ရသည်။

C. ကယ်တင်ခြင်း (Salvation) ဟူသော စကားကို ကျမ်းစာတွင် နည်းလမ်းမျိုးစုံဖြင့်အသုံးပြုထားပါသည်။

1. ခရစ်တော်၏ရာထူးကိုဖော်ပြရာတွင်အသုံးပြုသည်။

" ကယ်တင်ခြင်းကျေးဇူးကိုပြုသူ"(Hebrews 5:9)။အပြစ်သားတို့အားကယ်တင်ခြင်းပေးသူ (Luke 2:30; 19:10)

2. ထင်ရှားသောရန်သူနှင့်ဘေးဒဏ်မှကယ်တင်ခြင်းကိုဖော်ပြရာတွင်အသုံးပြုသည်။

" မစိုးရိမ်ကြနှင့်၊ ငြိမ်ဝပ်စွာနေကြ၊ ယနေ့ပြ တော်မူသောကယ်တင်ခြင်းကိုကြည့်ရှုကြလော့"(Exodus 14:13).

3. ဧဝံဂေလိတရားကိုဖော်ထုတ်ရာတွင်အသုံးပြုသည်။

(Ephesians 1:13) တွင် "ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ်သောဧဝံ ဂေလိတရား" ဟု ရှင်ပေါလုက ရေးသည်။ အပြစ်၏အခနှင့်တန်ခိုးမှ ကယ်တင်သောဝမ်းမြောက်ဘွယ်သတင်းဟုဆိုလိုပါသည်။

4. ခရစ်တော်၌သာ ကယ်တင်ခြင်းရရှိနိုင်သည်ကို ဖော်ပြရာတွင် အသုံးပြုသည်။

"ငါတို့ကိုကယ်တင်နိုင်သောနာမ" "အခြားကယ်တင်နိုင်သော အရာမရှိ" (Acts 4:12)

5. ဘုရားသခင်၏ ကျေးဇူးတော်ကို ကျွန်ုပ်တို့ တွက်ယူဆောင်လာကြောင်းဖော်ပြရာတွင်အသုံးပြုသည်။

" ကယ်တင်တတ် သောဘုရား သခင်၏ ကျေးဇူးတော်" (Titus 2:11)

6. ဧဝံဂေလိတရားဟောပြောခြင်း/ ကြားနာခြင်းဖြင့်ထွက်ပေါ်လာသောအရာအဖြစ် ဖော်ပြရာတွင်သုံးသည်။

"ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသောဘုရားသခင်၏ တန်ခိုးတော်"။ (Romans 1:16)

7. ခရစ်ယာန်တို့အနေဖြင့် ကယ်တင်ခြင်းရကြောင်းဖေါ်ပြရာတွင်ငင်း၊ "ဖော်ပြ" "show forth" "ကျင့်ကြံ" "work out" ပြုမူရမည့်အရာအဖြစ်ဖေါ်ပြရာတွင်ငင်း အသုံးပြုသည်။ (Psalm 96:2; Philippians 2:12).

8. ဤလောကမျက်မှောက်ခက်ခဲခြင်းမှကယ်နှုတ်ခြင်းကို ဖေါ်ပြရာတွင်သုံးသည်။

ပေါလုသည်ထောင်ထဲမှဤသို့ ရေးခဲ့သည်။" ဤအကြောင်းအရာသည်ငါ့ ကိုကယ်တင်သော အကြောင်းအရာ ဖြစ်မည်ဟုငါသိ၏။ (Philippians 1:19)

9. အပြစ်၏အခ၊ တန်ခိုးနှင့်အပြစ်၏ချည်နှောင်ခြင်းအမျိုးမျိုးမှ ဝိညာဉ်၌ထာဝရကယ်တင်ခြင်း ဌာခရစ်တော်ကို ယုံကြည် သူ အပေါင်းတို့အားပေးသနားသောကယ်တင်ခြင်းကို ဖေါ်ပြရာတွင် အသုံးပြုသည်။

(Acts 4:12; Romans 10:10; Ephesians 1:13; 1 Thessalonians 5:9; Hebrews 9:28).

♦ ဆက်လက်လေ့လာသောအခါ "ကယ်တင်ခြင်း" "salvation" ဟူသော ဝေါဟာရသုံးထားသော အခြား အသုံးအနှုန်းများကို တွေ့ရှိမည်ဖြစ်ပါသည်။ သို့ရာတွင် ယခုဖော်ပြထားသော စကားလုံးများသည် အခြေခံ အဓိပ္ပါယ်များ ပါဝင်သည်ဟု ခံယူမိပါသည်။

II. ကယ်တင်ခြင်း ကိုကျွန်ုပ်တို့ရရှိနိုင်စေရန်မည်ကဲ့သို့ဖြစ်နိုင်သနည်း။ HOW IS SALVATION MADE POSSIBLE?

A. ပထမအချက်အနေဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကိုရယူခံစားနိုင်ပါမည့်အကြောင်း ဘုရားသခင်သည် ကမ္ဘာမတည် မရှိမီကပင်၊ ကြိုတင်စီမံထားပြီးဖြစ်ကြောင်း သိထားဖို့ လိုပါသည်။

1. Ephesians 1:4 – "ဤကမ္ဘာမတည်မရှိမီ ခရစ်တော်၌ရွေးကောက်တော်မူသည်နှင့်အညီ။"

2. Romans 8:29 – "ဘုရားသခင်သည် ရှေးမဆွကသိတော်မူသောသူတို့ကိုသားတော်၏ ပုံသဏ္ဌာန်နှင့် တညီတညွတ်ဖြစ် စေခြင်းငှာ ရှေးမဆွတခွဲခန့်မှတ်သားတော်မူ၏။"

3. 1 Peter 1:19-20 – " ခရစ်တော်၏အသွေးတော်မြတ်နှင့်ရွေးကောက်တော်မူသည်။--- ထိုခရစ်တော်ကား ဤကမ္ဘာမတည်မရှိမီခန့်ထားတော်မူခြင်းကိုခံနှင့်သည်ဖြစ်၍"

4. Galatians 4:4 – အချိန်ကာလစေ့သောအခါ ငါတို့သည်သား၏ အခွင့်အရာကို ခံရမည့် အကြောင်း”။
5. 2 Thessalonians 2:13 – သမ္မာတရားကို ယုံကြည်၍ကယ်တင်ခြင်းသို့ ရောက်စိမ့်သောဘု ဘုရားသခင်သည် ရှေးမဆွကပင် သင်တို့ကိုရွေးကောက်တော်မူသည်ဖြစ်၍”

B. ဒုတိယအချက်အနေဖြင့် ကယ်တင်ခြင်းသည် ဘုရားသခင်အားဖြင့်ဖြစ်လျက်ဘုရားသခင်၏ကျေးဇူးတော် သက်သက်ဖြင့်သာ ရနိုင် သောအရာဖြစ်ပါသည်။ ကျင့်ယူ၍မရ (cannot be earned) ၊ကြိုးစား၍မရ (cannot be merited)၊ အနိုင်ယူ၍မရ (cannot be won)၊ ပေးဝယ်၍မရ(cannot be purchased)၊ ထိုက်တန်၍မဟုတ် (cannot be deserved)၊ ဘုရားသခင်၏လက်ဆောင် (gift from God)သက်သက်ဖြစ် သည်ကို သိထားဖို့ လိုပါသည်။

1. Titus 2:11 – “လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော် သည်ထင်ရှား ပေါ်ထွန်း လျက်ရှိ၏။”
2. Titus 3:5 – ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ မိမိသနား ခြင်းကရုဏာ တော်နှင့် အညီ --- ငါတို့ကိုကယ်တင်တော်မူ၏။”
3. Ephesians 2:4-5 – “ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသော မဟာမေတ္တာတော်အား ဖြင့်ငါတို့ကို ခရစ်တော်နှင့် အတူ အသက်ရှင်တော်မူပြီး။”
4. Ephesians 2:8- 9 – “ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလို အလျောက် ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ် သတည်း။ ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်တော်မူ ခြင်းသို့ ရောက်သည်မဟုတ်၊ သို့ဖြစ်၍ အ ဘယ်သူမျှဝါကြွားစရာ အခွင့်မရှိ။”

C. နောက်ဆုံးအနေဖြင့် ကယ်တင်ခြင်း (salvation) အား ကျွန်ုပ်တို့ အတွက် ခရစ်တော်သည် “ကျွန်ုပ်တို့ကိုယ်စား” “on my behalf.” (Vicarious) ၊ “ကျွန်ုပ်တို့သေရမည့် နေရာဖြစ်သည့်လက်ဝါး ကပ်တိုင် ” “in my place.” (Substitutionary)၌ မိမိအသက်ကိုစွန့်၍အကျွန်ုပ်တို့အတွက်အသွေးသွန်းတော်မူခြင်းအားဖြင့် ရယူနိုင်စေ ခဲ့ပါသည်။

1. Galatians 2:20 – “ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။”
2. Hebrews 9:28 – “ခရစ်တော်သည် လူများအပြစ်တို့ကိုခံခြင်းငှါ တစ်ခါတည်းကိုယ်ကို ပူဇော်ပြီးမှ နောက်ထပ်တစ်ဖန် ထိုသခင်ကိုမျှော်လင့် လျက်နေသောသူတို့ကို ကယ်တင် ခြင်းငှါ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတ္တံ့။”
3. Titus 2:14 – “ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသော ဒုစရိုက်မှငါတို့ကို ရွေးနှုတ်ခြင်းငှါ။”
4. Galatians 1:4 – “ဆိုးညစ်သောပစ္စုပ္ပန် ဘဝမှငါတို့ကို ကယ်နှုတ်ခြင်းငှါ ငါတို့အပြစ်ကြောင့် ကိုယ်ကို ကိုယ်အပ်တော်မူ၏။”
5. See also Isaiah 53:6; 2 Corinthians 5:21; 1 Peter 2:24. တို့ကိုလည်း လေ့လာပါ။

III. လူသားအားလုံးအတွက်အကျုံးဝင်သော ကယ်တင်ခြင်းတရား - THE UNIVERSAL INCLUSIVENESS OF SALVATION

ဘုရားသခင်သည် လောကသားအားလုံးတို့အား ကယ်တင်ခြင်းပေးရန် စီစဉ်ထားတော်မူ ကြောင်းသမ္မာကျမ်းစာကို သေချာစွာ လေ့လာသူများ အနေဖြစ်ငြင်းချက်ထုတ်နိုင်မည် မဟုတ်ပါ။ ထို့အတူ ဘုရားရှင်သည်

ကယ်တင်ခြင်းနှင့်ပတ်သက်၍ လူသားအားလုံးကို ကမ်းလှမ်းထားပြီးဖြစ်သော်ငြားလည်းမည်သူက ယုံကြည်မည် (1 Peter 1:2) မည်သူကိုရွေးကောက်ရမည် (Ephesians 1:4) မည်သူသည် လက်ရွေးစဉ်ဖြစ်မည် (Colossians 3:12; 1 Peter 1:2) စသည်များကိုလည်း ကောင်းကင်ဘုံကပင်လျှင် ထာဝရဘုရားအနေဖြင့် ကြိုတင်သိထားပြီးဖြစ်ပါသည်။

A. Isaiah 45:22 – မြေကြီးစွန်းသား အပေါင်းတို့ ငါ့ကိုမျှော်ကြည့်၍ ကယ်တင်ခြင်း ကျေးဇူးကိုခံကြလော့။
B. 1 Timothy 2:3, 4 – ဤသို့သောအမှုသည် ကောင်းသောအမှုဖြစ်၏။ ငါတို့ကို ကယ်တင် တော်မူသော အရှင်ဘုရားသခင်နှစ်သက်တော်မူသော အမှုလည်းဖြစ်၏။ လူအပေါင်းတို့သည်ကယ်တင်ခြင်းသို့ ရောက်၍ သမ္မာတရား ကို သိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိ ၏။
C. Titus 2:11 – လူအပေါင်းတို့ကို ကယ်တင်သောဘုရားသခင်၏ ကျေးဇူးတော်သည် ထင်ရှား ပေါ်ထွန်း လျှက်ရှိ၏။
D. Revelation 22:17 – အလိုရှိသောသူသည် အဘိုးမပေးဘဲ အသက်ရေကိုယူပါစေ။
E. John 3:16-17; 7:17; Acts 2:21; 10:43; 17:30-31; Romans 10:13. တို့ကိုလည်းဖတ် ပါ။

IV. ကယ်တင်ခြင်းကို ကျွန်ုပ်တို့မည်သို့ရယူနိုင်သနည်း။ HOW IS SALVATION OBTAINED?

A. လူတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်ကောင်းမှုကုသိုလ်အားဖြင့်ဤကြီးမြတ် သောကယ်တင်ခြင်းကို မရရှိနိုင်ကြောင်း ပထမဦးစွာ သတိပြုမှတ်သားရပါမည်။

1. လူသားအားလုံးသည်အပြစ်ဒုစရိုက်ကိုပြုထားသူများဖြစ်သောကြောင့်ဘုရားသခင်၏ ကျေးဇူးတော်ကို ခံစားရန် မထိုက်တန် ကြပါ။
a) Isaiah 64:6 – ငါတို့ရှိသမျှသည် စင်ကြယ်ခြင်းမရှိ ပြုဘူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သော အဝတ်နှင့်တူကြပါသည်။
b) Romans 3:9-12,19 – ယုဒလူ၊ ဟေလသလူ၊ လူသားအားလုံးလမ်းလွဲကြပြီး၊ ဘုရားသခင်ရှေ့တော်၌ အပြစ်သင့် သောသူဖြစ်ကြပြီ။

2. ကယ်တင်ခြင်းကိုဘုရားသခင်သည် လူတို့၏အကျင့်၊ သီလ၊ ဘာဝနာ ကုသိုလ်လုံးဝ မပါဘဲ ကျေးဇူးတော် သက်သက် အပေါ် အခြေခံပေးသော အရာဖြစ်ပါသည်။
a) Titus 2:11 – လူအပေါင်းတို့ကို ကယ်တင်သော ဘုရားသခင်သည် ထင်ရှား ပေါ်ထွန်း လျှက်ရှိ၏။
b) Romans 5:15 – ဘုရားသခင်၏ ကျေးဇူးတော်နှင့်ကျေးဇူးတော်၏အကျိုးသည်လူများတို့၌ သာ၍ကြွယ်ဝ ပြည့်စုံ၏။
c) Ephesians 2:8-9 – ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ဘုရားသခင် သနား တော်မူရာ ဖြစ်သတည်း။ ကိုယ့် ကုသိုလ်ကြောင့်မဟုတ်။မည်သူမျှ ဝါကြွားခွင့်မရှိ။
d) Titus 3:5 – ငါတို့ကျင့်သောဖြောင့်မတ်ခြင်း အကျင့်အားဖြင့်မဟုတ်။

B. မည်သူမဆို ကယ်တင်ခြင်းရရှိနိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ယုံကြည်ခြင်းအားဖြင့်သာဖြစ်ပါသည်။ ထိုယုံကြည်ခြင်းကား အောက်ဖေါ်ပြပါအတိုင်းဖြစ်သည်။

1. ခရစ်တော်ပြုသောအမှု (မိမိကိုယ်ကိုယဇ်ကောင်အသွေးတော်သွန်းကာပူဇော်ခြင်း) in the sacrifice and shed blood of Christ, the work was done!
2. ကျွန်ုပ်တို့အပြစ်အတွက် အဘိုးအခပေးခြင်း၊ our sins were paid for.
3. ကျွန်ုပ်တို့ အပြစ်ကိုဖယ်ရှားခြင်း၊ our sins were purged.
4. ကျွန်ုပ်တို့ အပြစ်ကိုပယ်ရှင်းခြင်း။ our sins were put away.
5. ဘုရားရှင်၏သန့်ရှင်းတော်မူခြင်းအရာ၌အားရနှစ်ခြိုက်တော်မူခြင်း။ God's holiness was satisfied .
6. ကျွန်ုပ်တို့ အပြစ်ကင်းကြောင်း စီရင်ခြင်း။His justice was vindicated regarding our sins.
7. စာတန်၏ တန်ခိုးကိုချေဖျက်ပြီးဖြစ်သည်။ Satan's power was crushed.
8. ပညတ်တော်ကိုထိန်းသိမ်းစောင့် ရှောက်ထားသည်။ the law had been kept and magnified.
9. ပညတ်တရားအရ ဒဏ်ကြေးကိုလည်း အပြည့်အဝပေးခဲ့ပြီးပြီ။the law's penalty was fully paid.
10. ပညတ်တရားကျိန်စာကိုလည်း ပယ်ရှင်းပြီးဖြစ်သည်။ the law's curse was removed..
11. ပြည့်စုံသောရွေးနှုတ်ခြင်း အမှုကို ပြုလုပ်ပြီး ဖြစ်သည်။ complete redemption had been purchased.
12. "အမှုပြီးပြီ" ဟု ခရစ်တော်ကြွေးကြော်ခဲ့ပါသည်။ "It is finished," was Christ's cry.

13. ကယ်တင်ခြင်းအားလုံးရရှိပြီးဖြစ်၍ဘုရားသခင်သည် ကျွန်ုပ်တို့ အား ယုံကြည်ခြင်းတခုတည်းကိုသာ အခြေတည်လျက် ကယ်တင်ခြင်းကို အခမဲ့ရယူနိုင်ရန် ကမ်းလှမ်းထားပါသည်။

a) Ephesians 2:8 – ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက် ရ၏။

b) Galatians 2:16 – ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ ငါတို့(ယုဒလူများ) ပင်ယေရှုခရစ်ကို ယုံကြည်ကြပြီ။

c) Galatians 3:22 – ယုံကြည်သောသူတို့သည် ယေရှုခရစ်ကိုယုံကြည်ခြင်းနှင့် စပ်ဆိုင်သော ကတိတော်ကိုရမည့် အကြောင်းကျမ်းစာသည် လူအပေါင်းတို့ကို အပြစ်၌ ချုပ်ထား၏။

d) Romans 4:5 – (ကယ်တင်ခြင်းရရှိရန်) အကျင့်မရှိသောသူ မည်သည်ကား မတရားသော သူ၏အပြစ်ကို ဖြေသောသူ ကို ယုံကြည်လျှင် သူ၏ယုံကြည်ခြင်းကို ဖြောင့် မတ်ခြင်းကဲ့သို့ မှတ်လျှက်ရှိ၏။

e) Romans 3:28 – ထို့ကြောင့်လူမည်သည်ကား ပညတ်တရား၏ အကျင့်မရှိဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်တတ်သည်ဟုယူရ၏။

f) Romans 3:22-24; 10:9-10; Acts 10:43; 16:31; Hebrews 11:6; John 3:16, 36;Acts 13:39. တို့ကိုလည်းဖတ်ပါ။

V. ဆုလဒ်ဆိုသည်မှာအဘယ်နည်း။ WHAT ARE REWARDS?

ဆုလဒ်ဆိုသည်မှာ ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာဆောင်ရွက်နေသော သူတို့အားပေးမည်ဟု ဘုရားသခင် ကတိထား တော်မူသော ကောင်းကင်ဆိုင်ရာထာဝရ ဂုဏ်အသရေများ (heavenly and eternal honors) ဖြစ်သည်။ ကျွန်ုပ်တို့သည် လောကနှင့်စပ်ဆိုင်သော ချမ်းသာ ကြွယ်ဝခြင်း(earthly riches)၊ ဂုဏ်အသရေနှင့် ပျော်ရွှင်မှုများကိုရှာခြင်းထက် ကောင်းကင်ဆိုင်ရာများကို ရှာနိုင်စေရန် သစ္စာရှိစွာ ခိုင်ခန့်မြဲမြံစွာ အမှုတော်ကို ထမ်း ရွက်နိုင်စေရန် အားပေး သည့်အနေဖြင့် ပေးကမ်းခြင်းဖြစ်ပါသည်။ အောက်ပါတို့ ကို မှတ်သားထားပါ။

A. Hebrews 11:26 – မောရှေသည် အပြစ်ရှိသောကာမဂုဏ် ကိုခံစားခြင်းထက် ဘုရားသခင်၏ လူ တို့နှင့်အတူ ညှင်းဆဲခံရခြင်း ကိုသာ၍အလိုရှိသဖြင့်လည်းကောင်း အဲဂုတ္တုပြည်၏ စည်းစိမ်ထက်ခရစ်တော်ကြောင့်

ဆင်းရဲခြင်း ဒုက္ခသည် သာ၍မြတ်သော စည်းစိမ်ဖြစ်သည်ကို စိတ်ထင်သဖြင့် လည်း ကောင်း။

B. 2 Corinthians 4:17 – ယခုခဏခံရ၍ပေါ့ပါးသောဒုက္ခသည် အတိုင်းထက်အလွန်ကြီးမြတ် လေးလံသောနိစ္စထာဝရ ဘုန်း အသရေကို ငါတို့အဘို့ဖြစ်စေတတ်၏။

C. Colossians 3:24 – သင်တို့သည် သခင်ခရစ်တော်၏ အစေကိုခံကြသည်ဖြစ်၍ အမွေတော်တည်း ဟူသော အကျိုးကို ထိုသခင်ဘုရား၏ လက်တော်မှခံရလိမ့်မည်ဟု သိမှတ်ကြ လော့။

D. Matthew 5:12 – ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည်ကြီးလှပေ၏။

E. 1 Corinthians 3:8 – အသီးသီးမိမိလုပ်သည့် အတိုင်းမိမိအကျိုးကိုခံရလိမ်မည်။

F. 1 Corinthians 3:14 – အကြင်သူ၏အလုပ်သည်မြဲ၏။ ထိုသူသည်အကျိုးကိုခံရလိမ့်မည်။

G. Matthew 10:41-42 – ထိုသူသည် အကျိုးကိုမရဘဲ မနေရာ။

VI. ဆုလဒ်များကို မည်သူတို့အား ပေးမည်နည်း။ TO WHOM ARE THEY GIVEN?

A. (1 Corinthians 3:11-14). ခရစ်တော်တည်းဟူသော တိုက်မြစ်အပေါ်၌သစ္စာရှိစွာ တည်ဆောက်သူများ။

B. (Matthew 25:21; Luke 19:17). ဘုရားသခင်အပ်နှံထားသောဘဏ္ဍာကိုသစ္စာရှိစွာစောင့်ထိန်းသူများ။

C. (James 1:12). စုံစမ်းနှောင့်ရှက်ခြင်းကို သည်းခံသောသူ။

D. (1 Peter 5:2-4). သစ္စာရှိသောသင်းအုပ်များ (သို့မဟုတ်) ဘုရားသခင်၏ သိုးတို့ကိုကျွေးမွေးသောသူ။

E. (Hebrews 11:6). ဘုရားသခင်ကို ကြိုးစား၍ရှာသောသူ။

F. (Daniel 12:3; 1 Thessalonians 2:19). ဝိညာဉ်ကယ်တင်ခြင်းကိုပြုသောသူ။

G. (2 Timothy 4:7-8). ကောင်းစွာတိုက်လှန်ခြင်းကိုပြုသူ၊ ပြေးရသောလမ်းကိုအဆုံးတိုင်ပြေးသူ၊ ယုံကြည်ခြင်းတရားကို စောင့် ရှောက်သူ၊ သခင်ဘုရားပေါ်ထွန်းတော်မူခြင်း ကိုတောင့်တသူ။

H. (1 Corinthians 3:5-8) ဓမ္မအရာ၌ စိုက်ပျိုးသူ၊ရေလောင်းသူ၊ ထိုအလုပ်ကို သစ္စာရှိစွာလုပ်သူ။.

♦ (Psalm 19:11), တွင် “တရားစောင့်ခြင်း အကျိုးသည်ကြီးလှပေ၏။” ဟုရေးထားသည်။ (1 Timothy 5:18) တွင် “လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေ၏။” ဟုဆိုထားသည်။ ယခုဘဝတွင်ဖြောင့်မတ်စွာ အသက်ရှင်သောသူတို့အတွက်အကျိုးများလှကြောင်းမှာ အငြင်းပွားဘွယ်ရာ မရှိပါ။ ယေရှုဘုရားကိုအစေခံရန် လိုအပ်သမျှကို နည်းလမ်းများစွာဖြင့် ပေးထားသည်။ သို့ရာတွင် ယခု ကျွန်ုပ်တို့ လေ့လာနေသောအရာသည် ကောင်းကင်ဘုံနှင့်ဆိုင်သော ထာဝရဆုလဒ်များဖြစ်သည်။ ထိုဆုလဒ်များသည် ဒုတိယမွေးဖွားခြင်းခံရပြီး သော ယုံကြည်သူများ ကျေးဇူးတော် ကြောင့်ကယ်တင်ခြင်း သို့ရောက်လျှက် မိမိရှေ၌ ဘုရားသခင်ထားပေးသော ဆုလဒ်ကိုရ ယူနိုင်ရန် ရိုး သားစွာကြိုးစားနေသူများ အတွက်သာဖြစ်ပါသည်။

VII. ထိုဆုလဒ်များကိုမည်သည့်အချိန်တွင် မည်သူကပေးမည်နည်း။ WHEN ARE THEY GIVEN? BY WHOM?

ကယ်တင်ခြင်းသည် အတိတ် (past)၊ပစ္စုပ္ပန် (present)၊အနာဂတ် (future) ၊ အချိန်တိုင်း (encompasses time) နှင့် ထာဝရကာလ (eternity)တိုင် အောင်ရရှိခံစားနိုင်သည်ဖြစ်ရာ၊ ယခုအချိန်တွင်လည်း ကျွန်ုပ်တို့ရယူ ခံစားနိုင်ပါသည်။ဆုလဒ်များ (Rewards) မှာမူ ကောင်းကင်ဘုံရှိ ခရစ်တော်၏တရားပလ္လင် (judgment seat of Christ) ရှေ့ တွင် ပေး မည်ဖြစ်ပါသည်။

A. 2 Corinthians 5:10 – အကြောင်းမူကား ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သောအကျင့် ကောင်းမကောင်း ရှိသည့် အတိုင်းအကျိုးအပြစ်ကို အသီးသီးခံခြင်းကို ခရစ်တော်၏တရား ပလ္လင်ရှေ့၌ ပေါ်လာ ကြရသည်။
B. 1 Corinthians 3:13-15 – ကိုဖတ်ပါ။"ထိုနေ့" "the DAY" (သခင်ဘုရား၏နေ့) တွင်လူတိုင်း ကျင့်ခဲ့သော အကျင့်ရှိသမျှကိုမီးနှင့်စစ်သကဲ့သို့ စစ်ဆေးခြင်းရှိပါသည်။ အကြင်သူ၏အလုပ်သည်မြဲ၏ ထိုသူသည် ဆုလဒ်ရရှိပါမည်။ အကြင်သူ၏ အလုပ် သည်လောင်ကျွမ်း၏၊ ထိုသူသည် ဆုလဒ် ကိုမရပါ။အရှုံးခံရမည်။ သို့သော် ကယ်တင်ခြင်းကိုမူ မဆုံးရှုံးပါ။

♦ အထက်ပါကျမ်းပိုဒ်သည် ယုံကြည်သူတို့အား ခရစ်တော်၏တရားပလ္လင်ရှေ့တွင် စီရင်မည်ဖြစ်ကြောင်း ရည်ညွှန်း သော ကျမ်းချက်ဖြစ်ပါသည်။ သမ္မာကျမ်းစာကိုလေ့လာသူများသည် အသင်းတော်သိမ်းဆည်းခြင်း (rapture of the Church) ပြီး နောက် ယုံကြည်သူများအား ခရစ်တော်၏တရားပလ္လင်ရှေ့ (judgment seat of Christ) တွင်စီရင်ခြင်းနှင့် ခရစ်တော် အ နှစ်တထောင်အုပ်စိုးခြင်း (end of the millennial reign of Christ) ပြီးနောက် အပြစ်သားများအား တရားစီရင်မည့် ခရစ်တော်၏ ပလ္လင်ဖြူတရားစီရင်ပွဲ (judgment of the great white throne) (Revelation 20:11-15) ကို ခွဲခြားနားလည်ထားဖို့ အရေးကြီးပါသည်။

C. Matthew 16:27 – ခရစ်တော်သည် တစ်ဖန်ကြွလာတော်မူသောအခါ လူအသီးသီးတို့အား "အကျင့်နှင့်အလျောက် အကျိုးအပြစ်" ကိုဆပ်ပေးတော်မူလတံ့။ ခရစ်တော်သည် ဆုလဒ်ပေးမည့်သူဖြစ် ကြောင်း မြင်တွေ့ရပါသည်။
D. Luke 6:23 – ဝမ်းမြောက်ခြင်းရှိကြလော့။ ရွှင်မြူးသောစိတ်နှင့်ခုန်ကြလော့။ အကြောင်းမူကား ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးလှပေ၏။

E. 1 Thessalonians 2:19 – ငါတို့မျှော်လင့်ခြင်းအကြောင်း ၊ဝမ်းမြောက်ခြင်းအကြောင်း ၊ဝါကြွားခြင်း၏ဦးရစ်သရဖူကား အဘယ်သို့သောအကြောင်းအရာနည်း။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ ရှေ့တော်၌ သင်တို့သည် ထိုသို့ သော အကြောင်းအရာ ဖြစ်ကြသည် မဟုတ်လော။

F. Revelation 22:12 – ငါသည်အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကိုဆောင်ခဲ့သည် ဖြစ်၍လူ အသီးသီးတို့အား မိမိတို့အကျင့်အတိုင်း ဆပ်ပေးမည်။

♦ ခရစ်တော်သည် မိမိကယ်တင်ပြီးသောသူ တို့ကိုလက်ခံသိမ်းဆည်းခြင်းဌါ ပေါ်ထွန်းတော်မူသောအခါ ကောင်းကင်ဘုံ၌ ယုံကြည်သူများအား ဆုလဒ်ချီးမြှင့်မည် ဖြစ်ကြောင်းထင်ရှားလှပါသည်။ ခရစ်တော် ဘုရားသခင်၏ တရားပလ္လင်ရှေ့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ခမည်းတော် ဘုရားသခင်သည် ဤဆုများချီးမြှင့်နိုင်ရန် ဆောင်ရွက်ထားသော် လည်းဆုလဒ်များကို ချီးမြှင့် မည့်ပုဂ္ဂိုလ်မှာ အဓိကအားဖြင့် ခရစ်တော်သာဖြစ်ပါမည်။

VIII. မည်သည့်ဆုလဒ်သရဖူများကိုရယူနိုင်သနည်း။ WHAT CROWNS CAN BE WON?

A. ဝိညာဉ်ကယ်တင်သူများ၏သရဖူ။ The Soul Winner's Crown

1. Daniel 12:3 – လူများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ သွင်းသောသူတို့ သည်လည်းကြယ်များကဲ့သို့ လည်းကောင်း အစဉ်မမြဲ ထွန်းလင်းကြလိမ့်မည်။

2. 1 Thessalonians 2:19 – ငါတို့သခင် ယေရှုခရစ်ကြွလာတော်မူသောအခါ ရှေ့တော်၌သင်တို့သည် ထိုသို့သော အကြောင်း အရာ (ဝါကြွားခြင်း၏ဦးရစ်သရဖူ) ဖြစ်ကြသည် မဟုတ်လော။

♦ ခရစ်တော်ထံသို့ ကျွန်ုပ်တို့ခေါ်ဆောင်လာသော ပုဂ္ဂိုလ်များကို ကောင်းကင်၌ မြင်ကြရသောအခါ မည်မျှ ဝမ်းမြောက်ဘွယ် ကောင်းပါမည်နည်း။ သန့်ရှင်းသူအမြောက်အများသည် ခရစ်တော်ထံသို့ မိမိတို့၏ပထမဆုံး ဝိညာဉ်ကိုပင် ခေါ်မလာသေး သည်မှာ ဝမ်းနည်းဘွယ်ရာဖြစ်ပါသည်။

B. အပြေးသမားသရဖူ။ The Runner's Crown

1 Corinthians 9:24-27 – မြေတလင်း၌ပြိုင်၍ပြေးသောသူ အပေါင်းတို့သည် ပြိုင်၍ပြေးကြသော်လည်း တစ်ယောက်တည်း သာလျှင် ဆုကိုရသည်ဟု သင်တို့မသိကြသလော။ ဆုကိုရမည့်အကြောင်းပြေးကြလော့။ ပွဲ၌ ပြိုင်၍အချင်းချင်းတိုက်သော သူ မည်သည်ကားအရာရာ ၌တပ်မက်ခြင်းကိုချုပ်တည်းတတ်၏။ ထိုသူတို့သည် ညှိုးနွမ်းပျက်စီးတတ်သော ပန်းဦးရစ်ကို ရယူခြင်း အလို့ငှါပြုကြ၏။ ငါတို့မူကား မညှိုးနွမ်းမပျက်စီးနိုင်သော ပန်းဦးရစ်ကိုရခြင်းအ လို့ငှါပြုကြ၏။

♦ ဤဆုသည်စည်းကမ်းချက်များနှင့်အညီပြိုင်ပွဲ၌ဝင်၍ပြေးသော ခရစ်ယာန်များအတွက် ဆုသရဖူဖြစ်ပါ သည်။ အစဉ်သဖြင့် လေ့ကျင့်ခန်း များပြုလုပ်နေရသည်။ ပွဲ၌လူချင်းတိုက်သောသူမည်သည် ကား၊ ထုံးထမ်း အတိုင်းမတိုက်လျှင်ပန်းဦးရစ်မရ။ (2 Timothy 2:5).

C. စစ်သူရဲကောင်းတို့၏ သရဖူ။ The Warrior's Crown

2 Timothy 4:7-8 – ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင် အောင်ပြေးပြီ ယုံကြည်ခြင်း တရားကိုစောင့် ရှောက်ပြီ။ ယခုမှစ၍ ဓမ္မသရဖူသည် ငှါ အဘို့သိုထားလျက်ရှိ။

♦ ဤသရဖူရရှိနိုင်ရန် နတ်ဆိုး၊ ဝိညာဉ်ဆိုးတို့နှင့် ကောင်းစွာတိုက်လှန်သူဖြစ်ရပါမည်။ ဘုရား သခင် အပ်ပေးတော်မူသော အလုပ်ကို အပြီးဆောင်ရွက်ရမည် ယုံကြည်ခြင်း၌ခိုင်ခန့်မြဲမြံရမည်။ အငယ်(၈)တွင် ရှင်ပေါလုကဘုရား သခင်၏ ပေါ်ထွန်း တော်မူခြင်းကိုမျှော်လင့်သော သူတို့သည်ကောင်းစွာသော တိုက်လှန်ခြင်း ကိုပြုရမည်။ တာဝန်ပြီးစီးရမည်။ ယုံကြည်ခြင်း၌ ခိုင်မြဲရ မည်ဟုဖော်ပြထားပါသည်။

D. အောင်နိုင်သူ၏သရဖူ။ The Victor's Crown

James 1:12 – စုံစမ်းနှောင့်ယှက်ခြင်းကိုခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား စစ်ကြောစုံစမ်း ခြင်းကိုခံပြီးမှ ဘုရားသခင်ကိုချစ်သောသူတို့ အား ကတိထားတော်မူသော အသက်သရဖူကို ရလိမ့်မည်။ ဤဆုသရဖူသည် မီးနှင့်စစ်သကဲ့သို့ ပြင်းထန်သောစုံစမ်းခြင်းကိုခံပြီးနောက် ယုံကြည်ခြင်း၌ မြဲမြံခိုင်ခန့်စွာ ဆက်လက် တည်နေသောသူတို့အတွက်ဖြစ်ပါသည်။ (Revelation 2:10).

♦ Philippians 4:13; Romans 8:37 and 2 Corinthians 2:14.တို့ ကိုလည်းဖတ်ပါ။

E. သိုးထိန်းသရဖူ။ The Shepherd's Crown

1 Peter 5:4 – သို့ဖြစ်လျှင်သိုးထိန်းကြီး ပေါ်ထွန်းတော်မူသောအခါ သင်တို့သည်မညှိုး မနွမ်းတတ်သော၊

ဘုန်းကြီးသော ပန်းဦး ရစ်သရဖူကို ခံကြရလိမ့်မည်။

1. ဘုရားသခင်၏ သိုးတို့ကို ထိန်းကျောင်းကျွေးမွေးသောသိုးထိန်းများ၊ သင်းအုပ်များ၊ ခေါင်းဆောင်များ တို့အတွက် ပေးသောသရဖူဖြစ်ပါသည်။ (အငယ်-၂) ထိုသူတို့သည် မိမိတို့တာဝန်ကိုကြေကြေလျှင် သရဖူပေးမည်ဖြစ်သည်။ ထို ပုဂ္ဂိုလ်များ အား ပေးထားသောတာဝန်ကို အငယ်(၂) နှင့်(၃)တွင်ဖော်ပြထားပါသည်။

2. (Revelation 4:4 and 10)တွင်အသက်ကြီးသူနှစ်ဆယ့်လေးပါး (အသင်းတော် ၂၄-ပါး)တို့ အနေဖြင့် မိမိတို့ရရှိသောသရဖူသည် မိမိတို့နှင့်မထိုက်တန် ကြောင်းကို သတိပြုမိလျက်မိမိတို့၏သရဖူများကို သခင်ယေရှု၏ခြေရင်း၌ချထားကြဟန်တူပါသည်။

IX. ကယ်တင်ခြင်းဆုလာဒ်များ မည်သို့ခြားနားသနည်း။ SALVATION AND REWARDS CONTRASTED

အောက်ပါဇယားသည် ကယ်တင်ခြင်းနှင့် ဆုလာဘ်များ ကွာခြားပုံကို ဖော်ပြထားပါသည်။
To illustrate the distinctions between salvation and rewards, here are a few striking contrasts: (Learn for Exam)

SALVATION - ကယ်တင်ခြင်း	REWARDS - ဆုလဒ်
Offered to the Lost - ကယ်တင်ခြင်းမရသူပေး	Offered to the Saved - ကယ်တင်ခြင်းရပြီးသူကိုပေး
Absolutely free - အခမဲ့ပေးသည်	The high cost of discipleship – တပည့်တော်ဖြစ်ခြင်း တန်ဘိုးကြီးကြီးပေးရသည်။
By grace alone - ကျေးဇူးတော်သက်သက်	By works alone - အကျင့်သက်သက်
A present possession - လက်ရှိပိုင်ဆိုင်ခြင်း	A future attainment - နောင်ကာလတွင်ပိုင်ဆိုင်ခြင်း
Can only be accepted - လက်ခံခြင်းဖြင့်သာရယူနိုင်	Must be earned - လုပ်ဆောင်ခြင်းဖြင့်သာရယူနိုင်
Results from God's favour - ဘုရားရှင်၏ မျက်နှာသာ	Results from man's faithfulness - လူ၏သစ္စာရှိမှု
Is a gift - လက်ဆောင်ဖြစ်သည်။	Is an award - ဆုလဒ်ဖြစ်သည်။

နိဂုံး-Conclusion

ကယ်တင်ခြင်း (salvation)သည် အပြစ်သားများ (for sinners only) အတွက်သာ ဖြစ်ပြီး၊ ဆုလာဒ် (Rewards) သည် ယုံကြည်သူများ (for believers only) အတွက်သာဖြစ်ကြောင်း မှတ်ထားရမည်။ ယုံကြည်သူများ အနေဖြင့် ကယ်တင်ခြင်းရရန်အတွက်ကျင့်ကြံအားထုတ် ခြင်းမဟုတ်ဘဲ၊ ကယ်တင်ခြင်းရပြီးသောကြောင့်သာ အပြစ်မပြုတော့ဘဲ ကောင်းသော ကျင့်ကြံအားထုတ်မှုများကို လုပ်ဆောင်ခြင်းဖြစ်သည်။ ခရစ်ယာန် ဘာသာသည်အကျင့်တရားကို အခြေခံသောဘာသာမဟုတ်၊ ခရစ်တော် အသက်ကိုပေး၍လုပ်ဆောင်ခဲ့သောအရာတွင် ယုံကြည်ခြင်းဖြင့်လျှောက်လှမ်းသောအသက်တာ ဖြစ်သည်။ (Christianity is not a religion of works – it is a life that works.)။ ကောင်းကင်ဘုံသည် အကျင့်အား ဖြင့် ရယူခံစားရမည့်ဘုံ (paradise) မဟုတ်ပါ။ အမွေစား အမွေခံတို့အား ကတိပြုထားသောဘုံဖြစ်ပါသည်။ (Hebrews 1:4; Romans 8:17; Galatians 3:29).

ကယ်တင်ခြင်းနှင့်ဆုလဒ် မေးခွန်းများ — သင်ခန်းစာ (၃၁)

1. Heaven သည် အောက်ပါတို့ အတွက်ဖြစ်သည်။(၂-မှတ်)
a. စည်းစိမ်ချမ်းသာဖြင့်နေနိုင်သူအတွက်။those who live a good life.
b. လူတိုင်းအတွက်။everybody.
c. ခရစ်တော်ကိုရသူအတွက်။those who are “in Christ,” having received Jesus Christ, or believed on Him.

2. rewards များကိုမည်သူရမည်နည်း။(၂-မှတ်)
a. ယုံကြည်သူအားလုံး။ all believers.
b. စည်းစိမ်ချမ်းသာဖြင့်နေနိုင်သူယုံကြည်သူများ။those believers who live a godly life.
c. ဘုရားရှင်ကိုအစေခံသောချီးမွမ်းထိုက်သူ။only those who do special praiseworthy service for God.

3. salvation ၏အနက်အဓိပ္ပါယ်မှာ....(၂-မှတ်)
a. အပြစ်လွှတ်ခြင်း။ forgiveness.
b. ကိုယ်စားခံခြင်း။ imputation.
c. အပြစ်မှရွေးနှုတ်ခြင်း။ deliverance.

4. ကျွန်ုပ်တို့ ၏ကယ်တင်ခြင်းအတွက် ဘုရားရှင်သည် အောက်ပါအချိန်ကစီမံခဲ့သည်။(၂-မှတ်)
a. အာဒံ-ဧဝ ကျဆုံးစဉ်ကတည်းကဖြစ်သည်။ as events developed since the fall.
b. ရှေးမဆွကတည်းကပင်ဖြစ်သည်။ from eternity past.
c. ယေရှုခရစ်တော်ကိုစေလွှတ်ခဲ့စဉ်ကဖြစ်သည်။ when He sent Jesus Christ.

5. ခရစ်တော်အသေခံခြင်းနှင့်ပတ်သက်၍ “substitutionary” အဓိပ္ပါယ်မှာ.....(၂-မှတ်)
a. ကျွန်ုပ်၏နေရာတွင်အစားထိုးသည်။ in my place.
b. ကျွန်ုပ်ကိုယ်စားခံသည်။ on my behalf.
c. လူအများ။ of many.

6. ခရစ်တော်အသေခံခြင်းနှင့်ပတ်သက်၍ “vicarious” အဓိပ္ပါယ်မှာ.....(၂-မှတ်)
a. ကျွန်ုပ်၏နေရာတွင်အစားထိုးသည်။ in my place.
b. ကျွန်ုပ်ကိုယ်စားခံသည်။ on my behalf.
c. လူအများ။ of many.

7. ခရစ်တော်ကကိုယ်စား အသေခံခြင်း substitutionary death of Christ ကိုဖေါ်ပြသောကျမ်းပိုဒ်ကို ရွေးပါ။(၂-မှတ်)
a. Galatians 2:20
b. Ephesians 1:4

c. Galatians 4:4

8. Salvation ကို အောက်ပါတို့ အတွက်ရနိုင်သည်။(၂-မှတ်)
a. သတ်မှတ်ထားသော လူမျိုးအတွက်သာ။ just certain races of people.
b. လူတိုင်းအတွက်။ everybody.
c. ဖြောင့်မတ်စွာအသက်ရှင်သူများအတွက်။ those who live righteous lives.

9. Salvation ကို အောက်ပါနည်းလမ်းဖြင့်ရနိုင်သည်။(၂-မှတ်)
a. နှစ်ခြင်းခံခြင်း။ baptism.
b. ယုံကြည်ခြင်း။ faith.
c. ကောင်းစွာကျင့်ကြံအားထုတ်ခြင်း။ good works.

10. believer's sins (ယုံကြည်သူအပြစ်)ကို မည်သူပေးဆပ်ခဲ့သနည်း။(၂-မှတ်)
a. ခရစ်တော်။ Christ
b. မိုဟာမက်။ Mohammed
c. သူတို့ ၂-ဦးစလုံး။ both of them

11. ကျွန်ုပ်တို့ ၏အပြစ်ကြွေးကို အောက်ပါနည်းဖြင့်ပေးခဲ့သည်။(၂-မှတ်)
a. ဗတ္တိဇံမင်္ဂလာခံခြင်းဖြင့်။ our baptism.
b. ငွေသားဖြင့်။ a payment of money.
c. လက်ဝါးကပ်တိုင်၌ခရစ်တော်အသေခံခြင်းဖြင့်။ Christ's death on the cross.

12. ဤသင်ခန်းစာအရ rewards ဆိုသည်မှာ အဘယ်နည်း။(၂-မှတ်)
a. အခြားသောဘာသာစကားပြောနိုင်ခြင်းဆုလာဒ်။ gifts of speaking in tongues.
b. ကမ္ဘာလောကတွင်သစ္စာရှိစွာ လုပ်ဆောင်ခဲ့မှုအတွက်ပေးသောကောင်းကင်ဆိုင်ရာဆုလာဒ်။ heavenly honors for faithful earthly service.
c. အနာဇိမ်းစေသူနှင့်ပရောဖက်ပြုနိုင်သူ။ability to heal people and to prophecy.

13. ဘုရားရှင်မှဆုလာဒ်များကို အောက်ပါတို့ အတွက်ပေးသည်။(၂-မှတ်)
a. ဘုရားရှင်အမှုတော်ထမ်းသူများကိုပေးသည်။ pay us for services performed for Him.
b. သစ္စာရှိသူဖြစ်အောင်အားပေးတိုက်တွန်းသည်။ encourage us to be faithful.
c. ကောင်းကင်ဘုံတွင် ရာထူးကြီးများပေးသည်။ give us a higher rank in heaven.

14. ဆုလာဒ်များကိုအောက်ပါအချိန်၌ပေးမည်။(၂-မှတ်)
a. သေဆုံးချိန်၌။ at death.
b. ခရစ်တော်တရားပလ္လင်၌။ at the judgment seat of Christ.
c. အနှစ်တထောင်ကာလ၌။ during the millennium.

15. ပလွင်ဖြူတရားစီရင်ခြင်း (The Great White Throne Judgment) သည်.....(၂-မှတ်)

a. ယုံကြည်သူများအတွက်ဖြစ်သည်။ the believers.

b. မယုံကြည်သူများအတွက်ဖြစ်သည်။ the unbelievers.

c. စာတန်နှင့်သူ၏အပေါင်းပါများအတွက်ဖြစ်သည်။ Satan and his angels.

16. အောက်ပါတို့ တွင် “salvation” ဟူသောစကားလုံးအား အသုံးပြုပုံကိုမှန်ကန်စွာယှဉ်တွဲပါ။(၁၈-မှတ်)

___ ထာဝရကယ်တင်ခြင်းကို စီရင်သူအဖြစ် ခရစ်တော်ကို သိမှတ်ရန်။ a. Ephesians 1:13
To designate Christ as the author of eternal salvation.

___ ဘေးအန္တ ရယ်မှလွတ်မြောက်ခြင်းကိုဖော်ပြရန်။ b. Acts 4:12
To describe deliverance from danger.

___ သတင်းကောင်းကို ဖော်ထုတ်ရန်။ c. Exodus 14:13
To identify the Gospel.

___ ခရစ်တော်သာအရင်းအမြစ်ဖြစ်ကြောင်းပြရန်။ d. Titus 2:11
To show its only source is Christ.

___ ဟောပြောခြင်းဖြင့်မည်သို့ဆက်သွယ်ကူလူးနိုင်ပုံကို ပြရန်။ e. Hebrews 5:9
To show how it is communicated through preaching.

___ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်ကျွန်ုပ်တို့ကိုယူဆောင်လာကြောင်းပြရန်။ f. Romans 1:15
To show that it is brought to us by the grace of God.

17. ဆုလဒ်အမျိုးမျိုးနှင့် သက်ဆိုင်ရာကျမ်းပိုဒ်များကို မှန်ကန်စွာယှဉ်တွဲပါ။(၁၈-မှတ်)

___ ခရစ်တော်၌ အုတ်မြစ်ချသူများအတွက်။ a. Matthew 25:21
those who build their work on the foundation of Christ.

___ ပညာရှိပြီး သစ္စာရှိသော ဘဏ္ဍာထိန်းများအတွက် b. Daniel 12:3
those who have been wise and faithful stewards.

___ စုံစမ်းနောက်ရှက်ခြင်းကို သည်းခံသူများအတွက်။ c. 2 Timothy 4:7-8
those who endure temptation.

___ သစ္စာရှိသောသင်းအုပ်များအတွက်။ d. 1 Corinthians 3:11-14
faithful shepherds of the flock.

___ ဝိညာဉ်ကယ်တင်ခြင်းလုပ်ဆောင်သူများအတွက်။ e. 1 Peter 5:2-4
those who win souls.

___ ကောင်းသောတိုက်လှန်ခြင်းကိုပြုသူများအတွက်။ f. James 1:12
those who fight a good fight.

18. ဘုရားရှင်ပေးမည့်သရဖူများကိုမှန်ကန်စွာယှဉ်တွဲပါ။(၁၅-မှတ်)

___	ဝိညာဉ်ကယ်တင်သူ soul-winner's crown	a. 1 Corinthians 9:24-27
___	အပြေးသမားသရဖူ runner's crown	b. James 1:12
___	စစ်သူရဲသရဖူ warrior's crown	c. 1 Peter 5:4
___	အောင်နိုင်သူသရဖူ victor's crown	d. 2 Timothy 4:7-8
___	သင်းအုပ်သရဖူ shepherd's crown	e. Daniel 12:3

19. အောက်ပါကွက်လပ်များကိုဖြည့်ပါ။(၁၀-မှတ်)
ဧဖက် ၂း၈-၉ အရ ကယ်တင်ခြင်းသည် _____ အားဖြင့် ရရှိပြီး _____
အားဖြင့်မဟုတ်ပါ။

Ephesians 2:8-9 shows that our salvation is all of _____ and not of _____.

20. ကယ်တင်ခြင်းနှင့် ဆုလဒ် ကွဲပြားခြားနားပုံဇယား (reward column နှင့် salvation column)
မှ ဆန့်ကျင်ဖက်အဖြေကိုကွက်လပ်ဖြည့်ပါ။ (၉-မှတ်)

	ကယ်တင်ခြင်း (Salvation)	ဆုလဒ်များ(Rewards)
a.	ထာဝရအသက်ဆုံးရှုံးသူများအတွက် Offered to the lost	_____
b.	ကျေးဇူးတော်အားဖြင့်သာ၏ By grace alone	_____
c.	ယခုမျက်မှောက် ပိုင်ဆိုင်ခြင်း A present possession	_____

သင်ခန်းစာ (၃၂)၊ ယုံကြည်သူ၏ရပ်တည်ချက်နှင့်အခြေအနေ။
The Believer's Standing and State

နိဒါန်း - Introduction

ခရစ်ယာန်ဟုပေါ်ပေါက်လာသော အချိန်မှစ၍ ယုံကြည်သူတစ်ဦးရပ်တည်ချက် (သို့မဟုတ်) ဘုရားသခင်ရှေ့တော်မှောက်၌ ရောက်ရှိ နေသောယုံကြည်သူ၏အခြေအနေနှင့်(believer's standing and position before God) ထိုသူ၏လက်ရှိအခြေအနေ (his state or actual condition) တို့ကို ကွဲပြားခြားနားစွာနားမလည်ခြင်းကြောင့် ရှုပ်ထွေးမှု အတော် အတန်ဖြစ်ခဲ့ရပါသည်။

ကယ်တင်ခြင်းမရသေးသူများ (The unsaved)၊ အထူးသဖြင့် ဒုတိယမွေးခြင်းကိုရရှိသည်ဟု (born again) ဝန်ခံကြသူများသည် ၎င်းတို့၏ယုံကြည်ခြင်း အားနည်းမှု (weaknesses)၊ ဘဝတွင်ကျရှုံးရမှု (failures)၊ အသက်တာမတည်မငြိမ်ဖြစ်မှု (inconsistencies)။ အပြစ်ပြုနေမှု (sins) တို့ကြောင့် ယုံကြည်သူ၏ ရပ်တည်ချက်နှင့်၎င်းတို့၏လက်ရှိအခြေအနေ(believer's standing and state) သည်မတူညီဘဲ အလွန်ကွာခြားကြောင်း မသိဘဲဖြစ်နေကြသည်။

ဤသင်ခန်းစာသည်ထိုသို့ရှုပ်ထွေးမှုများကိုပယ်ဖျက်၊ခြေဖျက်နိုင်ရန်နှင့် စိတ်သက်သာမှုရရှိစေရန် ရည်ရွယ်ထားပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- ယုံကြည်သူတိုင်းသည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၌ပြီးပြည့်စုံသူဖြစ်သော်လည်း၊ မိမိ၏ အပြစ်နှင့် နစ်မွန်းသောခန္ဓာကိုယ်၌ ဆက်လက်နေထိုင်ရသောကြောင့် (because his old sinful nature is still within him.) စုံစမ်းနှောင့်ယှက်ခြင်း (temptations) ၊ အသက်တာကျရှုံးခြင်းနှင့်မတည်မငြိမ်ဖြစ်ခြင်း (prone to failure and inconsistency)ကို ခံနေရသူဖြစ်ကြောင်း သိရှိထားရန် အရေးကြီးလှပါသည်။

- ယုံကြည်သူ၏ ရပ်တည်နေသည့် နေရာနှင့် လျှောက်လှမ်းနေပုံ (believer's position and walk) ကို ကွဲပြားစွာမသိရှိနိုင်လျှင် ကျမ်းစာကိုနားလည်နိုင်ရန်၊ အထူးသဖြင့်ဩဝါဒ ကျမ်းစာများ (epistles) ကို နားလည်ရန် လုံးဝဖြစ်နိုင်မည်မဟုတ်ပါ။

- အပြစ်သားသည် သခင်ယေရှုကို မိမိ၏ကယ်တင်ရှင်နှင့်သခင် (Lord and Savior) အဖြစ်လက်ခံလိုက်သည်နှင့် တပြိုင်နက် ထိုသူသည် ဘုရားသခင်၏သားအဖြစ်သို့ ရောက်ရှိပြီး ခရစ်တော်နှင့် ပူးတွဲအမွေစား အမွေခံဖြစ်ကြောင်း(becomes a son of God and a joint-heir with Christ) ဩဝါဒကျမ်းစာများကို ရေးသားသူများကရှင်းလင်းစွာ ရေးသားထားပါသည်။ ထိုသူ၏ ရပ်တည်ချက်သည် ပြီးပြည့်စုံသည် (complete)။ ခိုင်လုံသည်(perfect)။ မပြောင်းမလဲ (unchanging) ထာဝရဖြစ်သည်(eternal)။ မည်သည့်အရာ ကိုမျှ ထပ်ဖြည့်၍မရ၊ တိုးပွါးအောင်လုပ်၍ မရတော့ပေ။(Nothing can ever be improved or added to it.)

- အခြားတစ်ဖက်တွင်ယုံကြည်သူသည် အသွေးအသား၏ အလိုကိုလိုက်တတ်ကြောင်း (carnal)၊ လောကီဆန်ကြောင်း (worldly)၊ အားနည်းကြောင်း(weak)၊ စကားနားမထောင်ကြောင်း(disobedient)၊ ကြီးထွားရင့်သန်ဖို့ (growth)၊ သွန်သင်ဆုံးမဖို့ (exhortation)၊ စည်းကမ်း ထိန်းသိမ်းပေးဖို့ (discipline) လိုနေသေး ကြောင်း၊ ထိုသြဝါဒများကိုရေးသောစာရေးဆရာများကပင်ရှင်းရှင်းရေးသားထားပြန်ပါသည်။

- ကယ်တင်ခြင်းမရသေးသောသူများမှာ ဤထူးခြားချက်များကိုနားမလည်ကြသဖြင့်၊ ပြောင်းလဲခါစ ယုံကြည်သူတို့ကို ဤခြားနားချက်အား နားလည်အောင် ရှင်းပြရန်အထူးလိုအပ်ပါသည်။ ဤသင်ခန်းစာသည် ဤရည်ရွယ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဟု မျှော် လင့် ပါ သည်။

သင်ခန်းစာ THE LESSON

I. ခရစ်တော်၌ကျွန်ုပ်တို့၏ရပ်တည်ချက်သည်စုံလင်၍ပြီးပြည့်စုံလျက်ရှိပါသည်။ OUR STANDING IN CHRIST IS PERFECT AND COMPLETE

ကျွန်ုပ်တို့၏ရပ်တည်ချက် “standing” ဟုဆိုရခြင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်ကိုလက်ခံသည့်အချိန်မှစ၍ ကျွန်ုပ်တို့အသက်တာ၌ဖြစ်နေသောအရာများသည် ကျွန်ုပ်တို့ခရစ်တော်အထဲ၌ရှိနေသောအရာနှင့် စပ်ဆိုင်နေကြောင်းဆိုလိုခြင်းဖြစ်သည်။ ကျေးဇူးတော်ကြောင့်ကျွန်ုပ်တို့သည် မည်သည့် အနေအထား သို့ ရောက်ရှိနေပါသနည်း။(What is our position by grace?) ဘုရား သခင်သည် ကျွန်ုပ်တို့ကို မည်သို့မြင်ပါသနည်း။ (How does God see us?) ထို ရပ်တည်ချက် (သို့မဟုတ်) အဆင့် “standing” or “position” သည်ပြီးပြည့်စုံပြီးဖြစ်ပါသည်။

A. Colossians 2:10 – သင်တို့သည် စုံလင်ခြင်းရှိကြ၏။
B. Hebrews 10:14 –စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ၊ တခါတည်း ပူဇော်ခြင်းအားဖြင့်ပြုတော်မူ၏။
C. 1 John 4:17 – ငါတို့သည်ကိုယ်တော်၏နည်းတူ ဤလောက၌ဖြစ်ကြ၏။ အဆင့်အားဖြင့် ခရစ်တော်၌ကိုယ်တော်ရှိ သည့်နေရာတွင် ကိုယ်တော်ဖြစ်သည့်အတိုင်း ခရစ်တော်နှင့် အတူဖြစ်ကြပါ သည်။
D. Ephesians 1:4 – ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက်ရှိမည့် အကြောင်း--- ရွေးကောက်တော်မူသည်။
E. 1 Corinthians 1:30 – ဘုရားသခင်စီရင်တော်မူသည့်အတိုင်း ငါတို့၌ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်း ဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည် ယုံကြည်သူတစ်ဦးအနေဖြင့် ဤအရာများကို ယခုပိုင်ဆိုင်လျက် ထာဝရပိုင်ဆိုင်ပြီး ဖြစ်သည်။
F. Ephesians 1:6 – “ထိုဘုရားသခင်သည် ချစ်တော်မူသောသားတော်ကြောင့် ငါတို့အားပေးတော်မူသော ကျေးဇူးတော်—”
G. Ephesians 1:3 – ဘုရားသခင်သည် ယုံကြည်သူအားလုံးတို့ကို ခရစ်တော်၌ရှိသည် (၈၊ ၁း၃) ဟုမြင်တော်မူပါသည်။ ရှင်ပေါလုသည် ဇဖက်ဩစာကို ရေးရာတွင် ဤကဲ့သို့ အသုံးအနှုန်းကို (၂၈)ကြိမ် အသုံးပြုခဲ့ပါသည်။ ကျွန်ုပ်တို့၏ပြီးပြည့်စုံခြင်း၊ လက်ခံတော်မူဘွယ်ဖြစ်ခြင်း၊ အဆင့်နှင့် ရပ်တည်ချက် အားလုံး

တို့သည် ခရစ်တော်၌ ဘုရားသခင်၏ ကျေးဇူးတော်မြတ် ကြောင့် သာဖြစ်ပါသည်။

II. ကျွန်ုပ်တို့ပြီးပြည့်စုံ၍စုံလင်သောရပ်တည်ချက်သည် ခရစ်တော်ဆောင်ရွက်ပေးသော အမှုတွင်သာ လုံးဝတည်မှီနေပါသည်။ OUR PERFECT AND COMPLETE STANDING IS BASED ENTIRELY UPON THE WORK OF CHRIST

"ကျွန်ုပ်တတ်နိုင်ခြင်းမရှိ၊ သို့သော် ကျွန်ုပ်ရရှိပြီ၊ ယုံကြည်သည့်အချိန်မှ ကျေးဇူးတော်ဖြင့် အပ်နှံပြီ၊ ဝါကြွားခွင့်မရှိဘဝင် ကျလျက်၊ အပြစ်သား ကျွန်ုပ်ကျေးဇူးတော်ကြောင့် ကယ်တင်ပြီ "ဟု ကျွန်ုပ်တို့ ဝမ်းမြောက်စွာ သီချင်းဆိုကြပါသည်။ ဤစကားလုံး "ကျေးဇူးတော်" (grace) မှလွဲ၍ မည်သည့်စကားလုံးမျှအစားထိုးပြု ပြင်၍မရပါ။ ယခုကျွန်ုပ် တို့ အနေဖြင့် ခရစ်တော်၌ ရှိသောအရာနှင့်ရှိနေသောအဆင့်သည် ကျေးဇူးတော်ကြောင့်ဖြစ်သည်။ ထိုကျေးဇူးတော်ကိုရဖို့ လုံးဝမထိုက်တန်သော်လည်း၊ ကျွန်ုပ်တို့ အခမဲ့ရရှိပါသည်။ ထိုကျေးဇူးတော်သည် ကျွန်ုပ်တို့ တတ်စွမ်း နိုင်မှု၊ အကျင့်နှင့်ကုသိုလ်လုံးဝမပါဘဲ ခရစ်တော်၏ လုပ်ဆောင်ချက်သက် သက်သာ ဖြစ်သည်။

A. Hebrews 10:14 – စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးရှိစေခြင်းငှာ၊ ---ပြုတော်မူ၏။
B. Revelation 1:5 – ငါတို့ကိုချစ်၍ မိမိအသွေးဖြင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍။"
C. Galatians 3:13 – ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကိုခံသောသူဖြစ်၍ ငါတို့ကို ပညတ်တရား ၏ ကျိန်ခြင်းမှ ရွေးနှုတ်တော်မူပြီ။ (Read also Ephesians 1:7 and 1 Peter 1:18-19.)
D. 2 Corinthians 5:21 – ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူ (ခရစ်တော်) ကို ငါတို့အတွက်ကြောင့်အပြစ် ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင် ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည့်အကြောင်းတည်း။
E. Revelation 5:10 – ကျွန်ုပ်တို့၏ဘုရားသခင်ရှေ့မှာရှင်ဘုရင်အရာ၌လည်းကောင်း၊ယဇ်ပုရော ဟိတ်အရာ၌ လည်း ကောင်းခန့်ထား၍။
F. 2 Corinthians 5:18-19 – ဘုရားသခင်သည်ယေရှုခရစ်အားဖြင့်ငါတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိတ်သဟာရ ဖွဲ့စေတော်မူ၏။ ---လောကီသားတို့၏အပြစ်ကိုမှတ်တော်မမူ။
G. 1 Corinthians 6:19-20 – သင်တို့၏ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သန့်ရှင်း သော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်း---သင်တို့သည် အဘိုးနှင့် ဝယ်ယူတော် မူသောသူ ဖြစ်ကြောင်း။

III. ကျွန်ုပ်တို့၏ရပ်တည်ချက်တွင် မည်သည့်အရာများ ပါဝင်သနည်း။ WHAT DOES OUR STANDING INCLUDE?

ကျွန်ုပ်တို့ရရှိသောအရာများသည် ဘုရားသခင်၏ အတိုင်းအဆမရှိသော ကျေးဇူးတော် အားဖြင့်အစဉ် ထာဝရစုံလင် ပြီးပြည့်စုံနေကြောင်းသိရခြင်းကဲ့သို့အစစ်အမှန်ယုံကြည်သူတစ်ယောက်၏ စိတ်နလုံးကို လှုပ်ရှားစေနိုင်သော အရာမရှိတော့ပါ။

A. ကျွန်ုပ်တို့သည် ဘုရားသားဖြစ်ကြ၏။ (1 John 3:2; Romans 8:16).
B. ကျွန်ုပ်တို့သည် ဘုရားရှင်၏အမွေခံများဖြစ်လျက်ခရစ်တော်နှင့်ပူးတွဲအမွေခံဖြစ်သည်။ (Romans 8:17).
C. ကျွန်ုပ်တို့သည် မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်များဖြစ်ကြသည်။ (Revelation 1:6; 1 Peter 2:9).
D. ကျွန်ုပ်တို့သည်ချစ်တော်မူသောသားတော်ကြောင့်ဘုရားရှင်၏လက်ခံခြင်းရပါသည်။ (Ephesians 1:6).
E. ကျွန်ုပ်တို့သည်ခရစ်တော်၏ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်ပါသည်။ (Ephesians 5:30).
F. ကျွန်ုပ်တို့သည် ခရစ်တော်၌စုံလင်ခြင်းသို့ရောက်ပြီးဖြစ်သည်။ (Colossians 2:10).
G. ကျွန်ုပ်တို့သည် ခရစ်တော်၏ပူဇော်သက္ကာကြောင့် ပြီး ပြည့်စုံပြီးဖြစ်သည်။ (Hebrews 10:14).
H. ကျွန်ုပ်တို့သည်ရွေးမဆွကကြံစည်တော်မူသည့်အတိုင်းရွေးကောက်ခံရသည်။(1Peter1:2,Ephesians1:4)
I. ကျွန်ုပ်တို့သည် ရွေးနှုတ်ခြင်းခံရပြီ (Ephesians 1:7; 1 Peter 1:18-19); ဖြောင့်မတ်ပြီ (Romans 3:24; 5:1); သန့်ရှင်းပြီ (1 Corinthians 1:30; Hebrews 10:10,14); ရန်ငြိမ်းပြီ (2 Corinthians 5:18; Colossians 1:21), ဘုန်းကြီးသောသူဖြစ်ပြီ (Romans 8:30).
J. ကျွန်ုပ်တို့သည် လူသစ် “a new creation” ဖြစ်ကြပြီ (2 Corinthians 5:17).
K. ကျွန်ုပ်တို့သည်ဖြောင့်မတ်သူဟုမြင်ခံရသည်။(1Corinthians1:30;Romans3:22-23;Philippians 3:9).

IV. ကျွန်ုပ်တို့၏ ထိုရပ်တည်ချက်သည် မည်သည့်အခါတွင်အစပြုခဲ့ပါသနည်း။ WHEN DOES OUR “STANDING” BEGIN?

အပြစ်သားသည် ကယ်တင်ခြင်းအတွက်ခရစ်တော်အားယုံကြည်လက်ခံသည့် ခဏချင်းမှာပင် အထက်ဖော်ပြပါ အရာများအားလုံးတို့သည် အမှန်တကယ်ဖြစ်လာကြသည်။ ထိုအရာများကိုချက်ချင်း ပိုင်ဆိုင်သွားပါသည်။ ကျွန်ုပ်တို့၏ထိုရပ်တည်ချက်သည် ကောင်းကင် ရောက်မှရရှိမည့်အရာမဟုတ်။ယခုပင် ခရစ်တော်၌ ယုံကြည် ခြင်း အားဖြရရှိထား သောအရာဖြစ်သည်။

A. John 3:18 – ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။
B. John 3:36 – သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။
C. John 1:12 – ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူ တို့အား ဘုရား သခင်၏ သားတော်ဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။
D. Romans 5:1 – ထို့ကြောင့် (ခရစ်တော်၌) ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်၏။
E. 1 John 5:1 – ယေရှုသည် ခရစ်တော်ဖြစ်တော်မူသည်ကို ယုံကြည်သောသူမည်သည်ကား ဘုရားသခင် ဖြစ်ပွား စေတော်မူသောသူဖြစ်၏။
F. Acts 13:39 – ယုံကြည်သောသူရှိသမျှတို့သည် ---အပြစ်ရှိသမျှတို့နှင့်လွတ်ရသည်။
G. Romans 4:5 – အကျင့်မရှိသောသူမည်သည်ကား၊ မတရားသောသူ၏အပြစ်ကို ဖြေသောသူကို ယုံကြည် လျှင် သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်း ကဲ့သို့မှတ်လျက်ရှိ၏။ (Note also Romans 3:21-22.)

V. ယုံကြည်သောသူသည် တစ်စုံတစ်ခုကို ပြုလုပ်ပေးခြင်းအားဖြင့်ကျ၍ရပ်တည်ချက်ကို ပိုမိုကောင်းမွန်တိုးတက် ရန်ဆောင် ရွက်နိုင်ပါမည်လော။ CAN ANYTHING IMPROVE OR BE ADDED TO THIS STANDING BY SOMETHING THE BELIEVER DOES?

အဖြေမှာ- မတိုးတက်စေနိုင်။ လုံးဝမတိုးတက်စေနိုင်။ The answer is of course NO! A thousand times NO!

A. ချစ်တော်မူသောသားတော်၌ ကျွန်ုပ်တို့ကိုလက်ခံခဲ့ခြင်းဖြစ်ပါသည်။ (Ephesians 1:6) ကျွန်ုပ်တို့၏ ရပ်တည်ချက်နှင့်ပြည့်စုံ ကောင်းမွန်မှုအားလုံးသည် ကိုယ်တော်အထဲ၌သာရှိပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ ၏ သန့်ရှင်းခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ (1 Corinthians 1:30) ခရစ်တော်၌ ကိုယ်တော်ဖြစ်သည့်အတိုင်း ကျွန်ုပ်ဖြစ်နေပါသည်။(1 John 4:17).

B. ကျွန်ုပ်တို့ အထဲ၌ ဖြစ်သမျှနှင့် ကျွန်ုပ်တို့ ရှိသမျှသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာဖြစ်ပါသည်။ (Ephesians 2:5,8; Romans 3:24; 2 Corinthians 8:9) သို့ဖြစ်၍ လူတို့ကျင့်သမျှ အကျင့်သည် ဘုရား သခင်၏ ကျေးဇူးတော်ကို မြူမှုံတမှုံမျှ (one iota) တိုးပွါးမလာစေပါ။

1. Galatians 5:4 – သင်သည် ဖြောင့်မတ်ခြင်းနှင့် လက်ခံတော်မူခြင်းကို ရရှိနိုင်ရန် ပညတ်တရား၏ အကျင့် အားဖြင့်ရှာကြံလျှင် သင်သည် " ကျေးဇူးတရား၌မတည်၊ ရွေ့လျော့ပြီ" “ye are fallen from grace.”
2. Romans 4:4 – အကျင့်ရှိသောသူမည်သည်ကား ကျေးဇူးတော်အားဖြင့်မဟုတ်။
3. Romans 11:5-6 – ရွေးကောက်ခြင်းသည် ကျေးဇူးတော်အားဖြင့်ဖြစ်သည်။ ကျေးဇူး တော်အားဖြင့်ရှိလျှင် ကိုယ်ကျင့် သောအကျင့်အားဖြင့်မရှိ။ ရှိလျှင်ကျေးဇူးတော်သည် ကျေးဇူးမဟုတ်။

VI. ထိုသို့ဖြစ်လျှင်ကမ္ဘာပေါ်တွင် ကျော်ကြားသောခရစ်ယာန်ကြီးများနှင့် ပတ်သက်၍ မည်သို့နည်း။ WHAT ABOUT WELL-KNOWN, ILLUSTRIOUS CHRISTIANS?

ထိုထင်ပေါ်ကျော်ကြားသော ခရစ်ယာန်များသည် ဆင်းရဲသော(poor)၊ အရည်အချင်းမရှိသော (weak)၊ လူသိနဲသော (unknown)၊ တည်ငြိမ်မှုမရှိသော (unstable)၊ ဘုရားစကားနားမထောင်သော (ignorant) ခရစ်ယာန် အချို့ ထက်သာ၍မြင့်သော ဘွဲ့ ထူးဂုဏ်ထူးများ ရှိကြသဖြင့် သူတို့ ၏ရပ်တည်ချက် (standing) သည် ပိုမိုမြင့်မြတ်သည်မဟုတ်ပါလော။ ဤ အကြိမ်သည်လည်းအဖြေသည် - လုံးဝမဟုတ်ပါ။ ပို၍မကြီးပါ။ ကျွန်ုပ်တို့ရပ် တည်ချက် (standing) သည် အရည်အချင်း (talent)၊ ချမ်းသာမှု (riches)၊ ပညာ (education)၊ ထင်ပေါ်မှု (social standing)၊ အထူးအခွင့်အရေး (special privilege) များဖြင့်ရရှိသော ရပ်တည်ချက် မဟုတ်ပါ။ အကယ်၍လူသည် နောင်တရ၍ ဘုရားသခင်ရှေ့တော်၌ သခင်ယေရှု ခရစ်တော်ကိုယုံကြည်လက်ခံလျှင် လောကတွင် အနိမ့်ဆုံး (weakest)၊ မရေရာဆုံး (most fallible) လူသည်ပင် ဘုရားသခင်ရှေ့၌ အသန့် ရှင်းဆုံး သူတော်စင် အဖြစ်ရပ်တည်နိုင်သည်။

လူမျက်နှာကိုထောက်တော်မမူ သောသန့်ရှင်းသော ဘုရားသခင်ရှေ့မှောက်တွင်လူသားအားလုံးတို့သည် အပြစ် သားများသာဖြစ်သည်။ (2 Samuel 14:14; Mark 12:14; Romans 2:11; Acts 10:34; Galatians 2:6)

VII. ခရစ်တော်ကိုယုံကြည်လက်ခံခြင်းမပြုမီ ကျွန်ုပ်တို့၏ အခြေအနေမည်သို့နည်း။ WHAT WAS OUR STATE BEFORE WE BELIEVED?

အခြေအနေ (state) ဟုဆိုရာတွင် ဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအခြေအနေ အဆင့် အတန်းကို ဆိုလိုပါသည်။ အောက်ဖော်ပြပါကျမ်းချက်များသည် ဘုရားသခင်ရှေ့တော်သို့ ကျွန်ုပ်တို့မရောက်မီ ကျွန်ုပ်တို့ရပ်တည်ချက် အခြေအနေကို ဖော်ပြလျက်ရှိပါသည်။

A. ဘုရားသခင်ရှေ့တော်၌ ပျောက်ဆုံးသူဖြစ်ပါသည်။ (Luke 19:10) သိုးကဲ့သို့လမ်းလွဲလျက်ရှိကြပါ သည်။ (Isaiah 53:6).

B. သမ္မာတရားကိုမမြင်၊ မျက်စေ့ကွယ်သူများဖြစ်သည်။ (Ephesians 4:18).

C. ဘုရားသခင်၏အသက်နှင့်ကင်းကွာသောလူများဖြစ်ကြသည်။ (Ephesians 4:18).

D. မျှော်လင့်ခြင်းကင်းမဲ့သောသူများဖြစ်ကြသည်။ (Ephesians 2:12).

E. ဘုရားသခင်ကိုပုန်ကန်ဆန့် ကျင်သောဇာတိပကတိရှိသူဖြစ်သည်။(Romans 8:7; Colossians 1:21).

F. အပြစ်၌သေနေသူများဖြစ်သည်။(Ephesians 2:1) အာကာသကောင်းကင်၏တန်ခိုးကို အစိုးရသော စာတန်၏အလိုနှင့်အညီဒုစရိုက်အပြစ်၌ကျင်လည်၍၊ကိုယ်ကာယအလိုလိုက်သောသူဖြစ်၏။(Ephesians 2:2-3).

G. ဘုရားတရားမရှိ၊ အကျိုးနည်းရှိသောသူများဖြစ်ကြသည်။ (Romans 5:6).

H. စဉ်းလဲသော စိတ်နလုံး ရှိသောသူများဖြစ်ပါသည်။ (Jeremiah 17:9).

I. နူနာစွဲသောသူကဲ့သို့ မစင်ကြယ်သောသူဖြစ်ကြ၏။ (Isaiah 64:6).

J. ကျွန်ုပ်တို့သည်အပြစ်၏ အုပ်စိုးခြင်းအောက်တွင်ရှိနေသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကိုနားမ လည်၊ ဘုရားသခင်ကိုမရှာအသုံးမရသောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့သောစိတ်လုံးဝမရှိသောသူများဖြစ်သည်။ (Romans 3:9-18).

K. ဘုရားသခင်၏အမျက်တော်ကိုခံထိုက်သောသူဖြစ်လျက်သေဒဏ်ပေးထားခြင်းခံရသောသူ။ တရား စီရင်မည့် နေ့ရက်ကို စောင့်သောသူများဖြစ်ပါသည်။ (John 3:18, 36; Hebrews 9:27). ခရစ်တော်ကို လက်ခံသောအခါသင်သည်ဒုတိယမွေးဖွားခြင်းကိုလက်ခံရရှိသည် (John 1:12, 13), ခရစ်တော် သည် သင်၏ စိတ်နလုံးထဲတွင် ချက်ချင်းကိန်းဝပ်တော်မူသည်။ (Ephesians 3:17; Galatians 2:20), သန့်ရှင်းသော ဝိညာဉ်တော်ဆုကျေးဇူးကို ကျွန်ုပ်တို့ရရှိသည်။ (Acts 2:38;Romans 8:13).

တစ်နည်းအားဖြင့် ကျွန်ုပ်တို့သည်ယုံကြည်သောအခါ ကျွန်ုပ်တို့အသက်ရှင်ရမည့်အသက် တာသစ်ကိုရရှိပြီး၊ အသစ်သောပကတိ (new nature)လည်း ပေါ်လာပါသည်။ သို ့သော်- အာဒံမှဆင်းသက်လာသော သင်၏ဇာတိပကတိနှင့် ပတ်သက်၍ မည်သို့ ဖြစ် သွားပါသနည်း။ ထိုဇာတိပကတိသည် အလိုလို ပျောက်ကွယ်သွားပါသလော။ ဖျက်ဆီးခြင်း၊ ပယ်ဖျက်ခြင်းခံရပြီလော။ မဟုတ်ပါ။ ဇာတိ ပကတိသည်ရှိနေဆဲ ဖြစ်ပါသည် ထိုဇာတိပကတိကို ကျွန်ုပ်တို့ပိုင်ဆိုင်နေဆဲပင်ဖြစ်သည်။ (Galatians 5:17; Romans 7:17-23) ယုံကြည်သူတိုင်းတွင် ပကတိ ၂-မျိုး (two natures.) ရှိသည်။ ၎င်းတို့ မှာ new nature (ဝိညာဉ်ပကတိ) နှင့် old nature (ဇာတိပကတိ) ဖြစ်သည်။ ခရစ်တော်၌ ယုံကြည်သူ၏ဝိညာဉ်ပကတိသည် ပြီးပြည့်စုံပြီးဖြစ်သည်။ ဤနေရာတွင် ယုံကြည်သူသည် မိမိပကတိဟောင်း၏အုပ်စိုးလွှမ်းမိုးမှုကို အောင်နိုင်ရန်သင်ယူရပါသည်။ မိမိ၏ အခြေအနေသည် မိမိရ ပ်တည်ချက်ကိုမှီစေရန်အစဉ်ကြိုးစားရပါမည်။။

သရုပ်ဖော်ခြင်း - Here are a few illustrations:

- ကျွန်ုပ်တို့သည် "ထာဝရစုံလင်ခြင်း" (Hebrews 10:14) သို့ ရောက်သည့်အားလျော်စွာ ကျွန်ုပ်တို့သည် "ဘုရားသခင် ကိုကြောက်ရွံ့၍သန့်ရှင်းခြင်း ပါရမီနှင့်ပြည့်စုံကြ" ရမည်ဖြစ်ပါ သည်။ (2 Corinthians 7:1).
- ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီး (Galatians 2:20) သည် နှင့်အညီ၊ "အပြစ်တရားနှင့် ဆိုင်သော အရာ၌ ကားအသေဖြစ်သည်ဟု"(Romans 6:11) ခံယူရန် တိုက် တွန်းထားပါသည်။

- ကျွန်ုပ်တို့သည် "သန့်ရှင်းသူတည်းဟူသောယေရှုခရစ်ကိုယုံကြည်သူ"(Ephesians 1:1) အဖြစ် ခေါ်တော်မူသည်နှင့်အညီ"ခေါ်တော်မူခြင်းကျေးဇူးတော်နှင့် အလျောက်ကျင့် ဆောင်"ရမည်ဖြစ်သည်။ (Ephesians 4:1).
- ကိုယ်တော်၌ "ကျွန်ုပ်တို့စုံလင်" သည့်နည်းတူ (Colossians 2:10) ကျေးဇူးတော်၌ကြီးထွားလျက် (2 Peter 3:18) ယုံကြည်ခြင်း၌လည်းဖြည့်စွက်ရမည်ဖြစ်သည်။ (2 Peter 1:5).

အခြားသော သရုပ်ဖော်ချက်များကိုလည်း ကိုယ်တိုင်ရှာဖွေပါ။ ယုံကြည်သူ၏ ပကတိ ၂-မျိုးကို အသေးစိတ်သိလို ပါက သင်ခန်းစာ -၁၄ ကို ကိုးကားရန်တိုက်တွန်းပါသည်။

VIII. ကျွန်ုပ်တို့၏ရပ်တည်ချက်နှင့်အခြေအနေတို့ခြားနားကြောင်းဖော်ပြသောသမ္မာကျမ်းစာ သရုပ်ဖော်များ။ BIBLE ILLUSTRATIONS THAT DISTINGUISH THE DIFFERENCE BETWEEN OUR STANDING AND OUR STATE

A. Matthew 5:14 – သင်တို့သည်ဤလောက၏အလင်းဖြစ်ကြ၏။
Matthew 5:16 – သူတစ်ပါးရှေ့၌သင်တို့အလင်းကိုလင်းစေကြလော့။

B. Ephesians 5:8 – ယခုမူကား သခင်ဘုရား၌ အလင်းဖြစ်ကြ၏။
Ephesians 5:8 – သို့ဖြစ်၍အလင်း၏သားကဲ့သို့ကျင့်နေကြလော့။

C. 1 Thessalonians 5:5 – သင်တို့အပေါင်းသည်အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏။
1 Thessalonians 5:6 – သို့ဖြစ်၍အခြားသောသူတို့သည် အိပ်ပျော်သကဲ့သို့ ငါတို့သည် အိပ်မပျော်ဘဲ သမ္မာသတိနှင့် စောင့် နေကြစို့။

D. 1 Peter 2:9 – ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။
1 Peter 2:11 – ချစ်သူတို့ ဝိညာဉ်နှင့်စစ်ပြိုင်တတ်သော ကိုယ်ကာယ တပ်မက်ခြင်းတို့ကိုရှောင် မည့် အကြောင်း၊ ဧည့်သည့် အာဂန္တု ကဲ့သို့သင်တို့ကို ငါတောင်းပန်၏။

E. 1 Corinthians 6:11 – ယခုတွင်သခင်ယေရှု၏နာမတော်အားဖြင့်လည်းကောင်း၊ ငါတို့ဘုရားသခင်၏ ဝိညာဉ်တော် အားဖြင့် လည်းကောင်း ဆေးကြောသန့်ရှင်း၍ဖြောင့်မတ်ရာသို့ ရောက်ကြပြီ။
1 Corinthians 6:7 – ထိုသို့ သင်တို့သည် အချင်းချင်းတရား တွေ့သည့်အမှုမှာ အလွန်ကြီးစွာသော အပြစ် ရှိကြ၏။

F. 1 Corinthians 1:2 – ယေရှုခရစ်အားဖြင့်အပြစ်နှင့်ကင်းစင်၍သန့်ရှင်းသူအရာ၌ခန့်အပ်ထားသောသူ
1 Corinthians 1:11 – " သင်တို့သည် အချင်းချင်းမသင့်၊ ရန်တွေ့ခြင်းရှိသည်” (1 Corinthians 3:3), ယခုပင်လည်း ဇာတိ၊ ပကတိလူဖြစ်ကြသေး၏။

G. Galatians 3:26 – သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏သားဖြစ် ကြ၏။

Galatians 4:9 – ချမ်းသာမပေးနိုင်သောတရားနဘက်သို့ အဘယ့်ကြောင့် တစ်ဖန်ပြောင်းလဲကြသနည်း။

H. Hebrews 10:14 – "စင်ကြယ်သောသူတို့သည်ထာဝရစုံလင်ခြင်းအကျိုးကိုရစေခြင်းငှာ--- ပြုတော်မူ၏"
Philippians 3:12 – " ထိုသို့ဆိုသော်အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ရောက်ရပြီဟု ငါမဆို"

♦ အခြားသရုပ်ဖော်အမြောက်အများရှိပါသည်။ မိမိတိုးတက်မှုအချို့ကိုရှာဖွေထားပါ။

နိဂုံး - Conclusion

ကျွန်ုပ်တို့ ဇာတိပကတိ၏ ဆက်လက်တည်ရှိနေမှုနှင့်အားနည်းနေခြင်းကို အကြောင်းပြချက်တစ်ရပ်အဖြစ်အသုံးချပြီး အပြစ်လုပ်ခြင်းမပြုရန် အရေးကြီးပါသည်။ ရှင်ပေါလုက ကျေးဇူးတော် ခံရမည့် အကြောင်း၊ အပြစ်ကို ဆက်လုပ်ရမည်လော။ ဟုမေးခဲ့ပါသည်။ အပြစ်၌ သေလျက်ရှိသော ငါတို့သည် ထိုအပြစ်၌ ပြန်လည် ကျင်လည်ကြမည်လော။ ဇာတိပကတိစိတ်နှင့် အလို ဆန္ဒများကို လက်ဝါး ကပ်တိုင်မှာ အစဉ်အမြဲရိုက်ထားနိုင်ရန် သတိပြုရပါမည်။(Galatians 5:24) အပြစ်၌ သေပြီဟု အသိအမှတ်ပြုရမည်။ (Romans 6:11)။ လူဟောင်း၏ အကျင့်နှင့် လူဟောင်း ၏ကိုယ်ကို ချွတ်ပယ်ရမည်။ (Colossians 3:9) ကျေးဇူးတော်၌ ကြီးပွါးရမည်။ (2 Peter 3:18) ဘုရားသခင်ကိုကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံကြကုန်အံ့။(2 Corinthians 7:1) ဘုရားသခင်သည် နှုတ်ကပါတ်တော်ကိုနားလည်နိုင်စေခြင်းငှာဉာဏ်အလင်းကိုပေး သနားတော်မူပါစေသော။

ယုံကြည်သူ၏ရပ်တည်ချက်နှင့်အခြေအနေ မေးခွန်းများ - သင်ခန်းစာ (၃၂)

1. အမှန်ကိုရွေးပါ။ ယုံကြည်သူ၏ရပ်တည်ချက်သည် ခရစ်တော်ထဲ၌ပြည့်စုံသည်။(၄-မှတ်)
a. ထို့ ပြင် သူသည် အပြစ်ကင်းသူဖြစ်သွား၏။ and he can become sinless and perfect in this life.
b. သို့ သော် သူသည် သွေးဆောင်ခြင်းများခံရဆဲဖြစ်သည်။ but he is still subject to temptation.
c. ထို့ ကြောင့် သူ၏ခရစ်ယာန်အသက်တာသည် မကျရှူး။ therefore he cannot fail in his Christian life.

2. အောက်ပါကျမ်းပိုဒ်များမှ ယုံကြည်သူ၏ရပ်တည်ချက်ကိုဖေါ်ပြသည့်ကျမ်းပိုဒ်များကို ရွေးပါ။(၈-မှတ်)
a. Colossians 2:10
b. 1 John 4:17
c. Ephesians 1:6
d. 1 Corinthians 1:30

3. ကျွန်ုပ်တို့ ၏ရပ်တည်ချက်သည် အောက်ပါတို့ ကို အခြေခံသည်။(၄-မှတ်)
a. ဘုရားရှင်အတွက် ကျွန်ုပ်တို့ ၏လုပ်ဆောင်ချက်။ what we do for God.
b. ကျွန်ုပ်တို့ အတွက် ခရစ်တော်၏လုပ်ဆောင်ချက်။ the work of Christ for us.
c. ကျွန်ုပ်တို့ ၏ဝိညာဉ်ရေးရာအခြေအနေ။ our spiritual condition.

4. အောက်ဖေါ်ပြချက်အရ ယုံကြည်သူသည် ဘုရားရှင်ရှေ့ ၌ဖြောင့်မတ်သူဖြစ်သည်။(၄-မှတ်) The believer is given right standing before God: (Value 4 points)
a. ခရစ်တော်ကိုရသည်နှင့်တပြိုင်နက်။ the moment he/she receives Christ.
b. အခြားသောဘာသာပြောသည်နှင့်တပြိုင်နက်။ the moment he/she speaks in tongues.
c. စိတ်ပျော်ရွှင်သည်နှင့်တပြိုင်နက်။ the moment he/she receives this good feeling.

5. ယုံကြည်သူသည် ဘုရားရှင်ရှေ့ ၌သူ၏ရပ်တည်ချက်ကို တိုးပွါးစေနိုင်ပါသလား။(၄-မှတ်)
a. တိုးပွါးစေသည်။ Yes.
b. မတိုးပွါးစေနိုင်ပါ။ No.
c. သူကြိုးစားကျင့်ကြံလျှင် တိုးပွါးစေနိုင်သည်။ He can if he works hard at it.

6. ခရစ်တော်၌ရှိသော လူ၂-ဦးသည် ဘုရားသခင်ရှေ့ ၌ခြားနားချက်ရှိပါသလား။(၄-မှတ်)
a. သူမည်မျှကျင့်ကြံအားထုတ်မှုအပေါ်မူတည်သည်။ It depends on how hard a person works.
b. နာမည်ကြီးတရားဟောဆရာသည် သိမ်ငယ်သောယုံကြည်သူထက် ပို၍ရပ်တည်မှု မကွာခြားပါ။ A great preacher does not have a more secure standing than a lowly saint.
c. ရိုးသားသောခရစ်ယာန်သည် မရိုးသားသောခရစ်ယာန်ထက် ပို၍ရပ်တည်ချက်ခိုင်မာသည်။ A sincere Christian has a more secure standing than one who is not sincere.

7. ယုံကြည်သူ၏ရပ်တည်ချက် (The believer's standing)ဆိုသည်မှာ……(၄-မှတ်)
a. ခရစ်တော်၌ရှိသောသူ၏အနေအထားဖြစ်သည်။ his position in Christ.
b. သူ၏ဝိညာဉ်ရေးရာအခြေအနေဖြစ်သည်။ his spiritual condition.
c. သူ၏ဖြောင့်မတ်သန့် ရှင်းခြင်းဖြစ်သည်။ his sanctification.

8. ယုံကြည်သူ၏အနေအထား (The believer's state) ဆိုသည်မှာ……(၄-မှတ်)
a. ခရစ်တော်၌ရှိသောသူ၏အနေအထားဖြစ်သည်။ his position in Christ.
b. သူ၏ဝိညာဉ်ရေးရာအခြေအနေဖြစ်သည်။ his spiritual condition.
c. သူ၏ဖြောင့်မတ်ခြင်းဖြစ်သည်။ his justification.

9. Matthew 5:14 and 5:16 တွင် ယုံကြည်သူ၏ရပ်တည်ချက်နှင့်အခြေအနေကို မည်သည့်ဓရိယာများ တွင် ဖေါ်ပြထားသနည်း။ (၄-မှတ်)
a. ဝိညာဉ်ရေးရာ။ The spiritual area.
b. သက်သေခံသည့်အခါ။ In being a testimony or witness.
c. သင်၏ယုံကြည်ချက်အပေါ် ရိုးသားသည့်အခါ။ In being sincere in your faith.

10. Ephesians 5:8, တွင် ဖေါ်ပြထားသော ကျွန်ုပ်တို့ ၏ရပ်တည်ချက်နှင့်အခြေအနေကို ရွေးပါ။(၄-မှတ်)
a. လောကလူများရှေ့ တွင် ကျွန်ုပ်တို့ အသက်ရှင်ပုံ။ the way we live before the world.
b. ကျွန်ုပ်တို့ ခြေထောက်များဖြင့် မည်သို့ လျှောက်လှမ်းပုံ။ the way we walk on our physical legs.

c. အခြားသူများကို ကျွန်ုပ်တို့ မည်သို့ ပြောဆိုဆက်ဆံပုံ။ the way we talk to others.

11. ဇာတိအရာများကို ယုံကြည်သူအနေဖြင့် မည်သို့ လုပ်ရမည်နည်း။(၄-မှတ်)
a. နားစွင့်လိုက်ပါ။ Listen to it.
b. ကျေနပ်အားရလိုက်ပါ။ Satisfy it.
c. သတ်ပစ်လိုက်ပါ။ Crucify it.

12. ယုံကြည်သူ၏ဝိညာဉ်ရေးရာအခြေအနေ(The believer's spiritual state)သည်……..(၄-မှတ်)
a. အချိန်နှင့်အမျှပြောင်းလဲနိုင်သည်။ can change from time to time.
b. မပြောင်းလဲနိုင်ပါ။ cannot change.
c. ဘုရားရှင်ကပြောင်းလဲမှသာ ပြောင်းလဲနိုင်သည်။can change only when God changes it.

13. ယုံကြည်သူ၏ခရစ်တော်၌ရပ်တည်ချက် (The believer's standing in Christ)သည်(၄-မှတ်)
a. အချိန်နှင့်အမျှပြောင်းလဲနိုင်သည်။ can change from time to time.
b. သူ၏ခံစားချက်ပြောင်းလဲသည့်အခါ လိုက်ပြောင်းသည်။ changes when his feelings change.
c. မပြောင်းလဲနိုင်ပါ။ cannot change.

14. Hebrews 10:14 တွင်ယုံကြည်သူသည် ထာဝရပြီးပြည့်စုံသူဖြစ်ကြောင်းပြောထားသည်။ သူ၏အနေအထားနှင့်ပတ်သက်၍ဘာလုပ်ရမည်ဆိုသည့်ကျမ်းပိုဒ်ကိုရွေးပါ။(၄-မှတ်)
a. Romans 6:11
b. Colossians 2:10
c. 2 Corinthians 7:1

15. Galatians 2:20 တွင် ယုံကြည်သူသည် ခရစ်တော်နှင့်အတူအသေခံပြီးကြောင်းပြောထားသည်။ စုံစမ်းခြင်းများတွေ့ သည့်အခါ သူဘာလုပ်ရမည်ဆိုသည့် ကျမ်းပိုဒ်ကိုရွေးပါ။(၄-မှတ်)
a. Romans 6:11
b. Colossians 2:10
c. 2 Corinthians 7:1

16. ခရစ်တော်ထဲ၌ကျွန်ုပ်တို့ ၏ရပ်တည်ချက်ကိုဖေါ်ပြသည့်ကျမ်းပိုဒ်နှင့်အဖြေကိုယှဉ်တွဲပါ။(၂၀-မှတ်)

___ ကျွန်ုပ်တို့သည်ဘုရားသားသမီးများဖြစ်သည်။ We are sons of God. — a. Ephesians 1:6
___ ကျွန်ုပ်တို့သည်ယဇ်ပုရောဟိတ်များဖြစ်သည်။ We are a royal priesthood. — b. 2 Corinthians 5:17
___ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေတ္တာအားဖြင့် လက်ခံထားရသူများဖြစ်သည်။ We are accepted in the beloved — c. Colossians 2:10
___ ကျွန်ုပ်တို့သည် ခရစ်တော်အထဲ၌ ပြီးပြည့်စုံသောသူများဖြစ်သည်။ — d. 1 John 3:2

We are complete in Christ.

___ ကျွန်ုပ်တို့သည် ခရစ်တော်အထဲ၌ လူသစ်များဖြစ်ကြသည်။ e. 1 Peter 2:9

We are new creations in Christ.

17. ကျွန်ုပ်တို့ ကယ်တင်ခြင်းမရရှိအခြေအနေကားအဘယ်နည်း။ကျမ်းပိုဒ်နှင့်အဖြေကိုယှဉ်တွဲပါ။(၁၆-မှတ်)

___ Isaiah 53:6 a. ကျွန်ုပ်တို့စိတ်နှလုံးသည်ယိုယွင်းခဲ့သည် We had deceitful hearts.

___ Ephesians 2:12 b. ကျွန်ုပ်တို့သည် အပြစ်၌သေလျက်ရှိသည် We were dead in sin.

___ Ephesians 2:1 c. ကျွန်ုပ်တို့သည် ဆုံးရှုံးသူများဖြစ်သည်။ We were lost.

___ Jeremiah 17:9 d. ကျွန်ုပ်တို့သည်မျှော်လင့်ခြင်းမဲ့သောသူများ ဖြစ်သည်။ We were without hope.

သင်ခန်းစာ(၃၃)၊ ခေတ်အဆက်ဆက်အတွက် ဘုရားသခင်၏ အကြံအစည်တော် (အပိုင်း ၁)
God's Plan for the Ages (The Major and Minor Covenants)

နိဒါန်း - Introduction

ပဋိညာဉ်ဆိုရာ၌ ဘုရားသခင်သည် လူနှင့်ပြုလုပ်ထားသောသဘောတူညီချက်ဖြစ်ပါသည်။ သမ္မာကျမ်းစာတွင် ပဋိညာဉ်(၈)ခုကိုဖော်ပြထားပါသည်။အချို့ ပဋိညာဉ်တို့သည် အခြေအနေပေါ်တွင်မူတည်၏။ (Some are conditional)။ အချို့မှာအခြေအနေပေါ်မူမတည်။ (Others are unconditional.)။ အခြားပဋိညာဉ်များသည် အခြေအနေ ပေါ်တွင်မူတည်ခြင်းမရှိပါ။ ပြောင်းလဲခြင်းမရှိ။အချို့သော ပဋိညာဉ်များသည် ပုဂ္ဂိုလ်တစ်ဦး တည်းနှင့်သာ သက်ဆိုင်ပါသည်။ (ဥပမာ- အာဒံ) အချို့မှာလူမျိုးတစ်မျိုးလုံးနှင့်သက်ဆိုင်ပါသည်။ (ဥပမာ-ဣသရေလ လူမျိုး) ပဋိညာဉ်(၄)ပါးမှာ ပဋိညာဉ်ကြီးဖြစ်၍ ကျန်(၄)ပါးမှာပဋိညာဉ်ငယ်များဖြစ်ပါသည်။ အချို့မှာ ယာယီ ဖြစ်လျက်၊ အချို့ ပဋိညာဉ်များသည် ထာဝရမပြောင်းမလဲ မပျက်မစီး နိုင်သောပဋိညာဉ်များ ဖြစ်ပါသည်။(Some are temporary and others are eternal, unchanging and irrevocable.)

ဤပဋိညာဉ်များသည် ခေတ်ကာလအဆက်ဆက်အတွက် ဘုရားသခင်၏အကြံတော်ကိုဖော်ပြထားပါသည်။ လူသားတို့၏ သမိုင်းဖြစ်သော ပဌမလူသားအာဒံကိုဖန်ဆင်းခြင်းမှ ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ဖန်ဆင်း သည် အထိ အကျုံးဝင်ပါသည်။ သမ္မာကျမ်းစာကိုချစ်သောခရစ်ယာန်များ၊ ဆက်ကပ်ထားသော ကျမ်းစာလေ့လာ သူများ အနေဖြင့် ဤပဋိညာဉ်များကို အကျွမ်း တဝင်နားလည်နိုင်ရန် မြင်ကွင်းကျယ်ကြီးနှင့် ထာဝရကာလ ကြီးအတွက် ဘုရား၏ ကြံစည်တော်မူချက်တို့ကို တိုတောင်းသော အချိန်အတွင်း မြင်သွားနိုင်စေရန် ကြံစည် ရည်ရွယ်လျက် ဤ သင်ခန်းစာကို ပြင်ဆင် ထားခြင်းဖြစ်ပါသည်။

ဤသင်ခန်းစာ အရေးကြီးပုံ။ Importance of this Lesson

- ❖ ဘုရားသခင်သည် လူသားနှင့်ပြုတော်မူခဲ့သောပဋိညာဉ်တော်များကို မသိပါက သမ္မာကျမ်းစာကို ဘယ်သော အခါမျှ တိကျမှန်ကန်စွာသိရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဤသင်ခန်းစာသည်အရေးကြီး လှပါသည်။

- ❖ ဤ ပဋိညာဉ်များကို ခေတ်ကာလကြီးများ (dispensational setting.) အလိုက်မြင်တွေ့ရမည်ဖြစ်ပါသည်။


- ❖ "testament" ဟူသော စကားလုံးသည် ပဋိညာဉ် (covenant) ဟူ၍ အဓိပ္ပါယ်ရသည်။ သမ္မာကျမ်းစာတွင် ပဋိညာဉ်တရားဟောင်းနှင့် ပဋိညာဉ်တရားသစ်ဟူ၍နှစ်ပိုင်းရှိပါသည်။ ဘုရားသခင်၏ဖော်ပြတော်မူခြင်း အလုံး စုံတို့သည် ပေါ်လွင်လာပြီးဖြစ်ပါသည်။

- ❖ မည်သည့် အရာများသည် ကုန်လွန်သွား၍ မည်သည့်အရာများသည် ထာဝရဖြစ်ကြောင်းကိုလည်း သိရှိထားရန် လိုအပ်ပါသည်။ ဘုရားသခင်၏အကြံတော်နှင့် ပဋိညာဉ်များကို သိရှိခွင့်ရရှိသောအခါ သာ၍ကြီး သော ဝမ်းမြောက်ခြင်းကို ဘုရားသခင် ပေးတော်မူပါစေသော။
- ❖ ဤပဋိညာဉ်များလေ့လာရာတွင်ကျမ်းချက်အမြောက်အများပါဝင်နေခြင်း၊ အသေးစိတ် သေချာလေ့လာရန် လိုအပ် နေခြင်း စသည်များကြောင့် သင်ခန်းစာ(၂)ပိုင်းအဖြစ် ခွဲဝေထားပါသည်။
- ❖ "တရားစီရင်ခြင်း" ခေါင်းစဉ်ကို ချန်ထားမည်ဖြစ်၍ နောက်ဆုံးလေ့လာမည့်အချက်(၂)ချက်သည် ခရစ်တော်

ဒုတိယ အကြိမ် ကြွလာခြင်းနှင့်စပ်ဆိုင်မည်ဖြစ်ပါသည်။

သင်ခန်းစာ - THE LESSON

ပဋိညာဉ်များနှင့်ခေတ်ကာလများတို့၏ဆက်နွယ်ပုံ - THE RELATIONSHIP OF COVERNANTS TO THE DISPENSATIONS



A. DEFINITION OF A MAJOR COVENANT - ပဋိညာဉ်အကြီးအဓိပ္ပါယ်ဖွင့်ဆိုချက်။

ၚင်းသည် ဘုရားသခင်နှင့်လူသားတို့ အကြား နှောင်ကြိုးမဲ့ပြုထားသော ပဋိညာဉ် (unconditional covenant) (contract or agreement) ဖြစ်သည်။ ၚင်းပဋိညာဉ်သည် လူသားတို့၏လုပ်ဆောင်မှုအပေါ် လုံးဝအခြေမခံဘဲ၊ မိမိကိုယ်ကို တိုင်တည်လျက်၊ အချုပ်အခြာ အာဏာပိုင်စိုးမှုဖြင့် “ငါလုပ်မည်” “I will do this.” ဟုတဖက်သတ် ကြေငြာ ထားမှုဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားရှင်ကကောင်းကြီးမင်္ဂလာများ ချပေးမည်ဟု ပဋိညာဉ် ထားခြင်း ဖြစ်သည်။ ပဋိညာဉ်အကြီးများ (Major Covenants)မှာ အာဗြဟံပဋိညာဉ်(Abrahamic)၊ ပါလတိနပဋိညာဉ် (Palestinian)၊ ဒါဝိဒ်ပဋိညာဉ် (Davidic)၊ပဋိညာဉ်တရားသစ် (New Covenant) တို့ ဖြစ်သည်။

B. DEFINITION OF A MINOR COVENANT - ပဋိညာဉ်အငယ်အဓိပ္ပါယ်ဖွင့်ဆိုချက်။

ၚင်းသည် ဘုရားသခင်နှင့်လူသားတို့ အကြား နှောင်ကြိုးပြုထားသော ပဋိညာဉ် (conditional covenant) (contract or agreement) ဖြစ်သည်။ ၚင်းပဋိညာဉ်သည် လူသားတို့ ၏လုပ်ဆောင်မှုအပေါ်အခြေခံလျက်၊ အချုပ်အခြာ အာဏာပိုင်စိုးမှုဖြင့် “အကယ်၍ သင်လုပ်လျှင်” “If you will do this.” ကောင်းကြီးမင်္ဂလာများ ရမည် ဟု ကြေငြာထားမှုဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားရှင်ထံမှ ကောင်းကြီးမင်္ဂလာများ ရဖို့ အတွက် လူ့ အနေဖြင့်

သတ်မှတ်ထားသောအချက်များကို သဘောတူရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ပဋိညာဉ်အငယ်များ (Minor Covenants) မှာ ဧဒင်ပဋိညာဉ် (Edenic)၊ အာဒံပဋိညာဉ် (Adamic)၊ နောဧပဋိညာဉ် (Noahic) ၊မောရှေပဋိညာဉ် (Mosaic) တို့ဖြစ်ပါသည်။

C. CHARACTERISTICS OF A COVENANT - ပဋိညာဉ်လက္ခဏာများ။

(1) ဘုရားရှင်နှင့်လူသားတစ်ဦး (အာဒံ)အကြား၊ချုပ်ဆိုထားသော ပဋိညာဉ် ဖြစ်သည်။ ဥပမာ - ဧဒင်ပဋိညာဉ် - Edenic Covenant (Genesis 2:16).


(2) ဘုရားရှင်နှင့်လူသားမျိုးနွယ်အားလုံး အကြားချုပ်ဆိုထားသောပဋိညာဉ်ဖြစ်သည်။ ဥပမာ - နောဧပဋိညာဉ်၊ - The Noahic Covenant (Genesis 9:9).


(3) ဘုရားရှင်နှင့်လူမျိုးတစ်မျိုး(ဣသရေလ) အကြားချုပ်ဆိုထားသောပဋိညာဉ်ဖြစ်သည်။ ဥပမာ - မောရှေပဋိညာဉ် - Mosaic Covenant (Exodus 19:3).

(4) ဘုရားရှင်နှင့်မိသားစုတစ်စု။ (ဒါဝိဒ်မိသားစု) အကြားချုပ်ဆိုထားသောပဋိညာဉ်ဖြစ်သည်။ ဥပမာ - ဒါဝိဒ်ပဋိညာဉ် - Davidic Covenant (2 Samuel 7:16).

(5) ဘုရားရှင်နှင့် သခင်ယေရှု၏သွန်းတော်မူသော အသွေးတော်ကို မိမိ၏ကယ်တင်ခြင်းအတွက် ယုံကြည်သော လူသားအားလုံး အကြားချုပ်ဆိုထားသောပဋိညာဉ်ဖြစ်သည်။ ဥပမာ - ပဋိညာဉ်တရားသစ် - The New Covenant (Hebrews 8:8;1 Corinthians 11:25;Hebrews 9:20-23).

THE PURPOSE OF THE EIGHT COVENANTS - ပဋိညာဉ်(၈)ပါး၏ ရည်ရွယ်ချက်





FROM THE DAWN TO THE DELUGE (ကမ္ဘာဦးအစမှရေလွှမ်းမိုးခြင်းထိ)
AN OUTLINE STUDY OF THE EDENIC AND ADAMIC COVENANTS
(ဧဒင်ပဋိညာဉ်နှင့်အာဒံပဋိညာဉ်)

ဧဒင်ပဋိညာဉ်။ - THE EDENIC COVENANT

I. အပြစ်မဲ့ကာလတွင် ဘုရားသခင်သည်လူသားနှင့်ပြုခဲ့သောပဋိညာဉ်ဖြစ်ပါသည်။
MADE WITH MAN BY GOD DURING THE DISPENSATION OF INNOCENCY

II. အပြစ်ကင်းမဲ့ကာလတွင် လူသားတို့ အသက်ရှင်သန်မှုကို ဖေါ်ပြပါသည်။
CONDITIONED THE LIFE OF MAN ON THE EARTH DURING INNOCENCY

III. ဧဒင်ဥယျာဉ်မှနှင်ထုတ်ခြင်းဖြင့် ဧဒင်ပဋိညာဉ် အထွဋ်အထိပ်ရောက်လာသည်။
CLIMAXED IN EXPULSION FROM THE GARDEN OF EDEN (Genesis 3:24) (Genesis 1:26-3:6)

IV. အဓိကအချက်များ။ MAJOR ELEMENTS

A. လူသည်တိုးပွားများပြား၍ မြေကြီးကိုပြည့်စေရမည်။(ရုပ်ဝတ္ထုများကို တိုးတက်စေရန်လူ၏အတတ်ပညာ ကို လွတ်လပ်စွာ အသုံးပြု နိုင်ရန် ဘုရား၏ခွင့်ပြုချက်) (Genesis 1:28). (The Divine Magna Carta)

B. လူသည် မြေကြီးကို မိမိအတွက်အုပ်စိုးရမည်။ (Genesis 1: 28).
C. ဖန်ဆင်းထားသော တိရိစ္ဆာန်များအပေါ် အုပ်စိုးရမည်။ (Genesis 1:28).
D. ဧဒင်ဥယျာဉ်ကို စောင့်ရှောက်၍စားသောက်ရမည်။ (Genesis 2:15-16).
E. ရိုးစင်းသောစမ်းသပ်ချက်(ကောင်းမ ကောင်းကို သိကျွမ်းရာအပင်၏အသီးကိုမစားရ၊) (Genesis 2:17).
F. (Genesis 3:11-17)ကို မှတ်သားပါ။ လူသည်လုံးဝကျရှုံးခဲ့သည်။(Genesis 3:6) ၊ ဧဝသည် လှည့်ဖြားခြင်းကိုခံ၏။ (1 Timothy 2:14))၊ အပြစ်မှလုပ်ဆောင်သောအရာများ (Genesis 3:6-9)၊ လောကထဲသို့ အပြစ်တရား ဝင်သည်။ (Romans 5:12)
G. ဤခေတ်ကာလသည် ဧဒင်ဥယျာဉ်ထဲမှ မောင်းထုတ်ကာအဆုံးသတ်ခဲ့သည်။ (Genesis 3:14-24).

H. ခရစ်တော်ကိုဒုတိယလူအဖြစ်ရှုမြင်ထားပါသည်။(ပထမအာဒံလက်လွတ်ဆုံးရှုံးခဲ့သော အရာများကိုပြန်လည်ရယူသော နောက်ဆုံးသော အာဒံဖြစ်ပါသည်။) (1 Corinthians 15:44-49; also verses 20-22; Colossians 2:10, Romans 5:17-19).
1. အာဒံသည် နားမထောင်သောသူ၊ခရစ်တော်သည်နားထောင်သောသူဖြစ်သည်။ (1 Corinthians 15:22; John 4:34; John 17:3; Philippians 2:8-9).
2. အာဒံသည်စာတန်၏တန်ခိုးအောက်အညံ့ခံသည်။ ခရစ်တော်သည် စာတန်ကိုအောင်ပွဲခံသည်။ (Matthew 4:10-11).
3. အာဒံသည် ဘုရားသခင်၏သမ္မာတရားနှင့်ကောင်းမြတ်ခြင်းကိုငြင်းပယ်ခဲ့သည်။ ခရစ်တော်သည် ဖော်ထုတ်ခဲ့သည်။ (John 1:17).
4. အာဒံသည်ဘုရားသခင်ရှိနေခြင်းကိုဆုံးရှုံးပြီး ခရစ်တော်သည် ပြန်လည် ရယူသည်။ (Ephesians 2:13).
5. အာဒံသည် ဘုရားရှင်နှင့်မိတ်သဟာရဖွဲ့မှုလက်လွတ်လိုက်ရသည်။ ခရစ်တော်သည် ပြန်လည်ရယူသည်။ (1 John 1:3-7).
6. အာဒံသည်မိမိအဆင့်အတန်းနှင့်အုပ်စိုးမှုတန်ခိုးကိုဆုံးရှုံးသည်။ ခရစ်တော်အားဖြင့်ကျွန်ုပ်တို့သည် ပြန်လည်ရရှိကြမည်ဖြစ်သည်။ (Romans 8:16-17; Revelation 5:10; 2 Timothy 2:12).
7. ခရစ်တော်သည် အာဒံ၏ကျဆုံးခြင်းကို ဆူးပင် (thorns)၊ ဝမ်းနည်းခြင်း (sorrow)၊ ချွေး (sweat)၊ ဖုံ (dust)၊ ကျိန်ခြင်း (curse)၊ တို့ ဖြင့်သက်သေပြခဲ့သည်။

I. လူသားတို့၏ဆုံးရှုံးခြင်းအတွက် ဘုရားသခင် စီမံပေးသောအရာဖြစ်သည်။ (Genesis 3:21).

အာဒံပဋိညာဉ်။ - THE ADAMIC COVENANT

I. အသိတရားအုပ်စိုးသောကာလတွင် ဘုရားရှင်နှင့်လူတို့ ပြုသောပဋိညာဉ်ဖြစ်ပါသည်။ MADE WITH MAN BY GOD DURING THE DISPENSATION OF CONSCIENCE

II. ကျဆုံးပြီးဖြစ်သောလူသားနှင့် ကတိပြုထားသော ကယ်တင်ရှင်တို့အကြား အခြေခံထားပါသည်။ ခရစ်တော် အုပ်စိုးသော နိုင်ငံတော်ကာလအထိ (Kingdom Age) ဆက်လက် တည်နေမည်ဖြစ်သည်။ IT CONDITIONED THE LIFE OF FALLEN MAN AND PROMISED A REDEEMER. (Romans 8:21).

III. လေ့လာရန်ကျမ်းချက်။ SCRIPTURES: Genesis 3:14-19

IV. အဓိကအချက်များ။ (လူသည် စာရိတ္တကိုထိန်းသိမ်းရန် တာဝန်ကိုပေးထားသည်။)
MAJOR ELEMENTS (Man was given stewardship of moral responsibility.)

A. မြွေအားကျိန်ထားသည်။ (Genesis 3:14; 2 Corinthians 11:3; Revelation 12:9). ခရစ်တော်နှင့် မြွေဆိုးတို့၏ဆက်ဆံရေး (Numbers 21:5-9; John 3:14-15).
B. ကယ်တင်ရှင်ပေးမည်ဟု ပထမဆုံးကတိပေးခြင်း။ (Genesis 3:15). The Seed line begins.

♦ ခေတ်အဆက်ဆက် တိုက်ခိုက်ရသောတိုက်ပွဲစသည်။ Here the conflict of the ages began.

C. မိန်းမအခြေအနေပြောင်းလဲသွားခြင်း။ - Woman's state is changed (Genesis 3:16).
1. ပွားများခြင်းအတွက်တာဝန် - Multiplied conception
2. ကလေးမွေးရာ၌ နာကျင်ခြင်း - Pain in child bearing
3. ယောကျ်ား၏ဦးဆောင်မှုခံရခြင်း၊ - The authority of man

♦ အပြစ်ကြောင့် ပညတ်သစ်လိုအပ်မှု။ (Ephesians 5:22-25; 1 Timothy 2:11-14).

D. သက်တောင့်သက်သာပြုရသောဇေဒင်ဥယျာဉ်ရှိအလုပ်သည် (Genesis 2:15) ပင်ပန်းစွာလုပ်ရသော အလုပ်ဖြစ်လာသည်။ (Genesis 3:18-19) မြေကြီးကိုကျိန်ထားသောကြောင့်ဖြစ်၏။ (Genesis 3:17).
E. အလွဲမရှောင်နိုင်သောဝမ်းနည်းခြင်း - Inevitable sorrow of life (Genesis 3:17).
F. အသက်တို၍သေရမည်။ Brevity of life – certainty of death! (James 1:15; Romans 6:23).
G. ခရစ်တော်အား"မိန်းမ၏အမျိုး"ဟုမှတ်ယူသည်။Christ is seen as "The Seed of the Woman" (Galatians 4:4-5; Revelation 12:1-5).

နောဧပဋိညာဉ် (သက်တံ့အားဖြင့်ဘုရားကတိတော်) THE NOAHIC COVENANT "God in the Rainbow"

I. WHERE IS IT FOUND? Genesis 9:1-17, 29. (မည်သည့်ကျမ်းချက်နည်း။)

II. WHEN WAS IT GIVEN? (မည်သည့်အချိန်တွင်ပေးသနည်း။)
ရေလွှမ်းမိုးပြီးနောက်။ လူသည်အသိတရားအုပ်စိုးသောကာလ (သို့မဟုတ်) စာရိတ္တအတွက်တာဝန်ယူရသော ကာလ၊ (dispensation of conscience or moral responsibility) လူသား ကျရှုံးပြီးနောက်ဖြစ်ပါသည်။ ဤဆုံးရှုံးခြင်းသည် လူသားအစိုးရသောကာလ (dispensation of Human Government)

သို့ ပို့ဆောင်သွားပါသည်။

III. ITS MAJOR PURPOSE (အဓိကရည်ရွယ်ချက်။)

အာဒံပဋိညာဉ်အရပေးထားသောအသက်တာအသက်ရှင်မှုနှင့်အပြစ်ကျူးလွန်မှု မပေါ်ပေါက် စေရန် လူသားအုပ်စိုးသောကာလ(human government) တည်ဆောက်ပေးခြင်းဖြစ်သည်။

IV. WITH WHOM?(မည်သူနှင့်ပဋိညာဉ်ပြုသနည်း။)

လူသားမျိုးနွယ်တစ်ရပ်လုံးနှင့်ဘုရားသခင်ပြုထားသောပဋိညာဉ်ဖြစ်ပါသည်။ (Genesis 9:9).

V. ITS MAJOR PROVISIONS (အဓိကပါဝင်သောအချက်များ။)

A. သေဒဏ်အမိန့် (Capital punishment)ရှိလာပါသည်။ လူသားအစိုးရ၏အကြီးဆုံးသော တာဝန်မှာ လူတို့၏အသက်တာကို သန့်ရှင်းနေအောင် ကာကွယ်ရန်ဖြစ်သည်။ လူသည်ထိုတာဝန်ကိုထမ်းဆောင်ရာတွင် ဥပဒေဖြင့်စနစ်တကျအုပ်စိုးရန် ဖြစ်လျက် သေခြင်းအတွက် အသက်သေစေသောအမိန့်ကိုပါချမှတ်ပါသည်။ (Genesis 9:5-6).

1. ယခင်ကလူတယောက်သည်အခြားလူ၏အသက်ကိုသတ်ခွင့်မပေးခဲ့ပါ။ (Genesis 4:10-15, 23).
2. ဤအချိန်တွင်ဘုရားသခင်သည်မိမိအာဏာအချို့ကိုလူလက်သို့လွှဲအပ်ပေးထားပါသည်။
3. လူ၌ကန့် သတ်မှု-ခုရှိသည်။ အသိတရားနှင့်အုပ်စိုးခြင်းဖြစ်သည်။(conscience and government.)
4. လူသည် လူသားချင်း၏စကားကို နားထောင်ရန်ဖြစ်ပါသည်။

B. မြေကြီးအား နောက်ထပ်ကျိန်ခြင်းမရှိတော့ပါ။ (Genesis 8:21).
C. ကမ္ဘာမြေကြီးသည် နောက်ထပ် ရေလွှမ်းမိုးခြင်း မရှိတော့ပါ။(Genesis 9:10-16).
D. ရာသီဥတု အခြေအနေကောင်းလာသည်။ (Genesis 8:22-9:2).
E. တိရိစ္ဆာန်တို့၏အသားကို စားရသည်။ သို့သော်အသွေးကိုမစားရ။ (Genesis 9:3-4)

F. ရှေ့ ဖြစ်မည့်အရာများကို (prophetic declarations) ကြိုတင် ဟောပြောထားပါသည်။
1. ဟာမ၏သား၊ ခါနန် နှင့်သားစဉ်မြေးဆက်တို့သည် အစ်ကိုတို့၏ ကျွန်ဖြစ်ရမည်။ (Genesis 9:25-26).
2. ရှေမ၏သားစဉ်မြေးဆက်သည် ဘုရားသခင်နှင့် အထူးဆက်ဆံမှုရှိမည်။ (Genesis 9:26-27)။ ဘုရားသခင်၏ဖော်ပြတော်မူချက်အပေါင်းသည် ရှေမ၏အမျိုး (သခင် ယေရှုခရစ်၏အမျိုး) မှ ပေါ်လာရမည်။
3. ယာဖတ်၏သားစဉ်မြေးဆက်သည်ပွားများ၍လူမျိုးကြီးဖြစ်မည်။ (Genesis 9:27)။ အုပ်စိုးခြင်း (government)၊ သိပ္ပံအတတ် (science)၊ ဝိဇ္ဇာအတတ် (art) အားလုံး ယာဖက်အမျိုးမှပေါ်လာရမည်။ ဤသို့ပင် လူသမိုင်းသည် - ဤဟောပြောချက်များ၏ပြည့်စုံမှုကို မှတ်တမ်း တင်ထားပါသည်။

VI. ITS CHARACTERISTICS (လက္ခဏာများ။)

A. အချို့သောအချက်များသည် ယာယီသဘောမျှဖြစ်ပြီး၊ ခရစ်တော်ကိုယ်တိုင် မြေကြီးပေါ်သို့ကြွ ဆင်းအုပ်ချုပ်သော အခါ အဆုံးသတ်မည်ဖြစ်ပါသည်။ (Note Revelation 19:11-16.) လူသားအစိုးရခြင်းသည်

ထိုကာလတိုင်အောင်ရှိနေမည်ဖြစ် သည်။

B. ကတိတော်များသည်အခြေအနေပေါ် မူတည်ခြင်းမရှိသောကြောင့် ယနေ့ထိမှန်ကန်နေသည်။

VII. ITS GUARANTEE (အာမခံချက်။)

သက်တံ - The Rainbow! (Genesis 9:12-17)

VIII. MAN'S FAILURE (လူ၏ဆုံးရှုံးခြင်း။)

ဖြောင့်မတ်စွာမအုပ်စိုးခြင်း။(Genesis 11:9)ဘာသာစကားအမျိုးစုံပေါ်လာသည်။ တိုင်းနိုင်ငံများပေါ်လာသည်။

IX. HOW CHRIST IS SEEN (ခရစ်တော်ကို မည်သို့ မြင်သနည်း။)

ရှေမ၏အကြီးဆုံးသောသား။ (Colossians 2:9; Note Colossians 2:3; John 1:17) ခရစ်တော်သည်ရှေမ၏ မျိုးရိုး မှ ဆင်းသက်ပါသည်။ (Genesis 9:26-27)

အာဗြဟံပဋိညာဉ် (ကတိတော်မြေ) THE ABRAHAMIC COVENANT "Abraham and the Promised Land"

I. WHEN GIVEN (မည်သည့်အချိန်တွင်ပေးပါသနည်း။)

ဗာဗုလုန်မျှော်စင်တွင်လူတို့ဆုံးရှုံးပြီးသောအခါ။ လူသားအစိုးရသောကာလ (dispensation of human government) အဆုံးသတ်သောအခါ ကတိတော်ကာလ (dispensation of Promise) ထဲသို့ဝင်လာပါသည်။

II. WHERE FOUND (ဘယ်မှာတွေ့နိုင်သလဲ။)

Genesis 12:1-3, 6, 7; 13:14-17; 15:1-21; 17:1-14; 22:15-18.

III. ITS PURPOSE (ရည်ရွယ်ချက်။)

ကျသရေလလူမျိုးကို ထူထောင်လျက် အာဒံအားကတိပြုထားသော ကယ်တင်ခြင်းကို ဖြည့်ဆည်းလိုက်သည်။ ကျသရေလအမျိုးအတွက် ဘုးရားသခင် ပြင်ဆင်ထားတော်မူသော အကြံအစည်ကို အာဗြဟံအားဖြင့်ဂင်း၊ လူသားအားလုံး ကယ်တင်ခြင်းရရှိ ရန် ခရစ်တော်အားဖြင့်ဂင်း၊ ဖော်ပြပေးရန်ဖြစ်သည်။

IV. WITH WHOM (မည်သူနှင့်ပြုပါသနည်း။)

မူလအားဖြင့်အာဗြဟံနှင့်ပဋိညာဉ်ပြုထားပါသည်။ သို့သော် ပဋိညာဉ်၏ အကျယ်အဝန်းမှာ ကျသရေလ လူမျိုးတော်၊ တစ်ပါးအမျိုးသားနှင့် အသင်းတော်တို့ပါဝင်ပါ သည်။ ကျဇက်၌ဂင်း၊ ယာကုပ်၌ ဂင်း အတည်ပြုထားပါသည်။ (Genesis 17:19; 28:12-13).

V. KEY AREAS (အဓိကသက်ရောက်မှုနယ်မြေများ။)

A. Land (Genesis 13:15-17; 15:7; 21:18) မြေကြီးနယ်မြေ - နယ်မြေအပိုင်းအခြားပေးထားပါသည်။ ထာဝရကာလအတွက်ဖြစ်သည်။ ပါလတိုနယ်ဋ္ဌာဉ်တွင် အပြည့်အစုံဖော်ပြထားပါသည်။

B. Seed (Genesis 13:15; 15:5) ဇာတိမျိုးဆက် - သဘာဝသားမြေးများအတွက်။
ဝိညာဉ်မျိုးဆက် - spiritual seed (Galatians 3:16).
ယုံကြည်သူတိုင်း - Every believer (Romans 4:13-16; Galatians 3:6-9).
ဒါဝိဒ်ပဋိညာဉ်ပြည့်စုံခြင်း - Fulfilled in the Davidic Covenant.

C. Blessing –(ကောင်းကြီး) နည်းများစွာဖြင့်ပြည့်စုံပြီးပြီ။ ပဋိညာဉ်သစ်ထွင်ပိုမိုပီပြင်မည်။

VI. ITS CHARACTER (လက္ခဏာများ။)

ထာဝရဖြစ်လျက်အခြေအနေပေါ်တွင်တည်မှီခြင်းလုံးဝမရှိ။ (Genesis 12:2; 17:7- 8)

A. ပဋိညာဉ်များအားလုံးမှာထာဝရနှင့်အခြေအနေပေါ်မူမတည်သောအရာများဖြစ်ပါသည်။

B. အရေဖျားလှီးခြင်းအပေါ်ကန့်သတ်မထား။ (Compare Genesis 17:9-10 with Romans 4:9-12.)

C. အရေဖျားလှီးမင်္ဂလာမခံယူမှိုကတိပေးထားပြီးဖြစ်သည်။

D. ထိုကတိသည် မဖောက်ပြန်နိုင်ပါ။ ဓမ္မသစ်ကျမ်းကအာမခံသည်။ (Hebrews 6:13-18).

E. ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းတို့မှ ကဲ့သရဲလအမျိုးနှင့်ပတ်သက်၍ဖော်ပြထားသော အရာများကို အနက်ဖွင့်ရာ၌ အခြေအနေပေါ်မူတည်ခြင်းမရှိရန်လိုအပ်ပါသည်။

F. ကတိထားတော်မူချက်တွင်အချို့တို့သည်လက်တွေ့အားဖြင့် ပြည့်စုံပြီးဖြစ်သဖြင့် ကျန်သောအရာများ သည်လည်း ပြည့်စုံမည်ဟု ယုံကြည်ခြင်းသည် ယုတ္တိရှိလှပါသည်။

VII. OPPONENTS OF THIS VIEW SAY: (ဤအမြင်ကိုဆန့်ကျင်သူများက ပြောဆိုချက်များ)

A. ရာဇဝင်သမိုင်းအရပြည့်စုံပြီးဖြစ်သည်။ (မှားသည်) It has already been fulfilled historically. False.

B. အခြေအနေကိုမဖော်ပြသော်လည်းထည့်တွက်ရန်လိုသည်။ (နှုတ်ပိတ်) Conditions may be implied without stating them. This is building your case on silence.

C. ကတိတော်ပြည့်စုံခြင်းအတွက် အရည်ဖျားလှီးရန်လိုသည်။ (မမှန်ပါ) Circumcision is a requirement for fulfillment. False.

D. ကောင်းကြီးရရန် နာခံမှုရှိဖို့ လိုသည်။ (မမှန်ပါ) Obedience is always a condition of blessing. False.

E. ခရစ်တော်၌ပြည့်စုံပြီးဖြစ်သည်။(မစုံလင်ပါ။မြေကြီးနယ်မြေများမပါပါ)။ It was fulfilled in Christ. Not fully – not the land promises.

VIII. ITS PROVISIONS (ပဋိညာဉ်ပါအချက်များ။)

A. ကြီးမားသောနိုင်ငံထူထောင်ရန်နှင့်ထိုနိုင်ငံ၏ခိုင်မြဲလုံခြုံမှုကိုအာမခံထားပါသည်။ (Genesis 12:2).

1. မြေကြီးနယ်မြေကတိပေးထားသောဣသရေလပြည်တွင်အခြေခံအားဖြင့်ပြည့်စုံပြီးပြီ။(Genesis 17:8).
2. ဣသရေလ၏ထာဝရတည်ရှိနေမှုကို အာမခံထားပါသည်။
3. ထိုမြေ၌ထိုအမည်သည် အစဉ်ရှိနေရမည်။ (လက်ရှိအခြေအနေကိုသတိပြုပါ)
4. အာဗြဟံသည် လူမျိုးအများတို့၏ အဘဖြစ်မည်။ (Genesis 17:4)။ ဣရှမေလနှင့် ဧသောတို့တွင် အခြေခံအားဖြင့် ပြည့်စုံပြီးဖြစ်သည်။

B. ဘုရားသခင်သည် အာဗြဟံအား ကတိများပေးထားပါသည်။ (Genesis 12:2-3).
1. လူမျိုးအများတို့၏အဘဖြစ်စေသည်။ (Genesis 17:16).
2. ကောင်းကြီးရရန်“ငါသင့်ကိုကောင်းကြီးပေးမည်။” To receive personal blessing, “I will bless you.”
a) ဣသရေလအားဖြင့် - Through Israel.
b) အာဗြဟံ၏နမူနာအားဖြင့် - Through Abraham’s example (Romans 4:19-25).
c) ခရစ်တော်အားဖြင့် - Through Christ (Galatians 3:16).

C. တစ်ပါးအမျိုးသားတို့အားကတိအချို့ကိုပေးထားသည်။ (Genesis 12:3).
1. သင့်ကိုကောင်းကြီးပေးသူကို ငါကောင်းကြီးပေးမည်။ “I will bless them that bless you.”
2. သင့်ကိုကျိန်ဆဲသူကို ငါကျိန်ဆဲမည်။ ဤအချက်သည် လူသမိုင်းတစ်လျှောက်လုံးသက်သေခံသောအရာဖြစ်လျက် များစွာဦးမည်ဖြစ်သည်။ (Note: Joel 3:1-8; Zechariah 14:1-3; Matthew 25:33-46.)
3. သင့်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်။ ခရစ်တော်အားဖြင့် ခရစ်တော်၌ပြည့်စုံသောဇဝံဂေလိသတင်းဝမ်းမြောက်ဘွယ်သတင်းဖြစ်ပါသည်။ ထို့အတူ ဤပဋိညာဉ်သည် ကယ်တင်ခြင်းနှင့် ပတ်သက်၍ များစွာပတ်သက်နေ ကြောင်း တွေ့ရှိရပါသည်။ (Romans 4:3; Galatians 3:6-9, 14, 16, 29; 4:22-31).

IX. ITS PROPHETIC IMPLICATION (အနာဂတ်ကာလအတွက် ကြိုတင်တွက်ဆခြင်း။)

A. Israel နိုင်ငံသည် အစဉ်ထိန်းသိမ်း (preserved)ထားမည်၊ ခရစ်တော်ကြွလာသည့်အခါ နောင်တရပြီးယုံကြည်သူအဖြစ် ပြောင်းလဲ (converted) လျက်၊ကောင်းကင်ဘုံသို့ သိမ်းဆည်း (restored) မည်။
B. ပါလတိနနယ်မြေ (Land of Palestine) ပိုင်ရှင်မှာ ဣသရေလဖြစ်ပါသည်။

♦ ပါလတိန ပဋိညာဉ်တွင်(Palestinian Covenant.) ပိုမိုပြည့်စုံအောင် ဖော်ပြထားပါသည်။

C. ဤကတိတော်များသည် အသင်းတော်၌ဝင်း၊အသင်းတော်အားဖြင့်ဝင်းပြည့်စုံခြင်းမရှိပါ။
1. ဣသရေလလူစစ်နှင့် တစ်ပါးအမျိုးသားတို့ကို ဓမ္မသစ်ကျမ်းတွင် ကွဲပြားစွာဖော်ပြထားပါသည်။ (တ၊ ၃း၁၂။ ၄း၈။ ၂၁း၂၈။ ရော၊ ၁၀း၁။)
2. အသင်းတော်တည်ထောင်ပြီးနောက် ဣသရေလနိုင်ငံတော်အဖြစ် ဆက်လက်ဖော်ပြထားပါသည်။ ယုဒလူ JEW ဟူသောစကားလုံးသည် အသင်းတော်ပေါ်ပေါက်လာပြီးနောက် ဆက်လက်၍ ထင်ရှားစွာ အသုံးပြုထားပါသည်။
3. အသွေးအသား “မျိုးဆက်” သည် ထိုမြေကို ဆက်လက်ပိုင်ဆိုင်ဦးမည် ဖြစ်သည်။

4. အသွေးအသား ဣသရေလနှင့်အသင်းတော်သည် ဓမ္မသစ်ကျမ်းစာတွင် ကွဲပြားခြားနားလျက် ရှိပါသည်။ (Romans 11:1-25; 1 Corinthians 10:32). ထိုဓလေ့ကြောင့်အသင်းတော်သည် ပဋိညာဉ်ပါ ဣသရေလ၏ နေရာကို ဝင်ရောက်ရယူခြင်း မရှိပါ။
5. အသင်းတော်သည် မျိုးစေ့ဖြစ်သော"ခရစ်တော်၌" ရှိနေသောကြောင့် ကောင်းကြီးမင်္ဂလာ ခံစားနေခြင်း ဖြစ်ပါသည်။ (Galatians 3:16; 6-9).

- ♦ အာဗြဟံ၏နမူနာပြယုံကြည်ခြင်းအတွက် ဘုရားသခင်အားချီးမွမ်းပါ။
- ♦ ဖြောင့်မတ်သောသူတို့၌ထားသောကတိတော်များတွက် ဘုရားရှင်အားချီးမွမ်းပါ။(Romans 3:22; 4:11)

မောရှေပဋိညာဉ် - သိနတောင်မှမိုးချိန်းသံ။ THE MOSAIC COVENANT "Thunder From Sinai"

I. WHERE FOUND (အဘယ်မှာတွေ့ရှပါသနည်း။)

Exodus 19:5-31:18. Note 19:16 and 20:18.

II. WHEN GIVEN (မည်သည့်အချိန်တွင် ပေးပါသနည်း။)

A. ကတိတော်ကာလသည် မအောင်မြင်ပဲ ရှုံးဆုံးသောအခါ။ (အဲဂုတ္တုပြည်၌ဣသရေလအမျိုး)
B. ပင်လယ်နီကိုဖြတ်၍ အဲဂုတ္တုပြည်မှကယ်လွတ်တော်မူပြီးနောက်။
C. ပညတ်တော်ခေတ်ကာလအစပြုမည့်အချိန်။

III. WITH WHOM (မည်သူနှင့်နည်း။)

ဣသရေလလူမျိုး၊ - The Nation of Israel (Exodus 19:6).

IV. ITS NATURE? (ပဋိညာဉ်၏သဘောသဘာဝများကားအဘယ်နည်း။)

A. အခြေအနေပေါ်မူတည်သည် - Conditional (Exodus 19:5), "If ye will."
B. အာဗြဟံပဋိညာဉ်နှင့် နှိုင်းယှဉ်ပါ။ဘုရားသခင်က"ငါသည်"ဟုပြောထားသည်။(Genesis 12:2-3), "I will."
C. ဤပဋိညာဉ်တွင် ပေးမည့်ကတိထက် လိုအပ်ချက် အရင်လာသည်။ အာဗြဟံပဋိညာဉ်တွင် ကတိသည် လိုအပ်ချက် ထက်စောလျ လာပါသည်။

V. ITS SIGN? (နိမိတ်လက္ခဏာ။)

The Sabbath (Exodus 31:12-17). ဥပုသ်နေ့။
ဘုရားသခင်သည် ဥပုသ်နေ့ကို စောင့်ရှောက်စေခြင်းငှာ အမြဲပင်သတိပေးထားသည်။ သူတို့၏ ဝန်ထုပ်များကို ယူထားပြီးဖြစ်၍ ဥပုသ်နေ့ကိုစောင့်ရန် သူတို့၏တာဝန် ဖြစ်ပါသည်။

VI. ITS SCOPE (အကျယ်အဝန်း။)

ကဏ္ဍကြီး(၃)ခုပါဝင်ပါသည်။ It involved three sections:

A. The COMMANDMENTS (Exodus 20:1-26). ပညတ်တော်။

ဘုရားသခင်၏ဖြောင့်မတ်သော ဆန္ဒကို ဖော်ပြ ထားသည်။ These expressed the RIGHTEOUS will of God.

B. The JUDGMENTS (Exodus 21:1-24:11). စီရင်ခြင်း။
ဣသရေလလူတို့၏လူမှုရေးဘဝကို အုပ်စိုး ပါ သည်။ These governed the SOCIAL life of Israel.

C. The ORDINANCES (Exodus 24:12-31:18). ဝိနည်းများ။
ဣသရေလလူတို့၏ဘာသာရေးဘဝကို အုပ် စိုးပါသည်။ These governed the RELIGIOUS life of Israel.

D. ဤကဏ္ဍကြီး (၃)ရပ်ကို ပညတ်တရားဟုခေါ်သည်။ THE LAW (Matthew 5:17 -18).

VII. အဓိကအခြေအနေ - နာခံခြင်း(ITS ONE SUPREME CONDITION Obedience) (Exodus 19:5)

VIII. ဣသရေလ၏ဆုံးရှုံးမှုနှင့်ဘုရား၏စီရင်ချက်။ (ISRAEL'S FAILURE AND GOD'S JUDGMENT)

A. 2 Kings 17:7.

B. Deuteronomy 28:63. (Note also, 2 Chronicles 36:15-16 and Acts 7:41-42.)

IX. ထိုဆုံးရှုံးမှုသည်ကတိတော်ကိုပျက်ပြားစေပြီလော။ လုံးဝမပျက်ပါ။ DID THIS FAILURE RESCIND, ABROGATE, OR NULLIFY THE PROMISES MADE TO ABRAHAM? Not at all (Galatians 3:17-18).

X. ITS DURATION? Until Christ! ပဋိညာဉ်ကာလ။ ခရစ်တော်အထိ။

A. Matthew 5:17 – ပညတ်တော်ကို ပြည့်စုံစေရန်။ "To fulfill the law."

B. Galatians 3:24 – ခရစ်တော် မလာမီတိုင်။ "Unto Christ."

C. Romans 10:4 – ခရစ်တော်အားဖြင့်စုံလင်၏။ "Christ is the End."

D. Galatians 3:19 – ကတိတော်ကို ခံသောအမျိုးမဖြစ်မီတိုင်၊ "Added...until the seed should come."

XI. ITS PURPOSE? (ရည်ရွယ်ချက်။)

ဖြစ်စေလိုခြင်း (POSITIVE) နှင့်မဖြစ်စေလိုခြင်း (NEGATIVE) ရည်ရွယ်ချက်နှစ်မျိုးလုံးပါဝင်သည်။

POSITIVE (ဖြစ်စေလိုသော အရာများ)

A. စာရိတ္တနှင့်ပြုပြင်ရေးအတွက်၊ - It was disciplinary and corrective.

1. ကိုယ်အကျိုးကိုထောက်လျက် - For their good (Deuteronomy 6:24).
2. ခရစ်တော်ထံသို့ပို့ ဆောင်သောအထိန်း - A schoolmaster until Christ (Galatians 3:24).

B. ပူဇော်သက္ကာအသွေးအားဖြင့် ဖုံးကွယ်ပြီးဖြစ်လျက် အာဗြဟံအားပေးထားသောကတိတော်နှင့် အကြုံးဝင်သော လူတို့အတွက် နေထိုင်ရေးလမ်းညွှန်အဖြစ် ပေးထားခြင်းဖြစ်ပါသည်။ ပဿခါ သိုးသငယ်ကို (Passover lamb) သတိပြုပါ။ (Exodus 12:13).

C. ရွေးကောက်တော်မူသောလူမျိုးတော်၏သန့်ရှင်းခြင်းကို ဖော်ပြရန်ဖြစ်သည်။(Exodus 19:5-6).

D. ဝိနည်းအထုံးအဖွဲ့အားဖြင့်၊ ယဇ်ပရောဟိတ်မင်းကို ဘုရားသခင်၏ကိုယ်စားလှယ်အဖြစ် ကွာသရေလအားငဲ့၊
ပူဇော်သက္ကာများတင်လှူရာတွင်အမှားအယွင်းများအတွက်အကွယ်အကာ၊အပြစ်ဖြေရာအဖြစ်ပေး ထားပါသည်။ (Leviticus 16:6 and 17:11).

E. ပူဇော်သက္ကာများ၊ တဲတော်နှင့်ယဇ်ပုရောဟိတ်မင်းတို့သည် ခရစ်တော်နှင့်လက်ဝါးကပ်တိုင်ကိုပုံ ဆောင်ထားသည်။ (Hebrews 9:6-14).

NEGATIVE (မဖြစ်စေလိုသောအရာများ။)

A. အပြစ်ကြောင့် ထိုပညတ်များထပ်၍ပေးခြင်းဖြစ်သည်။(Galatians 3:19; Romans 7:7; Romans 3:20).

B. ပါးစပ်အားလုံး နတ်ပိတ်ရန်။ To silence every mouth (Romans 3:19).

C. အပြစ်စီရင်ခြင်း ပြုလုပ်ရန်။ It had a ministry of condemnation (2 Corinthians 3:7-9).

D. ဖြောင့်မတ်ခြင်းရရန်မပေး။It wasn't given as a means of justification(Galatians 2:16, 21).

XII. THE CHRISTIAN AND THE MOSAIC COVENANT (ခရစ်ယာန်နှင့်မောရှေပဋိညာဉ်။)

A. Definitely NOT under LAW - ခရစ်ယာန်သည် ပညတ်တရားအောက်၌အမှန်ပင်မရှိ။

1. "But under grace" (Romans 6:14). - "ကျေးဇူးတရားလက်၌ရှိ" သည်။
2. Apart from the law (Romans 3:21-22). - ပညတ်တရားနှင့်မစပ်ဆိုင်။
3. "Christ is the END of the law (Romans 10:4).ပညတ်တရားသည်ခရစ်တော်အားဖြင့်ပြည့်စုံပြီ။
4. Not my righteousness – of the law (Philippians 3:9). ပညတ်တရားအားဖြင့်ရသောကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ၊
5. The NEW covenant of grace (Hebrews 10:11-17). အသစ်ပေးသော ကျေးဇူးတော်ပဋိညာဉ်တရား။

B. Law and Grace: (ပညတ်တရားနှင့်ကျေးဇူးတရား။)

ပညတ်တရားအောက်(Under Law)	ကျေးဇူးတရားအောက်(Under Grace)
သိုးသည်သိုးထိန်းအတွက်အသေခံ၏။ Sheep dies for the shepherd.	သိုးထိန်းသည် သိုးအတွက်အသေခံ၏။ Shepherd dies for the sheep.
လူသားအားလုံးသေရ၏။ All die.	လူအားလုံးရှင်ရ၏။ All made alive.
ဘုရားသခင်က "သင်သည် မလုပ်ရဟုမိန့်" သည်။ God says, "You shall not"	ဘုရားရှင်က "ငါပြုမည်" ဟုမိန့်တော်မူသည်။ God says, "I will"
လူအားလုံးအပြစ်စီရင်ခြင်းခံရသည်။ All are condemned.	ယုံကြည်သူများအပြစ်စီရင်ခြင်းကိုမခံရ။ Believers are not condemned.

အခြေအနေပေါ်မူတည်သည်။ Is conditional.	အခြေအနေပေါ်မူတည်ခြင်းမရှိ။ Is unconditional.
ဖြောင့်မတ်ခြင်းလိုအပ်သည်။ Righteousness is required.	ဖြောင့်မတ်ခြင်းကိုဝတ်ဆင်ပေးသည်။ Righteousness is imputed.
ယာယီသဘောဖြစ်သည်။ Is temporal.	ထာဝရအတွက်ဖြစ်သည်။ Is everlasting.

C. ယုဒလူတို့သည် ပညတ်တရားတော်၏ရည်ရွယ်ချက်ကို သဘောမပေါက်သောကြောင့် ပညတ်တရားကိုစောင့်ရှောက် ခြင်း အကျင့်အားဖြင့် မိမိတို့၏ ဖြောင့်မတ်ခြင်းကို တည်ဆောက်ခဲ့ကြသည်။ (Compare 1 Timothy 1:8-9 and Romans 9:31-10:4). ကိုယ့်ဉာဏ်ပူးတွဲဖက်ပါ။ ယနေ့တွင်လည်း လူအများအပြားသည် ဤအမှားကိုပင် ပြုလုပ်နေကြပါသည်။

ခေတ်အဆက်ဆက်အတွက် ဘုရားသခင်၏ အကြံအစည်တော် (အပိုင်း-၁) မေးခွန်းများ - သင်ခန်းစာ (၃၃)

1. သမ္မာကျမ်းစာတွင် ဖေါ်ပြထားသော ပဋိညာဉ် (covenant) ကိုရွေးပါ။(၄-မှတ်)
a. ခေတ်ကာလအတွက် ဘုရားရှင်၏အကြံအစည်ဖြစ်သည်။ God's plan for the ages.
b. လူသားတို့ အတွက် ဘုရားရှင်၏ပညတ်တော်ဖြစ်သည်။ a law God makes for man.
c. လူနှင့်ဘုရားရှင်အကြားသဘောတူချက်ဖြစ်သည်။ an agreement between God and man.

2. The covenants များကို ၂-ပိုင်းခွဲခြားနိုင်သည်။ ၎င်းတို့ ကိုရွေးပါ။(၄-မှတ်)
a. ဘုရားရှင်ပြုသောပဋိညာဉ်နှင့်လူပြုသောပဋိညာဉ်။ those given by God, and those made by man.
b. ယာယီပဋိညာဉ်နှင့်ထာဝရပဋိညာဉ်။ those that are temporary, and those that are eternal.
c. ခေတ်အဆက်ဆက်တွက် ဘုရားရှင်၏အကြံအစည်နှင့် လူမျိုးနွယ်အတွက် ဘုရားရှင်၏အကြံအစည်။ those that show God's plan for the ages, and those that show His plan for one generation.

3. The covenants ကိုစံနစ်တကျလေ့လာရန် အရေးကြီးသောအချက်မှာကိုရွေးပါ။(၄-မှတ်)
a. ပဋိညာဉ်ဟူသောစကားလုံးကိုနားလည်ရန်။ understand the word "testament."
b. ဝိညာဉ်ရေးရာ၌ပိုမိုကြီးထားသောခရစ်ယာန်ဖြစ်ရန်။ be a more spiritual Christian.
c. သမ္မာကျမ်းစာကို အတိအကျနားလည်ရန်။ gain an accurate understanding of the Bible.

4. အောက်ပါတို့ အနက်ဘုရားရှင်ပြုသော ပဋိညာဉ်များကို ရွေးချယ်ပါ။(၃၂-မှတ်)
a. ဧဒင်ပဋိညာဉ် Edenic
b. ဣသရေလပဋိညာဉ် Israelitic
c. အာဒံပဋိညာဉ် Adamic
d. အာရုံပဋိညာဉ် Aaronic

e. နောဧပဋိညာဉ် Noahic
f. ပါလတိနပဋိညာဉ် Palestinian
g. ယုဒပဋိညာဉ် Judaic
h. ဒါဝိဒ်ပဋိညာဉ် Davidic
i. အာဗြဟံပဋိညာဉ် Abrahamic
j. ပဋိညာဉ်သစ် New Covenant
k. မောရှေပဋိညာဉ် Mosaic

5. (Genesis 1:28) အရ လူသားသည်မြေကြီးပြည့်အောင်မွေးဖွါးရမည်ဟူသော ပဋိညာဉ်ကိုရွေးပါ။(၅-မှတ်)
   a. အာရုံပဋိညာဉ် Aaronic Covenant.
   b. ဧဒင်ပဋိညာဉ် Edenic Covenant.
   c. အာဒံပဋိညာဉ် Adamic Covenant.

6. အာဒံနှင့်ခရစ်တော်၏ဆန့် ကျင်ဖက်ကို ကျမ်းပိုဒ်မှန်အောင်ယှဉ်တွဲပါ။(၁၂-မှတ်)
___ အာဒံသည်ဘုရားစကားနားမထောင်ပေ။- ခရစ်တော်နားထောင်သည်။ a. 1 John 1:3-7
Adam was disobedient – Christ was obedient
___ အာဒံသည်စာတန်စကားနားထောင်သည်။- ခရစ်တော်စာတန်ကိုအောင်သည်။ b. Philippians 2:8-9
Adam obeyed Satan – Christ won over Satan
___ အာဒံသည်ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ခွင့်ဆုံးရုံးသည်။- ခရစ်တော်က ထိုဆုံးရုံးသွားသော မိတ်သဟာရကို ပြန်လည်ရယူသည်။ c. Matthew 4:10-11
Adam lost fellowship with God – Christ restored fellowship

7. (Genesis 3:14-19) တွင်ဖေါ်ပြသောပဋိညာဉ်ကိုရွေးပါ။(၅-မှတ်)
a. ဧဒင်ပဋိညာဉ် Edenic Covenant.
b. ယုဒပဋိညာဉ် Judaic Covenant.
c. အာဒံပဋိညာဉ် Adamic Covenant.

8. ရွေးနှုတ်ခြင်းဆိုင်ရာအဦးဆုံးသောကတိတော်(The first promise of a Redeemer)ကိုရွေးပါ။(၄-မှတ်)
a. ဧဒင်ပဋိညာဉ် Edenic Covenant.
b. ယုဒပဋိညာဉ် Judaic Covenant.
c. အာဒံပဋိညာဉ် Adamic Covenant.

9. လူအုပ်ချုပ်သောကာလလ(Human Government)၌ပေါ်လာသော ပဋိညာဉ်ကိုရွေးပါ။(၅-မှတ်)
a. ယုဒပဋိညာဉ် Judaic Covenant.
b. အာဒံပဋိညာဉ် Adamic Covenant.
c. နောဧပဋိညာဉ် Noahic Covenant.

10. သေဒဏ် (capital punishment) အကြောင်း နောဧပဋိညာဉ်တွင် Noahic Covenant တွင် မည်သို့ ပြောထားသနည်း(၄-မှတ်)

a. သေဒဏ်ခွင့်မပြုပါ။ It is not allowed.

b. လူသတ်မှုကျူးလွန်မှသာ သေဒဏ်ပေးခွင့်ပြုသည်။ It is allowed for murder only.

c. သေဒဏ်ဥပဒေကိုပြဋ္ဌာန်းသည်။ It is instituted.

11. The Noahic Covenant ၏(သင်္ကေတ) အာမခံချက်ကို ရွေးချယ်ပါ။(၄-မှတ်)

a. သက်တံ့။ the rainbow.

b. ရွေးနှုတ်ကယ်တင်သူထွက်ပေါ်မည့်အကြောင်းကတိတော်။ God's promise of a Redeemer.

c. လူသားတို့ ကယ်တင်ခြင်းရရန် ဘုရားရှင်၏အနာဂါတ်အကြံအစည်။ God's future plan of salvation.

12. Abraham ကိုပေးသောဘုရားရှင်၏ပဋိညာဉ်ကို ရွေးပါ။(၄-မှတ်)

a. အခြေအနေအရပြုသော (အခြေအနေပေါ်မူတည်သော) ပဋိညာဉ်။ conditional.

b. အခြေအနေကိုမကြည့်ဘဲပြုသော(အခြေအနေပေါ်မမူတည်သော) ပဋိညာဉ်။ unconditional.

c. အခြေအနေ ၂-မျိုးစလုံးအရ ပြုသောပဋိညာဉ်။ both conditional and unconditional.

13. The Mosaic Covenant ကိုပြုခဲ့သော ပုဂ္ဂိုလ်၊နိုင်ငံ၊လူမျိုးကိုရွေးပါ။(၅-မှတ်)

a. မောရှေ။ Moses.

b. အစ္စရေးနိုင်ငံ။ the nation of Israel.

c. ကယ်တင်ရှင်မွေးဖွါးမည့်ယုဒမျိုး။ the tribe of Judah through whom the Redeemer would be born.

14. The Mosaic Covenant ၏သင်္ကေတကို ရွေးချယ်ပါ။(၄-မှတ်)

a. သက်တံ့။ the rainbow.

b. ဥပုသ်နေ့ ။ the Sabbath.

c. အရေဖျားလှီးခြင်း။ the circumcision.

15. Jews များသည် ပညတ်တရား၏ရည်ရွယ်ချက်ကိုနားမလည်သဖြင့်အောက်ပါတို့ ကိုပြုသည်။(၄-မှတ်)

a. ဗိမ္မာန်တော်တည်ဆောက်သည်။ build the temple.

b. သူတို့ ကိုယ်ပိုင်ဘုရားများကို ထုလုပ်သည်။ make their own gods.

c. အကျင့်အားဖြင့်သူတို့၏ဖြောင့်မတ်ခြင်းကိုတည်ဆောက်သည်။ establish their righteousness by their works.

သင်ခန်းစာ (၃၄)၊ ခေတ်အဆက်ဆက်အတွက် ဘုရားသခင်၏ အကြံအစည်တော် (အပိုင်း-၂)
(ပဋိညာဉ်ကြီးများနှင့်ပဋိညာဉ်ငယ်များ)
God's Plan for the Ages – Part 2 The Major and Minor Covenants

နိဒါန်း - Introduction

သင်ခန်းစာ (၃၃)တွင်ဘုရားသခင်မှလူတို့နှင့်ပြုထားသောပဋိညာဉ်များ၏အဓိပ္ပါယ်နှင့်အစုံအလင်ကို တတ်နိုင်သမျှ တင်ပြထားပြီး ဖြစ်ပါသည်။ ထိုပဋိညာဉ်များကို ခေတ်ကာလကြီးများနှင့် နှိုင်းယှဉ်လေ့လာ ခင်းကျင်းပြီးဖြစ်ပါသည်။ အနက်ဖွင့်လျက် အဓိကလက္ခဏာ များနှင့်ဆက်စပ်ပြီးဖြစ်ပါသည်။ ထိုပဋိညာဉ်(၈)ပါး၏ အဓိကရည်ရွယ်ချက်များကို လည်းဖော်ပြပြီးဖြစ်ပါသည်။

အသေးစိတ်လေ့လာရန် လိုအပ်ခြင်းနှင့် ကျမ်းချက်မြောက်များစွာပါဝင်နေခြင်းကြောင့် ပြီးခဲ့သော သင်ခန်းစာတွင်၊ ပဋိညာဉ် (၅)ပါးကိုသာ လေ့လာခဲ့ရပါသည်။ အာဒံပဋိညာဉ် (Adamic)၊ ဧဒင်ပဋိညာဉ် (Edenic)၊ နောဧပဋိညာဉ် (Noahic)၊ အာဗြဟံပဋိညာဉ်နှင့် (Abrahamic)၊မောရှေပဋိညာဉ် (Mosaic) တို့ဖြစ်ပါသည်။ ဤသင်ခန်းစာတွင် ပါလတိနပဋိညာဉ် (Palestinian)၊ ဒါဝိဒ်ပဋိညာဉ်နှင့် (Davidic)၊ ပဋိညာဉ်သစ်များ (New Covenants) ကို လေ့လာ ရမည်ဖြစ်ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- အထက်ဖော်ပြပြီးသည့်အတိုင်း၊ ပဋိညာဉ်များကိုကောင်းစွာ သဘောမပေါက်လျှင် သမ္မာကျမ်းစာကို ကောင်းစွာ နားလည်နိုင်မည် မဟုတ်ပါ။ ဘုရားသခင်၏အလိုတော် ဖော်ပြတော်မူချက်ကို သဘောပေါက်နိုင်မည့်အကြောင်း ပညာနှင့် ပြည့်စုံရသောအခွင့် ပေးသနားတော်မူပါစေသော။

- ဘုရားသခင်၏ထာဝရကာလအတွက် အကြံတော်နှင့် ရည်ရွယ်ချက်တို့ကို သိရှိထားရန် အရေးကြီး လှပါသည်။

သင်ခန်းစာ - THE LESSON

THE PALESTINIAN COVENANT "Israel's Title Deed to Palestine"
ကြာသရေလတို့ပါလတိနပိုင်ဆိုင်ခွင့်။ (ပါလတိန ပဋိညာဉ်)

I. THE SETTING - နောက်ခံသမိုင်း။ (God is not finished with Israel yet ဘုရားသခင်သည် ကြာသရေလလူမျိုးနှင့် မပြီးဆုံးသေးပါ)

ကတိထားတော်မူသည့်အမွေခံရာပြည်ကို ဣသရေလလူတို့သည်၊ မကြာမီ ဝင်တော့မည်ဖြစ်သည်။ ထိုမြေသည်အာဗြဟံအား ကတိထား တော်မူသောမြေ ဖြစ်ပါသည်။ သူတို့၏အနောက်တွင် အဲဂုတ္တုပြည်၌ ကျွန်ခံခြင်းရှိသည်။ သူတို့၏ရှေ့တွင် ထိုပြည်၌ နေထိုင်သောရန်သူ အမြောက်အများရှိသည်။ သူတို့တွင် မေးရန် မေးခွန်းမြောက်များစွာရှိခဲ့သည်။

A. ထိုမြေသည် သူတို့ပိုင်မြေ ဖြစ်နေသေးသလော။ (Was the land still theirs?)
B. အခြေအနေပေါ်မူတည်သော မောရှေပဋိညာဉ် (conditional Mosaic Covenant) သည် အခြေအနေပေါ်မူမတည်သော ပါလတိန ပဋိညာဉ် (unconditional Palestinian Covenant) ကိုဘေးဖယ်ထားပြီလော။
C. ရန်သူတို့က သူတို့ အားရပ်တန့် စေမည်လော။ (Would opposition stop them?)

II. THE ASSURANCE - ဘုရားသခင်၏အာမခံချက်။

(Deuteronomy 30:1-10) – သည်ပါလတိနပဋိညာဉ် (Palestinian Covenant.) ဖြစ်ပါသည်။ ဘုရားသခင်သည် သူတို့အား အာမခံချက်ပေးသည် သာမက လူတို့ ၏ မေးခွန်းများကို ဖြေထားပါသည်။

III. THE IMPORTANCE - အရေးကြီးသောအချက်။

A. ထိုမြေကို ဣသရေလတို့ပိုင်ဆိုင်နေသေးကြောင်း အတည်ပြုထားပါသည်။ သစ္စာမရှိမှု(Unfaithfulness)၊ မယုံကြည်မှု (unbelief) တို့သည် ဤပဋိညာဉ်ကို မပျက်ပြယ်စေနိုင်ချေ။
B. အခြေအနေပေါ်မူတည်၍ပြုသောမောရှေပဋိညာဉ် (conditional Mosaic Covenant)တွင် သူတို့ နေထိုင်ရသော်လည်း အာဗြဟံတွင် ပေးထားသောကတိတော်ကို ထိုပဋိညာဉ်သည် ပေါ့ပျက်စေခြင်းမပြုနိုင်။ (Note Galatians 3:17). အာဗြဟံနှင့်ကတိပြုထားသောမြေ အကြောင်းကို (Genesis 13 and 15.) တွင် ပြန်လည်၍ လေ့လာပါ။
C. ဤပဋိညာဉ်သည် အာဗြဟံပဋိညာဉ်ကို ထပ်မံ၍အတည်ပြုခြင်းနှင့် ထိုပဋိညာဉ်အား အကျယ်ချဲ့လျက် လေ့လာ ခြင်းဖြစ်ပါသည်။ မြေအနေအထားကို အသေးစိတ်ရှင်းပြထားသည်။ နားမထောင်ခြင်းနှင့် မယုံကြည်ခြင်းတို့သည် ကြားခံရပ်တည်နေသော်လည်း အာဗြဟံအားပြုထားသော ကတိတော်သည် ပြည့်စုံရမည်သာဖြစ်သည်။

IV. THE PROVISIONS Seven - ကတိတော်တွင်ပါဝင်သောအချက် ၇-ချက်။

A. ပညတ်တော်ကိုမကျင့်ဆောင်လျှင် ပေးထားသောနယ်မြေမှပယ်ရှားခံရမည်။(Deuteronomy 28:63-68).
B. နောင်တွင် ဣသရေလလူမျိုးတို့နောင်တရမည်။ (Deuteronomy 30:1-3).
C. သူတို့အား ကယ်တင်သောအရှင် (Messiah) သည် ပြန်လာမည်။(Deuteronomy 30:3-6).
D. ဘိုးဘေးတို့ဝင်စားသောပြည်သို့တဖန်ဆောင်ခဲ့မည်။ (Deuteronomy 30:5).
E. ဣသရေလတစ်မျိုးသားလုံးပြောင်းလဲမည်။ (Deuteronomy30:4-8;Romans11:26-27;Acts 15:14-16).
F. ဣသရေလ၏ရန်သူအပေါင်းကို စီရင်မည်။ (Deuteronomy 30:7).
G. ထိုအမျိုးသားတို့သည် ထာဝရဘုရားထံမှအကျိုးကိုရမည်။ (Deuteronomy 30:9).

V. THE RECONFIRMATION - ထပ်မံအတည်ပြုထားချက်။

(Ezekiel 16:1-62) – တွင် verses 60-62, ၌ဘုရားရှင်က “I will remember” နှင့် “I will establish.” ဟု မိန့်တော်မူသည်။ထိုပဋိညာဉ်ကို ထာဝရပဋိညာဉ်ဟုခေါ်သည်။ အချက်အလက်များကိုကြည့် သောအခါ ဣသရေလလူတို့အား နှင်ထုတ်ခြင်းသည် အပြီးသတ် မဟုတ်ကြောင်းတွေ့ရှိရပါသည်။

VI. THE CHARACTER - လက္ခဏာ

A. အခြေအနေပေါ် မူတည်ခြင်း မရှိပါ။ It was unconditional. God said, “I will.”
B. ထာဝရပဋိညာဉ်ဖြစ်သည်။ It was eternal (Ezekiel 16:60).

VII. THE FUTURE - ခေတ်ကာလပြီးဆုံးချိန်အတွက်ဖော်ပြချက်။

A. ဣသရေလသည် ပြန်လည်စုစည်းရမည်။ Israel must be installed in her land.
C. ဣသရေလသည် ထိုပြည်ကိုပိုင်ရမည်။ Israel must firmly possess the land.
D. ဣသရေလသည် မိမိရန်သူအပေါ်ကျရောက်သောစီရင်ခြင်းကိုမြင်တွေ့ရမည်။
E. ဣသရေလသည် လောကစည်းစိမ်ကောင်းကြီးမင်္ဂလာခံစားရမည်။
F. ဤအရာများသည် ပြည့်စုံခြင်းမရှိသေးသော်လည်း၊(prophetic program and vision) ကို ကြိုသိထားပါ။

VIII. THE AGREEMENT BY THE PROPHETS - ပရောဖက်ပြုချက်များကိုက်ညီမှု

A. Isaiah 11:11-12; 14:1-3; 27:12-13; 49:8-16; 66:20-22
B. Jeremiah 16:14-16; 23:3-8; 30:10-11; 31:8, 31-39
C. Ezekiel 11:17-21; 20:33-38; 34:11-16; 39:25-29
D. Hosea 1:10-11 E. Joel 3:17-21 F. Amos 9:11-15
G. Micah 4:4-7
H. Zephaniah 3:14-20
I. Zechariah 8:4-8
(ဤကျမ်းပိုဒ်များကိုဖတ်ပါ)

THE DAVIDIC COVENANT “Christ on David’s Throne” ခရစ်တော်နှင့်ဒါဝိဒ်၏ရာဇပလ္လင် (ဒါဝိဒ်ပဋိညာဉ်)

I. WHERE? - မည်သည့်နေရာ။

2 Samuel 7:8-17

II. WHEN? - မည့်သည့်အချိန်။
ဒါဝိဒ်သည် ကြာသရေလရှင်ဘုရင်အဖြစ်စိုးစံစဉ်။ (ပညတ်တော်ကာလ)။

III. WITH WHOM? David and his family. (မည်သူနှင့်)
ဒါဝိဒ်နှင့်သူ၏မိသားစု။

IV. ITS MAJOR PURPOSE - အဓိကရည်ရွယ်ချက်။

A. ဒါဝိဒ်၏သားစဉ်မြေးဆက်တည်စေသည်။(ခရစ်တော်၌ပြည့်စုံသည်) (Matthew 1:1; Luke 1:33).
B. ဒါဝိဒ်၏နိုင်ငံသည် ကြာသရေလနှင့်တစ်ကမ္ဘာလုံးတည်စေမည်။ခရစ်တော်၌ ပြည့်စုံမည်။(Acts 15:14-17).

V. WHAT IT SPECIFICALLY PROMISED (2 Samuel 7:16) - မည်သည့်တိကျသော ကတိများကိုပေးသနည်း။

A. A PERPETUAL HOUSE (verse 16) – အစဉ်အမြဲတည်သောအမျိုးအနွယ်
ဒါဝိဒ်အမျိုးအနွယ်ကို (David's lineage) ရည်ရွယ်ခြင်းဖြစ်သည်။ ဇာတိအမျိုး အနွယ် သို့မဟုတ် သားမြေးများကိုဆိုလိုပါသည်။ ဒါဝိဒ်မျိုးဆက်ကိုဆိုလိုပါသည်။ အမျိုး အနွယ်မပြတ်ရ။

B. An ETERNAL THRONE (verse 16) – ထာဝရရာဇပလ္လင်။
ဒါဝိဒ်၏အာဏာစက်၊ အုပ်စိုးပိုင်ခွင့်ကိုဆိုလိုသည်။ အချုပ်အခြာအာဏာ ပိုင်စိုး၍ အုပ်စိုးရသော အခွင့်သည် ဒါဝိဒ်နှင့်သားစဉ်မြေးဆက် တို့၌ အစဉ်ရှိနေစေရမည်။

C. An established EVERLASTING KINGDOM (verse 16) – ထာဝရနိုင်ငံတော်။
လောကၥတည်သော နိုင်ငံဖြစ်ပါသည်။ နိုင်ငံရေးအရတည်သောမင်းနိုင်ငံ ဒါဝိဒ်၊ ရှောလမုန် မှစ၍ ပရောဖက်တို့သည် ကျိုက့ဲသို့သာ နားလည်ခဲ့ကြပါသည်။

D. Certainty of fulfillments (verse 16). - ကတိတော်များ ပြည့်စုံမည့် အခွင့်အလမ်း။

VI. THE PROBLEMS THAT MUST BE FACED - တွေ့ကြုံရမည့်ပြဿနာများရှိသည်။

A. ဤအချက်များသည် လက်တွေ့ ဖြစ်လာမည်လော။ (Are these promises to be literally fulfilled?)
B. ဤအရာများသည် ဝိညာဉ်သဘောဆောင်ခြင်းသာဖြစ်သည်ဟု ပြောမည်လော။
1. နိုင်ငံတော်ဆိုရာ၌အသင်းတော်လော။ - The Kingdom is the Church?
2. အမျိုးနွယ်သည်"ယုံကြည်ခြင်းမျိုးနွယ်"လော။The HOUSE is the "household of faith" or all believers?
3. ရာဇပလ္လင်ဆိုရာ၌ခရစ်တော်ယခုလက်ျာဘက်၌ထိုင်နေသော အဖဘုရား၏ပလ္လင်လော။That the Throne is the Father's throne at whose right hand Christ now sits?

C. ရှောလမုန်တွင် အရာခပ်သိမ်းပြည့်စုံသွားပြီလော။ Was everything fulfilled in Solomon historically?
D. ဣသရေလဘုရင် နှင့် နိုင်ငံသည် တည်ပြီလော။ Will Israel yet have a King and a Kingdom?
E. နိုင်ငံတော်သည်၊ ယခုပင်လော သို့မဟုတ် နောင်တွင်လော။ Is the Kingdom present or future?
F. ဤကတိတော်များကို ခရစ်တော်သည် မည်သည့်အချိန်တွင် ပြည့်စုံစေမည်နည်း။ How and when does Christ fulfill these promises?
G. သမိုင်းအရ ပြီးပြည့်စုံမှုရှိခဲ့ပြီလော။ Has there been complete historical fulfilment?

VII. THE PROBLEM OF SOLOMON AND HIS DESCENDANTS (2 Samuel 7:12-14) ရှောလမုန်နှင့်သားစဉ်မြေးဆက်ပြဿနာ။

A. သင်မှဆင်းသက်သောသားကိုငါချီးမြှောက်မည်။ (ငယ်-၁၂) ပြည့်စုံပြီး။
B. သူ၏နိုင်ငံတော်ကိုတည်ဆောက်မည်။ (ငယ်-၁၂) ပြည့်စုံပြီး။
C. အိမ်ကိုဆောက်မည်။ (ငယ်- ၁၃) ပြည့်စုံပြီး။
D. သူထိုင်သောရာဇပလ္လင်ကို အစဉ်အမြဲငါတည်စေမည်။ (ငယ်-၁၃) အချုပ်အခြာ အာဏာပိုင်စိုးခွင့် သို့မဟုတ် မင်းအဖြစ် စိုးစံခွင့်ကို ရည်ညွှန်းပါသည်။
E. ရှောလမုန်၏မျိုးဆက်နှင့်မိသားစု၏အစဉ်အမြဲ တည်ရှိနေမှုကို လုံးဝဖော်ပြခြင်း မတွေ့ရပါ။
1. အံ့သြဘွယ် တိကျသောပရောဖက်ပြုမှု (prophetic accuracy)ကို တွေ့ရှိရပါသည်။
2. ရှောလမုန်၏ရာဇပလ္လင်နှင့် မင်းအာဏာသည် ဆက်လက်ရှင်သန်ခဲ့သည်။
3. ရှောလမုန်၏မင်းမျိုးနွယ်သည်ဘုရင်ယေခေါနိလက်ထက်၌အဆုံးသတ်သည်။ (Jeremiah 22:28-30).
4. ခရစ်တော်သည် မယ်တော်မာရိမှမွေးဖွား၍ ရှောလမုန်၏ သားစဉ်မြေးဆက်ဝင် (Solomon's lineage) မဟုတ်ပါ။ သို့သော် နာသန်မှတဆင့် ဆင်းသက်သောဒါဝိဒ်၏သားစဉ်မြေးဆက်အဝင်ဖြစ်ပါသည်။ ခရစ်တော်၏ တရားဝင် ဖခင်ဖြစ်သော ယောသပ်သည် ရှောလမုန်မှတဆင့် ဆင်းသက် သော ဒါဝိဒ်၏ သားစဉ် မြေးဆက်ဖြစ်သည်။ ဤအချက်သည် ခရစ်တော်အား ဒါဝိဒ်၏ တရားဝင် သားစဉ် မြေးဆက်အဝင်ဖြစ်စေလျက်၊ ကတိထားတော်မူသော ရာဇပလ္လင်ကို ဆက်ခံရန် အခွင့်အာဏာ ရှိစေပါသည်။
F. ထို့ကြောင့် ဤဒါဝိဒ်ပဋိညာဉ်သည် ရှောလမုန်အားဖြင့် ပြည့်စုံခြင်း မရှိပါ။

VIII. THE ARGUMENTS OF THE AMILLENIALIST AND THOSE WHO REJECT THE LITERAL FULFILMENT OF THIS COVENANT အနှစ်တစ်ထောင် စိုးစံခြင်းကို မယုံကြည်သူ။ မျက်မြင်ပြည့်စုံခြင်းကို လက်မခံသူ၏ငြင်းခုံချက်

A. လက်မခံသူများက ဤပဋိညာဉ်သည် အခြေနေပေါ်မူတည်ပြီးပြုထားသောပဋိညာဉ်ဖြစ်သောကြောင့် (conditional and temporary) လောကီရေးရာ (earthly application) ဖြစ် သည်ဟု ပြောပါသည်။
Answer (အဖြေ) : ထိုသို့ မဟုတ်ကြောင်း သမ္မာကျမ်းစာက ရိုးရိုးရှင်းရှင်း ဖော်ပြသည်။

B. လက်မခံသူများက ဤပဋိညာဉ်သည် ရှောလမုန်နှင့်သူ၏အုပ်စိုးခြင်းတွင် ပြည့်စုံပြီဖြစ်သည်ဟု ပြောသည်။

Answer (အဖြေ) : ထိုသို့ဖြစ်လျှင်(Jeremiah 33:15-17)တွင်ပရောဖက်ပြုချက်များသည် မိုက်မဲရာကျမည်။

C. လက်မခံသူများက ဤပဋိညာဉ်သည် ဝိညာဉ်ရေးရာအတွက်မျှသာဟု ပြောကြသည်။

1. ရာဇပလ္လင်သည် ခမည်းတော်ဘုရား၏ပလ္လင် ဖြစ်သည်။ (Revelation 3:21; Hebrews 8:1; 10:12).

♦ ကျမ်းစာတွင် မည်သည့်အခါမျှ ခမည်းတော်ဘုရားသခင်၏ပလ္လင် ကို ဒါဝိဒ်၏ပလ္လင်ဟူ၍ မခေါ်ခဲ့ဘူးပါ။

2. မိသားစုသည် "ယုံကြည်သူ၏အိမ်သားများ" ဖြစ်ပါသည်။ (Galatians 6:10).
3. နိုင်ငံတော်သည် အသင်းတော်ဖြစ်သည်။ The KINGDOM is the church.

D. ဒါဝိဒ်အားပေးသော ထာဝရနိုင်ငံတော်နှင့်မျိုးနွယ်ဆိုင်ရာပဋိညာဉ်သည် အသင်းတော်၌ ပြည့်စုံပြီး ဖြစ်ကြောင်းနှင့်ဂင်းဝိညာဉ်သဘောအရ ခရစ်တော်ကိုပုံဆောင်ခြင်းဖြစ်ကြောင်း သူတို့က ယုံကြည်ကာ မြေကြီးနိုင်ငံတွင်ရှိသောနိုင်ငံတော်သည်ပြီးဆုံးပြီ (Kingdom ceases to be earthly and David's rule) ဟုဆိုကြသည်။

♦ ၎င်းယူဆချက်သည် အစွန်းရောက်၍ ကျမ်းစာနှင့်ကိုက်ညီခြင်း မရှိပါ။

IX. PROOFS OF THE UNCONDITIONAL AND LITERAL FULFILLMENT OF THIS COVENANT ဤပဋိညာဉ်၏အခြေအနေပေါ် မူတည်ခြင်းမပြုပဲ လက်တွေ့ပြည့်စုံခြင်းကို သက်သေပြချက်။

ဤပဋိညာဉ်ကို "ထာဝရ" "Everlasting" (2 Samuel 7:16; 23:5; Isaiah 55:3) ဟုခေါ်ထားပါသည်။ ထို့အတူ ဤပဋိညာဉ်၏ပြည့်စုံခြင်းသည် ဘုရားသခင် ၏အချုပ်အခြာအာဏာပိုင်စိုးမှုနှင့်ကတိတည်မှု အပေါ်တွင်သာ တည်ပါသည်။

A. အခြေအနေပေါ်မူတည်ခြင်းမရှိပဲ၊ အာဗြဟံနှင့်ပြုထားခဲ့သော အာဗြဟံပဋိညာဉ်ပါ "အမျိုးအနွယ်" "SEED" ကို ပိုမိုပေါ်လွင် စေခြင်း ဖြစ်ပါသည်။

B. Psalm 89 ကိုလေ့လာပါ။

1. ဒါဝိဒ်သည် မိမိနိုင်ငံတော်ပျက်စီးမည့်အကြောင်းကို ကြိုတင်မြင်ထားပြီးဖြစ်သည်။ (ငယ်-၃၈-၄၅) ထိုအချိန်သည် ကတိပြုထားသောပဋိညာဉ်သည်ပြည့်စုံခြင်းမရှိမီကပင်ဖြစ် သည်။ (ငယ်-၂၀-၂၉)
2. ထိုသို့ဖြစ်သည့်တိုင်သူသည်ထိုပဋိညာဉ်များပြည့်စုံရန်မျှော်လင့်ခဲ့သည်။ (ငယ်-၄၆-၅၂)
3. (အငယ် ၃၀-၃၄) တွင်ပါသော "သို့ရာတွင်" "nevertheless" ကိုသတိပြုပါ။

C. ဓမ္မသစ်ကျမ်းစာတွင် ဒါဝိဒ်အားရည်ညွှန်းထားသောကျမ်းချက် ၅၉ကြိမ်တွေ့ရှိရပါသည်။ ထိုရည်ညွှန်းချက်များတွင် ခမည်းတော်၏ပလ္လင်နှင့်ဆက်စပ်ဖော်ပြခြင်းမရှိခဲ့ပါ။ ဆိုလိုရင်း ပေါ်လွင်ပါသည်။

D. ယောဟန်၊ သခင်ယေရှု၊ တပည့်တော်တစ်ဆယ့်နှစ်ပါး၊ တပည့်တော်အပါးခုနှစ်ဆယ်တို့မှ ပေးအပ်သော

"နိုင်ငံတော်" "kingdom" သည် လောကနိုင်ငံ ဖြစ်ပါသည်။

1. ယုဒလူတို့သည် ခရစ်တော်အား အဘဒါဝိဒ်၏နိုင်ငံတော် တည်ထောင်မည်ဟု မျှော်လင့်ခဲ့ ခြင်းသည် တရားသော အမှုဖြစ်ပါသည်။ ယုဒလူများအနေဖြင့် ထိုနိုင်ငံတော်သည် ကယ်တင်ရှင်၏နိုင်ငံတော်ဖြစ်လျက်၊ ဤလောကဌာပေါ်ထွန်းမည့် မျက်မြင်နိုင်ငံဖြစ်သည်ဟု ယုံကြည်ထားကြပါသည်။
2. အကယ်၍ဒါဝိဒ်အားပေးထားသော ကတိတော်သည် ယုဒလူမျိုးတို့ မျှော်လင့်ထားသည့်အတိုင်း သူတို့သိသော အဓိပ္ပါယ်နှင့် အမြင်အတိုင်း မဖြစ်ခဲ့ပါလျှင် ရာစုနှစ်ပေါင်းများစွာ ထို ယုဒ လူတို့သည် လှည့်ဖြားခြင်းခံသူများဖြစ်ပါသည်။ (ဆာလံ ၈၉း၃၄ နှင့် ၁၃၂း၁၁) ကဲ့သို့သော ကတိတော်ရှေ့၌ ဘုရားကို ကြည်ညိုသော ယုဒလူတို့သည် မျှော်လင့်သလို မဖြစ်လာပါက ထိုကျမ်းချက်တို့သည် ပင်လျှင် ထင်မြင်ချက် သက်သက် (sheer presumption) ဖြစ်ရပါတော့မည်။
3. "နိုင်ငံတော်" "The Kingdom" ကိုငြင်းပယ်ခြင်းခံရပြီးနောက်ခရစ်တော်သည် ဤလောကမျက်မြင် နိုင်ငံ တော်ကိုဂ မျှော်လင့်လျက် ရှိနေပါသေးသည်။ (Matthew 25:31).

E. ဤကတိတော်များသည် လူရာဇဝင်သမိုင်းအရ ပြည့်စုံမှု မရှိသေးပါ။
1. ဘုရားသခင်သည် အာဗြဟံအား ကတိထားတော်မူသောပြည်၊ ဒါဝိဒ်၏မင်းနိုင်ငံကို ကွာသရေလလူတို့သည် ရာဇဝင်သမိုင်း တွင် တစ်ကြိမ်တစ်ခါမျှ အစဉ်ပိုင်စိုးခြင်းမရှိသေးပါ။
2. ရှောလမုန်မင်းကြီးသည် ထိုဒေသအချို့မှ အခွန်ကောက်နှင့် အမှုထမ်းခြင်းကိုရယူခဲ့သော်လည်း ထိုနယ်မြေများကို ဝင်ရောက်ပိုင်စိုးခြင်းမပြုခဲ့ပါ။ (1 Kings 4:21).
3. ရှောလမုန်မင်းကြီး နောက်နှစ်ပေါင်းများစွာကြာလာသောအခါ ထိုနယ်မြေကို အပိုင် ပေးမည် ဖြစ်ကြောင်း ကတိတော်များကို သမ္မာကျမ်းစာ၌ ထပ်မံတွေ့ရှိရပါသည်။
F. ထိုကတိတော်များသည် ဒါဝိဒ်၏သားတော်(အသွေးအသားအားဖြင့်) အား ပြုထားခြင်းဖြစ်ပါသည်။ ရာဇပလ္လင်နှင့် နိုင်ငံတော်သည် လူသားအဖြစ်ကိုခံယူသော ခရစ်တော်၏ အမွေအနှစ်အဖြစ် ကတိ ပေးထားခြင်း ဖြစ်ပါသည်။

♦ ခရစ်တော်သည် မျက်မြင်အားဖြင့် ဒါဝိဒ်၏သားတော်ဖြစ်ပါသည်။ (Luke 1:32; Romans 1:3). ထိုကတိ တော်သည် ခရစ်တော်၌ မျက်မြင်ပြည့်စုံ ရမည်ဖြစ်ပါသည်။

G. ဤပဋိညာဉ်ပါကတိတော်များကို ဝိညာဉ်အဓိပ္ပါယ်ဖွင့်ရန်လမ်းညွှန်ထားသော ကျမ်းချက်မတွေ့ရပါ။ ထိုသို့ လုပ်မည် ဆိုပါက စိတ်ဆန္ဒအရာသာဖြစ်သည်။
H. မျက်မြင်အားဖြင့်တစ်ပိုင်းတစ်စပြည့်စုံ နေခြင်းသည် နောင်တွင် အပြည့်အစုံပြည့်စုံမည့် သဘောဖြစ်သည်။

I. ဓမ္မသစ်ကျမ်းစာတွင် ဒါဝိဒ်၌ကတိပြုထားသော နိုင်ငံတော်အား ယခုခေတ်ကာလ သို့မဟုတ် အသင်း တော်ခေတ် သို့မဟုတ် ခရစ်တော်၏လက်ရှိကာလ သာသနာအဖြစ် တစ်ကြိမ်တစ်ခါမျှ ဆက်စပ် ဖော်ပြခြင်း မပြုခဲ့ပါ။
1. အခြားတဘက်တွင် ဒါဝိဒ်၏ ရာဇပလ္လင်ကို မည်သည့်အချိန်တွင် ခရစ်တော်သည် တည်ဆောက်မည်။ ကွာသရေလလူတို့ မည်သည့်အချိန်တွင် ပြောင်းလဲမည် စသည်များကို မှတ်တမ်းတင် ဖော်ပြထားပါသည်။ (Acts 15:14-17).

♦ (အာမုတ် ၉း၁၁-၁၂) ကို ဂရိဘာသာ ကျမ်းစာမှ ထုတ်ယူဖော် ပြခြင်း ဖြစ်ပါ သည်။ ယာကုပ်က ဤစကား ကိုပြောကြားရာတွင်"လျှင်" "when" ဟုဆိုရာ၌ ပြန်လည် တည်ဆောက်ခြင်း၊ ပြန်မတ်စေခြင်း "ရှေးယခင် ကကဲ့သို့ ပြန်ဖြစ်နေမည့် အချိန်ကို" "as in the days of old." ရည်ညွှန်း ထားပါသည်။

2. Romans 11:25-27 – ပဋိညာဉ် "covenant" in verse 27.
3. "Tabernacle" – "တဲတော်"။ တစ်ပါးအမျိုးသားများ မပါသော ဣသရေလ တစ်မျိုးသား အားလုံးကို ကိုယ်စားပြုပါသည်။ (Acts 15:16).
4. ဤအရာများကို ကြည့်လျှင်ခရစ်တော်သည် ယခုအခါ ဒါဝိဒ်၏ရာဇပလ္လင်ပေါ်တွင် စိုးစံနေတော်မူခြင်း မရှိကြောင်း သိသာနိုင်ပါသည်။

X. CONCLUDING THOUGHTS - နိဂုံးစဉ်းစားချက်များ။

A. ဤ ခေတ်ကာလသည် အသင်းတော်ကာလ (Church Age) ဖြစ်ပါသည်။ နိုင်ငံတော်ကာလ (NOT the Kingdom Age) မဟုတ်ပါ။
B. ခရစ်တော်သည် ခမည်းတော်ဘုရား၏ပလ္လင်တွင် စံနေပါသည်။ မိမိကိုယ်ပိုင်ပလ္လင်၌ မဟုတ် ပါ။
C. ယနေ့သန့်ရှင်းသော ဝိညာဉ်တော်၏ လှုပ်ရှားမှုနှင့်ဇဝံဂေလိ တရားဟောပြောမှုကြောင့် အသင်း တော်ကို တည်ဆောက်လျက်ရှိပါသည်။ ဤအရာသည် လူတို့အတွက် "ခက်ခဲနက်နဲ" သောနိုင်ငံ တော်ကို ဖွဲ့စည်းမှုပင် ဖြစ်ပါသည်။ (Romans 11:25; Ephesians 3:3).
D. ယနေ့ပါလက်စတိုင်းတွင် ကျွန်ုပ်တို့မြင်နေရသော အဖြစ်အပျက်များသည် နောင်လာမည့်အရာများ၏ ရှေ့ ပြေးသာ ဖြစ်ပါသည်။
E. ခရစ်တော်နောက်တဖန်ကြွလာခြင်းသည်-

- to the Church – A RAPTURE (အသင်းတော်အတွက် - ချီဆောင်ခြင်း)
- to the Jews – A RESTORATION (ယုဒလူတို့အတွက် - ပြန်လည်ထူထောင်ခြင်း)
- to the Gentile – A REIGN OF PEACE (တစ်ပါးအမျိုးသားတွက် - ငြိမ်သက်စွာအုပ်စိုးခြင်း ဖြစ်သည်။)

F. ဘုရားသခင်နှင့်သူ၏နှုတ်ကပတ်တော်သည် ထာဝရဖြစ်လျက် မပြောင်းမလဲတည်ရှိ နေသဖြင့် ထိုအရာ ပေါ်တွင် ရပ်တည်နိုင်ပါသည်။
G. ခရစ်တော်သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဖြောင့်မတ်စွာ စိုးစံဦးမည်ဖြစ်ပါသည်။

THE NEW COVENANT "A Covenant Sealed in Blood"
အသွေးတော်ဖြင့် တံဆိပ်ခပ်ထားသော ပဋိညာဉ်။ (ပဋိညာဉ် တရားသစ်)

I. SOME KEY SCRIPTURES - အဓိကကျမ်းချက်များ။

ယေရမိ Jeremiah 31:31-38;32:37-41; ယေဇေကျေလ Ezekiel 36:26-34;37:21-28; ဟေဗြဲ Hebrews 8:8-12;9:15;10:16;12:24; မဿဲ Matthew 26:28; ၁ကော 1 Corinthians 11:25

II. WITH WHOM WAS THIS COVENANT MADE? မည်သူနှင့်ပဋိညာဉ်ပြုပါသနည်း။

“ဣသရေလ အမျိုးသား” “The house of Israel” (Jeremiah 31:31 and Hebrews 8:8).

III. WHAT IS MEANT BY “THE NEW COVENANT”? ပဋိညာဉ်တရားသစ်၏ အဓိပ္ပါယ်မှာအဘယ်နည်း။

(Jeremiah 31:32).ပဋိညာဉ်တရားဟောင်းဖြစ်သော “ပညတ်တရား” ၏ ဆန့်ကျင်ဘက် ဖြစ်သည်။

IV. WHAT ARE ITS BASIC PROVISIONS? - အခြေခံပါဝင်သောအချက်များမှာအဘယ်နည်း။

A. ဣသရေလူတို့အား နလုံးသားအသစ်ပေးမည်ဟုအာမခံသည်။ (Jeremiah 31:33).
B. ဣသရေလ လူတို့အား ဘုရားသခင်ရှေ့၌ မျက်နှာရသောအမျိုး၊ ကောင်းကြီးခံစားရသောအမျိုး၊ ပြန်ဖြစ်စေမည်။ (Hosea 2:19-20). “Betroth” means “to woo a virgin.”
C. ဣသရေလ လူတို့အား အပြစ်လွှတ်မည်။ (Jeremiah 31:34).
D. သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးမည်။ (Ezekiel 36:27).
E. ထိုပြည်၌ စီးပွားချမ်းသာ တိုးတက်မည်။ (Ezekiel 36:33-35).
F. ဂျေရုဆလင်မြို့တော်၌ ဗိမာန်တော်ကို တည်ထောင်မည်။ (Ezekiel 37:26-27).
G. စစ်မူငြိမ်း၍ ငြိမ်းချမ်း သာယာခြင်းရှိမည်။ (Isaiah 2:4).
H. ခရစ်တော်၏အသွေးတော်ဖြင့် တံဆိပ်ခတ်သည်။(Matthew 26:28; Hebrews 9:11-22; 10:11-18).

V. WHAT IS THE NATURE OF THIS NEW COVENANT? ပဋိညာဉ်တရားတော်သစ်၏ သဘောသဘာဝမှာအဘယ်နည်း။

A. It is UNCONDITIONAL. အခြေအနေပေါ်တွင် ရပ်တည်မှု လုံးဝမရှိပါ။
ဘုရားသခင်၏အလိုတော် တစ်ခုတည်းပေါ်တွင်သာ အခြေတည် ထားပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ကျေးဇူးတော် သက်သက်ဖြစ်၍ ဘုရားသခင် ကိုသာ မျှော်ကြည့်ရပါမည်။

B. It is LITERAL. မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။
အမှန်တကယ်လုပ်ဆောင်ခဲ့သောသော ယဇ်ပူဇော်မှု (literal sacrifice) ကို အခြေခံလျှက်၊ မျက်မြင်လူ (literal people), မျက်မြင်တိုင်းပြည် (literal land), လက်တွေ့ ဒိဋ္ဌအပြစ်လွှတ်ခြင်း၊သန့်ရှင်းခြင်း၊လူသစ်ဖြစ်ခြင်း (literal promise of forgiveness, cleansing, and regeneration) ကို တွေ့ ရမည်။

C. It is EVERLASTING ထာဝရဖြစ်ပါသည်။(Jeremiah 31:34; 32:40).

D. အာဗြဟံ ပဋိညာဉ်ပါ တတိယအချက်ဖြစ်သော “ကောင်းကြီးမင်္ဂလာ” ပေးထားပြီးဖြစ်သော ပဋိညာဉ်

တစ်ပါးကို ပိုမို အကျယ်ချဲ့ဖွင့်ပြခြင်းဖြစ်ပါသည်။ အခြေအနေပေါ်တွင်မူတည်ခြင်းမရှိ၊ ထို့ ကြောင့်ပြောင်းလဲ၍ မရနိုင်။

VI. WHEN WILL THIS COVENANT BE FULFILLED? မည်သည့်အခါပြည့်စုံမည်နည်း။

A. ဤပဋိညာဉ်သည် စတင်အသက်ဝင်ပြီးဖြစ်၍ အသင်းတော်၌ပြည့်စုံဆဲဖြစ်သည်ဟု သွန်သင်သော သူများ ရှိပါသည်။ ထိုအမြင်ရ-

1. ဣသရေလလူတို့၏ ရှေ့ရေးကိုငြင်းပယ်ထားပါသည်။ Denies any future for Israel.
2. ဣသရေလူတို့၏ရှင်ဘုရင်အဖြစ်ဤလောကသို့ ခရစ်တော်ကြွလာမည့်အကြောင်းကိုငြင်းပယ်သည်။ Denies that Christ will return to reign on this earth as Israel's King.
3. ဤပဋိညာဉ်၏အစိတ်အပိုင်းအချို့သည်၊ ဝိညာဉ်သဘော၊သြဝါဒသဘောဆောင်သည်။ Spiritualizes and/or allegorizes all the parts of this great covenant.
4. အသင်းတော်အား ဘယ်သောအခါမျှ ဣသရေလဟု မခေါ်ကြောင်းကိုမြင်ကြပါ။ Fails to see that the Church is NEVER called Israel.

B. ရှေးရိုးဝါဒီပညာရှင်များ(conservative scholars)က ယေဘုယျလက်ခံထားသောအချက်များရှိသည်။

1. ဤပဋိညာဉ်ကို ဣသရေလများသာအဓိပ္ပါယ်ပြည့်စုံစွာသိမည်။ (Jeremiah 31;33-34; Hebrews 8:8).
2. ဤပဋိညာဉ်ကို ဣသရေလနှင့်သာပြုထားသည်။ This covenant was made with Israel alone.

a) ကျမ်းစာ၏စကားအရပေါ်လွင်ပါသည်။ From the language of the scriptures themselves.

b) ပဋိညာဉ်ဟောင်းပညတ်နှင့်ဆန့်ကျင်ဘက်ဖြစ်ခြင်း။ (Leviticus 26:46; Romans 2:14).

c) ပဋိညာဉ်သစ်သည် ဣသရေလအမျိုးသားအဖြစ်အစဉ်တည်တံ့နိုင်ရေး၊ ထိုနယ်မြေ ပြန်လည်ပိုင်စိုးရေးနှင့် ဆက်စပ်နေပါ သည်။ The NEW covenant is linked with the perpetuity of Israel as a nation and her restoration to the land (Jeremiah 32:41; Ezekiel 36:34-35).

C. အချိန်နာရီသည် အနာဂတ်အတွက်ရှိနေသေးသည်။ The TIME is still in the future.

1. ဓမ္မဟောင်းအချိန်ကကဲ့သို့ ပင်မြင်နေကြပါသည်။
2. အတိအကျ ကြိုတင်ပြောထားချက်များရှိပါသည်။ ဣသရေလလူမျိုးများကို စုစည်း (GATHERED), သိမ်းသွင်း (RESTORED) ကာ, လူသစ်ဖြစ်ခြင်း(REGENERATED)သို့ ရောက်မည်။ (Jeremiah 32:37-41).
3. လူသမိုင်းတွင် ထိုသို့ အစီစဉ်တကျမှတ်တမ်း မတွေ့ရပါ။ History records NO such sequence.
4. သမ္မာကျမ်းစာကျမ်းညွှန်းများအရ ဤပဋိညာဉ်၏ပြည့်စုံခြင်းတို့သည် အနှစ်တစ်ထောင်ကာလ၌ ဖြစ်မည်ဟု ဖော်ပြ ထားပါသည်။ (Ezekiel 37:24-28).
5. ခရစ်တော်သည် အရင်ကြွလာရမည်။(Romans 11:26-27)ဤပဋိညာဉ်သည် ပဋိညာဉ်သစ်ဖြစ်ရပါမည်။ အကြောင်းမှာ ထိုပဋိညာဉ်သစ်၌သာ အပြစ်ဖြေလွှတ်ခြင်း အကြောင်း ဖော်ပြပါရှိသည်။

VII. CHRIST AND THE NEW COVENANT - ခရစ်တော်နှင့်ပဋိညာဉ်သစ်။

A. ခရစ်တော်သည် အသင်းတော်၏သခင်နှင့်ကယ်တင်ရှင် (Church's Lord and Savior.) ဖြစ်သကဲ့သို့ ဣသရေလလူတို့အတွက်မေရှိယသခင် (Israel's Messiah) ဖြစ်နေကြောင်းကို သတိပြုရပါမည်။
B. တစ်ပါးအမျိုးသားတို့အား ကယ်တင်ခြင်းတရားဟောခြင်း၊ အသင်းတော်ကာလကို တည်ထောင်ခြင်းသည် ယုဒလူတို့အားမေ့ပျောက်ခြင်း၊ဣသရေလလူတို့အားထားရစ်ခြင်းမဟုတ်ပါ။(Acts 15:14-16; Romans 11:25-27).
C. ခရစ်တော်၏ပူဇော်သက္ကာသည် ထိုပဋိညာဉ်ကို တံဆိပ်ခတ်လျက်အာမခံထားပါသည်။အပြစ် ဖြေလွှတ်ခြင်း ပါဝင်ပါသည်။ (Hebrews 9:11-22; 10:11-18, note verse 16)!
D. ခရစ်တော်သည်ထိုပဋိညာဉ်၏အာမခံဖြစ်သည်။ (Hebrews 9:15).
E. မည်သည့်အချိန်တွင်စတင်အကောင်အထည်ဖော်မည်နည်း။ (Acts 15:14-17; Romans 11:26-27)

VIII. THE CHURCH AND THE NEW COVENANT The views of Darby, Chafer, and Scofield. အသင်းတော်နှင့်ပဋိညာဉ်သစ်ကို ကျမ်းတတ်ပုဂ္ဂိုလ်များရှုမြင်ပုံ။

A. ပဋိညာဉ်သစ်တွင် ဣသရေလလူတို့အား ပြုထားသောကတိတော်များ ယခု အသက်ဝင်ပြီဟု ကျမ်းစာတွင် ဖော်ပြချက် တစ်စုံတစ်ရာ မတွေ့ရှိရပါ။
B. အသင်းတော်နှင့် ယုံကြည်သူသည် တစ်ပါးတည်းသော (MEDIATOR)အာမခံသခင်နှင့်ဆက်နွယ်လျက် ထိုကတိ တော်နှင့်ကောင်းကြီး မင်္ဂလာများကို ဆက်ဆံနေရပါသည်။
C. ကိုယ်တော်၏ပူဇော်သက္ကာသည် လူတို့ ၏အပြစ်အားလုံးတို့အတွက် ဖြစ်ပါသည်။ (Hebrews 10:12).
D. ထို အသွေးသည်ပင် ကျွန်ုပ်တို့၏ရွေးနှုတ်ခြင်းကို ဖြစ်စေပါသည်။ (Hebrews 9:12; Ephesians 1:7).
E. ကတိတော်၌ပါရှိသော သန့်ရှင်းသောဝိညာဉ်တော်နှင့် အသစ်သောအသက်တာကို ယုံကြည်သူတို့ အားပေးသနား တော်မူပါသည်။ (Acts 1:8; Ephesians 5:18; John 3:3; Titus 3:5-6).
F. အာဗြဟံ ပဋိညာဉ်ကဲ့သို့ပင် ဤပဋိညာဉ်၌လည်း အသင်းတော်သည် ပဋိညာဉ်တရားအောက်၌မရှိ လျက်ပင် ကောင်းကြီး မင်္ဂလာကိုရယူခံစားနေရပါသည်။ (Ephesians 2:11-19).

IX. ITS PROPHETIC IMPLICATIONS - အနာဂတ်ကာလအတွက်ကြိုတင်ဟောပြောချက်။

A. ဣသရေလသည် အမှန်ပင်ပြန်လည်ထူထောင် (restored), ထိန်းသိမ်း (preserved), တည်ထောင် (established)၊ ပြောင်းလဲ (converted) ပြီး နိုင်ငံ (NATION) အဖြစ် အမြဲရပ်တည်ရမည်။
B. ပါလတိန(ပါလက်စတိုင်း)သည် ပြန်လည်တည်ဆောက်ရမည်။ အစဉ်သဖြင့် အမွေခံရပြည်ဖြစ်ရမည်။
C. ခရစ်တော်သည် ဣသရေလလူတို့၏ဘုရင်အဖြစ် အစဉ်အမြဲစိုးစံရန် နောက်တဖန် ကြွလာရမည်။
D. ထာဝရရာဇပလ္လင်ကို တည်ထောင်တော်မူသည်။ An everlasting THRONE must be set up.
E. ထာဝရနိုင်ငံတော် တည်ထောင်ရမည်။ An everlasting KINGDOM must be established.
F. ထာဝရပဋိညာဉ်သည်အမှန်ပြည့်စုံရမည်။An everlasting COVENANT must be secured and fulfilled.
G. ထာဝရကောင်းကြီးမင်္ဂလာကို ခံစားစံစားရမည်။ Everlasting BLESSINGS must be enjoyed.

♦ အသင်းတော်၏မျှော်လင့်ခြင်းနှင့် ဣသရေလလူတို့၏မျှော်လင့်ခြင်း ခြားနားပုံ။

- The Church – အသင်းတော်သည်ကယ်တင်ခြင်းရပြီးဖြစ်၍ ကောင်းကင်သို့ချီဆောင်ခံမည်။
- Israel – ဣသရေလသည် ကယ်တင်ခြင်းရ၍ မြေကြီးပေါ်၌ တည်ဆောက်ခြင်းရှိရမည်။

ခေတ်အဆက်ဆက်အတွက် ဘုရားသခင်၏ အကြံအစည်တော် အပိုင်း-၂ မေးခွန်းများ - သင်ခန်းစာ (၃၄)

1. Palestinian Covenant ကို Israel နှင့် ပြုရသည့်အချက်ကိုရွေးပါ။ (၆-မှတ်)
a. သိနာတောင်၌။ at Mount Sinai.
b. ကတိတော်မြေအားဝင်စားဖို့ အတွက်။ about to enter the Promised land.
c. ပါလက်စတိုင်းအရေးအခင်းဖြေရှင်းခြင်း။ getting settled in Palestine.

2. Palestinian Covenant အရေးပါမှုကိုရွေးပါ။ (၆-မှတ်)
a. ၎င်းသည်အခြေအနေကိုမူမတည်ပါ။ it was unconditional.
b. ၎င်းသည် ပါလက်စတိုင်းဒေသကိုပိုင်ကြောင်းအတည်ပြု။ it reaffirmed Israel's title deed to Palestine.
c. ဘုရားရှင်စကားနားထောင်လျှင် သူတို့ကို ပါလက်စတိုင်းနိုင်ငံထူထောင်ခွင့်ပေးမည်။ God would give them the land of Palestine if they obeyed Him.

3. Palestinian covenant တွင်ပါသော သတိပေးချက်ကိုရွေးပါ။ (၆-မှတ်)
a. ဘုရားရှင်သည် စကားနားမထောင်လျှင်ထိုနယ်မြေမှသူတို့ကိုဖယ်ရှားမည်။God would remove them from the land if they became unfaithful to God.
b. ဘုရားရှင်သည် စကားနားမထောင်လျှင် ထိုနယ်မြေကို အပြီးအပိုင်သိမ်းယူမည်။God would take away their land permanently if they were unfaithful to God.
c. ဘုရားရှင်သည် ထိုပဋိညာဉ်ကို ဖျက်သိမ်းမည်။ God would cancel the covenant.

4. ယေဇကျေလ ၁၆ Ezekiel 16 တွင်ဖေါ်ပြထားသည့် ဣသရေလလူမျိုးများကွဲလွင့်သွားခြင်း Israel's dispersion ကိုရွေးပါ။ (၇-မှတ်)
a. အစ္စရေးတို့ကို အပြီးအပိုင်ငြင်းပယ်ခြင်း။a permanent rejection of Israel.
b. အစ္စရေးတို့ကို နောက်ဆုံးငြင်းပယ်ခြင်းမဟုတ်ပါ။ not a final rejection of Israel.
c. အစ္စရေးတို့ ခရစ်တော်အပေါ်ငြင်းပယ်ခြင်းကို ပုံဖေါ်သည်။ a picture of Israel's rejection of Christ.

5. 2 Samuel 7:8-17 တွင် ဖေါ်ပြချက်ကို ရွေးပါ။ (၇-မှတ်)
a. ပါလတိနပဋိညာဉ် the Palestinian Covenant.
b. ဒါဝိဒ်ပဋိညာဉ် the Davidic Covenant.
c. ဣသရေလပဋိညာဉ် the Israelitic Covenant.

6. The Davidic Covenant ကို မည်သူ့ အတွက်ပြုခဲ့သည်ကိုရွေးပါ။(၇-မှတ်)
a. ဒါဝိဒ်မင်းကြီး King David.
b. ဣသရေလနိုင်ငံ the nation of Israel.
c. ဒါဝိဒ်၏မျိုးရိုးစဉ်ဆက် David's family in perpetuity.

7. Davidic Covenant ၏ကတိပေးချက်ကိုရွေးပါ။(၇-မှတ်)
a. ဒါဝိဒ်၏မျိုးနွယ်သည် မပျက်သုဉ်းရ။ the house or lineage of David would never die off.
b. ဒါဝိဒ်နှင့်မျိုးနွယ်မှနှစ်ရာချီအုပ်စိုးမည်။ David and his family would rule Israel for many hundreds of years.
c. ဘုရားရှင်စကားနားထောင်လျှင် ဒါဝိဒ်မျိုးရိုးထာဝရစိုးမိုးမည်။ David's house would rule forever if they continued to obey God.

8. ဒါဝိဒ်၏တဲတော်အားဖြင့် By the House of David ဟူသော ကျမ်းစာ၏ဆိုလိုချက်ကိုရွေးပါ။(၇-မှတ်)
a. ယုံကြည်သူများ။ the household of Faith (all believers).
b. အသင်းတော် the CHURCH.
c. ဒါဝိဒ်နှင့်သူ၏မျိုးဆက်။ David and his descendents.

9. Davidic Covenant မ ပြည့်စုံဖို့ ငြင်းပယ်ခံရသည့်အချက်ကိုရွေးပါ။(၇-မှတ်)
a. နှစ်တထောင်အုပ်စိုးခြင်း အကြိုကာလ။ the pre-millennialists.
b. နှစ်တထောင်အုပ်စိုးခြင်း ကာလ။ the a-millennialists.
c. နှစ်တထောင်အုပ်စိုးခြင်း အလွန်ကာလ။ the post millennialist.

10. The Davidic Covenant ကိုရွေးပါ။(၇-မှတ်)
a. အခြေအနေပေါ်မူတည်သည်။ conditional.
b. အခြေအနေပေါ်မူမတည်ပါ။ unconditional.
c. အခြေအနေ ၂-ခုစလုံးအပေါ်မူတည်သည်။ partly conditional and partly unconditional.

11. The New Testament ဓမ္မသစ်ကျမ်းတွင် ဒါဝိဒ်နှင့်ပတ်သက်၍ ၅၉ ကြိမ်ဖော်ပြထားသော်လည်း၊ Father's throne နှင့်ပတ်သက်မှုမရှိပါ။ ဤဆိုလိုချက်ကိုရွေးပါ။(၆-မှတ်)
a. ယေရှုဘုရား၊ယောဟန်နှင့်သူတော်စင် ၇၀-ဖော်ပြသော နိုင်ငံသည် မြေကြီးနိုင်ငံဖြစ်သည်။ the kingdom offered by Jesus, John and the seventy was an earthly kingdom.
b. ဒါဝိဒ်၏အိမ်တော်သည် အသင်းတော်ကိုဆိုလိုသည်။ the House of David is the CHURCH.
c. ယေရှုဘုရား၏နိုင်ငံတော်သည် ကောင်းကင်နိုင်ငံတော်ကိုဆိုလိုသည်။ the kingdom offered by Jesus is a spiritual kingdom.

12. New Covenant အကြောင်းဖော်ပြသည့် ကျမ်းပိုဒ်ကိုရွေးပါ။(၆-မှတ်)
a. 2 Samuel 7:8-17.

b. Deuteronomy 30:1-10.

c. Jeremiah 31:32.

13. ပဋိညာဉ်သစ် New Covenant ၏သဘောသဘာဝကိုရွေးပါ။(၇-မှတ်)

a. အခြေအနေပေါ်မူမတည်သော၊ အမှန်တကယ်ဖြစ်သော။ ထာဝရတည်တံ့သော (unconditional, literal and everlasting.)

b. အခြေအနေပေါ်မူတည်သော၊ အမှန်တကယ်ဖြစ်သော။ ထာဝရတည်တံ့သော (conditional, literal and everlasting.)

c. အခြေအနေပေါ်မူတည်သော၊ ဝိညာဉ်သဘောဖြစ်သော၊ ထာဝရတည်တံသော (conditional, spiritual and everlasting.)

14. မည်သည့်အချိန်တွင် New Covenant ပြည့်စုံမည်နည်း။(၇-မှတ်)

a. အသင်းတော်၌ပြည့်စုံခဲ့သည်။ It was fulfilled in the Church.

b. အစ္စရေးနိုင်ငံတွင်ပြည့်စုံလိမ့်မည်။ It will be fulfilled in the nation of Israel.

c. အနှစ်တထောင်နိုင်ငံတော်ကာလတွင်ပြည့်စုံလိမ့်မည်။ It will be fulfilled during the millennium.

15. တပါးအမျိုးသားများကို ဧဝံဂေလိတရား ပေးခဲ့သည် “The Gospel has been offered to the Gentiles” ဟူသော အဓိပ္ပါယ်ကိုရွေးပါ။(၇-မှတ်)

a. အစ္စရေးလူမျိုးကို ဘုရားရှင်မေ့လိုက်ပြီ။ that God has forsaken Israel.

b. ဧဝံဂေလိတရားသည် ဂျူးလူမျိုးနှင့် တပါးအမျိုးသားတို့ အတွက်ဖြစ်သည်။။ that the Gospel is for both Jews and Gentiles.

c. တပါးအမျိုးသားတို့ အတွက် ခရစ်တော်သည် အာမခံတစ်ဦးဖြစ်သည်။ ဂျူးတို့ အတွက် ဘုရားရှင်ကိုချဉ်းကပ်ရန်ဗိမာန်တော်ရှိသည်။ that Christ is the mediator only for the Gentiles. The Jews have their temple for approaching God.

သင်ခန်းစာ (၃၅)၊ နောက်ဆုံးသောကာလ
"The Times of the Gentiles" – May Soon Be Fulfilled

နိဒါန်း - Introduction

သင်ခန်းစာ (၉)တွင် အသင်းတော်ချီဆောင်ခြင်း (Rapture of the Church) အကြောင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ကြသည်။ ဤအချိန်၏နေ့ရက်သည် မည်သည့်အချိန်တွင်ဖြစ်မည်ကို သတ်မှတ်နိုင်ခြင်းမရှိပါ။ ကြိုတင်၍ ပရောဖက် ပြုထားသော အရာများသည် အမှန်ဖြစ်လာသည့် နေ့ရက်မတိုင်မီ မည်သူမျှ သိနိုင်စွမ်းမရှိပါ။ ထို အရာတို့ ပြည့်စုံလာမည့် အချိန်ကို မျှော်လင့်လျက် အစဉ်သဖြင့် ပြင်ဆင်ထားရန် ဘုရားသခင်အလိုရှိပါသည်။

အသင်းတော်အား ချီဆောင်ခြင်းသည် သခင်ဘုရား၏နေ့ကိုငင်း (The Day of the Lord)၊ အန္တိခရစ်ကိုငင်း (The Rise of the Antichrist)၊ ဒံယေလ ဖော်ပြထားသော ခုနစ်ဆယ်မြောက်သီတင်းကိုငင်း (the beginning of The 70th Week of Daniel)၊ ဘေးဒဏ်ကြီးကာလကိုငင်း (The Tribulation)၊ နောက်ဆုံး စစ်ပွဲကြီး ဖြစ်သော အာမဂေဒုန်စစ်ပွဲကိုငင်း(Battle of Armageddon) တစ်ဆက်တည်း ခေါ်ဆောင်လာပါသည်။

ခရစ်တော်သည် ဘုန်းတော် ထင်ရှားလျက် ကြွလာတော် မမူမီ ဤကမ္ဘာ၌ဖြစ်ပျက်မည့်အရာများကို ဤ သင်ခန်းစာတွင် အသေးစိပ်ဖေါပြနိုင်ရန် ပြင်ဆင်ထားပါသည်။ ဤအဖြစ် အပျက် တခုချင်းကို သင်ခန်းစာ တစ်ခု စီအဖြစ်ပြင်ဆင်နိုင်ပါသည်။ သို့ရာတွင် ဤအရာများကို ရှင်းလင်းနားလည်နိုင်ရန် ရည်ရွယ်လျက် အတိုချုပ် ထားပါ သည်။

ဤသင်ခန်းစာအရေးကြီးပုံ - Importance of this Lesson

- ဤသင်ခန်းစာတွင် သခင်ဘုရား၏နေ့ (Day of the Lord), အန္တိခရစ် (The Anti-Christ), ဘေးဒဏ်ကြီး ကာလ (The Coming Tribulation), ဒံယေလ၏ခုနစ်ဆယ် မြောက်သီတင်း(The 70th Week of Daniel) နှင့် အာမဂေဒုန်စစ်ပွဲ (Battle of Armageddon) အကြောင်းကို ပြင်ဆင်ထားသည်။

- "အဝေးဆုံးကို မြင်နိုင်သော သူသည် အသင့်တော်ဆုံး နေထိုင်နိုင်လိမ့်မည်" "the man who can see the farthest lives the best." ဟု ကျွန်ုပ်တို့ ယုံကြည်လက်ခံ ထားသည်။ ပရောဖက်များဟောကြားသော အနာဂတ်ကျမ်းတို့ကို ပိုမိုနားလည်လေလေ၊ ယခုခေတ်ကာလအကြောင်းကို ပိုမိုနားလည်လေလေဖြစ်မည်။

- "အနာဂတ်ကျမ်းစကားတို့ကို ပိုင်ဆိုင်နိုင်ခြင်းသည်" ခိုင်ခန့်သော ယုံကြည်ခြင်းကို ရရှိခြင်း၊ ကမ္ဘာကြီးပြိုလဲ နေချိန် ရပ်တည်နိုင်သော ကျောက်ဆောင်၊ ခိုင်မာသော ယုံကြည်မျှော်လင့်ခြင်း၊ ကမ္ဘာလူသားတို့ နားမလည် ကြဲစည်၍ မမှီနိုင်သော ငြိမ်သက်ခြင်း၊ ကြိုတင်၍ ဝမ်းမြောက်ခြင်းတို့ ဖြစ်ပါသည်။

- အနာဂတ်ကျမ်းစကားတို့ မှန်ကန်မှုကို အရာမရောက်အောင် ပြောဆို ဆန့်ကျင်နေသူရှိနေသော်လည်း သတိပြုဖို့ လိုအပ်သည်မှာ သမ္မာကျမ်းစာတွင် အနာဂတ်စကားတို့သည် အများစုအဖြစ် အဓိကအင်အားအဖြစ် ပါဝင်နေကြောင်းဖြစ်သည်။

❖ ကြိုတင် သတိထားခြင်းသည် ကြိုတင်လက်နက်တပ်ဆင်ထားခြင်း (To be forewarned is to be forearmed.) ဖြစ်သည်။ ထိုသို့ကြိုတင်သိထားခြင်းအားဖြင့် မယုံကြည်သူတို့အား "ကျရောက်လတ္တံသော ဘေးမှ ရှောင်ကွင်းနိုင်ရန်" သစ္စာရှိစွာ၊ လိမ္မာပါးနပ်စွာ သတိပေးနိုင်မည် ဖြစ်ပါသည်။

သင်ခန်းစာ (၃၅)

I. ထာဝရဘုရား၏နေ့ - THE DAY OF THE LORD

A. ခရစ်တော်၏နေ့ရက်(the Day of Christ)နှင့် သခင်ဘုရား၏နေ့ (the Day of the Lord)တို့သည် များစွာကွဲပြားခြားနားကြောင်းကို သမ္မာကျမ်းစာ လေ့လာသူ အနေဖြင့် သတိပြုရပါမည်။

1. ခရစ်တော်၏နေ့ရက် (The Day of Christ) သည် အသင်းတော်အား ချီဆောင်ခြင်း (Rapture of the Church)၊ ခရစ်တော်၏ တရားပလ္လင် (Judgment Seat of Christ) နှင့် သက်ဆိုင်ပါသည်။ (Philippians 1:6,10; 2:16; 1 Corinthians 1:7-8; 3:13; 2 Corinthians 1:14; 2 Timothy 1:18; 4:8).

2. သခင်ဘုရား၏နေ့ (The Day of the Lord)သည် ချီဆောင်ခြင်းမှ ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ထူထောင် ခြင်း တို့အကြား ကာလဖြစ်သည်။ (2 Thessalonians 2:2; 2 Peter 3:10; Joel 1:15; Zechariah 14:1-4)။ ဤကျမ်းချက်များ၏ ဖော်ပြချက်တို့တွင် ခရစ်တော်၏ ဒုတိယအကြိမ် ကြွတော်မူခြင်းနှင့် အနှစ်တစ်ထောင် ကာလကြီးကိုပါ သက်ဆိုင်နေပါသည်။ (Revelation 21:1).

B. (2 Thessalonians 2:2) တွင် ဖေါ်ပြထားသော ခရစ်တော်၏ နေ့ရက် (The Day of Christ) သည် သခင်ဘုရား၏နေ့ (the Day of the Lord) အဖြစ် သိထားသင့်သည်။

1. (2 Thessalonians) ကို ရေးသားရာတွင် ထိုခေတ်ယုံကြည်သူတို့အား "ချီဆောင်ခြင်း" သည် ရောက်လာခြင်းမရှိသေးကြောင်း ကြောက်မက်ဘွယ်ဖြစ်သော "သခင်ဘုရား၏နေ့" သို့ ရောက်ရှိခြင်း မရှိသေးကြောင်း စိတ်ချ နိုင်ရန် အာမခံရေးသားခြင်း ဖြစ်ပါသည်။ (2 Thessalonians 2:1-8).

2. ထာဝရဘုရား၏ နေ့ရက်မရောက်မီအရာ (၂)ခုသည် ဖြစ်ပွားလိမ့်မည်ဖြစ်ကြောင်းကို အငယ်-၃ ၌ ဖော်ပြထား ပါသည်။

a) ဖောက်ပြန်သင်းခွဲခြင်း၊("The falling away" or "the departure,") ဟုဆိုရာတွင်စစ်မှန်သော ယုံကြည်သူနှင့်မယုံကြည်သူကိုခွဲခြားသည့် အသင်းတော်ချီဆောင်ခြင်း (Rapture of the Church) ကိုဆိုလိုသည်။

b) ဒုစရိုက်လူတည်းဟူသော ပျက်စီးခြင်း၏သား (Man of Sin) ဖြစ်သော အန္တိခရစ်သည် ပေါ်လာမည်။

C. The Day of the Lord ဟူသော စကားလုံးသည်ဓမ္မဟောင်းကျမ်းစာတွင် အသုံးပြုထားသော ဝေါဟာရ ဖြစ်ပါသည်။

1. ၎င်းစကားလုံးကို ဓမ္မဟောင်းကျမ်းစာတွင် ၇၅ ကြိမ်ထက်မနည်း တွေ့ရှိရပါသည်။

2. ဓမ္မဟောင်းကျမ်းပါ ပရောဖက်ကြီးများသည် အသင်းတော် ချီဆောင်ခြင်း (Rapture)ကို မမြင်ခဲ့ပါ။ သူတို့သည် ခရစ်တော်သည် တန်ခိုးတော် နှင့်ကြွလာတော်မူခြင်း (Christ in power) အန္တိခရစ်ပေါ်လာခြင်း (Antichrist) ၊ဘေးဒဏ်ကြီးကာလကျရောက်ခြင်း (tribulation)၊အနှစ်တစ်ထောင်စိုးစံခြင်း (millennium)

တို့ ကိုမြင်ခဲ့ကြသည်။

3. (Joel 1:15) တွင် သခင်ဘုရား၏ နေ့ (Day of the Lord)ကို “ထာဝရဘုရား၏နေ့ရက်၊အနန္တတန်ခိုးနှင့် ဖျက်ဆီးခြင်းဘေး” “a (day) of destruction from the Almighty.” ဟု ရေးထား ပါသည်။

D. လူသားများနှင့်နိုင်ငံများတို့၏အရေးတို့တွင်ထာဝရဘုရားသခင်သည်ကိုယ်တိုင်စတင်ဝင်ရောက်စွက်ဖက်ပါ ဝင်ခြင်းဖြစ်ပါသည်။ အစပြုသောနေ့ မှာ ခရစ်တော်၏ နေ့တည်းဟူသော ချီဆောင်ခြင်း (The Day of Christ or the Rapture) (1 Corinthians 1:8; Philippians 1:6),ဖြစ်ပြီး၊ အဆုံးသတ်သောနေ့ မှာ “ဘုရားသခင်၏နေ့” “The Day of God” (2 Peter 3:12)၊ ပလ္လင်ဖြူကြီးတရားစီရင်ခြင်း (အပြစ်သားများအတွက်သာ) “judgment of The Great White Throne” နှင့် ကောင်းကင်သစ်နှင့် မြေကြီးသစ် ပေါ်လာခြင်း တို့ ဖြစ်သည်။

II. အန္တိခရစ်။ THE ANTICHRIST

“ဒုစရိုက်လူ” “ပျက်စီးခြင်း၏သား” “man of sin,” “that wicked one,” သည် အသင်းတော်အား ချီဆောင်ခြင်း မပြုမီကာလအထိထင်ရှား ပေါ်ထွက်လာခြင်းမရှိသေးသည်ကို သတိပြုရပါမည်။ (2 Thessalonians 2:1-3) “ဆီတားသောသူ” သို့မဟုတ် “တားဆီးသောသူ” (သန့်ရှင်းသော ဝိညာဉ်တော်သည် လောကမှ ရုပ်သိမ်းပြီး သောအခါ ပေါ်လာမည်ဖြစ်သည်။ (2 Thessalonians 2:6-8)။ ကမ္ဘာတွင် ယခုမြင်ရသော အကြီးအကဲ၊ ခေါင်းဆောင်ကြီးများအား အန္တိခရစ်ဖြစ်သည်ဟု သတ်မှတ်ခြင်းသည် မိုက်မဲမှုသာ ဖြစ်ပါသည်။ ခရစ်ယာန်များ သည် ခရစ်တော်ပေါ်လာခြင်းကို စောင့်မျှော်ရမည်ဖြစ်ပါသည်။ အန္တိခရစ် ပေါ်လာခြင်း ကို စောင့်မျှော်ရမည် မဟုတ်ပါ။

A. ငွေကြေးစနစ်အရသော်ငှင်း(Monetarily)၊ ကိန်းဂဏန်းအရငှင်း(numerically)၊ လူမှုရေးအရငှင်း(socially)၊ ဘာသာစကားအရငှင်း (linguistically)၊ နိုင်ငံရေးအရငှင်း (politically)၊ ကမ္ဘာကြီးသည် ကမ္ဘာ့အစိုးရ (one-world government) ပေါ်ပေါက်လာရေးအတွက် လျင်မြန်စွာ ဦးတည်လျက်ရှိ ပါသည်။ ထိုအစိုးရကို အာဏာရှင်တစ်ဦးက အာဏာသိမ်းခြင်းကို သမ္မာကျမ်းစာတွင် “သားရဲ” “The Beast” သို့မဟုတ် အန္တိခရစ် ဟု ခေါ်ထားပါသည်။

B. The Reality of His Existence – ထိုသူအမှန်ရှိကြောင်း အထောက်အထား။
ထိုသူသည် အမှန်ပင် ရှိကြောင်းကို သမ္မာကျမ်းစာထဲ၌ ဓမ္မဟောင်းကျမ်း၊ ဓမ္မသစ်ကျမ်းတို့တွင် အထပ်ထပ် အမည် အမျိုးမျိုးဖြင့် ခေါ်လျက် အတည်ပြုထားပါသည်။

1. ဓမ္မဟောင်းကျမ်းတွင် သူ့ အားခေါ်သည့်အမည်များမှာ…….

a) နောက်မှလာသောသခင် - The prince that shall come (Daniel 9:26).
b) ရွံရှာဘွယ်သောအရာ - The abomination desolation (Daniel 9:27).
c) ချိုငယ် - The little horn (Daniel 7:8).
d) ရဲရင့်သောမင်းကြီး - The king of fierce countenance (Daniel 8:23).
e) မိမိအလိုပြေသော အရှင်ဘုရင် - The willful king (Daniel 11:36).
f) အရှုရိလူ - Possibly the Assyrian (Isaiah 10:5-12).
g) ဗာဗုလုန်ရှင်ဘုရင် - The king of Babylon (Isaiah 14:2).

h) မိုက်သောသိုးထိန်း - Idol shepherd (Zechariah 11:16-17).

2. ဓမ္မသစ်ကျမ်းတွင် သူ့အားခေါ်သည့်အမည်များမှာ…….

a) ဒုစရိုက်လူ - The man of sin (2 Thessalonians 2:3).
b) ပျက်စီးခြင်း၏သား - The son of perdition (2 Thessalonians 2:3).
c) အဓမ္မလူ - That wicked one (2 Thessalonians 2:8).
d) ဖျက်စီးတတ်သော ရွံရှာဘွယ်အရာ - The abomination desolation (Matthew 24:15).
e) အန္တိခရစ် - The Antichrist (1 John 2:18, 22).
f) သားရဲ - The Beast (Revelation 13:1-4).

C. အန္တိခရစ်သည် မည်သည့်အချိန်တွင် ပေါ်လာမည်နည်း။ When will he appear?

1. သူသည် အဆုံးစွန်သောကာလ “the latter time” of Israel’s history (Daniel 8:23)၌ပေါ်လာမည်။
2. ရောမအင်ပါယာဟောင်းကိုပြန်လည်ထူထောင်ပြီးနောက်ပေါ်လာမည်။(Daniel 7:7-8; Revelation 13:1-2
3. ဒံယေလ၏ခုနစ်ဆယ်မြောက်သီတင်း၌ ကြာသရေလမိတ်ဆွေအဖြစ်ဟန်ဆောင်ပေါ်မည်။ (Daniel 9:27).
4. အသင်းတော်ချီဆောင်ပြီးနောက်ပေါ်လာမည်။ (2 Thessalonians 2:1-3)။ဆီးတားသောသူ (သန့်ရှင်းသောဝိညာဉ်တော်) အား ဖယ်ရှား ပြီးမှသာ ပေါ်လာနိုင်မည်ဖြစ်ပါသည်။ (2 Thessalonians 2:6-8).

D. အန္တိခရစ်သည် မည်သည့်အရပ်ကလာပါသနည်း။ Where does he come from?

1. ရောမအင်ပါယာဟောင်းကို ပြန်လည်ထူထောင်ထားသော နိုင်ငံတစ်နိုင်ငံမှ ပေါ်လာမည်ဖြစ်ပါသည်။ (Daniel 7:8, 24-25) ထိုသူသည်တစ်ပါးအမျိုးသား (Gentile) ထဲမှ ဖြစ်မည်ဟု အချို့က ယုံကြည်ထားပါသည်။
2. သူသည် ရောမနိုင်ငံသားခံယူထားသူ ဂျူးအနွယ် (Jewish descent) ဖြစ်ပြီး၊ ဆီးရီးယားနိုင်ငံမှ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြသည်။ (ဒံယေလ ၇ နှင့်၈)တွင် သူသည် ဆီးရီးယားနိုင်ငံ ကို အုပ်ချုပ်ခဲ့သော Antiochus Epiphanies of Syria (၁၇၅-၁၆၃ ဘီစီ) ကဲ့သို့ဖြစ်နိုင်ပါသည်။ ထိုသူသည် ယုဒလူတို့ကို မုန်းသူ ဖြစ်ပြီး သူတို့၏ ဝိမာန်တော်ကို ဖျက်ဆီခဲ့ပါသည်။

E. ကျွန်ုပ်တို့ သိသော အန္တိခရစ်၏ အကျင့်စရိုက်များမှာ……..

1. သူသည် စိတ်ကူးယဉ်သမားဖြစ်မည်။ He will be the epitome of man – the humanistic dream.
2. ဘဝင်မြင့်သူ၊စိတ်ကြီးဝင်သူဖြစ်မည်။ He will be a man of enormous pride – Daniel 11:36,38.
3. ဘုရားမဲ့သူ၊မိမိကိုဘုရားအရာ၌ထားသူဖြစ်မည်။(2 Thessalonians 2:4. Daniel 11:36-39)
4. စကားပြောအလွန်ကောင်းမည်။(Daniel 7:8) အလွန်သွေးဆောင်တတ်လိမ့်မည်။(Daniel 8:25) သူသည် လိမ္မာစွာ ပြုသဖြင့်။မုသားလည်း အောင်မြင်လိမ့်မည်။မိတ်သဟာယဖွဲ့သောအားဖြင့်ဖျက်ဆီးမည်။ (2 Thessalonians 2:9.)

5. သူသည် မုသာကို ပြောသူ လှည့်စားသူ ဖြစ်လိမ့်မည်။ (2 Thessalonians 2:9-10)။ မုသာနှင့် စပ်ဆိုင်သောထူးဆန်းသောတန်ခိုး၊နိမိတ်လက္ခာဏာ၊အံ့ဘွယ်သောအမှုအမျိုးမျိုးနှင့်ငင်း၊မတရားသော လှည့်ဖျားခြင်းအမျိုးမျိုးနှင့် ၎င်း လာလိမ့်မည်။

♦ ယနေ့တွင်ပင် အယောင်ဆောင်ဘာသာရေးခေါင်းဆောင်များ၏လှည့်စားမှုဖြစ်သော ခေတ်သစ်လှုပ်ရှားမှု (New Age Movement) ဖြင့် လူသန်းပေါင်းများစွာကို အလွယ်တကူ လှည့်စားသည်ကို သတိပြုပါ။

6. သူသည် စာတန်၏ ပညာ၊ အုပ်ချုပ်မှုနှင့်တန်ခိုးအာဏာဖြင့် လှုပ်ရှားလိမ့်မည်။ (၂ သက် ၂၊၉)။ "စာတန်ပြုပြင်သောအားဖြင့်"။ (ဗျာဒိတ် ၁၃၊၄)၊ "သားရဲ၌ အာဏာစက်ကို ပေးသောနဂါး (စာတန်)" ကို ကိုးကွယ်ကြ၏။ထိုသူသည် စိတ်ဆန္ဒအတွေးအခေါ် အလွန်လိမ္မာ၍ လူတို့က သူ့အား နားမလည်နိုင်ခြင်း၊ လှည့်ဖျားခြင်း၊ ထက်မြက် သွက်လက်ခြင်း၊ စာတန်ကိုယ်တိုင်၌ ရှိသောအရည်အချင်းများနှင့် ပြည့်စုံလိမ့်မည်။

F. အန္တိခရစ်၏ အာဏာအကျယ်အဝန်း (What will be the scope of his power?)

1. သူသည် ဥပဒေနှင့်ဓလေ့ထုံးစံကို ပြောင်းလဲစေနိုင်သော တန်ခိုးအာဏာရှိလိမ့်မည်။ (Daniel 7:25).
2. ကမ္ဘာစီးပွားရေးကို လုံးဝအုပ်စိုးလိမ့်မည်။ (Revelation 13:16-17).
3. ဘာသာရေးအပေါ်တွင် လုံးဝ ချုပ်ကိုင်လိမ့်မည်။ (Revelation 13).
4. သူသည် ဘုရားရှင်၏နာမတော်ကို ရှုံ့ချပြီး၊ သူ့ကိုယ်ကို ချီးမြှောက်မည်။ သူ၏ရုပ်တုကို လူအများအား ရှိခိုးစေမည်။ (2 Thessalonians 2:4 and Daniel 11:36).
5. "ပြည့်တန်ဆာ" "the great harlot." အမည်ရှိသော အတုအယောင် ဘာသာရေးစနစ် (apostate religious system)၏ အကူအညီဖြင့် သူသည်အာဏာကိုရယူမည်။ ထိုစံနစ်သည် သူ့အား စိုးမိုးရန် ကြိုးစားသည်။ ထိုအခါသူသည် ဘာသာရေးစနစ်ကို ဖျက်ဆီးသည်။ (Revelation 17:3, 16, 17).
6. သူ၏ တန်ခိုးအာဏာသည် မေရှိယနှင့် ယုဒလူ (Messiah and the Jews) တို့ကို တိုက်ရိုက်သက် ရောက်နေလိမ့်မည်။ (Revelation 12:4-6, 12-14; 13:7; see also Daniel 7:21,25; 8:24).

G. အန္တိခရစ်၏ ကျဆုံးခြင်း၊ ပျက်စီးခြင်းနှင့် နောက်ဆုံးခရီး။ (His downfall, destruction and destination.)

1. ဘေးဒဏ်ကြီးကလာ၌ထိုသူအုပ်စိုးသောကာလသည်သုံးနှစ်ခွဲကြာလိမ့်မည်။ (Revelation 13:5).
2. ဘေးဒဏ်ကြီးကာလ၏ အဆုံးတွင် စုစည်းထားသော တပ်ကြီးများ Jerusalem ကို သိမ်းပိုက်ပိုင်းရံ ချီတက်ကြ လိမ့်မည်။ (Zechariah 14:2).
3. အာမင်ဂေဒုန်စစ်ပွဲကြီးကို စတင်မည်။ (Revelation 16:13-16)။ ထိုစဉ် ခရစ်တော်သည် ကောင်းကင် တပ်ကြီးကို ခေါ်ဆောင်လျက်သားရဲနှင့် သားရဲ၏လူတို့အားစစ်တိုက်မည်။ သားရဲ၏တန်ခိုးကို ချိုးဖဲ့မည်။ (Revelation 19:15-19; 2 Thessalonians 2:8).
4. သားရဲကိုဖမ်း၍ မီးအိုင်ထဲသို့ ချပစ်မည်။ (Revelation 19:20).

III. ရောက်လတ္တံ့သော ဘေးဒဏ်ကြီးကာလနှင့် ဒံယေလ၏ သီတင်း ခုနှစ်ဆယ် THE COMING TRIBULATION AND THE 70TH WEEK OF DANIEL

ခရစ်တော်သည်(John 16:33) တွင် ကပ်ကာလအဆုံး၌ ဘေးဒဏ်ကြီးကာလ ကျရောက်မည်ဟု ကတိပြုထားသည်။ အသင်း တော်သည် အမှောင်ခေတ်နှင့် စပိန်လက်အောက်ကျရောက်စဉ်က(Dark Ages and under the Spanish inquisition)၊ ကြီးစွာသော ညှင်းဆဲခြင်းကိုခံရပြီးဖြစ်၍ မြောက်မြားစွာသော လူတို့သည်

အသင်းတော်၌ မကြုံဘူးသော ဘေးကြီး ကျရောက်လိမ့်မည့် အရေးကို ငြင်းပယ်လိုကြပါသည်။

သို့ရာတွင် လွန်ခဲ့သော အချိန်၌ ကျရောက်ခဲ့သော ဘေးဒဏ်များနှင့် မနှိုင်းယှဉ်သာသော၊ နူတ်ဖြင့် စာဖြင့် ပြောပြ၍ မရ လောက်အောင် ခက်ခဲသော မကြုံစဘူး အခက်အခဲသည် ဤကမ္ဘာပေါ်သို့ ကျရောက် ဦးမည် ဖြစ်ပါသည်။ (Daniel 12:1; Jeremiah 30:7; Matthew 24:15-21, 29; Revelation 7:14).

A. မည်သည့်အချိန်တွင်အစပြုသနည်း။ When does it begin?

1. အသင်းတော်ကို ချီဆောင်ပြီးဆီးတားထားသော ဝိညာဉ်ဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော်ကို ရုပ်သိမ်းပြီး နောက် အစပြုမည်။ (2 Thessalonians 2:1-8).
2. သခင်ဘုရားသည် ဘုန်းတန်ခိုးအာနုဘော်ဖြင့် ကြွလာတော်မမူမီ။ (Matthew 24:29-30).
3. ဒံယေလ၏ ခုနစ်ဆယ်ခုမြောက်သီတင်းအစပြုသောအချိန် (Daniel 9:20-27).

a) သီတင်းပတ်ကိုနှစ် အဖြစ်(speak of weeks as years) ပြောသည်။ (Genesis 29:27-28, 30).

b) သီတင်း(၆၉) ပတ် ကြာပြီးနောက် မေရှိယသည် သတ်ဖြတ်ခြင်းခံရမည်။ ယေရုရှလင်မြို့သည်ဖျက်ဆီးခြင်းခံရမည်။ (အေဒီ ၇၀)။ တနည်းအားဖြင့် ဒံယေလမြင်သော သီတင်း ၆၉ နှင့် ၇၀ အကြားကာလ ဖြစ်လိမ့်မည်။

c) သီတင်းပတ်သည် ကာသရေလလူတို့နှင့် အန္တိခရစ် ချုပ်ဆိုသော စာချုပ်အားဖြင့် အစပြုမည်။ သုံးနှစ်ခွဲ ကြာသောအခါ ထိုစာချုပ်ပျက်မည်။ ကျန်သုံးနှစ်ခွဲနှစ်သည် “ဘေးဒဏ်ကြီးကာလ” ဖြစ်သည်။ (မဿဲ ၂၄း၁၅) တွင် ဖော်ပြထားလျက် ပြည့်စုံခြင်းမရှိသေးပါ။ ခရစ်တော်သည် နောင်တွင်ဖြစ်မည့် အရာဟု ဖော်ပြထားပါသည်။

B. ဘေးဒဏ်ကြီးကာလ၏ အဓိကလက္ခဏာများ။

1. အမျက်တော်ဖလားကို သွန်းလောင်းရာကာလဖြစ်သည်။ It will be a time of poured out wrath:

a) ကာသရေလအပေါ် စာတန်၏အမျက်။ (Revelation 12:9, 12-13; Revelation 13:17).

b) ခရစ်တော်၏ အမျက်တော်။ (Revelation 6:16-17).

c) ဘုရားမဲ့သော သူတို့အပေါ်ခမည်းတော်၏ အမျက်။ခရစ်တော်ကို ငြင်းပယ်၍ သားရဲ၏ အမှတ်တံဆိပ်ကို ခံသောသူတို့အပေါ် ထွက်သောအမျက်။ (Revelation 14:9-11; 15:7; 16:1-12; Luke 21:23).

2. လူမျိုးနိုင်ငံများနှင့် ကာသရေလလူမျိုးအပေါ် တရားစီရင်သော အချိန်ဖြစ်ပါသည်။ (Ezekiel 20:37-38; Revelation 3:10; 14:7; 16:1; Matthew 25:31-46).

3. သားရဲနှင့် မိစ္ဆာပရောဖက်တို့ ကြောက်မက်ဘွယ်ရာ ကြမ်းတမ်းစွာ အုပ်ချုပ်သောကာလ ဖြစ်သည်။ (Revelation 13:1-10 (note 5-7); Revelation 13:11-18 (note 14,16-17)).

4. နတ်ဆိုး၏ လှုပ်ရှားမှု ပြန့်ပွားနေသောကာလဖြစ်သည်။ (Revelation 16:13-14).

5. လူတို့ခံစားနေရသော ဝေဒနာ၊ ဆင်းရဲခြင်း၊ ပျက်စီခြင်းတို့သည် ရေတွက်တိုင်းတာ၊ ပြောဆို၍ မရသော ကာလ ဖြစ်လိမ့်မည်။

a) လူသားသည် နေ၏လောင်မြိုက်ခြင်းကြောင့် အပူလောင်ခြင်း၊ အံသွားခဲကြိတ်ခြင်း၊ ညည်းတွားခြင်း၊ သေရန် ဆုတောင်းခြင်း များ ပြုကြလိမ့်မည်။ (Revelation 16:8,10; 9:6).

b) လူသား သုံးပုံတပုံသည် ဖျက်ဆီးခြင်းခံရမည်။ (Revelation 9:18).

c) မြစ်ချောင်းများ သွေးအဖြစ်ပြောင်းမည်။ (Revelation 16:4), နေရောင်သည် မှောင်မိုက်လိမ့်မည်၊ လရောင်သည် သွေးရောင်ဖြစ်မည်။ (Revelation 6:12).

d) သစ်ပင်မြက်ပင်တို့၏ သုံးစုတစ်ခုသည် လောင်ကျွမ်းလိမ့်မည်။ (Revelation 8:7)။ ပင်လယ် ရေ သုံးစုတစ်စုသည် လူသေ၏ သွေးကဲ့သို့ဖြစ်လိမ့်မည်။ (Revelation 8:8; 16:3).

C. ဘေးဒဏ်ကြီးများ၏ အဓိကရည်ရွယ်ချက်များ။ What are the major purposes for the tribulation?

1. ဣသရေလလူတို့အား ဆုံးမ၍ မေရိုယအတွက် ပြင်ဆင်ရန်ဖြစ်သည်။(Read Ezekiel 20:37-38) ဤကာလသည် ယာကုပ်အမျိုး၌ အမှုရောက်သောနေ့ ဟုဖော်ပြထားပါသည်။ (Jeremiah 30:7)

2. ခရစ်တော်ကို ငြင်းပယ်လျက် သားရဲ၏ အမှတ်တံဆိပ်ကိုခံယူသော တစ်ပါးအမျိုးသားတို့ အား ဒဏ်ပေးရန် ဖြစ် သည်။(Revelation 16:2; Zechariah 14:3; Micah 5:15).

3. တစ်ပါးအမျိုးသားတို့၏ ကာလကို (Times of the Gentiles) အဆုံးသတ်ရန် ဖြစ်သည်။ (Luke 21:24; Acts 15:14-16).

D. မည်မျှကြာပါမည်နည်း။ How long will it last?

1. ဒံယေလ၏ ၇၀-ကြိမ်မြောက် သီတင်းပတ်-Daniel's 70th week (Daniel 9:20-27)။ သီတင်းတပတ် ကို ၇-နှစ်အဖြစ်ရေတွက်သည်။ "မင်း" "The Prince" သည် ဣသရေလ လူတို့နှင့် ပဋိညာဉ်ချုပ်ဆိုခြင်းဖြင့် အစပြုခဲ့ပြီး၊သီတင်းတစ်ပတ်ဖြင့် အတည် ပြုပါသည်။ ထို့ကြောင့်အဖြေမှာ နှစ်ဖြင့် ရေတွက်သော သီတင်းတပတ် (the answer is one week of years.) ဖြစ်ပါသည်။

2. ဘေးဒဏ်ကြီးကာလသည် ဒံယေလ၏ ၇၀-ကြိမ်မြောက် သီတင်းပတ်-Daniel's 70th week အဆုံးပိုင်းတစ်ဝက်တွင် ဤလောကသို့ ဝင်ရောက် လာမည် ဖြစ်ပါသည်။

a) ထို ၇- နှစ်အလယ်တွင် (middle of this 7-year period) "မင်း" "The Prince" သည် ဣသရေလလူ တို့နှင့်ပြုထားသော ပဋိညာဉ်ကိုဖျက်၍ ဗိမာန်တော်ကို ညစ်ညမ်းစေပြီး။ ယေရုရှလင်မြို့တွင် မိမိကိုယ်မိမိ ဘုရား အဖြစ် ကြေညာကာတည်ထောင်သည်။(Daniel 9:27; 11:37; Matthew 24:15-22; 2 Thessalonians 2:4).

b) ထို သုံးနှစ်ခွဲနှစ်ကာလကို သုံးမျိုးခွဲသည်။ This 3 ½ year period is presented in three ways:

1) ၁-ကာလ၊၂-ကာလ၊ကာလဝက်-Time, times, and half a time (Daniel 12:7; Revelation 12:14).

2) လလေးဆယ်နှစ်ပတ်လုံး Forty and two months (Revelation 11:2; 13:5).

3) ရက်ပေါင်းထောင်နှစ်ရာခြောက်ဆယ်။A thousand two hundred and threescore days(Revelation 12:6).

c) အာမဂေဒုံစစ်ပွဲကြီးဖြင့်အမြင့်ဆုံးအဆင့်သို့ ရောက်ပြီးနောက်၊ ခရစ်တော်ဘုန်းတန်ခိုးတော်ဖြင့်ကြွလာမည်။ It will climax with the Battle of Armageddon, followed by the return of Christ in power and glory.

IV. အာမဂေဒုန်စစ်ပွဲကြီး - THE GREAT BATTLE OF ARMAGEDDON

ခရစ်တော်နှင့်ဒံယေလတို့ ၂-ဦးစလုံးကကျွှာတွင်စစ်ရိပ်ငွေ့အမြဲသန်း နေမည်ဖြစ်ကြောင်းကြိုတင် ဟောထားသည်။ (Daniel 9:26; Matthew 24:6-8) ထို့အပြင် ယခုခေတ်ကာလသည် အာမဂေဒုံ စစ်ပွဲကြီးဖြင့် ဘေးဒဏ်ကြီးကာလအား အမြင့်ဆုံးအဆင့် ရောက်ရှိကာ ပြီးဆုံးမည်ဖြစ်ကြောင်း သမ္မာကျမ်းစာက သွန်သင်ထားပါသည်။ (Zechariah 12:2-3; 14:2; Revelation 16:13-16; 19:17-19).

A. အာမဂေဒုန်ဆိုသည်မှာ အဘယ်နည်း။ What is Armageddon?

1. ၎င်းသည် နတ်ဆိုး၏တန်ခိုး (demon power) သည် မြေကြီးသားအပေါင်း (nations of the earth) တို့အား စစ်တိုက်ခြင်းငှာ အာမဂေဒုံအရပ်၌စုရုံးသော အချိန် ဖြစ်ပါသည်။ နတ်ဆိုး၏တန်ခိုးသည် ညစ်ညူးသော ဝိညာဉ်သုံးပါးဖြစ်သော စာတန်၊ အန္တိခရစ် ၊ မိစ္ဆာပရောဖက်တို့ (unholy trinity of Satan, the Anti-Christ and the False Prophet) စုပေါင်း၍လှုပ်ရှားမည်။ (Revelation 16:13-16).
2. တစ်ကမ္ဘာလုံးပါဝင်သည်။ It involves the whole world (Revelation 16:14).
3. “အနန္တတန်ခိုးရှင်၏ နေ့ရက် ” ဟုခေါ်ပါသည်။ “the great day of God Almighty,”
4. အငယ် “၁၄” တွင် “စစ်တိုက်ခြင်းငှာ စုရုံးသည်”ဟူသော စကားသည် စစ်ပွဲတစ်ခါတိုက်ခြင်း မဟုတ်ပဲ နယ်မြေ အပိုင်ရယူရေး အပြီး တိုက်ခိုက်ရေးဖြစ်ပါသည်။
5. ထိုနေ့သည် လူမျိုးများအပေါ်သခင်ဘုရား၏ အမျက်တော်နေ့ဖြစ်ပါမည်။

a) ကြာသပရေလလူမျိုးအပေါ် ဆက်ဆံမှုအတွက်ဖြစ်သည်။ (Joel 3:2,12; Matthew 25:32).

b) သူတို့၏ အပြစ်များအတွက်ဖြစ်သည်။ (Isaiah 26:21; 34:2-3, 8).

B. အာမဂေဒုန် အဘယ်မှာ ရှိသနည်း။ Where is Armageddon?

1. ထိုစကားလုံးသည် အမှန်မှာ အာမဂေဒုန်တောင် (Mountain of Megiddo) ဖြစ်ပါသည်။ ထိုတောင် သည် ပါလက် စတိုင်းဒေသ၊ မြောက်အလယ်အရပ်၊ ယောဒန်မြစ်အနောက်ဘက်၊ နာဇရက်မြို့၏ အနောက်ဘယ်ဆယ်မိုင်အကွာ၊ မြေထဲပင်လယ်ကမ်းခြေမှ ၁၅-မိုင်အကွာ Jezreel လွင်ပြင်၏ မြောက်ပိုင်းတွင် တည်ရှိသည်။ (It is located west of the Jordan River in north central Palestine about ten miles south of Nazareth and fifteen miles inland from the Mediterranean on the north side of the plain of Jezreel.)

2. ဤအရပ်ဒေသသည် စစ်ပွဲကြီးများစွာ တိုက်ခဲ့သော ဒေသဖြစ်ပါသည်။

a) Deborah and Barak တို့ က Canaanites လူမျိုးတို့ ကိုအောင်နိုင်ခဲ့သည့်နေရာ။ (Judges 4-5)

b) Gideon သည် Midianites တို့ ကို အောင်နိုင်ခဲ့သည့်နေရာဖြစ်သည်။ (Judges 7).

c) Saul ကို Philistines လူမျိုးများက သတ်ပစ်ခဲ့သည့်နေရာဖြစ်သည်။ (1 Samuel 31:8).

d) Ahaziah ကို Jehu က သတ်ခဲ့သည့်နေရာဖြစ်သည်။ (2 Kings 9:27).

e) Josiah ကို Egyptians များက သတ်ခဲ့သောနေရာဖြစ်သည်။ (2 Kings 23:29).

3. ပါလက်စတိုင်းဒေသအားလုံးသည် ဤစစ်ပွဲတွင်ပါဝင်ကြမည်ဖြစ်ကြောင်းကျမ်းစာက ဖော်ပြထားသည်။

a) (Zechariah 12:2-11 and 14:2) အရ ယေရုရှလင်မြို့သည် ဝိုင်းထားမည်။ တိုက်ပွဲ၏ ဗဟိုချက်သည် အာမဂေဒုန်၏ တောင်ဘက် တွင်ဖြစ်နိုင်ပါသည်။

b) (Revelation 14:14-20) အရ အသွေးထုသည် တစ်ဆယ်ခြောက် ယူဇနာ ခရီးတစ်လျှောက် ၁၈၂ မိုင်ကျော်၌ မြင်းဇက်ကြိုးကို မှီသည့်တိုင်အောင်ရှိသဖြင့် ကြာသပရေလပြည်တစ် ပြည်စာဖြစ်ပါသည်။(blood will

run as deep as the horses bridle for 1600 furlongs (over 182 miles) or the entire length of Israel.)

C. စစ်ပွဲကြီးထဲတွင် ပါဝင်သောအချက်များ။ Final events involving this battle:

1. သားရဲ သို့မဟုတ် အန္တိခရစ်သည် ကြသလေလူတို့နှင့် စာချုပ်ချုပ်ဆိုလျက် အတုအယောင် လုံခြုံမှုကို ရရှိစေ မည်။ (Daniel 9:27; Ezekiel 38:8,11,14).
2. ရုရှားက သားရဲသည် ပါဝင်ပတ်သက်မည်မဟုတ်ဟုယုံကြည်လျက်ပါလက်စတိုင်း ဆန့်ကျင်ဘက်မှ ရပ်တည်ကာ၊ (Ezekiel 38:1-16) စစ်ပွဲမှသိမ်းပိုက်ထားသည်များကိုလုယူရန် “to take a spoil” (verse 12) ပင်လယ်သေ၏ ချမ်းသာကြွယ်ဝမှု (the riches of the Dead Sea) ကို လုယူရန် ဖြစ်နိုင်သည်။
3. ဘုရားသခင်သည် ကောင်းကင်မှ မီးမိုးကို ရုရှားတပ်ကြီး (Russian army) အပေါ်သို့ ကျစေမည်။ (Ezekiel 38:22)။ ရုရှား၏ မေးတွင် သံချိတ်နှင့် ချိတ်မည်။ (အငယ် ၄)။ ရုရှားသည် ကြသရေလ တောင်များ ပေါ်တွင်ရိုက်ချခံရမည်။ (Ezekiel 39:2)။ ရုရှ တပ်ကြီး၏ ခြောက်စု တစ်စုချန်ခဲ့၍ ပြန်လည်ထွက်ခဲ့မည်။

♦ ဤအချိန်တွင် ဘုရားသခင်၏ အောင်မြင်မှုကို မြင်ရသောကြောင့် ရွေးကောက်တော်မူသော ယုဒလူ တစ်သိန်း လေးသောင်း လေးထောင်တို့၏ သာသနာပြုမှုကြောင့် သန်းပေါင်းများစွာတို့သည် ဘုရားသခင် ဘက် သို့ ပြောင်း လဲလာကြမည်။ (Revelation 7:3-4,14; Ezekiel 38:23; 39:22).

4. ရုရှား၏ ဆုံးရှုံးမှုကြောင့် နိုင်ငံတကာတပ်များသည် အင်အားတက်လာပြီး အန္တိခရစ်၏ အုပ်ချုပ်မှုအောက်သို့ ပါလက် စတိုင်းဒေသတွင် စုဝေးလာကြကာ၊ မြောက်အရပ်၊ အရှေ့အရပ်နှင့် တောင်အရပ်ဒေသ ရှိ ရှင်ဘုရင်တို့နှင့် စစ်ပြင်ကြမည်။ (Daniel 11:40-45).
a) စစ်ပွဲဖြစ်ပွားရန် နတ်ဆိုး၏ ဝိညာဉ် (demonic power) သွေးဆောင်မည်။ (Revelation 16:14).
b) ကမ္ဘာ့နိုင်ငံအားလုံး ကြသရေလနိုင်ငံကိုသိမ်းပိုက်ရန်တိုက်ခိုက်ကြမည်။(Zechariah 12:2-3; 14:2-3).

5. အရှေ့ဘက်မှ စစ်သည် ၂-သန်းပါဝင်သော (တရုတ်စစ်တပ်ဖြစ်နိုင်သည်) တပ်ကြီးသည် ခမ်းခြောက်နေ သော ဥဖရတ်မြစ်ကိုဖြတ်ကျော်ကာ ချီတက်လာပြီး စစ်ထဲပါဝင်လာမည်။ (Revelation 9:14-16; 16:12).

6. အန္တိခရစ်သည် ပါလက်စတိုင်သို့ ဝင်သောအခါ ကြသရေလနှင့်ပြုထားသော ပဋိညာဉ်ကို ဖျက်သည်။ (Daniel 9:27) “ရွှာဘွယ်သော ဖျက်ဆီးခြင်းကို ခရစ်တော်မိန့်ကြားခဲ့သကဲ့သို့ ပြုသည်။ ဤ အချိန်သည် “ဘေးဒဏ်ကြီး ကာလ”ဟု ခေါ်ဆိုသောကာလဖြစ်ပါသည်။ လေ့လာပြီးဖြစ်ပါသည်။ (Matthew 24:21).

7. ကြောက်မက်ဘွယ်စစ်ပွဲကြီးအဆုံးတွင်ကောင်းကင်၌လူသား၏အမှတ်လက္ခဏာ (Sign of the Son of Man) ပေါ်လာမည်။ (Matthew 24:29-30)။ ဤလက္ခဏာများသည် မည်သို့ဖြစ်ကြောင်းကျွန်ုပ်တို့ မသိပါ။

8. သို့ရာတွင် သားရဲအနေဖြင့် ထိုလက္ခဏာသည် ဘုန်းတန်ခိုးအားနဘော်တော်ဖြင့် ခရစ် တော် ကြွလာ တော်မူခြင်းဖြစ် ကြောင်းသိသောကြောင့် သူ့အင်အားရှိသမျှကို ခရစ်တော်ဘက်သို့ လှည့်၍တိုက်ခိုက်မည်။ ခရစ်တော်သည် ထိုစစ်တပ်ကို ချေဖျက်၍ အန္တိခရစ်နှင့်သူ၏ မိစ္ဆာပရောဖက်တို့အား မီးအိုင်ထဲသို့ ပစ်ချမည်။ ထို့နောက်ယေရုရှလင်မြို့တွင် ရာဇပလ္လင်ထူထောင်မည်။ (Revelation 19:11-21) ကို သေချာဖတ်ပါ။

♦ ခရစ်တော်သည် ဘုန်းတန်ခိုးအာနုဘော်ဖြင့် ပြန်လည်ကြွလာခြင်းအသေးစိတ်ကို နောက်သင်ခန်းစာတွင် လေ့လာ ရပါမည်။

နောက်ဆုံးသောကာလ မေးခွန်းများ — သင်ခန်းစာ (၃၅)

1. The “Day of Christ” ဟူသော ဆိုလိုချက်ကို ရွေးပါ။ (၄-မှတ်)
a. ခရီဆောင်ခြင်းနှင့် ခရစ်တော်ပလ္လင်တရားစီရင်မှု။ the Rapture and the judgment seat of Christ.
b. ခရီဆောင်ခြင်းနှင့်ကောင်းကင်သစ်-မြေကြီးသစ် ကြားကာလ။ the events between the Rapture and the New Heavens and New Earth.
c. အနှစ်တထောင်ကာလအဖြစ်အပျက်များ။ the events of the millennium.

2. The “Day of the Lord” ဟူသော ဆိုလိုချက်ကို ရွေးပါ။ (၄-မှတ်)
a. ခရီဆောင်ခြင်းနှင့် ခရစ်တော်ပလ္လင်တရားစီရင်မှု။ the rapture and judgment seat of Christ.
b. ခရီဆောင်ခြင်းနှင့်ကောင်းကင်သစ်-မြေကြီးသစ် ကြားကာလ။ the events between the Rapture and the New Heavens and New Earth. (Answer)
c. နှစ်တထောင်ကာလ။ the events of the millennium.

3. the “Day of the Lord” မတိုင်မီဖြစ်မည့် အရာ ၂-ခုကိုရွေးပါ။(၁၀-မှတ်)
a. ခရီဆောင်ခြင်း။ the Rapture.
b. ညှင်းဆဲအသေခံခြင်း။ the crucifixion.
c. အန္တိခရစ်ပေါ်လာမည်။ the Antichrist must be revealed.
d. နှစ်တထောင်ကာလပြီးဆုံးမည်။ the Millennium must have concluded.

4. ယခုခေတ်ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် အန္တိခရစ်ဖြစ်သည်ဟု ယူဆမှုများပုံကို ရွေးပါ။(၄-မှတ်)
a. အန္တိခရစ်ကဲ့သို့ တန်ခိုးကြီးသူမရှိပါ။there is no person powerful enough to be the Antichrist.
b. ခရီဆောင်ခြင်းမကုန်မီထိအန္တိခရစ်မပေါ်သေး။the Antichrist does not appear until after the rapture.
c. ဘုရားရှင်ကသာ သူတို့ မည်သူဖြစ်သည်ကိုသိသည်။ only God knows who he is.

5. Old Testament တွင်ဖေါ်ပြသော Antichrist အမည်ကိုယှဉ်တွဲပါ။(၉ -မှတ်)

___ လာလတ္တံ့သောအစိုးရမင်း The Prince That Shall Come.	a. Daniel 7:8
___ အလိုဆန္ဒအတိုင်းလုပ်ဆောင်သောမင်း The Willful King.	b. Daniel 9:26
___ ချိုင်ယ် The Little Horn.	c. Daniel 11:36

6. New Testament တွင်ဖေါ်ပြသော Antichrist အမည်ကိုယှဉ်တွဲပါ။(၉ -မှတ်)

___ ဒုစရိုက်လူ The Man of Sin .	a. Revelation 13:8-10
___ အဓမ္မလူ The Wicked One.	b. 2 Thessalonians 2:8
___ သားရဲ The Beast.	c. 2 Thessalonians 2:3

7. Tribulation ၏အဓိကရည်ရွယ်ချက်ကို ကျမ်းပိုဒ်နှင့်ယှဉ်တွဲပါ။(၆-မှတ်)

___ ဣသရေလလူမျိုးများနှင့် သူတို့၏ မေရိုယကြွလာ ရန်ပြင်ဆင်သောအချိန်ဖြစ်သည်။ cleanse Israel and prepare her for the Messiah.	a. Revelation 16:2
___ ခရစ်တော်ကိုငြင်းပယ်သောတပါးအမျိုးသားများကိုဒဏ်ခတ်မည်။ punish the Gentiles who rejected Christ.	b. Ezekiel 20:37-38
___ တပါးအမျိုးသားများတို့ခေတ်ကာလကိုအဆုံးသတ်စေမည်။ bring an end to the “Times of the Gentiles.	c. Luke 21:24

8. Antichrist ကမ္ဘာ့ဈာတ်ခုံပေါ်ပေါ်လာမည့်အချိန်ကိုရွေးပါ။(၄-မှတ်)

a. နှစ်တထောင်ကာလ အစပိုင်း။ at the beginning of the millennium.
b. ဒံယေလ၏ ၇၀-ကြိမ်မြောက်ရက်သတ္တအစပိုင်း။ at the beginning of Daniel’s 70th week.
c. ဘေးဒဏ်ကြီးကာလ အလယ်ပိုင်း။ in the middle of the tribulation.

9. Antichrist မည်သူဆိုသည်ကိုဖေါ်ပြသည့်အချက် ၂-ခုကိုရွေးပါ။(၁၀-မှတ်)

a. သူသည် အလွန်မာနကြီးမည်။ He will be very proud.
b. သူသည် နှိမ့်ချသူဖြစ်မည်။ He will be a humble person.
c. သူသည် လိမ်ညာလှည့်ဖြားသူဖြစ်မည်။He will be a liar and deceiver.
d. သူသည် ရိုးသားသူဖြစ်မည်။ He will be an honest person.
e. သူသည် အလွန်ရက်ရောသူဖြစ်မည်။He will be very generous.

10. The Antichrist သည် သူ၏တန်ခိုးနှင့်အောက်ပါတို့ ကိုတိုက်ခိုက်မည်။(၄-မှတ်)

a. အသင်းတော် the Church.
b. ဂျူးလူမျိုးများ the Jews.
c. နိုင်ငံအားလုံး all the nations.

11. မည်သည့်အချိန်တွင် Antichrist ကျရှုံးမည်နည်း။(၄-မှတ်)

a. သူသည် အာမေဂဒုံစစ်ပွဲတွင်အသတ်ခံရမည်။ He will be killed in the battle of Armageddon.
b. သူသည် နှစ်တထောင်ကာလအတွင်းသေမည်။ He will die during the millennium.
c. သူသည် မီးအိုင်ထဲသို့ ချပစ်ခြင်းခံရမည်။ He will be thrown into the lake of fire.

12. လူအများသိထားသည့်ဘားဒါဇ်ကြီးကာလအကြောင်းကိုဖေါ်ပြသည့်ကျမ်းပိုဒ်ရွေးပါ။(၄-မှတ်)
a. Revelation 19:20.
b. Jeremiah 30:7.
c. Revelation 13:5.

13. The tribulation (ဘေးဒါဏ်ကြီးကာလ) အစပြုသည့်အချိန်ကိုရွေးပါ။(၄-မှတ်)
a. အသင်းတော်ချီဆောင်ပြီးနောက်။ after the Rapture of the CHURCH.
b. ဘုန်းအာနုဘော်နှင့်ခရစ်တော်ဒုတိယအကြိမ်ပြန်ကြွလာချိန်။ at the time when Christ comes back in power and glory.
c. အနှစ်တထောင်နိုင်ငံတော်ကာလပြီးနောက်။ after the end of the millennium.

14. 70th week of Daniel သည် မည်မျှကြာသနည်း။(၄-မှတ်)
a. ၇-ရက်တပတ်။ one week of 7 days.
b. နှစ်ပေါင်း ၇၀။ 70 years.
c. ၇-နှစ်။ 7 years.

15. Tribulation (ဘေးဒါဏ်ကြီးကာလ) ၏ လက္ခဏာ၃-ခုကိုရွေးပါ။(၁၂-မှတ်)
a. ဘုရားရှင်၏အမျက်တော်သက်ရောက်ချိန်။It will be a time of the anger of God.
b. ဘေးဒဏ်ကြီးအတွင်းကောင်းကြီးရချိန်။It will be a time of great blessing even in tribulation.
c. အစ္စရေးနှင့်တပါးအမျိုးသားတို့စီရင်ချိန်။ It will be a time of judgment for Israel and the Gentile nations.
d. ဒုက္ခဆင်းရဲခံရချိန်။It will be a time of great suffering.
e. အသင်းတော်ကိုကာကွယ်ရသည့်အချိန်။It will be a time of protection of the church.

16. Armageddon စစ်ပွဲဆိုသည်မှာ…….(၄-မှတ်)
a. တကမ္ဘာလုံးပါဝင်ဆင်နွှဲကြမည့်စစ်ပွဲ။ a battle that involves the whole world.
b. စာတန်နှင့်ယေရှုခရစ်တော်တို့ ဖြစ်ပွါးသည့်စစ်ပွဲ။ a war between Satan and Jesus Christ.
c. အန္တိခရစ်နှင့်အစ္စရေးတို့ ဖြစ်ပွါးသည့်စစ်ပွဲ။ a battle between the Antichrist and Israel.

17. The battle of Armageddon စစ်ပွဲပြီးဆုံးမည့်အချိန်ကိုရွေးပါ။(၄-မှတ်)
a. စာတန်နှင့်အန္တိခရစ်တို့ စစ်ပွဲနိုင်သည့်အချိန်။ Satan and the Antichrist win the victory.
b. ခရစ်တော်၏အသင်းတော်စစ်ပွဲနိုင်ချိန်။ the CHURCH of Christ wins this battle.
c. ခရစ်တော်မှရန်သူအားလုံးအားစစ်ပွဲနိုင်ချိန်။ Christ wins the victory over all His enemies.

သင်ခန်းစာ (၃၆)၊ ခရစ်တော် ဒုတိယအကြိမ် ကြွလာခြင်း-နိမိတ်လက္ခဏာ၊ ဘုန်းကျက်သရေ၊ တန်ခိုး၊ အုံဘွယ်သောအနှစ်တစ်ထောင်စိုးစံခြင်း။ The Second Coming of Christ The Signs, The Glory, The Power and The Marvel of His Millennial Reign

နိဒါန်း - Introduction

အကယ်၍ သင်သည် ဤသင်ခန်းစာ၊ စာစဉ်များကို အစဉ်အတိုင်း လေ့ကျင့်ခဲ့ပြီး ဤနောက်ဆုံး သော သင်ခန်းစာသို့ ရောက်ရှိ လာသည်ဆိုပါက သင်၏ မှတ်သားဘွယ်ရာ အောင်မြင်မှုအတွက် သင့်အား ဂုဏ်ပြုရမည်ဖြစ်ပါသည်။ သင်သည် သင်ခန်းစာပေါင်းသုံးဆယ်ငါးခုကို လေ့လာခဲ့ပြီးဖြစ်၍ သမ္မာကျမ်းစာတွင်ပါရှိ သော အမှန်တရားများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာပြီး ဖြစ်ပါသည်။

ခရစ်တော်သည် ဘုန်းတန်ခိုးအာနုဘော်တော်ကို ဆောင်လျက်ကြွလာတော်မူမည့်အကြောင်း အရာကဲ့သို့ သော နောက်ဆုံး လေ့လာရန် သင့်တော်သည့် သင်ခန်းစာမရှိတော့ဟု ယူဆမိပါသည်။ သင်ခန်းစာ (၉) တွင် ခရစ်တော်ဒုတိယ အကြိမ်ကြွလာတော်မူခြင်းနှင့် ချီဆောင်ခြင်း (the Rapture and the Second Coming) တို့၏ ခြားနားချက် (၁၂) ချက်ဖြင့် လေ့လာပြီးဖြစ်သဖြင့်၊ထိုသင်ခန်းစာကို ပြန်ကြည့်ဖို့ လိုမည်ဟု ယူဆပါသည်။

သင်ခန်းစာ (၃၅)တွင် ခရစ်တော်ကြွလာတော်မူမီ နောက်ဆုံးဖြစ်မည့် အကြောင်းအရာများကို လေ့လာပြီး ဖြစ်ပါသည်။ ဤသင်ခန်းစာ (၃၆)တွင် ခရစ်တော်သည်ဘုရင်တကာတို့၏ ဘုရင်၊ အရှင်တကာတို့၏ အရှင် (King of Kings and Lord of Lords) အဖြစ် စိုးစံရန်တဖန်ကြွလာ တော်မူမည့် အကြောင်းကို ဖေါ်ပြပါမည်။ ခရစ်တော်ပြန်လည်မကြွဆင်းလာမည့် တွေ့ ရမည့် နိမိတ်လက္ခဏာများကို ရေတွက်ပြီး အနှစ်တစ်ထောင် စိုးစံသည့် ကာလနှင့် ပတ်သက်သည့် အံ့သြဖွယ်နက်နဲသောအရာများ အချို့ကို လေ့လာကြ ရမည်ဖြစ်ပါသည်။

ဤသင်ခန်းစာအရေးကြီးပုံ -Importance of this Lesson

- ❖ ဘုရားရှင်သည် သူ၏ ထာဝရအကြံတော်နှင့်အညီ ဆောင်ရွက်တော်မူကြောင်းကို သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ကိုယ်တော်တွင် အသင်းတော်အတွက် (Church)၊ အစ္စရေးလူမျိုးများအတွက် (Israel)၊ တစ်ကမ္ဘာလုံးအတွက် (world) အကြံအစီတော်ရှိသည်။

- ❖ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း (The Second Coming of Christ) ဘုရားရှင်၏အဓိက အစီအမံဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်ကတိပေးထားသော အာဗြဟံပဋိညာဉ် (Abrahamic Covenants)၊ ပါလာတိနပဋိညာဉ် (Palestinian Covenants)၊ ဒါဝိဒ် ပဋိညာဉ်နှင့် (Davidic Covenants) ပဋိညာဉ်တရားသစ် (New Covenants) တို့ ကို ပြည့်စုံစေခြင်းငှါ ကြွလာတော်မူကြောင်းကို လေ့လာ ရမည် ဖြစ်ပါ သည်။
- ❖ ဤအကြောင်းကို ကျွန်ုပ်တို့သည် နှတ်ကပတ်တော်အနေဖြင့်လည်းကောင်း၊ ယုံကြည်ခြင်းအနေဖြင့် လည်းကောင်းသိရှိထားရန် အရေးကြီးလှပါသည်။
- ❖ သမ္မာကျမ်းစာသည် မျက်မြင်ဘဝတွင် အမှန်ဖြစ်သော စာအုပ်ဖြစ် ကြောင်း (Bible is a literal book)

ယုံကြည်ရန်နှင့်သိထားရန် အရေးကြီးပါသည်။ ခရစ်တော်သည် လက်တွေ့မျက်မြင်တဖန်ကြွလာတော်မူမည်။ (Christ will literally come back) အဖဒါဝိဒ်၏ ရာဇပလ္လင်ပေါ်တွင် ထိုင်၍ ဤကမ္ဘာတွင် အနှစ်တစ်ထောင်မျက် မြင်စိုးစံတော်မူမည်ဖြစ်သည်။ (sit on David's literal throne and reign over a literal earth for 1,000 literal years.)

- ❖ ခရစ်တော်တဖန်ကြွတော်မူခြင်း (The return of Christ)သည်နိမိတ်လက္ခဏာ (many signs) များစွာနှင့်ဆက်စပ်နေသည်။ သို့ နိမိတ်လက္ခဏာများကို သိထားရန် အရေးကြီးပါသည်။ ဤ နိမိတ်လက္ခဏာများသည် ယခုတွင်ပင် ရှိနေပြီးကြောင်းကို ထောက်လျှင် အသင်းတော်အား ချီဆောင်မည့်ကာလသည် အမှန်ပင်အလွန်နီးကပ်နေပြီးဖြစ်ကြောင်းသိရှိနိုင်ပါသည်။ ဤကဲ့သို့ အစဉ်အလိုက်ဖြစ်ပေါ်နေ သော ဖြစ်စဉ်တွင် အသင်းတော်သည် မည်သည့်နေရာမှ ဝင်ရမည် ဖြစ်ကြောင်းကို သိထားရန်မှာလည်း အရေးကြီးလှပါသည်။

THE LESSON 36

I. SIGNS POINTING TO THE RETURN OF CHRIST ခရစ်တော်တဖန်ကြွလာမည့် လက္ခဏာများ ညွှန်ပြနေခြင်း။

အသင်းတော်အားချီဆောင်ခြင်းနှင့်ပတ်သက်၍ ရှေးဦးနိမိတ်လက္ခဏာတစ်စုံတစ်ရာမျှ ပေးထားခြင်းမရှိသော်လည်း ခရစ်တော်တဖန် ကြွလာတော်မမူခင်ဖြစ်ပေါ်လာမည့် နိမိတ်လက္ခဏာအမြောက်အများကိုမူ သမ္မာကျမ်းစာတွင် ဖော် ပြထားပါသည်။

ဤလက္ခဏာများနှင့်ပတ်သက်၍ (Luke 21:25,28),တွင် သခင်ယေရှုက "ထိုအမှုအရာတို့သည် ဖြစ်စရိုသော အချိန်ကာလ ရောက်လု နီးသည်ကို ထောက်သဖြင့် မျှော်ကြည့်၍ ခေါင်းကိုကြွကြလော့"ဟု မိန့်တော်မူ၏။ "ဤစကားများသည် ဣသရေလလူတို့အား မူလအားဖြင့် ပြောသောစကားများဖြစ်သော်လည်း ယခုအခါ ထိုနိမိတ်လက္ခဏာများသည် စတင်၍ ပြည့်စုံပြီးဖြစ်ကြောင်း မြင်တွေ့နေရပါပြီး ဖြစ်ပါသည်။

A. ဣသရေလနိုင်ငံပြန်လည်ထူထောင်တည်ဆောက်ခြင်း နှင့်၊ ယေရုရှလင်မြို့ကို ပြန်လည်သိမ်းပိုက်ခြင်း။ The Re-establishing and Re-building of Israel As A Nation, and The Recapturing of Old Jerusalem (Read Ezekiel 36:8-10,24,28; 37:21-22; Luke 21:24).

1. ၁၉၁၇ ခုနှစ်တွင် အင်္ဂလန်ပြည်မှ ထုတ်ပြန်သော Balfour Declaration အရ ဂျူးလူမျိုးများအား ပါလက်စတိုင်းတွင် အတည်တကျနေထိုင်ခွင့်ပြုကြောင်းပါရှိပါသည်။(ဘုရားသခင်တွင် ဤအမှုကို ကြာမြင့်စွာကပင် ဆောင်ရွက်ထားပြီဖြစ်ပါသည်)။
2. ၁၉၄၈ ခု မေလ ၁၄ ရက်နေ့တွင်အစ္စရေးနိုင်ငံအဖြစ် နိုင်ငံပြန်လည် ထူထောင်နိုင်ခဲ့ပါ သည်။
3. ၁၉၆၇ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ယေရုရှလင်မြို့ဟောင်းကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး၊ အစ္စရေးနိုင်ငံ၏ မြို့တော်ပြန်ဖြစ်နေပြီး ဖြစ်ပါသည်။

- ♦ တစ်ပါးအမျိုးသားခေတ်ကာလ (The Time of the Gentiles)သည် ဘီစီ ၆၀၄ တွင် နေဗုခဒ်နေဇာ

မင်းကြီးသည် ယေရုရှလင်မြို့တော်ကို စတင်သိမ်းပိုက်သည်မှ အစပြုခဲ့ပါသည်။ တစ်ပါးအမျိုးသားတို့၏ လက်ထဲတွင် ဤ "ကာလ" "times" များမပြည့်စုံမီ ဆက်လက် တည်ရှိနေမည်ဖြစ်ပါသည်။ ယနေ့နှစ်ပေါင်း ၂၅၀၀ အတွင်ပထမဆုံးအကြိမ်အဖြစ် ယေရုရှလင်မြို့သည် ဂျူးလူမျိုးတို့လက်ထဲ ရောက်ရှိလာ ခြင်း ဖြစ်ပါသည်။ အနာဂတ္တိဟောပြောချက်များဆိုင်ရာဘီး (The wheels of prophecy) သည် နေးကွေးစွာလည်ပတ်နေသည်ဟု ယူဆရ သော်လည်း ယခုအခါ "တစ်ပါးအမျိုးသားများ၏ ကာလ"သည် ပြီးပြည့်စုံနေပြီဟု ယူဆဘွယ်ဖြစ်ပါသည်။

B. ကမ္ဘာ့စစ်ကြီးနှင့်လက်ရှိလက်နက်တပ်ဆင်မှု(World-Wide War and the Current Arms Build-up)

1. စစ်မက်ဖြစ်ပွားခြင်းသည် ကမ္ဘာဦးကပင်ဤကမ္ဘာလောကကြီး၏ လက္ခဏာတစ်ခုကဲ့သို့ဖြစ်နေသော်လည်း နောက် ဆုံးနေ့ရက်သည် ကမ္ဘာလုံးဆိုင်ရာစစ်ပွဲကြီးဖြင့် (universal conflict) စတင်မည်ဟု နိမိတ် လက္ခဏာပြုထားပါသည်။ (Matthew 24:6-7).
2. ကျွန်ုပ်တို့သည် ပထမနှင့်ဒုတိယကမ္ဘာစစ်ကြီး ၂-ခုကို တွေ့ကြုံခဲ့ရပြီးဖြစ်ပြီး၊ တတိယကမ္ဘာစစ် (အာမေဂဒုံစစ်ပွဲကြီး ဖြစ်နိုင်သည်) ကို ဆင်နွှဲနိုင်ရန်အတွက်နိုင်ငံအသီးသီးက လက်နက်များ တပ်ဆင် နေကြသည်။
3. (Joel 3:9-12) တွင်မိုက်မဲစွာ လက်နက်အပြိုင်အဆိုင်တပ်ဆင်ကြမည့်အကြောင်းကို နောက်ဆုံးသော ကာလ၏ သဘောသဘာဝအဖြစ် အနာဂတ္တိပြုထားပါသည်။ ယနေ့ကမ္ဘာ့နိုင်ငံများသည် နှစ်စဉ်ဘီလျံ ဒေါ်လာ ၆၀၀-ကျော်ကို စစ်ပြင်ဆင်ခြင်းအတွက် အသုံးပြုလျက်ရှိနေကြပါသည်။ (တစ်မိနစ်လျှင် ဒေါ်လာ ၁.၃-သန်း သုံးစွဲလျက်ရှိသည်။) ယခု ကျွန်ုပ်တို့ဘဝသက်တန်း၌ပင် ဗျာဒိတ်ကျမ်းတွင် ဖော်ပြထားသော ပျက်စီးခြင်းမျိုးကို ဖြစ်စေနိုင်သော နျူကလီးယားလက်နက်များ ပိုင်ဆိုင်လာပြီး ဖြစ်ပါသည်။

C. မြေငလျင်လှုပ်ခြင်း- Earthquakes (Matthew 24:7)

ကမ္ဘာ့လူသားတို့၏ မှတ်တမ်းတင်ပြီးသော သမိုင်းစဉ်တလျှောက်ထက်ခုရာစုတွင် မြေငလျင်ပိုမိုလှုပ် ခဲ့ကြောင်း သိရှိ ရပါသည်။ သိပ္ပံပညာရှင်များက ပိုမိုပြင်းထန်သော မြေငလျင်များဆက်လက်လှုပ်မည်ဟု ဟောကိန်း ထုတ်ထားကြ ပါသည်။ ကမ္ဘာ့အပြင်းထန်ဆုံးသော မြေငလျင်လှုပ်ခြင်းကို ကြုံတွေ့ပြီးနောက် ခရစ်တော် တဖန်ကြွလာ မည်ဖြစ်ပါ သည်။ (Revelation 16:17-18; Zechariah 14:4-5).

D. ငတ်မွတ်ခေါင်းပါးခြင်း- Famine World-Wide (Matthew 24:7)

(Revelation 6:5-6) တွင်ငတ်မွတ်ခေါင်းပါးခြင်းတည်းဟူသော မြင်းနက် (black horse of famine)သည် မြင်းဖြူတည်းဟူသော အာဏာရှင်စနစ်နှင့် (white horse of dictatorship) မြင်းနီတည်းဟူသော စစ်ပွဲ (red horse of war)နောက်မှ ပေါ်ထွက်လာပါသည်။ World Church Service Reports အရ လူဦးရေ သန်း -၁၀၀၀ သည် အစာအဟာရမပြည့်ဝခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းနှင့်ကြုံ နေရသည်။ နေ့စဉ်လူသုံးသောင်းသည် အစာအဟာရပြတ်လတ်၍ သေကြရသည်။ လာမည့်ဆယ်နှစ်အတွင်း လူသန်းတစ်ထောင်သည် အစာ အဟာရပြတ်လတ်၍ သေကြမည်ဖြစ်ပါသည်။ ငတ်မွတ်ခေါင်းပါးခြင်းကာလ (The age of famine) သည် ယခုပင်ရောက်ရှိနေပြီ ဖြစ်ပါသည်။

E. ရာဇဝတ်မှုများ (Violent Crime)(Genesis 6:5,11-12; 2 Timothy 3:1-5; Luke 17:26-30)

အမေရိကန်ပြည်ထောင်စုတွင် လူဦးရေတိုးပွားနှုန်းထက် ရာဇဝတ်မှုတိုးနှုန်းက အဆ (၁၁)များသည်။ အေပီသတင်းဌာန၏သတင်းပေးပို့ချက်အရ နေ့စဉ် လူသတ်မှုပေါင်း ၇၀ ကျော်၊ မုဒိန်းမှုပေါင်း ၂၄၀ ကျော်၊

လက်နက်ကိုင်လုယက်မှုပေါင်း ၄၅၀ ကျော်ဖြစ်ပွားနေကြောင်း၊ လိမ်လည်မှု(Lying)၊ လှည့်ဖျားမှု(cheating)၊ ခိုးမှုတို့သည်(stealing)။ နေရာတိုင်းတွင် ဖြစ်ပွား နေကြောင်းသိရှိရပါသည်။ ညစ်ညမ်းသော ရုပ်ပုံထုတ်လုပ်မှု (Pornography) လုပ်ငန်းသည် နှစ်စဉ် ၅-ဘီလျံဒေါ်လာတန်ဘိုးရှိသော စီးပွါးရေးလုပ်ငန်းကြီးတခု ဖြစ်နေသည်။ လိင်တူဆက်ဆံသူ (homosexuals) ၂၅-သန်းကျော်တို့သည် ဘုရားသခင်၏ပညတ်ချက် နှင့်တရားဥပဒေကို ပမာဏမပြုဘဲ နှစ်စဉ် လမ်းမကြီးများပေါ်၌ အောင်ပွဲခံရှိတက်ကြသည်။ စိတ်ပညာရှင် (psychologist) တစ်ဦး၏ အဆိုအရ "မုဒိန်းမှုကျူးလွန်ခြင်းများသည်ထိတ်လန့် ကြောက်မက်ဖွယ်ရာကိစ္စတခုအဖြစ် ယနေ့ ကျွန်ုပ်တို့ ခေတ်၏ စိတ်နေသဘောထားကို ဖော်ပြနေသည်" ဟုပြောခဲ့သည်။

ပေါလုသည် "နောက်ဆုံးသောကာလ" ၏ လက္ခဏာများအဖြစ် ဆိုးရွားလှသောအရာများစာရင်း (Paul's list of the perilous things) ပြုထားရာ။ ယခုထိအရာ များကိုပင် ကျွန်ုပ်တို့သည် နေ့စဉ်မြင်တွေ့နေကြရပါသည်။

ခရစ်တော်တဖန်ကြွလာတော်မူမီ ကမ္ဘာကြီးသည် နောဧလက်ထက်၌ကဲ့သို့ ပြန်လည်ဆုတ်ယုတ်သွားကာ ကြမ်းတမ်းရက်စက်ခြင်း (violence)၊ လုယက်တိုက်ခိုက်ခြင်း (perversion)၊ အကျင့်ပျက်ခြင်းနှင့် (corruption)၊ ဥပဒေမဲ့နေထိုင်ခြင်း (lawlessness) ခေတ်ကာလဖြစ်နေပါသည်။

F. မိစ္ဆာပရောဖက်နှင့်မိစ္ဆာအယူ(Apostasy and False Teachers)(1 Timothy 4:1; 2 Peter 2:1)

1. အမေရိကန်ပြည်ထောင်စုတွင် အနည်းဆုံးအယူမှားသော အုပ်စု CULT ငါးထောင်ခန့်လှုပ်ရှားလျက် ရှိနေပါသည်။ ထိုအရာ အားလုံးတိုသည် အမှန်တရားကို လှည့်ဖျားခြင်းသာဖြစ်ပါသည်။
2. ဓမ္မတက္ကသိုလ်မှ အောင်မြင်လာ၍ လုပ်ငန်းခွင် ဝင်တော့်မည့် ကျမ်းစာကျောင်းသားများကိုစာရင်းကောက် ယူခဲ့ရာအောက်ပါအတိုင်းတွေ့ ရသည်။

a) ၅၆% အပျိုကညာမှ မွေးဖွားခြင်း (Virgin Birth of Christ.)ကိုမယုံကြည်။

b) ၇၁% နောင်ဘဝရှိကြောင်း (life after death)မယုံကြည်။

c) ၉၈% ခရစ်တော်လောကသို့ တဖန်ကြွလာမည်ကိုမယုံကြည်။

အယူလွဲခြင်း (Apostasy) ကို နေရာတိုင်း တွင်တွေ့ နေရပြီဖြစ်သည်။

G. အခြားထင်ရှားသောနိမိတ်လက္ခဏာများ။ Other Prominent Signs

1. လူမျိုးတို့သည် မငြိမ်မသက်ဖြစ်ခြင်း၊(Luke 21:25) ယနေ့ကမ္ဘာတွင်ဖြစ်ပေါ်သော မငြိမ်မသက်မှုများကို သတိပြုပါ။
2. ရုရှားသည် စစ်အင်အားကြီးနိုင်ငံအဖြစ် ရောက်ရှိလာခြင်းနှင့် (The rise of Russia as a great military power) နောင်တွင် အစွမ်းနိုင်ငံအား ချဲ့ထွက်မည့်အရိပ်အယောင်များ။ (Ezekiel 38 and 39).
3. ရောမအင်ပါယာပြန်လည်အသက်ဝင်ခြင်း။(Read carefully Daniel 2:43-45; 7:23-24; with Revelation 13:1; 17:12) တို့ကို သေချာစွာဖတ်ပါ။ သားရဲသည် နိုင်ငံဆယ်နိုင်ငံကိုဦးဆောင်မည်ဟုဆိုထားရာ၊ ယနေ့ ခေတ်ဥရောပဘုံစျေး(European Common Market)အဖွဲ့တွင် နိုင်ငံ၁၀- နိုင်ငံပါဝင်ရာ၊ ၎င်းအဖွဲ့ ဝင် နိုင်ငံများ သည် ရောမအင်ပါယာတွင် ပါဝင်ခဲ့သော နိုင်ငံများပင်ဖြစ်ပါသည်။
4. အသိပညာနှင့် ခရီးသွားလာမှုလုပ်ငန်းတိုးတက်ခြင်း။ (Daniel 12:4).

♦ အခြားနိမိတ်လက္ခဏာ "signs" များလည်းရှိနေပါသေးသည်။ ထိုအရာများကို ပိုင်နိုင်အောင် လေ့လာထားပါ။ ကျွန်ုပ်တို့သည် ခေတ်ကာလ၏ အဆုံးပိုင်းသို့ လျင်မြန်စွာချီတက်နေပြီးခရစ်တော်သည်

ဘုန်းတန်ခိုးဘာနဲ့ဘော် တော်ဖြင့်တဖန်ကြွ လာတော်မူမည့်အချိန်ရောက်လုကြောင်းကို ဤနမိတ်လက္ခဏာများဖြင့် သိသာလောက်ပြီးဟုယူဆပါသည်။

II. THE GLORY AND POWER OF CHRIST'S RETURN ဘုန်းတန်ခိုးနှင့် ခရစ်တော်ဘုရား၏ ဒုတိယအကြိမ်ပြန်ကြွလာခြင်း။

(1 Peter 1:11) တွင် ဓမ္မဟောင်းပရောဖက်များသည် ခရစ်တော်ခံစားရမည့် ဝေဒနာကို ကြိုတင်မြင်ထားကြောင်း။ "ဆင်းရဲခံပြီးမှဝင်စားတော်မူရသောဘုန်းစည်းစိမ်" "the glory that should follow." ကိုမြင်ခဲ့ရကြောင်း ဖော်ပြထားပါသည်။ သူတို့ သည် အသင်းတော်အားချီဆောင်ခြင်း (Rapture)ကို မြင်တွေ့ရှခြင်းမရှိပါ။ သို ့သော် ဘုန်းတန်ခိုးတော်ဖြင့် တဖန်ကြွလာတော်မူမည်ဖြစ်ကြောင်းကို (Glorious Return.) မြင်ခဲ့ကြပါသည်။

A. ခရစ်တော်၏ဘုန်းတော်(The Glory of Christ)ကိုခရစ်တော်တဖန်ကြွလာတော်မူသောအခါမြင်တွေ့ ကြားနာရမည့်အရာများကို ကြည့်ခြင်းဖြင့် မြင်တွေ့နိုင်မည်ဖြစ်ပါသည်။ (Matthew 24:27-31).

1. လျှပ်စစ်သည်အရှေ့မှအနောက်တိုင်ပျက်မည်။ Lightning will shine out of the east unto the west.
2. နေနှင့်လတို့မဲမှောင်မည်။The sun and the moon will be darkened.
3. ကောင်းကင်တမန်တို့တံပိုးခရာမှုတ်မည်။ The angels will announce His coming with trumpets.
4. ကြီးစွာသော ဘုန်းတန်ခိုးဖြင့်မိုးတိမ်ကိုစီး၍ ကြွလာတော်မူမည်။
5. (2 Thessalonians 1:7-10) – သန်ရှင်းသော ကောင်းကင်တမန်များခြံရံလျက်ပေါ်လာမည်။
6. (Matthew 25:31) – မီးလျှံအားဖြင့် ကြွလာပြီး၊ အပြစ်သားတို့အား ထာဝရပျက်စီးခြင်းဒဏ်ခတ်မည်။

7. (Revelation 19:11-15) အရ —

a) ကောင်းကင်ဘုံဖွင့်လှစ်လျက်ရှိမည်။ The heavens will be opened.
b) တရားသဖြင့်စီရင်ခြင်းနှင့်စစ်တိုက်ခြင်းငှာ မြင်းဖြူစီးလျက်ကြွလာမည်။He will come on a white horse to judge and to make war.
c) သူ၏ အမည်ကားသစ္စာနှင့်သမ္မာဖြစ်၏။ He will have a name: Faithful and True.
d) မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ His eyes will be like a flame of fire.
e) သူ၏ခေါင်းတော်ပေါ်၌ သရဖူများစွာ ဆောင်းထား၏။ His head will have many crowns.
f) အသွေးဦနှစ်ပြီးသော အဝတ်ကို ဝတ်၏။His vesture will be dipped in blood.
g) ဘုရားသခင်၏ နှုတ်ကပတ်တော်ဟူသော အမည်ရှိ၏။ He will be called "The Word of God."
h) ကောင်းကင်တမန်တပ်သည် မြင်းဖြူကိုစီးလျက်နောက်တော်သို့ လိုက်ကြ၏။ The armies of heaven will be with Him riding white horses.
i) လူမျိုးတို့ကို ဒဏ်ခတ်စရာဘို့၊ ထက်သောသန်လျက်သည်ခံတွင်းထဲထွက်၏။ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟူသော ဘွဲ့အမည်နာမရှိ၏။"ဘုန်းကြီးသောရှင်ဘုရင်"ဟု ခေါ်သည်။ (Psalm 24:7-10).

8. ခရစ်တော်သည် ခမည်းတော်၏ ဘုန်းကိုဆောင်လျက်ကြွလာတော်မူမည်။ (Mark 8:38)

9. ခရစ်တော်ဘုန်းအာနုဘော်ဖြင့်ကြွလာသည်ကို လူအပေါင်းတို့ မြင်ရမည်။ (Luke 21:27).
10. မိမိသန့်ရှင်းသူတို့၌ ဘုန်းထင်ရှားရန်ကြွလာမည်။(2 Thessalonians 1:10; Colossians 3:4; Jude 14).
11. ခရစ်တော်သည် ဂုဏ်သရေနှင့်ဘုန်းအာနုဘော်တော်ကို ခံထိုက်၏။ (Revelation 4:11; 5:12).

♦ ခရစ်တော်၏ ဘုန်းအသရေဆိုသည်မှာ ကိုယ်တော်မည်သူဖြစ်သည်၊မည်သည့်အရာများပိုင်ဆိုင်ထားသည် ဆိုသည်ကို ဖော်ပြခြင်း ဖြစ်သည်။ ဘုရားရှင်သည် သူ၌ ဘုန်းထင်ရှားလျက်ရှိသည်။(John 13:31; 14:13).

B. တဖန်ကြွလာတော်မူခြင်း၏ တန်ခိုးတော်။ (The Power of His Return)

1. အသင်းတော်ကို ချီဆောင်ခြင်း (Rapture)၌ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကြွလာတော်မူသော အခါသူ၏ တတ်စွမ်းနိုင် မှုများအားဖြင့် သူ၏ တန်ခိုးတော်ထင်ရှားပေါ်လွင်မည်ဖြစ်သည်။

a) သေမင်းကို အောင်၍ ကျွန်ုပ်တို့၌သက်ရောက်သော သေမင်း၏အဆိပ်အတောက်များကို ဖြတ်တောက်ရန်။ (1 Thessalonians 4:15-17; 1 Corinthians 15:50-51; John 5:25).

b) ပုပ်ပျက်ခြင်းနိယာမကို ဖျက်ဆီး၍ ကျွန်ုပ်တို့အား အသစ်သော ခန္ဓာကိုယ်ကို ပေးရန်။ (Philippians 3:20-21; 1 Corinthians 15:51; 1 John 3:2).

c) မြေကြီး၏ ဆွေငင်ခြင်းနိယာမကိုထိုးဖေါက် ဘေးဖယ်၍ ကျွန်ုပ်တို့သည်ကိုယ်ခန္ဓာအားဖြင့် ကောင်းကင်ဘုံသို့ တက်ကြွ စေရန်။ (1 Thessalonians 4:15-17; John 14:3).

d) သချိုင်းကို အောင်မြင်လျက်ချည်နှောင်ခြင်းခံရသော သန်းပေါင်းများစွာတို့ကို တချိန်တည်း ထမြောက် စေသောအခါ ခရစ်တော်၌ သေလွန်သောသူတို့သည်အဦးထမြောက်ရန်။ (1 Thessalonians 4:16).

2. ကမ္ဘာမြေပေါ်သို့တဖန်ကြွလာတော်မူသောအခါ (Second Coming) ကိုယ်တော်၏ တန်ခိုးတော်သည် အံ့သြဖွယ် (awesome)၊ နှိုင်းဆ၍မရသော (immeasurable)၊ တန်ခိုးတော်နှင့်ပြည့်စုံသည်။

a) ကိုယ်တော်အားစစ်တိုက်ရန် စုရုံးနေကြသော တိုင်းနိုင်ငံများ၏ တပ်မတော်များကို ချေဖျက်နိုင်သော တန်ခိုးတော်ရှိသည်။ (Revelation 19:15-19).

♦ ဒံယေလ၏ချေဖျက်သော ကျောက်တုံးသည် ခရစ်တော်ဖြစ်သည်။(Daniel 2:34-35,45) (Zechariah 12:9 and 14:2) ကိုလည်းဖတ်ပါ။ ဤတန်ခိုးတော်ဖြင့် တပါးအမျိုးသား (Gentile)တို့၏ တန်ခိုးအင်အားများကို အပြီးတိုင် ချေဖျက်သည်။ (Psalm 2:8-9).

b) အန္တိခရစ်သို့မဟုတ် သားရဲနှင့်သူ၏ မှိုစာပရောဖက်တို့ (Antichrist or beast and his false prophet)ကို အောင်၍ သူတို့နှစ်ဦးစလုံးအား မီးအိုင်ထဲသို့ပစ်ချနိုင်သောတန်ခိုးရှိသည်။ (Revelation 19:19-20).

♦ ဤအကြိမ်တွင် စာတန်အားချည်နှောင်လျက်အနက်ဆုံးသောတွင်း “the bottomless pit” ထဲ၌ အနှစ် တစ်ထောင်ချထားသည်။ (Revelation 20:1-3).

c) ကမ္ဘာအရပ်ရပ်တွင်ရှိနေကြသော ဣသရေလလူတို့အား စုရုံးလျက် နိုင်ငံတော်အဖြစ် ပြန်လည်ထူ ထောင်ကာကွယ်တော်မူသော တန်ခိုးရှိသည်။ (Matthew 24:31; Zechariah 13:1; Deuteronomy 30:5-6; Romans 11:25-27; Jeremiah 23:6).

d) ဒါဝိဒ်ပလ္လင်၌ ဘုရင်အဖြစ်အုပ်ချုပ်တည်ဆောက်မည်။ (Luke 1:32-33; Acts 15:14-16; Zechariah 14:9; Revelation 19:15; Jeremiah 23:5-6; 33:14-17).

e) ကိုယ်တော်ကြွလာသည့်အခါ ခေတ်အဆက်ဆက်က သစ္စာရှိသောသန့်ရှင်သူများ (faithful saints of all ages) အား သူနှင့်အတူ ဤလောက၌ စိုးစံရန် အတွက် ခေါ်ဆောင်နိုင်သော တန်ခိုး တော်ရှိသည်။ဤအထဲတွင် မကြာမီကချီဆောင်ခြင်းခံရသောအသင်းတော်လည်ပါဝင်သည်။(Revelation 19:14; 5:10; 20:5-6; Jude 14).

f) ကိုယ်တော်တန်ခိုးတော်သည် ကမ္ဘာမျက်နှာပြင်တစ်ခုလုံးသို့ မှီလိမ့်မည်။ ကမ္ဘာပေါ်တွင် ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းဖြင့် အုပ်စိုးသော နိုင်ငံတော်ကို ထူထောင်မည်။ (Zechariah 14:9; Isaiah 9:6-7)။ ခရစ်တော်သည် နိုင်ငံအားလုံးကို အုပ် ချုပ်တော်မူမည်။ “rule the nations” (Revelation 19:15).

III. CHRIST’S MILLENNIAL REIGN - ခရစ်တော်၏ အနှစ်တစ်ထောင်အုပ်စိုးခြင်း။

မကြာသေးမီက လေ့လာခဲ့သော ဒါဝိဒ်ပဋိညာဉ် (Davidic Covenant)တွင် ဒါဝိဒ်၏ ရာဇပလ္လင်နှင့် မျိုးရိုး (David’s throne and lineage) အဆက်မပြတ်စေခြင်းငှာ ကတိထားတော်မူပါသည်။ ခရစ်တော်သည် ဘုရားသခင်က ဒါဝိဒ်၌ ပြုတော်မူသော ပဋိညာဉ်ကို ပြည့်စုံစေလျက်၊ ဒါဝိဒ်၏ဖြောင့်မတ်သောအခက်(David’s righteous branch) အဖြစ် ဒါဝိဒ်၏ ရာဇပလ္လင်ပေါ် တွင် ထိုင်လျက် ကျသရေလနိုင်ငံတစ်ခုလုံးနှင့် ကမ္ဘာကို အုပ်စိုးကာ၊ ယေရှုရှင်မြို့၌ အနှစ်တစ်ထောင်စိုးစံတော်မူမည်ဟု သမ္မာကျမ်းစာ၌ရှင်းလင်းစွာ ဖော်ပြ ထားပါ သည်။ (Acts 15:16; Luke 1:32-33; Jeremiah 23:5; 33:15-17).

♦ အကယ်၍ သင်သည် သမ္မာကျမ်းစာတွင်ဖော်ပြထားသော ကျမ်းချက်များကို အရှိကိုအရှိအတိုင်း လက်ခံပါက ခရစ်တော်သည် အနှစ်တစ်ထောင်စိုးစံမည်ဖြစ်ကြောင်းကို လက်ခံမည်ဖြစ်သည်။

A. အနှစ်တစ်ထောင်ကာလ၏ အချက်အလက်များ - The Events of the Millennium (The word means 1,000 years.) Read Revelation 20:1-10.

1. စာတန်အား သံကြိုးကြီးဖြင့် ချည်နှောင်၍ အနက်ဆုံးသောတွင်းထဲ၌ အနှစ်တစ်ထောင်ချည်ထားမည်ဖြစ်ပါသည်။ သန့်ရှင်းသူများအား နောက်ထပ်မလှည့်စားနိုင်မည့်အကြောင်း အလုံပိတ်၍ တံဆိပ်ခတ်ထားမည်ဖြစ်ပါသည်။ (Revelation 20:1-3).

2. သန့်ရှင်းသူများသည် ခရစ်တော်နှင့်အတူ အနှစ်တစ်ထောင်စိုးစံမည်ဖြစ်သည်။(Revelation 20:4-6; also Revelation 5:10).

♦ အသင်းတော်သည် မကြာသေးမီက ကောင်းကင်သို့ ချီဆောင်ထားခြင်းခံရပြီးဖြစ်၍ (1 Thessalonians 4:15-18) ဘုန်းကြီးသောကိုယ်ခန္ဓာ (glorified bodies) ရရှိလျက်၊ ခရစ်တော်နှင့်အတူ ကမ္ဘာကိုအုပ်စိုးဖို့ ဆင်းသက်လာသည်မှာ ယုံများဘွယ်ရာမရှိပါ။ (Jude14; Revelation 19:14; 20:4).

3. ပဌမအကြိမ်ထမြောက်ခြင်း (first resurrection)၌ ပါဝင်ခဲ့သောသူများ၊ ချီဆောင်ခြင်းခံရသော အသင်းတော် (raptured Church)၊ ဘေးဒဏ်ကြီးကာလ၌ သားရဲ၏ အမှတ်တံဆိပ်ကို လက်မခံ၊ သားရဲကို ကိုးကွယ်ခြင်းမပြုသောကြောင့် ခေါင်းဖြတ်ခံရသောသာသနာ အာဇာနည်များ (martyrs of the tribulation) တို့သည် ခရစ်တော်နှင့်အတူ အနှစ်တစ်ထောင်ကာလစိုးစံကြမည်ဖြစ်ပါသည်။ (Revelation 20:4-6)။ ဤ

အချိန်မှာပင် ဓမ္မဟောင်းခေတ်သန့် ရှင်းသူများ (Old Testament saints) သည်လည်း ပြန်လည်ထ မြောက်ကြမည်။(Daniel 12:1-3)

4. အနှစ်တစ်ထောင်လွန်သောအခါ စာတန်ကိုသူ၏ချုပ်နှောင်ရာထဲမှလွှတ်လိုက်၍ ၊ စာတန်သည် တဖန် ထပ်မံ၍ တိုင်းနိုင်ငံများအားလှည့်ဖျားရန် ရှာရန ်ကြံလိမ့်မည်။(Revelation 20:7) လူများစွာတို့သည် စာတန်၏ နောက်သို့လိုက်မည်ဟုဆိုခြင်းကြောင့် ခရစ်တော်အနှစ်တစ်ထောင်အုပ်ချုပ်ခြင်းကို ခံရန် ဆန္ဒအပြည့် မရှိကြောင်း ထင်ရှားပါသည်။ သို ့ဖြစ်၍ ခရစ်တော်သည် “သံလှံတံ” နှင့်အုပ်ချုပ်လိမ့်မည်။ “rule with a rod of iron”(Revelation 19:15)

5. ရန်သူများကို မီးဖြင့်လောင်ကျွမ်းစေလျက်၊စာတန်အားလည်း မီးအိုင်ထဲ(Lake of Fire)သို့ပစ်ချသည်။ (Revelation 20:9-10)

B. အနှစ်တစ်ထောင်ကာလအပေါ် ရှုမြင်ပုံ - The Scope of the Millennium

1. ဣသရေလသည်ကမ္ဘာ့နိုင်ငံအသီးသီး အတွက်ထိုအနှစ်တစ်ထောင်ကာလ ၌ကောင်းကြီး မင်္ဂလာဖြစ် လိမ့်မည်။ (Zechariah 8:13,21-23).

2. ခရစ်တော်၏ နိုင်ငံတော်သည် တစ်ကမ္ဘာလုံးဖြစ်လိမ့်မည်။ (Zechariah 14:9; Daniel 2:35) (ထိခိုက်သော ကျောက်သည် မြေကြီးတပြင်လုံးကို ဖုံးလွှမ်းလိမ့်မည်။) (also, Isaiah 11:9).

C. နှစ်တထောင်အုပ်စိုးခြင်းတွင်ပါဝင်သူများ - Participants of the Millennium။

1. ပြန်လည်တည်ထောင်ထားသောအစ္စရေး။Restored Israel (Deuteronomy 30:3-6; Romans 11:26).
2. ရွေးနှုတ်ထားသောအသင်းတော်။ The Redeemed Church (Revelation 5:9-10).
3. ဓမ္မဟောင်းခေတ် သန့်ရှင်းသူများ။ The Old Testament saints (Daniel 12:1-3).
4. ဘေးဒဏ်ကြီးကာလက လွတ်လာသူများ။ The millions who come out of the great tribulation (Revelation 7:9,13-14; 20:4 (having been beheaded).(ခေါင်းဖြတ်ခံ၍)
5. သားရဲ၏အမှတ်ကိုငြင်းပယ်သူ။The ones who refuse to receive the mark of the beast (Revelation 20:4).
6. ဂျူးတို့အား ယုံကြည်စိတ်ချလျက် ဖြောင့်မတ်စွာဆက်ဆံသောသူများ။ The ones who treat the Jews righteously and believe (Matthew 25:33-40).

♦ ခရစ်တော်သည် “သံလှံတံ” “rod of iron” အားဖြင့် အုပ်စိုးနေရခြင်း၊ အနှစ်တစ်ထောင်ကုန်ခါနီးတွင် ခရစ်တော်၏အုပ်စိုးခြင်းကိုမခံလိုသောသူသန်းချီ၍ရှိနေခြင်းများကိုကြည့်လျှင်အါမင်္ဂခန်စစ်ပွဲကြီးကိုငင်း၊ ဘေးဒဏ်ကြီး ကာလ၌အသေမခံရဘဲ လွတ်မြောက်သောသူများရှိသေးကြောင်းကိုငင်း ပေါ်လွင်ပါသည်။

D. အနှစ်တစ်ထောင် ကာလ၏ သဘောသဘာဝ - The Nature of the Millennium

1. ထိုကာလသည်အာဏာအားဖြင့်ကျရောက်မည်။ It will be initiated by force (Revelation 19:15).
2. နိုင်ငံတော်အစိုးရတစ်ဖွဲ့ထူထောင်မည်။A literal government will be set up (Isaiah 9:6).

a) ခရစ်တော်အုပ်စိုးမည်။ Christ will reign (Isaiah 9:7).

b) ယေရုရှလင်မြို့တော်မှစမည်။ From Jerusalem (Isaiah 2:3; Malachi 3:1-4).

c) ယုဒလူတို့သည် ဝင်ရောက်ကူညီမည်။ Jews will assist in ruling (Isaiah 32:1; 40:10).

d) တမန်တော်ဆယ်နှစ်ပါးတို့သည် ကြသရေလပြည်တွင် တရားသူကြီးအဖြစ်တာဝန်ယူမည်။ The twelve apostles will serve as judges over Israel (Matthew 19:28).

e) သန့်ရှင်းသူများ (အသင်းတော်)သည်ကိုယ်တော်နှင့်အတူ စိုးစံမည်။ The saints (the Church) will reign with Him (Revelation 5:9-10).

3. အောက်ပါကျမ်းချက်များကို မှတ်သားပြီး မည်သို့သွန်သင်ထားသည်ကို သတိပြုပါ။

a) Isaiah 2:1-4

1) လမ်းခရီးတော်တို့ကို ညွှန်ပြသွန်သင်ကြမည်။ All will be taught God's way.
2) ခရစ်တော်သည် သူတို့၏ တရားသူကြီးဖြစ်မည်။ Christ will be the judge.
3) စစ်မက်နောက်ထပ်မဖြစ်ရ။ There will be no more war.
4) ယေရုရှလင်မြို့မှဥပဒေနှင့် နှုတ်ကပတ်တော်ထွက်မည်။ The law, and the word will go out from Jerusalem.

b) Isaiah 9:6-7

1) အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ The government will be on His shoulders.
2) အစိုးရသည် တန်ခိုးကြီးလိမ့်မည်။ His government will thrive.
3) ငြိမ်သက်ခြင်းသည် မပျက်ပြားရ။ No end of peace.
4) တရားမျှတခြင်းဖြင့် အစိုးရကို အမိန့်ပေးမည်။ He will order and establish the government with righteousness and justice.

c) Isaiah 11:1-10

1) ဆင်းရဲသူ၊နှိမ့်ချသူများတွက် မျှတမှုရှိမည်။ There will be equity for the poor and meek (verse 4)
2) သားရဲတို့၏ ကြောက်မက် ဘွယ်ရာများမရှိ Beast ferocity is removed (verse 6).
3) မြွေဆိုးသည် မကိုက်တော့၊ Serpents will not bite (verse 8).
4) အချင်းချင်းညှင်ဆဲဖျက်ဆီးခြင်းမရှိ၊ Nothing will hurt or destroy (verse 9).
5) ထာဝရဘုရားကိုသိကျွမ်းမည်။ The earth will be full of the knowledge of the Lord (verse 9).

d) Isaiah 65:18-25

1) ငိုကြွေးသံ အော်ဟစ်သံနောက်တဖန်မကြားရ၊No more weeping and crying in Jerusalem(verses 18-19)။
2) အသက်ရှည်စွာနေရမည်။ All mortals will live out their days (verse 20).
3) လှည့်ဖျားခြင်း၊ ခိုးယူခြင်း၊ မရိုးသားခြင်းမရှိ။ No cheating, defrauding or dishonesty (verses 22-23).
4) တောခွေး၊တို့ သိုးငယ်နှင့်အတူစားမည်။ Wolf and lamb will eat together (verse 25).

e) Isaiah 66:12-14 – ကြသရေလသည် ငြိမ်သက်လျက်သက်သာလျက်ရှိမည်။

f) Romans 8:19-22 –မြေကြီးမှ ကျိန်ခြင်း အမင်္ဂလာကို ပယ်ရှားမည်။

g) Revelation 20:3 – စာတန်ကိုဖယ်ရှားပြီးဖြစ်၍ လှည့်စားခြင်း၊ သွေးဆောင်ခြင်း၊ စုံစမ်းခြင်းမရှိ။
h) Zephaniah 3:9 – သန့်ရှင်းသော ဘာသာစကားတစ်မျိုးတည်းသာ သုံးရမည်။

D. နိဂုံးချုပ်စဉ်းစားခြင်းများ - Concluding thoughts:

1. အနှစ်တစ်ထောင်ကာလ၏အဆုံး၌ပလ္လင်ဖြူကြီးတရားစီရင်ခြင်း(Great White Throne Judgment) ပေါ်လာလျက် ကမ္ဘာဦးမှစ၍ ရှိခဲ့သော အပြစ် သားများ၏ အပြစ်ကို တရားစီရင်မည်ဖြစ်ပါသည်။ (Revelation 20:11-15).
2. ထို နောက် ဤကမ္ဘာကိုဖျက်ဆီးကာ ကောင်းကင်သစ်နှင့်မြေကြီးသစ်တည်ထောင်မည်ဖြစ်ပါသည်။ (2 Peter 3:10-14; Revelation 21:1).
3. အနှစ်တစ်ထောင်ကာလသည် တရားစီရင်ခြင်း (judgment)ဖြင့် အစပြုလျက်တရားစီရင်ခြင်းဖြင့်ပင် အဆုံးသတ်ကြောင်းကို သတိပြုရပါမည်။
a) အနှစ်တစ်ထောင်ကာလအစပိုင်းတွင်ပြုလုပ်သောတရားစီရင်ခြင်းသည် လူမျိုးတို့အား တရားစီရင်ခြင်း (judgment of the nations) ဖြစ်ပါသည်။ (Matthew 25:31-46).
b) အနှစ်တစ်ထောင်ကာလအဆုံး၌ ပြုလုပ်သောတရားစီရင်ခြင်းသည် ပလ္လင်ဖြူကြီး၌ အပြစ်သားများကိုသာ တရားစီရင်ခြင်းဖြစ်ပါသည်။(judgment of the Great White Throne) (Revelation 20:11-15).

♦ လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျွန်ုပ်တို့ သည် ကျမ်းစာတွင် ရေးသား၊ဖေါ်ပြထားခြင်းထက် ကျော်လွန်ပြီး မဟောပြောသင့်ကြောင်း လေ့လာခဲ့ကြရသည်။ သို့ ရာတွင် ကျမ်းစာ၌ လျှို့ဝှက်နက်နဲသော အရာများစွာ (many mysteries) ရှိနေပါသည်။ ရေးထားပြီးသောအရာများသာမက၊ သင်သိထားပြီးသောအ ရာများ၌လည်း ဝမ်းမြောက်ရန် ကျွန်ုပ်တို့ အကြံပြုပါသည်။ မထင်ရှားသော၊ မသေချာမရေရာသော အရာ၌ မခန့် မှန်းပါနှင့်။ (Do not speculate as to what is not revealed.)

သင်ခန်းစာများကို မှန်မှန်ပြုလုပ်ခဲ့၍ အောင်လက်မှတ်များရရှိမည်ဖြစ်သောကြောင့် ကျေနပ်ဝမ်းသာပါသည်။ ဤနောက်ဆုံး သင်ခန်းစာသည် သင့်အား ခွန်အားဖြစ်စေလျက်၊ ကြွယ်ဝစေမည်ဟု (enriching and rewarding) မျှော်လင့်ပါသည်။ အထက်သို့ မျှော် ကြည့်ပါ။ သင်၏ ရွေးနှုတ်ကယ်တင်ခြင်းသည် မဝေးတော့ပါ။

ခရစ်တော် ဒုတိယအကြိမ် ကြွလာခြင်းမေးခွန်းများ — သင်ခန်းစာ (၃၆)

1. Second Coming of Christ အဘယ့်ကြောင့်အရေးကြီးကြောင်းကိုဖေါ်ပြပါ။(၄-မှတ်)
a. ဝိညာဉ်ရေးရာပိုမိုအားကြီးစေ၍။ it will make us more spiritual.
b. ယုံကြည်ခြင်း၌ ပိုမိုအားကြီးစေ၍။ it will make us stronger in our faith.
c. ဘုရားရှင်အကြောင်းကို ပိုမိုသိစေ၍။ it will help us to know God better.

2. မည်သည့်အချိန်တွင် Rapture ဖြစ်မည်နည်း။(၄-မှတ်)
a. အချိန်မရွေးဖြစ်နိုင်သည်။ It may happen at any time.
b. အန္တိခရစ်ပေါ်လာသောအခါဖြစ်မည်။ It will happen when the Antichrist is revealed.
c. ခရစ်တော်ဒုတိယအကြိမ်ကြွလာသည့်အခါ။ It will happen at the Second Coming of Christ.

3. ခရစ်တော်ပြန်ကြွလာမည့်လက္ခဏာကိုရွေးပါ။(၄-မှတ်)
a. အာရပ်နှင့်အစ္စရေးငြိမ်းချမ်းရေးရခြင်း။ that the Arabs are making peace with Israel.
b. ၁၉၄၈ မေ ၁၄-တွင်အစ္စရေးနိုင်ငံထူထောင်ခြင်း။that Israel is a nation again since May 14, 1948.
c. ၁၉၆၇ အာရပ်-အစ္စရေးစစ်ပွဲဖြစ်ခြင်း။ the war of 1967 between Israel and her neighbours.

4. ဓမ္မဟောင်းပရောဖက် The Old Testament prophets များတွေ့ ရှိချက်ကိုဖေါ်ပြပါ။(၄-မှတ်)
a. ချီဆောင်ခြင်းကို မမြင်တွေ့ ခဲ့ကြပါ။ did not see the rapture of the church.
b. ခရစ်တော်ဘုန်းတန်ခိုးဖြင့်ဆင်လာသည်ကိုမမြင်ခဲ့ပါ။ did not see the glorious return of Christ.
c. ခရစ်တော်ကားတိုင်တွင်အသေခံခြင်းကိုမတွေ့ ခဲ့ကြပါ။ did not see the crucifixion of Christ.

5. ခရစ်တော်၏ဘုန်းတန်ခိုး “The glory of Christ” ဆိုလိုချက်ကို ဖေါ်ပြပါ။(၄-မှတ်)
a. အလွန်တောက်ပသည့်အလင်းနှင့်တူသည်။that He is like a great shining light.
b. ခရစ်တော်၌အလွန်ကြီးသောဘုန်းတန်ခိုးရှိသည်။that He has great power.
a. ခရစ်တော်သည်မည်သူဖြစ်ကြောင်းမည်မျှဘုန်းကြီးကြောင်းဖေါ်ပြသည်။the revelation and manifestation of all that He is and has.

6. ခရစ်တော်ပြန်ကြွလာသည့်အခါအတူပါရှိမည့်အရာ ၄-ခုကိုဖေါ်ပြပါ။(၁၂-မှတ်)
a. ကမ္ဘာမြေမှမမြင်အောင်ဖုံးကွယ်ထားမည်။ It will be hid from the world.
b. မြင်းဖြူစီးလျက်လာမည်။ He will come on a white horse.
c. သစ္စာရှိသူ၊မှန်ကန်သူဟု အမည်တွင်မည်။ He will have a name: Faithful and True.
d. မြည်းကိုစီးလျက်လာမည်။ He will come seated on a donkey.
e. ဦးခေါင်းထက်တွင် သရဖူများစွာရှိမည်။ His head will have many crowns.
f. နှုတ်ကပတ်တော်ဟု အမည်တွင်မည်။ He will be called the Word of God.
g. မီးလျှံထွက်သောဓါးရှိမည်။ He will have a sword of fire.

7. ခရစ်တော်ပြန်ကြွလာသည့်အခါဘုန်းတန်ခိုးမည်သို့ ပြမည်ကိုဖေါ်ပြသောကျမ်းပိုဒ်အားယှဉ်တွဲပါ။ (၁၆-မှတ်)

___ Revelation 19:15-19 a. ငြိမ်သက်ခြင်း၊ ဖြောင့်မတ်ခြင်းရှိသော နိုင်ငံတော်ကိုတည်ထောင်မည်။
He will establish a kingdom of peace and righteousness

___ Jeremiah 23:6 b. တိုင်းနိုင်ငံများ၏ စစ်မှုများကိုချေမှုန်းမည်။
He will smash the armies of the nations

___ Luke 1:32-33 c. တကမ္ဘာလုံးရှိ ဣသရေလလူမျိုးများကို ပြန်လည်စုဝေးစေမည်။
He will gather Israel from all over the world

___ Isaiah 9:6-7 d. ဒါဝိဒ်၏ပလ္လင်ကိုပြန်လည်တည်ထောင် စိုးစံမည်။
He will establish Himself as King on David’s throne

8. နိုင်ငံတော်ကာလ the millennium အကြောင်းဖေါ်ပြသည့်ကျမ်းပိုဒ်များအားမှန်ကန်စွာယှဉ်တွဲပါ။(၂၀-မှတ်)

___ Isaiah 9:6-7 a. မြေကြီးကိုကျိန်ခြင်းမှ ဖယ်ရှားမည်။
The curse on the earth will be removed.

___ Isaiah 11:1-10 b. မည်သည့်အခါမျှ မထိခိုက် မပျက်စီးရာ
Nothing will hurt or destroy.

___ Isaiah 65:18-25 c. သန့်စင်သော ဘာသာစကားနှင့် မြေကြီးကို ကောင်းကြီးပေးမည်။
The earth will be blessed with a pure language.

___ Romans 8:19-22 d. ငြိမ်းချမ်းရေးသည် မည်သည့်အခါမျှ အဆုံးသို့မရောက်နိုင်
There will be no end to peace.

___ Zephaniah 3:9 e. ယေရုရှလင်မြို့တွင် ငိုကြွေးခြင်းများ ဆုံးခန်းတိုင်မည်။
Weeping and crying in Jerusalem will end.

9. ခရစ်တော်နှင့်ပတ်သက်၍ Davidic covenant က မည်သို့ အာမခံချက်ပေးသနည်း။(၄-မှတ်)

a. ဒါဝိဒ်၏ပလ္လင်သည် ယာယီမျှသာဖြစ်မည်။ David's throne was only temporary.

b. ဒါဝိဒ်၏ပလ္လင်သည် ဆော်လမွန်လက်ထက်၌ဆုံးမည်။ David's throne will end with Solomon.

c. ဒါဝိဒ်၏ပလ္လင်သည် ထာဝရတည်တံ့မည်။ David's throne will last forever.

10. Davidic Covenant ကို ခရစ်တော်ပြည့်စုံစေမည့်စာပိုဒ်ကိုရွေးပါ။(၄-မှတ်)

a. ဘုန်းတန်ခိုးဖြင့်မြေကမ္ဘာသို့ ပြန်ကြွလာခြင်း။ His glorious return to earth.

b. လက်ဝါးကပ်တိုင်၌အသေခံခြင်း။ His death on the cross.

c. ကမ္ဘာမြေအားနှစ်၁၀၀၀-အုပ်စိုးခြင်း။ His reign over the earth for 1000 years.

11. ဒုတိယအကြိမ်ကြွလာခြင်းတွင် အသင်းတော်မှပါဝင်မည့်ကဏ္ဍကိုရွေးပါ။(၄-မှတ်)

a. ချီဆောင်ခြင်းအားဖြင့်။ through the Rapture

b. ခရစ်တော်အုပ်စိုးခြင်းအားကူညီပေးခြင်းဖြင့်။ by assisting Christ in His rule over the earth.

c. "ထိုက်တန်လှသိုးသငယ်" ဟုသီဆိုခြင်းဖြင့်။ by singing: "Worthy is the Lamb" to Christ.

12. ပထမအကြိမ်ထမြောက်ခြင်း(first resurrection)အုပ်စုတွင်ပါဝင်သူကိုဖေါ်ပြပါ။(၄-မှတ်)

a. သားရဲကိုရှိမခိုးသောသူ။ all those who had not worshipped the Beast. (Answer)

b. ဓမ္မဟောင်းခေတ်အသက်ရှင်သူ။ all those who lived during the Old Testament period.

c. နှစ်၁၀၀၀-ကာလတွင် မွေးဖွါးသူ။ all those who are born during the millennium.

13. နိုင်ငံတော်ကာလ၏ သက်တမ်း The length of the millennium ကာလကိုရွေးပါ။(၄-မှတ်)

a. 70 years

b. 7 weeks

c. 1000 years.

14. the millennium ကာလအဆုံးတွင်ဖြစ်မည့်အရာကိုဖေါ်ပြပါ။(၄-မှတ်)
a. အာမေဂဒုန်စစ်ပွဲကြီးဖြစ်မည်။ the Battle of Armageddon will be fought.
b. စာတန်နောက်သို့ လူသန်းပေါင်းများစွာလိုက်မည်။ millions of people follow Satan when he is set free again.
c. အသင်းတော်ကို မိုးတိမ်ဖြင့်ကောင်းကင်သို့ ပြန်လည်ချီဆောင်မည်။ the church will be taken to heaven again on a cloud.

15. နှစ်တထောင်ကာလပြီးချိန်၌ မည့်သည့်တရားစီရင်ခြင်းမျိုးဖြင့် စီရင်မည်ကိုရွေးပါ။(၄-မှတ်)
a. ခရစ်တော်၏တရားပလ္လင်စီရင်ခြင်း။ Bema Judgment.
b. ပလ္လင်ဖြူတရားစီရင်ခြင်း။ Great White Throne Judgment.
c. လူမျိုးခပ်သိမ်းအားတရားစီရင်ခြင်း။ Judgment of the Nations.

16. အနာဂါတ်တွင်ဖြစ်ပျက်မည့်အရာများကို ဟောပြောသင်ကြားခြင်း၏အန္တရာယ်ကိုဖေါ်ပြပါ။(၄-မှတ်)
a. ကျမ်းစာကဖေါ်ပြသည်ထက်ကျော်လွန်၍ဟောပြောသွန်သင်ခြင်း။ that we might go beyond what is written in the Bible.
b. လွဲမှားစွာအဓိပ္ပါယ်ဖွင့်ဆိုဟောပြောသွန်သင်ခြင်း။ that we might misinterpret it.
c. သမ္မာကျမ်းစာတွင်ဖေါ်ပြသည်နှင့် အဆက်အစပ်မကိုက်ညီဘဲ ကိုယ်လိုရာ အနက်အဓိပ္ပါယ်ကောက်ယူ ဟောပြော သွန်သင်ခြင်း။ that we could take Bible statements out of context.